# စာစဉ် ၇၂ : အပိုင်း ၁၁

## အပိုင်း ၁၄၇၁ : မဟာမိတ် ဖွဲ့ထားသော မိစ္ဆာများ

ရှီထျန်းဟောင်သည် နတ်ဘုရား နယ်မြေ အတွင်းသို့ ပြန်လာခဲ့သော အခါ ပထမဆုံး ပြုလုပ်ခဲ့သော အရာမှာ အခြား အင်အားစုများသို့ သတင်းပေးပို့ခြင်း ဖြစ်သည်။

မေးခွန်းထုတ်ရန်ပင် မလိုပဲ အားလုံးတို့သည် အရှေ့ပင်လယ် အပေါ်ရှိ မဟာလွင်တီးခေါင် ကုန်းမြေနှင့် ဆက်သွယ်ထားသည့် နယ်နိမိတ် လမ်းကြောင်းအနီးမှ မိစ္ဆာ အရှိန်အဝါသည် နဂါးတို့၏ လက်ရှိ ခေါင်းဆောင် ဖြစ်သော မူလနဂါး ဘုရင် ဖြစ်မှန်းကို သိနေကြသည်။

+

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဟေးဒီးစ် မျိုးနွယ်စုတို့ မပြန်လာမီက မူလနဂါး ဘုရင်သည် ဗီပရာလိုပါ အဆင့်တွင် ရှိနေစဥ်ကပင် သူသည် အစွမ်းအထက်ဆုံး မိစ္ဆာ ဖြစ်နေခဲ့သည်။ အလယ်ခေတ် အဆုံးသတ် ကတည်းက အစရှာမရတော့သော မျောက်မှလွဲ၍ မြေနဂါးဘုရင်နှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့ အပါအဝင် ကျန်မိစ္ဆာများသည် မူလနဂါး ဘုရင်က အစွမ်းအထက်ဆုံး မိစ္ဆာ ဖြစ်သည်ဟု အသိအမှတ် ပြုထားကြသည်။

အစောပိုင်းတွင် နဂါးများသည် မဟူရာ ပင်လယ် အတွင်းတွင် သူတို့ကိုယ် သူတို့ ဖုံးကွယ်ထား၍ ကျင့်ကြံနေကြသည်။ ထို့ကြောင့် မူလနဂါး ဘုရင်သည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား အောင်မြင်စွာ ပြီးမြောက်သွားနိုင်သည့် သတင်းကို ရရှိရန် ခက်ခဲသည်။

+

စူတောင်တိုက်ပွဲ အပြီးတွင် လင်းဖုန်းသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်း၌ ရုတ်ရုတ်သဲသဲ ဖြစ်အောင် လုပ်ခဲ့သည့် အချက်ကြောင့် မဟုတ်လျှင် မူလကောင်းကင် ကမ္ဘာ အတွင်းမှ ကျင့်ကြံသူ အများစုတို့သည် မူလနဂါး ဘုရင်၏ တိုးတက်မှုများကို သိနိုင်ကြလိမ့်မည် မဟုတ်ချေ။

ကမ္ဘာနှစ်ခု အကြားမှ နောက်ဆုံးစစ်ပွဲတွင် သူသည် အားနည်းနေသော အချိန်မှ ထင်ထားသည်ထက် ပို၍ လျင်မြန်စွာ သက်သာလာခဲ့သည်။

သို့သော်လည်း ဟေးဒီးစ် မျိုးနွယ်စုများနှင့် အတူ မူလနဂါး ဘုရင်သည် လင်းဖုန်း၏ ဒုတိယ အကြိမ် အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့သော ကောင်းကင်ဖျက်ဆီး ဓားနှင့် ရင်ဆိုင်ခဲ့ရသည်။

+

လင်းဖုန်းသည် သူက မဟာကမ္ဘာ အတွင်းတွင် ရှိနေသရွေ့ မူလနဂါး ဘုရင်အား မဟူရာ ပင်လယ်အတွင်းမှ ထွက်ခွင့်မပြုဟု ကြေညာထားခဲ့သည်။ မဟုတ်လျှင် သူသည် သေချာပေါက် အသတ်ခံရမည် ဖြစ်သည်။

ယနေ့တွင် မဟူရာ ပင်လယ်၏ သခင်နှင့် နဂါးတို့၏ ခေါင်းဆောင်သည် နောက်ဆုံးတွင် မဟာကမ္ဘာ အတွင်းသို့ ပြန်လည်၍ ခြေချနိုင်ခဲ့လေပြီ။

သို့ရာတွင် မူလနဂါး ဘုရင်သည် ခမ်းနားကြီးကျယ်စွာ အပျော်ခရီး ထွက်လာခြင်း မဟုတ်ပေ။ သူသည် မဟူရာ ပင်လယ်အတွင်းမှ ထွက်လာနိုင်ခဲ့ခြင်းသည် လင်းဖုန်းက

+

မဟာကမ္ဘာမှ နေ၍ ဝိညာဥ်ပင်လယ် ထံသို့ သွားခဲ့ခြင်းကြောင့် ဖြစ်သည်။

ဤအရာသည် မူလနဂါး ဘုရင်အား အမှန်ပင် အရှက်ရသကဲ့သို့ ခံစားစေခဲ့ပေမည်။

သို့သော်လည်း သူသည် နတ်ဘုရား နယ်မြေ အတွင်းသို့ မဝင်ခဲ့ပဲ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်း၌သာ နေနေခဲ့သည်။

လင်းဖုန်းသည် မဟာကမ္ဘာ အတွင်းမှ ဝိညာဥ်ပင်လယ် အတွင်းသို့ ထွက်ခွာသွားခဲ့သော်လည်း သူ၏ ကြောက်မက်ဖွယ်ရာ ကောင်းကင်ဖျက်ဆီး ဓားသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ရှိနေသေးသည်။

+

သို့သော်လည်း မူလနဂါး ဘုရင်၏ မိစ္ဆာစွမ်းအားများသည် ကျယ်ပြန့်လွန်းလှသဖြင့် ကမ္ဘာအကြားမှ နယ်နိမိတ် လမ်းကြောင်းမှ တဆင့် သူသည် နတ်ဘုရား နယ်မြေ အတွင်းမှ တုန်ခါမှုများကို ခံစားနိုင်ခဲ့သေးသည်။

အရှေ့ပင်လယ် အတွင်းတွင် လှိုင်းလုံးများက ပြင်းထန်စွာ ရိုက်ခတ်နေ၍ မုန်တိုင်း ထန်နေခဲ့ကာ ဆူနာမီ လှိုင်းလုံးများကိုပင် တွေ့နိုင်ခဲ့သည်။

ကွဲပြားသော နေရာတစ်ခုတွင် ရှိနေခဲ့သော်လည်း မူလနဂါး ဘုရင်၏ စွမ်းအားများသည် လူသား ကျင့်ကြံသူများအား ကြောက်ရွံ့စေခဲ့သည်။

နတ်ဘုရား နယ်မြေ အတွင်းရှိ မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာတို့၏ နယ်စပ်တွင် ရွှမ်းလီသည်

+

ထိုင်နေကာ အပေါ်မှ ကောင်းကင်အား စိုက်ကြည့်နေသည်။ သူမသည် အမူအရာ ကင်းမဲ့စွာဖြင့် အရှေ့ပင်လယ်အား ကြည့်နေကာ သူမ၏ အေးစက်သော အကြည့်သည် ခံစားချက် ကင်းမဲ့နေခဲ့သည်။

သူမသည် မလှုပ်မယှက် ထိုင်နေရာမှ နောက်ဆုံးတွင် ထရပ်လိုက်ကာ ကောင်းကင် အတွင်းသို့ လျှောက်လှမ်းလာခဲ့သည်။ သူမသည် မဟာကျိုး အင်ပါယာ နယ်မြေများကို ဖြတ်သန်း၍ အရှေ့ပင်လယ်သို့ ရောက်လာခဲ့သည်။

သူမသည် ကမ်းရိုးတန်းမှ ထွက်ခွာလာ၍ ပင်လယ်အပေါ်မှ ကောင်းကင်သို့ ရောက်လာသော အခါ လေပြင်းမုန်တိုင်းသည် ယာယီ ငြိမ်သက်သွားခဲ့သည်။

+

ပင်လယ် အပေါ်တွင် မမြင်နိုင်သော နယ်နိမိတ် တစ်ခု ပေါ်လာ၍ ရွှမ်းလီ၏ အနောက်တွင် အရာအားလုံး တည်ငြိမ်နေကာ သူမ အရှေ့တွင် မုန်တိုင်း ထန်နေခဲ့သည်။

သူမ ရှေ့တစ်လှမ်း တိုးလိုက်သော အခါ မုန်တိုင်းက နောက်ဆုတ်သွားသည်။ လှုပ်ရှား ထကြွနေသော ပင်လယ်သည် ထပ်ဖန်တစ်ခါ ငြိမ်သက်သွား၍ ပင်လယ်အောက်မှ ကျောက်ဆောင်များနှင့် ရေအောက် မီးတောင်တို့သည် ပြန်လည် ငြိမ်းချမ်းသွားကြသည်။

အရှေ့ပင်လယ် အပေါ်ရှိ ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ် လမ်းကြောင်း၏ တစ်ဘက်မှ မူလနဂါး ဘုရင်၏ အရှိန်အဝါသည်လည်း ပို၍ပို၍ မှေးမှိန်လာကာ ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့သည်။

+

သို့သော်လည်း မူလနဂါး ဘုရင်သည် ထွက်မသွားခဲ့သေးပဲ ရွှမ်းလီ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေခဲ့သည်။

မူလနဂါး ဘုရင် ရွေးချယ်ထားသည့် နေရာကလည်း စိတ်ဝင်စားစရာ ကောင်းနေသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ထိန်းချုပ်ထားသည့် ယင်ပင်လယ်၏ အဝင်ဝသည်လည်း အရှေ့ပင်လယ် အပေါ်တွင် ရှိနေသည်။

မည်သူကမှ စောင့်ကြပ်နေခြင်း မရှိလျှင် သူသည် ယင်ပင်လယ် အတွင်းသို့ တိုက်ရိုက် ဝင်လာနိုင်ပြီး တိုက်ခိုက် ရန်မူနိုင်သည်။ သူ၏ စွမ်းအားများကြောင့်

+

လင်းဖုန်းကသာ မရှိလျှင် သူ့အား တားဆီးနိုင်ရန် မလွယ်ချေ။

သို့သော်လည်း နဂါးတို့၏ ခေါင်းဆောင်သည် ကောင်းကင်ဖျက်ဆီး ဓား၏ ဓားသွားနှင့် ရင်ဆိုင်ခဲ့ရသော အခါ သူ၏ မာနကိုသာ မျိုချနိုင်ခဲ့သည်။ ဤတစ်ခေါက် သူခရီးထွက်လာခြင်းသည် သူ့ကိုယ်သူ ငါးစာအဖြစ် အသုံးချကာ ရွှမ်းလီအား ထိန်းချုပ်ထားပြီး ရှန်နဂါးဘုရင်နှင့် မြေနဂါးဘုရင်တို့ အတွက် အခွင့်အရေးများကို ဖန်တီးပေးနေခြင်း ဖြစ်သည်။

ဤတိုက်ပွဲတွင် မဟူရာ ပင်လယ် အတွင်းမှ အစွမ်းထက်သော နဂါးများ အားလုံး မဟာကမ္ဘာ အတွင်းသို့ ထွက်လာကြသည်။

+

အကယ်၍ ရွှမ်းလီသည် မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့အား သွား၍ ရင်ဆိုင်ခဲ့ပါက မူလနဂါး ဘုရင်သည် ဝင်ရောက်၍ တိုက်ခိုက်မည် ဖြစ်သည်။

သူ၏ ဖျက်ဆီးနိုင်မှု စွမ်းအားများကို လျှော့တွက်၍ မရနိုင်ချေ။

သို့သော်လည်း မူလနဂါး ဘုရင်သည် ရွှမ်းလီကို ထိတ်လန့်နေသဖြင့် အလောတကြီး မလုပ်ရဲခဲ့ပေ။ အကယ်၍ ရွှမ်းလီက သူ့အား သတ်ဖြတ်လိုစိတ်ဖြင့် တိုက်ခိုက်လာခဲ့ပါက သူသည် မဟူရာ ပင်လယ် အတွင်းသို့ ပြန်လည် ဆုတ်ခွာသွားမည် ဖြစ်သည်။

သူသည် ရွှမ်းလီ၏ ဓားဆန္ဒအား အာရုံခံမိသော အခါ ချက်ချင်း နောက်ဆုတ်သွားခဲ့သည်။ အကယ်၍

+

သူတို့သည် အမှန်ပင် တစ်ဦးနှင့် တစ်ဦး ရင်ဆိုင်ခဲ့ကြပါက သူ့အနေဖြင့် အခမ်းအနားကို အသုံးပြု၍ မဟူရာ ပင်လယ်အား ထိန်းချုပ်ခဲ့လျှင်ပင် လွတ်မြောက်ရန် ခက်ခဲနိုင်သည်။

သူသည် ရွှမ်းလီနှင့် လျှင်မြန်သော တိုက်ပွဲတစ်ခုအား မဆင်နွှဲနေလိုပေ။ ထိုသို့ဆိုလျှင် သူသည် အလျင်အမြန် နောက်ဆုတ်သွားရမည် ဖြစ်ပြီး ရွှမ်းလီသည် အခြား နဂါးဘုရင်များအား ရင်ဆိုင်ရန် အခွင့်အရေး ရသွားနိုင်သည်။

သူသည် လင်းဖုန်း၏ ဤကဲ့သို့ အရှက်ရအောင် ပြုလုပ်ခြင်း ခံခဲ့ရသဖြင့် အမျက်ထွက်နေခဲ့သော်လည်း မူလနဂါး ဘုရင် အတွက် အရှက်ရစရာ အကောင်းဆုံး ကိစ္စမှာ မဟာချင် အင်ပါယာ၏ အင်မော်တယ် နဂါးမြို့တော်ပင် ဖြစ်သည်။

+

ယမန်နေ့မှ အင်မော်တယ် နဂါးမြို့တော်သည် ယနေ့မှ ရှီရှင်းယွမ် ဖြစ်သည်။

ဤအရာသည် မူလနဂါး ဘုရင်၏ ကိုယ်ပိုင်မာနနှင့်သာ မသက်ဆိုင်ပဲ နဂါးများ အားလုံးတို့၏ မျက်နှာနှင့် သက်ဆိုင်နေသည်။ နဂါးများ အားလုံးတို့သည် ဤအချိန်၌ သူတို့၏ အသိုက်အတွင်းမှ ထွက်လာခြင်းနှင့် ရှီရှင်းယွမ်အား သတ်ဖြတ်ရန်နှင့် မဟာချင် အင်ပါယာအား ဖျက်ဆီးရန် ဖြစ်သည်။

ရှီထျန်းဟောင်သည် မူလနဂါး ဘုရင်၏ လှုပ်ရှားမှုများကို ကြားခဲ့ရသော အခါ သူ၏ ရည်ရွယ်ချက်များကို ချက်ချင်း နားလည်သွားခဲ့၍ ဒေါသတကြီးဖြင့် အံကိုကြိတ်ကာ တွေးလိုက်လေသည်။

+

"မင်းက မြေနဂါးဘုရင်နဲ့ ရှန်နဂါးဘုရင်တို့ဟာ မဟူရာ ပင်လယ် အတွင်းကို ချက်ချင်း ပြန်သွားနိုင်တဲ့ မဟူရာ ပင်လယ် အခမ်းအနားရဲ့ ထူးခြားချက်ကို အခွင့်ကောင်းယူနေခဲ့တာပဲ… မဟုတ်ရင် ငါက မင်းတို့အားလုံးကို သေတဲ့အထိ တိုက်ခိုက်လိုက်မယ်"

"မင်းက ငါတို့ဂိုဏ်းရဲ့ ယင်ပင်လယ်ကို မျက်စောင်းထိုးနေမှတော့ ငါက မင်းတို့ရဲ့ မဟူရာ ပင်လယ်ကို လာလည်လိုက်မယ်… မသေဝိညာဉ် တတိယ အဆင့်က နဂါးတွေက မဟူရာ ပင်လယ်ကို အသုံးပြုပြီးမှ ငါ့ကို ခုခံနိုင်မလား ဆိုတာကို သိချင်နေတယ်"

+

အသက်ပြင်းပြင်း ရှူလိုက်ပြီး ရှိထျန်းဟောင်၏
မျက်လုံးများတွင် အေးစက်သော အလင်းတန်း
တစ်တန်းက လင်းလက်လာသည်။

သတင်းဆိုးများက အဆက်မပြတ် ဝင်လာလေသည်။
နတ်ဘုရား နယ်မြေ အတွင်းသို့ ဆင်းသက်လာသည့်
ဗီပရာလိုပါ အဆင့်မှ အစွမ်းထက်သော မိစ္ဆာများသည်
သူတို့၏ မဟာရန်သူများကို သွားရောက်
မတိုက်ခိုက်ကြပဲ အတူတကွ စုစည်းကာ စူတောင်ထံသို့
ရောက်လာကြသည်။

ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ
လေးကောင်စလုံးတို့သည် စူတောင်ဓားဂိုဏ်းထံသို့
ဦးတည်နေကြခြင်း ဖြစ်သည်။

+

ထိုသတင်းအား ကြားခဲ့ရသော အခါ မဟာချင်
အင်ပါယာ၏ ထိပ်ပိုင်းခေါင်းဆောင်များ အပါအဝင်
လူသား ကျင့်ကြံသူများ၏ ရင်များသည်
လေးလံလာကြသည်။

မဟာချင် ဧကရာဇ် ဖြစ်သူ ရှီကျုံးထန်းသည် အသက်ပင်
မရှူနိုင်လောက်အောင် သူ၏ရင်သည်
လေးလံနေခဲ့သည်။

ဤပစ်မှတ်ကို ကြည့်ခြင်းအားဖြင့် လူဝံနှင့် မိစ္ဆာများသည်
အမှန်ပင် မဟာမိတ် ဖွဲ့ခဲ့ကြခြင်း ဖြစ်သည်။
ဤအရာသည် သာမန် ပူးပေါင်းရုံ သက်သက် မဟုတ်ပဲ
အသေအချာ စီစဉ်ထားသော မဟာမိတ် အဖွဲ့ ဖြစ်သည်။

+

သူတို့သည် စူတောင်ခေးဂိုဏ်းအား တိုက်ခိုက်ခဲ့ခြင်း၏ ရည်ရွယ်ချက်သည် စူတောင်မှာ ရှီးလင်မြို့ထက် စာလျှင် ပို၍နီးသောကြောင့်သာ ဖြစ်သည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာများ၏ မဟာမိတ်သည် သူတို့၏ လက်အောက်ငယ်သား များစွာတို့နှင့် တွဲဖက်လိုက်သော အခါ အစွမ်းထက်သော လှိုင်းလုံးတစ်ခုအား ဖန်တီးခဲ့သည်။ သူတို့သည် စူတောင်အား ဖျက်ဆီးပြီးမှ ရှီးလင်မြို့အား သူတို့၏ ခြေအောက်တွင် နင်းခြေရန် စီစဥ်ထားကြခြင်း ဖြစ်သည်။

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့သည် စူတောင်က ပြားပြားဝပ်သွားသည်နှင့် လူဝံများက ချက်ချင်း ပြန်ဆုတ်သွားမည်ကို စိတ်မပူနေကြပေ။ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ

+

မဟာပဏ္ဍိတတို့သည် ရွှမ်းလီအား ထိန်းချုပ်ရန် မူလနဂါး ဘုရင်ကို လိုအပ်နေသည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ရင်ဆိုင်ပြီးသည့် မူလနဂါး ဘုရင်သည် သူတို့၏ မဟာမိတ်ကို အကောင်အထည် ပေါ်အောင် ဆောင်ရွက်ပေးသူ ဖြစ်သည်။

အတူတကွ ပူးပေါင်းခဲ့ခြင်း အားဖြင့် ပါဝင်သော မိစ္ဆာများ အားလုံးအတွက် အကျိုးအမြတ် ပိုရှိစေမည် ဖြစ်သည်။

စူတောင်ခေးဂိုဏ်းနှင့် ရှီးလင်မြို့တို့အား သီးသန့် တိုက်ခိုက်ခြင်းအားဖြင့် လူဝံနှင့် နဂါးများသည် အစွမ်းထက်သော လူသား အင်အားစု နှစ်ခုအား သက်သက် ရင်ဆိုင်ရမည် ဖြစ်ကာ လူသားများကလည်း

+

စူတောင်နှင့် ရှီးလင်မြို့တို့တွင် အိမ်ကွင်း အားသာချက်များကို ရရှိနိုင်မည် ဖြစ်သည်။

သူတို့သည် အတူတကွ လာခဲ့ခြင်းအားဖြင့် အကယ်၍ မဟာချင် အင်ပါယာနှင့် ကျန်သော လူသားကျင့်ကြံသူများသည် စူတောင်အား စစ်ကူ လာပေးကြလျှင်လည်း သူတို့၏ စူတောင်၏ အိမ်ကွင်း အားသာချက်ကိုသာ ရရှိနိုင်မည် ဖြစ်သည်။

အောင်မြင်မှုနှင့် ကျရှုံးမှုတို့သည် အများအားဖြင့် အချက်တစ်ချက် အပေါ်တွင်သာ မူတည်နေခြင်း ဖြစ်သည်။ တိုက်ပွဲအတွင်းမှ သေးငယ်သော ပြောင်းလဲမှု တစ်ခုသည် ဆင့်ကဲ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေကာ တိုက်ပွဲတစ်ခုလုံး၏ ရလဒ်အပေါ်တွင် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

+

ရှီထျန်းဟောင်သည် အသံလွှင့် ကျောက်တုံးတစ်ခုအား ဖိခြေလိုက်ကာ ပြောလိုက်သည်။ "အစ်မရှင်းယွမ်… အခြေအနေက သိပ်မကောင်းဘူး… အစ်မက စူတောင်ကို လာရမယ်နဲ့ တူတယ်"

ဤအချိန်တွင် ဂူကျွန်းသည် သက်ရှည်ကြာပန်း ထိုင်ခုံနှင့် အတူ စူတောင်၏ အနောက်ဘက် ဒေသသို့ လာနေခဲ့ပြီ ဖြစ်သည်။

ရှေးဟောင်း ဧကရာဇ်၏ မျိုးဆက်များသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်း၊ စူတောင်ဓားဂိုဏ်း၊ မဟာချင် အင်ပါယာတို့နှင့် စာလျှင် မိစ္ဆာများနှင့် ရန်ငြိုးရန်စ ကြီးမားစွာ မရှိနေသော်လည်း

+

ဂူကျွန်းသည် စူတောင်ဓားဂိုဏ်းအား စစ်ကူပေးရန် မတွေဝေနေခဲ့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့မှ ထိပ်သီး ကျင့်ကြံသူများ အားလုံးနီးပါးသည် ဝိညာဥ်ပင်လယ် အတွင်းသို့ ရောက်နေကြကာ နတ်ဘုရား နယ်မြေက အားနည်းနေခဲ့သည်။ ရှေးဟောင်း ကေရာဇ်၏ မျိုးဆက်များသည် နောက်ထပ် ထိပ်သီး လူသားအင်အားစု တစ်ခု ဖြစ်သည်။

ဤအချိန်တွင် အားလုံးတို့၏ ကံကြမ္မာများသည် အချင်းချင်း ဆက်စပ်နေကြရာ ဂူမင်းဆက်ကလည်း အကူအညီပေးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

+

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဂူမင်းဆက်တို့သည် အကူအညီ မပေးခဲ့ကြပါက စူတောင်ခေးဂိုဏ်းသည် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာလေးကောင်တို့နှင့် တိုက်ခိုက်ရာတွင် လျင်မြန်စွာ ကျရှုံးသွားကြမည် ဖြစ်သည်။

မဟာချင် အင်ပါယာကလည်း အလားတူပင် ဖြစ်သည်။ အကယ်၍ သူတို့သည် သူတို့၏ အင်အားများကို စုစည်းနိုင်ခြင်း မရှိပါက မိစ္ဆာများသည် ခုခံမှုများကို လွယ်ကူစွာ ဖြိုခွဲနိုင်မည် ဖြစ်သည်။

ရှီထျန်းဟောင်သည် မကြာမီပင် တုံ့ပြန်မှုတစ်ခု ရရှိခဲ့သည်။ ရှီရှင်းယွမ်က ကြည်လင်သော လေသံဖြင့် ပြန်ဖြေခဲ့သည်။ "စိတ်ချပါ… ထျန်းဟောင်… ငါအခု လာနေပြီ"

+

မည်သည့် ရလဒ်ပင် ဖြစ်စေကာမူ စူတောင်တွင်
တိုက်ခိုက်ခြင်းသည် ရှီးလင်မြို့အား ရှောင်လွဲနိုင်သဖြင့်
မဟာချင် အင်ပါယာ အတွက် အကျိုးရှိသည်။

ထို့ကြောင့် မဟာချင် အင်ပါယာမှ အစွမ်းထက်
ကျင့်ကြံသူ အားလုံးတို့ကလည်း စူတောင်ထံသို့
ဦးတည်ခဲ့ကြသည်။

ဘာပဲပြောပြော ပြီးခဲ့သော နှစ်အချို့ အတွင်းတွင်
ရှီရှင်းယွမ်နှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့ အကြားမှ
ဆက်ဆံရေးသည် အမတန်မှ ကောင်းမွန်သည်။

သွေးသား တော်စပ်မှု အရ သူမသည် ရှီထျန်းဟောင်နှင့်
ဆွေမျိုးနီးစပ် တော်သည်။ သို့သော်လည်း

+

ရှီထျန်းဟောင်သည် မဟာချင် အင်ပါယာအား ဆက်ဆံခဲ့သကဲ့သို့ပင် သူမအား ရိုသေစွာဖြင့် ဆက်ဆံခဲ့သော်လည်း နီးစပ်စွာ မဆက်ဆံခဲ့ပေ။

ဤအချိန်တွင် ရှီထျန်းဟောင်နှင့် မဟာချင် အင်ပါယာတို့ အကြားမှ ခံစားချက်သည် မပြောင်းလဲသေးသော်လည်း သူနှင့် ရှီရှင်းယွမ်တို့ အကြားမှ ဆက်ဆံရေးသည် များစွာပို၍ တိုးတက်လာသည်။

သူမ ပြန်လည် မွေးဖွားလာပြီးကတည်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကြယ်စင်ပင်လယ် ဝင်ပေါက်မှ တဆင့် ရေးဟောင်း အထီးကျန် စကြာဝဠာ အတွင်းတွင် အချိန်ကြာမြင့်စွာ ဝင်ရောက် ကျင့်ကြံနေခဲ့ကာ အကျိုးအမြတ် များစွာ ရရှိခဲ့သည်။

+

မဟာချင် အင်ပါယာ မပါခဲ့လျှင်ပင် သူမသည် သူ၏
အကူအညီ တောင်းခံမှုကို တုံ့ပြန်ဦးမည် ဖြစ်သည်။

ဤအချိန်တွင် နတ်ဘုရား နယ်မြေ အတွင်း၌
မုန်တိုင်းတစ်ခုက အစပျိုးနေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အတွင်းတွင် ခေတ္တ
လျှပ်ရှားခဲ့သည်မှ လွဲ၍ သူတို့ကိုယ့်ကိုယ် နှစ်ပေါင်းများစွာ
သီးသန့်နေနေခဲ့သော စူတောင်ဓားဂိုဏ်းသည်
အားလုံးတို့၏ စိတ်အတွင်းမှ ဖြည်းဖြည်းချင်း
မှေးမှိန်လာခဲ့သော်လည်း ယခုအချိန်တွင် နတ်ဘုရား
နယ်မြေ၏ အာရုံစိုက်ခြင်းကို ခံရသည့် နေရာတစ်ခု
ဖြစ်လာခဲ့သည်။

+

အထူးသဖြင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ မြေနဂါးဘုရင်၊ ရှန်နဂါးဘုရင်နှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည် စူတောင်အပေါ်မှ ကောင်းကင်ယံတွင် ပေါ်လာခဲ့သော အချိန်တွင် ဖြစ်သည်။ သူတို့သည် ထိုမိစ္ဆာများထံမှ ကြောက်မက်ဖွယ်ရာ ကြီးမားသော ဖိအားများကို ခံစားခဲ့ကြရသည်။

## စာစဥ် ၇၂ : အပိုင်း ၁၂

## အပိုင်း ၁၄၀၂ : စူတောင်တိုက်ပွဲ

ယခင်က နေသာနေသော စူတောင်သည် တိမ်ညို တိမ်မည်းများဖြင့် ကီလိုမီတာပေါင်းများစွာ ဖုံးလွှမ်းသွားကာ နေမင်းကို မမြင်ရတော့ချေ။

+

စူတောင်ခေါးဂိုဏ်း တစ်ခုလုံးသည် သူတို့က ကြီးမားသော ဖိအားအောက်တွင် ကျရောက်လာသည်ဟု ခံစားခဲ့ရသည်။ သူတို့သည် ရှေးဟောင်းလူဝံ မိစ္ဆာများက ငရဲမီး ဧကရာဇ် မြို့တော်အား တိုက်ခိုက်ရန် ကြိုးစားခဲ့သည် ဟူသော သတင်းအား ရခဲ့ကတည်းက နိမိတ်မကောင်းသော ခံစားချက်များကို ခံစားနေကြရသည်။

မိစ္ဆာများက အမှန်တကယ် ရောက်လာခဲ့သော အခါ အားလုံးတို့၏ ရင်များက လေးလံလာကြသည်။

အတူတကွ ရောက်လာကြသော အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ကောင်းကင် ဂရုန်းမာစတာ မဟာပဏ္ဍိတတို့ အပြင် မြေနဂါးဘုရင်နှင့်

+

ရှန်နဂါးဘုရင်တို့ပါ ပါလာခဲ့သဖြင့် အခြေအနေက
ပိုဆိုးသွားခဲ့သည်။

စူတောင်တွင် သူတော်စင် ကောင်းကင်ခေးနှင့်
အင်မော်တယ်ကောင်းကင် စကြာဝဠာ ခေးဝက်ပါ
ရှိနေခဲ့လျှင်ပင် သူတို့သည် ဗီပရာလိုပါ အဆင့်မှ
မိစ္ဆာလေးကောင်တို့၏ တိုက်ခိုက်မှုအား အပြည့်အဝ
ခုခံနိုင်ရန် မသေချာပေ။ ယခုလက်ရှိ အားနည်းနေသော
အခြေအနေတွင် ပို၍ပင် မဖြစ်နိုင်ပေ။

ရုတ်တရက်ပင် အနက်ရောင် ကောင်းကင်ပေါ်တွင်
နီရဲသော မီးအလင်းတန်း လေးတန်း တောက်ပလာ၍
ထိုမီးအလင်းတန်း လင်းလက်လာသော နေရာတိုင်းတွင်
လေဟာနယ်က တွန့်လိမ်သွားသည်။

+

ဘာမှ မရှိနေသော ကောင်းကင်ယံတွင်
လျှပ်စီးတစ်စင်း ပေါ်လာ၍ မီးအလင်းတန်း
လေးတန်းတို့က သူ့အပေါ်သို့ ကျရောက်သွားသော အခါ
လောင်ကျွမ်းလာခဲ့သည်။ သူ့အပေါ်တွင်
ကျောက်စိမ်းဖြူရောင် အဖြူရောင် တိမ်တိုက်များကို
တွေ့နိုင်၍ အဖြူရောင် ကျောက်စိမ်းဖြင့်
ပြုလုပ်ထားသော တောင်တစ်တောင်ကဲ့သို့ ကြီးမားသော
ခန္ဓာကိုယ် တစ်ခုအဖြစ် ပြောင်းလဲသွားသည်။ သူသည်
အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ ဖြစ်သည်။

သူ၏ အနီရောင် မျက်လုံးများ အတွင်းတွင်
ခက်ထန်သော အစိမ်းရောင် အလင်းတန်းများ
လင်းလက်လာ၍ စူတောင်ပေါ်မှ
တောင်ထိပ်များစွာတို့ကို အမူအရာ ကင်းမဲ့စွာဖြင့်
စိုက်ကြည့်နေခဲ့သည်။

+

အလယ်ခေတ် နှောင်းပိုင်းတွင် စူတောင်မှ ဓားကျင့်ကြံသူများသည် ရှောင်စီကျိတောင်မှ နီရဲသော မီးတောက် ကြေးနီ သတ္တုတွင်းအား ခိုးယူရန် ကြိုးစားခဲ့ရာမှ ထိုစဥ်က အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ သုတ်သင်မှုကို ခံခဲ့ရသည်။

သို့ဖြစ်၍ စူတောင်အား တည်ထောင်ခဲ့သူ ရန်ချန်းမေ့သည် အပြစ်ပေးသည့် အနေဖြင့် ထိုစဥ်က အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား ပြန်လည် သတ်ဖြတ်ခဲ့သည်။ ပြီးတာနှင့် ရန်ချန်းမေ့သည် အဆုံးစွန် ဧကရာဇ် ရှန်းယွမ်၏ သတ်ဖြတ်မှုကို ပြန်ခံခဲ့ရသည်။

သို့တိုင်အောင် နှစ်ဦးနှစ်ဘက် အကြားမှ ရန်ငြိုးရန်စများက မပြေပျောက်သွားခဲ့ကြပဲ အလယ်ခေတ်မှ လက်ရှိ အချိန်တိုင်အောင် ဆက်ခဲ့ကြသည်။ ရှေးဟောင်းလူဝံ မိစ္ဆာများသည်

+

စူတောင်ခါးဂိုဏ်းနှင့် မကြာခဏ တိုက်ခိုက်ခဲ့ကြပြီး နှစ်ဘက်စလုံးမှ အားနည်းသော ကျင့်ကြံသူများရော ထိပ်သီး ကျင့်ကြံသူများပါ အတော်လေး ထိခိုက်ခဲ့ကြရာ သူတို့၏ ရန်ငြိုးများက ပို၍ နက်ရှိုင်းလာသည်။

အနီရောင် ဂေါ်ရီလာ မျိုးနွယ်စုသည် ရှေးဟောင်းလူဝံ မိစ္ဆာများ အကြားတွင် အစွမ်းထက်သော မျိုးနွယ်စုများ အတွင်းမှ တစ်ခုဖြစ်သည်။ ရန်ငြိုး ရန်စများက ပိုတိုးလာသည်နှင့် စူတောင်ခါးဂိုဏ်းနှင့် ရှေးဟောင်းလူဝံ မိစ္ဆာများ အကြားမှ ဆက်ဆံရေးသည် ပို၍ ဆိုးရွားလာခဲ့သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်လုံးများ အတွင်းတွင် တစ်ယောက်သည် အမျက်ဒေါသ မီးတောက်များကို မတွေ့နိုင်ပဲ ရေခဲတမျှ အေးစက်မှုများကိုသာ တွေ့နိုင်ခဲ့သည်။ သူမှနေ၍

+

ကြောက်မက်ဖွယ်ရာ ဖျက်ဆီးနိုင်သည့် အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေခဲ့သည်။

ကောင်းကင်၏ အခြား တစ်နေရာ၌ အနက်ရောင် မြူခိုးငွေ့များ လှုပ်ရှားသွားခဲ့ပြီး အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတထက်ပင် ပို၍ ကြောက်မက်ဖွယ်ကောင်းသည့် ပုံရိပ်တစ်ခု ပေါ်လာသည်။

အနက်ရောင် မြူခိုးငွေ့များသည် တိကျသော ပုံစံ မဖော်ထားပဲ သူ၏ ရောမ ခန္ဓာကိုယ် အနားတွင် လှုပ်ရှားနေကြသည်။ သူသည် ကောင်းကင်အောက်မှ နေရာတိုင်းကို ပျံ့နှံ့နိုင်သကဲ့သို့ ထင်နေရပြီး သွေးနီရောင် လူဝံမျက်လုံး တစ်စုံသည် စူတောင်အား စိုက်ကြည့်နေလေသည်။

+

သူသည် လူဝံတို့၏ လက်ရှိ ခေါင်းဆောင်ဖြစ်သော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ ဖြစ်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် မျက်နှာချင်းဆိုင် နေရာတွင် ရွှေရောင် အလင်းတန်းများ ပေါ်လာ၍ အနက်ရောင် မြူခိုးငွေ့အား အဝေးသို့ ဖယ်ရှားလိုက်သည်။ သူ့အတွင်းမှ အစွမ်းထက်သော အရှိန်အဝါ တစ်ခုကို ခံစားနေနိုင်သည်။

ရွှေရောင် နဂါး ကျက်သရေ တိမ်တိုက် နှစ်စု ပေါ်လာသည်။ တစ်စုသည် ခက်ထန်၍ အာဏာရှင်ဆန်ကာ ကျန်တစ်စုမှာ လေးလံ၍ ကျယ်ပြန့်သည်။ သူတို့ထံမှ ရှေးပဝေသဏီ နတ်နဂါးတို့၏ ကျယ်ပြန့်သော အရှိန်အဝါအား

+

ခံစားနိုင်ကာ သူတို့၏ ဖိအားများကို အရပ်မျက်နှာ အနှံ့ ထုတ်လွှတ်လိုက်သည်။ ဖန်ဆင်းမှု အားလုံးတို့သည် သူတို့အား အညှံ့ခံလိုသည့် ဆန္ဒများကို ခံစားနေကြရသည်။

ရွှေရောင် အလင်းတန်းနှင့် အနက်ရောင် မြူခိုးငွေ့တို့သည် ကောင်းကင်တစ်ဝက်ကို နေရာယူထားကြသော်လည်း အချင်းချင်း ထိပ်တိုက်တွေ့ခြင်း မရှိခဲ့ကြပေ။ ထို့အစား သူတို့သည် အတူတကွ စုစည်းလာကြ၍ ကမ္ဘာတစ်ခုအား ဖန်ဆင်းလိုက်ကာ စူတောင်၏ တောင်ထိပ် များစွာတို့အား လွှမ်းခြုံလိုက်ပြီး ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ဖြတ်တောက်လိုက်သည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်များ အတွင်းတွင် တစ်ယောက်သည် ရောမ နဂါး နှစ်ကောင်တို့က

+

မြင့်လိုက်နိမ့်လိုက် ဖြစ်နေသည်ကို တွေ့နေနိုင်သည်။ သူတို့အား ကောင်းကင်နှင့် မြေကြီးတို့အား ထိန်လင်းစေသည့် မျက်စိကျိန်းလုမတတ် တောက်ပသော ရွှေရောင် အကြေးခွံများဖြင့် လွှမ်းခြုံထားသည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်ဘောလုံး နှစ်ခုအတွင်းတွင် တစ်ယောက်သည် ရောမ နဂါးနှစ်ကောင်တို့က မြင့်လိုက်နိမ့်လိုက် ဖြစ်နေသည်ကို တွေ့နေနိုင်သည်။ သူတို့အား ကောင်းကင်နှင့် မြေကြီးတို့အား အလင်းပေးနေသည့် မျက်စိ ကျိန်းလုမတတ် ရွှေရောင် အကြေးခွံများဖြင့် လွှမ်းခြုံထားကြသည်။ သို့ရာတွင် နဂါး ကျက်သရေ တိမ်တိုက်များ၏ ဖုံးလွှမ်းမှုအောက်တွင် တစ်ယောက်သည် သူတို့၏ ခေါင်းနှင့် အမြီးများကို မတွေ့နိုင်ပေ။

+

သို့သော်လည်း အားလုံးတို့က ထိုနဂါး နှစ်ကောင်တို့သည် ဗီပရာလိုပါ အဆင့်မှ နဂါးများ ဖြစ်ကြသည့် မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့ ဖြစ်ကြသည်ကို သိနေကြသည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာလေးကောင်သို့သည် စူတောင်အပေါ်သို့ ဆင်းသက်လာကြသော အခါ သူတို့၏ မိစ္ဆာ အရှိန်အဝါ သက်သက်ကပင် စူတောင် တစ်ခုလုံးအား တုန်ခါသွားစေသည်။

စူတောင်တိုက်ပွဲနှင့် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် စူတောင်ဓားဂိုဏ်းသည် အကြီးအကျယ် အားနည်းသွားသည်။ သူတို့၏ လက်ရှိ အဆောက်အအုံများကို ကမ္ဘာနှစ်ခု အကြားမှ

+

စစ်ပွဲအပြီးတွင် ပြန်လည် တည်ဆောက်ထားခဲ့ခြင်း ဖြစ်ကာ သူတို့တွင် လုံလောက်သော ခေးချီများ မစုဆောင်းရသေးပေ။

ယခုအချိန်တွင် အစွမ်းထက်သော မိစ္ဆာများ ချဥ်းကပ်လာကြသဖြင့် တောင်သည် ကွဲအက်လာကာ ပြိုကျတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

အသစ် တည်ဆောက်ထားသော ဝင်္ကပါသည် အစွမ်းကုန် လည်ပတ်နေကာ ခေးချီ အတန်းပေါင်း မြောက်မြားစွာတို့က လေထုအလယ်သို့ ထိုးတက်သွားကြသည်။ သို့သော်လည်း သူတို့သည် ကျယ်ပြန့်လှသော ပင်လယ်အတွင်းမှ လှေငယ်လေး တစ်စင်းနှင့်သာ တူနေခဲ့သည်။

+

သို့သော်လည်း ဤအချိန်တွင် တောက်ပသော ခေါ်အလင်းတန်း တစ်တန်းသည် စူတောင်၏ တောင်ထိပ်ပေါ်မှ လင်းလက်လာ၍ နားကျိန်းလုမတတ် ခေါ်သံများကို ကြားနိုင်ခဲ့သည်။

ကြယ်အလင်းတန်း တစ်တန်းကဲ့သို့ တောက်ပနေသော ခေါ်အလင်းတန်း တစ်တန်းသည် တောင်ထိပ်ထံမှ မြင့်တက်လာသည်။ ကောင်းကင်ပေါ်မှ ကြယ်ကြွေလာသကဲ့သို့ သူသည် ခေါ်ကြယ်စင်ပေါင်း များစွာတို့ကိုလည်း မြင့်တက်လာစေသည်။ အတူတကွပင် သူတို့သည် နဂါးငွေ့တန်း၏ အစိတ်အပိုင်း တစ်ခုကဲ့သို့ ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြလေသည်။

ထျန်းကန်း ခေါ်မာစတာ၏ ရှည်လျားသော ကိုယ်ထည်သည် စူတောင်ထိပ်ပေါ်တွင် ရပ်နေခဲ့သည်။

+

သူသည် ချဉ်းကပ်လာသော မိစ္ဆာများကို စိုက်ကြည့်နေရင်း တည်ငြိမ်နေကာ ဆုံးဖြတ်ချက် ပြတ်သားနေသည့်ပုံ ပေါက်နေသည်။

ဘာမှ မပြောပဲနှင့် သူ၏လက်ဝါးကို အရှေ့သို့ ဆန့်ထုတ်လိုက်ရာ ထျန်းကန်းရှေးဟောင်းဓားသည် သူ့လက်အတွင်းသို့ ကျရောက်လာသည်။ သူသည် ဓားကို ဝှေ့ယမ်းလိုက်ရာ ဓားအလင်းတန်းဖြင့် ဖွဲ့စည်းထားသော နဂါးငွေ့တန်းများသည် သူ့ခန္ဓာကိုယ် အနားတွင် လှည့်လည်နေကြသည်။ သူ၏ ဓားဆန္ဒအား အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတထံသို့ ပစ်လွှတ်လိုက်လေသည်။

သူ့အရှေ့မှ ရန်သူများသည် စူတောင်ဓားဂိုဏ်းအား လုံးဝ ဖျက်ဆီးနိုင်စွမ်း ရှိနေသော်လည်း ထျန်းကန်း ဓားမာစတာသည် နောက်ဆုတ်မည့်ပုံ ပေါက်မနေချေ။

+

လူတစ်ယောက်နှင့် ခွေးတစ်ချောင်းသည် နောက်ဆုံးအချိန် အထိ တိုက်ခိုက်ရန် သန္နိဋ္ဌာန် ချထားသည်။

သူ့အနောက်တွင် စူတောင်ခွေးဂိုဏ်း၏ လက်ရှိခေါင်းဆောင် ဖြစ်သော ကျိဝမ်လေ့က တင်ပလ္လင်ခွေ ထိုင်နေသည်။ သူ့ပတ်ပတ်လည်တွင် စူတောင်၏ ခွေးမာစတာ အသီးသီးတို့က ထိုင်နေကြသည်။

အားလုံးတို့၏ လက်များသည် ခွေးသင်္ကေတ အသီးသီးတို့ကို ထုတ်ဖော်ထားကြကာ သူတို့၏ ခွေးဆန္ဒများ အားလုံးတို့ကို အသုံးပြု၍ ဝက်ပါအား ထောက်ပံ့ပေးထားကြသည်။

+

အင်မော်တယ်ကောင်းကင် စကြာဝဠာ ခေါးဝက်ပါနှင့်
ကောင်းကင်ကိုးလွှာ ကမ္ဘာဦးခေါး ဝက်ပါတို့ မရှိပဲနှင့်
သူတို့သည် အဓိပ္ပာယ်ရှိစွာ တိုက်ခိုက်နိုင်လိမ့်မည်
မဟုတ်ချေ။ သို့သော်လည်း ကျိဝမ်လွေနှင့်
ကျန်သောသူများသည် သူတို့၏ ကိုယ်ပိုင်ခေါးဆန္ဒများကို
အသုံးပြုကာ ဝက်ပါအား ထောက်ပံ့ပေးနေကြသည်။
ပြီးတာနှင့် သူတို့သည် ဝက်ပါအား ထျန်းကန်း
ခေါးမာစတာထံသို့ ဦးတည်လိုက်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည် ထျန်းကန်း
ခေါးမာစတာအား အေးစက်စွာဖြင့် ကြည့်နေကြ၍ နဂါး
ကျက်သရေ တိမ်တိုက်များ၏ တစ်ဘက်မှ အသံတစ်သံ
ထွက်လာခဲ့သည်။ "မြန်မြန်လေး လုပ်လိုက်"

+

ထိုစကား ပေါ်လာသည်နှင့် တစ်ပြိုင်နက် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ ရောမ ခန္ဓာကိုယ်သည် စူတောင်ထံသို့ ခုန်အုပ်လိုက်လေသည်။

သူသည် ဟိန်းဟောက်လိုက်၍ သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြလိုက်ရာ စူတောင်ရှိနေသော လေဟာနယ်သည် စတင်၍ တွန့်လိမ်လာသည်။ ကောင်းကင်အလွှာ များစွာတို့သည် အရံအတား တစ်ခုကဲ့သို့ တစ်ခုအပေါ်၌ တစ်ခု ထပ်နေကြကာ စူတောင်နှင့် ထျန်းကန်း ခေါ်မာစတာတို့အား အတွင်းတွင် ထား၍ ပိတ်ဆို့လိုက်ကြသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ကောင်းကင်အား ဖြတ်ကျော်လာခဲ့ရာ လေဟာနယ် အလွှာများစွာတို့သည် အလယ်သို့ ဖျစ်ညှစ်လာခဲ့သည်။

+

ကောင်းကင် တစ်ခုလုံးသည် ရှုခင်း ပန်းချီကား တစ်ခုကဲ့သို့ ဖြစ်သွားသည်။ အစွမ်းထက်သော ပြင်ပ စွမ်းအား တစ်ခုသည် သူ့အား ဖျစ်ညှစ်ထား၍ သူ့အတွင်းမှ ရှုခင်း များစွာတို့သည် တွန့်လိမ်သွားကြသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ၏လက်သည်းကို ဆန့်တန်းလိုက်၍ လက်သီးအဖြစ်သို့ ပြောင်းလိုက်ကာ ထျန်းကန်း ခေးမာစတာ၏ ခေါင်းပေါ်သို့ ထိုးလိုက်သည်။ ထိုလက်သီးချက်ကြောင့် ကောင်းကင်နှင့် မြေကြီးတို့သည် ပြောင်းပြန်လှန်တော့မည်ကဲ့သို့ ဖြစ်သွား၍ စူတောင်အပေါ်မှ ကောင်းကင်သည် ပြိုကျလုနီးပါး ဖြစ်သွားသည်။

+

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့ကလည်း ထိုင်မကြည့်နေကြပေ။ သူတို့၏ ရောမ ခေါင်းများသည် နဂါး ကျက်သရေ တိမ်တိုက်များထံမှ ထွက်ပေါ်လာကာ စူတောင်ခေးဂိုဏ်းအား ခမ်းနား ထည်ဝါစွာဖြင့် ငုံ့ကြည့်ခဲ့ကြသည်။

ရှန်နဂါးဘုရင်၏ မျက်လုံးများ အတွင်းတွင် အကြည့်တစ်ချက် လင်းလက်သွားသည်။ သူ၏ခေါင်းသည် ရုတ်တရက်ပင် ရွှေရောင် နဂါးကျက်သရေ တိမ်တိုက်များ အတွင်းသို့ ပြန်ဝင်သွား၍ အနောက်သို့ ပျံသန်းသွားခဲ့သည်။

အခြား မိစ္ဆာများက သူ၏ အပြုအမူအား မည်သို့မှ မတုံ့ပြန်ခဲ့ကြပေ။

+

အဝေးမှ ကောင်းကင်အတွင်းတွင် တင့်တယ်သော အဖြူရောင် ကြာပန်းတစ်ခု ပေါ်လာသည်။ အစွမ်းထက်သော စိတ်ဝိညာဉ် စွမ်းအင်များသည် နေရာအနှံ့သို့ ပျံ့သွားကြ၍ အဆုံးမဲ့ ကျယ်ပြန့်နေကြသည်။

ကြာပန်း၏ အလယ်တွင် မင်းဆန်သော ပုံရိပ်တစ်ခု ထိုင်နေသည်။ သူသည် နဂါး ဝတ်ရုံများကို ဝတ်ဆင်ထား၍ သူ၏ ခေါင်းပေါ်တွင် သရဖူတစ်ခု ဆောင်းထားသည်။ သူသည် ဂူမင်းဆက်၏ လက်ရှိ ဧကရာဇ် ဖြစ်သူ ဂူကျွန်းပင် ဖြစ်သည်။

သူ၏ ခန္ဓာကိုယ် အောက်ပိုင်းသည် ကောင်းကင်နှင့် မြေကြီးတို့အား အလင်းတန်း များစွာဖြင့် အလင်းပေးထားသော ကြာပန်းနှင့် ပေါင်းစည်းနေသည်။ အလင်းတန်း အတွင်းတွင် သန့်စင်သော အဖြူရောင်

+

ကြာပန်းများသည် စတင်၍ မြင့်တက်လာကာ ချိုလွင်သော အသံများကို ကြားနိုင်သည်။ သူ့အနား ပတ်ပတ်လည်မှ နေရာသည် အားလုံးတို့ နေထိုင်လိုသည့် ကောင်းကင်ဘုံ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သူဖန်ဆင်းထားသော ကောင်းကင်ဘုံသည် ထာဝရ ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသည်ဟု ထင်နေရသည်။ သေမျိုးကမ္ဘာနှင့် မတူပဲ အားလုံးတို့က လာရောက်လိုနေကြသည်။

ထိုအဖြူရောင် အလင်းတန်းသည် ရှန်နဂါးဘုရင် ထုတ်လွှတ်ထားသည့် ရွှေရောင် နဂါးကျက်သရေ တိမ်တိုက်နှင့် ထိတွေ့မိသော အခါ ရေအတွင်းမှ လှိုင်းလုံးများကဲ့သို့ လွင့်ပြယ်သွားကာ ရွှေရောင် နဂါးကျက်သရေ တိမ်တိုက်များကလည်း ပျောက်ကွယ်သွားခဲ့သည်။

+

ဂူကျွန်းသည် သက်ရှည်ကြာပန်း ထိုင်ခုံအပေါ်တွင် ထိုင်နေကာ သူ၏ လက်များကို အသုံးပြု၍ မှော်ကျိန်စာ သင်္ကေတ တစ်ခုကို ဖော်ထုတ်လိုက်သည်။ သက်ရှည်ကြာပန်း ထိုင်ခုံမှနေ၍ အလင်းတန်းများ မြောက်မြားစွာ ထွက်လာကာ ပွင့်ချပ် ၁၈ချပ် ရှိသော ရောမ ကြာပန်းစင်မြင့် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

တစ်ချိန်တည်းတွင် ကောင်းကင်သည် ပို၍ တောက်ပကာ တင့်တယ်လာသည်။ ကောင်းကင်အပေါ်မှ ကြာပန်းများ ကျဆင်းလာကာ လေထုအလယ်တွင် လွင့်မျောနေကြလေသည်။

+

မရေမတွက်နိုင်သော အဖြူရောင် ကြာပန်းများသည် ပန်းပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားကာ သူတို့အတွင်းတွင် ရှန်နဂါးဘုရင်အား ချုပ်နှောင်ထားခဲ့ကြသည်။ သူ့ခန္ဓာကိုယ်မှ ရွှေရောင် အလင်းတန်းများ ထွက်လာသော အခါ အဖြူရောင် ကြာပန်းများ၏ တားဆီးထားခြင်းကို ခံခဲ့ရသည်။ အဖြူရောင် ကြာပန်း တစ်ခု ပျောက်ကွယ်သွားသည့် အချိန်တွင် နောက်တစ်ခု ထွက်လာခဲ့ကာ မဆုံးမရှိသကဲ့သို့ ဖြစ်နေသည်။

ရှန်နဂါးဘုရင်သည် ဂူကျွန်းအား မော့ကြည့်လိုက်သော အခါ ရောမ ကြာပန်းစင်မြင့်သည် ပန်းပင်လယ် အတွင်းတွင် ကျွန်းတစ်ကျွန်းကဲ့သို့ လွင့်မျောနေခဲ့သည်။

သူသည် ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့ အနားသို့ ချဉ်းကပ်ရန် ကြိုးစားခဲ့သော အခါ

+

ပိုရှ်များသော အဖြူရောင် ကြာပန်းများသည်
ကောင်းကင်အတွင်းတွင် သိပ်သည်းစွာ
မြင့်တက်လာကြသည်ကို သတိထားမိလိုက်သည်။
သန်းနှင့်ချီသော အဖြူရောင် ကြာပန်းများက
လွှမ်းခြုံသွား၍ ဂူကျွန်းနှင့် သက်ရှည်ကြာပန်း
ထိုင်ခုံတို့သည် မကြာမီ ပျောက်ကွယ်သွားကြသည်။

ဤအချိန်သည် ရှန်နဂါးဘုရင် အနေဖြင့် ဂူမင်းဆက်နှင့်
ဂူကျွန်းတို့အား ပထမဆုံး အကြိမ်အဖြစ် ရင်ဆိုင်ခဲ့ခြင်း
ဖြစ်သော်လည်း ရှေးဟောင်းခေတ်မှ သူ၏
အကြီးအကဲများသည် ထိုစဉ်က လူသား မျိုးနွယ်စုတို့အား
အုပ်ချုပ်သူ ဖြစ်သော ဂူကောရာဇ်နှင့် တိုက်ခိုက်ဖူးခဲ့ရာ
သူ့အနေဖြင့် ရှေးဟောင်း အင်မော်တယ် ကျမ်းစာ
အကြောင်းကို ဗဟုသုတ အနည်းငယ် ရှိနေသည်။

+

သူသည် ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့ အသုံးပြုနေသည့် မှော်ကျိန်စာသည် နိဗ္ဗာန်ကမ္ဘာ လက်ဝါးနှင့် အနည်းငယ် ဆင်တူနေသည်ဟု သိနေခဲ့သည်။

အဖြူရောင် ကြာပန်းနှင့် ဗုဒ္ဓ ဆာဟာပန်း၏ စွမ်းအားများသည် ကွဲပြားကြသော်လည်း ပန်းများသည် ဖုံးကွယ်ရန် အသုံးပြုသည့် ပစ္စည်းတစ်ခုနှင့် ဆင်တူနေသည်။ အကယ်၍ ရှန်နဂါးဘုရင်သည် ထိုပန်းများကို မကျော်လွှားနိုင်ခဲ့ပါက လွတ်မြောက်နိုင်မည် မဟုတ်သလို ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံအား တိုက်ခိုက်နိုင်မည် မဟုတ်ချေ။

"သူ့ရဲ့ စွမ်းအားတွေက ရှေးဟောင်းခေတ်က ဂူချန်စန်းနဲ့ ယှဉ်လို့ မရပေမဲ့ သူ့ရဲ့ မှော်ကျိန်စာဟာ ဘာဖြစ်လို့

+

ပိုပြီးမှ အစွမ်းထက်တယ်လို့ ငါက ခံစားနေရတာလဲ… ဂူချန်စန်းရဲ့ မျိုးဆက်တွေဟာ သူ့ထက်ပိုပြီးမှ အစွမ်းထက်လာလို့လား… ဒါမှမဟုတ် လင်းဖုန်းက သူ့ကို တိတ်တဆိတ် ကူညီခဲ့တယ် ဆိုတဲ့ ကောလဟာလကပဲ မှန်နေသလား"

ရှန်နဂါးဘုရင်သည် ယာယီ အချုပ်နှောင်ခံနေရသော်လည်း အလောတကြီးဖြင့် တုန်လှုပ်ချောက်ချား မနေခဲ့ပေ။ သူ၏ အဓိက ဦးတည်ချက်မှာ ဤမှော်ကျိန်စာအား ကျော်လွှားရန် ဖြစ်သဖြင့် အနိုင်အရှုံးကို သိပ်ပြီးမှ ဂရုမစိုက်နေချေ။ သူသည် ယုံကြည်ချက် ရှိနေသော်လည်း သူ၏ ရင်အတွင်းတွင် သံသယအချို့ ရှိနေသည်။ အသေအချာ စဉ်းစားလိုက်အပြီးတွင် သူ၏ ရင်အတွင်းမှ အေးစက်လာခဲ့သည်။

+

ရှန်နဂါးဘုရင်သည် စူတောင်မှ အခြေအနေအား စိုးရိမ်နေခြင်း မရှိပေ။ သူတော်စင် ကောင်းကင်ဓားနှင့် လုံလောက်သော အိမ်ကွင်းအားသာချက် မရှိလျှင် ထျန်းကန်း ဓားမာစတာသည် မိစ္ဆာသုံးကောင်အား နောက်ဆုံးတွင် အရှုံးပေးရမည် ဖြစ်သည်။

ထိုအချိန်တွင် မြေနဂါးဘုရင်သည် စူတောင်အား အေးစက်စွာဖြင့် ကြည့်နေခဲ့သည်။ သူသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့နှင့်အတူ စူတောင်အား မတိုက်ခိုက်ခဲ့ပေ။

သို့သော်လည်း စူတောင်အပေါ်မှ ဓားအလင်းတန်းသည် တုန်ခါနေ၍ ပြိုကျလုနီးပါး ဖြစ်နေခဲ့သည်။

+

သူသည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏
တိုက်ခိုက်မှုအား ခုခံနိုင်ခဲ့သော်လည်း လက်သီးဖြင့်
ထိုးချလာသော ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတအား မခုခံနိုင်တော့ပေ။

သို့သော်လည်း ထိုအချိန်၌ ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတနှင့် မြေနဂါးဘုရင်တို့သည် အပေါ်သို့
မော့ကြည့်လိုက်၍ မျက်မှောင်များကို
ကြုတ်လိုက်ကြသည်။

စူတောင်အပေါ်မှ ကောင်းကင်သည် ရုတ်တရက်
ကွဲဟသွား၍ တောက်ပသော အလင်းတန်း တစ်တန်းက
ဆင်းသက်လာလေသည်။

## စာစဉ် ၇၃ : အပိုင်း ၁၃

+

## အပိုင်း ၁၄၀၃ : ကောင်းကင်အား ဖွင့်လှစ်သောခေး

စူတောင်အပေါ်မှ ကောင်းကင်သည် ပွင့်ဟသွား၍
တောက်ပသော အလင်းတန်း တစ်တန်း
ဆင်းသက်လာကာ စူတောင်၏ အဓိက
တောင်ထိပ်အပေါ်သို့ ကျဆင်းလာသည်။
ကောင်းကင်တိုင်လုံး တစ်ခုကဲ့သို့ သူသည်
ကောင်းကင်နှင့် မြေကြီးအား ထိုးဖောက်သွားခဲ့သည်။

ထိုအရာသည် ခေးအလင်းတန်း တစ်ခုဖြစ်သည်မှာ
သိသာနေသည်။ သူသည် လင်းလက်တောက်ပနေ၍
သူ့အား မြင်ရသူ အားလုံးတို့၏ စိတ်ဝိညာဉ်များ
တုန်ခါသွားစေရန် လုံလောက်အောင်
အစွမ်းထက်နေသည်။ သူ၏ ခေးဆန္ဒသည်

+

ထက်မြက်လှသော်လည်း ခေါ်အလင်းတန်း အတွင်းတွင် တစ်ယောက်သည် အလင်းတန်း ပုံရိပ်များစွာ ရှိနေသည်ကို တွေ့နိုင်သည်။ ကြည့်ရသည်မှာ သူ့အတွင်း၌ ကမ္ဘာတစ်ခု ရှိနေသည့်ပုံ ပေါက်နေသည်။

အားလုံးတို့သည် ထိုအရာကို တွေ့ခဲ့ရသော အခါ ထိုအလင်းတန်းသည် ကောင်းကင်အတွင်းရှိ အပေါက်မှ ဖြာကျလာခြင်း ဖြစ်သည်ကို သတိပြုမိလိုက်သည်။ သူ့အတွင်းသို့ ကြည့်လိုက်သော အခါ အလင်းတန်း အလွှာများသည် ပို၍ပို၍ ကြည်လင် ပြတ်သားလာသည်။

သူ့အတွင်းတွင် မဟာကမ္ဘာ တစ်ခုကို ကွယ်ဝှက်ထားကာ အောက်ဘက်မှ နတ်ဘုရား နယ်မြေအား ရင်ဆိုင်နေသကဲ့သို့ ဖြစ်နေသည်။

+

တစ်စုံတစ်ယောက်သည် အလင်းတန်း အတွင်းမှ လမ်းလျှောက်ထွက်လာခဲ့သည်။ သူသည် အစိမ်းရောင် ဝတ်ရုံကို ဝတ်ဆင်ထား၍ သူ၏ မျက်နှာသည် သာမန်ဟုသာ ထင်နေရသည်။ သို့သော်လည်း သူ၏ မျက်လုံးများသည် ဓားတစ်ချောင်းကဲ့သို့ ထက်မြက်သော တောက်ပသည့် အလင်းတန်းဖြင့် လင်းလက်နေသည်။

ကျိဝမ်လွေနှင့် ကျန်သောသူများသည် ထိုမြင်ကွင်းအား မြင်လိုက်ရသော အခါ သူတို့အားလုံးတို့က စိတ်ခါတ် တက်ကြွလာခဲ့သည်။

သူသည် စူတောင်ဓားဂိုဏ်း၏ ယခင်ခေါင်းဆောင် ဖြစ်၍ ဂိုဏ်းမှ ထွက်သွားခဲ့ကာ ယနေ့တိုင်အောင် အစရှာမရသည့် ရှင်းလုံစန်းပင် ဖြစ်သည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည် ရှင်းလုံစန်းအား အေးစက်စွာဖြင့် စိုက်ကြည့်နေကြသည်။ သူတို့အတွက် သူသည် ဂျူနီယာ တစ်ယောက်သာ ဖြစ်သည်။ စူတောင်တိုက်ပွဲ အတွင်းတွင် သူသည် ကာဒီနယ်ကပ်ဘေး ပထမ တစ်ခေါက်ကိုသာ ရင်ဆိုင်ခဲ့ရသေးသည်။

ရှင်းလုံစန်းသည် ယခုအချိန်တွင် များစွာပို၍ အစွမ်းထက်လာခဲ့သည်။ သို့သော်လည်း ပြီးခဲ့သော ဆယ်စုနှစ်များသည် သူ့အား ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်ကို ပြီးမြောက်ကာ ဗီပရာလိုပါ အဆင့်သို့ တက်လှမ်းနိုင်ရန် မလုံလောက်သေးပေ။

သို့ရာတွင် ရှင်းလုံစန်း၏ ခန္ဓာကိုယ်သည် အစွမ်းထက်သော ဓားဆန္ဒဖြင့် ပြည့်နှက်နေသည်။

+

သူသည် စူတောင်ခေါ်းဂိုဏ်းနှင့် မကြာခဏ
တိုက်ခိုက်ဖူးသည့် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့
အတွက် အထူးအဆန်း ဖြစ်နေသော အရှိန်အဝါ တစ်ခုကို
ထုတ်လွှတ်နေခဲ့သည်။

သူသည် စူတောင်ခေါ်းဂိုဏ်း၏ သူတော်စင်
ကောင်းကင်ခေါ်းချီနှင့် ဆင်တူနေသော်လည်း
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတတို့၏ အဆင့်ဖြင့် သူတို့သည်
ခြားနားချက်များကို သတိပြုနိုင်မိခဲ့ကြသည်။

ထိုအရာသည် ရှင်းလုံစန်း၏ ယခင် ခေါ်းဆန္ဒနှင့် မတူပဲ
လုံးဝ ကွဲပြားနေသည့် ခေါ်းနည်းစနစ် အသစ်တစ်ခု
ဖြစ်သည်။

+

တစ်ယောက်သည် မတူညီသော ဓားနည်းစနစ်များကို ကျင့်ကြံနိုင်သော်လည်း အင်မော်တယ်ဝိညာဥ် အဆင့်သို့ ရောက်သွားပြီးလျှင် ဓားနည်းစနစ်များကို ပြောင်းလဲရန် ခက်ခဲသွားပေမည်။ အထူးသဖြင့် ရှင်းလုံစန်းကဲ့သို့ ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ သူ့အနေဖြင့် ဓားနည်းစနစ် အသစ်တစ်ခုအား ကျင့်ကြံရန် မဖြစ်နိုင်သလောက် ဖြစ်သည်။

အကယ်၍ သူသည် ကြိုးစားခဲ့ပါကလည်း သူ၏ လုံ့လများ အားလုံးတို့သည် အလဟဿ ဖြစ်သွားခဲ့မည် ဖြစ်ကာ အစကနေ ထပ်ဖန်တစ်ခါ ပြန်စရမည် ဖြစ်သည်။ သူသည် နှစ်ပေါင်း နှစ်ဆယ်ကျော်လေးနှင့် မည်မျှအထိ စွမ်းဆောင်နိုင်မည်နည်း။

+

ကျိဝမ်လွေနှင့် စူတောင်ခေးဂိုဏ်းမှ ကျန်သောသူများသည် ပိုမိုကောင်းမွန်စွာ နားလည်ထားကြသည်။ ရှင်းလုံစန်းသည် စူတောင်သို့ နောက်ဆုံး ပြန်လာသော အချိန်တွင် သူ၏ စွမ်းအား အခြေခံများသည် သူတော်စင် ကောင်းကင်ခေးချီသာ ဖြစ်သည်။

ထိုအချိန်တွင် ပြောင်းလဲမှု အနည်းငယ်ကို တွေ့နိုင်ခဲ့သော်လည်း သူသည် စိတ်ရှုပ်ထွေးနေဆဲ ရှိသေးသည်။ ယခုအချိန်တွင် သူသည် လုံးဝ ပြောင်းလဲသွားသကဲ့သို့ ဖြစ်သွားသည်။

ကျိဝမ်လွေနှင့် ကျန်သောသူများအား ပို၍ စိတ်အားတက်စေသည့် အရာမှာ ယခင်တစ်ခေါက်က ရှင်းလုံစန်း သူနှင့်အတူ ယူသွားခဲ့သော လျို့ဝှက်ပစ္စည်းသည် ယခုအချိန်တွင် စူတောင်သို့

+

ပြန်ပါလာခြင်း ဖြစ်သည်။ သူနှင့် အတူ ထိုအရာကလည်း လုံးဝကို ပြောင်းလဲသွားခဲ့သည်။

သို့သော်လည်း ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် မြေနဂါးဘုရင်တို့၏ အာရုံကို ဆွဲဆောင်နိုင်သည့် အချက်မှာ ရှင်းလုံစန်း၏ ညာလက်ပင် ဖြစ်သည်။

ယခုအချိန်တွင် ရှင်းလုံစန်းသည် သူ၏ညာလက်တွင် ဓားရှည်တစ်ချောင်းအား ကိုင်ဆောင်ထားသည်။ ဓား၏ ခန္ဓာကိုယ်သည် ကျောက်စိမ်းတုံး တစ်ခုနှင့် တူနေပြီး သူ၏ ဓားသွားသည် ထက်မြက်သည်ဟု ထင်မနေရသော်လည်း ကောင်းကင်အား ဖြတ်တောက်နိုင်သည့်ပုံ ပေါက်နေသည်။

+

ထိုခေါးဖြင့် ရှင်းလုံစန်းသည် ကမ္ဘာ တစ်ခုလုံးအား ထိန်းချုပ်နိုင်သည့်ပုံ ပေါက်နေသည်။

သို့သော်လည်း ထိုအရာသည် ခေါးကျိုးတစ်ချောင်းသာ ဖြစ်သည်မှာ သိသာနေသည်။ ထိုခေါး၏ ထိပ်ဖျားသည် သိသိသာသာ ကျိုးပဲ့နေခဲ့သည်။

ဤအဖြူရောင် ကျောက်စိမ်းခေါးကျိုးသည် တစ်ချိန်က မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အစွမ်းအထက်ဆုံးခေါး ဖြစ်ခဲ့သော သူတော်စင် ကောင်းကင်ခေါးပင် ဖြစ်သည်။

ဤအချိန်တွင် သူတော်စင် ကောင်းကင်ခေါးသည် သူ၏ မူလ အသွင်အပြင်ကို ပြန်မရသေးသော်လည်း

+

သူ့အတွင်းမှ စွမ်းအားများသည် အားလုံးတို့ကို မှင်သက်စေခဲ့သည်။

အစွမ်းထက်သော ဤဓားသည် ကောင်းကင်ကို ဖြတ်တောက်နိုင်သည်ဟု ထင်နေရကာ အရပ်မျက်နှာ လေးဘက်စလုံးကို ဦးဆောင်၍ နတ်ဘုရား နယ်မြေအား တုန်ခါစေခဲ့သည်။ သူ၏ဓားချီသည် ကောင်းကင်အပေါ်သို့ ထိုးတက်သွား၍ အရပ်မျက်နှာ လေးဘက်စလုံးသို့ ပျံ့နှံ့သွားသည်။ ကမ္ဘာ တစ်ခုလုံးအား ဤရောမ ဓားကြီးဖြင့် ပြုလုပ်ထားသကဲ့သို့ ဖြစ်သည်။

အရောင်မဲ့နေသော အလင်းတန်းသည် ဓား၏ ကျိုးပဲ့နေသော အပိုင်းအနားတွင် ရစ်ဝဲနေခဲ့သည်။ သူသည် လည်ပတ်နေရင်း အသွင်မဲ့သော ထက်မြက်မှု တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

+

ဤအလင်းတန်းသည် ခရီးသွား၏ အထက်မြက်ဆုံး အစိတ်အပိုင်းနှင့် အတူ အထက်မြက်ဆုံးသော ဖြစ်တည်မှုအဖြစ် ပြောင်းသွားသည်။ သူ၏ ထက်မြက်သည့် ခရီးသွားအား ညွှန်ပြလိုက်လျှင် သူသည် သူ့လမ်းကြောင်း တစ်လျှောက်ရှိ အရာအားလုံးကို ဖျက်ဆီးနိုင်သည့်ပုံ ပေါက်နေသည်။ သူသည် ကစဉ့်ကလျားမှုများကို ထိုးဖောက်နိုင်၍ သူ့ဘာသာသူ ကောင်းကင်နှင့် မြေကြီးတို့အား ဖန်ဆင်းနိုင်သည့်ပုံ ပေါက်နေသည်။

ထိုအရာသည် မမြင်နိုင်သော ထက်မြက်မှု ဖြစ်သော်လည်း သူသည် အဖြူရောင် ကျောက်စိမ်း ခရီးသွားထက်ပင် ပို၍ ထက်မြက်သကဲ့သို့ ထင်နေရသည်။ မဟာကမ္ဘာ အတွင်းမှ ခရီးဆန္ဒ ထောင်ပေါင်းများစွာတို့အား ထိန်းချုပ်ထားကာ

+

သူတော်စင် ကောင်းကင်ခါး ကိုယ်တိုင်၏ ခါးချီနှင့် ခါးဆန္ဒတို့ဖြင့် ပေါင်းစည်းလိုက်ပြီး ထိုစွမ်းအားများ အားလုံးတို့အား တစ်နေရာတည်းသို့ စုစည်းလိုက်ရာ အလွန်တရာမှ ကြောက်မက်ဖွယ်ရာ ကောင်းသွားလေသည်။

ထိုအချိန်တွင် ရှင်းလုံစန်း၏ ခါးသည် အတိတ်က သူတော်စင် ကောင်းကင်ခါးထက် အောက်ကျနေသည့်ပုံ ပေါက်မနေသော်လည်း သူသည် ခါးအားလုံးတို့၏ ကေရာဇ်က ပြန်လည် မွေးဖွားလာခြင်း မဟုတ်ပေ။

အလင်းတန်းဖြင့် ဖန်ဆင်းထားသော အသွင်မဲ့ ခါးထိပ်ဖျားသည် သူတော်စင် ကောင်းကင်ခါးထက် ဖြစ်နိုင်ခြေများ ပိုပါနေသကဲ့သို့ ထင်နေရသည်။ သူသည် ကွဲပြားခြားနားသော လမ်းကြောင်းများကို ဖွင့်လှစ်ပေးပြီး တိုးတက်မှု ဖြစ်နိုင်ခြေ များစွာတို့ကို ဖော်ပြနေခဲ့သည်။

+

ရှင်းလုံစန်းသည် ခေးကို မြှောက်လိုက်ကာ ခေး၏ ထိပ်ဖျားအား ကောင်းကင်တည့်တည့်သို့ ညွှန်ပြလိုက်သည်။ ထိုအချိန်တွင် နတ်ဘုရား နယ်မြေအတွင်းမှ ထောင်နှင့်သောင်းနှင့် ချီသော ခေးများသည် စတင်၍ တုန်ခါလာကြသည်။

အဆုံးမဲ့ ခေးချီများသည် စူတောင်ထံသို့ ပျံသန်းလာ၍ ရှင်းလုံစန်း၏ လက်အတွင်းမှ ခေးအပေါ်သို့ စုစည်းလာကြသည်။

ခေးချီ အားလုံးတို့သည် သူ၏ လက်အတွင်းမှ ခေး၏ စုပ်ယူခြင်းကို ခံခဲ့ရခြင်း မဟုတ်ပဲ အသွင်မဲ့ ခေးထိပ်ဖျား၏ အမိန့်အောက်တွင် ကောင်းကင်ပေါ်သို့ အတူတကွ မြင့်တက်လာကြခြင်း ဖြစ်သည်။

+

ခေးထိပ်ဖျားအား အလယ်ဗဟိုတွင် ထား၍ သူတို့သည် အချင်းချင်း၏ စွမ်းအားများကို ယူသုံးနေကြရင်း ပို၍ပို၍ အင်အားကောင်းလာခဲ့သည်။

ထောင်နှင့် သောင်းနှင့်ချီသော ခေးဆန္ဒပေါင်း များစွာတို့၏ စုစည်းမှုကြောင့် အစွမ်းထက်သော အသိစိတ် တစ်ခု မွေးဖွားလာပြီး တားဆီးမှု အားလုံးတို့အား ကျော်လွှားနိုင်သည်ဟု ထင်နေရသည်။

စူတောင်အပေါ်တွင် ထျန်းကန်း ခေးမာစတာ အပါအဝင် အားလုံးတို့၏ ခေးချီများသည် လေထုအလယ်တွင် မြင့်တက်လာကာ အသွင်မဲ့ ထက်မြက်မှုနှင့် အတူတကွ သူတို့အရှေ့မှ မိစ္ဆာတို့နှင့် တိုက်ခိုက်ရန် ပြေးဝင်သွားကြလေသည်။

+

ရှင်းလုံစန်းက ပြောလိုက်သည်။ "သူတော်စင် ကောင်းကင်ခေးက ကပ်ဘေးတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်... ဖန်ဆင်းခြင်းကနေ ဖျက်ဆီးမှု အတွင်းမှာ ငါက ကစဉ့်ကလျားမှုတွေကို ဖြတ်တောက်ခဲ့ပြီး ကောင်းကင်နဲ့ မြေကြီးတို့ကို ထပ်ဖန်တစ်ခါ ပြန်လည် ဖန်ဆင်းနိုင်ခဲ့တယ်... ဒီခေးကို အခုအချိန်ကစပြီး ကောင်းကင် ဖွင့်လှစ်ခေးလို့ ခေါ်ရမယ်"

ရှင်းလုံစန်း၏ အသံသည် ကောင်းကင်တစ်လျှောက် ခေါင်းလောင်းသံများကဲ့သို့ ပဲ့တင်ရိုက်နေခဲ့သည်။ သူသည် စူတောင်၏ အနောက်ပိုင်း ဒေသမှ တဆင့် နတ်ဘုရား နယ်မြေ တစ်လျှောက်လုံးအထိ ပျံ့နှံ့သွားသည်။

နတ်ဘုရား နယ်မြေ အပေါ်တွင် ကောင်းကင်မာစတာ ခေးဂိုဏ်း၊ လျှပ်စီး ခေးဂိုဏ်း၊ ကျယ်ပြန့်သော

+

ပင်လယ်ခရီးဂိုဏ်း၊ မဟာလွင်တီးခေါင် ခရီးဂိုဏ်းနှင့် ကျန်သောခရီးဂိုဏ်းတို့သည် စူတောင်ရှိရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

ကောင်းကင်အောက်မှ ခရီးချီများသည် စူတောင်ထံသို့ စုစည်းလာခဲ့သော အခါ ခရီးမာစတာ များစွာတို့သည် အညှို့ခံလိုသော ဆန္ဒများကို မခံစားခဲ့ရပေ။ တစ်ချိန်တည်းတွင် သူတို့သည် စူတောင်အား သူတို့၏ ရန်သူအဖြစ် မသတ်မှတ်ကြတော့ပေ။ သူတို့ လုပ်ခဲ့သည်မှာ လှုပ်ရှား ထကြွနေသော စူတောင်အား ငြိမ်သက်စွာဖြင့် စိုက်ကြည့်နေကြခြင်း ဖြစ်သည်။

ရှင်းလုံစန်း၏ ကောင်းကင်ဖွင့်လှစ်ခရီး၏ ထိပ်ဖျားသည် အဆက်မပြတ် လည်ပတ်နေသည်။ မဟာကမ္ဘာ တစ်ခုလုံးသည် အဆုံးမဲ့ ထက်မြက်မှု အဖြစ်သို့ ပြောင်းသွား၍ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊

+

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် မြေနဂါးဘုရင်တို့ထံသို့ ချိန်ရွယ်လိုက်သည်။

ထိုအချိန်တွင် ထျန်းကန်း ဓားမာစတာ အပါအဝင် အားလုံးတို့၏ ဓားဆန္ဒနှင့် ဓားချီတို့သည် ဖြစ်တည်မှု တစ်ခုအဖြစ်သို့ ပေါင်းစည်းသွားကြသည်။ စူတောင်အား အလယ်တွင်ထား၍ အရာအားလုံးတို့သည် ဓားသွား တစ်ခုအဖြစ်သို့ ပြောင်းသွားသည့်ပုံ ပေါက်နေသည်။အဆုံးမဲ့ စိတ်ဝိညာဥ် စွမ်းအင်တို့အား သူ၏ ဓားထိပ်ဖျားအဖြစ် အသုံးချကာ သူသည် မိစ္ဆာများအား ခုတ်ချလိုက်လေသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ အားလုံးတို့က မျက်မှောင်များကို ကြုတ်လိုက်ကြသည်။ အနီရောင်

+

ဂေါ်ရီလာ မဟာပဏ္ဍိတသည် ရှင်းလုံစန်းအား စိုက်ကြည့်နေ၍ ပြောလိုက်သည်။

"မင်းက ကျင့်ကြံမှု အဆင့်တူတဲ့ အခြားသူတွေထက်စာရင် ပိုပြီးမှ အစွမ်းထက်တယ်... စူတောင်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ အနိုင်ယူမှုကို ခံခဲ့ရပေမဲ့ မင်းက မင်းရဲ့ စွမ်းအားတွေကို ပြန်လည် တည်ဆောက်နိုင်ခဲ့တယ်... ကောင်းတယ်... အရမ်းကောင်းတယ်"

သူ၏အကြည့်သည် ကောင်းကင်ဖွင့်လှစ်ခေး အပေါ်သို့ ကျရောက်သွားကာ အေးစက်စွာဖြင့် ပြောလိုက်သည်။ "ငါက မင်းတို့ရဲ့ ကောင်းကင်ဖျက်ဆီး ခေးကို မဖျက်ဆီးနိုင်ခဲ့တဲ့ အတွက် နောင်တရနေတယ်"

+

"ဒါပေမဲ့ ကံကောင်းစွာနဲ့ ဒီကနေ့မှာ ငါက မင်းတို့ဂိုဏ်းရဲ့ ပြန်လည်မွေးဖွားဖို့ မျှော်လင့်ချက်ကို ဖျက်ဆီးနိုင်တော့မယ်… ငါကမင်းကို ကမ္ဘာအဆုံးအထိ လိုက်လံ ရိုက်နှက်ပြီး မင်းတို့ရဲ့ မျှော်လင့်ချက်တွေ အကုန် ဆုံးရှုံးသွားအောင် လုပ်လိုက်မယ်"

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်ကာ ပြောလိုက်သည်။
"ဒါမှသာ ငါ့ရဲ့ အောင်ပွဲဟာ ပြီးပြည့်စုံနိုင်လိမ့်မယ်"

ဟိန်းဟောက်နေရင်း ပုံမှန်အချိန်တွင် လေးဘက်ထောက်နေသော အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် မတ်တတ်ထရပ်လိုက်သည်။ နီရဲသော မီးတောက်များဖြင့် လောင်ကျွမ်းနေသော သူ၏ ရှေ့လက်သည်း နှစ်ချောင်းတို့သည် အစိမ်းရောင် သန်းလာခဲ့သည်။

+

အစိမ်းရောင် မီးတောက်များ အတွင်းတွင် တစ်ယောက်သည် ကြယ်များ လင်းလက်နေသည်ကို တွေ့နေနိုင်သည်။ ကြယ်များသည် သူ၏ လက်အတွင်းရှိ အစိမ်းရောင် မီးတောက်ဘောလုံး အတွင်းမှ ဝင်လိုက်ထွက်လိုက် လွင့်မျောနေခဲ့သည်။ မီးအလင်းရောင်နှင့် ကြယ်အလင်းရောင်တို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားကာ ပတ်ပတ်လည်မှ လေဟာနယ်အား တွန့်လိမ်လာစေသည်။

သူ၏ လက်သည်း နှစ်ဘက်တို့သည် အတူတကွ စုစည်းလာ၍ သူတို့အား တူတစ်ချောင်းပုံ အဖြစ်သို့ သွယ်ယူက်လိုက်သည်။ ပြီးတာနှင့် သူသည် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေါ်မာစတာတို့ထံသို့ ထုချလိုက်လေသည်။

+

ထိုအချိန်တွင် အစိမ်းရောင် မိစ္ဆာမီးတောက်များက ပေါက်ကွဲထွက်နေပြီး စူတောင်ခေါးဂိုဏ်း ရှိနေသော နယ်မြေသည် ကြွေထည်တစ်ခုကဲ့သို့ ကွဲအက်လာသည်။ အမာရွတ်များသည် ဆန်ခါပေါက်များကဲ့သို့ ဖြစ်လာပြီး ပျက်စီးသွားခဲ့သည်။ ကျန်နေခဲ့သည်မှာ မည်းနက်နေသော ဟင်းလင်းပြင်သာ ဖြစ်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် သူ၏ စွမ်းအားများ အားလုံးကို ဤတိုက်ခိုက်မှု အတွင်း၌ ထည့်သွင်းထားခြင်း ဖြစ်ကာ နတ်ဘုရား နယ်မြေအား တုန်ခါစေခဲ့သည်။ ဒိုင်မန်းရှင်း ကွဲအက်မှုများကိုပင် တွေ့နေရသည်။

+

စူတောင်အနားမှ လူများ အားလုံးတို့သည် ထိုအချိန်၌ ရပ်တန့်သွားကြသည်။

သူတို့သည် မလှုပ်ရှားနေလို၍ မဟုတ်ချေ။ သို့သော်လည်း အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ တိုက်ခိုက်မှုကြောင့် ထိုကာလ၌ အချိန်သည် အေးခဲသွားသကဲ့သို့ ဖြစ်သွားသည်။ တစ်ယောက်ကမှ မတုံ့ပြန်နိုင်သလို မပုန်းအောင်းနိုင်ခဲ့ကြပဲ အပြတ်ရှင်းခံခဲ့ရမည် ဖြစ်သည်။

သို့သော်လည်း ဤအချိန်တွင် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့၏ မျက်လုံးများသည် လှုပ်ရှားသွားကာ ကောင်းကင် ဖွင့်လှစ်ခေး၏ အသွင်မဲ့ အလင်းတန်းသည် ထပ်ဖန်တစ်ခါ လင်းလက်လာသည်။

+

ခဏအကြာတွင် ခေါးသည် ခုတ်ချလာ၍ အေးခဲနေသော အချိန်က ပြန်လည် အသက်ဝင်လာကာ အရာအားလုံးတို့သည် ထပ်ဖန်တစ်ခါ ပြန်လည် လှုပ်ရှားလာကြသည်။

ခေါးအလင်းတန်းနှင့် ထိတွေ့ခဲ့သော နေရာတိုင်းတွင် လူသားတို့သည် ကမ္ဘာကြီးအား ပြန်လည် ဖန်တီးခဲ့သကဲ့သို့ ဖြစ်နေကာ အစောပိုင်းမှ ကမ္ဘာပျက်နေသည့် မြင်ကွင်းကလည်း ပျောက်ကွယ်သွားသည်။

အစွမ်းထက်သော ခေါးအလင်းတန်းသည် သူ့လမ်းကြောင်း တစ်လျှောက်ရှိ အရာအားလုံးတို့ကို ဖြတ်တောက်ခဲ့သည်။ ဟင်းလင်းပြင်၊ မိစ္ဆာ အရှိန်အဝါနှင့် အစိမ်းရောင် မိစ္ဆာမီးတောက်တို့အား ဖြတ်တောက်လာ၍

+

သူသည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတထံသို့ ရောက်ရှိလာသည်။

စူတောင်ထိပ်မှ ခေးအလင်းတန်း၏ မူလရင်းမြစ် အနီးတွင် လူသားပုံရိပ် တစ်ခု ပေါ်လာသည်။ သူသည် ဝတ်ရုံကြမ်း တစ်ခုကို ဝတ်ဆင်ထားသည့် အဖြူရောင် ဆံပင်နှင့် အကြီးအကဲ တစ်ယောက်ဖြစ်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ထိုပုံရိပ်အား မြင်ခဲ့ရသော အခါ အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။ "ရန်ချန်းမေ့"

ထိုအဘိုးဘိုသည် စူတောင်ခေးဂိုဏ်း၏ တည်ထောင်သူ ဖြစ်သော ရန်ချန်းမေ့ပင် ဖြစ်သည်။

+

သူ၏ လက်အတွင်းတွင် ဓားတစ်ချောင်းကို ကိုင်ထား၍ အရှေ့သို့ ရုတ်တရက် ထိုးသွင်းလိုက်ရာ ကောင်းကင်နှင့် မြေကြီးတို့က ပွင့်သွားခဲ့သည်။ ပြီးတာနှင့် ဓားထံမှ စွမ်းအားများသည် အရှေ့သို့ ထိုးတက်လာ၍ နတ်ဘုရား နယ်မြေ တစ်ခုလုံးအား ဖုံးလွှမ်းသွားသည်။ ပြီးတာနှင့် တိုက်ခိုက်မှုသည် စွမ်းအားအပြည့်ဖြင့် ကျဆင်းလာလေသည်။

ထိုအချိန်တွင် အကြီးအကဲ၏ အရိပ်သည် နှစ်ခြမ်း ပိုင်းသွားခဲ့ကာ ဓားအလင်းတန်းများက သူ့ခန္ဓာကိုယ်ထံမှ ထပ်ဖန်တစ်ခါ ထွက်လာခဲ့၍ ကောင်းကင်နှင့် မြေကြီးတို့အား ပြန်လည် တည်ဆောက်လိုက်သည်။

ဤဓားကွက်သည် ထိုအကြီးအကဲ၏ ပထမ ဓားကွက်နှင့် လိုက်လျောညီထွေ ဖြစ်နေသည်။

+

တာအိုဧ၏ အစနှင့် အဆုံးသတ်တို့သည် အလွန်တရာမှ ဆန်းကြယ် နက်နဲလှသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ဤအရာကို တွေ့လိုက်သောအခါ အေးစက်စွာဖြင့် နှာမှုတ်လိုက်သည်။ သူ၏အံကို ကြိတ်လိုက်ရာ သူ၏ ခွန်အားနှင့် မိစ္ဆာစွမ်းအားတို့သည် တုန်ခါလာ၍ သူ့ခန္ဓာကိုယ်သည် အရွယ်အစား အလွန် ကြီးမားလာသည်။ မကြာမီပင် သူသည် သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြလိုက်လေသည်။

မိစ္ဆာတစ်ကောင်နှင့် တူနေသော သူ၏ ရောမ အနက်ရောင် ခန္ဓာကိုယ်ကြီးသည် ကောင်းကင်အား ပြည့်သွားခဲ့ကာ သူ၏ သွေးနီရောင် မျက်လုံးများဖြင့်

+

ရှင်းလုံစန်း၊ ထျန်းကန်း ဓားမာစတာနှင့် ကောင်းကင်ဖွင့်လှစ်ဓားတို့အား အေးစက်စွာ စိုက်ကြည့်နေသည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတထက် ပို၍ အစွမ်းထက်ကာ ကောင်းကင်အား ဆွဲဖြဲနိုင်သည်ဟု ထင်နေရသော ခွန်အားတစ်ခုကို ခံစားနေခဲ့ရသည်။

သူသည် ရှေ့တစ်လှမ်း တက်လိုက်၍ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား တားဆီးလိုက်သည်။ ပြီးတာနှင့် သူ၏ လက်သီးနှစ်လုံးဖြင့် စူတောင်အပေါ်သို့ ထုချလိုက်လေသည်။

ထက်မြက်သော ဓားအလင်းတန်းသည် ရှောင်တိမ်းရန်ပင် ဂရုမစိုက်သည့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ အပေါ်သို့ တည့်တည့် ကျဆင်းလာသည်။ သူသည် ကောင်းကင်

+

ဖွင့်လှစ်ခေးထံမှ ထွက်ပေါ်လာသည့်
ခေးအလင်းတန်းအား အမှုမထားနေသကဲ့သို့ ဖြစ်သည်။

မင်းက ငါ့ကို ခေးနဲ့ ထိုးရဲရင် ငါက မင်းရဲ့
တောင်တစ်တောင်လုံးကို ထုခြေပစ်မယ်။

ယခုအချိန်တွင် ရှင်းလုံစန်းသည် စူတောင်၏
တောင်ထိပ်ပေါ်သို့ ပြန်လည် ဆင်းသက်လာကာ
ထျန်းကန်း ခေးမာစတာနှင့် ပခုံးချင်း ယှဉ်ရပ်နေသည်။
ကျိဝမ်လွေ့နှင့် ကျန်သောသူများက သူတို့၏
အနောက်တွင် ရပ်နေကြသည်။ ကောင်းကင်
ဖွင့်လှစ်ခေးသည် လေထုအလယ်၌ ခုတ်ချလာခဲ့သော
အခါ စူတောင်မှ တပည့် တစ်ယောက်တိုင်းသည်
သူတို့၏ ခေးများကို ခေးအိမ်များ အတွင်းမှ
ထုတ်ခဲ့ကြသည်။

+

ခေါးအလင်းတန်းသည် ဖြောင့်မတ်နေ၍ အကြောက်အရွံ့ ကင်းမဲ့သည်။ တုန်လှုပ်ခြင်း မရှိပဲ သူသည် အရှေ့သို့ တက်လာကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ တိုက်ခိုက်မှုအား ရင်ဆိုင်လိုက်လေသည်။

## စာစဉ် ၇၂ : အပိုင်း ၁၄

## အပိုင်း ၁၄ဝ၄ : အဆက်မပြတ် တိုက်ခိုက်ခြင်း

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခက်ထန်သော တိုက်ခိုက်မှုအောက်တွင် စူတောင် ပတ်ပတ်လည်မှ နေရာများသည် လုံးဝ ပျက်စီးမသွားကြပေ။ ထို့အစား သူတို့သည်

+

နတ်ဘုရားနယ်မြေ ထံမှ ကွဲကွာလာကြပြီး ကျုံ့ဝင်သွားကြကာ တစ်ခုတည်း အဖြစ် အတွင်းသို့ ကျုံဝင်လာကြသည်။

သို့သော်လည်း ကျယ်ပြန့်သော ခေါ်အလင်းတန်းသည် သူ့ထက်ပင် ပို၍ ခက်ထန် ကြမ်းကြုတ်လှသေးသည်။ သူသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ကြီးမားလှသော ခန္ဓာကိုယ်မှ အရေပြားအား ဖြတ်တောက်လိုက်ရာ သွေးအမြောက်အမြား ပန်းထွက်လာသည်။

စူတောင်မှ တောင်များသည် ပြိုကျလာသော အခါ တောင်ထိပ်ပေါ်မှ လူအားလုံးတိုသည် ဒယီးဒယိုင်ဖြင့် ယိမ်းထိုးသွားကြသည်။ အရာအားလုံးတို့သည် တုန်ခါနေကာ ပျက်စီးလုနီးပါး ဖြစ်နေခဲ့သည်။

+

ရှင်းလုံစန်း၏ မျက်နှာကလည်း စက္ကူစ တစ်စကဲ့သို့ ဖြူဖွေးနေသည်။ သူ၏ ခန္ဓာကိုယ်သည် တုန်ခါနေ၍ သူ၏ အင်မော်တယ် ဝိညာဉ်သည် လူသားပုံစံအား အလွန်အမင်း ခက်ခဲစွာဖြင့် ထိန်းထားရသည်။ သို့သော်လည်း သူသည် ကောင်းကင် ဖွင့်လှစ်ခြင်းအား စိတ်ခံတတ် ခိုင်မာစွာဖြင့် ဆုပ်ကိုင်ထားပြီး အရှေ့သို့ ညွှန်လိုက်လေသည်။

"ဒီကနေ့ အပြီးမှာ စူတောင်ဟာ လုံးဝ ပျက်စီးရင် ပျက်စီး... မဟုတ်ရင် ငါတို့ဟာ အသစ်တစ်ဖန် ပြန်လည် ဆန်းသစ်နိုင်လိမ့်မယ်... ဘယ်လိုဖြစ်မလဲ ဆိုတာကိုတော့ တိုက်ခိုက်ရင်းနဲ့သာ သိရှိနိုင်လိမ့်မယ်"

ဓားအလင်းတန်းသည် တစ်စက်လေးမှ မရပ်နားပဲ အရှေ့သို့ ဆက်လက် တိုက်ခိုက်လိုက်သည်။ သူသည် နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိပဲ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား ဆက်လက်၍ ထိုးဖောက်လိုက်သည်။

ဤမိစ္ဆာ၏ ခန္ဓာကိုယ် အတွင်းတွင် တစ်ယောက်သည် စကြာဝဠာ တစ်ခု၏ ပုံရိပ်က မြင့်ချည်နိမ့်ချည် ဖြစ်နေသည်ကို တွေ့နေနိုင်သည်။ ပြီးတာနှင့် သူသည် ဓားအလင်းတန်း၏ ဖျက်ဆီးမှုအား ခံခဲ့ရသည်။

မိစ္ဆာ၏ သွေးများသည် နေရာတကာသို့ ပြန့်ကျဲသွားသည်။ သူသည် အလွန်အမင်း ပူလောင်ကာ အဆုံးစွန်အထိ ကျင့်ကြံထားခြင်း ဖြစ်သည်။ သွေးမိုးများ ကျဆင်းလာသော အခါ သူတို့သည် ဥက္ကာပျံများကဲ့သို့ မြေကြီးအား ထိမှန်ခဲ့သည်။ သွေးတစ်စက်ချင်းစီသည်

+

ကြယ်တစ်စင်းနှင့် တူနေ၍ အမှန်ပင်
ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ကြယ်နှစ်စင်းနှင့် တူနေသည့် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတ၏ သွေးနီရောင် မျက်လုံးများသည်
ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့အား
ကြည့်နေခဲ့သည်။

သူသည် ကောင်းကင်နှင့် မြေကြီးတို့အား
ဝါးမျိုနိုင်သည်ဟု ထင်နေရသော သူ၏ သွေးနီရောင်
ပါးစပ်အား ဟလိုက်ကာ ရက်စက်စွာဖြင့်
ပြုံးလိုက်လေသည်။

သူသည် သူ၏ လက်သည်းနှစ်ဘက်အား လျင်မြန်စွာဖြင့်
ပြန်လည် ရုပ်သိမ်းလိုက်ပြီး သူ့ရင်ဘတ် အနီးတွင်

+

ပြန်ထားလိုက်ကာ ဓားအလင်းတန်းအား သူ၏ လက်သည်းများဖြင့် ညှပ်လိုက်သည်။

ခက်ထန်၍ အစွမ်းထက်သော စွမ်းအင်တစ်ခုသည် အချိန်ကာလနှင့် လေဟာနယ်အား တွန့်လိမ်စေကာ အသွင်မဲ့ ဓားအလင်းတန်းအား ပုံစံ ပေါ်လာစေခဲ့သည်။ သူ၏ ကောင်းကင် ဖွင့်လှစ်ဓားသည် ဖြည်းဖြည်းချင်း အတိုက်စားခံနေရကာ အချုပ်နှောင်ခံနေရသည်ဟု စတင်၍ ခံစားလာရသည်။

လျှို့ဝှက်ဆန်းကြယ်သော ဓားသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ လက်နှစ်ဘက် အကြားတွင် အညှပ်ခံလိုက်ရသော အခါ သူ၏ လျှို့ဝှက် ဆန်းကြယ်မှုမှာ ပျောက်ကွယ်သွားလေသည်။

+

အနက်ရောင် မြူခိုးငွေ့များသည် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်ထံမှ စတင်၍
မြင့်တက်လာသည်။ ထိုမြူခိုးငွေ့များထံမှ
တစ်ယောက်သည် မင်ကဲ့သို့ မည်းနက်၍ လေးလံသော
အနက်ရောင် အလင်းတန်းများကို မြင်နိုင်ခဲ့ကာ
ဓားအလင်းတန်း ရှေ့မတိုးလာနိုင်ရန်
ဟန့်တားထားခဲ့သည်။

ကောင်းကင် ဖွင့်လှစ်ဓား၏ လမ်းညွှန်မှုကို ခံခဲ့ရသော
ကောင်းကင်နှင့် မြေကြီးတို့ထံမှ ဓားဆန္ဒသည် သူ၏
အရှိန်အဝါ ကျဆင်းသွားကာ ထပ်ဖန်တစ်ခါ
တည်ငြိမ်လာခဲ့ပြန်သည်။

သို့သော်လည်း ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတသည် သူ၏ လက်ချည်းသက်သက်နှင့်

+

ကြမ္ဗာပန်းတိုင် အဆင့်မှ အစွမ်းထက်သော မှော်ရတနာ တစ်ခုအား အားသုံး၍ ခုခံရန်မှာ မလွယ်ကူလှချေ။

သူ၏ ရောမ မိစ္ဆာလက်သည်းများသည် ဓားအလင်းတန်းအား ဓားအလင်းတန်းအား ဟန့်တားနိုင်ခဲ့သော်လည်း သူ၏ လက်ဝါးနှင့် လက်ချောင်းများတွင် ဒဏ်ရာများ စတင်၍ ပေါ်လာကြသည်။

သူ၏ ဓားထိပ်ဖျားသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ညာပခုံး အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွားသည်။

ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့ နှစ်ယောက်စလုံး၏ မျက်နှာများမှာ ဖြူဖျော့နေသည်။

+

သူတို့၏ ပုံရိပ်များသည် ရေအတွင်းမှ လှိုင်းများကဲ့သို့ လှုပ်ရှားနေပြီး သူတို့၏ အင်မော်တယ် ဝိညာဉ်များသည် လူသားပုံစံကို မထိန်းထားနိုင်တော့သကဲ့သို့ ဖြစ်နေသည်။

"တိုက်ခိုက်စမ်း" သူတို့ နှစ်ယောက်စလုံးသည် တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ကြရာ သူတို့၏ အရှေ့တွင် အလင်းတန်း ဘောလုံးတစ်လုံး လင်းလက်လာသည်။ ထျန်းကန်း ဓားမာစတာ၏ အရှေ့မှ အလင်းတန်း ဘောလုံးသည် သူတော်စင် ကောင်းကင်ဓားချီ၊ ဓားဆန္ဒနှင့် ဓားအလင်းတန်းတို့ အမြောက်အမြား စုစည်းထားခြင်း ဖြစ်သည်။

သူတို့သည် တောက်ပသော ဓားကြယ်စင် တစ်ခု၏ပုံကို ယူလိုက်၍ ကြယ်အလင်းတန်း တစ်တန်းပြီးမှ တစ်တန်းဖြင့် လင်းလက်လာခဲ့သည်။

+

ရှင်းလုံစန်းကလည်း သူ၏ တာအိုသစ်သီးအား ဖော်ပြလိုက်သည်။ အတိတ်မှ သူတော်စင် ကောင်းကင်ခေါ်းနှင့် မတူပဲ ထိုအရာသည် ဝေဝါးနေသော အလင်းတန်း ဘောလုံးတစ်လုံး ဖြစ်သည်။ ရုတ်တရက်ပင် ခေါ်းချီတစ်တန်းသည် ကစဉ့်ကလျားမှုများကို ချိုးဖောက်၍ ထွက်လာခဲ့လေသည်။

ပြီးတာနှင့် ရာနှင့် ထောင်နှင့် ချီသော ခေါ်းချီများက ပေါ်လာကြသည်။

ဘာမှ မရှိခြင်းမှ နေ၍ အလင်းတန်း ဘောလုံးသည် အကောင်အထည် ပေါ်လာခဲ့ကာ ချက်ချင်းပင် ခေါ်းတစ်သောင်း ပေါ်လာ၍ ခေါ်းများဖြင့်

+

ဖွဲ့စည်းထားသော ကမ္ဘာတစ်ခုအား အတူတကွ ဖန်ဆင်းလိုက်သည်။

သူတို့ နှစ်ယောက်စလုံးသည် တစ်ချိန်တည်းတွင် စတင် တိုက်ခိုက်ခဲ့ကြပြီး ကောင်းကင် ဖွင့်လှစ်ခေး၏ ခေးအလင်းတန်းသည် ထပ်ဖန်တစ်ခါ လင်းလက်လာပြန်သည်။

အရာအားလုံးတို့အား ထွင်းဖောက်နိုင်သည်ဟု ထင်နေရသော ခေးဆန္ဒသည် အရံအတား အားလုံးတို့ကို ချိုးဖောက်ခဲ့ကာ အကန့်အသတ်နှင့် အတားအဆီးများ အားလုံးတို့ကို ဖယ်ရှားခဲ့သည်။ ယခုအချိန်တွင် သူသည် သူ့အား တားဆီးရန် ကြိုးစားနေသော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား တိုက်ခိုက်လိုက်လေသည်။

+

ဓားအလင်းတန်းသည် ပို၍ပို၍ တောက်ပလာပြီး အတွင်းမှ နေ၍ တစ်ယောက်သည် ပေါက်ကွဲသံ တစ်ခုအား ကြားနိုင်ခဲ့၍ လှိုင်းလုံး တစ်လုံးအလား အရှေ့သို့ ထိုးတက်လာခဲ့သည်။

နတ်ဘုရား နယ်မြေ အတွင်းမှ ရာနှင့် ထောင်နှင့်ချီသော ဓားများသည် စတင်၍ အသံမြည်လာကာ သူတို့၏ ဓားဆန္ဒများသည် ကောင်းကင် ဖွင့်လှစ်ဓားထံသို့ ရောက်လာကြ၍ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ ထံသို့ ထပ်ဖန်တစ်ခါ တိုက်ခိုက်ခဲ့ကြသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် အေးစက်စွာဖြင့် ရယ်ရမ်းသွေးလိုက်ကာ သူ့အား လုံးဝ လျစ်လျူရှုထားသည့်ပုံ ပေါက်နေသည်။

+

အခြားတစ်ဘက်တွင် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် သူ့ကိုယ်သူ ဟင်းလင်းပြင် အတွင်းတွင် တည်ငြိမ်အောင် ထိန်းလိုက်၍ မကြာမီပင် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့၏ အပေါ်မှ ကောင်းကင်ထံသို့ ရောက်လာသည်။

သူ၏ မျက်နှာပေါ်တွင်လည်း အေးစက်သော အပြုံးတစ်ခု ပေါ်လာ၍ သူတို့အပေါ်သို့ ကောင်းကင်မှနေ၍ ခြေဖြင့် ဆောင့်နင်းချလိုက်သည်။

ရှင်းလုံစန်း၏ မျက်လုံးများသည် လျင်မြန်စွာဖြင့် ကျုံ့သွားခဲ့သည်။ ကောင်းကင် ဖွင့်လှစ်ခေးသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ တားဆီးမှုကို ခံနေရ၍ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား မခုခံနိုင်ခဲ့ပေ။ ယခုအချိန်တွင် သူတို့သည် သူတို့၏ စွမ်းအားများ အားလုံးကို ကောင်းကင် ဂရန်းမာစတာ

+

မဟာပဏ္ဍိတအား တိုက်ခိုက်ရာတွင် အသုံးပြုနေရသဖြင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား ကောင်းစွာ မခုခံနိုင်တော့ပေ။

ထျန်းကန်း ဓားမာစတာကလည်း ငြိမ်သက်သွား၏။ သူ၏ မျက်လုံးများထံမှ အေးစက်သော အလင်းတန်း တစ်တန်း လင်းလက်လာကာ သူတို့အား တန်ပြန်ရန် ကြိုးစားလိုက်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ကောင်းကင် ဖွင့်လှစ်ဓားအား အားသုံး၍ ခုခံနေသဖြင့် သူနှင့် တိုက်ခိုက်နေရာမှ ဆုတ်ခွာ၍လည်း မဖြစ်ချေ။ သို့သော်လည်း အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ ခြိမ်းခြောက်မှုများသည် သူတို့အပေါ်သို့ ကျရောက်လာလုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

+

ယခုအချိန်တွင် အကောင်းဆုံး အစီအစဥ်မှာ ထျန်းကန်း ဓားမာစတာက အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား အားသုံး၍ ခုခံကာ သူ၏ တိုက်ခိုက်မှုများကို နှေးကွေးအောင် ပြုလုပ်ရန် ဖြစ်သည်။ ဤအရာသည် ဤတိုက်ခိုက်မှုကို ကျော်လွှန်နိုင်ရန် အကောင်းဆုံး နည်းလမ်းဖြစ်သည်။

သို့သော်လည်း အကယ်၍ သူထွက်ခွာသွားပါက ရှင်းလုံစန်း အနေဖြင့် ကောင်းကင် ဖွင့်လှစ်ဓားအား တစ်ယောက်တည်း ကိုင်တွယ်ရတော့မည် ဖြစ်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ ပေးနေသော ဖိအားများကလည်း အလွန်တရာမှ ကြီးမားလာပေလိမ့်မည်။

+

ရလဒ်မှာ မည်သို့ပင် ဖြစ်စေ အကောင်းဘက်မှ မရှိချေ။

ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့၏
ခန္ဓာကိုယ်များမှ ဓားဆန္ဒများက
ပေါက်ကွဲထွက်လာခဲ့သည်။ သူတို့၏ မျက်လုံးများ
အတွင်းမှ ဆုံးဖြတ်ချက် ပြတ်သားမှုများ ပေါ်လာ၍
သူတို့သည် သူတို့၏ ခေါင်းပေါ် တည့်တည့်မှ အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတအား လျစ်လျူရှုထားခဲ့ကာ
သူတို့၏ ရှိသမျှ စွမ်းအားတို့ဖြင့် ကောင်းကင်
ဖွင့်လှစ်ဓားအား အားဖြည့်နေပြီး ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတအား အပြင်းအထန်
တိုက်ခိုက်လိုက်သည်။

+

အရှက်ရဖွယ်ရာ ရှုံးနိမ့်မှုကို ခံမည့်အစား သူတို့သည် သေသည်အထိ တိုက်ခိုက်သွားမည် ဖြစ်သည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတက တိုက်ခိုက်လာခဲ့သော်လည်း ဤအရာသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား အပြင်းအထန် ဒဏ်ရာရစေနိုင်သည့် တစ်ခုတည်းသော အခွင့်အရေး ဖြစ်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ့အရှေ့မှ မြင်ကွင်းအား ကြည့်ကာ အေးစက်စွာဖြင့် ပြောလိုက်သည်။ "မင်းတို့ရဲ့ အင်မော်တယ်ကောင်းကင် စကြာဝဠာ ဓားဝက်ပါ မရှိတော့ပဲနဲ့ မင်းတို့က ကြမ္မာပန်းတိုင် အဆင့်က ဓားတစ်လက်ကို နောက်ထပ် ဖန်ဆင်းနိုင်ခဲ့တယ်"

"နောက်လာမယ့် နေ့တွေမှာ မင်းတို့ဟာ အင်မော်တယ်ကောင်းကင် စကြာဝဠာ ဓားဝက်ပါ လိုမျိုး

+

ဝက်ပါတစ်ခုကို ဖန်ဆင်းနိုင်စွမ်းလည်း ရှိနိုင်တယ်… အဲ့ဒီအချိန်ကျရင် မင်းတို့မှာ အောင်မြင်ဖို့ အခွင့်အရေး ရှိနိုင်သေးတယ်"

"စိတ်မကောင်းစရာက မင်းတို့က ဒီကနေ့မှာ အဲ့လိုမျိုး အခွင့်အရေး မရှိတော့ဘူး"

သူ၏ ခန္ဓာကိုယ်ထံမှ အနက်ရောင် မြူခိုးငွေ့များ ထွက်လာ၍ သူ၏ ကြောက်မက်ဖွယ်ရာ စွမ်းအားသည် အစိုင်အခဲ အဖြစ် အကောင်အထည် ပေါ်လုနီးပါး ဖြစ်လာခဲ့သည်။ အနက်ရောင် မြူခိုးငွေ့များနှင့် ပေါင်းစည်းသွားသော အခါ သူ၏ ခန္ဓာကိုယ်သည် ကမ္ဘာတစ်ခု ဖြစ်သွားခဲ့သည်။

+

အနက်ရောင် မြူခိုးငွေ့ အတွင်းတွင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်သည် ထျန်းကန်း ခားမာစတာနှင့် ရှင်းလုံစန်းတို့၏ အရှေ့မှနေ၍ ရုတ်တရက်ပင် ပျောက်ကွယ်သွားခဲ့သည်။

သူတို့သည် သူ၏ ခန္ဓာကိုယ်အား မမြင်ရပဲ သူတို့၏ စိတ်ဝိညာဉ် စွမ်းအင်များဖြင့် သူ၏ ခန္ဓာကိုယ်အား အာရုံခံ၍လည်း မရတော့ချေ။ သူတို့သည် ခားအလင်းတန်းဖြင့် တိုက်ခိုက်ခဲ့သော အခါ ပစ်မှတ် ပျောက်သွားခဲ့သကဲ့သို့ ဖြစ်သွားသည်။

"လက်လျှော့လိုက်ရ မလား... တကယ်လို့ ငါတို့က ဆက်ပြီးမှ တိုက်လိုက်နေရင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကို ဒဏ်ရာရအောင် မလုပ်နိုင်ပဲ အဲ့ဒီအစား အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကြောင့် ငါတို့က

+

ဒဏ်ရာ ရသွားလိမ့်မယ်… ဒီလိုဆိုရင် ပြန်ပြီးမှ တန်ပြန် တိုက်ခိုက်ဖို့ ခက်ခဲသွားလိမ့်မယ်"

"တကယ်လို့ ငါတို့ဟာ ငါတို့ရဲ့ ခံးကိုယ်ပွားကို ပြန်ခေါ်ပြီး အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကို ခုခံခဲ့ရင် အောက်စည်းကို ရောက်သွားပေမဲ့ အနည်းဆုံးတော့ ငါတို့မှာ ခုခံနိုင်ဖို့ အခွင့်အရေး ရှိနိုင်သေးတယ်"

"တကယ်လို့ ငါတို့က သူတို့ရဲ့ ပြိုင်ဘက် မဟုတ်ရင်တောင် တခြားလူတွေ စစ်ကူလာတဲ့ အထိ သူတို့ကို တားဆီးထားနိုင်ဦးမယ်… အဲ့ဒီ အချိန်ကျရင် ငါတို့က မိစ္ဆာတွေကို ကြောက်နေဖို့ မလိုတော့ဘူး"

+

"အခုအချိန်မှာ နောက်ဆုတ်လိုက်တာက ငါတို့ကို နောက်ပိုင်းမှာ ပြန်လည် တိုက်ခိုက်နိုင်ဖို့ ခွင့်ပြုနိုင်လိမ့်မယ်... ဒီလိုမျိုးပဲ အသေခံပြီး တိုက်ခိုက်တာက ဉာဏ်ရှိရာ မကျဘူး"

"ကောင်းကင် ဖွင့်လှစ်ခေးနဲ့ စူတောင်ဟာ နောက်ဆုံးမှာ ပြန်လည် မွေးဖွားနိုင်ခဲ့ပြီ... တကယ်လို့ အရာအားလုံးတို့က ကျရှုံးသွားရင် ငါက ငါ့ရဲ့ အသက်ကို အနစ်နာခံပြီး လုံစန်းနဲ့ ကောင်းကင် ဖွင့်လှစ်ခေးကို ဒီနေရာကနေ အဝေးကို ပို့လိုက်ရမယ်"

"ဒီကနေ့ကိုသာ ကျော်လွှားသွားနိုင်ခဲ့ရင် စူတောင်ဟာ ပြန်လည် မွေးဖွားဖို့ အခွင့်အရေး ရရှိနိုင်ပြီ"

+

"ငါတို့ဟာ အခုအချိန်မှာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကို အပြင်းအထန် ဒဏ်ရာရစေနိုင်ခဲ့ရင်တောင် ငါတို့က အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကြောင့် အပြင်းအထန် ဒဏ်ရာ ရသွားလိမ့်မယ်... မြေနဂါးဘုရင်ကလည်း ရှိနေသေးတော့ ငါတို့ဟာ ရှုံးနိမ့်ရမယ့် ကံကြမ္မာကနေ ရှောင်လို့ရမှာ မဟုတ်ဘူး... တခြားလူတွေ ဒီကို ရောက်လာတဲ့ အချိန်ကျရင် စူတောင်က ရှိတော့မှာ မဟုတ်ဘူး"

ထိုအချိန်တွင် မရေမတွက်နိုင်သော အတွေးများသည် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့၏ ခေါင်းအတွင်းတွင် ပေါ်လာခဲ့သည်။ ပြီးတာနှင့် ထိုအတွေးများသည် သူတို့၏ စိတ်အတွင်းမှ ပြန်လည် ပျက်ပြယ်သွားခဲ့သည်။

+

နောက်ဆုံးတွင် ကျန်နေခဲ့သော အရာသည် သန့်စင်သော စိတ်ပိုင်းဖြတ်မှု သက်သက်သာ ဖြစ်သည်။

ဒဏ်ရာ အပြင်းအထန် ရနေကြသော ကျိဝမ်လေ့နှင့် ကျန်သောသူများသည်လည်း ကြိုးစား၍ ထရပ်လာကြသည်။ သူတို့၏ စိတ်ဝိညာဉ် စွမ်းအင်များသည် ကုန်ခမ်းသွားကြပြီ ဖြစ်သော်လည်း သူတို့၏ သန့်စင်သော ဓားဆန္ဒ စစ်စစ်တို့သည် တည်ရှိနေကြသေးသည်။

အနက်ရောင် မြူခိုးငွေ့များကို ထိုးဖောက်သွားသော ဓားအလင်းတန်းသည် ပို၍ပို၍ တောက်ပလာကာ မျက်စိကျစရာ ကောင်းလာခဲ့ပြီး သူ့အနားမှ အနက်ရောင် တိမ်တိုက်များအား ကစဉ့်ကလျားမှုများကို ချိုးဖျက်နိုင်ခဲ့သကဲ့သို့ ဖြတ်တောက်နိုင်ခဲ့သည်။

+

ကောင်းကင်အောက်မှ စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ပြုလုပ်ထားသော ခေးကလည်း ရှေ့ဆက်တိုးလာခဲ့သည်။

သူတို့၏ မျက်လုံးများ အရှေ့မှ ပျောက်ကွယ်သွားခဲ့သော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်သည် ထပ်ဖန်တစ်ခါ ပြန်ပေါ်လာကာ သူသည် အံ့သြ တုန်လှုပ်နေသည့်ပုံ ပေါက်နေခဲ့သည်။

ထိုအချိန်တွင် ကောင်းကင်ပေါ်မှ အုတ်ခဲတစ်ခု အတိုင်း ကျဆင်းလာသော အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် သူတို့၏ ခေါင်းပေါ်သို့ ရောက်လုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဤအချိန်တွင် ကောင်းကင်နှင့် မြေကြီးတို့သည် စတင်၍ တုန်ခါလာကာ

+

ဟင်းလင်းပြင်က ကွဲဟသွား၍ ပုံရိပ်နှစ်ခု ပေါ်လာသည်။ တစ်ယောက်မှာ အရပ်ရှည်ရှည်နှင့် ချောမောသော လူငယ်တစ်ယောက် ဖြစ်၍ ကျန်တစ်ယောက်သည် အဝါရောင် ဝတ်စုံနှင့် တင့်တယ်သော ကောင်မလေး တစ်ယောက်ဖြစ်သည်။ သူတို့သည် ရှီထျန်းဟောင်နှင့် ရှီရှင်းယွမ်တို့ ဖြစ်ကြသည်။

ရှီထျန်းဟောင်သည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား စိုက်ကြည့်နေကာ မေးလိုက်သည်။ "ခင်ဗျားက မဟာလွင်တီးခေါင် ကုန်းမြေကနေ ထွက်ပြေးလာခဲ့တယ်မလား... အခုရော..."

ပြီးတာနှင့် သူ၏ ပုံရိပ်သည် လင်းလက်လာ၍ ကောင်းကင်အတွင်းတွင် နှစ်ခြမ်းခြမ်းသွားသည်။ သူသည် ယင်းယွမ်နှင့် ဟွမ်စန်း ပုံစံအဖြစ် ပြောင်းသွား၍ သူ၏ ခန္ဓာကိုယ် တစ်ခုစီ၏ အပေါ်၌ နတ်ဗိုလ်ချုပ်

+

၁၂ပါးနှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့က လွင့်မျောနေကြသည်။ ပြီးတာနှင့် သူတို့သည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတထံသို့ ပြေးဝင်လာကြသည်။

တစ်ခဏာတွင်းချင်းပင် သူတို့သည် သူ၏ အရှေ့သို့ ရောက်လာကြ၍ ဟွမ်စန်း ခန္ဓာကိုယ်သည် နတ်ဗိုလ်ချုပ် ၁၂ပါးတို့နှင့် အတူတကွ လက်သီးဖြင့် ထိုးလိုက်သည်။

အခြားတစ်ဘက်တွင် သူ၏ ရှည်လျားသော ယင်းယွမ် ခန္ဓာကိုယ်သည် သူ၏ လက်ဝါးများဖြင့် အတူတကွ ရိုက်ချလိုက်ရာ မရေမတွက်နိုင်သော ခရမ်းရောင် လျှပ်စီးများက သူ၏ ခန္ဓာကိုယ်ထံမှ ထွက်ပေါ်လာကြသည်။ သူ၏ ခန္ဓာကိုယ်ကိုယ်အား ခရမ်းရောင် လျှပ်စီးများဖြင့် လွှမ်းခြုံထား၍ သူသည် မိုးကြိုး နတ်ဘုရား တစ်ပါးနှင့် တူနေလေသည်။

+

တစ်ချိန်တည်းတွင် သူ၏ ယင်းယွမ် ခန္ဓာကိုယ်၏ ခေါင်းပေါ်ရှိ ကောင်းကင်ပေါ်မှ မြို့တော်သည် အသွင်မဲ့နေသော်လည်း ထက်မြက်သော နတ်လေပြင်းများကို စတင်၍ မှုတ်ထုတ်လာခဲ့သည်။

ကောင်းကင်ပေါ်မှ မြို့တော်မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းသည် ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

အဆုံးမဲ့ ကောင်းကင်ကိုးလွှာ နတ်ဘုရား မိုးကြိုးနှင့် ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်းတို့သည် အတူတကွ စုစည်းသွားကြ၍ အချင်းချင်း ကြီးထွားလာစေရန် ထောက်ပံ့ပေးခဲ့ကြသည်။ အတူတကွပင် သူတို့၏

+

စွမ်းအားများသည်မယုံနိုင်လောက်သော အဆင့်အထိသို့ ရောက်လာခဲ့သည်။

အဆက်မပြတ် တိုးတက်နေသော စွမ်းအားများသည် အစ ပထမတွင် အလွန်အမင်း သန်မာနေသည်ဟု ထင်နေရသော်လည်း ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ ဂရုစိုက်လောက်အောင်တော့ မဟုတ်သေးချေ။ သို့သော်လည်း သူ၏ အလားအလာနှင့် ကြီးထွားနှုန်းတို့သည် သူတို့အား မျက်မှောင်ကြုတ်စေခဲ့သည်။

မျက်စိတစ်မှိတ် အတွင်းတွင် အစွမ်းထက်သော လေပြင်း မုန်တိုင်းတို့သည် လျှော့ပါးလာသည် လက္ခဏာ တစ်စက်မှ မပြပဲ အဆပေါင်းများစွာ ထိုးတက်လာသည်။

+

ကမ္ဘာကို တုန်ခါစေသော နဂါးဟိန်းသံ တစ်ခု ပေါ်လာ၍ မြေနဂါးဘုရင်သည် ရှီထျန်းဟောင် အရှေ့သို့ ရောက်လာကာ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား ကူညီသည့် အနေဖြင့် ထိုတိုက်ခိုက်မှုကို ခုခံပေးလိုက်သည်။ သို့သော်လည်း သူသည် မကြာခင်တွင် ရပ်တန့်သွားခဲ့သည်။

အဝေးမှ ဟင်းလင်းပြင် အတွင်းတွင် မြေနဂါးဘုရင်ထက်ပင် ပိုကြီးသည့် ရွှေရောင် နတ်နဂါး တစ်ကောင်အား ဝေဝါးနေသော အလင်းတန်း တစ်တန်းက လွှမ်းခြုံထားသည်။ သူ၏ စွမ်းအားများသည် ကြောက်မက်ဖွယ်ရာ ကောင်းလှ၍ အရာအားလုံး၏ အစမူလဟု ထင်နေရသည်။ ဟင်းလင်းပြင် အတွင်းတွင် တွန့်လိမ်နေရင်း သူ၏ ခန္ဓာကိုယ်သည် ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးအား

+

လွှမ်းခြုံနိုင်သည့် အလား ကြီးမားလှသည့်ပုံ ပေါက်နေသည်။

အဝါဖျော့ရောင် ဝတ်ရုံအား ဝတ်ဆင်ထားသော ရှိရှင်းယွမ်သည် ထိုနဂါး၏ ခေါင်းပေါ်တွင် ထိုင်ကာ စီးနင်းနေခဲ့သည်။

ရောမ နဂါးကြီးသည် သူ၏ လက်သည်းများဖြင့် ကုတ်ချလာခဲ့သော အခါ မြေနဂါးဘုရင်အား လွှမ်းခြုံထားသည့် လေဟာနယ်သည် အဖြူရောင် ပြောင်းသွားခဲ့သည်။

မီးခိုးဖြူရောင် ကမ္ဘာအား လွှမ်းခြုံနိုင်သည်ဟု ထင်နေရသည့် ကစဉ့်ကလျားမှုများသည် ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာကြသည်။ အချိန်ကာလသည်

+

ရပ်တန့်သွားသော်လည်း ပြောင်းလဲနေသည်ဟု
ထင်နေရသည်။ သူသည် ထာဝရ ဖြစ်နေသလို
စက္ကန့်ပိုင်းလည်း ဖြစ်နေသည်။

မြေနဂါးဘုရင်က အမျက်တကြီးဖြင့်
ဟိန်းဟောက်လိုက်သည်။ "မင်းက ငါ့ဆီကို
ကိုယ့်ဘာသာကိုယ် ရောက်လာခဲ့တာပဲ"

## စာစဥ် ၇၂ : အပိုင်း ၁၅

## အပိုင်း ၁၄၀၅ : ခက်ထန်သော ရှီထျန်းဟောင်

ရှီရှင်းယွမ်အား တည့်တည့် ကြည့်နေရင်း
မြေနဂါးဘုရင်သည် ဟိန်းဟောက်လိုက်ကာ သူ၏ ရောမ
ပုံစံသည် တွန့်လိမ် ပြောင်းလဲသွား၍ ရှီရှင်းယွမ်

+

သူ့အပေါ်သို့ ပစ်လွှတ်လိုက်သော ချုပ်နှောင်မှုများမှ လွတ်မြောက်သွားခဲ့သည်။

စိတ်အားထက်သန်သော မျက်လုံးများဖြင့် မြေနဂါးဘုရင်သည် ရှီရှင်းယွမ်အား စောင့်နေခဲ့ကာ ရုတ်တရက် မျက်တောင်ခတ်လိုက်သည်။

ရုတ်တရက်ပင် ကောင်းကင်ပေါ်မှ အရောင် ပြောင်းသွားခဲ့သည်။ သူ၏ မျက်လုံးများ ပွင့်နေသော အခါ ကောင်းကင်သည် နေ့ကဲ့သို့ တောက်ပနေခဲ့ကာ သူ၏ မျက်လုံးများ ပိတ်သွားပါက ညရောက်လာ၍ အားလုံးတို့သည် မှောင်မိုက်သွားခဲ့သည်။

ထိုအရာသည် ကျူးကျုံယင်တို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူတို့၏ အထူး စွမ်းရည်များသည် သူတို့အား

+

အချိန်ကာလ စီးဆင်းမှု၊ နေ့နှင့်ညတို့၏ ဖြတ်သန်းမှုတို့အား နားလည်နိုင်စေကာ အမတန်မှ ထူးခြား ဆန်းကြယ်လှသည်။

မြေနဂါးဘုရင်သည် သူ၏ အစစ်အမှန် ပုံစံအား တိုက်ရိုက် ဖော်ပြလိုက်သည်။ သူ၏ ခန္ဓာကိုယ်မှ ရွှေရောင် အလင်းတန်းများ လင်းလက်လာ၍ တောက်ပသော အလင်းတန်းများ ထွက်လာပြီး ရှီရှင်းယွမ်က သူ့အပေါ်၌ ချုပ်နှောင်ရန် ကြိုးစားနေခဲ့သော ဝေဝါးနေသည့် အလင်းတန်းနှင့် ထိတွေ့သွားခဲ့ရာ နှစ်ဘက်စလုံးတို့သည် ရေလှိုင်းများအလား ဂယက်ထသွားခဲ့သည်။

မီးခိုးဖြူရောင် အဖြစ်သို့ ပြောင်းသွားသော ကမ္ဘာသည် ဖြည်းဖြည်းချင်း မူလအရောင်သို့ ပြန်ပြောင်းလာသည်။ မြေနဂါးဘုရင်သည် သူ၏ လျင်မြန်မှုကို ပြန်ရခဲ့ကာ

+

အသက်စွမ်းအင်များဖြင့် ပြန်ပြည့်လာ၍
နေးကွေးလေးလံ မနေတော့ပေ။

သို့သော်လည်း ရှိရှင်းယွမ်ကြောင့် မြေနဂါးဘုရင်၏
လှုပ်ရှားမှုများသည် အနည်းငယ် တုံ့ဆိုင်းသွားခဲ့သည်။
အခြားတစ်ဘက်တွင် ရှီထျန်းဟောင်သည် သူ၏ ဟွမ်စန်း
ခန္ဓာကိုယ်နှင့် ယင်းယွမ် ခန္ဓာကိုယ်တို့အား အသုံးပြုကာ
သူ၏ နတ်ဗိုလ်ချုပ် ၁၂ပါးနှင့် ကောင်းကင်ပေါ်မှ
မြို့တော်တို့ကို အသက်သွင်း၍ အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတထံသို့ တိုက်ခိုက်လိုက်သည်။

သူသည် နှစ်ပိုင်းပိုင်းထားသော်လည်း သူ၏ ဟွမ်စန်း
ခန္ဓာကိုယ်နှင့် ယင်းယွမ် ခန္ဓာကိုယ် ဖြစ်စေ၊ သို့မဟုတ်
သူ၏ နတ်ဗိုလ်ချုပ် ၁၂ပါးနှင့် ကောင်းကင်ပေါ်မှ
မြို့တော်တို့ ဖြစ်စေ၊ အချင်းချင်း

+

ထောက်ပံ့ပေးနေကြကာ သူ၏ တိုက်ခိုက်မှုများသည် ပို၍ပို၍ အစွမ်းထက်လာကြသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်နှာပေါ်တွင် ကြည့်ရဆိုးသော အမူအရာ တစ်ခု ပေါ်လာသည်။ သူ၏ တိုက်ခိုက်မှုကြောင့် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် အကြီးအကျယ် ဒဏ်ရာရ၍ အသက်ပင် ဆုံးရှုံးသွားနိုင်သော်လည်း သူကသာ ရှီထျန်းဟောင်၏ တိုက်ခိုက်မှုများကို ခံခဲ့ရပါက သူ၏ ကံကြမ္မာကလည်း ဆိုးရွားသွားနိုင်သည်။

သူသည် စူတောင်ခေးဂိုဏ်းအား မုန်းတီးနေသော်လည်း ရန်ချုန်းမေ့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သေသွားပြီ ဖြစ်သည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကလည်း ဤနေရာတွင် သေချင်နေသည့် ရည်ရွယ်ချက် မရှိပေ။

+

ရှီထျန်းဟောင်၏ တိုက်ခိုက်မှုအား ရင်ဆိုင်ရာတွင် သူ၏ ခန္ဓာကိုယ်အား လှည့်လိုက်ကာ လျင်မြန်စွာ နောက်ဆုတ်သွားလိုက်သည်။ ချက်ချင်းပင် သူသည် လေဟာနယ်အား တွန့်လိမ်စေ၍ သူနှင့် ရှီထျန်းဟောင်တို့ အကြားမှ နီးကပ်နေသော အကွာအဝေးကို ပြန်လည် ဝေးကွာစေပြီး သူ့အား ရှောင်ရှားရန် ကြိုးစားလိုက်သည်။

သူနောက်ပြန်ဆုတ်သွားသော အခါ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ကောင်းကင်ဖျက်ဆီးခြေအား ဆက်လက်တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိတော့ပေ။ အကယ်၍ သူက တိုက်ခိုက်ချင်နေလျှင်ပင် သူတို့သည် လက်ရည်ညီနေ၍ ယခုအချိန်တွင် သူသည် ထိုခြေ၏ တိုက်ခိုက်မှုကို ခုခံနေရသည်။

+

လူဝံတို့၏ လက်ရှိခေါင်းဆောင်သည် ထူးချွန်ပြောင်မြောက်သော စွမ်းအားများကို ထုတ်ဖော်လိုက်သည်။ ကောင်းကင် ဖွင့်လှစ်ခေး၏ ခေးအလင်းတန်းနှင့် ရင်ဆိုင်ခဲ့ရသော အခါ သူသည် နားကွဲလုမတတ် ဟိန်းဟောက်သံ တစ်ခုအား ဟစ်ကြွေးလိုက်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်မှနေ၍ အနက်ရောင် မြူခိုးငွေ့များ ပေါ်လာကာ ထိုမြူခိုးငွေ့များ အကြားတွင် တောက်ပ လင်းလက်သော ကြယ်များကို တွေ့နိုင်သည်။ ကြယ်များနှင့် အနက်ရောင် မြူခိုးငွေ့တို့သည် အနက်ရောင် အလင်းတန်းနှင့် ပေါင်းစည်းသွားခဲ့သည်။

+

အနက်ရောင် အလင်းတန်း လည်ပတ်လာသော အခါ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ်သည် ကျယ်ပြန့်လှသော ခွန်အားနှင့် မိစ္ဆာ စွမ်းအားတို့ဖြင့် ပြည့်နှက်လာသည်။

ပြီးတာနှင့် သူသည် သူ၏ ညာပခုံးကို ထိုးဖောက်သွားသော ဓားအလင်းတန်းကို ဆွဲထုတ်လိုက်သည်။

ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့သည် အကန့်အသတ်မဲ့ စိတ်ဝိညာဉ် စွမ်းအင်များက သူတို့၏ မျက်လုံးများ အရှေ့တွင် ပေါက်ကွဲထွက်လာသည်ဟု ခံစားခဲ့ကြရသည်။ အဆုံးမဲ့ ဓားအလင်းတန်းများ ထွက်လာ၍ ကောင်းကင် ဖွင့်လှစ်ဓား၏ ဓားအလင်းတန်းသည် ယာယီ အေးခဲသွားပြီးနောက်

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား ထပ်ဖန်တစ်ခါ ထိုးဖောက်ရန် ကြိုးစားခဲ့ကြသည်။

သို့သော်လည်း သူသည် ဟင်းလင်းပြင် အတွင်းတွင် ခိုင်မာစွာ ရပ်နေ၍ ခြေဆောင့်နင်းချလိုက်သော အခါ သူ၏ ရောမ ခန္ဓာကိုယ်သည် ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ ပျောက်ကွယ်သွားသည်။

သူသည် အစွန်းရောက် စိတ်ဝိညာဥ် ကောင်းချီးမင်္ဂလာကဲ့သို့ လျှို့ဝှက်ဆန်းကြယ်ခြင်း မရှိသော်လည်း များစွာပို၍ ပြင်းထန်ကာ ကြမ်းတမ်းသည်။ တစ်ချက်ခုန်လိုက်ရာ သူသည် ကောင်းကင် ဖွင့်လှစ်ခားး၏ ခားအလင်းတန်း လိုက်လံ တိုက်ခိုက်မှုမှ လွတ်မြောက်သွားသည်။

+

သို့သော်လည်း သူသည် မကြာမီပင် ပြန်လည် ကျဆင်းလာကာ အားလုံးတို့ အရှေ့တွင် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။ သူ၏ ခုန်ပေါက်မှုနှင့် ပြန်လည် ကျဆင်းလာမှုတို့သည် ရှင်းလုံစန်းက သူ၏ဓားဖြင့် တိုက်ခိုက်မှုထက်ပင် ပို၍ မြန်နေသေးသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ရှီထျန်းဟောင်အား အေးစက်စွာ စိုက်ကြည့်၍ ပြောလိုက်သည်။ "ကျူးရိ... စူတောင်ကို အပြတ်ရှင်းလိုက်ပါ... သူတို့ကို တောင်ကနေ ထွက်မသွားစေနဲ့... ငါက သူနဲ့ ရင်ဆိုင်လိုက်မယ်"

ဤအထိ ပြောပြီးသည်နှင့် သူသည် ထပ်ဖန်တစ်ခါ ခုန်လိုက်ကာ ရှီထျန်းဟောင် အရှေ့တွင် ပေါ်လာသည်။ သူ၏ အနက်ရောင် လက်သည်းနှစ်ဘက်အား လက်သီးနှစ်လုံး အဖြစ်သို့ ဆုပ်လိုက်ကာ

+

ကောင်းကင်အား ထုခြေနိုင်သော တူနှစ်လက်ကဲ့သို့ ရှီထျန်းဟောင်၏ ခေါင်းပေါ်သို့ ထိုးချလိုက်သည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည် ဖိတ်ဖိတ် တောက်လာခဲ့ပြီး သူ၏ ဟွမ်စန်း ခန္ဓာကိုယ် အပေါ်မှ နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် ရွှေရောင်လူသား ၁၂ယောက်တို့ အဖြစ်သို့ ပြောင်းသွား၍ ကောင်းကင်ပေါ်မှ မြို့တော်အပေါ်သို့ ကျဆင်းသွားကြသည်။

သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည် မိုးကြိုးဖြင့် ပြုလုပ်ထားသော ဘီလူးကြီး တစ်ကောင် အဖြစ်သို့ ပြောင်းသွားကာ သူ၏ ဟွမ်စန်း ခန္ဓာကိုယ် အပေါ်သို့ ထပ်သွားသည်။ ချွတ်ချွတ်ဖြောက်ဖြောက် မည်နေသော မိုးကြိုးမီးပွားများသည် သူ၏ မွေးညင်းပေါက် တစ်ခုချင်းစီကို ထိုးဖောက်သွားကြသည်။

+

ရှိထျန်းဟောင်သည် ကောင်းကင်ထံသို့
ဟိန်းဟောက်လိုက်ရာ သူ၏ ဟွမ်စန်း ခန္ဓာကိုယ်သည်
ကြီးမားစွာ ကျယ်ပြန့်လာခဲ့သည်။ ပြီးတာနှင့် သူ၏
လက်သီးနှစ်ဘက်ဖြင့် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတထံသို့ ထိုးချလိုက်သည်။

ကောင်းကင်ပေါ်မှ မြို့တော်နှင့် ရွှေရောင်လူသား
၁၂ယောက်တို့၏ အထောက်အပံ့ဖြင့် ရှိထျန်းဟောင်၏
စွမ်းအားများသည် အစွမ်းကုန် တိုးတက်လာကာ သူ၏
ခန္ဓာကိုယ်သည် နတ်ဒေဝါ တစ်ပါးကဲ့သို့
အစွမ်းထက်လာခဲ့သည်။ သူသည် ညှာတာမှု
ကင်းမဲ့စွာဖြင့် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတအား တန်ပြန် တိုက်ခိုက်ခဲ့သည်။

+

ထိုအချိန်၌ နှစ်ဦးနှစ်ဘက်တို့သည် ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါသွားစေကာ ဟင်းလင်းပြင်သည် ပျက်စီးလုနီးပါး ဖြစ်သွား၍ စူတောင်အနားမှ နေရာတိုင်းသည် လွင်တီးခေါင် ဖြစ်သွားခဲ့သည်။

ဤမြင်ကွင်းသည် သွေးလွှမ်းကာ ကြမ်းတမ်းလှသဖြင့် တိုက်ခိုက်နေသော ကျန်သည့်လူများကပင် သူတို့၏ မျက်လုံးထောင့်များမှ ကြည့်လိုက်ကြသည်။

မဟာမိုးကြိုး ကျောင်းတော်ကြီး ပျက်စီးသွား အပြီးတွင် သူ၏ ဗီပရာလိုပါ အဆင့်မှ စွမ်းအားများသည် မှေးမှိန်သွားခဲ့ကာ နတ်ဘုရား နယ်မြေ အတွင်းမှ ကျန်သောသူများသည် ဤကဲ့သို့သော မြင်ကွင်းမျိုးကို မတွေ့ရတော့ချေ။ မည်သည့် လူသားကျင့်ကြံသူ တစ်ယောက်ကမှ ဗီပရာလိုပါ အဆင့်မှ

+

မိစ္ဆာတစ်ကောင်အား ရုပ်ကိုယ်ခန္ဓာ
စွမ်းအားသက်သက်ဖြင့် ယှဥ်ပြိုင်ခြင်း မပြုခဲ့ကြပေ။

ထို့အပြင် မဟာမိုးကြိုး ကျောင်းတော်မှ ဘုန်းကြီးများ၏
အစွမ်းအထက်ဆုံး အကွက်မှ ဗီရိုကာနာ ဇန်လက်ဝါး
လက်သီးပင် ဖြစ်သည်။ သူတို့၏ စွမ်းအားများသည်
ပေါက်ကွဲနိုင်စွမ်း ကောင်းသော်လည်း သူတို့၏
အနှစ်သာရသည် ရှီထျန်းဟောင်နှင့် လုံးဝ မတူပဲ
ကြည်လင်သန့်စင်ကာ သဘာဝကျသည်။

ဤအချိန်တွင် ရှိနေကြသော သူများအားလုံးသည်
ဗီပရာလိုပါ အဆင့်မှ မိစ္ဆာနှစ်ကောင်တို့၏ စွမ်းအားများ
ထိပ်တိုက်တွေ့မှုတို့ကို မြင်နိုင်ခဲ့ကြရသည်။

+

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်မှ ခရမ်းရင့်ရောင် မိုးကြိုး အလင်းတန်းများ ပေါ်လာသည်။ ရွှေရောင်လူသား ၁၂ယောက်နှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့သည် သူ၏ ခေါင်းပေါ်သို့ ဝင်သွားကာ သူ၏ ခန္ဓာကိုယ်နှင့် ပေါင်းစည်းသွားကြလေသည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည် အလွန်အမင်း ကျယ်ပြန့် ကြီးထွားလာသည်။ ယခုအချိန်တွင် သူ၏ခေါင်းသည် ကောင်းကင်နှင့်ပင် ထိနေကာ ဘီလူးတစ်ကောင်နှင့် တူနေပေသည်။

သူ၏ ခန္ဓာကိုယ်မှ မွေးညင်းပေါက် များစွာတို့သည် အငွေ့များ ထွက်လာ၍ ဟွန်တွန်း၊ တောက်တီ၊ ချုံးချို၊ မီးနဂါး၊ ကျူးအာ၊ အဖြူရောင် နဂါးနှင့် ရှေးပဝေသဏီ နတ်နဂါးတို့၏ ပုံစံတို့ကိုပင် ဖော်ပြခဲ့သည်။

+

ရှိထျန်းဟောင်နှင့် အတူတကွ သူတို့အားလုံးသည် ဟိန်းဟောက်လိုက်ကြလေသည်။

လက်သီး တစ်ချက်ချင်းဖြင့် ရှိထျန်းဟောင်သည် ကျယ်ပြန့်သော ကမ္ဘာဦး စွမ်းအားများကို ဆင့်ခေါ်နိုင်သကဲ့သို့ ဖြစ်နေသည်။ ထောင်နှင့် သောင်းနှင့်ချီသော မိစ္ဆာများ၏ ဟိန်းဟောက်သံသည် ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါသွားစေသည်။

အားလုံးတို့သည် ဤမြင်ကွင်းအား အံ့သြ တုန်လှုပ်စွာဖြင့် စိုက်ကြည့်နေကြသည်။ ရှိထျန်းဟောင်သည် ရုပ်ကိုယ်ခန္ဓာ စွမ်းအားအရ အသန်မာဆုံး ဖြစ်သည့် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာ ဖြစ်သော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် လုံးထွေး သတ်ပုတ်နေခဲ့ရာတွင် ပြိုင်ဘက် ဖြစ်ရုံထက်ပင် ပိုနေသေးသည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ရှိထျန်းဟောင်အား ထွေ့ပြုံးပြုံးလိုက်ကာ သူ၏ အမူအရာသည် ရေခဲတမျှ အေးစက်နေသည်။ သူကလည်း အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်ကာ သူ၏ ခန္ဓာကိုယ်သည် အနက်ရောင် အလင်းတန်း တစ်ခုဖြင့် လည်ပတ်လာခဲ့သည်။

သူ၏ ခန္ဓာကိုယ်သည် အရောင်တောက်လာ၍ လျှင်မြန်စွာဖြင့် ရှိထျန်းဟောင်၏ အနောက်တွင် ပေါ်လာခဲ့သည်။ သူ၏ လက်သည်းနှစ်ဘက်ဖြင့် သူသည် ရှိထျန်းဟောင်၏ နားထင်နှစ်ဘက်အား ကုတ်ဆွဲလိုက်သည်။

+

ကြောက်မက်ဖွယ်ရာ စွမ်းအားများက တုန်ခါလာ၍
ရှီထျန်းဟောင် အပေါ်သို့ ကျဆင်း မလာမီပင်
ရှီထျန်းဟောင်၏ ခန္ဓာကိုယ် အနားမှ မိစ္ဆာ
အလင်းတန်းများသည် စတင်၍ လွင့်ပြယ်လာသည်။
သူ၏ နဖူးပေါ်မှ မိုးကြိုး သင်္ကေတကပင် ပြင်းထန်စွာဖြင့်
တုန်ခါလာခဲ့ကာ ပျောက်ပြယ်သွားတော့မည့်ကဲ့သို့
ဖြစ်နေသည်။

သူ၏ ခန္ဓာကိုယ်သည် ကြီးမားလှသော်လည်း
ရှီထျန်းဟောင်သည် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတကဲ့သို့ လျင်မြန်၍ လေးလံ နှေးကွေး
မနေခဲ့ပေ။ သူကပင် ပို၍ မြန်နိုင်သေးသည်။

သူသည် နောက်ဆုတ်လိုက်၍ ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတ၏ တိုက်ခိုက်မှုအား
ရှောင်ရှားလိုက်သည်။ ပြီးတာနှင့်
+

ကြောင်တစ်ကောင်ကဲ့သို့ လျင်မြန်စွာဖြင့် ထိုနေရာ၌သာ လည်ပတ်နေပြီး ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ အရှေ့သို့ ရောက်လာခဲ့ကာ သူ၏ လက်နှစ်ဘက်ကို ဆန့်တန်းလိုက်၍ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ရင်ဘတ်အား ကုတ်ဆွဲလိုက်သည်။

သို့သော်လည်း ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ၏ လက်သည်းများက ရှီထျန်းဟောင်ထံသို့ မရောက်နိုင်တော့သည်ကို မသိနိုင်ခင်ကတည်းက ရှီထျန်းဟောင်အား ကန်ရန် ကြိုးစားခဲ့သည်။

ရှီထျန်းဟောင်သည် ဟိန်းဟောက်လိုက်ပြီး လက်နှစ်ဘက်အား တစ်ဘက်က အပေါ်၊ တစ်ဘက်က အောက်တွင်ထား၍ ဆန့်တန်းလိုက်သည်။ သူ၏

+

အပေါ်လက်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ နှလုံးသားထံသို့ ဆက်လက်၍ ကုတ်ဆွဲနေခဲ့ပြီး သူ၏ အောက်လက်သည် လက်သီးတစ်လုံး အဖြစ်သို့ ဆုပ်လိုက်သည်။

သူသည် လက်သီးဖြင့် ထိုးလိုက်သော အခါ နဂိုကတည်းက အားနည်းနေပြီ ဖြစ်သော ဟင်းလင်းပြင်သည် ကစဥ့်ကလျားမှုများ အဖြစ်သို့ ပြိုကွဲသွားနိုင်သည့် အရိပ်အယောင်များ ပြလာခဲ့သည်။

သို့သော်လည်း ရှီထျန်းဟောင်၏ အစွမ်းထက်သော လက်သီးများသည် ကစဥ့်ကလျားမှုများကို တည်ငြိမ်စေရန် ကြိုးစားခဲ့ပြီး နောက်ထပ် ပုံစံအသစ်များ မပေါ်လာစေရန် တားဆီးခဲ့သည်။

+

ဟင်းလင်းပြင်၏ ဖန်တီးနိုင်မှု စွမ်းအားသည်
ရှီထျန်းဟောင်၏ လက်သီး၏ ငြိတွယ်မှုကို ခံခဲ့ရ၍
အစက် တစ်ခုအဖြစ်သို့ သိပ်သည်းသွားသည်။
လွှင်တီးခေါင်ကျသော ကမ္ဘာဦး အရှိန်အဝါ တစ်ခုနှင့်
ဘဝအသစ်အား လိုလားမှုတို့သည် ဖြစ်တည်မှု
တစ်ခုအဖြစ်သို့ ပေါင်းသွားကြသည်။

ဤအရာသည် လင်းဖုန်းကိုယ်တိုင်
လက်ဆင့်ကမ်းထားသော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ သိုင်းကွက်ဖြစ်သော ခေတ်နှစ်ပါး
မူလပြန်လာခြင်း ကျမ်းစာမှ ဆင်းသက်လာသည့်
ခေတ်နှစ်ပါး မူလပြန်လာခြင်းတူ ဖြစ်သည်။

ရှီထျန်းဟောင်သည် အနက်ရောင် အလင်းတန်း
တိုင်လုံးတစ်ခုနှင့် တူနေသော ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခြေထောက်အား
+

လက်သီးဖြင့် ထိုးလိုက်သည်။
နှစ်ဦးနှစ်ဘက်စလုံးတို့သည် ပြင်းထန်စွာဖြင့်
တုန်ခါသွားကြပြီး တစ်ချိန်တည်းတွင် ဒယီးဒယိုင်
ဖြစ်သွားကြသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏
ခန္ဓာကိုယ်သည် အနည်းငယ် ယိမ်းယိုင်သွားကာ
လဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

သူ၏ မျက်လုံး နှစ်လုံးမှနေ၍ ကြောက်မက်ဖွယ်ရာ
အလင်းတန်း တစ်တန်းဖြင့် လင်းလက်လာသည်။
သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ပြုလုပ်လိုက်၍
သူ၏ လက်သည်းနှစ်ဘက်ဖြင့် ကုတ်ချလိုက်ကာ
ရှီထျန်းဟောင်၏ ကျောကို ဆုပ်ကိုင်ရန်
ကြိုးစားလိုက်သည်။

+

ရှိထျန်းဟောင်သည် ရက်စက်စွာဖြင့် ပြုံးလိုက်ကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ တိုက်ခိုက်မှုများကို လုံးဝ ဂရုမစိုက်ပဲ သူ့အား ဆုပ်ကိုင်ရန်သာ ကြိုးစားနေခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့ တိုက်ခိုက်ခဲ့ကြသော အခါ ကောင်းကင်နှင့် မြေကြီးတို့က တုန်ခါသွားကြလေသည်။

မရေမတွက်နိုင်သော သွေးစက်များ ကျဆင်းလာ၍ မီးပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ ရှင်းလုံစန်း၊ ထျန်းကန်း ဓားမာစတာ၊ မြေနဂါးဘုရင်နှင့် ကျန်သောသူများ ရှိနေကြသည့် နေရာမှလွဲ၍ ထိုမီးတောက်ပင်လယ်နှင့် ထိတွေ့ခဲ့သော အရာအားလုံးတို့သည် လုံးဝ လောင်ကျွမ်းသွားကြသည်။

+

ရှိထျန်းဟောင်၏ ဘယ်လက်သည် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ရင်ဘတ်အပေါ်တွင်
ကြောက်မက်ဖွယ်ရာ ဒဏ်ရာတစ်ခုကို ချန်ထားနိုင်ခဲ့၍
တစ်ယောက်သည် သူ၏ နှလုံးအပေါ်မှ
သွေးကြောများကိုပင် မြင်နေနိုင်သည်။

သူ၏ နှလုံးနှင့် အတွင်း ကလီစာများသည်
တောင်တစ်လုံးကဲ့သို့ ကြီးမားသည်။ သို့သော်လည်း
သူတို့ တစ်ခုမှ သွေးရဲရဲဖြင့် ဖြစ်မနေချေ။ ထို့အစား
သူတို့သည် သလင်းကျောက်ကဲ့သို့ ရွှေရောင်
အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သည်။ သူတို့သည်
အမှန်ပင် ကောင်းကင်ပေါ်မှ ကြယ်များထက်ပင် ပို၍
လင်းလက် တောက်ပနေကြသည်။

+

ရှိထျန်းဟောင်၏ ကျောထံမှ ဒဏ်ရာသည်လည်း ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ လက်သည်းချက်ကြောင့် သူ၏ကျောသည် သွေးသံရဲရဲဖြင့် ဖြစ်နေသည်။ ရှုပ်ပွနေသော အသွေးအသားများ အကြားတွင် တစ်ယောက်သည် အရိုး အပိုင်းအစများကိုပင် တွေ့နေနိုင်သည်။

ဤအရိုး အပိုင်းအစများသည် သလင်းကျောက်များနှင့် ဆင်တူနေသည်။ သူတို့မှနေ၍ ရောင်စုံ အလင်းတန်းများနှင့် မြေ၊ ရေ၊ လေ၊ မီး အစရှိသော ဓာတ်သတ္တု အရှိန်အဝါများကို ထုတ်လွှတ်နေသည်။ အဆုံးမဲ့ အလင်းတန်းများသည် ကောင်းကင်နှင့် မြေကြီးတို့အား လွှမ်းခြုံသွားလေသည်။

+

သို့သော်လည်း ရှီထျန်းဟောင်နှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့သည် သူတို့၏ ဒဏ်ရာများကို ဂရုမစိုက်နေကြပေ။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ရှီထျန်းဟောင်အား ထေ့ပြုံးပြုံးကာ ကြည့်နေရင်း သူ၏ သွေးနီရောင် သူငယ်အိမ်များသည် ရုတ်တရက် အရောင်ပြောင်းသွားကြသည်။ ချက်ချင်းပင် သူတို့သည် ညကဲ့သို့ မှောင်မည်းသွားခဲ့ပြီး ထူထဲလှသည့် အနက်ရောင် အလင်းတန်း နှစ်တန်းတို့ ထွက်လာကာ ရှီထျန်းဟောင်၏ ခေါင်းပေါ်သို့ ကျဆင်းလာလေသည်။

ရှီထျန်းဟောင်သည် ရှောင်တိမ်းရန် မကြိုးစားခဲ့ပဲ သူ၏ခေါင်းကို မော့လိုက်သည်။ ချက်ချင်းပင် သူ၏ခေါင်းသည် ရွှေရောင်သန်းသွား၍ သူသည် သူ၏

+

ရွှေရောင်လူသား ၁၂ယောက်တို့ အနက်မှ
တစ်ယောက်နှင့် တူသွားခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏
အနက်ရောင် အလင်းတန်းများသည် ရှီထျန်းဟောင်၏
ခေါင်းပေါ်သို့ ကျဆင်းလာသော အခါ သူ၏
မထိုးဖောက်နိုင်ဟု ထင်နေရသည့် အရေပြားသည်
ချိုင့်လာ၍ အက်ကွဲကြောင်းများဖြင့် ပြည့်လာသည်။

သို့သော်လည်း ရှီထျန်းဟောင်၏ နဖူးထံမှ
တောက်ပသော အလင်းတန်း တစ်တန်း
ထွက်ပေါ်လာသည်။ ထိုအရာသည် နောက်ဆုံး
မြင့်မြတ်သော အလင်းတန်း ဖြစ်၍ ဖျက်ဆီးခြင်း
အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကာ
သူ့လမ်းကြောင်းပေါ်ရှိ အရာအားလုံးကို

+

ဖြတ်တောက်ခဲ့၍ သူ့ရန်သူ၏ ခေါင်းတည့်တည့်သို့ ရောက်လာခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ ခန္ဓာကိုယ် အပေါ်မှ အနက်ရောင် အမွေးများ အားလုံး ထောင်လာခဲ့သည်။ ရှီထျန်းဟောင်၏ ဓာတ်နှစ်ပါး မူလပြန်လာခြင်းတူဖြင့် အထုထောင်းခံခဲ့ရသဖြင့် ထုံကျဥ်နေသော သူ၏ညာခြေသည် ထပ်ဖန်တစ်ခါ လှုပ်ရှားလာ၍ ကောင်းကင်ပေါ်သို့ ခုန်တက်သွားခဲ့သည်။ ထိုမှသာ သူသည် ရှီထျန်းဟောင်၏ တိုက်ခိုက်မှုအား ရှောင်ရှားနိုင်ခဲ့သည်။

နှစ်ဦး နှစ်ဘက်တို့သည် ခက်ထန်စွာဖြင့် တိုက်ခိုက်နေကြရင်း ယခုအချိန်မှသာ သူတို့နှစ်ဦး အကြားမှ အကွာအဝေးက လျော့နည်းလာခဲ့သည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သွေးသံရဲရဲ ဖြစ်နေသော ရှီထျန်းဟောင်အား ငုံ့ကြည့်လိုက်ရာ သူသည် သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား ရုပ်သိမ်းလိုက်သည်ကို တွေ့ခဲ့ရသည်။

နောက်ထပ် အလင်းတန်း တစ်တန်းသည် သူ့အား လွှမ်းခြုံသွားကာ သူ၏ ဒဏ်ရာများအား သက်သာလာစေရန် ကုစားခဲ့သည်။

## စာစဉ် ၇၂ : အပိုင်း ၁၆

## အပိုင်း ၁၄၀၆ : လေးပွင့်ဆိုင် တိုက်ပွဲ

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း သူ၏ ရင်ဘတ်သည် သွေးသံရဲရဲ ဖြစ်နေကာ ဧရာမ ဒဏ်ရာကြီးမှ တဆင့် သူ၏ အတွင်း ကလီစာများကို တွေ့နေနိုင်သည်။

သူ၏ ရင်ဘတ်အနီးမှ အသွေးအသားများသည် တွန့်လိမ်လှုပ်ရှားနေကြကာ ပြန်လည် ကုစားရန် ကြိုးစားနေခဲ့သော်လည်း သူတို့၏ တိုးတက်မှုမှာ နှေးကွေးနေသည်။

ထိုကုတ်ဆွဲမှု အတွင်းတွင် ရှိထျန်းဟောင်သည် ကျယ်ပြန့်သော ကမ္ဘာဦး ကစဉ့်ကလျား စွမ်းအားများကို ထည့်သွင်းထားသည်။ ထို့ကြောင့် အချိန်ကာလနှင့် လေဟာနယ်သည် အေးခဲသွား၍ ဖန်ဆင်းမှု

+

အားလုံးတို့သည် မတည်ရှိနိုင်ကြတော့ပဲ အသက်စွမ်းအင်များသည် အတူတကွ မစုစည်းနိုင်ကြတော့ပေ။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကဲ့သို့သော ရုပ်ကိုယ်ခန္ဓာ စွမ်းအားတွင် ပြိုင်ဘက်ကင်းသည့် အစွမ်းထက် မိစ္ဆာကပင် သူ၏ ဒဏ်ရာများကို ကုစားရန် ခက်ခဲနေခဲ့သည်။

သူသည် ရှီထျန်းဟောင်အား အေးစက်စွာဖြင့် စိုက်ကြည့်နေသည်။ သူသည် သူ၏ ဘယ်ခြေပေါ်၌သာ အားပြုနေရသဖြင့် သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် ယိမ်းယိုင်နေသည်။

ရှီထျန်းဟောင်၏ ဓာတ်နှစ်ပါး မူလပြန်လာခြင်းတူဖြင့် အထုခံခဲ့ရသော သူ၏ညာခြေသည် အနည်းငယ်

+

ထုံကျဥ်နေသည်။ ပြီးတာနှင့် ရှီထျန်းဟောင်၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းအား ရှောင်ရှားနိုင်ရန် သူ၏ စွမ်းအားများ အားလုံးကို အသုံးပြု၍ ကောင်းကင်ပေါ်သို့ ခုန်ခဲ့ရသဖြင့် နဂိုကတည်းက ဒဏ်ရာရနေသော သူ၏ညာခြေသည် ပို၍ပင် မလှုပ်ရှားနိုင် ဖြစ်သွားသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ၏ကိုယ်ပိုင် ခန္ဓာကိုယ် အပေါ်တွင် ကောင်းစွာ နားလည်နေသည်။ သူ၏ညာခြေမှ အရိုးများ အားလုံးတို့သည် မထိန်းချုပ်နိုင်ပဲ ပြင်းထန်စွာ တုန်ခါနေလေသည်။ ရှီထျန်းဟောင်၏ ရိုက်ချက်ကို ခံခဲ့ရသော နေရာမှ သွေးကြောများသည် လုံးဝ ပေါက်ကွဲသွား၍ ထိုနေရာ အပေါ်မှ အရေပြားကလည်း ကွဲအက်လွယ်နေခဲ့သည်။

+

ရှီထျန်းဟောင်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား မော့ကြည့်လိုက်သည်။ သူ၏ ကျောပေါ်မှ ဒဏ်ရာသည် အလွန်အမင်းမှ ပြင်းထန်လှ၍ သူ၏ ခေါင်းပေါ်တွင် အချိုင့်နှစ်ချိုင့် ရှိနေသည်။ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ တိုက်ခိုက်ခဲ့သော အခါ သူအသက်သွင်းခဲ့သော ရှေးပဝေသဏီ ရွှေရောင်ခန္ဓာကိုယ်ကြောင့်သာ မဟုတ်လျှင် သူ၏ခေါင်းသည် အထိုးဖောက်ခံရပြီးသား ဖြစ်နေပေလိမ့်မည်။

သူ့ရန်သူ၏ ညာခြေနှင့် တိုက်ခိုက်ခဲ့သော သူ၏ ညာလက်ကလည်း ထုံထိုင်းကာ လေးကွေးနေသည်။

သို့သော်လည်း ဤအချိန်တွင် ရှီထျန်းဟောင်၏ နဖူးထံမှ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းနှင့် အနည်းငယ် ကွဲပြားနေသည့် မြင့်မြတ်သော အလင်းတန်း

+

နောက်တစ်တန်း ထွက်လာခဲ့သည်။ ထိုအလင်းတန်း အတွင်း၌ တစ်ယောက်သည် ဖန်ဆင်းမှုများ အားလုံး ပြောင်းလဲခြင်း၏ ဆန်းကြယ်နက်နဲသော လျှို့ဝှက်ချက်များကို ခံစားနိုင်သည်။

ဤအလင်းတန်းသည် မရေမတွက်နိုင်သော နောက်ထပ် အလင်းတန်းနှင့် ရုပ်ပုံများကို ပေါ်ပေါက်လာစေခဲ့သည်။ အတူတကွပင် သူတို့သည် ရှီထျန်းဟောင်၏ ခန္ဓာကိုယ်အား လွှမ်းခြုံနေသည့် ကျက်သရေ တိမ်တိုက်များ ပုံစံကို ယူခဲ့လိုက်သည်။

ထိုအချိန်တွင် ရှီထျန်းဟောင်၏ ခေါင်းနှင့် ကျောပေါ်မှ ဒဏ်ရာများသည် စတင်၍ သက်သာလာခဲ့သည်။

+

ထိုအရာသည် သာမန် ကုစားမှု မဟုတ်သလို
အချိန်ကာလအား နောက်ပြန်ဆုတ်ရန်
ကြိုးစားခဲ့ခြင်းလည်း မဟုတ်ပေ။ သို့သော်လည်း
ဤအချိန်တွင် သူ၏ ခန္ဓာကိုယ်သည် အပြည့်စုံဆုံး
အခြေအနေသို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။

ယခင် ဖြစ်ပျက်ခဲ့သမျှ ပြောင်းလဲမှု အားလုံးတို့သည်
သူ၏ ခန္ဓာကိုယ်အား မူလ အခြေအနေသို့ ပြန်လည်
ရောက်ရှိသွားစေခဲ့သည်။

ရှီထျန်းဟောင်၏ ခေါင်းပေါ်မှ အချိုင့် နှစ်ချိုင့်တို့ကလည်း
လျင်မြန်စွာဖြင့် ပျောက်ကွယ်သွားကာ သူသည်
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏ တစ်ခါမှ
တိုက်ခိုက်ခြင်း မခံရသကဲ့သို့ ဖြစ်နေသည်။

+

သို့သော်လည်း သူ၏ ကျော်ပေါ်မှ ကြောက်မက်ဖွယ်ရာ ဒဏ်ရာသည် မိစ္ဆာ အရှိန်အဝါများကို ထုတ်လွှတ်လျက် ရှိသေးသည်။ ဤအရာသည် သူ့အား များစွာပို၍ နှေးကွေးစွာ ကုစားစေခဲ့ရသော်လည်း အံ့ဩစရာ ကောင်းလောက်အောင် လျင်မြန်နေသေးသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူ့ရန်သူ ပြန်လည် သက်သာလာသည်ကို ထိုင်ကြည့်နေမည် မဟုတ်ပဲ ဟိန်းဟောက်လိုက်ကာ သူ၏ ရှိသမျှ စွမ်းအားကို အသုံးချ၍ ရှီထျန်းဟောင်အား ထပ်ဖန်တစ်ခါ တိုက်ခိုက်ခဲ့လေသည်။

သူသည် ရှီထျန်းဟောင်၏ မူလ မြင့်မြတ်သော အလင်းတန်း၏ စွမ်းအားများကို ကြားဖူးထားသည်။ နှစ်ဦးနှစ်ဘက်သား တိုက်ခိုက်ခဲ့ကြသော အခါ

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတက သူ့အတွက် ပြင်ဆင်ထားပြီး ဖြစ်သည်။

ထို့ကြောင့် သူသည် လုံးဝ တွေဝေနေခြင်း မရှိပဲ ရှီထျန်းဟောင်ထံသို့ အလျင်အမြန် လာရောက် တိုက်ခိုက်ခဲ့သည်။ သူသည် ရှီထျန်းဟောင်၏ ကုစားမှုများကို နှေးကွေးစေရန် ဖိအားပေးလိုနေခြင်း ဖြစ်သည်။

သူသည် ကောင်းကင် ဖွင့်လှစ်ခေးကြောင့် ဒဏ်ရာ ရရှိခဲ့ပြီး ဖြစ်သည်။ ယခုအချိန်တွင် သူသည် ဒဏ်ရာများ ထပ်မံ ရရှိသွားခဲ့သဖြင့် အကယ်၍ ရှီထျန်းဟောင်က လုံးဝ ပြန်လည် သက်သာသွားပါက သူသည် အခြေအနေ လှတော့မည် မဟုတ်ချေ။

+

ရှိထျန်းဟောင်သည် ရယ်လိုက်ရာ မူလ မြင့်မြတ်သော အလင်းတန်းက ပျောက်ကွယ်သွားသည်။ ပြီးတာနှင့် နောက်ဆုံး မြင့်မြတ်သော အလင်းတန်း ပြန်လည် ထွက်ပေါ်လာကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား တုံ့ပြန် တိုက်ခိုက်လိုက်သည်။

နှစ်ဦးနှစ်ဘက်သား တိုက်ခိုက်နေရင်း ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးသည် တုန်ခါနေလေသည်။

သူတို့သည် အကွက်များ ဖလှယ်နေကြသော အခါ ရောမ ပုံရိပ်နှစ်ခုသည် နေရာတိုင်းတွင် ရှိနေသကဲ့သို့ ဖြစ်နေသည်။ သို့သော်လည်း သူတို့ ဘယ်နေရာတွင် ရှိနေသည်ကို တစ်ယောက်ကမှ မပြောနိုင်ခဲ့ကြပေ။

+

မိုးခြိမ်းသံများက စတင်၍ ပွဲတင်ရိုက်လာခဲ့သည်။ ရှိုထျန်းဟောင်နှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့၏ အသံများကို လူတိုင်းက ကြားနေရသည်။

အားလုံးတို့၏ အရှေ့မှ တိုက်ပွဲမြင်ကွင်းသည် လူသားတစ်ယောက်နှင့် မိစ္ဆာတစ်ကောင်တို့၏ တိုက်ပွဲသာ မဟုတ်ပဲ ကောင်းကင်နှင့် မြေကြီးတို့အား တုန်ခါသွားစေသည့် ကမ္ဘာဦး သားရဲနှစ်ကောင်တို့ အကြားမှ လုံးထွေး သတ်ပုတ်နေမှုနှင့် တူနေသည်။

ဂူကျွန်း၊ ရှင်းလုံစန်း၊ ထျန်းကန်း ဓားမာစတာနှင့် ရှီရှင်းယွမ်တို့ပင် ဤမြင်ကွင်းကြောင့် မှင်သက်နေကြလေသည်။

+

ဤကဲ့သို့သော မြင်ကွင်းမျိုးသည် မပေါ်လာသည်မှာ နှစ်ပေါင်းများစွာ ကြာလှချေပြီ။ ထိုမြင်ကွင်းသည် လူသားများ စတင်မြင့်တက်လာ၍ မိစ္ဆာများနှင့် အပြင်းအထန် တိုက်ခိုက်ခဲ့သော ကမ္ဘာဦးခေတ်တွင်သာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။

ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့၏ ချုပ်နှောင်မှုကို ခံနေရသော ရှန်နဂါးဘုရင်သည် ယခုအချိန်တွင် ဟိန်းဟောက်လိုက်ကာ အဖြူရောင် ကြာပန်းပင်လယ်ထဲမှ ပေါက်ကွဲထွက်လာခဲ့သည်။

ရှန်နဂါးဘုရင်၏ ခန္ဓာကိုယ်ထဲမှ ရွှေရောင် အလင်းတန်းများ လင်းလက်လာကာ ထိုအလင်းတန်းများ အတွင်းတွင် တစ်ယောက်သည် အရှိန်အဝါ လှိုင်းလုံးများ ထကြွနေသည်ကို တွေ့နေနိုင်သည်။
+

မြေဝါရောင် အရှိန်အဝါ လှိုင်းလုံးများသည် မြေပြင်ကဲ့သို့ ကျယ်ပြန့်နေသည်။ ထိုအရာသည် အဝါရောင် နဂါးတို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူတို့သည် ဗဟိုဝူတူး အရှိန်အဝါ အဖြစ်သို့ ပြောင်းလဲနိုင်စွမ်း ရှိသည်။

ထကြွ လှုပ်ရှားနေသော လှိုင်းလုံးများသည် ပင်လယ်နဂါးတို့၏ အထူးစွမ်းရည် ဖြစ်သည်။ ပင်လယ်၏ အနှစ်သာရများကို ထိန်းချုပ်နိုင်သဖြင့် သူတို့သည် သမုဒ္ဒရာအား ကြီးစိုး လွှမ်းမိုးနိုင်ကြလေသည်။

မြက်ပင် သစ်တောများက အသက်ဝင်လာကြသည်နှင့် မြစိမ်းရောင် အလင်းတန်း တစ်တန်းသည် ကောင်းကင်ပေါ်တွင် ကျယ်ပြန့်လာခဲ့သည်။ ဤအရာသည်လည်း အဝါရောင် နဂါးတို့၏ စွမ်းရည်ပင်

+

ဖြစ်သည်။ သူသည် ပြောင်းလဲသွားကာ
မြေစွမ်းအင်များဖြင့် ပြည့်ဝါနေသည်။

မီးတောက်ပင်လယ်သည် အဆုံးမဲ့ ငရဲမီးများ အဖြစ်သို့
ပြောင်းလဲသွား၍ အနီရောင် မီးအလင်းတန်းများသည်
သူတို့အနားမှ ပတ်ဝန်းကျင်အား ထိုးဖောက်သွားသည်။
ဤအရာသည် မီးနဂါး မျိုးနွယ်စုများ၏ အထူးစွမ်းရည်
ဖြစ်သည်။ သူသည် နဂါးမီးတောက်များ၏ ကြီးစိုး
လွှမ်းမိုးနိုင်သော အင်အားများကို ထိန်းချုပ်၍
ဘေးပတ်ပတ်လည်အား လောင်ကျွမ်းပစ်လေသည်။

အနက်ရောင် အလင်းတန်းများသည် အဆက်မပြတ်
လင်းလက်နေ၍ သိပ်သည်းလာကြသည်။ သို့သော်လည်း
အနက်ရောင် အလင်းတန်းများ၏ အစွန်းများတွင်
တစ်ယောက်သည် ဓားတစ်စင်းကဲ့သို့ ထက်မြက်သည့်

+

မျက်စိ ကျိန်းလုမတတ် အဖြူရောင် အလင်းတန်းများကို တွေ့နေနိုင်သည်။

ဤအရာသည် ဘတ်စ်တလီ အနက်ရောင် နဂါးတို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူတို့အား ပြုပြင်ပြောင်းလဲလိုက်သော အခါ သတ္တုတို့၏ အနှစ်သာရများ ပါဝင်နေ၍ ဓားသွားကဲ့သို့ ထက်မြက်နိုင်သည်။

ခတင်ငါးမျိုးတို့၏ အရိုန်အဝါများသည် အဆက်မပြတ် ပေါ်လာကြကာ အစွမ်းထက်၍ ဖျက်ဆီးနိုင်စွမ်းအားကောင်းသော အင်အားအဖြစ်သို့ ပြောင်းလဲသွားကြသည်။ သူတို့သည် ကြာပန်းများ တစ်ပွင့်ပြီး တစ်ပွင့်တို့ကို ဖျက်ဆီး၍ ရှန်နဂါးဘုရင်အား ကြာပန်းပင်လယ် အတွင်းမှ လွတ်မြောက်နိုင်ရန် ကူညီခဲ့သည်။

+

ဤအချိန်တွင် ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့သည် ရှန်နဂါးဘုရင်၏ အရှေ့တွင် ပေါ်လာလေသည်။

သို့သော်လည်း ရှန်နဂါးဘုရင်သည် ဂူကျွန်းအား မတိုက်ခိုက်ခဲ့ပေ။ ထို့အစား သူသည် ရှီရှင်းယွမ်အား ပစ်မှတ်ထားလိုက်သည်။

ဂူကျွန်း၏ အမူအရာက မပြောင်းလဲခဲ့ပေ။ သူ၏ ဘယ်လက်သည် မှော်သင်္ကေတများကို လျင်မြန်စွာဖြင့် ဖန်ဆင်းနေ၍ သူ၏ ညာလက်ညှိုးကို ဆန့်တန်းလိုက်ကာ သူ့အောက်မှ သက်ရှည်ကြာပန်း ထိုင်ခုံအား အသာတို့လိုက်သည်။

+

သက်ရှည်ကြာပန်း ထိုင်ခုံသည် ပွင့်သွား၍ ပွင့်ချပ် ၁၈ချပ်တို့သည် အလင်းတန်းဘောလုံး ၁၈လုံး အဖြစ်သို့ ပြောင်းသွားသည်။ သူတို့သည် မျဉ်းဖြောင့်တစ်ခုကို ဖန်ဆင်းခဲ့၍ ရှန်နဂါးဘုရင်အား အတူတကွ တိုက်ခိုက်ခဲ့ကြလေသည်။

ရှန်နဂါးဘုရင်အား ဝန်းရံထားသော ရွှေရောင် အလင်းတန်းများ အတွင်းတွင် အစွမ်းထက်သော သဘောတရား များစွာ ပေါ်လာကြ၍ အတူတကွပင် သူတို့သည် မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းခဲ့သည်။

မီးနဂါး၊ အဝါရောင်နဂါး၊ ဘတ်စ်တလီ အနက်ရောင် နဂါးများ၏ စွမ်းအားများ အပြင် တစ်ယောက်သည် လေဟာနယ်နှင့် အချိန်ကာလတို့အား အသီးသီး ပြောင်းလဲနိုင်သည့် မင်နဂါးနှင့် ဖယောင်းနဂါးတို့၏ စွမ်းအားများကို အာရုံခံမိနိုင်သည်။

+

လျှင်မြန်စွာဖြင့် သူသည် ဟင်းလင်းပြင်ကို ဖြတ်၍ ပျံသန်းသွားကာ သက်ရှည်ကြာပန်း ထိုင်ခုံ၏ တိုက်ခိုက်မှုများသည် သူနှင့် လက်တစ်ကမ်း အကွာသို့ ရောက်လာခဲ့သော်လည်း မရပ်တန့်ခဲ့ပဲ ဆက်လက် ရှေ့တိုးသွားခဲ့သည်။

ထိုအချိန်၌ ဂူကျွန်းသည် သူ၏ လက်များဖြင့် မရေမတွက်နိုင်သော မှော်သင်္ကေတများကို ဖော်ဆောင်လိုက်သည်။ သူ၏ လက်ဝါးများကို အတူတကွ ရိုက်ချလိုက်၍ မျဉ်းဖြောင့်အတိုင်း ဖြစ်နေသော အလင်းတန်း ဘောလုံး ၁၈လုံးတို့အား မန်းမှုတ်လိုက်သည်။ သူတို့သည် ထူးခြားသော ဝင်္ကပါတစ်ခု အသွင်သို့ ပြောင်းသွားပြီး အလင်းတန်း အမြောက်အမြားတို့အား ထုတ်လွှတ်လိုက်သည်။

+

ထိုအလင်းတန်းတို့၏ အလင်းရောင်အောက်တွင်
ရှန်နဂါးဘုရင်၏ လှုပ်ရှားမှုများက နှေးသွားခဲ့သည်။
ပြီးတာနှင့် မလိုမလား ဖြစ်စွာနှင့်ပင် သူသည်
ထိုအလင်းတန်းများဖြင့် ဖန်ဆင်းထားသော
ဝက်ပါရှိရာထံသို့ ပြန်လည် ပျံသန်းလာခဲ့ရသည်။

သူ၏ မျက်လုံးများ အတွင်းတွင် အေးစက်သော
အကြည့်တစ်ခုကို တွေ့နေနိုင်သည်။ ရှန်နဂါးဘုရင်သည်
ဒေါသအိုး ပေါက်ကွဲနေခဲ့ပြီဖြစ်သည်။

သက်ရှည်ကြာပန်း ထိုင်ခုံပေါ်တွင် ဂူကျွန်းသည်
ရှန်နဂါးဘုရင်နှင့် တိုက်ခိုက်နေခဲ့သည်။ မြေပြင်ပေါ်တွင်
ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့က နီရဲသော
ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် တိုက်ခိုက်နေခဲ့သည်။

+

သူတို့နှစ်ယောက် အပါအဝင် စူတောင်မှ
လူအားလုံးတို့သည် သူတို့ဂိုဏ်း၏ ဝက်ပါအား
ဆက်လက်၍ အားဖြည့်နေခဲ့သည်။ စူတောင်မှ
တောင်ထိပ် များစွာတို့သည် ပျက်စီးသွားခဲ့သော်လည်း
သူတို့အားလုံးသည် စိတ်ဓာတ် ခိုင်မာနေကြဆဲ
ရှိသေးသည်။

ဓားချီနှင့် ဓားဆန္ဒတို့သည် အတူတကွ
ပေါင်းစည်းနေကြကာ ကောင်းကင် ဖွင့်လှစ်ဓားအား
ထောက်ပံ့ခဲ့၍ နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတအား
တိုက်ခိုက်နေကြလေသည်။

ထျန်းကန်း ဓားမာစတာ၏ ကျင့်ကြံမှုသည် ပိုမြင့်၍ သူ၏
ဓားလမ်းစဥ်အား သဘောပေါက်မှုသည် ပို၍
နက်ရှိုင်းသော်လည်း သူ့စွမ်းအား အခြေခံများသည်
သူတော်စင် ကောင်းကင်ဓားချီသာ ဖြစ်သေးသည်။

+

ထို့ကြောင့် သူသည် ကောင်းကင် ဖွင့်လှစ်ခေးအား မကိုင်ဆောင်နိုင်ပဲ သူ၏ ခေးဆန္ဒနှင့် ခေးချီများကို ရှင်းလုံစန်းအား အားဖြည့်ပေးနေ၍ ခေးဝက်ပါအား ထောက်ပံ့ပေးနေသည်။

အစောပိုင်းက သူနှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့၏ တိုက်ပွဲအတွင်းတွင် သူသည် ဒဏ်ရာ ရရှိပြီးသား ဖြစ်နေသည်။ ယခုအချိန်တွင် ကောင်းကင် ဖွင့်လှစ်ခေး ရှိနေသော်လည်း နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ရင်ဆိုင်ရာတွင် အစွမ်းအကုန် ထုတ်နိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် အများနှင့် ပေါင်း၍ တိုက်ခိုက်ခြင်းသည် ပို၍ ကောင်းမွန်သော ဆုံးဖြတ်ချက် ဖြစ်သည်။

ရှင်းလုံစန်း၏ မျက်နှာသည် စက္ကူစကဲ့သို့ ဖြူဖွေးနေသည်။ သို့သော်လည်း သူ၏ ခေးကိုင်ထားသော

+

လက်အစုံသည် မတုန်ခါနေခဲ့ပဲ နေရာတကာမှ စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ဖန်ဆင်းထားသော ထက်မြက်မှုကို ဆက်လက် ဆုပ်ကိုင်ထားခဲ့သည်။ သူ၏ လက်အတွင်းတွင် ကမ္ဘာကြီး၏ အလေးချိန်ကို သယ်ဆောင်ထားရသကဲ့သို့ ဖြစ်နေသော်လည်း တည်ငြိမ်နေဆဲ ရှိသေးသည်။

နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတသည် သူတို့နှစ်ယောက်အား အေးစက်စွာဖြင့် စိုက်ကြည့်နေသည်။ သူသည် သူ၏ အထူးစွမ်းရည်နှင့် တောင်တစ်လုံးကဲ့သို့ ကြီးမားနေသော ရောမ ပုံစံတို့အား ပြသခဲ့ကာ အလွန်တရာမှ ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့သည်။

အကယ်၍ သူသည် စူတောင်ခေးဂိုဏ်းအား တိုက်ခိုက်လိုနေခဲ့ပါက သူနှင့် သူ့ပစ်မှတ်အကြားမှ

+

အကွာအဝေးသည် လက်မအနည်းငယ် အဖြစ်သို့သာ နီးကပ်သွားမည် ဖြစ်သည်။ သူ့ပြိုင်ဘက်သည် မည်သို့ပင် ထွက်ပေးရန် ကြိုးစားသော်လည်း သူ့အား ရှောင်ရှားနိုင်မည် မဟုတ်ချေ။ သူတို့သည် သူကဲသို့ လေဟာနယ်ကို တွန်းလိမ်စေရန် ကြိုးစားခဲ့လျှင်ပင် အကွာအဝေးကို ပိုဝေးစေနိုင်မည် မဟုတ်ချေ။

သို့သော်လည်း အကယ်၍ နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတက တိုက်ခိုက်မှုအား ရှောင်တိမ်းလိုနေခဲ့ပါက သူတို့အကြားမှ အကွာအဝေးသည် မတိုင်းတာနိုင်အောင် ကွာခြားသွားမည် ဖြစ်ကာ သူ့ပြိုင်ဘက်သည် မည်မျှပင် ကြိုးစားသော်လည်း သူ့အနီးသို့ ကပ်နိုင်မည် မဟုတ်ချေ။ သူတို့အကြားမှ အကွာအဝေးသည် ပို၍ပင် ဝေးကွာသွားပေမည်။

+

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင်
တစ်ယောက်သည် နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတ
ပြောင်းလဲထားသော ကျောက်စိမ်းဖြူရောင်
တောင်တစ်တောင်ကိုသာ တွေ့နေနိုင်သည်။
ဟင်းလင်းပြင် အတွင်း၌ အစစ်အမှန်ဟု ထင်နေရသည့်
မီးနီရောင် ခြေရာများကို တွေ့နေရသည်။

ကောင်းကင် ဖွင့်လှစ်ခေး၏ ကျယ်ပြန့်လှသော
စွမ်းအားများသည် လင်းလက်သွား၍ ဟင်းလင်းပြင်
အတွင်းတွင် ပြောင်းလဲသွားသည်။ အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတ၏ စွမ်းအားများသည် ထူးချွန်
ပြောင်မြောက်လှသော်လည်း ကောင်းကင် ဖွင့်လှစ်ခေး၏
အလင်းတန်းအား ဖိနှိပ်ထားနိုင်ခြင်း မရှိပေ။

အကယ်၍ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည်
နောက်ဆုတ်သွားပါက ကောင်းကင် ဖွင့်လှစ်ခေးသည်

+

အနောက်မှ လိုက်လာခဲ့သည်။ ထိုခေးသည် ယခင်ကလောက် နီးကပ်မနေခဲ့သော်လည်း သူသည် သတိထားနေရသေးသည်။

အကယ်၍ သူသည် တိုက်ခိုက်ရန် ကြိုးစားခဲ့ပါက ခေးသည် အရှေ့သို့ တက်လာ၍ သူ့အား ဘာမှ မလုပ်နိုင်အောင် တားဆီးထားခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့သည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေခဲ့သော်လည်း အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် စိုးရိမ်နေခြင်း မရှိပဲ သူ၏ဘေးသို့ ကြည့်လိုက်သည်။

ထိုနေရာတွင် ရှီရှင်းယွမ်သည် မြေနဂါးဘုရင်၏ တိုက်ခိုက်မှု မုန်တိုင်းများကို တရစပ် ခံနေရသည်။

+

ဤအချိန်တွင် မြေနဂါးဘုရင်၏ အမူအရာသည် အေးစက်နေသည်။ တစ်ယောက်သည် သူ၏ မျက်လုံးများ အတွင်းတွင် အမျက်ဒေါသ မီးတောက်များကို မတွေ့နိုင်ပဲ ကြောက်မက်ဖွယ်ရာ အေးစက်မှုများကိုသာ တွေ့နိုင်ခဲ့သည်။

သူ၏ မျက်တောင်များကို ခတ်လိုက်သော အခါ ကောင်းကင်ပေါ်မှ နေနှင့်လတို့ လည်ပတ်နေသည်နှင့် ဆင်တူနေသည်။ သူ၏ ထူးခြားဆန်းကြယ်သော စွမ်းအားများသည် ရှီရှင်းယွမ်၏ ခံစစ်ကို အဆက်မပြတ် ချိုးဖောက်နေခဲ့ကာ သူ့ခန္ဓာကိုယ်ထံမှ ရွှေရောင်အလင်းတန်းနှင့် ထိတွေ့ခဲ့သည့် နေရာတိုင်းတွင် အေးခဲနေသော လေဟာနယ်သည် ထပ်ဖန်တစ်ခါ အသက်ပြန်ဝင်လာခဲ့သည်။

+

သူ၏ ခန္ဓာကိုယ်သည် ဟင်းလင်းပြင်အား အဆက်မပြတ် ချိုးဖောက်သွား၍ ပို၍ပို၍ လျင်မြန်စွာဖြင့် ရှီရှင်းယွမ်အား အဆက်မပြတ် ခက်ထန်စွာ တိုက်ခိုက်ခဲ့သည်။

ဤအချိန်တွင် ရှီရှင်းယွမ်သည် သူမ၏ အင်မော်တယ် နဂါးမြို့တော် ခန္ဓာကိုယ်နှင့် တကွ နတ်နဂါးကျင်း၏ မှတ်ဉာဏ်နှင့် အတွေ့အကြုံ အချို့ကို ကျင့်ကြံနိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း သူမသည် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူတစ်ယောက် မဟုတ်နေသဖြင့် မြေနဂါးဘုရင်၏ တရစပ် ထိုးနှက်မှုများ အောက်တွင် လျင်မြန်စွာဖြင့် အရေးနိမ့်လာခဲ့သည်။

သို့ရာတွင် သူမသည် ကောင်းစွာ ပြင်ဆင်ထားပြီး ဖြစ်ကာ တိုက်ခိုက်မှုများကို စိတ်ခံတတ် ခိုင်မာစွာဖြင့် မတုန်မလှုပ် ရင်ဆိုင်နေခဲ့သည်။ သူမသည် သူမ၏ ခံစစ်များကို ထိန်းသိမ်းထားကာ သူမ၏

+

အားနည်းချက်ကို အားသာချက်များဖြင့် ဖုံးကွယ်ထားကာ သူမ၏ ပြိုင်ဘက်အား ခုခံနေခဲ့သည်။

သို့သော်လည်း ဖြစ်ပွားနေကြသော တိုက်ပွဲများ အနက် သူမသည် အခြေအနေ မလှဆုံး ဖြစ်နေခဲ့သည်။

## စာစဥ် ၇၂ : အပိုင်း ၁၇

## အပိုင်း ၁၄၀၇ : ရုတ်တရက် ပေါက်ကွဲခြင်း၊ သေစေနိုင်သော တိုက်ခိုက်မှု

မြေနဂါးဘုရင်၏ မျက်လုံးများတွင် အေးစက်နေသော လူသတ်လိုစိတ်များဖြင့် ပြည့်နေသည်။ သူသည် စိတ်ခတ် ပြတ်သားနေ၍ ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။ သူ၏ ခက်ထန်လှသော

+

တိုက်ခိုက်မှုများသည် ရှီရှင်းယွမ် အပေါ်သို့ တရစပ် မရပ်မနား ကျရောက်လာခဲ့သည်။

ရှီရှင်းယွမ်သည် အောက်စည်းသို့ ရောက်နေခဲ့သော်လည်း သူမ၏ တည်ငြိမ်မှုအား ထိန်းသိမ်းထားကာ သူ့အား ခုခံရန် ကြိုးစားခဲ့သည်။

ရောမ နဂါးပုံစံသည် သူမ၏အနားတွင် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့သော်လည်း သူမ၏ မျက်နှာပေါ်တွင် ထိတ်လန့် တုန်လှုပ်နေသည့်ပုံ ပေါက်မနေခဲ့ချေ။

မြေနဂါးဘုရင်သည် သူမအား ထပ်ဖန်တစ်ခါ တိုက်ခိုက်ခဲ့သော အခါ ရှီရှင်းယွမ်၏ အောက်မှ နဂါး၏ မျက်လုံးများသည် ရုတ်တရက် ပွင့်လာခဲ့သည်။

+

မြေနဂါးဘုရင်ထက်ပင် ပို၍ကြီးမားသော ခန္ဓာကိုယ်သည် ဟင်းလင်းပြင် အတွင်းတွင် ပြင်းထန်စွာဖြင့် တုန်ခါသွားခဲ့ကာ အားကောင်း၍ ဆန်းကြယ်သော သဘောတရားများ ပါဝင်နေသည့် အစွမ်းထက်သော ရွှေရောင် အလင်းတန်း တစ်တန်း လင်းလက်လာခဲ့သည်။ ဤအရာသည် ရှေးပဝေသဏီ နတ်နဂါးတို့၏ အထူးစွမ်းရည် ဖြစ်သည်။ သူတို့သည် ကမ္ဘာအတွင်းမှ အရာအားလုံးတို့အား ကြီးစိုး လွှမ်းမိုးနိုင်သည့်ပုံ ပေါက်နေသည်။

လှုပ်ရှားနေသော နဂါး ကျက်သရေ တိမ်တိုက်များသည် နဂါး၏ အကြေးခွံများ အကြားမှ စတင် ထွက်ပေါ်လာသည်။ ရှီရှင်းယွမ်၏ မျက်လုံးများသည် အလင်းတန်းများဖြင့် လင်းလက်လာ၍ သူမ၏

+

မျက်လုံးများသည် နဂါးတစ်ကောင်နှင့်
ဆင်တူနေခဲ့သည်။

သူမသည် သူမ၏ ပါးစပ်ကို ဖွင့်၍ ဟိန်းဟောက်လိုက်ရာ
ကောင်းကင် ကိုးလွှာတို့က လှုပ်ခါသွားခဲ့သည်။

သူမအောက်မှ နဂါးသည် သူ၏ ပါးစပ်ကို ဖွင့်လိုက်ကာ
ကျယ်လောင်စွာဖြင့် ဟိန်းဟောက်လိုက်၍ အားလုံးတို့၏
စိတ်ဝိညာဉ်များကို တုန်ခါစေခဲ့သည်။ ရှင်းလုံစန်း၊
အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၊ ထျန်းကန်း
ဓားမာစတာနှင့် ဂူကျွန်းတို့ကပင် မသက်မသာ
ခံစားခဲ့ရသည်။

မြေနဂါးဘုရင်နှင့် ရှန်နဂါးဘုရင်တို့၏
နှလုံးသားများသည် အမျက်ဒေါသများဖြင့်

+

တုန်ခါသွားကြသည်။ ရှန်နဂါးဘုရင်သည် ဂူကျွန်းနှင့် တိုက်ခိုက်နေရသဖြင့် ဘာမှ သိပ်မလုပ်နိုင်သော်လည်း မြေနဂါးဘုရင်သည် အမျက်ကြီးစွာဖြင့် ဟိန်းဟောက်လိုက်သည်။

နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံနှင့် နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံတို့ ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ခက်ထန်လှသော အသံလှိုင်းများသည် ဟင်းလင်းပြင် အတွင်းတွင် တုန်ခါနေရင်း ရွှေရောင် လှိုင်းတွန့်များကို ဖြစ်ပေါ်စေခဲ့သည်။ အတူတကွပင် သူတို့သည် ကောင်းကင်အတွင်းတွင် လှုပ်ရှား လူးလွန့်နေကာ အစိုင်အခဲ တစ်ခုအဖြစ်သို့ အကောင်အထည် ပေါ်လာလုနီးပါး ဖြစ်နေသည်။

+

စူတောင်၏ အနောက်ပိုင်း ဒေသများတစ်လျှောက်
ပျံ့နှံ့သွား၍ သူတို့လမ်းကြောင်း အတွင်းမှ
အရာအားလုံးတို့အား သေမင်းသံတမန်ကဲ့သို့
ဖျက်ဆီးသွားခဲ့သော ထိုအသံလှိုင်းများသည် မည်မျှအထိ
ဝေးဝေးရောက်သွားမှန်းကို မည်သူကမှ မသိကြချေ။

ရွှေရောင် လှိုင်းတွန့်များသည် အချင်းချင်း
ထိတွေ့မိခဲ့ကြသော အခါ လုံးဝကို
လွင့်ပြယ်သွားကြသည်။ သူတို့အနားမှ
အရာအားလုံးတို့သည် ဘာမှ မရှိခြင်း အဖြစ်သို့လည်း
ပြောင်းသွား၍ ဘာမှ မကျန်ရစ်တော့ပေ။

နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ နှစ်ခုတို့
အချင်းချင်း ထိပ်တိုက်တွေ့ခဲ့ကြ အပြီးတွင်

+

နားကွဲလုမတတ် အသံများသည် ဖြည်းဖြည်းချင်း ပြန်လည် ငြိမ်သက်လာသည်။ သို့သော်လည်း သူထုတ်လွှတ်ခဲ့သော ကျယ်ပြန့်လှသည့် အသံနှင့် သူ၏ ဖျက်ဆီးနိုင်မှု စွမ်းအားများကို မည်သူကမှ လျစ်လျူမရှုထားနိုင်ကြပေ။

နတ်ဘုရား နယ်မြေ အတွင်းတွင် မည်မျှအထိ ဝေးကွာသော ဒေသ၌ ဖြစ်စေ အားလုံးတို့သည် သူတို့ နားအတွင်း၌ ပဲ့တင်ရိုက်နေသော နဂါးများ၏ ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်သံအား ကြားနေရသည်။

နဂါး ဟိန်းဟောက်သံများ အကြားတွင် မြေနဂါးဘုရင်သည် အရှေ့သို့ တိုးလာခဲ့ပြီး မကြာမီပင် ရှီရှင်းယွမ်၏ အနားသို့ ရောက်လာခဲ့၍ သူ၏

+

ရှေ့လက်သည်းဖြင့် ရောမ နဂါးခေါင်းကြီးအား ကုတ်ဆွဲလိုက်သည်။

ရှီရှင်းယွမ်၏ မျက်လုံးများသည် လင်းလက်လာ၍ သူမအောက်မှ နဂါးကလည်း သူ၏ လက်သည်းများကို ပင့်မြှောက်လိုက်ကာ မြေနဂါးဘုရင်နှင့် လက်သည်းများကို ရင်ဆိုင်လိုက်သည်။

မြေနဂါးဘုရင် ကိုယ်ပေါ်မှ အကြေးခွံများသည် ပေါက်ကွဲထွက်လာကြသည်။ နဂါးအကြေးခွံ တစ်ခုချင်းစီသည် ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများဖြင့် ခတ်နှိပ်ထားခဲ့သည်။

အမျက်ဒေါသ ထွက်နေသော်လည်း မြေနဂါးဘုရင်သည် တိုက်ပွဲ အတွေ့အကြုံ များစွာ ရှိသူဖြစ်သည်။ သူသည်

+

အဓိကအားဖြင့် အနီးကပ် တိုက်ပွဲကိုသာ အာရုံစိုက်နေခဲ့သည်။ သို့သော်လည်း သူသည် သူ၏ တိုက်ခိုက်မှု နည်းလမ်းများကို အဆက်မပြတ် ပြောင်းလဲနေသဖြင့် ရှီရှင်းယွမ်သည် ပို၍ပို၍ စိတ်ရှုပ်ထွေးလာကာ သူ့အား မည်ကဲ့သို့ တုံ့ပြန်ရမည်ကို မသိနိုင်တော့ပေ။

ရှေးပဝေသဏီ နတ်နဂါး တစ်ကောင်၏ ရုပ်ကိုယ်ခန္ဓာ စွမ်းအားသည် မိစ္ဆာများ အားလုံးအနက် ထိပ်တန်းအကျဆုံး အတွင်းတွင် ပါသည်။

မြေနဂါးဘုရင် အတွက် သူ၏ စွမ်းအားများသည် ရုပ်ကိုယ်ခန္ဓာ ခွန်အားသက်သက် မဟုတ်ပဲ လူဝံနှစ်ကောင်နှင့် ရှီထျန်းဟောင်တို့ကဲ့သို့ ထိုစွမ်းအားများကို တိုက်ပွဲတွင် အကျိုးရှိစွာ အသုံးပြုနိုင်သော စွမ်းရည်ရှိသည်။

+

အခြားတစ်ဘက်တွင် ရှီရှင်းယွမ်သည် အနီးကပ် တိုက်ပွဲများကို ဆင်နွှဲလေ့ သိပ်မရှိပေ။ နတ်နဂါးကျင်း၏ မှတ်ဉာဏ်များကို ပြန်လည် နိုးထနိုင်ခဲ့သော်လည်း သူမသည် မြေနဂါးဘုရင်၏ ပြိုင်ဘက် မဟုတ်သေးပေ။

သူမအောက်မှ နဂါး၏ စွမ်းအားများဖြင့်ပင် သူမသည် မြေနဂါးဘုရင်၏ လျင်မြန်စွာ ပြောင်းလဲနေသည့် တိုက်ခိုက်မှု အရှိန်အဟုန်များကို လိုက်မမီခဲ့ပေ။

မြေနဂါးဘုရင်သည် တိုက်ခိုက်နေရင်း သူ၏ မျက်လုံးများမှ အေးစက်သော အကြည့်သည် အဆက်မပြတ် လင်းလက်နေခဲ့သည်။ ယခုအချိန်တွင် ရွှေရောင် အလင်းတန်းများဖြင့် လွှမ်းခြုံထား၍ ယခင်က

+

လင်းဖုန်း ဖြတ်တောက်ထားခဲ့သော သူ၏ ညာလက်သည်းသည် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။

သူ၏ အရှေ့ ညာလက်သည်းထံသို့ အသွေးအသားများကို ပို့လွှတ်လိုက်သည်။ သူ၏ ရှိသမျှ စွမ်းအားများကို အသုံးပြု၍ မြေနဂါးဘုရင်သည် သူ၏ အရှေ့ ညာလက်သည်းကို လျင်မြန်စွာ ပြန်လည် ဖန်ဆင်းနိုင်ခဲ့သည်။ ထိုအရာသည် သူ၏ ယခင်လက်သည်းနှင့် ထပ်တူနီးပါးပင် ဖြစ်သည်။

ဤနဂါးလက်သည်းသည် ရွှေရောင် အကြေးခွံများဖြင့် ဖုံးလွှမ်းနေသည်။ ရေလှိုင်းကဲ့သို့ အနက်ရောင် အလင်းတန်းသည် သူ့ထံမှ လင်းလက်လာ၍ အနက်ရောင် ပင်လယ်ထံမှ ရေနှင့် အလင်းရောင်နှင့် ဆင်တူနေခဲ့သည်။

+

သူ၏ ညာလက်သည်းအား ပြန်လည် ဖန်ဆင်းအပြီးတွင် သူသည် လျင်မြန်စွာဖြင့် ကုတ်ဆွဲလိုက်သည်။ အငိုက်မိသွားခဲ့သော ရှီရှင်းယွမ်သည် ရောမ နဂါးခေါင်းကြီးအား စောင်းလိုက်ရုံသာ အချိန်ရှိခဲ့သည်။

သူသည် ထိုတိုက်ခိုက်မှုအား တည့်တည့် မခံရအောင် ရှောင်ရှားနိုင်ခဲ့သော်လည်း သူ၏ လည်ပင်းကိုမူ အခြစ်ခံလိုက်ရသည်။

မြေနဂါးဘုရင်သည် အားပိုထုတ်လိုက်ရာ ကျယ်ပြန့်လှသည့် ကြောက်မက်ဖွယ်ရာ စွမ်းအားများ ထွက်ပေါ်လာ၍ နဂါး၏ လည်ပင်းအား ထိုးဖောက်ရန် ကြိုးစားနေခဲ့သည်။

+

"သူက ဒီနှစ်တွေ အတွင်းမှ အလကား မနေခဲ့ဘူး...
ဒီနဂါးရဲ့ မဟူရာ ပင်လယ်ရဲ့ စွမ်းအားတွေကို
နားလည်မှုဟာ ပိုပြီးမှ တိုးတက်လာခဲ့တယ်"
ရှီရှင်းယွမ်က မျက်မှောင်ကြုတ်လိုက်သည်။
"အခုအချိန်မှာ သူဟာ ဒီလက်သည်းကို ယာယီသာ
ပြန်လည် ဖန်ဆင်းနိုင်ခဲ့ပေမဲ့ မကြာခင်မှာ အမြဲတမ်း
ပြန်လည် ဖန်ဆင်းနိုင်တော့မယ်နဲ့ တူတယ်"

ရောမ နဂါး၏ လည်ပင်းတွင် ရွှေရောင်နဂါး
အကြေးခွံများ ပေါ်လာခဲ့သည်။ သူ့အပေါ်တွင်
ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများ ပေါ်လာ၍
နဂါး၏ ခံစစ် စွမ်းအားများကို အဆုံးစွန်အထိ
ထုတ်ဖော်လိုက်သည်။

တစ်ချိန်တည်းတွင် ဝေဝါးသော အလင်းတန်း တစ်တန်း
ပေါ်လာ၍ မြေနဂါးဘုရင်၏ လက်သည်းအား
+

ချုပ်နှောင်ထားခဲ့သည်။ အနက်နှင့် ရွှေရောင်
လက်သည်းအပေါ်တွင် မီးခိုးဖြူရောင် အလင်းတန်း
တစ်တန်း ပေါ်လာ၍ အချိန်ကာလသည် ရပ်တန့်လုနီးပါး
ဖြစ်သွားခဲ့သည်။

တစ်ခဏ အချိန်သည် ထာဝရကဲ့သို့ ဖြစ်သွား၍
ရပ်တန့်၍ မရနိုင်တော့ချေ။ ရှိရှင်းယွမ်၏ ခန္ဓာကိုယ်
အပေါ်တွင် မဖျက်ဆီးနိုင်သော စွမ်းအားတစ်ခု ပေါ်လာ၍
သူမ၏ ခံစစ်များသည် အဆုံးစွန်အထိ
ရောက်သွားခဲ့သည်။

မြေနဂါးဘုရင်သည် အဆက်မပြတ် ဟိန်းဟောက်နေ၍
သူ၏ လက်သည်းအပေါ်မှ အလင်းတန်းသည်
လင်းလက်လာပြီး အေးခဲနေသော မီးခိုးဖြူရောင်
အခြေအနေမှ ချိုးဖောက်နိုင်ခဲ့သည်။ အစွမ်းထက်သော

+

တိုက်စစ်စွမ်းအား တစ်ခုသည် ရောမ နဂါး၏
လည်ပင်းအား တိုက်ခိုက်ခဲ့သည်။

တစ်ယောက်သည် တိုက်ခိုက်နေ၍ တစ်ယောက်သည်
ခုခံနေကာ နှစ်ဦးနှစ်ဘက်တို့သည် ရှေ့မတိုးသာ
နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေခဲ့သည်။

သို့ရာတွင် ရှိရှင်းယွမ် ထုတ်လွှတ်ထားသည့်
နဂါးကျောက်၏ နတ်ဟိန်းဟောက်သံသည်
ဖြည်းဖြည်းချင်း အသံတိုးလာသော်လည်း
မြေနဂါးဘုရင်၏ နဂါးကျောက်၏
နတ်ဟိန်းဟောက်သံမှာမူ ကောင်းကင်ကိုးလွှာတွင်
ဆက်လက်၍ ပဲ့တင်ရိုက်နေခဲ့သည်။

+

အချိန် ကြာမြင့်လာသည်နှင့် အမျှ ရှီရှင်းယွမ်၏
စိတ်ဝိညာဉ်သည် အားနည်းလာသည်မှာ
သိသာနေသည်။

ရှီရှင်းယွမ်သည် မြေနဂါးဘုရင်အား ကြည့်နေရင်း သူမ၏
မျက်နှာပေါ်တွင် လေးနက်သော အမူအရာ တစ်ခု
ပေါ်လာခဲ့သည်။ သူမ၏ အကြည့်သည် လင်းလက်လာ၍
ရှီထျန်းဟောင်၊ ဂူကျွန်း၊ ရှင်းလုံစန်းနှင့် ထျန်းကန်း
ဓားမာစတာတို့ထံသို့ ကြည့်လိုက်သည်။

အချိန်ခေတ္တမျှ တုံ့ဆိုင်းသွားပြီး သူမသည် ရှောမ နဂါး၏
ခေါင်းအပေါ်သို့ ရိုက်ချလိုက်ရာ နဂါး ခန္ဓာကိုယ်သည်
တုန်ခါသွားကာ စတင်၍ တွန့်လိမ်လာလေသည်။

+

မြေနဂါးဘုရင်၏ လက်သည်းသည် တုန်ခါသွား၍ သူသည် သူ၏ ပြိုင်ဘက်အား မထိန်းချုပ်ထားနိုင်တော့ဟု၍ ခံစားနေရသည်။

ထိုအကွက်ဖြင့် ရှီရှင်းယွမ်သည် မြေနဂါးဘုရင်၏ ထိန်းချုပ်မှုအောက်မှ စတင်၍ ချိုးဖောက်နိုင်ခဲ့သည်။ သူမ၏ ကိုယ်ပိုင် ခံစစ်များသည် အားနည်းနေသဖြင့် သူမ ပြိုင်ဘက်၏ အစွမ်းထက်သော လက်သည်းကို ခုခံနိုင်စွမ်း မရှိတော့ပေ။

ရောမ နဂါးကြီးသည် ဟိန်းဟောက်လိုက်ကာ မြေနဂါးဘုရင်၏ လက်သည်းများ အကြားမှ ချိုးဖောက်နိုင်ခဲ့သည်။ သို့သော်လည်း သူ၏ လည်ပင်းတွင် တစ်စုံတစ်ယောက်က ကိုက်ထားသကဲ့သို့ ကြောက်မက်ဖွယ်ရာ ဒဏ်ရာတစ်ခု ပေါ်လာခဲ့သည်။

+

မြေနဂါးဘုရင်၏ အကြည့်သည် ရေခဲတမျှ အေးစက်သွားသည်။ "ထွက်ပြေးချင်နေတာလား" သူသည် အရှေ့သို့ တက်သွား၍ လေဟာနယ်အား ချိုးဖောက်သွားကာ ရောမ နဂါး၏ ခန္ဓာကိုယ် အပေါ်တွင် အမာရွတ် များစွာတို့အား ချန်ထားခဲ့လေသည်။

ဝေ၀ါးနေသော အလင်းတန်းများသည် နဂါး၏ ကိုယ်ပိုင် ခန္ဓာကိုယ်မှ အလင်းတန်းများနှင့် အတူ ဆက်လက်၍ လင်းလက်နေခဲ့ရာ အချိန်ကာလသည် ပြောင်းပြန် ဖြစ်သွားသကဲ့သို့ ဒဏ်ရာများက လျင်မြန်စွာဖြင့် သက်သာလာခဲ့သည်။

သို့သော်လည်း နဂါး၏ ဦးခေါင်းပေါ်မှ ရှိုရှင်းယွမ်သည် ညည်းတွားလိုက်သည်။ သူမ၏ ခန္ဓာကိုယ်သည်

+

အလင်းတန်းများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်နေသော်လည်း အသွေးအသားများ ရှိနေသကဲ့သို့ ဖြစ်နေသည်။ သူမ၏ တင့်တယ်သော လည်ပင်းသည် သွေးသံရဲရဲနှင့် ဖြစ်နေကာ သူမ၏ အဝါရောင် ဝတ်စုံကလည်း သွေးများ စွန်းနေခဲ့သည်။

ဆက်တိုက်နေလျှင် သူမသည် မြေနဂါးဘုရင်ကြောင့် ဒဏ်ရာ အပြင်းအထန် ရတော့မည်ကို သိနေခဲ့သဖြင့် ရှီရှင်းယွမ်သည် သူမအောက်မှ ရောမ နဂါးကြီးအား အားသုံး၍ လေထုအတွင်းသို့ ပျံသန်းစေခဲ့ကာ နောက်ထပ် အရပ်မျက်နှာ တစ်ခုသို့ ထွက်ပြေးရန် ကြိုးစားခဲ့သည်။

သို့သော်လည်း အားလုံးတို့သည် ပြင်းထန်လှသော ဖရိုဖရဲ တိုက်ပွဲများကို တိုက်ခိုက်နေကြသဖြင့် စစ်မြေပြင်က ကွဲအက်သွားပြီးမှ ပြန်လည် ဖန်ဆင်းခဲ့ကာ

+

ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ ဆက်သွယ်မှုက ဝေဝါးနေသည်။

ရှီရှင်းယွမ်၏ ထွက်ပြေးမှုသည် သူမအား စစ်မြေပြင်မှ မလွတ်မြောက်စေခဲ့ပေ။ သူမသည် စစ်မြေပြင်အား ဖြတ်သန်း၍သာ ပုံသန်းနိုင်ခဲ့သည်။

သူမသည် ကစဉ့်ကလျား လေဟာနယ် အတွင်းတွင် အရပ်မျက်နှာများကို သိအောင်လုပ်ပြီးမှ လွတ်မြောက်နိုင်ရန် လမ်းကြောင်းရှာရမည် ဖြစ်သည်။

အဝေးမှ ကြည့်လိုက်လျှင် သူမသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် လင်းလက်နေသော အလင်းတန်းများနှင့် တူနေခဲ့သည်။ တွန့်လိမ် လည်ပတ်နေရင်း သူသည် တစ်ခါတစ်ရံတွင်

+

အနောက်သို့ ပြန်ရောက်လာခဲ့သည်။ ဟင်းလင်းပြင် အတွင်းမှ ကစဉ့်ကလျား မှုများကြောင့် သူမသည် ဦးတည်ရာမဲ့နေသော ဦးခေါင်းမရှိသည့် ယင်ကောင်တစ်ကောင်နှင့် တူနေခဲ့သည်။

ရှီရှင်းယွမ်သည် လမ်းမှန်တစ်ခုကို ရှာ၍ ထွက်ပြေး လွတ်မြောက်နေလိုသော်လည်း မြေနဂါးဘုရင်သည် သူမအား ထပ်ကြပ်မကွာ လိုက်ဖမ်းနေသည်။ သူသည် သူမထက်ပင် လျင်မြန်နေသေးသည်။

သူသည် သူမအနောက်သို့ လိုက်မီလာသော အခါ ရှီရှင်းယွမ်သည် ထပ်မံ လွတ်မြောက်နိုင်ရန် တန်ဖိုးတစ်ခုကို ပေးဆပ်ခဲ့ရသည်။

+

နဂါးနှစ်ကောင်သည် ဟင်းလင်းပြင် အတွင်းတွင် စိန်ပြေးတမ်း ကစားနေသကဲ့သို့ ဖြစ်နေသည်။ အလင်းတန်းများ လင်းလက်လာသော အခါ ရောမ ပုံရိပ်နှစ်ခုတို့သည် လျှပ်ကနဲ ဖြတ်သန်းသွားကြသည်။ သူတို့သည် တိုက်ခိုက်နေသည်နှင့် တူနေကြသည်။

သူတို့သည် ရှီထျန်းဟောင်နှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့ ဖြစ်ကြသည်။

ရှီရှင်းယွမ်သည် အန္တရာယ် ကျရောက်နေသည်ကို တွေ့ခဲ့ရသော အခါ ရှီထျန်းဟောင်သည် ဟိန်းဟောက်လိုက်၍ သူ၏ လမ်းကြောင်းကို ချက်ချင်း ပြောင်းလိုက်ကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတထံမှ ထွက်ခွာလာ၍ မြေနဂါးဘုရင်ထံသို့ ပျံသန်းလာခဲ့သည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကလည်း အလွယ်တကူဖြင့် အလွတ်ပေးလိမ့်မည် မဟုတ်ချေ။ သူသည် ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်ရာ မကြာမီပင် ရှီထျန်းဟောင်၏ အနောက်သို့ ရောက်လာခဲ့သည်။

ရှီရှင်းယွမ်သည် အနောက်သို့ လှည့်၍ မြေနဂါးဘုရင်အား ကြည့်လိုက်သော အခါ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား တွေ့လိုက်ရသည်။ သူမသည် သူ့ထံမှ လွတ်မြောက်ရန် မကြိုးစားခဲ့ပဲ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတထံသို့ တိုးဝင်သွားကာ ရှီထျန်းဟောင်အစား သူ့နှင့် တိုက်ခိုက်လိုက်သည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် မည်မျှပင် အစွမ်းထက်စေကာမူ မြေနဂါးဘုရင်နှင့် စာလျှင် သူသည် သူမအား သတ်ဖြတ်လိုစိတ် မပြင်းထန်နေပေ။ သူတို့သည် မဟာမိတ် ဖွဲ့ထားကြသော်လည်း သူ့အနေဖြင့် သူ့မဟာမိတ်၏ မဟာရန်သူအား သူသေကိုယ်သေ တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။

သူတို့သည် အချင်းချင်း အနားမှ ဖြတ်သန်းသွားသော အခါ ရှီထျန်းဟောင်နှင့် ရှီရှင်းယွမ်တို့သည် ပစ်မှတ်များကို အသီးသီး ပြောင်းလိုက်ကြသည်။

ဤအချိန်တွင် မြေနဂါးဘုရင်၏ အကြည့်သည် ရှီရှင်းယွမ် အပေါ်၌သာ စူးစိုက်ထား၍ ဟိန်းဟောက်လိုက်ကာ သူ၏ ပြိုင်ဘက်အသစ်အား အမှန်ပင် လျစ်လျူရှုထားလိုက်၍ ရှီရှင်းယွမ်ထံသို့သာ လိုက်လံ တိုက်ခိုက်ခဲ့သည်။
+

ဤအချိန်တွင် ရှီထျန်းဟောင်သည် သူ့အား တိုက်ခိုက်ခဲ့လျှင်ပင် သူသည် ရှီရှင်းယွမ်အား သတ်ဖြတ်ရမည် ဖြစ်သည်။

မြေနဂါးဘုရင်သည် ရှီထျန်းဟောင်က မည်မျှပင် အစွမ်းထက်စေကာမူ အများဆုံး သူ့အား ဒဏ်ရာ အပြင်းအထန် ရအောင်သာ တိုက်ခိုက်နိုင်မည်ဟု တွက်ဆထားခြင်း ဖြစ်သည်။ သို့တိုင်အောင် သူသည် တိုက်ခိုက်နိုင်စွမ်း ရှိဦးမည် ဖြစ်သည်။ ပြီးတာနှင့် သူသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အတူ ပူးပေါင်း၍ ရှီထျန်းဟောင်အား တိုက်ခိုက်မည် ဖြစ်သည်။

+

သို့သော်လည်း ရှီရှင်းယွမ် အနေဖြင့် ယခုအချိန်တွင် မြေနဂါးဘုရင်နှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့ နှစ်ဦးစလုံးနှင့် တိုက်ခိုက်ခဲ့ရပါက ပိုမိုအားနည်းသော သူမသည် တိုက်ပွဲတွင် ကျဆုံးသွားနိုင်ခြေ များစွာရှိသည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာနှစ်ကောင်တို့၏ တိုက်ခိုက်မှုအောက်သို့ ရောက်နေခဲ့သဖြင့် သူမသည် ထွက်ပြေးရန်ပင် နေရာ မရှိတော့ချေ။

ဤအချိန်တွင် ရှီရှင်းယွမ်နှင့် မျက်နှာချင်းဆိုင် နေရာတွင် ရှိနေသော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတက ရုတ်တရက် မော့ကြည့်လိုက်သည်။ သူ၏ အရှေ့ တည့်တည့်မှ ရှီရှင်းယွမ်သည် တည်ငြိမ် အေးဆေးနေသည့်ပုံ ပေါက်နေ၍ အစွမ်းထက်သော

+

ရန်သူ၏ အရှေ့တွင် ထိတ်လန့် တုန်လှုပ်နေခြင်း၊ ကူရာမဲ့နေခြင်းမျိုး မရှိခဲ့ပေ။

ဤအချိန်တွင် ရှီထျန်းဟောင်သည် သူ၏ လက်ဝါး ဖော့ယမ်းလိုက်သည်။ သူ၏ လက်ဝါးများဖြင့် သူသည် ကြယ်များဖြင့် ပြည့်နေသော ညကောင်းကင်ယံ တစ်ခုလုံးအား ပင့်တင်ထားသကဲ့သို့ ဖြစ်သည်။

သူ၏ လက်ဝါးအတွင်းတွင် အဆုံးမဲ့ အလင်းတန်းများ လင်းလက်လာသည်။ တစ်ယောက်သည် အလင်းတန်းများမှ လွဲ၍ အခြား မည်သည့်အရာကိုမှ မတွေ့နိုင်ချေ။ သို့သော်လည်း အားလုံးတို့သည် ထိုအလင်းတန်း ဘောလုံးအတွင်း၌ ဘီးတစ်ဘီး လည်ပတ်နေသည်ကို ခံစားနိုင်ခဲ့သည်။

+

ထိုဘီး၏ လည်ပတ်နေမှုသည် ဖန်ဆင်းမှုများ
အားလုံးတို့၏ လည်ပတ်မှုနှင့် တူနေသည်။
မဟာကမ္ဘာကြီး တစ်ခုလုံးက နိုးထလာသကဲ့သို့
ဖြစ်သည်။

ဤအရာသည် မဟာကောင်းကင်ဘီးပင် ဖြစ်သည်။

မြေနဂါးဘုရင်၏ မျက်နှာသည် ပြောင်းသွားခဲ့သည်။
ဤအရာသည် သူခုခံနိုင်သော တိုက်ခိုက်မှု
တစ်ခုမဟုတ်ချေ။ သို့သော်လည်း သူသည် တုံ့ပြန်ရန်
ကြိုးစားခဲ့လျှင်ပင် အခွင့်အရေး မရှိနိုင်တော့ချေ။

ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်နှင့် ဟွမ်စန်း
ခန္ဓာကိုယ်တို့သည် အတူတကွ စုစည်းနေ၍
ကောင်းကင်ပေါ်မှ မြို့တော်နှင့် ရွှေရောင်လူသား

+

၁၂ယောက်တို့၏ ထောက်ပံ့မှုကို ခံနေရကာ မဟာကောင်းကင်ဘီးအား ပင့်မြှောက်လိုက်၍ မြေနဂါးဘုရင် အပေါ်သို့ ခက်ထန်စွာဖြင့် ထုချလိုက်သည်။

ဘုန်း!

ဤအချိန်၌ ကောင်းကင် တစ်ခုလုံးက ပျက်စီးသွားသည်ဟု ထင်နေရသည်။

တစ်ယောက်သည် မရေမတွက်နိုင်သော စကြာဝဠာနှင့် ကမ္ဘာတို့က ပျက်စီးသွားသည်ကို ခံစားနေရသည်။ ဤမျှအထိ အစွမ်းထက်သော စွမ်းအားများသည် နေရာ တစ်ခုတည်း အပေါ်၌ စုစည်းကာ အတူတကွ ကျဆင်းလာကြလေသည်။

+

ရိုင်းစိုင်း၍ အထိန်းအကွပ် ကင်းမဲ့နေသော စွမ်းအားတစ်ခုသည် မြေနဂါးဘုရင်၏ ခါးတည့်တည့်သို့ ကျဆင်းလာခဲ့လေသည်။

## စာစဥ် ၇၂ : အပိုင်း ၁၈

## အပိုင်း ၁၄၇၈ : အန္တိမ ဟွမ်ထျန်း ကောရာဇ်

အကယ်၍ ရှီထျန်းဟောင်သည် ကောင်းကင်ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် တိုက်ပွဲအတွင်းတွင် မဟာကောင်းကင်ဘီးအား အသုံးပြုခဲ့ပါက မြေနဂါးဘုရင်သည် ဤကဲ့သို့ စွန့်စားကာ သူ့ထံမှ တိုက်ခိုက်မှုကို ခံယူလိမ့်မည် မဟုတ်ချေ။

+

မဟာကောင်းကင်ဘီး၊ တိုင်ကေရာဇ်၏
တော်ဝင်နန်းတော်နှင့် နတ်ဘုရား နယ်မြေ
ဆေးမီးဖိုတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ပိုင်ဆိုင်သော ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ
သုံးပါးတို့ ဖြစ်ကြသည်။ ဤအကြောင်းကို ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် မြေနဂါးဘုရင်တို့
အပါအဝင် အားလုံးတို့က သိထားကြသည်။

ယခုအချိန်တွင် ရှီထျန်းဟောင်နှင့် ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတတို့သည် ပြင်းထန်စွာဖြင့်
တိုက်ခိုက်နေကြသော်လည်း မြေနဂါးဘုရင် အနေဖြင့်
ရှီထျန်းဟောင်သည် ထိုရတနာများ အနက်မှ တစ်ခုအား
ကိုင်ဆောင်ထားနိုင်သည် ဟူသော ဖြစ်နိုင်ခြေကို
ပြင်ဆင်ထားခဲ့သေးသည်။

+

သူ၏ ကောင်းကင်သို့ တက်လှမ်းခြင်း မော်ကျိုန်စာသည် ရှီထျန်းဟောင်က ထုတ်လွှတ်နိုင်သော ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုအတွက် ပြင်ဆင်ထားခြင်း ဖြစ်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ အနေဖြင့် ရှီထျန်းဟောင်နှင့် ကြာမြင့်စွာ တိုက်ခိုက်နေခဲ့ချိန်တွင် တတ်နိုင်သလောက် သတိထားနေခဲ့သည်။ သို့သော်လည်း သူတို့၏ ခန္ဓာကိုယ်များသည် ဒဏ်ရာများဖြင့် ပြည့်လာခဲ့သော်လည်း ရှီထျန်းဟောင် အနေဖြင့် သူ၏ လျှို့ဝှက်ဖဲချပ်အား အသုံးမပြုခဲ့သေးသဖြင့် မြေနဂါးဘုရင်၊ ရှန်နဂါးဘုရင်နှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ စသည့် ကျန်သော ပြိုင်ဘက်များသည် ဤအချက်ကို သတိမမူမိကြတော့ပေ။

+

ဤအချိန်မှသာ အမျက် ဒေါသကြောင့် ဆင်ခြင်တုံတရား ကင်းမဲ့နေသော မြေနဂါးဘုရင်သည် ရှီထျန်းဟောင်သည် သူတို့အား အနိုင်ယူကာ ရိုက်နှက်နေလိုရုံတင် မကပဲ သူတို့အား သတ်ဖြတ်ခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ကျိုးပဲ့ထိခိုက်အောင် ပြုလုပ်လိုနေမှန်းကို သဘောပေါက်သွားခဲ့သည်။

သူ့ပြိုင်ဘက်သည် သူတို့အား မလွတ်မြောက်နိုင်စေရန် အပြင်းအထန် ဒဏ်ရာရအောင် သို့မဟုတ် သေဆုံးအောင် တိုက်ခိုက်လိုနေခြင်း ဖြစ်သည်။

ရှီရှင်းယွမ်၏ ထွက်ပြေးခြင်းသည် ကြိုတင် စီစဉ်ထားခြင်း ဖြစ်သည်။ သူမသည် မြေနဂါးဘုရင်အား မဟာကောင်းကင်ဘီးဖြင့် တိုက်ခိုက်နိုင်ရန် ရှီထျန်းဟောင်ထံသို့ ရောက်လာအောင် ပြင်ဆင်ထားသော ငါးစာဖြစ်သည်။

+

အကယ်၍ ရှီထျန်းဟောင်၏ တိုက်ခိုက်မှု သက်သက်သာ ဆိုပါက မြေနဂါးဘုရင်သည် အသက်ရှင်နိုင်ရန် ယုံကြည်ချက် ရှိသည်။ သူသည် ဒဏ်ရာများ ရရှိသွားလျှင်ပင် ရှီရှင်းယွမ်အား သတ်ဖြတ်နိုင်ဦးမည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် ရှီထျန်းဟောင်သည် မဟာကောင်းကင်ဘီးအား အသုံးပြုခဲ့သဖြင့် ဤအစွမ်းထက်သော စွမ်းအားသည် မြေနဂါးဘုရင်အား လုံး၀ အားအင် ကုန်ခမ်းသွားစေခဲ့သည်။ ရှီထျန်းဟောင်၏ ဤတိုက်ခိုက်မှုကို ခံခဲ့ရ အပြီးတွင် သူသည် ရှီရှင်းယွမ်အား တိုက်ခိုက်နိုင်တော့မည် မဟုတ်ချေ။

+

အစောပိုင်းက ရှီထျန်းဟောင်သည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်ခါစတွင် မြေနဂါးဘုရင်သည် ကောင်းကင်ပေါ်မှ မြို့တော်၊ ရွှေရောင်လူသား ၁၂ယောက်၊ နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့၏ တရစပ် တိုက်ခိုက်မှုကို ခံခဲ့ရသည်။

သူသည် ထိုအချိန်က အောက်စည်းတွင် ရောက်နေခဲ့သော်လည်း သူ့ပြိုင်ဘက်၏ စွမ်းအားကို ကောင်းစွာ သိနေခဲ့သည်။ သူသည် မာနကြီးသော်လည်း သူ့အခြေအနေကို သူသိသဖြင့် သူ့ပြိုင်ဘက်အား ရင်ဆိုင်ရန် နည်းလမ်းပေါင်း များစွာ ပြင်ဆင်ထားခဲ့သည်။

+

သူသည် သေဆုံးနိုင်သလို ဒဏ်ရာ အပြင်းအထန် ရရှိသွားနိုင်သော်လည်း အနည်းဆုံးတော့ သူသည် တန်ပြန် တိုက်ခိုက်နိုင်ဦးမည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ကိုယ့်သေတွင်းကိုယ် တူးနေသကဲ့သို့ ဖြစ်နေခဲ့သည်။

ဤအရာသည် ရှီရှင်းယွမ်နှင့် ရှီထျန်းဟောင်တို့ အတူတကွ ရေးဆွဲထားသော အစီအစဉ် ဖြစ်သည်။ သူတို့သည် အချိန်ကောင်းကို စောင့်၍ အခွင့်အရေးကို အပိုင် အသုံးချကာ မြေနဂါးဘုရင်အား ပြန်လည် မတိုက်ခိုက်နိုင်ရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

မြေနဂါးဘုရင်၏ မျက်လုံးများသည် သူ၏ ခေါင်းအပြင်သို့ ထွက်ကျလုနီးပါး ဖြစ်နေခဲ့သည်။

+

သူသည် ရှောင်တိမ်းရန် ကြိုးစားနေခဲ့သော်လည်း ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုသည် သူ့အား လုံးဝ ဖိနှိပ်ထားလေသည်။

သူသည် သူ၏ စွမ်းအားများကို အစွမ်းကုန် အသုံးချကာ ရှီရှင်းယွမ်အား အပြင်းအထန် ဒဏ်ရာရစေ၍ သူ့ပြိုင်ဘက်အား တန်ဖိုးတစ်ခု ပေးဆပ်ရစေရန် ကြိုးစားနေခဲ့သည်။ သို့သော်လည်း သူသည် စက္ကန့်ပိုင်းမျှ နောက်ကျသွား၍ အခွင့်အရေးကို လက်လွှတ်သွားခဲ့သည်။

သူသည် ရှီထျန်းဟောင်အား တိုက်ခိုက်၍ သူ့အား ခက်ခဲအောင် ပြုလုပ်လိုနေခဲ့သော်လည်း ထိုကဲ့သို့ ပြုလုပ်ရန် အခွင့်အရေး မရခဲ့ချေ။ သူတတ်နိုင်သည်မှာ ကူရာမဲ့စွာဖြင့် ရုန်းကန်နေရုံသာ ဖြစ်သည်။ သူသည်

+

ရှိထျန်းဟောင်အား လုံးဝ ဒဏ်ရာရအောင် လုပ်နိုင်စွမ်း မရှိခဲ့ပေ။

သူသည် သူ၏ စွမ်းအားများကို အကုန် အသုံးပြုခဲ့လျှင်ပင် ဤတိုက်ခိုက်မှုအား ခုခံနိုင်မည် မဟုတ်တော့ချေ။

မြေနဂါးဘုရင်သည် ဒေါသ ကြီးမားစွာဖြင့် ဟိန်းဟောက်လိုက်သည်။ တစ်ကြိမ်တစ်ခါမျှ သတိလက်လွတ် ဖြစ်သွားခြင်းသည် ဤကဲ့သို့သော ကြမ္မာဆိုးကို ဖြစ်ပေါ်စေခဲ့သည်။ သူ၏ ရင်အတွင်းတွင် ခံစားနေရသော အမျက်ဒေါသအား မြစ်ချောင်းပေါင်း တစ်ထောင်တို့ဖြင့် ဆေးကြောနိုင်မည် မဟုတ်တော့ချေ။

+

နောက်ဆုံးတွင် သူသည် သူ၏ စွမ်းအားများ အားလုံးကို အသုံးပြုကာ ရှိရှင်းယွမ်ထံသို့ ခုန်အုပ်ရန် ကြိုးစားလိုက်သည်။ သို့သော်လည်း သူသည် မိလီမီတာ အချို့သာ လိုတော့သည့် အချိန်တွင် မဟာကောင်းကင်ဘီးသည် သူ့အပေါ်သို့ ကျရောက်လာခဲ့ပြီ ဖြစ်သည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ဝုန်းကနဲ မြည်သံတစ်ခု ပေါ်လာခဲ့ပြီး မဟာကမ္ဘာကြီး တစ်ခုလုံးက အနည်းငယ် တုန်ခါသွားသည်။

ရွှေရောင် နဂါးတစ်ကောင်အား မြင်နေနိုင်သေးသော်လည်း သူ၏ ခန္ဓာကိုယ်သည် ပုံပျက်ပန်းပျက် ကွေးကောက်နေခဲ့သည်။

+

ကွေးကောက်နေသော နေရာသည် တွန့်လည်း တွန့်လိမ်နေခဲ့သည်။ ခါးတစ်ချောင်းသည် သူ့အား နှစ်ပိုင်းပိုင်းခဲ့သကဲ့သို့ ဖြစ်သည်။ ပြီးတာနှင့် ထိုအပိုင်း နှစ်ပိုင်းတို့သည် ဖြည်းဖြည်းချင်း ကွာသွားခဲ့သည်။

အချိန်ကာလနှင့် လေဟာနယ်တို့သည် ဤအချိန်၌ အရောင် ကင်းမဲ့သွားကြသည်။ အရာ အားလုံးတို့ကလည်း ဖြူဖျော့ကာ ဝေဝါးနေကြသည်။

ကျယ်ပြန့်လှသည့် အရှိန်အဝါ တစ်ခုသည် အရပ်မျက်နှာ လေးဘက်သို့ စတင်၍ ပျံ့နှံ့သွားကာ တိုက်ခိုက်နေကြသူ အားလုံးတို့သည် လှည့်ကြည့်လိုက်ကြသည်။

အားလုံးတို့သည် မြေနဂါးဘုရင်၏ ခန္ဓာကိုယ်ပေါ်မှ ရွှေရောင် အလင်းတန်းများက မှေးမှိန်သွားခဲ့သည်ကို

+

တွေ့နိုင်ခဲ့သည်။ သူ၏ ခါးသည် အသွေးအသားများဖြင့် သွေးသံရဲရဲ ဖြစ်နေသည်။ သူ၏ အကြေးခွံများ အားလုံးတို့က ပြန့်ကျဲနေကြကာ အသွေးအသားများသည် ကောင်းကင်ပေါ်မှ ရွှေမိုး ရွာချခဲ့သည့် အတိုင်း ကျဆင်းလာကြသည်။

အကြေးခွံများက မြေပြင်ပေါ်သို့ ကျဆင်းလာသော အခါ သူတို့သည် တောင်များကဲ့သို့ ကြီးမားနေသည်။ သွေးစက်များသည် မြေပေါ်သို့ ရောက်သွားသော အခါ ရွှေရောင် ရေအိုင်တစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုရေအိုင်သည် လေပူများဖြင့် ပြည့်နေ၍ သူ့အနားမှ မြေကြီးများကို ဖုတ်နေသကဲ့သို့ ဖြစ်သည်။

မြေနဂါးဘုရင်၏ ကြီးမားလှသော ခန္ဓာကိုယ်ကြီးသည် သူ၏ ခါးမှနေ၍ နှစ်ပိုင်း ပိုင်းနေသည့်ပုံ ပေါက်နေသည်။ သို့ရာတွင် သူ၏ အစွမ်းထက်လှသော ရှေးပဝေသဏီ

+

နတ်နဂါး ပုံစံကြောင့် ကံကောင်းစွာဖြင့် နှစ်ပိုင်း ပြတ်မသွားခဲ့ပေ။

သို့တိုင်အောင် အသွေးအသား အချို့ကသာ နဂိုအတိုင်း ကျန်တော့ပြီး သူ၏ အရိုးများ အားလုံးသည် ကြေမွသွားကြကာ အာရုံကြောများက လုံးဝ ပြတ်တောက်ကုန်ကြသည်။

ထိုအဖြစ် ဖြစ်ပျက်ခဲ့အပြီးတွင် မြေနဂါးဘုရင်သည် နာကျင်မှုများကို လုံးဝ မခံစားခဲ့ရပဲ သူစဥ်းစားမိနေသည်မှာ သူ၏ ခန္ဓာကိုယ် အောက်ပိုင်းအား အဘယ်ကြောင့် ထိန်းချုပ်၍ မရတော့သနည်း ဟူ၍ပင် ဖြစ်သည်။

+

သူ၏ မသေမိစ္ဆာ ဝိညာဥ်သည် စတင်၍ တုန်ခါလာ၍
သူ၏ အစစ်အမှန် ပုံစံကဲ့သို့ပင် ဒဏ်ရာ ရသွားခဲ့သည်။
သူ၏ အသိစိတ် ပင်လယ် အတွင်းတွင် နဂါးပုံစံ
ရှိနေခဲ့သည့် သူ၏ မိစ္ဆာဝိညာဥ်ကလည်း နှစ်ပိုင်း
ပိုင်းသွားခဲ့သည်။ အပေါ်တစ်ခြမ်းကသာ ကျန်နေခဲ့၍
အောက်တစ်ခြမ်းက ဖြည်းဖြည်းချင်း
ပျောက်ပျက်သွားနေခဲ့သည်။

မြေနဂါးဘုရင်၏ မရှုမလှ အခြေအနေကို တွေ့ခဲ့ရသော
အခါ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့်
နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတတို့ နှစ်ယောက်စလုံးက
ရင်အတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြကာ သူတို့၏ ခန္ဓာကိုယ်
အောက်ပိုင်းများက အေးစက်လာကြသည်။

တစ်ချိန်လုံး တည်ငြိမ်နေခဲ့သော ရှန်နဂါးဘုရင်သည်
ကောင်းကင်ပေါ်သို့ ကျယ်လောင်စွာဖြင့်
+

ဟိန်းဟောက်လိုက်ကာ ဂူကျွန်းက အဆက်မပြတ် တိုက်ခိုက်နေခဲ့သော်လည်း မြေနဂါးဘုရင် ရှိရာထံသို့ ပြေးလာခဲ့သည်။

ရှန်နဂါးဘုရင်၏ ဦးခေါင်းပေါ်တွင် ထူးခြားဆန်းကြယ်သော ရုပ်ပုံတစ်ခု ပေါ်လာ၍ သူ့ထံမှ အနက်ရောင် အလင်းတန်း တစ်ခု ထွက်ပေါ်လာသည်။ ပြီးတာနှင့် ထိုအနက်ရောင် အလင်းတန်းသည် မြေနဂါးဘုရင် အပေါ်သို့ ကျရောက်သွား၏။

မြေနဂါးဘုရင်၏ ခန္ဓာကိုယ်သည် တုန်ခါသွား၍ သူ၏ နဖူးပေါ်မှ ဆင်တူသော ရုပ်ပုံတစ်ခု ပေါ်လာခဲ့သည်။

ထိုရုပ်ပုံသည် မဟူရာ ပင်လယ် အတွင်းသို့ လမ်းကြောင်းတစ်ခုကို ဖန်ဆင်းလိုက်၍ သူ့အတွင်းတွင်

+

ရေလှိုင်းများ ထကြွ လှုပ်ရှားနေကြသည်။ ကျယ်ပြန့်လှသော စွမ်းအားတစ်ခုသည် လေဟာနယ်ကို ထိုးဖောက်လာကာ မြေနဂါးဘုရင်အား ခေါ်ပြန်သွားရန် ကြိုးစားနေခဲ့သည်။

သူသည် ခုခံရန် ကြိုးစားနေခဲ့သော်လည်း သူ့တွင် အင်အားများ မရှိတော့ချေ။ သူ၏ ဒဏ်ရာများမှာ ပြင်းထန်လွန်းလှသဖြင့် သူ့တွင် ခွန်အားများ မကျန်သလောက် ဖြစ်နေချေပြီ။

ထိုအချိန်တွင် စိတ်ဓာတ် တက်ကြွနေပုံ ပေါက်နေသည့် ရှီထျန်းဟောင်က သူ၏ ပါးစပ်ကို ဟ၍ ပြောလိုက်သည်။ "မင်းတို့ရဲ့ မဟူရာ ပင်လယ် အခမ်းအနားက အရမ်းကို အစွမ်းထက်တယ်လို့ ထင်နေတာလား"

+

သူပြောလိုက်သည်နှင့် တစ်ပြိုင်နက် နတ်ဘုရားနယ်မြေ၏ ထောင့်လေးထောင့် စလုံးတို့က တုန်ခါသွားသည်။ နတ်ဘုရား တစ်ပါးက ဆင်းသက်လာသကဲ့သို့ ဖြစ်သည်။

ရှီထျန်းဟောင်သည် သူ၏လက်အား ဖေ့ယမ်းလိုက်ရာ ခရမ်းရောင် ခတ်ငွေ့ဘောလုံး တစ်လုံးက ပျံသန်း ထွက်ပေါ်လာသည်။ ထိုခရမ်းရောင် ခတ်ငွေ့ဘောလုံး အတွင်း၌ သစ်ကိုင်း တစ်ကိုင်း ရှိနေသည်။ သူသည် ပါးလွှာသည်ဟု ထင်နေရသော်လည်း ခတ်ငွေ့များ လွင့်ပြယ်သွားသော အခါမှ တစ်ယောက်သည် ထိုသစ်ကိုင်းက မီတာထောင်ပေါင်းများစွာ ရှည်လျား၍ ရာနှင့်ချီကာ ထူထဲသည်ကို တွေ့နိုင်ခဲ့သည်။

ထိုသစ်ကိုင်းပေါ်မှ သစ်ရွက်များကလည်း ကြီးမားလှသည်။ မြစိမ်းရောင် သန်းနေသော

+

သစ်ရွက်များသည် အသက် စွမ်းအင်များဖြင့် ပြည့်ဝနေကာ သစ်ပင်ပေါ်တွင် ရှိနေသေးသည်ဟု ထင်နေရသည်။

ဟင်းလင်းပြင် အတွင်းတွင် သစ်ပင်သည် ပို၍ပို၍ ကြီးမားလာသည်။ သူ့အနားမှ ခရမ်းရောင် အလင်းတန်းများကို စုပ်ယူလိုက်၍ နောက်ဆုံးတွင် သစ်ကိုင်းများက စတင်၍ ကွဲလာကြသည်။ ရောင်စဥ်ခုနစ်သွယ် အလင်းတန်း တစ်တန်းဖြင့် လင်းလက်နေ၍ သူတို့သည် ကောင်းကင်အား လင်းထိန်စေခဲ့သည်။

အသွင်သဏ္ဍာန် အရ သူသည် ယုကျင်းတောင်ပေါ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်နှင့် တူနေပေသည်။

+

ဤရောမ သစ်ကိုင်းကြီးသည် ပြီးတာနှင့် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားသည်။ ထို့နောက် ထိုအလင်းတန်းသည် မြေနဂါးဘုရင် အပေါ်မှ မဟူရာ ပင်လယ် ပုံရိပ်တွင်းသို့ ဝင်ရောက်သွား၏။ သစ်ကိုင်းထံမှ အလင်းတန်းများသည် ပုံရိပ်ကို လွှမ်းမိုးသွားသော အခါ ပုံရိပ်သည် စတင်၍ ကျုံ့ဝင်လာသည်။

သစ်ကိုင်း၏ စွမ်းအားများ၏ ရန်စခြင်းကို ခံခဲ့ရသဖြင့် မူလက တည်ငြိမ်နေသော မဟူရာ ပင်လယ် အတွင်းမှ ရေလှိုင်းများသည် ရုတ်တရက် ခက်ထန်လာကာ သစ်ကိုင်းအား ဖယ်ရှားရန် ကြိုးစားခဲ့ကြသည်။

သစ်ကိုင်းပေါ်မှ သစ်ရွက်များသည် အဆက်မပြတ် လှုပ်ရှားနေကြသည်။ ရောင်စဉ်ခုနစ်သွယ် အလင်းတန်းသည် ဖြည်းဖြည်းချင်း အတိုက်စားခံနေရ၍ မည်းမှောင်လာခဲ့သည်။

+

ရှန်နဂါးဘုရင်၏ မျက်လုံးများ အတွင်းတွင် ကြံ့ရာမရ ဖြစ်မှုများကို တွေ့နေနိုင်သည်။ ထိုသစ်ကိုင်း၏ တားဆီးမှုကြောင့် မြေနဂါးဘုရင်သည် မဟူရာ ပင်လယ်အတွင်းသို့ မပြန်နိုင်တော့ပေ။

မဟူရာ ပင်လယ် အခမ်းအနားသည် သစ်ကိုင်း၏ စွမ်းအားများကို ကျော်လွှားနိုင်ရန် အချိန်ခဏသာ လိုခဲ့သော်လည်း ထိုအချိန်သည် မြေနဂါးဘုရင်အား အသက်အန္တရာယ် ပေးနိုင်ရန် လုံလောက်နေပြီ ဖြစ်သည်။

ထိုတိုက်ခိုက်မှု အပြီးတွင် ရှီထျန်းဟောင်သည် အင်အားများကို ထိမ်ချန်ထားရန် ရည်ရွယ်ချက်

+

မရှိနေပေ။ သူသည် မဟာကောင်းကင်ဘီးအား ထပ်ဖန်တစ်ခါ ပင့်မြှောက်လိုက်သည်။

မြေနဂါးဘုရင်၏ မျက်လုံးများ အတွင်းတွင် တစ်ယောက်သည် စိတ်ပြတ်သားမှုများကို တွေ့နေနိုင်သည်။ သူ၏ ပြင်းထန်လှသော ဒဏ်ရာများကို အမှုမထားပဲ သူသည် ရှိသမျှ ခွန်အားများကို ဆင့်ခေါ်လိုက်ကာ ရှီရှင်းယွမ်အား ထပ်ဖန်တစ်ခါ တိုက်ခိုက်လိုက်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် တိုက်ခိုက်နေရသော ရှီရှင်းယွမ်သည် နဂိုကတည်းက အရေးနိမ့်နေခဲ့ပြီ ဖြစ်သည်။ ထင်ထားသည့် အတိုင်းပင် သူမသည် ဤတိုက်ခိုက်မှုကြောင့် ဒဏ်ရာ ရသွားခဲ့သည်။ သို့ရာတွင် မြေနဂါးဘုရင်၏ ဒဏ်ရာများသည် ပြင်းထန်လွန်းလှသဖြင့် သူမသည် ထိုတိုက်ခိုက်မှုကို

+

ခံနိုင်ခဲ့ကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏
နောက်ထပ် တိုက်ခိုက်မှုကို ရှောင်နိုင်ခဲ့သည်။

အခြားတစ်ဘက်တွင် ဂူကျွန်းသည် တိုက်ပွဲက
အရေးကြီးသည့် အခိုက်အတန့်သို့ ရောက်နေခဲ့သည်ကို
သိနေခဲ့သဖြင့် သူ၏ သက်ရှည်ကြာပန်း ထိုင်ခုံအား
ထပ်ဖန်တစ်ခါ အသက်သွင်းကာ ရှန်နဂါးဘုရင်အား
ထိန်းချုပ်ထားခဲ့သည်။

နတ်ဒေဝါ တစ်ပါးနှင့် တူနေသော ရှီထျန်းဟောင်သည်
ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း သူ၏
လက်အတွင်းမှ မဟာကောင်းကင်ဘီးဖြင့် ထပ်ဖန်တစ်ခါ
ထုချလိုက်သည်။

+

ဤအချိန်တွင် သူသည် မြေနဂါးဘုရင်၏ ခေါင်းအား ထုချနိုင်ခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အားကောင်းလှ၍ မျက်စိကျိန်းလုမတတ် တောက်ပနေသော အလင်းတန်း တစ်တန်း ထပ်ဖန်တစ်ခါ လင်းလက်လာကာ လေးဘက်လေးတန်သို့ ပျံ့နှံ့သွားသည်။

ရောမ ရွှေရောင် နတ်နဂါး တစ်ကောင်၏ ပုံရိပ်အား ကောင်းကင်ပေါ်တွင် တွေ့နိုင်ခဲ့သည်။ သူသည် ဖန်ဆင်းမှု အားလုံးတို့အား ငုံ့ကြည့်နေသကဲ့သို့ ကောင်းကင် တစ်ခုလုံးအား ပြည့်နေခဲ့သည်။

သို့သော်လည်း ကြီးကျယ် ခမ်းနားလှသည့် ဤနဂါး၏ မျက်လုံးများသည် အသက် ကင်းမဲ့နေခဲ့သည်။

+

ပြီးတာနှင့် ထိုနဂါး၏ အလင်းတန်း ပုံရိပ်သည် စတင်၍ ပြိုကွဲလာခဲ့သည်။ နားကွဲလုမတတ် မိုးခြိမ်းသံများကို နေရာအနှံ့ ကြားနေရ၏။ အလင်းတန်းများ လည်ပတ်လာသော အခါ ကမ္ဘာကြီးက တုန်ခါနေသည်ကို ခံစားနေခဲ့ရသည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာတစ်ကောင်သည် မဟာကမ္ဘာနှင့် နီးကပ်စွာ ဆက်သွယ်ထားသည်။ သူ၏ သေဆုံးခြင်းသည် ပြောင်းလဲမှု တစ်ခုအား သေချာပေါက် ဖြစ်ပေါ်စေမည် ဖြစ်သည်။

ယနေ့တွင် မူလနဂါး ဘုရင် အပြီးတွင် ဒုတိယ အစွမ်းအထက်ဆုံး ဖြစ်၍ ရှေးပဝေသဏီ ခေတ်ကတည်းက မူလကောင်းကင် ကမ္ဘာတွင် တည်ရှိနေသော မြေနဂါးဘုရင်သည် လူသားတို့၏ နတ်ဘုရားနယ်မြေ အတွင်းတွင် ကျဆုံးသွားခဲ့လေပြီ။

+

သူသည် လင်းဖုန်း၏ ခုနစ်ယောက်မြောက်
တပည့်ဖြစ်သော ဟွမ်ထျန်းကေရာဇ် ရှီထျန်းဟောင်၏
နှိမ်နင်းခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားက စစ်ပွဲအတွင်းတွင်
လင်းဖုန်း သတ်ဖြတ်ခဲ့သော ခုန်းယွမ်ဟောဒီးစ် အပြီးတွင်
သူသည် သေဆုံးခဲ့ရသော ဗီပရာလိုပါ အဆင့်မှ
ဒုတိယမြောက် မိစ္ဆာတစ်ကောင် ဖြစ်သည်။

မြေနဂါးဘုရင်၏ သေဆုံးမှုသည် မဟာကမ္ဘာ
တစ်ခုလုံးအား လှုပ်ခါသွားစေသည်။ စူတောင်၏
နှစ်ဘက်စလုံးသည် တုန်ခါသွားကာ အရှေ့ပင်လယ်တွင်
ရောမ မုန်တိုင်းတစ်ခု တိုက်ခတ်လာခဲ့သည်။

+

ရေလှိုင်းများက ထကြွလာကာ အရာအားလုံးအား ဖုံးလွှမ်းသွားသည်။ အရှေ့ပင်လယ်ရှိ ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ် လမ်းကြောင်း အတွင်းတွင် အစွမ်းထက်သော မိစ္ဆာ အရှိန်အဝါ တစ်ခုကို ခံစားနေနိုင်သည်။ ထိုနေရာမှ မိစ္ဆာသည် အမျက်ထွက်နေခဲ့ပြီ ဖြစ်သည်။

အဝေးမှနေ၍ အစွမ်းထက်သော နဂါးတစ်ကောင်၏ ဟိန်းဟောက်သံ ထွက်လာခဲ့၍ နတ်ဘုရားနယ်မြေ တစ်ခုလုံးအား ပွဲတင်ရိုက်စေခဲ့သည်။

ထိုအသံသည် မူလနဂါး ဘုရင်၏ အသံဖြစ်သည်ကို အားလုံးတို့က သိနေကြသည်။

+

မြေနဂါးဘုရင်၏ ကျဆုံးမှုသည် မူလနဂါး ဘုရင်အား မည်သို့မှ မတုံ့ပြန်နိုင်ပဲ ကူရာမဲ့စေခဲ့သည်။ သူ၏ ရင်အတွင်းမှ အမျက်ဒေါသများကို မည်သို့မှ မထိန်းချုပ်ထားနိုင်တော့ပေ။

သို့သော်လည်း အရှေ့ပင်လယ် အပေါ်မှ ကောင်းကင်ရှိ နယ်နိမိတ် လမ်းကြောင်း၏ ဝင်ပေါက်အနီးတွင် ရွှမ်းလီသည် ရုတ်တရက် ထရပ်လိုက်သည်။ သူမ၏ ညာလက်ကို မြှောက်လိုက်ရာ အလင်းတန်း တစ်တန်းက လည်ပတ်လာ၍ ဓားရှည်တစ်ချောင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူ၏ ဓားသွားအပေါ်တွင် တစ်ယောက်သည် ပျက်စီးမှုများ အဖြစ်သို့ ပြောင်းလဲနေသည်နှင့် တူနေသော ဝေဝါးသည့် အရောင်များကို တွေ့နေနိုင်သည်။

+

ထိုခါး၏ ထိပ်ဖျားအနီးတွင် တစ်ယောက်သည် အဖြူနှင့် အနက်ရောင် အလင်းတန်း နှစ်စက်ကို တွေ့နေနိုင်သည်။ ခါး၏ ထိပ်ဖျားအနီးတွင် လည်ပတ်နေရင်း သူတို့၏ စွမ်းအားများသည် မြင်ရသော သူတိုင်းကို ကြောက်ရွံ့စေခဲ့သည်။

ရှမ်းလီသည် အရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်ကာ ကမ္ဘာအကြားမှ နယ်နိမိတ် လမ်းကြောင်းမှ တဆင့် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ဝင်သွားခဲ့သည်။

ထိုအချိန်တွင် သူမသည် သူမ၏ ခါးကို မြှောက်လိုက်ကာ ခုတ်ချလိုက်လေသည်။

## စာစဥ် ၇၂ : အပိုင်း ၁၉

+

# အပိုင်း ၁၄၇၉ : ခုခံ၍ မရနိုင်သော အရှိန်အဝါ

မဟာကမ္ဘာ အတွင်းတွင် တစ်ယောက်သည် ထိန်းချုပ်၍ မရသော သေမင်းနှင့် ဖျက်ဆီးမှု အရှိန်အဝါများကို အာရုံခံနိုင်ခဲ့သည်။ အရာအားလုံးတို့သည် ရွှမ်းလီက သူမ၏ လက်အတွင်းတွင် ကိုင်ဆောင်ထားသော ဓားအတွင်းတွင် စုစည်းနေခဲ့သည်။

သူတို့သည် အသွင်မဲ့ ချီတိုင်လုံး တစ်ခုအဖြစ်သို့ ပြောင်းသွားကြပြီး အကောင်အထည် ပေါ်လာကြသော အခါ ကမ္ဘာဖျက်နိုင်သည့် ထက်မြက်မှု တစ်ခုအဖြစ်သို့ ပြောင်းသွား၍ အရာအားလုံးတို့သည် ပျက်စီးတော့မည်ပုံ ပေါက်နေခဲ့သည်။

+

ရွှမ်းလီသည် သူမ၏ ဓားကို ဓားအိမ်အတွင်းမှ ထုတ်လိုက်သော အခါ ထူးခြားဆန်းကြယ်၍ အာရုံမခံနိုင်သော ဓားအလင်းတန်း တစ်တန်းသည် ဟင်းလင်းပြင်အား ဖြတ်တောက်သွားခဲ့သည်။ သူ၏ ပစ်မှတ်မှာ မူလနဂါး ဘုရင်ပင် ဖြစ်သည်။

သူမ၏ ဓားကြောင့် ယင်ပင်လယ် အပေါ်မှ တိမ်တိုက်နှင့် မီးခိုးငွေ့များသည် လွင့်ပြယ်သွားကြသည်။ မဟူရာ ပင်လယ် အတွင်းတွင် ဧရာမ လှိုင်းလုံးတစ်လုံး ထကြွလာကာ ကြယ်စင်ပင်လယ် အတွင်းမှ ကြယ်များက ပျက်စီးသွားကြသည်။ ဟင်းလင်းပြင် ပင်လယ် အတွင်းတွင် လေပြင်းမုန်တိုင်းများက တစ်ဟူးဟူး တိုက်နေကြသည်။

+

တောင်ပိုင်း တောရိုင်းဒေသ အတွင်းတွင်
အက်ကွဲကြောင်းများက စတင်၍ ပေါ်လာကာ ငရဲကမ္ဘာ
ပင်လယ်အတွင်းမှ ကပ်ဆိုးများစွာတို့ ပေါ်လာကြသည်။

ရွှမ်းလီ၏ ခေးသည် ပင်လယ် ငါးခုစလုံးတို့ထံ၌
မုန်တိုင်းများ ဖြစ်ပေါ်စေခဲ့သည်။ ထိုခေးသည်
အမှန်တကယ်ပင် အစွမ်းထက်လှသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ
ဟင်းလင်းပြင်သည် ပွင့်သွား၍ ရောမ ရွှေရောင်နဂါး
တစ်ကောင် ပေါ်လာခဲ့ကာ ထိုနဂါး၏ ခန္ဓာကိုယ်မှ နေ၍
အလင်းတန်းများစွာ လည်ပတ်နေသည်ကို
တွေ့နိုင်ခဲ့သည်။ ပြီးတာနှင့် သူတို့သည် မဟာကမ္ဘာ
အတွင်းမှ အရပ်မျက်နှာ ရှစ်ဘက်စလုံးထံသို့
ကျယ်ပြန့်လာခဲ့သည်။

+

ထိုနတ်နဂါးသည် ရွှမ်းလီ၏ ခေါးထံမှ အရာအားလုံးတို့ကို ဖျက်ဆီးနိုင်ရန် လုံလောက်နေသည့် ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ခံစားခဲ့ရ၍ သူ၏ မျက်လုံးအစုံမှာ မည်းမှောင်သွားခဲ့သည်။

သူ၏ နဖူးပေါ်မှ ရုပ်ပုံတစ်ခု လင်းလက်လာကာ သူ၏ ခန္ဓာကိုယ်သည် အနက်ရောင် အလင်းတန်း များဖြင့် လင်းလက်နေသည့် ရွှေရောင်ရေ အမြောက်အမြားတို့ဖြင့် စိုရွှဲသွားခဲ့သည်။

သူ့အနောက်တွင် အလင်းတန်း ပုံရိပ်တစ်ခု ပေါ်လာကာ မဟူရာ ပင်လယ်၏ လှိုင်းလုံးများသည် ထကြွ လှုပ်ရှားနေ၍ မျက်စိ ကျိန်းလုမတတ် အလင်းတန်းများက အဆက်မပြတ်

+

လင်းလက်နေကြသည်။ သို့သော်လည်း ဤအခမ်းအနားသည် သူ့အား မဟူရာ ပင်လယ်အတွင်းသို့ ပြန်ပို့နေခြင်း မဟုတ်ပဲ သူ၏ ခန္ဓာကိုယ် အပေါ်သို့ ရေများစွာ သွန်းလောင်းပေးခဲ့ကာ နဂါး စွမ်းအားများကို တိုးမြှင့်ပေးခဲ့သည်။

အနက်ရောင် အလင်းတန်းများဖြင့် လင်းလက်နေသော ရွှေရောင် ပင်လယ်ရေများသည် စတင်၍ ပြောင်းလဲလာကြသည်။ သူ၏ အရောင်များသည် ပြောင်းပြန် ဖြစ်သွား၍ မကြာမီပင် ပင်လယ်ရေသည် အနက်ရောင် ပြောင်းသွားပြီး ရွှေရောင် အလင်းတန်းများဖြင့် လင်းလက်လာသည်။

ရွှေရောင် အလင်းတန်းများဖြင့် လင်းလက်နေသော ရွှေရောင် ပင်လယ်ရေများသည် မူလနဂါး ဘုရင်ကို ဖုံးလွှမ်းသွားသော အခါ  သူ၏ စွမ်းအားများသည်

+

ဆတက်ထမ်းပိုး တိုးတက်လာ၍ ပင်လယ်ရေ
အတွင်းတွင် တစ်ယောက်သည်
ကြယ်အလင်းတန်းများကို တွေ့နေနိုင်သည်။ မူလနဂါး
ဘုရင်သည် ရွှေရောင် ကြယ်စင်များဖြင့်
လင်းလက်နေသည့် နဂါးငွေ့တန်း၏ အလယ်တွင်
ရှိနေသကဲ့သို့ ဖြစ်နေသည်။

နဂါးသည် ဟိန်းဟောက်လိုက်ရာ ရွှေရောင် အလင်းတန်း
တစ်တန်းသည် သူ၏ ပါးစပ်ထံမှ ထွက်လာခဲ့သည်။
မဟူရာ ပင်လယ်ရေများ ထကြွလာ၍ ကြယ်များစွာတို့
အပါအဝင် အရာအားလုံးတို့သည် ကောင်းကင်အတွင်းမှ
ရွှေရောင် မြစ်အဖြစ်သို့ ပြောင်းသွားကြသည်။
အတူတကွပင် သူတို့သည် ရွှမ်းလီထံမှ
ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းနှင့်
ထိတွေ့သွားခဲ့သည်။

+

မဟာကမ္ဘာ အတွင်းတွင် အလင်းတန်းများက ဟင်းလင်းပြင် အတွင်း၌ စတင် ပေါ်လာခဲ့၍ အကုန် ပျက်စီးသွားကြသည်။ ရုတ်တရက်ပင် တစ်ယောက်သည် ကျယ်လောင်သော ကြောက်မက်ဖွယ်ရာ ညည်းညူသံ တစ်ခုကို ကြားနိုင်ခဲ့သည်။

ထိုညည်းညူသံသည် အစတွင် အလွန်အမင်းကို စူးရှလှကာ တဖြည်းဖြည်း ပို၍ပို၍ တိုးလာခဲ့သည်။

ရွှေရောင် မြစ်သည် အလွန်အမင်း တောက်ပလှသော်လည်း သူ့ထံတွင် သန်မာသော ဖျက်ဆီးလိုနေသည့် ဆန္ဒတစ်ခု ပါနေသည်။ သူသွားခဲ့သော နေရာတိုင်းတွင် မဟာကမ္ဘာ အတွင်း၌ ဖျက်ဆီးနိုင်သည့် အမာရွတ် တစ်ခုကို ချန်ထားခဲ့သည်။

+

ဤကဲ့သို့သော စွမ်းအားရှိသည့် နဂါးမှာ နဂါး မျိုးနွယ်စုတို့၏ ခေါင်းဆောင်ဖြစ်၍ ကြမ္ဘာပန်းတိုင် ဒုတိယ ကပ်ဘေးအား ရင်ဆိုင်ထားပြီးသော တစ်ကောင်တည်းသော နဂါးဖြစ်သည့် မူလနဂါး ဘုရင် ဖြစ်သည်။

သို့ရာတွင် သူ၏ ပြိုင်ဘက်သည် သူ့ထက်ပင် ပို၍ ဖျက်ဆီးနိုင်စွမ်း အားကောင်း၍ ခက်ထန် ကြမ်းတမ်းကာ ရက်စက်လှပေသည်။

ရွှမ်းလီ၏ဓား ညွှန်ပြခဲ့သည့် နေရာတိုင်းတွင် ကြောက်မက်ဖွယ်ရာ အလင်းတန်းများသည် ရွှေရောင်မြစ်အား အပိုင်းပိုင်း အစစ အဖြစ်သို့ ပြောင်းသွားစေခဲ့သည်။ အစွမ်းထက်သော ရွှေရောင် အလင်းတန်းများ လင်းလက်နေသည့်

+

အနက်ရောင်ရေများ၊ မိစ္ဆာနဂါး အရှိန်အဝါနှင့် ကြယ်စင်များစွာတို့ အားလုံးသည် ပျက်စီးသွားကြလေသည်။

ညည်းညူသံသည် ရုပ်တန့်သွား၍ အသံမဲ့သွားကာ မည်သည့် အရာကိုမှ မကြားရတော့ချေ။

ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းသည် မူလနဂါးဘုရင် တည့်တည့်ထံသို့ ဝင်လာခဲ့ကာ သူ့အား ကာကွယ်ထားသည့် အနက်ရောင် ပင်လယ်ရေများနှင့် ရွှေရောင် အလင်းတန်းတို့အား ပိုင်းဖြတ်ခဲ့သည်။ သူသည် မိစ္ဆာ အရှိန်အဝါ များကို ပိုင်းဖြတ်ခဲ့သလို အစွမ်းထက်သော သူ၏ ရုပ်ကိုယ်ခန္ဓာ ကိုပါ ပိုင်းဖြတ်ခဲ့သည်။

+

သူသည် အမှန်ပင် ဖျက်ဆီး၍ မရနိုင်ပဲ အလွန်အမင်း အစွမ်းထက်လှပေသည်။

မူလနဂါး ဘုရင်သည် အသံတိုးတိုးဖြင့် ဟိန်းဟောက်လိုက်သည်။ သူ့အနောက်မှ အနက်ရောင် ပင်လယ် ပုံရိပ်သည် ထကြွ လှုပ်ရှားလာ၍ တောင်များကဲ့သို့ ကြီးမားသော ဆူနာမီ လှိုင်းလုံးများ ရိုက်ခတ်လာကာ အရာအားလုံးတို့သည် ကစဉ့်ကလျား ဖြစ်သွားကြသည်။

ရွှေရောင် အလင်းတန်း အနက်ရောင် ရေများသည် ပို၍ပို၍ ထူထဲလာကာ မူလနဂါး ဘုရင်အား မဟူရာ ပင်လယ် အတွင်းသို့ ပြန်လည်၍ ဆွဲခေါ်လိုနေခဲ့သည်။ သို့သော်လည်း ဤအရာသည် သူသည် ရွှမ်းလီ၏ တိုက်ခိုက်မှုကို ခံခဲ့ရ၍ ဒဏ်ရာရသွားသည့် အချက်ကိုမူ မပြောင်းလဲနိုင်ခဲ့ပေ။ မဟာလွင်တီးခေါင် ကုန်းမြေ

+

တလျှောက်တွင် ရွှေရောင် နဂါးသွေးများသည်
ကောင်းကင်ပေါ်မှ နေ၍ ကျဆင်းလာခဲ့သည်။

ရွှမ်းလီသည် ကောင်းကင်နှင့် မြေကြီး အကြားတွင်
တည်ငြိမ်စွာဖြင့် ရပ်နေ၍ သူမ၏ မျက်လုံးများသည်
အေးစက်၍ ခံစားချက် ကင်းမဲ့နေကာ မည်သည့်
ပြောင်းလဲမှုမှ မရှိခဲ့ပေ။

အရှေ့ပင်လယ်တွင်လည်း ပြင်းထန်သော
ပြောင်းလဲမှုများ စတင် ဖြစ်ပေါ်လာသည်။
ကောင်းကင်နှင့် မြေကြီးတို့က တုန်ခါသွားခဲ့ကာ
စူတောင်တွင် ရှိနေကြသောသူ အားလုံးတို့က
ခံစားနိုင်ခဲ့ကြသည်။

+

ရှီထျန်းဟောင်သည် တစ်စုံတစ်ခုက မှားနေသည်ဟု
မတွေးနေခဲ့ပဲ သူ၏ ရောမ ခန္ဓာကိုယ်ကြီးသည်
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတဘက်သို့
လှည့်ကြည့်လိုက်သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏
မျက်နှာပေါ်တွင် လေးနက်သော အမူအရာ တစ်ခု
ပေါ်လာသည်။ သူသည် ထာဝရ ဖြစ်တည်မှု တစ်ခုကဲ့သို့
ထင်နေရသော ရှီထျန်းဟောင်ထံသို့ ကြည့်နေခဲ့သည်။

နောက်ဆုံးတွင် သူသည် ညည်းတွားလိုက်ကာ သူ၏
ခန္ဓာကိုယ်က လင်းလက်လာသည်။ သူသည်
ရှီရှင်းယွမ်အား စွန့်ခွာလိုက်၍ ကောင်းကင်ပေါ်သို့
ခုန်တက်ရန် ဟန်ပြင်လိုက်သည်။

+

သို့သော်လည်း ရှီထျန်းဟောင်၏ ခေါင်းပေါ်မှ အလင်းတန်းများ လင်းလက်လာ၍ ကောင်းကင်ပေါ်မှ မြို့တော်နှင့် ရွှေရောင်လူသား ၁၂ယောက်တို့သည် သူ၏ ခေါင်းပေါ်မှ ပျံသန်း ထွက်ပေါ်လာကြသည်။ ဟင်းလင်းပြင် အတွင်းတွင် ရွှေရောင်လူသား ၁၂ယောက်တို့သည် နတ်ဗိုလ်ချုပ် ၁၂ပါးတို့ အဖြစ်သို့ ပြောင်းသွားကြသည်။

အတူတကွပင် သူတို့က ဟိန်းဟောက်လိုက်ကြသည်။ "ရှန်(နတ်ဘုရား)၊ ရှူ (ဟင်းလင်းပြင်)၊ ရီ (ဓာတ်)၊ ဆော် (ပေါ်ပေါက်ခြင်း)၊ ချန် (နတ်ခန္ဓာကိုယ်)၊ ရီ (မူတည်ခြင်း)၊ ကန်း (စုံ)၊ ထျန်း (ကောင်းကင်)၊ ဇူ (အားလုံး)၊ လွမ် (ကစဥ့်ကလျား)၊ ကျဲ (အားလုံး)၊ ဖူ (ကျဆင်းခြင်း)"

+

နတ်ဗိုလ်ချုပ် ၁၂ပါးတို့၏ ပုံရိပ်များသည် ဟင်းလင်းပြင် အတွင်းတွင် အလင်းတန်း ဘောလုံး ၁၂လုံးတို့ အဖြစ်သို့ ပြောင်းသွားကြသည်။

ပြီးတာနှင့် သူတို့သည် အတူတကွ စုစည်းလာကြကာ ကြည်လင်သော ကောင်းကင်တစ်ခု အဖြစ်သို့ ပြောင်းသွားကြသည်။ သူတို့သည် နတ်ကောင်းကင် ဝင်္ကပါကို ဖန်ဆင်းလိုက်ကာ ကောင်းကင်ပေါ်မှ မြို့တော်နှင့် အတူတကွ ပေါင်းစည်းသွား၍ သူတို့၏ စွမ်းအားများကို အစွမ်းကုန် မြှင့်တင်ခဲ့ကြသည်။

မဟာကောင်းကင်ဘီးသည် ထပ်ဖန်တစ်ခါ မြင့်တက်လာကာ နတ်ကောင်းကင် ဝင်္ကပါနှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့၏ အပေါ်တွင် နေရာယူလိုက်သည်။ လေထုအလယ်တွင် မြင့်မားစွာ ရပ်တည်နေပြီး ကမ္ဘာ များစွာတို့အား ထိုးဖောက်သွားကာ

+

အလင်းတန်းများသည် ကမ္ဘာ တစ်ခုလုံးဟု
ထင်နေရသည့် အလင်းတန်းဘီး၏ အနားတွင်
လည်ပတ်နေကြသည်။

ဘီးသည် လည်ပတ်နေရင်း ကောင်းကင်အတွင်းတွင်
အချုပ်နှောင်ခံနေရသည့် အရာအားလုံးတို့သည်
အဆက်မပြတ် ကျယ်ပြန့်လာသည်နှင့် တူနေခဲ့သည်။
သူသည် နတ်ဘုရား နယ်မြေ တစ်ခုလုံးအား
လွှမ်းခြုံလိုနေသကဲ့သို့ ဖြစ်သည်။

ရှိနေကြသောသူ တစ်ယောက်ကမှ ကိုယ်တိုင်ကိုယ်ကျ
မတွေ့ဖူးခဲ့သော်လည်း အားလုံးတို့ အရှေ့မှ
မြင်ကွင်းသည် ရှေးဟောင်းခေတ်မှ
ကောင်းကင်တံခါးဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော
ထျန်းတိခုံးနှင့် တူနေခဲ့သည်။

+

ဤအချိန်တွင် အားလုံးတို့၏ အရှေ့တွင်
ပေါ်လာခဲ့သည်မှာ ထျန်းတိခုံး မဟုတ်ပဲ ပို၍ပင်
အစွမ်းထက်နေသည့် စွမ်းအားတစ်ခုပင် ဖြစ်သည်။

အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ
ရှိနေသေး၍ ကျင့်ကြံမှု စံနှုန်းများ အရ အလွန်အမင်း
ငယ်နေသေးသည့် ကျင့်ကြံသူ တစ်ယောက်သည်
အတိတ်မှ ကောင်းကင်တံခါးဂိုဏ်းကပင် မယှဉ်နိုင်သည့်
စွမ်းအားများကို ပိုင်ဆိုင်ထားသည်။

အစွမ်းထက်လှသော မဟာကောင်းကင်ဘီး၊
ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင်
ဝက်ပါတို့ အားလုံးသည် အတိတ်ကနှင့် ယှဉ်လိုက်လျှင်
ကွဲပြား ခြားနားနေကြသည်။ သူတို့သည် သူတို့၏

+

အထွတ်အထိပ် အခြေအနေသို့
မရောက်ခဲ့ကြသေးသော်လည်း သူတို့၏
အရှိန်အဝါများသည် ပို၍ ထူးခြား ဆန်းကြယ်ကာ
အစွမ်းပိုထက်လာခဲ့သည်။

ရှီထျန်းဟောင်သည် ကောင်းကင် ဂရန်းမာစတာ
မဟာပဏ္ဍိတအား အေးစက်စွာဖြင့် ကြည့်နေ၍
သူ့ခေါင်းအပေါ်မှ ကောင်းကင်သည် ဖြည်းဖြည်းချင်း
ကျယ်ပြန့်လာကာ ကြီးစိုးနိုင်သော စွမ်းအားတစ်ခုသည်
နေရာအနှံ့ ထိုးဖောက်သွားလေသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၏
လွတ်မြောက်ရန် အကြံအစည်သည် နှေးကွေးသွား၍
သူသည် ယခင်ကကဲ့သို့ မမြန်တော့ပေ။

+

သူ၏ ရင်သည် လေးလံသွား၍ မဟာကောင်းကင်ဘီး၏ အရိပ်သည် သူ့အရှေ့တွင် လက်ကနဲ ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ သူသည် ပျောက်ကွယ်သွား၍ ခဏအကြာတွင် သူ့ခေါင်းပေါ်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ပြီးတာနှင့် ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့၏ အင်အားဖြည့်မှုကို ခံထားရသည့် မဟာကောင်းကင်ဘီးသည် သူ၏ ခေါင်းပေါ်သို့ ကျဆင်းလာခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် လက်သီးဖြင့် ထိုးလိုက်၍ မဟာကောင်းကင်ဘီးအား ရင်ဆိုင်လိုက်သည်။ ဤအရာသည် သူ့အား အပေါ်သို့ မြင့်တက်နေမှုကို ကာကွယ်ခဲ့၍ သူသည် ဘာမှ မတတ်နိုင်ပဲ အောက်သို့ ပြန်ကျလာခဲ့သည်။

+

မဟာကောင်းကင်ဘီးသည် ဟင်းလင်းပြင် အတွင်းတွင် ကွယ်ပျောက်သွား၍ လျင်မြန်စွာဖြင့်ပင် သူ၏ အရှေ့တွင် ပြန်လည် ပေါ်ပေါက်လာခဲ့သည်။

မဟာကမ္ဘာ အတွင်းတွင် အစွမ်းထက်သော အင်အားတစ်ခုသည် တုန်ခါသွား၍ အစွမ်းထက်သော နတ်ကောင်းကင် ၀င်္ကပါအောက်တွင် သူသည် နေရာတကာတွင် ရှိနေသကဲ့သို့ ထင်နေရသည်။ သူသည် တစ်စုံတစ်ယောက်၏ စိတ်ဖြင့် အထိန်းချုပ် ခံနေရသည့် အတိုင်း ရွှေ့လျားနေ၍ အစွမ်းထက်ရုံသာ မက လျင်လည်း လျင်မြန်လှသည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်ကလည်း သူ၏ မူလနေရာမှ ပျောက်ကွယ်သွား၍ လျင်မြန်စွာဖြင့်ပင်

+

မဟာကောင်းကင်ဘီး၏ ဘေးတွင် ပြန်ပေါ်လာသည်။ သူသည် မဟာကောင်းကင်ဘီးအား မြှောက်လိုက်၍ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတဘက်သို့ ထုချလိုက်သည်။

ရှီရှင်းယွမ်၏ ဒဏ်ရာများသည် မသေးလှချေ။ သို့သော်လည်း သူမသည် သူမအောက်မှ နဂါးအား ထိန်းချုပ်နိုင်စွမ်း ရှိနေသေး၍ သူတို့ နှစ်ယောက်စလုံးသည် လေထုအပေါ်သို့ တက်လာခဲ့သည်။ ရှီထျန်းဟောင်နှင့် အတူ သူမကလည်း ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား တိုက်ခိုက်လိုက်သည်။

မဟူရာ ပင်လယ်၏ အလင်းတန်း ပုံရိပ်အား ထိန်းချုပ်ထားခဲ့သော မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းသည် ပင်လယ်ရေများ၏

+

ဝါးမျိုခြင်းကို ခံခဲ့ရ၍ ရောင်စဉ်ခုနစ်သွယ်
အလင်းတန်းက ပျောက်ကွယ်သွားရုံ မက သစ်ကိုင်း
ကိုယ်တိုင်ကလည်း တစ်ခါမှ မရှိခဲ့သကဲ့သို့
ကွယ်ပျောက်သွားခဲ့သည်။

မဟူရာ ပင်လယ် အခမ်းအနားအား ထပ်ဖန်တစ်ခါ
အသက်ပြန်သွင်းနိုင်ခဲ့သော်လည်း သူသည်
ငြိမ်သက်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူ၏ အဓိက ပစ်မှတ်ဖြစ်သော
မြေနဂါးဘုရင်သည် တိုက်ပွဲတွင် ကျဆုံးသွားပြီ ဖြစ်၍
ဟင်းလင်းပြင် အတွင်းတွင် လွင့်မျောနေသော သူ၏
ရောမ အလောင်းကြီးသည် ဖြည်းဖြည်းချင်း
ကျဆင်းလာခဲ့သည်။

+

အခြားတစ်ဘက်တွင် ရှန်နဂါးဘုရင်၏ မျက်လုံးများ အတွင်းတွင် ထိန်းချုပ်၍ မရနိုင်သော ကြေကွဲမှုနှင့် အမျက်ဒေါသတို့ကို မြင်နေရကာ သူ၏ မိစ္ဆာစွမ်းအားများသည် အမြင့်ဆုံး အထိ ရောက်သွားခဲ့သည်။

သက်ရှည်ကြာပန်း ထိုင်ခုံ အပေါ်တွင် ထိုင်နေသော ဂူကျွန်းသည် သူနှင့် ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။ သူသည် ရှန်နဂါးဘုရင်က သူ၏ စွမ်းအားများ အားလုံးကို ရုတ်တရက် ထုတ်ဖော်ခြင်း မပြုနိုင်ရန် ကြိုးစား၍ ထိန်းချုပ်နေခဲ့သည်။

စူတောင်မှ အခြေအနေသည် လုံးဝပင် ပြောင်းလဲသွားခဲ့သည်။

+

မြေနဂါးဘုရင်အား သတ်ဖြတ်ခဲ့အပြီးတွင် ရှီထျန်းဟောင်နှင့် သူ၏ ရဲဘော်ရဲဘက်များကလည်း ဒဏ်ရာများ အပြင်းအထန် ရရှိသွားသည်။ သို့သော်လည်း သူ၏ ပြိုင်ဘက်ဖြစ်သော ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကလည်း ဒဏ်ရာ ရနေခဲ့သည်။ မြေနဂါးဘုရင်အား ကယ်တင်ရန် ကြိုးစားခဲ့သော ရှန်နဂါးဘုရင်ကလည်း ဂူကျွန်း၏ လက်ချက်ကြောင့် ဒဏ်ရာ ရသွားခဲ့သည်။

အစောပိုင်းက လူသားများသည် အန္တရာယ် ကြီးမားသော အခြေအနေသို့ ကျရောက်နေခဲ့သော်လည်း ရှီထျန်းဟောင်က မြေနဂါးဘုရင်အား သတ်ဖြတ်ပြီးသွားသော အခါ အရာအားလုံးတို့က ပြောင်းလဲသွားခဲ့သည်။

+

အကယ်၍ သူတို့က အပြင်းအထန် တိုက်ခိုက်ခဲ့လျှင် မိစ္ဆာများသည် သူသေကိုယ်သေ ပြန်လည် ခုခံကြမည် ဖြစ်သည်။ ဤသို့ဆိုလျှင် လူသားများဘက်ကလည်း ကြီးမားစွာ ပြန်လည် ပေးဆပ်ရပေမည်။ သို့သော်လည်း အချိန်ဆွဲ၍ တိုက်ခိုက်ခြင်းသည် ဂူကျွန်းနှင့် ကျန်သောသူများကို ပို၍ အကျိုးရှိစေခဲ့သည်။

ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် တိုက်ပွဲက အချိန် ကြာလာသည်နှင့် အမျှ သူတို့၏ ဒဏ်ရာများသည် ပို၍ပို၍ ပြင်းထန်လာခဲ့သည်။ သို့သော်လည်း သူတို့သည် လုံးဝ နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိခဲ့ပေ။ ကောင်းကင် ဖွင့်လှစ်ခေးနှင့် တကွ သူတို့သည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား စူးစိုက် ကြည့်နေခဲ့ကြသည်။

+

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်နှာသည် ကြည့်ရဆိုးနေခဲ့ကာ ယခုအချိန်တွင် မည်ကဲ့သို့ လုပ်ရမှန်း မသိ ဖြစ်နေခဲ့သည်။

မြေနဂါးဘုရင်သည် သေဆုံးသွားပြီ ဖြစ်ကာ မူလနဂါး ဘုရင်ကလည်း ရွှမ်းလီ၏ ချုပ်နှောင်ခြင်းကို ခံနေရသည်။ သူတို့၏ အခြေအနေသည် အလွန်တရာမှ အန္တရာယ် ကြီးမားနေခဲ့ပြီ ဖြစ်သည်။

သူသည် ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့အား ကြည့်လိုက်၍ သူ၏ မျက်နှာပေါ်တွင် မလိုမလား ဖြစ်နေသည့် အကြည့်တစ်ချက် ပေါ်လာသည်။ ကောင်းကင် ဖွင့်လှစ်ဓား ရှိနေခဲ့သော်လည်း စူတောင်သည် အားအနည်းဆုံး အခြေအနေသို့ ရောက်နေခဲ့သည်။ အကယ်၍ သူသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် ပူးပေါင်း

+

တိုက်ခိုက်ခဲ့ပါက သူတို့အား အပြီးတိုင် ချေမှုန်းနိုင်စွမ်း ရှိမည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် အရာအားလုံးတို့သည် အိမ်မက်တစ်ခုကဲ့သို့ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

သူ့အားပို၍ စိတ်ပျက်စေခဲ့သည့် အချက်မှာ အကယ်၍ သူသည် ယနေ့ အခွင့်အရေးအား လက်လွှတ်ခဲ့ရပါက အနာဂတ်မှ အခွင့်အရေးများသည် ပို၍ မှေးမှိန်သွားတော့မည် ဖြစ်သည်။

မိစ္ဆာလေးကောင်တို့သည် စူတောင်အပေါ်သို့ ဆင်းသက်လာသည့် မြင်ကွင်းကို ပြန်လည် တွေးတောမိသော အခါ အနီရောင် ဂေါ်ရီလာ

+

မဟာပဏ္ဍိတသည် ဘာမှ မတတ်နိုင်ပဲ သူ၏
ရင်အတွင်းမှ ဒေါသ အလိပ်လိပ် ထွက်လာလေသည်။

သို့သော်လည်း အကယ်၍ သူသည် ဤကဲ့သို့သာ
ဆက်လက် တိုက်ခိုက်နေပါက သူနှင့် အတူ
လူသားအချို့တို့အား အပါ ခေါ်သွားနိုင်မည်
ဖြစ်သော်လည်း သူတို့သည် မြေနဂါးဘုရင်နှင့် အတူ
ကျဆုံးသွားခဲ့နိုင်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ကောင်းကင်
အပေါ်သို့ ဟိန်းဟောက်လိုက်၍ နောက်လှည့်လိုက်ကာ
ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့ထံမှ
ထွက်သွားလိုက်သည်။

+

ကောင်းကင် ဖွင့်လှစ်ခြား၏ ခြားအလင်းတန်းသည် တောက်ပလာ၍ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ အနောက်သို့ လိုက်ဖမ်းလိုက်သည်။ သို့သော်လည်း သူသည် သူ၏ မိစ္ဆာစွမ်းအားများအား ထွက်ပြေးရန် အတွက် အစွမ်းကုန် အသုံးချလိုက်သည်။

သူသည် ကောင်းကင်အပေါ်သို့ ပျံသန်းသွားရင်း မီးတောက်နေသော သူ၏ လက်သည်း လေးဘက်တို့သည် သေးငယ်သော မီးစလေးများကို ချန်ထားခဲ့သည်။ နတ်ကောင်းကင် ဝင်္က်ပါ ရှိနေသော်လည်း သူသည် ဟင်းလင်းပြင် အတွင်း၌ လမ်းကြောင်းတစ်ခုကို ဖောက်နိုင်ခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကလည်း အပေါ်သို့ ပျံတက်လာကာ အနီရောင် ဂေါ်ရီလာ

+

မဟာပဏ္ဍိတ ဖွင့်ထားသော လမ်းကြောင်းမှ တဆင့် ထွက်သွားခဲ့သည်။

ရှန်နဂါးဘုရင်၏ အမူအရာသည် အေးစက်နေသော်လည်း သူသည်လည်း ဘာမှ ရွေးချယ်ခွင့် မရှိပဲ ထွက်သွားခဲ့ရသည်။

သို့သော်လည်း ရှီထျန်းဟောင်သည် သူ၏ မဟာကောင်းကင်ဘီးနှင့် အတူ လူဝံနှစ်ကောင်တို့ အနောက်သို့ လိုက်သွားခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် ရှင်းလုံစန်း၊ ထျန်းကန်း ခေးမာစတာ၊ ရှီရှင်းယွမ်နှင့် ဂူကျွန်းတို့သည် အနောက်မှ ထပ်ကြပ်မကွာ လိုက်သွားကြကာ မိစ္ဆာများကို လိုက်လံ

+

တိုက်ခိုက်ခဲ့ကြသည်။ သူတို့သည် ဤအခွင့်အရေးအား လက်လွှတ် မခံလိုနေကြပေ။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတက မဲ့ပြုံးပြုံး၍ ပြောလိုက်သည်။ "ငရဲကမ္ဘာ ပင်လယ်အထဲက မင်းတို့လူအတွက်ကိုသာ စိတ်ပူနေကြပါ"

## စာစဉ် ၇၂ : အပိုင်း ၂၀

## အပိုင်း ၁၄၁၀ : ပခုံးတစ်ဘက်အား ရိုက်ချိုးခြင်း

မူလနဂါး ဘုရင်သည် ရွှမ်းလီကြောင့် မဟူရာ ပင်လယ်အတွင်းသို့ ပြန်ဝင်သွားရကာ မြေနဂါးဘုရင်သည် ရှီထျန်းဟောင်၏ သတ်ဖြတ်ခြင်းအား ခံခဲ့ရသည်။ ကောင်းကင်

+

ဂရန်းမာစတာ မဟာပဏ္ဍိတ၊ ရှန်နဂါးဘုရင်နှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ကလည်း ဒဏ်ရာများ အသီးသီး ရရှိထားကြသည်။ ယခုအချိန်တွင် ရှီထျန်းဟောင်က သူတို့အနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့ရာ သူတို့က နောက်ဆုတ်ရုံသာ တတ်နိုင်ခဲ့သည်။

ရှီထျန်းဟောင်သည် မဟူရာကောင်းကင် ရတနာသစ်ပင်ထံမှ သစ်ကိုင်းတစ်ခုကို အသုံးပြု၍ မဟူရာ ပင်လယ် အခမ်းအနားကို ဟန့်တားကာ မြေနဂါးဘုရင်အား သတ်ဖြတ်ခဲ့သည်ကို တွေ့ခဲ့အပြီးတွင် ရှန်နဂါးဘုရင်သည် ထိုအခမ်းအနားကို နောက်ထပ်တစ်ခေါက် အသုံးမပြုရဲခဲ့တော့ပေ။

မူလနဂါး ဘုရင်သည် မဟူရာ ပင်လယ် အတွင်းသို့ ပြန်ရောက်သွားသဖြင့် အကယ်၍ အခမ်းအနားကို

+

နောက်တစ်ခေါက် ထပ်လုပ်လျှင် ပိုမို
အစွမ်းထက်လာမည် ဖြစ်သည်။ မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ကိုင်းသည် သူ့အား
ဟန့်တားရာတွင် ယခင်ကဲ့သို့ အစွမ်းထက်ချင်မှ
ထွက်ပေတော့မည်။

သို့သော်လည်း ရှန်နဂါးဘုရင်သည် မစွန့်စားလိုနေခဲ့ပေ။
အကယ်၍ ရှီထျန်းဟောင်သည် လူဝံနှစ်ကောင်အား
လျစ်လျူရှုထား၍ သူ့အား ပစ်မှတ်ထားခဲ့လျှင်
ဆုံးရှုံးခဲ့ရသည့် အချိန်များကြောင့် သူသည်
အသတ်ခံရနိုင်ခြေ ရှိသည်။

မူလနဂါး ဘုရင်က လှုပ်ရှားခဲ့လျှင်ပင် သူသည်
ရွှမ်းလီအား သတိထားနေရဦးမည် ဖြစ်သည်။
ကူရာမဲ့နေသော ရှန်နဂါးဘုရင်သည် ဘာမှ မတတ်နိုင်ပဲ
ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင်
+

ဂေါ်ရီလာ မဟာပဏ္ဍိတတို့နှင့် အတူသာ
နောက်ဆုတ်ခဲ့ရသည်။

သူတို့အနောက်မှ လိုက်ဖမ်းနေသူများကို
ခါချချင်နေသော ဗီပရာလိုပါ အဆင့်မှ
မိစ္ဆာသုံးကောင်တို့သည် တောင်ပိုင်း တောရိုင်းဒေသရှိ
ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ် လမ်းကြောင်းမှ တဆင့်
မဟာလွင်တီးခေါင် ကုန်းမြေသို့ ပြန်ရန်
မကြိုးစားနေကြပေ။ ထို့အစား သူတို့သည်
ဟင်းလင်းပြင်မှ တဆင့် မဟာကမ္ဘာ အတွင်းသို့
ပြန်ဝင်နိုင်ရန် လမ်းကြောင်းတစ်ခုကို ရှာနေကြသည်။

ရှီထျန်းဟောင်နှင့် ကျန်သောသူများသည်
သူတို့အနောက်မှ အနီးကပ် လိုက်ပါလာကြသည်။
သူတို့သည် နောက်ဆုတ်နေရင်းနှင့် တိုက်ခိုက်နေကြကာ
သူတို့၏ တိုက်ပွဲကြောင့် အနီးမှ ဟင်းလင်းပြင်များက
+

ဘာမှ မရှိလုနီးပါးအထိ ဖြစ်သွားကြသည်။ နဂါးငွေ့တန်း အတွင်းမှ မရေမတွက်နိုင်သော ကြယ်များကလည်း ပျက်စီးသွားကြလေသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် လိုက်လံ ဖမ်းဆီးခြင်းကို ခံနေရသဖြင့် အမျက်ထွက်နေခဲ့ပြီး အမုန်းတရားများဖြင့် ပြောလိုက်သည်။ "စူတောင်ကို ကူညီခြင်းအားဖြင့် မင်းတို့ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ ငရဲကမ္ဘာ ပင်လယ်ကို ဆုံးရှုံးသွားနိုင်တယ်… အဲ့ဒီအချိန်ကျမှ မင်းတို့က ပျော်နိုင်ဦးမလား ဆိုတာကို ကြည့်ရဦးမယ်"

ရှီထျန်းဟောင်သည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတအား စိုက်ကြည့်နေကာ သူက လျှောက်ပြောနေသည်ဟု မထင်ခဲ့ပေ။

+

သူတို့နှင့် တိုက်ခိုက်နေရင်း ရှီထျန်းဟောင်၏ ရင်အတွင်းတွင် မသက်မသာ ခံစားနေရသည်။ သို့ရာတွင် သူသည် တိုက်ခိုက်နေသဖြင့် အခြား အတွေးများအား ကြိုးစား၍ ဖိနှိပ်ထားခဲ့ခြင်း ဖြစ်သည်။

သူသည် စူတောင်တိုက်ပွဲတွင် ဝင်မပါခင်က သူ၏ အစ်ကိုကြီး ဖြစ်သူ ရှောင်ယန်နှင့် ဆက်သွယ်ခဲ့သည်။ သူသည် ငရဲကမ္ဘာ အတွင်းမှ မူမမှန်မှုများ အကြောင်းကို မေးခဲ့သော အခါ ရှောင်ယန်သည် အရာအားလုံးက အဆင်ပြေနေသည်ဟုသာ ပြောခဲ့၍ ဆက်သွယ်မှုအား ဖြတ်တောက်လိုက်သည်။

ဂိုဏ်းအတွင်းတွင် နှစ်ပေါင်းများစွာ အတူတကွ နေခဲ့သဖြင့် ရှီထျန်းဟောင်သည် ရှောင်ယန်၏ စရိုက်ကို

+

ကောင်းစွာ သိနေခဲ့သည်။ ဒုက္ခ အကြီးအကျယ် ရောက်နေ၍ ဖိအားများ အောက်တွင် ရောက်နေခဲ့လျှင်ပင် ရှောင်ယန်သည် သူ့ကိုယ်သူ ဖြေရှင်းနိုင်ရန် ကြိုးစားမည် ဖြစ်သည်။

သို့သော်လည်း တစ်ယောက်သည် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ စိတ်ကြိုက် ဝင်ထွက်ခြင်း မပြုလုပ်နိုင်ပေ။ မှန်ကန်သော မှော်ကျိန်စာ မရှိလျှင် တစ်ယောက်သည် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်နိုင်သည့် လမ်းကြောင်းတစ်ခုအား ရှာတွေ့ခဲ့လျှင်ပင် သူ၏ အစွမ်းထက်သော တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရမည် ဖြစ်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ရယ်ရမ်းသွေးကာ ပြောလိုက်သည်။ "ငရဲကမ္ဘာ ပင်လယ်ထက် စာရင် ဝိညာဉ်ပင်လယ် အတွင်းမှ

+

လူပိုများနေပေမဲ့ ငရဲကမ္ဘာ ပင်လယ်က ပိုပြီးမှ အလုပ်ရှုပ်နေလိမ့်မယ်… ဘာပဲပြောပြော မင်းတို့ဂိုဏ်းမှာ ရန်သူအများကြီး ရှိတာပဲ"

"ရွှေပုစဉ်းဟာ ဆရာတော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မင်းတို့ဆရာရဲ့ လက်အောက်မှာ အကြီးအကျယ် ခံစားခဲ့ရတယ်… အခုအချိန်မှာ သူက လက်စားပြန်ချေချင်နေတယ်"

ရှီထျန်းဟောင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ရွှေပုစဉ်း ဆရာတော်… ဟုတ်လား… သူက ငရဲကမ္ဘာ ပင်လယ် အတွင်းကို ဘယ်လိုဝင်မှာလဲ… စကြာဝဠာ စကျင်ဗုဒ္ဓကတောင် သူ့အတွင်းကို ဝင်ရင် အမတန်မှ သတိထားရတယ်"

+

သူ၏ ရင်အတွင်း၌ ရုတ်တရက် လှုပ်ရှားသွားသည်။
"နေပါဦး... စန်ထူဇီက ဒီနှစ်တွေ အတွင်းမှာ
ပျောက်နေခဲ့တယ်... ငါတို့ဂိုဏ်းရော ဟင်းလင်းပြင်
ဘုရားကျောင်းပါ သူ့ကို ရှာမတွေ့ခဲ့ဘူး... သူက
ဗုဒ္ဓလက်အောက်ကို ရောက်သွားတာလား"

သူက ပိုတွေးလေလေ သူ၏ အတွေးများသည် ပို၍
ရယ်စရာ ကောင်းလာလေလေ ဖြစ်သည်။ သို့သော်လည်း
စန်ထူဇီ အနေဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဟင်းလင်းပြင် ဘုရားကျောင်းတို့သာ မကပဲ
သေမင်းကေရာဇ်နှင့် ငရဲဘုန်းတော်ကြီး အစရှိသော
ရန်သူပေါင်း များစွာတို့ထံမှ ရှောင်ရှားနိုင်ခဲ့ခြင်းသည်
အမှန်ပင် ထူးဆန်းပေသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ အင်္ဂါလက်စ အတွင်းတွင်
လျှို့ဝှက်ဖဲချပ်ပေါင်း များစွာ ရှိနေသည်ကို တွေးမိသော
+

အခါ ရှီထျန်းဟောင်၏ မျက်လုံးများသည် လင်းလက်လာကာ ပို၍ လေးနက်စွာ စဥ်းစားလိုက်သည်။

သို့သော်လည်း သူ၏ အမူအရာသည် မည်သို့မှ မပြောင်းလဲခဲ့ပဲ ထူးခြားသော အမူအရာ တစ်ခုသာ ပေါ်လာ၍ နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတအား စိုက်ကြည့်နေကာ ပြောလိုက်သည်။ "ခင်ဗျားကို ကြည့်ရတာ လက်ရှိ အခြေအနေကို နားမလည်နေဘူးနဲ့ တူတယ်... ခင်ဗျားက ကိုယ့်ကိုယ်ကိုယ်သာ စိုးရိမ်နေသင့်တယ်"

ဤအထိ ပြောပြီးသည်နှင့် ရှီထျန်းဟောင်သည် အလျင်အမြန် ရောက်ရှိလာ၍ မဟာကောင်းကင်ဘီးအား သူ၏ခေါင်းပေါ်တွင် မြင့်မားစွာ မြှောက်လိုက်ကာ သူ၏ လက်ချောင်းတစ်ချောင်းဖြင့် ညွှန်ပြလိုက်သည်။

+

ပြီးတာနှင့် သူသည် လက်သီးဆုပ်လိုက်၍ အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ယု"

ရှီထျန်းဟောင်၏ လက်ရှိ ကျင့်ကြံမှု အဆင့်ဖြင့် သူ၏ ရှမ်ဟွမ် ကမ္ဘာလေးခု မှော်ကျိန်စာ အတွင်းမှ 'ယု' မှော်ကျိန်စာသည် အမှန်ပင် အစွမ်းထက်လှလေသည်။

'ယု' ကမ္ဘာ မှော်ကျိန်စာသည် နတ်ကောင်းကင် ဝင်္ကပါနှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့၏ စွမ်းအားများဖြင့် ပူးပေါင်းသွားသည်။ ကြယ်လင်နေသော ကောင်းကင်တစ်ခုသည် သူ့အနားမှ နေရာအား လွှမ်းခြုံသွားကာ ဟင်းလင်းပြင်အား အစိုင်အခဲ ဖြစ်လုနီးပါး ဖြစ်သွားစေခဲ့သည်။ မြင်ကွင်း တစ်ခုလုံးသည် အေးခဲနေသကဲ့သို့ ဖြစ်သွားသည်။

+

နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတကပင် သူ၏
လုပ်ရှားမှုများက နှေးလာသည်ဟု ခံစားခဲ့ရသည်။
သူသည် ဤမြေခွံကျိန်စာမှ ချိုးဖောက်ရန်
ကြိုးစားခဲ့သော်လည်း အလွန်အမင်း ခက်ခဲနေခဲ့သည်။

တိုက်ပွဲပေါင်း ရာနှင့်ချီ၍ တိုက်ခိုက်ခဲ့ဖူးသော
တစ်စုံတစ်ယောက် အနေနှင့် သူသည် မလှုပ်မရှားနိုင်
ဖြစ်သွားအပြီးတွင် ရှီထျန်းဟောင်၏ နောက်ထပ်
တိုက်ခိုက်မှု တစ်ခုသည် လျင်မြန်စွာဖြင့်
ကျရောက်လာတော့မည်ဟု သိနေခဲ့သည်။

သို့သော်လည်း သူမျှော်လင့်နေသော တိုက်ခိုက်မှုသည်
ကျဆင်းမလာခဲ့သဖြင့် နီရဲသော ဂေါ်ရီလာ
မဟာပဏ္ဍိတက ပဟေဠိ ဖြစ်သွားခဲ့သည်။

+

သို့သော်လည်း ရုတ်တရက်ပင် သူ၏ အဖြူရောင် သားမွေးများ အားလုံးတို့က ထောင်လာခဲ့သည်။ သူသည် အန္တရာယ် အငွေ့အသက်အား ကြီးမားစွာ ခံစားခဲ့ရသည်။

ခဏအကြာတွင် သူ၏ ပတ်ဝန်းကျင် တစ်ခုလုံးက စတင်၍ ပေါက်ကွဲလာခဲ့သည်။

ဟင်းလင်းပြင်အား ဖောက်ခွဲခြင်းသည် နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတ အတွက် ဘာမှ ထူးခြားသော အရာတစ်ခု မဟုတ်ချေ။ ဘာပဲပြောပြော သူသာမက သူ၏ လက်အောက်မှ လူဝံများကပင် ဤကဲ့သို့ စွမ်းဆောင်နိုင်ကြသည်။

သို့ရာတွင် ယခုအချိန်၌ ပေါက်ကွဲသွားသော လေဟာနယ်သည် သူရှိနေသော နေရာ အနီးအနားမှ

+

လေဟာနယ် မဟုတ်ချေ။ ထိုအစား သူရှိနေသော နေရာတည့်တည့်ပင် ဖြစ်သည်။ သူ၏ မိစ္ဆာဝိညာဉ်၏ အပါအဝင် အသွေးအသားများ အားလုံးတို့သည် တိုက်ခိုက်မှုကို ခံခဲ့ရသည်။

ဤအချိန်တွင် သူ၏ ခန္ဓာကိုယ်သည် အတွင်းမှနေ၍ အပြင်သို့ ပေါက်ကွဲတော့မည်ဟု ခံစားနေရလေသည်။

နီရဲသော ဂေါ်ရီလာ မျိုးနွယ်စုတို့၏ အထူးစွမ်းရည်မှာ လေဟာနယ်အား ထိန်းချုပ်နိုင်ခြင်း ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင် သူသည် ထိုပေါက်ကွဲမှုအား မထိန်းချုပ်နိုင်တော့ဟု ခံစားနေရသည်။

+

သူသည် သူ၏ မိစ္ဆာစွမ်းအားများကို အသုံးပြု၍ လေဟာနယ်ကို တည်ငြိမ်အောင် ကြိုးစားခဲ့သော်လည်း သူ၏ နောက်ခြေတစ်ချောင်းသည် ပြင်းထန်စွာဖြင့် တုန်ခါသွားခဲ့သေးသည်။

နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတ၏ ဘယ်ခြေတွင် အက်ကွဲကြောင်းနှင့် အမာရွတ်များကို တွေ့နေနိုင်သည်။ ထိုအက်ကွဲကြောင်းနှင့် အမာရွတ်များသည် သွေးသံရဲရဲ မဖြစ်နေကြပဲ မည်းနက်နေသည့် အပေါက်များ ဖြစ်နေကြကာ ဒိုင်မန်းရှင်း အက်ကွဲကြောင်းများနှင့် တူနေခဲ့သည်။

တစ်ယောက်သည် ထိုအက်ကွဲကြောင်းများ အတွင်းမှ မိုးခြိမ်းသံများကို ကြားနေနိုင်သည်။

+

ကြည့်ရသည်မှာ ထိုနေရာတွင် မမြင်နိုင်သော မိုးကြိုးတစ်ခုက ထစ်ချုန်းနေ၍ ဟင်းလင်းပြင် အတွင်းတွင် ပေါက်ကွဲမှုများကို ဖြစ်ပေါ်စေသည်နှင့် တူနေသည်။

နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတ၏ မျက်နှာပေါ်တွင် ကြောက်ရွံ့မှုများ ပေါ်လာသည်။ "ဒီမိုးကြိုးဟာ ငါက မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းတဲ့ အချိန်မှာ ရင်ဆိုင်ခဲ့ရတဲ့ ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးနဲ့ တူနေတယ်… ဒါပေမဲ့ ဒါက အများကြီး ပိုပြီးမှ အစွမ်းထက်တယ်… ဒါ့အပြင် ငါက သူ့ရဲ့ အရင်းအမြစ်ကို အာရုံမခံနိုင်ဘူး"

"သူက ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်း၊ ဟင်းလင်းပြင် မုန်တိုင်းတို့နဲ့လည်း တူနေတယ်… ငါက ဒါကို အရင်က တစ်ခါမှ မတွေ့ဖူးဘူး… ဒါက ဘာများပါလိမ့်…"

+

အသွင်မဲ့ မိုးကြိုးများသည် ဟင်းလင်းပြင် တလျှောက် ဟိန်းဟောက်နေကြသည်။ သူတို့သည် ဘာမှ မရှိခြင်း အဖြစ်မှ ဖြစ်ပေါ်လာကြပြီး အရိပ်အရောင် ကင်းမဲ့ကာ အမာရွတ်များကို ချန်မထားခဲ့ကြပေ။ ရှီထျန်းဟောင်၏ ထိန်းချုပ်မှုဖြင့် သူတို့သည် သူဆန္ဒရှိသည့် နေရာတွင် ပေါ်လာနိုင်ကြပြီး သူတို့အား စောင့်ကြည့်နေရန် မဖြစ်နိုင်ချေ။

ဤအရာသည် ရှီထျန်းဟောင်က အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်သွားအပြီးတွင် တီထွင်နိုင်ခဲ့သည့် သူ၏ ယင်းယွမ် ခန္ဓာကိုယ်နှင့် ကျင့်ကြံထားသော မိုးကြိုးအနွယ်ဝင် မှော်ကျိန်စာ အသစ်တစ်ခု ဖြစ်သည်။

+

သူ့ဂိုဏ်း၏ မဟာကောင်းကင် တာအိုကျမ်းစာအား အခြေခံအဖြစ် အသုံးချကာ ကောင်းကင်ကိုးလွှာ နတ်ဘုရား မိုးကြိုး၊ ကောင်းကင်ကိုးလွှာ ဒြပ်မဲ့လေပြင်း၊ ဟင်းလင်းပြင် မုန်တိုင်းတို့နှင့် တကွ သူ၏ လေဟာနယ်၊ မိုးကြိုးနှင့် မုန်တိုင်းတို့၏ နားလည်မှုကို ပေါင်းစည်းကာ ဤမှော်ကျိန်စာအား ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ သူ့အား ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီးဟု ခေါ်သည်။

မူလကောင်းကင် ကမ္ဘာအတွင်းတွင် ယခင်က ဤကဲ့သို့ မိုးကြိုး သို့မဟုတ် လျှပ်စီး ပုံစံအသစ် တစ်မျိုးမှ မရှိခဲ့ဖူးပေ။ သူ၏စိတ်ဖြင့် သူသည် ဟင်းလင်းပြင် အတွင်းမှ အရာအားလုံးတို့အား ဖျက်ဆီးနိုင်ကာ နေရာတကာတွင် ရှိနေသကဲ့သို့ ထင်နေရသည်။ သို့သော်လည်း တစ်ချိန်တည်းတွင် သူသည် အစအနပင်

+

ရှာ၍မရပဲ ရှာဖွေနိုင်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။

ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီး၏ နေရာတကာတွင် ရှိနေမှုမှာ နတ်ကောင်းကင် ဝင်္ကပါ၏ စွမ်းရည်ကြောင့် မဟုတ်ပဲ သူ၏ ကိုယ်ပိုင် အရည်အချင်း ဖြစ်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ဟိန်းဟောက်လိုက်၍ သူ၏ ခန္ဓာကိုယ်သည် ကျောက်စိမ်းဖြူရောင် အလင်းတန်း တစ်တန်းဖြင့် လင်းလက်လာသည်။ သူ၏ ခြေလက် လေးဘက်စလုံးမှ မီးတောက်များသည် အစိမ်းရောင် ပြောင်းသွားကြ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ဖုံးလွှမ်းသွားကြကာ ရှီထျန်းဟောင်၏ တိုက်ခိုက်မှုအား ထိန်းချုပ်နိုင်ရန် အကောင်းဆုံး ကြိုးစားလိုက်သည်။

+

သူသည် ရှီထျန်းဟောင်က သူ၏ အနောက်ဘယ်ခြေအား လုံးဝ ဖျက်စီးခြင်း မပြုနိုင်ရန် အတတ်နိုင်ဆုံး ကာကွယ်နေခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဤအရာသည် သူ၏ လှုပ်ရှားမှု အမြန်နှုန်းအား နှေးကွေးသွားစေသည်။

သူ၏ ညာလက်တွင် ရှီထျန်းဟောင်သည် မဟာကောင်းကင်ဘီးအား ကိုင်ဆောင်ထား၍ သူ၏ ဘယ်လက်ဖြင့် လက်သည်းပုံစံ တစ်ခုအား ဖန်ဆင်းလိုက်ကာ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ အပေါ်သို့ ကုတ်ချလိုက်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ရှောင်တိမ်းရန် ကြိုးစားနေရင်း အနည်းငယ် ဒဏ်ရာ ရသွားခဲ့သည်။

+

သို့သော်လည်း အခြားတစ်ဘက်တွင် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် ကောင်းကင် ဖွင့်လှစ်ခေးနှင့် ထျန်းကန်းရှေးဟောင်းခေးတို့အား အသီးသီး ကိုင်ဆောင်ထားကြသည်။

သူ့အား တိုက်ခိုက်နေကြရင်း သူ၏ ဆုတ်လမ်းများကို ပိတ်ထားခဲ့သဖြင့် သူသည် မရှောင်တိမ်းနိုင်တော့ပဲ ရှီထျန်းဟောင်၏ ကုတ်ဆွဲခြင်းကို ခံခဲ့ရသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်ပြီး ရှီထျန်းဟောင်အား မြဲမြံစွာ ဆုပ်ကိုင်ထားကာ သူ့အား အရှိန်နှေးသွားအောင် ပြုလုပ်လိုနေခဲ့သည်။ သို့မှသာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတက ရှီထျန်းဟောင်အား တိုက်ခိုက်နိုင်မည် ဖြစ်သည်။

+

သို့သော်လည်း ဤအချိန်တွင် ရှီထျန်းဟောင်က သူ၏ ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီးအား ထပ်ဖန်တစ်ခါ အသုံးပြုလိုက်သည်။ သူသည် ယင်းယွမ် ခန္ဓာကိုယ်၏ စွမ်းအားများကို ဖော်ပြလိုက်ကာ သူ၏ ရုပ်ကိုယ်ခန္ဓာ စွမ်းအင်များသည် ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့၏ အားဖြည့်မှုအား ခံနေရသော်လည်း သူသည် အစောပိုင်းမှ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် တိုက်ခိုက်ခဲ့စဉ်ကထက် အားနည်းနေခဲ့သေးသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတလောက် အစွမ်းမထက်သော်လည်း သန်မာသော မိစ္ဆာတစ်ကောင် ဖြစ်သည်ဟု သတ်မှတ်၍ရသည်။ အညှာအတာ

+

ကင်းမဲ့စွာဖြင့် သူသည် ရှီထျန်းဟောင်အား
တိုက်ခိုက်လိုက်သည်။

သို့သော်လည်း ရှီထျန်းဟောင်က သွားများပေါ်အောင်
ကောက်ကျစ်စွာဖြင့် ပြုံးလိုက်သည်။ ကောင်းကင်ကိုးလွှာ
ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီးသွား များစွာတို့သည်
တိတ်တဆိတ် အသွင်မဲ့စွာဖြင့် အနီရောင် ဂေါ်ရီလာ
မဟာပဏ္ဍိတ၏ ခန္ဓာကိုယ် တစ်လက်မမှ မကျန်အောင်
ပေါက်ကွဲသွားခဲ့လေသည်။

သူ၏ ခန္ဓာကိုယ်သည် ထပ်ဖန်တစ်ခါ အေးခဲသွား၍
အစိမ်းရောင် မီးတောက်များသည် ကောင်းကင်ကိုးလွှာ
ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီးအား ခုခံရန်
ကြိုးစားနေရင်း လင်းလက်နေကြလေသည်။

+

သို့သော်လည်း ဤအချိန်တွင် ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် သူ့အား စတင်၍ တိုက်ခိုက်ခဲ့ကြရာ သူသည် သူ့ကိုယ်သူသာ ကြိုးစား၍ ကာကွယ်နေခဲ့ရသည်။

အခြားတစ်ဘက်တွင် ရှီရှင်းယွမ်သည် သူမအောက်မှ ရောမ နဂါးကြီးအား အသုံးပြု၍ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတအား တိုက်ခိုက်နေကာ လာရောက် မကူညီနိုင်ရန် တားဆီးထားခဲ့သည်။

ရှီထျန်းဟောင်၏ လက်အတွင်းမှ မဟာကောင်းကင်ဘီးသည် ညှာတာမှု ကင်းမဲ့စွာဖြင့် လည်ပတ်နေသည်။ ပြီးတာနှင့် သူသည် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ ခေါင်းပေါ်သို့ ထုချလိုက်လေသည်။

+

ကြမ္မာပန်းတိုင် အဆင့်မှ ဤမှော်ရတနာသည် နတ်ဘုရား နယ်မြေ ဆေးမီးဖိုကဲ့သို့ ဆေးလုံးများကို မကျင့်ကြံနိုင်ပေ။ သူသည် သက်ရှည် ကြာပန်းထိုင်ခုံကဲ့သို့ လျှို့ဝှက်ဆန်းကြယ်၍ ခန့်မှန်းရ မခက်သလို တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်ကဲ့သို့ တိုက်ခိုက်မှု အမြောက်အမြားကို မပြုလုပ်နိုင်ပေ။ သူသည် ဟီဂန် ရွှေရောင်တံတားကဲ့သို့ လူသားတို့၏ ဦးတည်ချက်ကို မဖော်ပြနိုင်ပေ။

မဟာကောင်းကင်ဘီး၏ အထူးစွမ်းရည်သည် သူ၏ ကျယ်ပြန့်မှု ဖြစ်သည်။ သူသည် ကမ္ဘာကြီး တစ်ခုလုံးအား အသုံးပြုကာ ရန်သူအား ချေမှုန်းပစ်သကဲ့သို့ ဖြစ်သည်။

+

ကောင်းကင်များက လည်ပတ်လာသော အခါ
ပျက်စီးမှုသည် နေရာတကာတွင် ရှိနေခဲ့သည်။

ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင်
ဝက်ပါတို့ဖြင့် အစွမ်းကုန် အားဖြည့်ထားသော
အစောပိုင်းက မြေနဂါးဘုရင်အား သတ်ဖြတ်ခဲ့သည့်
မဟာကောင်းကင်ဘီးသည် စကြာဝဠာအား
ဖျက်ဆီးနိုင်သော စွမ်းအားများဖြင့် ပြန်လည်
ပြည့်နှက်လာကာ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ
အပေါ်သို့ ကျဆင်းလာခဲ့လေသည်။

သူသည် ဟိန်းဟောက်လိုက်ကာ ထွက်ပြေးရန်
ကြိုးစားခဲ့သော်လည်း ရှီထျန်းဟောင်သည် သူ့အား
ဆုပ်ကိုင်ထား၍ မလွတ်မြောက်နိုင်ရန်
တားဆီးထားခဲ့သည်။ သူတတ်နိုင်သည်မှာ

+

သူ့ခေါင်းပေါ်သို့ အရိုက်မခံရရန် ရှောင်တိမ်းရုံသာ ဖြစ်ပြီး ဘီးသည် သူ၏ ပခုံးအပေါ်သို့ ကျရောက်လာခဲ့သည်။

'ဘုန်း'ကနဲ မြည်သွားသည့် အသံဖြင့် မဟာကမ္ဘာကြီးသည် အနည်းငယ် တုန်ခါသွားသည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ ရှိနေသော လေဟာနယ်သည် လုံးဝ ပျက်စီးလုနီးပါး ဖြစ်သွားကာ ကြောက်မက်ဖွယ်ရာ ဒိုင်မန်းရှင်း စွမ်းအားများက မြင့်တက်လာသည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတက ညည်းတွားလိုက်သည်။ ရှီထျန်းဟောင် ဆုပ်ကိုင်ထားသော သူ၏ လက်မောင်းသည် မဟာကောင်းကင်ဘီးကြောင့် သူ၏ ပခုံးမှနေ၍ ကျိုးသွားခဲ့သည်။

+

မရေမတွက်နိုင်သော သွေးစက်များသည် ဟင်းလင်းပြင် အပေါ်တွင် လွင့်မျောနေကြသည်။ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတသည် ဆက်လက်၍ ဟိန်းဟောက်နေ၍ သူ၏ လက်မောင်းကို လျစ်လျူရှုထားကာ လွတ်မြောက်ရန် ကြိုးစားနေခဲ့သည်။ အခြားတစ်ဘက်တွင် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတကလည်း ဟိန်းဟောက်လိုက်၍ ထွက်ပြေးသွားခဲ့သည်။

ရှန်နဂါးဘုရင်ကလည်း အလားတူပင် ဖြစ်၏။ သူထွက်ပြေးသွားသော အခါ ရှီရှင်းယွမ်နှင့် ဂူကျွန်းတို့က လိုက်လံ ဖမ်းဆီးခဲ့သည်။ ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့သည်လည်း မရပ်တန့်ခဲ့ပဲ သူတို့၏ ဓားအလင်းတန်းများကို ရုပ်သိမ်းလိုက်ကာ ဤမိစ္ဆာ သုံးကောင်တို့အား လိုက်လံ ဖမ်းဆီးခဲ့သည်။

+

## စာစဉ် ၇၃ : အပိုင်း ၁

## အပိုင်း ၁၄၁၁ : ရုတ်တရက် သတိပြုမိခြင်း

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ရှန်နဂါးဘုရင်တို့ အားလုံးသည် ဒဏ်ရာများ ရသွားကြသည်။

ရှင်းလုံစန်း၊ ထျန်းကန်း ဓားမာစတာနှင့် ရှီရှင်းယွမ်တို့သည် ဒဏ်ရာများ ရထားကြသော်လည်း သူတို့၏ ဒဏ်ရာများသည် ထိုမိစ္ဆာ သုံးကောင်တို့နှင့်စာလျှင် မပြင်းထန်ချေ။ ဂူကျွန်းနှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့၏ ဦးဆောင်မှုဖြင့် သူတို့၏

+

အခြေအနေသည် မိစ္ဆာသုံးကောင်တို့ထက် စာလျှင် များစွာ ပိုကောင်းနေသည်။

ထိုအချိန်တွင် ရှီထျန်းဟောင်နှင့် ဂူကျွန်းတို့သည် အချင်းချင်း ဆက်သွယ်လိုက်ကာ လိုက်လံ ဖမ်းဆီးမှုအား ရပ်တန့်ခဲ့ရန် ဆုံးဖြတ်လိုက်သည်။ ရှီထျန်းဟောင်၏ ခေါင်းပေါ်မှ အလင်းတန်း တစ်တန်း ထွက်ပေါ်လာ၍ မူလ မြင့်မြတ်သော အလင်းတန်း တစ်တန်း ကျဆင်းလာပြီး သူတို့၏ ဒဏ်ရာများကို ကုစားပေးခဲ့သည်။

သူသည် သူ၏ အကြည့်အား ဟင်းလင်းပြင် အတွင်း၌သာ စူးစိုက်ထားသည်။ ခေတ္တမျှ စဥ်းစားခဲ့ အပြီးတွင် သူ၏လက်ကို ဆန့်တန်းလိုက်ကာ အနီရောင် အလင်းတန်း တစ်တန်းဖြင့် လင်းလက်နေသော အဆောင်လက်ဖွဲ့ တစ်ခုအား ဖော်ပြလိုက်သည်။

+

ထိုအဆောင်လက်ဖွဲ့ အပေါ်၌ တစ်ယောက်သည် 'ယန်'ဟူသော စကားလုံးအား တွေ့နေနိုင်သည်။

ဤအရာသည် ရှောင်ယန်က ခက်ခဲလှစွာဖြင့် အထူး ပြုလုပ်ထားသော အဆောင်လက်ဖွဲ့ တစ်ခုဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင်ပင် ထိုကဲ့သို့သော အဆောင်လက်ဖွဲ့များ အနည်းငယ်သာ ရှိသည်။ သူတို့သည် ရှောင်ယန်နှင့် ကျန်သောသူများအား ငရဲကမ္ဘာ ပင်လယ်အတွင်းသို့ ဝင်ထွက်နိုင်ရန် ကူညီပေးနိုင်သည်။

အသုံးပြုသူများသည် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို ရင်ဆိုင်ရဦးမည် ဖြစ်သော်လည်း များစွာပို၍ တည်ငြိမ်နေမည် ဖြစ်သည်။

+

ရှိထျန်းဟောင်သည် ထိုအဆောင်လက်ဖွဲ့အား
ချိုးဖောက်လိုက်သော အခါ အနီရောင် အလင်းတန်း
တစ်ခုအဖြစ်သို့ ချက်ချင်း ပြောင်းလဲသွားသည်။
ထိုအလင်းတန်းသည် မှောင်မည်းနေကာ လုံးဝ
မည်းနက်လုနီးပါး ဖြစ်သွားသည်။ အလင်းရောင်များ
အတွင်းမှ တစ်ယောက်သည် ကမ္ဘာပျက်သည်နှင့်
တူနေသော ရင်အတွင်း၌ အေးစိမ့်သွားစေသည့်
ဟစ်ကြွေးသံများကို ကြားနေနိုင်သည်။

အနီရောင် အလင်းတန်းသည် ဟင်းလင်းပြင်
အတွင်းတွင် အက်ကွဲကြောင်း တစ်ခုအား
ဖွင့်လှစ်ပေးခဲ့သည်။ ချက်ချင်း ဆိုသလိုပင် အနက်ရောင်
အလင်းတန်းများသည် ယင်လေပြင်းကဲ့သို့
ထိုအက်ကွဲကြောင်း အတွင်းမှ ထွက်လာခဲ့သည်။
ယင်လေပြင်းနှင့် ထိတွေ့ခဲ့သော နေရာတိုင်းတွင်
ကောင်းကင်နှင့် မြေကြီးတို့က ချက်ချင်း

+

အေးခဲသွားသည်။ ထိုအရာသည် ငရဲကိုးလွှာ လေပြင်း ဖြစ်သည်။

ငရဲကိုးလွှာ လေပြင်းအနောက်တွင် လိုက်ပါလာသည်မှာ အနီရောင် မြူခိုးငွေ့ အလင်းတန်းနှင့် တူနေသော အဝီစိ ငရဲမုန်တိုင်းပင် ဖြစ်သည်။ ပြီးတာနှင့် စူးရှ၍ နှစ်မြို့ဖွယ်ရာ မကောင်းသော သွေးမြစ်ကလည်း စီးဆင်းလာခဲ့သည်။

သူ့နောက်မှနေ၍ ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် ငရဲကမ္ဘာ အကြွင်းမဲ့ရေတို့က လိုက်ပါလာခဲ့သည်။ သူတို့အားလုံးတို့သည် ဟင်းလင်းပြင် အတွင်းတွင် ပျံ့နှံ့နေကြလေသည်။

+

ရှီထျန်းဟောင်သည် ငရဲကမ္ဘာ ပင်လယ်သို့ ဦးတည်နေသည့် အက်ကွဲကြောင်းအား ကြည့်လိုက်ကာ အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ "သူက အရင်ကထက် စာရင် အများကြီး ကစဥ့်ကလျား ဖြစ်နေတယ်… အစ်ကိုကြီးက တကယ်ပဲ ဖိအားတွေ များစွာအောက်မှာ ကျရောက်နေတယ်နဲ့ တူတယ်"

သူသည် ထိုအက်ကွဲကြောင်း အတွင်းသို့ ဝင်လိုက်ကာ ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဖြည်းဖြည်းချင်း ဝင်ရောက်သွားသည်။ သူရောက်သွားသော နေရာတိုင်းသည် မမြင်ရသော လှိုဏ်ခေါင်းတစ်ခုနှင့် တူနေသည်။ ထိုလှိုဏ်ခေါင်းသည် ထင်သလို ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက် ဖြစ်နေ၍ ဖျက်ဆီးနိုင်သော စွမ်းအား များစွာတို့သည် သူ့ထံမှ ထွက်ပေါ်လာကာ ရှီထျန်းဟောင်အား စတင်၍ တိုက်ခိုက်လိုက်သည်။

+

ဤလိုဏ်ခေါင်းသည် ယခင်ကထက် စာလျှင် ရှီထျန်းဟောင် အနေဖြင့် ထိန်းချုပ်ရန် ခက်ခဲသော်လည်း သူ့အပေါ်၌ လွှမ်းမိုးနိုင်စွမ်း မရှိသေးပေ။

အရှေ့သို့ လျှောက်လှမ်းလာရင်း ရှီထျန်းဟောင်သည် အဝေးသို့ ကြည့်လိုက်ကာ ကပ်ဘေး များစွာတို့အား တွေ့နိုင်ခဲ့သည်။ ဤနေရာမှ ကမ္ဘာသည် ဆက်တိုက် ပျက်စီးနေသည့်ပုံ ပေါက်နေ၍ တစ်စက္ကန့်မျှ မတည်ငြိမ်နေခဲ့ပေ။

ကပ်ဘေးများသည် အတူတကွ စုစည်းနေကာ အလွန်အမင်း ကစဥ့်ကလျား အခြေအနေ တစ်ခုကို ဖန်ဆင်းခဲ့ကြသည်။ ဤကစဥ့်ကလျား အခြေအနေမှ တဆင့် တစ်ယောက်သည် ငရဲကမ္ဘာ ပင်လယ်၏

+

အလယ်တွင် မားမားမတ်မတ် ရပ်တည်နေသည့် ရောမ အနီရောင် အလင်းတန်း တိုင်လုံးတစ်ခုအား တွေ့မြင်နိုင်သည်။

ထိုအလင်းတန်း တိုင်လုံးသည် ထိုနေရာတွင် မရွေ့လျားပဲ ရပ်တည်နေသည်။ ထိုနေရာသည် ငရဲကမ္ဘာ ပင်လယ် တစ်ခုလုံးတွင် တစ်ခုတည်းသော တည်ငြိမ်နေသည့် နေရာတစ်ခု ဖြစ်သည်။ သို့သော်လည်း သူ့အား မြင်တွေ့ခဲ့ရသူ အားလုံးတို့၏ ရင်အတွင်း၌ စိမ့်ကနဲ ဖြစ်သွားစေကာ မသက်မသာ ခံစားလာနိုင်ခဲ့သည်။

ရှီထျန်းဟောင်၏ မြင်ကွင်းမှ နေ၍ သူနှင့် ထိုအနီရောင် တိုင်လုံးတို့၏ အကြားမှ အကွာအဝေးအား ဖော်ပြ၍ မရနေချေ။

+

လေဟာနယ်များသည် ထပ်နေ၍ တစ်ယောက်သည် သူတို့နှစ်ဦး အကြားမှ အကွာအဝေးအား နီးသည် ဝေးသည်ဟူ၍ မပြောနိုင်တော့ချေ။ ထိုအလင်းတန်း တိုင်လုံးသည် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ကိုယ်ပိုင် လေဟာနယ် အတွင်း၌ ရှိနေသကဲ့သို့ ဖြစ်နေပြီး ရှီထျန်းဟောင်ထံမှလည်း များစွာ ဝေးကွာနေသည်ဟု ထင်နေရသည်။

ရှောင်ယန်၏ အဆောင်လက်ဖွဲ့ကြောင့်သာ မဟုတ်လျှင် သူသည် ထိုနေရာသို့ လပေါင်းများစွာ ကြာသည့်တိုင်အောင် ရောက်နိုင်မည် မဟုတ်ချေ။

အရှေ့သို့ ဆက်လျှောက်လာရင်း ရှီထျန်းဟောင်သည် အနီရောင် တိုင်လုံးထံသို့ ရောက်ရှိလာသည်။ သူသည် သူ့အရှေ့သို့ ရောက်လာသော အခါ သူ၏ အကြည့်သည် ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

+

ရှိထျုန်းဟောင်သည့် ထိုအနီရောင် တိုင်လုံးသည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ပိုင်ရှင်မဲ့နေသော ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခု ဖြစ်မှန်းကို သိနေခဲ့သည်။ သူသည် ကပ်ဘေး၏ စွမ်းအားများကို ဖော်ပြနေခြင်း ဖြစ်သည်။

အစောပိုင်းတွင် ကပ်ဘေး ရှိနေမှုကြောင့်သာ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ကမ္ဘာငယ်များ များစွာ ရှိနိုင်ခဲ့သည်။ သူတို့သည် ငရဲကမ္ဘာ အတွင်းမှ တစ်ခုနှင့် တစ်ခု ကွဲပြားနေသော ဧရာမ ပူဖောင်းများပင် ဖြစ်သည်။ သူတို့သည် ကပ်ဘေးအနားတွင် လည်ပတ်နေသည်ဟု ထင်နေရသော်လည်း အမှန်တွင် သီးသန့် ဒိုင်မန်းရှင်းများ အတွင်းတွင် ရှိနေကြခြင်း ဖြစ်သည်။

+

ဤအချိန်တွင် ငရဲကမ္ဘာ အတွင်းမှ ကမ္ဘာများသည် စတင်၍ စုစည်းလာကြသည်။ အတူတကွပင် သူတို့သည် အချင်းချင်း ကမ္ဘာတစ်ခု ဖန်ဆင်းလိုက်၍ တစ်ယောက်သည် သူတို့ အကြားတွင် ခြားထားသော အရံအတားများကို တွေ့နေနိုင်သော်လည်း သူတို့သည် စတင်၍ ပေါင်းစည်းလာသည်မှာ သိသာနေသည်။

ကပ်ဘေး အနားမှ ကမ္ဘာ များစွာတို့သည် တုတ်ချောင်းတစ်ခု အပေါ်မှ အကွင်းများနှင့် တူနေခဲ့သည်။ သူတို့ အနက်မှ တစ်ခုထံမှ အနီရောင် အလင်းတန်း တစ်တန်းက အဆက်မပြတ် လင်းလက်နေခဲ့သည်။

ရှီထျန်းဟောင်သည် ထိုနေရာတွင် တိုက်ပွဲတစ်ခု အစပျိုးနေသည်ကို သတိပြုမိခဲ့သည်။

+

ထိုနေရာတွင် လူတစ်ယောက်က တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် မီတာ ၃၀ခန့် မြင့်မားကာ သူ့အောက်တွင် ခရမ်းပြာရောင်၊ သန့်စင်သော ရွှေရောင်၊ နို့နှစ်ဖြူရောင် အစရှိသော မီးတောက် အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသော ကြာပန်းတစ်ပွင့် ရှိနေသည်ကို တွေ့မြင်နိုင်သည်။ သူတို့သည် ရောမ မီးတိုင်တစ်ခုကဲ့သို့ အဆက်မပြတ် လင်းလက် တောက်ပနေခဲ့သည်။

ထိုသူ၏ ခေါင်းပေါ်တွင် တစ်ယောက်သည် အဖြူနှင့် အနက်ရောင် ထိုက်ကျီရုပ်ပုံ တစ်ခုအား တွေ့မြင်နိုင်၍ သူ၏ မျက်နှာ အသွင်အပြင်များသည် ရှောင်ယန်နှင့် ဆင်တူနေသည်။ ထိုအရာသည် ရှောင်ယန်က အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်သွားသော အခါ ဖန်ဆင်းနိုင်ခဲ့သည့် စင်စစ် ဖြစ်တည်မှုပင် ဖြစ်သည်။

+

သူ၏ ခန္ဓာကိုယ် အနားတွင် ဖော်ပြ၍ မရနိုင်သော အလင်းတန်းများက လင်းလက်နေကြသည်။ သူတို့သည် အစ ပထမတွင် တောက်ပစွာဖြင့် လင်းလက်နေကြသော်လည်း နောက်ပိုင်းတွင် လုံးဝ မှေးမှိန်သွားကြသည်။ သူတို့သည် သေလုဆဲဆဲ မီးတောက်တစ်ခုမှ မီးစများနှင့် တူနေခဲ့ကာ မီးတောက်များသည် လင်းလက်နေခဲ့သော်လည်း နောက်ဆုံးတွင် ငြိမ်းသွားကြ၍ တစ်ခါတစ်ရံတွင် ပြန်လည်၍ အသက်ဝင်လာခဲ့သည်။

ရှောင်ယန် အနားမှ ကပ်ဘေးများသည် ဒေါသူပုန် ထနေကြရင်း သူ၏ မျက်လုံးများသည် တောက်ပလာကာ ခက်ထန်သော အနီရင့်ရောင် အလင်းတန်းသည် ပုံမမှန်သော ပုံစံဖြင့် လင်းလက်လာခဲ့သည်။

+

ရှောင်ယန်အရှေ့မှ ရောမ စက်ကွင်းအတွင်းတွင် အခြားသူများလည်း ရှိနေကြသည်။

တစ်ယောက်သည် အဖြူရောင် ဝတ်စုံများကို ဝတ်ဆင်ထားသော ပုံရိပ်တစ်ခု ဖြစ်သည်။ သူ၏ ဝတ်ရုံတွင် တိမ်တိုက်ပုံများကို ရေးထိုးထားသဖြင့် သူသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ဖြစ်သည်မှာ သိသာနေသည်။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြီးအကဲ တစ်ယောက်ဖြစ်သူ ဂူမန့်ချီပင် ဖြစ်သည်။ သူ၏ ဘိုးဘေးများမှ အမွေဆက်ခံခဲ့သော စွမ်းအားများကြောင့် သူသည် ငရဲကမ္ဘာ ပင်လယ်အတွင်းသို့ ဝင်ရောက်နိုင်စွမ်း ရှိသည်။

+

သို့သော်လည်း သူ၏ အမူအရာသည် လေးနက်နေသည်။
သူ၏ မျက်လုံးများသည် လင်းလက်နေ၍
သူ့အကြည့်သည် ရှောင်ယန်နှင့် ကျန်သောသူများ
အပေါ်၌ ခေါက်တုံ့ပြန်နေကာ သူ့မျက်နှာ အပေါ်တွင်
ပျော်ရွှင်သည့် အရိပ်အယောင်များကို မမြင်နိုင်ပေ။

အဝေးမှ ရှောင်ယန်နှင့် မျက်နှာချင်းဆိုင် နေရာတွင်
အနက်ရောင် နဂါးဝတ်ရုံများကို ဝတ်ဆင်ထားသော
လူတစ်ယောက် ရှိနေသည်။ သူ၏ ခေါင်းပေါ်တွင်
သရဖူတစ်ခု ဆောင်းထား၍ နန်းဆန်သော
အရှိန်အဝါများကို ထုတ်လွှတ်နေသည်။

ထိုသူသည် အသက်သုံးဆယ် အရွယ်သာ
ရှိနေသေးသော်လည်း သူ့ထံမှနေ၍ အစွမ်းထက်သော
အရှိန်အဝါများကို ထုတ်လွှတ်နေသည်။ သူ၏
သရဖူအောက်မှ လင်းလက်နေသော သူ့မျက်လုံးများမှ
+

အနက်ရောင် အလင်းတန်း တစ်တန်း
တောက်ပနေသည်။

သူ၏ အကြည့်သည် ရေခဲတမျှ အေးစက်နေသော်လည်း သူတို့သည် အလွန်အမင်း မည်းမှောင်နေသည်။ ငြိမ်သက် သိမ်မွေ့စွာဖြင့် အရာအားလုံးတို့သည် ထာဝရ ဆောင်းခိုနေသည့်အလား ဖြစ်နေခဲ့သည်။

သူသည် ငရဲမှ လာခဲ့သကဲ့သို့ သူ့ထံမှ သေမင်း အငွေ့အသက်များ ထွက်ပေါ်နေသည်။ သို့သော်လည်း သူထုတ်လွှတ်နေသည့် သေမင်း အငွေ့အသက်များ အတွင်းတွင် တစ်ယောက်သည် သန်မာသော အသက်စွမ်းအင်များကိုလည်း အာရုံခံနိုင်သည်။ သူသည် သေခြင်းနှင့် ရှင်ခြင်းတို့၏ စီးဆင်းမှုများကို နားလည်နိုင်သကဲ့သို့ ဖြစ်နေကာ သေမင်းသည် သိပ်ပြီးမှ ကြောက်စရာ မကောင်းတော့သည့်ပုံ ပေါက်နေသည်။

+

သူ၏ အသွင်သဏ္ဍာန်သည် ပြောင်းလဲသွားကာ လူငယ်တစ်ယောက် ပုံစံ ပေါက်နေသော်လည်း ရှောင်ယန် အပါအဝင် ဝူမန့်ချီတို့သည် ထိုသူက သေမင်းဧကရာဇ် ဖြစ်မှန်းကို သိနေကြသည်။

သေမင်းဧကရာဇ် သူ့ကိုယ်သူ ဖော်ပြခဲ့သော နောက်ဆုံးအချိန်သည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအတွင်းတွင် ဖြစ်၍ ပြီးတာနှင့် သူ့ကိုယ်သူ လုံးဝ ဖုံးကွယ်ထားခဲ့သည်။

ဤအချိန်တွင် သူ၏ စွမ်းအားများသည် ယခင်ကထက် ပို၍ သန်မာလာသည်ကို အားလုံးတို့က ခံစားနေရသည်။ သူသည် ရှေးဟောင်းခေတ်မှ သူ၏ အထွတ်အထိပ်

+

အခြေအနေသို့ ပြန်လည် ရောက်ရှိသွားသကဲ့သို့ ဖြစ်သည်။

သူပြန်လည် မွေးဖွားလာချိန်မှ စ၍ နှစ်ပေါင်းသုံးဆယ်သာ ကုန်လွန်သေးသော်လည်း သေမင်းကေရာဇ်၏ နည်းစနစ်များသည် အမှန်ပင် အစွမ်းထက်လှသည်။ ယနေ့ခေတ်မှ အစွမ်းထက်သော ကျင့်ကြံသူ နှစ်ယောက်ဖြစ်သည့် ရှောင်ယန်နှင့် ဝူမန့်ချီတို့ကပင် သူ့အား လေးစားနေရသည်။

ဤအရာသည် သံသရာ စက်ဝိုင်း လည်ပတ်ခြင်း မဟုတ်ပဲ အစစ်အမှန် ပြန်လည် မွေးဖွားလာခြင်း ဖြစ်သည်။

+

သေမင်းကေရာဇ်သည် တည်ငြိမ်နေခဲ့သော်လည်း သူ၏ အကြည့်သည် ရှောင်ယန်အပေါ်သို့ ကျရောက်နေသည်။ သူ့ဘေးတွင် ရှေးဟောင်း ဝတ်ရုံများကို ဝတ်ဆင်ထားသော သက်လတ်ပိုင်း လူကြီးတစ်ယောက် ရှိနေသည်။ သူ၏ အမူအရာသည် တည်ငြိမ်နေ၍ အမူအရာ ကင်းမဲ့နေကာ သူ၏ အကြည့်သည် ရေပြင်အလား ခံစားချက် ကင်းမဲ့လျက် ရှိသည်။

ဝူမန့်ချီသည် ထိုသက်လတ်ပိုင်း လူကြီးအား စိတ်ရှုပ်ထွေးသော အကြည့်ဖြင့် ကြည့်လိုက်သည်။

အဘယ်ကြောင့် ဆိုသော ထိုသူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ ဒုတိယမြောက် ခေါင်းဆောင် ဖြစ်သော ယန်ရှင်းဟီ ဖြစ်နေသောကြောင့် ဖြစ်သည်။

+

ဝူမန့်ချီသည် ဝန်ချီယန်၏ နောင်လာနောက်သား ဖြစ်သည်ဟု ဆိုရသော်လည်း နိုင်ငံရေး သဘောတရားများ အရ သူသည် ဝန်ချီယန်နှင့် များစွာ ကွဲပြားသည်။ ဝူမန့်ချီသည် ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှ ရှေ့ဆောင်လမ်းစဉ် ပါတီ၏ ခေါင်းဆောင်တစ်ယောက် ဖြစ်သည်။ သူ၏ အမြင်များသည် ဝန်ချီယန်နှင့် များစွာ ကွဲပြားပြီး ယန်ရှင်းဟီထက်ပင် ပို၍ အစွန်းရောက်သေးသည်။

ယန်ရှင်းဟီသည် ဝူမန့်ချီ၏ အကြည့်အား အာရုံခံမိကာ သူက မည်သူဟူသည်ကို သိသွားသည့်ပုံ ပေါက်နေသည်။ သူသည် လှည့်ကြည့်လိုက်သော်လည်း သူ၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။

သေမင်းကေရာဇ်သည် သူ့အား နတ်ဆိုးဝိညာဉ် အဖြစ်သို့ ကျင့်ကြံထားခဲ့သော်လည်း သူသည် သူ၏ ဂျူနီယာအား

+

တည်ငြိမ်သော အမူအရာဖြင့် ရင်ဆိုင်နိုင်ခဲ့ကာ ကသိကအောက် ဖြစ်နေခြင်းများ၊ အရှက်ရနေခြင်းများ မရှိခဲ့ပေ။

ဝူမန့်ချီ၏ ဝတ်ရုံပေါ်တွင် ရေးထိုးထားသော တိမ်တိုက်များကို မြင်ခဲ့ရသော်လည်း ယန်ရှင်းဟီ၏ အမူအရာသည် တည်ငြိမ်နေဆဲ ရှိသေးသည်။ သို့သော်လည်း ဝူမန့်ချီ၏ ရင်အတွင်းတွင် အလွန်အမင်း ဝမ်းနည်းစွာ ခံစားနေရသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် သူတို့ အဖွဲ့ဝင်များ ဝတ်ဆင့်သည့် ဝတ်ရုံများနှင့် ပတ်သတ်၍ လွန်စွာ အလေးထားသည်။ ယန်ရှင်းဟီသည် ဂိုဏ်း၏ ခေါင်းဆောင် ဖြစ်ခဲ့သော အခါ ဤအချက်နှင့် ပတ်သတ်၍ စည်းကမ်းချက်များစွာ ရှိနေပြီ ဖြစ်သည်။ ဝတ်ရုံအပေါ်တွင် ရေးထိုးထားသော အဖြူရောင်

+

တိမ်တိုက်များ အပါအဝင် သူတို့အနက်မှ အချက်များစွာတို့သည် ယနေ့တိုင်အောင် ဆက်ရှိနေကြဆဲဖြစ်သည်။

ယန်ရှင်းဟီသည် ဝူမန့်ချီအား အသိအမှတ်ပြုလိုက်ကာ သူ၏ခေါင်းကို ညိတ်ပြလိုက်၍ သူ၏ အကြည့်အားပြန်လည် ရုပ်သိမ်းလိုက်သည်။

ရှီထျန်းဟောင်၏ အကြည့်သည် ဝူမန့်ချီ၊ သေမင်းကေရာဇ်နှင့် ယန်ရှင်းဟီတို့အား ကြည့်နေပြီး အခြားတစ်ဘက်သို့ ကြည့်လိုက်သည်။ ထိုနေရာတွင် လူနှစ်ယောက်တို့က ရပ်နေကြသည်။

+

တစ်ယောက်သည် မီးခိုးရောင် ဝတ်ရုံအား ဝတ်ဆင်ထားသည့် ချောမောသည့် ရဟန်းပျိုတစ်ပါး ဖြစ်သည်။ သူသည် ရွှေပုစဥ်း ဆရာတော်ပင် ဖြစ်သည်။

ရွှေပုစဥ်း ဆရာတော်သည် ကြာပန်းပုံစံ ထိုင်နေပြီး သူ၏ဘေးတွင် အနက်ရောင် ဝတ်စုံနှင့် နောက်ထပ် ရဟန်းတစ်ပါး ရှိနေသည်။ သူ၏ ခန္ဓာကိုယ်သည် ဗုဒ္ဓ အလင်းတန်း တစ်တန်းဖြင့် လင်းလက်နေ၍ စကျင်ကျောက်ကဲ့သို့ ကြည်လင်နေကာ သူ၏ ခေါင်းပေါ်တွင် မီးအိမ် ၁၈လုံး ရှိနေသည်။ ထိုမီးအိမ်များမှ အလင်းတန်းများ တောက်ပလာသော အခါ တစ်ယောက်သည် ဗောဓိသဗ္ဗများကို မြင်နေရ၍ ကြည်ညိုဖွယ်ရာ ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကို ကြားနေရသည်။

+

ထိုရဟန်းပျိုသည် ရွှေပုစဉ်း ဆရာတော်ကဲ့သို့ ချောမောလှသည်။ သို့သော်လည်း သူ၏ ဖြူဖျော့နေသော အရေပြားသည် စကျင်ကျောက်၏ ရောင်ပြန်ဟပ်မှု အောက်တွင် မည်းနေသည်ဟု ထင်နေရသည်။

ဗုဒ္ဓဂိုဏ်း အတွင်းသို့ ဝင်အပြီးတွင် သူ၏ အသွင်သဏ္ဌာန်မှာ ပြောင်းသွားခဲ့သော်လည်း ထိုသူသည် သေမင်းကေရာဇ်၏ မျိုးဆက်ဖြစ်ပြီး ငရဲ ဘုန်းတော်ကြီး၏ တပည့်တစ်ယောက် ဖြစ်သော စန်ထူဇီ ဖြစ်မှန်းကို ရှောင်ယန်အနေဖြင့် အဘယ်မှာ မမှတ်မိပဲ ရှိမည်နည်း။

သူသည် ပျောက်ကွယ်သွားသည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားသည်မှာ အံ့အားသင့်ဖွယ်

+

ကောင်းနေသည်။ သို့သော်လည်း ဤအရာသည် မျှော်လင့်ချက်များ အတွင်းတွင်သာ ရှိနေသေးသည်။

သေမင်းကေရာဇ်ကလည်း စန်ထူဇီအား မှတ်မိနေသည်။ သို့သော်လည်း သူ့အနေဖြင့် သူရှိနေသည်ဟုပင် ထင်မနေသည့်ပုံ ပေါက်နေ၍ သူ၏အကြည့်အား ရှောင်ယန်အပေါ်သို့သာ စူးစိုက်ထားသည်။ သက်န်းများကို ဝတ်ဆင်ထားသော စန်ထူဇီကလည်း ရှောင်ယန်အား စိုက်ကြည့်နေခဲ့သည်။

သူတို့ နှစ်ယောက်စလုံးသည် သူတို့၏ မှော်စွမ်းအင်များကို သူတို့အောက်မှ ရောမ အနီရောင် စက်ကွင်းအတွင်းသို့ ထည့်သွင်းနေကြခြင်း ဖြစ်သည်။

+

ရှောင်ယန်သည်လည်း သူ၏ သဘာဝလွန် အသိစိတ်ကို အသုံးပြု၍ ကပ်ဘေးနှင့် ဆက်သွယ်နေခဲ့သည်။

ဤနေရာတွင် ရှိနေကြသော သူများအားလုံး အနက် သူနှင့် ကပ်ဘေးတို့၏ ဆက်သွယ်မှုသည် အနက်ရှိုင်းဆုံး ဖြစ်သည်။ သို့သော်လည်း သူသည် ကပ်ဘေးနှင့် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများအား အပြည့်အဝ ထိန်းချုပ်နိုင်စွမ်း မရှိသေးပေ။

အကယ်၍ အခြားသူများက အတူတကွ စုပေါင်းခဲ့ပါက သူတို့သည် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို အသုံးပြုကာ ရှောင်ယန်အား ဖျက်ဆီးနိုင်သည်။ သူတို့နှင့် ပြင်ပမှ ငရဲကမ္ဘာ ပင်လယ်၏ လှိုင်းလုံးများကို ခွဲခြားထားသော အနီရောင် စက်ကွင်းသည် ပို၍ပို၍ ခက်ထန်လာသည်။

+

အားလုံးတို့သည် အလင်းတန်း စက်ကွင်းအပေါ်တွင် ရပ်နေကြရင်း ခြားနားသော ဒိုင်မန်းရှင်းများ အတွင်းတွင် ရှိနေကြသော်လည်း အချင်းချင်း မြင်နိုင်ကြသေးသည်။ ကွဲပြားသော ကမ္ဘာများက စုစည်းသွား၍ သူတို့အကြားမှ အရံအတားများသည် ပျောက်ကွယ်သွားမှသာ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ထိတွေ့နိုင်ကြမည် ဖြစ်သည်။ ထိုကာလသည် လျင်မြန်စွာဖြင့် ရောက်ရှိလာနေသည်။

## စာစဥ် ၇၃ : အပိုင်း ၂

## အပိုင်း ၁၄၁၂ : ငရဲကမ္ဘာ ပင်လယ် တိုက်ပွဲ

+

အလင်းတန်း စက်ကွင်းသည် ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာ၍ ငရဲကမ္ဘာ အတွင်းမှ ကမ္ဘာ အသီးသီးတို့သည် ကျဆင်းလာကာ ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဘေးများကလည်း ပို၍ ပြင်းထန်လာသည်။

ရှောင်ယန် အပေါ်၌ပင် အကျိုးသက်ရောက်မှု ရှိကာ သူ၏ ငရဲကမ္ဘာ ပင်လယ် အပေါ်မှ ထိန်းချုပ်မှုသည် တစ်စတစ်စ လျော့နည်းလာသည်ဟု ခံစားနေရသည်။

ငရဲကမ္ဘာ ပင်လယ်သည် နဂိုကတည်းက ကြမ်းတမ်းကာ ကစဉ့်ကလျား ဖြစ်နေ၍ သူ၏ ကပ်ဘေးများကို ပိုမိုပြင်းထန်အောင် လုပ်ရသည်မှာ ပိုလွယ်သည်။ အခြားတစ်ဘက်တွင် ငရဲကမ္ဘာ ပင်လယ်အား ကျင့်ကြံ၍ ယဉ်ပါးအောင် ပြုလုပ်ရသည်မှာ ကောင်းကင်၏ ဆန္ဒအား ဆန့်ကျင်သည့် အပြုအမူ ဖြစ်၍ သူ့အား အသေအချာ အာရုံစိုက်ကာ ပြုလုပ်ရမည် ဖြစ်သည်။

+

တစ်ယောက်သည် ငရဲကမ္ဘာ ပင်လယ်အား မထိန်းချုပ်နိုင်မီ သူ့အား တည်ငြိမ်အောင် လုပ်ရသည်မှာ ကြမ်းတမ်းအောင် လုပ်ရသည်ထက် များစွာပို၍ ခက်ခဲသည်။

သို့သော်လည်း ရှောင်ယန်နှင့် ကပ်ဘေးတို့ အကြားမှ ဆက်သွယ်မှုသည် အနက်ရှိုင်းဆုံး ဖြစ်သည်။ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် နှစ်ပေါင်းများစွာ နေထိုင်ကာ ကျင့်ကြံခဲ့ အပြီးတွင် ငရဲကမ္ဘာ ပင်လယ်က ကြမ်းတမ်းလှသော်လည်း သူ၏ အစိတ်အပိုင်း အချို့ကို ထိန်းချုပ်နိုင်ခဲ့သည်။ ဤအချက်တွင် သူ့အား တစ်ယောက်ကမှ ယှဉ်နိုင်မည် မဟုတ်ချေ။

+

ငရဲကမ္ဘာ ပင်လယ်သည် ပို၍ပို၍ ပြင်းထန်လာကာ ရှီထျန်းဟောင် ဖြတ်သန်းလာနေသော လမ်းကြောင်းကလည်း ပို၍ပို၍ အားနည်းလာခဲ့၍ သူသည် အထူး သတိထားနေရသည်။ သူသည် ကပ်ဘေးအနားသို့ ရောက်ရှိလာသော အခါ အနီရောင် အလင်းတန်း စက်ကွင်းအတွင်းသို့ ဝင်လိုက်၍ ရှောင်ယန်နှင့် ပူးပေါင်းလိုက်သည်။

ရှီထျန်းဟောင် နီးကပ်လာသော အခါ သေမင်းဧကရာဇ်နှင့် ရွှေပုစဥ်း ဆရာတော်တို့ကလည်း သူ့အား အာရုံခံမိခဲ့ကြသည်။ သူတို့၏ အကြည့်များသည် သူ့ဘက်သို့ ရောက်လာ၍ အနည်းငယ် တွေဝေသွားခဲ့သည်။

ရှီထျန်းဟောင်သည် ရွှေပုစဥ်း ဆရာတော်အား တွေ့ခဲ့ရသော အခါ ချက်ချင်းပင်
+

မျက်မှောင်ကြုတ်လိုက်သည်။ ရွှေပုစဥ်း ဆရာတော်၏ စွမ်းအားများသည် ယခင်ကထက် ပို၍ အစွမ်းထက်လာသည်ကို သူက သတိပြုမိလိုက်သည်။

ငြိမ်သက်နေသော ရွှေပုစဥ်း၏ သဘာဝ ဉာဏ်ပညာအား အစွမ်းကုန် ထုတ်ဖော်နေ၍ သူသည် ဤနေရာ၌ မရှိသလို ထိုနေရာ၌ မရှိနေပေ။ နူးညံ့သိမ်မွေ့သော တည်ရှိနေမှုသည် အလွန်တရာမှ ထူးခြား ဆန်းကြယ်လှသည်။

"စကြာဝဠာ စကျင်ဗုဒ္ဓ ပြန်ရောက်လာခဲ့အပြီးမှာ သူက ဗုဒ္ဓ အဆုံးအမတွေကို ရရှိခဲ့လို့ အကျိုးအမြတ် များစွာ ရရှိခဲ့တာပဲ" ရှီထျန်းဟောင်က တွေးလိုက်သည်။

+

သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့သည် ရှီထျန်းဟောင်အား ကြည့်လိုက်ကာ သူတို့ နှစ်ယောက်စလုံးက တူညီစွာ တွေးလိုက်ကြသည်။

"ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် ကျန်တဲ့သူတွေက သူ့ကို ရှုံးနိမ့်သွားကြပြီး မူလနဂါး ဘုရင်ကလည်း ပြန်လည် ဆုတ်ခွာသွားရပြီ… ကြည့်ရတာ နတ်ဘုရား နယ်မြေက အခြေအနေက ပြန်လည် တည်ငြိမ်သွားပြီနဲ့ တူတယ်… မဟုတ်ရင် သူက ဒီနေရာကို ရောက်လာမှာ မဟုတ်ဘူး"

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့အား ဆက်သွယ်ခဲ့သူမှာ ရွှေပုစဉ်း ဆရာတော်ပင် ဖြစ်သည်။ ယခုအချိန်တွင် သူ့အား ပြောပြမည့်သူ မရှိသဖြင့် ရွှေပုစဉ်း ဆရာတော်

+

အနေဖြင့် တိုက်ပွဲဖြစ်စဥ်ကို မသိသော်လည်း
တိုက်ပွဲရလဒ်အား သိနေခဲ့သည်။

သူ၏ခေါင်းပေါ်တွင် အလင်းတန်း တစ်တန်း
လင်းလက်လာပြီး ရောမ ရွှေပုစဥ်း တစ်ကောင်က
လေထုအလယ်တွင် ပေါ်လာခဲ့သည်။

ပုစဥ်း၏ တောင်ပံများသည် လှုပ်ရှားနေ၍ သူ့ခေါင်းပေါ်၌
ကမ္ဘမျဥ်းကြောင်းများ ပေါ်လာခဲ့သည်။ ငရဲကမ္ဘာ
ပင်လယ် အတွင်းတွင် ထိုမျဥ်းကြောင်းများသည်
လေယူရာ လှုပ်ရှားနေခဲ့သည်။

ရွှေပုစဥ်း ဆရာတော်၏ အကြည့်မှာ လက်ကနဲ
ဖြစ်သွားသည်။ "ဗီပရာလိုပါ အဆင့်က
မိစ္ဆာတစ်ကောင်က တိုက်ပွဲမှာ ကျဆုံးသွားတယ်…

+

ဘယ်သူများလဲ… ကြည့်ရတာ နဂါးတစ်ကောင်ပဲ… ဒါက ကောင်းကင်ဖျက်ဆီး ခေါ်ရဲ့ လက်ချက်ကြောင့်များလား…"

ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ထောင်ပေါင်းများစွာသော ကပ်ဆိုးများက ထကြွနေကြသည်။ သူတို့သည် ဖြစ်ပေါ်လာသော အရာအားလုံးကို ဖျက်ဆီးခဲ့ကြရုံသာ မက တာအို၏ စီးဆင်းမှုကိုပင် နှောင့်ယှက်နိုင်ခဲ့ကြသည်။

ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအားများသည် အလွန်အမင်းကို လျှို့ဝှက် ဆန်းကြယ်သည်။ အကယ်၍ တစ်ယောက်သည် တိုက်ပွဲတွင် ကျဆုံးသွားလျှင်ပင် တစ်ယောက်ကမှ အကြောင်းရင်းကို အာရုံခံနိုင်မည် မဟုတ်ချေ။ ရွှေပုစဉ်း ဆရာတော်၏ စွမ်းအားများနှင့် သူ၏ ကမ္ဘဝါဒ ကျင့်ကြံမှု

+

အဆင့်အတန်းကြောင့်သာ မဟုတ်လျှင် သူ့အနေဖြင့် ဤအချက်အလက်များကို ရနိုင်မည် မဟုတ်ချေ။

သို့သော်လည်း ဤသတင်း အချက်အလက်ကြောင့် သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နတ်ဘုရား နယ်မြေ အတွင်းတွင် အင်အား အတော်များများ ချထားခဲ့သည်ကို သိနိုင်ခဲ့သည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာတစ်ကောင်အား သတ်နိုင်ခြင်းသည် သူ့အား မောင်းထုတ်နိုင်ခြင်းနှင့် လုံးဝ ကွဲပြားသည်။ သူတို့နှစ်ခု အကြားမှ ခက်ခဲမှု ကွာဟချက်သည် အလွန်တရာမှ ကြီးမားလှသည်။

သူ့ဘေးတွင် ရှိနေသော စန်ထူဇီကလည်း ရှီထျန်းဟောင်အား ကြည့်နေခဲ့သည်။ သူ၏

+

အကြည့်သည် လက်ကနဲ ဖြစ်သွားသော်လည်း သူ၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။

ထိုသူသည် သူစိတ်ပူရမည့် ရန်သူတစ်ယောက် မဟုတ်ချေ။ သူ၏ ပြိုင်ဘက်မှာ မိတာသုံးဆယ် ရှည်လျား၍ သူ၏ စင်စစ် ဖြစ်တည်မှုမှာ မီးနတ်ဘုရား တစ်ပါးနှင့် တူနေသည့် ရုပ်ရည်ချောမောသော ယောကျ်ားတစ်ယောက် ဖြစ်သည်။

ထို့အပြင် သူ့ပြိုင်ဘက်သည် အမှန်တွင် သူ့ပြိုင်ဘက် မဟုတ်ချေ။ ထိုအရာသည် ရွှေပုစဉ်း ဆရာတော်၏ အလုပ်ဖြစ်သည်။ စန်ထူဇီ အတွက် သူ၏ အလုပ်မှာ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်ရန် ကြိုးစားရုံ ဖြစ်သည်။

+

အခြားစကားလုံးဖြင့် ပြောရလျှင် သူသည် ရှောင်ယန်၏ ငရဲကမ္ဘာ ပင်လယ်အပေါ်မှ ထိန်းချုပ်မှုအား နှောင့်ယှက်ရမည် ဖြစ်သည်။

စန်ထူဇီ၏ အမြင်အရ ရှောင်ယန်သည် သူနှင့် အဆင့်တူသော ပြိုင်ဘက်တစ်ယောက် ဖြစ်သည်။ ထိုအရာသည် စွမ်းအားသက်သက် အရ ဖြစ်သည်။

အခြား အချက်များ အရ စန်ထူဇီ အနေဖြင့် ရှောင်ယန်သည် အကောင်းနှင့် အဆိုးကို ကောင်းစွာ ဝေဖန်ပိုင်းခြားနိုင်၍ အရာအားလုံးကို ခံစားချက် အရ ပြုလုပ်တတ်သူ ဖြစ်ရာ လွယ်ကူစွာ ထိန်းချုပ်နိုင်၍ အနိုင်ယူနိုင်သော သူတစ်ယောက် ဖြစ်သည်ဟု ထင်နေခဲ့သည်။

+

အကြိမ်ပေါင်း များစွာပင် သူသည် ရှောင်ယန်အား ကိုယ်တိုင် ရင်ဆိုင်စရာ မလိုခဲ့ပေ။ ရှောင်ယန်သည် သူ့အတွက် အသုံးပြု၍ရသော ဓားတစ်ချောင်းနှင့် တူနေ၍ အခြား ရန်သူများကို သူ့အတွက် ရင်ဆိုင်ရန် အသုံးချနိုင်သည်။

အခြား စကားလုံးဖြင့် ပြောရလျှင် ရှောင်ယန်ကြောင့်သာ သူသည် ငရဲ ဘုန်းတော်ကြီးအား လှည့်စား၍ သတ်ဖြတ်နိုင်ခဲ့ကာ သူ၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်မှုအား ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

သေမင်းဧကရာဇ်ကြောင့်သာ မဟုတ်လျှင် ငရဲ ဘုန်းတော်ကြီး အနေဖြင့် အစောကြီးကတည်းက သေဆုံးသွားတော့မည် ဖြစ်သည်။

+

ထို့ကြောင့် သေမင်းကေရာဇ်၏ အမျက်ဒေါသကို ရှောင်လွှဲနိုင်ရန်နှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းတို့၏ လိုက်လံ ဖမ်းဆီးမှုကို ရှောင်နိုင်ရန် စန်ထူဇီ အနေဖြင့် ဘာမှ ရွေးချယ်ခွင့် မရှိပဲ သူ၏ ဆရာဘိုးဘိုးကဲ့သို့ သိုသိုသိပ်သိပ် နေခဲ့ရသည်။ သူသည် ဤနှစ်များ အတွင်းတွင် အချိန်ယူနေခဲ့ခြင်း ဖြစ်သည်။

သူသည် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရပြီး ဆက်လက် စောင့်နေရန်လည်း လုံလောက်သော စိတ်ရှည်မှု ရှိနေသည်။

ဗုဒ္ဓဝါဒ ပြန်လည် ထွန်းကားလာ အပြီးတွင် သူသည် သူတို့ထံ၌ သွားရောက်၍ ခိုလှုံရန် ဆုံးဖြတ်ခဲ့သည်။ ဗုဒ္ဓဘာသာဝင်များ၏ အကူအညီဖြင့် သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့်

+

သေမင်းကေရာဇ်တို့၏ လိုက်လံ ဖမ်းဆီးမှုမှ
ရှောင်ရှားနိုင်ခဲ့သည်။

ဗုဒ္ဓ အဆုံးအမများနှင့် သေမင်းကေရာဇ်တို့၏
အဆုံးအမများသည် ပညာများကို ရှာမှီးရခြင်း ဖြစ်သည်။
ထို့ကြောင့် စန်ထူဇီ အနေဖြင့် ကျင့်ကြံမှုများစွာ
တိုးတက်လာနိုင်ခဲ့သည်။

သို့သော်လည်း သူ့အား အံ့သြ တုန်လှုပ်စေခဲ့သည်မှာ
ရှောင်ယန် အပါအဝင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
လူတိုင်းသည် အချိန်တိုလေး အတွင်းတွင်ပင်
အကြီးအကျယ် တိုးတက်လာနိုင်သောကြောင့် ဖြစ်သည်။

+

ပုံမှန်အားဖြင့် အေးဆေး တည်ငြိမ်နေသော စန်ထူဇီ
အနေဖြင့်ပင် ဤတိုးတက်မှုကြောင့် အနည်းငယ်
တုန်လှုပ်သွားခဲ့သည်။

သူ၏ ကိုယ်ပိုင် စွမ်းအားများ ဖြစ်စေ၊ သူအသုံးပြု၍
ရသော စွမ်းအားများ ဖြစ်စေ၊ သူတို့သည် ပြိုင်ဘက်၏
စွမ်းအားများနှင့် အကြီးအကျယ် ကွာခြားသွားခဲ့လျှင်
အသုံးဝင်တော့မည် မဟုတ်ချေ။

အကယ်၍ သူသည် အခြားသူများအား သူ၏ဓားအဖြစ်
အသုံးပြုလိုပါက သူသည် ဓားကိုကိုင်ရန် အရင်
သတ္တိမွေးရမည် ဖြစ်သည်။ ထို့ကြောင့် စန်ထူဇီသည်
ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ
မတိုင်ခင်ကတည်းက ကျော်ကြားနေသော
ရှောင်ယန်အား လျှော့မတွက်ရဲခဲ့ပေ။

+

သို့သော်လည်း ရှောင်ယန်သည် ဤမျှအထိ လျင်မြန်စွာ အစွမ်းထက်လာလိမ့်မည်ဟု သူက တစ်ခါမှ မမျှော်လင့်ထားခဲ့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ သူရဲကောင်း လေးယောက်တို့ အားလုံးသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ တက်ရောက်သွားနိုင်ခဲ့ကြသည်။ ရှောင်ယန်အနေဖြင့် သူသည် ထိုစဉ်ကတည်းက ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် နေခဲ့ကာ အပြင်သို့ ထွက်ခွာလေ့ သိပ်မရှိသဖြင့် အခြားသူများက သူ၏ စွမ်းရည်များကို ခန့်မှန်းရန် ခက်ခဲသည်။ သို့သော်လည်း အခြားသုံးယောက်ကို အသုံးပြု၍ မှီငြမ်းလိုက်ပါက ခန့်မှန်းရန် မခက်ခဲပေ။

သူတို့၏ ဆရာကိုမူ ပြောရန်ပင် မလိုတော့ချေ။

+

သူ့အရှေ့မှ ရှောင်ယန်အား ကြည့်နေကာ စန်ထူဇီသည် ဆွံ့အနေခဲ့သည်။ သို့သော်လည်း သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းလိုက်၍ လက်အတွင်းမှ တာဝန်ကို ဆက်လက် ထမ်းဆောင်လိုက်သည်။

ဤအချိန်သည် စန်ထူဇီ အတွက် ရှောင်ယန်အား ရင်ဆိုင်ကာ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်ရန် အတွက် အကောင်းဆုံးသော အခွင့်အရေး ဖြစ်သည်။

စန်ထူဇီသာ မက သေမင်းဧကရာဇ်ကလည်း ရောက်ရှိလာသည်။ သို့သော်လည်း သေမင်းဧကရာဇ် အတွက် အရေးအကြီးဆုံး အချက်မှာ သစ္စာဖောက် စန်ထူဇီအား ဖြေရှင်းရန် မဟုတ်ပဲ ရှောင်ယန်ကို ယှဥ်ပြိုင်ရန်သာ ဖြစ်သည်။

+

ကောင်းကင်ဖျက်ဆီး ခေးသည့် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ မဝင်နိုင်ပဲ လင်းဖုန်း အပါအဝင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အစွမ်းထက်သော အဖွဲ့ဝင် များစွာတို့သည် ဝိညာဥ်ပင်လယ် အတွင်းသို့ ရောက်နေကြသည်။ ဤအချိန်သည် သူ့အတွက်လည်း လှုပ်ရှားရန် အကောင်းဆုံးသော အချိန်ဖြစ်သည်။

အရေးအကြီးဆုံး အချက်မှာ အကယ်၍ သူတို့က ဆက်ပြီးမှ အချိန်ဆွဲနေပါက ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်အား ကျင့်ကြံနိုင်ရန် အခွင့်အရေး ပိုများလာနိုင်ခြင်း ဖြစ်သည်။ သူတို့အတွက် ဤအခြေအနေသည် မကြာမီ ဖြစ်လာတော့မည် ဖြစ်သည်။

+

သို့သော်လည်း စန်ထူဇီသည် သေမင်းကေရာဇ်၏ ဝင်ရောက်လာမှုကြောင့် မှင်သက်နေခဲ့သည်။

သူသည် သေမင်းကေရာဇ်၏ စွမ်းအားများက လျင်မြန်စွာ ပြန်လည် ရရှိလာသည်ကို အံ့အားသင့်နေခြင်း မဟုတ်ပေ။

ယခင်က အခမ်းအနားများသည် လင်းဖုန်းနှင့် ယန်နန်းလိုင်တို့၏ နှောင့်ယှက်ခြင်းကို ခံခဲ့ရသဖြင့် သေမင်းကေရာဇ်သည် အရင်းအမြစ် မြောက်မြားစွာ ဆုံးရှုံးသွားခဲ့သော်လည်း သူ့တွင် တတိယ အကြိမ် ကြိုးစားရန် အတွက် လုံလောက်သော အရင်းအမြစ်များ ရှိနေသေးသည်။

+

စန်ထူဇီအား အံ့သြ တုန်လှုပ်စေခဲ့သည့် အချက်မှာ သေမင်းကေရာဇ်သည် ငရဲကမ္ဘာ ပင်လယ် တိုက်ပွဲအတွင်းသို့ ဝင်ပါနိုင်ခြင်းကြောင့် ဖြစ်သည်။

သူသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ မတိုင်ခင်က လင်းဖုန်းနှင့် သေမင်းကေရာဇ်တို့ အကြားမှ တိုက်ပွဲအကြောင်းကို သိနေခဲ့သည်။ လင်းဖုန်းသည် သူ၏ စွမ်းအားများကို ပြန်လည်ရရှိရန် ပထမဆုံး ကြိုးစားမှုကို ဖျက်ဆီးခဲ့ရုံသာ မက သူ၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်မှုကိုပါ ဆုံးရှုံးစေခဲ့သည်။

ငရဲ ဘုန်းတော်ကြီးသည် သေမင်းကေရာဇ်၏ ကယ်တင်မှုကို ခံခဲ့ရသော်လည်း ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်မှုကို ပြန်မရခဲ့ပေ။

+

သို့သော်လည်း ယခုအချိန်တွင် ကြည့်ရသည်မှာ သူ၏ အင်္ကျီလက်ဝတွင် ဖဲချပ်အချို့ ရှိနေသေးသည်နှင့် တူနေသည်။ သေမင်းဇကေရာဇ်သည် အားနည်းနေသည့်ပုံ ပေါက်နေသော်လည်း ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကာ ရှောင်ယန်၏ ကျင့်ကြံမှုအား နှောင့်ယှက်နိုင်ခဲ့သည်။

ဤအရာသည် စန်ထူဇီအား အငိုက်မိသွားစေခဲ့သည်။

ရှောင်ယန်၊ ရှီထျန်းဟောင်နှင့် ဝူမန့်ချီတို့၏ စိတ်အတွင်း၌လည်း တူညီသော မေးခွန်းများ ရှိနေခဲ့သည်။ သို့သော်လည်း သူတို့သည် အပြင်သို့ ထုတ်ဖော် မပြောခဲ့ပဲ အားလုံးတို့၏ အကြည့်သည် အလင်းတန်း စက်ကွင်းတစ်ခုဖြင့် ဝန်းရံထားသော အနီရောင် အလင်းတန်း တိုင်လုံးအပေါ်သို့သာ စူးစိုက်နေခဲ့သည်။

+

ဝူမန့်ချီသည် ယန်ရှင်းဟီထံမှ အကြည့်လွှဲလိုက်ကာ သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ပြီး ကပ်ဘေးထံသို့ ကြည့်လိုက်သည်။

မာနကြီးသော သူတစ်ယောက် ဖြစ်သော်လည်း ဝူမန့်ချီ အနေဖြင့် လက်ရှိ ရှိနေကြသူများ အနက် သူသည် အားအနည်းဆုံး ဖြစ်သည်ဟု သိနေခဲ့သည်။ သူ့ပြိုင်ဘက်များက မသိကြသော်လည်း သူ့တွင် စစ်ကူမရှိသည်ကို သူက သိနေခဲ့သည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင် သူ့အနေဖြင့် ငရဲကမ္ဘာ ပင်လယ် တိုက်ပွဲတွင် ဝင်ပါရန်မှာ ခက်ခဲပေသည်။ သူ၏ ကိုယ်ပိုင် ထိန်းချုပ်မှုအား

+

ထိန်းသိမ်းထားနိုင်လျှင်ပင် အောင်မြင်မှုတစ်ရပ် ဖြစ်နေခဲ့မည် ဖြစ်သည်။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား မနှစ်သက်သော်လည်း သေမင်းဧကရာဇ်သည် ဝူမန့်ချီနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အတွက် ပို၍ စက်ဆုပ်ဖွယ် ကောင်းသောသူ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များကလည်း အလားတူပင် မလိုလားဖွယ် ကောင်းသောသူများ ဖြစ်သည်။

သေမင်းဧကရာဇ်နှင့် စန်ထူဇီတို့ နှစ်ယောက်စလုံးသည် သူတို့၏ သဘာဝလွန် အသိစိတ်များကို အသုံးပြုကာ ရှောင်ယန်၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်မှုအား နှောင့်ယှက်နေကြသည်။

+

ဤအရာသည် ရှောင်ယန်အပေါ်မှ ဖိအားများကို တိုးပွားစေသည်နှင့် တူနေသည်။ အကယ်၍ သူတို့သည် ရှောင်ယန်၊ ကပ်ဘေးနှင့် ငရဲပင်လယ် ကမ္ဘာတို့ အကြားမှ ဆက်သွယ်မှုအား ဖြတ်တောက်နိုင်ခဲ့ပါက သူတို့၏ အလုပ်များသည် များစွာ ချောမွေ့သွားပေမည်။

ပြီးခဲ့သော ဆယ်စုနှစ် အတွင်းက ဝူမန့်ချီသည် ထိုကဲ့သို့ ပြုလုပ်နေခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဤအချိန်တွင် သူက ဘေးမှနေ၍ ကြည့်နေခဲ့သည်။ သူသည် ရှောင်ယန်၏ ငရဲကမ္ဘာ ပင်လယ်အပေါ် ထိန်းချုပ်မှုအား ဝင်ရောက် နှောင့်ယှက်ခြင်း မပြုခဲ့သလို စန်ထူဇီနှင့် သေမင်းကေရာဇ်တို့အားလည်း ဝင်ရောက် ကူညီခြင်း မပြုခဲ့ပေ။

+

သူသည် ထိုကိစ္စအတွင်းတွင် လုံးဝ မပါဝင်နေခဲ့ပဲ အလင်းတန်း စက်ကွင်း အပေါ်၌သာ ရပ်နေရင်း ကြည့်နေခဲ့လေသည်။

ရှီထျန်းဟောင်သည် ရှောင်ယန်၏ စင်စစ် ဖြစ်တည်မှု အနားသို့ ရောက်လာခဲ့ရာ မီတာသုံးဆယ် မြင့်မားသော ဘီလူးကြီးကာ သူ့အား ကြည့်၍ ခေါင်းညိတ်ပြလိုက်သည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကမ္ဘာပေါင်း များစွာတို့သည် နောက်ဆုံးတွင် လက်စွပ်ပုံစံ ရှိနေသော ဒိုင်မန်းရှင်း တစ်ခုအဖြစ်သို့ ပေါင်းစည်းသွားခဲ့ကာ အားလုံးတို့ အကြားမှ အရံအတားများကလည်း ပျောက်ကွယ်သွားပြီ ဖြစ်သည်။ အားလုံးတို့သည် ယခုအချိန်တွင် အချင်းချင်း လွတ်လပ်စွာ တိုက်ခိုက်နိုင်ကြပေပြီ။

+

"သွားကြစို့" သူတို့သည် နှစ်ယောက်တည်းသာ ရှိ၍ သူတို့၏ ပြိုင်ဘက်များသည် သူတို့ထက် ပိုများနေကြသော်လည်း ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့ နှစ်ယောက်စလုံးသည် ရယ်လိုက်ကြ၍ သူတို့၏ ပြိုင်ဘက်များထံသို့ ခုန်အုပ်လိုက်ကြလေသည်။

ရှောင်ယန်၏ စင်စစ် ဖြစ်တည်မှုသည် ကြာပန်းမီးတောက် ထိုင်ခုံအပေါ်မှ ထရပ်လိုက်ရာ ကြာပန်းများသည် သူ၏အောက်မှ ဖူးပွင့်လာ၍ အဆုံးမဲ့ မီးတောက်ပင်လယ် အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူ၏ ပခုံးများကို တွန့်လိုက်ရာ ငရဲကမ္ဘာ ပင်လယ်ထံမှ ကပ်ဘေး များစွာတို့သည် သူ့ထံသို့ ပြေးဝင်လာကြပြီး သူ့အား ပို၍ ရှည်လာသည်ဟု ထင်စေခဲ့သည်။

+

အထူးသဖြင့် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့ ဖြစ်ကြသည်။ သူတို့သည် သူတို့၏ သဘာဝ နေထိုင်ရာ နေရာ၌ ပို၍ ပြင်းထန်စွာ လောင်ကျွမ်းနေကြသည်။

သူ၏ဘေးမှ ရှီထျန်းဟောင်သည် ယင်းယွင် ခန္ဓာကိုယ်နှင့် ဟွမ်စန်း ခန္ဓာကိုယ် အဖြစ်သို့ ပြောင်းသွားခဲ့၍ သူ၏ ခေါင်းပေါ်တွင် ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့က ကျယ်ပြန့်လာခဲ့သည်။ ခမ်းနားထည်ဝါသော မြို့တော်၏ အပေါ်နှင့် ကောင်းကင်၏ အောက်တွင် ရောင်ခြည်တော် စက်ဝန်းတစ်ခု မြင့်တက်လာကာ ကောင်းကင်နှင့် ယှဉ်တွဲနေလေသည်။

## စာစဉ် ၇၃ : အပိုင်း ၃

+

# အပိုင်း ၁၄၁၃ : ရှောင်ယန်၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်ခြင်း

ရှောင်ယန်သည် မီးတောက်များဖြင့် ဝိုင်းရံထားသော သူ၏ စင်စစ် ဖြစ်တည်မှုအား ဖော်ပြလိုက်သည်။ ခရမ်းပြာရောင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် အနက်ရောင် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့သည် ငရဲကမ္ဘာ ပင်လယ်၏ ထောင့်အားလုံးမှ နေ၍ ထွက်ပေါ်လာကာ ရှောင်ယန်ထံသို့ စုစည်းလာလေသည်။

ကြောက်မက်ဖွယ်ရာ မီးတောက် နှစ်မျိုးတို့သည် သူ၏ နောက်ကျောတွင် အပြာနှင့် အနက်ရောင် တောင်ပံ တစ်ခုစီ ဖြစ်သွားကြသည်။

+

ထိုတောင်ပံ၏ အရွယ်အစားသည် 'နေမင်းအား ဖုံးအုပ်နိုင်အောင် ကြီးမားသည်' ဟူ၍သာ ဖော်ပြ၍ ရမည် မဟုတ်ချေ။ တောင်ပံများက ဆန့်တန်းလာသည်နှင့် သူတို့သည် ငရဲကမ္ဘာ ပင်လယ် တစ်ခုလုံးအား ဖုံးလွှမ်းသွား၍ သူတို့နှင့် ထိတွေ့ခဲ့သမျှ အရာအားလုံးတို့အား လောင်ကျွမ်းခဲ့သည်။

ဤမီးတောက် နှစ်မျိုးတို့၏ စွမ်းအားများကို အစွမ်းကုန် မြှင့်တင်လိုက်ခြင်းဖြင့် ရောင်ယန်သည် ပို၍ပင် ခက်ထန်၍ အစွမ်းထက်လာသည်ဟု ထင်နေရသည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် အပြာရောင်နှင့် အနက်ရောင်များဖြင့် လွှမ်းခြုံနေ၍ ငရဲမှ လာခဲ့သော မီးနတ်ဘုရားနှင့် တူနေခဲ့သည်။

+

အားလုံးတို့သည် ထိုအရာကို တွေ့ခဲ့ရသော အခါ သူတို့၏ အကြည့်များက တွန့်ဆုတ်သွားကြသည်။ သေမင်းကေရာဇ်နှင့် စန်ထူဇီတို့သည် သူတို့၏ ခေါင်းများကို တိတ်တိတ်ကလေး ခါလိုက်ကြကာ တွေးလိုက်သည်။

"ငါတို့က အတတ်နိုင်ဆုံး ကြိုးစားပြီး နှောင့်ယှက်ခဲ့ပေမဲ့ သူ့ရဲ့ ငရဲကမ္ဘာ ပင်လယ် အပေါ် ကျင့်ကြံမှုဟာ ငါတို့ထက် အများကြီး ရှေ့ရောက်နေပြီ… သူက ဒီအထဲမှာ ကပ်ဘေးရဲ့ စွမ်းအားတွေကိုပါ ထည့်သွင်းနိုင်စွမ်း ရှိနေပြီ"

ဤအထိ တွေးခဲ့ပြီးသော်လည်း သေမင်းကေရာဇ်နှင့် ကျန်သောသူများ၏ မျက်နှာ အမူအရာများသည် မပြောင်းလဲခဲ့ကြပေ။ သေမင်းကေရာဇ်သည် သူ၏ လက်များကို အသုံးပြု၍ မှော်ကျိန်စာ တစ်ခုကို

+

ထုတ်ဖော်လိုက်ပြီး ကပ်ဘေးထံသို့ ညွှန်ပြလိုက်ကာ သူ၏ သဘာဝလွန် အသိစိတ်များကို သူ့အတွင်း၌ ထည့်သွင်းခဲ့လေသည်။

သူသည် သူ့ဘေးမှ ယန်ရှင်းဟီအား ကြည့်လိုက်သည်။ ယန်ရှင်းဟီ၏ အမူအရာသည် တည်ငြိမ်လျက်ပင် ရှိသေးပြီး ဤအချိန်တွင် အရှေ့သို့ ခြေတစ်လှမ်း တက်လိုက်သည်။

သူတက်လာသည်နှင့် ငရဲကမ္ဘာ ပင်လယ် တစ်ခုလုံးသည် အနည်းငယ် တုန်ခါသွားသည်။ အချိန်ကာလနှင့် လေဟာနယ်တို့သည် ကွဲပြားနေသကဲ့သို့ ဖြစ်၍ တစ်ဘက်တွင် ကမ္ဘာကြီးသည် ရှောင်ယန်၏ မီးတောင်ပံများ၏ ရစ်ပတ်ခြင်းအား ခံနေရသည်။

+

အခြားတစ်ဘက်တွင်မူ ကပ်ဆိုးများစွာတို့သည် ရှောင်ယန်၏ တောင်ပံများကို ခုခံနေကာ ငရဲကမ္ဘာ ပင်လယ်အား မူလပုံစံ အတိုင်း ပြန်ဖြစ်စေရန် ကြိုးစားနေခဲ့သည်။

ရွှေရောင် အလင်းတန်းနှင့် အဖြူရောင် တိမ်တိုက်များက ပေါ်လာ၍ ဆူညံ ယောက်ယက်ခတ်နေသော ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် တည်ငြိမ်နေသော နေရာတစ်ခုနှင့် တူနေသည့် သီးသန့် နတ်ကမ္ဘာ တစ်ခု ပေါ်လာခဲ့သည်။ တစ်ယောက်သည် သူ့ထံမှ နတ်ဘုရားများ၏ အဆက်မပြတ် သီကြွေးသံများကို ကြားနိုင်ခဲ့သည်။

ယန်ရှင်းဟီသည် မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာများ အနက်မှာ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံအား အသုံးပြုခဲ့သည်ကို တွေ့ခဲ့ရသော အခါ ရှောင်ယန်က

+

သိလိုစိတ် ပြင်းပြစွာဖြင့် မေးလိုက်သည်။ "အိုး... ခင်ဗျားက နတ်ဆိုးဝိညာဥ် အဖြစ်ကို ပြောင်းသွားအပြီးမှာ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းကို အသုံးမပြုနိုင်တော့ဘူး မဟုတ်လား"

ထိုအရာသည် မှုမမှန်နေဟု ခံစားနေရသော်လည်း ရှောင်ယန်သည် အလျှော့ပေးရန် ရည်ရွယ်ချက် မရှိနေပေ။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ဖြင့် ဖန်ဆင်းထားသော ခရမ်းရောင် တောင်ပံသည် လေထုအလယ်တွင် ရွေ့လျားလာ၍ ယန်ရှင်းဟီအား ညှာတာမှု ကင်းမဲ့စွာဖြင့် တရစပ် ထိုးနှက်လိုက်သည်။

ခက်ထန်လှသော အရှိန်အဝါများသည် အခြား ကပ်ဆိုးများ ဖြစ်ကြသော အကြွင်းမဲ့ သွေးမြစ်ရေနှင့်

+

ငရဲကိုးလွှာ လေပြင်းတို့အား ယာယီ နောက်ဆုတ်သွားစေခဲ့သည်။

သူ့အရှေ့မှ ယန်ရှင်းဟီသည် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား အသုံးမပြုနိုင်ပေ။ သူသည် နတ်ဆိုးဝိညာဉ် အဖြစ်သို့ အပြောင်းလဲ ခံခဲ့ရသော်လည်း သူ၏ ကျင့်ကြံမှုသည် နတ်ဘုရား နယ်မြေ အတွင်းမှ အစွမ်းအထက်ဆုံး လူသား ကျင့်ကြံသူ အတွင်းမှ တစ်ယောက်ဟူသော သူ၏ အဆင့်အတန်းကို ဖော်ပြနေခဲ့သည်။

ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည် သူ့ကိုယ်သူ ဖြည်းဖြည်းချင်း ဖော်ပြလိုက်သည်။ ထိုနေရာ အတွင်းတွင် ဖြစ်ပျက်နေသမျှ အရာအားလုံးတို့သည် ယန်ရှင်းဟီ၏ ထိန်းချုပ်မှုကို ခံနေရသည်။

+

သို့သော်လည်း ရှောင်ယန်သည် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက် အမြောက်အမြားတို့အား အသုံးပြုနိုင်စွမ်း ရှိ၍ သူ၏ ကြီးစိုးနိုင်သော စွမ်းအားများမှာ မှန်းဆနိုင်စွမ်း မရှိချေ။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်သည် အကြွင်းမဲ့မီးတောက် ခုနစ်မျိုးတို့ အနက် ဖျက်ဆီးနိုင်မှု အကောင်းဆုံး ဖြစ်သည်။ အစွမ်းထက်သော သူ၏ ခရမ်းပြာရောင် မီးတောက်များ အောက်တွင် လေဟာနယ်သည် ပြိုကျသွား၍ အချိန်ကာလသည် ရပ်တန့်သွားကာ စိတ်ဝိညာဥ်များက ပျက်စီးသွားပြီး အရာဝတ္ထု ပုံစံအားလုံးတို့သည် ပြာများအဖြစ်သို့ ပြောင်းသွားကြသည်။ သူ၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် ပြိုင်ဘက်ကင်းကာ ခုခံရန် မဖြစ်နိုင်ချေ။

+

ယန်ရှင်းဟီသည် သူ၏ လက်များဖြင့် မှော်ကျိန်စာ
သင်္ကေတ များစွာတို့အား ထုတ်ဖော်လိုက်သော အခါ
ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည်
ဆက်လက်၍ ပြောင်းလဲနေပြီး ရှောင်ယန်အား
ရှောင်တိမ်းကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

အကယ်၍ သေမင်းကေရာဇ်က သူ့အား အသေအချာ
ထိန်းချုပ်ထားခြင်း မရှိလျှင် ယန်ရှင်းဟီသည် သူ၏
ကိုယ်ပိုင် လုံခြုံမှုအား ဂရုစိုက်နေလိမ့်မည် မဟုတ်ချေ။
သူအလေးထားနေသည်မှာ ရှောင်ယန်အား မည်ကဲ့သို့
အနိုင်ယူရမည်ပင် ဖြစ်သည်။

သူသည် ရှန်ကောင်းကင် မြင့်မြတ်သော
ကောင်းကင်ဘုံနှင့် ဒိုင်မန်းရှင်း ကင်းမဲ့မှု

+

အသွင်ပြောင်းလဲခြင်းတို့အား ထိန်းချုပ်နေရင်း သူသည် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံနှင့် ပေါင်းစည်းသွားကာ ဤကမ္ဘာ အတွင်းတွင် မရှိနေတော့ဟု ထင်နေရသည်။

သို့သော်လည်း ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်သည် အမှန်ပင် အစွမ်းထက်လှသည်။ မီးတောက်များ ထိတွေ့ခဲ့သော နေရာတွင် သူတို့သည် ဟင်းလင်းပြင် တလျှောက် လောင်ကျွမ်းခဲ့၍ ဖြစ်တည်မှု ပုံစံ အားလုံးတို့အား ချေဖျက်ခဲ့သည်။

သူသည် အစစ်အမှန် အရာများကို ဖျက်ဆီးနိုင်ရုံသာ မကပဲ ပုံရိပ်ယောင်များကိုပါ ဖျက်ဆီးနိုင်စွမ်း ရှိသည်။ မီးတောက်များ၏ ဝန်းရံခြင်းကို ခံနေရသော အရာအားလုံးတို့သည် ဒုက္ခရောက်နေကြသည်။

+

သို့ရာတွင် ယန်ရှင်းဟီ၏ မျက်နှာ အမူအရာသည် အန္တရာယ် ကြီးမားနေခဲ့သော်လည်း မပြောင်းလဲခဲ့ပေ။ သူသည် တည်ငြိမ်နေဆဲပင် ရှိပြီး ရှောင်ယန်၏ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၏ တိုက်ခိုက်မှုများကို ခုခံနေခဲ့သည်။ သူ၏ လက်ချောင်းများကို အသာ လှုပ်ခါလိုက်ရာ ချက်ချင်း ဆိုသလိုပင် ရွှေရောင် အလင်းတန်း အမြောက်အမြားတို့သည် ကောင်းကင်ပေါ်သို့ ပျံတက်သွားခဲ့သည်။

ဤရွှေရောင် အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းတွင် ကခုန်နေ၍ အရောင်မဲ့ ရတနာ အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ထိုအလင်းတန်းသည် ရှောင်ယန်၏ ခေါင်းပေါ်သို့ မိုးကဲ့သို့ ကျဆင်းလာသည်။

+

ရှောင်ယန်သည် မလှုပ်ရှားခဲ့သော်လည်း ကောင်းကင်ကမ္ဘာဖျက် မီးတောက်ဖြင့် ဖန်ဆင်းထားသော သူ၏ အခြားတောင်ပံသည် လျှင်မြန်စွာနှင့် ရုပ်သိမ်းလာကာ သူ၏ခေါင်းကို ကာကွယ်ပေးလိုက်သည်။ အရောင်မဲ့ ရတနာ အလင်းတန်းများက အနက်ရောင် တောင်ပံအပေါ်သို့ ကျဆင်းလာသော အခါ သူတို့သည် ကောင်းကင်ပေါ်မှ မိုးစက်များကဲ့သို့ ဖြစ်နေ၍ အငွေ့ပျံကာ ပျောက်ကွယ်သွားကြသည်။

ရှောင်ယန်၏ ခေါင်းပေါ်သို့ ကာထားသော အနက်ရောင် တောင်ပံသည် အနက်ရောင် မီးတောက်ပင်လယ် တစ်ခုနှင့် တူနေကာ သူ့အနီးသို့ ကပ်လာသော အရာအားလုံးအား ဝါးမျိုခဲ့သည်။

+

ထို့အပြင် ယန်ရှင်းဟီ၏ တိုက်ခိုက်မှုအား ဝါးမျိုးအပြီးတွင် ကောင်းကင်ကမ္ဘာဖျက် မီးတောက်ဖြင့် ပြုလုပ်ထားသော တောင်ပံသည် ပို၍ပင် ကြောက်မက်ဖွယ်ကောင်းကာ ကြီးစိုး လွှမ်းမိုးလာနိုင်ခဲ့သည်။

ယန်ရှင်းဟီသည် ဤမြင်ကွင်းအား တွေ့ခဲ့သော အခါ သူ၏ နည်းဗျူဟာများကို လျင်မြန်စွာဖြင့် ပြောင်းလဲလိုက်သည်။ ခဏအကြာတွင် တစ်ယောက်သည် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် အဖြူရောင် အလင်းတန်း တိုင်လုံးတစ်ခု ပေါ်လာသည်ကို တွေ့လိုက်ရသည်။ သူသည် ကောင်းကင်အား တည်ငြိမ်နေအောင် ထိန်းသိမ်းထားသည့် တိုင်လုံးအလား ကောင်းကင်နှင့် မြေကြီးတို့အား ထိုးဖောက်သွားခဲ့သည်။

+

ဤအရာသည် နတ်ဆိုးပုံစံ အားလုံးတို့အား နှိမ်နင်းရန် အထူးပြုထားသည့် အန္တိမ နတ်ဆိုးဖိနှိပ် တိုင်လုံးဖြစ်သည်။ အလင်းတန်း တိုင်လုံးနှင့် ထိတွေ့ခဲ့သော နေရာတိုင်းတွင် ခက်ထန်နေသော ငရဲကမ္ဘာ ပင်လယ်သည် သိသာစွာဖြင့် တည်ငြိမ်လာခဲ့သည်။

စတင် ကျင့်ကြံခဲ့ကတည်းက ရှောင်ယန်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ များစွာတို့နှင့် ရင်ဆိုင်ခဲ့ရကာ အန္တိမ နတ်ဆိုးဖိနှိပ် တိုင်လုံးအား အကြိမ်များစွာ တွေ့ဖူးခဲ့သည်။

သို့သော်လည်း ယနေ့တွင် သူတွေ့ခဲ့ရသော အန္တိမ နတ်ဆိုးဖိနှိပ် တိုင်လုံးသည် သူတွေ့ဖူးခဲ့သမျှ အတွင်းတွင် အစွမ်းအထက်ဆုံး ဖြစ်သည်။ ဤမှော်ကျိန်စာသည် ယန်ရှင်းဟီ၏ လက်များ

+

အတွင်းတွင် လုံးဝ ပြီးပြည့်စုံနေသည်ဟု ထင်နေရ၍ ဟင်းလင်းပြင် ဘုရားကျောင်းမှ အခြား ကျင့်ကြံသူများနှင့် ယှဥ်လိုက်လျှင် ကွဲပြားနေသည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာတို့နှင့် ယှဥ်လိုက်လျှင် သူသည် လုံးဝ အားမနည်းနေခဲ့ပဲ သူ၏ ပတ်ဝန်းကျင်နှင့် ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ရှိနေခဲ့သည်။

ရှောင်ယန်သည် လှမ်းကြည့်လိုက်ရာ အဖြူရောင် အလင်းတန်း တိုင်လုံးသည် ခတ်နှိပ်ထားသော သင်္ကေတများဖြင့် ပြည့်နေသည်ကို တွေ့လိုက်ရသည်။ ထိုအလင်းတန်း တိုင်လုံးသည် ပို၍ပို၍ အကောင်အထည် ပေါ်လာကာ အစိုင်အခဲ အဖြစ်သို့ ပြောင်းသွားတော့မည်ကဲ့သို့ ဖြစ်နေသည်။

+

သာမန် မျက်စိဖြင့် ကြည့်လိုက်လျှင်ပင် အဖြူရောင်
တိုင်လုံးသည် ကပ်ဘေးနီးပါးမျှပင် ကြီးမားနေခဲ့သည်။

ခက်ထန် ကြမ်းတမ်း၍ ကြောက်မက်ဖွယ်ရာ
ကောင်းနေသော ကောင်းကင်ကမ္ဘာဖျက်
မီးတောက်သည် ရှောင်ယန်၏ ထိန်းချုပ်မှုအောက်တွင်
နဂါးတစ်ကောင် အဖြစ်သို့ ရုတ်တရက်
ပြောင်းသွားသည်။ သူ၏ ခန္ဓာကိုယ်သည်
အစိမ်းရောင်သန်းနေခဲ့သော်လည်း
ကောင်းကင်ကမ္ဘာဖျက် မီးတောက်များဖြင့် တောက်ပစွာ
လောင်ကျွမ်းနေကာ အနက်ရောင် မီးခိုးငွေ့များ
ထွက်နေခဲ့သည်။

+

အစိမ်းရောင် နဂါးသည် အဖြူရောင် တိုင်လုံးအနားတွင် ခွေနေ၍ သူ၏ ခန္ဓာကိုယ်အား တင်းကျပ်စွာ ကျုံ့လိုက်ရာ အဖြူရောင် တိုင်လုံးသည် အနည်းငယ် တုန်ခါလာခဲ့သည်။ သူ့ထံမှ အဖြူရောင် အလင်းတန်းများကို နည်းနည်းချင်း စုပ်ယူနေ၍ နဂါးထံမှ မိစ္ဆာမီးတောက်သည် ပို၍ပို၍ ကြီးမားလာခဲ့သည်။

သို့သော်လည်း အဖြူရောင် တိုင်လုံး အပေါ်တွင် ခတ်နှိပ်ထားသော သင်္ကေတများသည် ဆက်လက်၍ လင်းလက်နေကာ အန္တိမ နတ်ဆိုးဖိနှိပ် တိုင်လုံးသည် သန်မာစွာဖြင့် ရပ်တည်နေခဲ့သည်။

ရှောင်ယန်၏ မီးတောက် တောင်ပံ နှစ်ဘက်တို့သည် ကောင်းကင်အား လွှမ်းခြုံထား၍ သူ၏ စင်စစ် ဖြစ်တည်မှု အနားတွင် ရစ်ပတ်ထားသည်။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့်

+

ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့သည်
စုစည်းလာခဲ့၍ သူ၏ ခန္ဓာကိုယ်သည် ပို၍ပို၍
မြင့်မားလာသည်။

သူသည် ယန်ရှင်းဟီ၊ သေမင်းကေရာဇ်၊ ရွှေပုစဥ်း
ဆရာတော်နှင့် စန်ထူဇီတို့သည်
လျှောက်လှမ်းလာခဲ့သည်။

သူလျှောက်လှမ်းခဲ့သော ခြေလှမ်းတိုင်းတွင် ပို၍ပို၍
များသော မီးတောက်များက သူ့ခြေအောက်သို့
စုစည်းလာကြကာ သူ့အား ပို၍ပင်
မြင့်မားလာစေခဲ့သည်။

နောက်ဆုံးတွင် သူ၏ မီးတောက် တောင်ပံနှစ်ခုတို့သည်
ပျောက်ကွယ်သွား၍ အစားထိုးလာသည်မှာ မီတာ

+

ထောင်ပေါင်းများစွာ မြင့်မားသော ဘီလူးကြီးပင် ဖြစ်သည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ခရမ်းပြာရောင် သန်းနေ၍ အနက်ရောင် မီးတောက်များဖြင့် ပြုလုပ်ထားသော ချပ်ဝတ်တန်ဆာဖြင့် လွှမ်းခြုံထားသည်။

ဤဘီလူးကြီး၏ မျက်နှာ အသွင်အပြင်များအား အနက်ရောင် မျက်နှာဖုံး တစ်ခုဖြင့် ဖုံးကွယ်ထား၍ မျက်လုံး တစ်စုံကိုသာ တွေ့နိုင်ခဲ့သည်။

ထိုဘီလူးကြီး၏ မျက်လုံးများသည် နီ့နှစ်ဖြူရောင် ဖြစ်သည်။ သူတို့ကလည်း သန့်စင်သောယန် အကြွင်းမဲ့မီးတောက်ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

+

သို့သော်လည်း သန့်စင်သောယန်
အကြွင်းမဲ့မီးတောက်သည် အပေါ်သို့ လောင်ကျွမ်း
မလာခဲ့ပဲ သူ၏ မျက်လုံးများ အတွင်း၌သာ
နေနေခဲ့သည်။

မီးတောက် ဘီလူးကြီးသည် အလင်းတန်း
စက်ကွင်းအပေါ်သို့ ဖြည်းဖြည်းချင်း
လျှောက်လှမ်းလာခဲ့ကာ မကြာမီပင် ယန်ရှင်းဟီ၏
အရှေ့သို့ ရောက်လာခဲ့သည်။ ပြီးတာနှင့် သူသည်
သူ့အပေါ်သို့ လက်ဝါးတစ်ဘက်ဖြင့် ရိုက်ချလိုက်သည်။

ယန်ရှင်းဟီ၏ ခေါင်းပေါ်မှ ရှန်ကောင်းကင်
မြင့်မြတ်သော ကောင်းကင်ဘုံသည် စတင်၍
အဆက်မပြတ် တုန်ခါလာရာ ယန်ရှင်းဟီသည် သူ၏
အလင်းတန်းနှင့် လေဟာနယ် စီးဆင်းမှုကို အသုံးပြု၍
ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံအား
+

ရွှေ့ရန် ကြိုးစားလိုက်သည်။ တစ်ချိန်တည်းတွင် သူ၏ အန္တိမ နတ်ဆိုးဖိနှိပ် တိုင်လုံးအား အသုံးပြုကာ ဘီလူးကြီး၏ လက်ကို ဖမ်းချုပ်ထားရန် ကြိုးစားလိုက်၏။

ခဏအကြာတွင် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည် ပို၍ပင် တောက်ပလာသည်။ ယန်ရှင်းဟီသည် နောက်မဆုတ်ပဲ အရှေ့သို့ပင် တက်လာခဲ့ကာ သူနှင့် ရှောင်ယန်တို့ အကြားမှ အကွာအဝေးသည် ပို၍ပင် နီးကပ်လာသည်။

ရွှေရောင် အလင်းတန်းများ လင်းလက်လာသည်နှင့် အဖြူရောင် တိမ်တိုက်များဖြင့် ပြုလုပ်ထားသော ကမ္ဘာက ရွေ့လျားလာခဲ့သည်။ ပထမတွင် သူသည် ဖုန်မှုန့်တစ်စအလား သေးငယ်နေခဲ့သော်လည်း

+

မကြာမီပင် သူသည် ရှောင်ယန်တမျှ ကြီးမားလာကာ သူ့အပေါ်သို့ ရိုက်ချရန် ကြိုးစားခဲ့သည်။

သို့သော်လည်း ရှောင်ယန်၏ ရောမ ပုံစံသည် ပျောက်ကွယ်သွားခဲ့သည်။

အမှန်တွင် ရှောင်ယန်သည် သူ့ကိုယ်သူ ကျုံ့ဝင်သွားခဲ့ခြင်း ဖြစ်သည်။ သူသည် ယခင် အရွယ်အစား ဖြစ်သော မီတာသုံးဆယ် အရွယ်သို့ ပြန်ပြောင်းသွားခြင်း မဟုတ်ပဲ ပုံမှန် လူသား အရွယ်သို့ ပြောင်းလဲသွားခြင်း ဖြစ်သည်။

သူ၏ အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှ စွမ်းအားများသည် သူ၏ ခန္ဓာကိုယ် အပေါ်တွင် ရှိနေခဲ့သည်။ ရှီထျန်းဟောင်၏ အဆင့်နှစ်မျိုး

+

လည်ပတ်ခြင်း နတ်ကျောက်တုံး၏ ကျေးဇူးကြောင့် ရှောင်ယန်သည် သူ၏ ရုပ်ကိုယ်ခန္ဓာနှင့် အင်မော်တယ်ဝိညာဉ် ပုံစံ အကြားတွင် ပြောင်းလဲနိုင်စွမ်း ရှိသည်။

သူသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်သွားအပြီးတွင် ရှီထျန်းဟောင်ကဲ့သို့ ပုံစံနှစ်မျိုး ပြောင်းလဲနိုင်ခြင်း မရှိသော်လည်း သူ၏ စင်စစ် ဖြစ်တည်မှုအား အသုံးပြု၍ သူ၏ မှော်ကျိန်စာ အမျိုးမျိုးတို့ကို ဖော်ပြနိုင်စွမ်း ရှိသည်။ တစ်ချိန်တည်းတွင် သိုင်းလမ်းစဥ် ကျင့်ကြံသူများ ကဲ့သို့ သူ၏ စွမ်းအားများကို သူ၏ ရုပ်ကိုယ်ခန္ဓာ အပေါ်တွင် ထည့်သွင်းထား၍ ပိုမို အစွမ်းထက်အောင် ပြုလုပ်နိုင်စွမ်း ရှိသည်။

+

ယခုအချိန်တွင် ရှောင်ယန်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် စွမ်းအားများဖြင့် ပြည့်နှက်နေ၍ သူ၏ အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှ စွမ်းအားများသာ မက ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကိုလည်း အတွင်းသို့ ထည့်သွင်းထားနိုင်စွမ်း ရှိသည်။

သူသည် အသက် ရှူထုတ်လိုက်၍ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံအား လက်သီးဖြင့် ထိုးလိုက်သည်။ သူသည် ဤကောင်းကင် နိုင်ငံအား လုံးဝ ဖျက်ဆီးလိုနေခြင်း ဖြစ်သည်။

ယန်ရှင်းဟီသည် ရှောင်ယန်အား ကြည့်လိုက်ကာ သူ၏ အကြည့်သည် ပျာယာခတ်သွားသည်။ သူသည် ယခင်က တိုက်ပွဲများကို ရာနှင့်ချီ၍ တိုက်ခိုက်ခဲ့ဖူးသော်လည်း ရှောင်ယန် ဖော်ပြခဲ့သော စွမ်းအားများသည် သူ့ကိုပင် တုန်လှုပ်စေရန် လုံလောက်နေသည်။ သူ၏

+

စွမ်းအားများအား ငရဲကမ္ဘာ ပင်လယ်ဖြင့် အားဖြည့်ထားခြင်း ဖြစ်သော်လည်း အထင်ကြီးစရာ ကောင်းနေခဲ့သေးသည်။

ကျင့်ကြံသူ တစ်ယောက် အနေဖြင့် ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဆိုးများကို ခံနိုင်ရည်ရှိ၍ သူ့ကိုယ်သူ ပိုမို အားကောင်းလာစေရန် အသုံးပြုနိုင်ရန် အတွက် လုံလောက်သော ကျင့်ကြံမှု ရှိရန် လိုအပ်သည်။

တစ်ယောက်ကမှ မပြောပြခဲ့သော်လည်း ယန်ရှင်းဟိ အနေဖြင့် ရှောင်ယန်သည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ ရှိနေသေးသော်လည်း သူ၏ စွမ်းအားများသည် အဆင့်တူ ကျင့်ကြံသူများထက် ပိုသာသည်ဟု သိနေခဲ့သည်။

+

ရှောင်ယန်၏ အစွမ်းထက်သော ကမ္ဘာဖျက်
လက်သီးသည် ယန်ရှင်းဟီ၏ ရှန်ကောင်းကင်
မြင့်မြတ်သော ကောင်းကင်ဘုံအား ထိုးခဲ့ကာ
အပေါက်တစ်ခု ဖြစ်ပေါ်စေခဲ့သည်။

ဤအပေါက်သည် လျှင်မြန်စွာဖြင့် ကျယ်ပြန့်လာ၍
အပေါက်အနားမှ လေဟာနယ်တွင် ဒိုင်မန်းရှင်း
ပြတ်တောက်မှုများ ဖြစ်ပေါ်လာသည်။

ရွှေရောင် ကမ္ဘာသည် ထိုအပေါက်မှ စ၍ လျှင်မြန်စွာဖြင့်
လွင့်ပြယ်သွားကာ ထိုအပေါက်မှ တဆင့် ငရဲကမ္ဘာ
ပင်လယ်၏ ကပ်ဆိုးများစွာတို့က ဝင်ရောက်
တိုက်ခိုက်ခဲ့ကြပြီး အခြေအနေများကို ပိုဆိုးစေခဲ့သည်။

+

ယန်ရှင်းဟီအား ရှောင်ယန်ကို တိုက်ခိုက်စေခဲ့ပြီး သေမင်းကေရာဇ်သည် အခြေအနေကို စောင့်ကြည့်နေကာ ကပ်ဘေးအား ဆက်လက်၍ ထိုးဖောက်နိုင်ရန် ကြိုးစားနေခဲ့သည်။ သူသည် ရှောင်ယန်၏ ကျင့်ကြံထားမှုအား ပယ်ဖျက်ရန် ကြိုးစားနေ၍ ရှောင်ယန်အား ကူညီမှု မပေးနိုင်ရန် ကန့်သတ်လိုနေခဲ့ခြင်း ဖြစ်သည်။

ရှောင်ယန်သည် ယန်ရှင်းဟီနှင့် အနီးကပ် တိုက်ပွဲ ဆင်နွှဲရန် ကြိုးစားခဲ့သည်ကို တွေ့ခဲ့ရသော အခါ သေမင်းကေရာဇ်သည် သူ၏ လက်ချောင်းများကို လေထုအတွင်းတွင် ဖော့ယမ်းလိုက်ရာ အနက်ရောင် အလင်းတန်းများသည် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံ၏ အပေါက်အား လွှမ်းခြုံသွားသည်။

+

သူသည် မော်ကျိန်စာများကို ဆက်လက် ဆင့်ခေါ်နေရင်း ကပ်ဘေးနှင့် ဆက်လက်၍ ဆက်သွယ်နေခဲ့သည်။ သူ၏ လက်များဖြင့် သူသည် အနက်ရောင် အလင်းတန်းများကို သေမင်း မြူခိုးငွေ့များ အဖြစ်သို့ ပြောင်းလဲခဲ့ပြီး ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံမှ အပေါက်အား ဖြည့်ပေးနေခဲ့ကာ ဖုံးလွှမ်းသွားသည်။ အဝေးမှ ကြည့်လိုက်လျှင် သူသည် ဘဲဥတစ်လုံးနှင့် တူနေပေသည်။

ဤအရာသည် သေမင်းဧကရာဇ်က ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် တီထွင်နိုင်ခဲ့သည့် အစွမ်းထက်သော အကာအကွယ် မော်ကျိန်စာ တစ်ခုဖြစ်သည်။ သူ့အား ငရဲကမ္ဘာ ပင်လယ်၏ အကာအကွယ် နယ်နိမိတ်ဟု ခေါ်သည်။

+

သေမင်းကေရာဇ်၏ နည်းစနစ်များကို ကျင့်ကြံထားသူများသည် ပုံမှန်အားဖြင့် သူ့အား ဖော်ထုတ်ရန် လူသုံးယောက် လိုသည်။ သို့သော်လည်း သေမင်းကေရာဇ် ကိုယ်တိုင် ပြုလုပ်ပါက တစ်ယောက်တည်း လုပ်၍ရသည်။ ဤနည်းစနစ်ကို အသုံးပြု၍ သူသည် ယန်ရှင်းဟီ၏ အပေါ်၌ အကာအကွယ် အလွှာတစ်ခုကို ထုတ်ဖော်လိုက်ကာ ရှောင်ယန်အား နောက်ထပ် တားဆီးလိုက်သည်။

## စာစဥ် ၇၃ : အပိုင်း ၄

## အပိုင်း ၁၄၁၄ : ယောက္ခမ အစား ခင်ဗျားကို ကျေးဇူးတင်ရမယ်

+

သေမင်းကေရာဇ်သည် ငရဲကမ္ဘာ၏ အကာအကွယ် နယ်နိမိတ်အား အသုံးပြုခဲ့သည်ကို တွေ့ခဲ့ရသော အခါ ရှောင်ယန်သည် မအောင့်နိုင်ပဲ ရယ်လိုက်မိသည်။

ဤအရာသည် သေမင်းကေရာဇ်က ငရဲကမ္ဘာ၏ စွမ်းအားများကို အတုခိုး၍ ဖန်တီးထားခြင်း ဖြစ်သည်။ ငရဲကမ္ဘာ ပင်လယ်သည် မတည်မငြိမ် ဖြစ်နေ၍ ရံဖန်ရံခါ ပွင့်ဟသွားသော်လည်း သူသည် ကပ်ဆိုး ထောင်ပေါင်းများစွာတို့အား ထိန်းသိမ်းထားနိုင်ပြီး သူတို့အား မဟာကမ္ဘာ အတွင်းသို့ မဝင်ရောက်နိုင်ရန် တားဆီးထားနိုင်သည်။

ဤစွမ်းအားများကို အသုံးပြု၍ ငရဲကမ္ဘာ ပင်လယ်၏ အကာအကွယ် နယ်နိမိတ်အား ဖန်တီးခဲ့ခြင်းသည် အမတန်မှ အစွမ်းထက်သော အကာအကွယ် မှော်ကျိန်စာ ဖြစ်သည်။

+

ခံစစ်စွမ်းအား သက်သက်ဆိုလျှင် ဤမော်ကျိန်စာသည် နတ်ဘုရား နယ်မြေ အတွင်းမှ လူသား ကျင့်ကြံသူများ အားလုံးအနက် ပထမ ချိတ်နိုင်သည်။

သို့သော်လည်း ရှောင်ယန်၏ ငရဲကမ္ဘာ ပင်လယ်အား နားလည်မှုသည် သေမင်းကေရာဇ်ထက် ပို၍ သာလွန်နေသည်။ ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သေမင်းကေရာဇ်၏ နည်းစနစ်များ ကျင့်ကြံထားသူ အချို့အား ဖမ်းဆီးနိုင်ခဲ့၍ သူ့စွမ်းအားများ အကြောင်းကို သိနေခဲ့သည်။

သူသည် ရှုအန်ဒါ အသုံးပြုခဲ့သော မော်ကျိန်စာနှင့် အတူတူပင် ဖြစ်သော်လည်း သူ၏ ရှုပ်ထွေးမှုနှင့် စွမ်းအားများသည် သေမင်းကေရာဇ် ကိုယ်တိုင်

+

အသုံးပြုခဲ့သည်နှင့် မယှဉ်နိုင်ပေ။ သို့သော်လည်း ရှောင်ယန်သည် ဤမှော်ကျိန်စာ အပေါ်၌ အတော်အတန် နားလည်ထားခဲ့သည်။

သူ၏ လက်များအား ခေးများကဲ့သို့ ပြောင်းလိုက်သည်။ ပြီးတာနှင့် သူသည် ငရဲကမ္ဘာ၏ အကာအကွယ် နယ်နိမိတ် ကာကွယ်ထားသော သေမင်း အငွေ့အသက် အလွှာ များစွာတို့အား ခုတ်ချလိုက်လေသည်။

ရှောင်ယန်၏ ခုတ်ချမှုဖြင့် သူ၏ ကိုယ်ပိုင် စွမ်းအားများက ထိုးတက်လာကာ မျက်စိကျစရာ မကောင်းသော်လည်း ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုသည် ကောင်းကင်နှင့် မြေကြီး အကြားတွင် စတင်၍ စုစည်းလာခဲ့သည်။

+

အကြွင်းမဲ့ သွေးမြစ်ရေ၊ ငရဲကမ္ဘာ အကြွင်းမဲ့ရေတို့သည် စတင်၍ ထကြွ လှုပ်ရှားလာသည်။ အဝီစိ ငရဲမုန်တိုင်းနှင့် ငရဲကိုးလွှာ လေပြင်းတို့သည် ညင်သာစွာဖြင့် တိုက်ခတ်လာကာ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့က လောင်ကျွမ်းလာသည်။

မရေမတွက်နိုင်သော ကပ်ဆိုးများက အတူတကွ စုစည်းလာကာ ရောမ အင်အားတစ်ခု အဖြစ်သို့ ပြောင်းသွား၍ ငရဲကမ္ဘာ ပင်လယ် အပေါ်သို့ ကျဆင်းလာခဲ့လေသည်။

ငရဲကမ္ဘာ ပင်လယ်၏ တကယ့် နယ်နိမိတ်များပင် ကွဲအက်သွား၍ ကပ်ဆိုးများသည် မဟာကမ္ဘာ အတွင်းသို့ ရုံဖန်ရံခါ ဝင်ရောက်သွားကြသည်။

+

ငရဲကမ္ဘာ ပင်လယ်၏ အကာအကွယ် နယ်နိမိတ်၏ စွမ်းအားများသည် သန်မာလှသော်လည်း ရှောင်ယန်၏ ကပ်ဆိုးများစွာတို့ဖြင့် တိုက်ခိုက်မှုအောက်တွင် သူတို့သည် စတင်၍ တုန်ခါလာကြကာ လှိုင်းလုံးများကို ရင်ဆိုင်ခဲ့ရသော သဲရုပ်ထုများကဲ့သို့ စတင်၍ ပြိုလဲလာကြသည်။

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ သေမင်းကေရာဇ်သည် စိတ်အတွင်းမှ ပြင်ဆင်ထားခဲ့ပြီး ဖြစ်၍ သူ၏ မျက်နှာ အမူအရာသည် မပြောင်းခဲ့ပေ။ သူလုပ်လိုနေသည်မှာ ယန်ရှင်းဟီအတွက် အချိန်ဆွဲပေးရန်သာ ဖြစ်သည်။

+

ငရဲကမ္ဘာ ပင်လယ်၏ အကာအကွယ် နယ်နိမိတ်၏ စွမ်းအားများ၏ အထောက်အပံ့ဖြင့် ယန်ရှင်းဟီသည် သူ၏ စွမ်းအားများကို အသုံးပြုကာ ရှောင်ယန်က သူ၏ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံ အပေါ်၌ ဖန်တီးထားသော အပေါက်အား လျင်မြန်စွာဖြင့် ပိတ်လိုက်သည်။

သူ၏ ခန္ဓာကိုယ် အပေါ်တွင် အလင်းတန်း မြောက်မြားစွာတို့က လင်းလက်နေကြသည်။ သူတို့သည် မတောက်ပသလို မျက်စိကျစရာ မကောင်းလှပေ။ ထို့အပြင် သူတို့အား ဖော်ပြရန် သို့မဟုတ် ပြောပြရန်ပင် ခက်ခဲလှသည်။ တစ်ယောက်သည် သူတို့အား အာရုံခံနိုင်ရန် သို့မဟုတ် သူတို့နှင့် ထိတွေ့နိုင်ရန် မလွယ်လှချေ။

+

ဤအရာသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာ၏ နောက်ဆုံး အကွက်ဖြစ်သော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းပင် ဖြစ်သည်။

ဤအချိန်တွင် ယန်ရှင်းဟီ၏ အပေါ်မှ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ယခင်ကနှင့် စာလျှင် များစွာ ကွဲပြားနေသည်။ ယန်ရှင်းဟီအား လွှမ်းခြုံထားသော အလင်းတန်းတွင် မျက်စိ ကျိန်းလုမတတ် အမာရွတ် တစ်ခု ရှိနေသည်။

ဤအမာရွတ်သည် အလင်းတန်းဖြင့် ဖွဲ့စည်းထားသော်လည်း သူသည် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းထက် များစွာပို၍ မျက်စိကျစရာ ကောင်းသည်။

+

ဤအလင်းတန်းသည် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းလောက် အစွမ်းမထက်ပေ။ သူသည် သန်မာသည်ဟု ထင်နေရသော်လည်း အတွင်းတွင် ကျိုးပဲ့နေသည်ဟု ထင်နေရကာ လျှို့ဝှက်ဆန်းကြယ်သော လက္ခဏာများ ပျောက်ဆုံးနေသည်ဟု ထင်နေရသည်။

ဤအလင်းတန်း၏ တည်ရှိနေမှုကြောင့် ယန်ရှင်းဟီ၏ ပတ်ပတ်လည်မှ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ဖြည်းဖြည်းချင်း မှေးမှိန်လာကာ အစိုင်အခဲ ပုံစံ ပေါက်လာပြီး ဖော်ပြ၍ ရလာနိုင်ခဲ့သည်။ အလင်းတန်းသည် အကောင်အထည် ပေါ်လာသကဲ့သို့ ဖြစ်သည်။

+

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် သူကိုယ်တိုင်က ထူးချွန် ပြောင်မြောက်လှသော်လည်း ယန်ရှင်းဟီ၏ အလင်းတန်းသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ အခြား ကျင့်ကြံသူများ၏ အလင်းတန်းနှင့် စာလျှင် ဖိအားရှိနေသည်ဟု ရှောင်ယန်က ခံစားနေရသည်။

ရှောင်ယန်၏ အကြည့်သည် ထိုအမာရွတ် အပေါ်သို့ ကျရောက်သွားပြီး နောက်တွင် သူ၏ မျက်နှာ အပေါ်၌ သဘောပေါက်သွားသော အကြည့်တစ်ခု ရုတ်တရက် ပေါ်လာခဲ့သည်။ "ဒီခံစားချက်... ဒါက ဆရာနဲ့ ဒေါ်လေး ရွှမ်းလီတို့ရဲ့ လက်ချက်ပဲ... လက်စသတ်တော့ ဒီလိုကိုး..."

သူ၏ စင်စစ် ဖြစ်တည်မှုသည် မူလ ခန္ဓာကိုယ် အဖြစ်သို့ ပြန်ပြောင်းသွားပြီ ဖြစ်သည်။ ငရဲကမ္ဘာ ပင်လယ်၏

+

စွမ်းအားများဖြင့် သူသည် ပို၍ ခက်ထန်ကြမ်းတမ်းလာကာ သူ၏ ခန္ဓာကိုယ်သည် ပိုမိုလျင်မြန်စွာဖြင့် လှုပ်ရှားလာနိုင်သည်။ သူ၏ခန္ဓာကိုယ်သည် လက်ကနဲ ဖြစ်သွား၍ အပေါက်မှ တဆင့် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံအတွင်းသို့ ဝင်သွားလေသည်။

ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံအတွင်းသို့ ရောက်သွားသော အခါ ရှောင်ယန်သည် သူ၏ခန္ဓာကိုယ်က ပို၍ လေးလံလာသည်ဟု ခံစားခဲ့ရသည်။ သူ၏ စွမ်းအားများသည် ယခင်ကလောက် လျင်မြန်စွာ မစီးဆင်းနိုင်တော့ပဲ ဤအချိန်တွင် စိတ်ဝိညာဉ်စွမ်းအင်များနှင့် ဤနေရာမှ တာအိုကိုယ်တိုင်ကပင် သူ့အား ဆန့်ကျင်နေခဲ့သည်။

+

ဤအရာသည် ယန်ရှင်းဟီ ဖန်တီးထားသည့် ကမ္ဘာဖြစ်၍ ပြင်ပမှ ငရဲကမ္ဘာ ပင်လယ်၏ တိုက်ခိုက်မှုများနှင့် လုံးဝ ကွဲပြားနေသည်။

ဤကမ္ဘာ အတွင်းသို့ ဝင်လာသည်နှင့် တာအို၏ စွမ်းအားများသည် ယန်ရှင်းဟီ၏ လက်အတွင်းသို့ ကျရောက်သွားတော့မည် ဖြစ်သည်။

သို့သော်လည်း ရှောင်ယန်သည် ဂရု မစိုက်ခဲ့ပဲ ခြေလှမ်းကျဲကြီးများဖြင့် အရှေ့တိုးလာခဲ့သည်။ သူခြေတစ်လှမ်း လှမ်းလိုက်သည်နှင့် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည် အနည်းငယ် တုန်ခါသွားကာ အက်ကွဲကြောင်းများ စတင်၍ ပေါ်လာခဲ့သည်။

+

ရုပ်ကိုယ်ခန္ဓာ ခွန်အား သက်သက်ဖြင့် ရှောင်ယန်သည် သူ့အား ချိုးဖောက်နိုင်စွမ်း ရှိသည်။ သူသည် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို ပို၍ပို၍ ဆင့်ခေါ်နိုင်သဖြင့် ဤကောင်းကင်ဘုံသည် ဖြည်းဖြည်းချင်း ယိုယွင်းလာခဲ့သည်။

ရွှေရောင် အလင်းတန်းများသည် စတင်၍ မှေးမှိန်လာကာ သီကြွေးသံများကလည်း တိုးလာခဲ့သည်။ အဖြူရောင် တိမ်တိုက်များက လွင့်ပြယ်သွားသော အခါ မှော်သင်္ကေတများသည် ပေါ်လိုက်ပျောက်လိုက် ဖြစ်ကုန်ကြသည်။

ရှောင်ယန်၏ မျက်လုံးများ အတွင်းတွင် ကပ်ဘေးမှ ထုတ်လွှတ်နေသော အလင်းတန်းနှင့် မခြားနားသည့် အလင်းတန်း တစ်တန်း လင်းလက်လာသည်။ အရှေ့သို့

+

တက်လာခဲ့ရင်း သူသည် မကြာမီပင် ယန်ရှင်းဟီ၏ အရှေ့သို့ ရောက်လာခဲ့သည်။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည် သူ၏ ဘယ်လက်တွင် ရစ်ပတ်နေရင်း လက်သည်းတစ်ခု အသွင်သို့ ပြောင်းသွားသည်။ ဤသို့ပင် သူသည် သူ့ပြိုင်ဘက်အား ထိန်းချုပ်ထားနိုင်ပြီး မလွတ်မြောက်စေရန် တားဆီးထားနိုင်ခဲ့ကာ သူ၏ ညာလက်သည် လက်သီးတစ်လုံး အဖြစ်သို့ ပြောင်းသွား၍ သူ့ပြိုင်ဘက် အပေါ်သို့ ထုချလိုက်လေသည်။

ယန်ရှင်းဟီ၏ မျက်လုံးများက အရောင် လက်လာခဲ့သည်။ သူသည် ရှောင်ယန်၏ လက်သီးကို တွေ့ခဲ့ရသော အခါ အလင်းတန်း များစွာတို့သည် နေရာတစ်ခုတည်း အပေါ်သို့ စုစည်းသွားကြသည်။

+

ထိုနေရာ အပေါ်တွင် အလင်းတန်းသည် ကြယ်တစ်စင်းကဲ့သို့ အဆက်မပြတ် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေခဲ့သည်။

သို့သော်လည်း တစ်ယောက်က ထိုအရာသည် ငြိမ်းလုနီးပါး ဖြစ်နေသော ကြယ်တစ်စင်း ဖြစ်သည်ကို တွေ့နိုင်ခဲ့သည်။ သေးငယ်သော အလင်းတန်းတွင် ကြောက်မက်ဖွယ်ရာ ကမ္ဘာဦး စွမ်းအား တစ်ခု ရှိနေ၍ တစ်ယောက်သည် သူ့အတွင်းတွင် ပြန်လည် မွေးဖွားခြင်းနှင့် ပျက်စီးခြင်းတို့ကို အာရုံခံနေနိုင်သည်။

ပျက်စီးသွား၍ ပြန်လည် အသက်ရှင်လာခဲ့ရာ သူ့အတွင်းတွင် အလွန် အစွမ်းထက်သည့် လှုပ်ရှားမှု တစ်ခု ပါနေပေသည်။

+

ရှောင်ယန်၏ ခေတ်နှစ်ပါး မူလပြန်လာခြင်းတူဖြင့် အထုခံလိုက်ရသော အခါ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည် ပျက်စီးခြင်း အဖြစ်သို့ ရောက်သွားခဲ့သည်။

ပျက်စီးသွား အပြီးတွင် ယန်ရှင်းဟီသည် ပြန်လည် မွေးဖွားခြင်းအား မထိန်းချုပ်နိုင်ခဲ့ပေ။ ယန်ရှင်းဟီသည် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံ၏ စွမ်းအားများကို ထိန်းချုပ်နေခဲ့သော်လည်း အသက်ပုံစံ အသစ်များက ဆက်လက်၍ ပေါ်နေခဲ့ကာ သူ့အား ထိန်းချုပ်ထားသော တာအိုများ အားလုံးတို့က ပျက်စီးသွားခဲ့သည်။

+

ကောင်းကင်ကမ္ဘာဖျက် မီးတောက်များ၏
ချုပ်နှောင်ခြင်းကို ခံနေရသဖြင့် ယန်ရှင်းဟီသည် သူ၏
အချိန်ကာလနှင့် လေဟာနယ် စီးဆင်းမှုနှင့်
ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာတို့အား
အသုံးမပြုနိုင်တော့ပေ။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်၏ သူ့လမ်းကြောင်းမှ
အရာအားလုံးတို့အား ဝါးမျိုခြင်း စွမ်းအားကို
အသက်သွင်းလိုက်ကာ ရှောင်ယန်၏
ထိန်းချုပ်မှုအောက်တွင် သူသည် ပို၍
အစွမ်းထက်လာသည်။ ငရဲမီးများထံမှ အနက်ရောင်
မီးခိုးငွေ့များ ထွက်လာကာ အရာအားလုံးတို့အား
လွှမ်းခြုံသွားခဲ့သည်။

ယန်ရှင်းဟီ ကိုယ်တိုင်ကပင် သူ၏ လွှမ်းမိုးမှုအောက်မှ
မလွတ်မြောက်နိုင်ခဲ့ပေ။ သူတတ်နိုင်သည်မှာ
+

ရှောင်ယန်၏ ခေတ်နှစ်ပါး မူလပြန်လာခြင်းတူကို ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

အကယ်၍ ရှောင်ယန်သည် သူကျင့်ကြံထားသော ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကိုသာ အသုံးပြုခဲ့ပါက ယန်ရှင်းဟီသည် သူ၏ ချုပ်နှောင်မှုကို ခံခဲ့ရမည် မဟုတ်ချေ။

သို့သော်လည်း ဤအချိန်တွင် ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ အဆိုးမဲ့ အနက်ရောင် မီးတောက်အား အသုံးပြုခဲ့သဖြင့် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ရောက်နေခဲ့သော ယန်ရှင်းဟီသည် ကြောက်မက်ဖွယ်ရာ စွမ်းအားများကို နေရာတကာ၌ ခံစားနေရကာ လွတ်လမ်း မရှိခဲ့ပေ။

+

ယန်ရှင်းဟီသည် သူ၏ လက်နှစ်ဘက်စလုံးအား ဆန့်တန်းလိုက်ရာ သူ၏ လက်ညှိုးထိပ်မှ အလင်းတန်း ဘောလုံးနှစ်လုံး ထွက်လာခဲ့သည်။ တစ်လုံးမှာ တစ်ခြမ်းဖြူကာ တစ်ခြမ်းမည်းနေ၍ ကျန်တစ်လုံးမှာ နူးညံ့ သိမ်မွေ့နေသည်။

ထိုအလင်းတန်း ဘောလုံး နှစ်လုံးတို့သည် လျင်မြန်စွာနှင့် တစ်ခုတည်း အဖြစ်သို့ ပေါင်းသွားကြကာ ယန်ရှင်းဟီ၏ ခန္ဓာကိုယ် အတွင်းမှ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ထိုအလင်းတန်း ဘောလုံး အနားတွင် စတင်၍ စုစည်းလာခဲ့သည်။

အလင်းတန်း ဘောလုံးသည် ဆက်လက်၍ ကျုံ့ဝင်လာခဲ့ပြီး ပို၍ သိပ်သည်းလာခဲ့ကာ နောက်ဆုံးတွင် ချန်ကောင်းကင် မဟာဟင်းလင်းပြင်

+

နတ်ဘုရား အလင်းတန်းနှင့် ပေါင်းစည်းသွား၍ လက်မ တစ်ခုစာမျှသာ ကြီးမားတော့သည်။ သူသည် ပို၍ပို၍ ထူးခြား ဆန်းကြယ်လာကာ သူ့အပေါ်မှ အမာရွတ်က ပျောက်သွားခဲ့သည်။

သူသည် သူ၏ လက်ချောင်းကို ရှောင်ယန်၏ ခါတ်နှစ်ပါး မူလပြန်လာခြင်းတူထံသို့ တိုက်ရိုက် ညွှန်ပြလိုက်သည်။ ထိုအရာသည် ကမ္ဘာပျက်သည့် အချိန်မှ လာခဲ့သော အလင်းစက် တစ်စက်နှင့် တူနေပေသည်။

နှစ်ဦး နှစ်ဘက်သား ထိတွေ့ခဲ့သော အချိန်တွင် အချိန်ကာလနှင့် လေဟာနယ်တို့သည် မည်းမှောင်ကာ တွန့်လိမ်သွားကြသည်။

+

ခဏအကြာတွင် ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံသည် လုံး၀ ကွဲပျက်သွားခဲ့သည်။

ရှောင်ယန်၏ စွမ်းအားများနှင့် ယန်ရှင်းဟီ၏ စွမ်းအားများက အချင်းချင်း ထိတွေ့မိသော အခါ ထူးခြားဆန်းကြယ်၍ ခန့်မှန်းရန် မဖြစ်နိုင်သော အလင်းတန်း တစ်တန်းသည် ပြာများအကြားမှ ကြယ်တစ်စင်းကဲ့သို့ လင်းလက်လာသည်။ နူးညံ့သိမ်မွေ့သော အလင်းတန်းသည် ပေါက်ကွဲသွား၍ မယုံနိုင်လောက်အောင် လင်းလက် တောက်ပလာခဲ့သည်။

ဤအခိုက်အတန့်တွင် ထိုအလင်းတန်းသည် မှောင်မည်း၍ ကစဥ့်ကလျား ဖြစ်နေသော ငရဲကမ္ဘာ ပင်လယ်အား ထိန်လင်းစေခဲ့ကာ ကပ်ဆိုးများဖြင့်

+

ပြည့်နေသော ကမ္ဘာသည် ယာယီအားဖြင့်
တောက်ပလာခဲ့သည်။

အဆုံးမဲ့ အလင်းတန်းများ အကြားတွင်
တစ်ယောက်သည် ယန်ရှင်းဟီ၏ တီးတိုး
ညည်းတွားသံကို ကြားနိုင်ခဲ့သည်။
ကြယ်အလင်းတန်းများက သူ့ခန္ဓာကိုယ် တစ်ခုလုံးတွင်
လင်းလက်နေကာ သူ့အား နောက်ဆုတ်နိုင်ရန်
ကာကွယ်ပေးနေခဲ့သည်။

ရှောင်ယန်၏ ရှေ့တက်လာမှုကလည်း
ရပ်တန့်သွားခဲ့သည်။ သူသည် မူလ နေရာ၌သာ
မလှုပ်မရှား ရပ်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်
တစ်ခုလုံးတွင် ကောင်းကင်ကမ္ဘာဖျက် မီးတောက်များ
ပျံ့သန်းနေကာ နှစ်ဘက်စလုံးမှ လက်ကျန်
အင်အားများနှင့် စိတ်ဝိညာဉ် စွမ်းအင်တို့အား
+

ဝါးမျိုနေခဲ့သည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မိစ္ဆာတစ်ကောင်ကဲ့သို့ အနက်ရောင် မီးတောက်များဖြင့် ဖုံးလွှမ်းနေသည်။

ယန်ရှင်းဟီ၏ အမူအရာသည် အေးစက်ကာ ခံစားချက်ကင်းမဲ့နေပြီး သူ၏ ခန္ဓာကိုယ် အပေါ်တွင် အဖြူနှင့် အနက်ရောင် အလင်းတန်းများက အဆက်မပြတ် လင်းလက်နေကြသည်။ အားနည်းသွားသော သူ၏ စွမ်းအားများသည် ယခုအချိန်တွင် ပို၍ အစွမ်းထက်လာသည်ဟု ထင်နေရသည်။ သို့သော်လည်း သူ၏ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းက မရှိတော့ပေ။

သေမင်းကေရာဇ်၏ ခေါင်းပေါ်တွင် တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး တစ်လုံးက ဟင်းလင်းပြင် အတွင်းတွင်

+

လွင့်မျောနေခဲ့ကာ သူ့အပေါ်တွင်လည်း အဖြူနှင့် အနက်ရောင် အလင်းတန်းများက လင်းလက်နေခဲ့သည်။

သူသည် ရှောင်ယန်အား ကြည့်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။ သူသည် သူ၏ လက်ချောင်းများကို အနည်းငယ် လှုပ်ရှားလိုက်ရာ အနက်ရောင် အလင်းတန်းများက လည်ပတ်လာကြသည်။

ထိုအလင်းတန်းများ အပေါ်တွင် ရှေးဟောင်း ကျမ်းစာတစ်ခု ပေါ်လာ၍ ထိုစာအုပ်၏ စာရွက်များက လှုပ်ရှားသွားသော အခါ သေသွားသည့်သူများက ပြန်ရှင်လာသကဲ့သို့ ဖြစ်နေသည်။ ထိုစာအုပ်တွင် သေခြင်းနှင့် ရှင်ခြင်းတို့၏ လျှို့ဝှက်ချက်များအား မှတ်တမ်းတင်ထား သကဲ့သို့ ဖြစ်သည်။

+

ထိုအရာသည် သူ၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်သည့် သေခြင်းနှင့် ရှင်ခြင်းစာအုပ် ဖြစ်သည်။

သေမင်းကေရာဇ်သည် သူ၏ လက်ဝါးများဖြင့် ရိုက်ချလိုက်သော အခါ သေခြင်းနှင့် ရှင်ခြင်းစာအုပ်က လေထုအလယ်သို့ ပျံတက်လာခဲ့ကာ ယန်ရှင်းဟီ၏ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံနှင့် မတူသော ကမ္ဘာတစ်ခု၏ ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

သူသည် မမှောင်မည်းနေပဲ ကြောက်မက်ဖွယ်ရာ မကောင်းသော်လည်း သေမင်း အငွေ့အသက်များဖြင့် ပြည့်နေခဲ့သည်။ သူသည် လုံးဝကို မီးခိုးရောင် သန်းနေ၍ တစ်ယောက်သည် အသက် အရိပ်အရောင် တစ်ခုကိုမှ မတွေ့နိုင်ချေ။

+

ဤကမ္ဘာသည် မသေနေသော်လည်း မီးခိုးရောင် အလွှာတစ်ခုဖြင့် ဖုံးလွှမ်းထား၍ အရာအားလုံးတို့သည် ငြိမ်သက်နေကာ မလှုပ်ရှားနေဟု ထင်နေရသည်။ ဤကမ္ဘာအတွင်းမှ အရာအားလုံးတို့သည် မီးခိုးရောင် သန်းနေကြကာ အသက် အရောင်များ အားလုံးတို့က ပျောက်ဆုံးသွားကြလေသည်။

ဤအရာသည် မဟာကမ္ဘာ ထံမှ ကွဲပြားနေသော ကမ္ဘာတစ်ခု ဖြစ်သည်။ သူသည် သေမင်းကမ္ဘာ တစ်ခု ဖြစ်သည်။

ရှောင်ယန်သည် သေခြင်းနှင့် ရှင်ခြင်း စာအုပ်အား ကြည့်နေခဲ့ကာ ကြောက်ရွံ့ခြင်း မရှိပဲ ထို့အစား ရယ်၍ ပြောလိုက်သည်။ "သေမင်းဧကရာဇ်… ခင်ဗျားရဲ့

+

သေခြင်းနှင့် ရှင်ခြင်း စာအုပ် အတွက် ကျုပ်ယောက္ခမ ကိုယ်စား ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

ဂူမင်းဆက်၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သော သက်ရှည်ကြာပန်း ထိုင်ခုံသည် ဂူကျွန်းက သေခြင်းနှင့် ရှင်ခြင်း စာအုပ် အတွင်းမှ စာရွက်အချို့အား ရရှိပြီးမှသာ လက်ရှိ အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

သေမင်းဧကရာဇ်က ပြောလိုက်သည်။ "မင်းတို့က ငါ့ကို လွယ်လွယ်နဲ့ အမြတ်ထုတ်လို့ ရမယ်လို့ ထင်နေလို့လား... ရှေ့လာမယ့် ရက်တွေမှာ မင်းနဲ့ ဂူကျွန်းတို့အတွက် ခက်ခဲလာလိမ့်မယ်"

+

ဤအထိ ပြောပြီးသည်နှင့် သူသည် စာအုပ်အား ရိုက်ချလိုက်သည်။ သေခြင်းနှင့် ရှင်ခြင်း စာအုပ်မှ ဖန်ဆင်းထားသည့် သေမင်းကမ္ဘာသည် ရှောင်ယန်၏ ခေါင်းအပေါ်သို့ ကျဆင်းလာသည်။ သူ၏ လမ်းညွှန်မှုအောက်တွင် ယန်ရှင်းဟိုကလည်း စတင်၍ လှုပ်ရှားလာခဲ့သည်။

သေမင်းကေရာဇ်သည် သူ၏လက်အား အသုံးပြု၍ မှော်ကျိုန်စာများကို ဆက်လက် ဖန်တီးနေခဲ့ကာ ကပ်ဘေးဘက်သို့ ထိုးသွင်းလိုက်သည်။

ဤအချိန်တွင် ငရဲကမ္ဘာ ပင်လယ်သည် ပို၍ ကစဥ့်ကလျား ဖြစ်လာ၍ ကပ်ဘေးမှ ဖန်ဆင်းထားသော အနီရောင် တိုင်လုံးသည် ပြင်းထန်စွာဖြင့် တုန်ခါလာကာ မရေမတွက်နိုင်သော ကပ်ဆိုးများက အဆက်မပြတ် ထွက်ပေါ်လာကြသည်။

+

အခြားတစ်ဘက်တွင် စန်ထူဇီသည် သူ၏ အင်အားများ အားလုံးတို့အား အသုံးပြုခဲ့သည်။ သေမင်းကောရာဇ်နှင့် အတူပင် သူသည် ရှောင်ယန်နှင့် ငရဲကမ္ဘာ ပင်လယ်အကြားမှ ဆက်သွယ်မှုကို ဝင်ရောက် နှောင့်ယှက်ခဲ့၍ သူ၏ အားသာမှုအား ပယ်ဖျက်ခဲ့သည်။

အခြားတစ်ဘက်တွင်မူ ရွှေပုစဉ်း ဆရာတော်သည် ရှီထျန်းဟောင်နှင့် ရင်ဆိုင်နေခဲ့သည်။

## စာစဉ် ၇၃ : အပိုင်း ၅

## အပိုင်း ၁၄၁၅ : နတ်ဘုရား နယ်မြေ အတွင်းမှာ ဘယ်သူက ပထမလဲ

+

ရှိထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်နှင့် ဟွမ်စန်း ခန္ဓာကိုယ်တို့သည် ချက်ချင်း ပေါ်လာခဲ့သည်။ သူ၏ ဟွမ်စန်း ခန္ဓာကိုယ်၏ ခေါင်းပေါ်မှ နတ်ဗိုလ်ချုပ် ၁၂ပါးတို့ ပျံသန်း ထွက်ပေါ်လာကာ နတ်ကောင်းကင် ဝင်္ကပါပုံစံသို့ ပြောင်းသွားသည်။

နတ်ကောင်းကင် ဝင်္ကပါ အတွင်းတွင် ကြီးကျယ် ခမ်းနားသော မြို့တော်တစ်ခုသည် ကောင်းကင်ကိုးလွှာ၏ အပေါ်တွင် ပေါ်လာသည်။ ထိုအရာသည် ကောင်းကင်ပေါ်မှ မြို့တော် ဖြစ်သည်။

ကောင်းကင်ပေါ်မှ မြို့တော်၏ အပေါ်တွင် အသွင်မဲ့ အလင်းတန်း ဘီးတစ်ခု ရှိနေသည်။ သူလည်ပတ်လာသည်နှင့် ကမ္ဘာ တစ်ခုလုံးသည် သူနှင့် အတူ လည်ပတ်လာသည်နှင့် တူနေခဲ့သည်။

+

ရှိထျုန်းဟောင်သည် သူ၏ မဟာကောင်းကင်ဘီးကို ပင့်မြှောက်လိုက်ကာ ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝက်ပါတို့၏ အားဖြည့်မှုကို ခံယူလိုက်သည်။ ကောင်းကင်အောက်တွင် သူ၏ ခန္ဓာကိုယ်သည် နေရာတကာတွင် ရှိနေသကဲ့သို့ ဖြစ်နေ၍ မကြာမီပင် သူသည် ရွှေပုစဥ်း ဆရာတော်၏ အရှေ့သို့ ရောက်လာခဲ့သည်။

ရွှေပုစဥ်း ဆရာတော်သည် သူ၏ လက်ဝါးများကို အတူတကွ ရိုက်ချလိုက်၍ ကျမ်းစာများကို ရွတ်ဖတ်လိုက်သည်။ သူ၏ ခေါင်းပေါ်မှ အနက်ရောင် ပုစဥ်းသည် ချက်ချင်းပင် ဗုဒ္ဓတစ်ပါး အဖြစ်သို့ အသွင်ပြောင်းသွားသည်။

+

ထိုဗုဒ္ဓ ပေါ်လာအပြီးတွင် ဆာဟာပန်းများသည် ကောင်းကင်ပေါ်မှ စတင်၍ ကျဆင်းလာခဲ့သည်။ ဗုဒ္ဓ အလင်းတန်းများသည် အရပ်မျက်နှာ လေးခုလုံးသို့ လင်းလက်လာ၍ ကမ္ဘာတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

ဗုဒ္ဓ အလင်းတန်းများသည် နတ်ကောင်းကင် ဝင်္ကပါထံမှ ကွဲပြားနေ၍ ကမ္ဘာနှစ်ခု ပေါ်လာသည်နှင့် တူနေခဲ့သည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည် ဗုဒ္ဓကမ္ဘာ၏ အစွန်းဘက်တွင် ရှိနေခဲ့သည်။

ဗုဒ္ဓကမ္ဘာနှင့် နတ်ကောင်းကင်တို့သည် သီးသန့် ကမ္ဘာနှစ်ခုတို့ ဖြစ်ကြသည်။ နတ်ကောင်းကင် အတွင်းတွင် သူသည် နေရာတကာ၌ တစ်ချိန်လုံး

+

ရှိသကဲ့သို့ ဖြစ်နေသည်။ သူသည် နေရာတစ်ခုတွင် ပေါ်လာရန် စဥ်းပင် စဥ်းစားနေစရာ မလိုချေ။ သူသည် ထိုနေရာတွင် အစောကြီးကတည်းက ရှိနေခဲ့သကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း သူသည် ဗုဒ္ဓကမ္ဘာ အတွင်းသို့ ဝင်ရောက်ရန်မှာမူ လုံးဝကို ကွဲပြားသည့် ကိစ္စတစ်ခု ဖြစ်သည်။ ရှီထျန်းဟောင်သည် နတ်ကောင်းကင် ဝင်္ကပါမှ တဆင့် ဗုဒ္ဓကမ္ဘာ အတွင်းသို့ သူအလိုရှိသကဲ့သို့ ဝင်ရောက်ရန် မဖြစ်နိုင်ချေ။

သူသည် သန့်စင်၍ စစ်မှန်သော အလင်းတန်းဖြင့် လင်းလက်နေသည့် ဗုဒ္ဓကမ္ဘာအား ကြည့်လိုက်၍ သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူ၏ ဟွမ်စန်း ခန္ဓာကိုယ်သည် မဟာကောင်းကင်ဘီးကို

+

ပင့်မြှောက်လိုက်၍ ကြောက်မက်ဖွယ်ရာ
စွမ်းအားများဖြင့် ဗုဒ္ဓကမ္ဘာ အပေါ်သို့ ထုချလိုက်သည်။

ကောင်းကင်သည် ပြိုကျသွား၍ စကြာဝဠာသည်
ပေါက်ကွဲသွားသကဲ့သို့ ဖြစ်သည်။ လုံးဝကို
အစွမ်းထက်သော စွမ်းအားတစ်ခုသည် ဗုဒ္ဓကမ္ဘာအား
ဖျက်ဆီးနိုင်သကဲ့သို့ ဖြစ်နေသည်။

ရွှေပုစဥ်း ဆရာတော်သည် ပျောက်ကွယ်သွား၍
ဟင်းလင်းပြင် အတွင်းတွင် ကျန်ခဲ့သည်မှာ
ဗုဒ္ဓတစ်ပါးနှင့် သူ့အောက်မှ ရောမ အနက်ရောင်
ပုစဥ်းတစ်ကောင်ပင် ဖြစ်သည်။ ပုစဥ်းသည် သူ၏
အတောင်ပံများကို ခတ်လိုက်ရာ ကောင်းကင်တွင်
ပုစဥ်းမြည်သံများဖြင့် ပြည့်သွားသည်။

+

ဤအော်မြည်သံများသည် ယခင်ကနှင့် သိသာစွာ ကွဲပြားနေသည်။ သူသည် မြည်တမ်းနေသံနှင့် မတူနေပဲ ကြည်လင် ပြတ်သားနေခဲ့သည်။

ဗုဒ္ဓကမ္ဘာ တစ်ခုလုံး၏ အလယ်တွင် ရွှေပုစဉ်း ဆရာတော် ရှိနေကာ သူသည် စကျင်ကျောက် တစ်စကဲ့သို့ အရောင် တောက်ပနေသည်။ မြူခိုးကဲ့သို့ သိမ်မွေ့နေကာ သူသည် ဟင်းလင်းပြင် အတွင်းတွင် လွင့်မျောနေခဲ့သည်။

ရှီထျန်းဟောင်သည် သူ၏ မဟာကောင်းကင်ဘီးအား အသုံးပြု၍ ထုချလိုက်သော အခါ သူ၏ ပစ်မှတ်သည် သူနှင့် အလွန်အမင်း ဝေးကွာနေသည်ဟု ရုတ်တရက် ခံစားလိုက်ရသည်။

+

ဗုဒ္ဓကမ္ဘာသည် ကမ္ဘာအတွင်းမှ ပြောင်းလဲမှုများကို ရပ်တန့်စေနိုင်၍ အလွန်နီးနေသော အကွာအဝေးသည် မယုံနိုင်အောင် ဝေးကွာသွားနိုင်သည်။

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတ၏ လေဟာနယ်အား ထိန်းချုပ်နိုင်သော စွမ်းရည်နှင့် မတူပဲ ရွှေပုစဉ်း ဆရာတော်၏ နည်းစနစ်သည် များစွာပို၍ အစွမ်းထက်ကာ လျှို့ဝှက် ဆန်းကြယ်ပေသည်။

ရှီထျန်းဟောင်သည် သူ့ထံမှ ချိုးဖောက်လိုနေခဲ့သော်လည်း လေဟာနယ် အတွင်းတွင် ကျားတစ်ကောင်က ကိုက်ရန် စောင့်နေသည်ဟု ခံစားနေရသည်။

+

လေထုအတွင်းမှ ပုစဉ်းမြည်သံများနှင့် အတူ ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများ ထွက်လာသည်။ ဤအရာသည် ဟင်းလင်းပြင် အတွင်းတွင် တည်ငြိမ်သော အရှိန်အဝါ တစ်ခုကို ပျံ့နှံ့လာစေသည်။ စိုးရိမ် ပူပန်နေရမည့် အစားအားလုံးတို့သည် တည်ငြိမ်လာကာ သက်တောင့်သက်သာ ဖြစ်လာခဲ့သည်။ သို့သော်လည်း သူတို့သည် တိုက်ခိုက်လိုသည့် ဆန္ဒများ ပျောက်ဆုံးသွားသကဲ့သို့ ဖြစ်လာသည်။

ရှီထျန်းဟောင်၏ အကြည့်သည် လေးနက်လာကာ သူ၏ ခေါင်းကို မော့၍ ဗုဒ္ဓကမ္ဘာ အလယ်မှ ဗုဒ္ဓနှင့် ဧရာမ ပုစဉ်းအား ကြည့်လိုက်၍ မချိုသာသော လေသံဖြင့် ပြောလိုက်သည်။ "ကောင်းတယ်... ရွှေပုစဉ်း ဆရာတော်... ကျုပ်ရဲ့ ဒုတိယ စီနီယာနဲ့ တတိယ စီနီယာတို့နဲ့ ယှဉ်လိုက်ရင် အားနည်းနေတဲ့ ကျုပ်ရဲ့

+

ကမ္ဘလမ်းစဉ်ကို နားလည်မှုကို ခင်ဗျားက အခွင့်ကောင်း ယူချင်နေတာပေါ့… ဟုတ်လား"

ရောမ ပုစဉ်းသည် ဘာမှ မပြောခဲ့ပေ။ ဗုဒ္ဓသည် ရောမ ပုစဉ်းအပေါ်တွင် ထိုင်နေရင်း လက်ညှိုးတစ်ချောင်းဖြင့် ညွှန်လိုက်သည်။ သူသည် ဆာဟာပန်း တစ်ပွင့်အား အသာ ထိလိုက်ကာ သူ၏ မျက်နှာပေါ်တွင် အပြုံးဖွဖွလေး ပေါ်လာခဲ့သော်လည်း ဘာမှ မပြောခဲ့ပေ။

ရှီထျန်းဟောင်သည် သူတို့အား စိုက်ကြည့်နေကာ ချက်ချင်း ပြုံးလိုက်သည်။ သူသည် ရွှေပုစဉ်း ဆရာတော်ထက် ပို၍ ကျေနပ် နှစ်သိမ့်နေသည့်ပုံ ပေါက်နေသည်။

+

"ရွှေပုစဉ်း ဆရာတော်... ခင်ဗျားက ရှေးဟောင်းခေတ်ကနေ လာခဲ့တာ မဟုတ်လား... ခင်ဗျားက စေတန် ဗုဒ္ဓ အကြောင်းကို သိမှာပေါ့"

ဤအထိ ပြောပြီးသည်နှင့် သူ၏ ဟွမ်စန်း ခန္ဓာကိုယ်သည် ခြေတစ်လှမ်း တိုးလိုက်ကာ သူ၏ ယင်းယွမ် ခန္ဓာကိုယ် အတွင်းသို့ ဝင်သွား၍ ပျောက်ကွယ်သွားသည်။ မီတာ သုံးဆယ်ခန့် မြင့်မားသော သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည် စတင်၍ ကြီးမားလာခဲ့သည်။

ရှီထျန်းဟောင်သည် ရွှေပုစဉ်း ဆရာတော်အား ကြည့်လိုက်ကာ သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည် အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာသည်။ သူ၏ နဖူးအပေါ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာကာ ပြန်လည် ပျောက်ကွယ်သွားသည်။

+

သို့သော်လည်း သူ၏ နဖူးအလယ်တွင် မည်းနက်နေသော အက်ကွဲကြောင်းတစ်ခု စတင်၍ ပေါ်လာခဲ့သည်။

နတ်ကောင်းကင် ဝက်ပါနှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့ကလည်း ပြောင်းလဲသွားကာ အလင်းတန်းများဖြင့် လင်းလက်နေသော စေတီတစ်ဆူ အဖြစ်သို့ ပြောင်းသွားသည်။

ထိုစေတီသည် အထပ်များစွာ မရှိသလို သူ၏ ကိုယ်ထည် တစ်ခုလုံးအား ဖော်ပြ၍လည်း မရပဲ ဟင်းလင်းပြင် အတွင်းတွင် ရပ်နေကာ ကောင်းကင်အား ဖိနှိပ်ထားနိုင်သည်ဟု ထင်နေရသည်။ သူသည် ကြယ်များနှင့် လများကို ဝါးမျိုနိုင်လောက်အောင် အစွမ်းထက်သည့်ပုံ ပေါက်နေသည်။

+

သူ၏ အသက်စွမ်းအင်များသည် ယခုအချိန်တွင် ကမ္ဘာဦး စွမ်းအားတစ်ခု ပါဝင်နေသည်။ စေတီသည် အလွန်အမင်း လျှို့ဝှက် ဆန်းကြယ်သည့်ပုံ ပေါက်နေသော်လည်း သူသည် ပုံရိပ်ယောင်နှင့် အစစ်အမှန် အကြားတွင် တည်ရှိနေသည်ဟု ထင်နေရသည်။ တစ်ယောက်ကမှ သူ၏ ပြောင်းလဲမှုများကို ခြေရာမခံနိုင်ခဲ့ချေ။

စေတီသည် ပျံသန်း ထွက်ပေါ်လာကာ ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်နှင့် ပေါင်းစည်းသွား၍ သူ၏ နှလုံးသား တည့်တည့်ထံသို့ ဝင်လာခဲ့သည်။

"တုန်း... တုန်း... တုန်း..." အသံနက်ကြီး တစ်သံ ပဲ့တင်ရိုက်လာ၍ သူသည် အားလုံးတို့၏ နက်ရှိုင်းသော နှလုံးသား အတွင်းမှ လာခဲ့သကဲ့သို့ ဖြစ်နေသည်။

+

ရွှေပုစဉ်း ဆရာတော်ကသာ သူ့အား ခံစားမိသည် မဟုတ်ပဲ သေမင်းကေရာဇ်၊ ယန်ရှင်းဟီ၊ စန်ထူဇီ၊ ဝူမန့်ချီနှင့် ကျန်သောသူများကပါ သူတို့၏ နှလုံးသားနှင့် ဝိညာဉ်များ၏ နက်ရှိုင်းသော နေရာမှ ဤအသံအား ကြားခဲ့ရသကဲ့သို့ ဖြစ်နေသည်။

နှလုံးခုန်သံနှင့် တူနေသော ထိုအသံသည် မြန်လိုက် နှေးလိုက် ဖြစ်နေကာ အားလုံးတို့သည် စိတ်ရှုပ်ထွေးခြင်းများကို ခံစားလာခဲ့ရသည်။

အထူးသန်မာသည့် စိတ်စွမ်းအင်များ ရှိနေကြသော စန်ထူဇီနှင့် ဝူမန့်ချီတို့ပင် ဤကဲ့သို့သော ခံစားမှုမျိုးကို သူတို့ဘဝ အတွင်းတွင် မခံစားခဲ့ရသလောက်ပင်

+

ဖြစ်သည်။ အကယ်၍ ပေါ်လာပါကလည်း သူတို့သည် ဤခံစားချက်ကို လျင်မြန်စွာ ပယ်ဖျောက်နိုင်ခဲ့သည်။

ပုံမှန် အချိန်တွင် သူတို့ ကျင့်ကြံခဲ့သော အခါ သူတို့ကိုယ် သူတို့ တည်ငြိမ်အောင် ကြိုးစားမှ ရသည်။ မဟုတ်လျှင် သူတို့သည် သူတို့၏ မိစ္ဆာစိတ်ရိုင်းများ၏ ဝါးမျိုမှုကို ခံခဲ့ရမည် ဖြစ်သည်။

သို့သော်လည်း ဤအချိန်တွင် သူတို့၏ ရင်အတွင်း၌ တည်ငြိမ် နေခဲ့သော်လည်း သူတို့၏ လျင်မြန်လာသော နှလုံးခုန်သံများသည် သူတို့အား စိတ်အနှောင့်အယှက် ဖြစ်စေခဲ့သည်။ သူတို့သည် ထိုအရာအား ဖယ်ရှားရန် မတတ်နိုင်ခဲ့ချေ။

+

အားလုံးတို့သည် ထိုအရာက ရှီထျန်းဟောင်၏ လက်ချက်ဖြစ်မှန်းကို သိခဲ့ကြသည်။

ဤအချိန်တွင် အားလုံးတို့သည် ရှီထျန်းဟောင်က မဟာကောင်းကင်ဘီးအား မြှောက်လိုက်သည်ကို တွေ့လိုက်ရသည်။ နတ်ကောင်းကင် အောက်တွင် ရပ်နေရင်း နတ်ကောင်းကင် ဝင်္ကပါသည် မိုးကြိုးသံများနှင့် ထစ်ချုန်းလာခဲ့သည်။ ဤအသံသည် သူတို့ ရင်အတွင်းမှ အသံနှင့် ရောယှက်သွားကာ ထိုအသံ၏ အကျိုးသက်ရောက်မှုများကို တိုးပွားစေခဲ့သည်။ မဟာကောင်းကင်ဘီးသည် လည်ပတ်နေရင်း မခက်ထန်ပဲ လေးလံလာခဲ့သည်။

သူ၏ အရှိန်အဟုန်သည် သူတို့၏ ရင်ခုန်သံများနှင့် စည်းချက်ကျနေသည်။ နှလုံးတစ်ချက် ခုန်လိုက်တိုင်း မဟာကောင်းကင်ဘီးသည် တစ်ချက်

+

လည်ပတ်လာသည်။ တစ်ခါတစ်ရံတွင် မြန်ဆန်၍ တစ်ခါတစ်ရံတွင် နှေးကွေးကာ ထိုအရှိန်အဟုန်သည် တစ်ခါမှ မပြောင်းလဲခဲ့ပေ။

မဟာကောင်းကင်ဘီးနှင့် နတ်ကောင်းကင် ဝက်ပါတို့၏ ထောက်ပံ့မှုဖြင့် ရှီထျန်းဟောင်သည် သူ၏ ကိုယ်ပိုင် စွမ်းအားများကို မြှင့်တင်နိုင်ခဲ့သည်။

ရွှေပုစဥ်း ဆရာတော်သည် ဗုဒ္ဓ အဆုံးအမ များကို ကျေညက်စွာ နားလည်ထားသည်။ သို့သော်လည်း ရှီထျန်းဟောင်၏ လွှမ်းမိုးမှုအောက်တွင် ဗုဒ္ဓကမ္ဘာသည် ပို၍ပို၍ ရုပ်လုံးပေါ်လာကာ အစစ်အမှန် ဖြစ်လာခဲ့သည်။ သူသည် ဝေးကွာနေ၍ ထိတွေ့၍ မရနိုင်သော အရာတစ်ခု မဟုတ်တော့ချေ။

+

နတ်ကောင်းကင်သည် ဗုဒ္ဓကမ္ဘာအား ဖြည်းဖြည်းချင်း ဝင်ရောက် ကျူးကျော်လာခဲ့သည်။

ဗုဒ္ဓကမ္ဘာသည် အနောက်သို့ ရောက်သွား၍ နတ်ကောင်းကင်သည် ဖြည်းဖြည်းချင်း အရှေ့တိုးလာခဲ့သည်။ ရှီထျန်းဟောင်သည် ရွှေပုစဉ်း ဆရာတော်ထံသို့ လျှောက်လှမ်းလာရာ တစ်ယောက်သည် သူ၏ ခြေသံများကိုပင် ကြားနေရသည်။

ရွှေပုစဉ်း အပေါ်မှ ဗုဒ္ဓသည် တည်ငြိမ်နေဆဲပင် ရှိသေးကာ သူ၏ မျက်နှာပေါ်မှ အပြုံးသည် မပြောင်းလဲခဲ့ပေ။ ဤအချိန်တွင် သူသည် ပုစဉ်း၏ ကျောပေါ်မှနေ၍ ထရပ်လိုက်ကာ သူ၏ လက်အစုံကို အတူတကွ စုစည်းလိုက်၍ မှော်သင်္ကေတ တစ်ခုအား

+

ထုတ်ဖော်လိုက်ကာ ရှိထျန်းဟောင်ထံသို့ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

သူ၏ လက်ဝါးကို တွန်းထုတ်လိုက်သော အခါ ဗုဒ္ဓ၏ အလင်းတန်း ပုံရိပ်သည် အစစ်အမှန် ဖြစ်လာ၍ ပုံရိပ်ယောင် မဟုတ်ပဲ ဗုဒ္ဓအစစ် တစ်ပါးက ကျဆင်းလာသကဲ့သို့ ဖြစ်သည်။

ဗုဒ္ဓ၏ ခန္ဓာကိုယ် အနားတွင် တစ်ယောက်သည် ကြီးစိုး လွှမ်းမိုးနိုင်သော အရှိန်အဝါအား အာရုံခံနိုင်ခဲ့သည်။ သူ၏ လက်ဝါးသည် ကောင်းကင်နှင့် မြေကြီးတို့အား ဖုံးလွှမ်းသွားကာ ရှိထျန်းဟောင်ထံသို့ ရိုက်ချလာခဲ့သည်။

ဗီရိုကာနာ ဇန်လက်ဝါး လက်သီး အတွင်းမှ စကြာဝဠာ လက်ဝါးဖြစ်သည်။

+

ဤအရာသည် နတ်ဘုရား နယ်မြေ အတွင်းမှ
အစွမ်းအထက်ဆုံး သိုင်းလမ်းစဉ် အကွက် ဖြစ်သည်။
သူသည် အရာအားလုံးအား လွှမ်းမိုးနိုင်ကာ
ကောင်းကင်နှင့် မြေကြီးတို့အား ထိန်းချုပ်ထားနိုင်သည်။

ရှီထျန်းဟောင်သည် ထိုအရာကို တွေ့လိုက်ရသော အခါ
သူ၏ မျက်နှာအပေါ်တွင် စိတ်ဝင်စားသော
အကြည့်တစ်ခု ပေါ်လာခဲ့သည်။"လာ... လာ... လာခဲ့...
ဘယ်သူ့ရဲ့ သိုင်းလမ်းစဉ်က နတ်ဘုရား နယ်မြေ အထဲမှာ
ပထမလဲ ဆိုတာကို ကြည့်ကြတာပေါ့"

ပြီးတာနှင့် သူ၏ ယင်းယွမ် ခန္ဓာကိုယ်သည်
ပျောက်ကွယ်သွားကာ ဟွမ်စန်း ခန္ဓာကိုယ်က
ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။ သူ၏ ယင်းယွမ်

+

ခန္ဓာကိုယ်သည် ဟွမ်စန်း ခန္ဓာကိုယ်၏ စုပ်ယူမှုကို ခံခဲ့ရ၍ သူ၏ ခန္ဓာကိုယ် အပေါ်တွင် လျှပ်စီးသွားများ ပေါ်လာခဲ့သည်။

ရှီထျန်းဟောင်၏ ခန္ဓာကိုယ်သည် အရွယ်အစား ကြီးမားလာ၍ ဗုဒ္ဓထက်ပင် ပိုမို ကြီးမားသွားခဲ့သည်။ သူသည် အရှေ့သို့ ခြေတစ်လှမ်း တက်လိုက်၍ သူ၏ ဓာတ်နှစ်ပါး မူလပြန်လာခြင်းတူဖြင့် တိုက်ခိုက်လိုက်သည်။

သူ၏ ဓာတ်နှစ်ပါး မူလပြန်လာခြင်းတူသည် ရှောင်ယန်နှင့် ကွဲပြားပေသည်။ သူ၏ အနှစ်သာရသည် တာအိုအား ဖျက်ဆီးခြင်း မဟုတ်ပဲ ကောင်းကင်အောက်မှ အရာအားလုံး၏ ပြောင်းလဲခြင်း ဖြစ်သည်။

+

သူ၏ ခန္ဓာကိုယ်သည် ရှောင်ယန်ထက် ပို၍
သန်မာသဖြင့် တူတစ်လက်နှင့်ပင် သူသည် ရွှေပုစဥ်း
ဆရာတော်၏ ဗီရိုကာနာ ဇန်လက်ဝါး လက်သီးဖြင့်
ရင်ဆိုင်လိုက်၍ ကမ္ဘာကြီးအား တုန်ခါစေခဲ့သည်။

သူတို့နှစ်ခု အကြားမှ ထိတွေ့ခဲ့သည့် နေရာသည်
ချက်ချင်းပင် ဘာမှ မရှိခြင်း အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ရှီထျန်းဟောင်သည် ရယ်လိုက်ကာ ထပ်ဖန်တစ်ခါ
ထိုးချလိုက်ပြန်သည်။ ရွှေပုစဥ်း ဆရာတော်
ဖန်ဆင်းထားသည့် ဗုဒ္ဓကလည်း ဗီရိုကာနာ ဇန်လက်ဝါး
လက်သီးအား အဆက်မပြတ် အသုံးပြု၍
ရှီထျန်းဟောင်အား တိုက်ခိုက်နေခဲ့သည်။ သူတို့နှစ်ဦး

+

အကြားမှ တိုက်ခိုက်မှု အရှိန်အဟုန်သည်
ကောင်းကင်ကြီးအား တုန်ခါစေခဲ့သည်။

နောက်ဆုံးတွင် ရှီထျန်းဟောင်သည် ကောင်းကင်ပေါ်မှ
မြို့တော်နှင့် နတ်ကောင်းကင် ဝင်္ကပါတို့အား သူ၏
ကိုယ်ပိုင် ခန္ဓာကိုယ် အတွင်းသို့ စုပ်ယူလိုက်၍ သူ၏
ခန္ဓာကိုယ် တစ်ခုလုံးသည် ကောင်းကင်နှင့် မြေကြီး
အကြားတွင် ရပ်နေခဲ့သည်။ သူသည် မြင့်မားလွန်း၍
သူ၏ ခေါင်းသည် ငရဲကမ္ဘာ ပင်လယ်မှ ဟင်းလင်းပြင်၏
အပေါ်ဆုံး အလွှာသို့ ရောက်နေခဲ့သည်။

ရွှေပုစဉ်း ဆရာတော် ဖန်ဆင်းထားသည့် ဗုဒ္ဓကလည်း
စတင်၍ ကြီးထွားလာသည်။ သူ့အောက်မှ အနက်ရောင်
ပုစဉ်းသည် ပျောက်ကွယ်သွား၍ ဗုဒ္ဓကမ္ဘာ
တစ်ခုလုံးသည် သူ၏ ခန္ဓာကိုယ် အတွင်းသို့ စုပ်ယူခြင်း
ခံလိုက်ရသည်။ သူ၏ အရွယ်အစားသည်လည်း
+

ကြီးမားစွာ ကျယ်ပြန့်လာ၍ ရှီထျန်းဟောင်နှင့် ရင်ဆိုင်လိုက်သည်။

ဝူမန့်ချီသည် ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ မျက်မှောင်ကြုတ်လိုက်သည်။ "ဒါဟာ ရွှေပုစဉ်း ဆရာတော်က သူ့ရဲ့ အစစ်အမှန် ပုံစံကို ဖော်ပြခဲ့တာနဲ့ တူနေတယ်... ဒါပေမဲ့ သူက သူ့ရဲ့ ဗုဒ္ဓပုံစံကို ဖော်ပြနိုင်သေးတယ်... သူက သူ့ရဲ့ မိစ္ဆာနဲ့ ဗုဒ္ဓ ပုံစံတို့ကို အတူတကွ ပေါင်းစည်းထားခဲ့တာလား... စကြာဝဠာ စကျင်ဗုဒ္ဓက တကယ်ပဲ ဒီနေရာမှာ တတ်နိုင်ခဲ့တယ်"

"ရွှေပုစဉ်း ဆရာတော်က အခုအချိန်မှာ ရုပ်ကိုယ်ခန္ဓာ စွမ်းအားသက်သက်နဲ့ တိုက်ခိုက်လိုနေတယ်... သူက ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတထက် အားနည်းလိမ့်မယ်လို့ ငါမထင်ဘူး... ဒါပေမဲ့ ရုပ်ကိုယ်ခန္ဓာ စွမ်းအားဟာ အရင်ကတည်းက ရွှေပုစဉ်း

+

ဆရာတော် အတွက် အားနည်းချက် တစ်ခု ဖြစ်နေခဲ့တယ်"

ရှိထျန်းဟောင်ကလည်း တူညီသော ခံစားချက်များကို ခံစားခဲ့ရသော်လည်း ဂရုမစိုက်ခဲ့ပေ။ သူလုပ်ခဲ့သည်မှာ သူ၏ သိုင်းလမ်းစဉ် စွမ်းအားများကို အစွမ်းကုန် မြှင့်တင်လိုက်ပြီး ရှေ့ပုစဥ်း ဆရာတော်နှင့် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သူ၏ စွမ်းဆောင်ရည်များသည် အားလုံးတို့အား အံ့သြ တုန်လှုပ်စေခဲ့သည်။ "သူက တကယ်ပဲ အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှာပဲ ရှိသေးတာလား"

+

ရွှေပုစဉ်း ဆရာတော်ကလည်း ရှီထျန်းဟောင်အား အံ့သြ ချီးကျူးနေခဲ့သော်လည်း ဘာမှ မပြောခဲ့ပဲ သူ၏ လက်ဝါးကိုသာ တွန်းထုတ်လိုက်သည်။ သူသည် ရှီထျန်းဟောင်အား လက်တစ်ဘက်ဖြင့် တိုက်ခိုက်နေရင်း ကျန်သည့် လက်တစ်ဘက်ဖြင့် နောက်ထပ် မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်လိုက်သည်။

ခဏအကြာတွင် ဟင်းလင်းပြင် အတွင်း၌ အနက်ရောင် ပင်လယ်တစ်ခု ပေါ်လာခဲ့ကာ လုံး၀ တိတ်ဆိတ် ငြိမ်သက်နေခဲ့သည်။

အနက်ရောင် ပင်လယ် ပေါ်လာသော အခါ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကမ္ဘာသည် စတင်၍ တုန်ခါလာသည်။ ကပ်ဘေး ဖန်ဆင်းထားသော

+

အနီရောင် အလင်းတန်း တိုင်လုံးကလည်း အံ့ဩ တုန်လှုပ်သွားသည့် အလား စတင်၍ တုန်ခါလာခဲ့သည်။

ရှီထျန်းဟောင်၏ မျက်လုံးများက အရောင်လက်သွားကာ ထိုအနက်ရောင် ပင်လယ် အတွင်းတွင် အရာအားလုံးကို ယိုယွင်းစေသည့် စွမ်းအားများ ပါနေကြောင်းကို သူက တွေ့ခဲ့ရသည်။ သူ၏ လုံး၀ တိတ်ဆိတ်နေမှုသည် ပို၍ ကြောက်မက်ဖွယ် ကောင်းစေသည့် အချက်ဖြစ်သည်။

ငြိမ်သက်စွာဖြင့် ကြောက်မက်ဖွယ် ကောင်းနေသော အနက်ရောင် ပင်လယ်သည် ရှီထျန်းဟောင်အား နှစ်မြှုပ်ရန် ကြိုးစားလိုနေသည့် အတိုင်း သူ့ထံသို့ ပြေး၀င်လာခဲ့သည်။

+

တစ်ချိန်တည်းတွင် ရွှေပုစဉ်း ဆရာတော်သည် ဆက်လက်၍ တိုက်ခိုက်လိုက်သည်။

ရှိထျန်းဟောင်က ဟိန်းဟောက်လိုက်ရာ မဟာကောင်းကင်ဘီးက လည်ပတ်လာ၍ သူ့အနားမှ အရာအားလုံးကို ပြိုကွဲစေခဲ့သည်။ သူသည် ပြီးတာနှင့် ရောမ လှိုင်းလုံးကြီး တစ်ခုအဖြစ်သို့ ပြောင်းသွားကာ ရွှေပုစဉ်း ဆရာတော် တည့်တည့် ဝင်လာခဲ့သည်။

အဆုံးမဲ့ စွမ်းအားပုံစံ နှစ်ခုတို့သည် တစ်ခုနှင့် တစ်ခု ထိပ်တိုက်တွေ့ခဲ့ကြရာ ငရဲကမ္ဘာ အတွင်းမှ ကပ်ဆိုးများစွာတို့အား ထကြွလှုပ်ရှားစေ၍ သူ့အနားမှ အရာအားလုံးတို့ကို သတ်ဖြတ်ခဲ့သည်။

+

ရှီထျန်းဟောင်၏ နဖူးသည် အလင်းတန်း တစ်ခုဖြင့် လင်းလက်လာ၍ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းက ထွက်ပေါ်လာသည်။ သူသည် သေမင်း အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွား၍ အနက်ရောင် ပင်လယ်အား နှစ်ပိုင်း ဖြတ်တောက်ခဲ့သည်။

## စာစဥ် ၇၃ : အပိုင်း ၆

## အပိုင်း ၁၄၁၆ : သေမင်းဧကရာဇ်က တိုက်ခိုက်ခြင်း

ရှီထျန်းဟောင်၏ နဖူးပေါ်မှ နောက်ဆုံး မြင့်မြတ်သော အလင်းတန်း လင်းလက်လာသော အခါ သူသည် ရှေးပုစဥ်း ဆရာတော်၏ အနက်ရောင် ပင်လယ်အား ဓားတစ်ချောင်းကဲ့သို့ ဖြတ်တောက်ခဲ့သည်။

+

သို့သော်လည်း ရွှေပုစဥ်း ဆရာတော်၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။ သူသည် အနက်ရောင် ပင်လယ်က ဖြတ်တောက်ခြင်း ခံခဲ့ရသည်ကို တွေ့ခဲ့ရသော အခါ ထပ်ဖန်တစ်ခါ ပိတ်ဆို့လိုက်၍ ရှီထျန်းဟောင်ထံသို့ ဆက်လက်၍ တိုက်ခိုက်ခဲ့သည်။

ရှီထျန်းဟောင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ထူးခြားဆန်းကြယ်သော စွမ်းအားတစ်မျိုးဖြင့် လင်းလက်နေ၍ အရာအားလုံး၏ တည်ရှိနေမှုကို အဆုံးသတ်နိုင်စွမ်း ရှိသည်။

သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းနှင့် ထိတွေ့ခဲ့သော နေရာတိုင်းတွင် အရာအားလုံးတို့၏

+

တည်ရှိမှုသည် အပြီးတိုင် အဆုံးသတ်သွားမည် ဖြစ်သည်။

ရွှေပုစဉ်း ဆရာတော်သည် မည်မျှပင် အစွမ်းထက်ကာ သူ၏ ဗုဒ္ဓ အဆုံးအမများ အပေါ်တွင် မည်မျှပင် နက်ရှိုင်းစွာ နားလည်ထားနိုင်သော်လည်း အနက်ရောင် ပင်လယ်အား အဖြတ်တောက် ခံရပြီးသည်နှင့် လျင်မြန်စွာ ပြန်လည် ဖန်ဆင်းနိုင်ခဲ့ခြင်းသည် အမှန်ပင် ထူးခြားလှသည်။

သူအသွင်ပြောင်းထားသော ဗုဒ္ဓသည် မဟူရာ ပင်လယ်၏ အပေါ်တွင် ရပ်နေခဲ့သည်။ သူ၏ လက်ဝါးများအား စုစည်းထားကာ ရှီထျန်းဟောင် ရှိရာဘက်သို့ တွန်းထုတ်လိုက်သည်။

+

ရှီထျန်းဟောင်သည် အနက်ရောင် ပင်လယ်ကိုသာ ရင်ဆိုင်နေရသည် မဟုတ်ပဲ ဗီရိုကာနာ ဇန်လက်ဝါး လက်သီးဖြင့်ပါ ရင်ဆိုင်နေခဲ့ရခြင်း ဖြစ်သည်။ ဤအချိန်တွင် ရှီထျန်းဟောင်သည် သူ့အနေဖြင့် ရှောင်တိမ်းစရာ နေရာမရှိတော့ဟု ခံစားနေရသည်။

ရုတ်တရက်ပင် သူ၏ နားအတွင်းမှ နက်ရှိုင်းသော အသံတစ်ခုကို ကြားခဲ့ရသည်။ "ခါးသီးမှု ပင်လယ်ဟာ အဆုံးမရှိဘူး"

ခါးသီးမှု ပင်လယ်သည် အဆုံးမရှိပဲ သူ့အား ဖြတ်သန်းသွားရန် မဖြစ်နိုင်ချေ။ အားလုံးတို့သည် သူ့အကြောင်းအား ပြောနေကြသော်လည်း မည်သူက အမှန်ပင် တတ်နိုင်မည်နည်း။

+

ရွှေပုစဥ်း ဆရာတော်က သူ့အား စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးနိုင်ရန် ကြိုးစားနေခဲ့သည်ကို တွေ့ခဲ့ရသော အခါ ရှိထျန်းဟောင်က အေးစက်စွာဖြင့် ရယ်ရမ်းသွေးလိုက်သည်။ သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်၍ သူ၏ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းသည် ရွှေပုစဥ်း ဆရာတော်၏ အနက်ရောင် ပင်လယ်နှင့် ထိတွေ့ခဲ့သည့် ဖြစ်စဥ်ကို ပြန်တွေးလိုက်ကာ သူ့အနောက်မှ အဓိပ္ပာယ်အား နားလည်အောင် ကြိုးစား ဖော်ထုတ်လိုက်သည်။

ရှိထျန်းဟောင်၏ အကြည့်သည် လက်ကနဲ ဖြစ်သွား၍ ရောင်စုံ အလင်းတန်း တစ်တန်းသည် သူ့နဖူး၏ အလယ်မှ ထပ်ဖန်တစ်ခါ လင်းလက်လာသည်။ ဟင်းလင်းပြင် အတွင်းတွင် သူသည် တောက်ပသော

+

အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားကာ အနက်ရောင် ပင်လယ်ဘက်သို့ ပစ်လွှတ်လိုက်သည်။

ထိုအလင်းတန်း၏ တိုက်ခိုက်မှုကို ခံခဲ့ရသော အခါ အနက်ရောင် ပင်လယ်သည် ထပ်ဖန်တစ်ခါ ပွင့်သွားခဲ့သည်။ ဖျက်ဆီးနိုင်သော စွမ်းအားများဖြင့် ပြည့်နေသော ငြိမ်သက်နေသည့် အနက်ရောင် ပင်လယ်သည် ထပ်ဖန်တစ်ခါ မြင့်လိုက်နိမ့်လိုက် ဖြစ်လာခဲ့သော်လည်း ပြန်လည်ကုစားရန် များစွာ ခက်ခဲလာခဲ့သည်။

အလင်းတန်းများသည် ရှီထျန်းဟောင်၏ ခေါင်းအလယ်မှ လင်းလက်လာကာ ဟင်းလင်းပြင် အတွင်းတွင် သူသည် တံတားတစ်စင်းနှင့် တူနေခဲ့သည်။ ထိုတံတား အပေါ်တွင် တစ်ယောက်သည် ပုံရိပ်များစွာတို့က

+

တင်ပလ္လင်ခွေ ထိုင်နေသည်ကို တွေ့နေနိုင်ကာ စူးရှလှသည့် အသံတစ်ခုအား ကြားနိုင်ခဲ့သည်။

ဤအရာသည် ရှီထျန်းဟောင်၏ နောက်ထပ် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖြစ်သည့် မူလ မြင့်မြတ်သော အလင်းတန်း ဖြစ်သည်။

ရှီထျန်းဟောင်၏ မူလ မြင့်မြတ်သော အလင်းတန်းအား တွေ့လိုက်သောအခါ ရွှေပုစဥ်း ဆရာတော်သည် မတတ်နိုင်ပဲ သူ၏ခေါင်းကို ခါလိုက်သည်။ သူသည် သမိုင်းတစ်လျှောက်တွင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း နှစ်ခုအား ပိုင်ဆိုင်ထားနိုင်သည့် ပထမဆုံးသော ပုဂ္ဂိုလ် ဖြစ်သည်။ သူ၏ မူလ မြင့်မြတ်သော အလင်းတန်းသည် ရွှေပုစဥ်း ဆရာတော်၏ သေမင်းပင်လယ်၏ မဟာလှိုင်းလုံးအား တန်ပြန်နိုင်သော အစွမ်းရှိသည်။

+

ဤအချိန်တွင် ရှီထျန်းဟောင်သည် ကောင်းကင်ပေါ်မှ မြို့တော်၊ နတ်ကောင်းကင် ဝင်္ကပါနှင့် မဟာကောင်းကင်ဘီးအား ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် သူ၏ မူလ မြင့်မြတ်သော အလင်းတန်း၏ စွမ်းအားများသည် အဆပေါင်းများစွာ တိုးတက်လာခဲ့သည်။

သို့သော်လည်း ရွှေပုစဉ်း ဆရာတော်သည် တည်ငြိမ်ဆဲသာ ရှိသေးသည်။ သူ၏ ဗုဒ္ဓ ခန္ဓာကိုယ်မှ အလင်းတန်းသည် လေးဘက်လေးတန်သို့ ပျံ့နှံ့သွား၍ သူသည် ထာဝရ တည်မြဲနေ၍ ဖျက်ဆီးခြင်း မပြုနိုင်သော မလှုပ်ရှားနိုင်သည့် အလယ်ဗဟို တစ်ခုနှင့် တူနေခဲ့သည်။

+

ရွှေပုစဉ်း ဆရာတော်နှင့် ရှီထျန်းဟောင်တို့ အကြားမှ တိုက်ပွဲအား တွေ့ခဲ့ရသော အခါ သေမင်းကေရာဇ်၏ အကြည့်သည် လင်းလက်သွား၏။ သူသည် ငရဲကမ္ဘာ ပင်လယ်အား လွယ်ကူစွာ ထိန်းချုပ်နေသော ရှောင်ယန်အား ကြည့်လိုက်ကာ သူ၏ အမူအရာသည် လေးနက်လာသည်။

အားလုံးတို့က သူ၏ စွမ်းအားများသည် ကြီးမားလှ၍ သူသည် သေရွာထံမှ ပြန်လာနိုင်စွမ်း ရှိသည်ဟု ပြောနေကြသည်။ ထို့အပြင် သူသည် မဟာကမ္ဘာ အတွင်းတွင် နှစ်ပေါင်းသုံးဆယ် အတွင်း၌ပင် သူ၏ အထွတ်အထိပ် အခြေအနေသို့ ပြန်ရောက်နိုင်ခဲ့သည်။ သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တိုးတက်လာမှုသည် သူ့ကိုလည်း မှင်သက်စေခဲ့သည်။

+

ထိုအတွင်းတွင် လင်းဖုန်းသာ မက သူ့လက်အောက်မှ တပည့်များလည်း ပါသည်။ သူတို့ အားလုံးသည် အံ့ဩစရာ ကောင်းလောက်အောင် အစွမ်းထက်ကြကာ ခေတ်ကာလပေါင်း များစွာ မရေမတွက်နိုင်သည့် တိုက်ပွဲများကို မြင်တွေ့ဖူးသော သေမင်းကေရာဇ်ကိုပင် အံ့ဩ မှင်သက်စေခဲ့သည်။

သူ၏ မျက်လုံးများသည် တွင်းနက်တစ်ခု၏ အနက်ရှိုင်းဆုံး အပိုင်းတစ်ခုကဲ့သို့ မည်းနက်နေကာ သူ့အတွင်းတွင် မည်သည့် အလင်းရောင်ကိုမှ မမြင်နိုင်ချေ။

ယန်ရှင်းဟီ၏ နတ်ဆိုးဝိညာဉ် အပါအဝင် သူ၏ သေခြင်းနှင့် ရှင်ခြင်းစာအုပ်တို့သည် ရောင်ယန်ထံသို့ ပျံသန်းလာသည်။ ရောင်ယန်၏ ခန္ဓာကိုယ်မှ နေ၍ မီးတောက်များ ပျံသန်း ထွက်ပေါ်လာကာ သူသည်

+

ကြောက်ရွံ့ခြင်း ကင်းမဲ့စွာဖြင့် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို သူ၏ တိုက်ခိုက်မှုများ အတွင်းတွင် ထည့်သွင်း တိုက်ခိုက်လိုက်သည်။

သူသည် သေမင်းကေရာဇ်နှင့် စန်ထူဇီတို့၏ နှောင့်ယှက်ခြင်းကို ခံနေရကာ သူနှင့် ငရဲကမ္ဘာ ပင်လယ်၊ ကပ်ဘေးတို့ အကြားမှ ဆက်သွယ်မှုသည် အားနည်းသွားသော်လည်း ဤနေရာသည် ငရဲကမ္ဘာ ပင်လယ်ပင် ဖြစ်နေသေးသည်။ ရှောင်ယန်သည် ဤနေရာတွင် အိမ်ကွင်းအားသာချက် ရှိနေပေသည်။

သေမင်းကေရာဇ်၏ အကြည့်သည် ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့ အကြားတွင် ခေါက်တုံ့ပြန်နေကာ သူ၏ လက်နှစ်ဘက် စလုံးအား ဆန့်တန်းလိုက်၍ မှော်ကျိန်စာများကို လျင်မြန်စွာ ဖော်ထုတ်လိုက်ကာ သူ၏ ခန္ဓာကိုယ် အတွင်းမှ မီးခိုးရောင် အလင်းတန်း

+

လှိုင်းလုံးများ ပျံသန်း ထွက်ပေါ်လာသည်။ လေထု
အလယ်တွင် တုန်ခါနေရင်း သူတို့သည် နောက်ဆုံးတွင်
ရောမ အနက်ရောင် ယဇ်ပလ္လင် တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့သည်။

ထိုယဇ်ပလ္လင်သည် သုံးထပ်မြင့်၍ သူတို့သည်
ကောင်းကင်၊ မြေကြီးနှင့် လူသားတို့အား
ကိုယ်စားပြုနေကြခြင်း ဖြစ်သည်။ သူတို့၏
စွမ်းအားများသည် သေခြင်းနှင့် ရှင်ခြင်း စက်ဝန်းနှင့်
ပြီးပြည့်စုံစွာ ပေါင်းစည်းသွားကြ၍ အဆုံးစွန်
အစွမ်းထက်သော အရှိန်အဝါ တစ်ခုအား
ထုတ်လွှတ်နေသည်။

ဤအရာသည် သေမင်းကေရာဇ်၏ အစွမ်းအထက်ဆုံး
တိုက်ခိုက်မှု ဖြစ်သော ငရဲကမ္ဘာ ယဇ်ပူဇော်ခြင်း
အခမ်းအနား ဖြစ်သည်။

+

သေမင်းကေရာဇ်သည် သူ၏ လက်နှစ်ဘက်စလုံးအား ဆန့်တန်းလိုက်ပြီး အတူတကွ စုစည်းလိုက်သည်။ ဤကဲ့သို့ လုပ်လိုက်သည်နှင့် သီးသန့် အနက်ရောင် ယဇ်ပလ္လင် နှစ်ခုတို့သည် ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့အား လွှမ်းခြုံသွားသည်။

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့ နှစ်ယောက်စလုံးတို့က မျက်မှောင်များကို ကြုတ်လိုက်ကြသည်။ သူတို့သည် တစ်စုံတစ်ခု တုံ့ပြန်ရန် ကြိုးစားခဲ့ကြသော်လည်း ရွှေပုစဉ်း ဆရာတော်နှင့် ယန်ရှင်းဟီတို့ကြောင့် ပြုလုပ်ရန် ခက်ခဲနေခဲ့သည်။

ထိုကဲ့သို့ ယာယီ တုံ့ဆိုင်းသွားမှုကြောင့် သူတို့သည် ထိုအနက်ရောင် ယဇ်ပလ္လင်၏ လွှမ်းမိုးမှုကို ခံခဲ့ရသည်။

+

သူတို့ နှစ်ယောက်သည် တန်ပြန် တိုက်ခိုက်ရန် ကြိုးစားခဲ့ကြရာ မိုးကြိုးနှင့် မီးတောက်များသည် ယဇ်ပလ္လင် နှစ်ခုစလုံး အပေါ်၌ ဒေါသူပုန် ထနေကြသည်။

အနက်ရောင် အလင်းတန်းများသည် ယဇ်ပလ္လင် နှစ်ခုစလုံး အပေါ်၌ ရစ်ဝဲနေကြကာ ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့အား အတွင်းတွင် ချုပ်နှောင်ထားကြသည်။ ယန်ရှင်းဟီနှင့် သေခြင်းနှင့် ရှင်ခြင်း စာအုပ်တို့သည် ရှောင်ယန်အား လွှမ်းခြုံထားသော ယဇ်ပလ္လင် အပေါ်သို့ တက်လာကြ၍ သူ့အား ဖိနှိပ်ရန် ကြိုးစားနေကြသည်။

+

ရွှေပုစဉ်း ဆရာတော်သည် ယဇ်ပလ္လင်၏ အရှေ့တွင် ရပ်နေရင်း ဘာမှ မလုပ်ခဲ့ပဲ ရှီထျန်းဟောင်ကိုသာ အကဲခတ်နေခဲ့သည်။

သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရှောင်ယန်တို့အား အတူတကွ တိုက်ခိုက်ခဲ့ကြခြင်းမှာ တူညီသော ရည်ရွယ်ချက် ရှိသောကြောင့်သာ ဖြစ်သည်။ သို့သော်လည်း ဤအရာသည် သူတို့က မဟာမိတ် ဖြစ်နေကြသည်ဟု မဆိုလိုပေ။

သူတို့သည် တိုက်ခိုက်နေကြရင်း အချင်းချင်းလည်း သတိထားနေကြသည်။

စန်ထူဇီသည် ဘာမှ မလုပ်ခဲ့သော်လည်း အမှန်တွင် သူ၏ စွမ်းအားများ အားလုံးကို အသုံးချကာ ရှောင်ယန်နှင့်

+

ငရဲကမ္ဘာ ပင်လယ်၏ ဆက်သွယ်မှုအား
နှောင့်ယှက်နေခဲ့ခြင်း ဖြစ်သည်။

သေမင်းကေရာဇ်သည် သူ့အား ဘာမှ
မလုပ်ခဲ့သော်လည်း ရွှေပုစဥ်း ဆရာတော်သည် သူ၏
စွမ်းအားများ အားလုံးတို့အား အသုံးပြုနေသည်ကို
တွေ့ခဲ့ရသော အခါ သူသည် ဘာမှ မတတ်နိုင်ပဲ
လှုပ်ရှားခဲ့ရသည်။ သို့သော်လည်း ရွှေပုစဥ်း
ဆရာတော်သည် ယဇ်ပလ္လင် အပေါ်သို့ မတက်ရဲခဲ့ပေ။

သူတို့သည် ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့၏
ခြိမ်းခြောက်မှုများကို ဖြေရှင်း၍ မပြီးသေးခင် အချင်းချင်း
တိုက်ခိုက်ကြမည် မဟုတ်ချေ။ သို့သော်လည်း ပြီးတာနှင့်
သူတို့၏ တိုက်ပွဲမှာ ရှောင်လွဲ၍ရမည် မဟုတ်ချေ။
ဘာပဲပြောပြော သူတို့၏ အဓိက ရည်ရွယ်ချက်မှာ
ငရဲကမ္ဘာ ပင်လယ်ပင် ဖြစ်သည်။

+

အကယ်၍ သူတို့သည် ဖိအားပေးခံရ၍
နောက်ဆုတ်ရမည် ဆိုပါက သူတို့အနက်မှ
အားအနည်းဆုံး ဆက်သွယ်မှုကို ပစ်မှတ်ထားကာ
သူ့ထံမှ အမြတ်ထုတ်မည် ဖြစ်သည်။ ဘာပဲပြောပြော
သူတို့သည် ငရဲကမ္ဘာ ပင်လယ်မှ ထွက်ခွာသွားပါက
ရှောင်ယန်၏ စွမ်းအားများသည် အကြီးအကျယ်
လျော့နည်းသွားမည် ဖြစ်ကာ သူတို့သည်
ရှီထျန်းဟောင်ကိုလည်း ကြောက်နေစရာ မလိုချေ။

သို့တိုင်အောင် ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့သည်
သေမင်းကေရာဇ်၏ ကြောက်မက်ဖွယ်ရာ
စွမ်းအားများကို ခံစားနိုင်ခဲ့သည်။

+

ရှီထျန်းဟောင် အနေဖြင့် တုံ့ပြန်ရန်
လွယ်ကူနေသေးသည်။ သူ့ခေါင်းပေါ်မှ
ကောင်းကင်ပေါ်မှ မြို့တော်နှင့် နတ်ကောင်းကင် ဝက်ပါ၊
အရွယ်အစား အဆုံးစွန် မြှင့်တင်ထားသော သူ၏
ဟွန်စန်း ခန္ဓာကိုယ်၏ စွမ်းအားများဖြင့် အကယ်၍
လေဟာနယ် စွမ်းအားများကြောင့်သာ မဟုတ်လျှင်
သူသည် အနက်ရောင် ယဇ်ပလ္လင်အား ဖြိုခွဲနိုင်ခဲ့မည်
ဖြစ်သည်။

ယခုအချိန်တွင် ရှီထျန်းဟောင်သည်
မဟာကောင်းကင်ဘီးအား ပင့်မြှောက်ထားကာ
အနက်ရောင် ယဇ်ပလ္လင်အား စိုက်ကြည့်နေခဲ့လေသည်။

သို့သော်လည်း ရွှေပုစဥ်း ဆရာတော်သည် အပြင်မှနေ၍
သူ့အား စောင့်နေသည်ကို သိနေခဲ့သည်။ ရွှေပုစဥ်း
ဆရာတော်သည် ယဇ်ပလ္လင် အပေါ်သို့ မတက်ပဲ သူ့အား
+

မဖိနှိပ်နေခဲ့သော်လည်း သူက ယဇ်ပလ္လင် အတွင်းမှ ထွက်ခဲ့သည့် အချိန်တွင် သူ့အား တိုက်ခိုက်လိမ့်မည်ဟု ရှီထျန်းဟောင်က သိနေခဲ့သည်။

ယခုအချိန်တွင် မိစ္ဆာနှင့် လူသားတို့ အကြားမှ ပြင်းထန်လှသော တိုက်ပွဲသည် ရုတ်တရက် ငြိမ်သက်သွားသည်။

ယဇ်ပလ္လင်ကို ကြားတွင် ထားကာ သူတို့သည် အချင်းချင်း ရင်ဆိုင်နေကြရာ အခြေအနေသည် မခံနိုင်အောင် တင်းမာနေခဲ့သည်။

အခြားတစ်ဘက်တွင် ရှောင်ယန်အနေဖြင့် သူ၏ အခြေအနေမှာ ပိုဆိုးလာသည်ဟု ခံစားနေရသည်။

+

သူသည် ယဇ်ပလ္လင် အတွင်းသို့ ရောက်နေသော အခါ ရှောင်ယန်သည် သူနှင့် ငရဲကမ္ဘာ ပင်လယ်၊ ကပ်ဘေးတို့ အကြားမှ ဆက်သွယ်မှုသည် အကြီးအကျယ် အားနည်းသွားသည်ဟု ခံစားခဲ့ရသည်။

အနက်ရောင် ယဇ်ပလ္လင်သည် သူ့ကိုယ်သူ ကမ္ဘာတစ်ခုနှင့် တူနေခဲ့သည်။ ယန်ရှင်းဟီ၏ ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံနှင့် စာလျှင် သူသည် များစွာပို၍ ပြီးပြည့်စုံသည်။ ယဇ်ပလ္လင်၏ အတွင်းနှင့် အပြင်တွင် သီးခြားကမ္ဘာ နှစ်ခုတို့က တည်ရှိနေကြသည်။ သူတို့သည် မတူညီသော သဘောတရားများကို ထုတ်ဖော်ခဲ့ကြသဖြင့် ပိုမို၍ အစွမ်းထက်လာခဲ့သည်။

ယန်ရှင်းဟီနှင့် သေခြင်းနှင့် ရှင်ခြင်း စာအုပ်တို့သည် ယဇ်ပလ္လင် အတွင်းသို့ ရောက်သွားသော အခါ

+

ရေအတွင်းသို့ ရောက်သွားသော ငါးတစ်ကောင်ကဲ့သို့ သူတို့၏ စွမ်းအားများသည် ဆတက်ထမ်းပိုး တိုးတက်လာလေသည်။

ဤကဲ့သို့သော အခြေအနေ အောက်တွင် ရှောင်ယန်သည် သူ၏အပေါ်မှ ဖိအားများက ပိုများလာသည်ဟု ခံစားနေရကာ သူ၏ အမူအရာသည် ပို၍ လေးနက်လာခဲ့သည်။

သို့သော်လည်း သူ၏ မျက်နှာအပေါ်တွင် ကြောက်ရွံ့မှု အရိပ်အယောင်များ မပေါ်လာခဲ့ပေ။ သူသည် သူ့ခေါင်းထိပ်ကို ရိုက်လိုက်ရာ မီးတောက် အမွေးအတောင်များ ထွက်လာခဲ့သည်။ ချက်ချင်းဆိုသလိုပင် သူသည် မီးတောက်ကြာပန်း ထိုင်ခုံတစ်ခု အပေါ်တွင် ထိုင်နေသော မီတာသုံးဆယ်

+

မြင့်မားသည့် ဘီလူးကြီး တစ်ကောင်အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဤအရာသည် ရှောင်ယန်၏ စင်စစ် ဖြစ်တည်မှု ဖြစ်သည်။ သူပေါ်လာသော အချိန်၌ သူသည် ရှောင်ယန်၏ ရုပ်ကိုယ်ခန္ဓာအား ဝါးမျိုလိုက်၍ သူ၏ မျက်လုံးများက ပွင့်လာခဲ့ကာ ငရဲကမ္ဘာ ပင်လယ်ကလည်း တုန်ခါလာခဲ့သည်။

မီးဘီလူးကြီး၏ ခန္ဓာကိုယ်မှ မီးတောက်များ ထွက်ပေါ်လာသည်။ ခရမ်းပြာရောင် ငရဲပြည့်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ အနက်ရောင် ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ နို့နှစ်ဖြူရောင် သန့်စင်သောယန် အကြွင်းမဲ့မီးတောက်၊ ရွှေရောင် မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ အစိမ်းရောင် ခိစတိဂါဘ အစစ်အမှန် မီးရှူးတိုင်၊ အနီရောင်

+

ကြာပန်းမီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့ အားလုံး ပေါ်လာကြသည်။

လျှင်မြန်စွာဖြင့် အကြွင်းမဲ့မီးတောက် ငါးမျိုးတို့ ပျောက်သွားကာ ခက်ထန်သော ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် ဆိုးညစ်သော ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့သာ ကျန်နေခဲ့သည်။

ထိုမီးတောက် နှစ်မျိုးတို့သည် ပြင်းထန်စွာဖြင့် လောင်ကျွမ်းနေ၍ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ အဆုံးမဲ့ မီးတောက်များကို အပြင်းအထန် တောက်လောင်စေခဲ့သည်။

+

သေမင်းကေရာဇ်နှင့် ယန်ရှင်းဟီတို့
နှစ်ယောက်စလုံးသည် ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့၏
ဦးဆောင်မှုဖြင့် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကျန်သော
ကပ်ဆိုးများသည် သူတို့ထံသို့ အလျင်အမြန်
ပြေးဝင်လာသည်ကို သတိပြုမိခဲ့ကြသည်။

သူ့အား အနက်ရောင် ယဇ်ပလ္လင်ဖြင့် ခွဲခြားထားခဲ့ကာ
အနက်ရောင် ပင်လယ်၏ တုန်ခါမှုသည် နယ်နိမိတ်အား
ဝေဝါးစေခဲ့သော်လည်း ကပ်ဆိုးများစွာတို့သည်
ရှောင်ယန်အား ဝန်းရံထားကြသည်။

ဆိုးယုတ်ကာ အနံ့စူးရှသော အကြွင်းမဲ့ သွေးမြစ်ရေသည်
သွေးပင်လယ် အသွင်ကို ယူကာ ရှောင်ယန်၏
ခေါင်းပေါ်သို့ ရောက်လာခဲ့သည်။

+

အသံမဲ့ကာ အားလုံးတို့ကို သန့်စင်ပေးနိုင်သော ငရဲကမ္ဘာ အကြွင်းမဲ့ရေသည် ငရဲကမ္ဘာ မြစ်အဖြစ်သို့ ပြောင်းသွားကာ တိတ်တဆိတ် စီးဆင်းနေခဲ့၍ သူကလည်း ရှောင်ယန်အား ဝန်းရံထားခဲ့သည်။

အရာအားလုံးတို့အား အေးခဲစေသော ငရဲကိုးလွှာ လေလှိုင်းများကလည်း ရှောင်ယန်အား လွှမ်းခြုံထားသည့်ပုံ ပေါ်နေခဲ့သည်။

အနီရောင် မြူခိုးငွေ့ အလင်းတန်း တစ်တန်းကဲ့သို့ လင်းလက်နေသော အဝီစိ ငရဲမုန်တိုင်းကလည်း ညင်သာစွာ တိုက်ခတ်နေခဲ့သည်။ မြူခိုးငွေ့ အတွင်းတွင် တစ်ယောက်သည် လမ်းပျောက်နေသော ဝိညာဉ်များက

+

အပြင်သို့ ထွက်နိုင်ရန် ရုန်းကန်နေရသည်ကို
တွေ့နေနိုင်သည်။

ရှောင်ယန်၏ စင်စစ် ဖြစ်တည်မှု နောက်ကျောတွင်
တောင်ပံနှစ်ခုတို့ ဆန့်တန်းလာ၍ ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်နှင့်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့က
လောင်ကျွမ်းလာခဲ့သည်။

သူ၏ မျက်လုံးများ အတွင်းမှ အနီရောင်
အလင်းတန်းများက အကောင်အထည် ပေါ်လာကြပြီး
သူ၏ လက်များသည် ထူးခြားသော မှော်သင်္ကေတ
တစ်ခုအား ဖန်ဆင်းလိုက်ကာ သူ၏ ရင်ဘတ်ပေါ်သို့
တင်လိုက်၍ ဖြည်းဖြည်းချင်း တွန်းထုတ်လိုက်သည်။

+

အားလုံးတို့ ရှိနေကြသော အလင်းတန်း စက်ကွင်း ကမ္ဘာသည် ရုတ်တရက်ပင် အလွန်အမင်း တောက်ပလာသည်။

ရှောင်ယန်အနားတွင် ရှိနေကြသော ကပ်ဆိုးများစွာတို့သည် သူ၏ ခန္ဓာကိုယ် အပေါ်တွင် စုစည်းလာကြသည်။ သူ၏ ခန္ဓာကိုယ်သည် မည်းနက်လာ၍ အလင်းတန်းများဖြင့် ရုံဖန်ရံခါ လင်းလက်လာကြကာ တာအိုတို့၏ ပျက်စီးခြင်းကို ဖော်ပြနေကြသည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများသည် ဖော်မပြနိုင်သော ပျက်စီးမှုအား ယူဆောင်လာခဲ့သည်။ ဤအချိန်တွင် သူတို့၏ ဖျက်ဆီးနိုင်သော စွမ်းအားများသည် အဆုံးစွန် တိုးတက်လာ၍ ကမ္ဘာ၏ အဆုံးသတ်အလား အရာအားလုံးကို ပြိုကျစေခဲ့သည်။

+

ကမ္ဘာပျက်သွား အပြီးတွင် ပြန်လည် မွေးဖွားမှုများက အစားထိုးလာကာ စွမ်းအားများက အဆက်မပြတ် တိုးတက်လာကြသည်။

ရှောင်ယန်၏ လုပ်ဆောင်ချက်များကြောင့် ကပ်ဘေးသည် တုန်ခါလာ၍ ငရဲကမ္ဘာ ပင်လယ်၏ ဖျက်ဆီးနိုင်သော စွမ်းအားများသည် ရှောင်ယန်၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်လာပြီး သူသည် သူတို့အား နေရာ တစ်ခုတည်း အပေါ်သို့ စုစည်းလိုက်သည်။

သူ၏စိတ်အား အသုံးပြု၍ ရှောင်ယန်သည် အစွမ်းထက်သော ဖျက်ဆီးနိုင်မှု စွမ်းအားတစ်ခုကို

+

ဖောက်ခွဲလိုက်၍ သူ့အနားမှ အနက်ရောင် ယဇ်ပလ္လင်အား ပြိုပျက်စေခဲ့သည်။

## စာစဥ် ၇၃ : အပိုင်း ၇

## အပိုင်း ၁၄၁၇ : ငရဲကမ္ဘာ ပင်လယ်သခင်နှင့် သေမင်းဧကရာဇ်တို့ တိုက်ခိုက်ခြင်း

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ အကြွင်းမဲ့ သွေးမြစ်ရေ၊ ငရဲကိုးလွှာ လေပြင်း၊ အဝီစိ ငရဲမုန်တိုင်းနှင့် ငရဲကမ္ဘာ အကြွင်းမဲ့ရေတို့သည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ နတ်ဆိုးစွမ်းအားများ ဖြစ်ကြသည်။

+

သူတို့ခြောက်မျိုး အပြင် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် အနက်ရောင် ဖျက်ဆီးမှု အနှစ်သာရ၊ မိစ္ဆာအိမ်မက် ကျက်သရေ ကျောက်ခဲ၊ နတ်ဆိုးမျက်လုံး တစ္ဆေမီးတောက်၊ မိုးကြိုး လှိုင်းဂယက်နှင့် အခြား ကပ်ဆိုး များစွာတို့ ရှိနေသေးသည်။

သူတို့ တစ်ခုချင်းစီသည် မဟာကမ္ဘာ အတွင်းသို့ ရောက်လာခဲ့လျှင် အကြီးအကျယ် ဖျက်ဆီးနိုင်စွမ်း ရှိသည်။

ဤအချိန်၌ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဘေး တစ်ခုချင်းစီသည် ရှောင်ယန်ထံသို့ စုစည်းလာကြလေသည်။

+

သူတို့၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် နေရာတစ်ခုတည်းသို့ စုစည်းနေ၍ ပျက်စီးမှုသည် အဆုံးသတ်မဟုတ်ချေ။ ပြန်လည် မွေးဖွားခြင်း စက်ဝန်းသည် ထာဝရ ဖြစ်နေ၍ ဤအချိန်တွင် သူတို့၏ ဖျက်ဆီးနိုင်မှု စွမ်းအားများသည် အကန့်အသတ်မဲ့နေသကဲ့သို့ ဖြစ်နေသည်။

ဤအရာသည် ရှောင်ယန်က ငရဲကမ္ဘာ ပင်လယ်အတွင်းတွင် နှစ်ပေါင်းများစွာ နေထိုင်အပြီးတွင် တီထွင်နေခဲ့သော အရာတစ်ခု ဖြစ်သည်။ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း၏ မဟာကောင်းကင်တာအိုကျမ်းစာအား နားလည်မှုနှင့် ငရဲကမ္ဘာ ပင်လယ်အတွင်းမှ ကပ်ဆိုးများစွာတို့အား ပေါင်းစည်းကာ သူသည် မြင့်တက်လာသော ပျက်စီးခြင်းကို တီထွင်နိုင်ခဲ့သည်။

+

ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ဤမှော်ကျိန်စာအား အသုံးပြုခြင်းသည် ငရဲကမ္ဘာ ပင်လယ် တစ်ခုလုံး၏ စွမ်းအားများကို ထုတ်ဖော်နိုင်ကာ သူ့အား မဟာကမ္ဘာ အတွင်းတွင် အသုံးပြုခြင်းထက် စာလျှင် ပို၍ ပြင်းထန်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

ဤအချိန်တွင် သေမင်းကေရာဇ်နှင့် ယန်ရှင်းဟီတို့ နှစ်ယောက်စလုံးသည် ဤအရာကို ပထမ ဦးစွာ ခံစားခဲ့ရသူများ ဖြစ်ကြသည်။

အနက်ရောင် ယဇ်ပလ္လင်သည် ချက်ချင်းပင် မြင့်တက်လာသော ပျက်စီးခြင်းကြောင့် ပေါက်ကွဲသွားခဲ့သည်။ သေမင်းကေရာဇ်သည် ငရဲကမ္ဘာ ယဇ်ပူဇော်ခြင်း အခမ်းအနားကို ကိုယ်တိုင်ကိုယ်ကျ ထုတ်ဖော်ခဲ့ခြင်း ဖြစ်သော်လည်း ယဇ်ပလ္လင်သည်

+

ရှောင်ယန်၏ အစွမ်းထက်သော တိုက်ခိုက်မှုအား မခုခံနိုင်ခဲ့ပေ။

တစ်ချိန်တည်းတွင် ယဇ်ပလ္လင် အတွင်းမှ ယန်ရှင်းဟီနှင့် သေခြင်းနှင့် ရှင်ခြင်း စာအုပ်တို့သည်လည်း ပြင်းထန်သော တိုက်ခိုက်မှုများကို ရင်ဆိုင်ခဲ့ရသည်။

သေမင်းကေရာဇ်သည် ရှောင်ယန်က ဤမှော်ကျိန်စာအား အသုံးပြုခဲ့သည်ကို တွေ့ခဲ့ရသော အခါ သူ၏ မျက်လုံးများ အတွင်းမှ အနက်ရောင် အလင်းတန်းများက လင်းလက်လာသည်။ သူသည် သူ၏ ငရဲကမ္ဘာ ယဇ်ပူဇော်ခြင်း အခမ်းအနားသည် ရှောင်ယန်နှင့် ငရဲကမ္ဘာ ပင်လယ်တို့ အကြားမှ ဆက်သွယ်မှုအား မတားဆီးနိုင်တော့ဟု ခံစားမိခဲ့သည်။

+

ချက်ချင်း ဆိုသလိုပင် သူသည် သေခြင်းနှင့် ရှင်ခြင်း စာအုပ်အား ပြန်လည် ခေါ်ယူခဲ့သည်။ ယခုအချိန်တွင် ရှောင်ယန်၏ မြင့်တက်လာသော ပျက်စီးခြင်းအား ခုခံရန် ယန်ရှင်းဟီ၏ နတ်ဆိုးဝိညာဥ်သာ ကျန်နေရစ်သည်။

သို့တိုင်အောင် သေခြင်းနှင့် ရှင်ခြင်း စာအုပ် အနားမှ အရှိန်အဝါသည် ပို၍ လေးလံလာကာ ယန်ရှင်းဟီ၏ ခန္ဓာကိုယ်သည် အပေါက်များဖြင့် ပြည့်နေခဲ့သည်။

အလင်းတန်းများဖြင့် ဖုံးလွှမ်းထားသော သူ၏ ခန္ဓာကိုယ်သည် ယခုအချိန်တွင် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ပျက်စီးနေခဲ့သည်။ ဖျက်ဆီးမှု စွမ်းအားများ၏ ပထမ လှိုင်းလုံးများ ပေါက်ကွဲသွား အပြီးတွင် အသစ် ဖြစ်ပေါ်လာသော ကပ်ဆိုးများ၏ လက်ကျန် စွမ်းအားများသည် ယန်ရှင်းဟီ၏ ခန္ဓာကိုယ်အား ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။

+

အကြွင်းမဲ့ သွေးမြစ်ရေ၏ သွေးစများသည် သူ၏ မော်စွမ်းအင်အား စုပ်ယူသွားသည်။ ငရဲကိုးလွှာ လေပြင်းများထံမှ ဖြစ်ပေါ်လာသော အနက်ရောင် ရေခဲတစ်လွှာသည် သူ၏ ခန္ဓာကိုယ် အပေါ်တွင် ဖုံးလွှမ်းနေသည်။ သူ့အောက်မှ ရောမ မြေကြီးတစ်စသည် ပျောက်ကွယ်သွား၍ ဖြစ်ပေါ်လာသော တွင်းထံမှ မီးတောက်များက လောင်ကျွမ်းနေခဲ့သည်။ ထိုအရာသည် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက် ဖြစ်သည်။

ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုအောက်တွင် ယန်ရှင်းဟီ၏ နတ်ဆိုးဝိညာဉ်သည် ရှောင်ယန်ကြောင့် လုံးဝ ပျက်စီးလုနီးပါး ဖြစ်သွားခဲ့သည်။

+

သေမင်းကေရာဇ်၏ မျက်လုံးများသည် လုံးဝ မည်းနက်သွားခဲ့သည်။ သူအပါအဝင် ရွှေပုစဉ်း ဆရာတော်၊ ဝူမန့်ချီ၊ ယန်ရှင်းဟီတို့ အားလုံးသည် ရှောင်ယန်အား ဝိုင်း၍ စိုက်ကြည့်နေကြကာ သူတို့၏ ရင်များက လေးလံလာကြသည်။ "ငရဲကမ္ဘာ ပင်လယ် အတွင်းမှ သူ့ရဲ့ စွမ်းအားတွေက ပြိုင်ဘက်ကင်းတယ်… တကယ်လို့ သူက ငရဲကမ္ဘာ ပင်လယ်ကို လုံးဝ ထိန်းချုပ်နိုင်ခဲ့ရင် ရလဒ်တွေကို စဉ်းစားလို့တောင် ရတော့မှာ မဟုတ်ဘူး"

ဤအချိန်သည် ရှောင်ယန်က အစွမ်းအထက်ဆုံး အချိန် မဟုတ်သေးမှန်းကို အားလုံးတို့က သိထားကြသည်။

ဘေးထိုင်နေသော ဝူမန့်ချီမှ လွဲ၍ သေမင်းကေရာဇ်နှင့် စန်ထူဇီတို့သည် ရှောင်ယန်၊ ကပ်ဘေးနှင့် ငရဲကမ္ဘာ

+

ပင်လယ်တို့ အကြားမှ ဆက်သွယ်မှုကို ကြိုးစားကာ ဆက်လက် နှောင့်ယှက်နေခဲ့သည်။

သေမင်းကေရာဇ်၏ ယဇ်ပလ္လင်ကို ချိုးဖောက်နိုင်ခဲ့ကာ ယန်ရှင်းဟီအား ဒဏ်ရာရစေ၍ သေခြင်းနှင့် ရှင်ခြင်း စာအုပ်အား နောက်ပြန်ဆုတ်စေ အပြီးတွင် ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်၏ အလယ်တွင် သူ့အား ထိန်းချုပ်နိုင်သော သခင်တစ်ပါးကဲ့သို့ ဂုဏ်ယူစွာဖြင့် ရပ်နေခဲ့လေသည်။

သူ၏ မျက်လုံးအတွင်းတွင် လင်းလက်နေသော အနီရောင် အလင်းတန်းသည် ပို၍ပို၍ တောက်ပလာကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား အလွန်အမင်း ခက်ထန် ကြမ်းတမ်း၍ ကြီးစိုးနိုင်သော အနီရောင် အလင်းတန်း တစ်လွှာဖြင့် လွှမ်းခြုံထားသည်။

+

သို့သော်လည်း ရှောင်ယန်၏ ခန္ဓာကိုယ် အနားမှ အရှိန်အဝါသည် မတည်မငြိမ် ဖြစ်နေသည့်ပုံ ပေါက်နေကာ ငရဲကမ္ဘာ အတွင်းသို့ ဝင်ရောက်ခဲ့သော ကျန်သည့်လူများနှင့် တူနေခဲ့သည်။

သို့သော်လည်း ရှောင်ယန်သည် အမှုမထားခဲ့ပဲ သေမင်းကေရာဇ်နှင့် ကျန်သောသူများထံသို့ ဆက်လက်၍ တက်လာခဲ့သည်။ သူ၏ ပုံစံ တစ်ခုလုံးသည် အင်အားများဖြင့် ပြည့်နှက်လျက် ရှိသည်။

သေမင်းကေရာဇ်၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။ ယန်ရှင်းဟီ၏ ခန္ဓာကိုယ် အနားမှ အရှိန်အဝါသည်

+

လျင်မြန်စွာ ပြန်လည် သက်သာလာခဲ့ကာ မယုံနိုင်စရာ အရှိန်အဟုန်ဖြင့် ပြန်လည် ကုစားနိုင်ခဲ့သည်။

သို့သော်လည်း ရှောင်ယန်သည် မြင့်တက်လာသော ပျက်စီးခြင်းအား ပြန်လည်၍ အသက်သွင်းလိုက်ရာ ၎င်းရဲ့ကမ္ဘာ အတွင်းမှ ကပ်ဆိုး များစွာတို့သည် ကမ္ဘာဖျက် စွမ်းအားများဖြင့် ထိုးတက်လာကြသည်။ သူတို့သည် လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားနှင့် မယှဉ်နိုင်သော်လည်း ယန်ရှင်းဟီ အပေါ်မှ အကျိုးသက်ရောက်မှုသည် အလွန် ကြီးမားလှသည်။ သူသည် အချိန်တို အတွင်း၌ ပြန်လည် သက်သာလာနိုင်မည် မဟုတ်ချေ။

သေမင်းကေရာဇ်၏ ခေါင်းပေါ်မှ တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော သေခြင်းနှင့် ရှင်ခြင်း ၎င်းရဲ့ကမ္ဘာ တာအိုသစ်သီးသည် စတင်၍ လည်ပတ်လာသည်။ သူ၏

+

မှော်စွမ်းအင်များ ထွက်ပေါ်လာသော အခါ ယန်ရှင်းဟီ၏ နတ်ဆိုးဝိညာဉ်သည် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွား၍ တာအိုသစ်သီး အတွင်းသို့ ပြန်ဝင်သွားသည်။

သူ၏ ခန္ဓာကိုယ်သည် အဖြူရောင် အပိုင်း အတွင်းသို့ ဝင်သွားကာ တာအိုသစ်သီး လည်ပတ် ပြီးသွားသော အခါ အနက်ရောင် အပိုင်း အတွင်းသို့ ရောက်သွားသည်။

ရှောင်ယန်သည် သတ္တိကောင်းသော်လည်း သူသည် သူ့ပြိုင်ဘက်အား လျှော့မတွက်ရဲပေ။ အားလုံးတို့သည် သေမင်းဧကရာဇ် ပိုင်ဆိုင်ထားသော စွမ်းအားများ အကြောင်းကို သိထားကြသည်။

+

သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီးသည်
နတ်ဆိုးဝိညာဥ်များအား ကျင့်ကြံရာတွင် အလွန်
အစွမ်းထက်ကြောင်းကို သူသိထားသည်။
ယန်ရှင်းဟီသည် အဖြူရောင် အပိုင်း အတွင်းသို့
ရောက်သွားသော အခါ သူသည် တိုက်ပွဲဝင်ရန်
ထပ်ဖန်တစ်ခါ အဆင်သင့် ဖြစ်သွားပေမည်။

သူသည် မြင့်တက်လာသော ပျက်စီးခြင်းမှ အပြည့်အဝ
ပြန်လည် မကောင်းမွန်လာနိုင်သေးသော်လည်း
တိုက်ခိုက်နိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

သို့သော်လည်း သူ၏ အဓိက ပြိုင်ဘက်မှာ
သေမင်းကေရာဇ်ပင် ဖြစ်သေးသည်။

+

ရှောင်ယန်သည် အရှေ့သို့ ခြေတစ်လှမ်း လှမ်းလိုက်ရာ သူ့ခန္ဓာကိုယ် အနားတွင် ကပ်ဆိုးများက ဝန်းရံလာ၍ သူ၏ စင်စစ် ဖြစ်တည်မှုသည် ပို၍ပို၍ ကြီးမားလာကာ ခက်ထန်လာခဲ့သည်။

သေမင်းကေရာဇ်သည် ရှောင်ယန်အား ကြည့်နေရင်း သူ၏ မျက်လုံးများ အတွင်းမှ အနက်ရောင် အလင်းတန်းသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ မကြာမီပင် သူ၏ မျက်လုံးများသည် လူသား မျက်လုံးများနှင့် ပြန်တူသွားသည်။

သူသည် ချောက်ကမ်းပါး တစ်ခုကဲ့သို့ မည်းနက် မနေတော့သော်လည်း သူ၏ ခန္ဓာကိုယ် အတွင်းမှ မှော်စွမ်းအင်များသည် ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့ကာ သူ၏ အရွယ်အစား ကလည်း အလွန်အမင်း ကြီးမားလာခဲ့သည်။

+

သူ၏ ရုပ်ခန္ဓာကိုယ်ကသာ ကြီးမားလာခြင်း မဟုတ်ပဲ ယခုအချိန်တွင် သေမင်းကောရာဇ်သည် ကောင်းကင်အပေါ်မှ ငုံ့ကြည့်နေနိုင်သော အဆင့်အထိ မြင့်မားသွားခဲ့သည်။

သူ၏ ခြေထောက် အောက်တွင် ရောမ အနက်ရောင် အလွှာသုံးလွှာ ယဇ်ပလ္လင်တစ်ခု ပေါ်လာသည်။ သူသည် ငြိမ်သက်စွာဖြင့် မြင့်တက်လာ၍ မကြာမီပင် သူ့အပေါ်မှ အနက်ရောင် ဝတ်ရုံနှင့် သေမင်းကောရာဇ်သည် ကောင်းကင်၊ မြေကြီးနှင့် လူသား လောကသုံးပါးတို့ အပေါ်တွင် ကြီးစိုးနိုင်သည့် စွမ်းအားများ ရှိသည့်ပုံ ပေါက်လာခဲ့သည်။

+

ငရဲကမ္ဘာ ပင်လယ်၏ ထောက်ပံ့မှုကြောင့်သာ မဟုတ်လျှင် ရှောင်ယန်ကလည်း သူမြင်တွေ့နေသည့် အရာများကြောင့် ထိတ်လန့်နေရမည် ဖြစ်သည်။

သေမင်းကေရာဇ်၏ မျက်လုံး နှစ်လုံးတို့သည် ပြန်လည် တည်ငြိမ်လာခဲ့ကာ တစ်ဘက်သည် ကျောက်စိမ်းကဲ့သို့ ဖြူဖွေးနေ၍ တစ်ဘက်သည် မည်းနက်နေသော သူ၏ လက်နှစ်ဘက်အား ဆန့်တန်းလိုက်သည်။

သူ၏ လက်ဝါးအစုံအား အတူတကွ စုစည်းလိုက်သော အခါ လေထုအလယ်တွင် အဖြူနှင့် အနက်ရောင် ဘီးတစ်ဘီးက ပေါ်လာခဲ့သည်။

ဘီးလည်ပတ်လာသည်နှင့် သူ့အနားမှ အရာအားလုံးတို့သည် စတင်၍ ပြောင်းလဲလာကြကာ

+

ပျက်စီးခြင်းနှင့် သေမင်းထံသို့ ဦးတည်နေကြသကဲ့သို့ ဖြစ်လာကြသည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများကပင် 'ရှင်သန်ခြင်း'နှင့် 'သေဆုံးခြင်း' ဟူသော အခြေအနေ တစ်ခုစီသို့ ရောက်သွားသည်။ ဤကွဲပြားချက်သည် သူတို့အား ဖိအားပေးနေခဲ့သည်။

သေမင်းကောရာဇ်၏ စွမ်းအားများ အောက်တွင် အရာအားလုံးတို့သည် သေဆုံးရန် ကြမ္မာဖန်လာကြသည်။ ထိုအချိန်တွင် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများကပင် သေမင်းကောရာဇ်အား ဒဏ်ရာရရန် မတတ်နိုင်ကြတော့ချေ။

+

ရှောင်ယန်သည် ကောင်းကင်ထံသို့
ဟိန်းဟောက်လိုက်ကာ ငရဲကမ္ဘာ ပင်လယ်၏
စွမ်းအားများကို အသုံးပြု၍ မြင့်တက်လာသော
ပျက်စီးခြင်းကို ထပ်ဖန်တစ်ခါ ဖော်ထုတ်လိုက်သည်။

တကယ်လို့ မင်းက သေခြင်းနဲ့ ရှင်ခြင်းတို့ အပေါ်မှာ
စွမ်းအားရှိနေရင် ငါက မင်းရဲ့ စွမ်းအားတွေကို
ဖျက်ဆီးပစ်မယ်။

ဖျက်ဆီးနိုင်မှု စွမ်းအားများသည် အဆုံးမဲ့နေ၍
စနစ်တကျ တိုက်ခိုက်လိုက်ရာ သေမင်းဧကရာဇ်က
"ယဇ်ပူဇော်ခြင်း" ဟူ၍ ပြောလိုက်သည်။

သူ၏ မျက်လုံးများ အရှေ့မှ အဖြူနှင့် အနက်ရောင်
ဘီးသည် ရုတ်တရက် လျှင်မြန်စွာဖြင့် စတင်

+

လည်ပတ်လာ၍ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး သုံးလုံးတို့ ထွက်ပေါ်လာကာ ငရဲကမ္ဘာ ပင်လယ်အတွင်းတွင် ဧရာမ အနက်ရောင် ယဇ်ပလ္လင် တစ်ခု ပေါ်လာခဲ့သည်။

အဖြူနှင့် အနက်ရောင် ဘီးသည် ယဇ်ပလ္လင် အတွင်းသို့ ပျံသန်းလာ၍ ငြိမ်သက်စွာဖြင့်ပင် ဖုန်မှုန့်များ အဖြစ်သို့ ပြောင်းသွားသည်။ ပြီးတာနှင့် အနက်ရောင် ယဇ်ပလ္လင်၏ စွမ်းအားများသည် ပို၍ အစွမ်းထက် သန်မာလာ၍ ပြင်းထန်လာခဲ့သည်။

သေမင်းဧကရာဇ်သည် တိုးညင်းသောလည်း မာနကြီးနေသည့် လေသံဖြင့် ပြောလိုက်သည်။ "ငါ့အရှေ့မှ အရာအားလုံးတို့က ကြွေလွင့်ရမယ်"

+

အနက်ရောင် ယဇ်ပလ္လင်၏ အရှေ့တွင် အနက်ရောင် အကာအကွယ် တစ်လွှာ ပေါ်လာ၍ သေမင်းဧကရာဇ်အား ကာကွယ်ပေးထားခဲ့သည်။

ထိုအကာအကွယ် အလွှာတွင် အရှိန်အဝါများနှင့် အစွမ်းထက်သော မှော်စွမ်းအင်များ မရှိပဲ အစိုင်အခဲ စွမ်းအားများ မရှိသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း သူသည် ထိုနေရာတွင် ရပ်နေရင်း ဒိုင်မန်းရှင်း အရံအတား တစ်ခုနှင့် တူနေကာ မည်သည့် အန္တရာယ်နှင့် ကပ်ဘေးများတို့သည် သေမင်းဧကရာဇ်၏ အရှေ့တွင် မပေါ်လာနိုင်ခဲ့ပေ။

ဤအချိန်တွင် အချိန်ကာလသည် တွန့်လိမ်သွားသည်ဟု ထင်နေရသည်။ အရပ်မျက်နှာ ပေါင်းစုံမှ

+

တိုက်ခိုက်မှုများသည် သေမင်းကေရာဇ်၏
အကာအကွယ် အလွှာအပေါ်သို့ ကျရောက်သွားကာ
အတားဆီးခံခဲ့ရသည်။

သို့သော်လည်း ရှောင်ယန်၏ အစွမ်းထက်သည့်
မြင့်တက်လာသော ပျက်စီးမှုသည် အနက်ရောင် အလွှာ
အပေါ်တွင် အက်ကွဲကြောင်းများကို
ပေါ်ပေါက်လာစေခဲ့သည်။

သေမင်းကေရာဇ်သည် ဤအရာကို တွေ့ခဲ့ရသော အခါ
သူ၏ ခေါင်းပေါ်မှ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ
သစ်သီးသည် စတင်၍ ပြောင်းလဲသွား၍ သူ့အတွင်းတွင်
လွင့်မျောနေသော ယန်ရှင်းဟီသည် အဖြူရောင်
အပိုင်းသို့ ရောက်သွားပြီး အပြင်သို့ ထွက်ခွာလာခဲ့သည်။

+

သေမင်းကေရာဇ်သည် သူ၏ လက်အစုံအား ဖွင့်လိုက်ရာ သေခြင်းနှင့် ရှင်ခြင်း စာအုပ်က သူ၏ လက်ဝါးအပေါ်တွင် ပေါ်လာ၍ မီးခိုးရောင် အလင်းတန်းများက ကောင်းကင် အတွင်းသို့ ထိုးတက်လာသည်။

အနက်ရောင် အကာအကွယ် အလွှာ အနောက်မှ ယန်ရှင်းဟီနှင့် သေခြင်းနှင့် ရှင်ခြင်း စာအုပ်တို့အား ကြည့်လိုက်ကာ ရှောင်ယန်၏ မျက်နှာပေါ်တွင် အမျက်ဒေါသနှင့် စိတ်မရှည်မှုများ ပေါ်လာခဲ့သည်။ သူ၏ အကြည့်သည် ရေခဲတမျှ အေးစက်နေသည်။

သူသည် ငရဲကမ္ဘာ ပင်လယ်နှင့် ဆက်သွယ်လိုက်ကာ မြင့်တက်လာသော ပျက်စီးခြင်းကို ထုတ်ဖော်လိုက်သည်။ သူ၏ အခြား လက်တစ်ဘက်အား လှန်လိုက်ရာ ငရဲပြည်က ရောင်ခြည်နတ်ဆိုး

+

မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့
အပြင် အခြား မီးတောက်များစွာတို့ကလည်း
ပေါ်လာခဲ့ကာ သူ၏ လက်ဝါးအတွင်းသို့
စုစည်းလာကြသည်။

သေးငယ်သောလည်း ကြောက်မက်ဖွယ်
ကောင်းနေသည့် ကောင်းကင်မီးတောက်
ကြာပန်းများသည် သူ၏ လက်ဝါး အတွင်းတွင် စတင်၍
ဖွဲ့စည်းလာကြသည်။

ကြောက်မက်ဖွယ်ရာ ဖျက်ဆီးနိုင်သည့် စွမ်းအားသည်
ဖြည်းဖြည်းချင်း ကြီးထွားလာ၍ မကြာမီပင် သူသည်
ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကောင်းကင်ကိုပင်
တုန်ခါစေခဲ့သည်။ ကပ်ဘေးအနားမှ အနီရောင်
အလင်းတန်းကလည်း စတင်၍ ဆုတ်ခွာလာကာ
မကြာမီပင် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြခဲ့သည်။
+

ထိုအရာသည် ရောမ ကျောက်တိုင်လုံးကြီး တစ်လုံးပင် ဖြစ်သည်။

ထိုကျောက်တိုင်လုံးသည် ဝိုင်းဝန်းမနေပဲ အလွန်အမင်း ထက်မြက်လှကာ သူ၏ ထက်မြက်မှုသည် အထူး စစ်သည် တစ်ယောက်နှင့် တူနေသည်။ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများ အကြားတွင် သူသည် မယိမ်းမယိုင် ရပ်နေခဲ့သည်။ သို့သော်လည်း သူသည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများ အားလုံးတို့၏ အရင်းအမြစ် ဖြစ်သည်။

သူ့အပေါ်တွင် ရှေးကျကာ ဆန်းကြယ်သည့် စကားလုံးများကို ခတ်နှိပ်ထားသည်။ "ကပ်ဘေး"

+

ကပ်ဘေးသည် သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြခဲ့သော အခါ ငရဲကမ္ဘာ ပင်လယ်သည် ပို၍ပို၍ ခက်ထန်လာခဲ့သည်။ အားလုံးတို့သည် ငရဲကမ္ဘာ အတွင်းမှ အလင်းတန်း စက်ကွင်းကမ္ဘာသည် ပို၍ပို၍ မတည်မငြိမ် ဖြစ်လာသည်ဟု ခံစားနေခဲ့ရသည်။

ရှီထျန်းဟောင်သည် ရွှေပုစဥ်း ဆရာတော်နှင့် တိုက်ခိုက်နေရင်း ရှောင်ယန်ဘက်သို့ လှည့်ကြည့်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။ "အစ်ကိုကြီးက ဖျက်ဆီးခြင်း တာအိုရဲ့ အစွမ်းတွေကို ထုတ်သုံးနိုင်ပြီး မြင့်တက်လာသော ပျက်စီးခြင်းနဲ့ ကောင်းကင်မီးတောက် ကြာပန်းတို့ကို အသုံးပြုနိုင်ပေမဲ့ မဟာကမ္ဘာ အတွင်းမှာဆို တော်သေးတယ်"

"ဒါပေမဲ့ ငရဲကမ္ဘာ ပင်လယ်ရဲ့ စွမ်းအားတွေကို အသုံးပြုနေခြင်းက သူ့ရဲ့ လက်ရှိ အကန့်အသတ်တွေကို

+

ကျော်လွန်သွားခဲ့တယ်... ဘာပဲပြောပြော သူက
ငရဲကမ္ဘာ ပင်လယ်ကို အပြည့်အဝ
မထိန်းချုပ်နိုင်သေးဘူး"

ဤအချိန်၌ပင် အားလုံးတို့သည် ပုံမမှန်သော
တစ်စုံတစ်ရာအား ခံစားမိခဲ့ကြလေသည်။

ငရဲကမ္ဘာ ပင်လယ်နှင့် ဆက်သွယ်မှု အနက်ရှိုင်းဆုံး
ဖြစ်သည့် ရှောင်ယန်ကပင်လျှင် အံ့သြ တုန်လှုပ်သည့်ပုံ
ပေါက်နေသည်။

ငရဲကမ္ဘာ ပင်လယ်သည် စတင်၍ ပြင်းထန်စွာနှင့်
တုန်ခါလာကာ ဝေးသည်ဟု ထင်နေရသလို
နီးသည်ဟုလည်း ထင်နေရသည့် ရောမ အက်ကွဲကြောင်း
တစ်ခု ပေါ်လာခဲ့သည်။

+

ထိုအက်ကွဲကြောင်း ပေါ်လာသော အခါ အဖြူရောင် အလင်းတန်းသည် သူ့အတွင်းမှ နေကာ ဆက်လက်၍ လင်းလက်နေခဲ့သေးသော်လည်း စတင်၍ လွင့်ပြယ်လာခဲ့သည်။

ငရဲကမ္ဘာ ပင်လယ်သည် ယခုအချိန်တွင် စတင်၍ ကွဲအက်လာခဲ့သည်။

အားလုံးတို့သည် သူတို့၏ သဘာဝလွန် အသိစိတ်အား ဖြန့်ကြက်၍ ကြည့်ခဲ့ကြရာ ထိုအက်ကွဲကြောင်းသည် မဟာကမ္ဘာ အတွင်းသို့ ဦးတည်နေခြင်း မဟုတ်မှန်းကို သိခဲ့ရသည်။

## စာစဥ် ၇၃ : အပိုင်း ၈

+

## အပိုင်း ၁၄၁၈ : ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ပျက်စီးစေခဲ့သော ဖြစ်ရပ်

ငရဲကမ္ဘာ ပင်လယ်၏ နယ်နိမိတ်များသည် တည်ငြိမ်နေခဲ့သော်လည်း သူ့အတွင်းမှ ကပ်ဆိုးများသည် ရုံဖန်ရံခါ ချိုးဖောက်၍ ထွက်လာကြသည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ပြင်းထန်သော တိုက်ခိုက်မှုကြောင့် ငရဲကမ္ဘာ အတွင်းမှ ကပ်ဆိုးများသည် ပို၍ ကစဉ့်ကလျား ဖြစ်လာကြကာ နယ်နိမိတ်များက ပို၍ ပျက်စီးလာကြသည်။

+

အကယ်၍ ငရဲကမ္ဘာ ပင်လယ်သည် လုံး၀ ကစဥ့်ကလျား ဖြစ်သွားပါက အတွင်းမှ လူများအားလုံး အတွက် အမတန်မှ အန္တရာယ် ကြီးမားနိုင်သည်။ ထို့ကြောင့် တိုက်ခိုက်နေကြသော သူများအားလုံးသည် သူတို့၏ တိုက်ခိုက်မှုများကို ကပ်ဘေး၏ အနီးအနားဌသာ ကြိုးစားကန့်သတ်၍ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်သော ရှောင်ယန်ကပင် ဒိုင်မန်းရှင်း မတည်ငြိမ်မှုများကို မမေ့ထားခဲ့ပေ။ သူ့အတွက် အရေးအကြီးဆုံး အချက်မှာ ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို ဖရိုဖရဲ မဖြစ်စေပဲ ကောင်းစွာ ထိန်းထားနိုင်ရန် ဖြစ်သည်။

အစောပိုင်းက ကောင်းကင်ဖျက်ဆီး ခေးသည် ငရဲကမ္ဘာ ပင်လယ်အား ပွင့်စေခဲ့သော်လည်း ထိုအပေါက်အား အားလုံးတို့က လျင်မြန်စွာဖြင့် ပြန်ပိတ်သွားကြသည်။

+

ယခုအချိန်တွင် ငရဲကမ္ဘာ ပင်လယ်က ရုတ်တရက် ပွင့်သွားခြင်းကြောင့် အားလုံးတို့က ထိတ်လန့် တုန်လှုပ်သွားကြလေသည်။

တစ်ချိန်တည်းတွင် ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းသည် မဟာကမ္ဘာ အတွင်းသို့ ပွင့်သွားခြင်း မဟုတ်ပေ။ အက်ကွဲကြောင်း၏ အခြားတစ်ဘက်သည် လုံးဝကို မည်းနက်နေ၍ ရံဖန်ရံခါတွင် သူတို့သည် ကြယ်အလင်းတန်းများ လင်းလက်နေသည်ကို တွေ့နိုင်ခဲ့သော်လည်း အများအားဖြင့် မှောင်မည်းနေခဲ့သည်။

ထိုအနက်ရောင် ဟင်းလင်းပြင်သည် မတည်ငြိမ်နေပဲ ငရဲကမ္ဘာ ပင်လယ်ကဲ့သို့ပင် သူကလည်း ကစဉ့်ကလျား

+

ဖြစ်နေခဲ့ကာ လေဟာနယ် ထကြွလှုပ်ရှားမှုများသည် ပို၍ ပြင်းထန်လာခဲ့သည်။

ဤအချိန်တွင် ငရဲကမ္ဘာ ပင်လယ်သည် မူလကောင်းကင် ပင်လယ်ခုနစ်သွယ် အနက်မှ တစ်ခုဖြစ်သော ဟင်းလင်းပြင် ပင်လယ်ဟုလည်း ခေါ်သည့် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ပွင့်သွားခြင်း ဖြစ်သည်။

ရှီထျန်းဟောင်သည် သတိလက်လွတ် ဖြစ်သွားသည့်ပုံ ပေါက်သွားသည်။ သူသည် တစ်စုံတစ်ခုအား စဥ်းစားမိသကဲ့သို့ ဖြစ်နေပြီး သူ၏ မျက်နှာသည် ချက်ချင်း ပြောင်းလဲသွားသည်။

+

ငရဲကမ္ဘာ ပင်လယ် ပွင့်သွားသော အခါ ငရဲကိုးလွှာ လေပြင်း၊ ငရဲကမ္ဘာ အကြွင်းမဲ့ရေ၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့် အခြား ကပ်ဆိုးများသည် အတွင်းမှနေ၍ ထွက်ပေါ်လာကြသည်။

သို့သော်လည်း ထိုအက်ကွဲကြောင်းသည် မတည်ငြိမ်နေပေ။ အချို့ ကပ်ဆိုးများသည် ဟင်းလင်းပြင် ပင်လယ် အတွင်းသို့ ဝင်သွားကြသော်လည်း အချို့ အရာများသည် ဟင်းလင်းပြင် ပင်လယ် အတွင်းမှ ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်လာကြသည်။

ကြီးမားလှသော ဟင်းလင်းပြင် မုန်တိုင်းများသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ဝင်ရောက်လာကြကာ ကြောက်မက်ဖွယ်ရာ လေဟာနယ် ထကြွ လှုပ်ရှားမှုများသည် ငရဲကမ္ဘာ

+

ပင်လယ် ဝင်ပေါက်အတွင်းတွင် သောင်းကျန်းနေကြသည်။ အဖြူရောင် အမာရွတ်များ ကဲ့သို့ ကပ်ဆိုးများသည် ငရဲကမ္ဘာ ပင်လယ် တစ်ခုလုံးအား ဖုံးလွှမ်းထားကာ အလွန်အမင်း မျက်စိကျစရာ ကောင်းနေခဲ့သည်။

ရှောင်ယန်၊ သေမင်းကေရာဇ်၊ ရွှေပုစဥ်း ဆရာတော်နှင့် ကျန်သောသူများက ချက်ချင်း သဘောပေါက်သွားခဲ့သည်။ "လက်စသတ်တော့ ဒီလိုကိုး... မုန်တိုင်းတွေက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာလည်း မကြာခဏ တိုက်လေ့ရှိတယ်... သူတို့တွေဟာ တွဲပြီးမှ အတူတကွ လာလေ့ရှိတယ်"

"ဟင်းလင်းပြင် ပင်လယ်ကလည်း မတည်မငြိမ် ဖြစ်နေတာကြောင့် နှစ်ဘက်စလုံးက မုန်တိုင်းတွေက အပြင်းဆုံး အခြေအနေကို ရောက်လာတဲ့ အချိန်ကျရင်

+

သူတို့နှစ်ဘက် အကြားက ဒိုင်မန်းရှင်း နယ်နိမိတ်တွေက ကျိုးပျက်သွားကြတာပဲ"

ရှောင်ယန်သည် သူ၏ခေါင်းကို လှည့်၍ ကြည့်လိုက်ရာ ရှီထျန်းဟောင်သည် ဟင်းလင်းပြင် မုန်တိုင်းအား ထိတ်လန့်စွာဖြင့် စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ရှောင်ယန်သည် ရှီထျန်းဟောင်အား ယခုကဲ့သို့ ပုံစံမျိုးဖြင့် တွေ့ရလေ့ သိပ်မရှိချေ။ သူသည် တစ်ခုခုအား တွေးမိသော အခါ ရုတ်တရက်ပင် သတိ ဝင်လာခဲ့၍ ဒိုင်မန်းရှင် အက်ကွဲကြောင်းဘက်သို့ ကြည့်လိုက်သည်။

သူသည် ဟင်းလင်းပြင် ပင်လယ် အတွင်းမှ ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ မရေမတွက်နိုင်သော ထူးခြားသည့်

+

ပုံစံရှိသော ကျောက်တုံးများ အပြင် အခြား အရာများစွာတို့က ပျံ့သန်း ဝင်ရောက်လာသည်ကို တွေ့လိုက်ရသည်။

ကျယ်ပြန့်လှသော ငရဲကမ္ဘာ ပင်လယ်နှင့် ဟင်းလင်းပြင် ပင်လယ် အတွင်းတွင် ကျောက်တုံးများသည် သဲမှုန်များကဲ့သို့ သေးငယ်နေသော်လည်း အမှန်တွင် သူတို့သည် အတော့်ကို ကြီးမားလှသည်။ သူတို့သည် လွင့်မျောနေသော ကုန်းမြေများ သို့မဟုတ် ကြယ်စင်များနှင့် တူနေခဲ့သည်။

လေပြင်းမုန်တိုင်းများ၏ အကြားတွင် ရောက်နေခဲ့သဖြင့် ကျောက်တုံးများသည် လေတိုက်ရာ ဘက်သို့သာ သွားနိုင်ကြသည်။ သူတို့သည် သဲမှုန်များ အဖြစ်သို့ မပြောင်းသွားကြပဲ မှော်သင်္ကေတ အလင်းတန်းများဖြင့် လင်းလက်နေကြသည်။ ကျောက်တုံးများ အပေါ်မှ

+

မှော်သကော်တများသည် တစ်စုံတစ်ယောက်၏
ရေးထိုးခြင်းအား ခံထားရသည်မှာ သိသာနေသည်။

အလင်းတန်းများသည် ကျောက်တုံးများအား
မုန်တိုင်းထံမှ ကာကွယ်ပေးထားသည်။ သို့သော်လည်း
မှော်သကော်တများနှင့် ကျောက်တုံးများသည်
အနည်းစုသာ ဖြစ်ကြသည်။ ဤအကာအကွယ်
စွမ်းအားများ မရှိကြသော ကျောက်တုံး အများစုတို့သည်
တစ်ခါမှ မရှိခဲ့ဖူးကြသကဲ့သို့ လေပြင်းများ၏
တိုက်စားမှုကို အလျင်အမြန် ခံခဲ့ရသည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ဟင်းလင်းပြင်
မုန်တိုင်းနှင့် တွေ့ကြုံခဲ့ရသော အားနည်းသည့်
ကျင့်ကြံသူများသည် အကယ်၍ သူတို့အား
ကာကွယ်ပေးနေသည့် အစွမ်းထက် ကျင့်ကြံသူများ

+

မရှိခဲ့လျှင် ဤကဲ့သို့သော ကျောက်တုံးများကိုသာ အားကိုးရမည် ဖြစ်သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ပုန်းအောင်းနေသော သူများသည် ဤကျောက်တုံး တစ်ခုအား သူ၏ အခြေစိုက် စခန်းအဖြစ် ရွေးချယ်ထားလေ့ ရှိကြသည်။

သို့သော်လည်း သူတို့အရှေ့မှ မုန်တိုင်းသည် ကျယ်ပြန့်လွန်းလှကာ ရပ်နားမည့် အရိပ်အယောင်များ မပြခဲ့ချေ။ သူသည် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်လာပြီးသည့် တိုင်အောင် ဆက်လက်၍ ထကြွနေခဲ့သည်။

+

ကျောက်တုံးများ အပေါ်မှ အကာအကွယ်
အလင်းတန်းများကပင် ဖြည်းဖြည်းချင်း
အတိုက်စားခံခဲ့ရကာ ပျက်ပြယ်လာခဲ့သည်။

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့သည်
ကျောက်တုံးများအား စိုက်ကြည့်နေရာ သူတို့အနက်မှ
ကျောက်တုံးတစ်တုံး အပေါ်တွင် ဂူတစ်လုံး ရှိနေမှန်းကို
တွေ့ခဲ့ရသည်။ ထိုကျောက်တုံး အပေါ်မှ
အလင်းတန်းသည် ပျောက်ကွယ်လုနီးပါး ဖြစ်နေ၍
ဂူကလည်း လေပြင်းများ၏ တိုက်စားခြင်းကို
ခံရတော့မည် ဖြစ်သည်။

ဤအချိန်တွင် ဆံပင်များ ရှုပ်ပွနေသော
အရပ်ရှည်ရှည်နှင့် အဘိုးအို တစ်ယောက်သည်
ဂူအတွင်းမှ ထွက်လာကာ ကျောက်တုံးပေါ်မှ

+

မေးမိန်လာသော အလင်းတန်းအား လေးနက်စွာဖြင့် ကြည့်လိုက်လေသည်။

သူသည် တစ်ချက် ဝေ့ကြည့်လိုက်ရာ ဘေးပတ်ပတ်လည်မှ ငရဲကမ္ဘာ ပင်လယ်အား တွေ့လိုက်ရသည်။ ပထမတွင် သူသည် မှင်သက်သွားသော်လည်း ပြီးတာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒီနေရာက ငရဲကမ္ဘာ ပင်လယ်နဲ့ တူတယ်... ငါက ဟင်းလင်းပြင် ပင်လယ် အတွင်းကနေ ထွက်လာနိုင်လိမ့်မယ်လို့ တစ်ခါမှ မမျှော်လင့်ခဲ့ဖူးဘူး"

"အနည်းဆုံးတော့ ငါက အလကား အသက်ရှင်နေခဲ့တာ မဟုတ်ဘူး... ငါက မဟာကမ္ဘာ အတွင်းကို ပြန်နိုင်တော့မလား မသိဘူး"

+

"အဘိုး" ရုတ်တရက်ပင် သူ၏ နားအတွင်း၌ အသံတစ်ခုအား ကြားလိုက်ရသည်။ သူသည် မှန်တိုင်းကြောင့် ထိုအသံကို ကောင်းစွာ မကြားခဲ့ရသော်လည်း သူ၏ လက်မောင်းများ အပေါ်မှ အမွေးများအားလုံး ထောင်လာခဲ့သည်။

လေပြင်းများ၏ တိုက်ခတ်မှု အကြားတွင် သူသည် ထိုအသံ၏ အရင်းအမြစ်အား သိလိုစိတ် ပြင်းပြစွာဖြင့် လိုက်ရှာနေခဲ့သည်။ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် သူသည် သူငယ်စဥ်က ပုံစံနှင့် တူနေကာ သူ၏သား ရှီဇီလင်နှင့်လည်း တူနေသည့် ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်အား တွေ့လိုက်ရသည်။

သူသည် ရှီထျန်းဟောင်အား ဤကဲ့သို့ ပုံစံဖြင့် တစ်ခါမှ မတွေ့ဖူးသော်လည်း ရှီကျုံးထျန်း အနေဖြင့် သူသည်

+

လူမမှားဟု သိနေခဲ့ကာ အခြေအနေမှာ လုံး၀ကို ယုတ္တိတန်မနေဟု သူက ခံစားနေရသည်။

ဤအရာသည် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ပုံရိပ်ယောင် တစ်ခုဟု သူက ထင်နေခဲ့သော်လည်း သေမင်းကေရာဇ်၊ ရွှေပုစဥ်း ဆရာတော်နှင့် ရှောင်ယန်တို့ကိုပါ တွေ့ခဲ့ရကာ နှစ်ဦးနှစ်ဘက်တို့က တိုက်ခိုက်နေကြသဖြင့် သူ၏ သံသယများမှာ ကွယ်ပျောက်သွားခဲ့သည်။

ဤအချိန်တွင် သူသည် သူနှင့် ရှီထျန်းဟောင်တို့၏ ပြန်လည် ဆုံစည်းမှုအား အမှုမထားနိုင်ခဲ့ချေ။ သူသည် ဟင်းလင်းပြင် မုန်တိုင်း၏ တိုက်ခတ်မှုကို ခံနေရ၍ အချိန်မရွေး သေဆုံးသွားနိုင်သည်။

+

သူ့မြေး၏ ပြိုင်ဘက်များသည် မည်သူများ ဖြစ်ကြမှန်းကို သူက မသိနေခဲ့သော်လည်း သူတို့သည် သူ့မြေး၏ ရန်သူများ ဖြစ်ကြသည်ကိုတော့ သိနေခဲ့သည်။

ရှီကျုံးထန်းသည် မုတ်ဆိတ်မွေးနှင့် ဆံပင်များဖြင့် ခမ်းနား ထည်ဝါသည့်ပုံ ပေါက်နေခဲ့သော်လည်း သူ၏ ဂူအတွင်းသို့ ပြန်ဝင်ရန်သာ ဆုံးဖြတ်ခဲ့သည်။

သူသည် သူ့မြေး ရန်သူများ၏ ကျင့်ကြံမှု အဆင့်ကို မသိနေခဲ့သော်လည်း သူ့တွင် ထိုတိုက်ပွဲ အတွင်း၌ ဝင်ပါနိုင်သော စွမ်းရည် မရှိသည်ကို သိနေခဲ့သည်။ ဤအချိန်တွင် သူသည် မုန်တိုင်းအကြားတွင် ရောက်နေခဲ့သဖြင့် အကယ်၍ သူ့ကိုယ်သူ အသက်ရှင်အောင် မထိန်းထားနိုင်ခဲ့လျှင် မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

+

တစ်ခုတည်းသော အစီအစဥ်မှာ သူ့အနားမှ မုန်တိုင်းအား အသုံးပြုရန်ပင် ဖြစ်သည်။

သူသည် ဤမုန်တိုင်းကို ဖြစ်ပေါ်စေခဲ့သူ ဖြစ်သည်။ သူသည် မူလက ဤဂူအတွင်းတွင် ပိတ်မိနေခဲ့ကာ ဂူအတွင်းမှ လွတ်မြောက်နိုင်ရန် အတွက် ဤမုန်တိုင်းအား ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် သူသည် သူ့အသက်အား မထိန်းထားနိုင်လျှင်ပင် ဤကျောက်တုံးအား အသုံးချ၍ ရသည်။

ဤအဘိုးအိုသည် သူ၏ ကိုယ်ပိုင် လုံခြုံမှုအတွက် လုံး၀ အမှုမထားခဲ့ပေ။ သူ့တွင် သူ့မြေးနှင့် ပြန်လည် ဆုံစည်းရန် အခွင့်အရေး ရှိနေသော်လည်း သူ၏ အဓိက ဦးစားပေးမှုမှာ ရန်သူများကို တိုက်ခိုက်ရန်ပင် ဖြစ်သည်။

+

ဟင်းလင်းပြင် မုန်တိုင်းသည် ပို၍ပို၍ ကစဥ့်ကလျား ဖြစ်လာပြီး သူ့အရှေ့မှ အရာအားလုံးတို့အား ဖျက်စီးနိုင်မည် ဆိုပါက မည်သည့်နေရာသို့ တိုက်ခတ်ရမည်ကို အမှုမထားသည့်ပုံ ပေါက်နေသည်။

"ထျန်းဟောင်… ရှောင်လိုက်" ရှီကျုံးထန်း ရှိနေသော ဂူသည် ရုတ်တရက် လင်းလက်လာ၍ ဖျက်ဆီးလိုသည့် ဆန္ဒဖြင့် ပြည့်နေသော မုန်တိုင်းသည် သေမင်းကောရာဇ်၊ ရွှေပုစဥ်း ဆရာတော်နှင့် ကျန်သောသူများ အပေါ်သို့ ကျဆင်းလာခဲ့သည်။

ဟင်းလင်းပြင် မုန်တိုင်းသည် အလွန်တရာမှ ပြင်းထန်လွန်းသဖြင့် ဝူမန့်ချီနှင့် စန်ထူဇီတို့သည် သူ့အား

+

တွေ့လိုက်ရသော အခါ သူတို့၏ မျက်နှာများက ဖြူဖျော့သွားကြသည်။

သေမင်းကေရာဇ်၊ ရွှေပုစဥ်း ဆရာတော်နှင့် ယန်ရှင်းဟီတို့မှာမူ တည်ငြိမ်နေကြဆဲ ရှိသေးကာ ရှီထျန်းဟောင်၏ ယာယီ စိတ်ပျံ့လွင့်သွားမှုကို အခွင့်ကောင်းယူကာ တိုက်ခိုက်ခဲ့ကြသည်။

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့သည် အချင်းချင်း ကြည့်လိုက်ကြကာ သူတို့၏ မျက်လုံးများ အတွင်းတွင် မီးတောက်များ ပွင့်လာကြသည်။

"အစ်ကိုကြီး... သွားကြစို့" ရှီထျန်းဟောင်သည် သူ၏ ဟွမ်စန်း ခန္ဓာကိုယ်အား လျင်မြန်စွာ ရုပ်သိမ်းလိုက်၍ ယင်းယွမ် ခန္ဓာကိုယ်အား ထုတ်ဖော်လိုက်သည်။

+

နတ်ကောင်းကင် ဝင်္ကပါက ပွင့်လာ၍ ကောင်းကင်ပေါ်မှ မြို့တော်သည် သူ၏ အလယ်ဗဟိုတွင် ရှိနေခဲ့သည်။ မဟာကောင်းကင်ဘီးသည် လေထုအလယ်တွင် မြင့်မားစွာ လွင့်မျောနေကာ ရှီထျန်းဟောင်၏ ယင်းယွမ် ခန္ဓာကိုယ်သည် ကောင်းကင်ပေါ်မှ မြို့တော်၏ အပေါ်သို့ ကျရောက်လာသည်။

သူ၏ အကြည့်သည် မီးတောက်များဖြင့် တောက်လောင်နေကာ သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့ အပေါ်သို့ ကျရောက်သွားသည်။

ခဏအကြာတွင် သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့က မျက်မှောင်များကို ကြုတ်လိုက်ကြကာ

+

သူတို့ အနားမှ နေရာသည် မိုးခြိမ်းသံများဖြင့် ထစ်ချုန်းလာခဲ့သည်ကို ခံစားခဲ့ရသည်။

ဟင်းလင်းပြင် အတွင်းမှ အသွင်မဲ့ မိုးကြိုးသည် အစအန ကင်းမဲ့ကာ ခြေရာခံ၍ မရချေ။ သူလာမည်ကို တစ်ယောက်ကမှ ကြိုတင် ခန့်မှန်း၍ မရပဲ ရုတ်တရက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဤအရာသည် ရှီထျန်းဟောင်၏ ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီး ဖြစ်သည်။

ရှီထျန်းဟောင်၏ မိုးကြိုးသည် အစွမ်းထက်ကာ လျှို့ဝှက် ဆန်းကြယ်လှသော်လည်း သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော် နှစ်ယောက်စလုံးတို့သည် အချိန်မီ တုံ့ပြန်နိုင်ခဲ့ကြသည်။ သူတို့သည် သူတို့၏ စွမ်းအားများ

+

အားလုံးတို့ကို အသုံးပြုခဲ့ကြကာ ဟင်းလင်းပြင်နှင့် မိုးကြိုးတို့အား ဖိနှိပ်ခဲ့ကြလေသည်။

သို့သော်လည်း ဤအရာသည် ရှီထျန်းဟောင်၏ ရည်ရွယ်ချက် အစစ်အမှန် မဟုတ်ချေ။

အသွင်မဲ့ ဤမိုးကြိုးအား ဆင့်ခေါ်လိုက် အပြီးတွင် ဟင်းလင်းပြင် မုန်တိုင်းသည် သေမင်းကေရာဇ်နှင့် ကျန်သောသူများကိုသာ သီးသန့် ပစ်မှတ်ထားခဲ့ကာ အော်မြည်၍ ကျဆင်းလာခဲ့လေသည်။

ရှီကျုံးထျန်းသည် မုန်တိုင်း၏ ဦးတည်ချက်အား လွှမ်းမိုးနိုင်သော်လည်း ရှီထျန်းဟောင်ကဲ့သို့ တိကျခြင်း မရှိနိုင်ပေ။ ထို့အပြင် သူသည် မုန်တိုင်း၏ စွမ်းအားများကိုလည်း စုစည်းနိုင်စွမ်း မရှိချေ။

+

ဟင်းလင်းပြင် မုန်တိုင်းသည် ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီး၏ ဆင့်ခေါ်မှုအား တုံ့ပြန်ခဲ့ကာ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ လေဟာနယ်အား စတင်၍ ခြေမွခဲ့ပြီး ပို၍ အစွမ်းထက်လာခဲ့သည်။

ဤအရာသည် ရှီထျန်းဟောင်၏ အစစ်အမှန် လူသတ်အကွက် ဖြစ်သည်။

အစောပိုင်းက တည်ငြိမ်နေသော သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့သည် ရုတ်တရက်ပင် လေးနက်လာကြသည်။ သူတို့သည် သူတို့ထံသို့ ပြေးဝင်လာသော ပို၍ သန်မာလာကာ နေရာ တစ်ခုတည်းသို့ စုစည်းထားသည့် လေပြင်းမုန်တိုင်းအား

+

ကြည့်နေကြသည်။ ရှီထျန်းဟောင်၏
ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီး၏
ဦးဆောင်မှုဖြင့် ထိုမုန်တိုင်းသည် သူတိုတည့်တည့်
ဝင်လာခဲ့သည်။

"မင်းရဲ့ အဘိုးကို ကယ်လိုက်ပါ" ရှောင်ယန်သည်
ရှီထျန်းဟောင်နှင့် နှစ်ပေါင်းများစွာ အတူ နေလာသဖြင့်
သူ့အကြောင်းကို ကောင်းကောင်း သိထားသည်။
ဤအချိန်တွင် ရှီထျန်းဟောင်က အဘယ်ကြောင့်
ဤကဲ့သို့ လုပ်ခဲ့သနည်း ဟူသည်ကို သူက
သိထားလေသည်။

ရှီထျန်းဟောင်သည် ကောင်းကင်ကိုးလွှာ အသွင်မဲ့
ဟင်းလင်းပြင် လျှပ်စီးအား အသက်သွင်းလိုက်သော အခါ
ရှောင်ယန်သည် သူ၏ လက်အစုံကို စုစည်းလိုက်ပြီး

+

ဖြည်းဖြည်းချင်း ဆန့်ထုတ်လိုက်ရာ မြင့်တက်လာသော ပျက်စီးမှုသည် ထပ်ဖန်တစ်ခါ အသက်ဝင်လာခဲ့သည်။

ဟင်းလင်းပြင် မုန်တိုင်းကြောင့် ပို၍ ကစဉ့်ကလျား ဖြစ်နေခဲ့သော ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဆိုးများသည် ထပ်ဖန်တစ်ခါ စုစည်းလာကာ ဟင်းလင်းပြင် မုန်တိုင်း၏ ဦးဆောင်မှုဖြင့် ရွှေပုစဉ်း ဆရာတော်နှင့် သေမင်းဧကရာဇ်တို့ထံသို့ ပြေးဝင်သွားကြလေသည်။

ပြင်းထန်သော မုန်တိုင်းနှင့် ကပ်ဆိုးများစွာတို့သည် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ရောမ လှိုင်းလုံးကြီး တစ်ခုကို မြင့်တက်လာစေခဲ့သည်။

ပင်လယ်နှစ်ခု အကြားမှ ရောမ အက်ကွဲကြောင်းသည် မပိတ်သွားခဲ့သည့် အပြင် ပို၍ပင် ကြီးမားလာခဲ့သည်။

+

လေပြင်းမုန်တိုင်းသည် ရှီထျန်းဟောင်၏
ထိန်းချုပ်မှုအောက်တွင် ဒေါသူပုန် ထနေခဲ့၍ ပစ်မှတ်
တစ်ခုတည်းကိုသာ ဦးတည်နေခဲ့သည်။ သူ၏
ဖျက်ဆီးနိုင်မှု စွမ်းအားများသည် ပိုမို
ပြင်းထန်လာသော်လည်း စနစ်တကျ ရှိနေ၍
မုန်တိုင်းမျက်လုံးသည် တည်ငြိမ်နေခဲ့သည်။

ရှီထျန်းဟောင်သည် သူ၏ ကောင်းကင်ကိုးလွှာ ခြေရာမဲ့
ဟင်းလင်းပြင် လျှပ်စီးကို အသုံးပြုပြီးနောက်တွင်
ချက်ချင်းပင် သူ၏ မဟာကောင်းကင်ဘီးအား
ထုတ်ဖော်လိုက်သည်။ ပြီးတာနှင့် သူသည်
မုန်တိုင်းမျက်စိ အတွင်းသို့ ပျံသန်း
ဝင်ရောက်သွားလေသည်။

+

နတ်ကောင်းကင် ဝက်ပါ၏ နတ်ဗိုလ်ချုပ် ၁၂ပါးတို့သည် ရွှေရောင်လူသား ၁၂ယောက်တို့ အဖြစ်သို့ ပြောင်းသွားကြကာ ကောင်းကင်ပေါ်မှ မြို့တော်နှင့် အတူ သူတို့သည် မုန်တိုင်းမျက်လုံးကို တည်ငြိမ်စေခဲ့သည်။

ပြီးတာနှင့် ရှီထျန်းဟောင်သည် သူ၏ လက်ဝါးကို ဆန့်ထုတ်လိုက်ရာ အရွယ်အစား အလွန်အမင်း ကြီးမားလာ၍ လမင်းကိုပင် ဖုံးအုပ်နိုင်စွမ်း ရှိလာသည်။ ပြီးတာနှင့် သူသည် ရှီကျုံးထန်း ရှိနေသော ရောမ ကျောက်တုံးအား ယူဆောင်လိုက်သည်။

သူသည် မုန်တိုင်း အတွင်းမှ မထွက်သွားပဲ သူ့၏ ခန္ဓာကိုယ်ကို ဆက်လက်၍ အားဖြည့်နေခဲ့သည်။ ရွှေရောင်လူသား ၁၂ယောက်နှင့် ကောင်းကင်ပေါ်မှ မြို့တော်တို့သည် ဆက်လက်၍ အားကောင်းလာကာ

+

မုန်တိုင်းအား ပို၍ ခက်ထန်လာစေသည်။ ပြီးတာနှင့် သူသည် မုန်တိုင်းနှင့် အတူ သေမင်းဧကရာဇ်နှင့် အခြားသူများထံသို့ ပြေးဝင်သွားခဲ့သည်။

## စာစဥ် ၇၃ : အပိုင်း ၉

## အပိုင်း ၁၄၁၉ : ထွက်ပြေးသွားသော ရန်သူများကို လိုက်လံဖမ်းဆီးခြင်း

ရှီထျန်းဟောင်၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ဟင်းလင်းပြင် မုန်တိုင်းနှင့် ပေါင်းစည်းသွား အပြီးတွင် သူ၏ ပြိုင်ဘက်ထံသို့ ပြေးဝင်သွားသည်။ ရှောင်ယန်သည်လည်း မြင့်တက်လာသော ပျက်စီးခြင်းအား အသုံးပြုကာ ငရဲကမ္ဘာ ပင်လယ်

+

အတွင်းမှ ကပ်ဆိုးများစွာတို့အား ဆင့်ခေါ်လိုက်၍ ဟင်းလင်းပြင် မုန်တိုင်းနှင့် ပူးပေါင်းသွားသည်။

ဟင်းလင်းပြင် မုန်တိုင်း၏ စွမ်းအားများသည် ကပ်ဘေးအား အမျက်ထွက်လာစေသကဲ့သို့ ပို၍ တောက်ပစွာ လင်းလက်လာစေခဲ့သည်။

ဤအချိန်တွင် ရှောင်ယန်သည် ကပ်ဘေးအပေါ်သို့ သူ၏ စွမ်းအားများကို ထိမ်ချန်ထားခြင်း မရှိပဲ အားလုံး ထုတ်လွှတ်လိုက်သည်။

သေမင်းကေရာဇ်နှင့် ကျန်သောသူများကပင် တစ်ခုခုက မှားနေပြီဟု ခံစားခဲ့ရကာ ရှောင်ယန်အား ခုခံရုံသာ ခုခံနိုင်ခဲ့သည်။

+

အနီရင့်ရောင် အလင်းတန်းသည် နေရာတကာ၌ လင်းလက်နေသည်။ သူသည် ရှောင်ယန်နှင့် ငရဲကမ္ဘာ ပင်လယ် အနား၌သာ လင်းလက်နေသည် မဟုတ်ပဲ ဟင်းလင်းပြင် မုန်တိုင်း တစ်ခုလုံးကပါ အနီရင့်ရောင် အလင်းတန်းများဖြင့် လင်းလက်နေခဲ့သည်။

လှိုင်းထနေသော မဟာ လှိုင်းလုံးများသည် သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့ အပေါ်သို့ ဆူနာမီ လှိုင်းလုံးများ ပမာ ကျဆင်းလာခဲ့သည်။

ဟင်းလင်းပြင် မုန်တိုင်းသည် အက်ကွဲကြောင်းမှ တဆင့် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ဝင်လာခဲ့သည်။ သူသည် အဆုံးမဲ့နေကာ သူ၏ စွမ်းအားများသည် မရပ်မနားပဲ တိုးပွားလာသကဲ့သို့ ထင်နေရသည်။

+

ငရဲကမ္ဘာ အတွင်းမှ ဖျက်ဆီးနိုင်စွမ်း အကောင်းဆုံး စွမ်းအားကလည်း ဖြည်းဖြည်းချင်း ထိန်းချုပ်မှုအောက်မှ ကင်းလွတ်လာသည်။ စွမ်းအား နှစ်မျိုးတို့သည် အချင်းချင်း ရင်ဆိုင်နေကြရင်း ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့၏ ထူးခြား ဆန်းကြယ်သော ပေါင်းစည်းမှု အောက်တွင် တစ်ခါမှ မကြုံဖူးသော အရှိန်အဟုန်ဖြင့် ပြင်းထန်လှသော မုန်တိုင်းသည် သေမင်းကေရာဇ်နှင့် ရွှေပုစဉ်း ဆရာတော်တို့ ထံသို့ ပြေးဝင်လာခဲ့သည်။

ဤအချိန်၌ သူတို့၏ မျက်နှာများက ပြောင်းသွားကြသည်။

မုန်တိုင်း၏ ပြင်းထန်သော လှိုင်းလုံးများသည် မယုံနိုင်လောက်အောင် ခက်ထန်လှကာ လှိုင်းလုံး တစ်လုံးသာ မကချေ။ ဟင်းလင်းပြင် ပင်လယ်နှင့်

+

ငရဲကမ္ဘာ ပင်လယ်တို့၏ စွမ်းအားများကို အသုံးပြုကာ သူသည် အဆက်မပြတ် မာန်ဟုန်ပြင်းနေလေသည်။

ထို့အပြင် ခက်ထန်လှသော ဤလှိုင်းလုံးကြီးသည် အရွယ်အစားနှင့် အင်အားများ တိုးပွားနေခဲ့သည်။

လှိုင်းလုံးက ထကြွလာသည်နှင့် အမျှ ကပ်ဘေးကလည်း ပိုမို ပြင်းထန်စွာ တုန်ခါလာသည်ကို သူတို့က သတိပြုမိလိုက်ကြသည်။ ရှောင်ယန်၏ လက်ချက်ကြောင့် သေမင်းဧကရာဇ်မှ စကာ စန်ထူဇီနှင့် ဝူမန့်ချီတို့ အထိ အားလုံးတို့သည် သူတို့နှင့် ငရဲကမ္ဘာ ပင်လယ်၏ ဆက်သွယ်မှုက လျင်မြန်စွာ ပျောက်ကွယ်လာသည်ဟု ခံစားမိခဲ့ကြသည်။ တစ်ချိန်တည်းတွင် ရှောင်ယန်နှင့် ကပ်ဘေးတို့ အကြားမှ ဆက်သွယ်မှုသည် ပို၍ပို၍ အားကောင်းလာပေသည်။

+

ရှောင်ယန်နှင့် ငရဲကမ္ဘာတို့ အကြားမှ ဆက်သွယ်မှုအား နှောင့်ယှက်ရန် သေမင်းဧကရာဇ်နှင့် စန်ထူဇီတို့၏ ကြိုးစားမှုသည် အသုံးမဝင် ဖြစ်သွားသည်။ ထို့အပြင် သူတို့၏ ဆက်သွယ်မှုများကပင် ထိန်းချုပ်မှု ကင်းလွတ်လာခဲ့သည်။

ကြမ္မာပန်းတိုင် အဆင့်မှ ကြောက်မက်ဖွယ်ရာ မှော်ရတနာသည် သတိထားလာ၍ သူတို့အား ဖြည်းဖြည်းချင်း တုံ့ပြန်လာခဲ့သည်။ ငရဲကမ္ဘာ ပင်လယ်သည် သူ၏ကိုယ်ပိုင် သီးသန့် အသိစိတ် တစ်ခု ပေါ်လာသကဲ့သို့ ဖြစ်နေ၍ သူတို့ အပေါ်၌ ပို၍ပို၍ ကြီးမားလာသော ဖိအားများကို ထုတ်လွှတ်နေခဲ့သည်။

+

ဤအချိန်တွင် သူတို့၏ အရေးအကြီးဆုံး ကိစ္စမှာ ငရဲကမ္ဘာ ပင်လယ်နှင့် ဟင်းလင်းပြင် ပင်လယ်တို့၏ ပူးပေါင်း တိုက်ခိုက်မှုမှ အသက်ရှင် ကျန်ရစ်နေရန်ပင် ဖြစ်သည်။

သေမင်းဧကရာဇ်သည် သူ၏အောက်မှ ယဇ်ပလ္လင်အား ဖျက်ဆီးခဲ့သည်။ အနက်ရောင် အကာအကွယ် အလွှာများသည် သူ့အရှေ့၌ ပေါ်လာကာ ခက်ထန်လှသော လှိုင်းလုံးကြီးအား ကာကွယ်လိုက်သည်။

သူ၏ လက်အတွင်းတွင် သေခြင်းနှင့် ရှင်ခြင်း စာအုပ်ကို ကိုင်ထား၍ မီးခိုးရောင် အလင်းတန်းများက သူ့ခန္ဓာကိုယ် အနားတွင် လည်ပတ်နေကာ သူ၏ ကိုယ်ပိုင် စွမ်းအားများနှင့် ပူးပေါင်းသွားခဲ့သည်။ ပြီးတာနှင့် အားကောင်းလှသော စွမ်းအင်တစ်ခုက

+

ပေါက်ကွဲထွက်လာကာ အကာအကွယ် အလွှာ နောက်တစ်ထပ် အဖြစ် ပြောင်းသွားခဲ့သည်။

အခြားတစ်ဘက်တွင် ရွှေပုစဉ်း ဆရာတော်သည် သူ၏ ဗုဒ္ဓကမ္ဘာကို ဖော်ပြလိုက်ကာ သူနှင့် လှိုင်းလုံးတို့ အကြားမှ အကွာအဝေးကို ဝေးကွာစေခဲ့သည်။ သူသည် ဤနည်းလမ်းကို အသုံးပြု၍ သူ့ကိုယ်သူ ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

ဝူမန့်ချီသည် ရှီထျန်းဟောင်၏ ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီး၏ ပစ်မှတ် မဟုတ်သဖြင့် မုန်တိုင်းသည် သူ့ထံသို့ ဝင်မလာခဲ့ချေ။ ရှောင်ယန်၏ မြင့်တက်လာသော ပျက်စီးခြင်းကလည်း သူ့အား ပစ်မှတ် မထားခဲ့ပေ။

+

သို့သော်လည်း ခက်ထန်လှသော လှိုင်းလုံး ကျဆင်းလာသော အခါ သူသည် ဘေးတွင် ရပ်နေခဲ့သည့် တိုင်အောင် ထိုလှိုင်းလုံး၏ ဖျက်ဆီးနိုင်မှု စွမ်းအားများကို ခံစားခဲ့ရသေးသည်။

ဝူမန့်ချီသည် ဝန်မခံလိုနေသော်လည်း အကယ်၍ ဤတိုက်ခိုက်မှုသည် သူ့ကိုသာ ဦးတည်ခဲ့လျှင် သူသည် သေချာပေါက် သွားမည်ဖြစ်သည်ကို သိနေခဲ့သည်။ သူ့အား ရှောင်တိမ်းရန် နည်းလမ်း မရှိနေပဲ ပုန်းအောင်းရန် မပြောနှင့် ခုခံရန်ပင် မတတ်နိုင်ခဲ့ပေ။

သူ၏ အဆင့်အတန်းနှင့် ကိုယ်ကျင့်စရိုက်ကြောင့် ဝူမန့်ချီသည် ပုံမှန်အားဖြင့် မာနကြီးကာ စိတ်ခေတ် ခိုင်မာသောသူ တစ်ယောက် ဖြစ်သည်။

+

သို့ရာတွင် ထိုမုန်တိုင်းက သူ့အနားမှ ဖြတ်သွားသော အခါ သူ၏ မျက်နှာပေါ်တွင် ရှုပ်ထွေးသော အကြည့်တစ်ခု ပေါ်လာကာ အနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

သူ့အရှေ့မှ ရလဒ်သည် သူက ဤတိုက်ပွဲတွင် ဝင်မပါခဲ့သောကြောင့် ဖြစ်သည်။

သူသည် သူ၏ခေါင်းကို ခါလိုက်၍ အနောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ငရဲကမ္ဘာ ပင်လယ်မှ မြင်ကွင်းများသည် သူ၏ မျက်လုံးများ အတွင်းတွင် ဆက်လက်၍ လင်းလက်နေဆဲ ဖြစ်သည်။ သူ့အနောက်တွင် မတည်မငြိမ် ဖြစ်နေသော နယ်နိမိတ် လမ်းကြောင်း တစ်ခု ပေါ်လာ၍ အချိန်မရွေး ကျိုးပျက်သွားတော့မည့်ပုံ ပေါက်နေသည်။

+

ဂူမန့်ချီသည် သက်ပြင်းချလိုက်၍ ဘာမှ မပြောခဲ့ပေ။ သူသည် ဘေးသို့ လှည့်လိုက်၍ ထိုနယ်နိမိတ် လမ်းကြောင်း အတွင်းသို့ ဝင်သွားခဲ့ကာ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။

သူနှင့်စာလျှင် စန်ထူဇီသည် အခြေအနေ တော်တော်ဆိုးနေပေသည်။ ရှီထျန်းဟောင်သည် ကောင်းကင်ကိုးလွှာ ခြေရာမဲ့ ဟင်းလင်းပြင် လျှပ်စီးအား အသုံးပြု၍ သေမင်းဧကရာဇ်နှင့် ရွှေပုစဥ်း ဆရာတော်တို့အား တိုက်ခိုက်ခဲ့သော အခါ သူ့ကိုလည်း မေ့မထားခဲ့ပေ။

ရွှေပုစဥ်း ဆရာတော်၏ ကာကွယ်မှုကြောင့်သာ မဟုတ်လျှင် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများနှင့်ပင်

+

သူသည် ထိုတိုက်ခိုက်မှုအား ခုပင် ခုခံနိုင်လိမ့်မည် မဟုတ်ချေ။

ဟင်းလင်းပြင် မုန်တိုင်းနှင့် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများသည် သူ့အရှေ့တွင် ပေါ်လာကြသော အခါ ဝူမန့်ချီနှင့် မတူပဲ ရှောင်ယန်သည် သူ၏ စွမ်းအားများကို ထိန်းချုပ်ထားသဖြင့် သူသည် မလွတ်မြောက်နိုင်ခဲ့ပေ။

ယခုအချိန်တွင် ရှောင်ယန်သည် သူ၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်မှုကို နှောင့်ယှက်နေခဲ့သဖြင့် သူက မထိန်းချုပ်နိုင်တော့ပေ။

ဤအချိန်တွင် ရွှေပုစဉ်း ဆရာတော်သည် သူ့ကိုယ်သူပင် မနည်း ကာကွယ်နေရသဖြင့် သူ့အား ဂရုမစိုက်နိုင်တော့ချေ။ ရောမ လှိုင်းလုံးကြီးက သူ့အား

+

ဝါးမျိုသွားသည်ကို စန်ထုဇီသည် ကူရာမဲ့စွာဖြင့်သာ ကြည့်နိုင်ခဲ့သည်။

စန်ထုဇီ၏ မျက်နှာသည် ရေကဲ့သို့ လေးနက်နေကာ သူ၏ လက်ဝါးအစုံကို ရိုက်ချလိုက်၍ သူ၏ စွမ်းအား အားလုံးတို့ကို အသုံးပြုလိုက်သည်။ သူ့ခေါင်းပေါ်မှ ရွှေရောင်မီးအိမ် ၁၈လုံး လင်းလက်လာ၍ ဗုဒ္ဓ အလင်းတန်း ၁၈တန်းတို့အား ဖော်ပြခဲ့၍ သူ၏ ခန္ဓာကိုယ်အား လွှမ်းခြုံသွားခဲ့သည်။

ဗုဒ္ဓ အလင်းတန်း အတွင်းတွင် သူ့နားဘေးမှ ကျမ်းစာ ရွတ်ဖတ်သံများ ပေါ်လာ၍ ဗုဒ္ဓရတနာ များစွာတို့၏ အလင်းတန်း ပုံစံများကို တွေ့နေနိုင်သည်။

+

ထိုဗုဒ္ဓ အလင်းတန်း အတွင်း၌လည်း ဗုဒ္ဓကမ္ဘာ တစ်ခု ရှိနေသည့်ပုံ ပေါက်နေသည်။ သူသည် ပြည့်ဝ၍ ပြီးပြည့်စုံနေကာ အတွင်းတွင် အရာအားလုံးတို့က ဖြစ်နိုင်သကဲ့သို့ ဖြစ်နေသည်။

ဤအရာသည် လုံ့လ ဝီရိယ နိဗ္ဗာန် ဖြစ်သည်။ သူ့အတွင်း၌ စိုးရိမ် ပူပန်မှုအားလုံး ပျောက်ကွယ်သွား၍ မနာလိုမှု များသည် ဉာဏ်ပညာ အဖြစ်သို့ ပြောင်းသွားသည်။ သူတို့သည် ပြည့်ဝခြင်းနှင့် ပြီးပြည့်စုံခြင်းတို့အား ကိုယ်စားပြုနေကာ တစ်ယောက် အလိုရှိနေသော အရာအားလုံးတို့က အကောင်အထည် ပေါ်လာပေမည်။

သို့သော်လည်း လုံ့လ ဝီရိယ နိဗ္ဗာန် အတွင်းတွင် မီးခိုးရောင် ခါတ်ငွေ့တန်းများစွာတို့က စန်ထူဇီ၏ အောက်တွင် ပေါ်လာခဲ့သည်။ သူ၏ စွမ်းအားများသည်

+

ဗုဒ္ဓဝါဒနှင့် လုံးဝ ကွဲပြားနေ၍ သေမင်း အရှိန်အဝါများဖြင့် ပြည့်နေခဲ့သည်။

မီးခိုးရောင် ခေတ်ငွေ့တန်းများ အတွင်းတွင် တစ်ယောက်သည် တစ်ခြမ်းဖြူ၍ တစ်ခြမ်းနက်နေသော တာအိုသစ်သီး တစ်လုံးကို တွေ့နေနိုင်သည်။ ပြီးတာနှင့် သူသည် အဖြူနှင့် အနက်ရောင် အလင်းတန်း ဘီးအဖြစ်သို့ ပြောင်းသွား၍ အဆက်မပြတ် လည်ပတ်နေကာ သေခြင်းနှင့် ရှင်ခြင်း သံသရာနှင့် ငရဲကမ္ဘာတို့အား ကိုယ်စားပြုနေသည့်ပုံ ပေါက်နေခဲ့သည်။

စန်ထူဇီသည် သူ၏ လက်ဝါးအစုံအား အတူတကွ စုစည်းလိုက်ရာ လုံးဝကို ကွဲပြား ခြားနားနေသည့် တာအို သဘောတရားများ ပေါ်လာခဲ့သည်။ သူတို့သည် အချင်းချင်း ဆွဲဆောင်၍ ပြန်လည် တွန်းကန်နေကာ

+

အလွန်အမင်းကို အစွမ်းထက်သည့် စွမ်းအားတစ်ခုကို ဖန်တီးခဲ့သည်။

သူ၏ စိတ်ဖြင့် အမိန့်ပေးလိုက်ရာ အနက်ရောင် တုတ်ချောင်းတစ်ခု ပျံသန်း ထွက်ပေါ်လာသည်။ ထိုအရာသည် အမှန်တွင် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ တစ်ခု ဖြစ်သည်။ ခက်ထန်လှသော အနက်ရောင် တုတ်ချောင်း၏ အပေါ်တွင် ရွှေရောင်လက်စွပ် ၁၈ကွင်း ပေါ်လာခဲ့၍ အချင်းချင်း ထိခိုက်ခဲ့ကြရာ ညင်သာသော အသံတစ်ခု ပေါ်လာခဲ့သည်။

ဤအရာသည် အနက်ရောင် တုတ်ချောင်းမှ လူသတ်လိုနေသည့် အရှိန်အဝါကို နောက်ဆုတ်စေခဲ့၍ သူ့ထံမှ တစ်ယောက်သည် ကရုဏာ ကြီးမားသော ဗုဒ္ဓ၏ အရှိန်အဝါကို ခံစားနိုင်ခဲ့သည်။

+

ဤအရာသည် စန်ထူဇီ၏ တစ်ခုတည်းသော မော်ရတနာ ဖြစ်၍ သူ၏ စွမ်းအားများသည် ထူးချွန် ပြောင်မြောက်လှသည်။ မူလတွင် သူ့အား သေမင်းကေရာဇ်၏ နည်းစနစ်များဖြင့် ကျင့်ကြံထားခြင်း ဖြစ်၍ နောက်ပိုင်းတွင် ဗုဒ္ဓ ကျင့်ကြံမှုများဖြင့် ပြန်လည်၍ သန့်စင်ခဲ့ရာ ယခုအချိန်တွင် ပို၍ အစွမ်းထက်လာခဲ့သည်။ သို့ရာတွင် မဟာယာန အဆင့်သို့ ရောက်ရှိရန်မှာ အချိန် ယူရဦးမည် ဖြစ်သည်။

ဤအချိန်တွင် စန်ထူဇီသည် သူ့တွင်ရှိသမျှ စွမ်းအား အကုန်လုံးကို ထုတ်ဖော်ခဲ့ကာ ရတနာ များစွာတို့အား အသက်သွင်းလိုက်သည်။ မော်ရတနာ အပြင် မော်သင်္ကေတ အလင်းတန်းများ လင်းလက်လာကာ ဝင်္ကပါမြေပုံ တစ်ခု ပေါ်လာခဲ့သည်။ သူသည် ပြီးတာနှင့်

+

သေမင်းကမ္ဘာ တစ်ခုအဖြစ်သို့ ပြောင်းသွား၍ စန်ထူဇီအား ကာကွယ်ခဲ့သည်။

သို့သော်လည်း အစွမ်းထက်သော လှိုင်းလုံးအောက်တွင် စန်ထူဇီ၏ အကာအကွယ် အားလုံးတို့သည် လုံး၀ အကာအကွယ်မဲ့နေခဲ့ကာ ချက်ချင်း ဆိုသလိုပင် ပျက်စီးသွားခဲ့သည်။

စန်ထူဇီသည် သူ၏ အင်မော်တယ်ဝိညာဥ်က ပျောက်ကွယ်သွားခဲသည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

သူသည် သူ့အသက်ကို ကာကွယ်နိုင်ရန် နည်းလမ်း တစ်လမ်းထက် ပို၍ ပြင်ဆင်ထားသည်။ သို့သော်လည်း သူတို့သည် တစ်ခုမှ အလုပ်မဖြစ်ခဲ့ပဲ

+

အစွမ်းထက်လှသော တိုက်ခိုက်မှုအောက်တွင် လုံးဝကို အဖျက်ဆီးခံခဲ့ရသည်။

စန်ထူဇီသည် ရုန်းကန်နေရင်း သူ့အရှေ့မှ လှိုင်းလုံးအား ကြည့်နေခဲ့သည်။ သူ၏ အကြည့်သည် ထိုလှိုင်းလုံးအား ထိုးဖောက်သွား၍ ရှောင်ယန်၏ အကြည့်နှင့် ဆုံသွားသည်။

သူသည် ရှောင်ယန်အား တွေ့နေနိုင်သော်လည်း ရှောင်ယန်သည် သေမင်းကေရာဇ်နှင့် ရွှေပုစဥ်း ဆရာတော်တို့ကိုသာ ကြည့်နေမှန်းကို သူက သတိပြုမိခဲ့သည်။

"လုံးဝကို... အဆင့်တူ မဟုတ်ဘူးလား" ဤအရာသည် စန်ထူဇီ၏ စိတ်အတွင်းတွင် ပေါ်လာသော နောက်ဆုံး

+

အတွေးပင် ဖြစ်သည်။ ခဏအကြာတွင် သူသည် လှိုင်းလုံး၏ လွှမ်းမိုးမှုအား ခံခဲ့ရကာ သူ၏ ဝိညာဉ်သည် တစ်ခါမှ မရှိခဲ့သကဲ့သို့ အဖျက်ဆီးခံလိုက်ရသည်။

သေမင်းကေရာဇ်ကပင် သူ့အား ကယ်ရန် လမ်းမရှိတော့ဟု အာရုံခံနိုင်ခဲ့သည်။

အစွမ်းထက်လှသော လှိုင်းလုံးသည် အဆုံးမဲ့နေကာ သူ၏ စွမ်းအားများသည် လျော့နည်းသွားမည့် အရိပ်အရောင်များ မရှိနေပေ။ ထိုအရာသည် သူ့အတွက်ပင် ရင်ဆိုင်ရန် ခက်ခဲနေလေသည်။

"အရှင်မင်းမြတ်... တုန်းကေရာဇ်... ဒါက နောက်ဆုံးတိုက်ပွဲ မဟုတ်ဘူးမလား" ဤအချိန်တွင်

+

ရွှေပုစဉ်း ဆရာတော်၏ အသံသည် သူ၏
နားအတွင်းတွင် ပေါ်လာခဲ့သည်။

သေမင်းကေရာဇ်၏ အကြည့်သည် ရေခဲတမျှ
အေးစက်နေ၍ ရွှေပုစဉ်း ဆရာတော်အား
ကြည့်လိုက်သည်။

သူ့အား ကာကွယ်ထားသော ဗုဒ္ဓအလင်းတန်းသည်
ဖြည်းဖြည်းချင်း အတိုက်စားခံနေရသော်လည်း ရွှေပုစဉ်း
ဆရာတော်၏ အကြည့်သည် တည်ငြိမ်နေဆဲ
ရှိသေးသည်။

ရွှေပုစဉ်း ဆရာတော်သည် အလောတကြီး မဖြစ်နေခဲ့ပဲ
မီးခိုးရောင် ဝတ်စုံနှင့် ရဟန်းပျို အသွင်ကို ယူထားသည်။
သူသည် သူ၏ လက်ဝါးတစ်ဘက်အား ဖွင့်လိုက်ရာ

+

အနီရောင်နှင့် ခရမ်းရောင် အလင်းတန်း နှစ်တန်းတို့က ပျံ့သန်း ထွက်ပေါ်လာသည်။

အလင်းတန်း နှစ်တန်းတို့သည် ယှက်သန်းနေကြ၍ အဆက်မပြတ် လည်ပတ်နေကာ နောက်ဆုံးတွင် ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

အလင်းတန်း နှစ်တန်းတို့သည် လည်ပတ်နေကြရင်း ရွှေပုစဥ်း ဆရာတော်၏ ခေါင်းပေါ်မှ ဟင်းလင်းပြင်တွင် အပေါက်တစ်ပေါက်ကို ဖောက်ခဲ့ကြကာ ထိုအပေါက် အတွင်းမှ အဖြူရောင် အလင်းတန်း အမြောက်အမြားတို့က ထွက်ပေါ်လာကြသည်။

+

ထိုအဖြူရောင် အလင်းတန်းသည် ဖြည်းဖြည်းချင်း တံခါးတစ်ခု အသွင်သို့ ပြောင်းသွားကာ တံခါးက ပွင့်သွားလေသည်။

တံခါး ပွင့်သွားသော အခါ အဖြူရောင် အလင်းတန်းသည် စတင်၍ မှေးမှိန်လာကာ ပျောက်ကွယ်သွားပြီး လုံးဝ သာမန်ဆန်နေသည့် တံခါးတစ်ခု ပေါ်လာသည်။

ကပ်ဆိုးများဖြင့် ပြည့်နေသော ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ဤမြင်ကွင်းသည် အမှန်ပင် ထူးဆန်းနေလေသည်။

ထိုတံခါးမှ တဆင့် စိတ်ဝိညာဥ် စွမ်းအင် အမြောက်အမြားတို့အား အာရုံခံနိုင်ခဲ့ကာ သူတို့သည်

+

ပင်လယ်ကဲ့သို့ အဆုံးမဲ့ ကျယ်ပြန့်နေ၍ လူတိုင်းအား နှစ်ခါပြန်ကြည့်စေခဲ့သည်။

ထိုတံခါးမှ တဆင့် တစ်ယောက်သည် အလင်းတန်း ခါးပတ်ပေါင်း မြောက်မြားစွာတို့အား တွေ့နိုင်ခဲ့သည်။ သူတို့သည် မြင့်လိုက်နိမ့်လိုက်ဖြင့် ဟင်းလင်းပြင် အတွင်း၌ လင်းလက်နေကြသည်။

အားလုံးတို့သည် ထိုအရာက ဝိညာဉ်ပင်လယ် ဖြစ်မှန်းကို သိနေကြသည်။ အလင်းတန်း ခါးပတ်များသည် ဝိညာဉ်ပင်လယ် အတွင်းမှ တာအိုတို့က အကောင်အထည် ပေါ်လာကြခြင်း ဖြစ်သည်။

ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့၏ ပူးပေါင်း တိုက်ခိုက်မှုအောက်တွင် ထိုတံခါးကလည်း မတည်မငြိမ်

+

ဖြစ်လာခဲ့ကာ အချိန်မရွေး ပိတ်သွားတော့မည့်ကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ထိုအချိန် တိုတိုလေး အတွင်းတွင် သူသည် ရွှေပုစဥ်း ဆရာတော်၏ အနားမှ နေရာအား တည်ငြိမ်စေခဲ့သည်။

ထိုအရာကို အခွင့်ကောင်းယူ၍ ရွှေပုစဥ်း ဆရာတော်သည် ခုန်လိုက်ကာ မမြင်နိုင်သော လှေကားများ အပေါ်သို့ တက်သွားခဲ့သည်။ သူသည် သူ့အနားမှ မည်သည့်အရာကိုမှ သတိမပြုမိသည့်ပုံ ပေါက်နေခဲ့သော်လည်း မကြာမီပင် တံခါးအရှေ့သို့ ရောက်သွားကာ ဖြတ်သန်းသွားခဲ့သည်။

+

တံခါးသည် ပြန်မပိတ်နိုင်ခင် ဖျက်ဆီးမှု လှိုင်းလုံး၏ ရိုက်ခတ်ခြင်းကို ခံခဲ့ရကာ တုန်ခါသွား၍ ပူဖောင်း တစ်လုံးကဲ့သို့ ပေါက်သွားခဲ့သည်။

သေမင်းကေရာဇ်သည် ထိုမြင်ကွင်းကို အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်နေကာ သူကလည်း အလားတူ ပြုလုပ်ခဲ့သည်။

"ခင်ဗျားက ဘယ်သွားချင်နေတာလဲ" ဤအချိန်တွင် ရှီထျန်းဟောင်နှင့် ရှောင်ယန်တို့က သူ့အရှေ့သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ ထိုတံခါးမှ တဆင့် ထွက်ခွာရန် ကြိုးစားနေခဲ့သော သေမင်းကေရာဇ်သည် မျက်မှောင်ကြုတ်လိုက်ရာ ယန်ရှင်းဟီသည် သူ့အရှေ့တွင် ရုတ်တရက် ပေါ်လာ၍ သူတို့အား တားဆီးခဲ့သည်။

+

ရှောင်ယန်သည် ယန်ရှင်းဟီအား ကြည့်နေ၍ ပြောလိုက်သည်။ "ဂျူနီယာလေး... မင်းရဲ့ အဘိုးက လုံခြုံနေတယ်... မင်းက သူ့အနောက်ကို လိုက်ပြီး ဝိညာဉ်ပင်လယ် အတွင်းကို သွားလိုက်ပါ... နတ်ဘုရား နယ်မြေနဲ့ ငရဲကမ္ဘာ ပင်လယ်ကို ငါတာဝန်ယူလိုက်မယ်"

## စာစဥ် ၇၃ : အပိုင်း ၁၀

## အပိုင်း ၁၄၂၀ : ရေခဲနှင့် မီးတောက်တို့သည် ဆေးမီးဖို တစ်ခုတည်းတွင် အတူ မနေနိုင်ပေ

ရှီထျန်းဟောင်သည် ရှောင်ယန်အား ကြည့်၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "အစ်ကိုကြီး...

+

အစ်ကိုကြီးဟာ ငရဲပင်လယ် ကျင့်ကြံမှုမှာ ကြီးမားစွာ တိုးတက်လာခဲ့ပေမဲ့ သတိထားနေဦး"

ဤအထိ ပြောပြီးသည်နှင့် ရှီထျန်းဟောင်သည် သူ၏ လက်ဝါးကို လှန်လိုက်ကာ လင်းဖုန်းက သူ့အား ပေးထားသော ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့အား အသုံးပြုလိုက်သည်။ ခရမ်းရောင်နှင့် အနီရောင် အလင်းတန်း နှစ်တန်းတို့သည် ကောင်းကင်အတွင်းသို့ ထိုးတက်သွား၍ ဝိညာဉ်ပင်လယ် တံခါးကို ဖွင့်လှစ်လိုက်သည်။

ပြီးတာနှင့် သူသည် သူ၏ မဟာကောင်းကင်ဘီးနှင့် အတူ ငရဲကမ္ဘာ ပင်လယ်မှ ထွက်ခွာ၍ ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်သွားခဲ့သည်။

+

ရှိထျုန်းဟောင်သည့် ထိုလှိုင်းလုံးအား မထိန်းချုပ်ခဲ့သော အခါ သူသည် ပိုမို ခက်ထန်၍ ကြမ်းတမ်းလာခဲ့သည်။ သို့သော်လည်း သူ၏ စွမ်းအားများမှာမူ ဆက်လက်၍ မတိုးတက်လာတော့ပေ။

သူ၏သခင်က ထွက်ခွာသွားသဖြင့် နတ်ဆိုးဝိညာဉ်၏ စွမ်းအားများကလည်း ကျဆင်းသွားခဲ့သည်။

သေမင်းကေရာဇ်သည် ငရဲကမ္ဘာ ပင်လယ်မှ ထွက်ခွာသွားသော အခါ ယန်ရှင်းဟီ အနားမှ အရှိန်အဝါများက စတင်၍ ကျဆင်းလာသည်။

ခက်ထန်သော လှိုင်းလုံး၏ တရစပ် ထိုးနှက်မှုကို ခံနေရသဖြင့် ရှောင်ယန်အား ဟန့်တားရန်

+

ကြိုးစားနေခဲ့သော ယန်ရှင်းဟီသည် အပြင်းအထန် ဒဏ်ရာရသွားခဲ့ကာ မေ့မိန်လာခဲ့သည်။

ငရဲကမ္ဘာ ပင်လယ်မှ စွမ်းအားများ၏ ဝန်းရံခြင်းကို ခံနေရသဖြင့် ယန်ရှင်းဟီ၏ စွမ်းအားများသည် အကြီးအကျယ် ကန့်သတ်ခြင်းကို ခံနေရသည်။ ယန်ရှင်းဟီသည် သေမင်းဧကရာဇ်ကဲ့သို့ ငရဲကမ္ဘာ ပင်လယ်မှ မထွက်သွားနိုင်ရုံသာ မက သူ့အား ကျင့်ကြံထားသော သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီးသည် ကမ္ဘာခြားသွားသည့် အတွက် အားနည်းသွားခဲ့သည်။

ရှောင်ယန်၏ စိတ်ဖြင့် ထိန်းချုပ်မှုအောက်တွင် လှိုင်းလုံးသည် ဖြည်းဖြည်းချင်း တည်ငြိမ်လာခဲ့သည်။ ငရဲကမ္ဘာ ပင်လယ်သည် ကမ္ဘာဖျက် မြင်ကွင်းများကို

ပြသနေဆဲ ရှိသေးသော်လည်း အစောပိုင်းမှ ပျက်စီးမှု မြင်ကွင်းများက ပျောက်ကွယ်သွားခဲ့သည်။

ယခုအချိန်တွင် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများစွာတို့သည် ဟင်းလင်းပြင် မုန်တိုင်းအား ဝန်းရံကာ တိုက်ခိုက်လိုက်ကြလေသည်။

ငရဲကမ္ဘာ ပင်လယ်နှင့် ဟင်းလင်းပြင် ပင်လယ်တို့အား အတူတကွ စုစည်းထားသည့် ကြောက်မက်ဖွယ်ရာ အက်ကွဲကြောင်းသည် ဆက်လက် ကျယ်ပြန့်နေခြင်း မရှိတော့ပဲ စတင်၍ ကျုံ့ဝင်လာကာ ပို၍ပို၍ သေးလာခဲ့သည်။

ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများသည် သူ့ကိုယ်သူ ဖန်တီးထားသော ဒဏ်ရာများကို စတင်၍ ပြန်လည်

+

ကုစားခဲ့သည်။ ဤဖြစ်စဉ် အတွင်းတွင် ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုးများစွာတို့သည် အနက်ရောင် ဟင်းလင်းပြင် အတွင်းသို့ ပျောက်ကွယ်သွားကြလေသည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်လာသော ဟင်းလင်းပြင် မုန်တိုင်းသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ ရောမ အက်ကွဲကြောင်းသည် လုံးဝ မတွေ့ရတော့သည့် တိုင်အောင် ပြန်ပိတ်သွားသည်။

ကပ်ဘေးသည် သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြခဲ့ခြင်း မရှိတော့ပေ။ ထပ်ဖန်တစ်ခါ သူသည် အနီရောင် အလင်းတန်း တစ်တန်းဖြင့် လွှမ်းခြုံခြင်းကို ခံခဲ့ရ၍ အနီရောင် တိုင်လုံးသည် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် နောက်ထပ် ပေါ်လာခဲ့သည်။

+

ကြီးမားသော တိုက်ပွဲတစ်ခုကို တွေ့ကြုံခဲ့ရ အပြီးတွင် အနီရောင် တိုင်လုံးအနားမှ နေရာ ပတ်ပတ်လည်သည် ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ခက်ထန်နေသော ငရဲကမ္ဘာ ပင်လယ်သည် ပြန်လည် ကုစားရန် အချိန်ယူရပေမည်။

အားလုံးတို့ တစ်ချိန်က ရှိနေခဲ့သော ကပ်ဘေးအနားမှ အလင်းတန်း စက်ကွင်းကမ္ဘာသည် ယခုအချိန်တွင် မရှိနေတော့ပေ။

အချိန်ကာလနှင့် လေဟာနယ်တို့ ပြောင်းလဲသွားသဖြင့် ဤကမ္ဘာသည် ငရဲကမ္ဘာ အတွင်းမှ အခြားကမ္ဘာများကဲ့သို့ လုံးဝ ပျောက်ကွယ်သွားခဲ့ကာ အနီရောင် အလင်းတန်း တိုင်လုံး၏ အနီးတွင်

+

ပူဖောင်းကဲ့သို့သော ဒိုင်မန်းရှင်း တစ်ခုသာ ကျန်နေတော့သည်။

ဤကမ္ဘာသည် ငရဲကမ္ဘာ ပင်လယ်အတွင်းမှ ကမ္ဘာများစွာတို့ အနက် ပထမဆုံး ကမ္ဘာ ဖြစ်ကာ ဝမ်ချီယန် ကျဆုံးသွားခဲ့သော နေရာလည်း ဖြစ်သည်။

ရှောင်ယန်သည် ဤကမ္ဘာ အတွင်းသို့ ဝင်လိုက်သော အခါ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး တစ်လုံးနှင့် ယန်ရှင်းဟီ၏ ပုံရိပ်ကို တွေ့လိုက်ရသည်။

အဖြူနှင့် အနက်ရောင် သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီးသည် လည်ပတ်သွားကာ ယန်ရှင်းဟီသည် အနက်ရောင် အခြမ်းမှ အဖြူရောင် အခြမ်းဘက်သို့ ရောက်လာ၍ သစ်သီးအတွင်းမှ ထွက်ခွာလာခဲ့လေသည်။

+

ဤအချိန်တွင် ယန်ရှင်းဟီ အနားမှ အရှိန်အဝါသည် အကြီးအကျယ် အားနည်းနေခဲ့ပြီ ဖြစ်ကာ လှိုင်းလုံးက ရပ်သွားခဲ့ပြီ ဖြစ်သော်လည်း သူသည် ဒဏ်ရာ အပြင်းအထန် ရရှိထားသည်။ အကယ်၍ လှိုင်းလုံးက နောက်မဆုတ်သွားခဲ့ပါက သူသည် သေဆုံးသွားပြီး ဖြစ်နေပေလိမ့်မည်။

သူသည် တာအိုသစ်သီး မှတဆင့် ပြန်လည် မွေးဖွားလာခဲ့သော်လည်း အလွန်အမင်း အားနည်းနေခဲ့သေးသည်။ သူ့အား ကျင့်ကြံထားသော သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီးကလည်း ကွဲပြဲကာ ပျောက်ကွယ်သွားခဲ့သည်။

+

တာအိုသစ်သီး မရှိသော အခါ ယန်ရှင်းဟီသည် အမြစ်မရှိသော သစ်ပင်တစ်ပင်နှင့်သာ တူနေခဲ့သည်။ သူသည် ဤကမ္ဘာ အတွင်းတွင် ဆက်လက် တည်ရှိနေနိုင်သေးသော်လည်း သေမင်းဧကရာဇ်ကသာ သူ့အား ကျင့်ကြံရန် နောက်ထပ် တာအိုသစ်သီး တစ်လုံးကို ထပ်မဖန်ဆင်းခဲ့ပါက သူလုံးဝ ပျောက်ကွယ်သွားမည့် ကာလမှာ မဝေးတော့ချေ။

သို့သော်လည်း ဤအချိန်တွင် သေမင်းဧကရာဇ်သည် ဝိညာဥ်ပင်လယ် အတွင်းသို့ ထွက်ခွာသွားပြီ ဖြစ်သဖြင့် ယန်ရှင်းဟီ၏ ကံကြမ္မာမှာ သတ်မှတ်ပြီးသား ဖြစ်သွားသည်။

သို့သော်လည်း သူသည် စိတ်ရှုပ်ထွေးကာ အမျက်ထွက်နေသည့်ပုံ ပေါက်မနေပဲ အလွန်အမင်းကို အေးချမ်းနေခဲ့သည်။ သူလွတ်မြောက်နိုင်ရန်

+

တစ်ခုတည်းသော နည်းလမ်းမှာ လုံးဝ
ပျက်စီးသွားခြင်းပင် ဖြစ်သည်။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ဤကမ္ဘာ အတွင်းတွင်
ယန်ရှင်းဟီ၏ တည်ငြိမ်နေသော မျက်နှာ အပေါ်၌
ခံစားချက် အချို့ ပေါ်လာခဲ့၍ သူ့ပတ်ပတ်လည်သို့
ကြည့်လိုက်ကာ တစ်စုံတစ်ခုအား တွေးမိသည့် အနေဖြင့်
သူ၏ အကြည့်သည် လင်းလက်လာခဲ့သည်။

ရှောင်ယန်က သူ့အား ကြည့်ကာ ပြောလိုက်သည်။
"ခင်ဗျားတွေးနေတာ မှန်တယ်… ဒါက ငရဲကမ္ဘာ
ပင်လယ် အတွင်းမှာ ဝမ်ချီယန် နေထိုင်ခဲ့တဲ့ နေရာပဲ"

ယန်ရှင်းဟီက သူ့အားကြည့်၍ ပြောလိုက်သည်။
"ရွှမ်တုန်း သူတော်စင်က ငါ့ကို ပြောပြထားတယ်"

+

သူ၏ အသံသည် စီးဆင်းနေသော ရေကဲ့သို့ နူးညံ့ သိမ်မွေ့နေကာ နွေးထွေးမှု သို့မဟုတ် အေးစက်မှုများ မရှိနေပဲ ခံစားချက် ကင်းမဲ့နေခဲ့သည်။

ရှောင်ယန်က အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ မှတ်တမ်းမှတ်ရာများ သိပ်မရှိသဖြင့် ယနေ့ကမ္ဘာတွင် သေမင်းကေရာဇ်၏ ယခင် တာအိုနာမည်အား သိသောသူ အနည်းငယ်သာ ရှိတော့သည်။ ရှောင်ယန်သည် 'ရွှမ်တုန်း သူတော်စင်' ဟူသော အခေါ်အဝေါ်ကို ပထမဆုံး ကြားခဲ့ရသည်မှာ သေမင်းကေရာဇ်၏ ယခင်က လက်ရင်းတပည့် တစ်ယောက် ဖြစ်ခဲ့သူ ရှုအန်ဒါ ထံမှ ဖြစ်သည်။

+

အမှန်တွင် သေမင်းကေရာဇ် အုပ်စိုးခဲ့စဉ်က သူ့အား တုန်းကေရာဇ်ဟု ခေါ်ခဲ့ကြောင်းကို သိသောသူပင် အနည်းငယ်သာ ရှိသည်။

သို့သော်လည်း သေမင်းကေရာဇ်နှင့် မျိုးဆက်တူ ဖြစ်သော ဟင်းလင်းပြင် ဘုရားကျောင်း၏ ဒုတိယမြောက် ခေါင်းဆောင်ဖြစ်သော ယန်ရှင်းဟီသည် သူ၏ တာအိုနာမည်အား သိနေသည်မှာ အံ့သြစရာတော့ မဟုတ်ချေ။

ရှောင်ယန်သည် သူ၏ လက်များကို ကျောနောက်တွင် ပစ်ထားကာ သာမန်သာ ပြောလိုက်သည်။ "ခင်ဗျားက ကေရာဇ် ရွေးချယ်တဲ့ နေရာမှာ အတော်ကို ညံ့တာပဲ"

+

ယန်ရှင်းဟီက သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။ "ရှဖန်းယုဟာ တိမ်တိုက်မိစ္ဆာ အတွက် အဆုံးစွန် ကေရာဇ်ကို လက်လွှတ်ခံခဲ့တယ်… ဒါက ငါမမျှော်လင့်ထားတဲ့ တစ်စုံတစ်ရာ ဖြစ်တယ်… ဒါက ငါ့အမှား ဖြစ်ပြီး ငါက နတ်ဘုရားနယ်မြေ အတွက် ဒုက္ခတွေကို ဖန်တီးပေးခဲ့တယ်"

သူသည် ရှကေရာဇ် အကြောင်းကိုသာ ပြောခဲ့ပြီး သေမင်းကေရာဇ် အကြောင်းကို မပြောခဲ့ပေ။ သူ့အကြောင်း ပြောရန်မှာလည်း များများစားစား မရှိချေ။

ရှောင်ယန်သည် သူ့အား ကြည့်လိုက်ကာ သူ၏ မျက်လုံးအစုံက ကျဉ်းမြောင်းသွားသည်။ "အိုး… ဒီလိုဆိုတော့ တကယ်လို့ ရှကေရာဇ်က အဆုံးစွန် ကေရာဇ် အနောက်ကို လိုက်သွားရင်တော့ ပြဿနာ မရှိဘူးပေါ့"

+

ယန်ရှင်းဟီက ပြောလိုက်သည်။ "စီနီယာဝမ်က သေသွားပြီ… သူ့အတွက် ဝမ်းနည်းနေလို့လည်း အပိုပဲ"

သူသည် ခေတ္တမျှ ရပ်နားလိုက်ကာ ဆက်ပြောလိုက်သည်။ "သူက ငရဲကမ္ဘာ ပင်လယ်ကနေ ပြန်လာတဲ့ အချိန်မှာ သူက ရေရှည်ကို ထည့်သွင်းစဉ်းစားဖို့ လိုတယ် ဆိုတာကို သဘောပေါက်သွားလိမ့်မယ်လို့ ငါက မျှော်လင့်ပါတယ်"

ရှောင်ယန်သည် နှာမှုတ်လိုက်၍ ယန်ရှင်းဟီအား ကြည့်ကာ ပြောလိုက်သည်။ "လူတွေဟာ သူတို့ သေခါနီး အချိန်ကြရင် ကြင်နာတဲ့ စကားတွေကို ပြောကြတယ်လို့ လူတိုင်းက ပြောကြတယ်… ဒါပေမဲ့ နေရာတိုင်းမှာ ခြွင်းချက်တွေ ရှိတယ်နဲ့ တူတယ်"

+

ယန်ရှင်းဟီ၏ မျက်နှာသည် တည်ငြိမ်နေ၍ ပြန်ပြောလိုက်သည်။ "နတ်ဘုရား နယ်မြေက အရာအားလုံးထက် ပိုပြီးမှ အရေးကြီးတယ်… စီနီယာဝမ်၊ ရှဖန်းယုနဲ့ ငါကိုယ်တိုင်တောင်မှ အပါအဝင်ပဲ"

"စီနီယာဝမ် အသက်ရှင်နေဆဲ အချိန်မှာ သူက ရှဖန်းယု၊ တိမ်တိုက် မိစ္ဆာနဲ့ ငါ့ကို ထိန်းချုပ်နိုင်တယ်… ဒါပေမဲ့ သူသေသွားရင် တိမ်တိုက် မိစ္ဆာတွေက ဘာလုပ်မလဲ ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး"

ရှောင်ယန်က သူ့အား အေးစက်စွာဖြင့် ကြည့်၍ ပြောလိုက်သည်။ "အမုန်းတရား အရဆိုရင် ဝန်ချီယန်ဟာ မိစ္ဆာတွေ များစွာတို့ကို သတ်ခဲ့တယ်…

+

မိန္ဓာတွေက သူ့ရဲ့ ဆွေမျိုးတွေကို လက်ခံမယ်လို့ ထင်သလား... သတ်ပစ်မယ်လို့ ထင်သလား"

ယန်ရှင်းဟီက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "စီနီယာဝမ်က ပိုင်ယွင်တောင်ကနေ ထွက်ခွာမသွားခင် ငါက သူ့ကို မသွားဖို့ အကြိမ်ပေါင်းများစွာ နားချခဲ့သေးတယ်... ဒါပေမဲ့ သူက နားမထောင်ခဲ့ဘူး"

ရှောင်ယန်သည် မျက်မှောင်ကြုတ်လိုက်ကာ သူ၏ မျက်လုံးများ အတွင်းမှ အေးစက်နေမှုများက ပျောက်ကွယ်သွား၍ သူ၏ အကြည့်သည် ပြန်လည် တည်ငြိမ်လာခဲ့သည်။ သို့သော်လည်း သူထံမှ အန္တရာယ် အငွေ့အသက်များကို စတင်၍ ခံစားလာခဲ့ရသည်။

+

အချိန် အတန်ကြာမှ ရှောင်ယန်က ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ရှကေရာဇ်နဲ့ ရန်ငြိုးဖွဲ့ခဲ့တာက လွဲလို့ တိမ်တိုက် မိစ္ဆာတွေဟာ တစ်ခါမှ ဘယ်သူ့ကိုမှ ရန်မရှာခဲ့ဖူးဘူး"

"ဖီးနစ် မျိုးနွယ်စု၊ နတ်ဘုရား ပါရာဆို သစ်ပင် မျိုးနွယ်စု၊ ချီလင် မျိုးနွယ်စု၊ ရှဲ့ကျို မျိုးနွယ်စုနဲ့ အခြား မိစ္ဆာတွေ များစွာတို့လို သူတို့ဟာ ကမ္ဘာဦးခေတ်ကတည်းက လူသားတွေကို ပြဿနာရှာလေ့ မရှိဘူး... သူတို့က ပြုလုပ်ခဲ့ရင်တောင် လူသားတွေက သူတို့ကို အရင် ရန်ရှာလို့ပဲ"

"ရှေးဟောင်းခေတ်တုံးက နှစ်ဦးနှစ်ဘက်တို့ ရင်ဆိုင်ခဲ့ကြချိန်မှာ တော်ဝင်မိစ္ဆာ ကေရာဇ်က အမိန့်ပေးခဲ့တာတောင် မိစ္ဆာ များစွာတို့က မတိုက်ခိုက်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်"

+

ယန်ရှင်းဟီသည် ရှောင်ယန်၏ ရည်ရွယ်ချက်များကို နားလည်နေသည့်ပုံဖြင့် ပြောလိုက်သည်။ "မိစ္ဆာတွေက မိစ္ဆာတွေပဲ"

ရှောင်ယန်သည် သူ့အား ကြည့်နေခဲ့သော်လည်း ဘာမှ မပြောခဲ့ပေ။ သူ၏ အကြည့်မှာ ပို၍ ထက်မြက်လာခဲ့သည်။

ယန်ရှင်းဟီသည် ထိုအရာကို သတိပြုမိနေသည့်ပုံ မပေါက်ပဲ ဆက်ပြောလိုက်သည်။ "တိမ်တိုက် မိစ္ဆာတွေက တခြား မိစ္ဆာတွေကို မှီခိုဖို့ ရွေးချယ်နိုင်သလို မရွေးချယ်ဖို့လည်း ဆုံးဖြတ်နိုင်တယ်... ဒါပေမဲ့ ငါက နတ်ဘုရား နယ်မြေရဲ့ ကံကြမ္မာကို သူမရဲ့ ရွေးချယ်မှု အပေါ်မှာ မူတည်နေဖို့ မလိုလားခဲ့ဘူး"

+

သူသည် ရှောင်ယန်အား ကြည့်၍ ပြောလိုက်သည်။
"တကယ်လို့ စီနီယာဝမ်ဟာ တိုက်ပွဲမှာ မကျဆုံးခဲ့ပဲ ငရဲကမ္ဘာ ပင်လယ်ကို ကျင့်ကြံခဲ့ပြီး နတ်ဘုရား နယ်မြေ အတွင်းကို ပြန်လာလိမ့်မယ် ဆိုတာကို ငါသိခဲ့ရင် ငါက ကွဲပြားတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချမိလိမ့်မယ်... ဒါပေမဲ့ ဒါဟာ ငါက စီနီယာဝမ်ကို ကြောက်နေလို့ မဟုတ်သလို တိမ်တိုက်မိစ္ဆာကို ယုံကြည်နေလို့လည်း မဟုတ်ဘူး"

"ဘာဖြစ်လို့လည်း ဆိုတော့ နတ်ဘုရား နယ်မြေ အတွက် ရှဖန်းယု ရှိနေတာထက် စာရင် စီနီယာဝမ် ရှိနေတာက ပိုအကျိုးရှိလို့ပဲ"

"ဒါပေမဲ့ အဲ့ဒီအချိန်တုံးက ငါတို့ဂိုဏ်းနဲ့ ရှဖန်းယုတို့ အကြားက ပူးပေါင်းမှုဟာ မယုံကြည်ရတဲ့

+

တိမ်တိုက်မိစ္ဆာထက် စာရင် နတ်ဘုရား နယ်မြေ အတွက် ပိုပြီးမှ အကျိုးရှိတယ်"

ယန်ရှင်းဟီ၏ လေသံသည် တည်ငြိမ်လျက်ပင် ရှိသေးသည်။ "ငါက ဝန်ချီယန်ရဲ့ အခြေအနေကို ဘာမှ မသိနေတဲ့ အချိန်မှာ ငါ့မှ ဘယ်လိုပဲ ရွေးချယ်စရာတွေ ရှိရှိ ငါ့ရဲ့ ဆုံးဖြတ်ချက်က ပြောင်းလဲမှာ မဟုတ်ဘူး... ဒါပေမဲ့ ငါက စီနီယာဝမ်ကို သူမသေခင်မှာ ပေးခဲ့တဲ့ ကတိအတွက်ကိုတော့ နောင်တရမိတယ်"

ရှောင်ယန်သည် ထိုစကားကို ကြားခဲ့ရသော အခါ သူ၏ ပါးစပ်သည် အပြုံးတစ်ဝက် အဖြစ်သို့ တွန့်သွားသည်။ "ဒီလိုဆိုတော့ ခင်ဗျားဟာ ချီယန် သူတော်စင်ကို လိမ်ခဲ့တဲ့ အတွက်တော့ စိတ်မကောင်း ဖြစ်နေပေမဲ့ ခင်ဗျား လုပ်ခဲ့တဲ့ အရာအတွက်တော့ နောင်တ မရဘူးပေါ့"

+

ယန်ရှင်းဟီက အချက်အလက် ကျစွာဖြင့် ပြန်ပြောလိုက်သည်။ "ငါက ဘာဖြစ်လို့ နောင်တရရမှာလဲ… ငါက ဘာမှ မှားယွင်းစွာ လုပ်ခဲ့တယ်လို့ ငါမထင်ဘူး"

ရှောင်ယန်သည် သူ့အား ထူးခြားသည့် အကြည့်ဖြင့် ကြည့်၍ ပြောလိုက်သည်။ "တကယ်လို့ ချီယန် သူတော်စင်ဟာ ပိုင်ယွင်တောင်ကနေ မထွက်ခွာပဲ အဲ့ဒီအစား ခင်ဗျားကို မောင်းထုတ်ခဲ့မယ် ဆိုရင် ဘာဖြစ်လာခဲ့မယ်လို့ ခင်ဗျား ထင်သလဲ"

ယန်ရှင်းဟီက ငြိမ်သက်သွား၏။

+

ဝန်ချီယန်သည် ပိုင်ယွင်တောင်မှ ထွက်ခွာသွားအပြီးတွင် ဟင်းလင်းပြင် ဘုရားကျောင်းသည် ဘာမှ မလုပ်ခဲ့သော်လည်း ဂိုဏ်းအတွင်းတွင် အတွင်း ပဋိပက္ခများစွာ ပေါ်ပေါက်ခဲ့သည်။

ဝန်ချီယန်၏ တိမ်တိုက်မိစ္ဆာနှင့် ပေါင်းဖော်မှုမှာ အငြင်းပွားစရာ ဖြစ်နေသော်လည်း သူ့တွင် ထောက်ခံသူပေါင်း မြောက်မြားစွာ ရှိသည်။ အကယ်၍ ဝန်ချီယန်သည် ယန်ရှင်းဟီနှင့် သူ၏ ထောက်ခံသူများအား မောင်းထုတ်ရန် ကြိုးစားခဲ့ပါက ခက်ခဲလိမ့်မည် မဟုတ်ချေ။ အန္တိမ ကောင်းကင်ကြေးမုံကလည်း ကြားနေဝါဒကိုသာ ကျင့်သုံးဖို့ များသည်။

ထို့အပြင် အန္တိမ ကောင်းကင်ကြေးမုံသည် အပြည့်အဝ ပြန်လည် မကောင်းမွန်သေးသဖြင့် အကယ်၍ သူသည်

+

ယန်ရှင်းဟီဘက် နေခဲ့လျှင်ပင် ဝန်ချီယန်က အနိုင်ရလိမ့်မည် ဖြစ်သည်။

သို့သော်လည်း အကယ်၍ ပဋိပက္ခသည် ဤအဆင့်သို့ တိုင်အောင် ရောက်သွားပါက ဟင်းလင်းပြင် ဘုရားကျောင်းသည် ပြန်လည် ပြုပြင်၍ မရနိုင်အောင် နှစ်ခြမ်းကွဲသွားမည် ဖြစ်သည်။

နောက်ဆုံးတွင် ဝန်ချီယန်သည် ပဋိပက္ခ မဖြစ်ရလေအောင် သူ့ကိုယ်သူ ထွက်သွားရန်သာ ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် သူသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲတွင် ပါဝင် တိုက်ခိုက်ဦးမည်ဟု ကတိ ပေးထားခဲ့သေးသည်။

+

အချိန်အတန်ကြာ ငြိမ်သက်သွားပြီးမှ ယန်ရှင်းဟီက ပြောလိုက်သည်။ "စီနီယာဝမ်က အဲ့ဒီလို လုပ်မှာ မဟုတ်ဘူး… သူ့ရဲ့ နှလုံးသား အတွင်းမှာ နတ်ဘုရား နယ်မြေဟာ အရေးအကြီးဆုံး အရာပဲ… ဒါက ငါတို့ဂိုဏ်းအတွင်းက လူတွေအားလုံး ယုံကြည်နေတဲ့ အရာပဲ… သူက တိမ်တိုက်မိစ္ဆာနဲ့ ပတ်သတ်ပြီးမှ မှားယွင်းတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချမိတာ"

ရှောင်ယန်က အေးစက်စွာဖြင့် ရယ်ရမ်းသွေးလိုက်သည်။ "ခင်ဗျားပြောတာ မှန်တယ်… သူက ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ သူ့ရဲ့ တပည့်များစွာတို့ကို ဂရုစိုက်နေတယ်… ဒါကြောင့် သူက အဆုံးစွန် ဧကရာဇ်နဲ့ တိုက်ခိုက်နေတဲ့ အချိန်မှာ ခင်ဗျားကို အန္တိမ ကောင်းကင်ကြေးမုံကို အသုံးပြုပြီးမှ တိမ်တိုက်မိစ္ဆာကို ရှုဧကရာဇ် အတွက် မရှာပေးဖို့ တောင်းဆိုခဲ့တယ်"

+

"သူက ခင်ဗျားနဲ့ ရှကေရာဇ်တို့ အကြားမှာ အငြင်းပွားမှာ စိုးလို့ ခင်ဗျားထံက ကာကွယ်မှုကိုတောင် မတောင်းခံခဲ့ဘူး"

"တကယ်လို့ ခင်ဗျားက တိမ်တိုက်မိစ္ဆာကို မရှာပေးခဲ့ဘူး ဆိုရင် ခင်ဗျားနဲ့ ရှကေရာဇ်တို့ အကြားက ဆက်ဆံရေးက တကယ်ပဲ ဆိုးရွားသွားမှာလား... ကျုပ်ကတော့ ဒီလို မထင်ဘူး... အန္တိမ ကောင်းကင်ကြေးမုံဟာ တိမ်တိုက်မိစ္ဆာကို ရှာမတွေ့ဘူးလို့ ပြောလိုက်ရင် ရှကေရာဇ်ဟာ တကယ်ပဲ အတင်းအကျပ် တောင်းဆိုမှာလား"

"ရှကေရာဇ်က သူ့ရဲ့ သားသမီးတွေကို ချစ်မြတ်နိုးပေမဲ့ သူဟာ ဒီအတွက်နဲ့ တကယ်ပဲ ဟင်းလင်းပြင် ဘုရားကျောင်းကို ဆန့်ကျင်မှာလား... တကယ်လို့ ခင်ဗျားက ကာကွယ်ပေးချင်ရင် ဖြစ်နိုင်တာပဲ"

+

ယန်ရှင်းဟီက မငြင်းဆန်ခဲ့ပဲ သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "မိစ္ဆာက ဘာပဲပြောပြော မိစ္ဆာပဲ... ဖြစ်နိုင်တဲ့ ခြိမ်းခြောက်မှုတွေကို ကြိုပြီးမှ ရှင်းထားတာ အကောင်းဆုံးပဲ"

ရှောင်ယန်က သူ့ကိုကြည့်၍ ပြောလိုက်သည်။ "မီးတောက်နဲ့ ရေခဲတို့ဟာ ဆေးမီးဖို တစ်ခုတည်းမှာ အတူတကွ မနေနိုင်ဘူး... ကျုပ်တို့အကြားမှ ဆွေးနွေးစရာ ဘာမှ မရှိနိုင်ဘူး... ခင်ဗျားက လျှောက်ပြောနေရတာ ကြိုက်တဲ့ပုံ မပေါ်သလို တခြားသူတွေရဲ့ အထင်အမြင်ကိုလည်း ဂရုစိုက်နေတဲ့ပုံ မပေါ်ဘူး... ဒါဆိုရင် ဘာဖြစ်လို့ ခင်ဗျားက ကျုပ်ကို ဒီလောက်အများကြီး ပြောနေတာလဲ"

+

## စာစဥ် ၇၃ : အပိုင်း ၁၁

## အပိုင်း ၁၄၂၁ : နောက်ဆုံးတိုက်ခိုက်ခြင်း

ရှောင်ယန်သည် ယန်ရှင်းဟီအား တည်ငြိမ်စွာ ကြည့်နေရင်း ပြောလိုက်သည်။ "ခင်ဗျားရဲ့ မျက်လုံးတွေ အတွင်းမှာ ခင်ဗျားဟာ သန့်စင်ပြီး အပြစ်ကင်းတဲ့ပုံ ပေါက်နေတယ်... ခင်ဗျား လုပ်ခဲ့တဲ့ အရာအားလုံးဟာ အများကောင်းဖို့ ဖြစ်တဲ့အတွက်ကြောင့် ခင်ဗျားက အမှားလုပ်ခဲ့တယ်လို့ တစ်ခါမှ မခံစားရဖူးဘူး... ဒါပေမဲ့ ဒါတွေက ခင်ဗျားရဲ့ မျက်လုံးတွေ အတွင်းမှာပဲ"

"ကျုပ်က ဘာကို တွေ့ခဲ့သလဲ... ကျုပ်က အမြင်ကျဥ်းပြီး အေးစက်ကာ စကားကောင်းကောင်း ပြောတတ်ပေမဲ့

+

အလွန်အမင်း တကယ်ကောင်းဆန်ပြီး တုံးအတဲ့
လူတစ်ယောက်ကိုပဲ မြင်တယ်"

ရှောင်ယန်က အေးစက်စွာဖြင့် ပြောလိုက်သည်။
"ကျုပ်တို့ရဲ့ လမ်းကြောင်းတွေက မတူညီတဲ့ အတွက်
ကျုပ်တို့ အကြားမှာ ပြောစရာ စကားလည်း သိပ်မရှိဘူး"

"ငါက ဒီကမ္ဘာ အတွင်းကနေ မကြာခင်မှာ လုံးဝ
ထွက်သွားရတော့မှာ... နည်းနည်းပြောပြော...
များများပြောပြော ငါ့အတွက် ဘာမှ မထူးဘူး"
ယန်ရှင်းဟီက ရှောင်ယန်အား ကြည့်၍
ဆက်ပြောလိုက်သည်။ "ဒါတွေကို ပြောနေရတာဟာ
ငါက အချက်တစ်ချက်ကို အတည်ပြုချင်နေလို့ပဲ"

+

"မင်းနဲ့ မင်းဆရာတို့က ဘာတွေ လုပ်နေသလဲ ဆိုတာကို ငါသိတယ်... ရွှမ်တုန်း သူတော်စင်က ငါ့ကို အကုန် ပြောပြထားတယ်... မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ စီနီယာဝမ်ထက်တောင် ပိုပြီးမှ အန္တရာယ် များတယ်... မင်းနဲ့ စကားပြော အပြီးမှာ ငါက ပိုပြီးမှ သေချာသွားတယ်"

ရှောင်ယန်က အေးစက်စွာဖြင့် ပြုံး၍ ပြန်ပြောလိုက်သည်။ "ဒါကြောင့်မို့ မီးတောက်နဲ့ ရေခဲဟာ ဆေးမီးဖို တစ်ခုတည်းမှာ မနေနိုင်ဘူးလို့ ကျုပ်က ပြောတာပေါ့"

ယန်ရှင်းဟီသည် အလွန်အမင်း အားနည်းနေခဲ့ပြီ ဖြစ်သည်။ သူသည် သူ၏ လက်ဝါးအစုံအား စုစည်းလိုက်ကာ ဘာမှ မပြောပဲ ရှောင်ယန်ကိုသာ တည့်တည့် စိုက်ကြည့်နေခဲ့သည်။

+

ရှောင်ယန်က သူ၏ မျက်မှောင်များကို ကြုတ်၍ ပြောလိုက်သည်။ "ခင်ဗျားက ဆက်ပြီးမှ တိုက်ခိုက်ချင်နေသေးတာလား... ကျုပ်က ခင်ဗျားကို ဘာမှတောင် လုပ်စရာ မလိုပဲ ခင်ဗျားက လေအတွင်းက ဖုန်မှုန့်လိုမျိုး မကြာခင်မှာ ကွယ်ပျောက်သွားတော့မှာ... ဒါ့အပြင် ကျုပ်တို့ဟာ အရင်က တိုက်ခိုက်ခဲ့ဖူးတယ်... ငရဲကမ္ဘာ ပင်လယ်အတွင်းမှာ ခင်ဗျားက ကျုပ်ရဲ့ ပြိုင်ဘက် မဟုတ်ဘူး"

"ကျုပ်မှာ အိမ်ကွင်း အားသာချက် ရှိနေပြီး ကျုပ်က အားအကောင်းဆုံး အခြေအနေမှာ ရှိနေတယ်... ခင်ဗျားကတော့ အထွတ်အထိပ် အခြေအနေမှာ ရှိမနေဘူး... ဒီအချက်တွေက မှန်ပေမဲ့ ခင်ဗျားဟာ ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်လို့ အင်မော်တယ်ဝိညာဉ် ဒုတိယ

+

အဆင့်က ကျုပ်ဟာ ခင်ဗျားကို တိုက်ခိုက်တာဟာ အခွင့်ကောင်းယူတယ်လို့ ပြောလို့မရဘူး"

ယန်ရှင်းဟီက အနည်းငယ် ပြုံး၍ ပြောလိုက်သည်။ "မင်းက တိုက်ခိုက်တော့မှာကို ငါက အာရုံခံနိုင်ခဲ့တယ်… မင်းဆီမှာ စီနီယာဝမ်ရဲ့ ယန်ကိုးမျိုး မြင့်မြတ်သော အလင်းတန်း ရှိတယ်"

သူသည် ပြုံးနေသော်လည်း ပျော်ရွှင်နေသည့် အရိပ်အယောင် တစ်ခုမှ မရှိသလို နွေးထွေးမှုလည်း မရှိချေ။ သူသည် စကျင်ကျောက်ပြား တစ်ချပ်ကဲ့သို့ အေးစက်နေခဲ့သည်။

ရှောင်ယန်သည် သူ့အား ကြည့်လိုက်ကာ သူ၏ အကြည့်က အေးစက်သွားသည်။ ယန်ရှင်းဟီသည်

+

အမှုမထားပဲ ပြောလိုက်သည်။ "ဒီလိုဆိုတော့ စီနီယာဝမ်ရဲ့ နာမည်ကြီး ယန်ကိုးမျိုး မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို အသုံးပြုပြီးမှာ ငါ့ကို အပြတ်ရှင်းလိုက်ပါလား... ဒါက မင်းကို ပျော်ရွှင်စေနိုင်မယ် မဟုတ်လား... ဒါက ငါနဲ့ ထိုက်တန်တဲ့ အရာ မဟုတ်လား"

ရှောင်ယန်သည် ရုတ်တရက် ပြုံးကာ ပြောလိုက်သည်။ "ခင်ဗျားက နတ်ဆိုးဝိညာဉ် အဖြစ်ကို ပြောင်းသွား အပြီးမှာ တခြား အကွက်တွေ ရှိနိုင်သေးတာလား"

"ခင်ဗျားက သာလွန်ကောင်းကင် မှော်ကျိန်စာကို သေချာပေါက် တတ်မှာ မဟုတ်ဘူး... ကျုပ်က ဟင်းလင်းပြင် ဘုရားကျောင်းမှာ တခြား မှော်ကျိန်စာတွေ ရှိသေးလားကို မသိပေမဲ့ ခင်ဗျားရဲ့ လက်ရှိ အခြေအနေနဲ့ သူ့ကို အသုံးပြုနိုင်မှာ မဟုတ်ဘူး"
+

"ကျုပ်ကို တိုက်ခိုက်ဖို့ လှုံ့ဆော်နေတဲ့ အတွက် ခင်ဗျားဟာ ကျုပ်ကို ခင်ဗျားနဲ့ အတူတကွ ဆွဲခေါ်သွားဖို့ ကြိုးစားနေတာပဲ ဖြစ်မယ်… ခင်ဗျားက ကျုပ်ကို ဖျက်ဆီးချင်နေသလို ကျုပ်တို့ဂိုဏ်းရဲ့ ငရဲကမ္ဘာ ပင်လယ် အပေါ်က ထိန်းချုပ်မှုကို ဖျက်ဆီးဖို့ ကြိုးစားနေတာပဲ… ခင်ဗျားရဲ့ နောက်ဆုံး အချိန်မှာတောင် ခင်ဗျားက တစ်စုံတစ်ခု ကြီးကြီးမားမား လုပ်ချင်နေပြီး ကျုပ်တို့ဂိုဏ်းကို အားနည်းအောင် လုပ်လိုနေတယ်… ဒါမှသာ ခင်ဗျားက စိတ်ဖြောင့်ဖြောင့်နဲ့ သေနိုင်မှာပေါ့"

ယန်ရှင်းဟီသည် ရှောင်ယန်အား ကြည့်နေပြီး သူ၏ အပြုံးသည် ပို၍ ကြည်လင်လာသည်။

+

သူသည် သူ့ပတ်ပတ်လည်မှာ ရေကမ္ဘာ ပင်လယ်အား ကြည့်လိုက်ကာ ကောင်းကင်အတွင်းသို့ ကြည့်နေရင်း ဂရုမစိုက်သည့်ပုံဖြင့် ပြောလိုက်သည်။ "ပါရမီ အရဆိုရင် ငါက စီနီယာ၀မ်ကို မယှဉ်နိုင်ဘူး… ငါက သာလွန်ကောင်းကင် မှော်ကျိန်စာကို မလေ့ကျင့်နိုင်ပဲ ငါ့ဘာသာငါ လေ့လာခဲ့ရတယ်… ငါက အနည်းငယ် တိုးတက်ခဲ့ချိန်မှာ ရွှမ်တုန်း သူတော်စင်နဲ့ တိုက်ခိုက်ခဲ့ရလို့ ငါ့ဂိုဏ်းကို မပေးနိုင်ခဲ့ဘူး"

"ဒါပေမဲ့ ငါက ဒီတီထွင်မှုကို ပြီးခဲ့တဲ့ နှစ်ပေါင်းများစွာက အဆုံးသတ်နိုင်ခဲ့တယ်… ဒါက ငါ့အပိုင်ဖြစ်ပြီး ငါရှိနေမှန်း မဖော်ပြခဲ့ရင် ရွှမ်တုန်း သူတော်စင်က သေခြင်းနဲ့ ရှင်ခြင်း ရေကမ္ဘာ တာအိုသစ်သီးကို သုံးခဲ့ရင်တောင် ငါ့ကို အသုံးပြုအောင် မလုပ်နိုင်ဘူး"

+

"အခုအချိန်မှာ တာအိုသစ်သီးက မရှိတော့တဲ့ အတွက် ငါက သူ့ကို ထပ်ဖန်တစ်ခါ အသုံးပြုလို့ ရသွားပြီ"

ယန်ရှင်းဟီက ပွင့်လင်းစွာပင် မေးလိုက်သည်။ "မင်းက တိုက်ခိုက်ဖို့ ဆန္ဒရှိသလား"

ရှောင်ယန်က သူ့အား ကြည့်နေရင်း သူ၏ အပြုံးသည် ပိုတောက်ပလာသော်လည်း သူ၏ အကြည့်မှာ အေးစက်နေဆဲ ရှိသေးသည်။ "ဘာဖြစ်လို့ မတိုက်ရမလဲ"

မင်းကငါ့ကို မင်းနဲ့အတူ ဆွဲခေါ်သွားချင်နေတဲ့ မဟုတ်တဲ့ အကြံအစည်တွေ ရှိမှန်းကို သိနေပေမဲ့ ငါက မကြောက်ဘူး။

+

ရှောင်ယန်၏ အပြုံးသည် မှေးမှိန်သွား၍ သူ၏ အကြည့်က အေးစက်လာ၍ သာမန်သာ ပြောလိုက်သည်။ "ကျုပ်က ခင်ဗျားကို အခွင့်အရေး ပေးပြီးမှ ခင်ဗျား ဘာလုပ်နိုင်သလဲ ဆိုတာကို ကြည့်လိုတယ်… ကျုပ်က ခင်ဗျားကို မနှစ်သက်ပေမဲ့ ခင်ဗျားဟာ ကျုပ်ရဲ့ စီနီယာ ဖြစ်တဲ့ အတွက်ကြောင့် ခင်ဗျားကို လေးစားတဲ့ သဘောလို့ သတ်မှတ်နိုင်တယ်"

ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် သူသည် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို မသုံးသလို ကပ်ဘေး၏ စွမ်းအားများကိုလည်း မသုံးခဲ့ပဲ ယန်ရှင်းဟီထံသို့ ပျံသန်း လာခဲ့သည်။

ယန်ရှင်းဟီ၏ အမူအရာသည် တည်ငြိမ်လျက်ပင် ရှိသေးကာ မကြောက်နေခဲ့ပေ။ ရှောင်ယန်သည် ဘာပဲ လုပ်ချင်နေပါစေ သူက ဂရုမစိုက်နေပေ။ သူ့ဘဝ၏

+

နောက်ဆုံးအချိန်တွင် သူသည် တိုက်ခိုက်ရင်း
သေဆုံးရသည်မှာ လုံလောက်နေပေပြီ။

ရှောင်ယန် အနားကပ်လာသည်ကို ကြည့်နေရင်း
ယန်ရှင်းဟီ၏ ရင်အတွင်းမှ တုန်ခါလာခဲ့သည်။

ယုံကြည်ချက် အပြည့်နှင့် ထိုလူငယ်အား ကြည့်နေရင်း
သူသည် ရင်းနှီးနေသော လူတစ်ယောက်ကို
မြင်ခဲ့ရသည်။

ဟောင်းနွမ်းနေသော အညိုရောင် ဝတ်စုံကို
ဝတ်ဆင်ထားကာ အကြောက်အရွံ့ ကင်းမဲ့၍
မောက်မာသော သူ၏ ရယ်သံသည် လွန်စွာ
ဝေးကွာသော တစ်နေရာမှ လာနေပုံ ပေါက်နေ၍
သူ့အနားသို့ ချဉ်းကပ်လာခဲ့သည်။

+

ယန်ရှင်းဟီသည် အာရုံကို စုစည်းလိုက်ရာ ထိုမှတ်ဉာဏ်သည် သူ၏ စိတ်အတွင်းမှ ပျောက်သွားခဲ့၍ ကျန်နေခဲ့သည်မှာ ရှောင်ယန်သာ ဖြစ်သည်။

ရှောင်ယန်သည် သူ့အနားသို့ ချဉ်းကပ်လာသော အခါ သူ့ခန္ဓာကိုယ် အပေါ်မှ မီးတောက်များသည် စတင်၍ ပုံ့နှံ့လာခဲ့သည်။ သူ၏ အရွယ်အစားသည် ကြီးမားလာ၍ နောက်ဆုံးတွင် သူသည် မီတာသုံးဆယ်ကျော် ကြီးမားသော မီးနတ်ဘုရား တစ်ပါး အသွင်သို့ ပြောင်းသွားပြီး ယန်ရှင်းဟီအား တည့်တည့် ကြည့်နေခဲ့သည်။

သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်ရာ မီးတောက်များသည် သူ့အပေါ်တွင် ဖြည်းဖြည်းချင်း

+

စုစည်းလာ၍ နောက်ဆုံးတွင် မီးတောက်ကြာပန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကာ သူ့လက်ဝါး အပေါ်တွင် ကခုန်နေခဲ့သည်။

ထိုမီးတောက်ကြာပန်းသည် ကြောက်မက်ဖွယ်ရာ မကောင်းပဲ ကြည့်၍ ကောင်းလှကာ သူ့တွင် အလွှာခြောက်လွှာ ရှိသည်။ အောက်ဆုံးအလွှာသည် အစိမ်းရောင် ဖြစ်၍ မြေကြီးကဲ့သို့ သိပ်သည်းသည်။ ထိုမီးတောက်သည် ကခုန်မနေပဲ သူ့ကို မြင်ခဲ့ရသော သူများသည် သူက မည်မျှ လေးလံသည်ကို ခံစားခဲ့ရသည်။

ထိုအစိမ်းရောင် မီးတောက် အပေါ်တွင် သန့်စင်သော ရွှေရောင် မီးတောက်များက တောက်လောင်နေ၍ အလင်းတန်း များစွာတို့အား ထုတ်လွှတ်နေခဲ့သည်။ သူတို့သည် နေမင်းကဲ့သို့ တောက်ပကာ သူ့အား

+

ကြည့်နေခဲ့ရခြင်းသည် နေမင်းအား တည့်တည့် ကြည့်နေရသကဲ့သို့ ဖြစ်သည်။

ရွှေရောင် မီးတောက်၏ အပေါ်တွင် အနက်ရောင် မီးတောက်တစ်ခု ရှိနေသည်။ သူသည် အနက်ရောင် မီးခိုးငွေ့များ၏ ဝန်းရံခြင်းကို ခံနေရသကဲ့သို့ ဖြစ်နေပြီး သူ့ထံမှ အစွမ်းထက်သော ကြောက်မက်ဖွယ်ရာ နတ်ဆိုး အရှိန်အဝါကို ခံစားနေရသည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့အား ဝါးမျိုနိုင်စွမ်း ရှိနေသကဲ့သို့ ဖြစ်သည်။

အနက်ရောင် ပွင့်ချပ်များ၏ အပေါ်တွင် နို့နှစ်ဖြူရောင် ပွင့်ချပ်များကို တွေ့နေနိုင်သည်။ သူတို့သည် သန့်စင်သော ယန်စွမ်းအင်များဖြင့် ပြည့်ဝနေကာ အဖြူရောင် ပွင့်ချပ်များ အပေါ်တွင် ရွှေရောင် အစက်လေးများကို တွေ့နိုင်သည်။ သူတို့ထံမှ အနီနှင့် အပြာရောင် အလင်းတန်းများကို ထုတ်လွှတ်နေသည်။

+

ဤမီးတောက်၏ အလယ်တွင် အနီရောင် အစက်အချို့ကို တွေ့နေနိုင်သည်။ အနီရောင်သည် ကျောက်မျက် တစ်ခုကဲ့သို့ သန့်စင်၍ ကြည်လင်လှသည်။ သူသည် ဆွဲဆောင်နိုင်စွမ်း အားကောင်းကာ တစ်ယောက်၏ ဝိညာဉ်သည် သူ့အတွင်း၌ ကူရာမဲ့စွာ အချုပ်နှောင် ခံနေရသည်ဟု ခံစားနေရသည်။

မီးတောက်ကြာပန်း တစ်ခုလုံးမှ နေ၍ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုအား ထုတ်လွှတ်နေခြင်း မရှိသော်လည်း ယန်ရှင်းဟီ၏ အမူအရာသည် မည်းမှောင်လာခဲ့သည်။

သူ၏ အကြံသည် မည်သို့ပင် ဖြစ်စေကာမူ သူ၏ ပြိုင်ဘက်အား လျှော့တွက်၍မရဟု သူက သိနေခဲ့သည်။

+

သေးငယ်သော ကြာပန်းအတွင်းတွင်
ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုကို
သယ်ဆောင်ထားခဲ့သည်။

ဤကြာပန်းသည် ရှောင်ယန်က သေမင်းဧကရာဇ်အား
တိုက်ခိုက်ခဲ့သော အခါ အသုံးပြုခဲ့သည့် အရောင်ငါးမျိုး
ကြာပန်းထက် များစွာပို၍ အစွမ်းထက်သည်။

ရှောင်ယန်သည် သူ၏ လက်ချောင်းများဖြင့် ညင်သာစွာ
ပုတ်လိုက်ရာ ကြောက်မက်ဖွယ်ရာ အရောင်ခြောက်မျိုး
ကြာပန်းသည် ယန်ရှင်းဟီထံသို့ တည့်တည့်
ဝင်ရောက်လာသည်။ သူ့အား ရှောင်တိမ်းရန်
မဖြစ်နိုင်သလို လွှဲဖယ်၍လည်း မရချေ။

+

ယန်ရှင်းဟီသည် အသက်ပြင်းပြင်း တစ်ချက်
ရှူလိုက်ကာ သူ၏ လက်ဝါးများကို သူ့ရင်ဘတ်
အရှေ့တွင် အတူတကွ စုစည်းလိုက်၍ ထူးခြားသော
မှော်သင်္ကေတ တစ်ခုကို ထုတ်ဖော်လိုက်သည်။

ဖြည်းဖြည်းချင်း လွင့်ပြယ်နေသော သူ၏ အင်မော်တယ်
ဝိညာဉ်သည် ချက်ချင်းပင် ကြောက်မက်ဖွယ်ရာ
စွမ်းအားများဖြင့် ပေါက်ကွဲထွက်လာခဲ့၍ တာအိုသစ်သီး
နှစ်လုံး ပေါ်လာခဲ့သည်။ တစ်လုံးမှာ တစ်ခြမ်းဖြူ၍
တစ်ခြမ်းနက်နေပြီး ကျန်တစ်လုံးမှာ နူးညံ့ သိမ်မွေ့နေ၍
သူတို့သည် တာအိုသစ်သီး တစ်လုံးတည်း အဖြစ်သို့
ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့သည်။

တောက်ပသော ထိုအလင်းတန်း ဘောလုံးမှ နေ၍
အလင်းတန်း တစ်တန်း ထွက်ပေါ်လာကာ ဟင်းလင်းပြင်
အတွင်း၌ ရုပ်ပုံတစ်ခုကို စတင်၍ ရေးဆွဲလိုက်သည်။
+

အလင်းတန်း တစ်တန်းစီ အတွင်း၌ လေဟာနယ်များ ရှိနေသော်လည်း ရှောင်ယန်သည် သူက အကျဥ်းထောင် တစ်ခုအတွင်းတွင် အချုပ်နှောင်ခံနေရသည်ဟု ခံစားနေရကာ ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးက အကျဥ်းထောင် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

သူနှင့် ငရဲကမ္ဘာတို့ အကြားမှ ဆက်သွယ်မှုသည် နက်ရှိုင်းသော်လည်း သူသည် ရုတ်တရက်ပင် ယန်ရှင်းဟီနှင့် သူသည် လေဟာနယ် တစ်ခုတည်းတွင် အချုပ်နှောင်ခံနေရသည်ဟု ခံစားခဲ့ရသည်။

အကြွင်းမဲ့ သွေးမြစ်ရေနှင့် ငရဲကမ္ဘာ အကြွင်းမဲ့ရေ တို့သည် သူ့လှောင်အိမ်၏ သံတိုင်များ အဖြစ်သို့ ပြောင်းသွားခဲ့ကာ ငရဲကိုးလွှာ လေပြင်းနှင့် အဝီစိ

+

ငရဲမုန်တိုင်းတို့က သံကြိုးများ ဖြစ်သွားကြသည်။
ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့က
သော့များအဖြစ်သို့ ပြောင်းသွားကြသည်။

သူတို့သည် အတူတကွပင် ရောမ လှောင်အိမ်တစ်ခုအား
ဖန်ဆင်းခဲ့ကာ ရှောင်ယန်အား သားရဲတစ်ကောင်ကဲ့သို့
လှောင်အိမ်အတွင်းတွင် ချုပ်နှောင်ထားခဲ့သည်။

ရုတ်တရက်ပင် ရှောင်ယန်သည် သူနှင့် ပြင်ပမှ
စွမ်းအင်တို့ အကြားမှ ဆက်သွယ်မှုသည်
ဖြတ်တောက်ခြင်း ခံခဲ့ရသည်ဟု ခံစားခဲ့ရသည်။

+

သူက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူသည်လည်း ဤကဲ့သို့ ပြုလုပ်နိုင်စွမ်း ရှိသဖြင့် ဤမှော်ကျိန်စာကို သူသိနေပေသည်။

ကောင်းကင်လျှောင်အိမ် မှော်အင်းကွက်။

ဤမှော်ကျိန်စာသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ သီးသန့် မှော်ကျိန်စာ ဖြစ်ပြီး သူ့အား ကျင့်ကြံရန် မခက်ခဲပေ။ တစ်ယောက်သည် ရွှေရောင်ဗဟိုချက် အဆင့် သို့မဟုတ် အခြေခံအုတ်မြစ် အဆင့်နှင့် ချီသာဝက အဆင့်တွင်ပင် ကျင့်ကြံနိုင်ပေသည်။ ဤမှော်ကျိန်စာသည် ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှ တပည့်အများစု ပထမဆုံး သင်ကြားရသည် မှော်ကျိန်စာ တစ်ခုလည်း ဖြစ်သည်။

+

သို့သော်လည်း ကောင်းကင်လျှောင်အိမ် မှော်အင်းကွက်တွင် ထူးခြားသော အချက်တစ်ချက် ရှိသည်။ ထိုအရာမှာ သူ၏ အလားအလာက အကန့်အသတ် မရှိခြင်း ဖြစ်သည်။ ချီသာဝက အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က သူ့အား အသုံးပြုလိုက်သော အခါ အကျိုးသက်ရောက်မှု တစ်မျိုး ရှိနိုင်သည်။ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်က အသုံးပြုခဲ့သော အခါတွင် အကျိုးသက်ရောက်မှုမှာ ကြီးမားစွာ ခြားနားသွားပေသည်။

ယန်ရှင်းဟီ၏ လက်အတွင်းတွင် ရှောင်ယန်သည် ထိုခြားနားမှုအား ခံစားရနိုင်ပေသည်။

သို့သော်လည်း အကယ်၍ ထိုအရာသည် ကောင်းကင်လျှောင်အိမ် မှော်အင်းကွက် သက်သက်သာ

+

ဆိုပါက ရှောင်ယန်အနေဖြင့် လုံးဝကို ဂရုစိုက်နေမည် မဟုတ်ချေ။

သူ့အနေဖြင့် သူ၏ အရောင်ခြောက်မျိုး မီးတောက်ကြာပန်းသည် အရာအားလုံးကို ဖျက်ဆီးနိုင်စွမ်း ရှိသည်ဟု ယုံကြည်နေသည်။

ယန်ရှင်းဟီကလည်း ဤအကြောင်းကို ကောင်းကောင်းသိနေကာ သူ့တွင် အခွင့်အရေး တစ်ခုသာ ရှိမှန်းကို သဘောပေါက်နေသည်။ ရှောင်ယန်၏ မီးတောက်ကြာပန်းအား တွေ့ခဲ့သော အခါ သူ၏ လက်ရှိ အခြေအနေဖြင့် သူသည် သူ၏ တာအိုသစ်သီး ပျက်စီးသွားကာ လွင့်ပြယ်သွားမည် သို့မဟုတ် ရှောင်ယန်၏ ချက်ချင်း ဖျက်ဆီးခြင်းကို ခံခဲ့ရမည်ဟု သိနေခဲ့သည်။

+

သူလုပ်ဆောင်နိုင်ရန် မျှော်လင့်နေသည်မှာ ရှောင်ယန်အား တစ်ချိန်တည်းတွင် သတ်ဖြတ်နိုင်ရန် သို့မဟုတ် သူနှင့် ငရဲကမ္ဘာ ပင်လယ် အကြားမှ ဆက်သွယ်မှုအား ဖြတ်တောက်နိုင်ရန် ဖြစ်သည်။

ယန်ရှင်းဟီ၏ စူးရှသော မျက်လုံးများ အတွင်းတွင် ရှောင်ယန်၏ စွမ်းအားများသည် ထူးချွန် ပြောင်မြောက်လှသော်လည်း ငရဲကမ္ဘာ ပင်လယ်နှင့် ကပ်ဘေးတို့၏ စွမ်းအားများ မရှိလျှင် သူသည် ဗီပရာလိုပါ အဆင့်မှ လူသား ကျင့်ကြံသူ တစ်ယောက်နှင့်သာ တူနေသည်။

ခံစစ်စွမ်းအင် မကောင်းသော ကျင့်ကြံသူ တစ်ယောက် ဖြစ်သည်။

+

သူသည် ဖျက်ဆီးခြင်းနှင့် ပြန်လည် မွေးဖွားခြင်းတို့၏ သဘောတရားများကို သိနေခဲ့သော်လည်း သူသည် သေမင်းဇကေရာဇ်ကဲ့သို့ ပြန်လည် ရှင်သန်လာရန် တတ်နိုင်မည် မဟုတ်ချေ။

ဤအရာသည် သူ၏ အခွင့်အရေး ဖြစ်သည်။ သူ့ဘဝ၏ နောက်ဆုံးအချိန် ဖြစ်သည်။ သူ့အနေဖြင့် ဤအရာကို ကြိုးစားမှ ရမည်။

ယန်ရှင်းဟီသည် သူ၏ လက်ဝါးများကို အတူတကွ စုစည်းလိုက်ရာ သူ့အရှေ့မှ အလင်းတန်း ဘောလုံးက ပျောက်ကွယ်သွားသည်။ ဤအချိန်တွင် ရှောင်ယန်နှင့် သူ့အား ဝန်းရံထားသော ကောင်းကင်လှောင်အိမ် မှော်အင်းကွက်သည် စတင်၍ ပြင်းထန်စွာဖြင့်

+

တုန်ခါလာကာ နောက်ဆုံးတွင် ရှောင်ယန်ထံသို့ တည့်တည့် ပြိုကျလာသည်။

သူပြိုကျလာသော အခါ တာအို၏ ပြိုကျမှုနှင့် တူနေခဲ့ကာ အရာအားလုံးတို့သည် ကမ္ဘာ ပျက်နေသကဲ့သို့ ဖြစ်နေခဲ့သည်။

သို့သော်လည်း ရှောင်ယန် အပါအဝင် အားလုံးတို့၏ ရင်အတွင်းတွင် ထိတ်လန့်စေခဲ့သည်မှာ သူ့အတွင်း၌ ကမ္ဘာတစ်ခု ရှိနေသကဲ့သို့ ဖြစ်နေခြင်း ဖြစ်သည်။ သူ့အနားမှ ကမ္ဘာက ပြိုကျသွားခဲ့သော အခါ သူ့အတွင်းမှ ကမ္ဘာကလည်း ရပ်တန့်၍ မရပဲ ထိန်းချုပ်မှု ကင်းမဲ့စွာဖြင့် ပျက်စီးလာခဲ့လေသည်။

+

သူ့အနေဖြင့် ပြင်ပမှ တိုက်ခိုက်မှုများကို
ကာကွယ်နိုင်စွမ်း ရှိသော်လည်း အကယ်၍
တိုက်ခိုက်မှုသည် အတွင်းမှ လာခဲ့လျှင် သူ့အား
မည်ကဲ့သို့ ခုခံရမည်နည်း။

ကြောက်မက်ဖွယ်ရာ ဤမှော်ကျိန်စာသည်
ဟင်းလင်းပြင် ဘုရားကျောင်း၏ အခြား
တိုက်ခိုက်မှုများနှင့် ကွဲပြားနေသည်။ ဤအချိန်တွင်
သူသည် ကြောက်မက်ဖွယ်ရာ စွမ်းအားများဖြင့်
ပေါက်ကွဲတော့မည် ဖြစ်ကာ ရှောင်ယန်အား
သူထိန်းချုပ်ထားသော ငရဲကမ္ဘာ ပင်လယ် အတွင်းတွင်
မြှုပ်နှံနေလိုသည်။

ယန်ရှင်းဟီသည် အရောင်ခြောက်မျိုး
မီးတောက်ကြာပန်းအား ကြည့်မနေတော့ပဲ
ရှောင်ယန်ကိုသာ တည့်တည့် စိုက်ကြည့်နေလေသည်။
+

# စာစဉ် ၇၃ : အပိုင်း ၁၂

## အပိုင်း ၁၄၂၂ : အလှာခြောက်လှာ ကောင်းကင်မီးတောက် ကြာပန်း

ယန်ရှင်းဟီ၏ တိုက်ခိုက်မှုသည် ကောင်းကင်လောင်အိမ် မှော်အင်းကွက် ဖြစ်သော်လည်း သူ၏ ဖျက်ဆီးနိုင်စွမ်းနှင့် ခက်ထန်မှုများသည် ကမ္ဘာအတွင်းမှ ကျန်သော မှော်ကျိန်စာများနှင့် အလွန် ကွဲပြားကာ များစွာပို၍ အစွမ်းထက်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းမှ မှော်ကျိန်စာ အများစုပင် သူ့အား ယှဉ်နိုင်မည် မဟုတ်ချေ။

+

သာမန် ကောင်းကင်လှောင်အိမ် မှော်အင်းကွက်မှ တဆင့် ဤကဲ့သို့သော အံ့အားသင့်ဖွယ် ကောင်းသည့် ပြောင်းလဲမှုမျိုးကို ပြုလုပ်နိုင်သည့် အတွက် သူသည် အမှန်ပင် ထူးခြားလှသည်။

အကယ်၍ ဤသတင်းကသာ ပျံ့သွားပါက နတ်ဘုရား နယ်မြေ တစ်ခုလုံးက အံ့သြ တုန်လှုပ်သွားကြမည် ဖြစ်သည်။

ယခုအချိန်တွင် ယန်ရှင်းဟီ၏ အင်မော်တယ်ဝိညာဉ် အတွင်းတွင်လည်း ဖျက်ဆီးခြင်း မြင်ကွင်းများက စတင်၍ ပေါ်လာကြသည်။ ဤမှော်ကျိန်စာ၏ အစွမ်းသတ္တိသည် သူ့အပေါ်၌လည်း အကျိုးသက်ရောက်မှု ရှိသည်။

+

ဤအရာသည် ဤမှော်ကျိန်စာ၏ ထူးခြားသည့်
အချက်တစ်ချက် ဖြစ်ပေလိမ့်မည်။ သူသည် သူ့အား
အသုံးပြုသူကိုပါ ထိခိုက်စေနိုင်သည့် အစွမ်းရှိသည်။

ဤမှော်ကျိန်စာသည် မျက်စိကျိန်းလုမတတ်
အလင်းတန်း တစ်တန်းနှင့် အစွမ်းထက်သော
ဖျက်ဆီးနိုင်မှု စွမ်းအားတစ်ခုတို့ဖြင့် တောက်ပလာသည်။

သူ့ခန္ဓာကိုယ် အတွင်းမှ ပြောင်းလဲမှုများနှင့်
ယန်ရှင်းဟီ၏ အခြေအနေတို့ကို မြင်ခဲ့ရသော အခါ
ရှောင်ယန်အနေဖြင့် သူ့ပြိုင်ဘက်က မည်သို့
တွေးနေသည်ကို အဘယ်မှာ မသိပဲ ရှိမည်နည်း။

ယန်ရှင်းဟီသည် သူ့အား အရောင်ခြောက်မျိုး
မီးတောက်ကြာပန်းက တိုက်ခိုက်မည်ကို လုံးဝ

+

အမှုမထားနေတော့ပေ။ သူဂရုစိုက်နေသည့်မှာ ရှောင်ယန်အား ဒဏ်ရာ အပြင်းအထန် ရစေခြင်း သို့မဟုတ် သတ်ဖြတ်နိုင်၍ သူ၏ ရည်ရွယ်ချက်များ ပြည့်မြောက်ရန်ပင် ဖြစ်သည်။

ရှောင်ယန်၏ မျက်လုံးများသည် ရေခဲတမျှ အေးစက်နေကာ သူ၏ မျက်နှာအပေါ်တွင် ရက်စက်သော အပြုံးတစ်ခု ပေါ်လာသည်။

သူသည် ဟိန်းဟောက်လိုက်ကာ သူ၏ လက်များဖြင့် မှော်ကျိန်စာများကို အလျင်အမြန် ထုတ်ဖော်လိုက်၍ သူ၏ ရင်ဘတ်အရှေ့တွင် မှော်သင်္ကေတ တစ်ခုအား ထုတ်လွှတ်လိုက်သည်။

+

ယခုအချိန်တွင် ကောင်းကင်လျှောင်အိမ်
မှော်အင်းကွက်ဖြင့် ပိတ်ဆို့ထားသော ရှောင်ယန်အနားမှ
နေရာသည် ရှောင်ယန်နှင့် ပြန်လည်၍ ဆက်သွယ်မှုများ
ပြုလုပ်နိုင်ခဲ့သည်။

သို့သော်လည်း ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်၏
အစွမ်းများကို အသုံးပြု၍ ယန်ရှင်းဟီအား
တိုက်ခိုက်နေခဲ့ခြင်း မဟုတ်ပေ။

ဤအချိန်တွင် သူသည် သူ၏ကိုယ်ပိုင်
မှော်ကျိန်စာများကိုသာ အသုံးပြု၍ မြင့်တက်လာသော
ပျက်စီးခြင်းကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။
ယန်ရှင်းဟီအား တိုက်ခိုက်ရမည့် အစား
ထိုမှော်ကျိန်စာသည် အနောက်သို့ လည်ပတ်နေခဲ့သည်။

+

ထိုမှော်ကျိန်စာအား အခြေခံအဖြစ် အသုံးချက
ရှောင်ယန်သည် နောက်ထပ် တိုက်ခိုက်မှု တစ်ခုအား
ထုတ်လွှတ်လိုက်သည်။

ဤအရာသည် သူတိုက်ခိုက်လေ့ မရှိတော့သည့်
တိုက်ခိုက်မှု တစ်ခုဖြစ်သော အရေအတွက်သုံးခု
အင်းရှစ်ကွက် ဖြိုခွဲခြင်း ဖြစ်သည်။

မဟာကောင်းကင် တာအိုကျမ်းစာအား ကျင့်ကြံပြီး၍
အရေအတွက်သုံးခု အင်းရှစ်ကွက်အား
တတ်မြောက်အပြီးတွင် သူသည် သူ့အတွက်သာ
သီးသန့်ဖြစ်သော တိုက်ခိုက်မှု တစ်ခုအား
ဖန်တီးနိုင်ခဲ့သည်။

+

ထိုအရာသည် သူ့ပြိုင်ဘက်များအား တိုက်ရိုက်တိုက်ခိုက်ခြင်း မဟုတ်သလို ခံစစ် အနေဖြင့် အသုံးပြု၍ ရသော အရာတစ်ခု မဟုတ်ချေ။ ထို့အစား ထိုအရာသည် သူ၏ မိစ္ဆာစိတ်ရိုင်းများကို ကျော်လွှားနိုင်ရန် အသုံးပြုသည့် လုံးဝကို ကွဲပြားနေသော အသွင်ပြောင်းလဲမှု တစ်ခုဖြစ်သည်။

ရှောင်ယန်သည် ဤပြောင်းလဲမှုအား ဖန်တီးနိုင်ခဲ့သည်မှာ အချိန်အတန်ကြာ ရှိပြီ ဖြစ်သည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်တွင် ရှိနေစဉ်က မတူညီသော မီးတောက်သုံးမျိုးတို့၏ တိုက်ခိုက်မှုကို ခံနေရသည့် အချိန်၌ ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုမီးတောက်များအား သိမ်းသွင်းနိုင်ခဲ့သော အခါ သူသည် ထိုအရာအား ကျွမ်းကျင်သွားခဲ့သည်။

+

သို့သော်လည်း ရှောင်ယန်သည် သူ့အား ကိုယ်ပိုင် ကျင့်ကြံမှုတွင်သာ အသုံးပြုကာ မိစ္ဆာစိတ်ရိုင်းများကို ကျော်လွှား၍ သူ့ကိုယ်သူ တည်ငြိမ်အောင်သာ ပြုလုပ်ခဲ့သည်။ အကြွင်းမဲ့မီးတောက် များစွာတို့အား ကျင့်ကြံထားသဖြင့် သူ၏ ကျင့်ကြံမှု လမ်းကြောင်းသည် အန္တရာယ် ကြီးမားသည်။ ဤအရေအတွက်သုံးခု အင်းရှစ်ကွက် ဖြိုခွဲခြင်းခြင်းဖြင့်သာ သူသည် ထိုအန္တရာယ်များကို ကျော်လွှားနိုင်ခဲ့ခြင်း ဖြစ်သည်။

ဤအချိန်တွင် ရှောင်ယန်သည် ဤမှော်ကျိန်စာအား ထပ်ဖန်တစ်ခါ ဖော်ထုတ်လိုက်သည်။ ကြီးမားလှသော ဖျက်ဆီးမှု စွမ်းအားများဖြင့် သူသည် ယန်ရှင်းဟီ ဖန်ဆင်းထားသော သူ၏ အတွင်း ကစဥ့်ကလျား ဖြစ်မှုများကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။

+

ရှောင်ယန်က ရယ်ရမ်းသွေးလိုက်သည်။
"ကောင်းကင်လှောင်အိမ် မှော်အင်းကွက်...
အရေအတွက်သုံးခု အင်းရုစ်ကွက် ဖြိုခွဲခြင်း... ဟီးဟီး"

သူ့ခန္ဓာကိုယ် အတွင်းမှ မရပ်တန့်နိုင်သော အတွင်း
ပြိုကျမှုအား အားသုံး၍ ဖိနှိပ်ခဲ့ကာ ရှောင်ယန်သည်
နောက်ဆုံးတွင် သူ့အား ဟန့်တားနိုင်ခဲ့သည်။
ခက်ထန်လှသော မုန်တိုင်းသည် ယာယီ
ငြိမ်သက်သွားသကဲ့သို့ ဖြစ်သွားသည်။

ထိုအရာကို တွေ့လိုက်သော အခါ ယန်ရှင်းဟီသည်
သက်ပြင်းချလိုက်၍ ဘာမှ မပြောတော့ပေ။

သူ၏ ကြိုးစားမှုသည် ကျရှုံးသွားပြီဟု သူသိလိုက်သည်။

+

ရှောင်ယန်သည် သူ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာ ရသွားခဲ့သော်လည်း မပြင်းထန်နေပေ။ သူနှင့် ငရဲကမ္ဘာ ပင်လယ်၏ အကြားမှ ဆက်သွယ်မှုကလည်း မပြတ်တောက်သွားခဲ့ပေ။

ကြောက်မက်ဖွယ်ရာ အရောင်ခြောက်မျိုး မီးတောက်ကြာပန်းသည် သူ့အရှေ့သို့ ရောက်လာပြီ ဖြစ်သည်။

ယန်ရှင်းဟီသည် ထိုအရာကို တွေ့လိုက်သော အခါ သူ၏ အကြည့်သည် လင်းလက်သွား၍ သူ့မျက်နှာ အပေါ်တွင် ထူးခြားသော အမူအရာ တစ်ခု ပေါ်လာခဲ့သည်။

+

ကောင်းကင်အလယ်တွင် လွင့်မျောနေသည့်
ကြောက်မက်ဖွယ်ရာ အရောင်ခြောက်မျိုး
မီးတောက်ကြာပန်းကလည်း ရပ်တန့်သွားခဲ့သည်။

ထိုအရာသည် ရှောင်ယန်က ယန်ရှင်းဟီ၏
တိုက်ခိုက်မှုအား ခုခံနေရင်း သူ၏ စွမ်းအားများက
အားနည်းသွား၍ မဟုတ်ချေ။ ရှောင်ယန်၏ ကိုယ်ပိုင်
ဆုံးဖြတ်ချက် အရ မီးတောက်ကြာပန်းက
ရပ်တန့်သွားခြင်း ဖြစ်သည်။

ရှောင်ယန်သည် ဤကြောက်မက်ဖွယ်ရာ စွမ်းအားကို
သိမ်မွေ့စွာ ထိန်းချုပ်နိုင်သည်ဟု အားလုံးတို့က
သိနေကြသည်။ သူ၏ ကောင်းကင်မီးတောက်
ကြာပန်းအား ထိန်းချုပ်နိုင်မှုသည် အမြင့်ဆုံး အဆင့်သို့
ရောက်နေပေပြီ။

+

ယန်ရှင်းဟီသည် ရှောင်ယန်က သူ့အား အပြတ်ရှင်းနေလိုသည့် ဆန္ဒကို ပစ်ပယ်ခဲ့လိမ့်မည်ဟု တစ်ခါမှ မတွေးဖူးခဲ့ပေ။

ရှောင်ယန်၏ အကြည့်သည် ရေခဲတမျှ အေးစက်နေ၍ ယန်ရှင်းဟီအား ကြည့်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ခင်ဗျားက ဝန်ချီယန်ရဲ့ ယန်ကိုးမျိုး မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း အကြောင်းကို ပြောခဲ့တာက ကျုပ်ကို တိုက်ခိုက်ဖို့ အခွင့်အရေး ရနိုင်အောင် လှုံ့ဆော်ခဲ့တာလို့ ကျုပ်က သိနေတယ်"

"ဒါပေမဲ့ ခင်ဗျားပြောတာ မှန်တယ်... ကျုပ်ရဲ့ စိတ်ထဲမှာ အဲ့ဒီအကြံ ရှိနေတယ်... ခင်ဗျားက ဘာမှ

+

ကြိုးစားနေစရာ မလိုပါဘူး... ခင်ဗျားက ဘာမှ မပြောရင်တောင် ကျုပ်က တိုက်ခိုက်ဦးမှာပဲ"

ရှောင်ယန်၏ ရေခဲတမျှ အေးစက်နေသော အကြည့်သည် ယန်ရှင်းဟီ အပေါ်သို့ ရောက်သွားကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် တောက်ပနေသော အလင်းတန်း တစ်တန်းဖြင့် စတင်၍ လင်းလက်လာသည်။

ရွှေနီရောင် အလင်းတန်း တစ်တန်းသည် နေရောင်ခြည်ကဲ့သို့ ဖြာကျလာ၍ မှောင်မည်းနေသော ငရဲကမ္ဘာ ပင်လယ်အား ထိန်လင်းစေခဲ့သည်။ ကျယ်ပြန့်လှသော လေဟာနယ် အတွင်းတွင် မှော်သင်္ကေတများကလည်း ပေါ်လာခဲ့သည်။

+

ဤအရာသည် ယခင်က ဝန်ချီယန် ပိုင်ဆိုင်ခဲ့ပြီး ယခုအချိန်တွင် ရှောင်ယန် ပိုင်ဆိုင်နေသော ယန်ကိုးမျိုး မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖြစ်သည်။

ရှောင်ယန်၏ ခန္ဓာကိုယ် တစ်လျှောက်လုံးတွင် မှော်စွမ်းအင်များ စီးဆင်းနေ၍ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ အရောင်အောက်တွင် သူသည် ကောင်းကင်ပေါ်မှ ဆင်းသက်လာသော အင်မော်တယ် တစ်ပါးနှင့် တူနေခဲ့သည်။

သူသည် ဟိန်းဟောက်လိုက်ရာ ရွှေရောင် အလင်းတန်းများ အတွင်းတွင် တစ်ယောက်သည် ပြင်းထန်စွာ လောင်ကျွမ်းနေကြသော နေကိုးစင်းတို့၏ ပုံရိပ်များကို တွေ့နိုင်ခဲ့သည်။

+

ထိုနေကိုးစင်း အတွင်းတွင် ခြောက်စင်းတို့သည်
ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာကြကာ
ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ တကယ့်နေများကဲ့သို့
ဆင်းသက်လာကြလေသည်။

ပြီးတာနှင့် နေမင်းအစစ် ခြောက်စင်းတို့က
ပျောက်ကွယ်သွား၍ ရှောင်ယန်၏ အရောင်ခြောက်မျိုး
ကောင်းကင်မီးတောက် ကြာပန်း အပေါ်သို့
ရောက်သွားကာ အံ့ဩ တုန်လှုပ်ဖွယ်ရာ
အသွင်ပြောင်းလဲမှု တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

တစ်ခုတည်းသော မီးတောက်ကြာပန်းသည် ခြောက်ခု
ဖြစ်သွားခဲ့သည်။

+

မီးတောက်ကြာပန်း ခြောက်ခုတို့သည် နူးညံ့သိမ်မွေ့ကာ ကျိုးပဲ့လွယ်သည်ဟု ထင်နေရသော်လည်း သူတို့သည် ကြောက်မက်ဖွယ်ရာ စွမ်းအားများဖြင့် ပြည့်လျက်ရှိသည်။ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် သူတို့သည် တုန်ခါသွားကြကာ အားလုံးတို့၏ စိတ်အတွင်းတွင် ကြောက်မက်ဖွယ်ရာ ပုံစံတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

ကြာပန်း တစ်ခုချင်းစီသည် အစောပိုင်းက ကြာပန်းလောက် မသန်မာကြသော်လည်း ကြာပန်းခြောက်ခု ပေါ်ပေါက်လာမှုသည် ပတ်ဝန်းကျင်အား ကမ္ဘာကို လှုပ်ခါစေသော ကြီးမားလှသည့် ဖိအားတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ ပျက်စီးမှုနှင့် ပြိုကျမှုတို့သည် ကျရောက်လုဆဲဆဲ ဖြစ်နေကြသည်။

+

ရှောင်ယန်က ပွင့်လင်းစွာ ပြောလိုက်သည်။ "ချီယန် သူတော်စင်ကတော့ ဒီမြင်ကွင်းကို မြင်ချင်လိမ့်မယ်လို့ ကျုပ်မထင်ဘူး… ဒါပေမဲ့…"

သူသည် သူ၏ လက်ဝါးအစုံအား ရိုက်ချလိုက်ရာ ကောင်းကင်မီးတောက် ကြာပန်း ခြောက်ခုတို့သည် ယန်ရှင်းဟီ အပေါ်သို့ ကျဆင်းလာကြလေသည်။

ရွှေနီရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းနှင့် ကြောက်မက်ဖွယ်ရာ ကောင်းကင်မီးတောက် ကြာပန်း ခြောက်ခုတို့အား ကြည့်ခဲ့ရသော အခါ ယန်ရှင်းဟီသည် ခေတ္တမျှ မှင်သက်သွားသည်။

ရင်းနှီးနေသော ပုံရိပ်တစ်ခုသည် သူ့အရှေ့တွင် ထပ်ဖန်တစ်ခါ ပေါ်လာ၍ သာလွန်ကောင်းကင်

+

မှော်ကျိန်စာအား အသုံးပြုကာ အဆုံးစွန် ဧကရာဇ်နှင့် တိုက်ခိုက်နေခဲ့သည်။ ယန်ရှင်းဟီ၏ မှတ်ဉာဏ် အတွင်းတွင် ဤအရာသည် ဝန်ချီယန်နှင့် ပတ်သတ်သော နောက်ဆုံး အမှတ်ရမှု ဖြစ်သည်။

ယန်ရှင်းဟီ၏ မျက်လုံးများက တွန့်သွားသည်။ သူနောက်ထပ် ဘာမှ မလုပ်နိုင်ခင်တွင် ကောင်းကင်မီးတောက် ကြာပန်း ခြောက်ခုတို့သည် တစ်ပြိုင်နက် ပေါက်ကွဲသွားကြကာ ရောမ မီးတောက်ပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားကြသည်။ သူတို့သည် ငရဲကမ္ဘာ ပင်လယ်အား ချက်ချင်းပင် လွှမ်းခြုံသွား၍ အရာအားလုံးကို လောင်ကျွမ်းပစ်ကြလေသည်။

သူတို့နှစ်ယောက် တစ်ချိန်က ရပ်နေခဲ့သော နေရာသည် ချက်ချင်းပင် ပျက်စီးသွား၍ မီးတောက်များသည်

+

ကောင်းကင်ပေါ်သို့ ထိုးတက်လာကာ ငရဲကမ္ဘာ ပင်လယ်အား မီးတောက်ကမ္ဘာ တစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့သည်။

ယန်ရှင်းဟီ၏ ခန္ဓာကိုယ်သည် မီးတောက်ပင်လယ် အတွင်းတွင် ပျောက်ကွယ်သွားကာ တစ်ခါမှ ပြန်မတွေ့နိုင်တော့ချေ။

ဟင်းလင်းပြင် ဘုရားကျောင်း၏ အရေးအပါဆုံး အဖွဲ့ဝင်ဖြစ်၍ ခေါင်းဆောင်ဖြစ်ခဲ့သော ရှေးဟောင်းခေတ်ကတည်းက အသက်ရှင်နေသော ယန်ရှင်းဟီသည် ယနေ့တွင် လုံးဝ အဖျက်ဆီးခံခဲ့ရပြီ ဖြစ်သည်။

+

ဤမီးတောက်ပင်လယ်နှင့် ရင်ဆိုင်ခဲ့ရသော အခါ ရှောင်ယန်ကပင် လျှင်မြန်စွာဖြင့် နောက်ဆုတ်ခဲ့ရသည်။ သူသည် သူ့အတွင်းသို့ ဝင်သွားပါက မည်ကဲ့သို့ ဖြစ်မည်ကို စဥ်းပင် မစဥ်းစားရဲခဲ့ပေ။

သူ၏ စင်စစ် ဖြစ်တည်မှုသည် ပျောက်ကွယ်သွား၍ လူသားပုံစံ ပြန်ပေါ်လာသည်။ သူ၏ မျက်နှာသည် ဖြူဖျော့နေ၍ အလွန်အမင်း အားနည်းနေသည့်ပုံ ပေါက်နေသည်။ ရွှေနီရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကလည်း ဖြည်းဖြည်းချင်း ပြန်လည် ပျောက်ကွယ်သွားခဲ့သည်။

ရှောင်ယန်သည် တာအို ပျက်စီးခြင်းအား နားလည်ပြီးသော အခါတွင် ထိုစွမ်းအားများကို တစ်ခါမှ အသုံးမပြုဖူးခဲ့ပေ။ ယခုအချိန်တွင် သူသည်

+

အလွန်အမင်း အားနည်းသော အခြေအနေသို့ ရောက်သွားလေသည်။

သူသည် တာအို၏ ပျက်စီးခြင်းနှင့် ပြန်လည် မွေးဖွားခြင်းနှင့် သက်ဆိုင်သော မှော်ကျိန်စာ တစ်ခုကိုမှ အသုံးပြုနိုင်တော့မည် မဟုတ်ချေ။

သူ့အရှေ့မှ ပျက်စီးမှု မြင်ကွင်းသည် သူ၏ စွမ်းအားများကို သက်သေပြနိုင်ခဲ့သကဲ့သို့ ဖြစ်နေသည်။

အစောပိုင်းက ယန်ရှင်းဟီနှင့် တိုက်ခိုက်ခဲ့ရာတွင် ရှောင်ယန်သည် မရှုံးနိုင်သည့် အခြေအနေသို့ ရောက်နေခဲ့သည်။ သူသည် သူ၏ အင်မော်တယ် ဝိညာဥ်အား ထိခိုက်စေနိုင်သည့် ဤမျှအထိ

+

အစွမ်းထက်သော တိုက်ခိုက်မှု တစ်ခုကို အသုံးပြုရန် မလိုချေ။

သို့သော်လည်း သူက အသုံးပြုခဲ့သေးသည်။ သူ၏ လက်ရှိ စွမ်းအားများ အရ သူသည် သူ၏ အင်အား အားလုံးတို့အား အသုံးပြု၍ တိုက်ခိုက်၍ရသည်။

ကစဥ့်ကလျား ဖြစ်နေသော ဟင်းလင်းပြင် အတွင်းတွင် ရှောင်ယန်သည် လျှင်မြန်စွာဖြင့် နောက်သို့ ပျံသန်းလာကာ အနီရောင် တိုင်လုံးအပေါ်တွင် ဆင်းသက်လိုက်သည်။

ကပ်ဘေးသည် သူ့အား တွန်းဖယ်ခြင်း မပြုခဲ့ပဲ ထို့အစား သူသည် စိတ်လှုပ်ရှားနေသည့်ပုံပင် ပေါက်နေသည်။

+

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်အား
အကဲခတ်လိုက်ပြီး သူ၏အကြည့်အား
ကပ်ဘေးအပေါ်သို့ ပြန်ပို့လိုက်သည်။ အချိန်
အတော်ကြာမှ ရှောင်ယန်သည် ကပ်ဘေးအား
လေးနက်စွာဖြင့် ဦးညွှတ်လိုက်သည်။

သူ့အနောက်တွင် တစ်ယောက်သည် မီးတောက်ပင်လယ်
တစ်ခုနှင့် မရေမတွက်နိုင်သော ကပ်ဆိုးများကို
တွေ့နေနိုင်သည်။

ရှောင်ယန်၏ အစွမ်းထက်သော တိုက်ခိုက်မှုသည်
သူရှိနေသော နေရာအား ကွဲဟာစေခဲ့သည်။
ယခုအချိန်တွင် သူသည် ထိုမီးတောက်များကို
ငြိမ်းသတ်ရန် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို
အသုံးပြုရန် လိုအပ်ပြီး ထိုအက်ကွဲကြောင်းသည်

+

မည်သည့်အချိန်မှ ပြန်လည် ကောင်းမွန်လာမည်ကို
မည်သူမှ မသိချေ။

ရှောင်ယန်သည် တင်ပလ္လင်ခွေ ထိုင်နေကာ
ဝိညာဉ်ပင်လယ်အား ရှာဖွေနေသကဲ့သို့ လေဟာနယ်
အတွင်းသို့ စိုက်ကြည့်နေခဲ့သည်။

ထိုနေရာတွင် သူ့ဆရာနှင့် ဂိုဏ်းတူ မောင်နှမများသည်
သူတို့၏ ရန်သူများနှင့် တိုက်ခိုက်နေကြသည်။
သေမင်းကေရာဇ်နှင့် ရွှေပုစဥ်း ဆရာတော်တို့ကလည်း
ထိုနေရာသို့ ပြန်လည် ဆုတ်ခွာသွားကြသည်။

ရှုထောင့်တစ်ခုမှ ကြည့်လိုက်လျှင် ဝိညာဉ်ပင်လယ်သည်
ဆုံးဖြတ်ချက် ပေးနိုင်သည့် စစ်မြေပြင် ဖြစ်သည်ဟု

+

ပြောခဲ့သော ရွှေပုစဉ်း ဆရာတော်၏ စကားသည် မှန်နေသည်။

သို့သော်လည်း ထိုအရာသည် ငရဲကမ္ဘာ ပင်လယ်အတွင်းတွင် နေနေသည်မှာ အကျိုးမရှိဟု ဆိုလိုနေခြင်း မဟုတ်ပေ။

ရှောင်ယန်သည် တင်ပလ္လင်ခွေထိုင်၍ ကျင့်ကြံနေခဲ့ရာ အချိန် အတန်ကြာ အပြီးတွင် သူ၏ မျက်နှာပေါ်တွင် သွေးရောင် ပြန်လွှမ်းလာ၍ အားနည်းနေသည့်ပုံ ပေါက်မနေတော့ချေ။ ပြီးတာနှင့် သူ၏ ခန္ဓာကိုယ်သည် အနီရောင် တိုင်လုံးအတွင်းသို့ ဖြည်းဖြည်းချင်း ဝင်သွားပြီး မကြာမီပင် ပျောက်ကွယ်သွားခဲ့သည်။

+

ငရဲကမ္ဘာ ပင်လယ်သည် မြင့်လိုက်နိမ့်လိုက် ဖြစ်နေပြီး ကပ်ဆိုးများအား နေရာတကာတွင် တွေ့မြင်နိုင်သည်။ ဤအရာသည် ငရဲကမ္ဘာ ပင်လယ်က သူ၏ ပုံမှန် အခြေအနေသို့ ပြန်ရောက်သွားပြီကို ပြသနေခြင်း ဖြစ်သည်။

သို့သော်လည်း အချိန် ကြာလာသည်နှင့် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ရုတ်တရက် ပြောင်းလဲမှုတစ်ခု ပေါ်လာခဲ့သည်။

မမြင်ရသော အရာဝတ္ထုတစ်ခု ရုတ်တရက် ပေါ်လာခဲ့ကာ ငရဲကမ္ဘာ ပင်လယ်အား နှစ်ပိုင်း ပိုင်းလိုက်သည်။ တစ်ပိုင်းမှာ တည်ငြိမ်နေ၍ ကျန်တစ်ပိုင်းမှာ ကမ္ဘာပျက်သည်နှင့် တူနေခဲ့သည်။

+

ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ပဋိပက္ခ ဖြစ်နေသော ခံစားချက် တစ်ခု ပေါ်လာခဲ့သော်လည်း ထူးခြားစွာနှင့်ပင် သူတို့သည် လိုက်လျောညီထွေ ဖြစ်နေခဲ့သည်။

ပို၍ ထူးခြားသည်မှာ ငရဲကမ္ဘာ ပင်လယ် အတွင်းမှ တည်ငြိမ်နေသော နေရာသည် စတင်၍ ကျယ်ပြန့်လာကာ အစောပိုင်းမှ ခက်ထန်နေသော နေရာများသည် တည်ငြိမ်လာခဲ့သည်။

ရှောင်ယန်နှင့် ကျန်သောသူများ တိုက်ခိုက်နေသည့် အချိန်တွင် မဟူရာ ပင်လယ် အတွင်း၌ အလင်းတန်းများ ထောင်နှင့်ချီ၍ ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။ ထိုနေရာတွင် ရွှေရောင် နဂါး ကျက်သရေ တိမ်တိုက်များသည် ရောမ နဂါးတစ်ကောင်အား လွှမ်းခြုံထားကာ ပင်လယ် အောက်ခြေမှ ကောင်းကင်ပေါ်သို့ ပျံတက်သွားကြသည်။

+

ရွှေရောင်နဂါးသည် သူ၏ ပါးစပ်အား ဖွင့်လိုက်ရာ ခရမ်းရောင်နှင့် အနီရောင် အလင်းတန်း နှစ်တန်းတို့က ပျံသန်း ထွက်ပေါ်လာသည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းတွင် ယှက်သန်းနေကြကာ အဖြူရောင် အဖြစ်သို့ ပြောင်းသွားကြသည်။

အဖြူရောင် အလင်းတန်း အတွင်းတွင် တံခါးတစ်ချပ် ပွင့်လာကာ ထူးခြား ဆန်းကြယ်သော ကမ္ဘာတစ်ခုထံသို့ ပို့ဆောင်ပေးခဲ့သည်။

နဂါးသည် ထိုတံခါး အတွင်းသို့ ဝင်ပြီးသွားသော အခါ တံခါးက ပြန်ပိတ်သွားသည်။ နဂါးသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်သွားပြီးသော်လည်း အရှေ့သို့ ဆက်မသွားခဲ့ပဲ ထိုနေရာ၌သာ နေနေခဲ့သည်။

+

မဟာတာအိုဧ၏ သီကြွေးသံများကို နေရာတိုင်းတွင် ကြားနေရသည်။ နဂါးအပေါ်တွင် ခေါးချက် တစ်ချက်ကို တွေ့နေနိုင်ကာ ဝိညာဥ်ပင်လယ် အတွင်းတွင် ထိုဒဏ်ရာသည် စတင်၍ သက်သာလာခဲ့သည်။

## စာစဥ် ၇၃ : အပိုင်း ၁၃

## အပိုင်း ၁၄၂၃ : ဝိညာဥ်ပင်လယ် အတွင်းသို့ အားလုံးတို့က ရောက်လာကြသည်

ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်လာသော ရွှေရောင်နဂါးသည် နဂါးတို့၏ လက်ရှိခေါင်းဆောင် ဖြစ်သော မူလနဂါး ဘုရင်ပင် ဖြစ်သည်။

+

သူ့ခန္ဓာကိုယ်မှ မိစ္ဆာ အရှိန်အဝါများသည် ရှန်နဂါးဘုရင် သို့မဟုတ် မြေနဂါးဘုရင်တို့ထက် သိသိသာသာ ပိုအားကောင်းနေသော်လည်း ယခုအချိန်တွင် နေးကွေးနေသည်ဟု ထင်နေရသည်။

သူ၏ ခန္ဓာကိုယ် အပေါ်တွင် ကြောက်မက်ဖွယ်ရာ ဒဏ်ရာတစ်ခုကို တွေ့နိုင်ခဲ့ကာ သူ့အား တွေ့ခဲ့သူ မှန်သမျှသည် သူတို့၏ ရင်များအတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြသည်။ နဂါးများ၏ လက်ရှိခေါင်းဆောင်အား ဒဏ်ရာရစေခဲ့သူမှာ ရှမ်းလီပင် ဖြစ်သည်။

မဟူရာ ပင်လယ် အတွင်းတွင် မူလနဂါး ဘုရင်သည် ဤမျှအထိ ပြင်းထန်စွာ ဒဏ်ရာရခဲ့မည် မဟုတ်သော်လည်း သူသည် မဟူရာ ပင်လယ် အတွင်းမှ ထွက်လာ၍ မဟာကမ္ဘာ အတွင်းသို့ ရောက်လာခဲ့သော အခါ ကောင်းကင်ဖျက်ဆီး ဓားး၏ ခက်ထန်လှသော

+

စွမ်းအားများကို မခုခံနိုင်ခဲ့ပေ။ မဟူရာ ပင်လယ်၏ စွမ်းအားများကို တစ်စိတ်တစ်ပိုင်း အသုံးပြုနိုင်သော်လည်း သူသည် ရွှမ်းလီကြောင့် ဒဏ်ရာ ရသွားခဲ့သည်။

သူသည် အချိန်တိုလေး အတွင်းတွင် ပြန်လည် သက်သာနိုင်မည် မဟုတ်သော်လည်း ဝိညာဉ်ပင်လယ် အတွင်းသို့ လာခဲ့သေးသည်။

ရန်သူ အများစုအား တိုက်ခိုက်ရာတွင် သူ၏ ဒဏ်ရာသည် ဘာမှဖြစ်မည် မဟုတ်သော်လည်း အကယ်၍ သူသည် လင်းဖုန်း၊ အန္တိမ ကောင်းကင်ကြေးမုံ သို့မဟုတ် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်တို့နှင့် တိုက်ခိုက်ခဲ့ပါက သူ၏ ဒဏ်ရာသည် ကြီးမားသော ပြဿနာ တစ်ခု ဖြစ်လာနိုင်ပြီး သူ၏ အားနည်းချက် တစ်ခု ဖြစ်လာနိုင်သည်။

+

သို့သော်လည်း မူလနဂါး ဘုရင်၏ မျက်နှာပေါ်တွင် တည်ငြိမ်သော အကြည့်တစ်ခုအား တွေ့နိုင်သည်။ သူသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်ပြီးကတည်းက ထိုနေရာတွင်သာ နေနေခဲ့ကာ ဘာမှ မလုပ်ခဲ့ချေ။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ကျယ်လောင်သော ဟိန်းဟောက်သံ တစ်သံအား ကြားနိုင်ခဲ့သည်။ အလင်းတန်းများက ဆင်းသက်လာကာ သူ၏ ခန္ဓာကိုယ်အား ရစ်ပတ်ခဲ့၍ သူ၏ ဒဏ်ရာများသည် စတင်၍ သက်သာလာခဲ့သည်။

+

ထိုဖြစ်စဉ်သည် မမြန်သော်လည်း ပြန်လည် သက်သာလာမှုအား သာမန် မျက်စိဖြင့် မြင်တွေ့နိုင်ခဲ့သည်။

ဒဏ်ရာကိုယ်တိုင် အပြင် မူလနဂါး ဘုရင်၏ ခန္ဓာကိုယ်ပေါ်မှ ကောင်းကင်ဖျက်ဆီး ဓားရဲ့ သတ်ဖြတ်လိုနေသည့် စွမ်းအားသည်လည်း စတင်၍ သက်သာလာခဲ့သည်။

ဓားဆန္ဒသည် အမျက်ထွက်နေသည့်ပုံ ပေါက်နေကာ ဝိညာဉ်ပင်လယ် အတွင်းမှ အလင်းတန်းကို ကြိုးစား၍ ခုခံနေခဲ့သည်။ သို့သော်လည်း အင်အားမမျှသဖြင့် သူသည် လျင်မြန်စွာဖြင့် လွင့်ပြယ်သွားလေသည်။

ဤဖြစ်စဉ် အတွင်းတွင် မူလနဂါး ဘုရင်ကလည်း အကြီးအကျယ် ခံစားခဲ့ရသည်။ ဝိညာဉ်ပင်လယ်

+

အတွင်းမှ အလင်းတန်းနှင့် ဓားဆန္ဒတို့သည် သူ၏ ခန္ဓာကိုယ် အတွင်းတွင် တိုက်ခိုက်နေခဲ့ကြသည်။ သူတို့နှစ်ဘက် အကြားမှ တိုက်ခိုက်မှု တစ်ခုစီသည် သူ့အား ဓားတစ်လက်ဖြင့် ခုတ်ဖြတ်ခြင်း ခံနေရသည်ဟု ခံစားစေရသည်။

မူလနဂါး ဘုရင်၏ မျက်နှာသည် မည်းမှောင်နေ၍ သူ၏ မျက်လုံးကို ဖြည်းဖြည်းချင်း ပိတ်လိုက်သည်။ သူ၏ ခန္ဓာကိုယ် အနားမှ အကြေးခွံများက ပွင့်လာသော အခါ နဂါး ကျက်သရေ တိမ်တိုက် အမြောက်အမြား ထွက်ပေါ်လာ၍ သူ၏ ရောမ ခန္ဓာကိုယ်အား ဖုံးလွှမ်းသွားခဲ့သည်။

မိစ္ဆာစွမ်းအားများသည် သူ၏ ခန္ဓာကိုယ် တစ်လျှောက် ထွက်လာခဲ့ကာ ဖြည်းဖြည်းချင်းပင် သူသည် ဝိညာဉ်ပင်လယ် အတွင်းမှ စွမ်းအားများနှင့်
+

ကောင်းကင်ဖျက်ဆီး ဓား၏ စွမ်းအားများကို မှုခြေညီအောင် ကြိုးစားနေခဲ့သည်။

"ဝိညာဉ်ပင်လယ်ဟာ တကယ်ပဲ ကောင်းကင်ဖျက်ဆီး ဓားကြောင့် ဖြစ်ပေါ်လာတဲ့ ဒဏ်ရာတွေကို ကုစားနိုင်ခဲ့တယ်" မူလနဂါး ဘုရင်သည် သူ၏ခေါင်းအား ဖြည်းဖြည်းချင်း ငုံ့၍ ပြောလိုက်သည်။ သူသည် ယခင်က ဝိညာဉ်ပင်လယ် အတွင်းသို့ မရောက်ဖူးခဲ့သော်လည်း ဤနေရာ အကြောင်းကို အနည်းငယ် သိထားသည်။ ရလဒ်များက သိသာနေသည်။

သူသည် နတ်ဘုရားနယ်မြေ အတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ရခြင်းမှာ သူသည် ဝိညာဉ်ပင်လယ် တိုက်ပွဲ အတွင်းသို့ ဝင်ရောက်ရန် စွမ်းအင် မကျန်တော့မည်ကို စိုးရိမ်နေစရာ မလိုသောကြောင့် ဖြစ်သည်။

+

သို့သော်လည်း သူသည် အမှန်ပင် နတ်ဘုရားနယ်မြေ အတွင်းသို့ မဝင်သင့်ခဲ့ပေ။ မြေနဂါးဘုရင်၏ သေဆုံးမှုသည် သူ့အား အလွန်ပင် အမျက်ထွက်စေခဲ့သည်။

တစ်ချိန်တည်းတွင် သူသည် ဝိညာဉ်ပင်လယ် အတွင်းသို့ အခြားသူများထက် နောက်ကျစွာ ဝင်လာခဲ့သဖြင့် မည်သည့် ရလဒ်များကိုသာ ရရှိနိုင်မည်ကိုလည်း သူမသိချေ။

သို့သော်လည်း မူလနဂါး ဘုရင် အနေဖြင့် နောင်တ မရနေချေ။ နဂါးများသည် နတ်ဘုရားနယ်မြေ အတွင်းသို့ ဝင်ရောက်ရန် ကြိုးကို ကြိုးစားမှ ရပေမည်။

+

မူလနဂါး ဘုရင်သည် မာနကြီးသောသူ ဖြစ်သော်လည်း ဤအချိန်သည် အကောင်းဆုံး အခွင့်အရေး ဖြစ်သည်ဟု သူက ကောင်းကောင်း သိနေခဲ့သည်။ အကယ်၍ ဤအချိန်ကို လွတ်သွားပါက သူသည် နောက်ထပ် အခွင့်အရေး တစ်ခုကို ရနိုင်တော့မည် မဟုတ်ချေ။

သို့တိုင်အောင် သူတို့သည် မအောင်မြင်နိုင်ခဲ့ပေ။ ထို့ကြောင့်ပင် ဝိညာဉ်ပင်လယ် အတွင်းမှ လာမည့် တိုက်ပွဲသည် သူ့အတွက် ပို၍ အရေးကြီးလာလေသည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် ရွှေရောင် တိမ်တိုက်များက စတင်၍ ပျံ့နှံ့လာခဲ့သည်။ အကွာအဝေး တစ်ခုသို့ ရောက်သောအခါ သူတို့သည် ရပ်တန့်သွားကြကာ မူလနေရာ၌သာ လွင့်မျောနေခဲ့သည်။ တိမ်တိုက်အလွှာ များစွာအတွင်းတွင် တစ်ယောက်သည် အလင်းတန်း များစွာတို့ကို တွေ့နေနိုင်သည်။

+

ဟင်းလင်းပြင် အတွင်းတွင် မမြင်နိုင်သော အလင်းတန်း အလွှာများစွာတို့က စတင်၍ လင်းလက်လာကြသည်။

နှစ်ဦး နှစ်ဘက်တို့သည် စတင်၍ ထိတွေ့ခဲ့ကြကာ အချိန်အတန်ကြာ အပြီးတွင် ရွှေရောင် တိမ်တိုက်များသည် ရုတ်တရက် ပြင်းထန်စွာ တုန်ခါလာ၍ နောက်ဆုတ်သွားသည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်များ အကြားတွင် တစ်ယောက်သည် မျက်လုံးတစ်စုံအား တွေ့နေနိုင်သည်။ ကြယ်များကဲ့သို့ တောက်ပနေ၍ သူတို့သည် ခမ်းနားထည်ဝါကာ လေးလံလှသည်။

+

ထိုကျက်သရေ တိမ်တိုက်၏ အလယ်မှ ရွှေရောင် အလင်းတန်း တစ်တန်း ထွက်ပေါ်လာသည်။ သူသည် အဝေးသို့ ပျံသန်းသွား၍ လေဟာနယ်အား ထိုးဖောက်သွားကာ လက်ကျန် ရွှေရောင် တိမ်တိုက်များကလည်း လွင့်ပြယ်သွားခဲ့သည်။

မူလနဂါး ဘုရင်သည် ပျံသန်း ထွက်ခွာလာကာ အဆုံးမဲ့ ဟင်းလင်းပြင် အကြားသို့ ဖြတ်သန်းသွားခဲ့သည်။ ဝိညာဉ်ပင်လယ် အတွင်းမှ အရာအားလုံးသည် မည်သည့်နေရာတွင် ရှိစေကာမူ အတူတူပင် ဖြစ်နေသည်။ သူ့အတွင်းတွင် လမ်းပျောက်ရန် လွယ်ကူပေသည်။

လျှင်မြန်စွာနှင့်ပင် မူလနဂါး ဘုရင်သည် သေးငယ်သော ရွှေရောင် အလင်းစက် တစ်စက်အား တွေ့လိုက်ရသည်။

+

ထိုအလင်းစက်သည် လျင်မြန်စွာဖြင့် ကျယ်ပြန့်လာကာ ရွှေရောင် ရေအိုင် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ ထိုရေအိုင် အနီးတွင် တစ်ယောက်သည် ပုံရိပ်များစွာတို့အား မြင်နေနိုင်သည်။

မူလနဂါး ဘုရင်၏ အကြည့်သည် လေးနက်လာသည်။ သူသည် မဟူရာ ပင်လယ် အတွင်းမှ မထွက်ခွာသည်မှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သော်လည်း ဤနေရာမှ လူများအားလုံးအား မှတ်မိနေသည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်တို့နှင့် ထိုက်ရှိသူတော်စင် ဦးဆောင်သော ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ တစ်အုပ်စုတို့

+

ထိုနေရာတွင် ရှိနေကြသည်။ မူလနဂါး ဘုရင်သည် သူ့အား မမှတ်မိစရာ အကြောင်းမရှိပေ။

မဟာကမ္ဘာ အတွင်းမှ လွန်ခဲ့သော နှစ်ပေါင်း၂၀ အတွင်းတွင် သူသည် ထိုက်ရီသူတော်စင်နှင့် တိုက်ခိုက်ခဲ့သေးသည်။ ထိုတိုက်ခိုက်မှုမှ သူသည် ရှားပါးသော ပစ္စည်းအချို့ကို အောင်မြင်စွာနှင့် ရယူနိုင်ခဲ့သည်။

ပြီးတာနှင့် သူသည် မဟူရာ ပင်လယ် အတွင်းတွင် တံခါးပိတ်၍ ကျင့်ကြံနေကာ ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား အောင်မြင်စွာဖြင့် ကျော်လွှားနိုင်ခဲ့သည်။ သူ၏ လျင်မြန်စွာ ပြန်လည် သက်သာလာနိုင်ခြင်းသည် ဤရတနာကြောင့် ဖြစ်သည်။

+

သို့သော်လည်း နဂါးများနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အပါအဝင် တစ်ယောက်ကမှ ယခုလက်ရှိ အခြေအနေကို ကြိုတင် ခန့်မှန်းနိုင်စွမ်း မရှိပေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မြင့်တက်လာမှုနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့၏ ပြန်လာခဲ့ခြင်းတို့သည် အံ့သြ တုန်လှုပ်ဖွယ်ရာ ကိစ္စများ ဖြစ်ကြသည်။

လက်ပေါင်း ၄၈၀၀၀ စလုံး ကြယ်အလင်းတန်းများဖြင့် လင်းလက်နေသည့် ဗုဒ္ဓကလည်း ထိုနေရာတွင် ရှိနေသည်။ မူလနဂါး ဘုရင်သည် သူ့အား ပထမဆုံး အကြိမ်အဖြစ် တွေ့ဖူးခဲ့ခြင်း ဖြစ်သော်လည်း သူသည် စကြာဝဠာ စကျင်ဗုဒ္ဓ ဖြစ်သည်ဟု သိနေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓ ပြန်လာအပြီးတွင် ရွှေပုစဥ်း ဆရာတော်သည် သူ၏ လက်အောက်သို့

+

ခိုလှုံသွားခဲ့သည်။ မူလနဂါး ဘုရင်၏ ဝိညာဉ်ပင်လယ် လျှို့ဝှက်သော့သည် ရွှေပုစဥ်း ဆရာတော်ထံမှ ရရှိလာခဲ့ခြင်း ဖြစ်သည်။

မူလနဂါး ဘုရင်သည် ရွှေပုစဥ်း ဆရာတော်က ထိုအရာကို တမင်သက်သက် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်ဟု ကောင်းကောင်းကြီး အာရုံခံနိုင်ခဲ့သည်။ အခြား စကားဖြင့် ပြောရလျှင် စကြာဝဠာ စကျင်ဗုဒ္ဓသည် ထိုအစီအစဉ် အနောက်မှ ကြိုးကိုင်သူ ဖြစ်သည်။

မူလနဂါး ဘုရင်သည် သူ့ပြိုင်ဘက်၏ ရည်ရွယ်ချက်အား အမှုမထားခဲ့ချေ။ ဤအချိန်တွင် သူသည် စကြာဝဠာ စကျင်ဗုဒ္ဓအား အသေးစိတ် အကဲခတ်နေခဲ့သည်။

+

အားလုံးတို့ကလည်း မူလနဂါး ဘုရင်၏ ရောက်လာမှုကို အာရုံခံနိုင်ခဲ့သည်။ စကြာဝဠာ စကျင်ဗုဒ္ဓကလည်း သူ၏ခေါင်းကို အနည်းငယ် လှည့်လိုက်၍ မူလနဂါး ဘုရင်အား လှမ်းကြည့်လိုက်သည်။ သူ၏ အကြည့်သည် ငြိမ်းချမ်း၍ သဘာဝ ကျနေကာ သူ့အား ဘာမှ အကဲခတ်၍ မရစေခဲ့ချေ။

မူလနဂါး ဘုရင်သည် ထိုအရာကို တွေ့ခဲ့သော အခါ သူ၏ အကြည့်အား အခြား တစ်နေရာသို့ ရွှေ့လိုက်သည်။

သူသည် လွင့်မျောနေသော တိမ်တိုက် တစ်ခုကိုလည်း တွေ့ခဲ့သည်။ ထိုတိမ်တိုက်၏ အပေါ်တွင် သူသည် ဝေဝါးနေသော လူသားပုံရိပ် တစ်ခုအား တွေ့နိုင်ခဲ့သော်လည်း အသေးစိတ် မမြင်ရပဲ ရေးရေးလေးသာ မြင်နိုင်ခဲ့သည်။

+

ထိုသူသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် မြင့်တက်လာသော ကြယ်တစ်ပွင့် ဖြစ်သည့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ ဖြစ်မှန်းကို သူက မှတ်မိလိုက်သည်။

နဂါးများနှင့် ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှ နောက်ဆုံးတိုက်ပွဲ အပြီးတွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် အကျိုးအမြတ် အနည်းငယ် ရနိုင်ခဲ့သည်။ ထို့ကြောင့် သူမသည် စွမ်းအားများ အလျင်အမြန် တိုးတက်လာနိုင်ခြင်း ဖြစ်သည်။

ကံမကောင်းစွာဖြင့် လက်ရှိအခြေအနေ အရ သူမသည် မူလနဂါး ဘုရင်ထက်ပင် ပို၍ အခြေအနေ ဆိုးနေသေးသည်။

+

မူလနဂါး ဘုရင်သည် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတအား လှျော့တွက်လိမ့်မည် မဟုတ်ချေ။ ဘာပဲပြောပြော သူမသည် သူနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ ဝိညာဉ်ပင်လယ် အတွင်းသို့ ဝင်ရောက်နိုင်ခြင်း၏ အကြောင်းရင်း ဖြစ်သည်။ သူမ၏ ဤအခြေအနေကို ဖန်တီးနိုင်သော စွမ်းရည်သည် အမှန်ပင် ထူးချွန် ပြောင်မြောက်လှသည်။

ထို့အပြင် သူမ၏ ခြေအောက်တွင် အလင်းတန်း တိုင်လုံး ၁၂လုံး ရှိနေသည်။ သူတို့သည် ပဏ္ဍိက ၁၂ပါး လည်ပတ်နေသော ကောင်းကင်ဝက်ပါ ဖြစ်မှန်း သိသာနေခဲ့သည်။ သူမသည် ဤဝက်ပါအား ထုတ်လွှတ်နိုင်ရန် အလွန် အစွမ်းထက်သော ရတနာများကိုလည်း စုဆောင်းနိုင်ခဲ့သည်။

+

သို့တိုင်အောင် အကယ်၍ သူမသည် တစ်စုံတစ်ခု စွမ်းဆောင်လိုပါက အခြားသူများထက် များစွာပို၍ အားစိုက်ရမည် ဖြစ်သည်။

မူလနဂါး ဘုရင်အား ပျော်ရွှင်စေခဲ့သည့် အချက်မှာ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ လျှို့ဝှက်ဆန်းကြယ်သော နောက်ခံအား နောက်ဆုံးတွင် သိနိုင်ခဲ့ခြင်း ဖြစ်သည်။

အစောပိုင်းက မူလနဂါး ဘုရင်နှင့် မြေနဂါးဘုရင်တို့ ဖြစ်စေ၊ ကျန်သော မဟာလွင်တီးခေါင် ကုန်းမြေ တစ်ခုလုံးက ဖြစ်စေ၊ တစ်ယောက်ကမှ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် ဟေးဒီးစ် ဂေဟရီတို့က ဆက်စပ်နေသည်ဟု မတွေးမိခဲ့ကြပေ။

+

ဟေးဒီးစ် ကေရာဇ် အကြောင်းကို တွေးမိသော အခါ သူ၏ မျက်နှာအပေါ်တွင် မည်းမှောင်သော အကြည့်တစ်ခု ပေါ်လာသည်။ ရေအိုင်၏ အခြား တစ်ဘက်ကမ်းတွင် သူသည် ဟေးဒီးစ်အချို့ကို တွေ့နိုင်ခဲ့သည်။

သူတို့၏ ခေါင်းဆောင်အား တွေ့ခဲ့ရသော အခါ မူလနဂါး ဘုရင်၏ မျက်လုံးအစုံသည် ကျဉ်းမြောင်းသွားခဲ့သည်။

စုစုပေါင်း ဟေးဒီးစ် ၁၂ကောင် ရှိနေသည်။ သူတို့အား ဦးဆောင်လာသူမှ ဟေးဒီးစ်မျိုးနွယ်စု အတွင်းမှ အစွမ်းအထက်ဆုံး ခေါင်းဆောင်ဖြစ်သည့် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ် ဖြစ်သည်။

+

မူလနဂါး ဘုရင်သည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ကျော်လွှားနိုင်ခဲ့ကာ ကမ္ဘာနှစ်ခု အကြားမှ နောက်ဆုံးတိုက်ပွဲ အပြီးတွင် ဒဏ်ရာမှ ပြန်လည် သက်သာလာခဲ့သော်လည်း ပုံရိပ်ယောင်နေမင်းအား ကြည့်ခဲ့ရသော အခါ ကြီးမားသော ဖိအားများကို ခံစားခဲ့ရသေးသည်။

ဟေးဒီးစ်ကေရာဇ် အုပ်ချုပ်ခဲ့စဉ်က နဂါးများသည် သူ့အား အညံ့ခံခဲ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်က ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် ဟေးဒီးစ် ကေရာဇ်သည် တိုက်ပွဲတွင် ကျဆုံးသွားကာ ဟေးဒီးစ် မျိုးနွယ်စုများကလည်း ပျောက်ကွယ်သွားခဲ့၍ နဂါးများသည် နောက်ဆုံးတွင် ပြန်လည် တောက်ပလာရန် အခွင့်အရေး ရရှိခဲ့သည်။

+

ဤအချိန်တွင် သူက ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ဖြတ်သန်းနိုင်ခဲ့သော အခါ နဂါးများသည် သိသိသာသာ အသာစီး ရသွားခဲ့သည်။ ထိုသတင်း ပျံ့သွားသော အခါ နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့သည် အံ့ဩ တုန်လှုပ်သွားကြသည်။

သို့သော်လည်း ထိုအချိန်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ဟေးဒီးစ် မျိုးနွယ်စုတို့သည် မဟာကမ္ဘာ အတွင်းကို ပြန်လာခဲ့ကြသည်။ သူတို့သည် ယခင်ကကဲ့သို့ မဟာလွင်တီးခေါင် ကုန်းမြေအား မကြီးစိုးနိုင်ခဲ့သော်လည်း သူတို့သည် အစွမ်းအထက်ဆုံး မျိုးနွယ်စု ဖြစ်နေခဲ့သေးသည်။

+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် မူလနဂါး ဘုရင်အား ကြည့်လိုက်ကာ သူ၏ခေါင်းကို အနည်းငယ် ညိတ်လိုက်သည်။ သူသည် ဘာမှ မပြောခဲ့ပဲ သူ၏ အကြည့်အား ရွှေရောင် ရေအိုင် အပေါ်၌သာ စူးစိုက်ထားခဲ့သည်။

မူလနဂါး ဘုရင်၏ မျက်နှာမှာလည်း အမူအရာ ကင်းမဲ့နေကာ ဘာမှ မပြောခဲ့ပေ။

ဟင်းလင်းပြင် ဘုရားကျောင်း၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၊ စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ဟေးဒီးစ် မျိုးနွယ်စုတို့ အပြင် မျောက်တစ်ကောင်ကလည်း ကန်ဘေးတွင် ရပ်နေကာ သူ၏ နားရွက်များကို ကုတ်နေသည်။ ပုံရိပ်ယောင်နေမင်းနှင့် အလားတူပင် သူသည် ရေအိုင်၏ အလယ်အား စိုက်ကြည့်နေခဲ့သည်။

+

မူလနဂါး ဘုရင်သည် ထိုမျောက်ကိုလည်း ယခင်က တစ်ခါမှ မတွေ့ဖူးခဲ့သော်လည်း သူ့အား ချက်ချင်း မှတ်မိခဲ့သည်။ သူပေါ်လာသည့် အချိန်တိုင်းတွင် သူသည် ပြဿနာများကို အကြီးအကျယ် ဖန်တီးခဲ့သည်။ သူသည် မန္တန်တစ်သောင်းမျောက်ပင် ဖြစ်သည်။

မူလနဂါး ဘုရင်၏ အကြည့်သည် မျောက်နှင့် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်တို့ထံမှ ရွှေ့လိုက်ကာ ရေအိုင်၏ အလယ်သို့ အာရုံစိုက်လိုက်သည်။

သူသည် ပြောင်းလဲမှုများကို ချက်ချင်း ဆိုသလိုပင် တွေ့နိုင်ခဲ့သော်လည်း နောက်ဆုံး အချိန်မှပင် သူ၏ အကြည့်သည် လေးနက်လာခဲ့သည်။

+

ရေအိုင်၏ အလယ်တွင် ဝဲကတော့ တစ်ခု ရှိနေသည်။ ထိုနေရာတွင် ရွှေရောင်ချပ်ပြား တစ်ခုသည် ဝဲကတော့ အပေါ်တွင် လွင့်မျောနေ၍ ထိုချပ်ပြား အပေါ်တွင် လူအချို့ ထိုင်နေကြသည်။ မူလနဂါး ဘုရင်သည် သူတို့အား ကြည့်လိုက်သော အခါ လူနှစ်ယောက်ကိုသာ ဂရုစိုက်နေခဲ့သည်။

ထိုပုံရိပ် နှစ်ခုသည် ထပ်တူညီနေကြသည်။ သူတို့ နှစ်ယောက်စလုံးသည် လွင့်မျောနေသော ခရမ်းရောင် ဝတ်စုံများကို ဝတ်ဆင်ထားသော ဆံပင်ရှည်ရှည်နှင့် လူငယ်များ ဖြစ်ကြသည်။ တစ်ယောက်သည် တင်ပလ္လင်ခွေ ထိုင်နေကာ တစ်ယောက်သည် ရောမ အနက်ရောင် ထီးကြီးတစ်လက်အား ကိုင်ထားသည်။ မူလနဂါး ဘုရင် အနားရောက်လာသည်ကို မြင်ခဲ့ရသော အခါ သူတို့သည် သူ့အား အပြုံးတစ်ဝက်ဖြင့် ကြည့်လိုက်သည်။

+

ဤအကြိမ်သည် မူလနဂါး ဘုရင် အနေဖြင့် သူတို့အား ပထမဆုံး အကြိမ်အဖြစ် မြင်ခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း သူသည် သူတို့အား ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ထက်ပင် ပို၍ ဂရုစိုက်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ဤလူသည် သူ့အား ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အတွင်းတွင် အနိုင်ယူခဲ့သောသူ ဖြစ်သောကြောင့် ဖြစ်သည်။ သိပ်မကြာသေးမီက သူသည် မဟာကမ္ဘာ အတွင်းတွင် နေနေခဲ့ကာ သူ့အား အနိုင်ယူခဲ့ပြီး မဟူရာ ပင်လယ် အတွင်းသို့ ပြန်လည် ဆုတ်ခွာစေခဲ့သည်။

+

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် လင်းဖုန်းပင် ဖြစ်ပေတော့သည်။

သူသည် လင်းဖုန်းနှင့် မူလရွှေခွက်တို့အား ကြည့်လိုက်ကာ ရုတ်တရက်ပင် လင်းဖုန်းသည် ဝိညာဉ်ပင်လယ် တိုက်ပွဲတွင် အသာစီး ရနေခဲ့သည်ဟု သဘောပေါက်သွားခဲ့သည်။

ကျန်သောသူများသည် သူ့အား စိုက်ကြည့်နေရုံသာ တတ်နိုင်ခဲ့သည်။

ဤအချိန်တွင် မူလနဂါး ဘုရင်၏ အကြည့်သည် လင်းဖုန်း၏ လက်အတွင်းမှ ထီးအပေါ်သို့ ကျရောက်သွားခဲ့သည်။

+

# စာစဉ် ၇၃ : အပိုင်း ၁၄

## အပိုင်း ၁၄၂၄ : ရောက်သင့်သောသူများ အားလုံး ရောက်လာကြပြီ

မူလနဂါး ဘုရင်သည် လင်းဖုန်း၏ လက်အတွင်းမှ ထီးကြီးအား ကြည့်နေခဲ့သည်။ ဤအချိန်တွင် ထီးသည် သာမန်ပုံသာ ပေါက်နေ၍ ဘာမှ မထူးခြားနေခဲ့ပေ။

သို့သော်လည်း ထီး၏ ထိပ်ဖျားတွင် တစ်ယောက်သည် အနက်ရောင် စေတီတစ်ခုအား တွေ့နိုင်သည်။ သူ့ထံမှ အနက်ရောင် အလင်းတန်းများ ထိုးတက်လာ၍ ထီးအနားတွင် လှည့်လည်နေခဲ့သည်။ သူတို့သည် စကြာဝဠာ၏ မူလ ကစဥ့်ကလျားမှုများနှင့် တူနေသော ခေတ်ငွေ့တန်းများ အဖြစ်သို့ ပြောင်းသွားကြသည်။

+

ထီးကို ကြည့်လိုက်ပြီး မူလနဂါး ဘုရင်သည် ထိုက်ရှိသူတော်စင်၊ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ကျန်သောသူများအား ကြည့်လိုက်ကာ သူတို့အားလုံးက ဘာတွေးနေသည်ကို ခန့်မှန်းနိုင်ခဲ့သည်။

သူ၏ အကြည့်သည် ပြီးတာနှင့် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်များ အပေါ်သို့ ကျသွားခဲ့သည်။ ထို့နောက် သူသည် အောက်သို့ ကြည့်လိုက်ကာ ရွှေရောင်ရေအိုင် အနားရှိ ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ အပေါ်သို့ အာရုံစိုက်လိုက်သည်။

+

ရေအိုင်မှ ရေများအနီးတွင် အမှန်ပင် တောက်ပသော ကြေးမုံ တစ်ခုအား တွေ့နိုင်ခဲ့သည်။ အလင်းတန်းများသည် ကြေးမုံအတွင်းမှ တောက်ပနေကြကာ အချိန် ကြာလာသည်နှင့် အမျှ ကြေးမုံသည် ပို၍ပို၍ တောက်ပလာလေသည်။

မူလနဂါး ဘုရင်သည် အမူအရာ ကင်းမဲ့စွာဖြင့် သူ့အရှေ့မှ မြင်ကွင်းအား ကြည့်နေခဲ့သည်။ အန္တိမ ကောင်းကင်ကြေးမုံထံမှ စွမ်းအားများကို ပို၍ပို၍ ခံစားနေခဲ့ရသဖြင့် ထိုကြေးမုံသည် လျင်မြန်စွာဖြင့် သူ၏ စွမ်းအားများကို ပြန်လည် ရရှိနေခဲ့သည်ဟု သူက သိနေခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ကဲ့သို့ပင် သူသည် အန္တိမ ကောင်းကင်ကြေးမုံ အပေါ်တွင် ရှုပ်ထွေးသော ခံစားချက်များ ရှိနေသည်။

+

နဂါးများသည် မဟာချင် အင်ပါယာအား
ဘိုးဘေးနဂါးကြောင့် မုန်းတီးခဲ့ခြင်း ဖြစ်သည်။
အလားတူပင် သူတို့သည် ဟင်းလင်းပြင်
ဘုရားကျောင်းကိုလည်း မုန်းတီးနေခဲ့သည်။

ကြွယ်ကေရာဇ်၏ ကျဆုံးမှုသည် အန္တိမ
ကောင်းကင်ကြေးမုံ အပေါ်တွင် အပြစ်ပုံချ၍ ရသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည်
ထောင်စုနှစ်ပေါင်းများစွာ ယနေ့တိုင်
တည်မြဲနိုင်ခြင်းသည် အန္တိမ
ကောင်းကင်ကြေးမုံကြောင့်ပင် ဖြစ်သည်။

+

ကမ္ဘာနှစ်ခု အကြားမှ နောက်ဆုံးတိုက်ပွဲ မတိုင်မီက ပေးဒီးစ် မျိုးနွယ်စုများသည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာလိမ့်မည်ဟု တစ်ယောက်ကမှ ထင်မထားကြပေ။ ထိုအချိန်က မူလကောင်းကင် ကမ္ဘာအား တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်သော အချက်သုံးချက်သာ ရှိသည်။

ပထမ အချက်မှာ လင်းဖုန်းသည် သူ၏ ကောင်းကင်ဖျက်ဆီး ဓားအား ဒုတိယ အကြိမ် အောင်မြင်စွာ ကျင့်ကြံနိုင်မည်လော ဟူ၍ ဖြစ်သည်။ ဒုတိယ အချက်မှာ အန္တိမ ကောင်းကင်ကြေးမုံသည် မည်သည့်အချိန်တွင် အပြည့်အဝ ကောင်းမွန်လာမည် ဟူ၍ဖြစ်သည်။ တတိယ အချက်မှာ ထိုအချက်နှစ်ချက် မဖြစ်ပေါ်မီ မူလနဂါး ဘုရင်သည် မဟာလွင်တီးခေါင် ကုန်းမြေအား အောင်မြင်စွာ ကြီးစိုးနိုင်မည်လော ဟူ၍ ဖြစ်သည်။

+

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းသည် မဟူရာ ပင်လယ် အတွင်းသို့ သူတို့၏ အန္တိမ ကောင်းကင်ကြေးမုံနှင့် အတူတကွ ဝင်သွားခဲ့သည်။ ထိုအရာသည် နဂါးများနှင့် ပထမဆုံး အကြိမ် အဖြစ် အကြီးအကျယ် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အကြောင်းရင်း အချို့ကြောင့် နဂါးများသည် အန္တိမ ကောင်းကင်ကြေးမုံအား မဟူရာ ပင်လယ် အတွင်းတွင် ထာဝရ ထိန်းသိမ်းထားနိုင်လုနီးပါး အထိ အခွင့်အရေး ရခဲ့သည်။

သို့သော်လည်း လင်းဖုန်းကြောင့် သူတို့သည် ရှုံးနိမ့်ခဲ့ရလေသည်။

+

ဤအချိန်တွင် မူလနဂါး ဘုရင်သည် လင်းဖုန်းက ဝိညာဉ်ပင်လယ်အား မထိန်းချုပ်နိုင်မီပင် အင်အားများ အပြည့်အဝ ပြန်ပြည့်လာနိုင်သော ဖြည်းဖြည်းချင်း အားကောင်းလာနေသည့် အန္တိမ ကောင်းကင်ကြေးမုံအား ကြည့်နေခဲ့သည်။

နှစ်ပေါင်းများစွာ အတွေ့အကြုံ ရှိခဲ့သော်လည်း မူလနဂါး ဘုရင်သည် ယခုအချိန်တွင် ရှုပ်ထွေးသော ခံစားချက်များကို ခံစားခဲ့ရသည်။

တိုက်ပွဲအား မမြင်ခဲ့ရသော်လည်း မူလနဂါး ဘုရင် အနေဖြင့် အန္တိမ ကောင်းကင်ကြေးမုံ၊ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ စကြာဝဠာ စကျင်ဗုဒ္ဓ၊ မျောက်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့သည် လင်းဖုန်းအား

+

ဟန့်တားရန် ကြိုးစားခဲ့ကြပြီး ဖြစ်သည်ဟု သိနိုင်ခဲ့သည်။ သူတို့ ရှုံးနိမ့်ခဲ့သည်မှာ သိသာနေ၍ သူတို့ တတ်နိုင်သည်မှာ အန္တိမ ကောင်းကင်ကြေးမုံက ဖြည်းဖြည်းချင်း ပြန်လည် ကောင်းမွန်လာသည်ကို ကြည့်နေရုံသာ ဖြစ်သည်။

မူလနဂါး ဘုရင်သည် မာနကြီးသောသူ တစ်ယောက် ဖြစ်သော်လည်း သူတို့အများစု မတတ်နိုင်သည့် ကိစ္စအား သူတစ်ယောက်တည်း အနေဖြင့် မအောင်မြင်နိုင်ဟု သိနေခဲ့သည်။

ဤနေရာသည် မဟူရာ ပင်လယ် မဟုတ်ချေ။ ထို့အပြင် သူသည် မဟူရာ ပင်လယ်၏ စွမ်းအားများကို အသုံးပြုခဲ့လျှင်ပင် အောင်မြင်နိုင်လိမ့်မည် မဟုတ်ချေ။

+

လင်းဖုန်း၏ ဦးဆောင်မှုအောက်တွင် အဖွဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာအတွင်းတွင် အများက
လက်ခံထားသော အုပ်ချုပ်သူ ဖြစ်နေကာ
မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အစွမ်းအထက်ဆုံး
အင်အားစု ဖြစ်နေခဲ့ပြီ ဖြစ်သည်။

အကယ်၍ လင်းဖုန်းအနေဖြင့် ဝိညာဥ်ပင်လယ်အား
အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့ပါက အကျိုးဆက်များသည်
စဥ်းစား၍ မရနိုင်လောက်အောင် ဖြစ်သွားမည် ဖြစ်သည်။

ဤအချိန်တွင် မူလနဂါး ဘုရင်သည် ကျန်သောသူများနှင့်
အလိုအလျောက် မဟာမိတ် ဖြစ်သွားခဲ့ပြီ ဖြစ်ကာ
ယခုအချိန်တွင် သူတို့သည် လင်းဖုန်း၏ ထီးအား
ထိုးဖောက်နိုင်ရန် အန္တိမ ကောင်းကင်ကြေးမုံအား
လိုအပ်နေသည်။

+

မူလနဂါး ဘုရင်သည် ဟိန်းဟောက်လိုက်ကာ
ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့သည်။

သူသည် ရွှေရောင် အလင်းတန်း တစ်တန်းအဖြစ်သို့
ပြောင်းသွားကာ လင်းဖုန်းနှင့် ကျန်သောသူများ
ရှိနေကြသည့် ရေအိုင်၏ အလယ်သို့ ပျံသန်းသွားသည်။

သူသည် သူတို့အား တစ်ယောက်တည်း
အနိုင်ယူနိုင်မည်ဟု မယုံကြည်နေသော်လည်း
အနည်းဆုံးတော့ ကြိုးစားကြည့်မှ ရမည်။ ဤကဲ့သို့
ပြုလုပ်မှသာ လင်းဖုန်း၏ ထီးကြီးအား မည်ကဲ့သို့
ရင်ဆိုင်ရမည်ကို နားလည်နိုင်မည် ဖြစ်သည်။

+

ရွှေရောင် နဂါး ကျက်သရေ တိမ်တိုက်များသည် ကောင်းကင် တစ်ခုလုံးအား ပြည့်သွား၍ လင်းဖုန်း၏ ခေါင်းပေါ်သို့ ကျဆင်းလာခဲ့သည်။ အနက်ရောင် ထီးကြီး၏ အောက်တွင် လင်းဖုန်းသည် ဖွဖွလေးသာ ပြုံးလိုက်၍ ဘာမှ မပြောခဲ့ပေ။

နဂါး ကျက်သရေ တိမ်တိုက်အတွင်းမှ ရောမ ရွှေရောင် နဂါးတစ်ကောင် ထွက်ပေါ်လာကာ ထီး၏ မျက်နှာပြင်အား ကုတ်ဆွဲရန် ကြိုးစားနေခဲ့သည်။

မူလနဂါး ဘုရင်၏ ရောမ ခန္ဓာကိုယ်အောက်တွင် ထီးသည် သေးငယ်နေသည်ဟု ထင်နေရသည်။ သို့သော်လည်း ထိုအချိန်တွင် သူသည် လေဟာနယ်အား တွန့်လိမ်စေကာ မယုံနိုင်လောက်အောင် ကြီးမားလာသည်။ မူလနဂါး ဘုရင်၏ လက်သည်းသည်

ကစဥ့်ကလျားမှုများ အပေါ်သို့ ကျရောက်သွားသည်ဟု ခံစားခဲ့ရသည်။

မူလနဂါး ဘုရင်သည် သဲနုန်းများကို ဆွဲဖြဲလိုက်ကာ သူတို့အား ချိုးဖျက်နိုင်ရန် ကြိုးစားနေခဲ့သည်။

သို့သော်လည်း သူ၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများသည် ကစဥ့်ကလျားမှုများ၏ ဆက်တိုက် တွန်းဖယ်ခြင်းကို ခံနေရ၍ မူလနဂါး ဘုရင်သည် ရှေ့မဆက်နိုင်ခဲ့ပေ။

ရေအိုင်ဘေးတွင် ရှိနေသော ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ကလည်း ဘာမှ မပြောပဲ တိုက်ခိုက်လိုက်သည်။ သို့သော်လည်း အလားတူပင် သူသည် ထီးကြီး၏ တားဆီးမှုကို ခံခဲ့ရသည်။

+

ထိုတိုက်ခိုက်မှုသည် မပြင်းထန်သော်လည်း မူလနဂါး ဘုရင်သည် သူ့အနောက်မှ သဘောတရားများကို တွေ့နိုင်ခဲ့သည်။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မိစ္ဆာ စွမ်းအားများသည် ထီးအပေါ်သို့ ကျရောက်သွားသော်လည်း သူတို့သည် သီးခြား ဒိုင်မန်းရှင်းများ အတွင်းတွင် ရှိနေခဲ့သကဲ့သို့ လျှင်မြန်စွာဖြင့် လွင့်ပြယ်သွားခဲ့သည်။

"လက်စသတ်တော့ ဒီလိုကိုး... အားလုံးတို့က ထီးကို မချိုးဖျက်နိုင်ပဲ အန္တိမ ကောင်းကင်ကြေးမုံ လုံးဝ ပြန်လည် ကောင်းမွန်လာတဲ့ အထိ စောင့်နေရတာ အဆန်းတော့ မဟုတ်ပါဘူး"

+

မူလနဂါး ဘုရင်၏ ရည်မှန်းချက်များက ပြည့်မြောက်သွားသဖြင့် သူသည် ဆက်လက် မတိုက်ခိုက်နေတော့ပဲ ရေအိုင်အပေါ်သို့ ပြန်လည် ပျံသန်းသွားခဲ့ကာ ရေအိုင်၏ အလယ်မှ မူလရွှေခွက်အား ကြည့်နေခဲ့သည်။ ပြီးတာနှင့် သူသည် သူ့အရှေ့မှ ထူးခြားသော်လည် ငြိမ်းချမ်းနေသည့် အခြေအနေ၊ လင်းဖုန်းနှင့် ကျန်သောသူများအား အကဲခတ်နေခဲ့သည်။

မူလနဂါး ဘုရင်သည် ရွှေရောင် ကျက်သရေ တိမ်တိုက်များ အကြားတွင် နေနေခဲ့၍ ဖြည်းဖြည်းချင်း ဆင်းသက်လာခဲ့သည်။ မကြာမီပင် သူသည် ရေအိုင်ဘေးသို့ ရောက်လာ၍ ငြိမ်သက်သွားခဲ့သည်။

မူလနဂါး ဘုရင်သည် မည်ကဲ့သို့ တွေးနေမှန်းကို တစ်ယောက်မှ မသိကြပေ။ သူသည် အန္တိမ ကောင်းကင်ကြေးမုံက အပြည့်အဝ

+

သက်သာလာသည်ကို စောင့်နေသကဲ့သို့ ဖြစ်နေကာ ကျန်သောသူများနှင့် အတူ လင်းဖုန်းအား ဝန်းရံထားခဲ့သည်။ မာနကြီးသော နဂါးတစ်ကောင် အနေဖြင့် ဤအရာသည် ခက်ခဲသော ဆုံးဖြတ်ချက် တစ်ခုဖြစ်သည်။

ကျန်သောသူများကလည်း ဘာမှ မပြောခဲ့ပဲ ငြိမ်သက်စွာသာ စောင့်မျှော်နေကြလေသည်။

ရှုထောင့် တစ်ခုမှ ကြည့်၍ ပြောရလျှင် လင်းဖုန်းသည် ယခုအချိန်တွင် ဤအခွင့်အရေးကို ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။

+

သူသည် သူ၏ ထီးကြီးကို ကိုင်ထားရင်း ဖွဖွလေး ပြုံးလိုက်ကာ မူလနဂါး ဘုရင်အား တစ်ချက် ငေ့ကြည့်လိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

ဇူရီ၊ ဝမ်လင်း၊ ယွဲ့ဟုန်ယန်၊ ယန်ချင်နှင့် ကျန်သောသူများသည် တည်ငြိမ်နေသည့်ပုံ ပေါက်နေကြသည်။ သူတို့သည် မူလရွှေခွက် အပေါ်တွင် လင်းဖုန်းအား ဝန်းရံ၍ တင်ပလ္လင်ခွေ ထိုင်နေကြသည်။ ကျားဖြူ မဟာပဏ္ဍိတသည် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်အား အေးစက်စွာဖြင့် စိုက်ကြည့်နေသော်လည်း သူကလည်း တည်ငြိမ်နေ၍ ဘေးတွင် ဝပ်တွားနေခဲ့သည်။

အားလုံးတို့၏ ရင်အတွင်းတွင် ရုတ်တရက် တုန်ခါသွား၍ အဝေးသို့ လှမ်းကြည့်လိုက်ကြရာ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

+

ထိုသူသည် အနက်ရောင် နဂါးဝတ်ရုံများကို ဝတ်ဆင်ထား၍ သူ၏ ခေါင်းပေါ်တွင် သရဖူ တစ်ခုအား ဆောင်းထားသည်။ သူ၏ မျက်နှာသည် ခမ်းနားထည်ဝါ၍ လေးနက်နေသည်။

သူ့အား တွေ့လိုက်ရသော အခါ ဝမ်လင်း၏ အကြည့်သည် မည်းမှောင်သွား၍ လင်းဖုန်းသည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။

ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့က ထိုသူအား မှတ်မိခဲ့ကြသည်။ သူသည် တစ်ချိန်လုံး ပုန်းအောင်းနေခဲ့သော သေမင်းဧကရာဇ်ပင် ဖြစ်သည်။ သူသည် သူငယ်စဥ်က ပုံစံကို ယူထားသော်လည်း

+

သေမင်းကေရာဇ် ဖြစ်မှန်းကို သူတို့က သေချာနေကြသည်။

သေမင်းကေရာဇ်သည် ဟင်းလင်းပြင် ဘုရားကျောင်း အနီးမှ ရွှေရောင် ရေအိုင်၏ အခြားတစ်ဘက်တွင် ပေါ်လာခဲ့ကာ ရေအိုင်နှင့် မျက်နှာချင်းဆိုင် နေရာတွင် ရပ်နေပြီး သူသည် သူ့အရှေ့မှ အရာအားလုံးအား တည်ငြိမ်စွာဖြင့် ကြည့်နေခဲ့သည်။ သူ၏ အကြည့်သည် လင်းဖုန်းနှင့် ကျန်သောသူများ အပေါ်သို့ ကျရောက်သွားပြီးမှ ရေအိုင်အား ကြည့်လိုက်သည်။

သူသည် မူလနဂါး ဘုရင်ကဲ့သို့ တိုက်ခိုက်ရန် မကြိုးစားခဲ့သော်လည်း ခေတ္တမျှ လေ့လာခဲ့ အပြီးတွင် ဘာဖြစ်နေသည်ကို သဘောပေါက်သွားခဲ့သည်။

+

သေမင်းကေရာဇ်သည် ထိုနေရာတွင် အမှုအရာ ကင်းမဲ့စွာဖြင့် ငြိမ်သက်စွာ ရပ်နေခဲ့၍ သူဘာတွေးနေသည်ကို တစ်ယောက်ကမှ မသိနိုင်ပေ။ သူသည် ရွှေရောင် ရေအိုင်အား ကြည့်နေ၍ အန္တိမ ကောင်းကင်ကြေးမုံအား ကြည့်လိုက်သော အခါ သူ၏ မျက်လုံးများ အတွင်းမှ အလင်းရောင်အား မဖုံးကွယ်ထား နိုင်ခဲ့ပေ။

သေမင်းကေရာဇ်အား တွေ့ခဲ့ရသော အခါ ဟင်းလင်းပြင် ဘုရားကျောင်းမှ လူအားလုံး၏ မျက်နှာတို့သည် ပြောင်းသွားကြသည်။ ဆွတ်ဆွတ်ဖြူနေသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် တည်ငြိမ်နေသော ထိုက်ရှီသူတော်စင်ကပင် စိတ်လှုပ်ရှားလာသည့်ပုံ ပေါက်လာသည်။ သူသည် သူ၏ မျက်လုံးအစုံအား ပိတ်ထားပြီး သေမင်းကေရာဇ်အား 'ကြည့်'လိုက်လေသည်။

+

ဟင်းလင်းပြင် ဘုရားကျောင်း၏ သမိုင်းကြောင်းတွင် အရေးပါသည့် ပုဂ္ဂိုလ် တစ်ဦး ဖြစ်သူ ယန်ရှင်းဟီသည် သေမင်းကေရာဇ်၏ နတ်ဆိုးဝိညာဉ် အဖြစ် အပြောင်းခံခဲ့ရခြင်းသည် သူတို့ အတွက် ကြီးမားသော အရှက်ရမှု တစ်ခု ဖြစ်သည်။

ယခုအချိန်တွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ အမုန်းတီးဆုံးသူသည် သေမင်းကေရာဇ်ပင် ဖြစ်ပေလိမ့်မည်။

ထိုက်ရှီသူတော်စင် အပြင် ကျန်းရှီသူတော်စင်၊ ရွှမ်းရှီသူတော်စင်နှင့် လင်းတောက်ဟာန်တို့ အားလုံးသည် သေမင်းကေရာဇ်အား ရေခဲတမျှ အေးစက်နေသော အကြည့်များဖြင့် ကြည့်လိုက်ကြလေသည်။

+

"ငါတို့ ဒီနေရာကို လာရတဲ့ ရည်ရွယ်ချက်ကို အမှတ်ရလိုက်ပါ" ထိုက်ရီသူတော်စင်က သူ၏ 'အကြည့်'အား ပြန်လည် ရုပ်သိမ်း၍ ပြောလိုက်သည်။

လင်းတောက်ဟန်သည် အနည်းငယ်မျှ စဥ်းစားလိုက်ကာ သူ၏ အကြည့်ကိုလည်း ရုပ်သိမ်းလိုက်သည်။
"ကျွန်တော်တို့က အန္တိမ ကောင်းကင်ကြေးမုံရဲ့ စွမ်းအားတွေကို အပြည့်အဝ ပြန်လည် ရရှိဖို့ လိုအပ်နေတယ်... ဒါက အခုအချိန်မှာ အရေးအကြီးဆုံး အရာပဲ... ကျွန်တော်တို့ ဘာပဲလုပ်လုပ် အန္တိမ ကောင်းကင်ကြေးမုံက အထွတ်အထိပ် အခြေအနေမှာ ရောက်နေရင် အများကြီး ပိုလွယ်သွားမယ်"

+

ကျန်သောသူများ အားလုံးတို့က ခေါင်းများ ညိတ်လိုက်ကြသည်။ ကျန်းရှီသူတော်စင်သည် သေမင်းဧကရာဇ်အား ကြည့်၍ ပြောလိုက်သည်။ "သူ့ရဲ့ ဒဏ်ရာတွေဟာ လုံးဝ ပြန်လည် သက်သာလာပြီး ပိုပြီးလည်း အစွမ်းထက်လာတယ်... သမိုင်း မှတ်တမ်းတွေမှာ ဖော်ပြထားတဲ့ သူ့ရဲ့ အထွတ်အထိပ် အခြေအနေကို ပြန်ရောက်သွားပြီလို့ ငါက ခံစားနေရတယ်"

ထိုက်ရှီသူတော်စင်က ပြောလိုက်သည်။ "မင်းရဲ့စိတ်ကို တည်ငြိမ်အောင် ထားပါ... အရေးအကြီးဆုံး အရာက ဝိညာဉ်ပင်လယ်ပဲ ဖြစ်တယ်... ဝိညာဉ်ပင်လယ် တိုက်ပွဲရဲ့ ရလဒ်ဟာ မူလကောင်းကင် ကမ္ဘာရဲ့ အနာဂတ် လမ်းကြောင်းကို ဆုံးဖြတ်ပေးမှာ ဖြစ်တယ်"

+

လင်းတောက်ဟန်သည် သူ၏ခေါင်းကို သဘောတူသည့် အနေဖြင့် ညိတ်လိုက်လေသည်။

သေမင်းကေရာဇ်သည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ဝေးကွာသော နေရာတွင် နေရာယူလိုက်သည်။ သူသည် မည်သည့် ပြဿနာမှ တက်နေလိုခြင်း မရှိချေ။

စကြာဝဠာ စကျင်ဗုဒ္ဓသည် မူလနဂါး ဘုရင်နှင့် သေမင်းကေရာဇ်တို့ ရောက်လာကြသည်ကို တွေ့ခဲ့ရသော အခါ သူ့ကိုယ်သူ တိုးတိုးလေး ပြောလိုက်သည်။

"အခုအချိန်မှာ ရောက်သင့်တဲ့ သူတွေအားလုံး ရောက်လာကြပြီ"

+

ယခုအချိန်တွင် အရေးအကြီးဆုံးသော အချက်မှာ အန္တိမ ကောင်းကင်ကြေးမုံသည် လင်းဖုန်းက ဝိညာဉ်ပင်လယ်အား မကျင့်ကြံနိုင်မီ သူ၏ အထွတ်အထိပ် အခြေအနေသို့ ပြန်ရောက်နိုင်မည်လော ဟူသည်ပင် ဖြစ်သည်။ သို့မှသာ သူတို့သည် သူ့ထီးကို ကျော်လွှားနိုင်မည် ဖြစ်သည်။

ရှိနေကြသော သူများအားလုံးတို့က တိတ်ဆိတ်သွားကြသည်။

မူလရှေ့ခွက် အပေါ်တွင် လင်းဖုန်းသည် သူ၏ထီးအား ကိုင်ထားရင်း ပြုံးလိုက်ကာ သူ၏ တပည့်များကို စိတ်ဖြင့် ဆက်သွယ်လိုက်သည်။ "ထျန်းဟောင်က ဝိညာဉ်ပင်လယ် အတွင်းကို ရောက်လာပြီ... ဒါပေမဲ့ သူက ဒီနေရာကို လာမှာ မဟုတ်ဘူး... သူ့ရဲ့ အဆိုအရ ရှေ့ပုစဉ်း ဆရာတော်ကလည်း ဒီနေရာကို

+

ရောက်လာတယ်… ဒါပေမဲ့ ဒီအရှုးအိုကြီးဟာ ငါတို့အနားကို လာရဲမှာ မဟုတ်ဘူး"

ရှီထျန်းဟောင်သည် လင်းဖုန်းအနားသို့ မလာရခြင်းမှာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အတွက် အခွင့်အရေး တစ်ခုကို ဖန်တီးပေးမိမည်ကို စိုးရိမ်နေသောကြောင့် ဖြစ်သည်။

သူ့တွင် ကောင်းကင်ပေါ်မှ မြို့တော်၊ နတ်ကောင်းကင် ဝက်ပါနှင့် မဟာကောင်းကင်ဘီးတို့ ရှိနေသော်လည်း ဝိညာဉ်ပင်လယ် အတွင်းတွင် အစွမ်းထက်သော ကျင့်ကြံသူများ အများအပြား ရှိနေကြသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အားလုံးတို့၏ ပစ်မှတ် ဖြစ်နေကြသဖြင့် အကယ်၍ လင်းဖုန်းသည် သူ့အား ကောင်းစွာ လက်မခံနိုင်ခဲ့ပါက သူသည် သူတို့၏ လက်များအတွင်းသို့ ကျရောက်သွားနိုင်သည်။

+

ရွှေပုစဉ်း ဆရာတော်သည် သူ့ကိုယ်သူ မဖော်ပြခဲ့ခြင်း၏ အကြောင်းရင်းမှာ သူသည် မျောက်ထံမှ ပုန်းအောင်းနေလို၍ ဖြစ်သည်။ သို့မှသာ ကျန်သောသူများ၏ ပူးပေါင်းမှုသည် အောင်မြင်နိုင်မည် ဖြစ်သည်။

ဇူရီနှင့် ဝမ်လင်းတို့သည် ထိုစကားကို ကြားခဲ့ရသော်လည်း သူတို့၏ မျက်နှာများသည် အမူအရာ ကင်းမဲ့လျက်ပင် ရှိသေးပြီး ရေအိုင်ကိုသာ ဆက်ကြည့်နေကြသည်။

ထိုနေရာတွင် အန္တိမ ကောင်းကင်ကြေးမုံသည် ပို၍ပို၍ တောက်ပလာကာ ကောင်းကင်နှင့် မြေကြီးတို့အား စတင်၍ ဖြည်းဖြည်းချင်း ဆက်သွယ်လိုက်လေသည်။

+

အခြားတစ်ဘက်တွင် ရေအိုင်အတွင်းမှ ရေများသည် ယခင်ကထက် စာလျင် များစွာပို၍ လျော့နည်းသွားပြီ ဖြစ်သည်။

အားလုံးတို့သည် ထိုဖြစ်စဉ်အား လေးနက်သော အမူအရာများဖြင့် ကြည့်နေကြသည်။ ရွှေရောင် ရေအိုင်သည် လုံးဝ ပျောက်ကွယ်သွားပါက လင်းဖုန်း၏ ဝိညာဉ်ပင်လယ်အား ကျင့်ကြံမှုသည် တိုးတက်လာပြီဟု ဆိုလိုနေခြင်း ဖြစ်သည်။ သူသည် သူ့အား ထိန်းချုပ်နိုင်ဦးမည် မဟုတ်သော်လည်း အခြေအနေကို ပြောင်းလဲရန် လွယ်ကူတော့မည် မဟုတ်ချေ။

## စာစဉ် ၇၃ : အပိုင်း ၁၅

+

## အပိုင်း ၁၄၂၅ : အန္တိမ ကောင်းကင်ကြေးမုံ၏ အစစ်အမှန် ပုံစံ

အားလုံးတို့သည် လင်းဖုန်း၏ ဝိညာဉ်ပင်လယ် ကျင့်ကြံမှု အပေါ်မှ တိုးတက်မှုနှင့် အန္တိမ ကောင်းကင်ကြေးမုံ၏ ပြန်လည် သက်သာလာသည့် အမြန်နှုန်း အပေါ်တွင် အာရုံများ စိုက်ထားကြသည်။

မူလရှေးခွက် အပေါ်တွင် တစ်ချိန်လုံး မျက်စိမှိတ်ကာ တရားထိုင်နေသော လင်းဖုန်းသည် နောက်ဆုံးတွင် သူ၏ မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်ရာ သူ၏ အကြည့်သည် အဆုံးမဲ့ အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။

+

လင်းဖုန်း၏ မျက်လုံးများ အတွင်းသို့ ကြည့်လိုက်သော အခါ တစ်ယောက်သည် ကြမ္မာပန်းတိုင် ကမ္ဘာ၏ ဖန်ဆင်းခြင်းမှသည် ပျက်သုဥ်းခြင်း၊ ထိုမှတဆင့် ပြန်လည် မွေးဖွားကာ နောက်ထပ် ဖန်ဆင်းခြင်း စသော အဆုံးမဲ့ ခရီးကို မြင်နိုင်ခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ဝိညာဥ်ပင်လယ် ထံမှ ပေါက်ကွဲထွက်လာသော အလင်းတန်းများသည် လင်းဖုန်း၏ ခန္ဓာကိုယ် အပေါ်သို့ ကျဆင်းလာကြကာ သူ့အား ထွင်းဖောက်မြင်နိုင်သကဲ့သို့ ဖြစ်နေသော တောက်ပလှသည့် အလင်းတန်း တစ်ခုဖြင့် လွှမ်းခြုံသွားခဲ့သည်။

သူ၏ ခန္ဓာကိုယ်သည် ပျောက်ကွယ်သွားသကဲ့သို့ ဖြစ်သွားပြီး သူ၏ တည်ရှိနေမှုအား ဝိညာဥ်ပင်လယ်၏ မရေမတွက်နိုင်သော အလင်းတန်းများ၏ စုစည်းမှုဖြင့်သာ ဖော်ပြနေခဲ့သည်။

+

ဤကဲ့သို့သော အခြေအနေမျိုးတွင် သူသည် လှုံ့ဝှက်ချက်များ မရှိတော့သကဲ့သို့ ဖြစ်နေသော်လည်း လုံးဝ နားမလည်နိုင်ပဲ ဖော်ပြ၍ မရနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် ရောမ ထိုက်ကျိရုပ်ပုံ တစ်ခုက အနှောင့်အယှက် မရှိ လည်ပတ်နေသည်ကို တစ်ယောက်ကမှ မသိနိုင်ကြပေ။ ထိုထိုက်ကျိရုပ်ပုံ၏ အပေါ်တွင် နောက်ထပ် နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံ တစ်ခုက သူ၏ အကျိုးသက်ရောက်မှုများကို ဖော်ပြနေသည်။

ထိုနတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံသည် ရုတ်တရက်ပင် အပိုင်းနှစ်ပိုင်း အဖြစ်သို့ ပြောင်းသွား၍

+

အဖြူနှင့် အနက်ရောင် အလင်းတန်း နှစ်ခု အဖြစ်သို့ ပြောင်းသွားသည်။ အဖြူနှင့် အနက်ရောင် အလင်းတန်း နှစ်တန်းစလုံးတို့သည် လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းမှ လေဟာနယ်အား ထိန်လင်းစေခဲ့ကာ အောက်ဘက်ရှိ ထိုက်ကျိရုပ်ပုံမှ အလင်းရောင်အား ရောင်ပြန်ဟပ်စေခဲ့သည်။

မဟာလမ်းစဥ်၏ မရေမတွက်နိုင်သော လျှို့ဝှက် ဆန်းကြယ်မှုများသည် ပုံရိပ်ယောင် အလင်းတန်း အရိပ်များ အဖြစ်သို့ ပြောင်းသွားကာ ဟင်းလင်းပြင် အတွင်းတွင် အဆက်မပြတ် လှုပ်ရှားနေခဲ့သည်။ သူတို့သည် အချင်းချင်း ယှက်သန်းသွားကြသော အခါ ကောင်းကင်နှင့် မြေကြီးတို့အား ချိုးဖောက်သွား၍ မြေ၊ ရေ၊ လေ၊ မီးတို့၏ ကစဥ့်ကလျား ပေါက်ကွဲမှုများကို ဖြစ်စေခဲ့သည်။

+

ထိုခေတ်များက တည်ငြိမ်သွားသော အခါ ကောင်းကင်သည် ပွင့်သွား၍ ယင်နှင့် ယန်တို့၏ ဆန့်ကျင်ဘက် အင်အားများသည် ကွဲပြားသွားကြပြီး မြင့်လိုက်နိမ့်လိုက် ဖြစ်နေကြကာ အသက်စွမ်းအင်များဖြင့် ပြည့်လာခဲ့သည်။ ဤအရာသည် ကမ္ဘာအသစ် တစ်ခုဖြစ်သည်။

ဤကမ္ဘာများသည် တစ်ခုပြီး တစ်ခု ပေါ်လာကြကာ အချိန်ကာလ စီးဆင်းမှုအောက်တွင် ဆယ်စုနှစ်ပေါင်း များစွာ ကြာသွားပြီး နောက်ဆုံးတွင် ပျက်စီးသွား၍ ငြိမ်းချမ်းသော အခြေအနေ တစ်ခုသို့ ရောက်သွားခဲ့သည်။

လုံးဝကို အသစ်ဖြစ်နေသည့် ကြမ္မာပန်းတိုင် ကမ္ဘာ တစ်ခုသည် ပျက်စီးသွားသော လေဟာနယ်ထဲမှ ထပ်ထွက်လာ၍ ထာဝရ၏ မဟာ အမှန်တရားကို

+

ရည်ညွှန်းနေသကဲ့သို့ သံသရာ လည်နေခဲ့သည်။
မဟာလမ်းစဥ်၏ သဘောတရားများမှ အကောင်အထည်
ပေါ်လာသော အလင်းတန်း အရိပ်များသည်
ပိုများလာခဲ့သလို ပို၍လည်း ပြည့်စုံလာခဲ့သည်။

နောက်ဆုံးတွင် မဟာလမ်းစဥ်၏ အလင်းတန်းများသည်
လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင်
ပေါက်ကွဲထွက်လာခဲ့၍ ကိုင်တွယ်နိုင်သော
ဖြစ်တည်မှုများ အဖြစ် အကောင်အထည် ပေါ်လာကာ
ဝိညာဥ်ပင်လယ်၏ မြင်ကွင်းများကို
ရောင်ပြန်ဟပ်နေသကဲ့သို့ ဖြစ်နေခဲ့သည်။

သို့သော်လည်း ထိုပုံရိပ်တွင် ရောမ ထိုက်ကျိရုပ်ပုံ
တစ်ခုသည် အားနည်းစွာဖြင့် လည်ပတ်နေ၍
ဖြည်းဖြည်းချင်း နွေးကွေးလာကာ ရပ်တန့်လုနီးပါး
ဖြစ်လာခဲ့သည်။ မည်သည့်အချိန်က ပေါ်လာမှန်း မသိပဲ

+

ရောမ ခေါင်းလောင်း တစ်ခု၏ ပုံရိပ်သည်
ထိုက်ကျိုရုပ်ပုံ၏ အပေါ်တွင် ပေါ်လာခဲ့သည်။

ခမ်းနားထည်ဝါစွာ နားဝင်ချိုနေသော
ခေါင်းလောင်းသံများ အကြားတွင် မဟာ
ခေါင်းလောင်းကြီးသည် ဖြည်းဖြည်းချင်း အသွင်
ပြောင်းသွားခဲ့သည်။ သူသည် ရုပ်ထုများဖြင့်
ပြည့်နေသော ရောမ အနက်ရောင် ကျောက်တုံးတံခါး
တစ်ခုအဖြစ် ပြောင်းသွားကာ သူ၏ ရှေးကျကာ
အထီးကျန်နေသော အရည်အသွေးမှ အားကောင်းသော
အသက်စွမ်းအင် တစ်ခုကို ထုတ်လွှတ်နေသည်။

ရောမ တံခါးသည် အသံ တိုးတိုးလေး မြည်သွားကာ
ဖြည်းဖြည်းချင်း ပွင့်လာ၍ အတွင်းမှ ရှည်လျားသော
အသွင်မဲ့ မြစ်တစ်စင်း စီးဆင်းလာခဲ့သည်။ ရေများသည်
မမြန်သလို နှေးလည်း မနှေးပဲ တောက်လျှောက်
+

စီးဆင်းလာခဲ့ကာ အဆက်မပြတ်သော ထာဝရ အရည်အသွေး တစ်ခုကို ပိုင်ဆိုင်ထားသည်။ ထိုအရာသည် အချိန်မြစ်ရေပင် ဖြစ်သည်။

မြစ်၏ မျက်နှာပြင် အပေါ်တွင် အဘိုးအို တစ်ယောက် ထိုင်နေသည်။ သူသည် အိုမင်းအားနည်းနေကာ သူ့ဘဝ၏ အဆုံးသတ်ပိုင်းသို့ ရောက်နေသည်ဟု ထင်နေရပြီး ဤကမ္ဘာမှ အချိန်မရွေး ထွက်သွားတော့မည်ဟု ထင်နေရသည်။

သူ၏ မျက်လုံးများ အတွင်းတွင်မူ လုံးဝကို ကွဲပြားနေသော ပုံရိပ်တစ်ခုကို တွေ့နိုင်သည်။ သူ၏ မျက်လုံးများ အတွင်းသို့ ကြည့်လိုက်လျှင် တစ်ယောက်သည် ကလေးတစ်ယောက်၏ အပြစ်ကင်းစင်မှုနှင့် လူငယ်တစ်ယောက်၏ တောက်ပစူးရှမှုတို့ကို တွေ့နိုင်သလို သက်လတ်ပိုင်း

+

လူကြီးတစ်ယောက်၏ အတွေ့အကြုံနှင့် အဘိုးအို တစ်ယောက်၏ တည်ငြိမ် အေးချမ်းမှုတို့ကို ခံစားရနိုင်သည်။

ဤစွမ်းရည်များ အကြားတွင် သူသည် အသက်စွမ်းအင်များ လုံးဝ ကင်းမဲ့နေသော သေမင်း အရှိန်အဝါ ရေးရေးလေးကိုလည်း ထုတ်လွှတ်နေသည်။

အရာအားလုံးတို့သည် တစ်ပြိုင်နက်တည်း ပေါ်လာခြင်း ဖြစ်ကာ အဘိုးအို၏ မျက်လုံး အတွင်းတွင် အတူတကွ စုစည်းနေကြသည်။ တစ်ပိုင်းချင်းစီကို ကောင်းစွာ ခွဲခြားထားသော်လည်း သူတို့ အားလုံးတို့သည် ခွဲခြား၍ မရနိုင်သော ဖြစ်တည်မှု တစ်ခုအဖြစ် ပေါင်းစည်းနေကြလေသည်။

+

အချိန်သည် ငြိမ်သက်စွာဖြင့် စီးဆင်းနေရင်း လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် မည်သူမှ မသိနိုင်သော အဖြစ်အပျက်များက ဖြစ်ပျက်နေကြသည်။

အပေါ်ယံသာ ကြည့်လိုက်လျှင် အလင်းတန်းများ၏ လွှမ်းခြုံမှုကို ခံထားရ၍ ပိုမို လျှို့ဝှက် ဆန်းကြယ်ကာ ခန့်မှန်းရ ခက်လာသည်မှ လွဲ၍ လင်းဖုန်းအား ကြည့်ရသည်မှာ ယခင်ကနှင့် လုံးဝ ခြားနား မနေခဲ့ပေ။

လင်းဖုန်း၏ မျက်လုံးများသည် ရေကဲ့သို့ ကြည်လင်နေသော်လည်း သူ၏ ရင်အတွင်းမှ တစ်ချက် လှုပ်ရှားသွားကာ အဝေးမှ ရေအိုင်အား လှမ်းကြည့်လိုက်သည်။ ရေမျက်နှာပြင် အောက်တွင် ကြေးမုံထံမှ ရောင်ပြန်ဟပ်နေသော တောက်ပသည့် အလင်းတန်းသည် မျက်စိ ကျိန်းလုမတတ် လင်းလက်လာသည်။

+

ရောင်ပြန်ဟပ်နေသော အလင်းတန်းက
ပြောင်းလဲသွားသည်နှင့် ဝိညာဉ်ပင်လယ်၏
အလယ်ဗဟိုမှ ကောင်းကင်နှင့် မြေကြီးတို့၏
မဟာလမ်းစဉ်သည် စတင်၍ တုန်ခါလာကြသည်။

ချက်ချင်း ဆိုသလိုပင် အနန္တမ ကောင်းကင်ကြေးမုံ၏
အစွန်းများအား ဆက်သွယ်ထားသော
အလင်းတန်းများသည် ရုတ်တရက်
ကျိုးပျက်သွားကြသည်။ ကြေးမုံထံမှ
ရောင်ပြန်ဟပ်နေသော မျက်စိ ကျိန်းလုမတတ်
အလင်းတန်းသည် ချက်ချင်း အငြိမ်းခံလိုက်ရသကဲ့သို့
ရုတ်ခြည်းပင် ပျောက်ကွယ်သွားခဲ့သည်။

+

ဤမြင်ကွင်းအား ကြည့်ခဲ့ရသော အခါ
ထိုက်ရှိသူတော်စင်၊ ကျန်းရှိသူတော်စင်၊
ရွှမ်းရှိသူတော်စင်၊ လင်းတောက်ဟန်နှင့် ဟင်းလင်းပြင်
ဘုရားကျောင်းမှ ကျန်သော ကျင့်ကြံသူများသည်
အသက် ပြန်ဝင်လာသကဲ့သို့ ဖြစ်လာကြသည်။

ပြီးတာနှင့် ဝိညာဉ်ပင်လယ် ပြင်ပမှ မဟာကမ္ဘာ
တစ်ခုလုံးကလည်း စတင်၍ တုန်ခါလာခဲ့သည်။
နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ သူများ အားလုံးတို့သည် ဤတုန်ခါမှုများကို
ကောင်းစွာ ခံစားနိုင်ခဲ့သည်။

လင်းယွမ် တောင်တန်းများ အပေါ်သို့
ပြန်ရောက်လာရုံတင် ရှိသေးသော ကောင်းကင်
ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ

+

မဟာပဏ္ဍိတတို့သည် တည်ငြိမ်အောင် မထိန်းနိုင်ခဲ့ပဲ သူတို့၏ မျက်နှာများသည် ဖြူဖျော့သွားကြသည်။

ပါရာဆို သစ်ပင်တောအုပ် အတွင်းတွင် ဖီးနစ် မဟာပဏ္ဍိတသည် ရောမ နတ်ဘုရား ပါရာဆို သစ်ပင် တစ်ပင် အပေါ်တွင် တည်ငြိမ်စွာ ရပ်နေခဲ့ကာ သူမ၏ လူသားအသွင်သို့ ပြောင်းသွားခဲ့သည်။ အသက် ကြီးရင့်နေသော ပါရာဆို သစ်ပင်ဘုရင်သည် ပျော်ရွှင်နေသလို ကြံရာမရလည်း ဖြစ်နေသော ဒွိဟဖြစ်နေသည့် အမူအရာဖြင့် သူမ၏ ဘေးတွင် ရပ်နေခဲ့သည်။

မဟာ့ရာ ပင်လယ် အတွင်းသို့ ပြန်ရောက်လာခဲ့သော ရှန်နဂါးဘုရင်သည် စကားတစ်ခွန်းမှ မပြောပဲ အလွန်အမင်း တင်းကျပ်နေသည့်ပုံ ပေါက်လာခဲ့သည်။

+

ဖန်ကျောက်မီးတောင် လောက အတွင်းမှ ချင်းလွမ်း
ပေါ့းဒီးစ်သည် တူညီစွာ လေးနက်သော အမူအရာဖြင့်
ကျောက်ရုပ်တစ်ရုပ် ကဲ့သို့ မလှုပ်မယှက် ရပ်နေပြီး
ဟင်းလင်းပြင် အပေါ်သို့ မော့ကြည့်နေခဲ့သည်။

ပိုင်ယွင်တောင်ပေါ်မှ နတ်ဘုရား နယ်မြေ အပေါ်တွင်
ကောင်းဟန်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျန်သော ကျင့်ကြံသူများသည်လည်း ပြင်းထန်လှသော
ထိုတုန်ခါမှုများကို အာရုံခံနိုင်ခဲ့သည်။

ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာ သုံးကောင်တို့အား
လိုက်လံ တိုက်ခိုက်အပြီးတွင် ဂူကျွန်း၊ ထျန်းကန်း
ဓားမာစတာ၊ ရှင်းလုံစန်းနှင့် ရှီရှင်းယွမ်တို့သည်
မဟာလွင်တီးခေါင် ကုန်းမြေမှ မြေများ အပေါ်တွင်

+

ရပ်နေကြ၍ အဝေးမှ ဟင်းလင်းပြင်အား
ရည်ရွယ်ချက်မဲ့စွာ စိုက်ကြည့်နေကြသည်။

သူတို့သည် ရောပြွန်းနေသော ခံစားချက်များ၏
နှိပ်စက်ခြင်းကို ခံနေရကာ စကားတစ်လုံးမှ မပြောပဲ
အချင်းချင်းသာ အကြည့်ချင်း ဖလှယ်နေကြသည်။

ရှင်းလုံစန်းနှင့် ဂူကျွန်းတို့၏ လက်များ အတွင်းတွင်
ရှိနေကြသော ကောင်းကင်ဖွင့်လှစ်ဓားနှင့်
သက်ရှည်ကြာပန်း ထိုင်ခုံတို့သည် စတင်၍ အသီးသီး
တုန်ခါလာကြသည်။

နတ်ဘုရား နယ်မြေ၏ အရှေ့ပင်လယ် ကမ်းရိုးတန်း
အနားတွင် ဥပေက္ခာ အပြည့်နှင့် အမျိုးသမီး
တစ်ယောက်သည် ဟင်းလင်းပြင် အတွင်း၌

+

တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် သူမ၏ ခေါင်းကို ကောင်းကင်အပေါ်သို့ မော့၍ အခြား သူများထက် စာလျှင် ပို၍ တိကျသော နေရာတစ်ခုသို့ ကြည့်လိုက်သည်။

ထိုနေရာတွင် ဟင်းလင်းပြင်သည် ဖြည်းဖြည်းချင်း တောက်ပလာ၍ ကြေးမုံတစ်ခု၏ အလင်းရောင် တစ်တန်းသည် မြင်ကွင်း အတွင်းမှ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့သည်။

ရွှမ်းလီသည် ထိုနေရာသို့ စူးရှလှကာ အေးစက်နေ၍ မယုံနိုင်လောက်အောင် ရန်ငြိုးကြီးသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သူမ၏ ပုံမှန်တွင် အမူအရာ ကင်းမဲ့နေသော နှုတ်ခမ်းများသည် အနည်းငယ် တွန့်သွားကာ အပြုံးဖွဖွလေး တစ်ခုအဖြစ်သို့

+

ပြောင်းသွားသည်။ သို့သော်လည်း ထိုအပြုံးသည် ရေခဲတမျှ အေးစက်နေခဲ့သည်။

ပြင်ပရှိ မဟာကမ္ဘာ အတွင်းမှ အခြေအနေများ အတိုင်း ဝိညာဉ်ပင်လယ် အတွင်းတွင်လည်း ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အတွင်းမှ လင်းဖုန်း၏ တော်ဝင်နန်းတော် ဖြစ်စေ၊ ဇူရီ၏ ဟီဂန် ရွှေရောင်တံတား ဖြစ်စေ၊ သေမင်းကေရာဇ်၏ သေခြင်းနှင့် ရှင်ခြင်း စာအုပ် ဖြစ်စေ၊ မှော်ရတနာများ အားလုံးတို့သည် ပြင်းထန်စွာဖြင့် အဆက်မပြတ် တုန်ခါနေကြသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ ခေါင်းပေါ်၌ပင် ရောမ ရတနာ စေတီပုထိုး တစ်ခု၏ ပုံရိပ်သည် ရေးရေးလေး ပေါ်လာ၍ ပြင်းထန်စွာဖြင့် တုန်ခါနေလေသည်။

+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မူလနဂါး ဘုရင်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတတို့သည် ထူးမခြားနား ပုံစံဖြင့် ရှိနေကြသော်လည်း သူတို့၏ အကြည့်များတွင် သူတို့၏ ပဋိပက္ခ ဖြစ်နေသော ခံစားချက်များကို သိသိသာသာ တွေ့နိုင်ပေသည်။ သူတို့၏ စိတ်များ အတွင်းတွင် မရေမတွက်နိုင်သော အတွေးများဖြင့် ပြည့်နေခဲ့သည်။

ပုံမှန်ဆိုလျှင် ဥပဒေ ကင်းမဲ့နေသော မျောက်သည် ယခင်ကထက် စာလျှင် များစွာပို၍ ထိန်းထိန်းသိမ်းသိမ်း ဖြစ်လာကာ လေးနက်လာခဲ့သည်။ သူသည်သူ၏ လက်အစုံအား ကျောနောက်တွင် ပစ်ထားကာ သူ၏ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ် လုပ်နေခဲ့သည်။ သူ၏ မျက်လုံးများသည် မည်မျှ လေးနက်ကာ အာရုံစိုက်နေသည့်ပုံ ပေါက်နေသော်လည်း သူတို့သည်

+

စိတ်အားထက်သန်၍ ဂနာမငြိမ်သည့်ပုံ
ပေါက်နေခဲ့သည်။

ကောင်းကင် အကာအကွယ် ထီးအောက်တွင်
လင်းဖုန်းနှင့် သူ့တပည့်များ၏ ရင်များအတွင်းတွင်
တင်းကျပ်လာခဲ့သည်။

ဤကဲ့သို့ ထကြွလှုပ်ရှားမှုများ ဖြစ်ပေါ်စေရန်
အကြောင်းရင်း တစ်ခုသာ ရှိပေသည်။

မဟာကမ္ဘာ ထံမှ မွေးဖွားလာသော ကောင်းကင်ဖျက်ဆီး
ခေးမပေါ်လာမီက မူလကောင်းကင် ကမ္ဘာ၏
သမိုင်းအတွင်းတွင် အစွမ်းအထက်ဆုံး ဖြစ်သည့်
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ တစ်ပါးဖြစ်သော
အန္တိမ ကောင်းကင်ကြေးမုံသည် သူ၏ အထွတ်အထိပ်

+

အခြေအနေသို့ ပြန်ရောက်သွားကာ ယခင်မှ
ဂုဏ်ကျက်သရေများကို ပြန်လည် ရရှိနိုင်ခဲ့ပြီ ဖြစ်သည်။

မဟာကမ္ဘာ၏ ကလေးသည် အားလုံးတို့၏
မျက်လုံးအရှေ့တွင် ထပ်ဖန်တစ်ခါ ပြန်ပေါ်လာကာ
ကောင်းကင်နှင့် မြေကြီးတို့အား လှုပ်ခါစေခဲ့သည်။

ဤအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံသည်
မြင်ကွင်းအတွင်းမှ အစအန ရှာမရပဲ
ပျောက်ကွယ်သွားခဲ့သော်လည်း အားလုံးတို့သည်
ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ၏
အပေါ်တွင် အသွင်မဲ့ ဖြစ်တည်မှု တစ်ခုကို
အာရုံခံနိုင်ခဲ့သည်။ အလင်းရောင်နှင့် စွမ်းအင်
လှိုင်းလုံးများ မရှိနေသော်လည်း တစ်ယောက်ကမှ သူ၏
အသွင်မဲ့ တည်ရှိနေမှုအား လျစ်လျူမရှုနိုင်ခဲ့ပေ။

+

ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ အပေါ်တွင် တည်ရှိနေခြင်း မဟုတ်သလို ဤလောက အတွင်းရှိ မည်သည့်နေရာတွင်မှ တည်ရှိနေခြင်းလည်း မဟုတ်ပေ။ သူ့တွင် ဖော်ပြ၍ မရနိုင်သော ဖြစ်တည်မှုနှင့် ဆုံးဖြတ်၍ မရသော တည်နေရာ တစ်ခု ရှိနေသော်လည်း နေရာတိုင်းတွင် ရှိနေသကဲ့သို့ ခံစားနေရသည်။

သူသည် လေဟာနယ် အချိန်ကာလတို့၏ အလင်းစက်တိုင်း၊ မျဉ်းကြောင်းတိုင်း၊ မျက်နှာပြင်တိုင်း၊ နေရာတိုင်းသို့ ကျူးကျော် ဝင်ရောက်လာကာ နေရာတကာတွင် ရှိနေခြင်း၏ အစစ်အမှန်အနှစ်သာရများကို ဖော်ပြနေခဲ့သည်။

+

သူ၏ တည်ရှိနေမှုအား အာရုံခံ၍ မရခဲ့သော်လည်း အားလုံးတို့သည် ထိုအရာက အန္တိမ ကောင်းကင်ကြေးမုံ ဖြစ်သည်ဟု သိနေ၍ ဤအရာသည် သူ့စွမ်းအားများ၏ အစစ်အမှန် ပုံစံ ဖြစ်သည်။

ထိုက်ရီသူတော်စင်သည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်များ အတွင်းတွင် ထိုင်နေ၍ စကားအပို ပြောနေရန် အချိန်မရှိပဲ သူ၏ လက်ဝါးအစုံကို အတူတကွ စုစည်းလိုက်ကာ မှော်ကျိန်စာ တစ်ခုအား ဆင့်ခေါ်လိုက်သည်။ သူ့အနောက်တွင် ထိုင်နေသော လင်းတောက်ဟန်ကလည်း အလားတူပင် ပြုလိုက်လိုက်၏။

ဝိညာဥ်ပင်လယ် အတွင်းမှ အလင်းတန်းများက လင်းလက်လာ၍ လေဟာနယ် အချိန်ကာလသည်

+

ဖော်မပြနိုင်အောင် ထူးခြား ဆန်းကြယ်လှသော
အလင်းတန်း တစ်ခုဖြင့် ရုတ်တရက်
ပေါက်ကွဲလာခဲ့သည်။

ကမ္ဘာ၏ ထောင့်လေးထောင့်မှ ဖြာကျလာသော
အလင်းတန်းသည် လောက တစ်ခုလုံးအား
လှုပ်ရှားသွားစေကာ နေရာ တစ်ခုတည်းသို့
စုစည်းသွားပြီး လင်းဖုန်း၏ ကောင်းကင် အကာအကွယ်
ထီးအပေါ်သို့ တိုက်ရိုက် ကျဆင်းလာခဲ့သည်။

သူ၏ ပဋိပက္ခ ဖြစ်နေသော ခံစားချက်များသည် အန္တိမ
ကောင်းကင်ကြေးမုံ အပေါ်သို့ ပြည့်စုံစွာ
ကျရောက်သွား၍ ကြေးမုံအပေါ်မှ သာမန်ဟုသာ
ထင်နေရသော အလင်းတန်းသည် ကောင်းကင်
အကာအကွယ်ထီး၏ မျက်နှာပြင် အပေါ်သို့
ကျဆင်းသွားသော အခါ ထီးအပေါ်မှ ကစဉ့်ကလျား
+

ချီစီးဆင်းမှုများသည် ရုတ်ခြည်းပင်
နေးကွေးသွားခဲ့သည်။

ထကြွ လှုပ်ရှားနေသော ကစဥ့်ကလျား ပင်လယ်သည်
ငြိမ်သက်သွား၍ ကစဥ့်ကလျား ဖျက်ဆီးမှု
ခံတပ်ငွေ့များကလည်း အေးခဲသွားကာ သူ၏ ခွန်အား
စွမ်းအင်များနှင့် ထူးခြား ဆန်းကြယ်သော အရည်အသွေး
အားလုံးကို ဆုံးရှုံးသွားခဲ့သည်။

ကောင်းကင် အကာအကွယ်ထီး အပေါ်မှ ကောင်းကင်နှင့်
လေဟာနယ် အချိန်ကာလတို့အား တားဆီးထားသော
ကစဥ့်ကလျား လောကသည် မထိုးဖောက်နိုင်ခြင်း
မရှိတော့ပေ။ သူသည် သာမန် မီးခိုးရောင် မြူခိုးငွေ့၊
ဖုန်မှုန့်နှင့် ရွှံ့များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

+

ထီးအောက်တွင် ရပ်နေကြသော ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည် ဤမြင်ကွင်းအား တွေ့လိုက်ရသော အခါ သူတို့ကိုယ် သူတို့ တီးတိုး ရေရွတ်ခဲ့ကြသည်။ "လက်စသတ်တော့ အန္တိမ ကောင်းကင်ကြေးမုံ ဆိုတာက ဒီလိုကိုး…"

ဤအရာသည် အန္တိမ ကောင်းကင်ကြေးမုံပင် ဖြစ်ပေတော့သည်။

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၊ မူလနဂါး ဘုရင်နှင့် ကျန်သောသူများသည် နားလည်နိုင်စွမ်း မရှိသော သက်ပြင်းတစ်ချက်ကို ဖွဖွလေး ချခဲ့ကြသော်လည်း သူတို့၏ လှုပ်ရှားမှုများသည် နှေးကွေးနေခြင်း မရှိခဲ့ပေ။ အန္တိမ ကောင်းကင်ကြေးမုံသည် ကောင်းကင် အကာအကွယ်ထီး အပေါ်သို့ ကျရောက်သွားသည်နှင့် တစ်ပြိုင်နက် အားလုံးတို့က လှုပ်ရှားခဲ့ကြသည်။

+

ဤအချိန်တွင် သူတို့၏ တိုက်ခိုက်မှုများသည်
တိမ်တိုက်များကို လွင့်ပြယ်စေသော
လျှပ်စီးသွားများကဲ့သို့ ကောင်းကင် အကာအကွယ်ထီး
ဖန်ဆင်းထားသော ကစဥ္စကလျား လောကအား
ချိုးဖောက်လာနိုင်ကြလေသည်။

ကစဥ္စကလျား ဖျက်ဆီးမှု ခတ်ငွေ့များသည်
ပြင်းထန်စွာဖြင့် လှုပ်ရှားလာကြကာ အပြင်သို့ ပျံ့နှံ့လာ၍
အတူတကွ စုစည်းနိုင်မှု မရှိကြတော့ပဲ တစ်ဘက်မှ
တိုက်ခိုက်မှုများအား တားဆီးနိုင်စွမ်းကို
ဆုံးရှုံးသွားခဲ့သည်။

မရေမတွက်နိုင်သော ရက်စက်သည့်
တိုက်ခိုက်မှုများသည် ကပ်ဆိုးများအလား

+

ကြောက်မက်ဖွယ်ရာ အရှိန်အဟုန်ဖြင့်
လင်းဖုန်းအပေါ်သို့ ကျရောက်လာလေသည်။

ဇူရီ၊ ဝမ်လင်းနှင့် ကျန်သောသူများသည်
အသက်ပြင်းပြင်း ရှူလိုက်ကြ၍ သူတို့၏ မျက်နှာများ
အပေါ်တွင် ကြောက်ရွံ့မှုများ မရှိနေကြပဲ
ထရပ်လိုက်ကြကာ တိုက်ပွဲအတွက်
ပြင်ဆင်လိုက်ကြသည်။

သို့သော်လည်း လင်းဖုန်းက သူတို့အား စောင့်ဆိုင်းနေရန်
အချက်ပြလိုက်သည်။ တစ်ချိန်လုံး တင်ပလ္လင်ခွေ
ထိုင်နေခဲ့သော လင်းဖုန်းကိုယ်တိုင်သည် ရုတ်တရက်
ထရပ်လိုက်ကာ သူ့မျက်လုံးများ အတွင်းမှ အဆုံးမဲ့
အလင်းတန်းများသည် ရုတ်တရက် ကျံု့ဝင်လာခဲ့သည်။

+

သူ၏ အသိစိတ် ပင်လယ် အတွင်းမှ ထိုက်ကျိရုပ်ပုံသည် လည်ပတ်နေခြင်းမှ လုံးဝ ရပ်တန့်သွားကာ နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံ နှစ်ခုတို့သည် ယင်ယန် မျက်လုံးများ၏ အဖြူနှင့် အနက်ရောင် အခြမ်းများ အပေါ်သို့ အသီးသီး ကျရောက်သွားကြသည်။

ခဏအကြာတွင် ထိုက်ကျိရုပ်ပုံသည် ပြောင်းပြန်အတိုင်း စတင်၍ လည်ပတ်လာခဲ့သည်။

## စာစဉ် ၇၃ : အပိုင်း ၁၆

## အပိုင်း ၁၄၂၆ : လင်းဖုန်း စင်စစ် ဖြစ်တည်မှု လမ်းစဉ်ကို ရရှိခြင်း

+

အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းရောင် အောက်တွင် ကောင်းကင် အကာအကွယ်ထီး၏ ချိုးဖောက်၍ မရနိုင်သော ခံစစ်နှင့် အဆုံးမဲ့ဟု ထင်နေရသော ကစဉ့်ကလျား လောကကပင် ရပ်တန့်သွား၍ သူ၏ ထူးခြား ဆန်းကြယ်သော အရည်အသွေးများကို ဆုံးရှုံးသွားခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်း အပြင် ကျန်သော ထိပ်သီး ပုဂ္ဂိုလ်များသည် အတူတကွ စုစည်းကာ ကောင်းကင် အကာအကွယ်ထီး အောက်မှ လင်းဖုန်းနှင့် ကျန်သောသူများ အပေါ်သို့ ပူးပေါင်း တိုက်ခိုက်ခဲ့ကြသည်။

မျောက်၏ ယခင်မှ အပူအပင် ကင်းမဲ့နေသည့် အမူအရာသည် ပျောက်ကွယ်သွားသည်။ သူသည် ကြောက်ရွံ့မှု အရိပ်အယောင်များကို

+

မဖော်ပြခဲ့သော်လည်း ယခင်ကထက် စာလျှောင် များစွာ လေးနက်နေ၍ သူ၏ မျက်လုံးများထံမှ တွေ့ရခဲသော ချီတုံချတုံ ဖြစ်မှုများကို ထုတ်လွှတ်နေသည်။

သူသည် ကျန်သောသူများနှင့် ပူးပေါင်းကာ လင်းဖုန်းအား မတိုက်ခိုက်ခဲ့ပဲ သူ၏ အကြည့်သည် လင်းဖုန်းနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ အကြားတွင် ခေါက်တုံ့ပြန်နေ၍ မသက်မသာ ဖြစ်နေပြီး ချီတုံချတုံ ဖြစ်နေသည်မှာ သိသာနေသည်။ သူ့အား ရွှေပုစဉ်း ဆရာတော်ကို နှစ်ပေါင်းများစွာ ရှာမတွေ့နိုင်ရန် တားဆီးထားခဲ့သည်မှာ စကြာဝဠာ စကျင်ဗုဒ္ဓပင် ဖြစ်သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် သူ၏ စွမ်းအား အစစ်အမှန်ကို မထုတ်ဖော်ခဲ့သေးသော်လည်း မျောက်သည် သူ့ပြိုင်ဘက်၏ ကြောက်မက်ဖွယ်ရာ စွမ်းအားကို အာရုံခံနိုင်ခဲ့သည်။ သို့သော်လည်း

+

လွန်ခဲ့သော အချိန်က များစွာပို၍ သန်မာသော အဆုံးစွန် ကေရာဇ်အား အာခံခဲ့သေးသဖြင့် ဤအရာသည် သူ၏ တွန့်ဆုတ်နေရမှု၏ အကြောင်းရင်း မဟုတ်ချေ။

အကယ်၍ လင်းဖုန်းသည် ဝိညာဥ်ပင်လယ်အား ထိန်းချုပ်နိုင်ခဲ့ပါက မူလကောင်းကင် ကမ္ဘာ အတွင်းမှ စွမ်းအားမျှခြေသည် သေချာပေါက် အကြီးအကျယ် ပြောင်းလဲသွားပေမည်။ သို့သော်လည်း သူသည် ကျန်သောသူများနှင့် ပူးပေါင်းကာ လင်းဖုန်းအား မတိုက်ခိုက်နေလိုပေ။

သူသည် ကောင်းကင် အကာအကွယ်ထီး၏ ခံစစ်သည် မည်မျှအထိ သန်မာသည်ကို တွေ့ရသော အခါ အမှန်ပင် စိတ်လှုပ်ရှားနေခဲ့သော်လည်း သူသည် အန္တိမ ကောင်းကင်ကြေးမုံ၏ ထိန်းချုပ်မှုအောက်တွင်

+

ကျရှုံးသွားသည်ကို တွေ့ခဲ့ရသော အခါ တိုက်ခိုက်ရန် တွန့်ဆုတ်နေခဲ့သည်။

သို့သော်လည်း မျောက်မှလွဲ၍ ကျန်သောသူများသည် အင်အား အပြည့်အဝဖြင့် တိုက်ခိုက်ခဲ့ကြသည်။ မူလနဂါး ဘုရင်သည် မာနကြီးကာ အခြားသူများနှင့် ပူးပေါင်း တိုက်ခိုက်လိုခြင်း မရှိသော်လည်း ဤတစ်ခေါက်တွင် သူ၏ ပြိုင်ဘက်သည် အလွန်ကို ထူးခြားနေသည်။

ကြီးကျယ် ခမ်းနားသော နဂါးဟောက်သံများ အကြားတွင် သူ၏ ရောမ ရွှေရောင် ခန္ဓာကိုယ်သည် တိမ်တိုက်များ အကြားတွင် လှုပ်ရှားနေသည်။ သူ၏ ခေါင်းသည် လင်းဖုန်းနှင့် မူလရွှေခွက် တည့်တည့်သို့ ဦးတည်နေ၍ သူ၏ လက်သည်းများကို ဖွင့်လိုက်ပြီး ခမ်းနားထည်ဝါစွာ တောက်ပနေသော ရွှေရောင်

+

အလင်းတန်း တစ်တန်းအား လင်းဖုန်းထံသို့ ပစ်လွှတ်လိုက်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ကလည်း အလားတူပင် ဖြစ်သည်။ သူ၏ ခေါင်းပေါ်မှ ချွန်ထက်နေသော ဦးချိုသည် တောက်ပစွာ လင်းလက်နေ၍ မရေမတွက်နိုင်သော အဆောင်လက်ဖွဲ့ ပုံစံများကို ဖန်တီးလိုက်သည်။

ပို၍ပင် ကြောက်မက်ဖွယ် ကောင်းသော အနက်ရောင် နတ်အလင်းတန်း တစ်တန်းသည် သူ၏ မျက်ခုံးများ အလယ်မှ ထွက်လာ၍ သူ၏ လမ်းကြောင်းမှ ဟင်းလင်းပြင်အား ဖျက်ဆီးပစ်ကာ အန္တိမ ကောင်းကင်ကြေးမုံ ထိန်းချုပ်ထားသည့် ကစဉ္စကလျား လောကကို ထိုးဖောက်သွားပြီး လင်းဖုန်း တည့်တည့်သို့ ရောက်လာခဲ့သည်။

+

စကြာဝဠာ စကျင်ဗုဒ္ဓသည် ဗုဒ္ဓကျမ်းစာများကို တိုးတိုးလေး ရေရွတ်လိုက်ရာ ရောမ ကောင်းကင် စေတီတစ်ဆူသည် သူ၏ ခေါင်းအပေါ်တွင် ပေါ်လာခဲ့သည်။ ဤစေတီသည် လေးထောင့်ပုံ ဖြစ်၍ သူ၏ လေးဘက်လေးတန်သည် ၄၈,၀၀၀ပေ ကျယ်ကာ ၄၈,၀၀၀ပေ မြင့်သည်။ သူသည် အထပ် ခုနစ်ထပ် ရှိ၍ ခတ်တော်ပေါင်း ၄၈,၀၀၀ တို့သည် အပေါ်မှ ကောင်းကင်နှင့် အောက်မှ မြေကြီးတို့အား လင်းလက်စေခဲ့သည်။

ကောင်းကင်စေတီသည် ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်သွားသည်မှာ သိသာနေ၍ စကြာဝဠာ စကျင်ဗုဒ္ဓ စတင် ဆင်းသက်လာချိန်ကကဲ့သို့ ပုံစံငယ်လေး မဟုတ်တော့ပေ။ သူသည် ယခုအချိန်တွင် မီရှုတောင်အား ယှဉ်ပြိုင်နိုင်သည့် ကြမ္မာပန်းတိုင်

+

အဆင့်မှ အစစ်အမှန် မှော်ရတနာ တစ်ပါး ဖြစ်သွားပေပြီ။

ဤအရာသည် ဗုဒ္ဓ ဖန်ဆင်းခဲ့သော မှော်ကျိန်စာ ဝက်ပါ တစ်ခု ဖြစ်သည်။ သူသည် စကြာဝဠာ စကျင်ဗုဒ္ဓ ဆင်းသက်လာ၍ ကမ္ဘမျဉ်းကြောင်းများ အားလုံးတို့အား အတူတကွ စုစည်းအပြီးတွင် ဗီပရာလိုပါခေတ် အတွင်း၌ ဗုဒ္ဓဂိုဏ်းအား အလုပ်အကျွေး ပြုမည်ဖြစ်သည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ လက်ပေါင်း ၄၈,၀၀၀ တို့သည် ကောင်းကင်စေတီ၏ အပေါ်သို့ ရောက်သွားကာ မရေမတွက်နိုင်သော အဆုံးမဲ့ အလင်းတန်းများကို ထုတ်လွှတ်ခဲ့ကြသည်။ ပြီးတာနှင့် ကောင်းကင်စေတီသည် လင်းဖုန်း၏ ခေါင်းပေါ်သို့ ကျလာလေသည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျင့်ကြံသူများ၏
အပေါ်မှ နေရာသည် ချက်ချင်းပင် မည်းမှောင်သွားသည်။
ဤအရာသည် မြင်နိုင်မှု ပြောင်းလဲသွားခြင်း
သက်သက်သာ မဟုတ်ပဲ အနာဂတ် ကံကြမ္မာတို့သည်
အလင်းရောင် အားလုံးတို့ကို ဖယ်ရှားခဲ့ခြင်းနှင့်
တူနေသည်။ သူသည် မရေမတွက်နိုင်သော
ကပ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရသကဲ့သို့
မယုံနိုင်လောက်အောင် လေးလံ၍ ဝန်ထုပ်ဝန်ပိုး
ဖြစ်နေပေသည်။

ကောင်းကင် အကာအကွယ်ထီး၏ ကာကွယ်မှု မရှိခဲ့လျှင်
သူတို့ အားလုံးသည် မရေမတွက်နိုင်သော ကပ်ဆိုးများ၏
အဆက်မပြတ် တိုက်ခိုက်မှုအား ခံနိုင်ကြမည်
မဟုတ်ချေ။ သူတို့၏ မှော်စွမ်းအင်များသည်
ကုန်ခန်းသွား၍ သူတို့၏ စိတ်ဝိညာဥ် တာဝါများက

+

ညစ်ညမ်းသွားကာ သူတို့၏ စွမ်းအားများက ဆုံးရှုံးသွားကြမည် ဖြစ်သည်။

သူတို့၏ အသက်စွမ်းအင်များသည် အရောင်အဆင်း ကင်းမဲ့သွား၍ အနာဂတ်သည် မှေးမှိန်သွားကာ ဘာမှ မကျန်ရစ်ပဲ ကပ်ဆိုးများစွာတို့ကသာ သူတို့အား စောင့်ကြိုနေသကဲ့သို့ ဖြစ်သည်။

ဗုဒ္ဓဂိုဏ်း၏ အစွမ်းအထက်ဆုံး တိုက်ခိုက်မှု နည်းစနစ်များမှာ ဗီရိကာနာ ဇန်လက်ဝါး လက်သီး ဖြစ်စေ၊ နိဗ္ဗာန်ကမ္ဘာ လက်ဝါးဖြစ်စေ၊ အခြား မှော်ကျိန်စာများ ဖြစ်စေ၊  သကျမုနိ ဗုဒ္ဓ၏ လျှို့ဝှက် အဆုံးအမများပင် ဖြစ်သည်။ ထိုလျှို့ဝှက် အဆုံးအမများ အားလုံးကို စကြာဝဠာ စကျင်ဗုဒ္ဓကလည်း တတ်မြောက်ထားသည်။

+

ယခုအချိန်တွင် ထုတ်လွှတ်ခဲ့သော လျှို့ဝှက်နည်းစနစ်သည် စကြာဝဠာ စကျင်ဗုဒ္ဓ ဆင်းသက်လာအပြီးတွင် အထက်တန်း အကျဆုံး နည်းစနစ် ဖြစ်သောအဆုံးမဲ့ စကြာဝဠာ စကျင်ကပ်ဘေး ဖြစ်သည်။

ဤနည်းစနစ်အား ကောင်းကင် စေတီ၏ ထောက်ပံ့မှုဖြင့်ထုတ်လွှတ်ခဲ့ အပြီးတွင် သူ၏ သန့်စင်ကာ အလွန်အမင်းခမ်းနားထည်ဝါ၍ လျှို့ဝှက်ဆန်းကြယ်သောစွမ်းအားများသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ဘေးမှထိပ်သီး ကျင့်ကြံသူများ အားလုံးတို့၏ ရင်အတွင်း၌စိမ့်ကနဲ ဖြစ်သွားစေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် တည်ငြိမ်လျက်ပင်ရှိသေးသည်။ သူသည် ဝိညာဥ်ပင်လယ် အတွင်းသို့

+

ဝင်ရောက်ခဲ့ အပြီးတွင် ဘာမှသိပ်၍
မလုပ်ခဲ့သေးသော်လည်း ယခုအချိန်တွင် သူ၏ စွမ်းအား
အပြည့်အဝကို ထုတ်ဖော်ခဲ့သည်။

သူသည် သူ၏ စွမ်းအားများကို ထိမ်ချန်ထားရန်
ရည်ရွယ်ချက် မရှိသလို အကယ်၍ သူတို့က
လင်းဖုန်းအား အနိုင်ယူနိုင်ခဲ့အပြီးတွင်
ပေါ်ပေါက်လာနိုင်သော လုံးထွေး သတ်ပုတ်မှုများ
အကြောင်းကို စဥ်းစားနေခဲ့ခြင်းလည်း မရှိနေပေ။

သူ့တွင် လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား
အနိုင်ယူနိုင်ရန် ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိ၍
ကျန်သော အရာများကို စဥ်းစားနေခြင်း မရှိသကဲ့သို့
ဖြစ်သည်။

+

ကျန်သောသူများ အားလုံးသည် ဤမြင်ကွင်းအား မြင်လိုက်ရသော အခါ ဝမ်းမြောက်သွားကြသော်လည်း တစ်ချိန်တည်းတွင် စကြာဝဠာ စကျင်ဗုဒ္ဓက သူ၏ စွမ်းအား အစစ်အမှန်ကို ဖော်ထုတ်ခဲ့သည်ကို တွေ့ခဲ့ရသော အခါ အနည်းငယ် ထိတ်လန့်သွားကြသည်။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်ကပင် သူ၏ မျက်ခုံးများကို အံ့သြ ချီးကျူးသည့် အနေဖြင့် ပင့်လိုက်သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် သေမင်းကေရာဇ်တို့၏ အကြည့်များသည် လှုပ်ရှားသွားကြ၍ ကျန်သောသူများနှင့် အတူ တိုက်ပွဲအတွင်းတွင် ပါဝင်ခြင်း မရှိခဲ့ပဲ သူတို့၏ အကြည့်များကို တရစပ် အထိုးနှက် ခံနေရသော လင်းဖုန်း အပေါ်တွင်သာ စူးစိုက်ထားကြသည်။ သို့သော်လည်း သူတို့၏ မှော်စွမ်းအင်နှင့်

+

နည်းစနစ်များအား ဖွဖွလေး ထုတ်လွှတ်ထားကာ
အချိန်မရွေး ဝင်ရောက် တိုက်ခိုက်နိုင်ရန်
ပြင်ဆင်ထားကြသည်။

ကြောက်မက်ဖွယ်ရာ လွှမ်းမိုးနိုင်သော
တိုက်ခိုက်မှုများသည် နားကွဲလုမတတ် စူးရှနေ၍
နိမိတ်မကောင်းသော ဟစ်ကြွေးသံ လှိုင်းလုံးများကို
ဖန်တီးပေးခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့၏ မဟာလမ်းစဉ်ဖြင့်
ဖန်ဆင်းထားသော အလင်းတန်းများသည်
အဆက်မပြတ် အဖျက်ဆီးခံခဲ့ရ၍ ဝိညာဉ်ပင်လယ်သည်
တုန်ခါလာကာ တွန်းဖယ်လိုသည့် ခံစားချက်များကိုပင်
ဖော်ပြလာခဲ့သည်။

+

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် မူလရွှေခွက် အပေါ်တွင် ထရပ်လိုက်သည်။ သူသည် သူ့ထံသို့ ဝင်ရောက်လာသော ခက်ထန် ကြမ်းတမ်းသည့် တိုက်ခိုက်မှု လှိုင်းလုံးများကို လုံးဝ အမှုထားနေသည့်ပုံ မပေါ်ပဲ ကြည်လင်နေသော ရေအိုင် တစ်ခုကဲ့သို့ တည်ငြိမ်နေခဲ့သည်။

ဤအချိန်တွင် သူ၏ အသိစိတ်ပင်လယ် အတွင်းမှ ထိုက်ကျိရုပ်ပုံသည် ရုတ်တရက် ရပ်တန့်သွားကာ အခြားဘက်သို့ စတင်၍ လည်ပတ်လာခဲ့သည်။

ထိုက်ကျိရုပ်ပုံသည် ပြောင်းပြန် လည်ပတ်လာသည်နှင့် လင်းဖုန်း၏ အတွင်းပိုင်းသည် ကျုံ့ဝင်သွား၍ ထိုက်ကျိရုပ်ပုံ တစ်ခုလုံးအား အလယ်ထံသို့ စုစည်းသွားစေကာ ခေတ်နှစ်ပါးတို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားသကဲ့သို့ ဖြစ်သွားသည်။

+

ပြီးတာနှင့် အလင်းတန်း အရိပ်များသည် လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် ပေါ်လာကြကာ ဗဟိုချက်ထံသို့ စုစည်းသွားကြသည်။

ထိုက်ကျိရုပ်ပုံ၏ လွှမ်းမိုးမှုအောက်တွင် အရာအားလုံးတို့သည် တစ်ခုတည်း ဖြစ်သွားကြသည်။

လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် အချိန်ကာလ၊ လေဟာနယ်၊ ယင်နှင့်ယန်၊ အပူချိန်၊ အမြန်နှုန်း၊ အလင်းရောင်များ မရှိကြပေ။ လေဟာနယ် သဘောတရားလည်း မရှိပဲ တစ်ယောက်သည် အပေါ်အောက် သို့မဟုတ် အရပ်မျက်နှာများကို ခွဲခြားနိုင်ခြင်း မရှိနေပေ။ အချိန်ကာလ သဘောတရားလည်း မရှိနေသဖြင့် တစ်ယောက်သည် အတိတ်နှင့် အနာဂတ်ကို ခွဲခြားနိုင်စွမ်း မရှိပေ။

+

သက်ရှိနှင့် သက်မဲ့ အရာအားလုံးတို့သည် ဤအချိန်တွင် ပျောက်ကွယ်သွားကြကာ တည်ရှိခြင်းနှင့် ဖန်ဆင်းခြင်းတို့ ကင်းမဲ့သွားကြသည်။

အရာ အားလုံးတို့သည် ထိုနေရာသို့ စုစည်းလာ၍ စတင် မွေးဖွားလာမှု၏ စဦးပိုင်း နေရာကဲ့သို့ ဖြစ်နေသည်။

ဖော်ပြခဲ့သော ဖြစ်စဥ်များသည် ဤနေရာမှ အစပြုလာခဲ့ကြကာ ယခုအချိန်တွင် အရာ အားလုံးတို့သည် အစမူလ အဖြစ်သို့ ပြန်လည် ကျုံ့ဝင်သွားကြသည်။ ဤကဲ့သို့ ဖော်ပြ၍ မရနိုင်သည့် နားမလည်နိုင်သော မွေးဖွားမှုမှ လွဲ၍ အခြား မည်သည့်အရာမှ မရှိနေပေ။

+

သူ၏ အရွယ်အစား၊ အသွင်သဏ္ဍာန် သို့မဟုတ် သူ၏ နေရာနှင့် အစိတ်အပိုင်းများကို ဖော်ပြရန် မဖြစ်နိုင်ပေ။

သူသည် အမတန်ကိုမှ ရှုပ်ထွေး ပွေလီလှသော ကစဥ့်ကလျား မွေးဖွားခြင်း ဖြစ်သည်။

ဤအရာသည် လင်းဖုန်း၏ တာအိုသစ်သီးမှ လွဲ၍ အခြားမဟုတ်ချေ။

သူသည် နောက်ဆုံးခြေလှမ်းကို လျှောက်လှမ်းနိုင်ခဲ့ကာ စင်စစ် ဖြစ်တည်မှု လမ်းစဥ်ကို ရရှိခဲ့၍ သူ၏ကိုယ်ပိုင် တာအိုသစ်သီးအား ကျင့်ကြံနိုင်ခဲ့ခြင်း ဖြစ်သည်။ ဤနောက်ဆုံး ခြေလှမ်းအား လှမ်းနိုင်ခဲ့ အပြီးတွင် လင်းဖုန်းအရှေ့မှ ကမ္ဘာသည် ယခင်ကနှင့် မတူညီနေတော့ပေ။

+

ထိုနေရာသည် ရုတ်တရက် ပြောင်းလဲမှုများနှင့် ကြုံတွေ့ခဲ့ရ အပြီးတွင် ကစဥ့်ကလျားမှုများ ဖြစ်ပေါ်လာကြ၍ ကောင်းကင်နှင့် မြေကြီးတို့၏ မဟာလမ်းစဥ့်ကို ဖန်တီးနိုင်ခဲ့ကြကာ ဖြစ်တည်မှု အားလုံးတို့၏ ဖန်ဆင်းခြင်းကို အစပြုနိုင်ခဲ့သည်။

ကြမ္မာပန်းတိုင် ကမ္ဘာသည် ဤစဥ်းပိုင်း နေရာနှင့် မည်သည့် အချိန်ပင် ဖြစ်စေ လင်းဖုန်း၏ စိတ်ကြိုက် ပေါင်းစည်း၍ ရသည်။ကောင်းကင်နှင့် မြေကြီးတို့၏ မဟာလမ်းစဥ့်မှ ဖန်ဆင်းထားသော မရေမတွက်နိုင်သည့် အလင်းတန်းများသည် ဖန်ဆင်းမှု အားလုံးအား လွှမ်းခြုံထားသော ဤနေရာသို့ ပြန်လာခဲ့သည်။

+

ကောင်းကင် အကာအကွယ် ထီးအား ကိုင်ထားသော ကိုယ်ပွားသည် ရုတ်ခြည်းပင် ကွဲပြားသွား၍ စီးဆင်းနေသော အလင်းတန်း သုံးတန်း အဖြစ်သို့ ပြောင်းသွားကာ မိုးကြိုးနဂါး ကိုယ်ပွား၊ ကိုးနဝင်းချီ ကိုယ်ပွားနှင့် အေးရီးစ်ကိုယ်ပွားတို့ အဖြစ်သို့ ပြန်ပြောင်းသွားကြသည်။

ကိုးနဝင်းချီ ကိုယ်ပွားသည် ထိုနေရာတွင် မလှုပ်မယှက် ရပ်နေ၍ မိုးကြိုးနဂါး ကိုယ်ပွားနှင့် အေးရီးစ်ကိုယ်ပွားတို့သည် သူတို့ ပြိုင်ဘက်များ ထုတ်လွှတ်လိုက်သည့် ကမ္ဘာဖျက် မြင်ကွင်းများကို ဂရုမစိုက်ပဲ တင်ပလ္လင်ခွေကာ တစ်ပြိုင်နက် ထိုင်ချခဲ့ကြသည်။

အလင်းတန်းများသည် မိုးကြိုးနဂါး ကိုယ်ပွားနှင့် အေးရီးစ်ကိုယ်ပွားတို့ အပေါ်သို့ ကျလာကာ လင်းဖုန်း၏

+

ဝိညာဉ်ပင်လယ် ကျင့်ကြံမှုအား
ထောက်ပံ့ပေးခဲ့ကြသည်။

ကိုးနဝင်းချီ ကိုယ်ပွားသည် လက်ဆန့်တန်းလိုက်ကာ
ကောင်းကင် အကာအကွယ်ထီးအား ဆုပ်ကိုင်လိုက်၍
လင်းဖုန်းကိုယ်တိုင်က မူလ ရွှေခွက်ထံမှ
ထွက်ခွာလာကာ ကောင်းကင် အကာအကွယ်ထီး၏
အောက်သို့ ပျံသန်းလာခဲ့သည်။

သူသည် ဘာမှ မပြုလုပ်ခဲ့သော်လည်း ဖော်ပြ၍
မရနိုင်သည့် နောက်ထပ် အလင်းစက်လေး
တစ်စက်သည် သူ့အရှေ့မှ ဟင်းလင်းပြင် အတွင်းတွင်
ရုတ်တရက် ပေါ်လာခဲ့သည်။

+

သူသည် အသံတစ်စက်မှ မထွက်နေသလို စွမ်းအင် စီးဆင်းမှုများလည်း မရှိခဲ့ပေ။ သို့သော်လည်း သူပေါ်လာသည်နှင့် တစ်ပြိုင်နက် သူ့အနားမှ အရာအားလုံးတို့သည် သူ့ထံသို့ တိတ်တဆိတ် ပြိုလဲကျလာကြသည်။ သူသည် ဖြစ်တည်မှု အားလုံးတို့၏ အစနှင့် အဆုံး နှစ်မျိုးစလုံးတို့နှင့် တူနေသည်။

သူ၏ တည်ရှိနေမှုသည် လေဟာနယ်နှင့် အချိန်ကာလတို့၏ အနှစ်သာရ အားလုံးကို ကျော်လွန်သွား၍ ဖြစ်တည်မှု အားလုံးတို့၏ ကိုယ်တွယ်နိုင်သည့် ပုံစံနှင့် မကိုင်တွယ်နိုင်သည့် ပုံစံ နှစ်မျိုးစလုံးတို့အား လွှမ်းခြုံသွားခဲ့သည်။

ဝိညာဥ်ပင်လယ်၏ အဆုံးမဲ့သည်ဟု ထင်နေရသော စိတ်ဝိညာဥ် စွမ်းအင်များကပင် ထိုနေရာသို့ စုစည်းလာခဲ့ကြသည်။ ကောင်းကင်နှင့် မြေကြီးတို့၏

+

မဟာလမ်းစဉ်ထံမှ ဖန်ဆင်းထားသော
အလင်းတန်းမြစ်များကလည်း ပင်လယ်အတွင်းသို့
ဝင်ရောက်သွားကြသည့် မြစ်လက်တက်များကဲ့သို့
ထိုနေရာသို့ စီးဆင်း ဝင်ရောက်လာကြသည်။

မူလနဂါး ဘုရင် ထုတ်လွှတ်ထားသည့် ဖျက်ဆီးနိုင်သော
ရွှေရောင် အလင်းတန်းများသည် စွမ်းအား တစ်ခုအား
ခုခံနေရသကဲ့သို့ ဤနေရာသို့ စတင်၍
တွန့်လိမ်လာခဲ့သည်။ အချိန်ခေတ္တ အကြာတွင် သူသည်
အသံတစ်ခုမှ မကြားပဲ ပျောက်ကွယ်သွားခဲ့သည်။

အကြမ်းတမ်း အခက်ထန်ဆုံးသော
အင်အားများသည်ပင်လျှင် နှောင့်ယှက်၍ မရနိုင်သော
ငြိမ်းချမ်းသည့် အခြေအနေ တစ်ခု အဖြစ်သို့ အသံ
တစ်စက်မှ မထွက်ပဲ ပျောက်ကွယ်သွားကြမည်
ဖြစ်သည်။

+

မူလနဂါး ဘုရင်၏ တိုက်ခိုက်မှုထက်ပင် ပို၍ ပြင်းထန်သော ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အနက်ရောင် နတ်အလင်းတန်းကလည်း ထိုနေရာ အရှေ့တွင် ရှေ့မတိုးနိုင်တော့ပဲ ဆက်တိုက် တွန့်လိမ်လာကာ ဘေးပတ်ဝန်းကျင် နေရာများကို မဆက်မပြတ် ပျက်စီးသွားစေခဲ့သည်။

သို့သော်လည်း ဤအခိုက်အတန့် အပြီးတွင် အနက်ရောင် နတ်အလင်းတန်းသည်လည်း အစက်တစ်ခု အဖြစ်သို့ ပြောင်းသွားကာ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေသည်။ ကြောက်မက်ဖွယ်ရာ အနက်ရောင် အလင်းတန်းသည် မရေမတွက်နိုင်သော မျဉ်းကြောင်းများ အဖြစ် ပြောင်းသွား၍ ဆက်တိုက် ပြိုကွဲနေရင်း နောက်ဆုံးတွင် လုံးဝ ပျောက်ကွယ်သွားကြသည်။

+

ရွှေရောင် အလင်းတန်းနှင့် အနက်ရောင် နတ်အလင်းတန်း များ၏ ကြောက်မက်ဖွယ်ရာ အကြွင်းအကျန်များသည် အချိန်ကာလ လေဟာနယ်၏ လုံးဝ ပျက်သုဥ်းသွားမှု အောက်တွင် ဟင်းလင်းပြင် အတွင်း၌ ကျန်နေကြသေးသည်။

သို့သော်လည်း ယခုအချိန်တွင် အရာအားလုံးတို့သည် အစအန မကျန်အောင် ပျောက်ကွယ်သွားကြကာ ဖြစ်တည်မှု ပုံစံ အားလုံးတို့သည် တစ်ခါမှ မပေါ်လာဖူးခဲ့သကဲ့သို့ အပယ်ဖျက်ခံလိုက်ရသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ ထုတ်လွှတ်လိုက်သော အနာဂတ်အား မရေမတွက်နိုင်သော ကပ်ဆိုးများဖြင့် ပြတ်တောက်နိုင်သော အဆုံးမဲ့ စကြာဝဠာ စကျင်

+

ကပ်ဘေးကလည်း တွန့်လိမ်လာခဲ့သည်။ လေဟာနယ် အချိန်ကာလသည် သာမန် စီးဆင်းလာခဲ့သော အခါ မရေမတွက်နိုင်သော ကပ်ဆိုးများသည် ဘာမှ မကျန်ပဲနှင့် ပျောက်ကွယ်သွားခဲ့သည်။

ဖန်ဆင်းခြင်း ပြောင်းလဲမှုများ အားလုံးတို့သည် ခန့်မှန်း၍ မရနိုင်မှုများ၊ အဆုံးမဲ့ ဖြစ်နိုင်ခြေများနှင့် သာမန်အတိုင်းသာ ရှေ့ဆက်နေခဲ့သည်။

"ဟာင်" ဤအခြေအနေကို သတိပြုမိသော အခါ စကြာဝဠာ စကျင်ဗုဒ္ဓ၏ မျက်လုံးများသည် မစူးရှနေသလို မျက်စိကျစရာလည်း မကောင်းသော အလင်းရောင် တစ်ခုဖြင့် လင်းလက်လာခဲ့သည်။ သို့သော်လည်း သူမှနေ၍ အေးစက်သော အထီးကျန်မှုနှင့် ဖျက်ဆီးမှု ခံစားချက်များကို ထုတ်လွှတ်နေခဲ့သည်။

+

ရုတ်တရက်ပင် သူသည် သူ၏ လက်များကို ဆန့်တန်းလိုက်ကာ မဟာ နည်းစနစ် တစ်ခုဖြစ်သော နိဗ္ဗာန်ကမ္ဘာ လက်ဝါးအား ထုတ်လွှတ်လိုက်သည်။

ဤနည်းစနစ်သည် လင်းဖုန်းအား တိုက်ခိုက်ရန် မဟုတ်ပဲ ကောင်းကင်စေတီအား ဖုံးလွှမ်းရန်သာ ဖြစ်သည်။

သူ့အား မထုတ်ဖော်ခဲ့လျှင် ကောင်းကင် စေတီသည် အဆုံးမဲ့ စကြာဝဠာ စကျင် ကပ်ဘေးနှင့် အတူ လင်းဖုန်း၏ တာအိုသစ်သီး၏ ဝါးမျိုမှုကို ခံခဲ့ရမည် ဖြစ်သည်။

+

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း ပေးဒီးစ်နှင့် မူလနဂါး ဘုရင်၊ တိုက်ပွဲအပြင်တွင် ထွက်ထိုင်နေသော ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် သေမင်းကေရာဇ်တို့ အပြင် ထိုက်ရီသူတော်စင်နှင့် ကောင်းကင်ကိုးလွှာ နန်းတော် အတွင်းတွင် ရှိနေကြသော သူများ အားလုံးတို့က တုန်လှုပ်သွားကြကာ သူတို့၏ အကြည့်သည် တစ်ခါမှ မကြုံဖူးအောင် တင်းမာလာခဲ့သည်။

## စာစဉ် ၇၃ : အပိုင်း ၁၇

## အပိုင်း ၁၄၂၇ : ဓားတစ်ချောင်းသည် မှော်ကျိန်စာ တစ်ထောင်ကို ထုတ်ဖော်နိုင်သလို ဓားတစ်ချောင်းသည် မှော်ကျိန်စာ တစ်ထောင်ကိုလည်း ဖျက်ဆီးနိုင်သည်

+

စကြာဝဠာ စကျင်ဗုဒ္ဓသည် ကောင်းကင်စေတီအား ယာယီ ထိန်းထားနိုင်ခဲ့သော်လည်း သူ၏ ခန္ဓာကိုယ်သည် လေဟာနယ် အလယ်တွင် ရပ်တန့်သွားခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် လင်းဖုန်းအား မော့ကြည့်လိုက်ရာ သူ၏ မျက်လုံးများ အတွင်းတွင် အလင်းတန်းများ လင်းလက်လာခဲ့သည်။ ပုံရိပ်ယောင် ပုံစံ ပေါက်နေသော်လည်း အစစ်အမှန်ဟု ထင်နေရသည့် မရေမတွက်နိုင်သော အလင်းတန်းများသည် အချင်းချင်း ယှက်သန်းနေကြကာ အဆက်မပြတ် ကျယ်ပြန့်လာ၍ အဆုံးမဲ့ ကြယ်အလင်းတန်းများဖြင့် လင်းလက်နေသည့် ရောမ ပိုက်ကွန်တစ်ခု အဖြစ်သို့ ပြောင်းသွားကြသည်။

ဤအချိန်တွင် သူ၏ မျက်လုံးများ အတွင်းတွင် အရာအားလုံးတို့သည် သလင်းကျောက်ကဲ့သို့ ကြည်လင်နေခဲ့သည်။

+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ် အပါအဝင် အားလုံးတို့သည် သူတို့၏ မျက်မှောင်များကို ကြုတ်လိုက်ကြသည်။ သူတို့၏ စွမ်းအင် လှုပ်ရှားမှုများသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ အဓိက မျက်လုံးများ အပေါ်သို့ ကျရောက်သွားကာ သူ့အား ခွဲခြား၍ မရနိုင်သော ထုထည် ရှိနေသည့် အနက်ရောင် အလွှာတစ်လွှာဖြင့် လွှမ်းခြုံသွားခဲ့သည်။

သို့သော်လည်း နေရာတကာ၌ ရှိနေသည့် အန္တိမ ကောင်းကင်ကြေးမုံမှ လွဲ၍ ကျန်သော တည်ရှိမှု ပုံစံများ အားလုံးတို့သည် အနက်ရောင် အလွှာ၏ လွှမ်းခြုံမှုကို ခံနေရသော်လည်း မြင်နေရသော အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သေးသည်။

+

စကြာဝဠာ စကျင်ဗုဒ္ဓက အာရုံ စူးစိုက်စွာဖြင့် စိုက်ကြည့်နေသော လင်းဖုန်း တစ်ယောက်ကသာ ခြားနားနေသည်။ သူသည် အမှောင်ထု၏ လွှမ်းခြုံမှုကို လုံးဝ မခံရပဲ သာမန်အတိုင်းသာ ရှိနေသည်။ လင်းဖုန်းသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ အမြင်အတွင်းတွင် ပျောက်နေပြီး သူ၏ တာအို သစ်သီးကိုသာ သတိပြုမိခဲ့သည်။ သို့တိုင်အောင် သူသည် ထိုတာအိုသစ်သီး၏ နေရာ အတိအကျနှင့် ပုံသဏ္ဍာန်တို့အား ဖော်မပြနိုင်ခဲ့ပေ။

လင်းဖုန်းသည် စကြာဝဠာ စကျင်ဗုဒ္ဓအား ကြည့်လိုက်ရင်း ဖွဖွလေး ပြုံးလိုက်သည်။ သူသည် ဘေးပတ်ဝန်းကျင်အား အကဲခတ်လိုက်ကာ သူ၏ အကြည့်သည် မူလနဂါး ဘုရင်၊ သေမင်းဧကရာဇ်နှင့် မျောက်တို့ အပေါ်တွင် ကျရောက်သွားပြီး နောက်တွင်

+

စကြာဝဠာ စကျင်ဗုဒ္ဓ အပေါ်သို့ ထပ်ဖန်တစ်ခါ ကျရောက်သွားကာ ရယ်ရမ်းသွေးလိုက်သည်။

"ခင်ဗျားက လုံ့လ အတော်ထုတ်ထားတာပဲ… မိတ်ဆွေကြီး… ဒါပေမဲ့ ကံမကောင်းစွာနဲ့ ကျုပ်က ခင်ဗျား အလိုကို မလိုက်နိုင်ဘူး… ခင်ဗျားက စိတ်ရှည်ရှည်နဲ့ စောင့်မှ ရမယ်"

ပြီးတာနှင့် လင်းဖုန်းသည် သူ၏ အာရုံကို စကြာဝဠာ စကျင်ဗုဒ္ဓ ထံမှ ပြောင်းလိုက်ကာ မူလနဂါး ဘုရင်ထံသို့ လျှောက်သွားခဲ့သည်။

မူလနဂါး ဘုရင်၏ မျက်လုံး သူငယ်အိမ်များသည် ကျဉ်းမြောင်းသွားကာ သူသည် လင်းဖုန်း၏ နေရာ

+

အတိအကျကို အာရုံခံ၍ မရတော့သည်ကို သိခဲ့လိုက်သည်။

ဤခံစားမှုသည် ထူးခြားစွာ ရင်းနှီး ကျွမ်းဝင်နေသည်။ အဘယ်ကြောင့် ဆိုသော သူသည် သူ၏ ဘေးတွင် ဆင်တူသော ဖြစ်တည်မှု တစ်ခုအား ခံစားခဲ့ရခြင်း ဖြစ်သည်။

လင်းဖုန်းသည် ယခုအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံ ကဲ့သို့ လေဟာနယ် အချိန်ကာလ တစ်လျှောက်လုံးတွင် နေရာတိုင်း၌ ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။

သူသည် သူ၏ ခြေထောက်များကို မြှောက်ကာ အေးအေးဆေးဆေး လျှောက်လှမ်းနေသည်ဟု

+

ထင်နေရသော်လည်း မူလနဂါး ဘုရင် အရှေ့သို့ ရောက်လာခဲ့ပြီ ဖြစ်ကာ တိုးညင်းစွာဖြင့် ပြောလိုက်သည်။

"ခင်ဗျားက မဟူရာ ပင်လယ် အတွင်းကနေ ခြေတစ်လှမ်း ထွက်ရဲခဲ့ရင် ခင်ဗျားကို သတ်ပစ်မယ်လို့ ကျုပ်ပြောထားတယ်... ကျုပ်က အခုအချိန်မှာ ခေါးမပါလာခဲ့လို့ ခင်ဗျားက ဒီလောက်အထိ သတ္တိကောင်းနေတာလား"

ဤအထိ ပြောပြီးသော အခါ လင်းဖုန်းသည် ခေါးများကဲ့သို့ ထက်မြက်နေသော သူ၏ လက်ညှိုးနှင့် လက်ခလယ်တို့အား ပူးပေါင်းလိုက်ကာ မူလနဂါး ဘုရင်ထံသို့ ညွှာတာမှု ကင်းမဲ့စွာဖြင့် ထိုးသွင်းလိုက်သည်။

+

သူသည် ကောင်းကင်ဖျက်ဆီး ခေးကို ဝိညာဥ်ပင်လယ် အတွင်းတွင် မထုတ်ဖော်ခဲ့သော်လည်း သူ၏ လက်ချောင်းများဖြင့် အရှေ့သို့ ထိုးသွင်းခဲ့သော အခါ ဟင်းလင်းပြင်သည် ချက်ချင်းပင် တွန့်လိမ်သွားသည်။ ထို့အပြင် မည်သည့် အကြောင်းကြောင့် မသိပဲ တွန့်လိမ်နေသော ဟင်းလင်းပြင်သည် အဆက်မပြတ် ကျယ်ပြန့်လာခဲ့သည်။

လင်းဖုန်း ကိုယ်တိုင်ကမူ ယခင်ကဲ့သို့ ထူးခြား ဆန်းကြယ်၍ ခန့်မှန်း၍ မရနိုင်ဆဲ ရှိနေသေးသော်လည်း တွန့်လိမ်မှု နေရာ၏ အသွင်အပြင်မှာ ပြောင်းသွားခဲ့သည်။ ဖော်ပြ၍ မရနိုင်သော ပုံစံနှင့် ရှာဖွေ၍ မရသော နေရာသည် ကစဥ့်ကလျား လေဟာနယ် အလွှာများ အဖြစ်သို့ ပြောင်းသွားသည်။ သူကျယ်ပြန့်လာသော အခါ စကြာဝဠာသည်

+

ပြန်ပေါ်လာ၍ အချိန်ကာလ လေဟာနယ်
ဒိုင်မန်းရှင်းများကိုလည်း ပြန်တွေ့နိုင်ခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ ကောင်းကင်နှင့် မြေကြီးတို့၏
မဟာလမ်းစဉ်ဖြင့် ဖန်ဆင်းထားသော
အလင်းတန်းများသည် လင်းဖုန်း၏ လက်ချောင်း
ထိပ်ဖျားများတွင် စုစည်းလာ၍ တောက်ပလှသော
ဓားအလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကြသည်။

ထူးခြား ဆန်းကြယ်၍ ခန့်မှန်းရ ခက်ခဲနေသည့်
ဓားအလင်းတန်းသည် ဘေးပတ်ပတ်လည်မှ
စီးဆင်းနေသော အလင်းတန်းများကို စုစည်းလိုက်၍
မူလနဂါး ဘုရင်၏ နဖူးထံသို့ ထိုးသွင်းလိုက်သည်။
ဝိညာဉ်ပင်လယ် အတွင်းမှ မဟာလမ်းစဉ်သည်
လင်းဖုန်း၏ လက်အတွင်းတွင် ဓားတစ်လက်
ဖြစ်သွားခဲ့သည်နှင့် တူနေသည်။

+

လင်းဖုန်းသည် သူ၏ လက်များအား ဝှေ့ယမ်းလိုက်၍ ဓားကို အရှေ့သို့ ထိုးသွင်းလိုက်ရာ ဝိညာဥ်ပင်လယ် တစ်ခုလုံးက တုန်ခါသွားသည်။ အဆုံးမဲ့ စိတ်ဝိညာဥ် စွမ်းအင်များသည် မဟာလမ်းစဥ်၏ စီးဆင်းနေသော အလင်းတန်း မျက်နှာပြင် အပေါ်၌ စုစည်းနေကာ ထက်မြက်လှသော ဓားအဖြစ် ပြောင်းသွား၍ မူလနဂါး ဘုရင်အား ခုတ်ချလိုက်သည်။

မူလနဂါး ဘုရင်သည် ရှောင်လွဲ၍ မရသော သူ၏ ကံကြမ္မာကို လက်ခံခဲ့ရသည်။ ဓားအလင်းတန်းသည် လင်းဖုန်း၏ လက်ဖျားထိပ်များ အပေါ်တွင် အစက်လေး တစ်စက်နှင့်သာ တူနေသော်လည်း ဘေးပတ်ပတ်လည်တွင် ဟာကွက် တစ်ကွက်မှ မရှိသော အပြည့်အဝ ပျံ့နှံ့နေ၍ သူ့ဘာသာသူ ပြန်လည်

+

အားဖြည့်နိုင်သော ခါးချီ၊ ခါးဆန္ဒတို့ဖြင့်
ပြည့်နေခဲ့သည်။

မူလနဂါး ဘုရင်သည် ကျယ်လောင်စွာ
ဟိန်းဟောက်လိုက်ရာ ရွှေရောင် နဂါး ကျက်သရေ
တိမ်တိုက်များသည် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား
လွှမ်းခြုံနေသည့် အကြေးခွံများ အကြားမှ ထွက်လာခဲ့ပြီး
ရွှေရောင် အလင်းတန်းများ ထောင်နှင့်ချီ၍ ပေါက်ကွဲ
ထွက်လာခဲ့သည်။

သူ့အတွင်းတွင် တောက်ပလှသော
ကြယ်စင်များကလည်း ပေါက်ကွဲလာခဲ့ကာ ရွှေရောင်
အလင်းတန်းများဖြင့် ပေါင်းစည်းသွား၍ သူ၏
ခန္ဓာကိုယ်အား ရစ်ပတ်ထားသည့် ရွှေရောင်
ကောင်းကင်မြစ်တစ်စင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။

+

မူလနဂါး ဘုရင်သည် လေထုအတွင်းတွင် ပျံသန်းနေရင်း သူ၏ ရောမ ခန္ဓာကိုယ်ကြီးသည် ရွှေရောင် အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားသည်။ သူသည် မည်သည့် အတားအဆီးကိုမှ ရှောင်ရှားနေခြင်း မရှိပဲ ကောင်းကင်အား ထိုးဖောက်လာ၍ လင်းဖုန်း တည့်တည့်သို့ ဝင်ရောက်လာလေသည်။

နေရာတိုင်းတွင် ခေါးချီများ ရှိနေသလို လင်းဖုန်းကလည်း ရှိနေသည်ဟု ထင်နေရသည်။ ယခုအချိန်တွင် နောက်ဆုတ်ခဲ့လျှင် အဆက်မပြတ် လိုက်လံ ဖမ်းဆီးခြင်းကို ခံရမည် ဖြစ်ကာ သေမင်းနှင့်သာ သေချာပေါက် ကြုံတွေ့ရပေမည်။ ထိပ်တိုက် ပြန်လည် တိုက်ခိုက်ခြင်းဖြင့် အသက်ရှင်နိုင်ရန် အခွင့်အရေး အနည်းငယ် ရနိုင်မည် ဖြစ်ကာ အနည်းဆုံးတော့ အချည်းနှီး သေပွဲဝင်ရမည် မဟုတ်ချေ။

+

မူလနဂါး ဘုရင်သည် ဤနှစ်များ အတွင်းတွင် သိုသိပ်စွာ နေနေခဲ့သော်လည်း အမှန်တွင်မူ သူသည် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်က ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် မဟာကမ္ဘာ အတွင်းမှ မိစ္ဆာမျိုးနွယ်စုများ အကြားတွင် အသန်မာဆုံးသော မိစ္ဆာဟူ၍ သတ်မှတ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

ဗီပရာလိုပါ အဆင့်တွင် တူညီစွာ ရှိနေကြသော်လည်း ရေးဟောင်းလူဝံ မျိုးနွယ်စုမှ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ ဖီးနစ် မျိုးနွယ်စုမှ ဖီးနစ် မဟာပဏ္ဍိတ၊ နဂါး မျိုးနွယ်စုမှ မြေနဂါးဘုရင်၊ ဘယ်ရောက်နေမှန်း မသိသည့် ရွှေပုစဉ်း ဆရာတော်၊ နောက်ပေါက်သည့် ရွှေကြာပင် ဖြစ်သော ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့သည် သူ၏ ပြိုင်ဘက်များ မဟုတ်ကြပေ။

+

ထိုအချိန် အတောအတွင်းတွင် မြင်ရခဲ၍ လိုက်ရှာ၍ မရနိုင်သော မျောက်သာလျှင် သူနှင့် ယှဉ်ပြိုင်နိုင်မည် ဖြစ်သည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား အောင်မြင်စွာ ကျော်လွှားနိုင် အပြီးတွင် မူလနဂါး ဘုရင်သည် အလားအလာ အသစ်များဖြင့် လမ်းကြောင်းအသစ်အား လျှောက်လှမ်းနိုင်ကာ သူ၏ အနာဂတ်တွင် အပိုင်းအသစ် တစ်ခုကို ရေးထိုးနိုင်တော့မည် ဖြစ်သည်။

သို့သော်လည်း ပြောင်းပြန် ဖြစ်လှစွာပင် သူသည် ကပ်ဘေးအား ကျော်လွှားပြီးကတည်းက စိတ်ပျက် အားလျော့နေခဲ့ရသည်။ အထူးသဖြင့် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီးတွင် သူသည်

+

အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်နေခဲ့၍ သူ၏ ဒုက္ခများ၏ အဓိက တရားခံမှာ သူ၏ ရှေ့တွင် ယခု ရပ်နေခဲ့သောသူပင် ဖြစ်သည်။

မူလနဂါး ဘုရင်သည် သူ့အား ထိပ်တိုက်ရင်ဆိုင်မှ ရပေလိမ့်မည်။ သူ၏ အမျက် ဒေါသများကို နောက်ထပ် သည်းခံနေရခြင်းသည် သူ့အား ချောင်ပိတ်မိနေစေမည် ဖြစ်သည်။

ကမ္ဘာကို တုန်ခါစေသော ဟိန်းဟောက်သံဖြင့် မူလနဂါး ဘုရင်သည် ရွှေရောင် အလင်းတန်း တစ်တန်း အဖြစ်သို့ ပြောင်းသွားကာ လင်းဖုန်းတည့်တည့်သို့ ဝင်လာပြီး သူ၏ လမ်းကြောင်း တစ်လျှောက်ရှိ ဟင်းလင်းပြင်များကို ကြေမွစေခဲ့သည်။

+

ထိုရွှေရောင် အလင်းတန်း အကြားတွင် တစ်ယောက်သည် အလင်းတန်း ပုံရိပ် များစွာတို့အား ရေးရေးလေး တွေ့နိုင်ခဲ့သည်။ ထိုအလင်းတန်း အတွင်းတွင် နောက်ထပ် ကမ္ဘာတစ်ခုအား ကွယ်ဝှက်ထားသကဲ့သို့ ဖြစ်နေသည်။

ထိုအရာသည် နောက်ထပ် မဟာကမ္ဘာ တစ်ခု ဖြစ်သည်။ ပြီးတော့ သူသည် နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ အဖြစ် ကွဲပြားခြင်း မရှိနေသည့် ကမ္ဘာတစ်ခု ဖြစ်သည်။

မဟာကမ္ဘာ၏ ဖန်ဆင်းမှု ဖြစ်စဉ် ပေါ်လာအပြီးတွင် ဝိညာဉ်ပင်လယ် အတွင်းမှ ကောင်းကင်နှင့် မြေကြီးတို့၏ မဟာလမ်းစဉ်ထံမှ ဖန်ဆင်းထားသည်နှင့် တူနေသော အလင်းတန်းများသည် စတင်၍ တောက်ပလာကြကာ အချင်းချင်း ယှက်သန်းသွားကြပြီး ကမ္ဘာဦး

+

လွင်တီးခေါင်မှ ပေါ်လာသည့် မယုံနိုင်လောက်အောင် ကြွယ်ဝသော အသက်စွမ်းအင်တို့အား ဖန်တီးလိုက်သည်။

အချိန်များက စီးဆင်းသွားကြ၍ မည်မျှ ကြာသွားမှန်းကို မသိနိုင်သော်လည်း သိပ်မကြာသေးဟု ခံစားနေရသော အချိန်တွင် ရေများသည် သူ၏ လမ်းကြောင်းအတိုင်း သာမန်သာ စီးဆင်းနေခဲ့၍ အသက် စွမ်းအင်များသည် လွင်တီးခေါင်ကျသော နယ်မြေများ အတွင်းတွင် တိုးတက် စည်ပင်လာကြသည်။

ခဝတ်များကို ဆင့်ခေါ်နိုင်သည့် သန်မာသော အသက်ပုံစံများ ရှိနေသလို ပေါ်လာပြီးသည်နှင့် မကြာမီပင် လျင်မြန်စွာ ပြန်လည် ပျောက်ကွယ်သွားသော အားနည်းသည့် အသက်ပုံစံများလည်း ရှိနေသည်။ သို့သော်လည်း ကမ္ဘာ

+

တစ်ခုလုံးသည် ယခင်ကထက် စာလျှင် လုံးဝ ကွဲပြားသွားခဲ့သည်။

ဤဖြစ်စဉ် အတွင်းတွင် အချင်းချင်း လိမ်ပတ်နေကာ ကောင်းကင်အတွင်းတွင် လည်ပတ်နေကြသည့် ရွှေရောင် အလင်းတန်း နှစ်တန်းနှင့် တူနေသော အစွမ်းထက်သည့် အင်အား နှစ်ခုတို့က မွေးဖွားလာကြသည်။

သူတို့သည် နဂါး မျိုးနွယ်စု၏ ဘိုးဘေးများ ဖြစ်ကြသည့် နတ်နဂါး နှစ်ကောင် ဖြစ်ကြသော ပထမ နဂါး ရွှမ်ဆန်းနှင့် ဘိုးဘေးနဂါး ချန်နင်တို့ ဖြစ်ကြသည်။

မူလနဂါး ဘုရင်သည် သူ၏ ခန္ဓာကိုယ် စွမ်းအားများကို အစွမ်းကုန် ထုတ်ဖော်လိုက်သည်။ မဟူရာ ပင်လယ်၏

+

ထောက်ပံ့မှုကို မရခဲ့သဖြင့် သူသည် အန္တရာယ် ကြီးမားသော အခြေအနေ တစ်ခုနှင့် ကြုံတွေ့ခဲ့ကာ သူ့စွမ်းအားများ၏ အကန့်အသတ်ကိုပင် အနည်းငယ် ကျော်လွန်သွားခဲ့သည်။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။ "နောက်ဆုံးမှာတော့ ဒါက မဟာကမ္ဘာရဲ့ တကယ့် စွမ်းအားအစစ် မဟုတ်သေးဘူး"

သူ၏ ဓားကို ခုတ်ချလိုက်သော အခါ အဆုံးမဲ့ ဓားချီနှင့် ဓားအလင်းတန်းများသည် မူလနဂါး ဘုရင်၏ မဟာကမ္ဘာကို ထိုးဖောက်သွားကာ အပေါက်များစွာ ဖြစ်စေခဲ့သည်။ ဝိညာဉ်ပင်လယ်၏ အလင်းတန်းများမှ ဖန်ဆင်းထားသော လင်းဖုန်း၏ လက်ဖျားထိပ်များမှ ဓားအလင်းတန်းနှင့် ထိတွေ့ခဲ့ရသော အခါ အလင်းရောင်များမှ ရောင်ပြန်ဟပ်ထားသော

+

မဟာကမ္ဘာသည် သူ့အတွင်းမှ အခြား ဖြစ်တည်မှု ပုံစံအားလုံးတို့နှင့် အတူ ကွဲပျက်သွားခဲ့သည်။

မူလနဂါး ဘုရင် အနားတွင် လည်ပတ်နေသော ရွှေရောင် ကောင်းကင်မြစ်သည် ချက်ချင်းပင် ပျက်စီးသွား၍ ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်း တစ်တန်းသည် သူ၏ ခန္ဓာကိုယ် အပေါ်သို့ ကျရောက်သွားသည်။

ကွဲပြား ခြားနားသော တာအို သဘောတရားများဖြင့် လွှမ်းခြုံထားသော အကာအကွယ် ရွှေရောင် အလင်းတန်းများသည် နားမလည်နိုင်အောင် ထူးခြား ဆန်းကြယ်လှစွာဖြင့် မူလနဂါး ဘုရင်၏ ခန္ဓာကိုယ် အပေါ်တွင် ကာကွယ်ပေးထားခဲ့သည်။

+

သူတို့တွင် ဘတ်စ်တလီ အနက်ရောင် နဂါးများ၏ အစွမ်းထက်သော တော်ဝင် ဘတ်စ်တလီ ကျိန်စာ ချုပ်ဝတ်တန်ဆာ အကာအကွယ် စနစ်၊ အဝါရောင် နဂါးများ၏ အဆုံးမဲ့နေသည်ဟု ထင်နေရသော ကြီးကျယ် ခမ်းနားသည့် မိစ္ဆာစွမ်းအင်များ၊ မိုးပြာရောင် နဂါးတို့၏ သူတို့ ပြိုင်ဘက်များ၏ မှော်စွမ်းအင်တို့အား တွန်းလှန်နိုင်သည့် လျှို့ဝှက် နည်းစနစ်၊ အဖြူရောင် ကျောက်စိမ်း နဂါးများ၏ မယုံနိုင်အောင် မှော်ဆန်လှသော ပုံစံ ပျက်ပြားခြင်း မှော်ကျိန်စာ၊ ဖယောင်းနဂါးများ၏ အချိန်ကို ထိန်းချုပ်နိုင်သော စွမ်းအားများ… အစရှိသဖြင့် မှော်ကျိန်စာ များစွာတို့ ပါဝင်နေကြသည်။

သဘောတရား တစ်ခုချင်းစီသည် ပဟေဠိ ဆန်လှ၍ ထူးခြား ဆန်းကြယ်လှသည်။ သို့သော်လည်း သူတို့သည်

+

အတူတကွ စုစည်းခဲ့သော အခါ ကျန်သော အရာများနှင့် ခွဲခြား၍ မရနိုင်တော့ချေ။

သို့သော်လည်း ခဏအကြာတွင် ကမ္ဘာကို တုန်ခါစေနိုင်သော တစ်စုံတစ်ခုက ဖြစ်ပျက်ခဲ့သည်။

လင်းဖုန်း တိုက်ခိုက်ခဲ့သော ဓားအလင်းတန်းကလည်း မယုံနိုင်အောင် ထူးခြား ဆန်းကြယ်လှသော မဟာလမ်းစဥ်ဖြင့် ပေါက်ကွဲ ထွက်လာခဲ့၍ အရာအားလုံးကို ခုခံနိုင်သည့် တော်ဝင် ဘတ်စ်တလီ ကျိန်စာ ချပ်ဝတ်တန်ဆာအား ထိုးဖောက်သွားခဲ့သည်။

အရာအားလုံးကို လွှမ်းမိုးနိုင်သော ခမ်းနားထည်ဝါသည့် စွမ်းအားသည် မူလနဂါး ဘုရင်၏ အကာအကွယ် အလင်းတန်း အလွှာအား တန်ပြန်နိုင်ခဲ့သည်။

+

စုစည်းထားသော စွမ်းအားသည် မိုးပြာရောင် နဂါးမီးတောက်များ၏ တိုက်ခိုက်မှုကို ခုခံနိုင်ခဲ့သည်။ သူသည် ပုံစံ ပျက်ပြားခြင်း မှော်ကျိန်စာများကို တွန်းလှန်ခဲ့ကာ မူလနဂါး ဘုရင်အား ပုံရိပ်ယောင် လောကမှ အားသုံး၍ ဆွဲခေါ်လာခဲ့ပြီး အစစ်အမှန် ကမ္ဘာသို့ ပြန်ရောက်လာစေခဲ့သည်။

အချိန်ကာလ စီးဆင်းမှုအောက်တွင် သူ၏ လျှို့ဝှက် နက်နဲလှသော ထာဝရ ဆင့်ကဲဖြစ်စဥ်သည် ဖယောင်း နဂါးများ၏ အချိန် ထိန်းချုပ်နိုင်သော နည်းစနစ်ကို ပျက်ပြယ်စေခဲ့သည်။

ဓားတစ်လက်က မှော်ကျိန်စာ တစ်ထောင်ကို ဖန်ဆင်းနိုင်သလို ဓားတစ်လက်က မှော်ကျိန်စာ

+

တစ်ထောင်အား ဖျက်ဆီးနိုင်တယ်။ မင်းကငါ့ကို ဘာနဲ့ပဲ တိုက်ခိုက် တိုက်ခိုက် ငါက သူတို့ကို တစ်ခုချင်း ဖျက်စီးပစ်မယ်။ မင်းက ဘာများ တတ်နိုင်သေးလဲ။

"ရှပ်" နားကွဲလုမတတ် စူးရှသော အသံတစ်ခုသည် ဟင်းလင်းပြင် အတွင်းတွင် တုန်ခါသွား၍ ရွှေရောင် နဂါးသွေးများသည် လေဟာနယ် အတွင်းတွင် ပြန့်ကျဲသွားခဲ့သည်။ မူလနဂါး ဘုရင်၏ နာကျင်စွာ ဟိန်းဟောက်သံများနှင့် အတူ ခမ်းနားသော်လည်း ရက်စက်သည့် မြင်ကွင်းတစ်ခုကို မြင်နိုင်ခဲ့သည်။

အနက်ရောင် နတ်အလင်းတန်း တစ်တန်းသည် ကောင်းကင်ပေါ်တွင် ရုတ်တရက် လင်းလက်လာ၍ လင်းဖုန်းထံသို့ ဝင်လာခဲ့သည်။ ထိုအရာသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်ပင် ဖြစ်သည်။

+

အမှန်အတိုင်း ပြောရလျှင် သူသည် နဂါး မျိုးနွယ်စုများနှင့် ကောင်းမွန်သော ဆက်ဆံရေး မရှိသော်လည်း ယခုအချိန်တွင် ချက်ချင်း လှုပ်ရှား၍ မူလနဂါး ဘုရင်အား ကူညီမှ ရမည်။ မဟုတ်လျှင် သူကလည်း လင်းဖုန်း၏ အမျက်ဒေါသများနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

လင်းဖုန်းသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား တစ်ချက် ကြည့်လိုက်ကာ သူ့ထံသို့ ဝှေ့ယမ်းလိုက်သည်။

အနက်ရောင် နတ်အလင်းတန်း တက်လာသော လမ်းကြောင်းတွင် အသွင်မဲ့ အတားအဆီး တစ်ခု ရုတ်တရက် ပေါ်လာကာ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်နှင့်

+

ထိပ်တိုက်တွေ့ခဲ့သည်။ ထိုအရာသည် လှိုင်းလုံး တစ်လုံးက သန္တာကျောက်ဆောင် တစ်ခုနှင့် ရိုက်ခတ်မိခဲ့သည်နှင့် တူနေကာ ရေလှိုင်းများက ပြိုကွဲသွား၍ ဒီရေများက နောက်ဆုတ်သွားသော်လည်း သန္တာ ကျောက်ဆောင်ကမူ တုတ်တုတ်ပင် မလှုပ်ခဲ့ချေ။

လင်းဖုန်းအား ကြည့်နေခဲ့ကာ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် သေမင်းကေရာဇ် တို့၏ အမူအရာများကပင် ပြောင်းလဲသွားခဲ့သည်။ သူတို့ကလည်း အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကြကာ ချက်ချင်းပင် အတူတကွ ပူးပေါင်း၍ မူလနဂါး ဘုရင်အား အကူအညီ ပေးခဲ့ကြသည်။

အကယ်၍ သူတို့သည် ယခုအချိန်တွင် လက်လျှော့ခဲ့ပါက မည်သည့်နေရာသို့ ဆုတ်ခွာရမည်နည်း။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဝိညာဉ်ပင်လယ်အား

+

လွှမ်းမိုးထားကာ မဟာကမ္ဘာ အတွင်းမှ
အခြေအနေကလည်း ယခင်နှင့် မတူတော့ပေ။

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ ပုံရိပ်သည်
တိမ်တိုက်များအောက်သို့ ပျောက်ကွယ်သွားသည်။
တိမ်တိုက်များ အတွင်းမှ အလင်းတန်း အမြောက်အမြား
ထွက်လာကာ လင်းလက်နေသော အလင်းတန်း တိုင်လုံး
၁၂လုံးတို့သည် ဖြည်းဖြည်းချင်း အသွင်ပြောင်းသွား၍
ပျောက်ကွယ်သွားကြသည်။ နောက်ဆုံးတွင်
အလင်းတန်း တိုင်လုံး လေးလုံးတို့သာ ကျန်နေရစ်ကာ
ယခင်ကထက် များစွာပို၍ ကြီးမားသော စွမ်းအားများကို
ထုတ်လွှတ်နေခဲ့သည်။

ခွန်းဖန်၊ ရွှမ်းဝူ၊ ရှေးပဝေသဏီမှ နတ်နဂါးနှင့်
ကောင်းကင်မိစ္ဆာ လူဝံ အစရှိသော မဟာမိစ္ဆာ
လေးကောင်တို့၏ အလင်းတန်း ပုံရိပ်များသည်
+

သက်ဆိုင်ရာ အလင်းတန်း တိုင်လုံးများ အပေါ်တွင် ပေါ်လာကြသည်။ ပဏ္ဍိတ ၁၂ပါး လည်ပတ်နေသော ကောင်းကင်ဝက်ပါသည့် ချက်ချင်းပင် မြေကြီးဖြိုခွဲ လည်ပတ်ခြင်း ဝက်ပါ အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၏ ထိန်းချုပ်မှု အောက်တွင် လင်းဖုန်းထံသို့ အဆုံးမဲ့ စွမ်းအားများဖြင့် ပြေးဝင်လာသည်။

"ငါတို့အရှေ့က အရာအားလုံးဟာ ရပ်တန့်သွားမယ်" သေမင်းဧကရာဇ်သည် နက်ရှိုင်းစွာ ဟိန်းဟောက်လိုက်ရာ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး သုံးလုံးတို့သည် ပျံသန်း ထွက်ခွာလာ၍ ငရဲကမ္ဘာ စိတ်ဝိညာဉ် ယဇ်ပလ္လင်အား ယဇ်ပူဇော်ခဲ့ကာ အနက်ရောင် အလင်းတန်း လိုက်ကာ အဖြစ်သို့ ပြောင်းသွားပြီး လင်းဖုန်း၏ တိုက်ခိုက်မှုများကို ဟန့်တားလိုက်သည်။

+

လင်းဖုန်းသည် ဤအရာတို့အား လျစ်လျူရှုထား၍ မူလနဂါး ဘုရင်အား ပူပန်မှုများ မရှိပဲ စိုက်ကြည့်လိုက်ပြီး ရုတ်တရက် ဖွဖွလေး ပြုံးလိုက်သည်။ "အင်း... ကြည့်ရတာ ကျုပ်မှတ်ထားတာ မှားသွားတယ်နဲ့ တူတယ်... ကျုပ်ခင်ဗျားကို သတိပေးထားတာက ကျုပ်က မဟာကမ္ဘာ အတွင်းမှာ ရှိနေသရွေ့ ခင်ဗျားက မဟူရာ ပင်လယ် အတွင်းကနေ ခြေတစ်လှမ်းမှ ထွက်လို့မရဘူး"

"ဒါပေမဲ့ အခုအချိန်မှာ ကျုပ်က ဝိညာဉ်ပင်လယ် အတွင်းမှ ရှိနေတော့ မဟာ ကမ္ဘာ အထဲမှာ တကယ်ပဲ မရှိနေဘူး"

## စာစဉ် ၇၃ : အပိုင်း ၁၈

+

## အပိုင်း ၁၄၂၈ : ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ တတိယ ပုံစံ

လင်းဖုန်း၏ အသံသည် နူးညံ့ ညင်သာသော်လည်း သူ၏ စကားများသည် မူလနဂါး ဘုရင်အား ပင့်သက်ရှိုက်စေခဲ့ကာ သူ၏ လည်ပင်း အတွင်းမှ လေများ ထိုးတက်လာ၍ သူ၏ တစ်ကိုယ်လုံးက စိမ့်ကနဲ ဖြစ်သွားသည်ဟု ခံစားခဲ့ရသည်။

လင်းဖုန်း၏ ထူးခြား ဆန်းကြယ်သော ဓားသည် သူ့အပေါ်သို့ ခုတ်ချလာသော အခါ သူ့ကိုယ်သူ ကာကွယ်နိုင်ရန် အသည်းအသန် ထုတ်ဖော်ထားသော အကာအကွယ် မှော်ကျိန်စာများသည် ပျက်စီးသွား၍

+

သူ့ကိုယ်ပေါ်တွင် ရှည်လျားလှသော ကြည့်ရဆိုးသည့် ဒဏ်ရာတစ်ခု ပေါ်လာခဲ့သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ မြေကြီးဖြို့ခွဲ လည်ပတ်ခြင်း ဝက်ပါအား လည်ပတ်လိုက်၍ သေမင်းကေရာဇ်သည် သူ၏ အနက်ရောင် အရံအတားအား အသက်သွင်းလိုက်ကာ အောက်သို့ ကျဆင်းလာပြီး လင်းဖုန်း၏ ခေါးအလင်းတန်းအား အပေါ်မှ တစ်ပြိုင်နက် ဖိထားခဲ့ကာ ရှေ့မတိုးနိုင်အောင် တားဆီးထားခဲ့သည်။

သို့သော်လည်း လင်းဖုန်း၏ ခေါးအလင်းတန်းတွင် မရေမတွက်နိုင်သော ထူးခြား ဆန်းကြယ်သည့် သဘောတရားများ ပါဝင်နေ၍ မြေကြီးဖြို့ခွဲ လည်ပတ်ဝက်ပါနှင့် အနက်ရောင် အရံအတားတို့၏ စွမ်းအားများကို တိုက်စားခဲ့သည်။

+

မြေကြီးဖြိုခွဲ လည်ပတ်ဝင်ပါသည် ကြီးမားလှသော ရုပ်ကိုယ်ခန္ဓာ စွမ်းအားများကို ပိုင်ဆိုင်ထားသော ခွန်းဖန်၊ ရွှမ်းဂူ၊ ရှေးပဝေသဏီ နတ်နဂါးနှင့် ကောင်းကင်မိစ္ဆာ လူဝံ အစရှိသော မိစ္ဆာ မျိုးနွယ်စု လေးခုတို့၏ မိစ္ဆာ စွမ်းအားများကို ထုတ်ဖော်ခဲ့ကာ ကောင်းကင်ကို ခြေမွနိုင်သည့် ကြီးစိုး လွှမ်းမိုးနိုင်၍ ခမ်းနားထည်ဝါသော ခွန်အား တစ်ခုကို ထုတ်ဖော်ခဲ့သည်။ သူသည် လင်းဖုန်း၏ ဓားအလင်းတန်းအား ဖိနှိပ်ထားကာ သူ၏ အရှိန်အဟုန်ကို နှေးကွေးစေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူ၏ ဓားအား အပြင်သို့ ဝှေ့ယမ်းလိုက်ရာ ဓားအလင်းတန်းသည် မဟာကမ္ဘာ တစ်ခုလုံး၏ အလေးချိန်အား သယ်ထားရသကဲ့သို့ မယုံနိုင်လောက်အောင် လေးလံ သိပ်သည်းလာခဲ့သည်။ ဤအလေးချိန်သည် နံပါတ်များဖြင့် ရေတွက်၍ မရသလို

+

ကိုင်တွယ်၍ရသော မည်သည့် ပစ္စည်းနှင့်မှလည်း နှိုင်းယှဉ်၍ မရချေ။ မဟာကမ္ဘာ တစ်ခုလုံးသည် နေရာတစ်ခုတည်းထံသို့ ပြိုကျလာသကဲ့သို့ ခံစားနေရသည်။

မြေကြီးဖြိုခွဲ လည်ပတ်ဝင်္က်ပါအား ထိန်းချုပ်နေကာ သူ၏ အဆုံးမဲ့ စွမ်းအင်များဖြင့် ကောင်းကင်အား ဖိနှိပ်နေသော ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတကပင် ကြီးမားလှသည့် ဤအလေးချိန်အား တောင့်မခံနိုင်ခဲ့ပေ။

ဤအရာသည် သေးငယ်သော ဓားအလင်းတန်း တစ်တန်းသာ ဖြစ်သော်လည်း ဤအချိန်တွင် သူထုတ်ဖော်နေခဲ့သော ဖိအားသည် လုံးဝကို မခံနိုင်လောက်သည့် အနေအထားတွင် ရှိနေသည်။

+

တစ်ချိန်တည်းတွင် ခြားအလင်းတန်းသည် သေမင်းကေရာဇ် ဆင့်ခေါ်ထားသော အနက်ရောင် အလင်းတန်း လိုက်ကာနှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။ အနက်ရောင် အလင်းတန်းသည် အေးခဲသွား၍ ခြားအလင်းတန်းအား ရှေ့မတက်နိုင်ရန် ဟန့်တားခဲ့သည်။

အချိန်ကာလ လေဟာနယ်က တွန့်လိမ်သွားကာ အခြား ဘက်များမှ တိုက်ခိုက်မှုများသည် သေမင်းကေရာဇ် တည်ဆောက်ထားသော အရံအတား အပေါ်တွင် ကျရောက်လာ၍ သူတို့၏ လမ်းကြောင်းများကို ပိတ်ဆို့ခဲ့ကြသည်။

+

လင်းဖုန်းက မည်သို့မှ စိုးရိမ်ပူပန်ခြင်း မရှိနေပဲ ရယ်ရမ်းသွေးလိုက်သည်။ "ဒါက ကျုပ်ရဲ့ ကောင်းကင် အကာအကွယ် ထီးနဲ့ ထူးဆန်းစွာ ဆင်တူနေပေမဲ့..."

သူ၏ တီးတိုး ရယ်ရမ်းသွေးသံ အပြီးတွင် နားကွဲလုမတတ် စူးရှလှသော အသံတစ်ခုသည် ငြိမ်သက်နေသော အနက်ရောင် အလင်းတန်း လိုက်ကာ အတွင်းမှ ပေါက်ကွဲ ထွက်လာခဲ့သည်။

အနက်ရောင် အလင်းတန်း လိုက်ကာသည် ယခင်က တိတ်ဆိတ် ငြိမ်သက်နေကာ အထင်ကြီးဖွယ်ရာ မှော်စွမ်းအင်များကို မထုတ်လွှတ်နေခဲ့ပေ။ ထိုအလင်းတန်း လိုက်ကာနှင့် ထိတွေ့နေသော အရာအားလုံးတို့သည် သူ၏ စွမ်းအင်များကို ဆုံးရှုံးသွားကာ ငြိမ်းချမ်းစွာ ထာဝရ အိပ်စက်သွားကြသည်။

+

အနက်ရောင် အလင်းတန်း လိုက်ကာသည် သေမင်းကမ္ဘာ အတွင်းသို့ ဝင်သွားသည့် တံခါးတစ်ခုနှင့် တူနေပြီး ကြောက်မက်ဖွယ် ကောင်းစွာ တိတ်ဆိတ်နေခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် အလင်းတန်း လိုက်ကာ အတွင်းမှ ကျွတ်ကျွတ်ဆူနေသော အသံတစ်ခု ထွက်လာကာ သေမင်းကဲ့သို့ တိတ်ဆိတ်နေသော ကမ္ဘာအား နိုးထစေခဲ့သည်။

ထိုအသံသည် ပို၍ပို၍ ကျယ်လာကာ တစ်ယောက်သည် တစ်ဟူးဟူး တိုက်ခတ်နေသော လေပြင်းများ၊ ထစ်ချုန်းနေသော မိုးကြိုးများ၊ ဆူပွက်နေသော ရေများ စသော သဘာဝ အသံများ အပြင် မရေမတွက်နိုင်သော သက်ရှိများ၏ ခေါ်သံများကိုလည်း ကြားနေရသည်။

+

နောက်ဆုံးတွင် တစ်ယောက်သည် စည်ကားနေသော လူသားကမ္ဘာ အတွင်းသို့ ချက်ချင်း ရောက်သွားသကဲ့သို့ လူများ၏ ဆူညံ ပွက်လောရိုက်နေသော အသံများကို ကြားနိုင်ခဲ့သည်။

သေမင်းဧကရာဇ်သည် ထိုပြောင်းလဲမှုများကို ချက်ချင်း သတိထားမိခဲ့သည်။ သို့သော်လည်း ဤပြောင်းလဲမှုများသည် သူ၏ နည်းစနစ် အပြောင်းအလဲကြောင့်မဟုတ်ပဲ လင်းဖုန်း၏ ဓားအလင်းတန်းကြောင့် ဖြစ်သည်။

စူးရှသော ဟစ်ကြွေးသံများ အကြားတွင် အနက်ရောင် အလင်းတန်း လိုက်ကာသည် ကွဲကြေသွား၍ လင်းဖုန်း၏ တိုက်ခိုက်မှုများကို တားဆီးနိုင်စွမ်း မရှိတော့ပေ။

+

ဒဏ်ရာ အပြင်းအထန် ရရှိသွားသော မူလနဂါး
ဘုရင်သည် မိုးခြိမ်းသံကဲ့သို့ ဟိန်းဟောက်လိုက်ကာ
သူ၏ မျက်လုံးများ အတွင်းတွင် အမျက်ဒေါသများ၊
ခံပြင်း နာကျည်းမှုများနှင့် ပြည့်နေခဲ့သည်။

သူ၏ ခေါင်းအပေါ်မှ ထူးခြားသော တံခါးတစ်ခု
ပေါ်လာ၍ ထိုတံခါး ပွင့်သွားသော အခါ
ကြယ်အလင်းတန်း အမြောက်အမြားတို့
ထွက်ပေါ်လာကြသည်။ ထိုအရာသည် မူလနဂါး ဘုရင်၏
လက်အတွင်းတွင် ရှိနေသော နဂါး မျိုးနွယ်စုများ
ပိုင်ဆိုင်သည့် ကြယ်စင်ပင်လယ် ဝင်ပေါက် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏ ပြင်းထန်လှသော
တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရသော အခါ မူလနဂါး
ဘုရင်သည် လုံးဝ မတွေဝေနေရဲပဲ ခံပြင်း
နာကျည်းစွာနှင့် ထိုတံခါးကို ထုတ်ဖော်ခဲ့ရသည်။
+

သူ၏ မျက်လုံးများ အတွင်းမှ အလင်းတန်းများ ထိုးထွက်လာကာ ကြယ်စင်ပင်လယ် ဝင်ပေါက်အား ထိန်လင်းစေခဲ့သည်။ ရောမ တံခါးသည် ပြင်းထန်စွာဖြင့် တုန်ခါသွားကာ ကြယ်အလင်းတန်းများ ထွက်လာ၍ တံခါးဝင်ပေါက်အား ဖုံးလွှမ်းသွားသည်။

ခဏအကြာတွင် ကြယ်စင်ပင်လယ် ဝင်ပေါက်သည် အစွမ်းထက်လှသော စွမ်းအားများဖြင့် ပေါက်ကွဲသွားခဲ့သည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေး အဆင့်မှ မူလနဂါး ဘုရင် ထိန်းချုပ်နေသဖြင့် ပေါက်ကွဲလာသော ဤစွမ်းအားများသည် လွန်ခဲ့သော အချိန်က ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ကောင်းကင်

+

ကျက်သရေ မဟာပဏ္ဍိတတို့ ဖောက်ခွဲခဲ့သည့် အချိန်ထက်စာလျှင် များစွာ ပြင်းထန်နေသည်။

သို့သော်လည်း ဤအရာသည် မည်သည့် အရာကိုမှ မပြောင်းလဲနိုင်ခဲ့ပေ။ မူလနဂါး ဘုရင်သည် သူ၏ ကိုယ်ပိုင် ကြယ်စင်ပင်လယ် ဝင်ပေါက်အား လွတ်မြောက်နိုင်ရန် လမ်းကြောင်းတစ်ခုအဖြစ်သာ အသုံးချခဲ့ခြင်း ဖြစ်သည်။

မူလနဂါး ဘုရင်သည် အဆက်မပြတ် ဟိန်းဟောက်ခဲ့ကာ လင်းဖုန်း၏ ကြီးမားလှသော ခြိမ်းခြောက်မှု အောက်တွင် သူ၏ ကိုယ်ပိုင် ခန္ဓာကိုယ် အကန့်အသတ်များထက်ပင် သာလွန်သွားသော စွမ်းအားများကို ထုတ်ဖော်ခဲ့ရာ ယခင်ကထက်ပင် ပို၍ သန်မာလာခဲ့သည်။

+

အချိန် ခေတ္တမျှသာ ဖြစ်သော်လည်း သူသည် အံ့အားသင့်ဖွယ် စွမ်းအားများဖြင့် ပေါက်ကွဲထွက်လာကာ ထိုစွမ်းအားသည် ကြယ်စင်ပင်လယ် ဝင်ပေါက်၏ စွမ်းအားများနှင့် ပေါင်းစည်းသွား၍ မူလနဂါး ဘုရင်သည် သေးငယ်သော ရွှေရောင် မြူမှုန်လေး အဖြစ်သို့ ပြောင်းသွားပြီး နောက်ဆုံးတွင် လင်းဖုန်း၏ အမျက်ဒေါသအောက်မှ လွတ်မြောက်သွားနိုင်ခဲ့သည်။

သို့သော်လည်း သူသည် လင်းဖုန်းကြောင့် ဒဏ်ရာ ရသွားခဲ့သေးပြီး ရွှေရောင် နဂါးသွေးများသည် ကခုန်နေသော ရွှေရောင် အလင်းတန်းများ အကြားတွင် ပြန့်ကျဲသွား၍ ဝေးကွာသော ဟင်းလင်းပြင် အစွန်းများ တိုင်အောင် ရောက်ရှိသွားသည်။

အားလုံးတို့သည် ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာသော လင်းလက်နေသည့် ကြယ်စင်ပင်လယ်

+

ဝင်ပေါက်အား ရင်လေးစွာဖြင့် ကြည့်နေခဲ့သည်။ သူတို့၏ စိတ်ပျက် အားလျော့နေမှုသည် ဤတံခါးအား လိုချင်တပ်မက်မှုထက် သာလွန်နေခဲ့သည်။

လင်းဖုန်း တစ်ယောက်ကသာ ပြုံးနေပြီး သူ၏လက်အား ဆန့်တန်းလိုက်ရာ ကြယ်စင်ပင်လယ် ဝင်ပေါက်သည် သူ၏ လက်အတွင်းသို့ ကျဆင်းလာလေသည်။

ဘာမှ မဖြစ်ခဲ့သလိုနှင့် ကြယ်စင်ပင်လယ် ဝင်ပေါက်အား တည်ငြိမ်စွာ ကိုင်ထားသော လင်းဖုန်းအား စိုက်ကြည့်နေရင်း အားလုံးတို့သည် ငြိမ်သက်ဆွံ့အနေကြသည်။

သို့သော်လည်း မျောက်သည် ပူပင်ကြောင့်ကြကင်းမဲ့စွာဖြင့် တစ်ဟားဟားနှင့် ရယ်လိုက်သည်။ သူ၏

+

ခေါင်းသုံးလုံး လက်ခြောက်ဘက် ပုံစံကို ဖော်ပြလိုက်၍ တောင်ဝှေးအား ဆုပ်ကိုင်ထားကာ သူသည် လင်းဖုန်းထံသို့ ရိုက်ချလိုက်လေသည်။

လင်းဖုန်းက ကြိတ်၍ ရယ်လိုက်သည်။ "မဆိုးပါဘူး… ဒါပေမဲ့ မင်းရဲ့ စွမ်းအားတွေကို ချွေတာထားရင် ကောင်းမယ်… ရွှေပုစဥ်း ဆရာတော်ကလည်း ဝိညာဥ်ပင်လယ် အတွင်းကို ရောက်လာခဲ့ပြီ"

ဤစကားကို ကြားခဲ့ရသော အခါ မျောက်က ကြုံးဝါးလိုက်သည်။ "တစ်ခေါက် စမ်းကြည့်လိုက်မယ်"

လင်းဖုန်းသည် ကြယ်စင်ပင်လယ် ဝင်ပေါက်ကို လက်တစ်ဘက်တွင် ကိုင်ထားကာ သူ၏ နောက်ထပ်

+

လက်တစ်ဘက်အား လက်သီးဆုပ်လိုက်၍ မျောက်အား ထိုးလိုက်သည်။

သူ၏ လက်သီးများကို ထိုးသွင်းလိုက်သော အခါ အားလုံးတို့၏ မျက်လုံးများ အတွင်းသို့ ဝင်ရောက်လာသော မြင်ကွင်းသည် သူ၏ အမှန် လှုပ်ရှားမှုများနှင့် ကွဲပြားနေသည်။ လင်းဖုန်း၏ ခန္ဓာကိုယ်သည် ပျောက်ကွယ်သွားကာ အဆုံးမဲ့ စကြာဝဠာ တစ်ခု၏ အလှအပများဖြင့် အစားထိုးလာခဲ့သည်။

မရေမတွက်နိုင်သော ကြယ်စင်များသည် သူတို့၏ သက်ဆိုင်ရာ လမ်းကြောင်းများ အတွင်းတွင် ငြိမ်သက်စွာ လည်ပတ်နေကြ၍ အဆုံးမဲ့ စွမ်းအားများဖြင့် သဘာဝ အတိုင်း တိတ်ဆိတ်မှု တစ်ခုအား ထုတ်လွှတ်နေသည်။

+

သို့သော်လည်း လင်းဖုန်းက လက်သီးကို ပစ်လွှတ်လိုက်သော အခါ မြောက်မြားလှစွာသော ကြယ်စင်များနှင့် သူတို့၏ မရေမတွက်နိုင်သော ပတ်လမ်းများနှင့် သဘောတရားတို့သည် ချက်ချင်း ပြောင်းလဲသွားကြသည်။ ထိုပြောင်းလဲမှုသည် အသေးအဖွဲ မဟုတ်ပဲ ကြီးမားလှသည့် ပြောင်းလဲမှု တစ်ခု ဖြစ်သည်။

အချို့ ပတ်လမ်းများသည် အချင်းချင်း ယှက်သန်းသွားပြီး တစ်ခုနှင့် တစ်ခု ထပ်သွားကြကာ ကြယ်များစွာတို့က တိုက်ခိုက်မိကြပြီး ကြယ်မှုန်များ အဖြစ် ပေါက်ကွဲသွားကြကာ အံ့အား သင့်ဖွယ်ကောင်းသော စွမ်းအားများကို ထုတ်လွှတ်ခဲ့ကြသည်။

+

သို့တိုင်အောင် ထိုဖြစ်စဉ်သည် ကစဉ့်ကလျား၊ ဖရိုဖရဲ မဖြစ်သွားခဲ့ပဲ ချုပ်နှောင်မှု မရှိသော လွတ်လပ်မှု တစ်ခုအား ဖော်ပြနေခဲ့သည်။

အားလုံးတို့၏ မျက်လုံးများသည် အလင်းတန်း တစ်တန်းဖြင့် ပေါက်ကွဲထွက်လာကာ ဤဖြစ်စဉ်ကို သဘောပေါက်သွားခဲ့သည်။ ဤအရာသည် လင်းဖုန်း၏ မှော်စွမ်းအင်များဖြင့် ဖန်တီးထားသော ပုံရိပ်ယောင် တစ်ခု မဟုတ်ပဲ လင်းဖုန်း၏ ထိန်းချုပ်မှုအောက်တွင် တကယ့်ကြယ်များသည် အမှန်ပင် ထကြွလှုပ်ရှားလာခဲ့ခြင်း ဖြစ်သည်။

ကြယ်စင်များကို ကျင့်ကြံထားသော မဟာမိစ္ဆာများသည် ဤခံစားချက်များကို အထူး ပြင်းထန်စွာ အာရုံခံနိုင်ခဲ့သည်။

+

မျောက်၏ တစ်ကိုယ်လုံးမှ မွေးညင်းပေါက်များမှ
ကြယ်အလင်းတန်းများ စီးဆင်းလာခဲ့ကာ
ကြယ်အလင်းတန်း တစ်တန်းစီသည် ကြယ်တစ်စင်း
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သူ၏ ကိုယ်ပိုင် စွမ်းအင်များကို အဆုံးစွန် အထိ
ထုတ်ဖော်ခဲ့လေလေ သူ့အနေဖြင့် စကြာဝဠာ အတွင်းမှ
ပြောင်းလဲမှုများကို ပိုမိုနက်ရှိုင်းစွာ
သဘောပေါက်လာလေလေ ဖြစ်သည်။

နှစ်ဦး နှစ်ဘက်စလုံးမှ အစွမ်းထက်သော
အင်အားများသည် ဖျက်ဆီးမှု မြင်ကွင်းတစ်ခုကို
ဖန်ဆင်းကာ ဝိညာဥ်ပင်လယ်အား ပြင်းထန်စွာ

+

တုန်ခါစေခဲ့မည့် အစား အသံ တစ်စက်မှ မထွက်ပဲ အချင်းချင်း ရုတ်တရက် ထိပ်တိုက် တွေ့ခဲ့ကြသည်။

မျောက်သည် အနောက်သို့ လွင့်ပျံသွား၍ သူ့ခန္ဓာကိုယ် အနားတွင် လွှမ်းခြုံထားသော ကြယ်အလင်းတန်းများက လွင့်ပြယ်သွားသည်။ သူ၏ ခေါင်းသုံးလုံး လက်ခြောက်ဘက် ပုံစံသည် ချက်ချင်းပင် ခေါင်းနှစ်လုံးနှင့် လက်လေးဘက်တို့အား ဆုံးရှုံးသွား၍ သူ၏ မိစ္ဆာ စွမ်းအားများက ကျဆင်းသွားခဲ့သည်။

သို့တိုင်အောင် သူသည် စိတ်ဓာတ် မကျသွားခဲ့ပဲ အားရပါးရ ကျယ်လောင်စွာ ရယ်မောလိုက်ကာ နောက်ကျွမ်းတစ်ချက် ပစ်လိုက်ပြီး ရောမ ရွှေရောင် ရေအိုင်၏ ကမ်းပါး အပေါ်သို့ ကျရောက်သွားခဲ့သည်။

+

မျှောက်သည် သူ၏ တိုက်ခိုက်မှုများကို ရပ်တန့်လိုက်သော်လည်း ကျန်သောသူများသည် သတိလက်လွတ် မနေခဲ့ကြပေ။ မျှောက်သည် သူ၏ တောင်ပေ့အား ဆောင့်ချခဲ့သော အခါ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၊ သေမင်းကေရာဇ်နှင့် ဒဏ်ရာ ရထားခဲ့သော မူလနဂါး ဘုရင်တို့ကပင် လင်းဖုန်းထံသို့ အတူတကွ ပြေးဝင်လာကြသည်။

သို့သော်လည်း သူတို့သည် လင်းဖုန်းအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုများ မဟုတ်ကြပေ။ အကြီးမားဆုံးသော ခြိမ်းခြောက်မှုမှာ ထူးခြား ဆန်းကြယ်စွာ နေရာအနှံ့၌ လင်းလက်နေသည့် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းပင် ဖြစ်သည်။

+

မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်
အတွင်းတွင် ထိုက်ရှိသူတော်စင်နှင့် လင်းတောက်ဟန်တို့
နှစ်ယောက်စလုံးသည် သက်ပြင်းတစ်ချက် ချခဲ့ကြကာ
တူညီသော မှော်ကျိန်စာ တစ်ခုအား အတူတကွ
ထုတ်ဖော်ခဲ့ကြ၍ သူတို့၏ လက်ချောင်းများကို
ဟင်းလင်းပြင်သို့ ညွှန်ပြခဲ့ကြသည်။

အန္တိမ ကောင်းကင်ကြေးမုံမှ ရောင်ပြန်ဟပ်နေသော
အလင်းတန်းသည် ကောင်းကင် အကာအကွယ်ထီးအား
ပစ်မှတ် မထားတော့ပဲ ထို့အစား သူ၏ စွမ်းအားများကို
လင်းဖုန်းထံသို့ ဦးတည်ခဲ့ကြသည်။

ဤအကြိမ်သည် လင်းဖုန်း အနေဖြင့် ဤကမ္ဘာ
အတွင်းသို့ ရောက်လာအပြီးတွင် မူလကောင်းကင်
ကမ္ဘာ၏ အစွမ်းအထက်ဆုံး မှော်ရတနာ၏ အစစ်အမှန်

+

ဂုဏ်ကျက်သရေနှင့် စွမ်းအားတို့ကို ပထမဆုံး
အကြိမ်အဖြစ် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

ဤရတနာသည် မူလကောင်းကင် ကမ္ဘာ
တစ်လျှောက်လုံးတွင် မရေမတွက်နိုင်သော
ဒဏ္ဍာရီများကို ချန်ထားနိုင်ခဲ့ကာ ယခုအချိန်တွင်
ရောင်ပြန်ဟပ်နေသော အလင်းတန်းများသည်
နေရာအနှံ့သို့ ပျံသန်း ထွက်ပေါ်လာသည်။
ထိုအလင်းတန်းများသည် ဝိညာဉ်ပင်လယ် လောက
တစ်ခုလုံးအား တုန်ခါ လှုပ်ရှားစေ၍ ကမ္ဘာ တစ်ခုလုံးက
သူ၏ အလင်းရောင်များဖြင့် လွှမ်းခြုံသွားခဲ့သည်။

အဝေး တစ်နေရာမှ ဟင်းလင်းပြင် အတွင်းတွင်
ပုံရိပ်အချို့တို့သည် ကွဲပြားသော နေရာနှစ်ခုတွင်
ပေါ်လာကြသည်။ သူတို့သည် ရှီထျန်းဟောင်၊ ရွှေပုစဉ်း
ဆရာတော်နှင့် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ
+

အနောက်သို့ လိုက်ပါလာသော်လည်း ကျင့်ကြံမှု အဆင့် ကွာခြားမှုကြောင့် ဝိညာဥ်ပင်လယ် အတွင်းပိုင်းသို့ လိုက်မဝင်ခဲ့သည့် စီးရီးယပ် မဟာပဏ္ဍိတတို့ ဖြစ်ကြသည်။

သူတို့သည် နောက်တန်းတွင်သာ နေနေကြသော်လည်း အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းရောင်အောက်တွင် အလွန်အမင်း သိသာ ထင်ရှားနေကြသည်။

ထို့အပြင် ဝိညာဥ်ပင်လယ်နှင့် မဟာကမ္ဘာတို့ အကြားမှ နီးစပ်သော ဆက်သွယ်မှုကြောင့် လောက နှစ်ခုတို့သည် မိနစ်တိုင်း၊ စက္ကန့်တိုင်းတွင် အချင်းချင်း ထပ်သွားကြကာ ဝိညာဥ်ပင်လယ်အား လှုပ်ရှားစေခဲ့သော အလင်းတန်းသည် မဟာကမ္ဘာကိုလည်း တောက်ပလှသည့် အလင်းရောင်ဖြင့် ထိန်လင်းစေခဲ့၍ နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင်

+

ကုန်းမြေတို့၏ ထောင့်နေရာတိုင်းအား
လင်းလက်စေခဲ့သည်။ ဤအရာသည်
မယုံနိုင်လောက်အောင် ထူးခြားဆန်းကြယ်သည့်
ဖြစ်စဉ်တစ်ခု ဖြစ်သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ တောက်ပလှသော
အလင်းတန်း အောက်တွင် လင်းဖုန်း၏ ပုံရိပ်သည်
မြင်ကွင်းအတွင်းမှ ပေါ်လိုက်ပျောက်လိုက်
ဖြစ်နေခဲ့သည်။ လေဟာနယ် အချိန်ကာလတို့၏
တစ်လက်မတိုင်းတွင် ရှိနေကြသော ပုံရိပ်များသည်
ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာကာ
ဖြစ်တည်မှု တစ်ခုတည်း အဖြစ်သို့
ပေါင်းစည်းသွားကြသည်။

ဤအရာကို မြင်ခဲ့ရသော အခါ လင်းဖုန်း၏ မျက်နှာ
အပေါ်တွင် အပြုံး ဖွဖွလေး တစ်ခု ပေါ်လာ၍ သူ၏

+

အရှေ့တွင် ဖော်ပြ၍ မရနိုင်သော နောက်ထပ် တာအိုသစ်သီး တစ်လုံး ပေါ်လာခဲ့သည်။

ထိုတာအိုသစ်သီး ပေါ်လာသော အခါ အန္တိမ ကောင်းကင်ကြေးမုံထံမှ အလင်းတန်းက မှိတ်တုတ်မှိတ်တုတ် ဖြစ်သွားသည်။ ဟင်းလင်းပြင် အတွင်းတွင် အန္တိမ ကောင်းကင်ကြေးမုံ၏ ဝေဝါးနေသော ပုံရိပ်များစွာ ပေါ်လာခဲ့ကာ အချိန်ကာလ လေဟာနယ် တစ်ခုလုံးတွင် နေရာတိုင်း၌ ရှိနေသော ဖြစ်တည်မှု တစ်ခုကဲ့သို့ ပြည့်နှက်စေခဲ့သည်။

ရောင်ပြန်ဟပ်နေသော အလင်းတန်းများသည် တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားသကဲ့သို့ ဖြစ်သွားကာ ယခင်ကကဲ့သို့ ပဟေဠိ မဆန်နေတော့ပေ။

+

သို့သော်လည်း လင်းဖုန်းသည် အန္တိမ
ကောင်းကင်ကြေးမုံအား ဘာမှ မလုပ်ခဲ့ပဲ
ထိုတာအိုသစ်သီးအား သူ့ပြိုင်ဘက်များ၏ ပူးပေါင်း
တိုက်ခိုက်မှုအား ခုခံရန်သာ အသုံးပြုခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံကိုမူ သူသည် သူ၏
လက်ညှိုးကို ဆန့်တန်းလိုက်၍ သူ့မျက်ခုံးများ၏
အလယ်သို့ အသာ တို့လိုက်သည်။

လင်းဖုန်း၏ ခေါင်းပေါ်မှ အဆုံးမဲ့ အလင်းတန်းများ
ပေါက်ကွဲထွက်လာကြသည်။ သို့သော်လည်း
ထိုအလင်းတန်းသည် လျှို့ဝှက် ဆန်းကြယ်သော
ခံစားချက်များကို မထုတ်လွှတ်နေပဲ အဆုံးမဲ့
ဖျက်ဆီးနိုင်မှု စွမ်းအင်များဖြင့်သာ စီးဆင်းနေခဲ့သည်။

+

အားလုံးတို့၏ အကြည့်များသည် လင်းဖုန်းအပေါ်သို့ ရောက်လာကြသည်။ သေမင်းဇကေရာဇ်ကပင် သူသည် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ပြန်ရောက်သွားသည်ဟု ခံစားခဲ့ရသည်။

အလင်းတန်းများ အကြားမှ ပုံရိပ်တစ်ခုက ဖြည်းဖြည်းချင်း မြင့်တက်လာသည်။ ဝိညာဉ်ပင်လယ် အတွင်းတွင် နားဝင်ချိုသည် ခေါင်းလောင်းသံ တစ်သံက ပဲ့တင်ရိုက်နေခဲ့ကာ ထူးခြားသော ရောမ ခေါင်းလောင်းကြီး တစ်လုံးသည် အားလုံးတို့၏ အရှေ့တွင် ပေါ်လာခဲ့သည်။ ထိုအရာသည် လင်းဖုန်း၏ မွေးရာပါ မှော်ရတနာ ဖြစ်သော ကြမ္မာပန်းတိုင် ခေါင်းလောင်းပင် ဖြစ်သည်။

ငြီးငွေ့ဖွယ်ကောင်းသော ခေါင်းလောင်းသံများ အပြီးတွင် ရောမ ခေါင်းလောင်းကြီးသည် အသက် ဖန်ဆင်းခြင်း

+

တံခါးအဖြစ်သို့ အသွင် ပြောင်းသွားခဲ့သည်။ အသက် ဖန်ဆင်းခြင်းတံခါး ပွင့်သွားသော အခါ အချိန်မြစ်ရေက စီးဆင်း ထွက်ပေါ်လာခဲ့သည်။

အသက် ခုနစ်နှစ်၊ ရှစ်နှစ်ခန့်သာ ရှိသေးသော ကောင်လေး တစ်ယောက်သည် မြစ်ရေ၏ မျက်နှာပြင် အပေါ်တွင် ရပ်နေခဲ့သည်။ သူသည် အပြုံးဖွဖွလေး တစ်ခုကို ပန်ဆင်ထား၍ သူ၏ လက်များအတွင်းတွင် အိုဟောင်းနေသော စာအုပ်တစ်အုပ်အား ကိုင်ဆောင်ထားသည်။ ထိုစာအုပ်သည် သာမန်ပုံသာ ပေါက်နေကာ မည်သည့် အရှိန်အဝါကိုမှ ထုတ်လွှတ် မနေခဲ့ပဲ အလွန်အမင်း ရှေးကျ၍ စုတ်ပြဲနေသည့်ပုံ ပေါက်နေခဲ့သည်။

+

သို့သော်လည်း ထိုစာအုပ်သည် အားကောင်းလှသော စွမ်းအင်တစ်ခုဖြင့် စီးဆင်းနေခဲ့ကာ အရာအားလုံးကို ယိုယွင်းစေ၍ လွင်တီးခေါင် ကျသွားစေသည်။

ဤအရာသည် အချိန် စီးဆင်းမှု သက်သက် မဟုတ်ချေ။ အချိန် စီးဆင်းမှု ကိုယ်တိုင်ကပင် ယိုယွင်းလာခဲ့ကာ ဖြစ်တည်မှု ပုံစံ အားလုံးတို့သည် ဖျားနာ ယိုယွင်းမှု အခြေအနေ တစ်ခုသို့ ကျဆင်းလာခဲ့သည်။

ဤအရာသည် ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ တတိယ ပုံစံဖြစ်သော ပြိုလဲမှု စာအုပ် ဖြစ်သည်။

## စာစဥ် ၇၃ : အပိုင်း ၁၉

+

## အပိုင်း ၁၄၂၉ : အစွမ်းအထက်ဆုံး မော်ရတနာနှစ်ခုတို့သည် လူတစ်ဦးတည်း၏ လက်အတွင်းတွင် ရှိနေခဲ့သည်

ပြိုကျခြင်း စာအုပ် ပေါ်လာသည်နှင့် တစ်ပြိုင်နက် အားလုံးတို့၏ ရင်ခုန်သံများ မှားသွားကြသည်။ သူမှနေ၍ ကြောက်မက်ဖွယ်ရာ ကောင်းလှသော အရှိန်အဝါ တစ်ခုအား ထုတ်လွှတ်နေ၍ အနန္တမ ကောင်းကင်ကြေးမုံမှ ရောင်ပြန်ဟပ်ထားသော အလင်းတန်းများသည် ချက်ခြင်း မှေးမှိန်သွားကြသည်။

ဝိညာဉ်ပင်လယ် လောက အတွင်းတွင် အဆက်မပြတ် တုန်ခါနေသော မဟာလမ်းစဉ်မှ အလင်းတန်းများသည် ပြောက်တိပြောက်ကျား ဖြစ်သွားကြသည်။

+

အားလုံးတို့၏ ခြေအောက်မှ ရောမ ရွှေရောင် ရေအိုင်သည် ရုတ်တရက်ပင် ထကြွ လှုပ်ရှားလာကာ လှိုင်းဂယက်များ ထလာကြသည်။ မူလ ရွှေခွက်နှင့် ရွှေရောင် ရေအိုင်တို့အား ဆက်သွယ်ထားသော အလင်းတန်း ကွန်ယက်ကလည်း စတင်၍ တုန်ခါလာခဲ့သည်။

လင်းဖုန်း၏ စွမ်းအားများဖြင့် ကောင်းကင်နှင့် မြေကြီးတို့၏ မဟာလမ်းစဥ်မှ ဖန်ဆင်းထားသော အလင်းတန်းများသည် ကြမ္မာပန်းတိုင် ခေါင်းလောင်းမှ ဖန်တီးထားသော ပြိုကျခြင်း စာအုပ်နှင့် ဆက်သွယ်သွားကာ ဖန်ဆင်းခြင်း၊ ရှင်ခြင်းနှင့် သေခြင်းတို့၏ အဆုံးမဲ့ လျှို့ဝှက် ဆန်းကြယ်မှုများကို တစ်ပြိုင်နက် ဖော်ပြနေကြသည့် စက်ဝိုင်း တစ်ခုကို ထူးခြားစွာဖြင့် ဖန်ဆင်းနိုင်ခဲ့သည်။

+

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ အားလုံးတို့၏ ရင်များက အနည်းငယ် လေးလံသွားကြသည်။ "ဒါက ကောင်းကင် ဖျက်ဆီးခားနဲ့ အနည်းငယ် ကွဲပြားနေတယ်..."

အကြံတစ်ခု ရခဲ့သည့်ပုံဖြင့် ပြုံကျခြင်း စာအုပ်အား ကိုင်ဆောင်ထားသော ကြမ္မာပန်းတိုင် ကောင်လေးသည် အပြုံး ဖွဖွလေးဖြင့် စာရွက်များကို စတင်၍ လှန်လိုက်သည်။

ချက်ချင်း ဆိုသလိုပင် ဝေဝါးကာ ရှုပ်ထွေးလှသော လေတစ်သုတ်သည် စာအုပ်အတွင်းမှ ထွက်လာကာ အန္တိမ ကောင်းကင်ကြေးမုံထံသို့ တိုက်ခိုက်လာလေသည်။

+

ဟင်းလင်းပြင် တစ်လျှောက်တွင်
လေစီးကြောင်းများသည် အဆက်မပြတ်
ကျယ်ပြန့်လာကာ ထိုလေစီးကြောင်းများ
နေရာယူလိုက်သော နေရာတိုင်းတွင် နေရာတကာတွင်
တည်ရှိနေသည့် ရတနာ ကြေးမုံသည် ပြောင်းလဲမှုများကို
ဖြည်းဖြည်းချင်း ခံစားလာရသည်။

အသွင်သဏ္ဌာန် ကင်းမဲ့နေသော်လည်း သေချာပေါက်
တည်ရှိနေသည့် ရတနာ ကြေးမုံသည် ဟင်းလင်းပြင်
အတွင်းတွင် သူ့ကိုယ်သူ စတင်၍ ဖော်ပြလာခဲ့သည်။
ဖော်ပြ၍ မရနိုင်သော နေရာတိုင်းတွင် ရတနာ ကြေးမုံ
တစ်ခု ပေါ်လာ၍ ဤလောက အတွင်းတွင် အနန္တမ
ကောင်းကင်ကြေးမုံပေါင်း ထောင်နှင့် သောင်းနှင့် ချီ၍
ပေါ်လာသကဲ့သို့ ဖြစ်နေသည်။

+

အရေအတွက်များသည် ဆက်တိုက် တိုးပွားလာကာ ရတနာ ကြေးမုံများ နေရာယူထားသော နေရာသည် အဝေးသို့ တိုင်အောင် ကျယ်ပြန့်သွား၍ အန္တိမ ကောင်းကင်ကြေးမုံ အမြောက်အမြားတို့သည် အားလုံးတို့၏ အရှေ့တွင် ပေါ်လာကြသည်။

သို့သော်လည်း မြင်နေရသော ထိုရတနာ ကြေးမုံတို့ထံမှ အလင်းရောင်များသည် သိသိသာသာ မှေးမှိန်သွားကြသည်။

အစောပိုင်းက ထူးခြား ဆန်းကြယ်ကာ ခန့်မှန်းရ ခက်ခဲနေသော ရောင်ပြန်ဟပ်နေသည့် အလင်းတန်းသည် မယုံနိုင်အောင် လင်းလက်ခဲ့သော်လည်း သူ၏ တောက်ပမှုသည် လွန်စွာ ကျဆင်းသွားခဲ့၍ နောက်ဆုံးတွင် ဝေဝါး မည်းမှောင်သွားခဲ့သည်။

+

ရတနာ ကြေးမုံ၏ မျက်နှာပြင် အပေါ်တွင်
ဖုန်မှုန့်တစ်လွှာ ပေါ်လာ၍ သူ့အား ယိုယွင်း
ပျက်စီးစေခဲ့သည်။

ပြိုကျခြင်း စာအုပ်၏ ကြောက်မက်ဖွယ်ရာ
လွှမ်းမိုးမှုသည် ပြင်ပသို့ ပျံ့နှံ့လာ၍ ဟင်းလင်းပြင်
အတွင်းတွင် ပုန်းအောင်းနေသော မရေမတွက်နိုင်သည့်
ရတနာ ကြေးမုံများကို ထုတ်ဖော်ခဲ့ကာ သူတို့အား
ညစ်ညမ်းစေခဲ့ပြီး ယိုယွင်းခြင်း လမ်းကြောင်းအပေါ်သို့
ပို့ပေးလိုက်သည်။

မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်
အတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ထိပ်သီး
ကျင့်ကြံသူများ၏ ရင်အတွင်းတွင် စိမ့်ကနဲ

+

ဖြစ်သွားကြသည်။ ထိုက်ရီသူတော်စင်နှင့် လင်းတောက်ဟန်တို့သည် သူတို့၏ မှော်ကျိန်စာများကို ပြောင်းလဲခဲ့ကြကာ သူတို့၏ လက်များကို ဆန့်လိုက်လိုက်၍ လေထု အတွင်းသို့ အသာ ပုတ်လိုက်ကြသည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် တုန်ခါမှု တစ်ခု ဖြစ်ပေါ်လာကာ အချိန်မဆိုင်းပဲ ဝိညာဉ်ပင်လယ် အတွင်းမှ အချိန်ကာလ လေဟာနယ် ထောင့်တိုင်းတွင် မရေမတွက်နိုင်သော အန္တိမ ကောင်းကင်ကြေးမုံများဖြင့် ပြည့်သွားခဲ့သည်။ ကြေးမုံများ အားလုံးသည် တောက်ပလှသော အလင်းတန်းများကို ထုတ်လွှတ်နေကာ ဝိညာဉ်ပင်လယ်၏ နေရာတိုင်းကို ထိန်လင်းစေခဲ့သည်။

+

ပို၍ သိသာသည့် အချက်မှာ ဝိညာဥ်ပင်လယ် ပြင်ပမှ မဟာကမ္ဘာ တစ်ခုလုံးကလည်း တုန်ခါနေခြင်း ဖြစ်သည်။

မဟာကမ္ဘာ၏ အံ့ကြွလာမှုသည် အားလုံးတို့အား အံ့အားသင့်စေခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့မှ မဟာလမ်းစဥ်၏ လှုပ်ရှားမှုများ၊ စိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံးတို့၏ ပြောင်းလဲမှုများအား အာရုံခံနိုင်ကြသော ကျင့်ကြံသူများသာ မဟုတ်ပဲ သာမန် လူသားများကပင် ကြီးမားစွာ လှုပ်ရှားနေသော ပြောင်းလဲမှုများကို သိရှိနိုင်ခဲ့ကြသည်။

ကောင်းကင် အတွင်းတွင် မုန်တိုင်းများ အစပျိုးလာကာ မရေမတွက်နိုင်သော မိုးလေဝသ အခြေအနေများသည် တစ်ချိန်တည်း၌ ပေါ်လာကြသည်။

+

ပြင်ပမှ မဟာကမ္ဘာနှင့် နီးကပ်စွာ ဆက်သွယ်နေသော ဝိညာဥ်ပင်လယ် အတွင်းတွင် ဟင်းလင်းပြင်၏ ထောင့်တစ်နေရာတိုင်းတွင် အလင်းတန်း ပုံရိပ်များဖြင့် လင်းလက်နေကြသည်။

ဤအချိန်တွင် မဟာကမ္ဘာသည် ဝိညာဥ်ပင်လယ်နှင့် လုံးဝ ထပ်သွားသကဲ့သို့ ဖြစ်နေပြီး မရေမတွက်နိုင်သော အန္တိမ ကောင်းကင်ကြေးမုံများသည် မဟာကမ္ဘာ အတွင်းတွင် မရေ မတွက်နိုင်သော ဖန်ဆင်းခြင်း မြင်ကွင်းများကို ထုတ်လွှတ်လိုက်ကြသည်။

ရောင်ပြန်ဟပ်နေသော ကြေးမုံ အလင်းတန်းများသည် တစ်ခုတည်း အဖြစ်သို့ စုစည်းသွားကြကာ ပြိုကျခြင်း စာအုပ်၏ မှော်စွမ်းအင်များဖြင့် အစွန်းထင်းခံခဲ့ရသည့် ရတနာ ကြေးမုံများသည် ပြန်လည်

+

မွေးဖွားလာခဲ့သကဲ့သို့ ယခင်ကအတိုင်း ပြန်လည်
လင်းလက်လာကြသည်။

ယိုယွင်းနေသည့်ပုံ ပေါက်နေသော အစက်များသည်
ကြေးမုံ မျက်နှာပြင်များ ပေါ်မှ ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားကာ ပြန်လည် တောက်ပလာပြီး
နောက်ဆုံးတွင် မျက်စိကျဖွယ်ရာ
တောက်ပြောင်လာခဲ့သည်။

သို့သော်လည်း ပြိုကျခြင်း စာအုပ်၏ အကျိုး
သက်ရောက်မှု အောက်တွင် ယခင်က စွန်းထင်းခဲ့သော
ရတနာ ကြေးမုံများသည် ယခင်က ပိုင်ဆိုင်ခဲ့သော
ထူးခြားဆန်းကြယ်၍ ခန့်မှန်းရ ခက်ခဲသည့်
အရည်အသွေးများကို ပြန်လည် မရရှိတော့ပဲ အခြား
ရတနာ ကြေးမုံများကဲ့သို့ မဟာကမ္ဘာ၏ ပုံရိပ်များကို
ထုတ်လွှတ်နိုင်စွမ်း မရှိတော့ပေ။
+

ဝိညာဥ်ပင်လယ် အတွင်းတွင် အသံ တစ်စက်မှ
မထွက်နေသော်လည်း အစွမ်းထက်သော အင်အားစု
နှစ်ခု အကြားမှ ပြင်းထန်လှသော စွမ်းအား
ပြိုင်ဆိုင်မှုအား ဖော်ပြနေကာ နှစ်ဦး နှစ်ဘက်တို့
အကြားတွင် ရှေ့မတိုးသာ နောက်မဆုတ်သာ
ဖြစ်နေခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် အန္တိမ ကောင်းကင်ကြေးမုံမှ
ထုတ်လွှတ်ထားသော ဘီလီယံနှင့် ချီသည့် အလင်းတန်း
ပုံရိပ်များသည် မြင်ကွင်းအတွင်းမှ
ပေါ်လိုက်ပျောက်လိုက်နှင့် မှိတ်တုတ်မှိတ်တုတ်
ဖြစ်နေကြသည်။

+

ကြမ္မာပန်းတိုင် ကောင်လေးသည် သူ၏ လက်အတွင်းမှ ပြိုလဲမှု စာအုပ်၏ စာရွက်များကို တည်ငြိမ်စွာဖြင့် လှန်နေရာ သာမန်ဟုသာ ထင်နေရသော်လည်း အလွန်အမင်းကို ကြောက်မက်ဖွယ်ရာ ကောင်းသည့် ကစဉ့်ကလျား ဖျက်ဆီးမှုချီများသည် စာအုပ်အတွင်းမှ ပျံ့သန်း ထွက်ပေါ်လာကြသည်။

လင်းဖုန်းသည် ပြုံးနေခဲ့ကာ သူ၏ အမူအရာသည် ယခု အဖြစ်အပျက်များကို အမှုမထားနေသကဲ့သို့ သက်တောင့်သက်သာ ရှိနေခဲ့သော်လည်း သူ၏ ကိုယ်ပိုင် တပည့်များနှင့် သူ့လက်အောက်မှ ကျားဖြူ မဟာပဏ္ဍိတတို့ အပါအဝင် ကျန်သောသူများ အားလုံးတို့သည် အံ့အားသင့် တုန်လှုပ်နေကြသည်။

+

သူတို့၏ အရှေ့မှ မြင်ကွင်းသည် မပြင်းထန်ဟု ထင်နေရသော်လည်း ပြိုလဲခြင်း စာအုပ်၏ ပြိုင်ဘက်သည် မည်သူ ဖြစ်သနည်း။

သူသည် ရှေးဟောင်းခေတ် အစပိုင်းတွင် ပေါ်ပေါက်လာကတည်းက မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အစွမ်းအထက်ဆုံး မှော်ရတနာ ဖြစ်၍ တည်ရှိနေသည်မှာ မရေမတွက်နိုင်အောင် နှစ်ပေါင်း များစွာ ရှိနေပြီ ဖြစ်သော အန္တိမ ကောင်းကင်ကြေးမုံပြင် ဖြစ်သည်။

သူသည် လင်းဖုန်းက ကောင်းကင်ဖျက်ဆီး ဓားအား ဒုတိယ အကြိမ် အောင်မြင်စွာ ကျင့်ကြံနိုင်၍ ကမ္ဘာနှစ်ခု အကြားမှ ပြီးခဲ့သော စစ်ပွဲအတွင်း ရှုမ်းလီ ပေါ်လာခဲ့သည့် အချိန် မတိုင်မီက ကျန်သော အရာများ အားလုံး အနက် ပြိုင်ဘက်ကင်းနေသော

+

မူလကောင်းကင် ကမ္ဘာ၏ အစွမ်းအထက်ဆုံး မှော်ရတနာ ဖြစ်သည်။

အနိမ့်ဆုံး ကောင်းကင်ကြေးမုံသည် ရှေးခေတ်များမှ စ၍ မရေမတွက်နိုင်သော ခေတ်များစွာတွင် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား အမြဲတမ်း တုန်လှုပ်စေနိုင်ခဲ့သည်။

သူ၏ ရှည်လျားလှသော သမိုင်းအတွင်းတွင် သူသည် ဒဏ်ရာ အပြင်းအထန် ရရှိခဲ့၍ အားနည်းနေသော အချိန်များ ရှိခဲ့သော်လည်း သူသည် ထိုအခြေအနေ၌ပင် မရေမတွက်နိုင်သော ထိပ်သီး ကျင့်ကြံသူများ၏ ထင်ရှားစိုးမှုများကို နှိမ်နင်းနိုင်ခဲ့သေးသည်။

သေမင်းဂေဟာ၊ ရှေးဟောင်းခေတ်၏ နောက်ဆုံး လူသားဂေဟာ ဖြစ်သော အစွန်းရောက် ဂေဟာ၊

+

အလယ်ခေတ်မှ စေတန်  လမ်းစဉ်များ၏ အန္တိမ
ခေါင်းဆောင်ဖြစ်သော ရှေးဟောင်းစေတန်
ဂိုဏ်းခေါင်းဆောင် ကျန်းဆောင်ယန်နှင့်
မရေမတွက်နိုင်သော အခြား မဟာမိစ္ဆာများသည်
ဤအချက်အား သူတို့၏ အသက်များဖြင့်
သက်သေပြခဲ့ကြပြီး ဖြစ်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် အန္တိမ
ကောင်းကင်ကြေးမုံအား ကြည့်လိုက်ကာ လွန်ခဲ့သော
နှစ်ပေါင်း ၄၆၀၀ကျော်က ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲတွင် ဟေးဒီးစ် ဧကရာဇ် ကျဆုံးသွားသည့်
မြင်ကွင်းအား ပြန်လည် မြင်ယောင်လာခဲ့သည်။

မူလနဂါး ဘုရင်ကလည်း အန္တိမ ကောင်းကင်ကြေးမုံအား
ကြည့်နေကာ ရှေးဟောင်းခေတ်တွင် ကြွယ်ဧကရာဇ်၏
ကျဆုံးသွားမှုကို ပြန်လည် အမှတ်ရနေခဲ့သည်။
+

မျောက်ကပင် အလယ်ခေတ်က သူ့အား ဖိနှိပ်နိုင်ခဲ့သော အဆုံးစွန် ဧကရာဇ်အား ပြန်လည် အမှတ်ရလာခဲ့သည်။

သမိုင်းတစ်လျှောက်တွင် အစွမ်းအထက်ဆုံး တော်ဝင်မိစ္ဆာ ဧကရာဇ်များ ဖြစ်ကြသော မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အသန်မာဆုံး မိစ္ဆာသုံးကောင် ဖြစ်ကာ မူလကောင်းကင် ကမ္ဘာ၏ သမိုင်း အတွင်းတွင် အစွမ်းအထက်ဆုံး ဖြစ်တည်မှု ပုံစံများ ဖြစ်ကြသည့် ကြွယ်ဧကရာဇ်၊ အဆုံးစွန် ဧကရာဇ်နှင့် ဟေးဒီးစ် ဧကရာဇ်တို့၏ ရှုံးနိမ့်မှုများသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် အကြီးအကျယ် သက်ဆိုင်နေခဲ့သည်။

+

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတနှင့် သေမင်းဧကရာဇ်တို့ကလည်း အန္တိမ ကောင်းကင်ကြေးမုံအား တုန်လှုပ် ချောက်ချားစွာဖြင့် စိုက်ကြည့်နေကြလေသည်။

## စာစဉ် ၇၃ : အပိုင်း ၂၀

## အပိုင်း ၁၄၃၀ : အကြွင်းမဲ့ ဒေါသထွက်ခြင်း

ဤအချိန်တွင် ဝိညာဉ်ပင်လယ် အတွင်းတွင် အန္တိမ ကောင်းကင်ကြေးမုံများသည် ဒိုင်မန်းရှင်းများ အားလုံးတွင် နေရာတကာ၌ ရှိနေသကဲ့သို့ ဖြစ်နေပြီး အရေအတွက် အကန့်အသတ် ကင်းမဲ့နေခဲ့သည်။

+

သို့သော်လည်း ပြိုလဲခြင်း စာအုပ်၏ စွန်းထင်းခြင်းကို ခံခဲ့ရ၍ မူလ အခြေအနေသို့ ပြန်လည် မရောက်နိုင်ခဲ့သော ကြေးမုံ၏ အစိတ်အပိုင်း များမှလွဲ၍ ကျန်နေသော အန္တိမ ကောင်းကင်ကြေးမုံများသည် ရုပ်ပုံစံ အဖြစ်သို့ ပြန်လည် အကောင်အထည် ပေါ်လာကြသည်။

သို့ရာတွင် သူတို့သည် လျှို့ဝှက် ဆန်းကြယ်စွာဖြင့် နူးညံ့ သိမ်မွေ့နေကာ ပုံရိပ်ယောင် ဆန်နေသလို အစစ်အမှန်လည်း ဖြစ်နေပြီး ထိုဒိုင်မန်းရှင်း အတွင်းတွင် မရှိနေကြသကဲ့သို့ ဖြစ်နေခဲ့သည်။

အားလုံးတို့သည် ဝိညာဉ်ပင်လယ်၏ ဒိုင်မန်းရှင်း အတွင်းတွင် ရှိနေကြ၍ သူတို့၏ အရိပ်များသည် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းယိုင်မှုများနှင့် ထပ်နေကြသော်လည်း သူတို့သည် သူ၏ တည်ရှိနေမှုကို

+

အာရုံခံ၍ မရနိုင်ပဲ သူ၏ အစအနလေးကိုသာ အကဲခတ်နိုင်ခဲ့ကြသည်။

ကွဲပြား ခြားနားနေသော ကမ္ဘာနှစ်ခုသည် လုံးဝကို ထပ်နေသော်လည်း အချင်းချင်း စွက်ဖက်မှု မရှိနေသကဲ့သို့ ဖြစ်နေသည်။

ပြိုလဲမှု စာအုပ်၏ အနီးအနား တွင်သာ ကမ္ဘာနှစ်ခုသည် ကြီးစိုးနိုင်ရန် သတ်ပုတ်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် လင်းလက်နေသော ကြေးမုံများသည် အားလုံးတို့ ရှိနေသော ဒိုင်မန်းရှင်း အတွင်းတွင် တည်ရှိနေကြသည်ကို သိနိုင်ခဲ့သည်။

+

အန္တိမ ကောင်းကင်ကြေးမုံနှင့် ပြိုလဲခြင်း စာအုပ်တို့ အကြားမှ ပြိုင်ဆိုင်မှုသည် ကျန်သေသူများ အပေါ်၌ အကျိုးသက်ရောက်မှု မရှိခဲ့ချေ။

မျက်စိတစ်မှိတ် အတွင်းတွင် လင်းဖုန်းသည် ထိုအုပ်စု၏ အရှေ့တွင် ချက်ချင်း ပေါ်လာခဲ့သည်။ ထိုအရာသည် အရေးမပါသော လှုပ်ရှားမှု တစ်ခုဟု ထင်နေရသော်လည်း အားလုံးတို့သည် သူတို့၏ စိတ်အာရုံများကို ၁၂၀% စုစည်းထားခဲ့၍ သူ့အား ရင်ဆိုင်ခဲ့သည်။

သူတို့၏ အလွန်အမင်း အစွမ်းထက်သော တိုက်ခိုက်မှုများသည် လင်းဖုန်း၏ တာအိုသစ်သီး၏ တားဆီးမှုကို ခံခဲ့ရကာ လင်းဖုန်း၏ နောက်ထပ် တိုက်ခိုက်မှုသည် ကျရောက်လာတော့မည် ဖြစ်သည်။

+

ဤအရာသည် ဒိုင်မန်းရှင်း ရွှေ့ပြောင်းခြင်း၊ သို့မဟုတ် အချိန် ပြောင်းလဲခြင်း မဟုတ်ပေ။ ထိုအချိန်၌ လင်းဖုန်းသည် သူ၏ များပြားလှစွာသော ရန်သူများ တစ်ယောက်ချင်းကို တစ်ပြိုင်နက် ရင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

အမှန်တွင် သူ၏ တိုက်ခိုက်မှု လှိုင်းလုံးများသည် ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ဖြစ်နေကြသည် ဂမဟုတ်ပေ။ သို့သော်လည်း လင်းဖုန်းက ထိုကဲ့သို့ မတတ်နိုင်၍ မဟုတ်ပဲ သူတို့အား ဖြစ်ကတတ်ဆန်း ထုတ်ဖော်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုတိုက်ခိုက်မှုများသည် အမှန်ပင် လိုက်လျောညီထွေ ဖြစ်မနေခဲ့သော်လည်း ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊

+

မူလနဂါး ဘုရင်၊ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၊ သေမင်းဇေကရာဇ်နှင့် စကြဝဠာ စကျင်ဗုဒ္ဓတို့ကပင် သူတို့အရှေ့မှ လူသည် လင်းဖုန်းကိုယ်တိုင်ပင် ဖြစ်သည်ဟု သေချာနေကြသည်။

အားလုံးတို့သည် သူတို့ အချင်းချင်း မည့်မျှပင် ဝေးကွာနေကြပါစေ ယခုအချိန်တွင် လင်းဖုန်းနှင့် အနီးကပ် တိုက်ခိုက်နေခဲ့ရသည်။ သူတို့သည် နေရာတကာ၌ ရှိနေကာ ဒိုင်မန်းရှင်းတိုင်းတွင် နေထိုင်နေသည့် လူတစ်ယောက်နှင့် ယှဥ်ပြိုင်နေရသည့် အလား ဖြစ်နေသည်။

မူလနဂါး ဘုရင်အား လင်းဖုန်းသည် စွမ်းအင် ဓားတစ်ချောင်း အဖြစ်သို့ အကောင်အထည် ပေါ်လာသည့် သူ၏ လက်ချောင်းများဖြင့် ထိုးသွင်းလိုက်သည်။ သူသည် ဝိညာဉ်ပင်လယ် လောက

+

အတွင်းတွင် အလင်းတန်းမြစ် တစ်စင်းကို ထကြွစေခဲ့၍ သူ၏ ခေါင်းသွားထိပ်ဖျားတွင် စုစည်းခဲ့ကာ မူလနဂါး ဘုရင် အပေါ်သို့ ခုတ်ချလိုက်သည်။

"ဝေါင်း" ဒဏ်ရာ အပြင်းအထန် ရနေခဲ့သော်လည်း မူလနဂါး ဘုရင်သည် မတိုက်ခိုက်ပဲ အရှုံးပေးရန် မလိုလားနေပဲ နားကွဲလုမတတ် နဂါးဟောက်သံ တစ်ခုကို ထုတ်လွှတ်ခဲ့သည်။ သူသည် သူ၏ စွမ်းအားများကို ထပ်ဖန်တစ်ခါ ထုတ်ဖော်ခဲ့၍ လင်းဖုန်း ဖန်ဆင်းခဲ့သော ကြောက်မက်ဖွယ်ရာ ခေါင်းကြီးကို ခုခံလိုက်သည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ရွှေရောင် အလင်းတန်းများ လင်းလက်လာ၍ မူလနဂါး ဘုရင်၏ ရောမ ပုံရိပ်သည် အဆက်မပြတ် တွန့်လိမ်နေသည်။

+

သို့သော်လည်း စွမ်းအင်ဓားသည် နိမိတ်မကောင်းသော အရိပ် တစ်ခုကဲ့သို့ ပို၍ နီးကပ်လာခဲ့သည်။

အလားတူပင် သေမင်းကေရာဇ်၏ အရှေ့၌ လင်းဖုန်းတစ်ယောက်သည် သူ၏ လက်အား ဆန့်တန်းလိုက်ကာ သေမင်းကေရာဇ်အား လှမ်း၍ ကုတ်ဆွဲလိုက်သည်။

သေမင်းကေရာဇ်သည် အံ့သြ တုန်လှုပ်စွာဖြင့် လင်းဖုန်းအား ထူးခြားသော အမူအရာဖြင့် တွေတွေကြီး စိုက်ကြည့်နေခဲ့သည်။

သူ၏ အကြည့်သည် အန္တိမ ကောင်းကင်ကြေးမုံ အပေါ်သို့ ကျရောက်သွားကာ သူ၏ မျက်လုံးများ အတွင်းတွင် သူမဖုံးကွယ်နိုင်ခဲ့သော ခံစားချက်

+

အမြောက်အမြားကို မြင်နိုင်ခဲ့သည်။ ခံပြင်း
နာကျည်းမှုများ၊ နောင်တရမှုများ၊ လိုချင် တောင့်တမှုများ
အပြင် နောက်ထပ် ခံစားချက် များစွာတို့ကို
တွေ့နေနိုင်သည်။

ရှေးဟောင်းခေတ် အစပိုင်းမှ စ၍ သူသည်
မူလကောင်းကင် ကမ္ဘာ၏ အန္တိမ ရတနာကို
ရယူလိုနေခဲ့၍ နတ်ဘုရား နယ်မြေ၏ ထိပ်ဆုံးတွင်
နေလိုနေခဲ့သည်။

နှစ်ပေါင်းများစွာ အပြင်းအထန် ကြိုးစားခဲ့၍
စွန့်လွှတ်မှုများ မရေမတွက်နိုင်အောင် ပြုလုပ်ခဲ့ အပြီး
နောက်ဆုံးတွင် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ
အတွင်းတွင် သူသည် အောင်မြင်ရန် ခြေတစ်လှမ်းသာ
လိုခဲ့တော့သည်။

+

သို့သော်လည်း ထိုခြေလှမ်းသည် သူဘယ်တော့မှ မလှမ်းနိုင်သည့် ခြေလှမ်းတစ်လှမ်း ဖြစ်သည်။ ထိုအရာသည် သူ၏ အရှေ့မှ လူတစ်ယောက် ဖြစ်သော လင်းဖုန်းကြောင့်ပင် ဖြစ်သည်။

ထိုအချိန်က သူသည် တိုက်ခိုက်မှု စွမ်းအားအရ အန္တိမ ကောင်းကင်ကြေးမုံထက်ပင် ပို၍ အစွမ်းထက်သော ကောင်းကင်ဖျက်ဆီး ဓားအား တွေ့နိုင်ခဲ့သည်။ ယနေ့တွင် သူသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် ယှဉ်နိုင်သည့် ဒုတိယမြောက် မှော်ရတနာ တစ်ခုအား အမှန်ပင် တွေ့ခဲ့လိုက်ရလေပြီ။

+

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ခေးကဲ့သို့ပင် ဤမှော်ရတနာသည် သူ့ရန်သူ ဖြစ်သော လင်းဖုန်းက ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။

ဤအရာသည် သေမင်းကေရာဇ်အား ကွဲပြားခြားနား၍ မရှင်းမလင်း ဖြစ်နေသော ခံစားချက် မျိုးစုံတို့ဖြင့် ခလောက်ဆန် ရှုပ်ထွေးစေခဲ့သည်။

သူသည် လင်းဖုန်းအား အချိန်အကြာကြီး တင်းမာစွာ ကြည့်နေခဲ့၍ နောက်လှည့်ကာ ထွက်သွားလေသည်။

သေမင်းကေရာဇ်သည် လျင်မြန်စွာဖြင့် ပျံသန်း ထွက်ခွာသွားသော်လည်း လင်းဖုန်း၏ လက်ဝါးသည် သူ့ထက်ပင် ပို၍ မြန်နေသေးကာ သူ၏ နောက်ကျောအား ကုတ်ချလိုက်သည်။

+

တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအို သစ်သီး သုံးလုံးတို့ ထွက်ပေါ်လာ၍ မည်းနက်နေသော အလှွာသုံးလွှာ ရောမ ယဇ်ပလ္လင် တစ်ခု ပေါ်လာခဲ့သည်။ တာအိုသစ်သီးသည် ယဇ်ပလ္လင် အတွင်းသို့ ကျသွားသော အခါ သေမင်းကေရာဇ်သည် 'ယဇ်ပူဇော်မှု တစ်ခုကို ပြုလုပ်ပြီးပြီ'ဟု အော်ဟစ်လိုက်ရာ စိတ်ဝိညာဉ် ယဇ်ပလ္လင်သည် စတင်၍ ပြင်းထန်စွာ တုန်ခါလာသည်။

မည်းနက်နေသော စိတ်ဝိညာဉ် ယဇ်ပလ္လင်သည် သေမင်းကေရာဇ်၏ လွတ်လမ်း အနောက်မှ ထွက်လာကာ လင်းဖုန်းထံသို့ ပျံသန်းလာသည်။ သူသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ မည်းနက်နေသော လမ်းကြောင်းတစ်ခုအား ဖန်ဆင်းခဲ့သည်။

+

သေမင်းကေရာဇ်သည် လင်းဖုန်းအား ကျောပေး၍ ထွက်ပြေးရခြင်းသည် ဉာဏ်မဲ့ရာ ကျနေသော်လည်း သူ၏ မျက်နှာတွင် တုန်လှုပ်နေသည့် အရိပ်အယောင် တစ်စလေးမှ မတွေ့နေရပဲ တိုးတိုးလေး ရေရွတ်လိုက်သည်။ "သေမင်းက မင်းတို့ကို လွတ်လပ်စေခဲ့တဲ့ အတွက် ငါ့အနောက်က သက်ရှိအားလုံးတို့က ကျဆင်းလာပါစေ"

သူ၏ စကားပင် မဆုံးခင်ပင် မည်းနက်နေသော လမ်းကြောင်းသည် ဖြည်းဖြည်းချင်း မီးခိုးရောင် သန်းလာ၍ ထိတ်လန့်ဖွယ် ပိုကောင်းလာသည်။

သေမင်းကေရာဇ် ခြေချခဲ့သည့် နေရာတိုင်းမှ ဖြစ်တည်မှု အားလုံးတို့သည် အသက် အရိပ်အယောင်များ ချက်ချင်း ပျောက်ကွယ်သွားကာ ဘာမှ မကျန်တော့ပဲ သုန်မှုန်သော တိတ်ဆိတ်မှု တစ်ခုသာ ကျန်နေရစ်သည်။

+

စိတ်ဝိညာဉ် စွမ်းအင်များ သေဆုံးသွားသည်။ လေဟာနယ်က သေဆုံးသွားသည်။ အချိန်ကာလက သေဆုံးသွားသည်။ ရန်သူများ၏ မှော်ကျိန်စာ စွမ်းအားများ သေဆုံးသွားသည်။ သူတို့၏ အသွေးအသားများ သေဆုံးသွားသည်။ သူတို့၏ ဝိညာဉ်များ သေဆုံးသွားသည်။ သူတို့၏ နည်းစနစ်များ သေဆုံးသွားကြသည်…

တည်ရှိနေသော အရာအားလုံးတို့သည် အစိုင်အခဲ ဖြစ်စေ၊ အသွင်မဲ့ ဖြစ်စေ၊ အသိစိတ် ရှိသည်ဖြစ်စေ၊ ခံစားမှု ကင်းမဲ့သည် ဖြစ်စေ၊ အစစ်အမှန် အသက်ရှင်နေသော သက်ရှိဖြစ်စေ၊ ထိုအချိန်၌ တရားစီရင်ခြင်း ခံခဲ့ရကာ သေမိန့်အချခံခဲ့ရသည်။

+

သေမင်းကေရာဇ် တစ်ယောက်ကသာ အရှေ့သို့ တစ်ယောက်တည်း ရှေ့ဆက်သွားခဲ့လေသည်။

ထိုအရာသည် သူ၏ လွတ်မြောက်မှု နည်းလမ်း သို့မဟုတ် သူ၏ ခုခံမှု သက်သက်သာ မဟုတ်ပဲ အစွမ်းထက်သော တိုက်စစ် မှော်ကျိန်စာ တစ်ခုလည်း ဖြစ်သည်။ သူသည် အခြေအနေ အားလုံးတို့ အတွက် ဖြေဆေး တစ်လုံးဖြစ်ကာ သူ့အနောက်မှ အရာ အားလုံးတို့၏ အသက် စွမ်းအင်များကို စုပ်ယူ၍ ဆေးမီးဖို တစ်ခုအဖြစ် ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း လက်တစ်ဘက်သည် သူ၏ နောက်ကျောမှနေ၍ ဆက်လက်၍ ကုတ်ချနေဆဲ ဖြစ်သည်။

+

ထိုလက် ဖြတ်သန်းသွားသော နေရာတိုင်းတွင် စိတ်ဝိညာဉ် စွမ်းအင်များသည် အသက်ရှင်လာ၍ ပြန်လည် လည်ပတ်လာကြသည်။ လေဟာနယ်သည် အသက်ရှင်လာ၍ အပေါ်အောက်၊ ဘယ်ညာ၊ ရှေ့နောက်၊ အဝေးနှင့် အနီးတို့ ပြန်ရှိလာကြသည်။ အချိန်ကာလသည် အသက်ရှင်လာ၍ အချိန်ကာလ ဖြတ်သန်းမှု ပြန်ပေါ်လာခဲ့သည်။

ဟင်းလင်းပြင် အတွင်းမှ လက်၏ လမ်းကြောင်း အနောက်တွင် မရေမတွက်နိုင်သော သက်ရှိများသည် ပါးလျသော လေထုအတွင်းမှ ပေါ်လာကြသည်။ ပန်းများက ဖူးပွင့်လာကာ ငှက်များသည် သူတို့၏ ကိုယ်ပိုင်ကမ္ဘာ အတွင်းတွင် ရှိနေသကဲ့သို့ ပျော်ရွှင်စွာ သီဆိုနေကြသည်။

+

မီးခိုးရောင် လမ်းကြောင်းသည် ဆက်တိုက် ပျောက်ကွယ်လာ၍ သေမင်းကေရာဇ်သည် မည်မျှပင် လျင်မြန်စွာ လွတ်မြောက်ရန် ကြိုးစားခဲ့သော်လည်း ထိုလက်သည် သူ့ထက်ပို၍ မြန်နေဆဲ ဖြစ်သည်။ သူသည် ပို၍ပို၍ နီးကပ်လာကာ နောက်ဆုံးတွင် သူ့အား ကုတ်ဆွဲနိုင်ခဲ့သည်။

သေမင်း ကေရာဇ်၏ မျက်နှာသည် ယခုအချိန်မှပင် လေးနက်လာခဲ့သော်လည်း ထိုလက်သည် သူ၏ ကျောပြင်နှင့် ထိတွေ့ခဲ့ပြီး ဖြစ်သည်။

ဤလုပ်ဆောင်ချက်သည် သာမန်သာ ဖြစ်ကာ အန္တရာယ် မရှိဟု ထင်နေရပြီး ခက်ထန်သော အရိပ်အယောင်များ မရှိသော်လည်း သေမင်းကေရာဇ်သည် ရုတ်တရက်ပင် ငြိမ်သက်စွာ ရပ်လိုက်ကာ အာရုံ စူးစိုက်လိုက်သည်။

+

သေမင်းကေရာဇ်သည် တေးသံ တိုးတိုးလေး ရွတ်ဆိုလိုက်ကာ သေခြင်းနှင့် ရှင်ခြင်း စာအုပ်အား ဆင့်ခေါ်လိုက်သည်။ သူသည် သူ၏ လက်များကို လှန်လိုက်ရာ အလင်းတန်းများက အတွင်းမှ ထွက်ပေါ်လာကြသည်။ သူတို့သည် အသက် ကင်းမဲ့နေသော သေမင်းကမ္ဘာ တစ်ခုအဖြစ်သို့ စုစည်းသွားကြကာ သေမင်းကေရာဇ်အား အတွင်းတွင် ထားပြီး လွှမ်းခြုံလိုက်၍ သူ့အား ကုတ်ဆွဲလာသော လက်အား တားဆီးရန် အသည်းအသန် ကြိုးစားလိုက်သည်။

ထိုလက်အပေါ်၌ အလင်းစက်များသည် ရုတ်တရက်ပင် စတင်၍ လင်းလက်လာသော်လည်း သူတို့သည် မြူမှုန်လေးများ အလား အရေးမပါသကဲ့သို့ ထင်နေရသည်။

+

သို့သော်လည်း ခဏအကြာတွင် မြူမှုန်များသည် မီးရှူးတောင်ကဲ့သို့ လေးလံသော အဆုံးမဲ့ အစိုင်အခဲ တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ ကမ္ဘာကြီး၏ ဒိုင်မန်းရှင်း လေးဆယ့်ကိုးခုတို့အား ဆင့်ခေါ်ခဲ့ကာ ဖိအားများကို ထပ်တိုးခဲ့ပြီး သေခြင်းနှင့် ရှင်ခြင်း စာအုပ်နှင့် တကွ သေမင်းဧကရာဇ်အား တရစပ် ထိုးနှက်ခဲ့သည်။

လင်းဖုန်းသည် စင်စစ် ဖြစ်တည်မှု လမ်းစဥ်အား ရရှိသွား အပြီးတွင် သူ၏ မူလ နည်းစနစ်များ၏ မှော်ကျိန်စာ စွမ်းအားများသည် ပြိုင်ဘက်ကင်းသော ဖျက်ဆီးမှု အဆင့်သို့ ရောက်သွားခဲ့သည်။

+

ခက်ထန်လှသော စွမ်းအားတစ်ခု ပေါက်ကွဲထွက်လာကာ သေခြင်းနှင့် ရှင်ခြင်း စာအုပ် ဖန်ဆင်းထားသော ကမ္ဘာအား တိုက်ရိုက် ဖြိုခွဲခဲ့သည်။ သေမင်းဧကရာဇ် ကိုယ်တိုင်ကလည်း ပြင်းထန်စွာ တုန်ခါသွား၍ ဒဏ်ရာတစ်ခု အတွင်းမှ သွေးများ စိမ့်ထွက်လာသကဲ့သို့ သူ၏ အင်မော်တယ်ဝိညာဉ် အတွင်းမှ အနက်ရောင် အလင်းတန်းများ စီးထွက်လာခဲ့သည်။

တစ်ချိန်တည်းတွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ အရှေ့သို့ ရောက်လာသော လင်းဖုန်းအား ကြည့်လိုက်ရာ လက်တစ်ဘက်က သူမအပေါ်သို့ တောင်တစ်လုံးကဲ့သို့ ကျဆင်းလာသည်ကို တွေ့လိုက်ရသည်။

မြေကြီးဖြိုခွဲ လည်ပတ်ဝက်ပါသည် ရောမ အလင်းတန်း တိုင်လုံး လေးခုတို့အား ဖော်ပြလိုက်၍ ကောင်းကင်၏

+

အလေးချိန်အား ထောက်ပံ့ထားသော တိုင်များအတိုင်း ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့သည်။

သို့သော်လည်း လင်းဖုန်း၏ လက်ဝါးမှ ထုတ်လွှတ်နေသော ဖိအားသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ မှျခြေများကို ပျက်စေခဲ့ကာ ကောင်းကင်ကပင် ပြိုကျလာတော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။ ကောင်းကင်တမျှ မြင့်မားသော တိုင်လုံးများနှင့် ထိတွေ့ခဲ့သော အခါ သူတို့သည် ပြင်းထန်စွာဖြင့် တုန်ခါလာကြသည်။

လင်းဖုန်းသည် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတအား အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်နေခဲ့ကာ ပြောလိုက်သည်။ "လျှိုကြီး ဟေးဒီးစ် ရွှမ်ယောင်ဟာ ကျုပ်ရဲ့တပည့် ဖြစ်တယ်… ဒီလိုမျိုး

+

ကောလဟာလတွေနဲ့ အလိမ်အညာတွေကို ဖြန့်ခဲ့ပြီး လူတွေကို ကုန်းတိုက်ရတာ ပျော်ရဲ့လား"

သူ၏ လက်သည် ဆက်လက် ကျဆင်းလာကာ သူ့လက်ဝါး၏ အလယ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာသည်။ ထိုက်ကျိရုပ်ပုံ လည်ပတ်လာသော အခါ မြေကြီးခွဲဖြို လည်ပတ်ဝက်ပါ၏ တောက်ပသော အလင်းတန်းသည် ဖြည်းဖြည်းချင်း လွင့်ပြယ်လာခဲ့သည်။

ကောင်းကင်တမျှ မြင့်မားသော တိုင်လုံးများသည် ကောင်းကင်အား ဖျက်ဆီး၍ မြေကြီးအား ကြေမွစေသော ဤကပ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသော အခါ ကူရာမဲ့စွာဖြင့် ပြိုကျသွားသည်။

+

အဆောက်အအုံ တစ်ခုသည် ပြိုကျလာခဲ့သည်နှင့် အခြေအနေကို ပြန်လည် ပြောင်းလဲနိုင်ရန် မည်သည့် အရာကိုမှ လုပ်၍ ရနိုင်တော့မည် မဟုတ်ချေ။

မြေကြီးဖြိုခွဲ လည်ပတ်ဝက်ပါ၏ အလယ်ဗဟိုတွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ မူလပုံစံအား အပြည့်အဝ ပြန်လည် ဖော်ပြစေရန် ဖိအားအပေးခံခဲ့ရကာ သူမသည် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အတွင်းကထက်ပင် ပို၍ အန္တရာယ် ကြီးမားသော အခြေအနေ တစ်ခုသို့ ကျရောက်နေသည်ဟု သဘောပေါက်လာခဲ့သည်။

မော်ကျိန်စာ အတွင်းမှ ကျယ်ပြန့်သော မီးခိုးရောင် တိမ်တိုက်များ အလယ်တွင် ဝေဝါးနေသော ပုံရိပ်တစ်ခု ရှိနေကာ သူ့ပတ်ပတ်လည်တွင် အလင်းတန်းများက အဆုံးမဲ့ လည်ပတ်နေကြသည်။

+

လည်ပတ်နေသော အလင်းတန်းသည် ရုတ်တရက်ပင် ရပ်သွားခဲ့ကာ အလင်းတန်း ခန္ဓာကိုယ် တစ်ခုအဖြစ် သိပ်သည်းသွားပြီး ထိုအလင်းတန်း ခန္ဓာကိုယ် အတွင်းမှ ထူးခြားသော တေးသံတစ်ခုနှင့် ဆန်းကြယ်သော မှော်ကျိန်စာ စွမ်းအားတစ်ခု ထွက်ပေါ်လာသည်။

ခဏအကြာတွင် ဝေဝါးနေသော ပုံရိပ်နှင့် အဆုံးအစမဲ့ ကျယ်ပြန့်နေသော မီးခိုးရောင် တိမ်တိုက်များသည် တစ်ပြိုင်နက် ပေါက်ကွဲသွားကြသည်။

အရေးအကြီးဆုံး အခိုက်အတန့်တွင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ အစွမ်းများကို ထိမ်ချန် မထားခဲ့ပေ။ သူမသည် သူမ၏ အန္တိမ အကွက်အား ချက်ချင်း အသုံးပြုလိုက်ကာ သူမ၏

+

မူလပုံစံအား ပေါက်ကွဲစေခဲ့၍ အသက်ရှင်နိုင်ရန် ကြိုးစားခဲ့သည်။

ခေတ္တမျှ ငြိမ်သက်သွား အပြီးတွင် လင်းဖုန်း၏ လက်ဝါးအတွင်းမှ ထိုက်ကျိရုပ်ပုံသည် ရုတ်တရက်ပင် ပြောင်းပြန် လည်ပတ်လာခဲ့သည်။

ဤကဲ့သို့ ပြောင်းပြန် လည်ပတ်လာသည်နှင့် လင်းဖုန်း၏ လက်အောက်တွင် အဖိနှိပ်ခံနေရသော သူများအားလုံးတို့သည် နေရာတစ်ခုသို့ ပြိုကျလာခဲ့သည်။ ကြီးမားလှသော စွမ်းအားများသည် တွင်းနက် တစ်ခုထက်ပင် ပို၍ ကြောက်မက်ဖွယ်ကောင်းလှကာ အတွင်းသို့ ဖိနှိပ်ထားသည့် အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ခဲ့သည်။

+

မမျှော်လင့်စွာပင် ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၏ မူလပုံစံမှ ပေါက်ကွဲထွက်လာသော စွမ်းအားများသည် အားသုံး၍ အဖိနှိပ် ခံခဲ့ရကာ ပျံ့နှံ့သွားနိုင်စွမ်း မရှိခဲ့ပေ။

မဟာကမ္ဘာအား အကျိုးသက်ရောက်မှု ရှိစေမည့် ကြောက်မက်ဖွယ်ရာ ထိုအသွင် ပြောင်းလဲမှုသည် ဤအချိန်တွင် တင်းကျပ်စွာ အဖိနှိပ်ခံထားရ၍ မည်သည့် ပြောင်းလဲမှုကိုမှ မထုတ်ဖော်နိုင်ခဲ့ပေ။

ပေါက်ကွဲမှု လှိုင်းလုံးများ အပေါ်တွင် စီးနေရင်း ပဏ္ဍိက ၁၂ပါး လည်ပတ်နေသော ကောင်းကင်ဝက်ပါသည် ထပ်ဖန်တစ်ခါ အားကောင်းလာခဲ့သည်။ သို့သော်လည်း အစောပိုင်းမှ အင်အားများသည် ပုံရိပ်ယောင် တစ်ခုသာ

+

ဖြစ်သွားသကဲ့သို့ သူသည် ချက်ချင်းပင် ပြန်လည် ကျဆင်းသွားခဲ့သည်။

မီးခိုးရောင် တိမ်တိုက်များ အတွင်းမှ ပုံရိပ်သည် အတွင်းသို့ ပြိုကျနေသော မီးခိုးရောင် တိမ်တိုက်များ အကြားတွင် ပိတ်မိနေခဲ့သည့် အလား တိုးတိုးလေး ညည်းတွားလိုက်သည်။ ပေါက်ကွဲရန် မဖြစ်နိုင်တော့သည့် အတွက် သူမသည် အတွင်းသို့ ပြိုကျလာသော စွမ်းအားများ၏ တရစပ် ထိုးနှက်ခြင်းကို ခံခဲ့ရသည်။

မှော်ဝက်ပါ၏ အကာအကွယ်ကိုသာ မရထားခဲ့ပါက ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် သူမ၏ မူလပုံစံက ပေါက်ကွဲသွားရုံသာ မကပဲ သူမ၏ မိစ္ဆာ ဝိညာဉ်ကပင် ကြေမွသွားနိုင်သည်။

+

ပဏ္ဍိတ ၁၂ပါး လည်ပတ်နေသော
ကောင်းကင်ဝက်ပါကလည်း အတွင်းမှနေ၍
ကမောက်ကမ ဖြစ်သွားခဲ့သဖြင့် ထကြွ
လှုပ်ရှားလာခဲ့ကာ သူ့အတွင်းမှ မြင့်တက်လာသော
ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ခံစားခဲ့ရသည်။

လင်းဖုန်းအား ကြည့်နေရင်း ပုံရိပ်ယောင်နေမင်း
ဟေးဒီးစ်သည် အလွန်အမင်းကို သုန်မှုန်နေသော
အမူအရာ တစ်ခု ပေါ်လာခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်းသည် မည်သည့် အကူအညီမှ
မလိုပဲ ကြောက်မက်ဖွယ်ရာ
အစွမ်းထက်နေခဲ့သော်လည်း ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအတွင်းတွင် အဘယ်ကြောင့် သူ့ကို အနိုင်ယူရန်
ကောင်းကင်ဖျက်ဆီး ဓား၏ စွမ်းအားကို
ယူသုံးခဲ့ရသည်ကို သူ့အနေဖြင့် နားမလည်နိုင်ခဲ့ပေ။
+

အစောပိုင်းမှ သူတို့၏ တိုက်ခိုက်မှု အတွင်းတွင်ပင် လင်းဖုန်းသည် ဤကဲ့သို့သော သဘာဝလွန် စွမ်းအားများအား ပိုင်ဆိုင်ထားသည်ဟု သူက မခံစားခဲ့ရပေ။

သို့သော်လည်း ဤအရာသည် သူ၏ အဓိက ပူပန်မှု မဟုတ်ပေ။ ယခုအချိန်တွင် သူအမှုထားရမည်မှာ လင်းဖုန်းအား မည်ကဲ့သို့ ရင်ဆိုင်ရမည်ကိုပင် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ လက်ချောင်းဖြင့် သူ့အား ညွှန်ပြလိုက်သည်။ ယှက်သန်းနေသော အဖြူနှင့် အနက်ရောင် အလင်းတန်း စီးကြောင်းတစ်ခုသည် သူ၏ လက်ဖျားထိပ်တွင် လည်ပတ်နေကာ သူတို့ စုစည်းသွားကြသော အချိန်တွင် ထာဝရ ကပ်ဘေး

+

အလင်းတန်း တစ်တန်းသည် သူ့အပေါ်သို့
ကျဆင်းလာခဲ့သည်။

ထောင်ပေါင်းများစွာသော မှော်ကျိန်စာများဖြင့်
ဖန်ဆင်းထားသောကြောက်မက်ဖွယ်ရာ ထိုထာဝရ
ကပ်ဘေး အလင်းတန်းသည် ထာဝရ အမှန်တရား၏
အစစ်အမှန် သဘောတရား အဖြစ်သို့
ပြောင်းလဲသွားသည်။ သူသည် အကြွင်းမဲ့ ပြည့်စုံမှုအား
ရရှိသွားကာ အလင်းတန်း ရောက်ရှိခဲ့သော
နေရာတိုင်းတွင် စကြာဝဠာ၏ လျှို့ဝှက်
ဆန်းကြယ်မှုများက ဖွင့်လှစ်ခြင်းကို ခံခဲ့ရသည်။

လင်းဖုန်း၏ တာအိုသစ်သီးကဲ့သို့ပင် သူသည်
နောက်ဆုံးတွင် အစိုင်အခဲ ပုံစံကို ရရှိသွားကာ
ယခုအချိန်တွင် ဖော်ပြ၍ ရသော လက္ခဏာများ
ရှိလာခဲ့သည်။

+

သို့သော်လည်း သူ့အတွင်းတွင် ဖော်ပြထားသော စွမ်းအားများသည် တူညီစွာ ကြီးစိုး လွှမ်းမိုးနိုင်၍ ခန့်မှန်းရ ခက်ခဲကာ သူ၏ လမ်းကြောင်းအား တားဆီးရဲသော အရာ မှန်သမျှအား တိုက်ဖျက်ခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သူ့အား ထိပ်တိုက် ရင်မဆိုင်ရဲခဲ့ပဲ သုန်မှုန်နေသော အမှုအရာဖြင့် ရွှေရောင် ရေအိုင် အတွင်းမှ ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်၏ ကျိုးပဲ့နေသော ဦးချိုအနားသို့ ဆုတ်ခွာသွားခဲ့သည်။

ခရမ်းရောင် အလင်းတန်း လိုက်ကာ တစ်ခုနှင့် အနက်ရောင် အလင်းတန်း စီးကြောင်း တစ်ခုတို့သည် တစ်ပြိုင်နက် ပေါ်လာကြကာ လင်းဖုန်းအား ရှေ့မတက်လာနိုင်ရန် တားဆီးခဲ့ကြသည်။

+

လင်းဖုန်းသည် ခရမ်းရောင် အလင်းတန်းအား
တွေ့လိုက်သော အခါ ဖွဖွလေး ပြုံးလိုက်ရာ အဖြူနှင့်
အနက်ရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းတို့က သူ့ခန္ဓာကိုယ် အတွင်းမှ
ထွက်လာခဲ့သည်။ သူသည် ကောင်းကင်ပေါ်သို့
ထိုးတက်သွားသော အခါ ထာဝရ ကပ်ဘေး
အလင်းတန်းသည် ပို၍ ကြောက်မက်ဖွယ်ရာ
ကောင်းလာကာ ခံစစ်အလွှာ များစွာတို့အား
ထိုးဖောက်နိုင်ခဲ့လေသည်။

## စာစဥ် ၇၄ : အပိုင်း ၁

## အပိုင်း ၁၄၃၁ : တစ်ကိုယ်တော် ပြပွဲ

+

ခမ်းနားထည်ဝါသော ထာဝရ ကပ်ဘေး အလင်းတန်းများ ဖြတ်သန်းလာသည့် နေရာတစ်လျှောက်တွင် ခရမ်းရောင်နှင့် အနက်ရောင် နတ်ဘုရား ပုံစံများသည် စတင်၍ အဆက်မပြတ် ပြိုကွဲသွားသည်။

ဝိညာဉ်ပင်လယ် ဒိုင်မန်းရှင်းကလည်း ဤဖြစ်စဉ် အတွင်းတွင် ဖြည်းဖြည်းချင်း ပျက်သုဉ်းသွား၍ ဤမြင်ကွင်းသည် အလွန်တရာမှ ဝမ်းနည်းဖွယ် ကောင်းလှသည်။ အကယ်၍ ဤမဟာတိုက်ပွဲသည် ဝိညာဉ်ပင်လယ် အတွင်းတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ပါက ပျက်စီးမှုများသည် မည်သည့် အဆင့်သို့ ရောက်သွားမည်ကို ခန့်မှန်း၍ ရနိုင်တော့မည် မဟုတ်ချေ။

တီးတိုး ညည်းတွားသံနှင့် အတူ ပုံရိပ်ယောင်နေမင်း ပေးဒီးစ်သည် ရှုံးနိမ့်သွား၍ အနောက်သို့

+

ဆုတ်သွားခဲ့ရသည်။ ဟင်းလင်းပြင် အတွင်းတွင် လင်းလက်နေသော အနက်ရောင် အလင်းစက်များသာ ကျန်နေခဲ့၍ သူတို့သည် ဒဏ်ရာမှ ထွက်လာသော သွေးများနှင့် တူနေပေသည်။

တိုက်ပွဲ၏ အခြားတစ်ဘက်တွင် စကြာဝဠာ စကျင်ဗုဒ္ဓကလည်း လင်းဖုန်း၏ တိုက်ခိုက်မှုများကို ခံနေရသည်။

လင်းဖုန်းသည် သူ့အား လက်သီးဖြင့် ထိုးလိုက်ရာ ကြီးမားလှသည့် ဉာဏ်ခွန်အားအောက်တွင် နဂါးငွေ့တန်းကပင် ပြိုကွဲသွားသည်ဟု ထင်နေရ၍ မရေမတွက်နိုင်သော တာရာနက္ခတ်များသည် သူတို့၏ မူလ ပတ်လမ်းများမှ ရွှေ့ပြောင်းသွားခဲ့သည်။

+

မရေမတွက်နိုင်သော ကြယ်စင်များသည် အချင်းချင်း
တိုက်မိကြပြီး အလင်းတန်း အရိပ် အတွင်းတွင်
ကြေမွကုန်ကြသည်။ ဤမြင်ကွင်းသည် အစောပိုင်းမှ
လင်းဖုန်းနှင့် မျောက်တို့ တိုက်ခိုက်ခဲ့သည့်
တိုက်ပွဲထက်ပင် ပို၍ ရင်သပ်ရှုမောဖွယ်
ကောင်းနေပေသည်။

ထိုအချိန်တွင် လင်းဖုန်း၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွားသည် သူ၏ကိုယ်ပိုင် အသွေးအသား
ရှိနေသည်နှင့် တူနေသည်။ သို့သော်လည်း
သူ့အတွင်းတွင် ပိုင်ဆိုင်ထားသော
သွေးစွမ်းအားများသည် အသက်ရှူမှားလောက်အောင်
အစွမ်းထက်လှသည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် သူ့အား ကြည့်လိုက်ကာ
ဘာမှ မပြောခဲ့ပေ။ သူ၏ လက်အစုံအား အတူတကွ
+

စုစည်းလိုက်ရာ အပြင်ဘက်တွင် ရွှေရောင် အနှောင်အဖွဲ့ တစ်ခု ပေါ်လာခဲ့သည်။ သူသည် သူ၏ လက်ခလယ် နှစ်ချောင်းအား ဆန့်တန်းလိုက်၍ ခေါင်းတစ်ချောင်း ပုံစံကို ဖန်ဆင်းလိုက်ကာ လက်ညှိုးများကို လက်ခလယ်များ၏ အောက်တွင် ထောက်ပံ့ထားခဲ့သည်။

ဤ၍ခမ္မ အနှောင်အဖွဲ့ကို ဖန်ဆင်းပြီးသွားသော အခါ လက်သီးဖြင့် မထိုးရသေးခင်ပင် သူ့အတွင်းမှ ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခုကို ထုတ်လွှတ်နေခဲ့ပြီ ဖြစ်သည်။

အတိတ်ကို ခြေရာခံ၍ မရတော့ပဲ အနာဂတ်ကို ခန့်မှန်းရန် မဖြစ်နိုင်ချေ။ ပစ္စုပ္ပန်တွင်သာ ပွဲကိုင် လမ်းပြပေးနိုင်၍ အရာအားလုံးတို့ကို အကြွင်းမဲ့ ထိန်းချုပ်နိုင်မည် ဖြစ်သည်။

+

ဗီရိုကာနာ ဇန်လက်ဝါး လက်သီး၏ အန္တိမ
အကွက်ဖြစ်သော ဗဂျရာ လွတ်မြောက်မှု လက်သီးသည်
နတ်ဘုရားနယ်မြေ၏ သမိုင်းတစ်လျှောက်တွင်
အစွမ်းအထက်ဆုံး လက်သီးဖြစ်သည်ဟု ဆိုကြသည်။
သူသည် လူသား မျိုးနွယ်စု အတွင်းမှ ကျင့်ကြံသူများ
အကြားတွင် အဆင့်အမြင့်ဆုံး သိုင်းပညာရပ် ဖြစ်သည်။

ထိုလက်သီးဖြင့် ထိုးလိုက်သော အခါ ကမ္ဘာ
တစ်ခုလုံးသည် လင်းလက်လာ၍ ဝိညာဉ်ပင်လယ်
တစ်ခုလုံးသည် ရွှေရောင် အလင်းတန်းများဖြင့်
လင်းလက်လာသည်။

ဟေးဒီးစ်ကေရာဇ် ထျန်းဟိုင်၏ ကျိုးပဲ့နေသော ဦးချိုကို
အားကိုး၍ ခုသာ ခုခံနိုင်ခဲ့ကာ ပြန်လည်

+

မတိုက်ခိုက်နိုင်သော ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် မတူပဲ စကြာဝဠာ စကျင်ဗုဒ္ဓ၏ လက်သီးသည် စွမ်းအင် ပေါက်ကွဲမှု တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ အန္တိမ ကောင်းကင်ကြေးမုံနှင့် ပြိုကွဲခြင်း စာအုပ်တို့ အပေါ်၌ပင် အကျိုးသက်ရောက်မှု ရှိခဲ့ကာ အာရုံစိုက်လာခဲ့ကြသည်။

ဝိညာဥ်ပင်လယ် လောက တစ်ခုလုံးသည် ရောမ ဗုဒ္ဓလက်ဝါး တစ်ခုအဖြစ် ရေးရေးလေး ပြောင်းသွားခဲ့သည်။ ထိုလက်ဝါး၏ အလယ်တွင် ဆွာတိကာ ပုံစံတစ်ခုသည် ကောင်းကင်ပေါ်တွင် မျောလွင့်နေပြီး နေမင်းအား ဖုံးကွယ်သွားခဲ့ကာ သက်ရှိအားလုံးတို့အား လွှမ်းခြုံသွားသည်။

လင်းဖုန်းသည် ကျယ်လောင်စွာ ရယ်မောလိုက်သော်လည်း လက်သီးသည် မရပ်တန့်ခဲ့ပေ။ သို့သော်လည်း မရေမတွက်နိုင်သော

+

ကြယ်များကို ပေါက်ကွဲစေခဲ့သည့် သိုင်းပညာရပ်တွင် ရှုပ်ထွေးမှု အသစ်တစ်ခု ပေါ်လာခဲ့သည်။

မရေမတွက်နိုင်သော ကြယ်တာရာများသည် ထိပ်တိုက်တွေ့ခဲ့ကြကာ စကြာဝဠာ အတွင်းတွင် အကျိုးအပဲ့ အပျက်အစီး များစွာတို့ကို ဖြစ်ပေါ်စေခဲ့သည်။ အလင်းရောင်သည် လုံးဝ ပျောက်ကွယ်သွားကာ ထာဝရ အမှောင်ထု တစ်ခုသာ ကျန်နေရစ်သည်။

စကြာဝဠာ၏ ကျယ်ပြန့်လာသော အမှောင်ထုသည် တည်ငြိမ်နေခြင်း မရှိပေ။ ဒိုင်မန်းရှင်းများသည် နယ်မြေပေါင်း များစွာအဖြစ် ခွဲခြားထား၍ တစ်ခုချင်းစီသည် သူတို့၏ ကိုယ်ပိုင် လုပ်ပုံကိုင်ပုံများ အတိုင်း ဆောင်ရွက်နေကြသည်။ အတူတကွ

+

စုစည်းနေ၍ သူတို့သည် စဉ်းလဲသော တွန့်လိမ်မှု အဖြစ် ပြောင်းလဲသွားကြသည်။

စဉ်းလဲစွာ တွန့်လိမ်နေသော စကြာဝဠာအား ဖျက်ဆီးနိုင်သည့် ကြောက်မက်ဖွယ်ရာ စွမ်းအင်သည် ယခုအချိန်တွင် လင်းဖုန်း၏ လက်သီးချက် သိုင်းပညာရပ်များ အတွင်းတွင် လုံးဝကို ပေါင်းစည်းနေခဲ့သည်။

ထိုလက်သီးချက် ထွက်လာသော အခါ ကောင်းကင်နှင့် မြေကြီးတို့သည် တွန့်လိမ်သွားကြသော်လည်း ပြိုလဲသွားခြင်း မရှိကြပေ။ အကြွင်းမဲ့ ဖျက်ဆီးနိုင်သော စွမ်းအား အတွင်းတွင် အစွမ်းထက်သော ထိန်းချုပ်မှု စွမ်းအင် တစ်ခုသည် ထူးခြားဆန်းကြယ်၍ ခမ်းနား ထည်ဝါစွာဖြင့် ထိန်းချုပ်နေခဲ့သည်။

+

ထိုအချိန်တွင် ကောင်းကင်နှင့် မြေကြီးတို့အား လွှမ်းခြုံထားသည့် ဆွာတိကာ တစ်ခုသည် သူ၏ မာကျော ကြံ့ခိုင်သည့် သဘာဝအား ဖော်ပြလိုက်သည်။ စကြာဝဠာ ဒိုင်မန်းရှင်းများသည် တွန့်လိမ်နေကြသော်လည်း မပြောင်းမလဲ ရှိနေကြသေးပြီး ပို၍ပင် စူးစိုက်ထားသော စွမ်းအင်များဖြင့် သိပ်သည်းနေကြသည်။

သို့သော်လည်း ခဏအကြာတွင် တွန့်လိမ်နေသည်ဟု ထင်နေရသော စကြာဝဠာ ဒိုင်မန်းရှင်းသည် လင်းဖုန်း လက်သီး၏ လွှမ်းမိုးမှုအောက်တွင် ရုတ်တရက်ပင် ဖြည်းဖြည်းချင်း အစီအစဥ် ကျလာခဲ့ကာ စကြာဝဠာသည် ထပ်ဖန်တစ်ခါ တည်ငြိမ်သွားခဲ့သည်။

+

သို့ရာတွင် သူ့အား အုပ်ချုပ်နေသော အကျိုးအကြောင်းများသည် သာမန် စကြာဝဠာ ဒိုင်မန်းရှင်းနှင့် မတူနေပဲ ကိုယ်ပိုင် ကမ္ဘာ တစ်ခုနှင့် တူနေခဲ့သည်။

ဤကမ္ဘာ အတွင်းတွင် စည်းမျဉ်းများ၊ ဥပဒေများ အားလုံးတို့သည် လင်းဖုန်း၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်။

ဗီရိုကာနာ ဇန်လက်ဝါး လက်သီးကပင် သူ၏ကိုယ်ပိုင် စည်းကမ်းချက်များဖြင့် တည်ရှိ မနေနိုင်တော့ပဲ ဒိုင်မန်းရှင်း တွန့်လိမ်မှုများကြောင့်ပင် အကျိုးသက်ရောက်မှု မရှိခဲ့သော ဆွာတိကာသည် ငြိမ်းချမ်းသော ဤလောက အတွင်းတွင် နေခဲ့ရသော အခါ စတင်၍ မတည်မငြိမ် ဖြစ်လာခဲ့သည်။

+

စကြာဝဠာ စကျင်ဗုဒ္ဓသည် လင်းဖုန်းနှင့် တကွ ထူးခြားနေသော ဤစကြာဝဠာ ဒိုင်မန်းရှင်းအား သူ၏ အကြွင်းမဲ့ စွမ်းအားများဖြင့် အားသုံးကာ ဖိနှိပ်နေလိုခြင်း ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏ လက်သီးကလည်း တစ်ချိန်တည်းတွင် သူ၏ စွမ်းအား အပြည့်အဝကို ထုတ်ဖော်ခဲ့သည်။ ဤအရာသည် ခွန်အားသက်သက် ပြိုင်ဆိုင်သော တိုက်ပွဲဖြစ်၍ တစ်ချိန်က ပြိုင်ဘက်ကင်း ဖြစ်ခဲ့သော သိုင်းဧကရာဇ်၏ ဗဂျရာ လွတ်မြောက်မှု လက်သီးနှင့် ခေါင်းချင်း ဝင်တိုက်ခဲ့ခြင်း ဖြစ်သည်။

ဝိညာဉ်ပင်လယ် လောကသည် ထပ်ဖန်တစ်ခါ ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့သည်။ ဗုဒ္ဓ၏

+

အလင်းတန်းများ လွင့်ပြယ်သွားသော အခါ လင်းဖုန်းသည် မယိမ်းမယိုင် မတ်မတ် ရပ်နေနိုင်သေး၍ စကြာဝဠာ စကျင်ဗုဒ္ဓမှာမူ အနောက်သို့ ဒယီးဒယိုင် ဆုတ်ခွာသွားရပြီး ကောင်းကင်စေတီ အပေါ်မှ ပြုတ်ကျလုနီးပါးပင် ဖြစ်သွားလေသည်။

သူ၏ လေးသောင်း ရှစ်ထောင်သော လက်ဝါးများ အတွင်းမှ တာရာနက္ခတ်များကလည်း သိသိသာသာ မှေးမှိန်သွားကြသည်။

ဤအချိန်တွင် လင်းဖုန်းသည် သူ၏ တိုက်ခိုက်မှုများ အားလုံးတို့ကို ထုတ်ဖော်ခဲ့ပြီး ဖြစ်သည်။ သူသည် ပြိုင်ဘက် များစွာတို့အား တစ်ယောက်တည်း တိုက်ခိုက်ခဲ့သော်လည်း နောက်ဆုံးတွင် အနိုင်ရရှိနိုင်ခဲ့သည်။

+

သူသည် ရန်သူများနှင့် တစ်ပြိုင်နက် တိုက်ခိုက်နေခဲ့ရာ ဒိုင်မန်းရှင်းများက နေရာ ပြောင်းသွားကြပြီး လင်းဖုန်း၏ ပုံရိပ်သည် မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်၏ အရှေ့တွင် ပေါ်လာခဲ့သည်။

သူသည် လက်တစ်ဘက်အား ပင့်လိုက်ပြီး သူ၏ လက်ဝါးအား ဓားတစ်ချောင်းကဲ့သို့ မြှောက်လိုက်ကာ မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အပေါ်သို့ ခုတ်ချလိုက်လေသည်။

သူ့လက်ဝါး၏ တိုက်ခိုက်မှုကြောင့် ကောင်းကင်နှင့် မြေကြီးတို့သည် အလယ်မှ ဖြတ်တောက်ခြင်း ခံခဲ့ရသော ဇာတစ်ထည်ကဲ့သို့ ဖြစ်သွားခဲ့သည်။ ထူးခြား ဆန်းကြယ်သော မြင့်မြတ်သည့် အလွှာကိုးလွှာ

+

ပုံရိပ်ယောင် စက်လုံးသည် လျှို့ဝှက်မှုများ ပျောက်ကွယ်သွား၍ အလင်းတန်းများက လျင်မြန်စွာ မိုတ်တုတ်မိုတ်တုတ် ဖြစ်နေကြသည်။ အလင်းရောင်သည် ပို၍ တောက်ပလာသော်လည်း ထူးခြားမလာခဲ့ပေ။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် အလင်းတန်း စက်လုံးက အဖြတ်တောက် ခံခဲ့ရသည်ကို ရပ်ကြည့်နေရုံသာ တတ်နိုင်ခဲ့ကြသည်။

ထိုက်ရှီသူတော်စင်သည် သူ၏ မျက်လုံးအစုံအား ပိတ်ထားပြီး လင်းဖုန်းအား 'ကြည့်'လိုက်ကာ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်သည်။ သူ၏ လက်ဝါးအစုံကို စုစည်းလိုက်ပြီး သူ၏ မှော်ကျိန်စာ စွမ်းအားများကို ထုတ်ဖော်လိုက်ရာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အလင်းရောင် ခန္ဓာကိုယ်

+

အသေးစား တစ်ခု ပေါ်လာခဲ့ပြီး ကျန်သောသူများအား အကာအကွယ် ပေးထားခဲ့သည်။

ထိုက်ရှီသူတော်စင် ဖန်ဆင်းထားသော မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အပေါ်တွင် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ရေလိုက်ကာ တစ်ခုကဲသို့ စီးကျလာခဲ့ပြီး ထူးခြား ဆန်းကြယ်လှစွာဖြင့် လင်းဖုန်း၏ တိုက်ခိုက်မှုအား ခုခံလိုက်သည်။

သို့သော်လည်း လင်းဖုန်း၏ လက်ဝါး အစွန်းတွင်လည်း ထူးခြားဆန်းကြယ်ပြီး ခန့်မှန်း၍ မရနိုင်သော ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း တောက်ပလာကာ အဆက်မပြတ် လည်ပတ်နေခဲ့သည်။

+

ထူးခြားသော ထိုစွမ်းအားသည် ချန်ကောင်းကင်
မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား
အဆက်မပြတ် တိုက်စားနေကာ သူ၏ ထူးခြား
ဆန်းကြယ်မှုများကို ကုန်ခန်းစေခဲ့သည်။ သူသည်
ဖြည်းဖြည်းချင်း မှေးမှိန်လာ၍ သာမန်ပုံစံ ဖြစ်လာပြီး
နောက်ဆုံးတွင် လုံး၀ ပျောက်ကွယ်သွားလေသည်။

ထိုက်ရှိသူတော်စင်၏ ခန္ဓာကိုယ်သည် အလင်းစက်
များစွာတို့ဖြင့် တောက်ပလာ၍ သေးငယ်သော
ထိုအလင်းစက် တစ်ခုတိုင်းသည် မျက်လုံးတစ်လုံး
ဖွင့်ထားသော နတ်ဒေ၀ါ တစ်ပါးနှင့် တူနေခဲ့သည်။

အလင်းစက်လေးများသည် မရေမတွက်နိုင်သော
မန္တန်တို့၏ ရှေ့ပြေးနိမိတ်များ ဖြစ်ကြပြီး ထိုမန္တန်တို့သည်
မှော်ကျိန်စာ တစ်ခုစီ အဖြစ်သို့ သိပ်သည်းသွားကြသည်။
မှော်ကျိန်စာ များစွာတို့အား အလယ်တွင်
+

စုစည်းထားသဖြင့် ဟင်းလင်းပြင်သည် သလင်းကျောက် အစများစွာတို့ ပြန့်ကျဲနေသကဲ့သို့ ဖြစ်နေခဲ့သည်။

မရေမတွက်နိုင်သော သလင်းစများသည် အတူတကွ စုစည်းလာ၍ အလင်းတန်း လိုက်ကာ အဖြစ်သို့ ပြောင်းသွားကာ မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်နှင့် တကွ ထိုက်ရှိသူတော်စင် အပါအဝင် အတွင်းမှ လူများ အားလုံးတို့ကို လွှမ်းခြုံလိုက်ပြီး မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်၏ အပေါ်တွင် နောက်ထပ် အကာအကွယ် အလွှာတစ်လွှာ အဖြစ် ဖန်ဆင်းခဲ့သည်။

ထိုအလင်းတန်း လိုက်ကာ ပေါ်လာအပြီးတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် ကပ်ဘေးများ မရှိတော့သည့် ကမ္ဘာတစ်ခု အတွင်းသို့

+

ရောက်သွားခဲ့သည်။ သူတို့အား မော်ကျိန်စာများဖြင့် တိုက်ခိုက်၍ မရတော့ပဲ နတ်ဆိုး စွမ်းအားများကလည်း ဝင်ရောက်၍ မရခဲ့ချေ။

ထိုအရာသည် ထိုက်ရီသူတော်စင်၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖြစ်သည့် ကပ်ဆိုးဆန့်ကျင် မြင့်မြတ်သော အလင်းတန်းပင် ဖြစ်သည်။

ကျန်းရီသူတော်စင်၊ ရွှမ်းရီသူတော်စင်နှင့် လင်းတောက်ဟန်တို့ တစ်ယောက်ချင်းစီသည် သူတို့၏ ကိုယ်ပိုင် စွမ်းအားများကို ထုတ်ဖော်လိုက်၍ အသစ် ဖန်ဆင်းထားသော ကောင်းကင်ကိုးလွှာ နန်းတော်အား လင်းဖုန်း၏ တရစပ် တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန် ထိုက်ရီသူတော်စင်အား အတူတကွ ကူညီခဲ့ကြသည်။

+

လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ သူ၏ လက်ဝါးသည် ဆက်လက်၍ ကျဆင်းလာခဲ့သည်။ သူ၏ အမြန်နှုန်းသည် အနည်းငယ် နှေးကွေးသွားသော်လည်း မရပ်မတန့်နိုင်သော အင်အားဖြင့် ကောင်းကင်ကိုးလွှာ နန်းတော်အား အက်ကွဲစေခဲ့သည်။

ထိုက်ရှီသူတော်စင်၏ ကပ်ဆိုးဆန့်ကျင် မြင့်မြတ်သော အလင်းတန်းသည် ရေလှိုင်းများကဲ့သို့ ဂယက်ထလာခဲ့သည်။ လင်းဖုန်း၏ တိုက်ခိုက်မှု အောက်တွင် သူသည် ထူးခြားနေရာမှ သာမန်သာ ဖြစ်လာခဲ့ပြီး မှော်ကျိန်စာပေါင်း တစ်သောင်းတို့၏ ဖျက်ဆီးမှုကို မခံရနိုင်သည့် အစွမ်းထက်သော အရှိန်အဝါက ပျောက်ကွယ်သွားခဲ့သည်။

ထိုတိုက်ခိုက်မှုသည် သူ၏ ဗဟိုချက်တိုင်အောင် တုန်ခါစေခဲ့သည်။ အရေပြားမရှိလျှင် ဆံပင်က မည်ကဲ့သို့

+

ရပ်တည်နိုင်မည်နည်း။ သူသည် တူညီသော ကံကြမ္မာအတိုင်း အောက်သို့ ကျဆင်းလာခဲ့မည် ဖြစ်သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် ပြိုလဲခြင်း စာအုပ်နှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွင် ရှိနေကြဆဲ ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် လင်းဖုန်း၏ ခြိမ်းခြောက်မှုများ အောက်တွင် မည်သည့် ရွေးချယ်မှုမှ မရှိပဲ နောက်ဆုတ်ခဲ့ရသည်။

သူတို့၏ အထောက်အပံ့များ မရှိပဲ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်သည် ဝိညာဉ်ပင်လယ် အတွင်းသို့ လုံးဝ ပြိုကျသွားခဲ့သည်။

+

အခြား စစ်မြေပြင်များ အတွင်းတွင်လည်း အားလုံးတို့သည် ရှုံးနိမ့်နေသော စစ်ပွဲတစ်ခုကို ဆင်နွှဲနေရခြင်း ဖြစ်သည်။ ဝမ်းနည်း ပူဆွေးနေသော ဟိန်းဟောက်သံများ အကြားတွင် နဂိုကတည်းက ဒဏ်ရာရနေသော မူလနဂါး ဘုရင်သည် ပို၍ ဆိုးရွားလှသော ဒဏ်ရာတစ်ခုကို ထပ်မံ ရရှိခဲ့သည်။ သူ့အား ဝန်းရံနေသော မှော်ကျိန်စာများ အားလုံး ပျောက်ကွယ်သွားကြသဖြင့် သူသည် ဟင်းလင်းပြင် အတွင်းမှ ပြုတ်ကျလုနီးပါး ဖြစ်သွားခဲ့သည်။

သေမင်းကေရာဇ်အား ဝန်းရံနေသော အနက်ရောင် အလင်းတန်းများကလည်း လုံးဝ မှေးမှိန်သွားခဲ့ကာ အဖြူရောင် သန်းသွားခဲ့သည်။ သေခြင်းနှင့် ရှင်ခြင်း စာအုပ်၏ စာရွက်များသည် အဆက်မပြတ် လှန်နေခဲ့ပြီး လူသားနှင့် မှော်ရတနာတို့က သူတို့၏ စွမ်းအားများကို

+

ပေါင်းစည်းလိုက်သော အခါ သူတို့သည် အဖြူနှင့် အနက်ရောင် စစ်တုရင်ခုံ တစ်ခုနှင့် တူနေခဲ့သည်။

ထိုစစ်တုရင်ခုံသည် လင်းဖုန်း၏ လက်သီးချက်များကြောင့် ချက်ချင်း ပြိုကွဲသွားခဲ့ကာ သေမင်းဧကရာဇ်သည် သူ၏ လူသားပုံစံ အသွင်သို့ ပြန်ပြောင်းသွားခဲ့သည်။

ဤအချိန်တွင် သူသည် နောက်ဆုံးတွင် လင်းဖုန်း၏ ပထမ တိုက်ခိုက်မှု လှိုင်းလုံးများ ထံမှ ယာယီ လွတ်မြောက်နိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း သူ၏ မှော်ကျိန်စာ အရှိန်အဝါသည် ကျဆင်းနေခဲ့၍ သူ၏ မျက်နှာသည် ဖြူဖျော့နေကာ သူ၏ မည်းနက်နေသော မျက်ဝန်းနှင့် ယှဉ်လိုက်လျှင် ကွဲပြားမှုသည် ပို၍ပင် သိသာနေသည်။

+

သူ့အတွက် ပို၍ အရေးကြီးနေသော ကိစ္စမှာ လင်းဖုန်းက သူ့အနောက်သို့ အရိပ်တစ်ခု ပမာ လိုက်နေသေးခြင်းပင် ဖြစ်သည်။ တည်ငြိမ်သော အမူအရာဖြင့် လင်းဖုန်းသည် သူ၏ လက်တစ်ဘက်အား ထပ်ဖန်တစ်ခါ ဆန့်တန်းလိုက်ကာ သူ့အား ဆုပ်ကိုင်လိုက်သည်။

တူညီသော လုပ်ဆောင်ချက်၊ တူညီသော ထူးမခြားနားမှု၊ တူညီသော ကြီးစိုး လွှမ်းမိုးနိုင်သည့် ယုံကြည်မှုဖြင့်ပင် ဖြစ်သည်။

ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတကလည်း လင်းဖုန်း၏ လက်အတွင်းတွင် တင်းကျပ်စွာ အဆုပ်ခံထားရ၍ ပဏ္ဍိက ၁၂ပါး လည်ပတ်နေသော

+

ကောင်းကင်ဝက်ပါဖြင့် သူမကိုယ်သူမ ခုခံနိုင်သည်
ဆိုရုံမျှသာ ခုခံနိုင်ခဲ့သည်။

ကောင်းကင်မိစ္ဆာ လူဝံ၊ ရှေးပဝေသဏီ နတ်နဂါးနှင့်
ခွန်းဖန်တို့၏ ပုံရိပ်များသည် ပျောက်ကွယ်သွားပြီး
ဖြစ်ကာ သူတို့အစား ဖီးနစ်၊ ချီလင်၊ ကျူးကျန်းနှင့်
ရွှမ်းဝူတို့က ဝက်ပါအား ထောက်ပံ့နေခဲ့ကြသည်။

မြေကြီးပြိုကွဲ လည်ပတ်နေသော ဝက်ပါသည်
ကောင်းကင်နိဗ္ဗာန် လည်ပတ်နေသော ဝက်ပါ အဖြစ်သို့
ပြောင်းသွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း တောင်တစ်လုံး ကျဆင်းလာသကဲ့သို့
ဖိနှိပ်ထားသော လင်းဖုန်း ၏ ဖိအားများ အောက်တွင်

+

အားထုတ်မှုများ အားလုံးတို့သည် အလဟဿ ဖြစ်နေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓကလည်း လင်းဖုန်း၏ အနိုင်ယူမှုကို ခံခဲ့ရသည်။ လင်းဖုန်းသည် သူ့အား နောက်ထပ် တိုက်ခိုက်လာခဲ့သည်ကို တွေ့ခဲ့ရသော အခါ သူသည် ထိတ်လန့် တုန်လှုပ် မနေခဲ့သော်လည်း ကြံရာမရ ဖြစ်နေခဲ့သည်။

သူ၏ လေးသောင်း ရှစ်ထောင်သော လက်များသည် ရုတ်တရက်ပင် ဆယ်ဘက်အဖြစ် စုစည်းသွားကာ သူ၏ ခန္ဓာကိုယ်သည် သုံးဘက်မြင် ရုပ်ပုံအဖြစ်သို့ ပြောင်းသွား၍ ကောင်းကင် စေတီနှင့် ပေါင်းစည်းသွားခဲ့သည်။

+

ဤအရာကို မြင်ခဲ့ရသော အခါ လင်းဖုန်း၏
မျက်ခုံးများက မြင့်တက်သွားသည်။ စကြာဝဠာ
စကျင်ဗုဒ္ဓနှင့် ကောင်းကင် စေတီတို့သည် အတူတကွ
ပျောက်ကွယ်သွားခဲ့ကာ တောက်ပနေသော အဆုံးမဲ့
အလင်းတန်း တစ်တန်းကသာ ကောင်းကင်နှင့်
မြေကြီးတို့၏ အကြားတွင် ကျန်နေခဲ့သည်။

ထိုအလင်းတန်းသည် မတောက်ပပဲ စကျင်ကျောက်ကဲ့သို့
ကြည်လင် သန့်စင်ကာ ဝိညာဉ်ပင်လယ် လောက
တစ်ခုလုံးအား လွှမ်းခြုံထားပြီး အခြားသူများ၏
မျက်လုံးများ အတွင်းတွင် ကောင်းကင်နှင့်
မြေကြီးတို့အား စကျင်ရောင် ခြယ်ထားခဲ့လေသည်။

သူ့အတွင်းမှ ငြိမ်းချမ်း၍ သဘာဝ ကျနေသော ထူးခြား
ဆန်းကြယ်လှသည့် နတ်စွမ်းအင် တစ်ခု
ထွက်ပေါ်လာသည်။ ဤဇန်ပတ်ဝန်းကျင်သည်
+

ဖြစ်ပေါ်လာတော့မည့် အနာဂတ် ဟောကိန်း တစ်ခု ဖြစ်သော ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာမှ အနာဂတ် ထာဝရ ငြိမ်းချမ်းမှုနှင့် တူနေသည်။

စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ကောင်းကင် စေတီတို့သည် ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအား အတူတကွ ဆင့်ခေါ်ခဲ့ကြခြင်း ဖြစ်သည်။

ဤကမ္ဘာ ပေါ်လာသော အခါ မြင့်မြတ်သော စကျင် အလင်းတန်းသည် ကောင်းကင်ပေါ်သို့ လင်းလက်လာကာ ချက်ချင်း ဆိုသလိုပင် ထူးဆန်းသော အရာတစ်ခု ဖြစ်ပျက်ခဲ့သည်။ လင်းဖုန်း၏ အဆုံးမဲ့ ပုံပွားများကို သူတို့အရှေ့တွင် မြင်နိုင်ခဲ့ကာ ဒိုင်မန်းရှင်း အတွင်းမှ နေရာတိုင်းတွင် တစ်ပြိုင်နက် ပေါ်လာသကဲ့သို့ အားလုံးတို့က မျက်စိမှောက်မှားကာ မြင်နေခဲ့ကြသည်။

+

ပြီးတာနှင့် ထိုပုံပွားများ အားလုံးတို့သည် တစ်ခုတည်း
အဖြစ်သို့ စုစည်းသွားကြသည်။

ဤအသွင် ပြောင်းလဲမှုအား မြင်ခဲ့ရသော အခါ
လင်းဖုန်း၏ မျက်နှာပေါ်မှ အမူအရာသည်
ရယ်ချင်ပက်ကျိ ဖြစ်သွားခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ လုပ်ဆောင်ချက်သည်
သူ့အပေါ်တွင် အကျိုးသက်ရောက်မှုများ မရှိခဲ့ပေ။
သူတတ်နိုင်သည့် တစ်ခုတည်းသော အရာမှ ဒိုင်မန်းရှင်း
အားလုံးမှ သူ၏ နေရာတကာတွင် တည်ရှိနေမှုအား
ပျက်ပြားစေခဲ့ခြင်းသာ ဖြစ်သည်။

+

သို့မှသာ အားလုံးတို့က အတူတကွ တိုက်ခိုက်လိုက်သော အခါ ထိုတိုက်ခိုက်မှုသည် လင်းဖုန်း အပေါ်သို့ ကျရောက်နိုင်တော့မည် ဖြစ်သည်။ မဟုတ်လျှင် လက်ရှိ အခြေအနေ အရ လင်းဖုန်း တစ်ယောက်တည်းက လူတစ်အုပ်စုလုံးအား အသာစီး ရနေခဲ့သည်။

သို့သော်လည်း ထိုကဲ့သို့ စွမ်းဆောင်နိုင်ရန် တစ်ယောက်သည် လင်းဖုန်းနှင့် တူညီသော စွမ်းအင် ဒိုင်မန်းရှင်း အတွင်း၌ ရှိနေရမည် ဖြစ်သည်။ ထိုအရာကို အန္တိမ ကောင်းကင်ကြေးမုံက တတ်နိုင်သော်လည်း သူသည် ပြိုလဲခြင်း စာအုပ်နှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွင် ရောက်နေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် ရွေးချယ်မှု မရှိတော့ပေ။ သူသည် သူ၏ နောက်ဆုံး အကြွင်းမဲ့ မှော်ကျိန်စာကို ထုတ်ဖော်၍ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာကို ဆင့်ခေါ်လိုက်ပြီး

+

လင်းဖုန်းအား သူ့အတွင်းတွင် လွှမ်းခြုံလိုက်သည်။ ကမ္ဘာလမ်းစဥ်နှင့် ကြမ္မာပန်းတိုင်တို့အား ကျွမ်းကျင်သူ တစ်ယောက် အနေဖြင့် သူသည် အချိန်ကာလနှင့် လေဟာနယ်တို့၏ အနှစ်သာရများကို ကောင်းစွာ နားလည်ခဲ့သည်။

သူ၏ စွမ်းရည်များသည် ကာဒီနယ်ကပ်ဘေး ဒုတိယ အဆင့်ကို ပြီးမြောက်ရန် နီးစပ်နေပြီ ဖြစ်သဖြင့် ဤအန္တိမ အကွက်အား အပြည့်အဝ ထုတ်ဖော်နိုင်ခဲ့သည်။

သို့ရာတွင် သူသည် လင်းဖုန်းအား ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း တစ်ချိန်တည်းတွင် လင်းဖုန်းက သူ၏ မှော်ကျိန်စာ စွမ်းအားများကို ကုန်ခန်းစေခဲ့သည်။ သူသည် အောက်စည်းသို့ ရောက်နေခဲ့ကာ အချိန် မကြာမီပင် လင်းဖုန်းသည် ထပ်ဖန်တစ်ခါ ချိုးဖောက်နိုင်တော့မည် ဖြစ်သည်။

+

ထိုအချိန်ကျလျှင် လင်းဖုန်းသည် မည်သည့် ဒဏ်ရာမှ ရရှိမည် မဟုတ်သော်လည်း သူသည် အကြီးအကျယ် ထိခိုက်သွားလိမ့်မည် ဖြစ်သည်။

သို့သော်လည်း ဤအခြေအနေ အောက်တွင် ဤအရာသည် အကောင်းဆုံး ရွေးချယ်မှု ဖြစ်သည်မှာ မေးခွန်းထုတ်စရာ မလိုပေ။ ဤအရာကို မြင်ခဲ့ရသော အခါ ကျန်သောသူများ၏ စိတ်ဓာတ်များက တက်ကြွလာကြသည်။

နောက်ဆုံး အကြိမ် အနေဖြင့် သူတို့သည် သူတို့၏ ကျန်နေသေးသော စွမ်းအားများကို စုစည်းလိုက်ကာ လင်းဖုန်းအပေါ်သို့ တိုက်ခိုက်လိုက်ကြသည်။

+

လင်းဖုန်းသည် သူ၏ အရှေ့တွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို ကြည့်လိုက်၍ သိသိသာသာ ပျော်သွားခဲ့သည်။ သူ၏ သွားများပေါ်အောင် ပြုံးလိုက်ကာ သူ့လက်အပေါ်မှ ဖိအားများကို တိုးမြှင့်လိုက်သည်။

လင်းဖုန်း၏ လက်အတွင်းမှ ပဏ္ဍိက ၁၂ပါး လည်ပတ်နေသော ကောင်းကင်ဝက်ပါသည့် ဖုန်မှုန့်များ အဖြစ် ကြေမွသွားခဲ့သည်။

## စာစဉ် ၇၃ : အပိုင်း ၂

## အပိုင်း ၁၄၃၂ : သက်ရှိများ အားလုံးအပေါ်တွင် အနိုင်ယူခြင်း

+

ကောင်းကင်နိဗ္ဗာန် လည်ပတ်ခြင်း ဝင်္က်ပါသည် ကြေမွ ပြိုကွဲသွားကာ အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းတွင် လွင့်ပြယ်သွားကြသည်။

အသန်မာဆုံး မိစ္ဆာမျိုးနွယ်စု လေးမျိုး ဖြစ်ကြသည့် ဖီးနစ်၊ ရွှမ်းဝူ၊ ချီလင်နှင့် ကျူးကျန်းတို့၏ ပုံရိပ်များသည် နားကွဲလုမတတ် ဟိန်းဟောက်သံများကို တစ်ပြိုင်နက်တည်း ထုတ်လွှတ်ခဲ့ကြကာ အစအန ရှာမရပဲ ပျောက်ကွယ်သွားကြလေသည်။

ပြီးတာနှင့် ကျန်သော မဟာမိစ္ဆာများ ဖြစ်ကြသည့် ရေးပဝေသဏီ နတ်နဂါး၊ ရွှေရောင်ငှက်တောင် မဟာနတ်ငှက်၊ ခွန်းဖန်၊ ကောင်းကင်မိစ္ဆာ လူဝံနှင့် ဟွန်တွန်းတို့ အပါအဝင် ကျန်သော မိစ္ဆာမျိုးနွယ်စု ရှစ်မျိုးတို့၏ အလင်းတန်း ပုံရိပ်များကလည်း အတူတကွ ပျောက်ကွယ်သွားကြလေသည်။

+

မှော်ဝက်ပါ တစ်ခုလုံး ပေါက်ကွဲသွားသော အခါ
သူ့အတွင်းမှ နေ၍ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော
အဖြူရောင် အလင်းတန်းများ ပေါ်လာခဲ့ကာ
အစွမ်းထက်သော အသစ် ဖန်ဆင်းခြင်းနှင့် ဒဏ်ရာ
ကုစာသည့် စွမ်းရည်များကို ထုတ်ဖော်ခဲ့သည်။

ဤအရာသည် ကောင်းကင်နိဗ္ဗာန် လည်ပတ် ဝက်ပါ၏
အန္တိမ နောက်ဆုံး အကွက်ဖြစ်၍ ကောင်းကင်
ကျက်သရေ မဟာပဏ္ဍိတ၏ ဒဏ်ရာ အပြင်းအထန်
ရနေသော မိစ္ဆာဝိညာဉ်အား အဝေး တစ်နေရာသို့
ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

+

သူမသည် သူမ၏ မူလပုံစံအား ဖောက်ခွဲခဲ့၍ လင်းဖုန်း၏ တိုက်ခိုက်မှုများကို ခံခဲ့ရသဖြင့် သူမ၏ အခြေအနေသည် လွန်စွာ ဆိုးဝါးနေသည်။

သူမသည် အသက်ပင် မရှူရဲခဲ့ပဲ အလျင်အမြန် ထွက်ပြေးသွားသည်။ သို့သော်လည်း လင်းဖုန်းသည် လက်တစ်ဘက်ကို လှန်လိုက်သော အခါ ထိုက်ကျိရုပ်ပုံ တစ်ခု ပေါ်လာ၍ သူ၏ လက်ဝါးများ အတွင်းတွင် လည်ပတ်နေခဲ့သည်။ သူမသည် သူ့အောက်တွင် အချုပ်နှောင်ခံခဲ့ရ၍ တစ်ချက်မှ မလှုပ်ရှားနိုင်ခဲ့ပေ။

လင်းဖုန်းက ထူးမခြားနား ပုံစံဖြင့် ပြောလိုက်သည်။ "ကျုပ်က ရောင်းရင်းနင်နဲ့ စကားပြောပြီးမှ ခင်ဗျားကို ဘယ်လို လုပ်ရမလဲ ဆိုတာ ဆုံးဖြတ်မယ်… အခု လောလောဆယ်တော့ ဒီနေရာမှာ ငြိမ်ငြိမ်လေး စောင့်နေပြီး ခုခံဖို့ မကြိုးစားပါနဲ့"

+

လင်းဖုန်းသည် စကားပြောနေရင်း သူ၏ ခန္ဓာကိုယ်က လင်းလက်သွားသည်။ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား ရောင်စဉ်ခုနစ်သွယ် အလင်းတန်းဖြင့် လွှမ်းခြုံထား၍ ထွက်ခွာသွားမည့် အစား သူသည် အရှေ့သို့ တက်လိုက်ကာ ပုံရိပ်ယောင်နေမင်း ဟောဒီးစ်နှင့် ကျန်သောသူများ ထံသို့ ရောက်လာခဲ့သည်။

သူ၏ လက်ချောင်းအား အသာပုတ်လိုက်ရာ အဖြူနှင့် အနက်ရောင် အလင်းတန်းများ ယှက်သန်းလာ၍ ကြမ္မာပန်းတိုင်၏ ပြောင်းလဲခြင်းကို အားပေးခဲ့သည်။ ထူးခြားဆန်းကြယ်၍ အစွမ်းထက်သော ထာဝရ ကပ်ဘေး အလင်းတန်းသည် ဟင်းလင်းပြင်အား ဖြတ်သန်းလာ၍ ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၊ မူလနဂါး ဘုရင်နှင့် သေမင်းကေရာဇ်တို့၏ တိုက်ခိုက်မှုများကို ဟန့်တားလိုက်သည်။

+

ထာဝရ ကပ်ဘေး အလင်းတန်း ထိတွေ့ခဲ့သည့် နေရာတိုင်းတွင် သက်ရှိ အားလုံးတို့သည် သေခြင်းနှင့် ရှင်ခြင်းတို့၏ အကြွင်းမဲ့ လမ်းစဥ်အောက်တွင် ပြန်လည် ဝင်စားခြင်း အတွင်းသို့ တစ်ပြိုင်နက် ဝင်ရောက်သွားကြသည်။ သေခြင်းနှင့် ရှင်ခြင်းတို့၏ ဤကြမ္မာပန်းတိုင်ကသာ တစ်ခုတည်းသော အမှန်တရား ဖြစ်၍ ထာဝရ ရှင်သန်နိုင်မည် ဖြစ်သည်။

ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ အတွင်းတွင် လင်းဖုန်းသည် သူ၏ ကိုယ်ပွား တစ်သောင်းတို့ကို ပြန်ခေါ်လိုက်ရာ ထိုဒိုင်မန်းရှင်း အတွင်းတွင် လင်းဖုန်း တစ်ယောက်တည်းသာ ကျန်နေခဲ့သကဲ့သို့ ဖြစ်သွားသည်။

+

သို့သော်လည်း သူ၏ လှုပ်ရှားမှုများသည် ကြီးစိုး လွှမ်းမိုးနိုင်ဆဲပင် ဖြစ်၍ လက်တစ်ဘက်ဖြင့် ထာဝရ ကပ်ဘေး အလင်းတန်းအား ထုတ်ဖော်နေကာ အခြား လက်တစ်ဘက်ဖြင့် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ ခေါင်းပေါ်သို့ ပြင်းထန်စွာ ထုချလိုက်သည်။

သူ၏ လက်ဝါး အပေါ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု လင်းလက်လာကာ လည်ပတ်နေရင်း ဖြည်းဖြည်းချင်း ရပ်တန့်သွားကာ နောက်ဆုံးတွင် ပြောင်းပြန်လည်လာ၍ ပေါက်ကွဲသွားပြီး အလွန်အမင်း အစွမ်းထက်သော စွမ်းအင်တစ်ခုအား ထုတ်လွှတ်လိုက်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်က မျက်မှောင်ကြုတ်လိုက်သည်။ ဟေးဒီးစ်တို့၏ အန္တိမ ထူးခြားဆန်းကြယ်သော စွမ်းအင်က ထိုးတက်လာကာ

+

ကောင်းကင် တိုင်လုံးများပမာ လင်းဖုန်း၏
ကျဆင်းလာသော လက်ဝါးအား ခုခံလိုက်သည်။

ရှုပ်ထွေးသော ကြယ်အလင်းတန်း စနစ်တစ်ခုသည့်
သူ့အတွင်း၌ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာကာ
ကြောက်မက်ဖွယ်ရာ ဟေးဒီးစ်တို့၏ အန္တိမ
ထူးခြားဆန်းကြယ်သော စွမ်းအင်အား အထွတ်အထိပ်
ပုံစံတွင် ရှိနေသည့် အနက်ရောင် နဂါးငွေ့တန်း အလား
ဖြစ်စေခဲ့၍ လင်းဖုန်း၏ တိုက်ခိုက်မှုအား ခုခံခဲ့သည်။

လင်းဖုန်း၏ လက်များသည် ထူးခြား ဆန်းကြယ်သော
အနက်ရောင် အလင်းတန်း၏ ပင့်မြှောက်ခြင်းကို
ခံခဲ့ရကာ လေထု အလယ်တွင် ခေတ္တမျှ ရပ်သွားပြီး
ဆက်လက်၍ ကျဆင်းလာခဲ့သည်။

+

အရှိန်အဟုန်သည် သိသိသာသာ
လျော့ကျသွားသော်လည်း ကောင်းကင်၏
အလေးချိန်အား ထိန်းထားသည်ဟု ထင်နေရသည့်
ကြယ်အလင်းရောင်များဖြင့် လင်းလက်နေသော
အနက်ရောင် အလင်းတန်း တိုင်လုံးများသည် အပေါ်မှ
အောက်သို့ စတင်၍ အဆက်မပြတ် ပြိုကျလာခဲ့သည်။

လင်းဖုန်း၏ လက်သည် အဆက်မပြတ်
ကျဆင်းလာသော အခါ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏
မျက်စိ အတွင်းတွင် ပို၍ပို၍ ကြီးမားလာခဲ့သည်။

လင်းဖုန်းသည် အခြားလက် တစ်ဘက်ဖြင့် လက်ညှိုးနှင့်
လက်ခလယ်တို့အား ညွှန်ပြလိုက်ပြီး စွမ်းအင်
ဓားသွားများ အဖြစ်သို့ ပြောင်းလိုက်ကာ မူလနဂါး
ဘုရင်နှင့် သေမင်းကေရာဇ်တို့အား အသီးသီး

+

ခုတ်ချလိုက်သည်။ လင်းဖုန်းသည် သူတို့ကိုလည်း အလွတ် မပေးလိုသည်မှာ သိသာနေသည်။

ဗိုင်ဒုရာ နိဗာသ ကမ္ဘာကြောင့် လင်းဖုန်းသည် ဒိုင်မန်းရှင်းများ အားလုံးမှ သူ၏ ကိုယ်ပွားများကို ဆုံးရှုံးသွားခဲ့သော်လည်း သူတို့အားလုံးအား အနိုင်ယူနိုင်ခဲ့ဆဲ ဖြစ်သည်။ သူ၏ တိုက်ခိုက်မှုများသည် အားလုံးတို့အတွက် ရင်ဆိုင်နိုင်ရန် အမတန်မှ ခက်ခဲလှသည်။

အားလုံးတို့အား ပို၍ စိတ်ဓာတ်ကျစေသည့် အချက်မှာ လင်းဖုန်း၏ အဓိက ကိုယ်ပွားသည် မူလရွှေခွက် အပေါ်တွင် ထိုင်နေခဲ့ဆဲ ဖြစ်သည်။

+

နှစ်ဦး နှစ်ဘက်တို့ အကြားမှ တိုက်ပွဲများ၏
သက်ရောက်မှုကို ခံခဲ့ရကာ လင်းဖုန်း၏ အဓိက
ကိုယ်ပွားနှင့် မူလ ရွှေခွက်တို့၏ ဝိညာဉ်ပင်လယ်အား
ကျင့်ကြံနေသည့် ဖြစ်စဥ်သည်
နှေးကွေးသွားခဲ့သော်လည်း လုံးဝ မရပ်တန့်သွားခဲ့ပေ။
သူသည် ဆက်လက်၍ ကျင့်ကြံနေဆဲ ဖြစ်သည်။

ရွှေရောင် ရေအိုင်၏ မျက်နှာပြင် ရေိယာသည်
တိတ်ဆိတ်စွာနှင့် မသိမသာပင် ဖြည်းဖြည်းချင်း
သေးငယ်လာခဲ့သည်။

ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ အတွင်းတွင် ဗုဒ္ဓ၏ ကျမ်းစာ
ရွတ်ဖတ်သံများသည် အဆက်မပြတ် ပဲ့တင်ရိုက်နေခဲ့၍
ကမ္ဘာကြီးအား သန့်စင်ခဲ့ကာ ပို၍
ကြည်လင်လာစေခဲ့သည်။ သို့သော်လည်း အချိန်

+

ကြာလာသည်နှင့် အမျှ ရွတ်ဖတ်သံများသည် ဖြည်းဖြည်းချင်း တိုးလာခဲ့သည်။

အဆုံးမဲ့ တောက်ပသော အလင်းတန်းများသည် ဝိညာဉ်ပင်လယ် အပေါ်တွင် လင်းလက်နေဆဲ ရှိသေးသည်။ သို့သော်လည်း သူ့အတွင်းမှ ကြည်လင်မှုများသည် ဖြည်းဖြည်းချင်း လွင့်ပြယ်နေ၍ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ တစ်ခုလုံးက နောက်ကျိသော အခြေအနေသို့ ရောက်နေခဲ့သည်။

သို့သော်လည်း သူ့အား ကြည့်ရသည်မှာ ညှိုးမှိုင်း မသွားခဲ့ပဲ စိတ်ဝိညာဉ် အဆင့်တွင်သာ ကြည်လင်နေရာမှ နောက်ကျသွားခဲ့ခြင်း ဖြစ်သည်။

+

လင်းဖုန်းသည် ဗိုင်ဒုရာ နိဗာသ ကမ္ဘာအား စိုက်ကြည့်နေခဲ့သော်လည်း စကား တစ်လုံးမှ မပြောခဲ့ပေ။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် မူလနဂါး ဘုရင်တို့က မသိခဲ့ကြသော်လည်း လင်းဖုန်းသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ အတွေးများကို ကောင်းစွာ ထွင်းဖောက် မြင်နိုင်ခဲ့သည်။

သူ့အတွက် လင်းဖုန်းသည် သူ၏ အောင်မြင်မှု လမ်းကြောင်းပေါ်မှ အကြီးမားဆုံး အတားအဆီး ဖြစ်သည်။ ရှုထောင့် တစ်ခုမှ ကြည့်လိုက်လျှင် လင်းဖုန်းသည် သူ့အတွက် တစ်ခုတည်းသော အတားအဆီး ဟူ၍ သတ်မှတ်နိုင်သည်။

+

နှစ်ဦးနှစ်ဘက် အကြားမှ တိုက်ပွဲသည် ရှောင်လွှဲ၍ မရနိုင်ချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မည်မျှ တိုးတက်လာသည် သို့မဟုတ် နတ်ဘုရား နယ်မြေသာ မက မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး၏ ထိပ်ဆုံးသို့ ရောက်သွားလျှင်လည်း စကြာဝဠာ စကျင်ဗုဒ္ဓက ဂရုစိုက်မည် မဟုတ်ချေ။ သူတို့ အကြားတွင် ရန်ငြိုးရန်စများ မရှိချေ။ အတိအကျ ပြောရလျှင် သူတို့သည် အပြန်အလှန်ပင် အကျိုးပြုနိုင်သေးသည်။

ဗုဒ္ဓဝါဒ ပြန်လည် စည်ပင်လာခြင်းသည် ဟင်းလင်းပြင် ဘုရားကျောင်း၊ မဟာကျိုး အင်ပါယာ၊ စုတောင်ခါးဂိုဏ်းတို့နှင့် တကွ ဗုဒ္ဓဝါဒအား နှိမ်နင်းသော တိုက်ပွဲတွင် ပါဝင်ခဲ့ကြသော သူများ၏ ဆန့်ကျင်ခြင်းကို ခံရနိုင်သည်။ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ

+

မိစ္ဆာများကပင် အစွမ်းထက်သော အဖွဲ့အစည်း
နောက်တစ်ခု ထပ်မံ ပေါ်ပေါက်လာခြင်းကို
နှစ်မြို့ကြမည် မဟုတ်ချေ။

သို့ရာတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဂရုစိုက်မည်
မဟုတ်ချေ။ ဗုဒ္ဓဝါဒသည် သူတို့အပေါ်တွင်
မကောင်းသော ရည်ရွယ်ချက်များ မရှိပါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရားနယ်မြေ
အတွင်းတွင် ဗုဒ္ဓဝါဒ ပြန်လည် ထူထောင်ခြင်းအား
ဆန့်ကျင်လိမ့်မည် မဟုတ်ချေ။

လင်းဖုန်းကလည်း အလားတူပင် ဖြစ်ကာ စကြာဝဠာ
စကျင်ဗုဒ္ဓကလည်း ထိုအကြောင်းကို ကောင်းစွာ
သဘောပေါက်ထားလေသည်။

+

သို့ဖြစ်၍ အကယ်၍ စကြာဝဠာ စကျင်ဗုဒ္ဓသည် လင်းဖုန်းနှင့် တိုက်ကို တိုက်ခိုက်ရမည် ဆိုလျှင်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ အခြားသူများကို ရန်မူလိမ့်မည် မဟုတ်ချေ။

ရွှေပုစဉ်း ဆရာတော်နှင့် စန်ထူဇီတို့သည် ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့ရခြင်းမှာလည်း အာရုံလွဲရုံ သက်သက်ဖြစ်သည်။ စန်ထူဇီ၏ ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်နိုင်ရန် ပြိုင်ဆိုင်သည့် တိုက်ပွဲသည် စကြာဝဠာ စကျင်ဗုဒ္ဓ အတွက် ပြဿနာ တစ်ခု မဟုတ်ချေ။

အဓိက အကြောင်းရင်းမှာ ဤကမ္ဘသည် သူ့အနာဂတ် အပေါ်တွင် ကြီးမားစွာ အကျိုးသက်ရောက်နေ၍ ဖြစ်သည်။ ဤအရာသည် သူဖြေကို ဖြေရှင်းမှ ရနိုင်မည့်

+

အရာတစ်ခု ဖြစ်နေသည့် အတွက် နောက်ဆုံးတွင် လင်းဖုန်းနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် ကျန်သော အဖွဲ့ဝင်များ အသတ်ခံခဲ့ရကာ ကောင်းကင်ဖျက်ဆီး ခေးကပင် အဖျက်ဆီးခံခဲ့ရလျှင်လည်း လင်းဖုန်း ကိုယ်တိုင်က အသက်ရှင်နေပါက ထိုအရာများ အားလုံးသည် စကြာဝဠာ စကျင်ဗုဒ္ဓ အတွက် ဘာမှ မဟုတ်ချေ။

လင်းဖုန်း ကိုယ်တိုင် သေဆုံးသွားပါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျန်သောသူများ တစ်ယောက်မှ ဒဏ်ရာ မရလျှင်ပင် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ရည်မှန်းချက်သည် ပြည့်မြောက်သွားပေမည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ထိခိုက်သွားလျှင် အထူးသဖြင့် ကောင်းကင်ဖျက်ဆီး ခေါ်းက ပျက်စီးသွားလျှင် လင်းဖုန်း၏ စွမ်းအင်များက သိသိသာသာ လျော့ကျသွားမည် ဖြစ်ကာ အနာဂတ်တွင် လင်းဖုန်းနှင့် ရင်ဆိုင်ရသည်မှာ များစွာ လွယ်ကူသွားမည် ဖြစ်သည်။

သို့သော်လည်း စကြာဝဠာ စကျင်ဗုဒ္ဓ ကိုယ်တိုင်က ထိုကဲ့သို့ ပြုလုပ်လိမ့်မည် မဟုတ်ပဲ ထိုသို့ဖြစ်အောင် စီစဥ်လိမ့်မည်လည်း မဟုတ်ပေ။ အလွန်ဆုံး သူသည် ထိုကဲ့သို့ ဖြစ်နေသည်ကို ထိုင်ကြည့်နေမည်သာ ဖြစ်သည်။

သူ၏ အနာဂတ် ကမ္ဘကို ပြေလည်စေရန် အဓိက သော့ချက်သည် လင်းဖုန်းကိုယ်တိုင် အပေါ်တွင် တည်ရှိနေသည်။

+

သို့သော်လည်း ဤအကြောင်းရင်းများကြောင့် လင်းဖုန်းနှင့် တိုက်ခိုက်ခဲ့သော အခါ သူသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မူလနဂါး ဘုရင်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းထက်ပင် ပို၍ လုံ့လများကို စိုက်ထုတ်ခဲ့သည်။ သူ့တွင် ဆုံးရှုံးစရာ ဘာမှ မရှိချေ။

လင်းဖုန်းကလည်း သူ၏ ရည်ရွယ်ချက်များအား ကောင်းစွာ သဘောပေါက်နေသဖြင့် ဘာမှ ဆက်မပြောခဲ့ပဲ တာအိုသစ်သီး တစ်လုံးသည် သူ၏ ခေါင်းအပေါ်တွင် ပေါ်လာခဲ့သည်။ ထိုသစ်သီးသည် ဖော်ပြရန် မလွယ်ကူပဲ နားလည်ရန် ခက်ခဲ၍ အရာအားလုံးတို့၏ အစနှင့် အဆုံးတို့နှင့် တူနေပြီး အားလုံးတို့သည် တစ်နေရာ အတွင်းသို့ စုစည်းကာ အကျိုးအကြောင်း သဘောတရားများ၏ အနှစ်သာရကို ကုန်ခန်းသွားစေသည်။

+

တာအိုသစ်သီးသည် ထိုနေရာတွင် တည်ရှိနေကာ ဘာမှ မလုပ်ခဲ့သော်လည်း ဗိုင်ဒုရာ နိဗာသ ကမ္ဘာသည် စတင်၍ မတည်မငြိမ် ဖြစ်လာခဲ့သည်။

အခြားတစ်ဘက်တွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် ဖြစ်ပျက်နေသော အရာများကို ကြည့်နေရင်း သူတို့၏ အမူအရာများက လေးနက်လာကြသည်။

ထိုက်ရီသူတော်စင်၏ လက်နှစ်ဘက်မှ မှော်ကျိန်စာများသည် လျင်မြန်စွာ ပြောင်းလဲလာ၍ သူ၏ လက်ချောင်းများကို လေထုအလယ်သို့ ညွှန်ပြလိုက်သည်။

+

ကောင်းကင်ကိုးလွှာ နန်းတော်၏ ပုံရိပ် အငယ်စားတစ်ခု ပေါ်လာကာ စွမ်းအင် တစ်တန်းသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ ကောင်းကင်ကိုးလွှာ အပေါ်သို့တိုင်အောင် ရောက်ရှိသွားပြီး ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းထက်ပင် ပို၍ ထူးခြား ဆန်းကြယ်ကာ ခန့်မှန်းရန် ခက်ခဲသည့် အလင်းရောင် အဖြစ်သို့ ပြောင်းလဲသွားသည်။

ထိုအလင်းတန်း ပေါ်လာသော အခါ ထိုက်ရှီသူတော်စင်၏ မပြောင်းလဲဟု ထင်နေရသော ပုံရိပ်သည် ရုတ်ခြည်းပင် သိသိသာသာ ရှည်လျားလာ၍ ယခင်ကနှင့် မတူတော့ချေ။

ဤအလင်းရောင်သည် ဒိုင်မန်းရှင်း၏ ထောင့်တိုင်းတွင် တည်ရှိနေသော အန္တိမ ကောင်းကင်ကြေးမုံ တစ်သောင်းတို့နှင့် ပေါင်းစည်းသွားရာ များစွာ

+

မှေးမှိန်နေသော အန္တိမ ကောင်းကင်ကြေးမုံ၏
အလင်းတန်းများကလည်း ပို၍ လင်းလက်လာကြသည်။

မရေမတွက်နိုင်သော ကြေးမုံများသည် ထူးဆန်းစွာပင်
ဟင်းလင်းပြင် အတွင်းသို့
ပျောက်ကွယ်သွားကြသော်လည်း လူအများက
သူတို့သည် ကောင်းကင်နှင့် မြေကြီး အကြားမှ
ဒိုင်မန်းရှင်းတိုင်း၏ ထောင့်တိုင်းတွင်
တည်ရှိနေကြသေးသည်ဟု အာရုံခံနိုင်ခဲ့ကြသေးသည်။

ဝိညာဉ်ပင်လယ် လောက အတွင်းတွင် အလင်းတန်း
စီးကြောင်းများသည် အဆက်မပြတ် လည်ပတ်နေကြ၍
ပို၍ပို၍ လျှို့ဝှက် ဆန်းကြယ်ကာ
ကျယ်ပြန့်လာကြလေသည်။

+

အနန္တိမ ကောင်းကင်ကြေးမုံ၏ စွမ်းအင် အရိုန်အဝါများကလည်း ပို၍ ပြင်းထန်လာခဲ့သည်။

ပြိုလဲခြင်း စာအုပ်၏ စွန်းထင်းခြင်းကို ခံခဲ့ရသော ကြေးမုံများ၏ အလင်းတန်းများကလည်း ပို၍ပို၍ ခန့်မှန်းရ ခက်ခဲလာကာ အလယ်တွင် ရှိနေသော ပြိုလဲခြင်း စာအုပ်ထံသို့ ဖြည်းဖြည်းချင်း ပြိုကျလာကြသည်။

ဤအရာကို မြင်ခဲ့ရသော အခါ ပြိုလဲခြင်း စာအုပ်အား ကိုင်ထား၍ ငြိမ်သက်စွာ ရပ်နေသော ကြမ္မာပန်းတိုင် ကောင်လေးသည် သူ၏ မျက်ခုံးများကို အနည်းငယ် ပင့်လိုက်သည်။

+

လင်းဖုန်းကလည်း ဤပြောင်းလဲမှုကို ချက်ချင်း
အာရုံခံနိုင်ခဲ့ကာ သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။
ရုတ်တရက်ပင် သူ၏ ခန္ဓာကိုယ် အပေါ်တွင်
ရောင်စဉ်ခုနစ်သွယ် စက်ကွင်းများ ပေါ်လာကြ၍
အဆက်မပြတ် လည်ပတ်လာကြလေသည်။

အလင်းတန်း လည်ပတ်နေရင်း လင်းဖုန်း၏ ပုံရိပ်သည်
မှိတ်တုတ်မှိတ်တုတ် ဖြစ်လာကာ ပုံရိပ်ယောင်နေမင်း
ဟေးဒီးစ်၊ မူလနဂါး ဘုရင်၊ သေမင်းကေရာဇ်တို့နှင့်
တိုက်ခိုက်နေရာမှ ဆုတ်ခွာသွားသည်။ သူတို့
သုံးယောက်ကလည်း ဤအရာကို အမျက်ထွက်စွာနှင့်
ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

လင်းဖုန်းသည် တစ်ချက် ခုန်လိုက်ပြီး နောက်ထပ်
ဒိုင်မန်းရှင်း တစ်ခု အတွင်းသို့ ချက်ချင်း

+

ဝင်ရောက်သွားရာ ထိုက်ရီသူတော်စင်၏ အရှေ့သို့ ရောက်လာခဲ့သည်။

ထိုက်ရီသူတော်စင် အပေါ်သို့ ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း ကျရောက်လာ၍ သူ့လက်ချောင်းထိပ်မှ ထူးခြား ဆန်းကြယ်သော အလင်းတန်းအား နှောင့်ယှက်ခဲ့ကာ ထိုက်ရီသူတော်စင်၏ ကပ်ဘေးဆန့်ကျင် မြင့်မြတ်သော အလင်းတန်းအား လျင်မြန်စွာ ယိုယွင်းစေခဲ့သည်။

ဤအရာကို မြင်ခဲ့ရသော အခါ လင်းတောက်ဟန်က လျင်မြန်စွာဖြင့် လှုပ်ရှားလိုက်သည်။ သူသည် သူ၏ ညာလက်ဖြင့် မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့ရာ သူ၏ ဘယ်လက်ပေါ်မှ မဟာဟင်းလင်းပြင် တံဆိပ်သည် လင်းလက်လာ၍ သူ့အား ပင့်မြှောက်ကာ အဝေးမှ အန္တိမ ကောင်းကင်ကြေးမုံထံသို့ ရိုက်ချလိုက်သည်။

+

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းသည် ပို၍ပို၍ နတ်ဘုရား ဆန်လာခဲ့သည်။ သူသည် နေရာအနှံ့သို့ လင်းလက်လာသော်လည်း တစ်နေရာတည်း အပေါ်၌ စူးစိုက်ထားခဲ့သည်။ သူသည် ထိုက်ရီသူတော်စင်၏ ခန္ဓာကိုယ်အား ဖုံးလွှမ်းခဲ့ကာ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းထံမှ ကာကွယ်ထားခဲ့သည်။

သို့သော်လည်း ဤဖြစ်စဉ် ပြီးသွားသောအခါ စွမ်းအား များစွာတို့က ကုန်ခန်းသွား၍ ပြိုလဲခြင်း စာအုပ်နှင့် တိုက်ခိုက်နေသော တိုက်ပွဲသည် ချက်ချင်း အခြေအနေ ပြောင်းသွားခဲ့သည်။

+

အစပိုင်းတွင် အောက်စည်းသို့ ရောက်နေခဲ့သော ပြိုလဲခြင်း စာအုပ်သည် ချက်ချင်းပင် အသာစီး ရလာ၍ ကြောက်မက်ဖွယ်ရာ ယိုယွင်းနိုင်၍ ဖျက်ဆီးနိုင်သော အရှိန်အဝါသည် အဆုံးမဲ့ ပျံ့နှံ့လာ၍ အန္တိမ ကောင်းကင်ကြေးမုံ တစ်ခုပြီး တစ်ခုတို့အား ဆွဲချ၍ စွန်းထင်းစေခဲ့သည်။ ကြေးမုံတို့သည် မြင့်မြတ်မှုများ ပျောက်ဆုံးကုန်ကာ မည်းမှောင်လာ၍ အချို့ ကြေးမုံများသည် ဆွေးမြေ့ ပျက်ယွင်းကုန်ကြသည်။

ထိုက်ရီသူတော်စင်သည် အနောက်သို့ ယိုင်သွားခဲ့ပြီး လင်းတောက်ဟန်နှင့် ပူးပေါင်းကာ မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်၍ အန္တိမ ကောင်းကင်ကြေးမုံအား ထပ်ဖန်တစ်ခါ တည်ငြိမ်စေရန် ကြိုးစားခဲ့သည်။

အခြား တစ်ဘက်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မူလနဂါး ဘုရင်နှင့် သေမင်းကေရာဇ်တို့သည်

+

နောက်ထပ် တိုက်ခိုက်မှု တစ်ခုအား ထုတ်လွှတ်ခဲ့ကြသည်။

လင်းဖုန်းသည် သူတို့အားလုံး အပေါ်၌ အနိုင်ယူနိုင်သည်ကို တွေ့ခဲ့ရသော အခါ ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ၏ မျက်နှာများက မည်းမှောင်နေကြသည်။ ထိုက်ရီသူတော်စင်က သက်ပြင်းတစ်ချက် လေးလံစွာ ချ၍ ပြောလိုက်သည်။

"ဒီလို စွမ်းအားမျိုးကို ဒုတိယ ကပ်ဘေး နောက်ဆုံးအဆင့် ဖြစ်တဲ့ မဖျက်ဆီးနိုင်သော အဆင့်ကို ရောက်နေတဲ့ သူတစ်ယောက်ကသာ ပိုင်ဆိုင်နိုင်တယ်"

"ဒီကျင့်ကြံမှု အဆင့်ကို ဂိုဏ်းရဲ့ သမိုင်းတစ်လျှောက်မှာ ပထမ ဂိုဏ်းခေါင်းဆောင်၊ ချီယန် မာစတာနဲ့ စီနီယာ

+

ထိုက်ရီတို့ကသာ ရောက်ရှိနိုင်ခဲ့တယ်... အန္တိမ ကောင်းကင်ကြေးမုံကို အောင်မြင်စွာ ပြန်လည် ကျင့်ကြံနိုင်ပြီး ကောင်းကင်ဖျက်ဆီး ဓားက ဝိညာဉ်ပင်လယ် အတွင်းကို မဝင်နိုင်ခဲ့ပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်မှာ အန္တိမ ကောင်းကင်ကြေးမုံလိုမျိုး အစွမ်းထက်တဲ့ မှော်ရတနာ တစ်ခု ရှိနေခဲ့တယ်" ကျန်းရီသူတော်စင်က ပြောလိုက်သည်။

သူသည် ကောင်းကင် အကာအကွယ်ထီးအား ကြည့်၍ ဆက်ပြောလိုက်သည်။ "ဟိုရတနာကို မှော်ရတနာလို့ ပြောဖို့တောင် ခက်ခဲပေမဲ့ သူ့မှာ အန္တိမ ကောင်းကင်ကြေးမုံကတောင် မထိုးဖောက်နိုင်တဲ့ အံ့ဖွယ်ရာ ခံစစ်စွမ်းအားတွေကို ပိုင်ဆိုင်ထားတယ်... ကျွန်တော်တို့က ရှိသမျှ စွမ်းအား အကုန်ထုတ်ပြီး သူ့ကို

+

ဝိညာဥ်ပင်လယ် မကျင့်ကြံနိုင်အောင်
ကာကွယ်ချင်ရင်တောင် အခွင့်အရေး မရှိနိုင်တော့ဘူး"

လူအုပ်စု တစ်ခုလုံး ငြိမ်သက်သွားကာ ရွှမ်းရီ
သူတော်စင်က လင်းတောက်ဟန်အား ကြည့်၍
ပြောလိုက်သည်။ "ဝိညာဥ်ပင်လယ်ရဲ့ အခြေအနေက
ပြောင်းလဲဖို့ မဖြစ်နိုင်တော့ဘူး... တစ်ခုခု
ကြီးကြီးမားမား မဖြစ်ခဲ့ရင် ဒီရေတွေကို ပြန်ပြောင်းဖို့
တတ်နိုင်တော့မှာ မဟုတ်ဘူး... အခုအချိန်မှာ
မဟာကမ္ဘာ အတွင်းက ဖြစ်ရပ်တွေ အပေါ်မှာပဲ
မူတည်နေတော့မယ်"

လင်းတောက်ဟန်က တိုးညင်းစွာ ပြောလိုက်သည်။
"ဒါတွေ အားလုံးက တွေးတော ယူဆချက်တွေသာ
ဖြစ်တယ်... တကယ်လို့ အရာအားလုံးက စီစဥ်ထားတဲ့
အတိုင်း ဖြစ်မလာခဲ့ရင်..."

+

ထိုက်ရီသူတော်စင်က သူ၏ မျက်လုံးအစုံအား မှိတ်ထားရင်း လင်းဖုန်းထံသို့ 'ကြည့်'ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ကံကြမ္မာက ငါတို့ရဲ့ လက်အတွင်းမှာ ရှိနေတယ်"

## စာစဥ် ၇၄ : အပိုင်း ၃

## အပိုင်း ၁၄၃၃ : ကြီးမားသော တူးဖော်မှု

နတ်ဘုရား နယ်မြေ အတွင်းမှ စူတောင်တိုက်ပွဲ အတွင်းတွင် မြေနဂါးဘုရင်သည် အသက် ဆုံးရှုံးသွားခဲ့ကာ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ရှန်နဂါးဘုရင်တို့ကလည်း ရှုံးနိမ့်သွားခဲ့သည်။

+

ရှေးဟောင်းတို့၏ လက်ရှိ ကေရာဇ် ဖြစ်သူ ဂူကျွန်းသည် ထျန်းကန်း ခါးမာစတာ၊ ရှင်းလုံစန်း၊ ရှီရှင်းယွမ်တို့နှင့် အတူ သူတို့အား လိုက်လံ ဖမ်းဆီးခဲ့၍ လူသားတို့သည် တန်ပြန် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့ကြသည်။

ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာများ အပြင် သူတို့၏ လက်အောက်တွင် နတ်ဘုရား နယ်မြေ အတွင်းသို့ လိုက်ပါလာသော အစွမ်းထက် မိစ္ဆာများစွာ ရှိကြသေးသည်။

သူတို့သည် အစပထမတွင် ခက်ထန်စွာ တိုက်ခိုက်ခဲ့ကြရမှ ယခုအချိန်တွင် ထွက်ပြေးနေရသော အရှုံးသမားများ ဖြစ်သွားကြပြီ ဖြစ်သည်။ ထိုအရာသည် အစောပိုင်းက ကမ္ဘာအကြားမှ စစ်ပွဲအတွင်းမှ နောက်ဆုံး

တိုက်ခိုက်မှု မြင်ကွင်းများကို ပြန်လည် ပြသခဲ့သည်နှင့် တူနေခဲ့သည်။

ဂူကျွန်းတို့ အုပ်စုသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့ အုပ်စုအား လိုက်လံ တိုက်ခိုက်ခဲ့ကြ၍ အခြား လူသား ကျင့်ကြံသူများသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတတို့ အနောက်မှ လိုက်လာခဲ့ကြသည့် အစွမ်းထက်သော အခြား မိစ္ဆာများကို မောင်းနှင်ထုတ်နိုင်ခဲ့ကြသည်။

နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့ အကြားတွင် မုန်တိုင်းတစ်ခုက ထပ်ဖန်တစ်ခါ အစပျိုးလာခဲ့သည်။

+

အရှေ့ပင်လယ် ကမ်းရိုးတန်း အပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် တရားထိုင်နေခဲ့သော အမျိုးသမီးသည် ခက်ထန်နေသည်ဟု ထင်နေရသော်လည်း အားလုံးတို့၏ ယုံကြည်ချက်အား အားဖြည့်ပေးနိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျင့်ကြံသူများကလည်း သူတို့၏ ရန်သူများအား အမဲလိုက်ခဲ့ကြသည်။ ဂိုဏ်း၏ ဂုဏ်ထူးဆောင် အကြီးအကဲများ ဖြစ်ကြသော ကျူးကော်ကျန်း၊ ရေလှိုင်း သူတော်စင်နှင့် ဂိုဏ်းအတွင်းမှ အစွမ်းထက်သော အင်မော်တယ်ဝိညာဉ် အဆင့်မှ ဒုတိယ မျိုးဆက် တပည့်များသည် တိုက်ပွဲအတွင်းသို့ ဝင်ပါခဲ့ကြသည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ ငရဲမီး ကေရာဇ် မြို့တော်မှ လုယွမ် မဟာပဏ္ဍိတသည် ငြိမ်ငြိမ်

+

မနေနိုင်ခဲ့ပဲ ရန်သူများအား အခြားဘက်မှနေ၍ ပတ်ကာ တိုက်ခိုက်ခဲ့သည်။

ကောင်းကင်မိစ္ဆာ လူဝံ မျိုးနွယ်စုမှ ယွဲ့ချန်း မဟာပဏ္ဍိတသည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့က နတ်ဘုရား နယ်မြေ အတွင်းသို့ ထွက်ခွာသွားသည်နှင့် ချက်ချင်းပင် လင်းယွမ် တောင်တန်းထံသို့ ပြန်သွား၍ စောင့်ကြပ်ခဲ့သည်။

အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက် မျိုးနွယ်စုမှ အစွန်းရောင် စိတ်ဝိညာဉ် မဟာပဏ္ဍိတ၊ ငရဲကိုးလွှာ တစ္ဆေမျောက် မျိုးနွယ်စုမှ ငရဲကိုးလွှာ မဟာပဏ္ဍိတနှင့် လင်းယွမ်တောင်ပေါ်တွင် နေထိုင်နေသော စွမ်းနီ မဟာပဏ္ဍိတတို့သည် ကောင်းကင် ဂရန်းမာစတာ

+

မဟာပဏ္ဍိတ အနောက်မှနေ၍ နတ်ဘုရား နယ်မြေ
အတွင်းသို့ လိုက်ပါသွားကြသည်။

သူတို့သည် စိတ်ခတ် တက်ကြွစွာဖြင့်
ထွက်ခွာသွားခဲ့ကြသော်လည်း ဒဏ်ရာများစွာဖြင့်
ပင်ပန်းနွမ်းနယ်နေကာ မဟာလွင်တီးခေါင် ကုန်းမြေသို့
ပြန်လည် ဆုတ်ခွာလာခဲ့ရသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် လုယွမ်
မဟာပဏ္ဍိတနှင့် လုရှန်ခေါ့တို့၏ ကြားဖြတ်
တိုက်ခိုက်မှုကို ခံခဲ့ရ၍ သေလုမျောပါး ဖြစ်သွားခဲ့သည်။
သူသည် ဒဏ်ရာ အပြင်းအထန် ရသွားခဲ့ပြီး
လွတ်မြောက်အောင် မနည်း ထွက်ပြေးလာခဲ့ရသည်။

+

စွမ်းနီ မဟာပဏ္ဍိတမှာမူ ဤကဲ့သို့ ကံမကောင်းပေ။ လူတစ်အုပ်စုသည် သူ့အား မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ရေအိုင်တစ်ခု အပေါ်တွင် ဝန်းရံခဲ့ကြရာ သူ့အနေဖြင့် လွတ်လမ်း မမြင်နိုင်တော့ချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ငရဲမီး ချောက်ကမ်းပါးမှ ဒုတိယမျိုးဆက် ခေါင်းဆောင်ဖြစ်သော ထျန်းချန် သူတော်စင် တန်ကျွင်း၊ နိဗ္ဗာန်ကမ္ဘာမှ ဒုတိယ မျိုးဆက် ခေါင်းဆောင်ဖြစ်သော ထျန်းကျင်း သူတော်စင် ကျိုးယွင်ချုံး၊ ချင်းဝူစံအိမ်မှ ဒုတိယ မျိုးဆက် ခေါင်းဆောင် ဖြစ်သော ထျန်းရှု သူတော်စင် ဟန်ရန်နှင့် ကောင်းကင်ဘုံကျောင်းမှ ဒုတိယ မျိုးဆက် အကြီးအကဲ ဖြစ်သော ထျန်းပိ သူတော်စင် ယင်းလော်ရှတို့ ဖြစ်ကြသည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်များမှ အစွမ်းထက် ကျင့်ကြံသူများ တစ်ဝက်ကျော်တို့ ထွက်လာခဲ့ကြသည်။

သူတို့သည် အင်မော်တယ် ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူများသာ ဖြစ်ကြသော်လည်း စွမ်းနီ မဟာပဏ္ဍိတအား ဝန်းရံမိကြသော အခါ ပေါင်းစည်းကြယ်စင် ဝိညာဉ် အဆင့်မှ မဟာမိစ္ဆာ ကပင် လွတ်မြောက်နိုင်ရန် မျှော်လင့်ချက် မရှိနိုင်တော့ပေ။

စွမ်းနီ မဟာပဏ္ဍိတသည် ခက်ထန်စွာဖြင့် ဘေးပတ်ဝန်းကျင်အား အကဲခတ်လိုက်သည်။ တန်ကျွင်းနှင့် သူတို့အုပ်စု အပြင် မဟာယာန အဆင့်မှ မော်ရတနာ ဖြစ်သော ထျန်းချင် ရှေးဟောင်းဓားကလည်း ကောင်းကင်ကိုးလွှာ အပေါ်မှနေ၍ သူ့ခေါင်းပေါ်သို့ ဓားသွားကို

+

ချိန်ရွယ်ထားကာ လွင့်မျောနေခဲ့သည်။ သူသည် တန်ကျွင်းတို့ အုပ်စု၏ အရန် အစီအစဥ် ဖြစ်သည်မှာ သိသာနေသည်။

ဤအရာများ အားလုံးသည် စွမ်းနီ မဟာပဏ္ဍိတအား အခက်တွေ့စေခဲ့သည်။ သူသည် ထွက်ပြေး လွတ်မြောက်နိုင်ခဲ့လျှင်ပင် လုံး၀ မလွယ်ကူသော အရာတစ်ခု ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဤမဟာ မိစ္ဆာသည် ခက်ထန်ကာ ကြီးစိုး လွှမ်းမိုးနိုင်သူ ဖြစ်သည်။ ထွက်ပြေး လွတ်မြောက်နိုင်ရန် အခွင့်အရေး အလွန် နည်းပါးသည်ကို သိနေခဲ့သော်လည်း သူ၏ မျက်လုံးများသည် သွေးရောင် လွှမ်းလာခဲ့၍ သူတို့နှင့် အသက်ချင်းလဲရန် ဆုံးဖြတ်ခဲ့သည်။

+

သို့တိုင်အောင် သူ၏ ရန်သူများသည် ကိုင်တွယ်ရန် လွယ်ကူသော သူများ မဟုတ်ချေ။

တန်ကျွင်း၊ ဟန်ရန်နှင့် ကျိုးယွင်ချုံးတို့သည် ပြီးခဲ့သော ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်များ အတွင်း၌ တိုက်ခိုက်နိုင်မှု အကောင်းဆုံး ကျင့်ကြံသူ သုံးယောက် ဖြစ်သည်ဟု သတ်မှတ်ခြင်း ခံခဲ့ရသည်။

ကျိုးယွင်ချုံးသည် သူ၏ နာမည်ကို အစောဆုံး တည်ဆောက်ခဲ့သူ ဖြစ်ပြီး မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို ပိုင်ဆိုင်ထားကာ မီးလောင်ပြာကျသောယန် အသက်ဝိညာဉ်ကို ထုတ်ဖော်၍ သေစေနိုင်သော အဆုံးအဖြတ် တိုက်ခိုက်မှု

+

တစ်ခုကို ထုတ်လွှတ်နိုင်သည်။ သူသည် အမြဲပင် ဆုံးဖြတ်ချက် ပြတ်သား၍ ရက်စက်တတ်သူ ဖြစ်သည်။

စွမ်းနီ မဟာပဏ္ဍိတ၏ မိစ္ဆာ ကျင့်ကြံမှု အဆင့်နှင့်ပင် သူသည် ကျိုးယွင်ချုံး၏ မီးလောင်ပြာကျသောယန် အသက်ဝိညာဉ်၏ တိုက်ခိုက်မှု မခံရစေရန် အထူး သတိပြု၍ ရှောင်တိမ်းရမည် ဖြစ်သည်။

ထို့အပြင်တွင် တန်ကျွင်းသည် မီးသခင် ခန္ဓာကိုယ်နှင့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား ပိုင်ဆိုင်ထား၍ သူ၏ တိုက်ခိုက်မှု ပုံစံသည် ကြမ်းတမ်းကာ တိုက်စစ်ရော ခံစစ်ပါ ထူးချွန် ထက်မြက်သည်။ သူသည် စွမ်းနီ မဟာပဏ္ဍိတအား အန္တရာယ် ပေးနိုင်သော နောက်ထပ် ခြိမ်းခြောက်မှု တစ်ရပ် ဖြစ်သည်။

+

အခြားတစ်ဘက်တွင် နေးကွေးကာ သတိထားစရာ မလိုသည့်ပုံ ပေါက်နေသည့် ဟန်ရန်၏ လက်အတွင်းတွင် ဓားရှည်တစ်လက်အား ကိုင်ဆောင်ထားသည်။ သို့သော်လည်း အမှန်တွင် သူသည် သူတို့သုံးယောက် အတွင်းတွင် အစွမ်းအထက်ဆုံး တိုက်ခိုက်နိုင်မှု စွမ်းအားကို ပိုင်ဆိုင်ထားသည်။

စွမ်းအားများကို ချွေတာ၍ ရေရှည် တိုက်ခိုက်သည့် တိုက်ပွဲ အတွင်းတွင် စွမ်းနီ မဟာပဏ္ဍိတသည် ဟန်ရန်၏ ဓားချက်ကို ခံယူရမည့် အစား ကျိုးယွင်ချုံး သို့မဟုတ် တန်ကျွင်းတို့၏ တိုက်ခိုက်မှုကို ခံယူလိမ့်မည် ဖြစ်သည်။

+

ထိတ်လန့် တုန်လှုပ်ဖွယ်ရာ လော်ယွမ်
ဖျက်ဆီးသူခေးသည့် အခြား စွမ်းအားများ အပြင်
ကောင်းကင်ဖျက်ဆီး ခေးချီ၏ စိတ်ဝိညာဉ်
အနှစ်သာရများကို အမွေ ဆက်ခံထားသည်။

သူ၏ ဘယ်လက်တွင် အမာရွတ် တစ်ခု ရှိနေကာ
ထိုအမာရွတ်မှ သွေးများ ယိုစီးနေသကဲ့သို့
အလင်းစက်များက အဆက်မပြတ် စီးဆင်းနေခဲ့သည်။

ဟန်ရန်သည် အင်မော်တယ်ဝိညာဉ် အဆင့်သို့
ရောက်ခဲ့သည်မှာ ကြာပြီဖြစ်ပြီး သူ၏ လက်ရှိ
ခန္ဓာကိုယ်သည် သူ၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွားဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။
သို့သော်လည်း ဤဒဏ်ရာသည် မသက်သာသေးပဲ ယခု
အချိန်အထိ ရှိနေဆဲ ဖြစ်သည်။

+

ထို့ကြောင့်ပင် စွမ်းနီ မဟာပဏ္ဍိတသည် ပို၍
သတိထားနေခဲ့ခြင်း ဖြစ်သည်။

ဟန်ရန်၏ ကိုယ်ပေါ်မှ ဒဏ်ရာသည် သူ့ကြောင့်
ရရှိထားခြင်း မဟုတ်ပဲ ဟန်ရန် ကိုယ်တိုင်က သူ့ဓားဖြင့်
ကိုယ့်ကိုယ်ကိုယ် ဖြတ်တောက်ထားခြင်း ဖြစ်သည်။

ဒဏ်ရာရသွား အပြီးတွင် ဟန်ရန်၏ နောက်ပိုင်း
တိုက်ခိုက်မှုများသည် သိသိသာသာ ပို၍
အစွမ်းထက်လာခဲ့မှန်းကို စွမ်းနီ မဟာပဏ္ဍိတသည်
ကောင်းစွာ သတိထားမိခဲ့သည်။

+

ထူးခြားစွာပင် ဒဏ်ရာက ပိုဆိုးလာလေလေ ဟန်ရန်၏ တိုက်ခိုက်မှုများသည် ပိုမို ပြင်းထန်လာလေလေ ဖြစ်သည်။

ဒဏ်ရာ အတွင်းမှ ထူးခြားသော ပြောင်းပြန် သွေးစွမ်းအင် တစ်ခုအား ထုတ်ဖော်နိုင်ကာ သူ၏ ဓားအရှိန်အဝါ အတွင်းသို့ ထည့်သွင်းနိုင်သည်။ ဤအရာသည် ဟန်ရန်၏ ကိုယ်ပိုင် လျှို့ဝှက်စွမ်းအား ဖြစ်သည်။

ပြောင်းပြန် သွေးစွမ်းအင်သည် ဟန်ရန်၏ ဓားပညာရပ် စွမ်းအားများကိုသာ တိုးတက်စေသည် မဟုတ်ပဲ အဆက်မပြတ် လည်ပတ်နေရင်း သူ၏ အသက် စွမ်းအားများကိုပင် ထောက်ပံ့ပေးနိုင်ခဲ့သည်။

+

သဘောတရား အရဆိုလျှင် သူသည် ဒဏ်ရာ
အပြင်းအထန် ရနေ၍ သေလုနီးပါး ဖြစ်နေသော
အချိန်တွင် သူ၏ စွမ်းအားများသည် အထွတ်အထိပ်
အခြေအနေသို့ ရောက်သွားမည် ဖြစ်သည်။
သို့သော်လည်း ဤအရာသည် သူက တစ်ခေါက်
တိုက်ခိုက်ရုံသာ စွမ်းအားများ ကျန်တော့သည်ဟု
ဆိုလိုနေခြင်းလည်း ဖြစ်သည်။ ဤတစ်ခေါက်
တိုက်ခိုက်အပြီးတွင် အကယ်၍ ကောင်းမွန်စွာ ကုသခြင်း
မခံခဲ့ရပါက သူ၏ ဒဏ်ရာများသည် ပို၍
ပြင်းထန်လာကာ အသက်ပျောက်သွားမည် ဖြစ်သည်။

သို့ရာတွင် ယခုအချိန်၌ သူ၏ဘေးတွင် အပေါင်းအဖော်
များစွာ ရှိနေကြသဖြင့် ဟန်ရန်သည် ဤအချက်ကို စိုးရိမ်
ပူပန်နေစရာ မလိုတော့ချေ။

+

သူသည် အချိန်တိုင်း၌ အသက်စွန့်ကာ စွန့်စားလိမ့်မည် မဟုတ်သော်လည်း လိုအပ်လာပါက သူသည် ဤကဲ့သို့ ပြုလုပ်ရန် တွေဝေနေလိမ့်မည် မဟုတ်ချေ။

ပြောင်းပြန် သွေးစွမ်းအင်၏ ထောက်ပံ့မှု အောက်တွင် သူ၏ လော်ယွမ် ဖျက်ဆီးသူဓားသည် ပို၍ပို၍ ခက်ထန်လာကာ တိုက်ခိုက်မှု စွမ်းအားများ အရ သူသည် တန်ကျွင်း သို့မဟုတ် ကျိုးယွင်ချုံးတို့ထက် များစွာပို၍ သာလွန်သွားသည်။

တစ်ချိန်တည်းတွင် စွမ်းနီ မဟာပဏ္ဍိတအား ခေါင်းကိုက်စေသည့် နောက်ထပ် လူတစ်ယောက်မှာ အဝေးတွင် ရှိနေသော ယင်းလော်ရှပင် ဖြစ်သည်။

+

မျက်လုံးများသည် ဝံပုလွေ တစ်ကောင်အလား
လင်းလက်နေသော အသက်မည်းမည်း ပိန်ပိန်ပါးပါးနှင့်
ဆယ်ကျော်သက် တစ်ယောက်သည် သူ့အနားသို့
မချဉ်းကပ်လာပဲ စွမ်းနီ မဟာပဏ္ဍိတအား အဝေးမှသာ
စိုက်ကြည့်နေခဲ့သည်။ သူ၏ ခန္ဓာကိုယ်သည် လက်ကနဲ
ဖြစ်သွား၍ လျှင်မြန်စွာ နေရာ ပြောင်းရွှေ့နေသည်။

သူ၏ နှုတ်ခမ်း ထောင့်စွန်းသည် အေးစက်စွာ
မဲ့ပြုံးပြုံးနေ၍ သူ၏ လက်အတွင်းတွင်
ဓားမြှောင်တစ်လက်အား အောက်စိုက်၍
ကိုင်ဆောင်ထားသည်။ သူ၏ နေရာကို အမြဲတမ်း
ပြောင်းလဲနေသော်လည်း စွမ်းနီ မဟာပဏ္ဍိတအား
အမြဲတစေပင် ချိန်ရွယ်နေခဲ့သည်။

ဤပုံစံသည် သူက စွမ်းနီ မဟာပဏ္ဍိတအား သားကောင်
အဖြစ်သို့ သဘောထားကာ လှောင်ပြုံး ပြုံးနေ၍
+

စိတ်ရှည်စွာ စောင့်ကြည့်နေခြင်း ဖြစ်သည်။ ဤအရာကို တွေ့ခဲ့ရသော အခါ စွမ်းနီ မဟာပဏ္ဍိတသည် အမျက်ချောင်းချောင်း ထွက်လာ၍ ဒေါသ အလိပ်လိပ် တက်လာလေသည်။

အကယ်၍ ယင်းလော်ရှ တစ်ယောက်တည်းသာ ဆိုလျှင် သူသည် ဤမျှအထိ ဂရုစိုက်နေလိမ့်မည် မဟုတ်ချေ။ သူသည် ဤကောင်လေးအား ပညာကောင်းကောင်း ပေးလိုက်မည် ဖြစ်သည်။

သို့သော်လည်း သူသည် တန်ကျွင်း၊ ဟန်ရန်၊ ကျိုးယွင်ချုံးတို့အား တစ်ပြိုင်နက် တိုက်ခိုက်နေရသဖြင့် ယင်းလော်ရှထံသို့ မသွားနိုင်ခဲ့ပေ။ ပို၍ ဆိုးသည်မှာ သူသည် ယင်းလော်ရှအား လျစ်လျူရှုထား၍လည်း မရခြင်း ဖြစ်သည်။ အကယ်၍ ယင်းလော်ရှသည် သူ့အား ချောင်းမြောင်း တိုက်ခိုက်နိုင်ခဲ့ပါက နောက်ဆက်တွဲ

+

တုံ့ပြန်မှုများစွာ ဖြစ်လာခဲ့မည် ဖြစ်သည်။ ထိုအချိန်တွင် သူသည် တန်ကျွင်းနှင့် ကျန်သောသူများအား ခုခံနိုင်တော့မည် မဟုတ်ချေ။

အကယ်၍ သူသည် ယင်းလေဝ်ရှအား အာရုံစိုက်နေပါက တန်ကျွင်းတို့ အုပ်စု၏ တိုက်ခိုက်မှုများကို ခံခဲ့ရလျှင် အန္တရာယ် အကြီးအကျယ် ရောက်သွားနိုင်သည်။

ဤအရာများ အားလုံးသည် စွမ်းနီ မဟာပဏ္ဍိတအား အကြီးအကျယ် အမျက်ထွက်စေကာ သူ့အရှေ့မှ လူငယ်လေးများကို နုပ်နုပ်စဉ်းပစ်ချင်စိတ်များ ပေါက်စေခဲ့သည်။

ထို့အပြင် တန်ကျွင်းသည် စိတ်ပြတ်သားကာ ကျိုးယွင်ချုံးသည် ထူးမခြားနား ပုံစံဖြင့်

+

ယင်းလော်ရှသည် တသီးတခြား နေတတ်ပြီး  သူတို့သည် တိုက်ပွဲ အတွင်းတွင် စကား သိပ်မပြောကြပေ။ သို့သော်လည်း ဟန်ရန်သည် သူ့အား အဆက်မပြတ် ရန်စနေခဲ့သည်။

"အစ်ကိုကြီးတီက ဒီနေရာမှာ မရှိတာ အတော်နာတာပဲ… မဟုတ်ရင် ငါတို့က ဒီခြသေ့်အိုကြီးကို အချိန် ဖြုန်းနေစရာ မလိုပဲ ချက်ချင်း တိုက်စစ်ဆင်ပြီး ပွဲသိမ်းနိုင်မှာ"

သူတို့ ဆရာများ၏ သင်ကြားပုံများ သို့မဟုတ် သူတို့ မျိုးနွယ်စု၏ ထုံးစံများကြောင့်မှန်း မသိပဲ ရှိနေကြသော သူများအနက် တန်ကျွင်း တစ်ယောက်သာ တိုက်စစ်နှင့် ခံစစ်များကို တစ်ပြိုင်နက် ထုတ်လွှတ်နိုင်ခဲ့သည်။ သို့တိုင်အောင် သူ၏ တိုက်ခိုက်မှုများသည် သူ၏ ခံစစ်များထက် ပို၍ သန်မာနေသေးသည်။ ဟန်ရန်၊

+

ကျိုးယွင်းချုံးနှင့် ယင်းလော်ရှတို့သည် ရှုထောင့် တစ်မျိုးမှ ကြည့်လိုက်လျှင် ခံစစ်များကို လျစ်လျူရှုထားပြီး တိုက်စစ်ဆင်နေကြခြင်းသာ ဖြစ်သည်။

ဘာပဲပြောပြော စွမ်းနီ မဟာပဏ္ဍိတသည် ပေါင်းစည်းကြယ်စင် ဝိညာဥ် အဆင့်မှ မဟာမိစ္ဆာ တစ်ကောင် ဖြစ်သည်။ သူ၏ ကြီးမားလှသော စွမ်းအားများဖြင့် အသက်စွန့်ကာ ရန်သူအား တိုက်ခိုက်နေသောအခါ ထိခိုက်မိပါက ကပ်ဘေးဆိုက်သွားမည် ဖြစ်သည်။

ဟန်ရန်နှင့် ကျန်သောသူများသည် သိသိသာသာ အသာစီး ရနေကြ၍ စွမ်းနီ မဟာပဏ္ဍိတသည် အသက်ရှင်လျက် လွတ်မြောက်နိုင်ရန် မဖြစ်နိုင်တော့ပေ။ သို့သော်လည်း အကယ်၍ သူတို့သည်

+

သူ့အား ထိခိုက်မှုများ မရှိပဲ သတ်ဖြတ်လိုပါက အလွန်အမင်း စိတ်ရှည်ရမည် ဖြစ်သည်။

စွမ်းနီ မဟာပဏ္ဍိတသည် ဒဏ်ရာ အများအပြား ရရှိထားပြီး ဖြစ်ကာ ဒဏ်ရာ အများစုသည် ဟန်ရန်၏ လက်ချက်များ ဖြစ်သည်။ သူသည် သူ့အရှေ့မှ ခရမ်းရောင် ဝတ်စုံအား ဝတ်ဆင်ထားသော ပျင်းရိပျင်းတွဲ ဆယ်ကျော်သက်အား အေးစက်စွာ စိုက်ကြည့်နေရင်း တွေးလိုက်သည်။ "ကြည့်ရတာ ဒီကောင်စုတ်လေးကို အရင် အပြတ်ရှင်းမှ ထင်တယ်"

ပြီးတာနှင့် သူ၏ ပုံရိပ်သည် လင်းလက်လာကာ ဟန်ရန် အပေါ်သို့ ခုန်အုပ်လိုက်သည်။ ခရမ်းရောင် မီးခိုး မြေမိုးကြိုး လှိုင်းလုံးများသည် ခရမ်းရောင် တိမ်တိုက်များ အလား ဟန်ရန်အား ဖုံးလွှမ်းသွားခဲ့သည်။ ထိုခရမ်းရောင်

+

မီးခိုးငွေ့များ အကြားတွင် ကြယ်အလင်းတန်းများက ရေးရေးလေး လင်းလက်နေခဲ့သည်။

စွမ်းနီ မဟာပဏ္ဍိတသည် ထွက်ပြေးလိုသော အကြံအား လုံးဝ စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။ ထို့အစား သူသည် သူ့ရန်သူများနှင့် အသက်ချင်းလဲရန် ဆုံးဖြတ်ခဲ့ကာ သူ၏ အတွင်း စွမ်းအားများ အားလုံးတို့ကို ဖောက်ခွဲလိုက်တော့မည် ဖြစ်သည်။

စွမ်းနီ မဟာပဏ္ဍိတသည် သူ၏ အသက်အား စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့သော်လည်း သတိလက်လွတ် မဖြစ်သွားသေးပေ။ သူသည် ဟာန်ရန်အား ရွေးချယ်ခဲ့ခြင်းမှာ သူသည် သူ့အား အဆက်မပြတ် ဒေါသထွက်ရန် ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ အခြားတစ်ဘက်တွင် ဟာန်ရန်သည် သူ့အဖော်များ

+

အနက် အကောင်းဆုံး တိုက်ခိုက်သူ ဖြစ်နေသော်လည်း ခံစစ်အရ အားအနည်းဆုံး ဖြစ်သည်။

စွမ်းနီ မဟာပဏ္ဍိတသည် သူ့အပေါ်သို့ ခုန်အုပ်လာသည်ကို တွေ့ခဲ့ရသော အခါ ဟန်ရန်သည် ထုံထိုင်းထိုင်း အမူအရာသာ ရှိနေသေးသော်လည်း သူ၏ အကြည့်သည် ရုတ်တရက်ပင် ပြတ်သားမှုများနှင့် တောက်ပလာသည်။

သူသည် သူ၏ ကိုယ်ပိုင် စွမ်းအားများနှင့် အားနည်းချက်များကို စွမ်းနီ မဟာပဏ္ဍိတထက် ပိုသိထားသည်။ သူ့အား စကားလုံးများဖြင့် ရန်စနေရခြင်းသည် သူ၏ ကိုယ်ပိုင် စရိုက်အပြင် ပြိုင်ဘက်အား သူ့အား တိုက်ခိုက်ရန် မြူဆွယ်နေခဲ့ခြင်း ဖြစ်သည်။

+

မျှော်လင့်ထားသည့် အတိုင်း စွမ်းနီ မဟာပဏ္ဍိတသည်
သူ့အား တိုက်ခိုက်လာခဲ့သော အခါ ဟန်ရန်သည်
စကားမပြောတော့ပဲ အင်မော်တယ် ဝိညာဥ်ကိုယ်ပွား
အဖြစ်သို့ ပြောင်းလဲလိုက်သည်။ ပြီးတာနှင့်
သွေးငွေ့များက ပျံ့နှံ့သွားကာ အနက်ရောင်
အလင်းတန်းများက လင်းလက်လာသည်။

ဓားအလင်းတန်းများသည် ကောင်ကင်နှင့် မြေကြီး
အကြားတွင် အဆုံးမဲ့ ယှက်သန်းနေ၍ မြေ၊ ရေ၊ လေ၊
မီးတို့က ထိုးတက်လာကြကာ သီးသန့် ဓားအရှိန်အဝါ
တစ်ခုစီ ပိုင်ဆိုင်ထားကြသော ဓားရှည် လေးချောင်း
အဖြစ်သို့ ပြောင်းသွားကြသည်။

+

ဟန်ရန်၏ ကိုယ်ပိုင် လော်ယွမ် ဖျက်ဆီးသူခေးနှင့် ဆင်တူနေသော ခေးတစ်လက်မှ လွဲ၍ ကျန်သော ခေးသုံးလက်တို့မှာ စူတောင်၏ သူတော်စင် ကောင်းကင်ခေးချို၊ ကောင်းကင်တံခါးဂိုဏ်း၏ မဟာ ကောင်းကင်ကိုးလွှာ မြင့်မြတ်သောခေး၊ သူ့ဆရာ ဖြစ်သော ခေးကောင်းကင် မာစတာ လော်ချင်းဝူ၏ မူလ စိတ်ဝိညာဉ် အစွန်းရောက်ခေးတို့နှင့် အသီးသီး ဆင်တူနေကြသည်။

ထိုခေး လေးလက်တို့သည် မျဉ်းပြိုင်ဝက်ပါ တစ်ခု အတွင်းတွင် တောက်ပစွာ လည်ပတ်နေကြသည်။ ခေးအရှိန်အဝါနှင့် ခေးအလင်းရောင်များသည် အဆုံးမဲ့ တိုးပွားလာကြကာ ပျံ့နှံ့သွားကြပြီး တိမ်တိုက် မြူခိုးငွေ့များနှင့် တူနေသောသော ခေးလောက တစ်ခုကို ဖန်ဆင်းလိုက်သည်။

+

ဤခေးလောကသည် အတွင်းတွင် ဝင်လာရဲသော ရန်သူများ အားလုံးကို ချေမှုန်းပစ်မည် ဖြစ်သည်။ သတ်ဖြတ်နိုင်သော စွမ်းအားများကို သိသိသာသာ ထိန်းချုပ်ထားသဖြင့် သူ့အား ခံစစ် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည်မှာ သိသာနေသည်။

ဤအရာကို တွေ့ခဲ့ရသော အခါ စွမ်းနီ မဟာပဏ္ဍိတ၏ ရင်သည် လေးလံသွား၍ သူသည် ဟန်ရန်၏ ထောင်ချောက် အတွင်းသို့ ကျရောက်သွားပြီ ဖြစ်သည်ကို သဘောပေါက်သွားခဲ့သည်။

သူသည် ထိုအရာအား လျစ်လျူရှုထား၍ ဟန်ရန်၏ ခေးလောကအား အားသုံး၍ ရင်ဆိုင်ကာ သူ၏ အသက်ကို စွန့်၍ တိုက်ခိုက်မည်ဟု တွေးနေခဲ့သည်။ သို့သော်လည်း ဤအချိန်တွင် တန်ကျွင်း၏ နဖူးပေါ်မှ တောက်ပသော အလင်းတန်း တစ်တန်း

+

လင်းလက်လာ၍ ပတ်ဝန်းကျင်တွင် နတ်ဘုရား
ပုံစံများဖြင့် ပြည့်သွားသည်ကို တွေ့လိုက်ရသည်။

ထိုနတ်ဘုရား ပုံစံများသည် လည်ပတ်နေကြကာ
နှောင်ကြိုးများနှင့် တူနေသော ချိပ်တံဆိပ် တစ်ခုပြီးမှ
တစ်ခု အဖြစ်သို့ ပြောင်းလဲသွားသည်။
ထိုချိပ်တံဆိပ်များသည် ဟင်းလင်းပြင် တစ်လျှောက်တွင်
လှုပ်ရှားနေကြကာ ကောင်းကင်နှင့် မြေကြီးတို့အား
အရောင် ပြောင်းစေခဲ့သည်။

မှန်၏၊ ထိုအရာသည် တန်ကျွန်း၏ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းပင် ဖြစ်သည်။

တန်ကျွင်းသည် ယခင်က သူ၏ မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းအား ထုတ်ဖော်ခဲ့သော အခါ

+

စွမ်းနီ မဟာပဏ္ဍိတသည် ထိုအလင်းတန်းသည် တန်ကျွင်း၏ အခြား မှော်ကျိန်စာများ၏ အခင်းအကျင်း၊ တိကျမှုနှင့် စွမ်းအားများကို တိုးမြှင့်ပေးသည့် ထူးခြား ဆန်းကြယ်သော အလင်းတန်း ဖြစ်သည်ဟု သိထားခဲ့သည်။

ထိုအရာသည် စွမ်းအား မြှင့်တင်မှု သက်သက်သာ မဟုတ်ပဲ မှော်ကျိန်စာများ၏ သဘောတရားနှင့် စိတ်ဝိညာဉ် အဆင့် အတွင်းတွင် ပို၍ ရှုပ်ထွေးလာခြင်း ဖြစ်သည်။ သူသည် ယာယီသာ ဖြစ်သော်လည်း မယုံနိုင်အောင် လျှို့ဝှက် ဆန်းကြယ်လှပေသည်။

သို့သော်လည်း ယခုအချိန်တွင် ကြည့်ရသည်မှာ တန်ကျွင်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် သူ့ကိုယ်တိုင် အပေါ်တွင်သာ

+

အသုံးပြုနိုင်ရုံတင် မကပဲ အခြားသူများ အပေါ်၌လည်း ထောက်ပံ့ပေးနိုင်ခြင်း ဖြစ်သည်။

ဤအချိန် မတိုင်မီက စွမ်းနီ မဟာပဏ္ဍိတသည် သူ့အရှေ့မှ ချာတိတ်လေးများသည် သူ့အတွက် ထောင်ချောက် အကြီးစား တစ်ခု တူးဖော်နေသည်ကို မမြင်နိုင်အောင် ကန်းနေခဲ့သည်။

သူသည် ယခုအချိန်တွင် ထိုထောင်ချောက် အတွင်းသို့ သွားရာလမ်း အပေါ်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ဝမ်းနည်းစရာ ကောင်းသည်မှာ သူသည် အနောက်သို့ ပြန်ဆုတ်လိုနေသော်လည်း အခွင့်အရေး မရှိတော့ခြင်း ဖြစ်သည်။ ကျိုးယွင်ချုံးနှင့် ယင်းလော်ရှတို့သည် ဤအခွင့်အရေးအား အသုံးပြုကာ သူ့အား

+

တိုက်ခိုက်ခဲ့ကြသည်။ အကယ်၍ သူသည် ယခုအချိန်၌ ရပ်တန့်ခဲ့ပါက ပို၍ ကြီးမားသော တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရပေမည်။

## စာစဥ် ၇၄ : အပိုင်း ၄

## အပိုင်း ၁၄၃၄ : ကောင်းကင်မွေးဖွား သူတော်စင်

စွမ်းနီ မဟာပဏ္ဍိတသည် ကျိုးယွင်ချိုးနှင့် ယင်းလော်ရှတို့ လက်ချက်ကြောင့် သေလုမျောပါး ဒဏ်ရာ ရသွားခဲ့ပြီး သူ၏ မိစ္ဆာဝိညာဉ်နှင့် မူလ ခန္ဓာကိုယ်တို့ကလည်း အပြင်းအထန် ထိခိုက်သွားခဲ့သည်။

+

ခရမ်းရောင် မီးခိုး မြေမိုးကြိုးကလည်း ဟန်ရန်၏ ဓားလောကအား ဖောက်ခွဲနိုင်ခဲ့ကာ ဟန်ရန် ကိုယ်တိုင်ကို ဒဏ်ရာ ရရှိစေခဲ့သော်လည်း ဤအရာသည် စွမ်းနီ မဟာပဏ္ဍိတ အတွက် နှစ်သိမ့်စရာ မဟုတ်ခဲ့ချေ။

အဘယ်ကြောင့် ဆိုသော် အကယ်၍ သူသည် ဟန်ရန်အား တစ်ခါတည်း အပြတ် မရှင်းနိုင်ခဲ့ပါက ဟန်ရန်သည် ဒဏ်ရာ အပြင်းအထန် ရရှိသွားသော်လည်း သူ၏ တိုက်ခိုက်နိုင်မှု စွမ်းအားများက ယာယီ တိုးတက်လာမည် ဖြစ်သောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ဤတိုက်ခိုက်မှု အပြီး၌ ဟန်ရန် ရရှိခဲ့သော ဒဏ်ရာများသည် သူ၏ ဒဏ်ရာများလောက်ပင် မပြင်းထန်ချေ။

+

ပြင်းထန်စွာ အတိုက်ခိုက်ခံခဲ့ရကာ ဒဏ်ရာ အကြီးအကျယ် ရရှိသွားခဲ့သဖြင့် စွမ်းနီ မဟာပဏ္ဍိတ၏ တိုက်ပွဲ စွမ်းရည်များသည် ပို၍ ကျဆင်းလာခဲ့သည်။

ယခုအချိန်တွင် သူ၏ အသက်ကို စွန့်၍ တိုက်ခိုက်လျှင်ပင် အကျိုးသက်ရောက်မှု သိပ်ရှိတော့မည် မဟုတ်ချေ။ ဤကဲ့သို့သော အခြေအနေ အထိ ရောက်နေခဲ့သဖြင့် စွမ်းနီ မဟာပဏ္ဍိတကဲ့သို့ မာနကြီးကာ ထောင်လွှားတတ်သော သူတစ်ယောက်ကပင် မျှော်လင့်ချက် ကင်းမဲ့နေသကဲ့သို့ ခံစားခဲ့ရသည်။

ဟန်ရန်၏ အင်မော်တယ် ဝိညာဉ်သည် လူသားပုံစံ အဖြစ်သို့ ပြန်ပြောင်းသွားကာ ဖြူဖျော့နေသော မျက်နှာ၊ အနည်းငယ် တုန်ခါနေသော ခန္ဓာကိုယ်ဖြင့် သူ၏

+

အင်မော်တယ် ဝိညာဉ်ဖြင့် ဖန်ဆင်းထားသော ရုပ်ကိုယ်ခန္ဓာသည် အမာရွတ်များ ပိုတိုးလာခဲ့သည်။

သို့သော်လည်း ပြောင်းပြန် သွေးစွမ်းအင်သည် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးတွင် ဆူပွက်နေကာ သူ့အား ဝန်းရံထားသော မှော်ကျိန်စာ စွမ်းအင်နှင့် ခေးလောကအား ပို၍ အားကောင်းလာစေခဲ့သည်။

"ခြသေ့်အိုကြီး... ငါက ရန်သူတွေနဲ့ ဒဏ်ရာချင်း ဖလှယ်ရမှာကို မကြောက်ဆုံးပဲ... ငါ့ကို သေစေနိုင်တဲ့ ဒဏ်ရာ မဟုတ်ရင် ငါက ပိုပြီးမှ သန်မာလာတယ်" ဟန်ရန်က သွားများပေါ်အောင် ပြုံး၍ ပြောလိုက်သည်။ "အနည်းဆုံးတော့ ခင်ဗျားကို မသတ်နိုင်ခင် အထိ ကျုပ်က သန်မာနေဦးမှာပဲ"

+

စွမ်းနီ မဟာပဏ္ဍိတ၏ မျက်နှာသည် သိသိသာသာ မည်းမှောင်သွားသည်။ သို့သော်လည်း ဟန်ရန်၊ တန်ကျွန်းနှင့် ကျန်သောသူများသည် သူ့အား ဒဏ်ရာ ကုစားနိုင်ရန် အခွင့်အရေးအား အဘယ်မှာ ပေးပါ့မည်နည်း။

အားလုံးတို့၏ တိုက်ခိုက်မှုများသည် ပင်လယ် အတွင်းသို့ ကျဆင်းလာသော တောင်များပမာ ကျရောက်လာ၍ စွမ်းနီ မဟာပဏ္ဍိတအား ရှောင်ရှားနေရင်း အင်အား ကုန်ခန်းစေခဲ့သည်။

တိုက်ပွဲ အတွင်းတွင် တန်ကျွင်း၏ မျက်လုံးများသည် ချက်ချင်း လက်လင်းလာကာ သူလုပ်နေသည့် အလုပ်များကို တစ်ခါမှ မရပ်တန့်ခဲ့ပေ။ သူသည် သူ၏ လက်သီးများကို ယှက်လိုက်ကာ စွမ်းနီ မဟာပဏ္ဍိတ

+

အနားသို့ ရောက်သွားပြီး သူ၏ ဝမ်းဗိုက်တည့်တည့်သို့ ထိုးသွင်းလိုက်သည်။

ဖြူဖျော့နေသော မီးတောက် တစ်ခုသည် တန်ကျွင်း၏ ခန္ဓာကိုယ် အနားမှ ဟင်းလင်းပြင် အတွင်းတွင် ကခုန်နေပြီး အချိန်အား နှေးကွေးစေခဲ့ကာ စွမ်းနီ မဟာပဏ္ဍိတ၏ လုပ်ဆောင်ချက်များကို တုံ့ဆိုင်းစေခဲ့သည်။

တန်ကျွင်း၏ ဘယ်လက်သီးနှင့် ညာလက်သီး အပေါ်တွင် တစ်ဘက်က ခရမ်းရောင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ဖြင့် လောင်ကျွမ်းနေ၍ ကျန်တစ်ဘက်တွင် အပ်တစ်ထောင်တို့ စုစည်းနေသည်နှင့် တူနေသော ရွှေရောင် မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့ ရှိနေသည်။

+

မီးတောက်ချီလင် စဥ်းလဲလက်သီးနှင့် ဗီရိုကာနာ ရွှေကျီး နတ်လက်ဝါးတို့သည် စွမ်းနီ မဟာပဏ္ဍိတ အပေါ်သို့ တစ်ပြိုင်နက် ကျဆင်းလာခဲ့သည်။

စွမ်းနီ မဟာပဏ္ဍိတသည် ကျိုးယွင်ချုံး၏ ထာဝရ ကောင်းကင်ယန် ပေါက်ကွဲခြင်းနှင့် ဟန်ရန်၏ လော်ယွမ် ဖျက်ဆီးသူ ဓားတို့၏ ချောင်ပိတ်မှုကို ခံခဲ့ရသဖြင့် ရှောင်တိမ်းရန် လမ်းမရှိတော့ပေ။ ခရမ်းရောင် မီးခိုး မြေမိုးကြိုးဖြင့် သူ့ကိုယ်သူ အချိန်မီ ကာကွယ်ရန် မတတ်နိုင်တော့ပဲ သူ၏ အဓိက နေရာများကို မထိခိုက်ရန်သာ တားဆီးနိုင်ခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် သန်စွမ်းသော မီးတောက်တစ်ခု ပေါက်ကွဲထွက်လာကာ ခရမ်းရောင်နှင့်

+

ရွှေရောင် မီးတောက်ပင်လယ် အဖြစ်သို့ ပြောင်းသွားပြီး ရေအိုင်အတွင်းမှ ရေများ အားလုံးနီးပါးကို အငွေ့ပျံစေခဲ့၍ စွမ်းနီ မဟာပဏ္ဍိတအား သေလုမျောပါး အဖြစ် ရိုက်နှက်ခဲ့သည်။

တန်ကျွင်း၏ သန်စွမ်းသော သွေးစွမ်းအင်များကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဒုတိယ မျိုးဆက် အတွင်းတွင် ဟွမ်ကျန်းထင်ကသာ ယှဉ်နိုင်သည်။ မဟာ အကြွင်းမဲ့မီးတောက် နှစ်မျိုးတို့၏ ဖျက်ဆီးနိုင်မှု စွမ်းအားများဖြင့် ထောက်ပံ့ထားသော သူ၏ လက်သီးနှစ်ချက်သည် စွမ်းနီ မဟာပဏ္ဍိတ၏ ရုပ်ကိုယ်ခန္ဓာ ဖွဲ့စည်းပုံဖြင့်ပင် ခံနိုင်ရန် မလွယ်ကူပေ။ ထို့အပြင် သူသည် ယခင်က ဒဏ်ရာ အပြင်းအထန် ရခဲ့ပြီး ဖြစ်သည်။

+

"ဟေး… ဘာဖြစ်သွားတာလဲ" တန်ကျွင်း တိုက်ခိုက်ပြီးသွားသော အခါ ဟန်ရန်က ရုတ်တရက်ပင် စိတ်ချင်း ဆက်သွယ်၍ မေးလိုက်သည်။

တန်ကျွင်းက ပြန်ဖြေလိုက်သည်။ "ဒေါ်လေး လော်ချင်းဝူဆီက သတင်းကို အခုပဲ ရလိုက်တယ်"

ဟန်ရန်က သူ့အား ဘာဖြစ်နေသည်ကို မမေးခဲ့ပဲ သူ၏ခေါင်းကို သာမန်သာ ညိတ်၍ ပြောလိုက်သည်။ "လိုအပ်မယ် ဆိုရင် နတ်ဘုရား နယ်မြေကို ပြန်သွားလိုက်ပါ… မင်းကို စိတ်ပျံ့လွင့်စေတဲ့ တစ်စုံတစ်ရာဟာ အရေးကြီးလို့ပဲ ဖြစ်တယ်"

ပြီးတာနှင့် ဟန်ရန်သည် ချက်ချင်းပင် သူကိုင်ထားသော ဓားကို ရုပ်သိမ်းလိုက်၍ သူ့ခေါင်းအပေါ်တွင်

+

မြှောက်လိုက်ကာ လေးနက်စွာဖြင့် ပြောလိုက်သည်။
"အကြီးအကဲ ထိုက်ချင်... ကျေးဇူးပြုပြီး..."

ဟင်းလင်းပြင် အတွင်းတွင် ထိုက်ချင်
ရှေးဟောင်းဓားသည် တဝီဝီမြည်ကာ ကျဆင်းလာသည်။
ဟန်ရန်သည် ထိုက်ချင် ရှေးဟောင်းဓားအား
ကိုင်ဆောင်လိုက်ရာ နိမိတ်မကောင်းသည့် အနက်ရောင်
ဓားအလင်းတန်းများသည် ထိုက်ချင် ရှေးဟောင်းဓား၏
ကြည်လင်နေသော ဓားအလင်းတန်းများနှင့်
ပူးပေါင်းသွားကာ ချက်ချင်း ဆိုသလိုပင်
ဓားစွမ်းအင်များက ကောင်းကင်ပေါ်သို့
ထိုးတက်သွားသည်။

ထိုက်ချင် ရှေးဟောင်းဓား၏ တိမ်မဲ့ ကောင်းကင်ကဲ့သို့
ကျယ်ပြန့် အားကောင်းသော ဓားအလင်းတန်းသည်
ဤအချိန်၌  အနက်ရောင်သို့ ပြောင်းသွားသော်လည်း
+

နေ့အလင်းရောင်မှ ညဘက်သို့ ပြောင်းသွားသော ကောင်းကင်၏ အရောင်ကဲ့သို့ ကြည်လင်နေဆဲပင် ဖြစ်သည်။

ဟန်ရန်သည် သူ၏ဓားကို မြှောက်လိုက်၍ ခုတ်ချလိုက်ရာ ဓားအလင်းတန်းသည် စွမ်းနီ မဟာပဏ္ဍိတ၏ ကြံ့ရာမရ ဖြစ်နေသော မျက်နှာအား ထိန်လင်းစေခဲ့သည်။

တန်ကျွင်းသည် ရိုးရှင်း၍ တဲ့တိုး ပြောတတ်သောသူ တစ်ယောက် ဖြစ်၍ သူ၏ခေါင်းကို ညိတ်ကာ ပြောလိုက်သည်။ "ဒီလိုဆိုရင် ငါမင်းတို့ကို ထားခဲ့လိုက်မယ်"

+

သူ၏စကား ဆုံးသည်နှင့် သူသည် တိုက်ပွဲအတွင်းမှ ထွက်သွားခဲ့သည်။ သူသည် ယင်းလော်ရှနှင့် ကျိုးယွင်ချုံးတို့အား ခေါင်းညိတ်ပြလိုက်ကာ တိုက်ပွဲအား အဝေးမှ ကြည့်နေကြသော အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အင်မော်တယ်ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူများထံသို့ ရောက်သွားခဲ့သေ ပြောလိုက်သည်။

"ငါက နတ်ဘုရား နယ်မြေ အတွင်းမှ လုပ်စရာ ကိစ္စရှိလို့ မင်းတို့က ဂိုဏ်းတူဦးလေး ယင်းလော်ရှ၊ ကျိုးယွင်ချုံး၊ ဟာန်ရန်တို့နဲ့ပဲ လိုက်ပြန်လာလိုက်ကြပါ"

ထိုအုပ်စု၏ ခေါင်းဆောင်ဖြစ်သော တန်ယွင်ချင်းနှင့် ကျန်သောသူများသည် တန်ကျွင်း ဘယ်သွားမည်ကို မမေးခဲ့ကြပဲ သူတို့၏ ခေါင်းများကိုသာ ညိတ်လိုက်ကြ၍

+

ပြောလိုက်သည်။ "ကျွန်တော်တို့ အတွက်
စိတ်မပူနေပါနဲ့… သွားမှာသာ သွားပါ"

ပြီးတာနှင့် တန်ကျွင်းသည် ဟင်းလင်းပြင်အား
ချိုးဖောက်သွားကာ ဤဒိုင်မန်းရှင်း အတွင်းမှ
ပျောက်ကွယ်သွားခဲ့သည်။ သူ့အနောက်တွင်
ဟန်ရန်သည် ထိုက်ချင် ရှေးဟောင်းဓားအား
ပင့်မြှောက်လိုက်ကာ စွမ်းနီ မဟာပဏ္ဍိတ အနားသို့
ရောက်လာခဲ့သည်။

"နတ်ဘုရားနယ်မြေ အတွင်းမှာ ပုံမမှန်တဲ့
လှုပ်ရှားမှုတွေကို တွေ့နေရတယ်… ဒါက မင်းရဲ့အဖေ
တန်ဝန်ဟွာ ဖြစ်ဖို့ ရာခိုင်နှုန်း များတယ်"

+

ဤအရာသည် လော်ချင်းဝူက တန်ကျွင်းထံသို့ ပေးပို့လာသော သတင်းဖြစ်သည်။

လေကျဲနှင့် မတူသော်လည်း တန်ကျွင်းသည် ကောင်းကင်မွေးဖွား သူတော်စင် သို့မဟုတ် တန်ဝန်ဟွာနှင့် ပတ်သတ်၍ စိုးရိမ်မှုများ အနည်းငယ် ရှိနေသည်။

သူနှင့် တန်ဝန်ဟွာတို့ အကြားတွင် ဖြေရှင်းရမည့် ရန်ငြိုးရန်စများ မရှိချေ။ တန်ကျွင်း အနေဖြင့် တန်ဝန်ဟွာ အပေါ်မှ သူ၏ ခံစားချက်များသည် ရှုပ်ထွေးသော်လည်း ရိုးရှင်းနေ၍ ရင်းနှီးသော်လည်း ဝေးကွာနေသည်။

+

သူနှင့် သူ့ဖခင် အကြားတွင် သံယောဇဉ်များ မရှိခဲ့ပေ။ သူသည် သူ၏ မီးသခင် ခန္ဓာကိုယ်အား တန်ဝန်ဟွာထံမှ အမွေ ရရှိခဲ့သော်လည်း တန်ဝန်ဟွာ၏ မျက်လုံးများ အတွင်းတွင် သူသည် တီထွင်မှု တစ်ခုသာ ဖြစ်သည်။

သူ၏ လက်ရှိ စွမ်းဆောင်ရည်များသည် တန်ဝန်ဟွာ၏ ကျေးဇူး တစ်စိတ်တစ်ပိုင်း ပါနေသော်လည်း သူကလေးဘဝက ခံစားခဲ့ရသော ဒုက္ခများသည်လည်း သူတစ်ခါမှ မတွေ့ဖူးခဲ့သော ဤဖခင်ကြောင့်ပင် ဖြစ်သည်။

တန်ကျွင်း ဂရုအစိုက်ဆုံးသော သူသည် သူ၏ မိခင်သာ ဖြစ်သည်။ သူမ သေဆုံးခါနီးတွင်ပင် သူမသည် သူမအား ဖိနပ်စုတ် တစ်ရံကဲ့သို့ ပစ်သွားကာ အစအန ရှာမရပဲ ပျောက်ကွယ်သွားသည့် သူအား တမ်းတနေခဲ့သေးသည်။

+

သူတို့၏ ရစ်တွယ်နေသော ကံကြမ္မာသည်
တန်ကျွင်းအား ညတွင် အိပ်စက်မရ ဖြစ်စေခဲ့သည်။
အနည်းဆုံးတော့ သူသည် ဤကိစ္စအား
အဖြေပေါ်သည်အထိ ဖြေရှင်းကာ သေသွားသော
သူ့မိခင်အား ငြိမ်းချမ်းစွာ အနားယူစေလိုနေသည်။

တန်ကျွန်းသည် အလောတကြီး ပျံသန်းသွားခဲ့ရာ
နတ်ဘုရားနယ်မြေ အတွင်းသို့ အချိန်မကြာမီပင်
ရောက်ရှိသွား၍ လော်ချင်းဝူသည် သူ့အား
စောင့်နေသည်ကို တွေ့လိုက်ရသည်။

"ဒေါ်လေး" တန်ကျွင်းသည် လော်ချင်းဝူအား
တွေ့ခဲ့သော အခါ ဦးညွတ်လိုက်ပြီး
နှုတ်ဆက်လိုက်သည်။ လော်ချင်းဝူကလည်း အသိအမှတ်

+

ပြုသည့် အနေဖြင့် ခေါင်းညိတ်လိုက်ကာ စကား တစ်လုံးမှ မပြောပဲ သူမ၏ လက်အစုံကို အသာ စုစည်းလိုက်သည်။

ဟင်းလင်းပြင်က တုန်ခါလာပြီး ကျယ်ပြန့်၍ အစွမ်းထက်သော အရှိန်အဝါ တစ်ခု ပျံ့နှံ့လာကာ မဟာကမ္ဘာအား တုန်ခါစေခဲ့သည်။ ကြမ္မာပန်းတိုင် ကမ္ဘာ တစ်ခုသည် ဆင်းသက်လာသကဲ့သို့ ဖြစ်ကာ သူတို့ အရှေ့တွင် ပေါ်လာလေသည်။

တန်ကျွင်းသည် ဤမှော်ကျိန်စာအား ယခင်က တွေ့ကြုံဖူးခဲ့သဖြင့် ရင်းနှီး ကျွမ်းဝင်နေသည်။

အစိမ်းရောင် ခြေလေးချောင်း ဆေးမီးဖို တစ်ခုသည် နတ်ဘုရားနယ်မြေ၏ ကျယ်ပြန့်လှသော မြေကြီးကဲ့သို့

+

လေးလံနေကာ ကြေးများဖြင့် တည်ဆောက်ထားသကဲ့သို့ ဖြစ်နေသည်။ ဆေးမီးဖို၏ ခန္ဓာကိုယ်တွင် ပုံစံများကို အသေးစိတ် ရေးထွင်းထားကာ နတ်ဘုရားနယ်မြေ၏ တောင်တန်းနှင့် မြစ်ပြင်များကို ဖော်ပြထား၍ သစ်ပင် မြက်ပင်တိုင်းနှင့် ပထဝီဝင် ဒေသများ အားလုံးတို့ကို အသေးစိတ် တွေ့မြင်နိုင်သည်။

ဤအရာသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သော နတ်ဘုရားနယ်မြေ ဆေးမီးဖိုပင် ဖြစ်သည်။

တန်ကျွင်းသည် ရှောင်ယန်နှင့် အတူ ဤရတနာနှင့် အကြိမ်ပေါင်းများစွာ ထိတွေ့ဖူးသည်။ သူအင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားပြီးသော အခါ ရှောင်ယန်၏ လမ်းညွှန်မှု အောက်တွင် သူသည်

+

ဤရတနာ အတွင်းတွင် ဆေးလုံးများကို ကိုယ်တိုင် ဖော်စပ်ခဲ့သေးသည်။

လော်ချင်းဝူသည် သူမ၏ လက်ချောင်းများကို လှုပ်ရှားလိုက်ရာ သူမနှင့် တန်ကျွင်းတို့က ဆေးမီးဖို အတွင်းသို့ ဝင်ရောက်သွားသည်။ နတ်ဘုရားနယ်မြေ ဆေးမီးဖိုသည် ဟင်းလင်းပြင် အတွင်း၌ အသာ တုန်ခါသွားပြီးနောက် အဝေး တစ်နေရာရှိ ဟင်းလင်းပြင်သို့ ပျံသန်းသွားသည်။ ဤအမြန်နှုန်းသည် လော်ချင်းဝူနှင့် တန်ကျွင်းတို့၏ အမြန်နှုန်းထက် များစွာပိုသာသည်။

ခရီးလမ်းပေါ် ရောက်နေသည့် အချိန်မှသာ လော်ချင်းဝူသည် သူမ၏ ပါးစပ်ကို ဟ၍ ပြောလိုက်သည်။ "ငါတို့ အခု သွားနေတဲ့ နေရာက ပိုင်ယွင်တောင်ပဲ"

+

တန်ကျွင်းသည် သူမအား တည်ငြိမ်စွာဖြင့် ကြည့်ကာ ပြောလိုက်သည်။ "ပိုင်ယွင်တောင်... ဟင်းလင်းပြင် ဘုရားကျောင်းလား... ဒါဆိုရင် သူက တကယ်ပဲ အလယ်ခေတ်မှာ ဟင်းလင်းပြင် ဘုရားကျောင်းကို သစ္စာဖောက်ပြီး ထွက်ပြေးသွားခဲ့တဲ့ ကောင်းကင်မွေးဖွား သူတော်စင်ပဲပေါ့"

ရှောင်ယန်သည် တစ်ချိန်က သူနှင့် ဒိုင်မန်းရှင်းများကို ကျော်လွန်၍ တိုက်ခိုက်ခဲ့ဖူးကာ တန်ဝန်ဟွာသည် နာမည်တုနှင့် ကိုယ်ပွားတစ်ခု ဖြစ်ပြီး သူမည်သူမည်ဝါ ဖြစ်သည်ကို ဖုံးကွယ်ထားသောသူ ဖြစ်သည်ဟု ကောက်ချက်ချခဲ့ဖူးသည်။

+

ထိုအချိန်က လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ထိုသူက ယခုမှ ပေါ်လာသော အမည်မရှိသည့် ပုဂ္ဂိုလ်တစ်ဦး မဟုတ်နိုင်ဟု ခန့်မှန်းခဲ့ကြသည်။

တန်ဝန်ဟွာသည် အစွမ်းထက်သော ရန်သူများ၏ လိုက်လံ ဖမ်းဆီးခြင်းကို ရှောင်ရှားနေခြင်း ဖြစ်သည်။ ရန်သူများသည် အစွမ်းထက်လှသဖြင့် လေမိသားစုနှင့် အဆင့်တူ လုံးဝ မဟုတ်ပေ။

သမိုင်းတစ်လျှောက်တွင် ရှာဖွေ၍ မရနိုင်သော လျှို့ဝှက်ဆန်းကြယ်သည့် အစွမ်းထက်သော သူများကို စာရင်း ပြုစုလိုက်ရာ အလယ်ခေတ်တွင် ဟင်းလင်းပြင် ဘုရားကျောင်းအား သစ္စာဖောက် စွန့်ခွာသွားသည့် ကောင်းကင်မွေးဖွား သူတော်စင်သည် အဖြစ်နိုင်ဆုံး ဖြစ်သည်။

+

ဘာပဲပြောပြော အိမ်မက် သူတော်စင်မယ်
နင်းဝမ်ကောက မည်သူဖြစ်သည်ကို အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ အဖွဲ့ဝင်များ အားလုံးတို့က
သိနေကြပြီး ဖြစ်သည်။

ဤကိစ္စသည် တန်ကျွင်းနှင့် ကိုယ်တိုင်ကိုယ်ကျ
သက်ဆိုင်နေသဖြင့် ရှောင်ယန်သည် သူ့အား
အဖြစ်အပျက် အများစုအား ပြောပြထားခဲ့သည်။
ထို့ကြောင့် တန်ဝန်ဟွာသည် ပိုင်ယွင်တောင်နှင့်
ဆက်စပ်နေသည်ကို သိခဲ့ရသော အခါ တန်ကျွန်းသည်
တန်ဝန်ဟွာက မည်သူဖြစ်သည်ကို သေချာသလောက်
ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

+

ခံစားချက် အပြောင်းအလဲ လုံးဝ မရှိပဲ တည်ငြိမ်နေသော သူ့အသံအား ကြားခဲ့ရသော အခါ လော်ချင်းဝူက သူမ၏ခေါင်းကို အနည်းငယ် ငုံ့၍ ပြောလိုက်သည်။
"သူက နှစ်ပေါင်းများစွာ ပျောက်နေပြီး ဒီနှစ်တွေ အတွင်းမှာ တသီးတခြား နေခဲ့တယ်... အခုအချိန်မှာ သူက ရုတ်တရက် ပြန်ပေါ်လာတော့ အကြောင်းရင်း ကောင်းကောင်း တစ်ခုတော့ ရှိရမယ်"

"ဟင်းလင်းပြင် ဘုရားကျောင်းဟာ ဒီနှစ်တွေ အတွင်းမှာ တစ်ချိန်လုံး သူ့ကို လိုက်ရှာနေခဲ့တယ်... ဒါပေမဲ့ အခုအချိန်မှာ ပိုင်ယွင်တောင်က အခွံပဲ ကျန်နေတယ်... သူ့အပေါ်မှာ ဗီပရာလိုပါ အဆင့်က ကျင့်ကြံသူ တစ်ယောက် ရှိနေမလားဆိုတာ မသေချာနေပေမဲ့ ဝိညာဉ်ပင်လယ်ရဲ့ အခြေအနေ အရ ဟင်းလင်းပြင် ဘုရားကျောင်းဟာ အစွမ်းအကုန် ထုတ်မှ ရလိမ့်မယ်"

+

"ဒါဆိုရင် တောင်ပေါ်မှ စောင့်ကြပ်နေတဲ့ သူတွေက အများဆုံး ပြီးခဲ့တဲ့ ကမ္ဘာနှစ်ခု အကြားက စစ်ပွဲ အတွင်းမှာ စောင့်ကြပ်နေခဲ့တဲ့ သူတွေလောက်ပဲ သန်မာမှာပဲ"

လော်ချင်းဝူက ဆက်ပြောလိုက်သည်။
"ဖြစ်နိုင်ခြေများတာက သူတို့ဟာ စစ်ပွဲအတွင်းတုံးက ထက်တောင် ပိုပြီးမှ အားနည်းနေနိုင်တယ်"

တန်ကျွင်းက သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။
"ကျွန်တော်ကလည်း ဒီလိုပဲ ထင်တယ်... တကယ်လို့ ကောင်းကင်မွေးဖွား သူတော်စင်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ တစ်ခုခု ဖြေရှင်းဖို့ ရှိရင် ဒီအချိန်ဟာ အကောင်းဆုံး အချိန်ပဲ"

+

သူက သူ၏ အကြည့်ကို ရွှေ့ကာ ပြောလိုက်သည်။ "ဒါပေမဲ့ ကျွန်တော်တို့က သူဟာ ဘာကို လုပ်ချင်နေသလဲ ဆိုတာကို မသိသေးဘူး"

လော်ချင်းဝူသည် နတ်ဘုရားနယ်မြေ ဆေးမီးဖို အတွင်းမှ ဟင်းလင်းပြင် အတွင်းတွင် တင်ပလ္လင်ခွေ ထိုင်နေကာ အနက်ရောင် သလင်းကျောက် အမှုန်များဖြင့် ပြုလုပ်ထားသည်ဟု ထင်နေရသော ရွှမ်းချီခေးသည် သူမ၏ ဒူးများအပေါ်တွင် ကန့်လန့်ဖြတ် ရှိနေသည်။

သူမက ပြုံး၍ ပြောလိုက်သည်။ "ငါတို့ဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့က တစ်ခါမှ မတည့်ကြဘူး... ဒေါ်လေး ရွှမ်းလီက မိစ္ဆာတွေကို စောင့်ကြည့်နေရလို့ ကောင်းကင်မွေးဖွား သူတော်စင်က အခုအချိန်မှာ အလွယ်တကူ ထွက်ပြေးလို့ ရတယ်လို့ ထင်နေတာ ဖြစ်လိမ့်မယ်"

+

"အရင်ဆုံး အလောတကြီး မလုပ်ကြစို့…
ပိုင်ယွင်တောင်ကို ရောက်ပြီးသွားရင် ငါတို့က အဲ့ဒီက
အခြေအနေကို အရင် ကြည့်ပြီးမှ လှုပ်ရှားရအောင်"

တန်ကျွင်းက သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။
"ဟုတ်ကဲ့ပါ… ဒေါ်လေး… ကျွန်တော်က ဒေါ်လေး
အမိန့်တွေကို နာခံပါမယ်"

လော်ချင်းဝူက ခေတ္တမျှ ရပ်နားလိုက်၍ ရုတ်တရက်
မေးလိုက်သည်။ "ယွင်ချုံးကရော ဘယ်လိုလဲ…
သူအင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားတာ
သိပ်မကြာသေးဘူး… သဘောတရား အရ အင်မော်တယ်
ဝိညာဉ် အဆင့်ကို ရောက်ပြီးသွားရင် သူက
မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို ဂရုစိုက်စရာ

+

မလိုတော့ဘူး… ဒါပေမဲ့ သူတကယ် တိုက်ခိုက်ခဲ့တဲ့ အချိန်မှာ အခြေအနေ ဘယ်လိုရှိသလဲ"

ဤမေးခွန်းကို ကြားခဲ့ရသော အခါ တန်ကျွင်းက ပြုံး၍ ပြောလိုက်သည်။ "စိတ်မပူပါနဲ့ ဒေါ်လေး… ယွင်ချုံးက အခုအချိန်မှာ သူ့ရဲ့ မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို ကောင်းကောင်း ထိန်းချုပ်နိုင်နေပြီ… သူက စိတ်တိုင်းကျ လှုပ်ရှားနိုင်ရုံတင် မကပဲ ဘေးထွက်ဆိုးကျိုးလည်း မရှိတော့ဘူး… သူ့ရဲ့ စိတ်အခြေအနေကိုတောင် အကျိုးသက်ရောက်မှု မရှိနေဘူး… ဒါပေမဲ့ သူက စကားနည်းတဲ့ သူတစ်ယောက် ဖြစ်နေတုံးပဲ"

လော်ချင်းဝူက ခေါင်းညိတ်လိုက်၍ ညင်သာစွာ ပြုံးကာ ပြောလိုက်သည်။ "ဒါဆိုရင် အကောင်းဆုံးပဲ"

+

သူမသည် နတ်ဘုရားနယ်မြေ ဆေးမီးဖို အပေါ်သို့ ဖြည်းဖြည်းချင်း တက်သွားပြီး အဝေးမှ ဟင်းလင်းပြင်အား ကြည့်ကာ တွေးလိုက်သည်။ "ငါတို့က ဆရာ ညွှန်ကြားထားတဲ့ အတိုင်း လှုပ်ရှားနေပြီ... ဟင်းလင်းပြင် ဘုရားကျောင်းကရော ဘယ်လိုလုပ်နေမလဲ"

လော်ချင်းဝူ စဉ်းစားနေသည့် အချိန်တွင်ပင် နတ်ဘုရားနယ်မြေ ဆေးမီးဖိုသည် ဟင်းလင်းပြင်အား လျှင်မြန်စွာဖြင့် ဖြတ်သန်းကာ အရှေ့သို့ ခရီးဆက်နေပေသည်။

အချိန်အနည်းငယ် ကြာသောအခါ လော်ချင်းဝူ၏ မျက်စိရှေ့မှ မြင်ကွင်းများက ပြောင်းသွားသည်။ သူမက

+

အသေအချာ ကြည့်လိုက်သော အခါ နတ်ဘုရားနယ်မြေ ဆေးမီးဖိုသည် ရပ်တန့်သွားသော်လည်း ဟင်းလင်းပြင် အတွင်းတွင် ကွယ်ဝှက်ထားဆဲ ရှိသေးသည်ကို တွေ့လိုက်ရသည်။

ဟင်းလင်းပြင် အလွှာများ အကြားတွင် မဟာကမ္ဘာ၏ နတ်ဘုရားနယ်မြေ အတွင်း၌ ဟင်းလင်းပြင် ဘုရားကျောင်း၏ တည်နေရာ ဖြစ်သော ပိုင်ယွင်တောင်ကို တွေ့နေနိုင်သည်။

ပိုင်ယွင်တောင်သည် တိမ်တိုက်များဖြင့် ဖုံးလွှမ်းနေဆဲ ရှိသေးသော်လည်း တောင်ထိပ်အပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် ရောမ ဝက်ပါတစ်ခုက အဆက်မပြတ် လည်ပတ်နေသည်။ ထိုဝက်ပါသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အကာအကွယ် ဝက်ပါဖြစ်သော အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါပင် ဖြစ်သည်။

+

ယခုအချိန်တွင် ထိုဝက်ပါသည် အပြည့်အဝ လည်ပတ်နေသဖြင့် အစွမ်းထက်သော ရန်သူတစ်ယောက်နှင့် ရင်ဆိုင်နေရသည်မှာ သိသာနေသည်။

## စာစဥ် ၇၄ : အပိုင်း ၅

## အပိုင်း ၁၄၃၅ : ဟင်းလင်းပြင် ဘုရားကျောင်း၏ အတွင်းပဋိပက္ခ

လေဘ်ချင်းဝူနှင့် တန်ကျွင်းတို့ စောင့်ကြည့်နေစဥ်တွင် အဖြူနှင့် အနက်ရောင် လေစီးကြောင်း တစ်ခုသည် ပိုင်ယွင်တောင်၏ ထိပ်ဖျားပေါ်တွင် လွင့်မျောနေကာ

+

ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးအား လွှမ်းခြုံသွား၍ ရောမ ဝက်ပါ တစ်ခုအား ဖန်ဆင်းလိုက်သည်။

ဝက်ပါ၏ အလယ်တွင် မှေးမှိန်နေသော အလင်းတန်း စက်လုံး ၁၂လုံး ရှိနေကာ သူတို့အတွင်းတွင် အလင်းတန်း ၁၂တန်းတို့ကို မြင်နိုင်ပေသည်။ သူတို့သည် ကောင်းကင်နှင့် မြေကြီးတို့အား ထိုးဖောက်သွား၍ နတ်ဘုရား နယ်မြေ တစ်ခုလုံးနှင့် ဆက်သွယ်ထားသကဲ့သို့ အဝေးမှ ဟင်းလင်းပြင် အတွင်းသို့ ဆန့်တန်းသွားကြသည်။

စိတ်ဝိညာဉ် စွမ်းအင် အမြောက်အမြားတို့ကလည်း ပိုင်ယွင်တောင်ထိပ် အပေါ်မှ ဝက်ပါထံသို့ အရပ်မျက်နှာ ပေါင်းစုံမှ စုစည်းလာကြသည်။

+

လော်ချင်းဂူနှင့် တန်ကျွင်းတို့သည် ပိုင်ယွင်တောင်
အပေါ်၌ မျက်လုံးတစ်စုံ ပေါ်လာကာ ဟင်းလင်းပြင်
အတွင်းမှ နေ၍ မဟာကမ္ဘာ တစ်ခုလုံးအား
စောင့်ကြည့်နေသည်ဟု ခံစားခဲ့ရသည်။

ဝက်ပါ အပြင်ဘက်တွင် ကမ္ဘာဦး ကာလမှ အဖြူရောင်
တိမ်တိုက် တစ်ခုက လွင့်မျောနေသည်။
ထိုတိမ်တိုက်သည် စတုရန်း ဧက အနည်းငယ်သာ
ကြီးမားသည်ဟု ထင်နေရ၍ ကျယ်ပြန့်လှသော
ကောင်းကင်နှင့် မြေကြီးကို မဆိုထားနှင့် အပြည့်အဝ
လည်ပတ်နေသော အန္တိမယင်ယန်
ဟင်းလင်းပြင်ဝက်ပါနှင့် ယှဉ်လိုက်လျှင် သေးငယ်နေကာ
ဘာမှ မဟုတ်ဟု ထင်နေရသည်။

သို့သော်လည်း အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါမှ
ထွက်လာသည့် ထက်မြက်လှသော ရွှေရောင်
+

အလင်းတန်းများသည် ထိုတိမ်တိုက် အပေါ်သို့
ကျဆင်းသွားသော အခါ တိမ်တိုက်သည်
ပြန့်ကျဲသွားခဲ့သော်လည်း အတွင်းဘက်တွင်
စွမ်းအင်တစ်မျိုး စီးဆင်းနေခဲ့သည်။ ထို့အပြင်
တိမ်တိုက်သည် တစ်ခါမှ လွင့်ပြယ် မသွားခဲ့ပဲ သူ၏
အရွယ်အစားကပင် မကျုံ့ဝင်သွားခဲ့ပေ။

လော်ချင်းဝူသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ
အတွင်းတွင် ပေးဒီးစ် မျိုးနွယ်စုများက
ပိုင်ယွင်တောင်အား ကျူးကျော်မှုအား
ကိုယ်တိုင်ကိုယ်ကျ မကြည့်ခဲ့ရသော်လည်း သူမဆရာ
ဖြစ်သူ လင်းဖုန်း ပြန်လည် ပြသခဲ့သော ပုံရိပ်များကို
ကြည့်ခဲ့ရသည်။ ထို့ကြောင့် သူမသည် အန္တိမယင်ယန်
ဟင်းလင်းပြင်ဝက်ပါ အကြောင်းကို သိနေခဲ့၍
အခြေအနေကို အကဲခတ်နိုင်ခဲ့ကာ တွေးလိုက်သည်။

+

"သူ့ရဲ့ စွမ်းအားတွေက စစ်ပွဲ အတွင်းကထက် စာရင် နိမ့်ကျနေတာ အမှန်ပဲ... ဒါ့အပြင်..."

သူမသည် အောက်သို့ ငုံ့ကြည့်လိုက်ရာ မှော်ဝင်ပါ၏ အောက်တွင် ပိုင်ယွင်တောင်အား ဝန်းရံထားသော တိမ်တိုက်များက လုံးဝ လွင့်ပြယ်သွားပြီ ဖြစ်၍ ပိုင်ယွင်တောင်သည် နတ်ဘုရား နယ်မြေ အပေါ်တွင် မားမားမတ်မတ် ရပ်နေခဲ့သည်ကို တွေ့လိုက်ရသည်။

"ရှီးလင်မြို့လိုပဲ ပိုင်ယွင်တောင်ရဲ့ အတွင်း စွမ်းအားတွေက အများအပြား ကုန်ခန်းသွားပြီး မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်တို့ကို ဆင့်ခေါ်နိုင်စွမ်း မရှိတော့ဘူး... ပြီးတော့ ဟင်းလင်းပြင် ဘုရားကျောင်းကို စောင့်ကြပ်ဖို့ ကျန်နေခဲ့တဲ့ သူတွေက ဗီပရာလိုပါ အဆင့်အောက်မှာပဲ ရှိသေးတယ်" လော်ချင်းဝူက တွေးလိုက်ကာ ခေါင်းညိတ်လိုက်သည်။

+

"ထိုက်ရီသူတော်စင် အပြင် ကျန်းရီသူတော်စင်၊ ရွှမ်းရီ
သူတော်စင်နဲ့ မဟာဟင်းလင်းပြင် တံဆိပ်ကို
ပိုင်ဆိုင်ထားတဲ့ လက်ရှိ ဂိုဏ်းခေါင်းဆောင် ဖြစ်သူ
လင်းတောက်ဟန်တို့ အပါအဝင် ကျန်တဲ့သူတွေ
အားလုံးဟာ ဝိညာဥ်ပင်လယ်ကို ထွက်သွားကြပြီနဲ့
တူတယ်"

သူမကိုယ်သူမ တွေးလိုက်ပြီးသော အခါ
လော်ချင်းဝူသည် အန္တိမယင်ယန်
ဟင်းလင်းပြင်ဝင်္ကပါနှင့် ယှဥ်ပြိုင်နေသည့် ကမ္ဘာဦး
ကာလမှ အဖြူရောင် တိမ်တိုက်အား စိတ်ဝင်တစားဖြင့်
ကြည့်လိုက်သည်။

+

တန်ကျွင်းကလည်း ထိုနေရာသို့ ကြည့်နေခဲ့သည်။
ထိုတိမ်တိုက်သည် ကောင်းကင်မွေးဖွား သူတော်စင်
သို့မဟုတ် တန်ဝန်ဟွာ ထုတ်ဖော်ထားခြင်း ဖြစ်သည်မှာ
သိသာနေသည်။

ထိုတိမ်တိုက်သည် အန္တိမယင်ယန်
ဟင်းလင်းပြင်ဝင်္ကပါအား စိန်ခေါ်နေရင်း အဆက်မပြတ်
အတွန်းလှန် ခံနေရသော်လည်း ချက်ချင်းပင် ပြန်လည်
စုစည်းနိုင်ခဲ့ပြီး ဤဖြစ်စဥ် အတွင်းတွင်
ပိုင်ယွင်တောင်ထံသို့ ဖြည်းဖြည်းချင်း
ကပ်လာနိုင်ခဲ့သည်။

ရွှေရောင် အလင်းတန်းနှင့် တိမ်တိုက်တို့၏
အရှိန်အဝါများသည် ဟင်းလင်းပြင် အတွင်းတွင်
ယှက်သန်းနေကြပြီး နှစ်ဦး နှစ်ဘက်စလုံးသည်

+

အချင်းချင်း၏ စွမ်းရည်များကို ကောင်းစွာ
သိနေကြသည်ဟု ခံစားနေစေခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် အန္တိမယင်ယန်
ဟင်းလင်းပြင်ဝက်ပါ အကြောင်းကို ကောင်းစွာ
သိနေခဲ့ပြီး ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျင့်ကြံသူများကလည်း မဟာဟင်းလင်းပြင်
စွမ်းအားများကို အမွေ ဆက်ခံထားသော
ကောင်းကင်မွေးဖွား သူတော်စင် အကြောင်းကို
သိနေကြသည်။

ကောင်းကင်မွေးဖွား သူတော်စင် သစ္စာဖောက်ကာ
ထွက်ပြေးသွားသည့် အလယ်ခေတ် ကတည်းက သူသည်
ဗိုလ်ပရာလိုပါ အဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်ကာ
ဟင်းလင်းပြင် ဘုရားကျောင်း၏ အစွမ်းအထက်ဆုံး
အကြီးအကဲများ အတွင်းတွင် တစ်ယောက် အပါအဝင်
+

ဖြစ်သည်။ စီနီယာ အဆင့် အရ သူသည် ထိုက်ရှိသူတော်စင်၊ ကျန်းရှိသူတော်စင်နှင့် ရွှမ်းရှိ သူတော်စင်တို့ထက်ပင် မျိုးဆက်ပေါင်းများစွာ ပိုမြင့်သည်။

ယခုအချိန်တွင် သူသည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးများကို မရင်ဆိုင်ရသေးသော်လည်း သူ၏ မှော်ကျိန်စာ စွမ်းအားများသည် အလွန်တရာမှ အစွမ်းထက်လှသည်။

ခက်ထန်နေသည့်ပုံ လုံးဝ မပေါက်ပဲ သာမန်အတိုင်းသာ ဖြစ်နေသည်ဟု ထင်နေရသော အဖြူရောင် တိမ်တိုက်သည် လုံးဝ မရပ်တန့်ခဲ့ပဲ ပိုင်ယွင်တောင်ထံသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာသည်။

+

ဟင်းလင်းပြင် ဘုရားကျောင်း၏ အစွမ်းထက်သော ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက် ဖြစ်သည့် အတွက် သူသည် မှော်ကျိန်စာများကို ကောင်းဟန်ထက် ပို၍ နက်ရှိုင်းစွာ နားလည်နေသည်။ အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ အပေါ်တွင် ကျယ်ပြန့်သော ဗဟုသုတ ရှိနေသည့် အတွက် သူသည် ယခုအချိန်တွင် အသာစီး ရနေခဲ့သည်။

ခေတ္တမျှ ကြည့်ရှုနေ အပြီးတွင် လော်ချင်းဝူသည် သဘောပေါက်သွားကာ ပြောလိုက်သည်။
"ငါတို့ဂိုဏ်းဟာ 'မဟာ' နဲ့ 'ဟင်းလင်းပြင်'တို့ရဲ့ ကျမ်းစာတွေကို ပြည့်စုံအောင် လုပ်ပေးခဲ့တဲ့ အတွက် နတ်ဘုရား နယ်မြေ အတွင်းမှာ ဆင့်ကဲ တုံ့ပြန်မှုတွေ ဖြစ်ပေါ်လာခဲ့တယ်... ပိုင်ယွင်တောင်ပေါ်က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကျင့်ကြံသူတွေကသာ

+

အကျိုးအမြတ် ရရုံတင် မကပဲ ကောင်းကင် မွေးဖွား သူတော်စင်ကလည်း အကျိုးအမြတ်တွေ ရရှိခဲ့တယ်"

"အကျိုးသက်ရောက်မှုက မကျယ်ပြန့်ပေမဲ့ သူ့အတွက် ကောင်းကောင်း အသာစီး ရစေခဲ့တယ်... ပိုင်ယွင်တောင်က အကျိုးအမြတ် အကြီးမားဆုံး ရခဲ့ပေမဲ့ အခုအချိန်မှာ သူတို့ရဲ့ အသာစီးရမှုက အကန့်အသတ် ရှိတယ်... အထူးသဖြင့် အခုအချိန်မှာ ပိုင်ယွင်တောင်ကို ကာကွယ်ဖို့ ကျန်နေခဲ့တဲ့ သူတွေက ကောင်းကင်မွေးဖွား သူတော်စင်ထက် ကျင့်ကြံမှုအဆင့် နိမ့်နေတဲ့ အချိန်မှာပဲ" သူမက ပြောလိုက်သည်။

တိမ်တိုက်အား စိုက်ကြည့်နေရင်း တန်ကျွင်းက ပြောလိုက်သည်။ "ဒေါ်လေး... ကောင်းကင်မွေးဖွား သူတော်စင်ရဲ့ ကျင့်ကြံမှု အဆင့်က..."

+

လော်ချင်းဝူက ခေါင်းညိတ်လိုက်ကာ သူ၏ ထင်မြင်ချက်အား အတည်ပြုပေးလိုက်သည်။ "ဒီလိုမျိုး အကျိုးအမြတ် ရခဲ့တော့ သူ့ရဲ့ တစ်ဆို့ ကြန့်ကြာမှုတွေက ပွင့်သွားပြီး ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးကို ရင်ဆိုင်နိုင်စွမ်း ရှိလာခဲ့တယ်... ဒါပေမဲ့ သူက ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ရင်တောင် အချိန် အနည်းငယ် အားနည်းနေခဲ့ဦးမှာ"

"ဒီလိုဆိုရင် သူဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အသန်မာဆုံး ကျင့်ကြံသူတွေက ဝိညာဥ်ပင်လယ် အတွင်းကို ဝင်သွားပြီး အခွံပဲ ကျန်နေရစ်တဲ့ ပိုင်ယွင်တောင်ကို ကြုံတွေ့ရမယ့် အခွင့်အရေးကို လက်လွှတ်သွားခဲ့မယ်"

+

တန်ကျွင်းက မျက်မှောင် အနည်းငယ် ကြုတ်၍ မေးလိုက်သည်။ "သူက သေမင်းကောရာဇ် လိုမျိုး အန္တိမ ကောင်းကင်ကြေးမုံကို လိုချင်နေတာ ဆိုရင် အခုအချိန်မှာ အန္တိမ ကောင်းကင်ကြေးမုံက ပိုင်ယွင်တောင်ပေါ်မှာ မရှိပဲ ဝိညာဥ်ပင်လယ် အတွင်းမှာ ရှိနေခဲ့တယ်… သူက ဘာကိုများ လိုချင်နေတာလဲ"

သူစကားပြောနေရင်း တိမ်တိုက်သည် အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားနိုင်ခဲ့ပြီ ဖြစ်သည်။ အဖြူရောင် တိမ်တိုက်များသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ သက်လတ်ပိုင်း လူကြီးတစ်ယောက်ကို ဖော်ပြလိုက်သည်။

ထိုသက်လတ်ပိုင်း လူကြီးသည် မယုံနိုင်အောင် ချောမောလှ၍ ရင့်ကျက် တည်ငြိမ်နေသော အရှိန်အဝါ

+

ရှိနေသည်။ အဖြူရောင် ဝတ်ရုံကို ဝတ်ဆင်ထား၍ သူ၏ အင်္ကျီ လက်စများတွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ အမှတ်အသား ဖြစ်သော အဖြူရောင် တိမ်တိုက်ကို ရေးထိုးထားသည်။

ထိုသူ၏ အသွင်အပြင်သည် တန်ကျွင်း ယခင်က မြင်ခဲ့ရသည့် တန်ဝန်ဟွာ၏ ပုံရိပ်နှင့် ကွဲပြားနေကာ တစ်စက်မှပင် မဆင်တူနေပေ။

သို့သော်လည်း ထိုသူအား ကြည့်နေခဲ့ရင်း တန်ကျွင်းသည် ထိုသူနှင့် တန်ဝန်ဟွာတို့သည် လူတစ်ယောက်တည်း ဖြစ်သည်ဟု အတည်ပြုနိုင်ခဲ့သည်။

+

တန်ဝန်ဟွာသည် ထိုသူ ဖန်တီးခဲ့သော ကိုယ်ပွား
တစ်ခုသာ ဖြစ်သည်။

တန်ကျွင်း၏ အကြည့်အား အာရုံခံမိသည့်ပုံဖြင့်
ကောင်းကင်မွေးဖွား သူတော်စင်သည် နောက်လှည့်၍
လော်ချင်းဝူနှင့် တန်ကျွင်းတို့ ရှိနေသည့် ဟင်းလင်းပြင်
အတွင်းသို့ လှမ်းကြည့်လိုက်သည်။

လော်ချင်းဝူနှင့် တန်ကျွင်းတို့သည် နတ်ဘုရား နယ်မြေ
ဆေးမီးဖို အပေါ်တွင်သာ ထိုင်နေကြသေးပြီး
မလှုပ်ရှားကြသေးပဲ သူတို့၏ အမူအရာများက
မပြောင်းလဲခဲ့ပေ။ သူတို့သည် ဟင်းလင်းပြင်
အနောက်တွင် ပုန်းကွယ်နေကာ ပိုင်ယွင်တောင်အား
ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

+

ကောင်းကင်မွေးဖွား သူတော်စင်၏ အပြုံးသည်
ကျယ်ပြန့်လာကာ သူ့အား ပို၍ ခန့်မှန်းရ
ခက်ခဲစေခဲ့သည်။ သို့သော်လည်း သူ၏ မျက်လုံးများ
အတွင်းမှ အကြည့်သည် တည်ငြိမ်နေသော ရေပြင်ကဲ့သို့
လှိုင်းတွန့်တစ်စက်မှ မရှိနေပေ။

သူသည် နောက်ပြန်လှည့်လိုက်ကာ သူ၏ အာရုံများအား
အနန္တမယင်ယန် ဟင်းလင်းပြင်ဝက်ပါ အပေါ်သို့
ထပ်ဖန်တစ်ခါ စူးစိုက်လိုက်ပြီး ပြုံးလိုက်သည်။
"ဝက်ပါကို ထိန်းချုပ်နေတဲ့သူက ကောင်းဟန်လား...
ကြည့်ရတာ ဒီနှစ်တွေ အတွင်းမှာ မင်းရဲ့ ကျင့်ကြံမှု
အဆင့်က အတော်လေး တိုးတက်လာတာပဲ"

စကားပြောနေရင်း သူ၏ ခန္ဓာကိုယ်သည်
ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား
အလင်းတန်းဖြင့် လင်းလက်လာ၍ သူ၏ လက်ကို
+

ဟင်းလင်းပြင် အတွင်းသို့ ငှေ့ယမ်းလိုက်ရာ တံခါး တစ်ပေါက်သည် မည်သည့်နေရာမှ မသိ ပေါ်လာခဲ့သည်။

ထိုအရာသည် မဟာ ဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာ၏ ပထမ မှော်ကျိန်စာ ဖြစ်သော ကျုံးကောင်းကင် တံခါး ဖြစ်သည်။

တံခါးပွင့်သွားသော အခါ ထွက်လမ်းတစ်ခု ပေါ်လာ၍ တံခါး ပိတ်သွားသော အခါ လမ်းကြောင်း အားလုံးတို့က ပိတ်ဆို့သွားသည်။

ဤမှော်ကျိန်စာသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာတို့၏ ပထမဆုံး မှော်ကျိန်စာ ဖြစ်ကာ အခြေခံ အကျဆုံး ဖြစ်သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်၏ ထုတ်ဖော်ခြင်းအား

+

ခံခဲ့ရသော အခါ သူသည် သာမန်ဟုသာ
ထင်နေရသော်လည်း အဓိပ္ပာယ် ပြည့်ဝကာ လျှို့ဝှက်
ဆန်းကြယ်မှုများနှင့် ပြည့်နေခဲ့သည်။

အလင်းတန်း တံခါး ပွင့်သွားသော အခါ သူ့အား
အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါကို ဖြတ်သန်း၍
ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းသို့
ဝင်ရောက်နိုင်သည့် လမ်းတစ်လမ်းကို
ဖောက်ပေးခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင် အနားတွင်
ထူးခြားဆန်းကြယ်သော အလင်းတန်း တစ်တန်း
လင်းလက်လာကာ အန္တိမယင်ယန်
ဟင်းလင်းပြင်ဝက်ပါ၏ တိုက်ခိုက်မှုများကို
ကာကွယ်ပေးခဲ့ပြီး သူသည် ကျုံးကောင်းကင် တံခါးထံသို့
သာမန်သာ လျှောက်သွားခဲ့သည်။

+

သူသည် အရှေ့သို့ ခုန်လိုက်သော အခါ ပိုင်ယွင်တောင် အပေါ်သို့ ပို၍ နီးကပ်စွာ ကျဆင်းလာခဲ့သည်။

အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ အတွင်းတွင် ခုခံနေကြသော ကောင်းဟန် ခေါင်းဆောင်သည့် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ တစ်အုပ်စုတို့သည် ဤအခြေအနေကို မြင်ခဲ့ရသော အခါ အချင်းချင်း မရေမရာဖြင့် ကြည့်လိုက်ကြသည်။

ပြီးတာနှင့် သူတို့ ၁၂ယောက်တို့သည် အပေါ်မှနေ၍ မော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့ကြရာ အောက်မှ ပိုင်ယွင်တောင်ထံသို့ ကျဆင်းလာခဲ့သည်။

+

ဝင်္ကပါ အတွင်းတွင် အလင်းတန်း စီးကြောင်းများ လှုပ်ရှားလာ၍ အဖြူနှင့် အနက်ရောင် အလင်းတန်းများ ယှက်သန်းနေပြီး မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော ရွှေရောင် အလင်းတန်းများသည် ကောင်းကင်မွေးဖွား သူတော်စင်အား လွှမ်းခြုံ၍ မုန်တိုင်းတစ်ခုကဲ့သို့ ကျဆင်းလာခဲ့သည်။

ထိုအချိန်တွင် ပိုင်ယွင်တောင်က ရုတ်တရက် ပြင်းထန်စွာ တုန်ခါသွား၍ စိတ်ဝိညာဉ် အလင်းတန်းများသည် အပေါ်မှ ကျဆင်းလာသော အလင်းတန်းများနှင့် ကွဲပြားစွာ ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ့အလယ်တွင် ပိတ်မိနေခဲ့ကာ သူ၏ လုပ်ဆောင်ချက်များသည် ချက်ချင်းပင် နှေးကွေးသွားသည်။

+

သူ့အား လွှမ်းခြုံထားသော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် တရပေါ ကျဆင်းလာသော အလင်းတန်းမိုးများ အောက်တွင် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေရင်း ဖြည်းဖြည်းချင်း မှေးမှိန်လာသည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ ပြုံး၍ ပြောလိုက်သည်။ "ထင်ထားတဲ့ အတိုင်း မင်းတို့က ငါရောက်လာမှာကို ကြိုတင်ပြီးမှ ပြင်ဆင်ထားကြတာပဲ… ဒါပေမဲ့ ဝမ်းနည်းစရာ ကောင်းတာက ထိုက်ရီ၊ ကျန်းရီ ရွှမ်းရီ ဒါမှမဟုတ် ဂိုဏ်းရဲ့ လက်ရှိ ခေါင်းဆောင်တို့က ရှိမနေကြတာပဲ… သူတို့အထဲက တစ်ယောက်သာ ရှိခဲ့ရင် ငါက ဒီကနေ့မှာ နောက်ပြန် ဆုတ်သွားရမယ်… မင်းတို့အတွက်

+

ကံမကောင်းတာက ကောင်းဟန်နဲ့ ကျန်တဲ့သူတွေက ငါ့ရဲ့ပြိုင်ဘက် မဟုတ်တာပဲ"

သူ၏စကား မဆုံးမီပင် သူ၏ ခန္ဓာကိုယ် အနားမှ အဖြူနှင့် အနက်ရောင် စွမ်းအင် နှစ်တန်းတို့ ထွက်လာကာ အမျက်ထွက်နေကြသော နဂါးနှစ်ကောင် ပမာ သူ့အား အဆက်မပြတ် လည်ပတ်နေကြသည်။

ထိုစွမ်းအင် နှစ်တန်းတို့သည် ကောင်းကင်မွေးဖွား သူတော်စင် အနားတွင် ရစ်ပတ်နေ၍ တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော တိမ်တိုက် တစ်ခုအဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား လွှမ်းခြုံသွားသည်။

+

တိမ်တိုက်များ အကြားတွင် ကောင်းကင်မွေးဖွား သူတော်စင်၏ ခံစားချက် ကင်းမဲ့နေသည်ဟု ထင်နေရသော မျက်လုံးများသည် သူ့အပေါ်မှ အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါအား မော့ကြည့်လိုက်ရာ သူ၏ မျက်ဝန်းများ အတွင်းမှ ရွှေရောင် အလင်းတန်း ရေးရေးလေး တစ်တန်း ထွက်ပေါ်လာသည်။

တိမ်တိုက်များက သူ့အား ကာကွယ်ပေးနေ၍ ရွှေရောင် အလင်းတန်းသည် တိမ်တိုက်အား ဖောက်ထွက်သွားကာ လေထုအလယ်တွင် ရစ်ဝဲနေပြီး သူ့အပေါ်သို့ ကျဆင်းလာသော အလင်းတန်း မိုးများကို စုပ်ယူလိုက်သည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ ပုံရိပ်သည် ပိုင်ယွင်တောင် အပေါ်သို့ ဆက်လက် ကျဆင်းလာသည်။

+

သူ၏ အမြန်နှုန်းသည် သိသိသာသာ နှေးကွေးသွား၍
တစ်ခါတစ်ရံတွင် ရှေ့တိုးနောက်ဆုတ် လုပ်ကာ
ရှောင်တိမ်းနေရသော်လည်း တစ်ခါမှ
ရပ်တန့်မသွားခဲ့ပေ။

အန္တိမယင်ယန် ဟင်းလင်းပြင်ဝင်္ကပါ အတွင်းမှ
ကောင်းဟန်နှင့် ကျန်သောသူများသည်
ထိုအခြေအနေအား တွေ့ခဲ့ရသော အခါ နောက်ထပ်
မှော်ကျိန်စာ တစ်မျိုးကို ထပ်ပြောင်းလိုက်သည်။

တရဟော ကျဆင်းလာသော အလင်းတန်း မိုးများသည်
ဖြည်းဖြည်းချင်း စတင်၍ စုစည်းလာကြကာ
အလွန်အမင်း ခမ်းနားထည်ဝါ၍ မြင့်မားသော
အလင်းတန်း တိုင်လုံးအဖြစ်သို့ ပြောင်းသွားပြီး
ကောင်းကင်မွေးဖွား သူတော်စင် အပေါ်မှ ရွှေရောင်

+

ဝဲကတော့အား ကြီးမားသော ဖိအားများ ပေးနေခဲ့ကာ ဖြည်းဖြည်းချင်း ချိုးဖောက်လာကြသည်။

အခြား တစ်ဘက်တွင်မူ ပိုင်ယွင်တောင်မှ ထွက်လာသော စိတ်ဝိညာဉ် အသက် အလင်းတန်းများကလည်း စုစည်းလာကြကာ ပို၍ ပြင်းထန်လာကြပြီး ကောင်းကင်မွေးဖွား သူတော်စင်အား ကာကွယ်ထားသည့် အဖြူနှင့် အနက်ရောင် တိမ်တိုက်အား အဆက်မပြတ် ထိုးဖောက်ရန် ကြိုးစားနေကြသည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ဤအရာကို ထူးမခြားနား ပုံစံဖြင့် ကြည့်လိုက်ကာ သူ၏ ဆင်းသက်လာမှုကို ရပ်တန့်ရန် မကြိုးစားခဲ့ပေ။ ထိုအချိန်တွင် နှစ်ဦး နှစ်ဘက်စလုံးသည် အချင်းချင်း

+

တွန်းလိုက်ဆွဲလိုက် ဖြစ်နေကြကာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေကြသည်။

ဤအရာသည် ကောင်းကင်မွေးဖွား သူတော်စင်က ပိုင်ယွင်တောင်ပေါ်သို့ အရင် ရောက်နိုင်မည်လော သို့မဟုတ် ကောင်းဟာန်နှင့် ကျန်သောသူများက သူ၏ ခံစစ် မှော်ကျိန်စာအား အရင် ချိုးဖောက်နိုင်မည်လော ဟူသည့် အပေါ်တွင် မူတည်နေသည်။

အဖြူနှင့် အနက်ရောင် တိမ်တိုက်သည် ပိုင်ယွင်တောင်မှ ပေအနည်းငယ်သာ ကွာတော့သည့် အချိန်တွင် ကောင်းဟာန်သည် သူ၏လက်အား ရုတ်တရက် မြှောက်လိုက်ကာ မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်လိုက်သည်။

+

ထိုမှော်ကျိန်စာသည် ဟင်းလင်းပြင် အတွင်းတွင် လင်းလက်လာ၍ မြူမှုန်များ အဖြစ်သို့ ပြောင်းသွားပြီး အန္တိမယင်ယန် ဟင်းလင်းပြင်ဝင်္ကပါ ဖန်ဆင်းထားသည့် ဧရာမ အလင်းတန်း တိုင်လုံးနှင့် ပေါင်းစပ်သွားသည်။

ထိုအလင်းတန်း တိုင်လုံးသည် မျက်စိကျိန်းလောက်အောင် မတောက်ပတော့ပဲ ပို၍ လျှို့ဝှက် ဆန်းကြယ်လာကာ သူ၏အောက်မှ ပိုင်ယွင်တောင်ကလည်း ပိုမို ပြင်းထန်စွာ တုန်ခါလာခဲ့သည်။ တောက်ပသော အလင်းတန်း တစ်ခု ပျံ့နှံ့လာကာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်၏ ပုံရိပ်ယောင် တစ်ခု ပေါ်လာခဲ့သည်။

အပေါ်နှင့် အောက်မှ ဖြစ်တည်မှု နှစ်ခုတို့သည် ကောင်းကင်မွေးဖွား သူတော်စင်အား အလယ်တွင် ထား၍ ညှပ်ထားခဲ့သည်။ မရေမတွက်နိုင်သော

+

နတ်ဘုရား မှော်ကျိန်စာ သင်္ကေတများ လင်းလက်လာ၍
ကောင်းကင်မွေးဖွား သူတော်စင်၏ အရံအတား
မှော်ကျိန်စာများကို ဖြေရှင်းလိုက်သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည်
မျက်မှောင်အနည်းငယ် ကြုတ်လိုက်သည်။
သူ့ပြိုင်ဘက်၏ မှော်ကျိန်စာ စွမ်းအားသည်
အလွန်အမင်း မတိုးတက်လာခဲ့သော်လည်း
သူ့အပေါ်တွင် ချုပ်နှောင်နေသော
အကျိုးသက်ရောက်မှုများက များစွာပို၍ တိုးလာခဲ့သည်။

သူသည် မျက်နှာရှုံ့သွား၍ ပြုံးကာ တွေးလိုက်သည်။
"ထိုက်ရီရဲ့ လက်ချက်များလား..."

+

ပိုင်ယွင်တောင်နှင့် နီးကပ်နေပြီ ဖြစ်သော်လည်း
ကောင်းကင်မွေးဖွား သူတော်စင်၏ အကာအကွယ်
အရံအတားသည် အားနည်းသွားကာ စတင်၍
ပြိုကျလာခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည်
သက်ပြင်းအရှည်ကြီး တစ်ချက် ချလိုက်ကာ သူ၏
ပုံရိပ်သည် တဖျပ်ဖျပ် လှုပ်ရှားသွား၍ တစ်ယောက်မှ
နှစ်ယောက်ကဲ့သို့ ဖြစ်သွားပြီး သူ့ခန္ဓာကိုယ် ထံမှ သူနှင့်
တထေရာတည်း တူနေသည့် ပုံရိပ်တစ်ခု
ပေါ်လာခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ၏
တိုက်ခိုက်မှုသည် ရှေ့တက်လာခဲ့ကာ
ကောင်းကင်မွေးဖွား သူတော်စင်၏ အပေါ်သို့

+

ကျရောက်သွားသော အခါ ထိုပုံရိပ်သည် အရှေ့သို့ တက်လာပြီး ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် မီးခိုးမျှင်များပမာ တိုက်ခိုက်မှုအား ရှောင်ရှား၍ ပိုင်ယွင်တောင်ထံသို့ ရောက်လာသည်ကို တွေ့ခဲ့ရသော အခါ ကောင်းဟန်နှင့် ကျန်သောသူများသည် မျက်မှောင်များကို ကြုတ်လိုက်ကြသည်။

သူ့လက်အတွင်းမှ မှော်ကျိန်စာများသည် ပြောင်းလဲသွား၍ သူ၏ ဘယ်လက်အား ရင်ဘတ်အရှေ့တွင် တည့်တည့်ထားထားပြီး သူ၏ ညာလက်ဖြင့် ပိုင်ယွင်တောင်ထိပ်အား ရိုက်ချလိုက်သည်။

+

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်
အဖြစ်သို့ ဖြည်းဖြည်းချင်း အသွင်ပြောင်းနေသော
ပိုင်ယွင်တောင်သည် ရုတ်တရက်ပင် ပြန်လည်
တည်ငြိမ်လာခဲ့ပြီး နတ်ဘုရားနယ်မြေ အပေါ်တွင်
မားမားမတ်မတ် ရပ်တည်နေခဲ့သည်။
ကောင်းကင်မွေးဖွား သူတော်စင်၏ ပုံရိပ်မှာမူ
လင်းလက်လာ၍ တောင်အတွင်းသို့ ဝင်သွားခဲ့သည်။

## စာစဉ် ၇၄ : အပိုင်း ၆

## အပိုင်း ၁၄၃၆ : ဆုံးဖြတ်ချက် မှားသွားခြင်း

ကောင်းကင်မွေးဖွား သူတော်စင်၏ ပုံရိပ်သည်
လင်းလက်လာ၍ ပိုင်ယွင်တောင်၏ အတွင်းပိုင်းသို့
ဝင်သွားခဲ့ပြီး ချက်ချင်းပင် အစအန ရှာမရအောင်

+

ပျောက်ကွယ်သွားသည်။ တောင်ထိပ်အပေါ်ရှိ
အန္တိမယင်ယန် ဟင်းလင်းပြင်ဝင်္က်ပါ အတွင်းမှ
ကောင်းဟန်နှင့် ကျန်သောသူများသည်
မျက်မှောင်များကို ကြုတ်လိုက်ကြသော်လည်း
မတုန်လှုပ်သွားကြပေ။ ထို့အစား သူတို့သည် ဝင်္က်ပါ
တစ်ခုလုံးကိုသာ တည်ငြိမ်အောင် ထိန်းချုပ်နေခဲ့သည်။

ဝင်္က်ပါသည် အပြည့်အဝ ဆက်လက်
လည်ပတ်နေသေးသော်လည်း စတင်၍ ကျုံ့ဝင်လာကာ
ထူထဲ သိပ်သည်းသော တိမ်တိုက်တစ်ခု အဖြစ်သို့
ပြောင်းသွားပြီး ပိုင်ယွင်တောင်အား ထပ်ဖန်တစ်ခါ
လွှမ်းခြုံသွား၍ ပြင်ပကမ္ဘာထံမှ ဖုံးကွယ်ထားခဲ့သည်။

တောင်၏ ပြင်ပတွင် လော်ချင်းဝူနှင့် တန်ကျွင်းတို့သည်
အဖြူရောင် တိမ်တိုက်များ အကြားတွင်  မှော်ကျိန်စာ
အရိုန်အဝါများ အဆက်မပြတ် ထိုးတက်လာသကဲ့သို့
+

ရွှေရောင် အလင်းတန်း တစ်ခုက ရုံဖန်ရုံခါ
လင်းလက်လာသည်ကို တွေ့နိုင်ခဲ့သည်။

မဟာကမ္ဘာ အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များသည်
အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ ထံသို့
အစုပ်ယူခံခဲ့ရ၍ ဤနေရာသို့ စုစည်းလာကြသည်။

ဤအခြေအနေက ပိုကြာလာလေလေ
ကောင်းကင်မွေးဖွား သူတော်စင်က အရေးမလှ
ဖြစ်လာလေလေ ဖြစ်မည်ကို သိနေခဲ့သဖြင့် တန်ကျွင်း၏
အကြည့်သည် ပြောင်းလဲသွားသည်။ ဝက်ပါသည်
ကောင်းကင်နှင့် မြေကြီးတို့ထံမှ စွမ်းအားများကို
စုပ်ယူနိုင်စွမ်း ရှိသဖြင့် သူ၏ စွမ်းအား
အထောက်အပံ့များသည် အကန့်အသတ်မဲ့နေသည်။

+

ထို့အပြင် ဝက်ပါ၏ ဟင်းလင်းပြင် ကာကွယ်ခြင်း
မှော်ကျိန်စာသည် အလွန်အမင်း အစွမ်းထက်လှသဖြင့်
ကောင်းကင်မွေးဖွား သူတော်စင်ကဲ့သို့ အစွမ်းထက်သည့်
ကျင့်ကြံသူကပင် ပြင်ပကမ္ဘာမှ စိတ်ဝိညာဉ်
စွမ်းအင်များကို စုပ်ယူနိုင်စွမ်း မရှိတော့ပေ။

ယခုအချိန်တွင် တစ်ဘက်သည် အဆုံးမဲ့
ထောက်ပံ့နေသော စွမ်းအားများကို ရနိုင်ကာ
တစ်ယောက်သည် စွမ်းအား အကန့်အသတ် ရှိနေသဖြင့်
စွမ်းအား မျှခြေများက ပြောင်းလဲသွားပေမည်။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်သည်
ဤအရာကို ကြိုမြင်ပြီးသား ဖြစ်သည်။ ထို့ကြောင့်
သူ့ကိုယ်သူ လှောင်အိမ်အတွင်းသို့
ဆင်းသက်လာခဲ့ခြင်းမှာ ခိုင်လုံသော အကြောင်းရင်း

+

တစ်ခု ရှိနေသည့် အပြင် ပြန်လည် လွတ်မြောက်နိုင်ရန် အစီအစဉ် ဆွဲထားပြီးလည်း ဖြစ်ပေလိမ့်မည်။

ခဏအကြာတွင် အဖြူရောင် တိမ်တိုက်များဖြင့် လွှမ်းခြုံထားသော ပိုင်ယွင်တောင်သည် ရုတ်တရက် စတင်၍ တုန်ခါလာခဲ့ကာ ပြင်းထန်လှသော တုန်ခါမှုအား ထုထဲသော တိမ်တိုက်များ အကြားမှပင် မြင်နိုင်ခဲ့သည်။

ကြည့်ရသည်မှာ တစ်စုံတစ်ခုက သူ့အတွင်းမှနေ၍ ပေါက်ကွဲလာတော့မည်ကဲ့သို့ ဖြစ်သည်။

ပြီးတာနှင့် ပိုင်ယွင်တောင်အား ဖုံးလွှမ်းနေသော တိမ်တိုက် အလွှာများသည် ရုတ်တရက် အရွယ်အစား ကျယ်ပြန့်လာကာ များစွာပို၍ ပါးလျလာကြသည်။

+

အဖြူရောင် တိမ်တိုက် အတွင်းတွင် ရေများ စီးဆင်းနေကာ လှိုင်းဂယက် ထနေသည့် ပုံရိပ်တစ်ခု ပေါ်လာ၍ တိမ်တိုက်များသည် မိုးတိမ်တိုက်များ အဖြစ်သို့ ယာယီ ပြောင်းသွားသကဲ့သို့ ဖြစ်သွားသည်။

တန်ကျွင်းသည် အနည်းငယ် မှင်သက်သွားသော်လည်း ဘာဖြစ်နေသည်ကို အနည်းအကျဉ်း သဘောပေါက်သွားခဲ့၍ လော်ချင်းဝူအား ကြည့်ကာ ပြောလိုက်သည်။ "ဒေါ်လေး... မဟုတ်မှ လွဲရော..."

လော်ချင်းဝူက ခေါင်းကိုညိတ်၍ ပြန်ပြောလိုက်သည်။ "ဖြစ်နိုင်တာက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ တစ်ခုတည်းသော ကောင်းကင်ဘုံ အကြွင်းမဲ့ရေအိုင်က ပေါက်ကွဲလာခဲ့တာပဲ"

+

ဤထကြွ လှုပ်ရှားမှု အပြီးတွင် ပိုင်ယွင်တောင်အား ဖုံးအုပ်ထားသည့် အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါသည် စတင်၍ တုန်ခါလာခဲ့သည်။ ပြီးတာနှင့် ရွှေရောင် အလင်းတန်း တစ်တန်းသည် တိမ်တိုက် အလွှာများကို ထိုးဖောက်၍ ပေါက်ကွဲ ထွက်လာခဲ့သည်။

တိမ်တိုက်များ အတွင်းတွင် ရွှေရောင် အလင်းတန်းများသည် လွတ်လပ်စွာ ကူးခတ်နေကြပြီး ရုတ်တရက်ပင် သိပ်သည်းသွား၍ ဤအချိန်တွင် အဖြူရောင် တိမ်တိုက်များကပင် ရွှေရောင်သန်းနေကြသည်။

တိမ်တိုက်များ အကြားမှ ချိုးဖောက် ထွက်နေလိုသော ထိုရွှေရောင် အလင်းတန်းသည် မျှော်လင့်မထားပဲ တိမ်တိုက်များ အတွင်းမှ ကျယ်ပြန့်လှသော ရွှေရောင်

+

ရှုပ်ထွေးမှုများနှင့် အတူ အေးခဲသွားကာ
တိမ်တိုက်များနှင့် တစ်သားတည်း ဖြစ်သွားသည်။

ရွှေရောင် အလင်းတန်းက ရပ်တန့်သွားသော်လည်း သူ၏
အလယ်ဗဟိုတွင် အဖြူနှင့် အနက်ရောင်
တိမ်တိုက်တစ်ခု ရှိနေခဲ့ကာ ထိုတိမ်တိုက်၏
အလယ်တွင် ကောင်းကင်မွေးဖွား သူတော်စင်က
ပေါ်လာခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏
လက်အတွင်းတွင် အဖြူရောင် ဆေးမီးဖို တစ်ခုအား
ကိုင်ဆောင်ထားကာ ထိုဆေးမီးဖို၏ မျက်နှာပြင်အား
နေမင်းနှင့် လမင်း ပုံစံများဖြင့် တန်ဆာဆင်ထားသည်။
သူတို့သည် ဆေးမီးဖို အပေါ်တွင် ထွင်းထုထားသော
ပုံစံများသာ ဖြစ်ကြသော်လည်း နေနှင့်လ အစစ်တို့ကဲ့သို့

+

လည်ပတ်နေကြကာ မြင့်လိုက်နိမ့်လိုက် ဖြစ်နေကြသည်။

ဤဆေးမီးဖိုအား မည်သည့် မှော်ကျိန်စာ စွမ်းအားများနှင့်မှ အသက်သွင်း၍ ရမနေပဲ အလွန်အမင်းကို သာမန်ဆန်သော ဆေးမီးဖိုကဲ့သို့ ငြိမ်သက်နေခဲ့သည်။

သို့သော်လည်း လော်ချင်းဝူနှင့် တန်ကျွင်းတို့က ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မဟာယာန အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်သည့် နေလနတ်ဘုရား ဆေးမီးဖို ဖြစ်သည်ဟု သိနိုင်ခဲ့ကြသည်။ နတ်ဘုရားနယ်မြေ၏ သမိုင်းတစ်လျှောက်တွင် သူသည် နတ်ဘုရားနယ်မြေ ဆေးမီးဖို အပြီးတွင် ဆေးလုံးများကို ဖော်စပ်ရာ၌ ဒုတိယ အကောင်းဆုံး မှော်ရတနာ ဖြစ်သည်။

+

ထို့အပြင် နေလနတ်ဘုရား ဆေးမီးဖို အတွင်းတွင် နောက်ထပ် တစ်စုံတစ်ခု ရှိနေသကဲ့သို့ ဖြစ်နေသည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများဘက်သို့ လှည့်၍ ပြုံးပြလိုက်ကာ ပြောလိုက်သည်။ "ငါက ငါချန်ထားခဲ့တဲ့ ပစ္စည်းအချို့ကို ပြန်လာယူတာ… နေလ နတ်ဘုရား ဆေးမီးဖိုက သူတို့အနက်က ပစ္စည်းတစ်ခုပဲ… ဘာဖြစ်လို့ ဒီလောက်အထိ ရုတ်ရုတ်သဲသဲ လုပ်ချင်နေရတာလဲ"

ကောင်းဟန်က တိမ်တိုက်များ အကြားမှ ပြန်ပြောလိုက်သည်။ "ခင်ဗျားက ကျုပ်တို့ဆီကနေ

+

အများကြီး ယူသွားပြီးပြီ… ခင်ဗျားက ပစ္စည်းတွေကို ပြန်တောင်ပေးသင့်သေးတယ်"

ကောင်းကင်မွေးဖွား သူတော်စင်သည် ပြုံးနေရင်း သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "မင်းတို့က ငါ့ရဲ့ ပစ္စည်းတွေကို အသုံးချတတ်မှာ မဟုတ်ဘူး… ဆေးလုံးတွေနဲ့ ဖော်စပ်နည်းတွေကိုတော့ မင်းတို့က ဆက်လက် လေ့လာနေရင် အကျိုးရှိမှာပါ… ချင်းနင်က ဒီနေရာမှာ ပါရမီ ပါလာတယ်… ငါသိသလောက် ဆိုရင် မင်းတို့က ပဏ္ဍိတဆယ်ပါး ရွှေရောင်ဆေးလုံးကို ပြန်လည် ဖော်ထုတ်နိုင်ပြီ မဟုတ်လား"

တိမ်တိုက်များ အတွင်းမှ ချင်းနင်သူတော်စင်၏ မသဲမကွဲ ညည်းတွားသံတစ်ခု ထွက်လာခဲ့သည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ သွားများကို ပေါ်အောင် ပြုံးလိုက်၍ သူ၏ ပုံရိပ်က လှုပ်ရှားသွားရာ နောက်ထပ် ကိုယ်ပွားပုံရိပ် တစ်ခု ထပ်ပေါ်လာခဲ့သည်။

ဤပုံရိပ်သည် ကောင်းကင်မွေးဖွား သူတော်စင်၏ အဖြူနှင့် အနက်ရောင် အကာအကွယ် တိမ်တိုက်များကို ရွှေရောင်ဖျော့ဖျော့ တိမ်တိုက်များ အဖြစ်သို့ ပြောင်းလဲစေခဲ့သည်။ တောက်ပသော အလင်းတန်းများ လင်းလက်လာအပြီးတွင် ပုံရိပ်သည် အစရှာမရအောင် ပျောက်ကွယ်သွား၍ ရွှေရောင် တိမ်တိုက်များ အကြားတွင် အပေါက်တစ်ခုကို ချန်ထားခဲ့သည်။

ဤအခွင့်အရေးကို အသုံးချကာ ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ အဖြူနှင့် အနက်ရောင် တိမ်တိုက်များကို ရွှေရောင် အလင်းတန်း တစ်ခုအဖြစ်သို့

+

ပြောင်းလိုက်၍ ထိုအပေါက်မှ တဆင့် အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ အတွင်းမှ ထွက်ခွာသွားခဲ့သည်။

ဤအချိန်တွင် ဝက်ပါ အတွင်းမှ ကောင်းဟန်နှင့် ကျန်သောသူများ၏ မျက်နှာများသည် အကြီးအကျယ် ပျက်နေကြသည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ နည်းစနစ်များတွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ သာမန် မှော်ကျိန်စာများ အပြင် ထူးခြားသော အရှိန်အဝါ တစ်ခု ပါနေခဲ့သည်။ ထိုအရာသည် သူတို့အား ရင်းနှီး ကျွမ်းဝင်နေသကဲ့သို့ ခံစားနေရသော်လည်း စိတ်ရှုပ်ထွေးစေခဲ့သည်။

+

ရန်သူသည် အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါအား မဖြိုခွဲခဲ့သော်လည်း သူ့အတွင်းမှ အောင်မြင်စွာ လွတ်မြောက်သွားနိုင်ခဲ့သည်။ သူသည် မဟာကမ္ဘာ အတွင်းသို့ ထွက်ခွာသွားခဲ့သော်လည်း သူတို့သည် ဝက်ပါကို ဆက်လက် လည်ပတ်နိုင်ရန် ပိုင်ယွင်တောင် အတွင်းမှ မထွက်သွားနိုင်ပေ။

ကောင်းကင်မွေးဖွား သူတော်စင်သည် လွတ်လပ်စွာဖြင့် ပျံသန်းသွားကာ ပိုင်ယွင်တောင်မှ ထွက်ခွာသွားသည့် အချိန်တွင် ဟင်းလင်းပြင်က တုန်ခါသွားကာ ကမ္ဘာမြေ၏ ထောင့်လေးထောင့်သို့ တိုင်အောင် ကျယ်ပြန့်နေသည်ဟု ထင်နေရသော ရောမ ကြေးမီးဖို တစ်လုံးက သူ့အရှေ့တွင် ပေါ်လာခဲ့သည်။

ထိုရောမ ဆေးမီးဖိုသည် နတ်ဘုရားနယ်မြေ ဆေးမီးဖိုပင် ဖြစ်ပေတော့သည်။

+

နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား တွေ့ခဲ့ရသော အခါ ကောင်းကင်မွေးဖွား သူတော်စင်၏ အမူအရာသည် အနည်းငယ် ထူးဆန်းနေသကဲ့သို့ ဖြစ်သွားသည်။

သူပုန်းအောင်းခြင်း မပြုခဲ့စဉ်က သူသည် နတ်ဘုရားနယ်မြေ အတွင်းတွင် ဆေးလုံးများ ဖော်စပ်ရာ၌ အကျွမ်းကျင်ဆုံးသူ ဖြစ်ခဲ့သည်။ သူသည် ဟင်းလင်းပြင် ဘုရားကျောင်းအား သစ္စာဖောက်ကာ ထွက်ပြေးသွားချိန်၌ ချင်းနင်သူတော်စင်သည် သူ၏ နေရာကို ဖြည်းဖြည်းချင်း ဆက်ခံခဲ့သည်။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင် အနေဖြင့် နတ်ဘုရားနယ်မြေ ဆေးမီးဖို၏ ထူးခြား

+

ဆန်းကြယ်သော စွမ်းရည်များကို အဘယ်မှာ မသိပဲ နေပါအံ့နည်း။

သူသည် ပိုင်ယွင်တောင်သို့ ပြန်ကာ သူ့ပစ္စည်းများကို ပြန်ယူခဲ့သော်လည်း အကယ်၍ သူသည် နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား ရရှိနိုင်ခဲ့ပါက နေလနတ်ဘုရား ဆေးမီးဖိုကို အရေးလုပ်နေတော့မည် မဟုတ်ချေ။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ဓားအား သတိထားနေခဲ့သဖြင့် ကောင်းကင်မွေးဖွား သူတော်စင်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ရန်စမည့် အစား ပိုင်ယွင်တောင်ကိုသာ ရွေးချယ်ခဲ့သည်။

+

အစောပိုင်းက သူသည် နတ်ဘုရားနယ်မြေ ဆေးမီးဖို၊ လော်ချင်းဝူနှင့် တန်ကျွင်းတို့အား သတိပြုမိသော်လည်း ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် မဟာမိတ်များ မဟုတ်ကြသဖြင့် သူနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ အကြားမှ ကိစ္စအား ဝင်စွက်လိမ့်မည် မဟုတ်ဟု ထင်နေခဲ့သည်။

နတ်ဘုရားနယ်မြေ ဆေးမီးဖို အပေါ်မှ တန်ကျွင်းအား ကြည့်နေရင်း ကောင်းကင်မွေးဖွား သူတော်စင်က ပြုံးကာ ပြောလိုက်သည်။ "မင်းက လေမိသားစုထံမှာ ဒုက္ခရောက်ခဲ့တယ် ဆိုတာကို ငါကြားခဲ့တယ်... ဒါပေမဲ့ ဒါက မင်းအတွက် စမ်းသပ်ချက် တစ်ခုပဲ... 'ခါးသီးတဲ့ အေးစက်မှုဟာ ဆီးပန်းပွင့်တွေကို ပိုမို သင်းပျံ့စေတယ်'... မီးသခင် ခန္ဓာကိုယ်ကို ထည့်မတွက်ပဲ မင်းငယ်ငယ်တုံးက

+

အတွေ့အကြုံတွေသာ မရှိရင် ဒီကနေ့ နေရာကို ရောက်နိုင်မှာ မဟုတ်ဘူး"

တန်ကျွင်းသည် သူ၏ အရှေ့မှ ရင်းနှီးနေသော်လည်း ဝေးကွာနေသည့် လူအား ငြိမ်သက်စွာ ကြည့်နေခဲ့သည်။ ကောင်းကင်မွေးဖွား သူတော်စင် ပြောခဲ့သော စကားများကို ကြားခဲ့ရသော အခါ သူ၏ခေါင်းကို အနည်းငယ်စောင်း၍ ရှုပ်ထွေးသော အမူအရာများဖြင့် ပြောလိုက်သည်။ "ခင်ဗျား ပြောချင်နေတာက ဒါတွေပဲလား"

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ့အား တစ်ခါသာ လှမ်းကြည့်လိုက်၍ ဘာမှ မပြောခဲ့ပေ။

+

တန်ကျွင်း၏ အကြည့်သည့် ပို၍ အေးစက်လာကာ ပြောလိုက်သည်။ "ဒါဆို အမေအတွက်ရော ဘာပြောမလဲ... သူမ မသေခင် အချိန်တိုင်အောင် သူမက ခင်ဗျားကို သတိရနေခဲ့တယ်"

ကောင်းကင်မွေးဖွား သူတော်စင်သည် ခေတ္တမျှ ငြိမ်သက်သွားကာ ခြောက်ကပ်စွာ ပြုံး၍ ပြောလိုက်သည်။ "ငါတို့က ဖူးစာ မပါလာတဲ့ အတွက် ဘာဖြစ်လို့ ငါ့ကို သတိရနေဦးမှာလဲ"

တန်ကျွင်းသည် အသက်ပြင်းပြင်း ရှူလိုက်ရာ သူ၏ မျက်လုံးများ အတွင်းမှ ခံစားချက်များ အားလုံးက ပျောက်ကွယ်သွားသည်။ ကောင်းကင်မွေးဖွား သူတော်စင်အား စိုက်ကြည့်နေရင်း သူက ခေါင်းညိတ်ပြလိုက်ကာ ဘာမှ မပြောတော့ပေ။

+

လော်ချင်းဝူသည် ကောင်းကင်မွေးဖွား သူတော်စင်အား ကြည့်၍ သူမ၏ခေါင်းကို ခါလိုက်သည်။ "ကျွန်မတို့က ရှင့်ကို ဘာဖြစ်လို့ ဟန့်တားခဲ့သလဲ ဆိုတာကို ရှင်စဥ်းစားနေတာလား... ရှင်နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ အကြားက ပဋိပက္ခဟာ ရှင့်ကိစ္စဖြစ်ပြီး ကျွန်မတို့က ဝင်စွက်မှာ မဟုတ်ဘူး... ဒါပေမဲ့ ရှင်နဲ့ တန်ကျွင်းတို့ အကြားက ကိစ္စကိုတော့ ဖြေရှင်းရလိမ့်မယ်"

"ရှင်က အရာများစွာ အတွက် ကြိုတင်ခန့်မှန်းပြီး ပြင်ဆင်ထားခဲ့တယ်... ဒါပေမဲ့ ရှင်က လူသားတွေ အကြောင်းကိုတော့ နားလည်ခဲ့တဲ့ပုံ မပေါ်ဘူး... ဒါကြောင့်မို့ အခြေအနေကို ခံစားချက် ကင်းမဲ့စွာနဲ့ မှားယွင်း ဆုံးဖြတ်ခဲ့တာပဲ"

+

ကောင်းကင်မွေးဖွား သူတော်စင်သည် ရယ်၍ မေးလိုက်သည်။ "ဒီလိုဆိုတော့ မင်းတို့က ငါလုပ်နေတဲ့ အရာအပေါ်မှာ စိတ်မဝင်စားနေဘူးပေါ့"

လော်ချင်းဝူက အနည်းငယ် ပြုံး၍ ပြောလိုက်သည်။ "တကယ်လို့ ရှင်က တန်ကျွင်းနဲ့ ကိစ္စကို ဖြေရှင်းပေးနိုင်ရင် ရှင့်ကို လွှတ်ပေးလိုက်မယ်... မဟုတ်ရင် ကျွန်မက ရွေးချယ်ခွင့် မရှိပဲ ရှင်နဲ့ တိုက်ခိုက်ရလိမ့်မယ်... တကယ်လို့ ရှင်က ရှုံးနိမ့်သွားရင် ရှင်ဂရုစိုက်နေတဲ့ အရာတွေသာ မကပဲ ရှင့်မှာရှိတဲ့ အရာအားလုံးက ကျွန်မတို့ လက်အောက်ကို ရောက်လာလိမ့်မယ်"

ကောင်းကင်မွေးဖွား သူတော်စင်၏ နှုတ်ခမ်းထောင့်မှ အပြုံးသည် ပို၍ သိသာလာ၍ မေးလိုက်သည်။ "ဒီလိုဆိုတော့ မင်းတို့က ငါ့ကို အရှင်ဖမ်းချင်နေတာပေါ့"

+

သူသည် စကားပြောနေရင်း ဂရုမစိုက်သလို ရယ်လိုက်သော်လည်း သူ၏ မျက်လုံးများ အတွင်းမှ အကြည့်သည် ငြိမ်သက်နေသော ရေပြင်ကဲ့သို့ တည်ငြိမ်နေခဲ့သည်။

အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါသည် သူ့အား ဘာမှ မလုပ်နိုင်သဖြင့် သူသည် ပိုင်ယွင်တောင် အတွင်းသို့ အလွယ်တကူ ဝင်ထွက်နိုင်ခဲ့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်အား ဝန်းရံထားသော မှော်ကျိန်စာ အရှိန်အဝါသည် အစနှင့် စာလျှောင် များစွာ အားနည်းသွားခဲ့ပြီ ဖြစ်သည်။

သူ့အား ကောင်းကင်နှင့် မြေကြီးထံမှ စွမ်းအင်များကို စုပ်ယူရန် တားဆီးထားသော ဝက်ပါ မရှိတော့သဖြင့်

+

သူသည် လျင်မြန်စွာ ပြန်လည် အားပြည့်လာနိုင်သည်။ သို့သော်လည်း ထိုအချိန် အတောအတွင်းတွင် ကောင်းကင်မွေးဖွား သူတော်စင်သည် အားနည်းနေဦးမည် ဖြစ်သည်။

အစောပိုင်းမှ ဝင်ရောက် ကျူးကျော်မှုနှင့် ပြန်လည် ထွက်ခွာလာမှုတို့သည် ကောင်းကင်မွေးဖွား သူတော်စင်အား အားအင် အတော် ကုန်ခန်းစေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်း ချထားသော ထောင်ချောက်များသည် သူ့အတွက် သီးသန့် ရည်ရွယ်ထားခြင်း ဖြစ်သဖြင့် လုံးဝ အသုံးမဝင်သည် မဟုတ်ခဲ့ပေ။ ကောင်းကင်မွေးဖွား သူတော်စင် အနေဖြင့် ဖဲချပ်အားလုံးကို ထုတ်သုံးခဲ့ရ၍ အားအင်များ ကုန်ခန်းသွားခဲ့သည်။

+

သို့တိုင်အောင် နတ်ဘုရားနယ်မြေ ဆေးမီးဖို၊ လော်ချင်းဝူနှင့် တန်ကျွင်းတို့အား ရင်ဆိုင်နေရရာတွင် ကောင်းကင်မွေးဖွား သူတော်စင်သည် အမှုမထားသကဲ့သို့ ဖြစ်နေသေးသည်။

သူသည် လော်ချင်းဝူအား ကြည့်၍ သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။ "ဓားကောင်းကင် သခင်မ... ဟုတ်လား... ငါမင်းကို သိတယ်... မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လက်ရင်းတပည့် တစ်ယောက်ပဲ... မင်းက အင်မော်တယ် ဝိညာဥ် ပထမ အဆင့်မှာသာ ရှိသေးပေမဲ့ မှော်ကျိန်စာရော ဓားကျင့်ကြံမှုမှာပါ ထူးချွန်ပြီး ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ခုကို ပိုင်ဆိုင်ထားတယ်... မင်းဟာ တကယ်ပဲ ထိုက်တန်တဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်တယ်"

+

"မင်းဆရာရဲ့ ကောင်းကင်ဖျက်ဆီး ဓားအပြင် မင်းက အရင်က သူတော်စင် ကောင်းကင်ဓား၊ ပြီးတော့ ပြီးပြည့်စုံခြင်း မရှိသေးတဲ့ မဟာ ကောင်းကင်ကိုးလွှာ မြင့်မြတ်သောဓားကိုလည်း လေ့လာထားတယ်… မင်းက ငါ့အပေါ်မှာ တကယ်ပဲ အန္တရာယ် ပေးနိုင်စွမ်း ရှိတယ်… နတ်ဘုရားနယ်မြေ ဆေးမီးဖိုကတော့…"

ကောင်းကင်မွေးဖွား သူတော်စင်သည် ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်၍ စကားတစ်ခွန်းမှ မပြောတော့ပဲ လော်ချင်းဝူထံသို့ လက်ချောင်းတစ်ချောင်း ညွှန်ပြလိုက်သည်။

ပြီးတာနှင့် ကောင်းကင်နှင့် မြေကြီး အကြားတွင် ကြီးကျယ် ခမ်းနားသော ကမ္ဘာဦးကာလ အဖြူရောင်

+

အလင်းတန်း တိုင်လုံးတစ်လုံး ပေါ်လာခဲ့သည်။ သူ၏ အစွန်းတစ်ဘက်သည် ကောင်းကင်ပေါ်သို့ ဝဲပျံသွား၍ ကျန်တစ်ဘက်သည် မြေကြီး၏ အပေါ်ယံ အခွံအတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်သွားပြီး မဟာကမ္ဘာအား တံစို့ ထိုးထားသကဲ့သို့ ဖြစ်နေသည်။ သူသည် အန္တိမ မကောင်းဆိုးဝါး နိမ်နင်း တိုင်လုံးပင် ဖြစ်သည်။

တစ်ချိန်တည်းတွင် လော်ချင်းဝူ၊ တန်ကျွင်းနှင့် နတ်ဘုရားနယ်မြေ ဆေးမီးဖိုတို့ အနားတွင် အဖြူနှင့် အနက်ရောင် စွမ်းအားစီးကြောင်းများ ယှက်သန်းနေကာ ပတ်ဝန်းကျင် ဒိုင်မန်းရှင်းသည် ကင်းဗတ်တစ်စကဲ့သို့ တွန့်လိမ်သွားသည်။

ထိုအချိန်တွင် ကမ္ဘာအတွင်းမှ သက်ရှိ အားလုံးတို့သည် ယင်နှင့်ယန် အဖြစ်သို့ ပြောင်းသွားသကဲ့သို့ ဖြစ်သွားပြီး

+

အတူတကွပင် လော်ချင်းဂူနှင့် တန်ကျွင်းသို့ ရှိနေသော အလယ်ဗဟိုသို့ ပြိုကျလာခဲ့သည်။

ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ နာမည်ကျော် စွမ်းအားမြင့် အကြွင်းမဲ့ မှော်ကျိန်စာ တစ်ခုဖြစ်သည့် ယင်ယင် ကောင်းကင်ခြေမှ မြေကြီးကြိတ်ခြေ မှော်ကျိန်စာပင် ဖြစ်သည်။

အကြွင်းမဲ့ မှော်ကျိန်စာ နှစ်မျိုးတို့သည် တစ်ခုက အလျားလိုက်၊ တစ်ခုက ဒေါင်လိုက် ဖွဲ့စည်းထားကာ ကြက်ခြေခတ် တစ်ခုအလား လော်ချင်းဂူနှင့် နတ်ဘုရားနယ်မြေ ဆေးမီးဖိုတို့အား အလယ်တွင် ထားကာ အလွန်အမင်း ကြောက်မက်ဖွယ် စွမ်းအားများနှင့် ဖိချလာခဲ့ကြသည်။

+

လော်ချင်းဝူသည် ထိတ်လန့်တုန်လှုပ် မနေခဲ့ပဲ နတ်ဘုရားနယ်မြေ ဆေးမီးဖိုအား လက်ညှိုးဖြင့် ညွှန်ပြလိုက်ရာ သူသည် အနည်းငယ် တုန်ခါသွား၍ မမြင်နိုင်သော လှိုင်းဂယက်များသည် နေရာအနှံ့သို့ ပျံ့နှံ့လာကြသည်။

မမြင်နိုင်သော လှိုင်းဂယက်များသည် ကောင်းကင်မွေးဖွား သူတော်စင်၏ မှော်ကျိန်စာ နှစ်ခုမှ အရိုန်အဝါများနှင့် ထိပ်တိုက် တွေ့ဆုံခဲ့ကြ၍ ချက်ချင်းပင် ဟင်းလင်းပြင် အတွင်းရှိ မိုင်ပေါင်း သောင်းနှင့်ချီ၍ ကြေမွသွားကြသည်။ နှစ်ဦး နှစ်ဘက်စလုံးတို့သည် တိုက်ပွဲစကတည်းက အလျှော့မပေးခဲ့ကြပဲ အကြိတ်အနယ် တိုက်ခိုက်နေကြလေသည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည် ယင်ယင်
ကောင်းကင်ခြေမွ မြေကြီးကြိတ်ခြေ မှော်ကျိန်စာနှင့်
အန္တိမ မကောင်းဆိုးဝါး နိမ်နင်းတိုင်လုံးအား
ဖော်ထုတ်ပြီးသွားသော အခါ မရပ်နားခဲ့ပဲ သူ၏
လက်ဝါးအား မြှောက်လိုက်ကာ နတ်ဘုရားနယ်မြေ
ဆေးမီးဖိုအား လှမ်းကိုင်လိုက်သည်။

သူ၏ လက်ချောင်းငါးချောင်း ထိပ်ဖျားနှင့် သူ့လက်ဝါး၏
အလယ်တို့တွင် လင်းလက်နေသော အလင်းတန်း
စက်လုံး တစ်ခုစီ ရှိနေကာ ခမ်းနားထည်ဝါကာ
အလျှော့မပေးသည့် ဖန်ဆင်းခြင်း စွမ်းအင်များကို
ဖန်တီးပေးနေကြသည်။

ထိုအရာသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
နန်းတော်၏ သတ္တမမြောက် မှော်ကျိန်စာ ဖြစ်သော

+

ကောင်းကင် ကမ္ဘာခြောက်ခု မြင့်မြတ်သော အခမ်းအနား ဖြစ်သည်။

## စာစဉ် ၇၄ : အပိုင်း ၇

## အပိုင်း ၁၄၃၇ : ကောင်းကင်ကိုးလွှာနှင့် ကောင်းကင်ကိုးလွှာတို့ တိုက်ခိုက်ခြင်း

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏လက်ကို ဆန့်တန်းလိုက်၍ နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ အစွန်းကို တွန်းလိုက်သည်။ သာမန်ဟုသာ ထင်နေရသော်လည်း ကြီးမားလှသော စွမ်းအင်များသည် နတ်ဘုရား နယ်မြေအား အံ့ဩ တုန်လှုပ်စေခဲ့သည်။

+

လော်ချင်းဝူ၏ ဘယ်လက်မှ လက်ချောင်းများသည် ကခုန်နေ၍ ခေါးနည်းစနစ် တစ်ခုအား ဆင့်ခေါ်လိုက်ပြီး သူမ၏ ညာလက်မှာမူ ရွှမ်းချီခေါးကို ကိုင်ဆောင်ထားကာ ကောင်းကင်မွေးဖွား သူတော်စင်အား ထိုးသွင်းလိုက်သည်။

ထိုထိုးသွင်းလိုက်မှုသည် နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ တုန်ခါမှုများနှင့် အတူ ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးနှင့် ဟင်းလင်းပြင်တို့အား အံ့ကြွလာစေခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အရှေ့တွင် မျက်စိ ကျိန်းလုမတတ် အလင်းတန်းတစ်ခု လင်းလက်သွားကာ နတ်ဘုရား နယ်မြေ အတွင်းမှ စိတ်ဝိညာဥ် စွမ်းအင်များ အားလုံးတို့က အစုပ်ယူခံခဲ့ရ၍ အဆက်မပြတ် စုစည်းလာသည်ဟု ခံစားခဲ့ရသည်။ သူ့အား

+

အရပ်မျက်နှာ ပေါင်းစုံမှ ဝန်းရံထားသည့်မှာ ထူထဲသော ဓားအရှိန်အဝါနှင့် ဓားဆန္ဒများပင် ဖြစ်သည်။

ထိုအချိန်တွင် ကောင်းကင်မွေးဖွား သူတော်စင်ကဲ့သို့ အစွမ်းထက်သော တစ်စုံတစ်ယောက် အနေနှင့်ပင် ကမ္ဘာကြီး တစ်ခုလုံးက သူ့အား ဆန့်ကျင်နေ၍ သူ့မျက်စိရှေ့မှ ရှုခင်းများက လုံးဝ ပျောက်ကွယ်သွားသည်ဟု ခံစားနေရသည်။ မဟာကမ္ဘာနှင့် နတ်ဘုရား နယ်မြေတို့သည် ဓားရှည်တစ်ချောင်း အဖြစ်သို့ ပြောင်းသွားပြီး သူ့ထံသို့ ထိုးသွင်းလာခဲ့သည်။

ဤခံစားချက်သည် အတိတ်မှ ကောင်းကင်ဖျက်ဆီး ဓားသည် ကောင်းကင်နှင့် မြေကြီးတို့ထံမှ ဓားအရှိန်အဝါများကို စုစည်းပြီး မဟာကမ္ဘာအား သူ၏

ခေးသွားအဖြစ်သို့ အသုံးချခဲ့သည်ကို ပြန်၍
အမှတ်ရစေခဲ့သည်။

တစ်ခုတည်းသော ခြားနားချက်မှာ သူတော်စင်
ကောင်းကင်ခေး၏ ကောင်းကင်နှင့် မြေကြီးခေးသည်
နူးညံ့သိမ်မွေ့၍ ခမ်းနားထည်ဝါကာ ကျယ်ပြန့်သည်ဟု
ခံစားနေရခြင်း ဖြစ်သည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့်
တည်ဆောက်ထားသော လော်ချင်းဝူ၏ ခေးသွားမှာမူ
မြေကြီးကဲ့သို့ ခိုင်မာ၍ အဆုံးစွန် သိပ်သည်းနေသည်။
လေးလံသည်ဟု ထင်နေရသော်လည်း အသုံးဝင်ကာ
နေးကွေးသည်ဟု ထင်နေရသော်လည်း
ဖျတ်လတ်နေသည်။

+

ပြင်းထန်သော ဓားဆန္ဒက အရှေ့သို့ တိုးလာသည်နှင့် ဟင်းလင်းပြင်က ကြေမွသွားကာ နောက်ဆုတ်သွားသည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ကောင်းကင် ကမ္ဘာခြောက်ခု မြင့်မြတ်သော အခမ်းအနားကို အသုံးပြု၍ သူ၏ အကြွင်းမဲ့ မှော်ကျိန်စာများကို အားဖြည့်လိုက်သည်။ သို့သော်လည်း ထိုဓားနှင့် ရင်ဆိုင်ခဲ့ရသော အခါ အဆက်မပြတ် အဖြတ်တောက်ခံခဲ့ရ၍ ကမ္ဘာများစွာတို့၏ စွမ်းအားများသည် တုံးတိတိ ဖြစ်နေသော်လည်း လွှမ်းမိုးနိုင်သည့် ဓားကြောင့် ဖြည်းဖြည်းချင်း ပြတ်တောက်ကုန်သည်။

"သိပ်မဆိုးဘူး" ကောင်းကင်မွေးဖွား သူတော်စင်သည် အထင်ကြီးသွား၍ သူ၏ခေါင်းကို ညိတ်လိုက်သည်။ သူ၏

+

လက်ဝါးအတွင်းမှ တောက်ပသော အလင်းတန်း တစ်ခု လင်းလက်လာသော အခါ သူသည်ပို၍ ထူးခြား ဆန်းကြယ်ကာ ခန့်မှန်းရခက်လာခဲ့သည်။

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်း လည်ပတ်လာသော အခါ နတ်ဘုရား နယ်မြေ ဆေးမီးဖိုဖြင့် ထုလုပ်ထားသော လော်ချင်းဝူ၏ ဓားသည် သူ၏ လမ်းကြောင်းမှ လွဲချော်သွားသည်။

သို့သော်လည်း ဤအချိန်တွင် ကောင်းကင်မွေးဖွား သူတော်စင်က ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည်။ သူသည် ဘေးသို့ လှည့်လိုက်၍ သူ၏ အခြားလက်ကို မြှောက်လိုက်ကာ လက်ချောင်းတစ်ချောင်းကို ကွေး၍ အသာ တောက်လိုက်သည်။

+

ဟင်းလင်းပြင် အတွင်းတွင် အရောင်အဆင်း မရှိပဲ
အလွန်အမင်း မှောင်မိုင်းနေသော ခေးဆန္ဒ တစ်ခုသည်
အနက်ရှိုင်းဆုံးသော အမှောင်ထုကဲ့သို့
ကောင်းကင်မွေးဖွား သူတော်စင်၏ ဘေးတွင်
ရုတ်တရက် ပေါ်လာခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင် တောက်လိုက်သော
အခါ မှောင်မိုင်းနေသော ခေးဆန္ဒသည် ချက်ချင်း
ငြိမ်းသတ်သွား၍ သူ့အတွင်းမှ ကိုးပေရှည်သော
ရွှေရောင် ရေးဟောင်းခေး တစ်ခုကို
ကိုင်ဆောင်ထားသော လူသားပုံရိပ် တစ်ခု
ထွက်လာသည်။ သူသည် ချူးယန် ဖြစ်သည်။

+

တိုက်ခိုက်မှု မအောင်မြင်ခဲ့သော အခါ ချူးယန်၏ ပုံရိပ်နှင့် ခေးတို့သည် ပေါင်းစည်းသွား၍ လက်ကနဲ ဖြစ်သွားပြီး နတ်ဘုရား နယ်မြေ ဆေးမီးဖို အပေါ်သို့ ကျရောက်သွားသည်။

သူ၏ အမူအရာသည် တည်ငြိမ်နေ၍ ကောင်းကင်မွေးဖွား သူတော်စင်အား အာရုံစိုက်၍ စိုက်ကြည့်နေသော်လည်း ပထမဆုံး လော်ချင်းဝူဘက်သို့ လှည့်ကာ ပြောလိုက်သည်။ "တာအိုရောင်းရင်းလော်... ကျေးဇူး အများကြီး တင်ပါတယ်"

လော်ချင်းဝူက ပြောလိုက်သည်။ "တာအိုရောင်းရင်းချူး... ရှင်ကျေးဇူးတင်ရမှာ ကျွန်မကို မဟုတ်ဘူး... ကျွန်မဆရာက ဒီလို ဖြစ်လာမယ်ဆိုတာကို ကြိုသိနေခဲ့တယ်"

+

ချူးယန်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ဘာမှ ဆက်မပြောတော့ပေ။ သူ၏ ရင်အတွင်းရှိ လော်ချင်းဝူ အပေါ်မှ နက်ရှိုင်းသော ခံစားချက်သည် ဘယ်တော့မှ မပြောင်းခဲ့ချေ။ သို့သော်လည်း ယခုအချိန်တွင် ဤအရာသည် ဦးစားပေးရမည့် အရာမဟုတ်ဟု သူက သိနေခဲ့သည်။

သူ့အရှေ့တွင် လင်းဖုန်းက သူ့အတွက် ဖန်တီးထားပေးသော အခွင့်အရေး တစ်ခု ရှိနေသဖြင့် သူက ဤအရာကို ကောင်းစွာ အသုံးချရပေမည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ချူးယန်အား စိုက်ကြည့်နေပြီး သူ၏ အကြည့်သည် သူ့လက်အပေါ်မှ ကိုးပေးရှည်သော ဓားအပေါ်သို့ ကျရောက်သွား၍

+

သူအစောပိုင်းမှ ထုတ်ဖော်ခဲ့သော ခားဆန္ဒကို အမှတ်ရလိုက်ကာ ဉာဏ်အလင်းပွင့်သွားခဲ့သည်။ "မဟာ ကောင်းကင်ကိုးလွှာ မြင့်မြတ်သောခားနဲ့ အနောက်တောင် ယူကောင်းကင်ခား... ဒါဆိုတော့ ဒါက ကောင်းကင်ကိုးလွှာခားပဲ ဖြစ်ရမယ်"

ကောင်းကင်မွေးဖွား သူတော်စင်သည် ချူးယန်၏ လက်အတွင်းမှ ခားရှည်အား စိုက်ကြည့်နေရင်း ပြောလိုက်သည်။ "ဒါက မှော်ကျိန်စာနဲ့ ဖန်ဆင်းထားတဲ့ ခားဆန္ဒ မဟုတ်ပဲ တကယ့် မှော်ရတနာ တစ်ပါးကို ထုလုပ်နိုင်ခဲ့တာပဲ"

ချူးယန် ဝှေ့ယမ်းလိုက်သည့် ရွှေရောင်ခားရှည်သည် ခားအလင်းတန်းများဖြင့် တောက်ပနေသည်။ အဆင်တန်ဆာများ စီခြယ်ထားခြင်း မရှိပဲ ခမ်းနားထည်ဝါသည့် ခားဆန္ဒ တစ်ခုသည် စီးဆင်းနေ၍

+

ကောင်းကင်ကိုးလွှာနှင့် နည်းလမ်းပေါင်း
တစ်သောင်းတို့သည် သူ့အတွင်းတွင် ရှိနေကြသကဲ့သို့
ဖြစ်နေကာ မယုံနိုင်အောင် ကွဲပြား ခြားနားသော
ကြမ္မာပန်းတိုင် ကမ္ဘာတစ်ခုနှင့် တူနေခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်၊ လော်ချင်းဝူနှင့်
တန်ကျွင်းတို့၏ သဘာဝလွန် အသိစိတ် အတွင်းတွင်
ကောင်းကင်နှင့် မြေကြီး အကြားမှ
လမ်းကြောင်းများသည် ဝန်းရံနေ၍
ကောင်းကင်ကိုးလွှာခေး အပေါ်သို့ စုစည်းလာကာ
အဆက်မပြတ် ပြောင်းလဲနေသည်ဟု ခံစားနေရသည်။

ဤမှော်ရတနာ၏ စွမ်းအား အရှိန်အဝါနှင့် ခေးဆန္ဒတို့
အပေါ်တွင် အကဲခတ်ရခြင်း အားဖြင့် သူသည်
အစောပိုင်းမှ လော်ချင်းဝူ နတ်ဘုရား နယ်မြေ

+

ဆေးမီးဖိုအား အသုံးပြု၍ ဖန်ဆင်းထားသော ဓားနှင့် ယှဉ်နိုင်နေသည်။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်သည် အတွေ့အကြုံ များစွာ ရင့်ကျက်သောသူ ဖြစ်နေသဖြင့် ချူးယန် ကိုင်ဆောင်ထားသော ကောင်းကင်ကိုးလွှာ ဓားသည် ပြီးပြည့်စုံခြင်း မရှိသေးပဲ သေးငယ်သော ခြေလှမ်းတစ်လှမ်း လိုနေသေးကြောင်း သိနေခဲ့သည်။

ဤအရာသည် စက္ကူတစ်ရွက်၏ မျက်နှာပြင် နှစ်ဘက်ကဲ့သို့ အကွာအဝေး နီးကပ်သော်လည်း ကမ္ဘာနှစ်ခု ခြားနေသကဲ့သို့ ဖြစ်နေခဲ့ကာ အပြည့်အဝ အောင်မြင်စေရန် တစ်စုံတစ်ရာ လိုအပ်နေသေးသည်။

+

ချူးယန် ကိုယ်တိုင်ကလည်း ဤအရာကို အပြည့်အဝ သဘောပေါက်နေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက သူသည် ကောင်းကင်ကိုးလွှာ ခေး၏ ခေးအရိပ်ကို ရရှိခဲ့သည်။ ပြီးတာနှင့် သူသည် ကောင်းကင်ကိုးလွှာခေးအား သန့်စင်ရန် ရတနာများကို စုဆောင်းနေခဲ့ရာ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အကူအညီဖြင့် သူသည် ရတနာ ရှစ်မျိုးကို စုဆောင်းနိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထံမှ ကောင်းကင်တော်ဝင် ကျောက်စိမ်းကို ရရှိပြီးသွားသော အခါ ချူးယန်သည် သူလိုအပ်နေသော နောက်ဆုံး မှော်ရတနာသည် ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင် ရှိနေမှန်းကို သတင်းရခဲ့သည်။

+

ပြီးတာနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အကူအညီဖြင့် ချူးယန်သည် ထိုနောက်ဆုံး ရတနာအား ရရှိနိုင်ခဲ့ကာ နောက်ဆုံးတွင် ကောင်းကင်ကိုးလွှာ ခေါးအား ထုလုပ်နိုင်ခဲ့သည်။

သို့သော်လည်း ကောင်းကင်ကိုးလွှာခေါးသည် သူ၏ ကြမ္မာပန်းတိုင်ကို မဖြည့်ဆည်းနိုင်ခဲ့သေးပဲ လွန်ခဲ့သော နှစ်ပေါင်းများစွာက အင်မော်တယ် နဂါးမြို့တော်နှင့် သက်ရှည်ကြာပန်း ထိုင်ခုံတို့က သူတို့၏ နောက်ဆုံး အတားအဆီးကို မကျော်လွှားနိုင်သေးခင်ကကဲ့သို့ ဖြစ်နေခဲ့သည်။

+

သူယနေ့ ရောက်ရှိလာခြင်းသည် ဤနောက်ဆုံး အတားအဆီးကို ကျော်လွှားနိုင်ရန် အခွင့်အရေး တစ်ခုအား ရှာဖွေနိုင်ရန် ဖြစ်သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ကောင်းကင်ကိုးလွှာဓားအား စိုက်ကြည့်နေကာ သူ၏ ဓားဆန္ဒအား ခံစားနိုင်ခဲ့သည်။ သူသည် အခြေအနေကို သုံးသပ်နေရင်း နောက်ဆုံးတွင် သဘောပေါက်သွားခဲ့ကာ ပြောလိုက်သည်။

"ငါသိပြီ… ကောင်းကင်ကိုးလွှာနဲ့ ကောင်းကင်ကိုးလွှာတို့ အကြားမှာ တိုက်ခိုက်မှ ရမယ်… ကောင်းကင်ကိုးလွှာ ဓားအနေနဲ့ သူ့ရဲ့ ကြမ္မာပန်းတိုင်ကို ဖြည့်ဆည်းနိုင်ဖို့ နောက်ဆုံး အခွင့်အရေးဟာ ငါတို့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာပဲ ဖြစ်တယ်"

+

သူ၏ အမူအရာသည် အနည်းငယ် ထူးခြားနေ၍ သူ၏ အကြည့်သည် ပြောင်းလဲသွားပြီး ချူးယန်၏ ကောင်းကင်ကိုးလွှာ ဓားအား စိုက်ကြည့်နေကာ ဘာမှ မပြောတော့ပေ။

သို့သော်လည်း လော်ချင်းဝူနှင့် တန်ကျွင်းတို့သည် အလွန်အမင်း သတိထားနေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့က ကောင်းကင်မွေးဖွား သူတော်စင်အား အကဲစခတ်နေသည့် အချိန်မှစ၍ သူ၏ အစစ်အမှန် ခံစားချက်များကို တစ်ခါတစ်ရံမှ ဖော်ပြခဲ့ခြင်းကြောင့် ဖြစ်သည်။

ရေအိုင်၏ မျက်နှာပြင်ကဲ့သို့ ငြိမ်သက်နေသော သူ၏ မျက်လုံးများသည် ဤအချိန်တွင် ဂယက်ထလာခဲ့ကာ

+

ကောင်းကင်မွေးဖွား သူတော်စင်သည် ထင်နေရသကဲ့သို့ ခံစားချက် မကင်းမဲ့နေခဲ့ပေ။

သို့သော်လည်း ချက်ချင်း ဆိုသလိုပင် သူ၏ အကြည့်သည် ဘာမှ မဖြစ်ခဲ့သကဲ့သို့ သာမန် ပြန်ဖြစ်သွားသည်။ အစောပိုင်းမှ ခံစားချက် လှိုင်းလုံးများသည် တစ်ခါမှ မရှိခဲ့သကဲ့သို့ ဖြစ်သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် မဲ့ပြုံးပြုံးကာ ချူးယန်အား ကြည့်၍ ပြောလိုက်သည်။
"ကောင်းပြီလေ... မင်းက လှည့်စားတတ်တဲ့သူ တစ်ယောက် မဟုတ်ဘူးလား"

ကောင်းကင်ကိုးလွှာခေးသည် သူ၏ ကြမ္မာပန်းတိုင်အား မဖြည့်ဆည်းနိုင်ခဲ့သေးသဖြင့် အကယ်၍ ချူးယန်သည်

+

ကောင်းကင်မွေးဖွား သူတော်စင်ထံမှ စွမ်းအားဖျက်ဆီး ကပ်ဘေးအား ရင်ဆိုင်ခဲ့ရလျှင် ဒဏ်ရာ အပြင်းအထန် ရသွားနိုင်သည်။

ထို့ကြောင့် ချူးယန်သည် လွဲချော်သွားသော အခါ နတ်ဘုရား နယ်မြေ ဆေးမီးဖို အပေါ်သို့ ချက်ချင်း ဆင်းသက်ခဲ့ခြင်း ဖြစ်သည်။ သူသည် လော်ချင်းဝူအား ခေါင်းညိတ်ပြလိုက်၍ ကောင်းကင်ကိုးလွှာဓားအား သူ၏ ဒူးနှစ်ဘက် အပေါ်တွင် ကန့်လတ်ဖြတ် တင်ထားပြီး လေထုအလယ်တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့ရာ များမကြာမီပင် သူ၏ ပုံရိပ်သည် နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ ကိုယ်ထည်အတွင်းသို့ နစ်မြုပ်သွားခဲ့သည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖို ပတ်ပတ်လည်တွင် တောက်ပနေသော လေစီးကြောင်းများ လည်ပတ်နေ၍

+

နတ်ဘုရား နယ်မြေကဲ့သို့ ဝါညိုရောင် ကမ္ဘာတစ်ခု အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့သည်။

သို့သော်လည်း မြေကြီးအောက်တွင် ငြိမ်သက်နေသော မိုးကြိုးတစ်ခုက လှုပ်ရှားနေသည်။ ခေးဆန္ဒ စီးကြောင်းများက ဝဲပုံနေ၍ ကောင်းကင်မွေးဖွား သူတော်စင်ထံသို့ ခုတ်ချလာကြသည်။

ထိုခေးအရှိန်အဝါနှင့် ခေးဆန္ဒတို့သည် ဟင်းလင်းပြင် အတွင်းတွင် ပျံ့နှံ့နေ၍ နဂါးငွေ့တန်းက ကျဆင်းလာသကဲ့သို့ ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ တိုက်ခိုက်လိုက်သည်။ ထိုနဂါးငွေ့တန်း အတွင်းတွင် ထူးခြားသော မြင်ကွင်း အမြောက်အမြားတို့က လင်းလက်နေကြသည်။

+

မြစ်ရေ မျက်နှာပြင်၏ အပေါ်တွင်
တောက်လောင်နေသော နေမင်းများ တစ်စင်းပြီး
တစ်စင်း မြင့်တက်လာ၍ ကောင်းကင်နှင့်
မြေကြီးတို့အား ရွှေရောင် အလင်းတန်းများဖြင့်
လင်းလက်စေခဲ့သည်။

မြစ်အောက်မှ ရေစီးကြောင်း အတွင်းတွင်
မရေမတွက်နိုင်သော အနက်ရောင် အရိပ်များ လက်ကနဲ
ဖြစ်နေပြီး အသူရာချောက်ကဲ့သို့ နက်ရှိုင်းသော
ကျယ်ပြန့်လှသည့် အမှောင်ထု အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ရေမျက်နှာပြင် အပေါ်တွင် ရောမ ဆေးမီးဖို တစ်ခု
လွင့်မျောနေ၍ အသက်ပုံစံ အားလုံးတို့ကို
လောင်စာအဖြစ်နှင့် ကောင်းကင်နှင့် မြေကြီးတို့အား
ဆေးမီးဖို အဖြစ် အသုံးချက လောင်ကျွမ်းနေခဲ့သည်။
+

အဖြူရောင် ကြာပန်းများ တစ်ပွင့်ပြီး တစ်ပွင့် ပွင့်လာကာ
များမကြာမီတွင် သူတို့သည် မြစ်မျက်နှာပြင်အား
ပြည့်သွားစေခဲ့သည်။

ရေမျက်နှာပြင် အပေါ်တွင် အရိပ်ပုံစံ များစွာတို့
အချင်းချင်း ယှက်သန်းနေရင်း ဖြောင့်မတ်
သန့်စွမ်းစွာဖြင့် မန္တန်တစ်ခုကို ရွတ်ဖတ်နေခဲ့သည်။

ထို့အပြင် မြစ်အတွင်းမှ ဗုဒ္ဓနှင့် ရဟန်းများ
ထွက်လာကြကာ စကျင်ကျောက်၏ မှော်အလင်းရောင်
တစ်ခုဖြင့် ဖုံးလွှမ်းထားပြီး ငြိမ်းချမ်းမှုနှင့်
အသိပညာတို့၏ အနှစ်သာရများကို
ထုတ်လွှတ်နေကြသည်။

+

မြစိမ်းရောင် နဂါးသည် ရေအတွင်းတွင် လူးလွန့်နေ၍
မြစိမ်းရောင် မီးတောက်များကို စိတ်ကြိုက်
မှုတ်ထုတ်နေကြသည်။

ကြီးမားလေးလံကာ လိပ်တစ်ကောင်နှင့် တူနေသလို
မြွေတစ်ကောင်နှင့်လည်း တူနေသည့် ကမ္ဘာဦး ရွှမ်းဝူ
တစ်ကောင်သည် မြစ်ကမ်းဘေးတွင် ဝပ်တွားနေသည်။
ထိုအရာသည် ကောင်းကင်တံခါးဂိုဏ်း၏ ခေါင်းဆောင်
အတွင်းတွင် ပေါင်းစည်းထားသော ရွှမ်းဝူ၏
ကျောက်ဖြစ်ရုပ်ကြွင်းအား တူးဖော်ခြင်း ဖြစ်သည်။

နဂါးငွေ့တန်း အတွင်းတွင် မှေးမှိန်သော
သွေးအလင်းရောင် တစ်တန်း ပေါ်လာ၍ အဖြူရောင်
မီးခိုးငွေ့များ လွင့်မျောနေကာ ကောင်းကင်နှင့်
မြေကြီးတို့၏ ထူးခြား ဆန်းကြယ်မှုများကို
ဖော်ပြနေကြသည်။

+

မြစ်ရေ စီးဆင်းသွားသော နေရာတွင် သူသည် ကမ္ဘာတစ်သောင်းနှင့် မရေမတွက်နိုင်သော ဒိုင်မန်းရှင်းများကို ဖြတ်သန်းသွားသည်ဟု ထင်နေရပြီး သူတို့ အားလုံးတို့၏ သဘောတရား အနှစ်သာရများကို လွှမ်းခြုံနေကာ ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ ကျဆင်းလာလေသည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အကြည့်သည် ပြောင်းလဲသွား၍ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းကို ဆင့်ခေါ်လိုက်ရာ နဂါးငွေ့တန်းသည် တုန်ခါသွား၍ သူ့အား ဆံချည်တစ်မျှင်စာမျှ လွဲချော်သွားသည်။

+

ကောင်းကင်မွေးဖွား သူတော်စင် ကိုယ်တိုင်ကမူ နတ်ဘုရား နယ်မြေ ဆေးမီးဖို အနားသို့ ထပ်ဖန်တစ်ခါ ချဉ်းကပ်လာ၍ သူ၏ လက်ဝါးနှစ်ဘက်ကို တစ်ပြိုင်နက် ဖွင့်လိုက်ရာ ရွှေရောင်အလင်းတန်းနှင့် ယင်ယန် စွမ်းအားများသည် အတူတကွ ပေါ်လာခဲ့ပြီး သူတို့၏ ကိုယ်ပိုင် ကြမ္မာပန်းတိုင် ကမ္ဘာအား ဖန်ဆင်းလိုက်သည်။

ရှန်ကောင်းကင် မြင့်မြတ်သော ကောင်းကင်ဘုံ ပုံစံကို ဖန်ဆင်းထားပြီး သူသည် နတ်ဘုရား နယ်မြေ ဆေးမီးဖို ဖန်ဆင်းထားသော အရိပ်နယ်မြေ အပေါ်၌ လွှမ်းမိုးလိုက်သည်။

နှစ်ဦး နှစ်ဘက်တို့သည် လေထုအလယ်တွင် ထိပ်တိုက် တွေ့ခဲ့ကြရာ နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ အစွန်းတွင် ထိုင်နေသော လော်ချင်းဝူ၏ အမူအရာသည်

+

မပြောင်းလဲခဲ့ပဲ သူမ၏ ရွှမ်းချိခေါးအား ကန့်လန့်ဖြတ် ကိုင်ထားခဲ့သည်။

သူမ၏ ဆန္ဒအရ နတ်ဘုရား နယ်မြေ ဆေးမီးဖိုသည် တိုက်ခိုက်မှုများ အားလုံးတို့အား ရပ်တန့်လိုက်ကာ ခံစစ်ကိုသာ အာရုံစိုက်ခဲ့သဖြင့် ကောင်းကင်မွေးဖွား သူတော်စင်ကပင် ကျော်လွှားရန် ခက်ခဲနေခဲ့သည်။

တစ်ချိန်တည်းတွင် ကြေးရောင် ဆေးမီးဖိုသည် ဓားအလင်းတန်း တစ်တန်းကို ထပ်မံ ထုတ်လွှတ်လိုက်၍ ကြယ်တာရာများ အဖြစ်သို့ ပြောင်းသွားပြီး ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ ကျဆင်းလာသည်။ ဤတိုက်ခိုက်မှုသည် နတ်ဘုရား နယ်မြေ ဆေးမီးဖို၏ ခံစစ်များနှင့် ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ဖြစ်နေပြီး အတူတကွ ပေါင်းစည်းနိုင်ခဲ့သည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည်
သွားများပေါ်အောင် ရယ်လိုက်ရာ သူ၏ ခန္ဓာကိုယ်
အနားတွင် လျှို့ဝှက်ဆန်းကြယ်သော အလင်းတန်း
တစ်တန်း လင်းလက်လာ၍ ကောင်းကင်ကိုးလွှာခေး၏
တိုက်ခိုက်မှုအား ထိပ်တိုက် ရင်ဆိုင်ခဲ့သည်။

ချူးယန်သည် ရုတ်တရက်ပင် ကောင်းကင်ကိုးလွှာခေး
အပေါ်၌ အနည်းငယ် ထိန်းချုပ်မှု ကင်းမဲ့သွားသကဲ့သို့
ခံစားခဲ့ရသည်။

ပြီးတာနှင့် နတ်ဘုရား အလင်းတန်း တစ်တန်း
လင်းလက်လာကာ ခေးအလင်းတန်းသည်
ကောင်းကင်ကိုးလွှာမှ နဂါးငွေ့တန်း တစ်ခုကဲ့သို့

+

ပြန်လှည့်လာ၍ နတ်ဘုရား နယ်မြေ ဆေးမီးဖို
ဖန်ဆင်းထားသည့် ကမ္ဘာအပေါ်သို့ ကျဆင်းသွားခဲ့သည်။

လော်ချင်းဂူ၊ ချူးယန်နှင့် တန်ကျွင်းတို့သည်
ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား
အလင်းတန်း အပေါ်၌ ဗဟုသုတ ရှိထားခဲ့သဖြင့်
အံ့အားမသင့်သွားကြပေ။

ရှုထောင့်တစ်မျိုးမှ ကြည့်လိုက်လျှင် ချန်ကောင်းကင်
မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား
ကျင့်ကြံထားနိုင်သော ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျင့်ကြံသူ တစ်ယောက်သည် အနည်းဆုံးတော့
ရန်သူများ၏ ချောင်ပိတ် တိုက်ခိုက်ခြင်းအား
စိုးရိမ်နေစရာ မလိုပေ။

+

အကျိုး အကြောင်း ဆီလျော်သော အကန့်အသတ် တစ်ခု အတွင်းတွင် သူတို့နှင့် အဆင့်တူသော ရန်သူများ၏ အရေအတွက်သည် သိပ်ပြီးမှ အရေးမကြီးပေ။ သူတို့သည် ရန်သူတစ်ယောက်၏ တိုက်ခိုက်မှုများကို ကျန်သောသူများ အပေါ်သို့ ပြန်၍ ရွှေ့ပြောင်းနိုင်သည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ မှော်ကျိန်စာများ၏ အမြင့်မားဆုံး ပုံစံ ဖြစ်သဖြင့် သူ့အား လင်းဖုန်း၏ စကြာဝဠာ ပြောင်းပြန်လှန်ခြင်း ဖြင့်သာ တန်ပြန်၍ ရသည်။ သို့တိုင်အောင် သူ့အား ရင်ဆိုင်ရသည်မှာ လွယ်ကူလှခြင်း မရှိပေ။

သို့သော်လည်း အကယ်၍ ကောင်းကင်မွေးဖွား သူတော်စင်သည် သူတို့၏ တိုက်ခိုက်မှုများကို ခံစစ်များ အဖြစ် ပြောင်းလဲနေချင်သည် ဆိုပါက လွယ်ကူသော ကိစ္စတစ်ခု မဟုတ်ချေ။

+

နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် လေဘ်ချင်းဂူ၏ ခေးစွမ်းအားများသည် ချူးယန်နှင့် ကောင်းကင်ကိုးလွှာ ခေးတို့၏ တိုက်ခိုက်မှုများကို ခုခံ ရှောင်ဖယ်ခြင်း မပြုပဲ ဤအတိုင်းသာ ခံယူခဲ့ကြသည်။

ထိုအချိန်တွင် နတ်ဘုရား နယ်မြေ ဆေးမီးဖိုသည် အသက်ပုံစံ အားလုံးတို့ကို ငြိမ်သက်စွာ ထောက်ပံ့နေသည့် ကျယ်ပြန့်လှသည့် ကမ္ဘာကြီးနှင့် တူနေကာ ဤဝန်ထုပ်ဝန်ပိုးအား ခံယူနိုင်သည့် အစွမ်း ရှိနေသည်။

မျှော်လင့်မထားပဲ ကောင်းကင်ကိုးလွှာခေး၏ တိုက်ခိုက်မှုများသည် နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ထူးခြားစွာ ကိုက်ညီနေ၍ ပြီးပြည့်စုံသော ကမ္ဘာတစ်ခု

+

အဖြစ်သို့ ပေါင်းစည်းနိုင်ခဲ့သည်။ အပေါ်မှ ကောင်းကင်နှင့် အောက်မှ မြေကြီးတို့သည် မယုံနိုင်အောင် သဘာဝကျစွာ လိုက်လျောညီထွေရှိနေ၍ မှုခြေညီနေခဲ့သည်။

ခဏအကြာတွင် ပေါင်းစည်းနေသည်ဟု ထင်နေရသော ကမ္ဘာသည် ချက်ချင်း ကျယ်ပြန့်လာ၍ ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ ကျရောက်လာသည်။

ဤအရာကို တွေ့ခဲ့ရသော အခါ ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ မျက်ခုံးများကို အသာပင့်လိုက်သည်။ သူ့အနားတွင် နတ်ဘုရားအလင်းတန်းများ စီးဆင်းလာသော အခါ သူသည် တစ်ဘက်သို့ ခုန်လိုက်၍ ထိုကမ္ဘာ၏ တိုက်ခိုက်မှုများအား ရှောင်ရှားလိုက်သည်။

+

ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ မှုခြေသည်
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ နတ်ဘုရား နယ်မြေ
ဆေးမီးဖို၏ စွမ်းအားနှင့် ကောင်းကင်ကိုးလွှာ ခေးတို့၏
ခေးအလင်းတန်း အဖြစ်သို့ ထပ်ဖန်တစ်ခါ
ကွဲပြားသွားသည်။

သို့သော်လည်း ချူးယန်သည် သင်ခန်းစာ မရခဲ့သကဲ့သို့
သူ၏ ကောင်းကင်ကိုးလွှာခေးအား ထပ်ဖန်တစ်ခါ
ပင့်မြှောက်လိုက်ရာ နောက်ထပ် ခေးအလင်းတန်း
တစ်တန်းသည် ဆေးမီးဖို၏ ပါးစပ်ထံမှ ထွက်လာ၍
ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့
ခုတ်ချလိုက်လေသည်။

## စာစဉ် ၇၃ : အပိုင်း ၈

+

# အပိုင်း ၁၄၃၈ : နံပါတ်တစ် အစွန်းရောက်ယန်နှင့် အစွန်းရောက် အပူချိန်

ချူးယန်သည် အစောပိုင်းမှ ကျရှုံးမှု အပေါ်တွင် သင်ခန်းစာ မရခဲ့သကဲ့သို့ ကောင်းကင်ကိုးလွှာဓားအား ထုတ်ဖော်ကာ ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ ခုတ်ချလိုက်သည်။

ချူးယန်၏ တိုက်ခိုက်မှု အသစ်သည် အစောပိုင်းနှင့် စာလျှင် တိုးတက် ကောင်းမွန်လာသည်ကို ကောင်းစွာ အာရုံခံနိုင်ခဲ့သဖြင့် ကောင်းကင်မွေးဖွား သူတော်စင်၏ အကြည့်သည် အထင်သေး၍ မထီလေးစား ဖြစ်နေသည့် အရိပ်အယောင်များကို မဖော်ပြနေခဲ့ပေ။

+

စွမ်းအင်အဆင့်မှ နေ၍ ကြည့်လိုက်လျှင်
တိုးတက်လာခြင်းမျိုး မရှိသော်လည်း စိတ်ဝိညာဉ်နှင့်
အဓိပ္ပာယ် အဆင့်မှ နေ၍ ကြည့်လိုက်လျှင်
ချိုးဖောက်နိုင်ခဲ့သည်နှင့် တူနေသည်။

မြေကြီးအတွင်းတွင် အပင်ပေါက် တစ်ခုက
အစို့အညှောက် ထွက်နေခဲ့သကဲ့သို့ ဖြစ်သည်။

စိတ်ဝိညာဉ် ဉာဏ်အလင်းပွင့်မှုသည်
ကောင်းကင်ကိုးလွှာခေါ် လိုအပ်နေသော အခွင့်အရေး
တစ်ခု ဖြစ်သည်။ ကောင်းကင်မွေးဖွား သူတော်စင်သည်
သူ၏ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား
အလင်းတန်းနှင့် ထိတွေ့ခဲ့မှုကြောင့်
ကောင်းကင်ကိုးလွှာခေါ်သည် ပြောင်းလဲမှု
ဖြစ်လာခဲ့သည်ကို သိနေခဲ့သည်။

+

တစ်ချက် ထိတွေ့ရုံနှင့်ပင် တစ်ဆို့ ကြန့်ကြာနေမှုသည် အနည်းငယ် လျော့နည်းသွားပုံ ပေါက်နေသည်။ ကောင်းကင်ကိုးလွှာခေး၏ ကြမ္မာပန်းတိုင်အား ဖြည့်ဆည်းနိုင်ရန် မျှော်လင့်ချက်သည် အိမ်မက်သက်သက် မဟုတ်တော့ပဲ အခွင့်အရေး ရလာခဲ့ပြီ ဖြစ်သည်။

ကောင်းကင် ကိုးလွှာခေး၏ အလင်းတန်းသည် ပို၍ပို၍ တောက်ပလာသည်နှင့် အမျှ ကောင်းကင်မွေးဖွား သူတော်စင်၏ အကြည့်သည် ဖြည်းဖြည်းချင်း မည်းမှောင်လာခဲ့သည်။

သူ၏ ပုံရိပ်သည် လှုပ်ရှားသွား၍ ဤကမ္ဘာ အတွင်းမှ ထွက်ခွာကာ ပုံရိပ်ယောင် ကမ္ဘာတစ်ခု အတွင်းသို့

+

ဝင်ရောက်သွားသကဲ့သို့ ဖြစ်သွားသည်။ သူ၏ ပုံရိပ်အား မြင်နေရသော်လည်း သူ၏ တည်ရှိနေမှုကို အာရုံခံ၍ မရနိုင်တော့ပေ။

ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မဟာ မှော်ကျိန်စာ တစ်ခု ဖြစ်သော ဒိုင်မန်းရှင်းမဲ့ အသွင်ပြောင်းလဲခြင်း ဖြစ်သည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖို အတွင်းတွင် ချူးယန်၏ အမူအရာသည် လေးနက်၍ အာရုံစိုက်နေသည်။ သူ၏ လက်အတွင်းတွင် ဓားနည်းစနစ်များကို ထုတ်ဖော်နေရင်း ကောင်းကင်ကိုးလွှာ ဓားအလင်းတန်းများက လင်းလက်နေကြကာ အံ့သြစရာ ကောင်းလောက်အောင် နူးညံ့ သိမ်မွေ့လာခဲ့သည်။

+

နဂါးငွေ့တန်း၏ မြင့်လိုက် နိမ့်လိုက် ပြောင်းလဲမှု အတွင်းတွင် သူသည်လည်း ဤလောကမှ ချိုးဖောက်သွားနိုင်သကဲ့သို့ ဖြစ်သွားကာ ကောင်းကင်မွေးဖွား သူတော်စင်အား ရှာတွေ့သွား၍ တိကျစွာဖြင့် ခုတ်ချလိုက်သည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အမူအရာသည် မပြောင်းလဲပဲ သူ၏ နဖူးအပေါ်မှ ကြေးမုံကဲ့သို့ အလင်းတန်း တစ်တန်း ထွက်လာကာ ထိုကြေးမုံသည် ကောင်းကင်ကိုးလွှာ ဓားရဲ့ အလင်းတန်းအား ရောင်ပြန်ဟပ်နိုင်ခဲ့သည်။

ကြေးမုံ၏ ရောင်ပြန်ဟပ်မှုသည် ခံစားချက်များစွာ ပါဝင်နေသော အကြည့်တစ်ခုနှင့် တူနေခဲ့သည်။ ဝမ်းနည်းခြင်း၊ အားကျခြင်း၊ ဝမ်းမြောက်ခြင်း၊ မုန်းတီးခြင်း အစရှိသည်တို့ အားလုံး ပေါ်ထွက်လာ၍

+

ကမ္ဘာကြီး အတွင်းမှ သက်ရှိအားလုံးတို့၏ ခံစားချက်များ၊ သူတို့၏ စိတ်အတွင်းမှ အတွေးများသည် စုစည်းကာ ကျဆင်းလာသကဲသို့ ဖြစ်သည်။

ထိုအတွေးများ အတွင်းတွင် အတွေးတစ်ခုသည် ဝမ်းသာ ဝမ်းနည်း မဖြစ်နေပဲ အငြိုးတရား သို့မဟုတ် အမျက်ဒေါသများ မရှိနေပေ။ သူသည် ပူပင်ကြောင့်ကြ ကင်းမဲ့ကာ ငြိမ်းချမ်းနေပြီး အရာအားလုံးအား အုပ်စိုးနိုင်ခဲ့ကာ အခြား အတွေးများ အပေါ်တွင် အကြွင်းမဲ့ ထိန်းချုပ်နိုင်ခဲ့သည်။

ခံစားချက် ပြင်းထန်မှုနှင့် ခံစားချက် ကင်းမဲ့မှုတို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းသွားကာ ခွဲခြား၍ မရနိုင်တော့ချေ။ အပေါ်မှ နတ်လမ်းစဥ်များကဲ့သို့ သူသည် သဘောထား ကြီးမား၍ ကိုယ်ကျိုးမဲ့သော မေတ္တာတစ်မျိုး ဖြစ်သည်။ သို့သော်လည်း သူသည်

+

အေးစက်ကာ အလိုဆန္ဒ မရှိပဲ သက်ရှိအားလုံးတို့ အပေါ်တွင် ငြိမ်သက်စွာ စောင့်ကြည့်နေခဲ့သည်။

ကြေးမုံ အလင်းတန်း၏ တောက်ပမှု အောက်တွင် ခေါ်အလင်းတန်း၏ ကောင်းကင်ကိုးလွှာ နဂါးငွေ့တန်းသည် အနည်းငယ် နှေးကွေးသွားသကဲ့သို့ ဖြစ်သွားသည်။ သို့သော်လည်း သူသည် အရှေ့သို့ တက်လာကာ ကောင်းကင်မွေးဖွား သူတော်စင်ထံသို့ ဝင်လာခဲ့သည်။

မမျှော်လင့်ထားပဲ ကောင်းကင်မွေးဖွား သူတော်စင်သည် အရှေ့သို့ တက်လာ၍ ပုံရိပ်ယောင် လောက အတွင်းမှ ထွက်လာခဲ့သည်။ အစစ်အမှန် ကမ္ဘာသို့ ပြန်လာ အပြီးတွင် သူသည် အပေါ်သို့ ပို၍ပို၍ မြင့်တက်သွားကာ ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာဖြင့်

+

ခေးအလင်းတန်းကို ဆံချည်တစ်မျှင်စာမျှ ရှောင်ရှားနိုင်ခဲ့သည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖိုသည် ပုံရိပ်အလွှာပေါင်းများစွာတို့အား ဖန်တီးလိုက်သည်။ အိပ်ပျော်နေသော နယ်မြေကဲ့သို့ ညိုဝါရောင် လေစီးကြောင်းများသည် နေရာအနှံ့ ပျံ့နှံ့သွားကာ ပတ်ဝန်းကျင်အား လွှမ်းခြုံလိုက်၍ ကောင်းကင်မွေးဖွား သူတော်စင်အား အတွင်းတွင် ချုပ်နှောင်ထားခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် အမှုထားနေပုံမရပဲ နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ကောင်းကင်ကိုးလွှာခေး တို့၏ ပူးပေါင်းတိုက်ခိုက်မှု အောက်တွင် သူတို့အား သက်တောင့်သက်သာဖြင့် ပြန်လည် တိုက်ခိုက်နိုင်ခဲ့သည်။

+

သူသည် ယခင်က ဝင်ရောက် ထွက်ခွာမှုနှင့်
အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါအား
နှစ်ကြိမ်တိုင်တိုင် အားသုံး၍ ချိုးဖောက်ခဲ့မှုကြောင့်
အားအင် ကုန်ခန်းနေခဲ့သော်လည်း အကယ်၍
လော်ချင်းဝူနှင့် ချူးယန်တို့သည် သူ့အား အရှင်ဖမ်းရန်
မပြောနှင့် အနိုင်ယူရန်ပင် လွယ်ကူမည် မဟုတ်ချေ။

ကောင်းကင်ကိုးလွှာခေးသည် သူ၏ ကြမ္မာပန်းတိုင်အား
အပြည့်အဝ မဖြည့်ဆည်းနိုင်သေးပဲ နတ်ဘုရား နယ်မြေ
ဆေးမီးဖိုကလည်း လော်ချင်းဝူ အတွက် သီးသန့်
ထုလုပ်ထားခြင်း မဟုတ်ပေ။ သူတို့၏ ပူးပေါင်း
စွမ်းအားများသည် ကြီးမားလှသော်လည်း သူတို့ ယှဉ်တွဲ
တိုက်ခိုက်ခဲ့သော အခါ သေးငယ်သော ဟာကွက်များ
ရှိနေခဲ့သည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည်
စိတ်ရှည်လက်ရှည်ဖြင့် ဆက်လက် တိုက်ခိုက်နေပါက
ချိုးဖောက် လွတ်မြောက်နိုင်ရန် မခက်ခဲချေ။

သို့သော်လည်း သူသည် သူတို့အား ဖြည်းဖြည်းချင်း
တိုက်ခိုက်နေပြီး အချိန် ကြာလာပါက
ကောင်းကင်မွေးဖွား သူတော်စင်သည် အရေးမလှ
ဖြစ်လာနိုင်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများက
သူ့အား လိုက်မီလာနိုင်သည့် အပြင် ကောင်းကင်ဖျက်ဆီး
ဓားက မပေါ်လာသေးခြင်းသည် ကောင်းကင်မွေးဖွား
သူတော်စင်အား အလွန်အမင်း သတိထားစေခဲ့သည်။

+

မဟာကမ္ဘာ အတွင်းတွင် ရွှမ်းလီ၏ တည်ရှိနေမှုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ရန်သူများစွာတို့၏ ခေါင်းအပေါ်၌ ခေါင်းဖြတ်စက် တစ်လုံး တင်ထားသကဲ့သို့ ဖြစ်နေခဲ့သည်။

အထူးသဖြင့် မူလနဂါး ဘုရင်သည် ရှုံးနိမ့်သွား၍ မဟူရာ ပင်လယ်သို့ ပြန်သွားအပြီးတွင် ရွှမ်းလီအား ထိန်းထားရန် တစ်ယောက်မှ ရှိမနေတော့သဖြင့် သူမ၏ ခြိမ်းခြောက်မှုသည် ပို၍ သိသာလာခဲ့သည်။

ထို့အပြင် ရှီထျန်းဟောင်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ရှန်နဂါးဘုရင်တို့ အနောက်သို့ လိုက်မသွားပဲ ငရဲကမ္ဘာ ပင်လယ် အတွင်းသို့ ဝင်သွားခဲ့သော်လည်း သူနှင့်အတူ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် အစကတည်းက ရှိနေခဲ့သည့်

+

ရှောင်ယန်သည် နတ်ဘုရား နယ်မြေ အတွင်းသို့
မည်သည့်အချိန်၌ ပြန်ဝင်လာမည်ကို မည်သူမှ မသိပေ။

ကောင်းကင်မွေးဖွား သူတော်စင်သည် အချိန်ကြာမြင့်စွာ
ပုန်းအောင်း နေခဲ့သော်လည်း ပြင်ပကမ္ဘာတွင်
ဘာဖြစ်နေသည်ကို မျက်ခြေမပြတ်အောင်
အကဲခတ်နေခဲ့သည်။ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင်
သေမင်းဧကရာဇ်နှင့် ဝူမန့်ချီတို့က ရှောင်ယန်နှင့်
ရင်ဆိုင်နေသည်ကို သူက သိထားသော်လည်း
အခြေအနေက မည်ကဲ့သို့ ဖြစ်နေပြီ ဆိုသည်ကိုမူ
မသိနိုင်ခဲ့ပဲ ထိုအရာကို ခြိမ်းခြောက်မှု တစ်ရပ် အနေဖြင့်
ထည့်တွက်ထားရသည်။

တိုက်ပွဲကို အချိန်ဆွဲ တိုက်ခိုက်နေခြင်းသည် သူ့အတွက်
ကောင်းကျိုးမရှိသဖြင့် နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား
တစ်ချက် ကြည့်လိုက် အပြီးတွင် ကောင်းကင်မွေးဖွား

+

သူတော်စင်သည် သူ၏ လက်အစုံကို အတူတကွ စုစည်းလိုက်ရာ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။

ထူးခြားဆန်းကြယ်ပြီး ဖော်ပြ၍ မရနိုင်အောင် ရှုပ်ထွေးကာ ခန့်မှန်းရ ခက်ခဲသော အလင်းတန်းသည် သူ၏ တစ်ကိုယ်လုံးကို လွှမ်းခြုံသွားကာ ကောင်းကင်ကိုးလွှာ ဓားအလင်းတန်းအား ဖယ်ထုတ်လိုက်သည်။

ပြီးတာနှင့် ကောင်းကင်မွေးဖွား သူတော်စင်၏ ခန္ဓာကိုယ်သည် လှုပ်ရှားသွား၍ သူနှင့် ထပ်တူညီသော ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

+

ပုံရိပ်က လှုပ်ရှားလာသော အခါ သူသည် အစအန ရှာမရအောင် ပျောက်ကွယ်သွား၍ နတ်ဘုရား နယ်မြေ ဆေးမီးဖို အောက်မှ ကမ္ဘာတွင် အပေါက်တစ်ပေါက်ကို တိတ်တဆိတ် ဖောက်ခဲ့လိုက်သည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ ပုံရိပ်သည် လက်ကနဲ ဖြစ်သွား၍ အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကာ အလွန်အမင်း ဝေးကွာသော နေရာတစ်ခုသို့ ထွက်ပြေးသွားရန် ကြိုးစားလိုက်သည်။

နတ်ဘုရား နယ်မြေ ဆေးမီးဖို အပေါ်တွင် လော်ချင်းဝူသည် ကောင်းကင်မွေးဖွား သူတော်စင်၏ ပုံရိပ်ကို စိုက်ကြည့်နေပြီး ရုတ်တရက် ပြောလိုက်သည်။ "ထျန်းချန်… ဆေးမီးဖိုကို ထိန်းချုပ်လိုက်ပါ"

+

တန်ကျွင်းသည် ပဟောဋ္ဌိ ဖြစ်သွားသော်လည်း သူသည် သူမ၏ အမိန့်ကို နာခံလိုက်သည်။

သူသည် နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ရင်းနှီးသလို ဆေးမီးဖိုကလည်း သူနှင့် အကျွမ်းတဝင် ရှိသည်။ အစောပိုင်းတွင် သူ၏ ဆရာဖြစ်သူ ရှောင်ယန်၏ လမ်းညွှန်မှုအောက်တွင် တန်ကျွင်းသည် ဤရတနာဖြင့် ဆေးလုံးများကို ကိုယ်တိုင်ကိုယ်ကျ ဖော်စပ်ခဲ့ဖူးသည်။ ရှောင်ယန်က ထိုဆေးမီးဖိုဖြင့် နေ့စဉ် ဆေးလုံးများကို သန့်စင်နေသည့် အချိန်၌လည်း သူက ရံဖန်ရံခါ ကူညီခဲ့ဖူးသည်။

အမှန်အတိုင်း ပြောရလျှင် သူသည် လော်ချင်းဝူထက်ပင် နတ်ဘုရား နယ်မြေ ဆေးမီးဖိုနှင့် ပို၍ ရင်းနှီးကျွမ်းဝင် နေခဲ့သည်။

+

နတ်ဘုရား နယ်မြေ ဆေးမီးဖိုအား ထိန်းချုပ်နေရင်း
တန်ကျွင်းသည် ဒိုင်မန်းရှင်း လောက လေးခုအား
မှုခြေညီလုနီးပါး ပြန်ဖြစ်စေခဲ့သည်။ စွမ်းအားနှင့်
အလင်းတန်းများ မြောက်မြားစွာ ထွက်လာ၍ ကမ္ဘာ
အတွင်းမှ အပေါက်အား လျင်မြန်စွာ ပြန်ပိတ်စေခဲ့သည်။

ငလျင်ကြောင့် အက်ကွဲသွား အပြီးတွင် ပြန်လည်
ပိတ်သွားသော မြေကြီးကဲ့သို့ သူသည်
ကောင်းကင်မွေးဖွား သူတော်စင်အား
အတွင်းတွင်ထားကာ ချုပ်နှောင်တော့မည် ဖြစ်သည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အမူအရာသည်
မပြောင်းခဲ့ပဲ ချန်ကောင်းကင် မဟာဟင်းလင်းပြင်
နတ်ဘုရား အလင်းတန်းသည် သူ၏ ခန္ဓာကိုယ်အား

+

လွှမ်းခြုံသွားသည်။ အဖြူနှင့် အနက်ရောင် အရိုန်အဝါ တစ်ခုသည် အကာအကွယ် တိမ်တိုက် တစ်ခုအဖြစ် ပြောင်းသွားပြီး သူ့အား ကာကွယ်ထားကာ အပြင်သို့ ထွက်လာခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် လော်ချင်းဝူသည် ရုတ်တရက် သူမ၏လက်အား မြှောက်လိုက်ရာ ရွှေရောင် အလင်းတန်း တစ်ခုသည် ကောင်းကင်အပေါ်သို့ ပျံတက်သွားသည်။

ထိုအလင်းတန်း လင်းလက်လာသည်နှင့် တစ်ပြိုင်နက် ကောင်းကင်မွေးဖွား သူတော်စင်၏ ရင်အတွင်းမှ လေးလံသွားသည်။

+

သူသည် ယန်ခါတ် လွန်စွာ အားကောင်း၍
ပူပြင်းလှသော လောင်ကျွမ်းမှု တစ်ခုကို
အာရုံခံနိုင်ခဲ့သည်။ ထိုခံစားချက်သည် အပေါ်မှ နေမင်း၏
ရောင်ခြည်များထက်ပင် ပို၍ ပူပြင်းလှသည်။

ကောင်းကင်မွေးဖွား သူတော်စင်၏ အဆင့်တွင် သူ့အား
ပြင်းထန်လှသော ပူခြင်း၊ အေးခြင်း အစရှိသည့်
ခံစားချက်များကို ပေးစွမ်းနိုင်သော အရာများစွာ မရှိချေ။
ထို့ကြောင့် ထိုအလင်းတန်း အတွင်းတွင် ပါဝင်နေသော
စွမ်းအားများသည် မည်မျှ ပြင်းထန်သည်ကို
မေးခွန်းထုတ်စရာ မလိုနေချေ။

လှည့်ကြည့်စရာပင် မလိုပဲ ကောင်းကင်မွေးဖွား
သူတော်စင်သည် ထိုအလင်းတန်း အတွင်း၌
ကြမ္မာပန်းတိုင် ကမ္ဘာ တစ်ခုကဲ့သို့ ကျယ်ပြန့်

+

ခမ်းနားသော အစွမ်းထက်သည့် အဆုံးမဲ့ စွမ်းအင်တစ်ခု ရှိနေမှန်းကို သိလိုက်လေသည်။

ထိုအရာသည် နတ်ဘုရားနယ်မြေ ဆေးမီးဖိုကဲ့သို့ ထူထဲ သိပ်သည်းခြင်း မရှိသော်လည်း အလွန်အမင်း အားကောင်းကာ မယုံနိုင်အောင် ပူပြင်း၍ ပြိုင်ဘက်ကင်းအောင် သန့်စင်လှသည်။

ထိုအရာသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည်။

"ဒီအမျိုးသမီးဟာ အကြွင်းမဲ့ယင် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပြီး လျှို့ဝှက် မှော်ကျိန်စာ တစ်ခုနဲ့ ဖုံးကွယ်ထားကာ ငါ့ကို မှားယွင်းစွာ တွက်ချက်မိစေခဲ့တာပဲ" ကောင်းကင်မွေးဖွား

+

သူတော်စင်သည် တွေးနေရင်း ချက်ချင်း
သဘောပေါက်သွားခဲ့သည်။

သူ၏ သဘာဝလွန် အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ
လော်ချင်းဝူသည် သူမ၏ လက်တစ်ဘက်ကို
မြှောက်ထားကာ နေမင်းနှင့် တူနေသော်လည်း ပို၍ပင်
လောင်ကျွမ်းနေသေးသည့် အရာတစ်ခုကို
ကိုင်ထားသည်ကို တွေ့လိုက်ရသည်။

ချူးယန်နှင့် တန်ကျွင်းတို့ကလည်း သူတို့၏ သဘာဝလွန်
အသိစိတ်များကို မထိခိုက်နေချင်ကြသဖြင့်
သာမန်လူများသည် နေမင်းအား မျက်လုံးဖြင့် တိုက်ရိုက်
မကြည့်ရဲကြသကဲ့သို့ ထိုအရာကို တိုက်ရိုက်
မကြည့်ရဲခဲ့ကြပေ။

+

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်သည် ထိုအရာက သန့်စင်၍ ချို့ယွင်းချက် တစ်ခုမှ မရှိသော ရွှေရောင်စက်လုံး တစ်ခုဖြစ်သည်ကို တွေ့လိုက်ရသည်။

ဤစက်လုံးသည် အေးစက်သော ယင်အရှိန်အဝါ တစ်စက်မှ မရှိပဲ အကြွင်းမဲ့ ယန်အရှိန်အဝါများကိုသာ ပိုင်ဆိုင်ထားလေသည်။

မှန်၏၊ ဤအရာသည် ယုကျင်းတောင်ခြေမှ ယင်ယန်ပင်လယ် အတွင်းတွင် မွေးမြူထားသော ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ သန္ဓေလောင်းပင် ဖြစ်သည်။

သိပ်မကြာသေးမီက ထိုမှော်ရတနာ သန္ဓေလောင်းသည် နောက်ဆုံးတွင် ရင့်ကျက်လာခဲ့ပြီး လင်းဖုန်း၏

+

သန့်စင်မှုအောက်တွင် မူလကောင်းကင် ကမ္ဘာ၏
သမိုင်းတစ်လျှောက်တွင် သန့်စင်သောယန်
မှော်ရတနာများ အတွင်းမှ နံပါတ်တစ် မှော်ရတနာ
ဖြစ်သော နေမင်းကိုးစင်း ကျက်သရေ ပုလဲ အဖြစ်သို့
ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။

ယန်ဓာတ် အလွန်အမင်း အားကောင်းကာ မီးလျှံများဖြင့်
လောင်ကျွမ်းနေသော အစွမ်းထက်လှသည့် သူ၏
အရှိန်အဝါသည် ကြမ္မာပန်းတိုင်အား အောင်နိုင်ကာ
ဂြိုဟ်ကိုးလုံး၏ ဘုရင်အဖြစ် နေမင်းအား
အစားထိုးသွားခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်အား ကြည့်နေရင်း
လော်ချင်းဝူ၏ နှုတ်ခမ်းထောင့်များသည် အနည်းငယ်
ပြုံးယောင်သန်းလာ၍ သူမ၏လက်အား
ဖော့ယမ်းလိုက်ရာ နေမင်းကိုးစင်း ကျက်သရေ ပုလဲသည်
+

ကောင်းကင်မွေးဖွား သူတော်စင်၏ အနောက်မှနေ၍ တိုက်ခိုက်လိုက်သည်။

ကြောက်မက်ဖွယ်ရာ ပြင်းထန်လှသော ခွန်အားသည် နေမင်းက မြေပြင်ပေါ်သို့ ကျဆင်းလာသည်ထက်ပင် ပိုမို ပြင်းထန်စွာ ကျဆင်းလာသည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် သက်ပြင်းချလိုက်ကာ လှုပ်ရှားနေခြင်းမှ ရပ်တန့်လိုက်သည်။ သူ့အား လွှမ်းခြုံထားသော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ပို၍ပို၍ ဆန်းကြယ်ကာ နတ်ဘုရား ဆန်လာသည်။ သူ၏ အဖြူနှင့် အနက်ရောင် အကာအကွယ် တိမ်တိုက်ကပင်လျှင် မူလအရောင် ပျောက်သွား၍ ချန်ကောင်းကင် မဟာဟင်းလင်းပြင်

+

နတ်ဘုရား အလင်းတန်း၏ အရောင်အတိုင်း ဖြစ်လာသည်။

နေမင်းကိုးစင်း ကျက်သရေ ပုလဲသည် အလင်းရောင် အတွင်းတွင် မှိတ်တုတ်မှိတ်တုတ် ဖြစ်သွားကာ လမ်းကြောင်းအနည်းငယ် ပြောင်းသွား၍ ကောင်းကင်မွေးဖွား သူတော်စင်အား ဆံချည် တစ်မျှင်စာမျှ လွဲချော်သွားသည်။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်သည် အပူလှိုင်း တစ်လှိုင်းက သူ့အနားမှ ဖြတ်သန်းသွားသည်ဟု ခံစားလိုက်ရသည်။ ပို၍ အရေးကြီးသည်မှာ ချူးယန်သည် ကောင်းကင်ကိုးလွှာဓားအား ထိန်းချုပ်နေပြီး ဓားအလင်းတန်းသည် သူ့အနောက်မှ ထပ်ကြပ်မကွာ

လိုက်ပါလာ၍ သူ့အား ခုတ်ချလုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် ထပ်ဖန်တစ်ခါ လင်းလက်လာ၍ ဓားအလင်းတန်းအား လမ်းကြောင်း ပြောင်းလိုက်ကာ နေမင်းကိုးစင်း ကျက်သရေ ပုလဲအား ခုတ်ချစေခဲ့သည်။ နှစ်ဦးနှစ်ဘက်သား လေထုအလယ်တွင် တိုက်ခိုက်မိခဲ့ကြ၍ နေမင်းကိုးစင်း ကျက်သရေ ပုလဲက အနောက်သို့ ပျံသွားကာ ဓားအလင်းတန်းကလည်း ပျောက်ကွယ်သွားခဲ့သည်။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်၏ မျက်မှောင်များက ကြုတ်သွားသည်။ အဘယ်ကြောင့် ဆိုသော် ကောင်းကင်ကိုးလွှာဓား၏ ဓားဆန္ဒသည် မြင့်တက်လာရုံ မကပဲ သူ၏ ချန်ကောင်းကင်

+

မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် နေမင်းကိုးစင်း ကျက်သရေ ပုလဲနှင့် ထိတွေ့ခဲ့သော အခါ အနည်းငယ် ပျက်ပြယ်သွား၍ ဖြစ်သည်။

မူလက လျှို့ဝှက်ဆန်းကြယ်ကာ ခန့်မှန်းရန် ခက်ခဲသော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် သူ၏ နတ်ဘုရား အရှိန်အဝါများ ပျောက်ကွယ်သွား၍ မှင်သက် ရှုမောဖွယ်ရာ မီးရှူး မီးပန်းများ အဖြစ် ပေါက်ကွဲသွားကာ အစွန်းရောင်ယင်နှင့် သန့်စင်သောယင် အရှိန်အဝါ တစ်ခုအလား မှောင်မည်းအေးစက် သွားခဲ့သည်။

အစွန်းရောင်ယင်နှင့် အလွန်အမင်း အေးစက်သော အလင်းတန်းသည် နေမင်းကိုးစင်း ကျက်သရေ ပုလဲ၏ ယန်အရှိန်အဝါများကို တိုက်စားနိုင်ခဲ့သော်လည်း ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား

+

အလင်းတန်း အဖြစ်သို့ ပြန်လည် ပြောင်းလဲနိုင်စွမ်း မရှိတော့ပဲ ပျောက်ကွယ်သွားခဲ့သည်။

လော်ချင်းဝူသည် ပျံတက်လာခဲ့ကာ ရွှမ်းချီဧအား ရုပ်သိမ်းလိုက်သည်။ လက်တစ်ဘက်ဖြင့် သူမ၏ ရင်ဘတ်အရှေ့တွင် မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်နေရင်း အခြား လက်တစ်ဘက်အား လေထုအလယ်သို့ ဆန့်တန်းလိုက်ကာ နေမင်းကိုးစင်း ကျက်သရေ ပုလဲအား ပင့်မြှောက်လိုက်ပြီး ကောင်းကင်မွေးဖွား သူတော်စင်၏ လွတ်လမ်းကို ပိတ်ဆို့လိုက်သည်။

နတ်ဘုရားနယ်မြေ ဆေးမီးဖို အပေါ်တွင် တန်ကျွင်းသည် ငြိမ်သက်စွာ ထိုင်နေရင်း ကြမ္မာပန်းတိုင် အဆင့်မှ ဉာဏ်မှော်ရတနာအား ထိန်းချုပ်နေကာ ကမ္ဘာတစ်ခု အတွင်းမှ နောက်ထပ် ကမ္ဘာတစ်ခုကို ဖန်တီးနေ၍

+

သူတို့ရှိနေသော ဒိုင်မန်းရှင်းအား ပြင်ပကမ္ဘာမှ
ပိတ်ဆို့ထားခဲ့သည်။

နတ်ဘုရားနယ်မြေ ဆေးမီးဖို အတွင်းတွင် ချူးယန်သည်
ကျယ်လောင်စွာ ဟိန်းဟောက်လိုက်၍ သူ၏
အင်မော်တယ် ဝိညာဥ်ကိုယ်ပွားအား
ဆင့်ခေါ်လိုက်သည်။

ကိုးပေ ကိုးလက်မ ရှည်လျား၍ ခြောက်လက်မ
ကျယ်သော ဓားရှည်တစ်လက်သည် ကောင်းကင်ကိုးလွှာ
ဓား၏ ဘေးတွင် ပေါ်လာခဲ့သည်။ သူ၏ ဓားသွားသည်
ရွှေရောင် သင်္ကေတများဖြင့် စီခြယ်ထား၍
ထိုသင်္ကေတများ အတွင်းတွင် သွေးရောင်နှင့်
အဖြူရောင် ပုံစံများ ရှိနေသည်။ ထိုဓားသည် ထူးခြား
ဆန်းကြယ်သော အလင်းရောင်ဖြင့် လင်းလက်နေ၍
နဂါးငွေ့တန်း တစ်ခုကဲ့သို့ ကြည်လင်နေခဲ့သည်။
+

ဤခေါ်ရှည်သည် ကောင်းကင်ကိုးလွှာခေါ်နှင့်
ပေါင်းစည်းသွား၍ နှစ်လက်စလုံးက ခေါ်ဟစ်ကြွေးသံ
တစ်ခုကို ထုတ်လွှတ်လိုက်ရာ ခေါ်အလင်းတန်းများသည်
နတ်ဘုရားနယ်မြေ ဆေးမီးဖို အတွင်းမှ ထွက်လာ၍
ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့
ခုတ်ချလိုက်သည်။

လက်ရှိ အခြေအနေသည် သူကဲ့သို့သော
တစ်စုံတစ်ယောက် အတွက်ပင် ကိုင်တွယ်ရန်
ခက်ခဲလာ၍ ကောင်းကင်မွေးဖွား သူတော်စင်၏
မျက်နှာသည် လေးနက်လာခဲ့သည်။

လော်ချင်းဝူသည် သူမ၏ လက်များဖြင့် မှော်ကျိန်စာ
တစ်ခုကို ဖော်ထုတ်လိုက်၍ လေထုအလယ်တွင်

+

ဖေ့ယမ်းလိုက်ရာ နေမင်းကိုးစင်း ကျက်သရေ ပုလဲသည်
နတ်ဘုရားနယ်မြေ ဆေးမီးဖို၊ ကောင်းကင်ကိုးလွှာ
ခေးတို့နှင့် အတူ ကောင်းကင်မွေးဖွား သူတော်စင်အား
ထပ်ဖန်တစ်ခါ တိုက်ခိုက်လာခဲ့သည်။

နှစ်ဦး နှစ်ဘက်တို့ အကြားမှ မော်ကွန်းဝင် တိုက်ပွဲသည်
ဟင်းလင်းပြင် အတွင်းတွင် ဖြစ်ပွားနေခြင်း
ဖြစ်သော်လည်း မဟာကမ္ဘာ အတွင်းမှ အခြားလူများကို
အံ့သြ တုန်လှုပ်စေခဲ့သည်။

သို့သော်လည်း သူတို့အား နောက်ထပ် တုံ့ပြန်နိုင်ရန်
မစောင့်နေပဲ အဝေး တစ်နေရာမှ မဟာလွင်တီးခေါင်
ကုန်းမြေ အတွင်းတွင် ကြီးမားသော တုန်ခါမှုကြီး တစ်ခု
ရုတ်တရက် ဖြစ်ပေါ်လာလေသည်။

+

တစ်ချိန်တည်းတွင် နတ်ဘုရားနယ်မြေ အတွင်းရှိ ကောင်းကင်မွေးဖွား သူတော်စင် ယခုလေးတင် သောင်းကျန်းသွားသော ပိုင်ယွင်တောင် အပေါ်တွင် မည်သည့် အကြောင်းမှ မရှိပဲ ထကြွလှုပ်ရှားလာခဲ့သည်။

## စာစဥ် ၇၄ : အပိုင်း ၉

## အပိုင်း ၁၄၃၉ : မရှင်းလင်းသော လုပ်ဆောင်ချက်

ဤတုန်ခါမှုသည် ကောင်းကင်မွေးဖွား သူတော်စင်ကိုပင် အံ့အားသင့်စေခဲ့ကာ ပိုင်ယွင်တောင်ဘက်သို့ ကြည့်နေရင်း သူ၏ အကြည့်သည် အံ့အားသင့်မှု၊ ရှုပ်ထွေးမှုများဖြင့် ပြည့်နေခဲ့သည်။

+

ချူးယန်နှင့် တန်ကျွင်းကလည်း အလားတူပင် ဖြစ်သည်။ ပြီးတာနှင့် သူတို့သည် လော်ချင်းဝူ၏ အမူအရာသည် အနည်းငယ် ထူးခြားနေသည်ကို တွေ့လိုက်ရသည်။

"တာအိုရောင်းရင်းလော်..." ချူးယန်က အနည်းငယ် ချီတုံချတုံ ဖြစ်သွား အပြီးတွင် ပြောလိုက်သည်။ လော်ချင်းဝူသည် သက်ပြင်း အရှည်ကြီး တစ်ချက် ချကာ ပြောလိုက်သည်။ "ပိုင်ယွင်တောင်မှာသာ မကပဲ မဟာလွင်တီးခေါင် ကုန်းမြေမှာ ထကြွ လှုပ်ရှားမှုတွေ ဖြစ်နေတယ်... ဒီအဖြစ် နှစ်ခုဟာ ဆက်စပ်နေပြီး တိုက်ဆိုင်မှု သက်သက် မဟုတ်ဘူး"

ချူးယန်နှင့် တန်ကျွင်းတို့ နှစ်ယောက်စလုံးက မျက်မှောင်ကြုတ်လိုက်၍ လော်ချင်းဝူက သူမကိုယ် သူမ တွေးလိုက်သည်။ "ဒါက ဆရာ ပြောထားတဲ့ အရာပဲ... ဒါပေမဲ့ ဘာဖြစ်လို့..."

+

သူမသည် ထိုအတွေးကို ခေါင်းထဲမှ ထုတ်လိုက်ကာ ချူးယန်နှင့် တန်ကျွင်းတို့အား ကြည့်၍ တည်ငြိမ်စွာ ပြောလိုက်သည်။ "ဒီအဖြစ်အပျက်တွေက ဂျူနီယာ ထျန်းကျင်းက ဟင်းလင်းပြင် ဘုရားကျောင်းက ကျင့်ကြံသူ ချန်းရှင်းယုကို သုတ်သင်ခဲ့တဲ့ အတွက် ဖြစ်ပေါ်လာတာပဲ"

"ဘာ" ချူးယန်နှင့် တန်ကျွင်းတို့သည် ဤအရာကို ကြားခဲ့ရသော အခါ အံ့သြ တုန်လှုပ်သွားကြကာ အာမေဋိတ်သံများ ပြုလိုက်ကြသည်။

သူတို့ နှစ်ယောက်စလုံးသည် တည်ငြိမ်၍ ဆုံးဖြတ်ချက် ပြတ်သားသူများ ဖြစ်ကာ တော်ရုံတန်ရုံ ကိစ္စများကို ဂရုစိုက်ကြသူများ မဟုတ်ပေ။ သို့သော်လည်း

+

ယခုအချိန်တွင် သူတို့သည် သူတို့ ကြားခဲ့ရသော အရာ
အပေါ်၌ အံ့သြ မှင်သက်နေကြသည်။

လော်ချင်းဝူ ပြောခဲ့သော ဂျူနီယာ ထျန်းကျင်း
ဆိုသည်မှာ သူတို့ နှစ်ယောက်စလုံးနှင့် ရင်းနှီး
ကျွမ်းဝင်သော ကျိုးယွင်ချုံးပင် ဖြစ်သည်။ သူသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက်
အတွင်း၌ တန်ကျွင်းကဲ့သို့ နာမည်ကြီးသူ ဖြစ်သည်။

ကျိုးယွင်ချုံးသည် ချန်းရှင်းယုအား သတ်ဖြတ်ခဲ့ရသည့်
ရည်ရွယ်ချက်ကို မသိသေးပဲ ဖြစ်စဥ်က ကောင်းစွာ
မသေချာသေးသော်လည်း သူတို့သည် ထိုရလဒ်အား
သိပ်ပြီး အံ့အားသင့်မနေချေ။

+

ကျိုးယွင်ချုံးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် အတွင်းတွင် ထိပ်သီးပုဂ္ဂိုလ် တစ်ဦးဖြစ်၍ တိုက်ခိုက်မှုနှင့် မှော်ကျိန်စာ ထုတ်လွှတ်မှုတို့တွင် ထိပ်ဆုံးသုံးယောက် အတွင်းတွင် ပါသည်။ လက်ရှိအချိန်တွင် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ အဆင့်တူ ကျင့်ကြံသူများ အတွင်းတွင် သူနှင့် ယှဉ်ပြိုင်နိုင်သူ သိပ်မရှိချေ။ ထို့အပြင် အများစုမှာ သူ့ဂိုဏ်းအတွင်းမှ ဖြစ်သည်။

အစွန်းရောက်ယင် ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားသူ ချန်းရှင်းယုသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ တရားဝင် ဆက်ခံသူ ဖြစ်ကာ ဟင်းလင်းပြင် ဘုရားကျောင်းမှ သူ၏ မျိုးဆက်အတွင်းတွင် အထူးချွန်ဆုံး ကျင့်ကြံသူ ဟူ၍ သတ်မှတ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

+

သို့သော်လည်း ကျိုးယွင်ချုံးက ချန်းရှင်းယုအား သတ်ဖြတ်ခဲ့ခြင်းကြောင့် ဤမျှအထိ ကြီးမားစွာ ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့သည်ကို ချူးယန်နှင့် တန်ကျွင်းတို့က စိတ်ရှုပ်ထွေးနေကြသည်။

ကျိုးယွင်ချုံးနှင့် ချန်းရှင်းယုတို့သည် အတော်ကို အစွမ်းထက်ကြသော်လည်း ဘာပဲပြောပြော သူတို့သည် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူများသာ ဖြစ်ကြသေးသည်။ သူတို့သည် ဗီပရာလိုပါ အဆင့် သို့မဟုတ် ပို၍မြင့်သော အဆင့်သို့ မရောက်ကြသေးပေ။

ထို့ကြောင့်ပင် ချူးယန်နှင့် တန်ကျွင်းတို့က ဤအဖြစ်ကို မမျှော်လင့်ထားကြခြင်း ဖြစ်သည်။

+

ဤအရာနှင့် ယှဥ်လိုက်လျှင် ချန်းရှင်းယုနှင့်
ကျိုးယွင်ချုံးတို့က ရုတ်တရက် တိုက်ခိုက်ခဲ့ကြခြင်း
သို့မဟုတ် ဟင်းလင်းပြင် ဘုရားကျောင်း၏
အတောက်ပဆုံး ကြယ်ပွင့်သည် အဘယ်ကြောင့်
ဤကဲ့သို့ပင် ကြွေလွင့်သွားခဲ့သည်မှာ
အရေးမပါတော့ချေ။

တိုက်ခိုက်ရခြင်း၏ အကြောင်းရင်းနှင့် ကျိုးယွင်ချုံးက
ချန်းရှင်းယုအား မည်ကဲ့သို့ သတ်ဖြတ်ခဲ့ခြင်းကို
နောက်ပိုင်းတွင် စုံစမ်းပြီးမှ ဆွေးနွေး၍ ရသည်။

ယခုအချိန်တွင် အရေးအကြီးဆုံး အချက်မှာ
သူတို့နှစ်ဦး၏ တိုက်ပွဲကြောင့် ကောင်းကင်နှင့်
မြေကြီးတို့ အကြားတွင် ကြီးမားသော အက်ကွဲမှု
တစ်ခုသည် အဘယ်ကြောင့် ဖြစ်လာခြင်းပင် ဖြစ်သည်။

+

ချူးယန် အနေဖြင့် ဤအကြောင်းကို တိုက်ရိုက်မေး၍ မသင့်တော်သဖြင့် တန်ကျွင်းက လော်ချင်းဝူအား စိတ်ချင်း ဆက်သွယ်၍ မေးလိုက်သည်။ "ဒေါ်လေး... ဘာတွေ ဖြစ်သွားတာလဲ"

လော်ချင်းဝူက ပြောလိုက်သည်။ "ဟိုနေရာက ထကြွလှုပ်ရှားမှုတွေဟာ ပိုင်ယွင်တောင်ကနဲ့ ဆက်စပ်နေတယ်... ဒါတွေ အားလုံးဟာ ကြီးမားတဲ့ အကြံအစည် တစ်ခုရဲ့ အစိတ်အပိုင်းတွေ ဖြစ်လိမ့်မယ်နဲ့ တူတယ်"

သူမ၏ စကား ဆုံးသွားသော အခါ လော်ချင်းဝူက ခေတ္တမျှ ရပ်နားလိုက်ကာ ဆက်ပြောလိုက်သည်။ "စိတ်မပူနေပါနဲ့... ဒီအဖြစ်က မျှော်လင့်မထားပေမဲ့

+

ဆရာရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရှိသေးတယ်…
ငါကိုယ်တိုင်က အခြေအနေကို ကိုင်တွယ်ဖို့
ခက်ခဲနေတာပဲ ရှိတယ်"

တစ်ချိန်တည်းတွင် မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ လော်ချင်းဝူ၏ ဝိညာဉ်ကိုယ်ပွားက သူမကိုယ်
သူမ ပြောလိုက်သည်။ "လက်စသတ်တော့ ဒီလိုကိုး…"

အဝေးကို ကြည့်လိုက်လျှင် ကြေမွနေသေးသော
ကောင်းကင်နှင့် မြေကြီး အတွင်းမှ ဟင်းလင်းပြင်သည်
သိပ်မကြာသေးခင်က ကြီးမားသည့် တိုက်ပွဲတစ်ခု
ဖြစ်သွားကြောင်းကို ပြောပြနေသည်။ ထိုတိုက်ပွဲသည်
အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူ
နှစ်ယောက် အကြားမှ တိုက်ပွဲဖြစ်သည်။

+

ဤကဲ့သို့သော ကြီးမားသည့် တိုက်ပွဲသည်
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ပတ်ပတ်လည်
နေရာများကို ကစဥ့်ကလျား ဖြစ်စေခဲ့သည်။

သို့သော်လည်း စစ်ပွဲ၏ လက်ကျန် မြင်ကွင်းများထက်
စာလျှင် အာရုံများကို ဆွဲဆောင်နိုင်သည့် အချက်မှာ
ဖြောင့်မတ်နေသည့် အလင်းတန်း တိုင်လုံးပင် ဖြစ်သည်။

ထိုတိုင်လုံးသည် ကောင်းကင်ပေါ်သို့ မြင့်တက်သွား၍
ပတ်ဝန်းကျင်အား ထိုးဖောက်သွားကာ အဆုံးမဲ့
ဟင်းလင်းပြင် အတွင်းတွင် ပျောက်ကွယ်သွား၍
မည်သည့်နေရာတွင်မှ မမြင်ရတော့ပေ။

အံ့အားသင့်စရာ ကောင်းလှစွာ ဤအလင်းတန်း
တိုင်လုံးသည် တစ်ခြမ်းဖြူ၍ တစ်ခြမ်းနက်နေကာ

+

အလင်းတန်း တိုင်လုံး၏ အနက်ရောင် အခြမ်းတွင် ပုံရိပ်တစ်ခု ရေးရေးလေးကို တွေ့နိုင်သည်။ သူသည် ချောမောသော ရုပ်ရည်သွင်ပြင် ရှိသည့် သိမ်မွေ့သော စာသင်သား တစ်ယောက် ဖြစ်သော်လည်း သူ၏ အမူအရာများ အတွင်းတွင် အေးစက်မှုများကို တွေ့နေနိုင်သည်။

အလင်းတန်း တိုင်လုံး၏ အဖြူရောင် အခြမ်း အတွင်းတွင်မူ ထူးမခြားနား ပုံစံဖြင့် ဆယ်ကျော်သက် တစ်ယောက်ကို တွေ့နေရသော်လည်း သူသည် သူ့အရှေ့မှ ရန်သူအား စိုက်ကြည့်နေရင်း အံ့သြ တုန်လှုပ်နေခဲ့သည်မှာ သိသာနေသည်။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် တပည့်တစ်ယောက် ဖြစ်သူ ကျိုးယွင်ချုံးပင် ဖြစ်သည်။

သူ့အရှေ့မှ သူသည် ချန်းရှင်းယုပင် ဖြစ်သည်။
သို့သော်လည်း အစောပိုင်းမှ တိုက်ပွဲ အတွင်းတွင်
ကျိုးယွင်ချုံးသည် ချန်းရှင်းယု၏ အင်မော်တယ်
ဝိညာဉ်အား အပြည့်အဝ လောင်ကျွမ်းပစ်ခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဤရောမ အလင်းတန်း တိုင်လုံးက
ရုတ်တရက် ပေါ်လာ၍ အလင်းတန်းဖြင့် လွှမ်းခြုံခြင်းကို
ခံခဲ့ရသော အခါ ချန်းရှင်းယု၏ အင်မော်တယ်
ဝိညာဉ်သည် ယာယီ လွင့်မျောနေခဲ့သည်။

သူနှင့် ကျိုးယွင်ချုံးတို့သည် အချင်းချင်း
စိုက်ကြည့်နေကြပြီး သူ၏ တည်ငြိမ် အေးချမ်းနေသော
အကြည့် အတွင်းတွင် အရောင်မျိုးစုံ ရှိနေခဲ့သည်။
နောင်တရမှု၊ လွတ်လပ်မှု၊ ပျော်ရွှင်မှု အစရှိသော
ဆန့်ကျင်ဘက် ခံစားချက်များသည် သူ၏ အကြည့်
အတွင်းတွင် တစ်ပြိုင်နက် ပေါ်လာကြသည်။
+

လော်ချင်းဝူသည် ချန်းရှင်းယုအား ကြည့်နေရင်း တိတ်ဆိတ်သွားခဲ့သည်။

သူ၏ တည်ရှိနေမှုသည် အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အလင်းရောင် အောက်တွင် ဖြည်းဖြည်းချင်း မှေးမှိန်လာခဲ့သော်လည်း သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လူငယ်မျိုးဆက် အတွင်းတွင် အစွမ်းအထက်ဆုံး ဖြစ်သည်ဟု သတ်မှတ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မျိုးဆက်များမှ လွဲ၍ ကျန်သော ကမ္ဘာ တစ်ခုလုံးတွင် အခြား အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူများသည် သူ့ကို ယှဉ်နိုင်ကြမည် မဟုတ်ချေ။

+

ရှိရှင်းယွမ်အား အထူး အခြေအနေများကြောင့် ထည့်မတွက်ခဲ့လျှင် ချန်းရှင်းယုအား ကောင်းစွာ အနိုင်ယူနိုင်သူများမှာ သူမကိုယ်တိုင် အပါအဝင်နှင့် သူမ၏ မဟာမိတ်ဖြစ်သူ ချူးယန်ပင် ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြိုးစား ကျင့်ကြံထား၍ ရှောင်ယန်ထံမှ များစွာ သင်ယူနိုင်ခဲ့သော ရှောင်ကျန်းအာကပင် ချန်းရှင်းယုနှင့် တိုက်ခိုက်ရာတွင် ယုံကြည်ချက် အပြည့် ရှိနိုင်မည် မဟုတ်ချေ။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိခေါင်းဆောင် ဖြစ်သော လင်းတောက်ဟန်၏ တစ်ဦးတည်းသော တပည့်ဖြစ်၍ သူ့မျိုးဆက်များ အတွင်း၌လည်း အသန်မာဆုံး ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်း၏ မျိုးဆက်သစ် တပည့် အတွင်းမှ ကောချောင်ယန်ဟူသော ကျင့်ကြံသူ တစ်ယောက်မှ

+

လွှဲ၍ သူ့မျိုးဆက်မှ အခြား ကျင့်ကြံသူများသည် သူ့ခြေဖျားကိုပင် မမီနိုင်ခဲ့ပေ။

ချန်းရှင်းယု၏ အနာဂတ်သည် သံသယဖြစ်ဖွယ် မရှိပဲ ရှည်လျား တောက်ပနေမည် ဖြစ်သည်။ သူ၏ မြင့်တက်လာမှုသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက လင်းတောက်ဟန်၏ ကိုယ်ပိုင် မြင့်တက်လာမှုနှင့် ဆင်တူနေခဲ့သည်။

ထူးခြားသော အခြေအနေများ ဖြစ်မလာခဲ့လျှင် သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ မျိုးဆက်သစ် ကျင့်ကြံသူများ အနက် အဓိက ဗဟိုချက် ဖြစ်လာမည် ဖြစ်သည်။

+

သူငယ်စဉ်ကတည်းက သူ့အား ဂိုဏ်းခေါင်းဆောင်၏ ဆက်ခံသူ ဟူသော အဆိုးသတ် ရည်ရွယ်ချက် တစ်ခုဖြင့် အမွေးမြူ ခံခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း မယုံနိုင်အောင် ပါရမီနှင့် ပြည့်စုံသည် သူတစ်ယောက်သည် ကျိုးယွင်ချုံး၏ လက်အောက်တွင် ကြွေလွင့်သွားခဲ့ကာ လော်ချင်းဝူသည် ဤအရာကို ပထမဆုံး မြင်တွေ့ခဲ့သောသူ ဖြစ်သည်။

ချန်းရှင်းယုသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ရုတ်တရက် ပေါ်လာကာ ကျိုးယွင်ချုံး လုံးဝ မငြင်းပယ်နိုင်သည့် သတင်းတစ်ခုကို ဖော်ပြခဲ့၍ သူ့ကို တစ်ယောက်တည်း ခေါ်ထုတ်သွားခဲ့သည်။

+

ကျိုးယွင်ချုံးသည် ဂိုဏ်းအတွင်းသို့ ဇူရီနှင့် ယန်ချင်တို့၏ ခေါ်ယူလာခြင်းကို မခံခဲ့ရချိန်တွင် ဆိုးရွားလှသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်ကို အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းမှ အချို့လူများသာ သိထားကြသည်။ သူ၏ မွေးရပ်မြေမှ လူအားလုံးတို့သည် အသတ်ခံခဲ့ရ၍ သူတစ်ယောက်သာ အသက်ရှင်ကျန်ရစ်ခဲ့သည်။ ယနေ့တိုင်အောင် ဤဖြစ်ရပ်၏ တရားခံကို မည်သူကမှ သဲလွန်စ ရှာမရခဲ့ပေ။

ဇူရီနှင့် ယန်ချင်တို့သည် ထိုနေရာသို့ ပြန်သွားကာ စုံစမ်းခဲ့ကြသော်လည်း နေရာ တစ်ခုလုံးသည် လုံး၀ ပျက်စီးသွားပြီး ဖြစ်ကာ အမှန်တရားကို မရှာနိုင်ခဲ့တော့ပေ။

ဤအဖြစ်သည် ဤနှစ်များ အတွင်းတွင် ကျိုးယွင်ချုံး၏ အဆိုးဝါးဆုံး အိမ်မက်ဆိုး ဖြစ်နေခဲ့သည်။ သူသည်

+

ဂိုဏ်းမှထွက်၍ ပြင်ပကမ္ဘာသို့ သွားခဲ့သည့် အချိန်တိုင်းတွင် ဤကိစ္စကို စုံစမ်းခဲ့သော်လည်း သူ၏ အားထုတ်မှုများသည် အချည်းနှီးသာ ဖြစ်ခဲ့သည်။

သို့သော်လည်း ယနေ့တွင် မမျှော်လင့်ထားပဲ လွန်စွာ အံ့ဩ တုန်လှုပ်ဖွယ်ကောင်းသည့် အမှန်တရားကို သူက သိခဲ့ရသည်။

"ငါလုပ်ခဲ့တာ"

ဤအရာသည် ချန်းရှင်းယုက ကျိုးယွင်ချုံးအား ဖြေကြားခဲ့သည့် အဖြေပင် ဖြစ်သည်။

ဤအရာသည် လုပ်ကြံ ပြောဆိုခဲ့ခြင်း မဟုတ်ပဲ သူပြောခဲ့သည့် အသေးစိတ် အချက်အလက်များသည်

+

ကျိုးယွင်ချုံး၏ မှတ်ဉာဏ် အတွင်းမှ အရာများနှင့် ကိုက်ညီနေခဲ့သည်။ ဤအရာများသည် တစ်ယောက်က ထိုနေရာတွင် ရှိမနေပဲနှင့် လုပ်ကြံ ဖန်တီးနိုင်သည့် အရာများ မဟုတ်ပေ။

နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော အရာများကို နောက်ထပ် ရှင်းပြနေစရာ မလိုတော့ချေ။

လော်ချင်းဝူသည် အလင်းတန်း တိုင်လုံး၏ အနက်ရောင် အခြမ်းတွင် ဖြည်းဖြည်းချင်း လွင့်ပြယ်နေခဲ့သော ချန်းရှင်းယု၏ အင်မော်တယ်ဝိညာဉ်အား ကြည့်နေခဲ့ရင်း သူ၏ အတွေးများသည် သူမထံမှ လုံးဝ ဖုံးကွယ်ထားသည်ဟု ခံစားနေခဲ့ရသည်။

+

"အစပိုင်းမှာ ဟင်းလင်းပြင် ဘုရားကျောင်းက ကျင့်ကြံသူတွေက ယွင်ချုံးကို အန္တရာယ် ပြုလိုနေကြတယ်လို့ ငါထင်နေတာ… ဆရာက ငါ့ကို ယွင်ချုံးအနောက်ကို လိုက်ကြည့်ခိုင်းထားပြီး တစ်စုံတစ်ခု မှားယွင်းမှု မရှိအောင် ဒေါ်လေး ရွှမ်းလီကိုတောင် သူ့အနောက်ကို လိုက်ခိုင်းထားတယ်… ဒါပေမဲ့ ချန်းရှင်းယုက ယွင်ချုံးရဲ့ လက်အတွင်းမှာ သေသွားလိမ့်မယ်လို့ ဘယ်သူကမှ မထင်ထားခဲ့ဘူး"

"ဒါမှမဟုတ် ဘယ်သူက အရင် သေတာပဲ ဖြစ်ဖြစ် သူတို့က အချင်းချင်းရဲ့ လက်ချက်ကြောင့် အသတ်ခံခဲ့ရရင် ဒီလိုမျိုး အဖြစ်က ဖြစ်ပျက်မှာပဲလား" လော်ချင်းဝူ၏ စိတ်အတွင်းတွင် မေးခွန်းပေါင်း တစ်ထောင်တို့ လွင့်မျောနေခဲ့သည်။

+

"ဒါပေမဲ့ ချန်းရှင်းယုက ယွင်ချုံးရဲ့ ပြိုင်ဘက် မဟုတ်တာ သိသာနေတာပဲ... ဒါတောင်မှ သူက ယွင်ချုံးကို တစ်ယောက်တည်း စိန်ခေါ်ရဲတယ်... ဒါ့အပြင် သူက ယွင်ချုံးကို အမျက်ထွက်အောင် ဆွခဲ့သေးတယ်... ဒီလိုမျိုး အပြုအမူက ကိုယ့်ကိုယ်ကိုယ် သတ်သေနေတာနဲ့ တူနေတာပဲ"

"သူ့ကို ဒီလိုမျိုး ပြုလုပ်စေခဲ့တဲ့ အကြောင်းရင်းက ဘာများ ဖြစ်မလဲ... တကယ်လို့ ဒါက ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ သူ့ဆရာ လင်းတောက်ဟန်တို့ရဲ့ အမိန့်ဖြစ်ရင်လည်း သူက ကိုယ်ပိုင်ဆန္ဒနဲ့ ပြုလုပ်ခဲ့ပြီး ဒီလို ဖြစ်သွားတာကို ပျော်နေတဲ့ပုံ ဘာဖြစ်လို့ ပေါက်နေရတာလဲ... သူနောင်တရနေတဲ့ အရာကတောင် သူသေသွားတာ မဟုတ်ပဲ ယွင်ချုံးကို ရှုံးနိမ့်သွားတာကြောင့် ဖြစ်နေခဲ့တယ်"

+

လော်ချင်းဝူ မပြောနှင့် ဒေါသမီးတောက်များ လွင့်ပြယ်သွားသော အခါ ကျိုးယွင်ချုံး ကိုယ်တိုင်ကပင် လွန်စွာ ပဟေဠိ ဖြစ်နေခဲ့သည်။ ချန်းရှင်းယုအား ကြည့်နေရင်း သူ၏ ခေါင်းအတွင်းတွင် မည်ကဲ့သို့ တွေးနေသည်ကို မည်သူကမှ မသိနိုင်ပေ။

ချန်းရှင်းယုကလည်း ရှင်းပြလိုစိတ် ရှိမနေသည်မှာ သိသာနေသည်။ သူ၏ လက်ရှိ အခြေအနေ အရ သူက ရှင်းပြလိုနေလျှင်ပင် ဖြစ်နိုင်တော့မည် မဟုတ်ချေ။ သူ၏ အင်မော်တယ်ဝိညာဥ် ပုံရိပ်သည် ဖြည်းဖြည်းချင်း ပျောက်ကွယ်နေ၍ သူ၏မျက်နှာ ပျောက်ကွယ်မသွားခင် စက္ကန့်ပိုင်း အလိုတွင် သူသည် စဥ်းလဲသော အပြုံးတစ်ခုကို ဖော်ပြခဲ့သည်။

ကျိုးယွင်ချုံးသည် မျက်မှောင်ကြုတ်လိုက်၍ သူနှင့် ချန်းရှင်းယုတို့အား လွှမ်းခြုံထားသည့် အလင်းတန်း

+

တိုင်လုံးအား အာရုံစိုက် ကြည့်လိုက်သည်။ ကြည့်ရသည်မှာ ထိုတိုင်လုံး အတွင်းတွင် ပြဿနာ၏ သော့ချက်များ ရှိနေနိုင်သည်။

အလင်းတန်း တိုင်လုံးက သူ့အား လွှမ်းခြုံလိုက်သည်နှင့် ကျိုးယွင်ချုံးသည် သူ၏ အကြွင်းမဲ့ မှော်ကျိန်စာနှင့်ပင် ထိုတိုင်လုံးအား ချိုးဖောက်နိုင်လိမ့်မည် မဟုတ်ဟု ခံစားနေရသည်။

တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော အလင်းတန်း တိုင်လုံးသည် တိမ်တိုက်များ အကြားတွင် ဝဲပျံနေခဲ့သည်။ ကျိုးယွင်ချုံးနှင့် ချန်းရှင်းယုတို့ ရှိနေသည့် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင်သာ မကပဲ နတ်ဘုရား နယ်မြေ အတွင်းရှိ ပိုင်ယွင်တောင်အား လွှမ်းခြုံထားသည့် တိမ်တိုက် မြူခိုးငွေ့များက လွင့်ပြယ်သွားပြီး နောက်ထပ် ရောမ အလင်းတန်း

+

တိုင်လုံးတစ်ခုသည် ကောင်းကင်ပေါ်သို့
ထိုးတက်သွားသည်။

ထိုအလင်းတန်း တိုင်လုံးသည်လည်း တစ်ခြမ်းဖြူကာ
တစ်ခြမ်းနက်နေပြီး မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းရှိ ကျိုးယွင်ချုံးအား လွှမ်းခြုံထားသည့်
အလင်းတန်း တိုင်လုံးနှင့် တစ်ထေရာတည်း
တူနေခဲ့သည်။

ပိုင်ယွင်တောင်၏ ထိပ်ဖျားတွင် ကောင်းဟန်နှင့်
ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျန်သော
အကြီးအကဲများသည် ထိုအဖြူနှင့် အနက်ရောင်
အလင်းတန်း တိုင်လုံးအား ဝန်းရံနေကြရင်း အနည်းငယ်
ထိတ်လန့်သော ပုံများ ပေါက်နေကြသည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည် အစောပိုင်းက ဂိုဏ်းအတွင်းသို့ ဝင်၍ သောင်းကျန်းသွားသော်လည်း ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ၏ စိတ်ဓာတ်များက တက်ကြွနေကြကာ အစောပိုင်းမှ ရုတ်ရုတ်သဲသဲ ဖြစ်ခဲ့မှုသည် ယခုအချိန်တွင် အသေးအဖွဲ့ကဲ့သို့ ဖြစ်နေခဲ့သည်။

ချင်းနင်သူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကာ ပြောလိုက်သည်။ "အကြီးအကဲ ထိုက်ရီရဲ့ ခန့်မှန်းချက်တွေက မှန်တယ်... ငါတို့ရဲ့ မှော်ကျိန်စာက အလုပ်ဖြစ်ခဲ့တယ်"

ကောင်းဟန်က ပြောလိုက်သည်။ "အောင်ပွဲခံဖို့ စောနေသေးတယ်... ဒါက ပထမ အဆင့်ပဲ ရှိသေးတယ်... အောင်မြင်မလား ဒါမှမဟုတ် မထင်မှတ်တာတွေ ဖြစ်လာမလား ဆိုတာက

+

မသေချာသေးဘူး… နောက်ဘာဖြစ်လာမလဲ ဆိုတာကို မသိနိုင်တဲ့ အတွက် သတိလက်လွှတ်နေလို့ မဖြစ်ဘူး"

အားလုံးတို့က တညီတညွတ်တည်း ခေါင်းညိတ်လိုက်ကြသည်။ ကောင်းဟန်သည် အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးအား စိုက်ကြည့်နေရင်း ဘေးမှ အေးစက်ပုံ ပေါက်နေသည့် အမျိုးသမီး တစ်ယောက်ကို လှည့်ကြည့်လိုက်သည်။ သူမသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ အကြီးအကဲ တစ်ယောက် ဖြစ်သည့် ယုယွမ် သူတော်စင်မယ် ဖြစ်သည်။

ယုယွမ် သူတော်စင်မယ်သည် စကားတစ်လုံးမှ မပြောပဲ သူမ၏ခေါင်းကို ညိတ်လိုက်သည်။ သူမ၏ လက်တစ်ဘက်ကို အသုံးပြု၍ အဆက်မပြတ် ပြောင်းလဲနေသော မှော်ကျိန်စာ တစ်ခုကို

+

ဖော်ထုတ်လိုက်ပြီး ကျန်လက်တစ်ဘက်ကို မြှောက်လိုက်ကာ မှော်ကျိန်စာ သင်္ကေတ တစ်ခုကို ပင့်တင်လိုက်သည်။

မှော်ကျိန်စာ သင်္ကေတသည် ပျံတက်သွား၍ အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံး အပေါ်သို့ ကျသွားရာ ချက်ချင်းပင် အလင်းတန်း တိုင်လုံး အတွင်း၌ လူတစ်ယောက်၏ ပုံရိပ် တစ်ခု ပေါ်လာကာ အဆက်မပြတ် လှုပ်ခါနေ၍ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့သည်။

မဟာကမ္ဘာ အတွင်းတွင် အလင်းတန်း တိုင်လုံး နှစ်ခု မြင့်တက်လာကာ လေဟာနယ် အတွင်းသို့ အဆက်မပြတ် ဆန့်တန်းသွား၍ အပေါ်မှ ကောင်းကင်ကိုပင် အနှောင့်အယှက် ပေးခဲ့သည်။

+

ကောင်းကင်နှင့် မြေကြီး အကြားတွင် အလင်းတန်း
အလွှာများ လင်းလက်လာ၍ ထိုအလင်းတန်းများသည်
ဝိညာဉ်ပင်လယ်မှ အစပြုလာခြင်း ဖြစ်သည်။

ထိုအချိန်တွင် မဟာကမ္ဘာနှင့် နီးစပ်စွာ
ဆက်သွယ်နေသော ဝိညာဉ်ပင်လယ်သည် ပို၍
နီးကပ်လာသကဲ့သို့ ဖြစ်လာသည်။ ဝိညာဉ်ပင်လယ်နှင့်
မဟာကမ္ဘာ အကြားမှ ခြားနားမှုသည် ပါးလျလာ၍
ကမ္ဘာနှစ်ခုတို့သည် တစ်ခုတည်း အဖြစ်သို့
ပေါင်းစည်းသွားသကဲ့သို့ ဖြစ်နေခဲ့သည်။

## စာစဉ် ၇၄ : အပိုင်း ၁၀

## အပိုင်း ၁၄၄၀ : သေမင်းပင်လယ် လှုပ်ရှားလာခြင်း

+

ပိုင်ယွင်တောင် အပေါ်တွင် ကောင်းဟန်သည် အဖြူနှင့်
အနက်ရောင် အလင်းတန်း တိုင်လုံးအား
စိုက်ကြည့်နေကာ သူ၏ လက်များဖြင့်
မှော်ကျိန်စာများကို အဆက်မပြတ် ထုတ်ဖော်နေခဲ့သည်။

သူ၏ဘေးတွင် ချင်းနင်သူတော်စင်ကလည်း
အလားတူပင် ပြုလုပ်နေသည်။ ယုယွမ်
သူတော်စင်မယ်သည် သူမ၏ အင်္ကျီလက်စများကို
ဝှေ့ယမ်းလိုက်ရာ ဝိုင်းဝန်းသော ရှေးဟောင်းကြေးမုံသည်
သူမ၏ လက်အတွင်းမှ ထွက်ပေါ်လာသည်။

ထိုရှေးဟောင်း ကြေးမုံသည် သန္တေလောင်း အဆင့်မှ
မှော်ရတနာ တစ်ခုသာ ဖြစ်သေးသော်လည်း သူ့ထံမှ
ထွက်ပေါ်လာသော အလင်းတန်းများသည် အဖြူနှင့်

အနက်ရောင် အလင်းတန်း တိုင်လုံး အတွင်းသို့ ဝင်သွားခဲ့သော အခါ လူသားပုံရိပ် တစ်ခု ပေါ်လာ၍ ပို၍ပို၍ ကြည်လင်လာခဲ့သည်။

သူသည် ရုပ်ရည် ချောမော၍ အပြစ် အနာအဆာ ကင်းမဲ့သော ယောကျ်ားတစ်ယောက် ဖြစ်သည်။ သူသည် နန်းဆန်၍ တင့်တယ်သော အရှိန်အဝါများကို ထုတ်လွှတ်နေ၍ ညကောင်းကင်မှ လမင်းကဲ့သို့ အေးစက်စွာ လှပနေသော်လည်း တစ်ဦးတည်း ဖြစ်နေခဲ့သည်။

သူ၏ နဖူးအလယ်တွင် တစ်ယောက်သည် လမင်းတစ်စင်း၏ ပုံရိပ်က အဆက်မပြတ် လည်ပတ်နေသည်ကို တွေ့နိုင်သည်။ ထိုလမင်းပုံရိပ်သည် အဆက်မပြတ် ပြောင်းလဲနေရင်း

+

လဆန်းခြင်းနှင့် လဆုတ်ခြင်းတို့၏ ကွဲပြားသော အဆင့်များကို ကိုယ်စားပြုသကဲ့သို့ ဖြစ်နေသည်။

ကြေးမုံအား ကိုင်ဆောင်ထားသော ယုယွမ် သူတော်စင်မယ်မှ လွဲ၍ ကျန်သောသူများ အားလုံးတို့အား ကောင်းဟန်က ဦးဆောင်၍ ထိုသူအား ဦးညွှတ်လိုက်ကြသည်။

ထိုသူ၏ အရိပ်သည် အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံး အတွင်း၌ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ အလင်းတန်းများသည် ကောင်းကင်အတွင်းသို့ ထိုးတက်ကာ ပျောက်ကွယ်သွားခဲ့သည်။

+

ဤအချိန်တွင် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်း၌လည်း တူညီသော မြင်ကွင်းတစ်ခု ဖြစ်ပေါ်နေသည်။ ချန်းရှင်းယု၏ ခန္ဓာကိုယ်သည် ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်၍ အလင်းတန်း တိုင်လုံး၏ ဖုံးလွှမ်းခြင်းကို ခံနေရသော ကျိုးယွင်ချုံး၏ ခန္ဓာကိုယ်သည် ထိန်းချုပ်၍ မရတော့ပဲ ကောင်းကင်ပေါ်သို့ ဖြည်းဖြည်းချင်း ခေါ်ဆောင်ခြင်း ခံနေရသည်ဟု ခံစားနေရသည်။

လော်ချင်းဝူ၏ ဝိညာဉ် ကိုယ်ပွားသည် ဤအရာကို မြင်ခဲ့ရသော အခါ ရှွမ်းလီဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ဒေါ်လေး ရှွမ်းလီ... ဆရာ ချန်ခိုင်းထားခဲ့တဲ့ ခေါးကို အခုအချိန်မှာ အသုံးပြုလို့ ရပြီ"

+

သူမသည် ခေတ္တမျှ ရပ်နားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ ဒေါ်လေးက တစ်ကွက်ပဲ သုံးဖို့ လိုလိမ့်မယ်"

ရွှမ်းလီသည် သူမ၏ ခေါင်းကို မော့၍ အဖြူနှင့် အနက်ရောင် တိုင်လုံး၏ အဆုံးဘက်သို့ ကြည့်လိုက်သည်။ သူမ၏ ပုံမှန်ဆိုလျှင် အေးစက်နေသော အမူအရာသည် တစ်စုံတစ်ခုကို တွေးမိခဲ့သကဲ့သို့ အနည်းငယ် ပြောင်းလဲလာခဲ့သည်။

ထိုစကားကို ကြားခဲ့ရသော အခါ သူမသည် သူမ၏ အကြည့်ကို ရုပ်သိမ်းလိုက်၍ လော်ချင်းဝူအား ကြည့်လိုက်ရာ လော်ချင်းဝူက သူမ၏ ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "ဆရာ ပြောထားတာက တကယ်လို့ တစ်ခုခု ဖြစ်ခဲ့ရင် ဒေါ်လေး လုပ်ရမှာက ထျန်းကျင်းကို ဂရုစိုက်ဖို့ပဲ... ကျွန်မတို့ကို ဂရုစိုက်နေစရာ မလိုဘူး"

+

သူမက တိုးတိုးလေး ဆက်ပြောလိုက်သည်။ "ဆရာ ခန့်မှန်းထားတဲ့ အရာက အခုအချိန်မှာ ဖြစ်နေပြီလား ဆိုတာကို မသိပေမဲ့ သူက ညွှန်ကြားချက်တွေ ပေးထားခဲ့တော့ ကျွန်မတို့က အဲ့ဒီအတိုင်း လိုက်လုပ်သင့်တယ်"

လော်ချင်းဝူသည် ညှိနှိုင်းရခက်သူ တစ်ယောက် မဟုတ်ပဲ အခြေအနေကို ကြည့်၍ အလိုက်သင့် လှုပ်ရှားတတ်သူ ဖြစ်သော်လည်း သူမသည်  ယုံကြည်မှု လွန်ကဲကာ စိတ်ကြီးဝင်နေသူ တစ်ယောက် မဟုတ်ချေ။

လင်းဖုန်း၏ စကားလုံးများသည် သူမအတွက် ပိုမို နက်ရှိုင်းသော အဓိပ္ပာယ် ရှိနေသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် လက်ရှိ အဖြစ်အပျက်များသည် သူမ

+

မျှော်မှန်းထားသည်ထက် ပိုသွားခဲ့သော်လည်း သူမသည် လင်းဖုန်း၏ ညွှန်ကြားချက်များ အတိုင်း ဆောင်ရွက်ရန်သာ ဆုံးဖြတ်ခဲ့သည်။

ရှမ်းလီသည် သူမ၏ စကားကို ကြားခဲ့ရသော အခါ ဘာမှ မပြောပဲ သူမ၏လက်ကို ကောင်းကင်ပေါ်သို့ ပင့်မြှောက်လိုက်သည်။ သူမ၏ လက်ဝါး အတွင်းတွင် ဓားရှည်တစ်ချောင်း ပေါ်လာ၍ ထိုဓားရှည်ကို မြှောက်လိုက်ရာ မဟာကမ္ဘာ တစ်ခုလုံးက ငိုကြွေးမြည်တမ်းနေသည့်ပုံ ပေါက်လာသည်။ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ခက်ထန်သော စွမ်းအင်တစ်ခု ထိုးတက်လာ၍ ကမ္ဘာဖျက် ဓားသွားတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ပြီးတာနှင့် ရှမ်းလီသည် သူမ၏ဓားကို ဖွေ့ယမ်းလိုက်ရာ မှန်းဆ၍ မရအောင် အစွမ်းထက်သော

+

ခေါင်းအလင်းတန်းသည် ကောင်းကင်နှင့် မြေကြီး အကြားတွင် လင်းလက်လာ၍ အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးအား ရိုက်ခတ်လိုက်သည်။

သို့သော်လည်း ဤတိုက်ခိုက်မှု အပြီး၌ပင် ဟင်းလင်းပြင် အတွင်းသို့ ဆန့်တန်းသွားသော အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံး၏ အဆုံးတွင် ရေသံများကို ကြားနေရသည်။ သူသည် ငြိမ်သက်၍ အရောင်အဆင်း ကင်းမဲ့နေကာ အဖြူရော အနက်ရောင်ပါ မဟုတ်နေပဲ အမည်ပေးရန်ပင် ခက်ခဲနေခဲ့သည်။

ရေများသည် သာမန်ဟုသာ ထင်နေရသော်လည်း ကမ္ဘာ တစ်ခုလုံးတွင် ကြောက်ရွံ့စရာ အကောင်းဆုံး အရာတစ်ခုနှင့် တူနေခဲ့သည်။ သူသည် အရာအားလုံးအား ဖျက်ဆီးနိုင်သည့် စွမ်းအားရှိရုံ မကပဲ

+

သူတို့ တည်ရှိနေမှု၏ သဘောတရားများကိုပင် ပျက်သုဥ်းအောင် လုပ်နိုင်စွမ်း ရှိသည်။

ကမ္ဘာအတွင်းမှ အရာအားလုံးတို့သည် သူတို့ တည်ရှိနေမှု၏ နောက်ဆုံး အခိုက်အတန့်များသို့ ရောက်လာခဲ့ပြီး ပျက်စီးခြင်းအနားသို့ ချဥ်းကပ်လာခဲ့သည်။ စိတ်ဝိညာဥ် စွမ်းအင်များ အပါအဝင် အရာအားလုံးတို့သည် သူနှင့် ထိတွေ့မိသည်နှင့် တည်ရှိမှု အဖြစ်မှ ပျက်သုဥ်းသွားခဲ့သည်။

လော်ချင်းဝူသည် ထိုအရာကို တွေ့ခဲ့သော အခါ ရေရွတ်လိုက်သည်။ "သေမင်းပင်လယ် အတွင်းက ရေတွေပဲ"

+

သူမသည် ထိုအရာကို အပြင်တွင် တစ်ခါမှ မမြင်ဖူးသော်လည်း မူလကောင်းကင် ပင်လယ် ခုနစ်သွယ်တွင် အလျှို့ဝှက် အဆန်းကြယ်ဆုံး ဖြစ်သော သေမင်းပင်လယ်ကသာ ဤကဲ့သို့သော လှိုင်းလုံးများကို ထုတ်လွှတ်နိုင်သည်ဟု သိနေခဲ့သည်။

သူမ၏ဘေးတွင် ရှိနေသော ရွှမ်းလီကလည်း သေမင်းပင်လယ်၏ စွမ်းအားများမှ ထံမှ အကျိုးအမြတ်များကို ရနိုင်ခဲ့သည်။

ရွှမ်းလီ၏ အကြည့်မှ ရုတ်တရက် တောက်ပသော အလင်းတန်း တစ်ခု ထွက်ပေါ်လာသည်။ သူသည် မျက်စိကျိန်းလုမတတ် တောက်ပလှပြီး သူမ၏ ထိုအကြည့်သည် ဟင်းလင်းပြင်အား ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ခဲ့သည်။

+

ကြောက်မက်ဖွယ်ရာ ခေါင်းအလင်းတန်းနှင့် အသွင်မဲ့စွာ စီးဆင်းနေသော ရေတို့သည် လေထုအလယ်တွင် ယှက်သန်းသွားကြသည်။

မဟာကမ္ဘာ အတွင်းမှ နယ်မြေများကလည်း အဆက်မပြတ် ကွဲကြေသွား၍ တွန့်လိမ်ကုန်ကြသည်။

လော်ချင်းဝူက အော်ခေါ်လိုက်သည်။ "ဒေါ်လေး ရွှမ်းလီ"

ရွှမ်းလီသည် မျက်မှောင်ကြုတ်လိုက်သော်လည်း သူမကိုယ် သူမ တည်ငြိမ်အောင် ထိန်းနိုင်ခဲ့၍ ထိုခေါင်းချက် အပြီးတွင် နောက်ထပ် တိုက်ခိုက်မှု မပြုတော့ပေ။

+

အဖြူနှင့် အနက်ရောင် တိုင်လုံးသည်
လေထုအလယ်တွင် တုန်ခါနေ၍ ကောင်းကင်ကိုးလွှာသို့
ဆန့်တန်းသွားသည့် တိုင်လုံးတစ်ခု အဖြစ် ပြန်လည်
ဖွဲ့စည်းသွားသည်။

အားလုံးကို ဖျက်ဆီးနိုင်သည့် သေမင်းပင်လယ်မှ
ကြောက်မက်ဖွယ်ရာ ရေများသည် တစ်ခါမှ
မပေါ်လာဖူးခဲ့သကဲ့သို့ ဤအချိန်တွင် ပြန်လည်
ပျောက်ကွယ်သွားခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့
အကြားမှ ဖျက်ဆီးခြင်း မြင်ကွင်းများကို ကြည့်၍
တစ်ယောက်သည် ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှု
တစ်ခု ဖြစ်ခဲ့သည်ဟု ပြောနိုင်ခဲ့သည်။

ဤဖြစ်စဉ်ကြောင့် ကျိုးယွင်းချုံးသည် အဖြူနှင့်
အနက်ရောင် တိုင်လုံးထံမှ လွတ်မြောက်လာနိုင်ခဲ့၍
လော်ချင်းဝူနှင့် ရွှမ်းလီတို့ အနားသို့ ပျံသန်းလာခဲ့သည်။
+

သူ၏ အမူအရာသည် ရှုပ်ထွေးနေ၍ ရွှမ်းလီနှင့် လော်ချင်းဝူတို့ကိုပင် နှုတ်ဆက်ရန် မေ့နေခဲ့သည်။

ပုံမှန်ဆိုလျှင် အေးစက် တည်ငြိမ်နေသော သူ၏ပုံစံသည် တုန်လှုပ်နေ၍ ဘာလုပ်ရမှန်း မသိ ဖြစ်နေခဲ့သည်။ သူသည် ဟင်းလင်းပြင် အတွင်းသို့ အဆုံးမဲ့ ဆန့်တန်းနေသော အဖြူနှင့် အနက်ရောင် တိုင်လုံးအား ကြည့်နေ၍ သူ၏ ရင်အတွင်းတွင် ခံစားချက် မျိုးစုံတို့ စီးဆင်းနေခဲ့ကာ သူ၏ စိတ်အတွင်းတွင် မရေမတွက်နိုင်သော ပုံရိပ်များ ပေါ်လာခဲ့သည်။

ရွှမ်းလီသည် အဖြူနှင့် အနက်ရောင် တိုင်လုံး၏ အဆုံးကို မျက်တောင် မခတ်စတမ်း ကြည့်နေ၍ သူမ၏ အကြည့်သည် ထူးခြား ဆန်းကြယ်နေခဲ့သည်။ သူမသည်

+

သူ့အား ရန်သူအဖြစ် ကြည့်နေခြင်း မဟုတ်သော်လည်း သူနှင့် နီးစပ်သည့် ခံစားချက်မျိုး မရှိနေခဲ့ပေ။ ထိုအရာသည် အလွန်အမင်းကို ရှုပ်ထွေး၍ ဖော်ပြရန် ခက်ခဲလှသည်။

လော်ချင်းဝူသည် ကျိုးယွင်ချုံးအား ကြည့်၍ တိတ်တခိုး သက်ပြင်းချလိုက်သည်။ သူမသည် ဟင်းလင်းပြင်အား ကြည့်နေ၍ ဘာမှ မပြောခဲ့သော်လည်း သူမ၏ စိတ်အတွင်းမှ တွေးနေခဲ့သည်။ "ဆရာ... ကျွန်မလုပ်ခဲ့တာ မှန်ရဲ့လား"

သူမ၏ အနောက်တွင် ဟင်းလင်းပြင်က ကွဲဟသွားကာ ဟန်ရန်၊ ယင်းလော်ရှု၊ တန်ယွင်ချင်းနှင့် ကျန်သောသူများ ပေါ်လာခဲ့၍ သူတို့ အရှေ့မှ မြင်ကွင်းအား တွေ့ခဲ့ရသော အခါ ထိတ်လန့် တုန်လှုပ်သွားကြသည်။

+

နတ်ဘုရားနယ်မြေ အတွင်းတွင် ပိုင်ယွင်တောင်ထိပ်မှ ကောင်းဟန်နှင့် ကျန်သောသူများသည် သူတို့ အရှေ့မှ အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးအား ကြည့်နေရင်း မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ပြောင်းလဲမှုများကို ခံစားခဲ့ရသည်။

ကောင်းဟန်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ငါတို့က အခက်ခဲဆုံး အပိုင်းကို ကျော်လွှားနိုင်ခဲ့ပြီ… အခုအချိန်မှာ ပြင်ပက  ဘယ်အင်အားစုတွေကမှ ငါတို့ကို ဝင်စွက်လို့ ရတော့မှာ မဟုတ်ဘူး… ငါတို့ လုပ်ရမှာက အခြေအနေကို အကဲခတ်နေပြီး သူတို့က ငါတို့ရဲ့ ခန့်မှန်းချက် အတိုင်း ဖြစ်လာသလား ဆိုတာကို စောင့်ကြည့်နေဖို့ပဲ"

+

ချင်းနင်သူတော်စင်က စိုးရိမ်နေသည့်ပုံဖြင့် ပြောလိုက်သည်။ "လင်းဖုန်းက ဒီမှာ မရှိနေပဲ ကောင်းကင်ဖျက်ဆီး ခါးက သူ့ရဲ့ အထွတ်အထိပ် အခြေအနေကို ရောက်နေတယ်… သူတို့က တခြား အစီအစဉ်တွေ ရှိနိုင်မလား"

ကောင်းဟန်၏ အကြည့်သည် ရှေးကျ၍ ထာဝရ ပုံစံ ဖြစ်နေကာ ပွင့်လင်းစွာ ပြောလိုက်သည်။ "ဘာပဲ ဖြစ်ဖြစ် ကိစ္စမရှိဘူး… ဒီအချိန်မှာ ငါတို့ လုပ်ရမှာက ငါတို့ရဲ့ မူလ လမ်းကြောင်းအတိုင်း ဆက်သွားဖို့ပဲ… အခြေအနေက ဘယ်လောက်ပဲ ဆိုးဆိုး လက်ရှိ အခြေအနေထက်တော့ ပိုမဆိုးနိုင်ဘူး… ငါတို့ရဲ့ ကိုယ်ပိုင် အစီအစဉ်ကို ဆောင်ရွက်နိုင်ခဲ့တာက ကောင်းမွန်တဲ့ ကိစ္စ တစ်ခုပဲ"

+

"တကယ်လို့ ကျန်တဲ့သူတွေက သူတို့ရဲ့ ကိုယ်ပိုင် အစီအစဥ်တွေ ရှိခဲ့ရင်တောင် ငါတို့က သူတို့ကို ထိပ်တိုက် ရင်ဆိုင်ရလိမ့်မယ်"

ချင်းနင်သူတော်စင်သည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ဘာမှ မပြောတော့ပေ။ ယုယွမ် သူတော်စင်မယ်သည် အမူအရာ ကင်းမဲ့နေကာ သူမ၏ အာရုံအားလုံးကို အဖြူနှင့် အနက်ရောင် တိုင်လုံးအပေါ်သို့ စူးစိုက်ထားသည်။

မဟာကမ္ဘာ အဆက်မပြတ် တုန်ခါနေ၍ သူနှင့် နီးကပ်စွာ ဆက်စပ်နေသည့် ဝိညာဥ်ပင်လယ်ကပင် စတင်၍ တုန်ခါလာခဲ့သည်။

+

သို့သော်လည်း ခဏအကြာတွင် မဟာကမ္ဘာ အတွင်းမှ သက်ရှိ အားလုံးတို့သည် အန္တရာယ်များကို စတင်၍ ခံစားခဲ့ရသည်။

သူတို့သည် မည်သည့်နေရာတွင် ရှိနေပါစေ၊ မည်မျှပင် အစွမ်းထက်နေပါစေ၊ ဗီပရာလိုပါ အဆင့်ရှိ ကျင့်ကြံသူ တစ်ယောက်မှ စ၍ သာမန်လူ အထိတိုင်အောင် အားလုံးတို့သည် ကျောရိုးများ အတွင်းမှ စိမ့်ကနဲ ခံစားခဲ့ရသည်။

သားရဲများနှင့် သစ်ပင် ပန်းမာန်များကပင် ထိုအရာကို အာရုံခံနိုင်ခဲ့သည်။

တောင်တန်းများ၊ မြစ်ပြင်များ၊ နေမင်း၊ လမင်း၊ ရေအိုင်များ၊ ရေကန်များနှင့် သမုဒ္ဒရာများကပင်

+

အသက်ဝင်လာခဲ့ကာ ကြောက်ရွံ့မှုများကို ခံစားခဲ့ရသည်။

ကြောက်မက်ဖွယ်ရာ ဤခံစားချက်သည် မဟာကမ္ဘာ တစ်ခုလုံးကို လွှမ်းခြုံနေ၍ နေရာတကာ၌ ရှိနေခဲ့သည်။ အဆုံးမဲ့ ဟင်းလင်းပြင် အတွင်း၌၊ ကမ္ဘာတစ်ခုလုံး အတွင်း၌၊ ပြင်ပကမ္ဘာများ အားလုံးတို့၌ လူအားလုံးတို့သည် တူညီသော အရာတစ်ခုကို ခံစားခဲ့ရသည်။

မဟူရာ ပင်လယ် အတွင်းမှ နဂါးများ၊ ယင်ပင်လယ် အတွင်းရှိ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျင့်ကြံသူများနှင့် ဟင်းလင်းပြင် ပင်လယ် အတွင်းမှ သူများကပင် သူတို့ စိတ်ဝိညာဉ် အတွင်းရှိ နက်ရှိုင်းသော နေရာများမှ လာခဲ့သည် ဤကြောက်ရွံ့မှုကို ခံစားခဲ့ရသည်။

+

မဟာကမ္ဘာနှင့် ဝိညာဥ်ပင်လယ် အပေါ်တွင် နောက်ထပ် ကမ္ဘာတစ်ခု ပေါ်လာခဲ့သည်။

ဤကမ္ဘာသည် ဝိညာဥ်ပင်လယ်နှင့် ဆင်တူ၍ မဟာကမ္ဘာနှင့် နီးကပ်စွာ ဆက်စပ်နေပြီး သူနှင့် မဆက်စပ်နေသည့် အစိတ်အပိုင်း တစ်ခုမှ မရှိချေ။

ဤအချိန်တွင် မဟာကမ္ဘာနှင့် ဝိညာဥ်ပင်လယ် အကြားမှ ဒိုင်မန်းရှင်း အရံအတားများသည် စတင်၍ ဝေဝါးလာ၍ ကမ္ဘာနှစ်ခုသည် စတင်၍ ပေါင်းစည်းလာခဲ့သည်။

သို့သော်လည်း သေမင်းပင်လယ်သည် တိတ်ဆိတ်နေ၍ အမတန်မှ အစွမ်းထက်လှကာ သူ၏ ငြိမ်သက်နေမှု

+

အတွင်းတွင် တစ်ယောက်သည် ကမ္ဘာအားလုံးမှ
အကြီးမားဆုံး အကြောက်တရားကို ခံစားနိုင်ခဲ့သည်။

အလင်းတန်းများသည် အဆက်မပြတ် လင်းလက်နေ၍
ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ ညည်းတွားသံက
တိုးသွားခဲ့သော်လည်း လုံး၀ မပျောက်ကွယ်သွားပဲ
ထို့အစား ပို၍ ပရိယာယ် များလာခဲ့သည်။

သို့သော်လည်း သေမင်းပင်လယ်သည် မဟာကမ္ဘာနှင့်
အမှန်တကယ် ပေါင်းစည်းနေခဲ့ခြင်း မဟုတ်ချေ။

ဝိညာဉ်ပင်လယ် အတွင်းတွင် ပြိုလဲခြင်း စာအုပ်နှင့်
ရင်ဆိုင်နေသော အန္တိမ ကောင်းကင်ကြေးမုံသည်
ရှတ်တရက်ပင် တောက်ပသော အလင်းတန်း
အမြောက်အမြားကို ထုတ်လွှတ်လိုက်၍

+

ထိုအလင်းတန်းများသည် မျဉ်းကြောင်း တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုအလင်းတန်း မျဉ်းကြောင်းသည် တောက်ပ လင်းလက်လှ၍ ကမ္ဘာအတွင်းမှ အရာအားလုံးတို့သည် ပျောက်ကွယ်သွားကာ ထိုအလင်းတန်းသာ ကျန်နေခဲ့သကဲ့သို့ ဖြစ်နေပြီး အားလုံးတို့သည် သူ့အား စိုက်ကြည့်နေကြလေသည်။

ဤအချိန်တွင် မဟာကမ္ဘာ အတွင်းမှ အစွမ်းအထက်ဆုံး ကျင့်ကြံသူများ အားလုံးတို့သည် ဝိညာဉ်ပင်လယ် အတွင်းသို့ ရောက်နေကြသည်။ သူတို့သည် မဟာကမ္ဘာ အတွင်းမှ တုန်ခါမှုများကို အာရုံမခံနိုင်ကြသော်လည်း ဝိညာဉ်ပင်လယ် အတွင်းမှ ပြောင်းလဲမှုများကို ကောင်းစွာ အာရုံခံနိုင်ခဲ့ကြသည်။

+

လင်းဖုန်း၏ ဖိနှိပ်မှုကို ခံနေကြရသော ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မျောက်၊ မူလနဂါး ဘုရင်၊ သေမင်းဧကရာဇ်နှင့် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့သည် သူတို့၏ ရင်များက တုန်ခါလာသည်ဟု ခံစားခဲ့ရသည်။ "ဒီခံစားချက်... ဒါက သေမင်းပင်လယ် များလား"

ဝိညာဉ်ပင်လယ်နှင့် မဟာကမ္ဘာတို့သည် နီးကပ်စွာ ဆက်စပ်နေကြကာ သူတို့ နှစ်ခုစလုံးသည် လုံးဝ တိတ်ဆိတ်နေသော ကမ္ဘာတစ်ခု အဖြစ် ပေါင်းစည်းသွား၍ မူလကောင်းကင် ပင်လယ် ခုနစ်သွယ် အနက် လျှို့ဝှက်ဆန်းကြယ်မှု အရှိဆုံး ဖြစ်သည့် သေမင်းပင်လယ်နှင့် ပူးပေါင်းလုနီးပါး ဖြစ်နေခဲ့သည်။

+

အန္တိမ ကောင်းကင်ကြေးမုံမှ အလင်းတန်းများသည် သေမင်းပင်လယ် ထံသို့ လမ်းကြောင်းတစ်ခု ဖောက်ခဲ့သည့်ပုံ ပေါက်နေပြီး သေမင်းပင်လယ်မှ ရေများစွာ ပေါ်လာခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ အလင်းတန်း များစွာတို့သည် စတင်၍ မှေးမှိန်လာကြသည်။

ဤကမ္ဘာသည် ယခင်ကနှင့် မတူပဲ တုန်ခါလာကာ အားလုံးတို့သည် သူတို့က ဝိညာဉ်ပင်လယ်၏ တွန်းဖယ်ခြင်းကို ခံနေရသည်ဟု ခံစားနေရသည်။

သူ၏ မူလရွှေခွက်နှင့် ဝိညာဉ်ပင်လယ်အား ကျင့်ကြံနေသော လင်းဖုန်းကပင် သူ၏ ကျင့်ကြံမှုများက ကျိုးပျက်လာသည်ဟု ခံစားခဲ့ရသည်။

+

အားလုံးတို့သည် သူတို့အရှေ့မှ မြင်ကွင်းအား တုန်လှုပ်စွာဖြင့် ကြည့်နေကြပြီး ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် မူလနဂါး ဘုရင်တို့က အကြည့်ချင်း ဖလှယ်ခဲ့ကြသည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက ကျောက်တုံး တစ်တုံးထဲနဲ့ ငှက်နှစ်ကောင် သတ်ချင်နေတာလား"

ကမ္ဘာတစ်ခုလုံး အတွင်းတွင် ဝိညာဥ်ပင်လယ်သည် သေမင်းပင်လယ်အား ဟန့်တားနိုင်သည့် တစ်ခုတည်းသော နေရာဖြစ်သည်။ ဤနေရာတင် ဗီပရာလိုပါ အဆင့်မှ မဟာကပ်ဘေးကို မဆင့်ခေါ်နိုင်ပေ။

+

ဝိညာဥ်ပင်လယ်သည် ကောင်းကင်နှင့် မြေကြီး အတွင်းတွင် အရာအားလုံး၏ စိတ်ဝိညာဥ် စွမ်းအင်များဖြင့် ပြည့်နေသဖြင့် သေမင်းပင်လယ်နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်သည်။ အကယ်၍ သေမင်းပင်လယ်သည် ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်လာခဲ့ပါက ရလဒ်များသည် တွေးဆ၍ မရနိုင်အောင် ဖြစ်သွားပေမည်။

အားလုံးတို့သည် ဤအကြောင်းကို သိထားကြသော်လည်း တစ်ယောက်ကမှ ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားကြပေ။

"ဝိညာဥ်ပင်လယ်က ပြင်ပကမ္ဘာနဲ့ အဆက်ပြတ်နေတယ်... ဟင်းလင်းပြင် ဘုရားကျောင်းက တစ်ယောက်ကမှ သူတို့ဟာ အသာစီး ရနေသလား... မရနေဘူးလား ဆိုတာကို မသိနိုင်ဘူး...

+

ဘာဖြစ်လို့ သူတို့က ဒီလိုမျိုး အကျိုးမဲ့စေတဲ့ နည်းဗျူဟာကို သုံးရတာလဲ… သူတို့က ဒါကို အစကတည်းက စီစဉ်ထားခဲ့တာလည်း မဖြစ်နိုင်ဘူး"

သေမင်းကေရာဇ်က ရုတ်တရက် တွေးလိုက်သည်။ "သူတို့က ဝိညာဉ်ပင်လယ် အပြင်က သူတို့ရဲ့ ရဲဘော်တွေနဲ့ ဆက်သွယ်နိုင်ခဲ့တာလား… တကယ်လို့ ဒီလို ဖြစ်နိုင်ခဲ့ရင် သူတို့က ဘာကို ကြံစည်နေတာလဲ… သေမင်းပင်လယ်… သေမင်းပင်လယ်… သေမင်းပင်လယ်"

သူ၏ နှလုံးခုန် တစ်ချက် မှားသွား၍ သူ၏ မျက်နှာတွင် အံ့အားသင့်သည့် အကြည့်တစ်ခု ပေါ်လာခဲ့သည်။

+

လင်းဖုန်းသည် ဤမြင်ကွင်းနှင့် ဝိညာဥ်ပင်လယ် အတွင်းမှ ထကြွ လှုပ်ရှားမှုများကို မြင်ခဲ့ရသော အခါ သူ၏ မျက်မှောင်များကို ကြုတ်လိုက်၍ တစ်စုံတစ်ခုကို စဥ်းစားမိသကဲ့သို့ ဖြစ်သွားသည်။

## စာစဥ် ၇၄ : အပိုင်း ၁၁

## အပိုင်း ၁၄၄၁ : ထွက်သွား၊ ထွက်သွား

အားလုံးတို့၏ အရှေ့တွင် သူတို့သည် မူလကောင်းကင် ပင်လယ် ခုနစ်သွယ်၏ အစွမ်းအထက်ဆုံး ပင်လယ် နှစ်ခုဖြစ်သော သေမင်းပင်လယ်နှင့် ဝိညာဥ်ပင်လယ်တို့သည် စတင်၍ ပေါင်းစည်းလာကြသည်ကို တွေ့လိုက်ရသည်။

+

လုံးဝကို ဆန့်ကျင်ဘက် ဖြစ်နေကြသော ဤစွမ်းအား နှစ်မျိုးတို့ကို အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံး တစ်ခုက ဆက်သွယ်ပေးနေခဲ့သည်ကို သူတို့က တွေ့နိုင်ခဲ့သည်။

သူတို့သည် သေမင်းပင်လယ် အတွင်း၌ ငြိမ်သက်ကာ နက်ရှိုင်းလှသော အက်ကွဲကြောင်း တစ်ခုကို တွေ့နေရသည်။ သူပိုင်ဆိုင်ထားသော ဖျက်ဆီးနိုင်မှု စွမ်းအားများသည် မည်မျှ ကြီးမားလှကြောင်းကို ခန့်မှန်းရန် မဖြစ်နိုင်ပေ။

ငရဲကမ္ဘာ ပင်လယ် အတွင်းမှ ကပ်ဆိုး များစွာတို့သည် ရက်စက် ကြမ်းကြုတ်ကာ ထူးခြားလှသည်။ သို့သော်လည်း သူတို့၏ ဖျက်ဆီးနိုင်စွမ်းများသည် မည်မျှပင် ပြင်းထန်သောလည်း ယာယီမျှသာ ဖြစ်သည်။

+

သို့သော်လည်း သေမင်းပင်လယ် အတွင်းမှ အနက်ရောင် ရေများသည် သူနှင့် ထိတွေ့ခဲ့သည့် အရာအားလုံးတို့ကို ဖျောက်ဖျက်နိုင်စွမ်း ရှိသည်။

အချိန်ကာလနှင့် လေဟာနယ် စွမ်းအားများသည် အရာအားလုံးကို အဆုံးသတ်နိုင်သော ဤစွမ်းအားရှေ့တွင် ကူရာမဲ့နေသည့်ပုံ ပေါက်နေခဲ့ကာ အရာအားလုံး ကဲ့သို့ပင် သူတို့သည် ချက်ချင်း ဆိုသလိုပင် အဖျက်ဆီးခံခဲ့ရသည်။

ထိုက်ရှီသူတော်စင်၊ ကျန်းရှီသူတော်စင်၊ ရွှမ်းရှီသူတော်စင်၊ လင်းတောက်ဟန်နှင့် ကျန်သောသူများသည် အတူတကွ စုစည်းလိုက်ကြကာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ

+

နန်းတော်များကို တည်ဆောက်ခဲ့ကြပြီး အခြေအနေကို
အနီးကပ် စောင့်ကြည့်နေခဲ့သည်။

သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့သည်
ပေါင်းစည်းလာသည်ကို တွေ့ခဲ့ရသော အခါ သူတို့သည်
မဟာကမ္ဘာ အတွင်းမှ အစီအစဥ်သည် စီစဥ်ထားသည့်
အတိုင်း ဖြစ်လာသည်ကို သိခဲ့ကြသည်။

လင်းတောက်ဟန်၏ အမူအရာသည်
မပြောင်းလဲခဲ့သော်လည်း သူ၏ အကြည့်သည်
တုန်ခါသွားသည်။

သူသည် ကျိုးယွင်ချုံးနှင့် ချန်းရှင်းယုတို့ အကြားမှ
တိုက်ပွဲရလဒ်အား မသိနေသော်လည်း
နတ်ဘုရားနယ်မြေ အတွင်းမှ ဟင်းလင်းပြင်

+

ဘုရားကျောင်း ကျင့်ကြံသူများ၏ ပေါင်းစည်းစွမ်းအား ဖြစ်စေ၊ ချန်းရှင်းယု၏ စွမ်းအားဖြစ်စေ၊ သူတို့သည် မဟာကမ္ဘာ အတွင်းမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအား သို့မဟုတ် ကျိုးယွင်ချုံး၏ ကိုယ်ပိုင်စွမ်းအားကို မယှဉ်နိုင်ကြပေ။

အစီအစဉ်က အကောင်အထည် ပေါ်လာသော အခါ လင်းတောက်ဟန်သည် သူ၏ ရင်အတွင်းမှ နေ၍ ချန်းရှင်းယု၏ ကံကြမ္မာသည် မကောင်းနိုင်ဟု သိနေခဲ့သည်။

လင်းတောက်ဟန်သည် ချန်းရှင်းယုအား နားလည်မှု အရှိဆုံးသူ ဖြစ်သည်။ သို့တိုင်အောင် သူ၏ သာမန် အချိန်တွင် ခံစားချက် ကင်းမဲ့နေသော နှလုံးသား အတွင်းတွင် ခံစားချက် လှိုင်းလုံးများ ပြင်းထန်လာခဲ့သည်။

+

လင်းတောက်ဟန်သည် သူ၏ခေါင်းကို ခါ၍ သူ့အရှေ့မှ မြင်ကွင်းအပေါ်တွင် အာရုံ ပြန်စိုက်လိုက်သည်။ မဟာကမ္ဘာ အတွင်းမှ အစီအစဥ်သည် စီမံထားသည့် အတိုင်း ဖြစ်လာသော်လည်း သူတို့၏ ရည်ရွယ်ချက် ပြည့်မြောက်ရန်မှာမူ အတော်လေး လိုသေးသည်။

ထိုက်ရှီသူတော်စင်သည် သူ၏ မျက်စိအား မှိတ်ကာ အန္တိမ ကောင်းကင်ကြေးမုံအား အသာ ပုတ်လိုက်သည်။ ကြေးမုံ အလင်းတန်းများသည် စတင်၍ လင်းလက်လာကာ သေမင်းပင်လယ်နှင့် ဝိညာဥ်ပင်လယ်တို့ ပေါင်းစည်းမှုအား ကူညီပေးခဲ့သည်။

သူတို့ အရှေ့မှ အခြေအနေသည် သူတို့အတွက် အလားအလာ မကောင်းပေ။ ဟင်းလင်းပြင်

+

ဘုရားကျောင်း၏ အမြင်အရ အကယ်၍ သူတို့သည် မူလ အကြံအစည်အား အကောင်အထည် မဖော်နိုင်လျှင်ပင် သေမင်းပင်လယ်အား ဝိညာဉ်ပင်လယ် အတွင်းသို့ ခေါ်ဆောင်လာကာ လင်းဖုန်း၏ ကျင့်ကြံမှုအား နှောင့်ယှက်ရမည် ဖြစ်သည်။ အဆိုးဆုံး အနေဖြင့် အားလုံးတို့သည် ဝိညာဉ်ပင်လယ် အတွင်းမှ ဖယ်ရှားခြင်းကို ခံခဲ့ရမည်သာ ဖြစ်သည်။

ထိုသို့ဆိုလျှင် အခြေအနေသည် သူတို့ လက်ရှိ ရင်ဆိုင်နေရသည့် အခြေအနေထက် ပိုမဆိုးနိုင်တော့ပေ။ ယခုအချိန်တွင် ဝိညာဉ်ပင်လယ်သည် အနည်းနှင့် အများ လင်းဖုန်း၏ လက်အတွင်းသို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း ပေးဒီးစ်၊ မူလနဂါး ဘုရင်နှင့် ကျန်သောသူများသည် ငြိမ်သက်သွားကြသည်။ သူတို့သည် ဟင်းလင်းပြင်

+

ဘုရားကျောင်း၏ လုပ်ဆောင်ချက်များကို တိတ်တဆိတ် ထောက်ခံနေကြခြင်း ဖြစ်သည်။

လင်းဖုန်း တစ်ယောက်ကသာ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်း၊ ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့ အကြားမှ ဆုံမှတ်ကို အသေအချာ ကြည့်ရှုနေခြင်း ဖြစ်သည်။

လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။ သူသည် အန္တိမ ကောင်းကင်ကြေးမုံထံမှ အလင်းတန်းနှင့် ထူးခြားသော အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးတို့သည် လမ်းကြောင်းတစ်ခုကို ဖန်တီးပြီး သေမင်းပင်လယ်၏ နက်ရှိုင်းသော နေရာအတွင်းသို့ ဆန့်တန်းသွားသည်ကို တွေ့ခဲ့ရသည်။

+

ထိုအလင်းတန်း လမ်းကြောင်းသည် ထူးခြား
ဆန်းကြယ်လွန်းလှသဖြင့် အရာအားလုံးကို
ဖျက်ဆီးနိုင်သော သေမင်းပင်လယ်အား
ထိုးဖောက်သွားနိုင်ခဲ့သည်။ သူသည်
ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့သော်လည်း
လွင့်ပြယ်မသွားခဲ့ပဲ အဝေးသို့ ဆက်လက်၍
ဆန့်တန်းသွားနိုင်ခဲ့သည်။

အလင်းတန်း လမ်းကြောင်း ပေါ်လာအပြီးတွင်
ဝိညာဉ်ပင်လယ်သည် ဆက်လက်၍ ပြင်းထန်စွာဖြင့်
တုန်ခါနေကာ သေမင်းပင်လယ်နှင့် ပဋိပက္ခ
ဖြစ်နေသကဲ့သို့ ဖြစ်နေသည်။

ဤကစဉ့်ကလျားမှုများ အတွင်းတွင် ထူးခြားသော
မျှခြေတစ်ခု ရှိနေခဲ့သည်။

+

ဝိညာဥ်ပင်လယ် အတွင်းမှ အလင်းတန်း များစွာတို့သည် အဆက်မပြတ် ကြေမွသွားကြကာ ပြန်လည် ပေါ်ပေါက်လာကြသည်။ အလင်းနှင့် အမှောင်တို့သည် အချင်းချင်း ယှက်သန်းနေကြ၍ အဆက်မပြတ် ပြောင်းလဲနေကြသည်။

အလင်းတန်း များစွာတို့သည် ပျက်စီးမှု အနားသို့ ချဥ်းကပ်လာသော အခါ တစ်ယောက်သည် ကမ္ဘာများစွာတို့၏ ပျက်စီးခြင်းနှင့် ပြန်လည် မွေးဖွားမှုတို့ကို မြင်နိုင်ခဲ့သည်။

သို့သော်လည်း ဤဖြစ်စဥ် အတွင်းတွင် ဝိညာဥ်ပင်လယ်သည် ဆက်လက်၍ အဆက်မပြတ် တုန်ခါနေကာ ရွှေရောင်ရေအိုင် အပေါ်တွင် ရေများက

+

ကျဆင်းသွား၍ ကျန်နေသော ရေများက ထကြွ
လှုပ်ရှားနေကြသည်။

ရေအိုင် အပေါ်တွင် ရွှေရောင် အလင်းတန်းများ
တစ်တန်းပြီး တစ်တန်းတို့က အရပ်မျက်နှာ
လေးဘက်စလုံးသို့ စတင်၍ ပျံ့နှံ့လာသည်။
ဤအရာသည် ရေအိုင်အလယ်တွင် တည်ရှိနေသော
ထိုနေရာအား ဖြည်းဖြည်းချင်း ပြိုကွဲလာစေခဲ့သည်။

ဤအချိန်တွင် ဝိညာဥ်ပင်လယ်သည် စတင်၍
ပြိုကွဲလာသည်ဟု ထင်နေရသည်။

ဤဖြစ်စဥ်သည် နေ့းကွေးနေကာ နူးညံ့ သိမ်မွေ့သော
မျှခြေတစ်ခု အပေါ်တွင် ရှိနေသည်ဟု ထင်နေရသည်။

+

ရေအိုင်၏ အလယ်တွင် မူလရွှေခွက် အပေါ်၌
ထိုင်နေကြသော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
ကျင့်ကြံသူများကလည်း လှုပ်လှုပ်ရှားရှား
ဖြစ်လာကြသည်။ မူလရွှေခွက် အနားမှ
ဝဲကတော့ကလည်း ငြိမ်သက်လာကာ ရေအိုင်၏
မျက်နှာပြင် အပေါ်သို့ ပြန်တက်လာသည်။

ရွှေရောင် ရေအိုင်မှ ရေများသည် အဆက်မပြတ် ထကြွ
လှုပ်ရှားနေ၍ မူလရွှေခွက် အပေါ်မှ လူတိုင်းသည်
ဟန်ချက်ညီအောင် ကြိုးစား ရုန်းကန်နေရသည်။

လင်းဖုန်း၏ ကိုယ်ပွားများ အားလုံးတို့ကလည်း
ထရပ်လိုက်ကြကာ သူ၏ ဝိညာဉ်ပင်လယ်အား
ကျင့်ကြံမှုသည် အခြေအနေ အသစ်များကြောင့် ယာယီ
ရပ်တန့်ခဲ့ရသည်။

+

အခြားတစ်ဘက်တွင် ပြိုလဲခြင်း စာအုပ်သည် အန္တိမ ကောင်းကင်ကြေးမုံနှင့် တိုက်ခိုက်နေရင်း အသာစီး ရလာခဲ့ကာ သူ၏ ဖျက်ဆီးနိုင်မှု အရှိန်အဝါများသည် ကြေးမုံအား စွန်းထင်းစေနိုင်ခဲ့ပြီး ချက်ချင်း ဆိုသလိုပင် ဟင်းလင်းပြင် တစ်လျှောက် ပျံ့နှံ့သွားသည်။

ပြိုလဲခြင်း စာအုပ်ထံမှ ဖိအားများနှင့် ရင်ဆိုင်နေရင်း အန္တိမ ကောင်းကင်ကြေးမုံသည် ခံစစ်ကိုသာ ခုခံနိုင်ခဲ့သည်။ လင်းတောက်ဟန်သည် မှော်ကျိန်စာများကို အဆက်မပြတ် ထုတ်ဖော်လိုက်ရာ သူ၏ လက်ခုံပေါ်မှ မဟာဟင်းလင်းပြင် တံဆိပ်သည် တောက်ပလာ၍ အဆက်မပြတ် လှုပ်ရှားလာပြီး အန္တိမ ကောင်းကင်ကြေးမုံ အတွင်းသို့ မှော်စွမ်းအင် တစ်လှိုင်းပြီးမှ တစ်လှိုင်း ဝင်ရောက်သွားသည်။

+

ကောင်းကင် အတွင်းမှ မရေမတွက်နိုင်သော အန္တိမ ကောင်းကင်ကြေးမုံများသည် တစ်ခုတည်း အဖြစ်သို့ ပြန်ပေါင်းသွားခဲ့သည်။ သေမင်းပင်လယ် အတွင်းသို့ အလင်းတန်းများကို ပို့လွှတ်နေရင်း ထိုကြေးမုံသည် အလင်းတန်း တစ်လွှာဖြင့် လွှမ်းခြုံထား၍ အခြားသူများ၏ မြင်ကွင်းအား ပိတ်ဆို့ထားခဲ့သည်။

ပြိုလဲခြင်း စာအုပ်သည် ဖျက်ဆီးနိုင်မှု စွမ်းအား အမြောက်အမြားကို ထုတ်လွှတ်နေကာ အန္တိမ ကောင်းကင်ကြေးမုံအား ဝန်းရံထားပြီး ကြေးမုံထံမှ အလင်းတန်းများအား အဆက်မပြတ် တိုက်စားနေခဲ့သည်။

သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်းသည် ထိုအရာကို အာရုံ မစိုက်နေခဲ့ပဲ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်က ထပ်ဖန်တစ်ခါ

+

ပေါ်လာ၍ အားလုံးတို့၏ မှော်စွမ်းအင်တို့သည်
ထိုနေရာသို့ စုစည်းထားကြသည်။
ထိုက်ရှီသူတော်စင်သည် အာရုံ မပျံ့လွင့်နေပဲ သူ၏
မျက်လုံးများကို မှိတ်ထားကာ သေမင်းပင်လယ်
အတွင်းသို့ ဝင်သွားသော အက်ကွဲကြောင်း အပေါ်၌သာ
အာရုံစိုက်နေခဲ့သည်။

အားလုံးတို့အား အံ့သြ တုန်လှုပ်စေသည့် အချက်မှာ
လင်းဖုန်းက သူတို့အား တားဆီးရန် ကြိုးပင်
မကြိုးစားခဲ့ခြင်း ဖြစ်သည်။

ပြိုလဲခြင်း စာအုပ်သည် အသာစီး ရနေခဲ့သော်လည်း
လင်းဖုန်းက သူတို့အား မတိုက်ခိုက်ခဲ့ပေ။

+

သူသည် သေမင်းပင်လယ်မှ အက်ကွဲကြောင်းအား အချိန်အတန်ငယ် စိုက်ကြည့်နေ၍ ရုတ်တရက် ပြုံးလိုက်ကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ မူလနဂါး ဘုရင်နှင့် သေမင်းကေရာဇ်တို့ထံသို့ လှည့်၍ ပြောလိုက်သည်။

"ကြည့်မနေကြနဲ့တော့... ထွက်သွား... ထွက်သွား"

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ကျန်သောသူများသည် ထိုစကားကို ကြားခဲ့ရသော အခါ သူတို့၏ ရင်အတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြသည်။

သူတို့၏ တုံ့ပြန်မှုအား စောင့်မနေပဲ လင်းဖုန်း၏ ခန္ဓာကိုယ်သည် လက်ကနဲ ဖြစ်သွား၍ သေမင်းကေရာဇ်၏ အရှေ့တွင် ပေါ်လာခဲ့ကာ

+

သူ၏လက်ကို ဆန့်တန်း၍ သေမင်းကောရာဇ်အား ပုတ်လိုက်သည်။ သူ၏ လက်ချောင်းထိပ် ပေါ်တွင် အဖြူနှင့် အနက်ရောင် အလင်းတန်းများ ယှက်သန်းနေကြ၍ ထာဝရ စွမ်းအားတစ်ခုဖြင့် ပြည့်ဝနေသော ဖျက်စီးခြင်းနှင့် အသက် စက်ဝန်းတစ်ခုကို ဖန်ဆင်းလိုက်သည်။

ထူးခြားဆန်းကြယ်၍ အစွမ်းထက်သော ထာဝရ ကပ်ဘေး အလင်းတန်းသည် သေမင်းကောရာဇ် အရှေ့မှ မှော်စွမ်းအင် အရံအတားများ အားလုံးအား ဖောက်ခွဲခဲ့၍ သူ၏ အတားအဆီးများကို ကျော်လွှားနိုင်ခဲ့သည်။

သေမင်းကောရာဇ်၏ မျက်လုံးများ အတွင်းတွင် သေခြင်းနှင့် ရှင်ခြင်းတို့က လည်ပတ်နေ၍ အဖြူနှင့် အနက်ရောင် အလင်းတန်းတို့က လင်းလက်နေရင်း အချင်းချင်း အစားထိုးနေကြသည်။ သူသည်

+

လင်းဖုန်းအား ငြိမ်သက်စွာ ကြည့်နေပြီး နောက်ဆုတ်ရန် ကြံစည်နေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် သေမင်းပင်လယ်အား ဝိညာဥ်ပင်လယ် အတွင်းသို့ ခေါ်သွင်းလာ၍ သူတို့အားလုံးတို့သည် အကျိုးအမြတ် မရှိနိုင်ပဲ အန္တရာယ်သာ ရှိနိုင်တော့သည်။ သူတို့သည် လင်းဖုန်း၏ ဝိညာဥ်ပင်လယ် ကျင့်ကြံမှုအား နှောင့်ယှက်နိုင်ခဲ့သော်လည်း ကျန်သောသူများ အားလုံးတို့၏ ကျင့်ကြံနိုင်ရန် မျှော်လင့်ချက်အား ရိုက်ချိုးပစ်ခဲ့သည်။

သို့သော်လည်း အောက်စည်းသို့ ရောက်နေသော ကျန်သောသူများ အားလုံးအတွက် ဤအရာသည် ကောင်းမွန်သော အရာတစ်ခု ဖြစ်သည်။

+

ဤကဲ့သို့သော အခြေအနေမျိုးတွင် သေမင်းဇကရာဇ် အနေဖြင့် ဆက်နေရန် အကြောင်း တစ်စုံတစ်ရာမှ မရှိတော့ပဲ ထွက်သွားရန် ကြိုးစားလိုက်သည်။

သူသည် တစ်စုံတစ်ရာမှ မရရှိခဲ့သော်လည်း လက်ရှိ အခြေအနေတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဝိညာဥ်ပင်လယ်အား ရရှိနိုင်တော့မည် မဟုတ်ချေ။ ဤအရာသည် သူ၏ အကျိုးအမြတ် ဖြစ်သည်။

ထို့ကြောင့် သေမင်းဇကရာဇ်သည် အခြားဘာမှ မလုပ်ခဲ့ပဲ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်း ထံမှသာ သူ့ကိုယ်သူ ကာကွယ်လိုက်သည်။

+

လင်းဖုန်းသည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်၍ သူ၏ မျက်နှာအပေါ်တွင် ထူးခြားသော အမူအရာ တစ်ခု ပေါ်လာခဲ့သည်။ "ခင်ဗျားက ကျုပ်ဆီကနေ ရိုက်ချက်တစ်ခု ခံယူပြီး ကျုပ်နဲ့ ဝေးကွာတဲ့ တစ်နေရာမှာ ပြန်လည်ပြီးမှ မွေးဖွားဖို့ ပြင်နေတာလား… ပြီးတာနှင့် ခင်ဗျားက ဒီအခွင့်အရေးကို ယူပြီးမှ ထွက်ပြေးမယ်ပေါ့"

"ဒါက ကောင်းမွန်တဲ့ အကြံတစ်ခုပဲ… ဒါပေမဲ့ ခင်ဗျားရဲ့ ပြန်လည်မွေးဖွားခြင်း မှော်ကျိန်စာက ဘက်ပေါင်းစုံ အစွမ်းမထက်ဘူး ဆိုတာကို သိထားသင့်တယ်… ခင်ဗျားက သေမင်းဧကရာဇ် ဖြစ်ပြီး ဒီမှော်ကျိန်စာကို အသုံးပြုရာမှာ အကောင်းဆုံးသူ ဖြစ်နိုင်တယ်… ဒါပေမဲ့ ကျုပ်အရှေ့မှာ ခင်ဗျားက သေဆုံးတာကလွဲလို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

+

ပြီးတာနှင့် သူ၏ လက်ချောင်းထံမှ အစွမ်းထက်သော ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း ထွက်ပေါ်လာသည်။ သူသည် အသွင်ပုံစံ ပေါင်းလဲသွား၍ သိပ်သည်းသွားပြီး လင်းဖုန်း၏ တာအိုသစ်သီး အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သူ၏ ထူးခြားဆန်းကြယ်သော စွမ်းရည်များကို ဖော်ပြ၍ မရနိုင်သော်လည်း သူသည် အရာအားလုံးကို သူ့အနား၌ စုစည်းလာစေခဲ့သည်။

ဤအရာသည် သာမန် လေဟာနယ် ဖိနှိပ်ခြင်း မဟုတ်သလို ဖြစ်တည်မှု အချို့ကြောင့်လည်း မဟုတ်ချေ။

+

ပုံစံများ၊ အရာဝတ္ထုများ၊ စွမ်းအင်များ၊ အချိန်ကာလ၊ လေဟာနယ်နှင့် တာအိုကိုယ်တိုင် အပါအဝင် သူ့အနားမှ အရာအားလုံးတို့သည် သူ၏ လွှမ်းမိုးမှုအောက်သို့ ကျရောက်သွားသည်။

သေမင်းဧကရာဇ်သည် သူ့အရှေ့မှ အခြေအနေအား တွေ့ခဲ့ရသော အခါ သူ၏ အမူအရာက ပြောင်းလဲသွား၍ လင်းဖုန်းက နောက်နေမှန်း မဟုတ်ကြောင်းကို သိလိုက်သည်။ အကယ်၍ သူသည် ထိုအရာ၏ ထိတွေ့ခြင်းကို ခံခဲ့ရပါက အမှန်တကယ်ပင် သွားမည် ဖြစ်သည်။

သူသည် သေခြင်းနှင့် ရှင်ခြင်းတို့၏ သဘောတရားများကို နားလည်ကာ သူ့ကိုယ်သူ ပြန်လည် မွေးဖွားနိုင်သော်လည်း ဤသေခြင်းသည် ထာဝရ ဖြစ်ပေလိမ့်မည်။

+

သေမင်းကေရာဇ်သည် သက်ပြင်းတစ်ချက် ချလိုက်ရာ အနက်ရောင် အလင်းတန်းများက သူ့တစ်ကိုယ်လုံးအား လွှမ်းခြုံသွားခဲ့သည်။

သူ့အနားမှ အနက်ရောင် အလင်းတန်းသည် မျက်စိ ကျိန်းလုမတတ် တောက်ပလာ၍ ထူးခြား ဆန်းကြယ်သော တာအို သဘောတရား တစ်ခုဖြင့် ပြည့်နေခဲ့ပြီး သေမင်းကေရာဇ်အား လျင်မြန်စွာဖြင့် လွှမ်းခြုံသွားကာ သူ့အား နှောက်ဆုတ်စေခဲ့သည်။ သူသည် လင်းဖုန်း၏ လက်ချောင်းများကို ထိရဲခြင်း မရှိခဲ့ပေ။

+

အနက်ရောင် အလင်းတန်းသည် ငြိမ်သက်စွာနှင့် စတင်၍ ပြိုကွဲလာကာ ပြီးပြည့်စုံသော ကြွေထည် တစ်ခုက ကွဲကြေသွားသည်နှင့် တူနေခဲ့သည်။

လေဟာနယ်သည် အဆက်မပြတ် တွန့်လိမ်နေ၍ ရှေးဟောင်းစာလိပ် တစ်ခု ပေါ်လာခဲ့ကာ အဖြေခံလိုက်ရသည်။

ကမ္ဘာတစ်ခုလုံးသည် ပျက်စီးခြင်းထံသို့ ရောက်ရှိလာသည်ဟု ထင်နေရသည်။ အားလုံးတို့၏ နှလုံးခုန်သံများ မြန်လာခဲ့ကာ ဖြစ်ပျက်ခဲ့သည့် အရာများကို အံ့ဩ တုန်လှုပ်နေကြသည်။

+

သူတို့အနားတွင် ဟိန်းဟောက်သံ တိုးတိုးလေး တစ်ခု ပေါ်လာကာ အလင်းတန်း အရိပ် တစ်ခုသည် အဝေးသို့ ပျံသန်းသွားသည်။

လင်းဖုန်းသည် ထိုအကွက်ဖြင့် တိုက်ခိုက်ပြီးသော အခါ ဘာမှ ဆက်မလုပ်တော့ပဲ ပြုံးကာ ပြောလိုက်သည်။
"ဝမ်လင်း... မင်းအပေါ်မှာပဲ မူတည်သွားပြီ"

မူလရွှေခွက်၏ အပေါ်တွင် ဝမ်လင်း၏ အကြည့်သည် လေးနက်သွား၍ သူ၏ခေါင်းအား ညိတ်လိုက်ကာ ထီး၏ အကာအကွယ်အောက်မှ နေ၍ သေမင်းကေရာဇ် ရှိရာဘက်သို့ ပျံသန်းသွားခဲ့သည်။

ကျန်သောသူများသည် ဝမ်လင်းအား ဂရုမစိုက်နိုင်ခဲ့ပေ။ လင်းဖုန်းသည် သေမင်းကေရာဇ်အား ဒဏ်ရာရအောင်

+

ပြုလုပ်ခဲ့အပြီးတွင် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ အရှေ့တွင် ပေါ်လာခဲ့သည်။ လက်သီးတစ်ချက်ဖြင့် သူ့အား လွင့်ပျံစေ အပြီးတွင် သူသည် မူလနဂါး ဘုရင်၏ အရှေ့တွင် ပေါ်လာခဲ့ပြန်သည်။

မူလနဂါး ဘုရင်၏ ရင်အတွင်းတွင် ကြောက်ရွံ့မှုများ ပေါ်လာခဲ့ချိန်တွင် လင်းဖုန်းက သူ့အား ပြုံး၍ မေးလိုက်သည်။ "ထွက်သွားဆိုတာ ဘာအဓိပ္ပာယ်လဲ ဆိုတာကို ခင်ဗျား သိသလား"

"ဒါက ဘာကို ဆိုလိုနေသလဲ ဆိုတော့ ဒီနေရာမှာ ဖြစ်ပျက်ခဲ့သမျှဟာ ခင်ဗျားအလုပ် မဟုတ်ဘူး"

လင်းဖုန်းသည် ဓားကဲ့သို့ ထောင်မတ်နေသော လက်ချောင်းနှစ်ချောင်းကို ဆန့်တန်းလိုက်၍

+

ခေါးအလင်းတန်း လင်းလက်လာသော အခါ သူသည် မူလနဂါး ဘုရင်အား ခုတ်ချလိုက်သည်။

မူလနဂါး ဘုရင်သည် ဟိန်းဟောက်နေခဲ့ရင်း သူ့အနားမှ အကာအကွယ် နဂါးကျက်သရေ တိမ်တိုက်က လွင့်ပြယ်သွားကာ လင်းဖုန်း၏ တိုက်ခိုက်မှုက သူ၏ ခန္ဓာကိုယ် အပေါ်သို့ ရောက်လာခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့သည် ပြင်းထန်စွာဖြင့် တုန်ခါသွားကာ ကြောက်မက်ဖွယ်ရာ ခေါးအလင်းတန်းသည် မူလနဂါး ဘုရင်၏ ခန္ဓာကိုယ်အား ထိုးဖောက်သွားသည်ကို အားလုံးတို့က ကောင်းစွာ တွေ့လိုက်ရသည်။

## စာစဥ် ၇၄ : အပိုင်း ၁၂

+

## အပိုင်း ၁၄၄၂ : ကြယ်စင်ပင်လယ်၏ ဝင်ပေါက်ခြောက်ခု

ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းသည် သူနှင့်အတူ မော်ကျိန်စာ တစ်သောင်းတို့၏ စွမ်းအားများကို သယ်ဆောင်ထား၍ မူလနဂါး ဘုရင် အနားမှ အကာအကွယ် အလင်းတန်းအား ချိုးဖောက်သွားခဲ့သည်။

ပြီးတာနှင့် ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းသည် သူ၏ ခန္ဓာကိုယ်အား ထိုးဖောက်သွားခဲ့လေသည်။

ဓားအလင်းတန်း ပျံ့နှံ့လာသော အခါ သူသည် ကောင်းကင်အား ဖြတ်တောက်နိုင်သော

+

ခေါ်းအလင်းတန်းနှင့် တူနေ၍ ကောင်းကင်နှင့် မြေကြီး၊ ပြီးနောက် ဧရာမ နဂါးကြီးအား ထိုးဖောက်သွားခဲ့သည်။

ချက်ချင်း ဆိုသလိုပင် နဂါး အကြေးခွံနှင့် သွေးများသည် နေရာအနှံ့ ပြန့်ကျဲသွားကြသည်။ မူလနဂါး ဘုရင်သည် အမျက်တကြီးဖြင့် အဆက်မပြတ် ဟိန်းဟောက်နေကာ သူ၏ အမျက်ဒေါသအား ထိန်းချုပ်၍ မရနိုင်ခဲ့သလို သူ၏ အားနည်းနေမှုအား ဖော်ပြနေခဲ့သလို ဖြစ်နေခဲ့သည်။

အစောပိုင်းတွင် သူသည် လင်းဖုန်းကြောင့် ဒဏ်ရာ အပြင်းအထန် ရထားခဲ့ပြီး အခုအချိန်တွင် ဤခေါ်းချက်၏ သားကောင် ဖြစ်သွားသဖြင့် သူ့ကိုယ်သူ ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့ပဲ သူ၏ သွေးများနှင့် အတူ သူ၏ စွမ်းအားများ အားလုံးတို့သည် သူ၏ ခန္ဓာကိုယ် အတွင်းမှ ထွက်သွားသည်ဟု ခံစားနေခဲ့ရလေသည်။

+

ကောင်းကင်နှင့် မြေကြီးတို့သည် အဆက်မပြတ် တုန်ခါနေခဲ့ပြီး ဝိညာဉ်ပင်လယ် အပေါ်၌သာ သက်ရောက်မှု ရှိခဲ့ခြင်း မဟုတ်ပဲ ဝိညာဉ်ပင်လယ်နှင့် နီးကပ်စွာ ဆက်စပ်နေသော မဟာကမ္ဘာကလည်း ပြင်းထန်စွာဖြင့် လှုပ်ခါနေခဲ့သည်။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာတစ်ကောင်၏ အစစ်အမှန် ပုံစံသည် မဟာကမ္ဘာနှင့် နီးကပ်စွာ ဆက်စပ်နေသဖြင့် မည်သည့် ဒဏ်ရာပုံစံ မဆို မဟာကမ္ဘာ အတွင်းတွင် တူညီသော တုံ့ပြန်မှုများကို ဖြစ်ပေါ်စေမည် ဖြစ်သည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ကျော်လွှားပြီးသော မူလနဂါး ဘုရင်သည် မဟာကမ္ဘာနှင့် နက်ရှိုင်းစွာ ဆက်စပ်နေခြင်း ဖြစ်သည်။ သူသည်

+

ဝိညာဉ်ပင်လယ် အတွင်းတွင် ဒဏ်ရာရသွားခြင်း
ဖြစ်သော်လည်း မဟာကမ္ဘာကလည်း
သက်ရောက်မှုများကို ခံစားခဲ့ရသည်။

ကြောက်မက်ဖွယ်ရာ ခေါးအလင်းတန်းသည်
အဆက်မပြတ် လင်းလက်နေပြီး မူလနဂါး ဘုရင်၏
ဒဏ်ရာများမှ တဆင့် ပျံ့နှံ့လာကာ သူ၏ ခန္ဓာကိုယ်အား
ဆက်လက်၍ ဖြတ်တောက်နေခဲ့သည်။

မူလနဂါး ဘုရင်၏ တစ်ကိုယ်လုံးတွင် ရွှေရောင်
အလင်းတန်းများ လင်းလက်နေကာ လင်းဖုန်း၏
ခေါးအလင်းတန်းအား ခုခံရန် ကြိုးစား
ရုန်းကန်နေခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

+

သူသည် ဖော်မပြနိုင်လောက်အောင် အမျက်ထွက်နေခဲ့၍ လင်းဖုန်း၏ ခေါင်းအလင်းတန်းများကို လျစ်လျူရှုလိုက်ကာ သူ၏ ပါးစပ်ကို ဟလိုက်ပြီး လင်းဖုန်းထံသို့ ရွှေရောင် အလင်းတန်းများကို ပစ်လွှတ်လိုက်သည်။

ရွှေရောင် အလင်းတန်းများသည် လေထုအလယ်သို့ ထိုးတက်သွားခဲ့သော အခါ တစ်ယောက်သည် အချိန်ကာလက မြစ်ရေများ အဖြစ်သို့ ပြောင်းသွားသကဲ့သို့ ခံစားခဲ့ရသည်။ ပင်လယ် အတွင်းသို့ စီးဝင်သွားခဲ့သော မြစ်များကဲ့သို့ ရွှေရောင်ရေလှိုင်း တစ်ခုသည် သူတို့အနားတွင် ပေါ်လာခဲ့ကာ လင်းဖုန်းအပေါ်သို့ ကျဆင်းလာလေသည်။

အနားတွင် ရှိသော လူအားလုံးတို့သည် ထိုရွှေရောင် ရေလှိုင်း၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများကို ခံစားခဲ့ရသည်။

+

ထိုရွှေရောင် လှိုင်းလုံး ထိတွေ့မိသည့် နေရာတိုင်းတွင် အရာအားလုံးတို့က ပျက်စီးသွား၍ သူ၏ လမ်းကြောင်းအား မည်သည့်အရာကမှ တားဆီးနိုင်စွမ်း မရှိခဲ့ပေ။

ထိုအချိန်တွင် လူအားလုံးတို့သည် ဤအရာက သေမင်းပင်လယ်၏ ကြောက်မက်ဖွယ်ရာ စွမ်းအားများနှင့် ဆင်တူနေသည်ဟု ခံစားခဲ့ကြရသည်။

ဖျက်ဆီးခြင်း ဖြစ်သည်။ အရာအားလုံးတို့အား ဖျက်ဆီးနိုင်သော စွမ်းအားဖြစ်သည်။

+

ဤစွမ်းအားနှင့် ရင်ဆိုင်ခဲ့ရသော အခါ လင်းဖုန်း၏
မျက်နှာသည် မပြောင်းလဲခဲ့ပဲ သူ့အရှေ့တွင်
တာအိုသစ်သီး တစ်လုံး ပေါ်လာခဲ့သည်။

ထိုတာအိုသစ်သီး ပေါ်လာသော အခါ ရွှေရောင်
လှိုင်းလုံးကြီးသည် သေးငယ်သော မြစ်ချောင်းများ
အဖြစ်သို့ ထပ်ဖန်တစ်ခါ ကွဲပြားသွားခဲ့သည်။ ပြီးတာနှင့်
သူတို့သည် ဖြည်းဖြည်းချင်း ပြိုကွဲလာကာ
နောက်ဆုံးတွင် လုံး၀ ပျောက်ကွယ်သွားခဲ့သည်။

ရွှေရောင် အလင်းတန်းများသည် ဟင်းလင်းပြင်
အတွင်းတွင် လင်းလက်နေ၍ တာအိုသစ်သီး၏
ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားကြကာ
ပျောက်ကွယ်သွားကြလေသည်။

+

တစ်ချိန်တည်းတွင် လင်းဖုန်းသည် သူ၏
လက်ချောင်းများကို အသာ ဖွေ့ယမ်းလိုက်ရာ အဖြူနှင့်
အနက်ရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းက ပေါ်လာခဲ့၍ ဝိညာဥ်ပင်လယ် အတွင်း၌
သူသည် နားကွဲလုမတတ် အသံတစ်သံကို
ဖော်ထုတ်ခဲ့သည်။

နတ်ဘုရား တစ်ပါးက နိုးထလာသကဲ့သို့ သူ၏
ကျယ်ပြန့်လှသော စွမ်းအားများသည် လင်းဖုန်း၏
ဓားအလင်းတန်း အတွင်းသို့ ပေါင်းစည်းသွားခဲ့သည်။
သူသည် ငြိမ်သက်စွာ ပြောင်းလဲလာ၍
ဓားအလင်းတန်း၏ အထက်မြက်ဆုံး ဓားသွားအဖြစ်သို့
ပြောင်းသွားခဲ့သည်။

+

ဓားအလင်းတန်း လင်းလက်လာသော အခါ မူလနဂါး ဘုရင်၏ ခန္ဓာကိုယ်သည် အလယ်မှနေ၍ နှစ်ပိုင်း ပိုင်းသွားခဲ့သည်။

နဂါးတို့၏ ခေါင်းဆောင်သည် လင်းဖုန်း၏ လက်ချက်ကြောင့် နှစ်ပိုင်း ပြတ်သွားခဲ့ခြင်း ဖြစ်သည်။

အားလုံးတို့သည် မဟာကမ္ဘာ၏ ပြိုလဲသွားသော ကြောက်မက်ဖွယ်ရာ အသံအား ကြားနိုင်ခဲ့သည်။ ကောင်းကင်နှင့် မြေကြီးတို့က အပိုင်းဖြတ် ခံခဲ့ရသကဲ့သို့ ဖြစ်သည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေး အဆင့်မှ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် မျောက်တို့ နှစ်ယောက်စလုံးသည် သူတို့နှင့် မဟာကမ္ဘာ အကြားမှ

+

ဆက်စပ်မှုကြောင့် သူတို့၏ ခန္ဓာကိုယ်များက
အနည်းငယ် တုန်ခါသွားခဲ့သည်ဟု ခံစားခဲ့ရသည်။

ထိုခားချက်ကြောင့် ခန္ဓာကိုယ် တစ်ပိုင်းသာ
ကျန်တော့သော မူလနဂါး ဘုရင်သည်
ညည်းတွားနေခဲ့သည်။

သို့သော်လည်း သူသည် သန်မာစွာ ရပ်တည်နေဆဲပင်
ရှိသေးသည်။ သူ၏ ဒဏ်ရာများသည် ပြင်းထန်လှကာ
သူ၏ မိစ္ဆာဝိညာဉ်သည် ပျို့အန်ချင်နေသော်လည်း
သူသည် အရှုံးမပေးခဲ့ပေ။

သူဟိန်းဟောက်လိုက်သော အခါ သူ့ခန္ဓာကိုယ်၏
အခြားအပိုင်းမှ အကြေးခွံများက ပွင့်လာပြီး သူ၏ ရောမ
နဂါးအမြီးကြီးက တဖျပ်ဖျပ် လှုပ်ရှားသွားခဲ့သည်။

+

သူ၏ အသွေးအသားများမှ အစွမ်းထက်လှသော စွမ်းအားတစ်ခု တုန်ခါလာပြီး အားနည်းနေသည့်ပုံ ပေါက်နေသော်လည်း အစစ်အမှန် နဂါးတစ်ကောင်က လေထုအလယ်တွင် ကခုန်နေသည်နှင့် တူနေပေသည်။

နဂါး၏ အခြားတစ်ပိုင်းသည် ပေါက်ကွဲတော့မည့်ကဲ့သို့ ဖြစ်နေပြီး ကစဥ့်ကလျားမှုများကြောင့် ကမ္ဘာအသစ်တစ်ခု ပေါ်လာ၍ ထိုကမ္ဘာကလည်း ပျက်စီးလုနီးပါး ဖြစ်နေခဲ့သည်။

မူလနဂါး ဘုရင် နှစ်ပေါင်းများစွာ စုဆောင်းထားသော အစွမ်းထက်သည့် မိစ္ဆာစွမ်းအားများသည် ထိုခဏ၌ ပေါက်ကွဲသွားတော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

+

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "အလဟဿ မဖြစ်စေနဲ့"

ပြီးတာနှင့် သူ၏ လက်အား ဆန့်တန်းလိုက်ကာ မူလနဂါး ဘုရင်၏ အောက်ပိုင်းကို ဆုပ်ကိုင်လိုက်သည်။

သူ၏ လက်ဝါး အလယ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု အဆက်မပြတ် လည်ပတ်နေ၍ ခေတ္တမျှ ငြိမ်သက်သွား အပြီးတွင် သူသည် စတင်၍ ပြောင်းပြန် လည်ပတ်လာခဲ့သည်။

ကျယ်ပြန့်လှသော ထိုစွမ်းအားသည် မူလနဂါး ဘုရင်၏ သူ၏ ခန္ဓာကိုယ် တစ်ပိုင်းအား ဖောက်ခွဲပစ်ခြင်းမှ ချက်ချင်း တားဆီးနိုင်ခဲ့သည်။

+

သူ၏ ခန္ဓာကိုယ်သည် နှစ်ပိုင်း ပိုင်းသွားသော်လည်း
မူလနဂါး ဘုရင်သည် သူ၏ ခန္ဓာကိုယ်
နောက်တစ်ခြမ်းနှင့် ဆက်သွယ်နိုင်စွမ်း ရှိသေးသည်။
သို့သော်လည်း ထိုအချိန်တွင် သူနှင့် သူ့ခန္ဓာကိုယ်
နောက်တစ်ပိုင်းတို့ အကြားမှ ဆက်သွယ်မှုသည်
လျှင်မြန်စွာ အားနည်းသွားသည်ဟု ခံစားခဲ့ရသည်။

သူ့ခန္ဓာကိုယ် နောက်တစ်ပိုင်းသည် လင်းဖုန်း၏
လက်အတွင်းသို့ ကျဆင်းသွား၍ သူ၏
အသက်စွမ်းအင်များကို ဆုံးရှုံးသွားခဲ့သည်။

သူ့အတွင်းမှ ပေါက်ကွဲနိုင်သည့် စွမ်းအားများသည်
လင်းဖုန်း၏ ဖိနှိပ်ခြင်းကို ခံခဲ့ရ၍
အသက်မသွင်းနိုင်တော့ပေ။

+

သူ့အတွင်းတွင် ပါဝင်နေသော အစွမ်းထက်သည့်
စွမ်းအားများကလည်း အတွင်းတွင် ပိတ်မိနေ၍
အပြည့်အဝ ချုပ်နှောင်ခြင်း ခံခဲ့ရကာ
ပေါက်ကွဲမထွက်လာနိုင်တော့ပေ။

လင်းဖုန်းသည် မူလနဂါး ဘုရင်အား ကြည့်၍
သူ၏ခေါင်းကို ခါလိုက်သည်။ "ခင်ဗျားက မဟူရာ
ပင်လယ် အတွင်းကနေ ထွက်မလာခဲ့သင့်ဘူး"

သူသည် ဘာမှ ဆက်မပြောတော့ပဲ သူ၏ လက်ချောင်း
နှစ်ချောင်းအား ဓားတစ်လက်ပုံစံကဲ့သို့ ဖန်တီးလိုက်ပြီး
ထိုဓားဖြင့် မူလနဂါး ဘုရင်၏ ဦးခေါင်းခွံအား
ထိုးဖောက်လိုက်သည်။

+

မူလနဂါး ဘုရင်၏ အမျက်ထွက်နေသော ဟိန်းဟောက်သံသည် ဖြည်းဖြည်းချင်း ငြိမ်သက်သွား၍ ကျန်နေခဲ့သည်မှာ အေးစက်သော တိတ်ဆိတ်နေမှုသာ ဖြစ်သည်။

သူသည် သူ၏ မိစ္ဆာဝိညာဉ်က ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ သူ၏ ဦးနှောက်အတွင်းမှ အတွေးများသည် လုံးဝ ဖရိုဖရဲ ဖြစ်သွားခဲ့သည်ဟု ခံစားနေရသည်။

အားလုံးတို့၏ အရှေ့တွင် ကြောက်မက်ဖွယ်ရာ မြင်ကွင်းတစ်ခု ပေါ်လာသည်။ အရွယ်အစား ကြီးမားသည့်ပုံ ပေါက်မနေသော လင်းဖုန်းသည် သူ၏ လက်ချောင်းများ အတွင်းမှ လေဟာနယ်အား ဆုပ်ကိုင်ထားကာ သူ၏ လက်တစ်ဘက်ဖြင့်  မူလနဂါး ဘုရင်၏ ရောမ ခန္ဓာကိုယ် တစ်ခြမ်းအား ဆုပ်ကိုင်ထား၍

+

ကျန်လက်တစ်ဘက်ဖြင့် သူ၏ ဦးခေါင်းခွံအား ထိုးဖောက်လိုက်လေသည်။

လင်းဖုန်းသည် သူ၏ လက်ဝါးများကို လှန်လိုက်ကာ မူလနဂါး ဘုရင်၏ ခန္ဓာကိုယ်အား ဆွဲယူလိုက်၍ အခြား လက်တစ်ဘက်ကိုလည်း ရုပ်သိမ်းလိုက်သည်။

ထိုလှုပ်ရှားမှု အပြီးတွင် သူသည် မူလနဂါး ဘုရင်အား ထပ်မကြည့်တော့ပဲ ထို့အစား ပုံရိပ်ယောင်နေမင်း ဟောဒီးစ်ထံသို့ ပျံသန်းသွားခဲ့သည်။

လင်းဖုန်းသည် သေမင်းကေရာဇ်နှင့် မူလနဂါး ဘုရင်တို့အား တိုက်ခိုက်နေသည့် အချိန်တွင် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်ကလည်း ထိုင်မကြည့်နေခဲ့ပေ။ သူသည် လင်းဖုန်းက

+

အခြားနှစ်ယောက်နှင့် တိုက်ခိုက်ရင်း အလုပ်ရှုပ်နေသည့် အချိန်တွင် လင်းဖုန်းအား တိုက်ခိုက်ရန် ကြိုးစားခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူ့အား လုံးဝ လျစ်လျူရှုထားခဲ့သည်။ အခြားတစ်ဘက်တွင် ပြိုလဲခြင်း စာအုပ်သည် အန္တိမ ကောင်းကင်ကြေးမုံအား ဖိနှိပ်ထားနိုင်ခဲ့သဖြင့် ယခုအချိန်တွင် သူသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား ကိုင်တွယ်ရန် အချိန် ရှိသွားပြီ ဖြစ်သည်။

ကြမ္မာပန်းတိုင် ကောင်လေးသည် ပြိုလဲခြင်း စာအုပ်အား လှန်လိုက်ရာ အစွမ်းထက်သော ဖျက်ဆီးနိုင်မှု စွမ်းအားတစ်ခုသည် စာအုပ်အတွင်းမှ ထွက်လာပြီး ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား တိုက်ခိုက်ခဲ့သည်။

+

ပြိုလဲခြင်း စာအုပ်သည် ယာယီ အာရုံပျံ့လွင့်သွား၍ သူ၏ အန္တိမ ကောင်းကင်ကြေးမုံ အပေါ်သို့ တိုက်ခိုက်မှုက နှေးကွေးသွားခဲ့သော်လည်း ကြေးမုံသည် အစွမ်းထက်သော ပြိုင်ဘက်နှင့် ရင်ဆိုင်နေခဲ့ရာတွင် ခံစစ်ကိုသာ ဆက်လက် ကျင့်သုံးနေခဲ့သည်။သူသည် သူ၏ စွမ်းအား အများစုအား သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့အား ပေါင်းစည်းစေရန် အသုံးပြုနေရသေးသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သူ၏ စွမ်းအားများက ပြိုလဲခြင်း စာအုပ်၏ လွှမ်းမိုးမှုအောက်တွင် ဖြည်းဖြည်းချင်း လွင့်ပြယ်လာသည်ကို ခံစားနေမိခဲ့သဖြင့် သူ၏ ရင်အတွင်းမှ လေးလံလာခဲ့သည်။

သူ၏ ရည်ရွယ်ချက်များသည် ပြည့်ဝနိုင်ခြင်း မရှိတော့သဖြင့် သူသည် ထွက်ပြေးရန်

+

ကြိုးစားလိုက်သည်။ ဆက်နေနေခြင်းဖြင့် ဘာမှ အဓိပ္ပာယ် မရှိတော့ပေ။

သူသည် လင်းဖုန်း၏ အမိန့်အောက်တွင် 'ထွက်ခွာ'သွားရသည်ကို မပျော်မရွှင် ဖြစ်နေသော်လည်း ဤအရာသည် သူ၏ ဆုံးဖြတ်ချက် အပေါ်တွင် အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

ယခုအချိန် အထိ အဖြစ်အပျက်များသည် သူ၏ မျှော်လင့်ချက်များမှ ကျော်လွန်သွားခဲ့သည်။ လင်းဖုန်းသည် ဝိညာဥ်ပင်လယ်အား ဆက်လက် ကျင့်ကြံနေသဖြင့် သူ့အတွက် အကောင်းဆုံးသော အစီအစဥ်မှာ ခြေတစ်လှမ်း နောက်ဆုတ်၍ အခြေအနေကို စောင့်ကြည့်နေရန်ပင် ဖြစ်သည်။

+

ထို့ကြောင့် သူသည် ဟေးဒီးစ် မျိုးနွယ်စုများမှ အခြား အဖွဲ့ဝင်များနှင့် အတူ နောက်ဆုတ်သွားခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် မူလနဂါး ဘုရင်အား ဖြေရှင်းပြီးသွားသည်နှင့် သူ့ထံသို့ ရောက်လာခဲ့လေပြီ။

လင်းဖုန်းသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား လက်သီးတစ်ချက်ဖြင့် ထိုးလိုက်ရာ ကြယ်များက သူတို့၏ နေရာများမှ ရွေ့သွားခဲ့သည်။ နဂါးငွေ့တန်းများက ပြောင်းပြန် စီးဆင်းသွားခဲ့၍ ကမ္ဘာတစ်ခုလုံးက တုန်ခါသွားခဲ့သည်။

မရေမတွက်နိုင်သော ကြယ်တာရာများက လမ်းကြောင်း ပြောင်းသွားခဲ့ပြီး လင်းဖုန်းအား သူတို့၏ စွမ်းအားများကို ပေးခဲ့ကြသည်။ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည်

+

တုံ့နှေးမနေရပဲ ဟေးဒီးစ်တို့၏ အန္တိမ
ထူးခြားဆန်းကြယ်သော စွမ်းအင်အား
အသုံးပြုလိုက်သည်။

သို့သော်လည်း လင်းဖုန်းသည် လက်သီးထိုးပြီးသွားသော
အခါ သူ၏ လက်ချောင်းများကို အသာ လှုပ်ရှားလိုက်ရာ
ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း
ကျဆင်းလာခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ အမူအရာသည်
ရေခဲတမျှ အေးစက်နေ၍ ဟေးဒီးစ် ကေရာဇ်၏
ဦးချိုပွဲအား အသုံးပြုပြီး သူ့အရှေ့တွင် ခရမ်းရောင်
အရံအတား တစ်ခုကို ထုတ်ဖော်လိုက်ကာ လင်းဖုန်း၏
ထာဝရ ကပ်ဘေး အလင်းတန်းအား
ဟန့်တားလိုက်သည်။

+

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို အသာ လှုပ်ရှားလိုက်ရာ ထာဝရ ကပ်ဘေး အလင်းတန်းက ရပ်တန့်သွား၍ ဘေးပတ်ပတ်လည်မှ စိတ်ဝိညာဉ် စွမ်းအင်များသည် တာအိုသစ်သီး တစ်လုံးအဖြစ်သို့ ပြောင်းသွားသည်။

ထိုတာအို သစ်သီး ပေါ်လာသော အခါ သူသည် ဦးချိုပွဲအား ချက်ချင်း တိုက်ခိုက်လိုက်၍ ဝါးမျိုချင်နေသကဲ့သို့ ဖြစ်နေသည်။

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ အမူအရာက ပြောင်းသွားသည်။ ထိုအချိန်တွင် လင်းဖုန်း၏ လက်သီးသည် လက်ဝါးအဖြစ်သို့ ပြောင်းသွားပြီး မဟာကမ္ဘာအား ထိန်းချုပ်နိုင်သော စွမ်းအားဖြင့်

+

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်၏ ခေါင်းအား ရိုက်ချလိုက်ကာ သူ့အား ဆုံးဖြတ်ချက် တစ်ခု ချရန် ဖိအားပေးနေသကဲ့သို့ ဖြစ်နေခဲ့သည်။

"အာ" ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် လင်းဖုန်း၏ လက်ဝါးအား ခုခံလိုက်ပြီးနောက် ဦးချိုပွဲ့အား ကြည့်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။

သူ့ခေါင်းအပေါ်တွင် ဟင်းလင်းပြင်သည် ဆက်လက်၍ ပြင်းထန်စွာ တုန်ခါနေကာ ထူးခြားသော တံခါးတစ်ခု ပေါ်လာ၍ ထိုတံခါး ပွင့်သွားသော အခါ မရေမတွက်နိုင်သော ကြယ်စင်များ ပေါ်လာခဲ့သည်။

ထိုအရာသည် ကြယ်စင်ပင်လယ်၏ ဝင်ပေါက်ခြောက်ခုမှ နောက်ဆုံးတစ်ခု ဖြစ်သည်။

+

အစောပိုင်းတွင် ကြယ်စင်ပင်လယ် ဝင်ပေါက်များသည် နဂါးများ၊ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတ၊ ရှေးဟောင်းလူဝံ မိစ္ဆာများ၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ကျားဖြူ မဟာပဏ္ဍိတတို့ ထံတွင် ရှိနေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သိပ်မကြာသေးမီက လင်းဖုန်းသည် မူလနဂါး ဘုရင်၏ ဝင်ပေါက်အား ရရှိခဲ့သဖြင့် ထိုဝင်ပေါက် ငါးပေါက်စလုံးတို့သည် လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ပြီး ဖြစ်သည်။

ယခုအချိန်တွင် နောက်ဆုံးတစ်ခုသည် သူ့အရှေ့တွင် ပေါ်လာခဲ့လေပြီ။

+

လင်းဖုန်းသည် ဟေးဒီးစ်မျိုးနွယ်စုများက နောက်ဆုံးစစ်ပွဲ ပြီးကတည်းက ကြယ်စင်ပင်လယ် ဝင်ပေါက်တစ်ခုအား သိမ်းထားခဲ့သည်ဟု သံသယ ဖြစ်နေခဲ့သည်။

ယနေ့တွင် သူ၏ သံသယများသည် အမှန်ဖြစ်သည်ဟု သက်သေပြနိုင်ခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၏ မျက်နှာပေါ်တွင် လေးလံသော အမူအရာ တစ်ခု ပေါ်လာ၍ ကျန်သောသူများ အားလုံးတို့သည် သူ့အား ရှုပ်ထွေးသော အကြည့်တစ်ခုဖြင့် ကြည့်နေကြသည်။

ယခုအချိန်တွင် ဝိညာဥ်ပင်လယ် အကြောင်းကို မပြောခဲ့လျှင်ပင် ထိုဝင်ပေါက် ခြောက်ခု စလုံးဖြင့်

+

လင်းဖုန်းသည် မူလကောင်းကင် ပင်လယ် ခုနစ်သွယ် အနက်မှ တစ်ခုဖြစ်သော ကြယ်စင်ပင်လယ် အပေါ်တွင် အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

ဝိညာဉ်ပင်လယ်သည် အပြည့်အဝ ချိပ်ပိတ်ခြင်း ခံခဲ့ရလျှင်ပင် လင်းဖုန်းသည် ဤနေရာ၌ အစစ်အမှန် အနိုင်ရသူ ဖြစ်သည်။ သူ၏ တိုက်ရာပါ ပစ္စည်းများသည် ကျန်သောသူများကို အားကျမှုဖြင့် ရူးသွပ်စေရန်ပင် လုံလောက်နေသည်။

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် သူ၏ ပြိုင်ဘက်အား အလျှော့ပေးနေလိုသည့် ဆန္ဒ မရှိနေသော်လည်း သူ့တွင် ရွေးချယ်မှု မရှိခဲ့ပေ။ ဆိုးရွားခြင်းနှင့် ပို၍ ဆိုးရွားခြင်းတို့ အနက် သူသည် ဆိုးရွားခြင်းကိုသာ ရွေးချယ်နိုင်ခဲ့သည်။

+

ထိုတံခါးသည် ပြင်းထန်စွာနှင့် တုန်ခါသွား၍ ကြယ်အလင်းတန်းများ ပေါက်ကွဲထွက်လာခဲ့ကာ တံတားအား လွှမ်းခြုံသွားခဲ့သည်။ ပြီးတာနှင့် ရောမ ကြယ်တစ်လုံးသည် ပြင်းထန်စွာနှင့် တုန်ခါလာကာ သူ့ထံမှ အစွမ်းထက်သော စွမ်းအားတစ်ခုကို ခံစားနိုင်ခဲ့သည်။

ဘာမှ အသုံးမဝင်ဟု သိနေခဲ့သဖြင့် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ထိုစွမ်းအားများကို လင်းဖုန်း၏ တာအိုသစ်သီးထံသို့ ဦးမတည်ခဲ့ပေ။

ထိုစွမ်းအားများသည် သူတို့ကိုယ်သူတို့ ဦးချိုပွဲ့ အနားတွင် ကပ်တွယ်လိုက်သည်။

+

ခဏအကြာတွင် ခရမ်းရောင် အရုံအတားက ကျိုးပဲ့သွားလေသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ဦးချိုပဲ့အား အောင်မြင်စွာဖြင့် ပြန်လည် ရယူနိုင်ခဲ့သည်။ အခြား တစ်ဘက်တွင်မူ လင်းဖုန်းသည် ကြယ်စင်ပင်လယ် ဝင်ပေါက်တစ်ခုအား အောင်မြင်စွာဖြင့် ရယူသွားနိုင်ခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီး နှစ်ပေါင်း ၄ဝဝဝကျော် အကြာတွင် ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုစလုံးတို့သည် နောက်ဆုံးတွင် ပေါင်းစည်းသွားနိုင်ခဲ့ပြီ ဖြစ်သည်။

+

ကြယ်စင်ပင်လယ်၏ သခင်အသစ်သည် ဤနေရာတွင် ရှိနေလေသည်။

## စာစဥ် ၇၄ : အပိုင်း ၁၃

## အပိုင်း ၁၄၄၃ : အားလုံး ထွက်သွား

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သူ၏ ကြယ်စင်ပင်လယ် ဝင်ပေါက်အား ချထားခဲ့ကာ သူ၏ စွမ်းအားများကို အသက်သွင်းလိုက်သည်။ ကြယ်စင်ပင်လယ် ဝင်ပေါက်ထံမှ ပေါက်ကွဲလာသော စွမ်းအားများသည် အစောပိုင်းမှ မူလနဂါး ဘုရင်၏ စွမ်းအားများထက် ပို၍ အားကောင်းသည်။

+

ဤလှုပ်ရှားမှုဖြင့် သူသည်
နောက်ဆုတ်သွားနိုင်ခဲ့သော်လည်း မျက်စိတစ်မှိတ်
အတွင်းတွင် လင်းဖုန်းသည် ကြယ်စင်ပင်လယ်
ဝင်ပေါက်အား ရယူသွားနိုင်ခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ထိုအရာကို
တွေ့ခဲ့ရသော အခါ သူ၏ ရင်အတွင်းမှ သွေးများ
ယိုစီးလာသကဲ့သို့ ခံစားခဲ့ရသည်။

ကြယ်စင်ပင်လယ်သည် မိစ္ဆာများအတွက် အမတန်မှ
အရေးပါလှ၍ သူတို့သည် လူသားများထက် ပို၍
တန်ဖိုးထားကြသည်။ ရှေးဟောင်းခေတ်မှ လွဲ၍
တော်ဝင်မိစ္ဆာ ဧကရာဇ်များသည် ထိုနေရာတွင်
အမြဲတမ်း နေထိုင်ခဲ့ကြသည်။

+

ဟောဒီးစ် မျိုးနွယ်စုများ ပြန်လာခဲ့သော အခါ သူတို့သည် ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ပေါက်စလုံးကို ထိန်းချုပ်ကာ ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်းအား သိမ်းပိုက်ရန် ဆန္ဒရှိနေကြသည်။

သို့သော်လည်း ယခုအချိန်တွင် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် သူ၏ ကြယ်စင်ပင်လယ် ဝင်ပေါက်က လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားသည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့၍ ဘာမှ ရွေးချယ်ခွင့် မရှိပဲ စွန့်လွှတ်ခဲ့ရသည်။

ပုံမှန်အချိန်တွင် မည်မျှပင် တည်ငြိမ်နေသော်လည်း ယခုအချိန်တွင် ပုံရိပ်ယောင်နေမင်း ဟောဒီးစ်သည် မူးဝေလာသကဲ့သို့ ခံစားနေရသည်။

+

သို့သော်လည်း သူသည် သာမန်မိစ္ဆာ တစ်ကောင် မဟုတ်ချေ။ ကြယ်စင်ပင်လယ် ဝင်ပေါက်အား အနစ်နာခံလိုက်ခြင်းအားဖြင့် သူသည် ရှားရှားပါးပါး လွတ်မြောက်ရန် အခွင့်အရေးကို ရရှိခဲ့သဖြင့် ကိုယ့်ကိုယ်ကိုယ် သနားခြင်း သို့မဟုတ် မုန်းတီးခြင်းဖြင့် ညည်းညူမနေခဲ့ပေ။

ဦးချိုပဲ့အား ပြန်ယူပြီးသွားသော အခါ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် လျင်မြန်စွာဖြင့် ပြန်လည် ပျံသန်းလာခဲ့ကာ ရှီရှင်းနှင့် ယွင်ချန်းတို့အား သူ၏ မိစ္ဆာစွမ်းအားများဖြင့် လွှမ်းခြုံလိုက်၍ အဝေးသို့ ထွက်သွားခဲ့သည်။

လင်းဖုန်းသည် မရပ်တန့်ခဲ့ပဲ ရယ်မောလိုက်ကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အနောက်သို့ လိုက်လာခဲ့၍ ထပ်ဖန်တစ်ခါ ထပ်ထိုးလိုက်သည်။

+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ကူရာမဲ့နေခဲ့ကာ
သူ၏ ခန္ဓာကိုယ်ဖြင့်သာ ကာကွယ်နိုင်ခဲ့သည်။
လင်းဖုန်း၏ လက်သီးချက်သည်
အားကောင်းလွန်းလှသဖြင့် ကြယ်များကပင်
လွင့်စင်သွားကာ ကမ္ဘာမြေက ကွဲအက်သွားသည်။

သူ၏အပေါ်တွင် ကြယ်စင်ပင်လယ်
ဝင်ပေါက်ခြောက်ခုသည် ညီညာစွာဖြင့် တန်းစီနေ၍
အတူတကွ ပွင့်သွားကြသည်။

အတိတ်က လင်းဖုန်းသည် ကြယ်စင်ပင်လယ်
ဝင်ပေါက်တစ်ခုအား ရရှိအပြီးတွင် အသုံးပြုနိုင်ရန်
အချိန်အနည်းငယ် ယူ၍ ကျင့်ကြံခဲ့ရသည်။

+

သို့သော်လည်း ယခုအချိန်တွင် သူ၏ လက်ရှိအဆင့်ဖြင့် များစွာပို၍ လွယ်ကူသွားပေပြီ။

ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် ညီညာစွာ တန်းစီနေကြကာ အချင်းချင်း စတင်၍ ဆက်သွယ်ခဲ့ကြသသည်။ ထို့ကြောင့် လင်းဖုန်းကလည်း နောက်ဆုံးတစ်ခုအား ချက်ချင်းဆိုသလိုပင် ကျင့်ကြံနိုင်ခဲ့သည်။

ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ပေါက်တို့သည် အတူတကွ ပွင့်သွားကြသော အခါ မျက်စိ ကျိန်းလုမတတ် ကြယ်အလင်းတန်းများသည် ဝင်ပေါက်အတွင်းမှ နေ၍ ကြယ်တာရာများ ကြွေကျလာသကဲ့သို့ ကျဆင်းလာကြသည်။

+

ဤကြယ်တာရာ လမ်းကြောင်းများသည် အဆက်မပြတ် ကျဆင်းလာကြ၍ အစွမ်းထက်သော စွမ်းအားတစ်ခုသည် လင်းဖုန်း၏ လက်သီး အပေါ်သို့ ကျရောက်လာကာ ပေါင်းစည်းသွားခဲ့သည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့အား အဆုံးသတ်နိုင်ရန် လုံလောက်အောင် အစွမ်းထက်ပေသည်။

ဤလက်သီးချက် စွမ်းအားများ၏ ဝန်းရံခြင်းကို ခံခဲ့ရသော အခါ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ် အမြန်နှုန်းသည် သိသိသာသာ နှေးကွေးသွားခဲ့၍ သူသည် လင်းဖုန်းထံသို့ ဦးတည်၍ သွားနေသည်ဟုပင် ထင်နေရသည်။

သူသည် မျက်မှောင်ကြုတ်လိုက်ကာ ကူရာမဲ့စွာဖြင့် ဦးချိုပွဲ၏ စွမ်းအားများကို ထပ်ဖန်တစ်ခါ အသုံးပြုခဲ့ရသည်။ ခရမ်းရောင် အလင်းတန်း အရံအတား

+

တစ်ခု ကျဆင်းလာကာ သူ့အား
ကာကွယ်ပေးလိုက်သည်။

ကြယ်စင်များ၏ စွမ်းအားများသည် လင်းဖုန်း၏
လက်သီးနှင့် ပေါင်းစည်းသွားကာ ထိုခရမ်းရောင်
အလင်းတန်း အရှံအတားအား ကြောက်မက်ဖွယ်ရာ
အင်အားဖြင့် ထိုးချလိုက်၍ ပြိုကွဲစေခဲ့သည်။

ပြီးတာနှင့် လင်းဖုန်း၏ လက်သီးအရှေ့တွင်
တာအိုသစ်သီး တစ်ခု ပေါ်လာခဲ့သည်။ ထိုအရာသည်
အရာအားလုံးတို့၏ အစနှင့် အဆုံးတို့က ဖြစ်တည်မှု
တစ်ခုတည်း အဖြစ် ပေါင်းစည်းသွားသည်နှင့်
တူနေခဲ့သည်။

+

အရာအားလုံးတို့သည် သူ့အတွင်း၌ ရှိနေသကဲ့သို့ ထင်နေရ၍ သူ့ထံမှ အရာအားလုံးတို့ကို ဖန်တီးနိုင်ကာ ဖျက်ဆီးနိုင်သည်။

ဤအရာသည် လေဟာနယ်အား ကွေ့ကောက်စေခြင်း သက်သက် မဟုတ်ပဲ ဤလေဟာနယ် အတွင်းတွင် အချိန်ကာလ သဘောတရား မရှိနေတော့ပေ။ အတိတ်နှင့် အနာဂတ်တို့က မရှိတော့ပဲ ကမ္ဘာ အတွင်းမှ အရာအားလုံးတို့သည် ပုံစံရှိသည် ဖြစ်စေ၊ ပုံစံမဲ့သည် ဖြစ်စေ၊ ဤနေရာ၌ မွေးဖွားခဲ့သည်ဟု ထင်နေရကာ နောက်ဆုံးတွင် ဤနေရာတွင် ကြွေလွင့်ရမည် ဖြစ်သည်။

လင်းဖုန်း တာအိုသစ်သီး၏ လွှမ်းမိုးမှု အောက်တွင် ဦးချိုပွဲသည် စတင်၍ မေးမှိန်လာခဲ့သည်။

+

လင်းဖုန်းသည် တာအိုသစ်သီးအား ယူဆောင်လိုက်၍ သူ၏ လက်သီးအား လက်ဝါးအဖြစ်သို့ ပြောင်းလိုက်သည်။ သူ၏ လက်ဝါး အလယ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု လည်ပတ်နေ၍ ထိုဦးချိုပွဲအား ဆုပ်ကိုင်နိုင်ခဲ့သည်။

ဦးချိုပွဲသည် စတင်၍ ပြင်းထန်စွာ တုန်ခါလာပြီး လင်းဖုန်း၏ ဆုပ်ကိုင်မှု အောက်မှ ချိုးဖောက်ချင်နေခဲ့သည်။ သို့သော်လည်း သူသည် သူ့အား တင်းကျပ်စွာ ကိုင်ဆောင်ထား၍ မလွတ်မြောက်နိုင်ရန် တားဆီးထားခဲ့သည်။

ဟေးဒီးစ် ကေရာဇ်၏ ဦးချိုပွဲအား ဖိနှိပ်ခဲ့အပြီးတွင် လင်းဖုန်းက ရပ်တန့်လိုက်သည်။ သို့သော်လည်း သူသည် ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်းအား ထုတ်လွှတ်လိုက်၍ ဟေးဒီးစ်တို့၏ အန္တိမ

+

ထူးခြားဆန်းကြယ်သော စွမ်းအင်အား ချိုးဖောက်ခဲ့ကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား အပြင်းအထန် ဒဏ်ရာ ရစေခဲ့သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ကောင်းကင်ထံသို့ ဟိန်းဟောက်လိုက်သည်။ သူသည် သူ၏ ကြယ်စင်ပင်လယ် ဝင်ပေါက်အား စွန့်လွှတ်ကာ ဦးချိုပွဲနှင့် သူ့ကိုယ်သူအား ကာကွယ်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း သူသည် နှစ်မျိုးစလုံး၌ ကျရှုံးခဲ့သည်။

သေမင်းပင်လယ်မှ ရေများသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ကျဆင်းလာကာ လင်းဖုန်း၏ ကျင့်ကြံမှုအား ဟန့်တားခဲ့သော်လည်း ဟေးဒီးစ် မျိုးနွယ်စုများသည် အကြီးအကျယ် ဆုံးရှုံးသွားခဲ့သည်။

+

အကယ်၍ အားလုံးတို့က နောက်ဆုတ်သွားပါက ဝိညာဥ်ပင်လယ်အား တစ်ယောက်မှ ကျင့်ကြံနိုင်တော့မည် မဟုတ်ပဲ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ဤရလဒ်ကို လက်ခံနိုင်သေးသည်။ ဘာပဲပြောပြော ဤနေရာမှ လူများအားလုံး အနက် လင်းဖုန်းကသာ သူ့အား ရနိုင်ရန် အနီးစပ်ဆုံး ဖြစ်သည်။

သို့သော်လည်း သူတို့သည် နောက်ဆုတ်နေရင်း ဟေးဒီးစ် မျိုးနွယ်စုများသည် ကြီးမားစွာ ဆုံးရှုံးခဲ့ရသည်။ ဤအရာသည် သူလက်ခံနိုင်သော အရာထက် များစွာ ကျော်လွန်သွားခဲ့သည်။

သို့သော်လည်း ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်အား အထိခိုက်စေဆုံး အချက်မှာ သူတို့သည် မည်မျှ အမျက်ထွက်နေသော်လည်း အရှက်ရမှုအား

+

သည်းခံနေရကာ ထွက်ပြေးဖို့သာ အာရုံစိုက်နေရခြင်း ဖြစ်သည်။

မဟုတ်လျှင် သူတို့သည် မူလနဂါး ဘုရင်နှင့် ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတတို့၏ ကံကြမ္မာမျိုးနှင့် ကြုံတွေ့ရလိမ့်မည် ဖြစ်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သေရမည်ကို မကြောက်သော်လည်း သူသည် မျိုးနွယ်စု တစ်ခုကို ကိုယ်စားပြုနေသူ ဖြစ်သည်။

ထို့အပြင် သူသည် ဤနေရာတွင် သေဆုံးခဲ့ပါက ရှီရှင်း၊ ယွင်ချန်းနှင့် ကျင်းယန်တို့ကလည်း အတူတကွ သေဆုံးကြလိမ့်မည် ဖြစ်သည်။ ဟေးဒီးစ် မျိုးနွယ်စု

+

အတွက် ဤအရာသည် သူတို့ လက်ခံနိုင်သော ဆုံးရှုံးမှု တစ်ခု မဟုတ်ချေ။

အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်ကာ ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် သူ၏ခေါင်းကိုပင် ပြန်မလှည့်ခဲ့ပဲ အဝေးသို့ ပျံသန်းသွားကာ ရွှေရောင်ရေအိုင် ရှိရာအရပ်မှ ထွက်ခွာသွားသည်။

လင်းဖုန်းသည် သူတို့ ထွက်ခွာသွားသည်ကို ကြည့်နေရင်း ဦးချိုပွဲအား ကိုင်ဆောင်ထားကာ ပြုံးနေခဲ့သည်။ သူသည် မလှုပ်ရှားခဲ့ပဲ သူ၏ လက်ဝါးအလယ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု လည်ပတ်နေ၍ ဦးချိုပွဲ၏ ခက်ထန်သော သဘာဝအား ဖိနှိပ်ရန် ကြိုးစားနေခဲ့သည်။

+

သူ၏ အခြား လက်တစ်ဘက်သည် ထူးခြားသော မှော်ကျိန်စာ သင်္ကေတ တစ်ခုကို ဖန်ဆင်းလိုက်၍ လေထုအလယ်တွင် ထူးခြား ဆန်းကြယ်သော ရုပ်ပုံအချို့ကို ရေးဆွဲလိုက်သည်။

ထူးခြား ဆန်းကြယ်သော ဤရုပ်ပုံများသည် အလင်းတန်း ရေးရေးလေးဖြင့် လင်းလက်လာကာ ဦးချိုပွဲ အပေါ်သို့ ကျရောက်သွားကြလေသည်။

ပို၍ပို၍ ထူးခြားဆန်းကြယ်သော ရုပ်ပုံများ ကျဆင်းလာသော အခါ ဦးချိုပွဲသည် ပို၍ပို၍ တည်ငြိမ်လာသည်။ လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်ကာ ထိုဦးချိုပွဲအား သိမ်းဆည်းလိုက်သည်။

+

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် သူတို့ ပတ်ပတ်လည်အား ကြည့်နေကြသည်။ လင်းဖုန်းသည် အားလုံးနီးပါးတို့အား မောင်းထုတ်နိုင်ခဲ့သည်ကို တွေ့ခဲ့ရသော အခါ သူတို့၏ အမူအရာများက မည်းမှောင်သွားကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အန္တိမ ကောင်းကင်ကြေးမုံတို့သည် သူ့အား အခြိမ်းခြောက်နိုင်ဆုံး ဖြစ်သော်လည်း လင်းဖုန်းသည် သူတို့အား ဂရုမစိုက်ခဲ့ပေ။ ထူးခြားသော ဉာဏ်လုပ်ဆောင်ချက်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများအား အလွန်အမင်း မသက်မသာ ဖြစ်စေခဲ့သည်။

+

ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြည့်ကို အာရုံခံမိသော အခါ လင်းဖုန်းသည် သူတို့အား ပြန်ကြည့်လိုက်ကာ သူ၏ အကြည့်သည် ပင်လယ်ကဲ့သို့ လေးနက်နေသည်။

သို့သော်လည်း သူ၏မျက်နှာတွင် မိတ်ဆွေဆန်နေသော အရိပ်အယောင် တစ်ခုမှ မရှိပဲ ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ အားလုံးတို့သည် အလွန်အမင်း မသက်မသာ ခံစားနေရလေသည်။

လင်းဖုန်းသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အား ကြည့်လိုက်၍ သူ၏ အကြည့်ကို ရုပ်သိမ်းလိုက်ကာ ဘေးပတ်ဝန်းကျင်အား အကဲခတ်၍ ပြုံးလိုက်သည်။ "တာအိုရောင်းရင်းတို့... အချိန်ဆွဲပြီး တိုက်ခိုက်နေလို့ ဘာအကျိုးမှ မရှိဘူး... တကယ်လို့ တစ်ခါတည်း ဖြေရှင်းချင်တယ် ဆိုရင် နောက်ပိုင်းမှာ

+

အချိန်အများကြီး ရှိသေးတယ်... ဘာဖြစ်လို့ ဒီနေရာမှာ အချိန်ဖြုန်းနေရမလဲ"

အစောပိုင်းက ကောင်းကင်အတွင်းသို့ ပျောက်ကွယ်သွားသော ဗိုင်ဒုရာ နိဗာသ ကမ္ဘာသည် ထပ်ဖန်တစ်ခါ ပြန်ပေါ်လာလေသည်။

ကြည်လင်သော စကျင် အလင်းရောင်သည် အလွန်အမင်း ပါးလျနေကာ အချိန်မရွေး အက်ကွဲသွားတော့မည့်ကဲ့သို့ ဖြစ်နေသည်။

ဗိုင်ဒုရာ နိဗာသ ကမ္ဘာ အတွင်းမှ ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံ တိုးတိုးလေး ပေါ်လာခဲ့ကာ အလင်းတန်းများ ရုပ်သိမ်းသွားသော အခါ ကျန်နေခဲ့သည်မှာ ရောမ စေတီတစ်ဆူသာ ဖြစ်သည်။ ထိုစေတီ၏ အပေါ်တွင်

+

စကြာဝဠာ စကျင်ဗုဒ္ဓသည် သူ၏ ကြီးကျယ်ခမ်းနားသော လက်ပေါင်း ၄၈၀၀၀ဝနှင့် အတူ ထိုင်နေလေသည်။

သူသည် လင်းဖုန်းအား ကြည့်၍ သူ၏ခေါင်းကို ခါလိုက်သည်။ သူ၏ မျက်လုံးများသည် ပိတ်နေဆဲသာ ဖြစ်၍ စေတီအပေါ်တွင် ဆက်လက် ထိုင်နေခဲ့ကာ သေနေသကဲ့သို့ ငြိမ်သက်နေလေသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ အဖြစ်များနှင့် သေမင်းပင်လယ်တွင် ဖြစ်နေခဲ့သော အရာများကို တွေ့နေခဲ့ရသော်လည်း စကြာဝဠာ စကျင်ဗုဒ္ဓသည် သူတို့အား လုံးဝ လျစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း လင်းဖုန်းနှင့် ထိုက်ရီသူတော်စင်တို့ အတွက် ဤအရာသည် အံ့ဩဖွယ် မကောင်းပေ။

+

မိစ္ဆာများကို ရှင်းလင်းပြီး၍ ဖိနှိပ်သင့်သူများကို ဖိနှိပ်ပြီးသွားသော လင်းဖုန်းသည် လေထုအလယ်တွင် သူ၏လက်များကို ကျောနောက်တွင် ပစ်ထား၍ ရပ်နေသည်။ သူသည် ထူးခြားဆန်းကြယ်၍ ခန့်မှန်း၍ မရနိုင်အောင် ထူးခြားသော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေ၍ အချိန်ကာလနှင့် လေဟာနယ်သည် သူ့အတွက် မထူးခြားနေဟု ထင်နေရသည်။

အားလုံးတို့သည် သူတို့၏ မျက်စိများဖြင့် လင်းဖုန်းသည် ထိုနေရာ၌ ရပ်နေသည်ကို တွေ့ခဲ့ရသော်လည်း အမှန်တွင် လင်းဖုန်းက နေရာတိုင်းတွင် ရှိနေ၍ ကမ္ဘာအတွင်းမှ အချိန်အားလုံးတွင် ရှိနေသည်ကို အားလုံးတို့က သိနေကြသည်။

+

လင်းဖုန်း၏ အကြည့်သည် သူ၏ ပတ်ဝန်းကျင်အား
သိမ်းကျုံးကြည့်လိုက်၍ ဖွဖွလေး ရယ်လိုက်ရာ
အစွမ်းထက်သော အင်အားတစ်ခုသည် အရပ်မျက်နှာ
လေးဘက်စလုံးသို့ စတင်၍ ပျံ့နှံ့လာကြသည်။

ထိုအရာသည် တိုင်းတာ၍ မရနိုင်ပဲ သူ၏
မရေမတွက်နိုင်သော ပုံစံများသည် တစ်ပြိုင်နက်တည်း
စတင်၍ တုန်ခါလာကြသည်။ သူတို့သည်
တစ်ခုအပေါ်တွင် တစ်ခု ထပ်နေကာ ဝိညာဉ်ပင်လယ်
တစ်ခုလုံးက တုန်ခါလာခဲ့လေသည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ
အလင်းတန်းများက လှုပ်ရှားနေကြ၍
အလင်းရောင်သည် ဟင်းလင်းပြင် အကြားမှ
လာခဲ့သကဲ့သို့ ဖြစ်နေသည်။ သူသည် အရပ်မျက်နှာ

+

လေးခုစလုံးသို့ ပျံ့နှံ့သွား၍ နေရာတိုင်း ထောင့်တိုင်းကို လင်းလက်စေခဲ့သည်။

အလင်းတန်းက လင်းလက်လာသော အခါ ခမ်းနားထည်ဝါသော လှိုင်းတစ်လှိုင်းသည် ထကြွလှုပ်ရှားလာခဲ့သည်။ သူသည် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်တည့်တည့်သို့ ရောက်လာခဲ့ပြီး သူ့အား တားဆီးရန် မဖြစ်နိုင်ခဲ့သကဲ့သို့ ဖြစ်သည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် အသံတိုးတိုးဖြင့် ဟိန်းဟောက်လိုက်ကာ သူ၏ ခန္ဓာကိုယ်မှ အနက်ရောင် အလင်းတန်းများ လင်းလက်လာ၍ သူ့အနားမှ ကြောက်မက်ဖွယ်ရာ ဒိုင်မန်းရှင်း စွမ်းအားကို ခုခံရန် ကြိုးစားလိုက်သည်။

+

ရွှေရောင်ရေအိုင် အတွင်းတွင် အနက်ရောင် မှော်သကော်တများသည် သူယခင်က နေရာယူထားသော နေရာမှ လျင်မြန်စွာ နောက်ဆုတ်သွား၍ ဟေးဒီးစ် မျိုးနွယ်စုများသည် ဝိညာဥ်ပင်လယ် အတွင်းမှ အတွန်းဖယ်ခံခဲ့ရကာ ဟင်းလင်းပြင်ကို ချိုးဖောက်၍ ထွက်ခွာသွားခဲ့ရသည်။

အလင်းတန်းများ ကျရောက်လာသော အခါ ရွှေပုစဥ်း ဆရာတော်နှင့် စီးရီးယပ် မဟာပဏ္ဍိတတို့ နှစ်ယောက်စလုံးက အဖော်ထုတ်ခံခဲ့ရသည်။

အချိန်ကာလနှင့် လေဟာနယ်တို့က တွန့်လိမ်သွား၍ သူတို့သည် လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့ကြသည်။

+

ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတသည် လင်းဖုန်း၏ ဖိနှိပ်ခြင်းကို ခံနေရသော အခါ စီးရီးယပ် မဟာပဏ္ဍိတသည် ဆက်မနေရဲတော့ပဲ အဝေးသို့ တတ်နိုင်သမျှ ထွက်ပြေးသွားခဲ့သည်။ ရွှေပုစဥ်း ဆရာတော်ကိုမူ စကြာဝဠာ စကျင်ဗုဒ္ဓက ရွှေရောင်ရေအိုင် အနီးတွင် နေခိုင်းထားခဲ့သည်။

သို့သော်လည်း အလင်းတန်းများက သူတို့အပေါ်သို့ ကျရောက်လာ၍ စွမ်းအင်များက ပေါက်ကွဲလာသော အခါ သူတို့၏ ခန္ဓာကိုယ်များသည် စတင်၍ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။

တစ်ယောက်သည် သူ၏ လမ်းကြောင်းများကိုသာ တွေ့နိုင်ခဲ့သဖြင့် ရွှေပုစဥ်း ဆရာတော်က တော်သေးသည်။ စီးရီးယပ် မဟာပဏ္ဍိတကမူ သနားစရာကောင်းစွာ ဟိန်းဟောက်လိုက်၍ သူ၏

+

အစစ်အမှန် ပုံစံကို ဖော်ပြလိုက်ရကာ တောင်ကုန်းငယ် တစ်ခုမျှ အရွယ်အစားရှိသော သူ၏ ခန္ဓာကိုယ်သည် ချက်ချင်းပင် နီရဲသွားသည်။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးရှိ မွေးညင်းပေါက်များမှ မရေမတွက်နိုင်သော သွေးစက်များ စိမ့်ထွက်လာကြကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် သွေးများဖြင့် ရဲရဲနီသွားခဲ့သည်။

လင်းဖုန်းသည် ဖွဖွလေး ပြုံး၍ မျောက်ဘက်သို့ လှည့်ကာ ပြောလိုက်သည်။ "တကယ်လို့ မင်းမှာ ရန်ငြိုးရန်စတွေ ရှိရင် အခုအချိန်မှာ ဖြေရှင်းလို့ရပြီ"

မျောက်သည် ငြိမ်သက်နေသော စကြာဝဠာ စကျင်ဗုဒ္ဓအား ကြည့်၍ ရွှေပုစဉ်း ဆရာတော်အား

+

ကြည့်လိုက်ကာ သူ၏ နှုတ်ခမ်းများတွင် အပြုံးတစ်ပွင့် ပေါ်လာသည်။ သူသည် လေပေါ်တွင် ကျွမ်းတစ်ပတ် ပစ်လိုက်ကာ ရွှေပုစဥ်း ဆရာတော်ထံသို့ တည့်တည့် ရောက်သွားခဲ့သည်။

လင်းဖုန်းက ယွဲ့ဟုန်ယန်အား ကြည့်၍ ပြောလိုက်သည်။ "ဟုန်ယန်… ဝံပုလွေက မင်းအတွက်ပဲ"

ယွဲ့ဟုန်ယန်သည် လင်းဖုန်းအား ဦးညွှတ်လိုက်ကာ ထီးအောက်မှ ခုန်ထွက်သွား၍ ဝံပုလွေ အနောက်သို့ လိုက်သွားခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် ထိုမြင်ကွင်းကို ကြည့်နေကြရင်း နှစ်ဘက်စလုံးက ငြိမ်သက်နေကြသည်။

+

လင်းဖုန်း၏ အကြည့်သည် သေမင်းပင်လယ်မှ အက်ကွဲကြောင်း အပေါ်သို့ ထပ်ဖန်တစ်ခါ ကျရောက်သွားကာ အချိန်အနည်းငယ် ကြာသွားသော အခါ ပြုံး၍ ပြောလိုက်သည်။ "အချိန်ကျတော့မယ်"

ပြီးတာနှင့် သူ၏ ခန္ဓာကိုယ်သည် လက်ကနဲ ဖြစ်သွားကာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်၏ အရှေ့တွင် ပေါ်လာခဲ့သည်။ ခက်ထန်သော စွမ်းအင်များ တုန်ခါသွားသော အခါ အန္တိမ ကောင်းကင်ကြေးမုံအား ထိန်းချုပ်နေသည့် ထိုက်ရှီသူတော်စင်မှ လွဲ၍ ကျန်သောသူများ အားလုံးတို့က ထိုစွမ်းအင်များကို ခံစားခဲ့ရသည်။

"ငါပြောထားတယ်... အားလုံး ထွက်သွား"

+

## စာစဥ် ၇၄ : အပိုင်း ၁၄

## အပိုင်း ၁၄၄၄ : နေရာတိုင်းတွင် ဖိနှိပ်ခြင်း

လင်းဖုန်းသည် သူ၏လက်များကို ဆန့်တန်းလိုက်ရာ ခရမ်းရောင် တိမ်တိုက်တန်းများက သူ၏ လက်ဝါးအတွင်းတွင် လွင့်မျောလာကြသည်။ မှော်သင်္ကေတ များစွာတို့အား တွေ့နေနိုင်ပြီး ထောင့်လေးထောင့်စလုံးက တုန်ခါလာကြသည်။

သူသည် သူ၏ လက်ဝါးများကို အတူတကွ စုစည်းလိုက်ကာ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အား ခုတ်ချလိုက်သည်။

+

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ပြိုလဲခြင်း စာအုပ်အား ကိုင်ဆောင်ထားရင်း စာရွက်များက လှန်နေခဲ့သော အခါ သူ့အတွင်းမှ ခါတ်ငွေ့ အတန်းများ ထွက်လာ၍ အန္တိမ ကောင်းကင်ကြေးမုံအား ဆက်လက် ဖိနှိပ်နေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းက ကြည့်နေခဲ့ရင်း လင်းဖုန်းက သူ၏ လက်ချောင်းများကို ဖြည်းဖြည်းချင်း ဖြန့်ကားလိုက်သည်။ ထိုလုပ်ဆောင်ချက်ကြောင့် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်သည် ကွဲပြိုသွားတော့မည်ကဲ့သို့ ဖြစ်သွားပြီး ရောမ အက်ကွဲကြောင်း တစ်ခု ပေါ်လာကာ အပြင်သို့ ပျံ့နှံ့လာခဲ့သည်။

လင်းဖုန်းက ပြုံးလိုက်သည်။ ခရမ်းရောင် တိမ်တိုက်များက ဆက်လက် တုန်ခါလာသော အခါ

+

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်သည် ပြိုလဲတော့မည်ကဲ့သို့ ပြင်းထန်စွာနှင့် ခါယမ်းလာခဲ့သည်။

သူ၏ လက်ချောင်းထိပ်တွင် ထူးခြားဆန်းကြယ်၍ အစွမ်းထက်သော အလင်းတန်း တစ်တန်းက စတင်၍ လည်ပတ်လာ၍ ချက်ချင်းဆိုသလိုပင် သူသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အား ထိုးဖောက်သွားခဲ့သည်။

ထိုအလင်းတန်းနှင့် ထိတွေ့ခဲ့သော နေရာတိုင်းတွင် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်၏ အခြေခံဖြစ်သော ကျုံးကောင်းကင် တံခါးသည် အစအန ရှာမရပဲ ပျောက်ကွယ်သွားသည်။ သူသည် အဆုံးသတ်ခါနီး အခြေအနေသို့ နီးကပ်လာပြီကို ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

+

နန်းတော်၏ ဒုတိယ အလွှာသည်
ကြယ်အလင်းတန်းများဖြင့် တောက်ပစွာ
လင်းလက်လာသည်။ ကြယ်စင်များ၏ စွမ်းအားကို
အသုံးပြု၍ တည်ဆောက်ထားသော ရှန်ကောင်းကင်
မြင့်မြတ်သော ကြယ်စင်အလင်းတန်းသည်
ပျက်စီးသွား၍ သူ့အတွင်းမှ အခြား
ကြယ်စင်များကလည်း မှေးမှိန်လာကာ နောက်ဆုံးတွင်
တိတ်ဆိတ်စွာဖြင့် ပျောက်ကွယ်သွားကြသည်။

ကွဲပြားခြားနားသော နံရံနှစ်ဘက်တို့သည် အလယ်တို့
စတင်၍ ဖိညှစ်လာသော အခါ တတိယ အလွှာ
ပေါ်လာခဲ့သည်။ အဖြူရောင် အလင်းတန်းက
တောက်ပစွာ လင်းလက်လာ၍ ကြောက်မက်ဖွယ်ရာ
အမာရွတ် တစ်ခုကို ဖြစ်ပေါ်စေခဲ့သော အခါ သူကလည်း
ပိတ်သွား၍ ပျောက်ကွယ်သွားခဲ့သည်။

+

စတုတ္ထအလွှာကို ဖန်တီးထားသော ကျယ်ပြန့်လှသည့် ကောင်းကင်အလွှာကလည်း ပြိုကျသွားသည်။

ပဉ္စမ အလွှာမှ နန်းတော်အတွင်းတွင် ကခုန်နေကြသော ရွှေရောင် မိုးကြိုး နဂါးများ အားလုံးတို့သည် ပျက်စီးသွား၍ ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားကြသည်။ မီးစတစ်ခုကိုပင် မမြင်နိုင်ခဲ့ချေ။

အဖြူရောင် တိမ်တိုက်နှင့် ရွှေရောင် အလင်းတန်းတို့ဖြင့် ဖန်တီးထားသော ဆဋ္ဌမ အလွှာမှ မိုးကုပ်စက်ဝိုင်း မြို့တော်ကလည်း ပြိုကျ ပျောက်ကွယ်သွားခဲ့သည်။

သတ္တမအလွှာ အတွင်းတွင် ရောင်စဉ်ခြောက်သွယ် ရောင်ခြည်တော် စက်ဝန်းများသည် တစ်ခုပြီး တစ်ခု

+

ပျက်စီးသွား၍ လူအများ၏ နှလုံးအားတို့အား
တုန်ခါစေခဲ့သည်။ ရောမ ကမ္ဘာခြောက်ခုတို့သည်
တစ်ချိန်တည်းတွင် အဖျက်ဆီးခံခဲ့ရသကဲ့သို့
ဖြစ်သွားသည်။

အဖြူရောင် တိမ်တိုက်များဖြင့် လွှမ်းခြုံထားသော အဋ္ဌမ
အလွှာ အတွင်းတွင် ရွှေရောင် အလင်းတန်း တစ်တန်း
လင်းလက်လာသည်။ ထိုနေရာတွင် တစ်ချိန်က
တည်ရှိနေသော ကောင်းကင်ဘုံသည် ဘာမှ မရှိခြင်း
အဖြစ်သို့ ပြောင်းသွား၍ လုံးဝ ပြိုလဲသွားသည်။

စကားလုံးများဖြင့် ဖော်ပြ၍ မရအောင်
ထူးခြားဆန်းကြယ်သော အမြင့်ဆုံးနှင့်
နောက်ဆုံးအလွှာသည် ထာဝရ ကပ်ဘေး
အလင်းတန်း၏ လင်းလက်မှုအောက်တွင် ထူးခြား
ဆန်းကြယ်မှုများ ပျောက်ကွယ်သွားကာ သာမန်အတိုင်း
+

ဖြစ်သွားပြီး ဖြည်းဖြည်းချင်း မှေးမှိန်လာ၍
နောက်ဆုံးတွင် ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
နန်းတော်သည် လုံးဝ ပြိုလဲသွားခဲ့ပြီ ဖြစ်သည်။

ထိုက်ရှီသူတော်စင်က သက်ပြင်းချ၍
လင်းတောက်ဟန်အား ကြည့်လိုက်သည်။
"တောက်ဟန်... မင်းက အန္တိမ ကောင်းကင်ကြေးမုံကို
တာဝန်ယူလိုက်ပါ" ပြီးတာနှင့် သူသည် အရှေ့သို့
လျှင်မြန်စွာ ထွက်သွား၍ လင်းဖုန်းနှင့်
ရင်ဆိုင်လိုက်လေသည်။

သို့သော်လည်း လင်းဖုန်းက တိုးညင်းစွာ
ပြောလိုက်သည်။ "ဂိုဏ်းခေါင်းဆောင်လင်း... ခင်ဗျားက

+

ကျုပ်တပည့် ရွှမ်းရီနဲ့ ဖြေရှင်းစရာ အကြွေးတွေ ရှိသေးတယ်"

ပြီးတာနှင့် လင်းဖုန်းသည် ချောင်းဆိုးလိုက်ရာ သူ၏ တစ်ကိုယ်လုံးသည် အဖြူနှင့် အနက်ရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းဖြင့် လင်းလက်လာခဲ့သည်။ ထို့နောက် သူ၏ ညာလက်ကို ထက်မြက်သော ဓားတစ်ချောင်း အလား ဆန့်တန်းလိုက်ကာ သူ့အရှေ့မှ လေထုအား အသာ ခုတ်ချလိုက်သည်။

လင်းတောက်ဟန်၏ ဘယ်လက်ပေါ်မှ မဟာဟင်းလင်းပြင် တံဆိပ်သည် စတင်၍ တွန့်လိမ်လာသည်။

+

ပြီးတာနှင့် လင်းဖုန်းသည် သူ၏ လက်ချောင်းများကို အသုံးပြု၍ ညွှန်ပြလိုက်ရာ စကြာဝဠာ ပြောင်းပြန်လှန်ခြင်း၏ စွမ်းအားများသည် အန္တိမ ကောင်းကင်ကြေးမုံ အပေါ်သို့ ကျရောက်သွားသည်။

အခြားတစ်ဘက်တွင် ကြမ္မာပန်းတိုင် ကောင်လေးသည် ပြိုလဲခြင်း စာအုပ်ကို အသုံးပြု၍ အန္တိမ ကောင်းကင်ကြေးမုံအား ဆက်လက် ဖိနှိပ်ထားခဲ့သည်။ ဤအရာသည် သေမင်းပင်လယ် အတွင်းမှ အက်ကွဲကြောင်းကို ထိန်းသိမ်းထားနိုင်ရန် ကြိုးစားနေသော အန္တိမ ကောင်းကင်ကြေးမုံ၏ အာရုံကို ကြီးမားစွာ နှောင့်ယှက်နိုင်ခဲ့သည်။

ထိုက်ရှီသူတော်စင်၏ အမူအရာမှာ ပြောင်းသွားခဲ့သည်။ သူသည် ရပ်တန့်လိုက်၍ အန္တိမ ကောင်းကင်ကြေးမုံအား

+

ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာအောင်
ထိန်းခဲ့ရသည်။

လင်းတောက်ဟာန်သည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။
"ဒီလိုဆိုရင်လည်း ကျုပ်က တိုက်ခိုက်ရမှာပေါ့"

ကောင်းကင် အကာအကွယ်ထီး၏ အောက်တွင် ဇူရီသည်
တည်ငြိမ်စွာဖြင့် ထရပ်လိုက်၍ သူ၏ ဝတ်ရုံများကို
ခါလိုက်ပြီး ခုန်ထွက်လာခဲ့ရာ လင်းတောက်ဟာန်၏
အရှေ့သို့ ရောက်လာခဲ့သည်။ သူ၏ ခမ်းနားထည်ဝါသော
ဟီဂန် ရွှေရောင်တံတားသည် ကောင်းကင်ကို
ဖြတ်တောက်နိုင်သော မှင်သက် ရှုမောဖွယ်ရာ
သက်တန့်တစ်စင်း အဖြစ်သို့ ပြောင်းသွားသည်။

+

ကျန်းရှိသူတော်စင်သည် သူ၏ လက်ဝါးအစုံကို စုစည်းလိုက်ရာ သူ့အနောက်တွင် အကြီးအကဲ နှစ်ယောက် ပေါ်လာသည်။ သူတို့သည် ဝက်ပါချိုးဖောက်ဖုံနှင့် ဟင်းလင်းပြင် ယင်ယန်နာရီတို့၏ မူလ စိတ်ဝိညာဉ်များ ဖြစ်ကြသော ဖုံနတ်သားနှင့် ယင်ယန် အကြီးအကဲတို့ ဖြစ်ကြသည်။

အကြီးအကဲ နှစ်ယောက်တို့သည် အရှေ့သို့ ခြေတစ်လှမ်း တက်လှမ်းလိုက်ကြ၍ သူတို့၏ ပုံစံများက ပေါင်းစည်းသွားခဲ့ရာ ချက်ချင်းပင် အလင်းတန်း အမြောက်အမြားတို့က ကောင်းကင်အတွင်းတွင် စတင်၍ လင်းလက်လာခဲ့ပြီး တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်ထက် မသေးငယ်သည့် ရောမ နန်းတော်တစ်ခု ပေါ်လာခဲ့သည်။ သူသည် နတ်ဘုရားတို့၏ ဗိမာန်အလား မယုံနိုင်အောင် ကြီးမားလှပေသည်။

+

ထိုနန်းတော်သည် သူကိုယ်တိုင်က ကမ္ဘာတစ်ခုနှင့် တူနေ၍ သူ့အနားမှ အသက်စွမ်းအင်၊ စိတ်ဝိညာဉ် စွမ်းအင်များနှင့် ဆက်သွယ်နေခဲ့သည်။ သူသည် သူ့ပတ်ဝန်းကျင် နေရာအား သူ၏ အိမ်အဖြစ်သို့ ပြောင်းလဲကာ နတ်ဘုရား လောက၏ အစိတ်အပိုင်း တစ်ခုအဖြစ် ပြောင်းလဲလိုနေခြင်း ဖြစ်သည်။

ဤအရာသည် ကြမ္မာပန်းတိုင် အဆင့်မှ နောက်ထပ် မှော်ရတနာ တစ်ခုဖြစ်သည့် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ် ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းသည် ဤအချိန်တွင် ဝိညာဉ်ပင်လယ် အတွင်းသို့ လာခဲ့သော ခရီးတွင်းတွင် သူတို့၏ စွမ်းအား အားလုံးတို့ကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။

+

လင်းတောက်ဟန်သည် ကျန်းရီသူတော်စင်အား ကြည့်လိုက်ကာ သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။
"ဦးလေး… ကျေးဇူးပြုပြီး မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကို ထိန်းချုပ်ထားပါ… ကျွန်တော်က မဟာဟင်းလင်းပြင် တံဆိပ်နဲ့ပဲ တိုက်ခိုက်လိုက်မယ်… မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်ကို သုံးခဲ့ရင်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှာ တိုင်ကေရာဇ်ရဲ့ တော်ဝင်နန်းတော် ရှိနေသေးတယ်"

"ဇူရီနဲ့ ကျွန်တော်တို့ အကြားက တိုက်ပွဲဟာ ဟိုးအရင်ကတည်းက ဖြစ်ခဲ့သင့်တာ… ဒါက အခြေအနေ တစ်ခုလုံး အပေါ်မှာ အကျိုးသက်ရောက်မှု မရှိနိုင်ဘူး… အရေးအကြီးဆုံး အရာက ဦးလေးဘက်မှာပဲ ရှိနေသေးတယ်"

+

ပြီးတာနှင့် သူသည် ဇူရီနှင့် ဟီဂန် ရွှေရောင်တံတားတို့၏ အလယ်တည့်တည့်သို့ ပျံသန်း ထွက်ခွာသွားသည်။

လင်းဖုန်းသည် လင်းတောက်ဟန်အား ဟန့်တားရန် မကြိုးစားခဲ့ပေ။ ထို့အစား သူသည် သူ၏ ဝတ်ရုံကို ဝှေ့ယမ်းလိုက်ပြီး သူ၏ အာရုံအား ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ သူတော်စင်တို့ အပေါ်သို့ ရွှေ့ပြောင်းလိုက်သည်။

ကျန်းရီသူတော်စင်သည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ ရွှမ်းရီ သူတော်စင်နှင့် အကြည့်ချင်း ဖလှယ်လိုက်သည်။ ပြီးတာနှင့် သူတို့၏ ခန္ဓာကိုယ် အတွင်းမှ အလင်းတန်းများ လင်းလက်လာကာ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ် အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

+

ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြီးအကဲ
နှစ်ယောက်တို့သည် စံအိမ်အတွင်းတွင် တင်ပလ္လင်ခွေ
ထိုင်နေကြကာ သူတို့၏ လက်များဖြင့်
မှော်ကျိန်စာများကို ထုတ်ဖော်နေကြသည်။
မှော်စွမ်းအင်များ တစ်တန်းပြီးမှ တစ်တန်း
ထွက်ပေါ်လာကြကာ မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ် အတွင်းသို့ ဝင်သွားကြလေသည်။

သူတို့၏ ခေါင်းပေါ်တွင် အဖြူနှင့် အနက်ရောင်
ခတ်ငွေ့တန်းများ လည်ပတ်နေ၍ ယင်နှင့်ယန်တို့က
ယှက်သန်းသွားကြကာ ရွှေရောင် အလင်းတန်းများ
အဖြစ်သို့ ပြောင်းသွားပြီး ကြီးကျယ်ခမ်းနားသော
စံအိမ်နှင့် ပေါင်းစပ်သွားကြသည်။

မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၏
စွမ်းအားများသည် ဆတက်ထမ်းပိုး
+

တိုးတက်လာခဲ့သော်လည်း လင်းဖုန်းက သူ၏ ဝတ်ရုံအား ဝှေ့ယမ်းလိုက်သော အခါ အစွမ်းထက်လှသော စွမ်းအားများသည် အနောက်သို့ လွင့်ပျံသွားခဲ့သည်။

သူနှင့် ဝိညာဥ်ပင်လယ်တို့ အကြားမှ ဆက်သွယ်မှုသည် ပြတ်တောက်သွားသကဲ့သို့ ဖြစ်သွားပြီး သူသည် အခြေခံ အုတ်မြစ် မရှိသော အိမ်တစ်လုံးကဲ့သို့ လေပြင်းများ၏ ရိုက်ခတ်ခြင်းကို ခံခဲ့ရကာ ချာချာလည်သွား၍ လေပြင်းနှင့် အတူ ကောင်းကင်ပေါ်သို့ လွင့်ပါသွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ကြည့်နေရင်း ရုတ်တရက် ပြုံးလိုက်သည်။

+

လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှီးလင်မြို့ တိုက်ပွဲတွင် သူသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများ ဖြစ်ကြသည့် သူတော်စင် ကောင်းကင်ဓားနှင့် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့နှင့် စတင်၍ ရင်ဆိုင်ခဲ့ရသည်။

သို့သော်လည်း ထိုအချိန်တွင် သူသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်တွင်သာ ရှိကြသေးသော ကောင်းဟန်၊ ရွှမ်းလင်သူတော်စင်တို့နှင့် တိုက်ခိုက်ခဲ့ရခြင်း ဖြစ်ပြီး ယခုအချိန်တွင် သူသည် ဗီပရာလိုပါ အဆင့်မှ ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ သူတော်စင်တို့နှင့် တိုက်ခိုက်နေရခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ၏ လက်များကို ဆန့်တန်းလိုက်၍ သူ၏ လက်ချောင်းများကို ဖြန့်ကားလိုက်ရာ ချက်ချင်းပင် နေမင်းအား ဖုံးအုပ်နိုင်ခဲ့ပြီး ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ

+

သူတော်စင်တို့အား သူတို့အနားမှ မြင်ကွင်းများကို မမြင်နိုင်ရန် တားဆီးနိုင်ခဲ့သည်။ ပြီးတာနှင့် လင်းဖုန်းသည် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ဆုပ်ကိုင်လိုက်သည်။

သူ၏ လက်များအတွင်းမှ အလင်းတန်းများ လင်းလက်လာသည်နှင့် မရေမတွက်နိုင်သော ဝက်ပါပုံစံများ ယှက်သန်းလာ၍ ရောမ မှော်ဝက်ပါ တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ ဤအရာသည် လင်းဖုန်း၏ ကိုယ်ပိုင် စွမ်းအားများဖြင့် ဖန်ဆင်းထားသော ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ ဖြစ်သည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ ပွင့်လာသော အခါ သေခြင်းနှင့် ရှင်ခြင်း၊ ယင်နှင့်ယန်၊ ထာဝရနှင့် တစ်ခဏ၊ ကောင်းကင်နှင့် မြေကြီး၊

+

အလင်းနှင့် အမှောင်၊ အစစ်အမှန်နှင့် ပုံရိပ်ယောင်
အစရှိသည့် ပြောင်းလဲမှုများက ကျယ်ပြန့်လာကြသည်။

ဝင်္ကပါသည် သူ၏ ထူးခြား ဆန်းကြယ်သော
စွမ်းအားများကို ထုတ်ဖော်၍ အလင်းတန်းများဖြင့်
ဖွဲ့စည်းထားသော ရောဓ လက်တစ်ချောင်းကို
ဖော်ပြခဲ့ပြီး မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား
ကုတ်ဆွဲလိုက်သည်။

ခက်ထန်လှသော စွမ်းအင်တစ်ခုသည် အတွင်းမှ
အကြီးအကဲ နှစ်ယောက်တို့အား တုန်ခါသွားစေခဲ့သည်။

ဤလက်ကြီး၏ အရှေ့တွင် ကမ္ဘာတစ်ခုကဲ့သို့
ကြီးမားသော မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်သည် သေးငယ်သကဲ့သို့ ဖြစ်သွား၍

+

ထိုလက်ထံမှ လက်ချောင်းများ၏ ကုတ်ဆွဲမှုကို ခံခဲ့ရသည်။

ကောင်းကင်အတွင်းတွင် ရွှေရောင် အလင်းတန်းများနှင့် အဖြူရောင် တိမ်တိုက်များက အဆက်မပြတ် လွင့်ပြယ်သွားနေကြသည်။

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါထံမှ အလင်းရောင်သည် အရပ်မျက်နှာ လေးဘက်စလုံးသို့ စတင်၍ ပျံ့နှံ့လာကာ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၏ အကာအကွယ်ကို မရတော့သဖြင့် ရွှမ်းရီ သူတော်စင်သည် ကျယ်ပြန့်လှသော ဤစွမ်းအားကို ခံနိုင်စွမ်း မရှိတော့ပဲ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားခဲ့ရသည်။

+

လင်းဖုန်းသည် သူ၏ အခြားလက်ကို ဝှေ့ယမ်းလိုက်ရာ သူ၏ အကျီလက်စမှနေ၍ စကြာဝဠာ တစ်ခုလုံးအား ပြောင်းပြန်လှန်နိုင်ပြီး ယင်နှင့်ယန်တို့အား ကပြောင်းကပြန် ဖြစ်စေသည့် အစွမ်းထက်သော ဆွဲအားတစ်ခု ပေါ်လာခဲ့သည်။

သူ့အား အသေအချာ ကြည့်လိုက်သော အခါ တစ်ယောက်သည် နောက်ထပ် ရှောမ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ တစ်ခုအား တွေ့နိုင်ခဲ့၍ ချက်ချင်းပင် သူသည် ဝင်ရိုးစွန်း ပြောင်းပြန်လှန်ခြင်းအား ဖော်ထုတ်လိုက်သည်။

ဝက်ပါ၏ ရိုက်ခတ်မှုကို ခံခဲ့ရသော အခါ ရွှမ်းရှီ သူတော်စင်သည် ပျောက်ကွယ်သွားခဲ့သည်။

+

သူတို့သည် ဝက်ပါ၏ အလယ်သို့ အစုပ်ယူခံခဲ့ရ၍
ပြန်လည် တည်ငြိမ်အောင် မထိန်းနိုင်သေးခင်တွင်
အစွမ်းထက်၍ ကမ္ဘာကို ချေဖျက်နိုင်သော
တိုက်ခိုက်မှုများသည် သူတို့ထံသို့ အဆက်မပြတ်
ရိုက်ခတ်လာကြသည်။ ဤစွမ်းအားသည် သူတို့အား
အပိုင်းပိုင်း အစစ ဖြစ်အောင် ခြေမွနိုင်စွမ်း ရှိနေသည့်ပုံ
ပေါက်နေသည်။

ထိုက်ရှီသူတော်စင်သည် ထိုအရာကို မြင်ခဲ့ရသော အခါ
သူ၏ မျက်လုံးများကို ပိတ်၍ မျက်မှောင်ကြုတ်လိုက်ကာ
သက်ပြင်းချလိုက်သည်။

ပြီးတာနှင့် သူသည် သူ၏ မျက်လုံးများကို
ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။

+

လင်းဖုန်းသည် လှမ်းကြည့်လိုက်သော အခါ ထိုက်ရီသူတော်စင်၏ မျက်လုံး နှစ်ဘက်စလုံး အတွင်းတွင် အက်ကွဲကြောင်းများဖြင့် ပြည့်နေ၍ သူ၏ မျက်လုံး သူငယ်အိမ်များကို အသေအချာ မြင်ရန် မဖြစ်နိုင်ပေ။

သို့ရာတွင် အက်ကွဲကြောင်းများ ရှိနေသေးသော်လည်း ထိုက်ရီသူတော်စင်၏ မျက်လုံးများသည် အလွန်အမင်း တောက်ပသော အလင်းတန်း တစ်တန်းအား စတင်၍ ထုတ်လွှတ်လာခဲ့သည်။

သူ့အနားမှ အရှိန်အဝါများသည် အဆက်မပြတ် တိုးတက်လာ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် အစောပိုင်းမှ သူ့စွမ်းအားများထက် သာလွန်သော အစွမ်းထက်သည့် အင်အားတစ်ခုဖြင့် တုန်ခါလာသည်။

+

လင်းဖုန်းသည် သူ့အားကြည့်၍ သူ၏ခေါင်းကို ခါလိုက်သည်။ "ခင်ဗျားကို ခင်ဗျား ဒီလို ဖိအားပေးတာဟာ ဟိုနှစ်ကလိုမျိုး ခင်ဗျားရဲ့ အထွတ်အထိပ် အခြေအနေကို ပြန်ရောက်စေမှာ မဟုတ်ပဲ ခင်ဗျားရဲ့ အသက်ဝိညာဥ်ကို ထပ်ပြီးမှ ပျက်စီးစေလိမ့်မယ်... ဒါက ရေငတ်ပြေအောင် အဆိပ်ကို သောက်နေတာနဲ့ ဘာမှ မခြားဘူး"

ထိုက်ရှီသူတော်စင်၏ မျက်ခုံးများသည် ပြေလျော့သွား၍ သူ၏ အမူအရာသည် ပို၍ သဘာဝ ဆန်လာခဲ့ကာ တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ကမ္ဘာနှစ်ခု အကြားက နောက်ဆုံးတိုက်ပွဲ အပြီးမှာ ခင်ဗျားက ခင်ဗျားရဲ့ဓားကို ထုတ်မသုံးခဲ့ရင် ကျုပ်က ဒီလိုမျိုး လုပ်တော့မလို့ပဲ... ဒါက အစွမ်းရှိသလား ဆိုတာကို ကြည့်ကြတာပေါ့..."

+

"မာစတာလင်း... ခင်ဗျားရဲ့ စွမ်းအားတွေက ထူးချွန်ပြောင်မြောက်ပြီး ကျုပ်ကလည်း ခင်ဗျားကို အမြင့်ဆုံး အလေးထားခဲ့တယ်... ဒါပေမဲ့ ခင်ဗျားရဲ့ စွမ်းအားတွေကြောင့် ကျုပ်က ခင်ဗျား လုပ်နေတဲ့ အရာတွေကို စိုးရိမ်နေမိတယ်... ခင်ဗျားက နတ်ဘုရား နယ်မြေကို အလောင်းအစား ပြုလုပ်နေတာကို ကျုပ်က မကြည့်နေလိုဘူး"

ထိုက်ရှီသူတော်စင်သည် ထိုစကားကို ပြောပြီးနောက်တွင် အန္တိမ ကောင်းကင်ကြေးမုံအား အသာ ပုတ်လိုက်၍ သူ၏ စွမ်းအားများနှင့် ပေါင်းစည်းလိုက်သည်။ အန္တိမ ကောင်းကင်ကြေးမုံသည် သေမင်းပင်လယ် အတွင်းမှ အက်ကွဲကြောင်းအား ထိန်းသိမ်းနေခဲ့ရသော်လည်း သူ၏ စွမ်းအားများသည် သိသိသာသာ တိုးတက်လာခဲ့သည်။

+

သူသည် ပြိုလဲခြင်း စာအုပ်၏ ဖိနှိပ်မှုအား ခုခံနေရင်း သူ့ထံမှ နောက်ထပ် ကြေးမုံအလင်းတန်း တစ်ခု ထွက်လာခဲ့ကာ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ဖိနှိပ်နေသော ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ပစ်လွှတ်လိုက်သည်။

လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "ဒါဆိုရင်လည်း ကျုပ်တို့ရဲ့ စွမ်းရည်တွေနဲ့သာ ယှဉ်ပြိုင်ကြတာပေါ့"

သူ၏ စကားဆုံးသည်နှင့် သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား အသုံးပြုကာ ရောမ လက်တစ်ဘက်ကို ဖန်ဆင်းလိုက်၍ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ဆက်လက်၍ ဖိနှိပ်နေကာ အလျှော့ပေးရန် ရည်ရွယ်ချက် မရှိခဲ့ပေ။

+

သူ၏ အခြားလက် တစ်ဘက်သည် အန္တိမ ကောင်းကင်ကြေးမုံထံမှ ကြေးမုံ အလင်းတန်းအား ညွှန်ပြလိုက်ရာ ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း ထွက်ပေါ်လာ၍ ကြေးမုံ အလင်းတန်းအား ချက်ချင်း ဖျက်ဆီးပစ်ခဲ့သည်။

လင်းဖုန်းသည် ပြုံး၍ ထိုက်ရီသူတော်စင်အား ကြည့်နေသော်လည်း သူနှင့်တကွ သူ၏ အန္တိမ ကောင်းကင်ကြေးမုံအား မတိုက်ခိုက်ခဲ့ပေ။

ထိုက်ရီသူတော်စင်၏ ရင်အတွင်းတွင် ပို၍ပို၍ မသက်မသာ ခံစားလာခဲ့ရသော်လည်း လင်းဖုန်း ဖိနှိပ်ထားသည့် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်နှင့် အတွင်းတွင် ရှိနေသော

+

အကြီးအကဲ နှစ်ယောက်တို့အား ကြည့်လိုက်ကာ သက်ပြင်းချလိုက်ပြီး သူ၏ လက်တစ်ဘက်ဖြင့် အနှိုမ ကောင်းကင်ကြေးမုံအား ပင့်မြှောက်လိုက်၍ အခြား လက်တစ်ဘက်ဖြင့် လင်းဖုန်းအား ညွှန်ပြလိုက်သည်။

ဤအချိန်တွင် ထိုက်ရီသူတော်စင်သည် သူ၏ သာလွန်ကောင်းကင် မှော်ကျိန်စာအား အသုံးပြုခဲ့ခြင်း ဖြစ်ကာ ယခင်ကထက် သိသိသာသာ ပို၍ အားကောင်းနေသည်။ ထူးခြားဆန်းကြယ်သော ထိုအလင်းတန်းသည် လင်းဖုန်းမှလွဲ၍ ကျန်သောသူများ အားလုံးတို့ တုန်လှုပ်ချောက်ချား စေခဲ့သည်။ သူတို့အနေဖြင့် ထိုအလင်းတန်းနှင့် ထိတွေ့ခဲ့လျှင် ရှုံးနိမ့်သွားမည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် အသာပြုံးလိုက်ကာ သူ၏ လုပ်ဆောင်ချက်များကို မပြောင်းလဲခဲ့ပေ။ သူသည်

+

နောက်ထပ် ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်းကို ထုတ်ဖော်လိုက်ကာ ထိုက်ရှိသူတော်စင်၏ တိုက်ခိုက်မှုအား ဟန့်တားလိုက်သည်။

တစ်ချိန်တည်းတွင် သူသည် အခြားလက်ဖြင့် အင်အားများကို ပိုသုံးလိုက်ရာ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်သည် ခုခံနိုင်စွမ်း မရှိတော့ပဲ အုတ်ခဲများ၊ တိုင်လုံးများက စတင်၍ ပြိုကျလာကြကာ စံအိမ်အတွင်းမှ ကျန်းရှိသူတော်စင်နှင့် ရွှမ်းရှိ သူတော်စင်တို့၏ မျက်နှာများက ဖြူဖျော့သွားကြသည်။

သူတို့ ခန္ဓာကိုယ် အတွင်းမှ အလင်းတန်းများ လင်းလက်လာ၍ အလင်းတန်း မြူခိုးငွေ့ တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။ သူတို့၏ မွေးညင်းပေါက်များ အတွင်းမှ သွေးများ စီးထွက်လာ၍ ရောာမ သွေးမြူခိုးငွေ့ တစ်ကွက်အဖြစ်သို့ ပြောင်းသွားသည်နှင့် တူနေခဲ့သည်။

+

## စာစဥ် ၇၄ : အပိုင်း ၁၅

## အပိုင်း ၁၄၄၅ : ဝံပုလွေအား သုတ်သင်ခြင်း

လင်းဖုန်းသည် ထိုက်ရီသူတော်စင်၏ တိုက်ခိုက်မှုအား ခုခံနေရင်း တစ်ချိန်တည်းတွင် ပြိုလဲခြင်း စာအုပ်ကို အသုံးပြုကာ အန္တိမ ကောင်းကင်ကြေးမုံအား ဆက်လက်၍ ဖိနှိပ်နေသည်။

ထိုက်ရီသူတော်စင်သည် သူ၏ မျက်လုံးများကို ဖွင့်လိုက်သော အခါ သူ့အနားမှ စွမ်းအင်သည် ပို၍ ထူးခြား ဆန်းကြယ်လာပြီး ဆက်တိုက် မြင့်တက်လာကာ နောက်ဆုံးတွင် စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ယှဥ်နိုင်သွား၍

+

သူ၏ သာလွန်ကောင်းကင် မှော်ကျိန်စာသည် ပို၍ ဖျက်ဆီးနိုင်စွမ်း အားကောင်းလာသည်။

သို့သော်လည်း သူ့အနားမှ စွမ်းအင်များသည် ရိုင်းစိုင်း ကြမ်းကြုတ်ခြင်း ရှိမနေပဲ သဘာဝလည်း ကျမနေချေ။ ထို့အစား သူသည် အခြေခံ မခိုင်မာသော အဆောက်အအုံ တစ်ခုကဲ့သို့ မလွန်အမင်း မတည်မငြိမ် ဖြစ်နေခဲ့သည်။ သူသည် မည်မျှပင် ကြည့်ကောင်းနေသော်လည်း ပြိုကျလာနိုင်သည့် အန္တရာယ်က အမြဲရှိနေသည်။

ထိုက်ရီသူတော်စင်ကဲ့သို့သော ကျင့်ကြံသူ တစ်ယောက်၏ အဆင့်အရ ထိုအရာသည် မူမမှန်ပဲ အန္တရာယ် ကြီးမားသော အရာတစ်ခု ဖြစ်သည်။

+

သို့သော်လည်း ဤအချိန်တွင် သူသည် လင်းဖုန်း၏
ကြီးမားသော ဖိအားများနှင့် ရင်ဆိုင်နေရသဖြင့်
သူတတ်နိုင်သည်မှာ စွန့်စားရန်ပင် ဖြစ်သည်။
ထိုက်ရှီသူတော်စင်သည် သူ့မျက်လုံးများကို
ဖွင့်လိုက်သော အချိန်တွင် အတွင်းမှ မှေးမှိန်သော
အလင်းတန်းသည် တည်ငြိမ်၍ ပြတ်သားနေသည်။

သို့သော်လည်း ဤအရာသည် လင်းဖုန်း မခုခံနိုင်သော
အရာတစ်ခု မဟုတ်ချေ။ လင်းဖုန်း၏ ခေါင်းပေါ်မှ
ပြိုလဲခြင်း စာအုပ်သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျင့်ကြံသူများနှင့် ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။

ကျန်းရှီသူတော်စင်နှင့် ရွှမ်းရှီ သူတော်စင်တို့သည်
အန္တရာယ် ကျရောက်နေချိန်တွင်
ထိုက်ရှီသူတော်စင်သည် သူ၏အံကို ကြိတ်လိုက်ကာ
အန္တိမ ကောင်းကင်ကြေးမုံ၏ စွမ်းအား အများစုအား
+

သေမင်းပင်လယ် အပေါ်မှ အက်ကွဲကြောင်း အပေါ်၌သာ အသုံးပြုနေခဲ့သည်။

ကြေးမုံ အလင်းတန်းသည် ဒိုင်မန်းရှင်း သုံးခုတို့အား ထိုးဖောက်နေသော အဖြူနှင့် အနက်ရောင် အလင်းတန်းနှင့် ပူးပေါင်းကာ သေမင်းပင်လယ် အတွင်းသို့ ဆက်လက် ဝင်ရောက်နေခဲ့သည်။

ထိုအလင်းတန်း လမ်းကြောင်းသည် သေမင်းပင်လယ်နှင့် ယှက်သန်းနေသော နေရာအတွင်းသို့ ဝင်ရောက်သွားပြီး ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့၏ အကြားမှ တိုက်ခိုက်မှုကလည်း မျှခြေတစ်ခုကို ဖြည်းဖြည်းချင်း ရောက်သွားခဲ့သည်။

+

အန္တိမ ကောင်းကင်ကြေးမုံနှင့်
ထိုက်ရှိသူတော်စင်တို့ကလည်း ဝိညာဉ်ပင်လယ်
အတွင်းမှ ထွက်ခွာသွားကာ ထိုကမ္ဘာ အတွင်းသို့
ကျရောက်သွားကြသည်။

လင်းဖုန်း၏ မျက်နှာပေါ်တွင် လျှို့ဝှက်ဆန်းကြယ်သော
အပြုံးတစ်ခု ပေါ်လာ၍ မဟာဟင်းလင်းပြင်
မြင့်မြတ်သောစံအိမ်အား ဆုပ်ကိုင်ထားကာ အပေါ်သို့
တက်လာခဲ့ပြီး ကမ္ဘာနှစ်ခု အကြားမှ မှုန်ဝါးခြေညီနေသော
ကမ္ဘာအတွင်းသို့ ဝင်ရောက်သွားသည်။

ထိုအရာသည် လုံးဝကို မီးခိုးရောင် သန်းနေသော
ကမ္ဘာတစ်ခု ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးတို့သည်
လုံးဝ မီးခိုးရောင် သန်းနေ၍ အန္တိမ
ကောင်းကင်ကြေးမုံသည် နေမင်းကဲ့သို့
လေထုအလယ်တွင် လွင့်မျောနေခဲ့သည်။ သူသည်
+

အလင်းတန်းများကို ဆက်လက် ထုတ်လွှတ်နေပြီး
သေမင်းပင်လယ် အတွင်းသို့ နက်ရှိုင်းစွာ
ထိုးဖောက်သွားကာ ဆက်လက် လင်းလက်နေခဲ့သည်။

လင်းဖုန်း၏ အကြည့်သည် ကြေးမုံ အလင်းတန်း
အနောက်သို့ လိုက်သွားရာ ငြိမ်သက်
တိတ်ဆိတ်နေသော ထိုကမ္ဘာ အတွင်းတွင် သူသည်
အရိပ်နှစ်ခုကို တွေ့လိုက်ရသည်။

ထိုအရိပ် နှစ်ခုတို့သည် သေမင်းပင်လယ်၏
အလယ်ဗဟိုနှင့် တူနေခဲ့သည့် အပြင် သူတို့သည် သူ၏
မြင်ကွင်း တစ်ခုလုံးကို ပြည့်သွားစေကာ နေရာအနှံ့တွင်
ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။

+

အတွင်းသို့ ဝင်ရောက်သွားသော အလင်းတန်းသည် အကွာအဝေး အာရုံ ပျောက်ဆုံးသွားသကဲ့သို့ ဖြစ်၍ သူ့အား ရှာဖွေရန် မဖြစ်နိုင်တော့ပဲ ထူးခြားဆန်းကြယ်သော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေခဲ့သည်။

လင်းဖုန်း၏ဘေးတွင် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ပုံစံကလည်း ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။ သူသည် ကောင်းကင်စေတီ အပေါ်တွင် ကြာပန်းပုံစံ ဆက်ထိုင်နေရင်း ပိတ်ထားသော မျက်လုံးများကို ဖွင့်လိုက်ကာ သေမင်းပင်လယ် အတွင်းမှ အရိပ်နှစ်ခုအား ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း မရှိနေပဲ ကြည့်လိုက်သည်။

လင်းဖုန်းသည် ထိုအရိပ် နှစ်ခုအား တွေ့ခဲ့ရသော အခါ အံ့သြသွားခြင်း မရှိပဲ သူ၏ အမူအရာသည် ပို၍ လေးနက်လာသည်။ သူသည် ပို၍ စိတ်ဝင်စားနေသည့်ပုံ

+

ပေါက်လာကာ ထိုအရိပ် နှစ်ခုအား အနီးကပ် ကြည့်လိုက်သည်။

ဤအချိန်တွင် ထိုက်ရီသူတော်စင်သည် သူ၏ မျက်လုံးများကို ပိတ်လိုက်ရာ သူ့ခန္ဓာကိုယ်မှ အရှိန်အဝါသည် ဖြည်းဖြည်းချင်း မှေးမှိန်သွားသည်။

ထိုကမ္ဘာမှ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းရောင်ကသာ လင်းလက်နေတော့သည်။

တစ်ချိန်တည်းတွင် ဝိညာဉ်ပင်လယ် အတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပွားနေခဲ့သည်။

+

လင်းဖုန်းကြောင့် ဒဏ်ရာ အပြင်းအထန် ရရှိသွားသော စီးရီးယပ် မဟာပဏ္ဍိတသည် လင်းဖုန်းက သူ့အား ဆက်လက် တိုက်ခိုက်ခြင်း မပြုတော့သည်ကို တွေ့ခဲ့ရသော အခါ သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်ဆောင်လိုက်ကာ ဝိညာဉ်ပင်လယ်မှ ထွက်ခွာရန် ကြိုးစားခဲ့သည်။

သို့သော်လည်း အေးစက်သော စွမ်းအား တစ်ခုသည် သူ့အား မကြာမီ ဝန်းရံသွား၍ ပိတ်ဆို့ခဲ့ပြီး အလျင်အမြန် ချဉ်းကပ်လာခဲ့သည်။

သူသည် လင်းဖုန်း၏ စတုတ္ထ တပည့်ဖြစ်သော ယွဲ့ဟုန်ယန်ပင် ဖြစ်သည်။ လင်းဖုန်းသည် အစောပိုင်းက လေဟာနယ်နှင့် အချိန်ကာလအား တွန့်လိမ်စေခဲ့သော အခါ သူတို့နှစ်ဦး အကြားမှ အကွာအဝေးသည် အလွန်အမင်း နီးကပ်သွားသည်။ စီးရီးယပ်

+

မဟာပဏ္ဍိတ၏ ပြင်းထန်လှသော ဒဏ်ရာများကို အခွင့်ကောင်းယူကာ ယွဲ့ဟုန်ယန်သည် သူ့အနားသို့ မျက်စိတစ်မှိတ် အတွင်းတွင် ချဉ်းကပ်လာနိုင်ခဲ့သည်။

စီးရီးယပ် မဟာပဏ္ဍိတက ဒေါသအိုး ပေါက်ကွဲသွားသည်။ "မင်းဆရာ မရှိရင် မင်းကိုယ်မင်း ဘာများ မှတ်နေသလဲ"

သူသည် လှည့်ကြည့်လိုက်ရာ ယွဲ့ဟုန်ယန်သည် ညှာတာမှု ကင်းမဲ့သည့် ခုနစ်စဉ်ကြယ် ချပ်ဝတ်တန်ဆာအား ဝတ်ဆင်ထား၍ ခက်ထန်သော ခရမ်းရောင် အလင်းတန်းများက လေထုအလယ်တွင် လှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။

+

သူမသည် အစိမ်းနက်ရောင် ခေါးသွားပါ လုံတံရှည်ကို ကိုင်ဆောင်ထား၍ ငေ့ယမ်းလိုက်သော အခါ သူမအနားမှ အရာအားလုံးကို ပျက်စီးစေခဲ့သည်။ ထိုအရာသည် တော်ဝင်ပျက်သုဥ်းခြင်း လုံတံရှည် ဖြစ်သည်။

သို့သော်လည်း စီးရီးယပ် မဟာပဏ္ဍိတ၏ ကျောရိုးများကို စိမ့်သွားစေသည့် အရာမှာ သူမ၏ ညာလက်ညှိုးတွင် ဝတ်ဆင်ထားသည့် လက်စွပ်ပင် ဖြစ်သည်။

ထိုလက်စွပ်တွင် အနီရောင် သလင်းကျောက် တစ်လုံးအား တပ်ဆင်ထားပြီး ကြည်လင်စွာ တောက်ပနေသော်လည်း တစ်ယောက်သည် သူ့အတွင်းမှ အဆုံးမဲ့ ခက်ထန်၍ ဖျက်ဆီးနိုင်သော စွမ်းအားများကို ခံစားနေရသည်။

+

အခြားသူများသည် ထိုလက်စွပ်အား သိချင်မှ သိမည် ဖြစ်သော်လည်း စီးရီးယပ် မဟာပဏ္ဍိတ အနေဖြင့် အဘယ်မှာ မမှတ်မိပဲ နေနိုင်အံ့နည်း။

ထိုလက်စွပ်သည် သူ့မျက်လုံး တစ်ဘက်ကို အသုံးပြု၍ ထုလုပ်ထားခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက လင်းဖုန်းက ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်း အတွင်းတွင် သူ့ထံမှ နှိုက်ထုတ်သွားသော မျက်လုံးပင် ဖြစ်သည်။

ထိုလက်စွပ်အား တွေ့လိုက်ရသော အခါ စီးရီးယပ် မဟာပဏ္ဍိတသည် သူ့မျက်လုံးအား ဆုံးရှုံးစဥ်က ကြုံတွေ့ခဲ့ရသည့် ပူလောင်သော နာကျင်မှုများကို

+

ခံစားခဲ့ရသည်။ မတတ်နိုင်၍ မျိုသိပ်ထားရသော သူ၏
အမျက်ဒေါသများသည် ယခုအချိန်တွင် ထိန်းချုပ်၍
မရနိုင်တော့ချေ။ သူသည် ယခုအချိန်တွင်
ယွဲ့ဟုန်ယန်အား အစိတ်စိတ် အမွှာမွှာ
စုတ်ဖြဲပစ်ချင်နေတော့သည်။

ယွဲ့ဟုန်ယန်သည် အမူအရာ ကင်းမဲ့နေ၍ တိုက်ပွဲဝင်ရန်
အဆင်သင့် ဖြစ်နေခဲ့သည်။ လိုအပ်နေသည်မှာ
သူမပြိုင်ဘက်၏ လှုပ်ရှားမှုပင် ဖြစ်သည်။

သူမညာလက် အပေါ်မှ လက်စွပ်သည် သူမ
အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားသော အခါ
သူမ ကျင့်ကြံခဲ့သော မှော်ရတနာ တစ်ခု ဖြစ်သည်။
သူ့အား စီးရီးယပ် မဟာပဏ္ဍိတ၏ မျက်လုံးများဖြင့်
ပြုလုပ်ထားသဖြင့် စီးရီးယပ် သွေးမျက်လုံးဟု
အမည်ပေးထားသည်။

+

ဤအချိန်တွင် စီးရီးယပ် သွေးမျက်လုံး အပေါ်တွင် သွေးအရှိန်အဝါများ ပေါ်လာကာ ယွဲ့ဟုန်ယန်၏ ခေါင်းပေါ်တွင် သားကောင်အား ချောင်းမြောင်းနေသည့် ဝံပုလွေ ဦးခေါင်းတစ်ခုကို ဖန်ဆင်းလိုက်သည်။ ခက်ထန်လှသော ဝံပုလွေသည်   သူ၏ သွေးနီရောင် မျက်လုံးများဖြင့် ထေ့ပြုံးပြုံးကာ စီးရီးယပ် မဟာပဏ္ဍိတအား စိုက်ကြည့်နေခဲ့သည်။

ဝံပုလွေခေါင်းနှင့် အတူ ပါလာသည်မှာ ကြယ်စင်များ၏ တုန်ခါမှုနှင့် မိုးသက်လေပြင်းတို့၏ တရှဲရှဲ မြည်သံတို့ ဖြစ်ကြသည်။ များပြားလှသော မြင်ကွင်းများက အတူတကွ ပေါင်းစည်းသွားကာ ကစဥ့်ကလျား ဖျက်ဆီးမှု မြင်ကွင်းအား ဖန်တီးခဲ့လေသည်။

+

ဝံပုလွေခေါင်းသည် အခြား ပျက်စီးမှု မြင်ကွင်းများနှင့် အတူ ကွယ်ပျောက်သွားကာ ကျန်နေခဲ့သည်မှာ ကြယ်စင်များ၏ တုန်ခါနေမှုနှင့် တွန့်လိမ်နေသော ကောင်းကင်နှင့် မြေကြီးတို့သာ ဖြစ်ကြသည်။ အရာအားလုံးတို့က ပြောင်းလဲတော့မည်ကဲ့သို့ ဖြစ်နေကြသည်။

တော်ဝင်ပျက်သုဥ်းခြင်း လုံ့တံရှည်ကို ကိုင်ဆောင်ထားသော ယွဲ့ဟုန်ယန်သည် ညှာတာမှု ကင်းမဲ့သည့် ခုနစ်စဥ်ကြယ် ချပ်ဝတ်တန်ဆာ၊ စီးရီးယပ် သွေးမျက်လုံးတို့နှင့် ပေါင်းစည်းမိသွားသော အခါ သူမ၏ စွမ်းအားများသည် အဆင့် အသစ်တစ်ခုသို့ တက်လှမ်းသွားနိုင်ခဲ့သည်။

ထိုရတနာ သုံးပါးတို့သည် သန္ဓေလောင်း အဆင့် အထွတ်အထိပ်မှ မှော်ရတနာများ ဖြစ်ကြပြီး

+

အလွန်အမင်း အစွမ်းထက်ကြသည်။ သို့သော်လည်း အတိတ်တွင် စီးရီးယပ် မဟာပဏ္ဍိတသည် သူက အပြင်းအထန် ဒဏ်ရာရနေလျှင်ပင် သူတို့အား လုံးဝ အမှုထားမည် မဟုတ်ချေ။

သို့ရာတွင် ယခုအချိန်၌ ထိုရတနာ သုံးပါးတို့၏ စွမ်းအားများသည် ပေါင်းစည်းသွားကြကာ မှော်ရတနာ အသစ်တစ်ခု ပေါ်လာခဲ့သည်။ အတူတကွ ပူးပေါင်းမိသော အခါ သူတို့၏ စွမ်းအားများသည် မှော်ရတနာများ အကြား၌ပင် ရှားပါးသည်ဟု ပြော၍ရသည်။

ထိုမှော်ရတနာ၏ အစွမ်းသည် ယွဲ့ဟုန်ယန် အပေါ်၌ ကျရောက်သွားကာ သူမ၏ ကိုယ်ပိုင် စွမ်းအားများကိုလည်း တိုးတက်လာစေခဲ့သည်။ သူမသည် ပို၍ လူသတ်လိုစိတ် ပြင်းထန်လာကာ

+

အစွမ်းထက်လာ၍ စီးရီးယပ် မဟာပဏ္ဍိတကပင် သူမအား အလေးအနက် ထားခဲ့ရသည်။

ဤအချိန်တွင် မှော်ရတနာများ၏ အရေအတွက် တိုးတက်လာခြင်းသည် သူတို့၏ စွမ်းအားများကိုလည်း တိုးတက်လာစေခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် ရှိနေကြသော်လည်း အားလုံးတို့သည် စကြာဝဠာ အတွင်းမှ ကြယ်စင်များသည် ပို၍ ဖျက်ဆီးနိုင်စွမ်း ကောင်းလာသည်ဟု ခံစားခဲ့ကြရသည်။

ယွဲ့ဟုန်ယန်သည် သူမ၏ လုံ့တံရှည်ကို ပင့်မြှောက်လိုက်ကာ ကောင်းကင်ကို ဖြတ်သန်းသွား၍ စီးရီးယပ် မဟာပဏ္ဍိတထံသို့ ပြေးဝင်သွားသည်။

+

ချက်ချင်းဆိုသလိုပင် တစ်ယောက်သည် သူမ၏ ခြေထောက်အောက်တွင် ကြယ်စင်များက လမ်းကြောင်း တစ်ကြောင်းကို ဖန်ဆင်းပေးခဲ့ကြောင်းကို တွေ့ခဲ့ရသည်။ သူမသည် ရှေ့သို့ ချီတက်လာသော အခါ သူမ တက်လှမ်းခဲ့သော ကြယ်စင်များက ပျက်စီးသွားကြသည်။

"ရွှေ့လျားစမ်း" ယွဲ့ဟုန်ယန်က အသံတိုးတိုးဖြင့် ဟိန်းဟောက်လိုက်သည်။ သူမ ခြေတစ်လှမ်း လှမ်းခဲ့သော အခါ ကောင်းကင်နှင့် မြေကြီးတို့က ရွှေ့လျားသွားကြပြီး ကြယ်စင်များက နေရာ ပြောင်းသွားကြကာ ယွဲ့ဟုန်ယန်သည် ချက်ချင်း ဆိုသလိုပင် ကြယ်စင်များ၏ သခင်ကဲ့သို့ ဖြစ်သွားခဲ့သည်။

+

ကျယ်ပြန့်သော ကောင်းကင်နှင့် မြေကြီး၊
ကောင်းကင်အတွင်းမှ ကြယ်စင်များနှင့် ယွဲ့ဟုန်ယန်
ကိုယ်တိုင်တို့ အကြားတွင် ထူးခြားသော
ဆက်သွယ်မှုတစ်ခု ပေါ်လာသကဲ့သို့ ဖြစ်နေခဲ့သည်။

"ပွင့်စမ်း" ယွဲ့ဟုန်ယန်သည် အသံတိုးတိုးဖြင့်
အော်ဟစ်လိုက်ရာ သူမ၏ ခန္ဓာကိုယ် အနားမှ
မိုးကြိုးများ ထစ်ချုန်းလာကာ သူမ၏ ရုပ်ကိုယ်ခန္ဓာ
စွမ်းအားသည် ဆတက်ထမ်းပိုး တိုးတက်လာသည်။
ချက်ချင်း ဆိုသလိုပင် သူမ၏ စွမ်းအားများသည်
ပေါက်ကွဲတော့မည့် မီးတောင်နှင့် တူသွားပြီး
ပင်လယ်များက ထကြွလာကာ ကမ္ဘာမြေက
တုန်ခါလာလေသည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင်
မရေမတွက်နိုင်သော ကပ်ဘေးများ ပေါ်လာကာ
+

တစ္ဆေများက ညည်းညူနေ၍ နတ်ဘုရားများက ဟစ်ကြွေးနေကြသည်။ ကောင်းကင်တွင် သွေးမိုးများ ကျဆင်းလာကာ အားလုံးကို ဖျက်ဆီးနိုင်သော ကမ္ဘာဖျက် မြင်ကွင်းတစ်ခုအား ကောင်းစွာ မြင်နိုင်ခဲ့သည်။ ထိုအရာသည် ပြိုကျခြင်း၊ ပျက်စီးခြင်းနှင့် ကပ်ဆိုး မြင်ကွင်းများ ဖြစ်ကြသည်။

"ချိုးဖျက်စမ်း" ယွဲ့ဟုန်ယန်သည် တတိယ အကြိမ်မြောက် ဟိန်းဟောက်လိုက်၍ သူမ လက်အတွင်းမှ တော်ဝင်ပျက်သုဥ်းခြင်း လုံတံရှည်အား ပင့်မြှောက်လိုက်ပြီး ကောင်းကင်အား ခုတ်ချလိုက်ရာ စီးရီးယပ် မဟာပဏ္ဍိတ၏ ခေါင်းအပေါ်သို့ ကျဆင်းလာလေသည်။

သူမ၏ လုံတံရှည် ကျဆင်းလာသော အခါ ကောင်းကင်နှင့် မြေကြီးတို့က

+

နေရာပြောင်းသွားကြသကဲ့သို့ ဖြစ်သွားပြီး သူမ၏
လုံ့တံရှည်သည် ကောင်းကင်အား
ထောက်ကန်ထားသော တိုင်လုံးနှင့် မြေပြင် တစ်ခုလုံးကို
ချိုးဖျက်ခဲ့သည်။

ကောင်းကင်သည် သတ်ဖြတ်လိုနေခဲ့ပြီး ကြယ်စင်များက
ရွှေ့လျားနေကြသည်။

မြေကြီးသည် သတ်ဖြတ်လိုနေခဲ့ပြီး
နဂါးတစ်ကောင်ကဲ့သို့ ဟိန်းဟောက်နေခဲ့သည်။

လူသားသည် သတ်ဖြတ်လိုနေခဲ့ပြီး ကောင်းကင်နှင့်
မြေကြီးတို့က ပြောင်းပြန် လှန်သွားခဲ့သည်။

+

ကောင်းကင်၊ မြေကြီးနှင့် လူသားတို့သည် သူတို့၏ စွမ်းအားများကို အတူတကွ ပေါင်းစည်းခဲ့ကြ၍ မှော်ရတနာ သုံးပါးတို့၏ ပေါင်းစည်းထားသော စွမ်းအားဖြင့် ယွဲ့ဟုန်ယန်၏ အစွမ်းအထက်ဆုံး တိုက်ခိုက်မှုကို ထုတ်လွှတ်လိုက်သည်။

စီးရီးယပ် မဟာပဏ္ဍိတသည် အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်ကာ သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြလိုက်သည်။ ခက်ထန်သော စွမ်းအားတစ်ခုသည် သူ့ခန္ဓာကိုယ် အနားမှ ထိုးတက်လာ၍ အလင်းတန်း ပုံစံများက သူ့အနားတွင် ဖုံးလွှမ်းသွားကြကာ သူ၏ ပုံစံ တစ်ခုလုံးအား အသွေး၊ အသားနှင့် အရိုးများဖြင့် ဖွဲ့စည်းထားသော တောင်တစ်လုံးဖြင့် ဝန်းရံထားသကဲ့သို့ ဖြစ်သွားသည်။

+

သူ၏ မျက်လုံးများ အတွင်းတွင် ခရမ်းရင့်ရောင် အလင်းတန်း တစ်တန်း လင်းလက်လာ၍ သူ၏ ရောမ လက်သည်းဖြင့် ယွဲ့ဟုန်ယန် အပေါ်သို့ ကုတ်ချလိုက်ရာ ချက်ချင်း ဆိုသလိုပင် ကောင်းကင်ပေါ်တွင် သွေးနီရောင် အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။ သူတို့သည် သူမအပေါ်သို့ မကျလာခင်တွင်ပင် ယွဲ့ဟုန်ယန် အနေဖြင့် သူမ၏ အသက်စွမ်းအားများသည် အစုပ်ယူခံခဲ့ရသည်ဟု ခံစားခဲ့ရသည်။

သို့သော်လည်း ယွဲ့ဟုန်ယန်သည် ကြောက်ရွံ့မနေခဲ့ပဲ စီးရီးယပ် မဟာပဏ္ဍိတအား ဆက်လက်၍ တရစပ် တိုက်ခိုက်နေခဲ့ကာ သူ၏ တိုက်ခိုက်မှုများအား လုံးဝ အမှုမထားခဲ့ပေ။

ယွဲ့ဟုန်ယန်သည် နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိသည်ကို တွေ့ခဲ့ရသော အခါ စီးရီးယပ်

+

မဟာပဏ္ဍိတသည် သူ၏အံကို ကြိတ်လိုက်ပြီး သူမအား ဆက်လက်၍ တိုက်ခိုက်လိုက်သည်။

သူသည် ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုများသည် ကောင်းကင်နှင့် မြေကြီးတို့၏ စွမ်းအင်များနှင့် ပေါင်းစည်းထားသည်ကိုတွေ့ခဲ့သဖြင့် သူမအား လုံးဝ လျှော့မတွက်ရဲတော့ပေ။

သူ့အရှေ့မှ အင်မော်တယ် ဝိညာဥ် ပထမ အဆင့်တွင်သာ ရှိသေးသော ကောင်မလေးသည် သူ့အား အသက်အန္တရာယ် ခြိမ်းခြောက်နိုင်စွမ်း ရှိသည်။

သို့ရာတွင် စီးရီးယပ် မဟာပဏ္ဍိတသည် မရေမတွက်နိုင်သော တိုက်ပွဲ အတွေ့အကြုံများ ရှိထားပြီး သဘာဝအားဖြင့် ရဲရင့်သူ ဖြစ်သဖြင့် သူမ၏

+

တိုက်ခိုက်မှုများကို အမျက်တကြီးဖြင့် ပြန်လည် တုံ့ပြန်ခဲ့သည်။

ဤအချိန်တွင် သူ၏ စိတ်အတွင်းတွင် သွေးများ ဆူဝေလာ၍ မသက်မသာ ခံစားခဲ့ရသော်လည်း ဆက်လက် တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။ သူသည် အကယ်၍ မလွတ်မြောက်နိုင်ခဲ့လျှင်ပင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ပေးဆပ်ရစေရန် ဆုံးဖြတ်ထားသည်။

သို့သော်လည်း ဤအချိန်တွင် ယွဲ့ဟုန်ယန်၏ ခေါင်းပေါ်မှ ကောင်းကင်သည် အဆုံးမဲ့ တောက်ပမှုများဖြင့် လင်းလက်လာခဲ့သည်။

+

အနက်ရောင် သစ်ပင်တစ်ပင်သည် လေထုအလယ်တွင် ပေါ်လာ၍ ရွှေနက်ရောင် အလင်းတန်းများသည် ကောင်းကင်နှင့် မြေကြီးတို့အား အလင်းပေးခဲ့သည်။ ထိုအလင်းရောင်၏ တောက်ပမှုအောက်တွင် တစ်ယောက်သည် ကောင်းကင်သို့တိုင် ထိုးတက်သွားသည့် သစ်ပင်တစ်ပင်အား တွေ့နိုင်ခဲ့သည်။ သူ၏ သစ်ကိုင်းများသည် အနက်ရောင် သန်းနေ၍ သူ၏ သစ်ရွက်များက ရွှေရောင် သန်းနေကြသည်။

သူသည် လေယူရာ ယိမ်းနွဲ့နေသော်လည်း တစ်ယောက်သည် ထိုသစ်ပင်အား ရွှေ့လျား၍ မရနိုင်ပဲ ဖျက်ဆီး၍ မရနိုင်ဟု ကောင်းစွာ ခံစားနေရသည်။

ဤအရာသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ မဟာယာန အဆင့် မှော်ရတနာ ဖြစ်သော ဆာရို မှော်သစ်ပင်ပင် ဖြစ်သည်။

+

အစောပိုင်းက လင်းဖုန်းသည် သူ့အား ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံခဲ့၍ သူ၏ ခံစစ် စွမ်းအားများသည် အခြား မဟာယာန အဆင့်မှ မှော်ရတနာများထက် များစွာပို၍ သာလွန်သည်။

စီးရီးယပ် မဟာပဏ္ဍိတသည် သူ၏ တစ်လုံးတည်းသော မျက်လုံးအား ဖွင့်လိုက်ရာ သူ၏ ကျိန်စာ သွေးလက်သည်းသည် ဆာရို မှော်သစ်ပင်၏ ရွှေနက်ရောင် အလင်းတန်းများ အပေါ်သို့ ကျရောက်သွားသည်။ ထိုလက်သည်းသည် သစ်ပင် မျက်နှာပြင်ပေါ်မှ အဆုံးမဲ့ အလင်းတန်းများကို ဖြတ်တောက်နိုင်ခဲ့သော်လည်း ရွှေနက်ရောင် အလင်းတန်းများက မကြာမီပင် ပြန်ပြည့်လာခဲ့သည်။

+

ပို၍များသော ရွှေနက်ရောင် အလင်းတန်းများသည် လေးဘက်လေးတန်မှ ကျဆင်းလာပြီး သွေးနီရောင် ဒဏ်ရာအား လျင်မြန်စွာဖြင့် ကုစားလိုက်သည်။

ဤမြင်ကွင်းအား မြင်လိုက်ရသော အခါ စီးရီးယပ် မဟာပဏ္ဍိတသည် သွေးအန်လုနီးပါး ဖြစ်သွားခဲ့၍ သူ၏ ရင်အတွင်းတွင် ကူရာမဲ့သော ခံစားချက် တစ်ခု ပေါ်လာခဲ့သည်။

ဆာရို မှော်သစ်ပင်၏ ကာကွယ်မှုကြောင့် ယွဲ့ဟုန်ယန်အား အမှန်တကယ် ဒဏ်ရာရစေရန် အမတန်မှ ခက်ခဲသည်။ သို့သော်လည်း ယွဲ့ဟုန်ယန်သည် သူမ၏ စွမ်းအားအကုန်ဖြင့် သူ့အား ရက်စက်စွာ ရိုက်နှက်နိုင်သည်။

+

# စာစဥ် ၇၄ : အပိုင်း ၁၆

## အပိုင်း ၁၄၄၆ : တစ်ယောက်၏ အကြွေးများကို ပြန်ဆပ်ခြင်း

လင်းဖုန်း၏ တပည့် အများစုသည် တိုက်ပွဲအတွင်းတွင် အခွင့်အရေးများကို အသုံးချတတ်သူများ ဖြစ်ကြသည်။ သို့သော်လည်း သူတို့ရှစ်ယောက် အနက် ယွဲ့ဟုန်ယန်၏ တိုက်ခိုက်သည့် ပုံစံသည် အခက်ထန်ဆုံး ဖြစ်သည်။ သူမသည် သူမ ပြိုင်ဘက်အား တုံ့ပြန်တိုက်ခိုက်ရန် အခွင့်အရေး မပေးရုံသာ မကပဲ နောက်ဆုတ်ရန်လည်း မစဉ်းစားပေ။

ထိုအရာသည် သူမ၏ သိုင်းဝိဉာဉ် စိတ်ဓာတ် ဖြစ်သဖြင့် သူမ၏ ဆရာအနေဖြင့် လင်းဖုန်းသည် သူမ ပုံစံအား

+

ပြောင်းလဲရန် မကြိုးစားခဲ့ပေ။ အကယ်၍ ပြောင်းလဲခဲ့လျှင်လည်း သူမ၏ စွမ်းရည် အပေါ်၌ ရှောင်လွှဲ၍ ရမည် မဟုတ်ပဲ ကြီးမားစွာ အကျိုးသက်ရောက်မှု ရှိလိမ့်မည် ဖြစ်သည်။

သူမအား သိပ်ပြီးမှ ပြောင်းလဲ၍ ရမည် မဟုတ်သဖြင့် လင်းဖုန်းသည် သူမ၏ အားနည်းချက်များအား ဖုံးကွယ်နိုင်ရန် သူမ သိုင်းကွက်များကို အနည်းငယ်သာ အပေါ်ယံ ပြုပြင်ပေးခဲ့သည်။

လင်းဖုန်းကိုယ်တိုင် ကျင့်ကြံခဲ့သော ဆာရို မော်သစ်ပင်၏ အခြေခံမှာ ဆာရို သံမဏိ သစ်ပင် ဖြစ်သည်။ သူသည် အခြား စွမ်းအားများ၊ မော်ကျိုန်စာများနှင့် ပေါင်းစည်းနိုင်သဖြင့် သူ၏ ခံစစ် စွမ်းအားများသည် ကြီးမားလှကာ မသေဝိညာဥ် တတိယ

+

အဆင့်မှ သန့်စင်သော သွေးမျိုးဆက် ရွှမ်းဝူနှင့် ဆာရို သံမဏိ သစ်ပင် တစ်ပင်ထက်ပင် ပို၍ သာလွန်ပေသည်။

ယွဲ့ဟုန်ယန်၏ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ တပည့်များသည်လည်း ယွဲ့ဟုန်ယန်နှင့် တူညီသော တိုက်ပွဲပုံစံများ ရှိကြသဖြင့် ဆာရို မော်သစ်ပင်သည် အထူး သင့်လျော်သော ရွေးချယ်မှု ဖြစ်သည်။

ဤအချိန်တွင် ယွဲ့ဟုန်ယန်သည် ဝိညာဥ်ပင်လယ် အတွင်းသို့ မဝင်ခင်ကတည်းက ဆာရို မော်သစ်ပင်အား သူမနှင့် အတူ ယူဆောင်လာခြင်း ဖြစ်သည်။

ဤအချိန်တွင် ဆာရို မော်သစ်ပင်၏ အကာအကွယ်ဖြင့် ယွဲ့ဟုန်ယန်သည် စီးရီးယပ် မဟာပဏ္ဍိတနှင့်

+

တိုက်ခိုက်ရာတွင် ခံစစ်အား ဂရုစိုက်စရာ မလိုတော့ပဲ စွမ်းအားအကုန်သုံး၍ အပြင်းအထန် တိုက်ခိုက်ခဲ့သည်။

နှစ်ဦး နှစ်ဘက်တို့သည် တိုက်စစ်ဖွင့်ကာ တိုက်ခဲ့ကြသော်လည်း ဆာရှိ မှော်သစ်ပင်သည် စီးရီးယပ် မဟာပဏ္ဍိတ၏ သွေးကျိန်စာ လက်သည်းကို ခုခံပေးခဲ့ပြီး ယွဲ့ဟုန်ယန်၏ တော်ဝင်ပျက်သုဥ်းခြင်း လှံတံရှည်သည် စီးရီးယပ် မဟာပဏ္ဍိတအား ခုတ်ချနိုင်ခဲ့သည်။

သွေးပင်လယ်က ပြိုကွဲသွား၍ အရိုးတောင်က လဲပြိုသွားသည်။ အနက်ရောင် ဝံပုလွေက သနားဖွယ်ကောင်းစွာ ဟိန်းဟောက်လိုက်သော အခါ တစ်ယောက်သည် မရေမတွက်နိုင်သော သွေးစက်များက နေရာအနှံ့သို့ လွင့်စင်သွားသည်ကို တွေ့နိုင်ခဲ့သည်။

+

ယွဲ့ဟုန်ယန်၏ လက်ချက်ဖြင့် စီးရီးယပ် မဟာပဏ္ဍိတ၏ ခန္ဓာကိုယ် အပေါ်တွင် ကြောက်မက်ဖွယ်ရာ ဒဏ်ရာတစ်ခု ပေါ်လာခဲ့သည်။ သူသည် ယခင်က လင်းဖုန်းကြောင့် ဒဏ်ရာ ရရှိထားသဖြင့် သွေးများသည် သူ၏ မွေးညင်းပေါင်းများ အတွင်းမှ စတင်၍ ယိုစီးလာခဲ့သည်။

ယွဲ့ဟုန်ယန်၏ အမူအရာသည် တည်ငြိမ်နေကာ သူမ၏ အကြည့်သည် ရေခဲတမျှ အေးစက်နေသည်။ သူမသည် ညှာတာမှု ကင်းမဲ့သူ ဖြစ်ကာ သူမ၏ အစိမ်းနက်ရောင် လုံတံရှည်သည် စီးရီးယပ် မဟာပဏ္ဍိတ၏ ခန္ဓာကိုယ် အတွင်းသို့ ခိုင်မြဲစွာ နစ်ဝင်နေ၍ ပြန်လည် ဆွဲထုတ်ရန် ရည်ရွယ်ချက် မရှိခဲ့ပေ။ ထို့အစား သူမသည် ကြောက်မက်ဖွယ်ရာ ကောင်းကင်ကိုးလွှာ

+

ဒြပ်မဲ့လေပြင်းအား ထုတ်လွှတ်လိုက်၍ သူ၏ ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက် ဖျက်ဆီးခဲ့သည်။

စီးရီးယပ် မဟာပဏ္ဍိတသည် အမျက်တကြီးဖြင့် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်လိုက်သည်။ သူသည် သူ၏ ခန္ဓာကိုယ်အား တည်ငြိမ်အောင် ကြိုးစားလိုက်၍ အစွမ်းရှိသမျှ ခုခံခဲ့သော်လည်း ဆာရို မော်သစ်ပင်သည် သူ့အား တားဆီးထားခဲ့သဖြင့် သူတတ်နိုင်သည်မှာ နောက်ဆုတ်ရန် လမ်းတစ်လမ်း ရှာရခြင်းပင် ဖြစ်သည်။

သွေးများသည် ကောင်းကင်အား စွန်းထင်းသွားကာ စီးရီးယပ် မဟာပဏ္ဍိတသည် အနောက်အနည်းငယ် ဆုတ်နိုင်ခဲ့သည်။ သို့သော်လည်း သူနောက်ဆုတ်နေရင်း ယွဲ့ဟုန်ယန်၏ စွမ်းအားများသည် ထပ်ဖန်တစ်ခါ တိုးတက်လာ၍ ဆူနာမီ လှိုင်းလုံးများ ပမာ ဆက်တိုက် တိုက်ခိုက်ခဲ့သည်။

+

တိုက်ခိုက်မှုများသည် ပြင်းထန်သလို မြန်ဆန်လှသဖြင့်
စီးရီးယပ် မဟာပဏ္ဍိတ၏ ရင်အတွင်းတွင်
ကြံရာမရမှုများဖြင့် ပြည့်လာခဲ့သည်။

အကယ်၍ ထိုတိုက်ခိုက်မှုများသည် ခက်ထန်ရုံ
သက်သက်ဆိုလျှင် စီးရီးယပ် မဟာပဏ္ဍိတသည်
စိုးရိမ်နေမည် မဟုတ်ချေ။ သူသည် အခွင့်အရေး
တစ်ခုကို ရခဲ့ပါက သူ့ပြိုင်ဘက်၏ အားနည်းချက်
တစ်ခုကို ရှာနိုင်ခဲ့မည် ဖြစ်သည်။

အကယ်၍ သူသည် ဆာရို မှော်သစ်ပင်ကြောင့်
ယွဲ့ဟုန်ယန်အား ဒဏ်ရာရအောင် မလုပ်နိုင်ခဲ့လျှင်ပင်
အနည်းဆုံးတော့ လွတ်လမ်းကို ရှာနိုင်ခဲ့မည် ဖြစ်သည်။

+

သို့သော်လည်း ယွဲ့ဟုန်ယန်၏ တိုက်ခိုက်မှုများသည် ပြင်းထန်လှရုံသာ မကပဲ မဆက်မပြတ် ကျဆင်းလာခြင်း ဖြစ်သည်။ သူမသည် စီးရီးယပ် မဟာပဏ္ဍိတအား ရိုက်နှက်နေသော အခါ သူမ၏ တိုက်ခိုက်မှုများသည် အကြားအလပ် မရှိသကဲ့သို့ ဖြစ်နေခဲ့သည်။

သာမန်လူများ အနေဖြင့် အကယ်၍ သူတို့သည် ဤမျှအထိ ဆက်တိုက် တိုက်ခိုက်နေပါက အချိန် အနည်းငယ်မျှ ထိန်းချုပ်မှု ကင်းလွတ်သွားလိမ့်မည် ဖြစ်သည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ အဖို့ သူတို့၏ ခန္ဓာကိုယ်များ အပေါ်မှ ထိန်းချုပ်မှုများနှင့် တိုက်ခိုက်မှုများသည် အဆင့်အသစ် တစ်ခုသို့ ရောက်ရှိသွားပြီ ဖြစ်သော်လည်း သူတို့တွင်

+

အခြားသာမန် ကျင့်ကြံသူများနှင့် တူညီသော အကန့်အသတ်များ ရှိသေးသည်။

အကယ်၍ တစ်ယောက်သည် ဆက်လက် တိုက်ခိုက်လိုနေပြီး အင်အားလက်ကျန်များကို ချန်ထားချင်သေးသည် ဆိုပါက ညှာတာမှု ကင်းမဲ့စွာ တိုက်ခိုက်၍ ရမည် မဟုတ်ချေ။ သူတို့သည် အရေးပေါ် အခြေအနေများ အတွက် စွမ်းအားအချို့ကို ချန်ထားရဦးမည် ဖြစ်သည်။

ဤအရာသည် သာမန် အခြေအနေ ဖြစ်သည်။

သို့သော်လည်း ဤအခြေအနေသည် ယွဲ့ဟုန်ယန် အတွက် အကျုံးမဝင်ပေ။ ဆံပင်နီနှင့် မိန်းကလေးသည် ညှာတာမှု ကင်းမဲ့စွာ အဆက်မပြတ်

+

တိုက်ခိုက်ခဲ့သော်လည်း သူမသည် သူမ၏
တိုက်ခိုက်မှုများကို ကောင်းစွာ ထိန်းချုပ်နိုင်စွမ်း ရှိနေ၍
အားနည်းချက်များကို မဖော်ပြခဲ့ပေ။

စီးရီးယပ် မဟာပဏ္ဍိတသည် ထိုအရာက အထူးစွမ်းရည်
တစ်ခုဖြစ်မှန်းကို သိခဲ့လိုက်သည်။ သူသည် နေ့စဉ်
ကျင့်ကြံမှုများတွင် အသုံးမဝင်ပဲ သုံးသပ်၍ မရကာ
မြင်နိုင်စွမ်းလည်း မရှိသဖြင့် အခြားသူများက
သတိထားမိမည် မဟုတ်ပဲ သူသေကိုယ်သေ တိုက်ပွဲ
အတွင်းမှသာ သိသာလာမည် ဖြစ်သည်။

ဤအထူးစွမ်းရည်သည် ကြိုးစား အားထုတ်မှုနှင့်
ပူးပေါင်းသွားသော အခါ သေစေနိုင်ပေသည်။

+

သူကလည်း ဤကဲ့သို့သော ကျင့်ကြံသူ တစ်ယောက်
ဖြစ်သည့် အတွက် စီးရီးယပ် မဟာပဏ္ဍိတသည်
ဤအရာကို ကောင်းစွာ သဘောပေါက်နေခဲ့သည်။
သူသည် ကျင့်ကြံမှု အဆင့်တူသော သူများထက်
များစွာပို၍ အစွမ်းထက်ကာ ကာဒီနယ်ကပ်ဘေး စဦးပိုင်း
အဆင့်မှ ကျူးကျန်း မဟာပဏ္ဍိတနီးပါးမျှကို
အစွမ်းထက်သည်။ ထိုအရာသည် သူက
ကောင်းကင်တာအို မိစ္ဆာကျမ်းစာအား ကျင့်ကြံထားသည့်
အချက်ကြောင့်သာ မဟုတ်ပေ။

သို့သော်လည်း ဤအပိုင်းမှ ယွဲ့ဟုန်ယန်၏
စွမ်းရည်များသည် သူ့ထက်ပင် သာလွန်နေသေးသည်။

ဆာရို မှော်သစ်ပင်က သူမအား ကာကွယ်ထားသဖြင့်
ယွဲ့ဟုန်ယန်သည် ဤအပိုင်းမှ သူမ၏ စွမ်းရည်များကို
ပို၍ပင် ထုတ်ဖော် ပြသနိုင်ခဲ့သည်။ သူမသည် သူမ၏
+

စွမ်းအားများ အားလုံးကို တိုက်စစ်အတွင်း၌သာ ပုံအောထား၍ စီးရီးယပ် မဟာပဏ္ဍိတ ထံသို့ ညှာတာမှု ကင်းမဲ့သော ဝဲကတော့ တစ်ခုအလား ရောက်လာခဲ့သည်။

စီးရီးယပ် မဟာပဏ္ဍိတ၏ ရင်အတွင်းမှ မသက်မသာ ခံစားချက်များသည် ပို၍ပို၍ သန်မာလာကာ တိုက်ခိုက်လိုနေသော်လည်း ဆာရို မှော်သစ်ပင်၏ ရွှေနက်ရောင် အလင်းတန်းများကို တွေ့ခဲ့ရသော အခါ အလွန်အမင်း ကူရာမဲ့စွာ ခံစားနေရ၍ သူ၏ စိတ်ဓာတ်များက ကျဆင်းသွားခဲ့သည်။

ကြီးမားလှသော အန္တရာယ် အတွင်းသို့ ကျရောက်နေပြီကို သိခဲ့ရသော အခါ စီးရီးယပ် မဟာပဏ္ဍိတသည် မအောင်နိုင်ပဲ သူ၏

+

တစ်လုံးတည်းသော သွေးနီရောင် မျက်လုံးဖြင့် လင်းဖုန်းထံသို့ စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။

ထိုနေရာတွင် လင်းဖုန်း၏ ပုံစံသည် လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ အကြားမှ ယှက်သန်းနေသော နေရာသည် သီးသန့်ကမ္ဘာ တစ်ခုအဖြစ်သို့ ပြောင်းလဲသွားကာ တစ်ယောက်သည် အတွင်းမှ ဖြစ်ပျက်နေခဲ့သော အရာများကို မတွေ့နိုင်ခဲ့ပေ။

ဤအချိန်တွင် စီးရီးယပ် မဟာပဏ္ဍိတ၏ ဦးနှောက်အတွင်းတွင် ပုံရိပ်များ လင်းလက်လာခဲ့ကာ တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင် လင်းဖုန်းနှင့် ပထမဆုံး အကြိမ် တွေ့ခဲ့သည့် အချိန်ကို ပြန်လည် စဉ်းစားမိခဲ့သည်။

+

ထိုအချိန်က သူသည် ယုံကြည်ချက်များဖြင့် ပြည့်နှက်နေ၍ လင်းဖုန်းအား လုံးဝ အမှုမထားခဲ့ပေ။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတကသာ ဟေးဒီးစ် အမှောင်မန္တန်အား ကျင့်ကြံခဲ့ခြင်း မရှိလျှင် သူသည် လင်းဖုန်းအား အဆုံးအထိ တိုက်ခိုက်ခဲ့မည် ဖြစ်ပြီး သူ့အား ဖျက်ဆီးကာ ယုကျင်းတောင်အား သိမ်းပိုက်မည် ဖြစ်သည်။

နောက်တစ်ကြိမ် သူတို့ ပြန်တွေ့ခဲ့ကြသော အချိန်သည် ကြယ်စင်ပင်လယ် အတွင်းတွင် ဖြစ်သည်။ ထိုအချိန်တွင် လင်းဖုန်းသည် လုံးဝ ပြောင်းလဲသွားသည့် လူတစ်ယောက်ကဲ့သို့ ဖြစ်သွားကာ ယခင်ကနှင့် လုံးဝ ခြားနားသွားခဲ့သည်။

+

ထိုအချိန်က သူသည် လင်းဖုန်း အမှုထားရသည့် ပြိုင်ဘက်တစ်ယောက် မဟုတ်တော့ပဲ သူတို့အကြားမှ ခြားနားချက်သည့် စီးရီးယပ် မဟာပဏ္ဍိတအား သွေးအန်လုနီးပါး ဖြစ်စေခဲ့သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီးမှ ယခုအချိန် အထိ လင်းဖုန်းသည် စီးရီးယပ် မဟာပဏ္ဍိတအား ခေါင်းထဲပင် မထည့်တော့ချေ။

သို့သော်လည်း သူ့အနေဖြင့် သူသည် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်တွင်သာ ရှိသေးသော လင်းဖုန်း၏ စတုတ္ထ တပည့်၏ လက်အောက်တွင် ကျဆုံးခဲ့ရမည်ဟု တစ်ခါမှ မမျှော်လင့်ခဲ့ဖူးပေ။ ဤရလဒ်ကို တစ်ခါမှ

+

မမျှော်မှန်းထားခဲ့၍ စီးရီးယပ် မဟာပဏ္ဍိတ၏
ရင်အတွင်း၌ ကြီးမားသော ဝေဒနာများကို
ခံစားနေရသည်။

သူ့အနေဖြင့် လွန်ခဲ့သော နှစ်များက တိမ်တိုက်တောအုပ်
ကမ္ဘာ အတွင်းတွင် လင်းဖုန်းအား
လျစ်လျူရှုထားခဲ့ခြင်းသည် ဤကဲ့သို့သော ရလဒ်မျိုးကို
ဖြစ်ပေါ်လာစေလိမ့်မည်ဟု တစ်ခါမှ မမှန်းဆခဲ့ဖူးပေ။

အကယ်၍ ထိုအချိန်က သူသည် လင်းဖုန်းအား
သတ်ဖြတ်ရန် ကြိုးစားခဲ့ပါက အောင်မြင်ခဲ့မည်လော
သို့မဟုတ် လင်းဖုန်း၏ စွမ်းအားများသည် ရုတ်တရက်
တိုးတက်လာ၍ သူ့အား အနိုင်ယူလိမ့်မည်လော။

+

ဝမ်းနည်းစရာ ကောင်းသည်မှာ အရာအားလုံးတို့အား မှန်းဆရန်သာ တတ်နိုင်ခဲ့ပြီး သူ၏ ယူဆချက်များကို သက်သေမပြနိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုအကြောင်းကို ပြောရလျှင် အတိတ်သည် ဝေးကွာသည်ဟု ထင်နေရသော်လည်း မဟာကမ္ဘာ အတွင်းတွင် ဆယ်စုနှစ် အချို့သာ ရှိသေးသည်။

စီးရီးယပ် မဟာပဏ္ဍိတ၏ သက်တမ်းနှင့် ယှဉ်လိုက်လျှင် ထိုအချိန်သည် အမတန်ကိုမှ တိုတောင်းသော အချိန် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်တိုလေး အတွင်းတွင် ဤမျှအထိ ကြီးမားသော ပြောင်းလဲမှု တစ်ခု ဖြစ်လာခဲ့၍ အားလုံးတို့သည် သူတို့၏ ကမ္ဘာများက ပြောင်းပြန်လှန်သွား၍ အစစ်အမှန် မဟုတ်ဟု ခံစားနေရသည်။

+

စီးရီးယပ် မဟာပဏ္ဍိတ၏ ရင်အတွင်းတွင် ရုတ်တရက် စိုးရိမ်မှုများကို ခံစားခဲ့ရ၍ ယွဲ့ဟုန်ယန်က သူ့အနားသို့ လက်မအနည်းငယ်သာ ကွာတော့မှသာ သတိပြန်ဝင်လာ၍ ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

ယခုလက်ရှိ တိုက်ပွဲသည် သူ့အား လုံးဝ ကူရာမဲ့ ဖြစ်စေခဲ့သည်။

ယွဲ့ဟုန်ယန်သည် စီးရီးယပ် မဟာပဏ္ဍိတအား လိုက်လံ တိုက်ခိုက်နေသည့် အချိန်တွင် မျောက်သည် ရွှေပုစဉ်း ဆရာတော် အနားသို့ ရောက်လာပြီး မချိုမချဉ် ပြုံး၍ ပြောလိုက်သည်။ "အမှိုက်ထုပ်ကြီး... အခုအချိန်မှာ ဘယ်ကို ပြေးနိုင်မလဲ ဆိုတာကို ကြည့်ချင်သေးတယ်"

+

သူ၏စကား ဆုံးသည်နှင့် သူသည် သူ၏ တုတ်ချောင်းကို မြှောက်၍ ရွှေပုစဥ်း ဆရာတော် အပေါ်သို့ ရိုက်ချလိုက်သည်။

ရွှေပုစဥ်း ဆရာတော်သည် မျောက်အားကြည့်၍ သက်ပြင်းချလိုက်ကာ သူ၏ခေါင်းကို ခါလိုက်ပြီး ဘာမှ မပြောခဲ့ပေ။ သူသည် ထွက်ပြေးနေခဲ့ရင်း မျောက်၏ တိုက်ခိုက်မှုများကို ဖယ်ရှားနေခဲ့သည်။ သူတို့နှစ်ယောက်တို့သည် အဆက်မပြတ် တိုက်ခိုက်နေရင်း မကြာမီပင် အဝေးသို့ ပျောက်ကွယ်သွားခဲ့သည်။

ရွှေရောင်ရေအိုင် အနီးတွင် ပြန်လည် တည်ငြိမ်သွား၍ မည်သူ့ကိုမှ မတွေ့ရတော့ပဲ မူလရွှေခွက်သည် ရေမျက်နှာပြင် အပေါ်သို့ ပြန်လည် ကျဆင်းလာ၍

+

ရေအိုင်အတွင်းမှ ရေများကလည်း စတင်၍ ဂယက်ထလာခဲ့သည်။

ယန်ချင်နှင့် အတူ လင်းဖုန်း၏ ကိုယ်ပွား သုံးခုတို့သည် မူလရွှေခွက် အပေါ်၌ တင်ပလ္လင်ခွေ ထိုင်နေကြ၍ ယခုအချိန်တွင် သူတို့အပေါ်မှ နေရာကို ကြည့်နေကြသည်။ ထိုနေရာတွင် သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ အကြားမှ နေရာတွင် မီးခိုးရောင် ကမ္ဘာတစ်ခု ပေါ်လာ၍ အားလုံးတို့ ခေါင်းပေါ်မှ ကောင်းကင်သည် မီးခိုးရောင် သန်းသွားခဲ့သည်။

ထိုမီးခိုးရောင် ကောင်းကင်အတွင်းတွင် လူငယ် နှစ်ယောက်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်။

+

တစ်ယောက်သည် အစိမ်းရောင် ဝတ်စုံတစ်ခုကို ဝတ်ဆင်ထား၍ မည်သည့်အရာမှ သူ့အား အနှောင့်အယှက် မပေးနိုင်ခဲ့သကဲ့သို့ သူ၏ အမူအရာက တည်ငြိမ်နေခဲ့သည်။

အခြားတစ်ယောက်သည် ခရမ်းရောင် ဝတ်စုံနှင့် အဖြူရောင် အပေါ်ရုံ အင်္ကျီအား ဝတ်ဆင်ထားသည်။ သူသည် စာသင်သား တစ်ယောက်ကဲ့သို့ ဝတ်စားထား၍ သူ၏လက်များအား ကျောနောက်တွင် ပစ်ထားကာ ခမ်းနားကြီးကျယ်သော ရွှေရောင်တံတား တစ်ခုအပေါ်တွင် ရပ်နေခဲ့သည်။ ထိုတံတားသည် ကောင်းကင်အား ဖြတ်သန်းသွား၍ တစ်ယောက်သည် သူ၏ အဆုံးသတ်ကိုပင် မမြင်နိုင်ခဲ့ပေ။

ဇူရီက လင်းတောက်ဟန်ကို ကြည့်၍ မေးလိုက်သည်။ "ကျုပ်က အရင်က ဝူချင်လျှိုကို မြင်ဖူးတယ်… ဒါပေမဲ့

+

ခင်ဗျားဟာ နောက်ထပ်ကိုယ်ပွား တစ်ခုကို အသုံးပြုပြီးမှ ကျုပ်ရဲ့ စာမေးပွဲကို နှောင့်ယှက်လိမ့်မယ်လို့ မထင်ခဲ့ဘူး... ဒါက ဘယ်သူလဲ"

လင်းတောက်ဟန်၏ အမူအရာသည် တည်ငြိမ်နေ၍ သူ၏ လေသံမှာ အပြောင်းအလဲ မရှိပဲ ကြည်လင်နေကာ ခံစားချက် ကင်းမဲ့စွာဖြင့် ပြန်ဖြေလိုက်သည်။
"သူ့နာမည်က ဝမ်ခွန်းဖြစ်ပြီး သူဟာ မဟာကျိုး အင်ပါယာရဲ့ မြောက်ပိုင်းမှာ ရှိတဲ့ ယန်ကျိုးက ဖြစ်တယ်... သူက ကျင့်ကြံမှု မရှိပဲ သာမန် စာသင်သား တစ်ယောက်ဖြစ်တယ်"

ဇူရီက သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။
"သိပ်ပြီးမှလည်း သာမန် မဆန်ပါဘူး... သူက စာပေ ဗဟုသုတနဲ့ အတော် ပြည့်စုံတယ်"

+

လင်းတောက်ဟန်က ပြောလိုက်သည်။ "မဟုတ်ဘူး… တကယ်လို့ သူက ခင်ဗျားရဲ့ စာပေ အရှိန်အဝါတွေရဲ့ ရိုက်ခတ်ခြင်းကို မခံခဲ့ရရင် ပညာရှိ တစ်ရာတို့ရဲ့ ချီးမွမ်းခြင်းကို ခံနိုင်ခဲ့မှာ မဟုတ်ဘူး"

ဇူရီက သူ့အားကြည့်၍ ပြောလိုက်သည်။ "ကမ္ဘာနှစ်ခု အကြားက စစ်ပွဲ မတိုင်ခင်မှာ ကျုပ်တို့ရဲ့ တိုက်ပွဲဟာ အခြား တစ်နေရာမှာ ဖြစ်လိမ့်မယ်လို့ ကျုပ်ပြောခဲ့တယ်"

ဇူရီ၏ စကားလုံးများကို ကြားခဲ့ရသော အခါ လင်းတောက်ဟန်က ငြိမ်သက်သွား၍ မူလ တည်ငြိမ်နေသော အကြည့်သည် အနည်းငယ် လင်းလက်လာသည်။

+

'အခြား တစ်နေရာမှာ' ဟူသော စကားသည် ဥပေက္ခာ မဟာလမ်းစဉ်နှင့် ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့၏ ပြဿနာများကို ဆိုလိုနေခြင်း ဖြစ်သည်။

ရလဒ်မှာ သိသာနေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဗုဒ္ဓ၏ ကမ္ဘဝါဒ ဆွေးနွေးပွဲ အပြီးတွင် လင်းတောက်ဟန်သည် ဇူရီက ထိုအရာအား ပထမဆုံး ဖော်ပြခဲ့သည်ဟု ခံစားခဲ့ရသည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအပြီးတွင် ဟင်းလင်းပြင် ဘုရားကျောင်းသည် အချိန် စောင့်ဆိုင်းနေသည့် ကာလ၌ လင်းတောက်ဟန်သည် ဤအရာအား အရေးကြီးသည့် ကိစ္စတစ်ခု အနေဖြင့် သူ၏ဂိုဏ်းအား တင်ပြခဲ့ပြီး သူနှင့်

+

ထိုက်ရီသူတော်စင်တို့ နှစ်ယောက်စလုံးက အတူတကွ လှေ့လာခဲ့ကြသည်။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တိုးတက်မှုသည် သူတို့၏ မျှော်မှန်းချက်အား ကျော်လွန်သွားခဲ့သေးသည်။

လင်းတောက်ဟာန်က သက်ပြင်းချ၍ သူ၏ခေါင်းကို ခါလိုက်ပြီး ပြောလိုက်သည်။ "ကျုပ်က ဒီပြိုင်ပွဲမှာ ရှုံးသွားခဲ့တယ်"

ဇူရီက အနည်းငယ် ပြုံး၍ ပြောလိုက်သည်။ "ကျုပ်တို့ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပြိုင်ဆိုင်ခဲ့တဲ့ အတွက် ကျုပ်တို့ အကြားမှ ရန်ငြိုးရန်စ ရှိသွားနိုင်တယ်… ဒါပေမဲ့ ဒါက ကျုပ်တစ်ယောက်တည်းရဲ့ အစွမ်းမဟုတ်ဘူး…

+

အောင်မြင်ခဲ့တဲ့ ရလဒ်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ဥပေက္ခာ မဟာလမ်းစဥ်၊ ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာ၊ ပြီးတော့ ကျုပ်ရဲ့ စီနီယာတွေ၊ ဂျူနီယာတွေရဲ့ အားထုတ်မှု၊ ကျုပ်ဆရာက လမ်းညွှန်မှုတွေကြောင့်လည်း ပါတယ်"

"ကျုပ်တို့က ဝိညာဥ်ပင်လယ်ကို ယှဥ်ပြိုင်နေကြတဲ့ အတွက် နောက်တစ်ခေါက် ယှဥ်ပြိုင်ပြီး ကျုပ်တို့အကြားက အကြွေးကို အပြည့်အဝ ရှင်းလိုက်ရအောင်"

ဇူရီ၏ စကား ဆုံးသွားသော အခါ သူ၏ ခေါင်းပေါ်မှ ရီတာအို အဆောင်လက်ဖွဲ့က လင်းလက်လာခဲ့၍ အလင်းနှင့် အမှောင်တို့ ယှက်သန်းနေသည် လေထုအလယ်တွင် လွင့်မျောနေခဲ့ကာ ထိုနေရာ တစ်ခုလုံးအား အလင်းပေးလိုက်သည်။

+

# စာစဉ် ၇၄ : အပိုင်း ၁၇

## အပိုင်း ၁၄၄၇ : ဟင်းလင်းပြင် ဘုရားကျောင်းမှ လူငယ်မျိုးဆက်၏ ထိပ်ဆုံး ကျင့်ကြံသူ

ဇူရီသည် လင်းတောက်ဟန်အား မည်သည့်အခါမှ လျှော့တွက်ခဲ့ခြင်းမျိုး မရှိခဲ့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း မြင့်တက်လာမီက ဟင်းလင်းပြင် ဘုရားကျောင်းသည် နတ်ဘုရားနယ်မြေ အတွင်းတွင် နံပါတ်တစ် မြင့်မြတ်နယ်မြေ ဖြစ်သည်။ ဂိုဏ်းအတွင်းသို့ ဝင်ရောက်နိုင်ရန် တစ်ယောက်သည် အလွန် ထူးချွန်ရမည် ဖြစ်သည်။

+

ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းသို့ ဝင်ရောက်နိုင်၍ ဗဟိုတပည့် ဖြစ်လာနိုင်သော သူတစ်ယောက်သည် အနည်းဆုံးတော့ ကျင့်ကြံမှု စွမ်းရည်များတွင် ထူးချွန် ပြောင်မြောက်ရမည် ဖြစ်သည်။

လင်းတောက်ဟန်သည် သူ၏ မျိုးဆက်အတွင်းတွင် အထူးချွန်ဆုံး ကျင့်ကြံသူ ဖြစ်ကာ သူ၏ ပြိုင်ဘက်များ အားလုံးကို ကျော်လွှားပြီး ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင် ထိပ်ဆုံးနေရာအား ကြိုးစိုးထားခဲ့သူ ဖြစ်သည်။ သူသည် အမှန်ပင် ပါရမီရှင်များ အကြားမှ ပါရမီရှင် ဖြစ်သည်။

သူသည် ဥနှစ်များ အတွင်းတွင် ပိုင်ယွင်တောင်ပေါ်၌ ငြိမ်သက်စွာသာ နေလေ့ရှိသဖြင့် လူအချို့ကသာ သူ့အား သိကြသော်လည်း သူ့အကြောင်းကို သိသောသူများမှာ သူ၏ စွမ်းအား အစစ်အမှန်ကို သိနေကြသည်။

+

သူသည် အသက်၁၅နှစ် အရွယ်တွင်
အခြေတည်ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့ပြီး ၃၆နှစ်တွင်
အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိခဲ့သည်။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရှီထျန်းဟောင်
မြင့်တက်မလာမီက သူသည် နတ်ဘုရားနယ်မြေ
အတွင်းတွင် အစွမ်းအထက်ဆုံးသော အသက်အငယ်ဆုံး
ကျင့်ကြံသူဟူသော ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

အစောပိုင်းတွင် သူသည် အင်မော်တယ် ဝိညာဉ်
အဆင့်သို့ စတင်ရောက်ရှိခါစတွင် ယန်နန်းလိုင်အား
အစားထိုး၍ ဟင်းလင်းပြင် ဘုရားကျောင်း၏
ဂိုဏ်းခေါင်းဆောင် ဖြစ်လာနိုင်သည်မှာ
သေချာသလောက် ဖြစ်နေခဲ့သည်။

+

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မြင့်တက်လာမှုသည် လင်းတောက်ဟန်ထံမှ တောက်ပမှု အချို့ကို ယူဆောင်သွားခဲ့သည်။

ယခင်ကလောက် မျက်စိကျစရာ မကောင်းတော့သော်လည်း သူ၏ စွမ်းအားသည် အများစုအတွက် ခန့်မှန်း၍ မရအောင် ဖြစ်နေဆဲ ဖြစ်သည်။

ရှုထောင့်တစ်ခုမှ ကြည့်လိုက်လျှင် လင်းတောက်ဟန်သည် ထင်သလောက် အစွမ်းထက်နေသည့်ပုံ မပေါက်နေသည်မှာ တိုက်ပွဲ အတွေ့အကြုံ လိုအပ်နေခြင်းကြောင့် ဟူ၍ ပြောနိုင်သည်။

+

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အတွင်းမှ ပိုင်ယွင်တောင်
တိုက်ပွဲတွင် သူသည် အန္တိမယင်ယန်
ဟင်းလင်းပြင်ဝက်ပါ အတွင်းတွင်သာ ကောင်းဟန်နှင့်
အတူ ပောဒီးစ် မျိုးနွယ်စုတို့နှင့် တိုက်ခိုက်ခဲ့သည်။
ထိုအချိန်က သူတို့၏ ပြိုင်ဘက်မှာ
ပောဒီးစ်မျိုးနွယ်စုတို့၏ ခေါင်းဆောင်ဖြစ်သည့်
ကြမ္မာပန်းတိုင် ဒုတိယကပ်ဘေး အဆင့်တွင် ရှိနေသော
ပုံရိပ်ယောင်နေမင်း ပောဒီးစ်ပင် ဖြစ်သည်။

ထိုတိုက်ပွဲတွင် လင်းတောက်ဟန်သည် သာမန်ဟုသာ
ထင်နေရသဖြင့် လူအများက သူ့အား
လျှော့တွက်ခဲ့ကြသည်။

သို့သော်လည်း ဇူရီသည် ထိုသူများ အတွင်းတွင် မပါချေ။
သူသည် လင်းတောက်ဟန် အကြောင်းကို များစွာ
နားမလည်နေသော်လည်း သူ့နဖူး အပေါ်တွင်
+

လင်းလက်နေသည့် ရီတာအို အဆောင်လက်ဖွဲ့သည်
တည်ငြိမ်နေသော လင်းတောက်ဟန်က မည်မျှ
အစွမ်းထက်ကြောင်းကို အာရုံခံနိုင်ခဲ့သည်။

အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါ၏ စွမ်းအားသည်
လူ၁၂ယောက်တို့၏ စွမ်းအားများကို ပူးပေါင်းထားခြင်း
ဖြစ်ပြီး ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း
ဝက်ပါကဲ့သို့ ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအာများ
အပေါ်တွင် မူတည်နေခြင်း မဟုတ်ပေ။

ယခုအချိန်တွင် လင်းတောက်ဟန်နှင့် အတူ
မဟာဟင်းလင်းပြင် တံဆိပ် ရှိနေသဖြင့် သူ၏ ကျင့်ကြံမှု
အဆင့်သည် ဗီပရာလိုပါ အဆင့်မှ တစ်စုံတစ်ယောက်နှင့်
တူညီနေသည်။

+

လင်းတောက်ဟန်၏ ကျင့်ကြံမှု အတိမ်အနက်ကို အလွယ်တကူဖြင့် မသိနိုင်ချေ။ သို့သော်လည်း ထီးအောက်တွင် တိတ်တဆိတ် အကဲခတ်နေသော ဇူရီအနေဖြင့် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အတွင်းမှ ကျင့်ကြံသူများ အတွင်းတွင် လင်းတောက်ဟန်၏ စွမ်းအားများသည် ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ သူတော်စင်တို့ထက်ပင် သာလွန်နေကာ ထိုက်ရီသူတော်စင်၏ အောက်တွင်သာ ရှိနေခဲ့သည်ဟု အာရုံခံနိုင်ခဲ့သည်။

သူ၏ စွမ်းအားများသည် ယန်နန်းလိုင်ထက် ပို၍ သာလွန်ပေသည်။

ဇူရီသည် လင်းတောက်ဟန်အား ကြည့်၍ ရုတ်တရက် မေးလိုက်သည်။ "ခင်ဗျားက သာလွန်ကောင်းကင် မှော်ကျိန်စာကို အောင်မြင်စွာနဲ့ ကျင့်ကြံနိုင်ပြီလား"

+

လင်းတောက်ဟန်က အမှန်အတိုင်း ပြန်ဖြေလိုက်သည်။
"ကျုပ်တို့ဂိုဏ်းမှာ ဗီပရာလိုပါ အဆင့် မရောက်ခင်မှာ သာလွန်ကောင်းကင် မှော်ကျိန်စာကို အောင်မြင်စွာ ကျင့်ကြံနိုင်တဲ့ တစ်ဦးတည်းသော ကျင့်ကြံသူဟာ ဂရန်းမာစတာ ချီယန် ဖြစ်တယ်… ဒါပေမဲ့ သူက ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်ကို ရောက်မှသာ ကျင့်ကြံနိုင်ခဲ့တာ ဖြစ်တယ်"

ဇူရီက သူ၏ခေါင်းကို ညိတ်ကာ ပြောလိုက်သည်။
"နှမြောစရာပဲ"

ပြီးတာနှင့် သူသည် ဘာမှ မပြောတော့ပဲ ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရပ်နေရင်း သက်ပြင်းချလိုက်ရာ သူ၏ ခန္ဓာကိုယ်မှ

+

မှော်သကော်တများ မြောက်မြားစွာ ပျံသန်း
ထွက်ပေါ်လာလေသည်။

ထိုအချိန်တွင် ဖူရီ၏ ခန္ဓာကိုယ်သည် စတင်၍
ပြောင်းလဲလာခဲ့ကာ ကြီးမားသော သရဖူနှင့် ရှေးဟောင်း
ဝတ်စုံကို ဝတ်ဆင်ထားသော သူ၏ ရောမ စင်စစ်
ဖြစ်တည်မှုကို ဖော်ပြလိုက်သည်။ သူ၏ ဝတ်ရုံသည်
လေထုအတွင်းတွင် တဖျပ်ဖျပ် လွင့်နေရင်း သူ၏
ခေါင်းအပေါ်တွင် ရှေးဟောင်းစာအုပ် တစ်အုပ်ကို
ပင့်မြှောက်ထားသည်။ ထိုစာအုပ်၏ နာမည်မှာ
"ပြောင်းလဲခြင်း လမ်းစဥ်" ဖြစ်သည်။

ထိုစာအုပ်ကို လှန်လိုက်သော အခါ စာရွက်အလွတ်များ
အချို့ ရှိနေသည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းတွင်
သူတို့ကိုယ် သူတို့ မဖော်ပြထားပဲ အဆုံးမဲ့
ဖြစ်နိုင်ခြေများဖြင့် ပြည့်နှက်နေကြကာ သူတို့
+

အတွင်းတွင် တာအို သဘောတရား အပြောက်အပြား ပါဝင်နေကြသည်။

မသိသေးသော အရာများကို နားလည်လာနိုင်ပြီး ထိုနေရာမှ ပို၍များပြားသော မသိခြင်းများ ပေါ်လာကြသည်။ သူတို့ နှစ်မျိုးသည် အချင်းချင်း မှီခိုနေကြကာ အဆုံးမဲ့ ဖြစ်နေ၍ သူတို့ အတွင်းတွင် သိပြီးသော အရာအားလုံးနှင့် မသိသေးသော အရာအားလုံးတို့ ပါဝင်နေကြသည်။

ဗဟုသုတ ပင်လယ်သည် အဆုံးမဲ့ကာ တစ်ယောက်သည် လေ့လာနေရင်း မသိသေးသော အရာများကို သိလာနိုင်၍ နည်းလမ်း အသစ်များဖြင့် သူယခင်က မသိသော အရာများကို တွေ့ရှိ သုံးသပ်နိုင်ပေမည်။ သူသည် ယခင်က နားမလည်နိုင်သော အရာများကို ပိုင်းခြားနိုင်မည် ဖြစ်ကာ မသိသေးသော အရာများကို

+

သိလာနိုင်သည်။ ဤအရာသည် လူသားတို့၏
တိုးတက်မှုကို ဖော်ပြနေခြင်း ဖြစ်သည်။

စင်စစ် ဖြစ်တည်မှု၏ အသွင်အပြင်သည် ဇူရီနှင့်
ထပ်တူညီနေ၍ ရှေးဟောင်း ဝတ်စုံများကို
ဝတ်ဆင်ထားသည်။

ဇူရီ၏ စင်စစ် ဖြစ်တည်မှုသည် ဟီဂန်
ရွှေရောင်တံတားအား ခြေမများဖြင့် တို့လိုက်ရာ
ရွှေရောင် အလင်းတန်း အမြောက်အမြားတို့သည်
လင်းတောက်ဟန် အပေါ်သို့ ကျဆင်းလာကြသည်။

လင်းတောက်ဟန်သည် ဇူရီအား တည်ငြိမ်စွာ
စိုက်ကြည့်နေရင်း သူ၏ အကြည့်သည် အနည်းငယ်
လှုပ်ရှားသွားသည်။

+

ထိုလှုပ်ရှားမှု အတွင်းတွင် လင်းတောက်ဟန်၏ အရှိန်အဝါ တစ်ခုလုံးနှင့် အသွင်အပြင်တို့က ပြောင်းလဲသွားသည်။

ထိုအချိန် မတိုင်ခင်က သူ၏ မျက်နှာ အသွင်အပြင်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကနှင့် စာလျှင် လုံးဝ ကွဲပြားသွားပြီ ဖြစ်သည်။ သူသည် မယုံနိုင်အောင် ချောမောလာကာ သူ၏မျက်နှာသည် ကျောက်တုံးအတွင်းမှ ကျောက်စိမ်းကဲ့သို့ ကမ္ဘာကြီးအား သူ၏ အလှအပများကို ဖြည်းဖြည်းချင်း ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

ဇူရီ တွေ့ဖူးခဲ့သော ယောကျ်ားများ အနက် လက်ရှိအချိန်မှ လင်းတောက်ဟန်ကဲ့သို့

+

ချောမောသောသူမှာ ဟင်းလင်းပြင် ဘုရားကျောင်း၏
ရှေးပဝေသဏီမှ သူရဲကောင်း လေးဖော် အနက်မှ
လျှို့ဝှက်ဆန်းကြယ်သော ယွဲ့ဟွာထျန်းပင် ဖြစ်သည်။
သူ၏ဂိုဏ်းမှ မြောင်ရှီးဟောင်ကလည်း
လင်းတောက်ဟန်အား ယှဉ်နိုင်ပေသည်။

သို့သော်လည်း အခြားသူများနှင့် ကွဲပြားနေသည့်
အချက်မှာ လင်းတောက်ဟန်၏ အရှိန်အဝါသည်
အလွန်အမင်းကို သာမန်ဆန်နေခြင်း ဖြစ်သည်။
ဤအရာသည် သူ၏ ချောမောလှသော မျက်နှာအား
အရောင်အဝါ ကင်းမဲ့ကာ သာမန်ဆန်စေခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် လင်းတောက်ဟန် အနားမှ
သာမန်ဆန်သော အငွေ့အသက်များသည်
ပျောက်ကွယ်သွားကာ သူ၏ ပုံစံ တစ်ခုလုံးသည်

+

လေထုအတွင်းမှ ကျောက်စိမ်းသစ်ပင် တစ်ခုကဲ့သို့ အလွန်အမင်း ချောမောလာသည်။

ဇူရီ အာရုံစိုက်နေသော အရာသည် လင်းတောက်ဟန်၏ ရုပ်ရည်မဟုတ်ပဲ ဤပြောင်းလဲမှု အပြီးတွင် တိုးတက်လာသော သူ၏ အရှိန်အဝါပင် ဖြစ်သည်။

မဟာဟင်းလင်းပြင် တံဆိပ်၏ အထောက်အပံ့အောက်တွင် တိုးတက်လာသော သူ၏ ကိုယ်ပိုင် စွမ်းအားများသည် အမတန်မှ အံ့သြ တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။

ဇူရီသည် မျက်မှောင်ကြုတ်လိုက်ရာ သူ၏ခေါင်းပေါ်မှ ရီတာအိုး အဆောင်လက်ဖွဲ့က လင်းလက်လာ၍ သူ့မျက်လုံး နှစ်လုံး အတွင်းမှ အလင်းတန်းများ

+

ထွက်လာကာ တွေးလိုက်သည်။ "စိတ်ဝင်စားစရာပဲ… သူက ဥပေက္ခာ မဟာလမ်းစဥ်ရဲ့ အတွင်းမှာ ပြောင်းလဲမှု အချို့ကို ထည့်သွင်းနိုင်ခဲ့တယ်"

လင်းတောက်ဟန်၏ အသွင် ပြောင်းလဲမှုကို အာရုံခံမိခဲ့သော်လည်း ဇူရီသည် နေးကွေးစွာ မတုံ့ပြန်ခဲ့ပဲ ဟီဂန် ရွှေရောင်တံတားသည် လင်းတောက်ဟန်၏ ခေါင်းပေါ်တည့်တည့်သို့ ကျဆင်းလာလေသည်။

ဇူရီသည် တိုက်ခိုက်လေ့ သိပ်မရှိသော်လည်း သူတိုက်ခိုက်ခဲ့လျှင် ခက်ထန်စွာ တိုက်ခိုက်တတ်သည်ကို လင်းတောက်ဟန်ကလည်း ကောင်းစွာ သိထားသည်။

သူသည် သူ့ခေါင်းပေါ်မှ ဟီဂန် ရွှေရောင်တံတားအား ကြည့်လိုက်ပြီး တစ်စက္ကန့်မှ အချိန်မဆွဲခဲ့ပေ။

+

သူ့ဘယ်လက်ပေါ်မှ မဟာဟင်းလင်းပြင် တံဆိပ်သည် စတင်၍ တောက်ပလာကာ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်း တစ်တန်း လင်းလက်လာသည်။ ထိုအလင်းတန်းသည် အလွန်အမင်း ထူးခြားဆန်းကြယ်ကာ ခန့်မှန်းရန် ခက်ခဲပြီး အများက ဖော်ပြနိုင်မည် မဟုတ်ချေ။

အလင်းတန်း စတင် ပေါ်ပေါက်လာသော အခါ သူသည် ဟီဂန် ရွှေရောင်တံတား အပေါ်သို့ ဖြည်းဖြည်းချင်း ကျဆင်းလာသည်။ ပြီးတာနှင့် လင်းတောက်ဟန်သည် သူ့ဘေးမှ နေရာအား ဖော့ယမ်းလိုက်ရာ အလင်းတန်း တံခါးတစ်ခု ရုတ်တရက် ပေါ်လာခဲ့သည်။

သူသည် ခြေတစ်လှမ်း ရှေ့တိုးလိုက်၍ ထိုအလင်းတန်း တံခါး အတွင်းသို့ ဝင်သွားကာ မူလနေရာမှ

+

ပျောက်သွား၍ ဇူရီနှင့် သူ၏ ဟီဂန်
ရွှေရောင်တံတားတို့အား ရှောင်ရှားလိုက်သည်။

ဇူရီ၏ မျက်နှာ အမူအရာသည် မပြောင်းလဲခဲ့ပဲ ဟီဂန်
ရွှေရောင်တံတား အနားတွင် ရောင်ခြည်တော်
စက်ဝန်းတစ်ခု စတင်၍ လင်းလက်လာကာ သူ၏
အရှိန်အဝါသည် ပို၍ပို၍ အားကောင်းလာခဲ့သည်။
အတိတ်မှ အနာဂတ်သို့ ထိုးဖောက်သွားနိုင်သော
တံတားသည် အဆုံးမဲ့ အချိန်ကာလနှင့်
လေဟာနယ်တို့အား ကိုယ်စားပြုနေလေသည်။

ရွှေရောင် အလင်းတန်းများ လင်းလက်လာသော အခါ
ဟီဂန် ရွှေရောင်တံတားသည် ကျုံးကောင်းကင်
တံခါးအတွင်းသို့ ဝင်ရောက်သွားခဲ့၍ လင်းတောက်ဟန်
အနောက်သို့ လိုက်သွားနိုင်ခဲ့သည်။

+

ဟီဂန် ရွှေရောင်တံတားသည် ကျုံးကောင်းကင်
တံခါးအတွင်းသို့ ဝင်သွားသော အခါ သူ၏
အားကောင်းသော မှော်စွမ်းအင်များက တုန်ခါလာ၍
ကျုံးကောင်းကင် တံခါးသည် ဆက်လက်၍
ဖွင့်မထားနိုင်တော့ပဲ ပိတ်သွားခဲ့ပြီး လင်းတောက်ဟန်၏
ပုံစံသည် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့သည်။

သို့သော်လည်း ချန်ကောင်းကင် မဟာဟင်းလင်းပြင်
နတ်ဘုရား အလင်းတန်းက လင်းလက်လာပြီး
လင်းတောက်ဟန်သည် ရှေ့တစ်လှမ်းတိုး၍
ကျွမ်းတစ်ပတ် ပစ်လိုက်ရာ မကြာမီပင် ဇူရီ၏
ခေါင်းအပေါ်သို့ ရောက်လာခဲ့သည်။

+

သူသည် သူ၏လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ချက်ချင်း ဆိုသလိုပင် ကောင်းကင်ပေါ်၌ ရောင်ခြည်တော် စက်ဝန်း ခြောက်ခုတို့ ပေါ်လာကြသည်။ သူတို့သည် အချင်းချင်း ထောက်ပံ့နေကြပြီး လေဟာနယ် အပေါ်သို့ ကျဆင်းလာကြကာ ဇူရီတည့်တည့်သို့ ဝင်ရောက်လာကြလေသည်။

လင်းတောက်ဟန်၏ ကောင်းကင် ကမ္ဘာခြောက်ခု မြင့်မြတ်သော အခမ်းအနားအား ရင်ဆိုင်ခဲ့ရသော်လည်း ဇူရီ၏ အမူအရာက မပြောင်းလဲသွားခဲ့ပေ။ သူ့ခြေထောက်အောက်မှ ဟီဂန် ရွှေရောင်တံတားသည် အလင်းတန်းများဖြင့် လင်းလက်လာ၍ ကောင်းကင်ပေါ်သို့ ထိုးတက်သွားကာ အစွမ်းထက်သော လှိုင်းလုံးတစ်ခုကို ဖန်ဆင်းပြီး လင်းတောက်ဟန်အား တိုက်ခိုက်လိုက်သည်။

+

ဇူရီသည် ပြီးတာနှင့် သူ၏လက်ကို မြှောက်လိုက်ကာ
မှော်ကျိန်စာ ပုံစံ တစ်ခုကို ဖန်တီးလိုက်ပြီး
လင်းတောက်ဟန်အား ညွှန်ပြလိုက်သည်။

ဟင်းလင်းပြင် အတွင်းတွင် အရှိန်အဝါများ
ထိုးတက်လာကာ အချင်းချင်း ယှက်သန်းသွားကြပြီး
အရပ်မျက်နှာ လေးဘက်စလုံးသို့ စတင်၍ ပျံ့နှံ့လာကြ၍
မကြာမီပင် ကောင်းကင် တစ်ခုလုံးအား
လွှမ်းခြုံသွားလေသည်။

လင်းတောက်ဟန်၏ အကြည့်သည် လက်ကနဲ
ဖြစ်သွားပြီး ထိုအရှိန်အဝါ၏ ဖုံးလွှမ်းခြင်းကို ခံခဲ့ရသော
အခါ သူ၏ ကိုယ်ပိုင် စွမ်းအားများသည် အဆွဲဖြဲ ခံခဲ့ရ၍
မတည်မငြိမ် ဖြစ်လာခဲ့သည်ဟု ခံစားခဲ့ရသည်။

+

ဤအရာသည် အညံ့ခံခြင်း မဟုတ်သလို ခုခံခြင်းလည်း မဟုတ်ပေ။ ထို့အစား သူသည် ထိုအရှိန်အဝါ အနောက်သို့ လိုက်နေရကာ ရှေ့တက်သွားပြီး မဟာကမ္ဘာ တစ်ခုလုံးအား လွှမ်းခြုံသွားခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။ မလိုမလား ဖြစ်နေသော်လည်း မသိစိတ်မှနေ၍ သူသည် ထိုနေရာ အတွင်းသို့ သူ့ကိုယ်သူ ဝင်ရောက်သွားသည်ဟု ခံစားနေရသည်။

ဇူရီသည် မဟာကောင်းကင် တာအိုကျမ်းစာနှင့် သူ၏ကိုယ်ပိုင် ပြောင်းလဲခြင်း စာအုပ်ကို ပေါင်းစည်းခဲ့ကာ အစွမ်းထက်သော တိုက်ခိုက်မှု တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။

မဟာတာအို ဖြန့်ဖြူးခြင်း။

+

ထိုတိုက်ခိုက်မှု၏ စွမ်းအားများသည်
ထကြွလှုပ်ရှားလာ၍ သူ့အနားမှ အရာအားလုံးတို့သည်
မသိစိတ်မှ နေ၍ သူ့အတွင်းသို့
ဝင်ရောက်လိုနေကြသည်။ ထိုအရာသည် လူတိုင်း
လိုချင်နေကြသော အရာတစ်ခု ဖြစ်၍ အားလုံး
ပြုလုပ်နေကြသည့် အရာအားလုံးတို့သည်
အကြောင်းအကျိုး မညီညွတ်တော့ဟု ခံစားနေရသည်။
ယခုအချိန်တွင် သူတို့၏ သေးသိမ်သော
ဗဟုသုတများကို စွန့်လွှတ်၍ တာအိုကို ပြန်လည်
သင်ယူရမည် ဖြစ်သည်။

ဤအရာသည် လိမ်ညာခြင်း သို့မဟုတ်
ဦးနှောက်ဆေးခြင်း မဟုတ်ပဲ အားလုံးတို့၏ ရင်အတွင်းမှ
စစ်မှန်သော အတွေးတစ်ခု ဖြစ်သည်။

+

ဇူရီ၏ ရန်သူဖြစ်သော လင်းတောက်ဟန်ကပင် သူ၏ မဟာလှိုင်းလုံးမှ အကျိုးအမြတ်များ ရရှိနိုင်ခဲ့သည်ဟု ခံစားနေရသည်။ ဝေးကွာသော နေရာများ၌ ရှိနေကြသော ယွဲ့ဟုန်ယန်၊ စီးရီးယပ် မဟာပဏ္ဍိတ၊ ယန်ချင်နှင့် ကျားဖြူ မဟာပဏ္ဍိတတို့ပင် ထိုအရာကို ခံစားနိုင်ခဲ့ကြသည်။

ဘာပဲပြောပြော ထိုအရာများသည် မဟာကမ္ဘာကို ဖွဲ့စည်းထားခြင်း ဖြစ်သည်။

လင်းတောက်ဟန်သည် ဇူရီအား အသေအချာ အကဲခတ်နေရင်း သူ၏ခေါင်းကို အနည်းငယ် ငုံ့လိုက်ကာ ဘာမှ မပြောတော့ပေ။ ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းက ထပ်ဖန်တစ်ခါ လင်းလက်လာ၍ သူ့အား ဤမဟာ လှိုင်းလုံးထံမှ လွတ်မြောက်နိုင်ရန် ကူညီခဲ့သည်။

+

သို့ရာတွင် ထိုစွမ်းအားများသည် ကမ္ဘာကြီး၏
ထောင့်လေးထောင့်အနှံ့ ပြည့်နေခဲ့ရာ တစ်ယောက်သည်
ထိုမှနေ၍ အဘယ်မှာ လွတ်မြောက်နိုင်မည်နည်း။

လင်းတောက်ဟန်သည် သူ၏ လက်များဖြင့်
မှော်ကျိန်စာများကို ထုတ်ဖော်ခဲ့ကာ အန္တိမ
နတ်ဆိုးနိမ့်နင်း တိုင်လုံး ပေါ်လာ၍ ကောင်းကင်နှင့်
မြေကြီးတို့အား ထိုးဖောက်သွားခဲ့သည်။
ထိုအချိန်တိုလေးသည် သူ့အတွက် အရေးတကြီး
လိုအပ်နေသော အချိန်အား ရနိုင်ရန်
ကူညီပေးနိုင်ခဲ့သည်။

သို့သော်လည်း ဇူရီသည် ဘာဖြစ်နေသည်ကို
သတိပြုမိခဲ့၍ သူ့ခေါင်းပေါ်မှ ရီတာအို

+

အဆောင်လက်ဖွဲ့က လင်းလက်လာ၍ သူ၏လက်အား
ဖြည်းဖြည်းချင်း ဆန့်တန်းလိုက်သည်။

ချက်ချင်း ဆိုသလိုပင် ကောင်းကင်ပေါ်တွင် အဖြူရောင်
အလင်းတန်း တိုင်လုံးတစ်လုံး ပေါ်လာ၍ သူ၏
စွမ်းအားများသည် ကွဲပြား ခြားနားသော်လည်း
တစ်ယောက်သည် သူ၏ အသွင်အပြင်မှ နေ၍
ထိုအရာသည် အန္တိမ နတ်ဆိုးနှိမ်နင်း
တိုင်လုံးဖြစ်သည်ဟု ပြောနိုင်ခဲ့သည်။

ထိုအရာသည် ဇူရီ၏ အန္တိမ နတ်ဆိုးနှိမ်နင်း
တိုင်လုံးဖြစ်သည်။

ခဏအကြာတွင် ထိုအဖြူရောင် တိုင်လုံးသည်
လင်းတောက်ဟန်၏ အန္တိမ နတ်ဆိုးနှိမ်နင်း တိုင်လုံးနှင့်

+

ယှက်သန်းသွား၍ ဇူရီ၏ မဟာတာအို ဖြန့်ဖြူးခြင်းသည် လင်းတောက်ဟန်အား ဆက်လက်၍ ဖိနှိပ်ထားခဲ့သည်။

လင်းတောက်ဟန်သည် ထိုအရာကို တွေ့ခဲ့ရသော အခါ သူ့မျက်လုံးများ အတွင်းတွင် တုန်လှုပ်သော အကြည့်တစ်ခု ပေါ်လာခဲ့သည်။

သူ၏ ခေါင်းအပေါ်တွင် အနက်ရောင် အလင်းစက် တစ်ခု ပေါ်လာ၍ မှော်သင်္ကေတများ ထွက်လာကာ အရပ်မျက်နှာ လေးဘက်သို့ စတင်၍ ပျံ့နှံ့လာသည်။

မရေမတွက်နိုင်သော ရောင်စုံတိမ်တိုက်များ ပေါ်လာသော်လည်း သူတို့အားလုံးသည် မည်းမှောင်နေ၍ ဘေးပတ်ဝန်းကျင်အား မှေးမှိန်သွားစေခဲ့သည်။

+

ထိုအရောင်မှိန်မှိန် အတွင်းတွင် လင်းတောက်ဟန်၏
အမူအရာသည် တည်ငြိမ်လျက် ရှိကာ ဟင်းလင်းပြင်
အတွင်းမှ အလင်းရောင် အောက်တွင် သူ၏
ခန္ဓာကိုယ်သည် အစစ်အမှန် မဟုတ်တော့ဟု
ထင်နေရသည်။

ဇူရီသည် ထိုအလင်းတန်းအား အဘယ်မှာ မသိပဲ
နေပါအံ့နည်း။

ထိုအရာသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း
ဖြစ်သည်။

သူ၏အရှေ့မှ လင်းတောက်ဟန်သည် မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းအား ပိုင်ဆိုင်ထားသည်။

+

ထိုမြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် ဇူရီအပေါ်သို့ ကျလာသော အခါ ခက်ထန်နေသည့်ပုံ ပေါက်မနေခဲ့သော်လည်း ထူးခြားဆန်းကြယ်သည့် အထူးစွမ်းအား တစ်မျိုးဖြင့် တောက်ပနေခဲ့သည်။ ဟီဂန် ရွှေရောင်တံတားသည် သူ့အား မတားဆီးနိုင်ပဲ ဇူရီကလည်း သူ့အား မရှောင်တိမ်းနိုင်ပေ။

ဇူရီသည် မျက်မှောင်ကြုတ်လိုက်ကာ သူ၏ လက်များအတွင်းသို့ ကြည့်လိုက်သည်။

သူတို့ အတွင်းတွင် ဘာမှ မရှိတော့ပေ။ သူ၏ စင်စစ် ဖြစ်တည်မှု အတွင်းမှ ပြောင်းလဲခြင်း စာအုပ်ကလည်း ပျောက်ကွယ်သွားခဲ့သည်။

+

သူ့ခေါင်းပေါ်မှ ရီတာအို အဆောင်လက်ဖွဲ့ကလည်း ပျောက်ကွယ်သွားသည်။ ဇူရီသည် သူ၏ခေါင်းကို ချက်ချင်း မော့ကြည့်လိုက်ရာ လင်းတောက်ဟန်၏ အမူအရာက တည်ငြိမ်နေသည်ကို တွေ့လိုက်ရ၍ သူ့ခေါင်းပေါ်တွင် မည်းမှောင်နေ၍ ဖော်ပြရန် ခက်ခဲသော ပုံစံ တစ်ခုကို တွေ့လိုက်ရသည်။

ထိုအရာသည် ရီတာအို အဆောင်လက်ဖွဲ့ပေလော။

## စာစဥ် ၇၄ : အပိုင်း ၁၈

## အပိုင်း ၁၄၄၈ : စဥ်းလဲသည့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း

+

ထိုးအောက်မှ ယန်ချင်သည် ရုတ်တရက် ထရပ်လိုက်ကာ သူ့ဘေးမှ ကျားဖြူ မဟာပဏ္ဍိတကလည်း တောက်လောင်နေသော မျက်လုံးများဖြင့် ထရပ်လိုက်ကာ အတူတကွ လင်းတောက်ဟန်အား ကြည့်လိုက်သည်။

သူတို့အားလုံးသည် လင်းတောက်ဟန်၏ ခေါင်းပေါ်မှ လျှို့ဝှက်ဆန်းကြယ်သော အဆောင်လက်ဖွဲ့အား ကြည့်နေကြခြင်း ဖြစ်သည်။

ထိုအဆောင်လက်ဖွဲ့သည် အလွန်အမင်း ကြည်လင်ကာ လူတိုင်းက ကောင်းစွာ မြင်နိုင်ကြသည်။ သူ့အတွင်းတွင် ကွယ်ဝှက်ထားသော လျှို့ဝှက်ချက် မရှိပဲ လူတိုင်းက သူ့အား နားလည်၍ စောင့်ကြည့်နိုင်သကဲ့သို့ ဖြစ်သည်။

+

သို့သော်လည်း သူမှနေ၍ အနက်ရောင် ခက်ခဲသော အရိုန်အဝါ တစ်ခုကို ထုတ်လွှတ်နေသည်။ မမြင်ရပဲ လျှို့ဝှက်ဆန်းကြယ်ကာ အမည်မရှိပဲ ဖော်ပြ၍ မရနိုင်သဖြင့် အားလုံးတို့သည် သူတို့၏ ခေါင်းအတွင်းတွင် ရှုပ်ထွေးလာသကဲ့သို့ ခံစားလာခဲ့ရသည်။

အရိုန်အဝါ နှစ်မျိုးတို့သည် အချင်းချင်း လုံးဝ ဆန့်ကျင်နေသော်လည်း ဖြည်းဖြည်းချင်း အတူတကွ ပေါင်းစည်းလာကြသည်။ သူတို့နှစ်ခု အကြားမှ ခြားထားသော မျဥ်းကြောင်းသည် သိသာနေ၍ ဆန့်ကျင်ဘက်များ ဖြစ်နေကြသော်လည်း အချင်းချင်း ထောက်ပံ့နေကြကာ အတူတကွ ပေါင်းစည်းလာကြသည်။

+

အရှိန်အဝါ နှစ်မျိုးတို့၏ ပေါင်းစည်းခြင်းမှ နေ၍ အဆောင်လက်ဖွဲ့အား ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ တစ်ချက် ကြည့်ရုံဖြင့်ပင် နားလည်ရန် လွယ်ကူနေသော်လည်း တစ်ချိန်တည်းတွင် သူသည် အလွန်အမင်းပင် လျှို့ဝှက်ဆန်းကြယ်၍ သဘောပေါက်ရန် ခက်ခဲနေသည်။

ထိုအဆောင်လက်ဖွဲ့အား အသေအချာ ကြည့်လိုက်လျှင် 'ရီ'ဟူသော စကားလုံးပုံစံ ဖန်ဆင်းထားခြင်း ဖြစ်သည်။

ထိုစကားလုံးထံမှ ဝမ်းနည်းခြင်း သို့မဟုတ် ပျော်ရွှင်ခြင်းများ မရှိနေပဲ ခံစားချက်များ အားလုံး ကင်းမဲ့နေ၍ အရာအားလုံးကို နားလည် သဘောပေါက်ရန် ကြိုးစားနေခဲ့သည်။

+

ထိုအရာသည် ဇူရီ၏ ရီတာအို အဆောင်လက်ဖွဲ့ပင် ဖြစ်သည်။

သို့သော်လည်း ဤအဆောင်လက်ဖွဲ့သည် ဇူရီ၏ ခေါင်းပေါ်မှ ပျောက်ကွယ်သွားကာ လင်းတောက်ဟန်၏ ခေါင်းပေါ်တွင် ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ဇူရီ၏ အစွမ်းထက်သည့် တိုက်ခိုက်မှု ဖြစ်သော မဟာတာအို ဖြန့်ဖြူးခြင်းသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အံ့ဩဖွယ်ကောင်းသော ပြောင်းလဲမှု တစ်ခုကို ဖြစ်ပေါ်နိုင်စွမ်း ရှိသည်။ ကမ္ဘာအတွင်းမှ အရှိန်အဝါများသည် ဤအချိန်တွင် ဖြည်းဖြည်းချင်း အားနည်းလာခဲ့ကာ လင်းတောက်ဟန် အရှေ့တွင် ပုံစံ ကင်းမဲ့သွားခဲ့သည်။

+

လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွားသည် လင်းတောက်ဟန်အား ကြည့်လိုက်ကာ သူ့မျက်လုံးများ အတွင်းမှ အလင်းတန်းများဖြင့် လင်းလက်လာ၍ သူ၏ခေါင်းကို ညိတ်ပြီး ပြောလိုက်သည်။
"စိတ်ဝင်စားစရာပဲ"

ယန်ချင်သည် သူ၏ မျက်မှောင်များကို တင်းကျပ်စွာ ကြုတ်ထား၍ လင်းဖုန်းဘက်သို့ လှည့်ကာ ပြောလိုက်သည်။ "ဆရာ... သူ့ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းက အခြားသူတွေရဲ့ တိုက်ခိုက်မှုကို ခိုးယူနိုင်တာလား"

နှစ်ပေါင်းများစွာ အတူတကွ သင်ယူလာခဲ့ အပြီးတွင် ယန်ချင်သည် ချက်ချင်းပင် ဇူရီက သူ၏ ပြောင်းလဲခြင်း စာအုပ်မှ အစွမ်းထက်သော တိုက်ခိုက်မှုအား ရုပ်သိမ်းလိုက်ခြင်း မဟုတ်မှန်းကို ပြောနိုင်ခဲ့သည်။
+

သူသည် တစ်စုံတစ်ယောက်၏ ဖိနှိပ်မှုအောက်တွင် ပျောက်ကွယ်သွားခြင်းလည်း မဟုတ်ပဲ ရိုးရိုးပြောရလျှင် ပျောက်ဆုံးသွားခြင်းသာ ဖြစ်သည်။

လင်းတောက်ဟန်သည် စိတ်ဝိညာဉ် စွမ်းအင်များကိုသာ ယူဆောင်သွားခြင်း မဟုတ်သလို ဇူရီ၏ မဟာတာအို ဖြန့်ဖြူးခြင်းအား ဖျက်ဆီးပစ်ခြင်းလည်း မဟုတ်ပဲ သူသည် ဇူရီ၏ တိုက်ခိုက်မှုကို သူ့အတွက် ယူဆောင်ခဲ့ခြင်းသာ ဖြစ်သည်။

စိတ်ဝိညာဉ် စွမ်းအင်နှင့် မှော်စွမ်းအင်များသည် ကွဲပြား ခြားနားနေကြသော်လည်း တည်ရှိနေခဲ့သေးသည်။

တစ်ယောက်၏ ကိုယ်ပိုင် တိုက်ခိုက်မှုများသည် သူ့နောက်ကွယ်ရှိ နည်းစနစ်အား နားလည်ခြင်းများ ထံမှ

+

ဆင်းသက်လာခြင်း ဖြစ်သည်။ တစ်ယောက်သည် နှစ်ပေါင်းများစွာ ကျင့်ကြံထားပြီးမှ ကောင်းကင်နှင့် မြေကြီးတို့အား နားလည်နိုင်ခဲ့မည် ဖြစ်သည်။

ဤကဲ့သို့သော အရာမျိုးကို တစ်စုံတစ်ယောက်သည် မည်ကဲ့သို့ ဤအတိုင်းသာ ယူဆောင်သွားနိုင်မည်နည်း။

ယခုအချိန်တွင် လင်းတောက်ဟန်သည် ဇူရီ၏ တိုက်ခိုက်မှုများအား ပုံတူကူးရန်သာ ကြိုးစားခဲ့ခြင်း မဟုတ်ပဲ လုံး၀ ခိုးယူသွားခဲ့ခြင်း ဖြစ်သည်။

ဤအချိန်တွင် ထိုအရာသည် လင်းတောက်ဟန် အနားတွင်သာ ရှိနေပြီး ဇူရီအနားတွင် မရှိတော့ပေ။

+

ယန်ချင် လှမ်းကြည့်လိုက်သော အခါ ဇူရီသည် မျက်မှောင်ကြုတ်နေ၍ လေးနက်သော အမူအရာဖြင့် ရှိနေသည်ကို တွေ့ခဲ့ရပြီး ရီတာအို အဆောင်လက်ဖွဲ့ကို မတွေ့ရတော့ပေ။

ယန်ချင်အား ပို၍ ထိတ်လန့် တုန်လှုပ်စေခဲ့သည်မှာ အခြား မှော်ကျိန်စာများနှင့် မတူပဲ ဇူရီ၏ ပြောင်းလဲခြင်း စာအုပ်သည် ဇူရီ၏ ကိုယ်ပိုင် တာအိုနားလည်မှုမှ ဆင်းသက်လာခြင်း ဖြစ်သည်။ သူ့အား လင်းတောက်ဟန်က အားသုံးကာ ယူဆောင်သွား အပြီးတွင် ဇူရီအနေဖြင့် နောက်ထပ်တစ်ခုအား ထပ်မံ ထုတ်ဖော်နိုင်စွမ်း ရှိသင့်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ရုပ်ဝတ္ထု တစ်ခုကဲ့သို့ ပျောက်ဆုံးသွား အပြီးတွင် ရှာဖွေရန် မဖြစ်နိုင်တော့သလောက် ဖြစ်သည်။

+

"မလောနဲ့... မလောနဲ့" လင်းဖုန်းက သူ့အား ခေတ္တမျှ စောင့်ကြည့်အပြီးတွင် ဖွဖွလေး ပြုံးကာ ပြောလိုက်သည်။ "သူ့ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းရဲ့ စွမ်းအားဟာ တခြားသူတွေထံက တစ်စုံတစ်ရာကို ယာယီ ခိုးယူနိုင်စွမ်း ရှိတယ်... ဒါပေမဲ့ ဒါက သူ့ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို တစ်ချိန်လုံး အသုံးပြုနေဖို့ လိုအပ်တယ်... သူရုပ်သိမ်းလိုက်တဲ့ အချိန်ကျရင် အရာအားလုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားမယ်"

"ဒါကြောင့်မို့ သူက တစ်ချိန်မှာ တိုက်ခိုက်မှု တစ်ခုကိုပဲ ခိုးယူနိုင်တယ်"

+

"မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို အသုံးပြုဖို့ စွမ်းအားများစွာ လိုအပ်လို့ သူက အချိန်အကြာကြီး ထိန်းထားနိုင်မှာ မဟုတ်ဘူး" လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းဟာ အမတန်မှ အစွမ်းထက်ပြီး သူ့ကို တခြားသူတွေ ပိုင်ဆိုင်တဲ့ တစ်စုံတစ်ရာကို ယာယီ ယူဆောင်ထားနိုင်စေပေမဲ့ သူက သူ့နောက်ကွယ်က သဘောတရားတွေကို နားလည်နိုင်မှာ မဟုတ်ဘူး... သူက အသုံးပြုရုံပဲ တတ်နိုင်လိမ့်မယ်"

လင်းဖုန်းက လင်းတောက်ဟန်အား ကြည့်၍ ပြုံးလိုက်သည်။ "အာ... ပြောင်းလဲခြင်း စာအုပ်ရဲ့ သဘောတရားဟာ ဇူရီကိုင်ထားတဲ့ ပုံစံနဲ့ အတူတူပဲ... ဘာပဲပြောပြော ဒါက ဇူရီရဲ့ မှော်ကျိန်စာ ဖြစ်တယ်... ဒါပေမဲ့ သူက ရုပ်ဝတ္ထု တစ်ခုလိုမျိုး တွန့်လိမ်နေခဲ့ပြီး တခြားသူရဲ့ အသုံးပြုမှုကို ခံနေရတယ်"

+

ကျားဖြူ မဟာပဏ္ဍိတသည် လင်းတောက်ဟန်အား ကြည့်နေရင်း နှာမှုတ်လိုက်သည်။ "သူက သူတော်ကောင်းပုံ ပေါက်နေပေမဲ့ သူ့ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းက ယုတ်ညံ့နေတယ်"

လင်းဖုန်းက ရယ်လိုက်သည်။ "တစ်ယောက်ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းရဲ့ အသုံးဝင်ပုံဟာ သူတို့ရဲ့ ကိုယ်ကျင့်စရိုက်နဲ့ ဘာမှ မပတ်သတ်ဘူး... မဟာကမ္ဘာဟာ ကျယ်ပြန့်လှလို့ သူ့မှာ နက်နဲဆန်းကြယ်တဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိတယ်"

+

ယန်ချင်က သက်တောင့်သက်သာ မဖြစ်သွားပဲ တိုးညင်းစွာ ပြောလိုက်သည်။ "သူက အကောင်း တော်တော်ကြိုက်တာပဲ"

ယန်ချင်သည် ဇူရီအား သိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီ ဖြစ်သဖြင့် သူ့စင်စစ် ဖြစ်တည်မှု၏ စွမ်းအား တိုးတက်လာခြင်း၏ နောက်ကွယ်မှ လျှို့ဝှက်ချက်သည် ဇူရီ၏ အလင်းနှင့် အမှောင်၊ သိခြင်းနှင့် မသိခြင်းတို့အား နားလည်မှုကြောင့် ဖြစ်သည်ဟု သိထားသည်။ ထိုမှတဆင့် သူသည် ပြောင်းလဲခြင်း စာအုပ်အား အသုံးချကာ အစွမ်းထက်သော အကွက်ကို ဖန်တီးနိုင်ခြင်း ဖြစ်သည်။

သူ့စွမ်းအားများအား ပထမဆုံး ဖော်ပြချက်သည် ရီတာအို အဆောင်လက်ဖွဲ့ပင် ဖြစ်သည်။

+

ထိုအရာသည် သာမန်ပုံသာ ပေါက်နေခဲ့သော်လည်း သူသည် သူ့တိုက်ခိုက်မှုများ၏ အခြေခံ ဖြစ်သည်။ တာအိုလမ်းစဥ်နှင့် မဟာတာအို ဖြန့်ဖြူးခြင်းတို့သည် သူ့ထံမှ လာခဲ့ခြင်း ဖြစ်သည်။

ရီတာအို အဆောင်လက်ဖွဲ့ဖြင့် ဇူရီသည် အခြားသူများ မမြင်နိုင်သော အရာများကို မြင်နိုင်ပြီး လက်ဦးမှုယူကာ တိုက်ခိုက်နိုင်သည်။ တစ်ချိန်တည်းတွင် ထို့ကြောင့်သာ သူ၏ စွမ်းအားများက ဤမျှအထိ တိုးတက်လာနိုင်ခြင်း ဖြစ်သည်။

ပြီးတာနှင့် သူသည် အခြား မော်ကျိန်စာများကို ကျင့်ကြံသော အခါ လိုအပ်သော အားထုတ်မှုများက များစွာ လျော့နည်းသွားသည်။ ပြီးတာနှင့်

+

အောင်မြင်မှုများကို ရနိုင်ခဲ့ခြင်းသည် ရီတာအို
အဆောင်လက်ဖွဲ့၏ ကျေးဇူးကြောင့်သာ ဖြစ်သည်။

လင်းတောက်ဟန်၏ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်းဖြစ်သည့် ငရဲ ကပ်ရောဂါ နတ်ဘုရား
အလင်းတန်းသည် တစ်ချိန်လျှင် အရာ တစ်ခုကိုသာ
ပစ်မှတ်ထားနိုင်သည်။

သို့သော်လည်း သူသည် မဟာတာအို ဖြန့်ဖြူးခြင်း
အပေါ်တွင် အသုံးမပြုခဲ့ပဲ ရီတာအို
အဆောင်လက်ဖွဲ့အား ပစ်မှတ်ထားခဲ့သဖြင့် သူ၏
လူလည်ကျမှုကို သိနိုင်ပေသည်။

ငရဲ ကပ်ရောဂါ နတ်ဘုရား အလင်းတန်းအား
ပိုင်ဆိုင်ခြင်းသည် အရာတစ်ခု ဖြစ်ပြီး သူ့အား

+

ထိရောက်စွာ အသုံးချနိုင်ခြင်းသည် အရာတစ်ခု ဖြစ်သည်။

ယန်ချင်သည် လင်းဖုန်းအား ကြည့်၍ ပြောလိုက်သည်။ "ဆရာ... သူက ပြိုင်ဘက်တိုင်းရဲ့ စွမ်းအားတွေကို ယူသုံးနိုင်လား"

လင်းဖုန်းသည် သူ၏ခေါင်းကို ခါ၍ ရယ်လိုက်သည်။ "အကန့်အသတ်တွေ ရှိတယ်... မဟုတ်ရင် သူ့ရဲ့ ပစ်မှတ်ဟာ မင်းရဲ့ ဒုတိယ စီနီယာ မဟုတ်ပဲ ငါသာ ဖြစ်လိမ့်မယ်"

ယန်ချင်နှင့် ကျားဖြူ မဟာပဏ္ဍိတတို့သည် ထိုစကားကို ကြားခဲ့ရသော အခါ အနည်းငယ် ပြုံး၍ သူတို့၏ ခေါင်းများကို ခါလိုက်ကြသည်။

+

"ဒါက သူ့ပြိုင်ဘက်ရဲ့ စွမ်းရည်တွေ အပေါ်မှာလည်း မူတည်နိုင်တယ်... မှော်ကျိန်စာရဲ့ စွမ်းအားနဲ့ ပတ်သတ်ရင် သူက အစ်ကိုကြီးရဲ့ ကောင်းကင်မီးတောက် ကြာပန်း၊ မြင့်တက်လာသော ပျက်ဆီးမှု အစရှိတဲ့ တိုက်စစ်ပြင်းထန်တဲ့ မှော်ကျိန်စာတွေကို ယူဆောင်နိုင်မှာ မဟုတ်ဘူး" ယန်ချင်သည် လင်းတောက်ဟန်အား အေးစက်စွာဖြင့် ကြည့်နေရင်း သုံးသပ်နေခဲ့သည်။

ကျားဖြူ မဟာပဏ္ဍိတကလည်း လင်းတောက်ဟန်အား အကဲခတ်သော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိပြီဖြစ်၍ ဤနှစ်များ

+

အတွင်းတွင် ယုကျင်းတောင်ပေါ်၌သာ နေခဲ့သော်လည်း လူသားကျင့်ကြံမှု လောကနှင့် ပတ်သတ်၍ နက်ရှိုင်းစွာ သဘောပေါက်ထားသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် အစွမ်းအထက်ဆုံး လူသား ကျင့်ကြံမှုဂိုဏ်း ဖြစ်ခဲ့၍ သူတို့အား လျှော့တွက်၍ မရချေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့သည် အချင်းချင်း သိပ်မတည့်ကြသော်လည်း တစ်ယောက်ကို တစ်ယောက် လျှော့တွက်လိမ့်မည် မဟုတ်ချေ။ ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နတ်ဘုရား နယ်မြေ အတွင်းမှ နံပါတ်တစ် မြင့်မြတ်နယ်မြေ အဖြစ် ဟင်းလင်းပြင် ဘုရားကျောင်းအား ကျော်တက်နိုင်ခဲ့ကာ သူတို့က

+

တောင်တံခါးများကို ပိတ်ထားခဲ့သော်လည်း သူတို့အား အလေးအနက် ထားနေခဲ့သည်။

ထို့ကြောင့် သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ လူငယ်မျိုးဆက်များ အကြောင်းကို ကောင်းစွာ သိထားကြသည်။ ယန့်မင်းရွဲ့ ဖြစ်စေ၊ ပန်ကျဲ ဖြစ်စေ၊ ရှီထျန်းရီ ဖြစ်စေ သူတို့သည် လျင်မြန်စွာ တိုးတက်လာနိုင်ခဲ့ကြသည်။

ရှီထျန်းရီသည် ကျဆုံးသွားခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်သော်လည်း သူသည် ရှီထျန်းဟောင်၏ သဘာဝ အန္တိမ တာအို အခြေခံကို လုယူနိုင်ခဲ့ကာ သူ၏ ဒွိစုံသူငယ်အိမ်နှင့် ပေါင်းစည်းနိုင်ခဲ့ပြီး ကမ္ဘာကြီးအား တုန်လှုပ်စေနိုင်ခဲ့သူ ဖြစ်သည်။

+

သူသည် နတ်ဘုရား နယ်မြေ အတွင်းမှ ကျင့်ကြံသူများ အကြားတွင် အတောက်ပဆုံး ကြယ်တစ်ပွင့် ဖြစ်ခဲ့ကာ အကယ်၍ ကံမဆိုးခဲ့ပါက ဒဏ္ဍာရီလာ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာနိုင်သည်။

ရှီထျန်းရီသည် အသက်ဆယ်နှစ် မပြည့်မီကတည်းကပင် အခြေခံအုတ်မြစ် အဆင့်မှ ရွှေရောင်ဗဟိုချက် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကာ ကြီးမားသော အလားအလာများကို ပြသနိုင်ခဲ့သည်။ ထိုအရာသည် ကျင့်ကြံမှု လောက အတွင်းမှ လူတိုင်းက လက်ခံထားခဲ့သော အရာဖြစ်သည်။

သူသည် မဟာချင် အင်ပါယာ အတွင်းတွင် အစွမ်းအထက်ဆုံး ကျင့်ကြံသူ ဖြစ်ခဲ့ရုံတင် မကပဲ သူ့မျိုးဆက်များ အတွင်းတွင် ထိပ်ဆုံးကျင့်ကြံသူ ဖြစ်နိုင်ရန် အလားအလာ ရှိခဲ့သူ ဖြစ်သည်။ မဟာကျိုး

+

အင်ပါယာ အတွင်းတွင် ကျင်းပွမ်အမတ် လျှမ်အန်း ရှိခဲ့သော်လည်း သူသည် ရှီထျန်းဟောင်ကို မယှဉ်နိုင်သေးပေ။

သို့သော်လည်း ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းတွင်မူ သူသည် ထိပ်ဆုံးနေရာ အတွက် လင်းတောက်ဟန်အား စိန်ခေါ်နိုင်ရန် အခွင့်အရေး ရှိနိုင်သည်ဟုသာ သတ်မှတ်ခြင်း ခံခဲ့ရသည်။

အခွင့်အရေး ရှိနိုင်ရုံသာ ဖြစ်သည်။

လင်းတောက်ဟန်သည် ဤနှစ်များ အတွင်းတွင် သိုသိုသိပ်သိပ်သာ နေခဲ့၍ အခြားသူများက သူအား လျှော့တွက်နေကြပြီး သူသည် မည်မျှအထိ အစွမ်းထက်သည်ကို တစ်ယောက်ကမှ မသိနေကြချေ။

+

လင်းဖုန်းသည် လင်းတောက်ဟန်အား စိတ်ဝင်တစား ကြည့်နေ၍ ပြောလိုက်သည်။ "ဟိုသူခိုး ရှိထျန်းရီက လွဲလို့ ဟင်းလင်းပြင် ဘုရားကျောင်းမှာ ထိုက်ရီသူတော်စင်နဲ့ လင်းတောက်ဟန် ဆိုပြီး သဘာဝ အန္တိမ တာအို အခြေခံနဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ရှိတဲ့ ကျင့်ကြံသူ နှစ်ယောက် ရှိတဲ့ အတွက် နာမည်ကျော်တာနဲ့ ညီမျှပါတယ်"

လေထုအလယ်တွင် လင်းတောက်ဟန်သည် ဇူရီအား ကြည့်၍ ပြောလိုက်သည်။ "ဇူရီ... တိုက်ခိုက်ရတာ ခွင့်လွှတ်ပါ"

သူ၏စကား ဆုံးသည်နှင့် သူ့တစ်ကိုယ်လုံးအား ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား

+

အလင်းတန်းဖြင့် ဖုံးလွှမ်းသွားကာ သူ့ခေါင်းပေါ်မှ
ရှိတာအို အဆောင်လက်ဖွဲ့သည် စတင်၍
လင်းလက်လာ၍ တန်ပြန် တိုက်ခိုက်လိုက်သည်။

ရွှေရောင် မိုးကြိုး အလင်းတန်းများသည်
ကောင်းကင်အား ပြည့်သွား၍ ဝဲပျံနေသော နဂါးများ
အလား တိမ်တိုက်များအား ထိုးဖောက်သွားသည်။

ဤအရာသည် မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
မှော်ကျိန်စာ အနက်မှ ပဥ္စမ မှော်ကျိန်စာ ဖြစ်သော
ရက်တစ်ရာ တိမ်တိုက်နဂါး တော်ဝင်မိုးကြိုး မှော်ကျိန်စာ
ဖြစ်သည်။

+

မိုးကြိုးသည် ကောင်းကင်ပေါ်မှ မိုးများအဖြစ် ရွာကျလာသော အခါ သူတို့သည် ဇူရီ၏ ဟီဂန် ရွှေရောင်တံတား အပေါ်သို့ ကျရောက်လာကြသည်။

ဟီဂန် ရွှေရောင်တံတားသည် စတင်၍ လင်းလက်လာကာ သက်တန့်တစ်စင်းသည် လေထုအလယ်မှ ထိုးဖောက်လာ၍ ကောင်းကင်အား ဖုံးလွှမ်းသွားသည်။ ထိုအချိန်တွင် အရာအားလုံးတို့သည် ကြည်လင်လာ၍ မိုးကြိုးတိမ်တိုက်များ ပျောက်ကွယ်သွားကာ နေပြန်သာလာခဲ့သည်။

သို့သော်လည်း လင်းတောက်ဟန်၏ ခေါင်းပေါ်မှ အဆောင်လက်ဖွဲ့သည် လက်ကနဲ ဖြစ်သွား၍ သူ၏ လက်ဝါးအစုံကို စုစည်းလိုက်ရာ ဟီဂန် ရွှေရောင်တံတား၏ ချိုးဖျက်ခြင်းကို ခံခဲ့ရသော မိုးကြိုး တိမ်တိုက်များက ကောင်းကင်အတွင်းတွင်

+

ပြန်ပေါ်လာကြသည်။ ပြီးတာနှင့် သူသည် ဟီဂန် ရွှေရောင်တံတားအား အာရုံစူးစိုက်၍ တိုက်ခိုက်လိုက်သည်။

ချက်ချင်းဆိုသလိုပင် ဟီဂန် ရွှေရောင်တံတား၏ စွမ်းအားများသည် အကျော်လွှားခံခဲ့ရတော့မည်ကဲ့သို့ ဖြစ်လာပြီး အခြေအနေသည် အလွန်အမင်းကို အန္တရာယ်ကြီးလာခဲ့သည်။

တစ်ချိန်တည်းတွင် လင်းတောက်ဟန်၏ လက်ခုံပေါ်မှ မဟာဟင်းလင်းပြင် တံဆိပ်သည် အလင်းတန်းများဖြင့် လင်းလက်လာ၍ ပိုမို ခက်ထန် ပြင်းထန်စွာ တိုက်ခိုက်ခဲ့သည်။ ထိုအရာသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများ၏ တည်ငြိမ်စွာ တိုက်ခိုက်မှုများနှင့် ကွဲပြားနေသည်။

+

အကြောင်းရင်းမှာ သူ၏ ငရဲ ကပ်ရောဂါ မြင့်မြတ်သော အလင်းတန်းအား အသုံးပြုနိုင်သည့် အချိန်သည် အကန့်အသတ် ရှိနေသည့် အပြင် ဤတိုက်ခိုက်မှု ပုံစံသည် ဇူရီအား တိုက်ခိုက်ရန် အသင့်တော်ဆုံး ဖြစ်နေသောကြောင့် ဖြစ်သည်။

ဇူရီက မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။
"ဂိုဏ်းခေါင်းဆောင်လင်း… ခင်ဗျားက ကျုပ်ကို အတော်လေး အံ့အားသင့်စေခဲ့တယ်"

"ခင်ဗျားက ကျုပ်ရဲ့ ရီတာအို အဆောင်လက်ဖွဲ့ကို ခိုးယူခဲ့တဲ့ အတွက် ခင်ဗျားရဲ့ မျက်လုံးတွေဟာ တကယ်ပဲ စူးရှလှတယ်… ဒါပေမဲ့ ဘာပဲပြောပြော ဒါဟာ ခင်ဗျားရဲ့ ပစ္စည်းမဟုတ်ဘူး… တကယ်လို့ ခင်ဗျားက

+

သူ့ကို  သေချာ နားလည်မယ် ဆိုရင် ဒီလိုမျိုး လုပ်မှာ မဟုတ်ဘူး"

## စာစဥ် ၇၄ : အပိုင်း ၁၉

## အပိုင်း ၁၄၄၉ : ပစ္စည်းအား ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ခြင်း

တစ်ဘက်က ဆုံးရှုံးသွားလျှင် တစ်ဘက်က အကျိုးရမည် ဖြစ်သည်။ တစ်ဦးကို တစ်ဦး လုံး၀ အနိုင်ရနိုင်ရန် လိုအပ်သည့် အချိန်အား တိုင်းတာ၍ ရနိုင်မည် မဟုတ်ချေ။

+

အထူးသဖြင့် ပြောင်းလဲခြင်း စာအုပ်သည် အရေးကြီးသော အပိုင်းတွင် ပါဝင်နေသည့် အချိန်တွင် ဖြစ်သည်။

မဟာဟင်းလင်းပြင် တံဆိပ်၏ အထောက်အပံ့အား ရနေသော လင်းတောက်ဟန်သည် ရီတာအို အဆောင်လက်ဖွဲ့အား ရရှိခဲ့ အပြီးတွင် သူ၏ စွမ်းအားများက နောက်ထပ် တိုးတက်လာသည်ကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်း ဟီဂန် ရွှေရောင်တံတား၏ အကာအကွယ်ဖြင့် ဖူရီသည် သူ၏ တရစပ် ထိုးနှက်မှုများကို ခုခံနိုင်ခဲ့သည်။

လင်းတောက်ဟန်၏ ခေါင်းပေါ်မှ အဆောင်လက်ဖွဲ့က လည်ပတ်နေရင်း အလင်းတန်းများသည် သူ၏ အသိစိတ် ပင်လယ် အတွင်းတွင် စတင်၍ ပေါ်လာခဲ့သည်။ အလင်းတန်းများ ယှက်သန်းနေကြရင်း သူတို့

+

မျက်လုံးများ အရှေ့မှ မြူခိုးငွေ့များသည် လုံး၀ လွင့်ပြယ်လုနီးပါး ဖြစ်သွားကာ ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့ကို ဖော်ပြနိုင်ခဲ့ကြသည်။ အတူတကွပင် သူတို့သည် ဟီဂန် ရွှေရောင်တံတားနှင့် ဇူရီတို့၏ ကိုယ်ပိုင် စွမ်းအားများကို ပြောင်းလဲနိုင်ခဲ့ကြသည်။

ဤအခွင့်အရေးကို အသုံးချ၍ သူသည် ဇူရီ မလှုပ်ရှားခင်တွင်ပင် တုံ့ပြန်နိုင်ခဲ့ကာ သူ့ရန်သူအား အနိုင်ယူနိုင်သည့် အခွင့်အရေးကို ရနိုင်ခဲ့သည်။

အထူးသဖြင့် ရီတာအို အဆောင်လက်ဖွဲ့ လည်ပတ်လာချိန်တွင် သူသည် ဇူရီ၏ ခွန်အားများနှင့် စွမ်းရည်များကို ဖြည်းဖြည်းချင်း ဖော်ထုတ်လာနိုင်ခဲ့၍ သူ့အရှေ့တွင် ကျယ်ပြန့်သော မြင်ကွင်းတစ်ခု ပေါ်လာခဲ့သည်။

+

လင်းတောက်ဟန် အရှေ့တွင် မဟာကောင်းကင် တာအိုကျမ်းစာ၏ အစွမ်းထက်၍ လျှို့ဝှက်နက်နဲသော သဘောတရားများ ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။

သူ့တွင် ခိုင်မာသော စိတ်အခြေအနေနှင့် အရာအားလုံးတို့အား ထက်မြက်စွာ နားလည်နိုင်စွမ်း ရှိနေသော်လည်း ဤယာယီမြင်ကွင်းသည် သူ့အား လုံးဝ စိတ်ရှုပ်ထွေးသွားစေခဲ့သည်။ သူသည် ဆက်လက်၍ မှင်သက်ရှုမော ဖြစ်နေကာ ထူးခြားဆန်းကြယ်သော်လည်း မရှုပ်ထွေးနေသည့် ဤလျှို့ဝှက်ချက်များကို ဆက်လက် လေ့လာလိုနေခဲ့သည်။

+

လင်းတောက်ဟန် အနားတွင် အလင်းတန်း များစွာတို့က စတင်၍ ဖြည်းဖြည်းချင်း ပေါ်လာကာ ဝိညာဥ်ပင်လယ် အနားမှ ကောင်းကင်ပေါ်တွင် ယှက်သန်းနေကြသည်။

ခေတ္တမျှသာ ဖြစ်သော်လည်း လင်းတောက်ဟန် အနေဖြင့် ကောင်းကင်၏ အလုပ်လုပ်ပုံများကို ပိုမို နားလည်လာနိုင်သကဲ့သို့ ခံစားနေရ၍ ဗဟုသုတ အသစ်များကို ရရှိခဲ့ကာ ကျင့်ကြံမှု၏ ပိုမိုနက်နဲသော မေးခွန်းများ၏ အဖြေကို ဤသို့ပင် ရရှိနိုင်ခဲ့သည်။ သူသည် ဗဟုသုတ အသစ်များကို ဆက်လက် ရရှိနေ၍ ချက်ချင်းပင် တံခါးပိတ်၍ ကျင့်ကြံလိုနေခဲ့သည်။

သူ့ခန္ဓာကိုယ် အနားမှ မှော်စွမ်းအင်သည် လှုပ်ရှားနေ၍ ဖြည်းဖြည်းချင်း တိုးတက်လာကာ ပို၍ နက်ရှိုင်းပြီး လျှို့ဝှက် ဆန်းကြယ်လာခဲ့သည်ဟု ခံစားနေရသည်။

+

လင်းတောက်ဟန်၏ မျက်နှာသည် တည်ငြိမ်နေသည့်ပုံ ပေါက်နေသော်လည်း သူ၏ ရင်အတွင်းတွင် မတည်ငြိမ်နိုင်ခဲ့ပေ။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မြင့်တက်လာမှုနှင့် ကမ္ဘဝါဒ၊ 'မဟာ'နှင့် 'ဟင်းလင်းပြင်' နည်းစနစ် နှစ်ခုတို့အား ဆွေးနွေးမှုတို့ကို တွေ့ကြုံဖူးခဲ့ကာ စိတ်အတွင်းမှ ကြိုတင် ပြင်ဆင်ထားခဲ့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဆိုးအမများသည် ဟင်းလင်းပြင် ဘုရားကျောင်းထက် သာလွန်နေသည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိလိုက်ရသည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင် ဘုရားကျောင်းကို အစားထိုး၍ နတ်ဘုရားနယ်မြေ အတွင်းမှ ထိပ်ဆုံးဂိုဏ်း အဖြစ် ရပ်တည်နေနိုင်သည်မှာ သူတို့၏ စွမ်းအားများ သက်သက်ကြောင့်သာ မဟုတ်ပဲ သူတို့၏ အဆုံးအမများကြောင့်လည်း ပါသည်။

သူသည် မဟာကောင်းကင် တာအိုကျမ်းစာနှင့် တစ်ခါမှ ကိုယ်တိုင်ကိုယ်ကျ မထိတွေ့ဖူးပဲ သူ၏ အစစ်အမှန် စွမ်းအားများကို တစ်ခါမှ အပြည့်အဝ နားမလည်ခဲ့ဖူးပေ။

သို့သော်လည်း သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဆုံးအမများနှင့် ထိတွေ့ခဲ့ရသော အခါ အကယ်၍ သူသည် သူတို့အား အပြည့်အဝ နားလည်နိုင်ပါက များစွာ တိုးတက်လာနိုင်သည်ဟု သိခဲ့လိုက်သည်။

+

ဤအချိန်တွင် လင်းတောက်ဟန်သည် သူ၏ ရင်အတွင်းမှ တုန်ခါလာသည်ကို ခံစားလိုက်ရသည်။

သူ၏ ငရဲ ကပ်ရောဂါ မြင့်မြတ်သော အလင်းတန်းသည် အချိန် သိပ်မကျန်တော့ဟု သိနေခဲ့သဖြင့် တိုက်ပွဲအား အမြန် အဆုံးသတ်ရမည်ဟု သိနေခဲ့သော်လည်း သူ့အရှေ့မှ နက်နဲသော လျှို့ဝှက်ချက်များကို ပိုမို နားလည်နေလိုသဖြင့် တိုက်ပွဲအား အချိန်ဆွဲ၍ တိုက်ခိုက်နေလိုသေးသည်။

ပထမ ဆုံးဖြတ်ချက်သည် ကြည်လင်သောစိတ်ဖြင့် ဆုံးဖြတ်သည့် သဘာဝကျသော ရွေးချယ်မှု ဖြစ်၍ နောက်ဆုံးဖြတ်ချက်သည် စကြာဝဠာ၏ လျှို့ဝှက်ချက်များကို ပိုမို သိလိုနေသည့် ကျင့်ကြံသူများ၏ ဆုံးဖြတ်ချက် ဖြစ်သည်။

+

သူသည် ယခုအဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်၍ စကြာဝဠာ၏ လျှို့ဝှက်ချက်များကို သိလိုစိတ် များစွာ ပြင်းပြနေ၍ သူတို့အားလုံးကို သင်ယူလိုသည် စိတ်ဆန္ဒဖြင့် တောက်လောင်နေခဲ့သည်။

သို့သော်လည်း လင်းတောက်ဟန်သည် ဤအချိန်တွင် ထိုဆန္ဒအား ကြိုးစား ချိုးနှိမ်ထားကာ ဆင်ခြင်တုံ တရားကို လက်ကိုင်ထား၍ တည်ငြိမ်အောင် ကြိုးစားနေပြီး ဇူရီအား ဆက်လက် တိုက်ခိုက်နေခဲ့သည်။

ဟီဂန် ရွှေရောင်တံတားသည် အစွမ်းထက်သော်လည်း ရီတာအို အဆောင်လက်ဖွဲ့၏ လွှမ်းမိုးမှုအောက်တွင် လင်းတောက်ဟန်သည် သူ့အား ရှောင်တိမ်းနိုင်ခဲ့သေးသည်။ သူသည် ထိုတံတားအား

+

ထိပ်တိုက် ရင်ဆိုင်ရန် မကြိုးစားခဲ့ပဲ အနိုင်ယူနိုင်ရန် အခြား နည်းလမ်းများကို ရှာဖွေခဲ့သည်။

သူသည် စွမ်းအားများဖြင့် ပြည့်နေသော သူ၏လက်ဝါးအား တွန်းထုတ်လိုက်ရာ သူ့လက်ဝါး၏ အလယ်တွင် ဆွာတိကာ တစ်ခုကို တွေ့နိုင်ခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဗုဒ္ဓဝါဒအား ဖျက်ဆီးခဲ့သော အခါ ဗုဒ္ဓ အဆုံးအမ များစွာတို့အား ရရှိနိုင်ခဲ့ကြသည်။

လင်းတောက်ဟန်သည် သူတို့အား ကျင့်ကြံခဲ့ခြင်း မရှိသော်လည်း လေ့လာခဲ့ဖူးသည်။ ရီတာအို အဆောင်လက်ဖွဲ့၏ လွှမ်းမိုးမှုအောက်တွင် သူသည်

+

သူတို့၏ စွမ်းအားများကို ထည့်သွင်း၍ အသုံးပြုကာ တိုက်ခိုက်နိုင်ခဲ့သည်။

သူ၏ လက်ဝါးအား တွန်းထုတ်လိုက်သော အခါ တစ်ယောက်သည် သူ့အနားတွင် အမွှေးတိုင် ရနံ့များကို ရခဲ့လိုက်သည်။

ကောင်းကင်အတွင်းတွင် မရေမတွက်နိုင်သော သေးငယ်သည့် ကြယ်များ လင်းလက်လာကြ၍ အဆုံးမဲ့ သိပ်သည်းနေကြသည်။ သူတို့သည် ဆန်စေ့လေးများကဲ့သို့ သေးငယ်သော်လည်း အလွန်အမင်း ကြည်လင်နေကြသည်။

ထိုကြယ်စင်များ လင်းလက်လာကြသော အခါ တစ်ယောက်သည် ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကို

+

ကြားခဲ့ရသည်။ သူတို့အား အသေအချာ ကြည့်လိုက်ပါက တစ်ယောက်သည် ကြယ်တစ်စင်းစီတွင် သေးငယ်သော ကမ္ဘာတစ်ခု ရှိနေသည်ကို မြင်ရမည် ဖြစ်သည်။

မရေမတွက်နိုင်သော ကမ္ဘာအတွင်းတွင် လူသား ပုံရိပ်များသည် စတင်၍ ပေါ်လာကြသည်။

သူတို့အတွင်းတွင် ဆံပင်ဖြူနှင့် အဘိုးအိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သူဌေးနှင့် ဆင်းရဲသားများ၊ အပြစ်ကင်းစင်သော ကလေးများ... အစရှိသည်တို့ကို တွေ့မြင်နိုင်သည်။

လူမျိုးပေါင်းစုံ ရှိနေကြသော်လည်း တူညီသော အချက်တစ်ခု ရှိနေသည်။ ထိုအရာမှာ

+

သူတို့အားလုံးသည် ဗုဒ္ဓ၏ ကရုဏာတော်အား အသံတိုးတိုးဖြင့် ရွတ်ဆိုနေကြခြင်း ဖြစ်သည်။

အမွေးတိုင်၏ အဆုံးမဲ့ စွမ်းအားသည် သေးငယ်သည်ဟု ထင်နေရသော်လည်း သူသည် သမုဒ္ဒရာ တစ်ခုကဲ့သို့ ကျယ်ပြန့်လှသည်။ အတူတကွ စုစည်းထားသော အခါ သူတို့၏ စွမ်းအားများသည် ထူးခြား ကြီးမားလှသည်။

အမွေးတိုင်များသည် အတူတကွ စုစည်းသွား၍ ကောင်းကင်အတွင်းတွင် ရွှေရောင် မီးအိမ်များ အဖြစ်သို့ ပြောင်းသွားကြပြီး ဗုဒ္ဓ အလင်းတန်းများသည် ကမ္ဘာအနှံ့ လင်းလက်သွားလေသည်။

ထိုအလင်းတန်း၏ တောက်ပမှု အောက်တွင် ဟီဂန် ရွှေရောင်တံတားသည် အနည်းငယ် တုန်ခါလာခဲ့ပြီး

+

ထိုအလင်းတန်းသည် သူ့အား စတင် လွှမ်းခြုံသွားကာ အစိုင်အခဲ ဖြစ်သွားခဲ့သည်။

ဤနှောင့်ယှက်မှု အောက်တွင် ဟီဂန် ရွှေရောင်တံတား၏ စွမ်းအားများသည် ပျောက်ကွယ်သွားကာ လင်းတောက်ဟန်သည် မရပ်တန့်ခဲ့ပဲ ဇူရီအား ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။

ဇူရီက မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။
"ဗုဒ္ဓဝါဒဟာ ကျုပ်တို့ကို တုပြိုင်ခြင်း မလုပ်ပဲ ကိုယ့်ကိုယ်ကိုယ်သာ ကျင့်ကြံဖို့ ဆုံးမထားတယ်... ဒါပေမဲ့ လူအများစုဟာ မကျင့်ကြံနိုင်ကြတဲ့ အတွက် ကူရာမဲ့မှု ပင်လယ်အတွင်းကို ကျဆင်းသွားကြတယ်... တစ်ယောက်ရဲ့ ဘဝအတွင်းမှ အခက်အခဲတွေ များလွန်းလို့ သူတို့ဟာ ကယ်တင်သူ တစ်ယောက်ကို

+

လိုက်ရှာနေကြတယ်... ဒါက မှန်ကန်တဲ့ နည်းလမ်း မဟုတ်ဘူး"

"ကိုယ့်ကိုယ်ကိုယ် နားလည်ခြင်းအားဖြင့် လူတိုင်းဟာ ဗုဒ္ဓဖြစ်နိုင်တယ်... ကြိုးစားလေ့ကျင့်ပြီး လူတိုင်းဟာ နဂါးတစ်ကောင်လို့ အစွမ်းထက်နိုင်တယ်... တကယ်လို့ ခင်ဗျားဟာ အမွေးတိုင်ရဲ့ စွမ်းအားကို အသုံးပြုပြီး လူသားတွေရဲ့ တိုးတက်မှုကို ပြောင်းလဲချင်ရင် အောင်မြင်နိုင်ပါ့မလား"

သူသည် ဟီဂန် ရွှေရောင်တံတား အပေါ်တွင် ရပ်နေရင်း သူ့အသံသည် ကောင်းကင်အတွင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။ "ဒါကြောင့်မို့ ခင်ဗျားရဲ့ ပစ္စည်း မဟုတ်တဲ့ အရာဟာ ခင်ဗျားပစ္စည်း ဘယ်တော့မှ မဖြစ်နိုင်ဘူး... ခင်ဗျားဟာ ကျုပ်ရဲ့ ရီတာအို အဆောင်လက်ဖွဲ့ကို ခိုးယူနိုင်ခဲ့ပေမဲ့ အပေါ်ပုံစံကိုသာ

+

ရခဲ့တာ ဖြစ်ပြီး အတွင်းက အနှစ်သာရတွေကို
မသိနိုင်ဘူး"

ဟီဂန် ရွှေရောင်တံတား အပေါ်မှ အလင်းတန်းများသည်
ထပ်ဖန်တစ်ခါ စတင်၍ လင်းလက်လာကာ
အလင်းတန်းများသည် ဘေးပတ်ဝန်းကျင်အား
တောက်ပစေ၍ တံတားအပေါ်တွင် မရေမတွက်နိုင်သော
လူသားပုံရိပ်များ ပေါ်လာကြပြီး အတူတကွ
ဟစ်ကြွေးလိုက်ကြရာ လှိုင်းလုံးတစ်ခု
ရိုက်ခတ်လာခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် မရေမတွက်နိုင်သော ဗုဒ္ဓ
အလင်းရောင်များ လင်းလက်လာ၍ မမေးမှိန်သွားကြပဲ
သူတို့အနားမှ ဗုဒ္ဓကမ္ဘာများ အပေါ်သို့
ကျရောက်သွားကြရာ သက်ဝင် ယုံကြည်သူများ၏
အမူအရာများက ပြောင်းသွားကြပြီး ချစ်ကြောက်
+

ရှိသေမှုများ နည်းပါးလာကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိလာကြသည်။ သူတို့၏ ခေါင်းအပေါ်သို့ အရိုက်ခံခဲ့ရကာ ဉာဏ်အလင်း ပွင့်သွားသကဲ့သို့ ဖြစ်သည်။

ဗုဒ္ဓ အလင်းတန်းများသည် ပို၍ပို၍ တောက်ပလာကြရာ ဟီဂန် ရွှေရောင်တံတား အပေါ်၌ အကျိုးသက်ရောက်နိုင်ခြင်း မရှိကြတော့ပေ။

ကောင်းကင်တစ်လျှောက် ဆန့်တန်းနေသော ရွှေရောင်သက်တန့်သည် လင်းတောက်ဟန်၏ တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့၍ သူ့အား ခြေတစ်လှမ်းမှ ထပ်မတိုးလာနိုင်အောင် ဟန့်တားထားနိုင်ခဲ့သည်။

+

လင်းတောက်ဟန်သည် ထိုမြင်ကွင်းအား တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေ၍ သူ၏ခေါင်းကို ခါလိုက်ကာ မေးလိုက်သည်။ "ဒါက ဘာဖြစ်လို့ အလုပ်မဖြစ်ရတာလဲ"

လင်းတောက်ဟန်သည် သူ၏ ဗုဒ္ဓ စွမ်းအားများက ဟီဂန်ရွှေရောင်တံတားအား အနိုင်မယူနိုင်ခဲ့သည်ကို စိတ်ပျက်နေခြင်း မဟုတ်ပဲ ဇူရီ၏ စင်စစ်ဖြစ်တည်မှုသည် အရှိန်အဝါများ၊ စွမ်းအားများဖြင့် ထိုးတက်လာကာ ပို၍ပို၍ အစွမ်းထက်လာသည်ကို အံ့သြ တုန်လှုပ်နေခြင်း ဖြစ်သည်။

ဇူရီ၏ ခေါင်းအပေါ်တွင် ရီတာအို အဆောင်လက်ဖွဲ့ တစ်ခု ပေါ်လာခဲ့သည်။

+

သူ၏ စင်စစ် ဖြစ်တည်မှု လက်အတွင်းတွင် စာအုပ်တစ်အုပ် ပေါ်လာ၍ သူ့အပေါ်တွင် "ပြောင်းလဲခြင်း စာအုပ်" ဟူသော စကားလုံးများကို တွေ့နေနိုင်သည်။

လင်းတောက်ဟန်၏ မျက်လုံးများသည် အနည်းငယ် လက်ကနဲ ဖြစ်သွားသည်။ ပုံမှန် အခြေအနေ အောက်တွင် သူ့ပြိုင်ဘက်များသည် သူတို့၏ စွမ်းအားများကို ပြန်လည် ဖန်တီးရန် ကြိုးစားခဲ့သော အချိန်တွင် အသစ်ပြန်လည် ဖန်တီးနိုင်မည် မဟုတ်ပဲ သူ့ထိန်းချုပ်မှု အောက်တွင်ရှိသော စွမ်းအားကိုသာ အားဖြည့်ပေးမည် ဖြစ်၍ သူ့ကို အကျိုးရှိစေနိုင်သည်။

ငရဲ ကပ်ရောဂါ မြင့်မြတ်သော အလင်းတန်းသည် စကြာဝဠာ အတွင်းမှ အရာအားလုံးအား ပုံစံရှိသော အရာတစ်ခု အဖြစ်သို့ ပြောင်းပေးနိုင်ကာ အလွန်အမင်း

+

ထူးခြား ဆန်းကြယ်၍ ခန့်မှန်းရန် ခက်ခဲပြီး
အလွယ်တကူ ကျော်လွှားရန် မဖြစ်နိုင်ပေ။

သို့သော်လည်း ယခုအချိန်တွင် ဇူရီသည် သူ၏
ပြောင်းလဲမှု စာအုပ်နှင့် ရီတာအို
အဆောင်လက်ဖွဲ့တို့အား  ပြန်လည်၍ ဖန်တီးနိုင်ခဲ့ပြီ
ဖြစ်သည်။

ဤအရာသည် ပုံရိပ်ယောင် တစ်ခု မဟုတ်ပဲ ဇူရီ၏
အတွေး လွှမ်းမိုးမှု အောက်တွင် မဟာကောင်းကင်
တာအိုကျမ်းစာသည် ပြန်လည်၍ ပေါ်ပေါက်လာနိုင်ခြင်း
ဖြစ်သည်။

+

လင်းတောက်ဟန်သည် သူ၏ခေါင်းပေါ်မှ ရီတာအို အဆောင်လက်ဖွဲ့သည် ဖြည်းဖြည်းချင်း ပျောက်ကွယ်လာသည်ဟု ခံစားနေခဲ့ရသည်။

ငရဲ ကပ်ရောဂါ မြင့်မြတ်သော အလင်းတန်းသည် စတင်၍ မည်းမှောင်လာကာ ထူးခြားဆန်းကြယ်သည့် အလင်းတန်းသည် ဇူရီအပေါ်၌ ထိန်းချုပ်နိုင်မှုအား ဖြည်းဖြည်းချင်း ဆုံးရှုံးလာခဲ့သည်။

ဇူရီ၏ မှော်ကျိန်စာများက သူ့အပေါ်သို့ ပြန်လည် ကျရောက်လာသည်။

ဇူရီသည် လင်းတောက်ဟန်အား ကြည့်နေ၍ လုံးဝ တွေဝေနေခြင်း မရှိပဲ ဟီဂန် ရွှေရောင်တံတားအား မြှောက်လိုက်ကာ သူ့အရှေ့သို့ ချက်ချင်း

+

ရောက်လာခဲ့သည်။ ပြီးတာနှင့် သူ့တစ်ကိုယ်လုံးမှ အရိုန်အဝါများ ထိုးတက်လာခဲ့ကာ နက်နဲသော သဘောတရားများစွာတို့ဖြင့် စီးဆင်းလာခဲ့သည်။

ဗုဒ္ဓ အဆုံးအမ၊ ကောင်းကင်တံခါးဂိုဏ်း အဆုံးအမ၊ သေမင်းကေရာဇ် အဆုံးအမ၊ အစွန်းရောက် ကေရာဇ် အဆုံးအမ၊ ချန်ကေရာဇ် အဆုံးအမ၊ အမှောင်ကေရာဇ် အဆုံးအမများနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဥပေက္ခာ မဟာလမ်းစဥ်နှင့် ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့အား ကိုယ်ပိုင် အဓိပ္ပာယ် ဖော်ထားမှုများကပင် ပေါ်လာခဲ့သည်။ အဆုံးအမ များစွာတို့အား ဇူရီ၏ စွမ်းအားများဖြင့် ဆင့်ခေါ်ခဲ့ကာ ကောင်းကင်အတွင်းမှ နေရာအနှံ့သို့ ပျံ့နှံ့သွား၍ ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကြသည်။

+

ပြီးတာနှင့် မယုံနိုင်အောင် ကြောက်မက်ဖွယ်
ကောင်းသော ဖျက်ဆီးနိုင်မှု စွမ်းအားတစ်ခုသည်
လင်းတောက်ဟန် တည့်တည့်သို့ ကျဆင်းလာခဲ့သည်။

ထိုအရာသည် ဇူရီ၏ တာအိုလမ်းစဥ်ပင် ဖြစ်သည်။

တာအိုတစ်ခုဖြင့် နေရာတိုင်းကို ဖျက်ဆီးပစ်မည်။

လင်းတောက်ဟန်သည် သူ၏ အင်မော်တယ် ဝိညာဥ်
တည်ရှိနေရာ ခန္ဓာကိုယ်သည် ပြင်းထန်စွာဖြင့်
တုန်ခါလာ၍ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား
ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား
အလင်းတန်းဖြင့် ကာကွယ်ထားသော်လည်း အဆွဲဖြဲ
ခံနေရသည်ဟု ခံစားလာခဲ့ရသည်။

+

တာအိုလမ်းစဥ်၏ လွှမ်းမိုးမှု အောက်တွင် ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းကပင် စတင်၍ အဆက်မပြတ် တုန်ခါလာ၍ မတည်မငြိမ် ဖြစ်လာခဲ့သည်။

လင်းတောက်ဟန်က ဇူရီအပေါ်မှ အဆောင်လက်ဖွဲ့အား ကြည့်၍ ပြောလိုက်သည်။ "မင်းရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေ အနက်မှာ ရှောင်ယန်ရဲ့ ဖျက်ဆီးနိုင်မှု စွမ်းအားတွေက အသန်မာဆုံး ဖြစ်ပြီး ရှီထျန်းဟောင်မှာ အသက်စွမ်းအင်တွေကို သူဆန္ဒရှိသလို အဆုံးသတ်ပြီး စတင်နိုင်တဲ့ နောက်ဆုံး မြင့်မြတ်သော အလင်းတန်းနဲ့ မူလ မြင့်မြတ်သော အလင်းတန်း ရှိနေတယ်… ငရဲ ကပ်ရောဂါ အလင်းတန်းဟာ သူတို့ တစ်ယောက်ကိုမှ ဒဏ်ရာရအောင် လုပ်နိုင်စွမ်း မရှိဘူး"

+

"ဒါပေမဲ့ မင်းရဲ့ ပြောင်းလဲမှု စာအုပ်ဟာ လူတစ်ယောက်ရဲ့ စွမ်းအားတွေကို ယူသုံးပြီး လူသားတွေရဲ့ တိုးတက်မှုကို လမ်းညွှန်နိုင်စွမ်း ရှိတယ်... ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ စွမ်းအားတွေနဲ့ စာရင် တစ်ယောက်ရဲ့ နှလုံးသားဟာ အရေးအကြီးဆုံး အရာဖြစ်တယ်... သာမန်လူ တစ်ယောက်ဟာ သူ့ရဲ့ ဆုံးဖြတ်မှုကို ရှာတွေ့နိုင်ဖို့ထက် စာရင် စစ်တပ်တစ်ခုဟာ ရန်သူရဲ့ ဗိုလ်ချုပ်ကို ဖမ်းဆီးနိုင်ဖို့က ပိုလွယ်နေတယ်"

သူသည် သူ၏ခေါင်းကို ခါ၍ သက်ပြင်းချကာ ပြောလိုက်သည်။ "ဇူရီ... မင်းရဲ့ စွမ်းအားတွေက တကယ်ကိုပဲ ထူးချွန် ပြောင်မြောက်လှပါတယ်"

ပြီးတာနှင့် လင်းတောက်ဟန်သည် သူ၏ အင်မော်တယ် ဝိညာဉ် ပုံစံကို ပြန်ပြောင်းသွားကာ သူ၏ ခန္ဓာကိုယ်

+

တစ်ခုလုံးသည် ဧရာမ တံဆိပ် တစ်ခုအဖြစ်သို့ ပြောင်းသွားသည်။

တံဆိပ်အနားမှ အလင်းတန်းသည် အဝေးသို့ တိုင်အောင် ပျံ့နှံ့သွား၍ တံဆိပ်သည် စတင်၍ လည်ပတ်လာသည်။

တံဆိပ်ထံမှ အလင်းတန်းသည် လည်ပတ်လာ၍ ဧရာမ ဝဲကတော့ အဖြစ်သို့ ပြောင်းသွားပြီး ထိုဝဲကတော့၏ အလယ်မှ အစွမ်းထက်သော အလင်းတန်း တစ်ခု ထိုးတက်လာသည်။

ကောင်းကင် တစ်ခုလုံးအား ဖုံးလွှမ်းနေသော မှော်သင်္ကေတများသည် ထိုအလင်းတန်းထံသို့ စုစည်းလာ၍ ဝင်္ကပါင်ယ်များ အဖြစ်သို့ ပြောင်းသွားပြီး အတူတကွ လည်ပတ်လာကြသည်။ သူတို့သည်

+

သူတို့အနားမှ စိတ်ဝိညာဉ် စွမ်းအင်များကို ဗဟိုအဖြစ် အခြေပြုကာ စတင်၍ လည်ပတ်နေကြသည်။

ထိုအလင်းတန်း တိုင်လုံးနှင့် ထိတွေ့ခဲ့သော နေရာတိုင်းသည် ဇူရီ ဆင့်ခေါ်ခဲ့သော အဆုံးအမများ အပါအဝင် စတင်၍ ပြိုလဲလာကြသည်။

တစ်ချိန်တည်းတွင် ကောင်းကင်တစ်လျှောက် ဆန့်တန်းနေသော ဟီဂန် ရွှေရောင်တံတားကလည်း ဝဲကတော့ အပေါ်သို့ ကျဆင်းလာခဲ့လေသည်။

## စာစဥ် ၇၄ : အပိုင်း ၂၀

## အပိုင်း ၁၄၅၀ : ဘယ်သူက သေခြင်းနဲ့ ရှင်ခြင်းတို့ရဲ့ အရှင်သခင်လဲ

+

ဟီဂန် ရွှေရောင်တံတားသည် သက်တန့်တစ်စင်း အသွင်သို့ ပြောင်းသွားကာ ကောင်းကင်အား ထိုးဖောက်သွား အပြီးတွင် ဝဲကတော့ အပေါ်သို့ ကျရောက်လာခဲ့သည်။

ဟီဂန် ရွှေရောင်တံတား၏ တိုက်ခိုက်မှုကို ခံခဲ့ရသော အခါ ဝဲကတော့သည် ပို၍ပို၍ နေးကွေးလာ၍ အစွမ်းထက်သော အလင်းတန်း တိုင်လုံးသည် အနည်းငယ် မေးမှိန်သွားသည်။

ဝဲကတော့သည် ခေတ္တမျှ ငြိမ်သက်သွားကာ ဆန့်ကျင်ဘက် အရပ်မျက်နှာသို့ စတင်၍ ပြောင်းလာခဲ့သည်။ မူလက ကြီးမားလှသော ဝဲကတော့သည် လျင်မြန်စွာနှင့်ပင် အစက်တစ်ခု အဖြစ်

+

ကျုံ့ဝင်သွားပြီး ဖုန်မှုန့်အလား သေးငယ်သည့် အလင်းစက် တစ်စက် အဖြစ်သို့ ပြောင်းသွားကာ မျက်စိကျစရာ မကောင်းတော့ပဲ အဝေးသို့ အလျင်အမြန် ရွေ့လျားသွားခဲ့သည်။

ဇူရီ၏ ရီတာအို အဆောင်လက်ဖွဲ့သည် ပို၍ တောက်ပကြည်လင်စွာ လင်းလက်လာ၍ ဟီဂန် ရွှေရောင်တံတားသည် နေရာအနှံ့တွင် ရှိနေသကဲ့သို့ ဆန့်တန်လာ၍ ထိုအလင်းစက်အား လိုက်လံ တိုက်ခိုက်ခဲ့သည်။

အလင်းစက်သည် ကောင်းကင်နှင့် မြေကြီး အကြားတွင် ဆက်လက်၍ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေကာ နှစ်ဦးနှစ်ဘက်တို့သည် ဝိညာဥ်ပင်လယ် အတွင်းတွင် ကြောင်နှင့်ကြွက်ကဲ့သို့ ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။

+

မူလရွှေခွက် အပေါ်မှ ကျားဖြူ မဟာပဏ္ဍိတသည် ဝပ်တွား၍ မနေတော့ပဲ ကောင်းကင်အတွင်းတွင် လင်းလက်နေသော အလင်းစက်အား ကြည့်နေရင်း ပြောလိုက်သည်။ "ဇူရီအနေနဲ့ ဒီလိုမျိုး ကျင့်ကြံမှု အဆင့်ကို ပိုင်ဆိုင်ထားတာ အံ့ဩဖွယ်ရာ မကောင်းပေမဲ့ ဒီတစ်ခေါက်မှာ ငါက လင်းတောက်ဟန်ရဲ့ စွမ်းအားတွေကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ခဲ့ရတယ်… သူက တကယ့်ကို ထူးချွန် ပြောင်မြောက်လှပါတယ်"

ယန်ချင်သည် သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "သူက ဒုတိယ စီနီယာ အပေါ်မှာ သူ့ရဲ့ ငရဲ ကပ်ရောဂါ မြင့်မြတ်သော အလင်းတန်းကို အသုံးမပြုနိုင်ပေမဲ့ ဒုတိယ စီနီယာရဲ့ ဟီဂန် ရွှေရောင်တံတားကို တုံ့ပြန်နိုင်ခဲ့သေးတယ်"

+

အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်းသည် သူ၏ ကျင့်ကြံမှု အဆင့်အား ဗီပရာလိုပါ အဆင့်သို့ မြေတောင်မြှောက်ပေးနိုင်ခဲ့မည် ဆိုပါက သူသည် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ် မရှိနေလျှင်ပင် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာတစ်ကောင်အား ကောင်းစွာ ယှဉ်နိုင်လိမ့်မည် ဖြစ်သည်။

ဤကဲ့သို့သော စွမ်းအားများသည် အမှန်ပင် အားကျဖွယ်ရာ ကောင်းလှသည်။

လင်းဖုန်းသည် ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ မအောင့်နိုင်ပဲ ပြုံးလိုက်မိသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များမှ လွဲ၍ ဇူရီသည် လူသားကျင့်ကြံမှု ကမ္ဘာတွင် အသစ်ပေါ်လာသော အင်မော်တယ်ဝိညာဉ် အဆင့်မှ ထိပ်သီးပုဂ္ဂိုလ်များကို ကောင်းစွာ တိုက်ခိုက်နိုင်စွမ်း ရှိသည်။

+

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံမှုဖြင့် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်မှ မိစ္ဆာများကို လက်ဗလာဖြင့် တိုက်ခိုက်နိုင်သော ဇူဟုန်ဝူနှင့် သူကဲ့သို့ပင် စွမ်းဆောင်နိုင်သော လင်းတောက်ဟန်တို့ နှစ်ယောက်စလုံးသည် ဇူရီနှင့် တိုက်ခိုက်ခဲ့ကြသည်။

အခြေအနေကို ကြည့်နေရင်း လင်းဖုန်းသည် မအောင့်နိုင်ပဲ ရယ်လိုက်သည်။ "သူတို့မှာ ဆင်တူနေတဲ့ တစ်စုံတစ်ရာများ ရှိနေမလား"

ယန်ချင်သည် ကောင်းကင်ပေါ်သို့ ကြည့်၍ ပြောလိုက်သည်။ "သူက သူ့ရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို အသုံးမပြုနိုင်တော့ ရေရှည်မှာ အောက်စည်းကို ရောက်သွားလိမ့်မယ်…

+

ဒုတိယ စီနီယာက သူ့ကို အခြေအနေတွေကို ပြောင်းပြန်လှန်နိုင်ဖို့ အခွင့်အရေး ပေးတော့မှာ မဟုတ်ဘူး"

သူသည် လင်းဖုန်းအား ကြည့်၍ မေးလိုက်သည်။ "ဒါပေမဲ့ တတိယ စီနီယာက..."

လင်းဖုန်းက သူ့အား အနည်းငယ်ပြုံး၍ကြည့်ကာ ပြောလိုက်သည်။ "ထျန်းဟောင်က သူ့ကို ကူညီနေတယ်... မင်းရဲ့ တတိယ စီနီယာ အပေါ်မှာ ယုံကြည်မှုလေး ရှိစမ်းပါ"

ယန်ချင်က ပြန်ပြောလိုက်သည်။ "ကျွန်တော်က တတိယ စီနီယာ အပေါ်မှ ယုံကြည်မှု ရှိပါတယ်... ဒါပေမဲ့ သေမင်းဧကရာဇ်ဟာ လှည့်ကွက် အရမ်းများပြီး

+

တစ်ယောက်ဟာ သူ့ကို ခုခံနိုင်ဖို့ အပြည့်အဝ ပြင်ဆင်ထားဖို့ မဖြစ်နိုင်ဘူး… ဒါပေမဲ့ ထျန်းဟောင်က သူ့ကို မကူရင်တောင် ဘာမှ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်… ဘာပဲပြောပြော သူက ဆရာရဲ့ လက်ချက်ကြောင့် ဒဏ်ရာ အပြင်းအထန် ရသွားပြီ"

စကားပြောနေရင်း ယန်ချင်သည် ကောင်းကင်ပေါ်မှ မီးခိုးရောင် သီးသန့် ကမ္ဘာအား ကြည့်၍ ပြောလိုက်သည်။ "ဆရာ… ဒါက…"

လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားက ပြုံး၍ ပြောလိုက်သည်။ "ဘာမှ ကိစ္စမရှိပါဘူး"

သူစကားပြောနေရင်း ဝိညာဉ်ပင်လယ် အတွင်းမှ အလင်းတန်း များစွာတို့သည် ရုတ်တရက်ပင် အတူတကွ

+

စုစည်းလာကြကာ အတူတကွပင် သူတို့သည်
ကောင်းကင်နှင့် မြေကြီးတို့အား ထိုးဖောက်သွားသည့်
အလွန်အမင်း မျက်စိကျစရာ ကောင်းသော အလင်းတန်း
ခါးပတ် တစ်ခုအဖြစ်သို့ ပြောင်းသွားကြသည်။

ရောမ အလင်းတန်းက တုန်ခါသွားသော အခါ
ကမ္ဘာအနှံ့မှ လေထုများစွာတို့အား လှုပ်ရှားစေခဲ့ပြီး
တိုက်ပွဲအတွင်းတွင် ရှိနေကြသော ဇူရီ၊
လင်းတောက်ဟာန်၊ ယွဲ့ဟုန်ယန်၊ စီးရီးယပ် မဟာပဏ္ဍိတ၊
မျောက်နှင့် ရွှေပုစဥ်း ဆရာတော်တို့ကပင်
ရပ်တန့်လိုက်ကြပြီး လှမ်းကြည့်လိုက်ကြသည်။

ထိုအလင်းတန်းသည် အမှန်ပင် ထူးခြား ဆန်းကြယ်လှ၍
အလင်းရောင်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သော်လည်း
မည်းနက်နေခဲ့သည်။

+

မည်းနက်နေသော အလင်းတန်း အတွင်းတွင်
တစ်ယောက်သည် အလင်းတန်း ပုံရိပ် များစွာတို့က
မြင့်လိုက် နိမ့်လိုက် ဖြစ်နေကြသည်ကို တွေ့နိုင်ခဲ့၍
အတူတကွပင် သူတို့သည် ဖန်ဆင်းမှုများ
အားလုံးတို့အား ကိုယ်စားပြုနေကြသည်။

သူတို့အတွင်းတွင် အစွမ်းထက်သော နဂါး၊ ခွန်းဖန်၊
တောက်တီနှင့် အခြား ခက်ထန်သော သားရဲများ
ပါဝင်နေ၍ သာမန်လူသား၊ သားရဲများ၊ ပန်းများ၊
ငါးများနှင့် ပိုးမွှားများလည်း ပါနေခဲ့သည်။

ကောင်းကင်အပေါ်သို့တိုင် ဆန့်တန်းသွားသည့်
မြင့်မားသော သစ်ပင်များ ရှိနေသကဲ့သို့ နိမ့်ကျသော
ခြုံပုတ်များလည်း ရှိနေကြ၍ တစ်ယောက်သည်

+

ကျယ်ပြန့်သော မြက်ခင်းလွင်ပြင်နှင့် စိုစွတ်နေသော မြေပြန့်များကို တွေ့နိုင်ကြသည်။

အသက်ပုံစံ အားလုံးတို့ ပေါ်လာကြ၍ သူတို့သည် တစ်စက္ကန့် အကြာတွင် ကွေ့လွင့်သွားကြကာ ကျန်နေခဲ့သည်မှာ အရိုးဖြူများနှင့် အထီးကျန်မှုများသာ ဖြစ်သည်။

သို့သော်လည်း ဤမြင်ကွင်းသည် ရှိနေသောသူ အားလုံးတို့၏ ရင်အတွင်းတွင် ကြောက်ရွံ့မှုများကို မဖြစ်ပေါ်စေခဲ့ပဲ ဤအရာသည် သဘာဝ ဖြစ်စဉ်တစ်ခုဟု ခံစားနေရသည်။ သူတို့အားလုံးသည်  ဖန်ဆင်းမှု အားလုံးတို့က မူလများနှင့် ထာဝရ ကောင်းချီးမင်္ဂလာ အဖြစ်သို့ ပြန်ပြောင်းသွားသည်ကို တည်ငြိမ်စွာ ကြည့်နေကြသည်။

+

အလင်းတန်း အရိပ်သည် ထပ်ဖန်တစ်ခါ ပြန်ပေါ်လာ၍ နောက်ဆုံးတွင် တစ်ယောက်သည် အသက်မဲ့နေသော တောင်များ၊ မြစ်များ၊ သဲများနှင့် ကျောက်များတို့သည် အသက်ဝင်လာကာ ပြန်၍ ကြွေလွင့်သွားသည်ကို မြင်ခဲ့ကြရသည်။

ယန်ချင်၏ မျက်နှာသည် လေးနက်သွား၍ ပြောလိုက်သည်။ "ဒါက မူလကောင်းကင် ကမ္ဘာပဲ… သေမင်းလမ်းကြောင်းဟာ ဝိညာဉ်ပင်လယ် အတွင်းမှာ စံနမူနာ ဖြစ်နေတဲ့ အတွက်…"

သူသည် သူ့အကြည့်အား အခြားဘက်သို့ ပြောင်းလိုက်ရာ ထိုနေရာတွင် ကြီးမားသော အလင်းတန်း များစွာတို့က အတူတကွ

+

တုန်ခါနေကြသည်ကို တွေ့လိုက်ရသည်။ သူတို့သည် ထူးခြားသော ပုံစံတစ်မျိုးဖြင့် အတူတကွ စုစည်းသွားကြကာ ကျယ်ပြန့်လှသော နို့နှစ်ဖြူရောင် အလင်းတန်း ခါးပတ်တစ်ခု အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုအလင်းတန်း ခါးပတ် အတွင်းတွင် တစ်ယောက်သည် အသက်ပုံစံ များစွာတို့က ပေါ်လာကြ၍ ပျောက်သွားကြသည်ကို ထပ်ဖန်တစ်ခါ တွေ့နိုင်ခဲ့သည်။ အနက်ရောင် အလင်းတန်း ခါးပတ်အတွင်းမှ မြင်ကွင်းများနှင့် စာလျှင် အရာအားလုံးတို့သည် ကောင်းစွာ ကျန်းမာနေကြ၍ စိတ်အား ထက်သန်နေကြပြီး အသက်ပုံစံ အသစ်များကလည်း အဆက်မပြတ် ပေါ်ပေါက်လာကြသည်။

+

ယန်ချင်၏ အသက်ရှူသံသည် မြန်လာခဲ့၍ သူ၏ညာလက်ကို ဆန့်တန်း၍ ဖြန့်လိုက်ရာ သဲမှုန်တစ်စကို တွေ့နိုင်ခဲ့သည်။ သူသည် သာမန်ပုံစံ ပေါက်နေခဲ့သော်လည်း ယန်ချင်သည် သူ၏ စွမ်းအား အားလုံးတို့ကို အသုံးပြု၍ ထိုအရာအား သူ့လက်ဝါး၏ အလယ်တွင် ထိန်းသိမ်းထားရန် ကြိုးစားနေသကဲ့သို့ ဖြစ်နေသည်။

သူသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ရာ သူ့အကြည့်သည် ထပ်ဖန်တစ်ခါ တည်ငြိမ်သွားခဲ့သည်။ သူသည် ကောင်းကင်ပေါ်တွင် တုန်ခါနေသည့် ထူထဲသော အဖြူနှင့် အနက်ရောင် အလင်းတန်း နှစ်တန်းတို့အား ကြည့်၍ ပြောလိုက်သည်။ "တတိယ စီနီယာနဲ့ သေမင်းကေရာဇ်တို့ဟာ ဒီတစ်ခေါက်မှာ အလေးအနက် တိုက်ခိုက်နကြပြီ"

+

လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။ "ထျန်းဟောင်က သူ့ရဲ့ လွတ်လမ်းကို ပိတ်ဆို့ထားပြီး ဝမ်လင်းက နောက်ကနေပြီး တိုက်ခိုက်နေတယ်... သူ့အနေနဲ့ ဒီတစ်ခေါက် လွတ်မြောက်ဖို့ အခွင့်အရေးက မရှိသလောက်ပဲ"

အကယ်၍ ရွေးချယ်ခွင့်သာ ရှိပါက သေမင်းကေရာဇ်သည် ဝိညာဉ်ပင်လယ် အတွင်းတွင် ဆက်နေ၍ ဝမ်လင်းအား တိုက်ခိုက်နေရန် ဆန္ဒမရှိပေ။

သေမင်းပင်လယ် အတွင်းမှ အက်ကွဲကြောင်း ပေါ်လာသဖြင့် အခြေအနေသည် အလျင်အမြန် ပြောင်းလဲသွားကာ လင်းဖုန်းကြောင့် ဒဏ်ရာ အပြင်းအထန် ရသွားသော သေမင်းကေရာဇ် အနေဖြင့် ဆက်လက် တိုက်ခိုက်လိုနေခြင်း မရှိတော့ပေ။

+

သူသည် အခြေအနေကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပဲ ဤအရာသည် သူ၏ အစီအစဥ်များ အတွင်းတွင် မပါသဖြင့် သူ့အနေဖြင့် ဤမျှအထိ စွန့်စားရန် မလိုပေ။

လင်းဖုန်းသည် ဝိညာဥ်ပင်လယ် အတွင်းတွင် ရှိနေသဖြင့် သူသည် ဝမ်လင်းအား တိုက်ခိုက်ရာတွင် အသာစီး ရခဲ့လျှင်ပင် ဘာမှ ထူးမည် မဟုတ်ချေ။

ထို့အပြင် သူသည် လင်းဖုန်းကြောင့် ဒဏ်ရာ အပြင်းအထန် ရရှိထားသဖြင့် သူ၏ စွမ်းအားများသည် အကြီးအကျယ် အားနည်းနေကာ ကြာမြင့်စွာ မတိုက်ခိုက်နိုင်ပေ။

+

သို့သော်လည်း ရှီထျန်းဟောင်သည် သူ၏
မဟာကောင်းကင်ဘီးဖြင့် ဘေးပတ်ဝန်းကျင်တွင်
လှည့်လည်နေကာ သူ၏ လွတ်လမ်းအား
ပိတ်ဆို့ထားသည်။ သူသည် ငရဲကမ္ဘာ ပင်လယ်မှ
ထွက်လာခဲ့သော အခါ ရှီထျန်းဟောင်ကလည်း
ဤနေရာအထိ လိုက်လာခဲ့မည်ဟု မမျှော်လင့်ထားခဲ့ပေ။

သူသည် ရှီထျန်းဟောင်၏ ယာယီ ပိတ်ဆို့မှုအား
ခံခဲ့ရသော အခါ ဝမ်လင်းသည် သူ့အား
လိုက်မီလာခဲ့သည်။

ရှီထျန်းဟောင်သည် နတ်ကောင်းကင် ဝက်ပါနှင့်
ကောင်းကင်ပေါ်မှ မြို့တော်တို့ကို အသုံးပြုကာ သူ့အား
ဖိနှိပ်ထားခဲ့သည်။ မဟာကောင်းကင်ဘီးသည်
လေထုအလယ်တွင် မြင့်မားစွာ လွင့်မျောနေ၍

+

သူ့အရှေ့မှ လေဟာနယ်အား ခွဲခြားထားပြီး
သေမင်းကေရာဇ်၏ လွတ်လမ်းအား ပိတ်ဆို့ထားခဲ့သည်။

သူ၏ မျက်နှာသည် ဖြူဖျော့နေ၍ အလွန်အမင်း
အားနည်းနေခဲ့သော်လည်း သေမင်းကေရာဇ်သည်
နန်းဆန်နေဆဲ ရှိသေးသည်။ ယခုအချိန်တွင်
ကောင်းကင်အား ပိတ်ဆို့ထားသည်ကို တွေ့ခဲ့ရသော
အခါ သူသည် ဝမ်လင်းအား အနိုင်တိုက်နိုင်ခဲ့လျှင်ပင်
လွတ်လမ်း မရှိနိုင်တော့ဟု သိခဲ့ရသဖြင့်
လေထုအလယ်တွင် ရပ်တန့်လိုက်သည်။

သူသည် ဘေးပတ်ပတ်လည်အား ကြည့်လိုက်သော အခါ
အရာအားလုံးတို့သည် အစိမ်းရောင် ကမ္ဘာတစ်ခု
အဖြစ်သို့ ပြောင်းသွားပြီကို သတိပြုမိလိုက်ကာ ဘာမှ
မပြောတော့ပဲ သူ၏အကြည့်သည် ဝမ်လင်းအပေါ်သို့
ကျရောက်သွားသည်။

+

ဝမ်လင်း၏ အမူအရာမှာ တည်ငြိမ်နေဆဲ ရှိသေးသည်။ ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ အဖြူရောင် ဆံပင်များက သူ့နောက်တွင် လွင့်မျောနေကာ သူ၏ အကြည့်သည် ခံစားချက် ကင်းမဲ့နေသည်။

သေမင်းကောရာဇ်သည် ဝမ်လင်းအား ကြည့်နေရင်း ရုတ်တရက် ပြုံးလိုက်ကာ ပြောလိုက်သည်။ "အနန်ဒါနဲ့ သံသရာဂိုဏ်းက ကျန်တဲ့သူတွေဟာ မင်းကို မျက်စိ ဆံပင်မွေး စူးနေတာ အဆန်းတော့ မဟုတ်ပါဘူး"

ဝမ်လင်းသည် ဘာမှ မပြောခဲ့သော်လည်း သူ့အနားမှ အရှိန်အဝါသည် စတင်၍ ပြောင်းလဲလာခဲ့သည်။

+

နတ်ကောင်းကင် ဝက်ပါဖြင့် ဖွဲ့စည်းထားသော ကောင်းကင်သည် ချက်ချင်းပင် အဝါရင့်ရောင် ပြောင်းသွား၍ စူးရှသော သေမင်း အငွေ့အသက် တစ်ခုသည် နေရာအနှံ့ ပျံ့နှံ့လာသည်။ ငရဲကမ္ဘာ မြစ်သည် ငြိမ်သက်စွာ စီးဆင်းနေ၍ ဒုက္ခရောက်နေသော ရေများအပေါ်က တံတားသည် သူ့အပေါ်တွင် ပေါ်လာသည်။ မည်းနက်နေသော ယမမင်း တော်ဝင်စံအိမ်က ပေါ်လာ၍ သူ၏ တံခါးများ ပွင့်သွားသော အခါ အဖြူနှင့် အနက်ရောင် အလင်းတန်း ဘီးနှစ်ဘီးတို့ ထွက်လာကြသည်။

စံအိမ်အတွင်းတွင် ကြေးမုံတစ်ခုနှင့် တူနေသော ကျောက်တုံးတစ်ခု ရှိနေပြီး မမှန်းဆနိုင်သည့် မြင်ကွင်းများစွာတို့အား ရောင်ပြန်ဟပ်နေခဲ့သည်။

+

ဘဝသုံးမျိုး ကျောက်တုံး၏ အပေါ်တွင် တစ်ယောက်သည် အလင်းတန်း ပုံရိပ် တစ်ခုကို တွေ့နိုင်ခဲ့သည်။ သူသည် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေပြီး ထူးခြားဆန်းကြယ်ကာ အားကောင်းသော စွမ်းအားများဖြင့် ပြည့်ဝနေသည်။

သေမင်းကေရာဇ်၏ အကြည့်သည် ငရဲကမ္ဘာသို့ သွားရာလမ်း၊ ငရဲကမ္ဘာမြစ်၊ ဒုက္ခရောက်နေသော ရေများအပေါ်က တံတားနှင့် ယမမင်း တော်ဝင်စံအိမ်တို့ အပေါ်သို့ ကျရောက်သွားကာ ဘဝသုံးမျိုး ကျောက်တုံးအား ကျော်ဖြတ်သွား၍ နောက်ဆုံးတွင် ကျောက်တုံးအား ဖုံးလွှမ်းနေသော ဝေဝါးနေသည့် အလင်းတန်း အပေါ်သို့ ကျရောက်သွားသည်။

ထိုအလင်းတန်း ဘောလုံးအား တွေ့ခဲ့ရသော အခါ သေမင်းကေရာဇ်၏ အကြည့်သည် အနည်းငယ်

+

တုန်ခါသွား၍ သူ၏ခေါင်းကို ညိတ်ကာ ပြောလိုက်သည်။
"မင်းမှာ ဆရာကောင်း တစ်ယောက် ရှိတာပဲ"

သူသည် ဟင်းလင်းပြင် အတွင်းမှ လေထုအလယ်တွင် သက်တောင့်သက်သာ ရပ်နေပြီး လမ်းလျှောက် ထွက်နေသကဲ့သို့ ရှေ့တိုးလာခဲ့ရာ ဝမ်လင်းအနားသို့ ရောက်ရှိလာသည်။

အခြားသူများ အတွက် ဤနေရာသည် ဖျက်ဆီးနိုင်သော သေမင်းနေရာ ဖြစ်နေသော်လည်း သေမင်းကေရာဇ် အတွက်မူ ပန်းခြံအတွင်းတွင် လမ်းလျှောက်နေရသည်နှင့် တူနေသည်။

ငရဲကမ္ဘာသို့ သွားရာလမ်း အပေါ်မှ အရိုးလက်များ ပေါ်လာ၍ သေမင်းကေရာဇ်အား ဆွဲချရန်

+

ကြိုးစားခဲ့သော်လည်း သူတို့သည် လမ်းတစ်ဝက်တွင် လက်လျှော့သွားကြသည်။

အရာအားလုံးအား သန့်စင်နိုင်သော ငရဲကမ္ဘာ မြစ်ရေသည် သေမင်းဧကရာဇ်၏ အရှေ့တွင် ငြိမ်သက်နေခဲ့ကာ ငရဲကမ္ဘာ မြစ်တစ်စင်းလုံးက အေးခဲသွားခဲ့သည်နှင့် တူနေသည်။

သေမင်းဧကရာဇ်သည် အေးခဲနေသော ငရဲကမ္ဘာ မြစ်အပေါ်မှ ဖြတ်သန်းမသွားခဲ့ပဲ ဒုက္ခရောက်နေသော ရေများအပေါ်က တံတားထံသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ သူသည် တစ်လှမ်းပြီး တစ်လှမ်း လှမ်းလာခဲ့သော်လည်း အစိမ်းနှင့် အနက်ရောင် ကျောက်တုံးတံတားသည် လုံးဝကို ငြိမ်သက်နေကာ လုံးဝ မတုံ့ပြန်ခဲ့ပေ။

+

သူသည် ယမမင်း တော်ဝင်စံအိမ် အရှေ့သို့ ရောက်လာသော အခါ သူ့မျက်လုံးများ အတွင်းမှ အဖြူနှင့် အနက်ရောင် အလင်းတန်းများဖြင့် လင်းလက်လာသည်။

ယမမင်း တော်ဝင်စံအိမ် အတွင်းတွင် လျင်မြန်စွာ လည်ပတ်နေသော အလင်းတန်းဘီး နှစ်ဘီးတို့သည် တဖြည်းဖြည်း နှေးလာခဲ့၍ နောက်ဆုံးတွင် ရပ်တန့်သွားခဲ့သည်။

သေမင်းကေရာဇ်သည် ယမမင်း တော်ဝင်စံအိမ်အား ဖြတ်သန်းလာ၍ ဘဝသုံးမျိုး ကျောက်တုံးအရှေ့တွင် ပေါ်လာခဲ့ကာ သူ့အား ကြည့်ပြီး ပြောလိုက်သည်။ "ဒါက ရှုလိုင် တာအိုဆရာနဲ့ သိပ်မကွာဘူး"

+

သူသည် သူ၏လက်များဖြင့် မှော်ကျိန်စာ
သင်္ကေတများကို လျင်မြန်စွာ ပြုလုပ်နေရင်း သူတို့အား
ဖွင့်လိုက်ရာ အဖြူရောင် အလင်းတန်း တစ်တန်း
ထွက်လာ၍ အရောင်မျိုးစုံ အဖြစ် ပြောင်းသွားခဲ့သည်။

ထိုအရောင်များ အကြားတွင် တစ်ယောက်သည်
မရေမတွက်နိုင်သော ပုံရိပ်များက ပြောင်းလဲ
ယှက်သန်းနေကြသည်ကို တွေ့နိုင်ခဲ့၍ မဟာကမ္ဘာ
အတွင်းမှ ပြောင်းလဲမှုများနှင့် ဆင်တူနေသော
စိတ်ကူးစိတ်သန်း တစ်ခုကို ဖော်ပြခဲ့သည်။ ပုံစံများစွာတို့
အတွင်းတွင် တစ်ယောက်သည် မြို့များ၊ ရွာများ၊
တောများကို တွေ့နိုင်ခဲ့၍ လူသားတို့၏ ခံစားချက်များ
ဖြစ်သော ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း…
အစရှိသည်တို့ကိုလည်း ခံစားနေရသည်။

+

ထောင်နှင့် သောင်းနှင့်ချီသော ကမ္ဘမျဉ်းကြောင်းများ ပေါ်လာကြကာ ဘဝသုံးမျိုး ကျောက်တုံးအား ဖုံးလွှမ်းသွားပြီး သူ၏ တွက်ချက်နိုင်မှု စွမ်းရည်များအား တားဆီးခဲ့သည်။

အကယ်၍ ဤအရာသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ဘဝသုံးမျိုး ကမ္ဘကျိန်စာ ဖြစ်ပါက သေမင်းဧကရာဇ် အနေဖြင့် လွယ်ကူစွာ လွှမ်းမိုးနိုင်လိမ့်မည် မဟုတ်ချေ။ အနည်းငယ် တွေဝေသွားပါက ပစ္စုပ္ပန်နှင့် အနာဂတ်များသည် အတိတ် ဖြစ်သွားနိုင်သည်။

ဘဝသုံးမျိုး ကျောက်တုံးအား လွှမ်းခြုံသွား အပြီးတွင် သေမင်းဧကရာဇ်သည် သူ၏ခေါင်းကို မော့၍ ဝေဝါးနေသော အလင်းတန်းအား ကြည့်လိုက်ရာ သူ၏ မျက်နှာအပေါ်တွင် တွေဝေ မိန်းမောနေသော အကြည့်တစ်ခု ပေါ်လာခဲ့သည်။ ထိုအချိန်တွင်

+

သူ၏ရင်သည် အနည်းငယ် တုန်ခါသွား၍
သူ၏အကြည့်အား ရုပ်သိမ်းလိုက်ကာ ဘဝသုံးမျိုး
ကျောက်တုံး၏ အနောက်သို့ လှမ်းကြည့်လိုက်သည်။

ထိုနေရာတွင် ပုံရိပ်တစ်ခုသည် မြင့်မားသော ပလ္လင်တစ်ခု
အပေါ်တွင် ထိုင်နေခဲ့သည်။ သူသည် အနက်ရောင်
နဂါးဝတ်ရုံများကို ဝတ်ဆင်ထား၍ ငရဲကမ္ဘာ၏
အုပ်ချုပ်သူဟု ထင်နေရကာ သူ၏ မျက်နှာသည်
ဝမ်လင်းနှင့် တစ်ထေရာတည်း ဆင်တူနေသည်။ သူသည်
အေးစက်ခက်ထန်၍ နန်းဆန်ကာ ဖန်ဆင်းမှု
အားလုံးတို့အား အထင်သေးနေသည့် ပုံစံပေါက်နေသည်။

သူသည် သေမင်းဧကရာဇ်နှင့်လည်း ဆင်တူနေသည်။

+

သူ့အား တွေ့လိုက်ရသော အခါ သေမင်းကေရာဇ်သည် တစ်စုံတစ်ခုက မှားနေပြီ ဖြစ်သည်ဟု ခံစားလိုက်ရသည်။

သူသည် အနည်းငယ်ပြုံး၍ ပြောလိုက်သည်။ "ကျလာစမ်း" ပြီးတာနှင့် ဝမ်လင်း၏ ခန္ဓာကိုယ်သည် မတည်မငြိမ် ဖြစ်လာ၍ အပေါ်မှ ကျဆင်းလာတော့မည်ကဲ့သို့ ဖြစ်သွားသည်။

ဤမြင်ကွင်းသည် ရုပ်သေး ကေရာဇ်က တကယ့် ကေရာဇ်နှင့် တွေ့ဆုံခဲ့သည့် အတိုင်း အလွန်ကို ရယ်ရွှင်ဖွယ် ကောင်းနေသည်။

သို့သော်လည်း သူ၏ စိတ်ချင်း ဆက်သွယ်ထားသော စွမ်းအားများသည် ဝမ်လင်း၏ ခန္ဓာကိုယ်မှ

+

စွမ်းအားများနှင့် ထိတွေ့ခဲ့သော အခါ
သေမင်းကေရာဇ်သည် ဆက်လက်၍ မရယ်နိုင်တော့ချေ။

ထိုအချိန်တွင် ယမမင်း တော်ဝင်စံအိမ်သည်
ပြင်းထန်စွာနှင့် တုန်ခါနေ၍ အဖြူနှင့် အနက်ရောင်
အလင်းတန်း ဘီးများက ထပ်ဖန်တစ်ခါ
လည်ပတ်လာကြသည်။

## စာစဥ် ၇၅ : အပိုင်း ၁

## အပိုင်း ၁၄၅၁ : ယခင် အယူအဆများအား လုံးဝ ပြောင်းလဲပစ်ခြင်း

ယမမင်း တော်ဝင်စံအိမ် တုန်ခါသွားသော အခါ
လေဟာနယ်သည် လျင်မြန်စွာ ကျုံ့ဝင်လာ၍

+

အကျဥ်းထောင်ကဲ့သို့ သေမင်းကေရာဇ်အား
ဖြည်းဖြည်းချင်း ချုပ်နှောင်ထားခဲ့သည်။

ပလ္လင်ပေါ်မှ ပြုတ်ကျလာသော ဝမ်လင်းသည် ယမမင်း
တော်ဝင်စံအိမ် အတွင်းသို့ အစုပ်ယူ ခံခဲ့ရသကဲ့သို့ လုံးဝ
ပျောက်ကွယ်သွားသည်။

သေမင်းကေရာဇ်သည် သူ၏ခေါင်းကို လှည့်၍ ယမမင်း
တော်ဝင်စံအိမ်မှ တဆင့် ပြင်ပကမ္ဘာသို့
လှမ်းကြည့်လိုက်ရာ သူဖြတ်သန်းလာခဲ့သော ငရဲကမ္ဘာသို့
သွားသောလမ်း၊ ငရဲကမ္ဘာ မြစ်ရေနှင့်
ဒုက္ခရောက်နေသော ရေများအပေါ်က တံတားတို့သည်
စတင်၍ တုန်ခါလာသည်ကို တွေ့လိုက်ရသည်။

+

လူသားပုံရိပ် အချို့က ရုတ်တရက် ပေါ်လာကြ၍ သူတို့အားလုံးတို့သည် ဝမ်းလင်းနှင့် ဆင်တူနေကြသည်။

ငရဲကမ္ဘာသို့ သွားသောလမ်း အပေါ်တွင် ပြတ်သားသော လူငယ်တစ်ယောက် ပေါ်လာသည်။ သူမျက်နှာ အပေါ်မှ ခိုင်မာသော အကြည့်မှ လွဲ၍ သူသည် သာမန်ပုံသာ ပေါက်နေသည်။ သူ၏ ငြိမ်သက် ပြတ်သားသော အကြည့်သည် အနည်းငယ် သန့်စင်ပုံ ပေါက်နေသေး၍ သူ၏ လက်ရှိ အခက်အခဲများကို ကျော်လွှားရန် ဆုံးဖြတ်ထားပြီး ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှော်လင့်ချက်များကို သယ်ဆောင်ထားခဲ့သည်။

ငရဲကမ္ဘာ မြစ်အပေါ်တွင် မျက်လုံးများကို တင်းကျပ်စွာ ပိတ်ထားကာ အမူအရာ ကင်းမဲ့နေသည့် လူငယ်တစ်ယောက် ပေါ်လာသည်။ သူသည် ကျောက်တုံး တစ်တုံးကဲ့သို့ မလှုပ်မယှက် နေနေခဲ့ပြီး

+

မြစ်၏ အစိတ်အပိုင်း တစ်ခုကဲ့သို့ ဖြစ်နေခဲ့ကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် သေခြင်းနှင့် ရှင်ခြင်းတို့ အကြားတွင် ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။

ဒုက္ခရောက်နေသော ရေများအပေါ်က တံတား အပေါ်တွင် တည်ငြိမ်သော အမူအရာဖြင့် သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသော သာမန်ဟုသာ ထင်နေရသည့် လူငယ်တစ်ယောက် ပေါ်လာကာ သူ့ဘေးမှ ရှုခင်းများကို ကြည့်နေသည့်ပုံ ပေါက်နေသည်။

သေမင်းကေရာဇ်၏ အရှေ့မှ ဘဝသုံးမျိုး ကျောက်တုံးသည် ရုတ်တရက် လင်းလက်လာကာ သူ့အား ဝန်းရံနေသည့် တောက်ပသော အလင်းတန်းက ပျောက်ကွယ်သွား၍ ကြေးမုံကဲ့သို့ တောက်ပနေသည့် ဘဝသုံးမျိုး ကျောက်တုံးအပေါ်တွင် လူသားပုံရိပ် တစ်ခု ပေါ်လာသည်။ သူသည်လည်း ဝမ်လင်းဖြစ်သည်။

+

သို့သော်လည်း သူသည် အသက်ကြီးရင့်နေသော ဝမ်လင်းဖြစ်သည်။ သူ၏ မျက်နှာပေါ်တွင် အရေးအကြောင်းများ ထင်နေ၍ သူ၏ ခန္ဓာကိုယ်သည် အိုမင်းနေသည့်ပုံ ပေါက်နေပြီး သူ၏ မျက်လုံးများကသာ ကြည်လင် နက်ရှိုင်းနေသည်။

သို့သော်လည်း ဝမ်လင်း တစ်ယောက်တိုင်းတွင် တူညီသော အချက်တစ်ခု ရှိနေသည်။ သူတို့အားလုံး၏ နဖူးပေါ်တွင် စေတန်ပုံစံ တစ်ခု ရှိနေကြခြင်း ဖြစ်သည်။

ထိုပုံစံအား မြင်လိုက်သော အခါ သေမင်းကေရာဇ်၏ မျက်လုံးအစုံက လင်းလက်သွားခဲ့သည်။
"ရှေးဟောင်းစေတန် နည်းစနစ်... ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာ"

+

သူသည် သူ၏ အထွတ်အထိပ် အခြေအနေသို့ ရေးဟောင်းစေတန်ဂိုဏ်း မြင့်တက်မလာမီ ရောက်ရှိခဲ့၍ ရေးဟောင်းခေတ် အတွင်းတွင် ကျဆုံးခဲ့သော်လည်း ထို့နောက်တွင် ကမ္ဘာကြီး အတွင်း၌ ဖြစ်ပျက်ခဲ့သော အရာအားလုံးကို မသိပဲနေခဲ့သည် မဟုတ်ချေ။ သူသည် နောက်ဆုံးပေါ် သတင်းများကို ဆက်လက် ရရှိနေ၍ သူ့တပည့်များ ဖြစ်ကြသည့် သံသရာ ဘုန်းတော်ကြီး၊ ငရဲကမ္ဘာ ဘုန်းတော်ကြီး၊ ငရဲ ဘုန်းတော်ကြီးနှင့် ရှုအန်ဒါတို့သည် မဟာကမ္ဘာ အတွင်းတွင် လှုပ်ရှားနေသူများ ဖြစ်ကြသည်။

ထို့ကြောင့် သူသည် မဟာကမ္ဘာ အတွင်းတွင် ဖြစ်ပျက်နေသော အရာများ အကြောင်းကို သိရှိပေသည်။

+

သို့သော်လည်း ဝမ်လင်း၏ ယခု မှော်ကျိန်စာသည် အနည်းငယ် ထူးခြားနေကာ ရင်းနှီး ကျွမ်းဝင်မှု မရှိသည့်ပုံ ပေါက်နေသည်။

သေမင်းဧကရာဇ်က သူ့အားကြည့်၍ မေးလိုက်သည်။ "မင်းက ဒီမှော်ကျိန်စာတွေကို ဖြစ်တည်မှု ပုံစံအချို့နဲ့ ပေါင်းစည်းပြီးမှ မင်းရဲ့ ခန္ဓာကိုယ် အပေါ်ကို ပြောင်းရွှေ့လိုက်တာလား"

ဝမ်လင်းသည် ဘာမှ ပြန်မဖြေခဲ့ပေ။ သူ၏ အစစ်အမှန် ပုံစံအား မမြင်နိုင်ပဲ သူ၏ အခြား ပုံစံများကလည်း သူတို့၏ မှော်ကျိန်စာများအား စတင်၍ ထုတ်လွှတ်နေခဲ့သည်။

+

ငရဲကမ္ဘာသို့ သွားသောလမ်း၊ ငရဲကမ္ဘာမြစ်၊
ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတား၊ ယမမင်း
တော်ဝင်စံအိမ်နှင့် ဘဝသုံးမျိုး ကျောက်တုံး
အားလုံးတို့သည် စတင်၍ တုန်ခါလာကြကာ
အတူတကွပင် သူတို့သည် ငရဲကိုယ်တိုင်နှင့် တူနေသည့်
ငရဲကိုးလွှာ ငရဲကမ္ဘာမြစ် ကမ္ဘာကို
တည်ဆောက်လိုက်ကြသည်။

သေမင်းကေရာဇ်အား လွှမ်းခြုံနေ၍ ဖိအားများ
ပေးနေသော အနက်ရောင် အရှိန်အဝါ တစ်ခုကို သာမန်
မျက်လုံးများဖြင့် တွေ့နိုင်လိမ့်မည် မဟုတ်ချေ။

အစပထမတွင် သေမင်းကေရာဇ်သည်
အံ့အားသင့်နေခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်
တည်ငြိမ်လာခဲ့ကာ ဘာမှ မဖြစ်ခဲ့သကဲ့သို့
သဘောထား၍ ပြောလိုက်သည်။ "ငါ့ရဲ့ စွမ်းအားတွေကို

+

လာဖြုန်းတီး မနေပါနဲ့… ငါလုပ်ရမှာက မင်းကို အကြိမ်အနည်းငယ် ဖျက်ဆီးပစ်ရုံပဲ"

ဤအထိ ပြောပြီးသည်နှင့် သူ၏ အနက်ရောင် မျက်လုံးများသည် ရုတ်တရက် ပြောင်းလဲသွားကာ အဖြူရောင် အလင်းတန်းများက သူတို့ထံမှ ထွက်လာကြသည်။

သူတို့အတွင်းတွင် သယ်ဆောင်ထားသော အဖြူရောင် အလင်းတန်းသည် အရာအားလုံးအား မွေးဖွားနိုင်သကဲ့သို့ သန်မာသော အသက်စွမ်းအင်များ ရှိကြသည်။ အဖြူရောင် အလင်းတန်းများ ထိတွေ့ခဲ့သော နေရာတိုင်းတွင် သူသည် အနက်ရောင် အရှိန်အဝါများနှင့် ပေါင်းစည်းသွားကြသည်။

+

နှစ်ဦး နှစ်ဘက်တို့သည် ပြင်းထန်စွာ တိုက်ခိုက်ကြခြင်း
မရှိခဲ့ပဲ အတူတကွ ပေါင်းစည်းသွားကာ အဖြူနှင့်
အနက်ရောင် ခဲတတ်ငွေ့များက အဆက်မပြတ်
လည်ပတ်လာ၍ နောက်ဆုံးတွင် လည်ပတ်နေသော
သေးငယ်သည့် ဘီးများကို လေထုအလယ်တွင်
တွေ့နိုင်ခဲ့သည်။

ထိုဘီးများသည် ကောင်းကင်အား ပြည့်သွား၍
သေခြင်းနှင့် ရှင်ခြင်းတို့၏ သဘောတရားများကို
ဖော်ပြနေကြသည်။ ဘီးများ လည်ပတ်လာသည်နှင့်
တစ်ယောက်သည် သံသရာ၏ အစစ်အမှန်
သဘောတရားများကို တွေ့နိုင်ခဲ့သည်။

သေမင်းကေရာဇ်သည် သူ၏လက်ကို ဆန့်တန်းလိုက်၍
အသာပုတ်လိုက်ရာ အဖြူနှင့် အနက်ရောင် ဘီးများသည်

+

နေရာအနှံ့ ပျံ့သန်းသွား၍ ဝမ်လင်း၏ ငရဲကိုးလွှာ ငရဲကမ္ဘာမြစ် ကမ္ဘာအား တရစပ် ထိုးနှက်ခဲ့ကြသည်။

ဤအချိန်တွင် ဝမ်လင်း၏ ခန္ဓာကိုယ်များ အားလုံးတို့သည် ပျောက်ကွယ်သွားကြပြီ ဖြစ်ကာ သူ၏ အစစ်အမှန် ခန္ဓာကိုယ်သည် သေမင်းဧကရာဇ် အရှေ့တွင် ရုတ်တရက် ပေါ်လာခဲ့ကာ လက်ချောင်း တစ်ချောင်းဖြင့် သူ့ရင်ဘတ်အား ထိုးလိုက်သည်။

ဝမ်လင်းသည် သူ၏ စင်စစ် ဖြစ်တည်မှုအား ဖော်ပြထားပြီး ဖြစ်ကာ ထိုက်ကျိရုပ်ပုံ တစ်ခုသည် သူ၏ ခေါင်းပေါ်တွင် ဖြည်းဖြည်းချင်း လည်ပတ်နေသည်။ ဘဝသုံးမျိုး ကျောက်တုံး၊ ယမမင်း တော်ဝင်စံအိမ်နှင့် သူ၏ စင်စစ် ဖြစ်တည်မှုအား ဖန်တီးခဲ့ကြသည့် ကျန်သောအရာများ အားလုံးတို့သည်

+

ပျောက်ကွယ်သွားကြပြီ ဖြစ်ကာ သူ့အား သာမန်ဟုသာ ထင်စေခဲ့သည်။

သူသည် တဖျပ်ဖျပ် လွင့်နေသော အနက်ရောင် ဝတ်ရုံကို ဝတ်ဆင်ထားသော သာမန်လူတစ်ယောက်ကဲ့သို့ လေထုအလယ်တွင် ရပ်နေခဲ့သည်။

ရုတ်တရက်ပင် သူသည် သေမင်းကေရာဇ်၏ ရင်ဘတ်ထံသို့ ညွှန်ပြလိုက်ရာ ငရဲကိုးလွှာ ငရဲကမ္ဘာမြစ် ကမ္ဘာသည် ငြိမ်သက်သွား၍ သူ၏ လက်ချောင်းတစ်ခုသာ လှုပ်ရှားနေခဲ့သည်။

သေမင်းကေရာဇ်သည် ဝမ်လင်းက မှော်ကျိန်စာ သီးသန့် ကျင့်ကြံသူ ဖြစ်သည်ဟု သိထားခဲ့သော်လည်း သူ၏

+

လက်ချောင်းသည် သိုင်းပညာရပ် တစ်ခုဖြစ်သည်မှာ
သိသာနေသည်။

ဤအချိန်တွင် ဝမ်လင်း စင်စစ် ဖြစ်တည်မှု၏ နှလုံးသား
အတွင်းမှ အစွမ်းထက်သော စွမ်းအားတစ်ခု
ပေါက်ကွဲထွက်လာသည်ကို တစ်ယောက်က
ခံစားနိုင်ခဲ့သည်။ စကြာဝဠာ တစ်ခုလုံးက
ပျက်စီးလုနီးပါး ဖြစ်နေခဲ့သကဲ့သို့ ဖြစ်သည်။

အစက်လေး တစ်ခုမှ စတင်၍ ကြီးမားစွာ
ကျယ်ပြန့်လာခဲ့ကာ မကြာမီပင် ကောင်းကင်နှင့် မြေကြီး
တစ်ခုလုံးအား လွှမ်းခြုံသွားခဲ့သည်။

+

ဤစွမ်းအား၏ လွှမ်းမိုးမှု အောက်တွင် ဝမ်လင်း၏
လက်ချောင်းသည် အမတန်မှ ကြောက်မက်ဖွယ်ရာ
ကောင်းနေပေသည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် မမြင့်မြတ်သော
သက်ရှိများက သီဆို ကခုန်နေကြ၍ ချောက်ကမ်းပါး
တစ်ခု ပေါ်လာခဲ့သည်။

တစ်ယောက်သည် ထိုချောက်ကမ်းပါးမှ
ငုံ့ကြည့်လိုက်သော အခါ အလွန် မြင့်မားသော
မျှော်စင်တစ်ခုအား မော့ကြည့်နေရသည်နှင့် တူနေခဲ့ပြီး
အရာအားလုံးတို့သည် ထိုချောက်ကမ်းပါး၏
အောက်ခြေ၌ စုစည်းနေခဲ့သည်။ မျှော်စင်၏ ထိပ်တွင်
ပေါ်လာခဲ့သော မိစ္ဆာများ အားလုံးတို့သည်
ချောက်ကမ်းပါးအောက်မှ အမိန့်အာဏာကို
နာခံနေသကဲ့သို့ ဖြစ်နေခဲ့သည်။
+

ဝမ်လင်း၏ လက်ချောင်း၊ မျှော်စင်ထိပ်နှင့်
ချောက်ကမ်းပါး အောက်ခြေတို့သည် ဖြစ်တည်မှု
တစ်ခုတည်း အဖြစ်သို့ ပြောင်းသွားခဲ့ကာ
လေးလံလွန်းသဖြင့် တစ်ယောက်သည့် သူ့အပေါ်၌ ဘာမှ
ထပ်ဖြည့်နိုင်ခြင်း မရှိတော့ပေ။ မိစ္ဆာချောက်ကမ်းပါး
တစ်ခုလုံး၏ စွမ်းအားများသည် သေမင်းကေရာဇ်၏
ရင်ဘတ်အပေါ်သို့ တည့်တည့် ကျဆင်းလာခဲ့သည်။

ဤအရာသည် ရှေးဟောင်းစေတန်ဂိုဏ်း၏
အစွမ်းအထက်ဆုံး သိုင်းပညာရပ် တစ်ခုဖြစ်သည့်
မိစ္ဆာတစ်သောင်းတို့၏ အညွှံ့ခံခြင်း ဖြစ်သည်။

ဤအရာအား မျှော်လင့် မထားခဲ့သဖြင့် ဝမ်လင်း၏
ရုတ်တရက် တိုက်ခိုက်မှုသည် သေမင်းကေရာဇ်၏

+

ဝမ်လင်းအပေါ်မှ အမြင်များကို လုံးဝ
ပြောင်းသွားစေခဲ့သည်။ သူ၏ ကျင့်ကြံမှု အဆင့်ဖြင့်ပင်
သူသည် စကြာနန့်ပိုင်း အတွင်းတွင် ပေါ်လာသော
ဝမ်လင်း၏ တိုက်ခိုက်မှုအား မရှောင်ရှားနိုင်ခဲ့ပေ။

ဤအချိန်တွင် သူသည် အဝေးသို့ သယ်ယူပို့ဆောင်ကာ
လွတ်မြောက်ရန် ကြိုးစားခဲ့သော်လည်း မိစ္ဆာ
တစ်သောင်းတို့၏ အညှံ့ခံခြင်းဖြင့် ဖိနှိပ်မှုအား ခံခဲ့ရပြီး
ဖြစ်နေသဖြင့် သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်
ကူရာမဲ့စွာဖြင့် နက်ရှိုင်းသော ချောက်ကမ်းပါး အောက်သို့
ကျသွား၍ မျှော်စင်၏ ထိပ်ဖျားပေါ်သို့
ရောက်သွားခဲ့သည်။

သို့သော်လည်း သေမင်းကေရာဇ်သည် ပေါ့ပေါ့တန်တန်
သဘောထား၍ရသည့် တစ်စုံတစ်ယောက် မဟုတ်ပဲ
သူ၏ မူလပုံစံဖြင့် မလှုပ်မရှား ရပ်နေကာ သူ့ရင်ဘတ်
+

အရှေ့တွင် အဖြူနှင့် အနက်ရောင် တာအိုသစ်သီး တစ်လုံး ပေါ်လာ၍ ဝမ်လင်း၏ တိုက်ခိုက်မှုအား ခုခံလိုက်လေသည်။

သို့သော်လည်း ထိုတာအိုသစ်သီးသည် ပေါက်ကွဲသွား၍ ကောင်းကင် တစ်ခုလုံးအား အနက်ရောင် အလင်းတန်းများဖြင့် ပြည့်သွားစေသည်။

ငရဲကမ္ဘာ ရှေးပဝေသဏီ မဟာကပ်ဆိုး ကျိန်စာ။

ဝမ်လင်းသည် ထိုအရာကို တွေ့ခဲ့သော အခါ သူ၏ မျက်လုံးများ အတွင်းမှ တောက်ပသော အလင်းတန်း တစ်ခု ထွက်ပေါ်လာ၍ သူ၏ ညာမျက်လုံး အတွင်းတွင် အဖြူနှင့် အနက်ရောင် အလင်းတန်းများ ယှက်သန်းသွားကာ အဖြူနှင့် အနက်ရောင်

+

ကြက်ခြေခတ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ကောင်းကင်ပေါ်မှ နေ၍ သေမင်းဧကရာဇ် အပေါ်သို့ ကျဆင်းလာသည်။

"အလယ်ဗဟို" ဝမ်လင်းက ကြုံးဝါးလိုက်ရာ ကောင်းကင်တော်လှန် ဘဝပြောင်းလဲ ကျိန်စာ ပေါ်လာခဲ့၍ ကမ္ဘဝါဒ ပြောင်းလဲခြင်းကို ပြောင်းပြန်လှန်ခဲ့ပြီး အတိတ်မှ ဖြစ်ရပ်များကို ပြောင်းလဲခဲ့သည်။

အဖြူနှင့် အနက်ရောင် အလင်းတန်း၏ လင်းလက်မှု အောက်တွင် အစွမ်းထက်သော တိုက်ခိုက်မှု၏ ဟန့်တားခြင်းကို ခံခဲ့ရသော ငရဲကမ္ဘာ ရှေးပဝေသဏီ မဟာကပ်ဆိုး ကျိန်စာသည် သေမင်းဧကရာဇ်၏ ရင်ဘတ်အပေါ်သို့ ကျဆင်းလာခဲ့သည်။

+

သေမင်းကေရာဇ်၏ မျက်လုံးအစုံသည် တောက်ပလာ၍ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ငါ့အရှေ့မှာ အရာအားလုံးတို့က တိတ်ဆိတ်သွားကြမယ်"

ငရဲကမ္ဘာ ယဇ်ပူဖော်ခြင်း အခမ်းအနား ထွက်ပေါ်လာ၍ အလှွာသုံးလွှာ အနက်ရောင် ယဇ်ပလ္လင် တစ်ခု ပေါ်လာခဲ့သည်။ ပြီးတာနှင့် သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး တစ်လုံးအား အနစ်နာ ခံလိုက်ရာ ယဇ်ပလ္လင်သည် ပျက်စီးသွား၍ အနက်ရောင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားကာ သေမင်းကေရာဇ် အရှေ့မှ အရာအားလုံးတို့အား ကာကွယ်ပေးခဲ့သည်။

+

ငရဲကမ္ဘာ ရှေးပဝေသဏီ မဟာကပ်ဆိုး ကျိန်စာ
ထောက်ပံ့ထားခဲ့သဖြင့် ဝမ်လင်း ဒုတိယ အကြိမ်
တိုက်ခိုက်လိုက်သော အခါ သူ၏ လက်ချောင်းသည်
သေမင်းကေရာဇ်၏ ရင်ဘတ်အနားသို့ ရောက်လာခဲ့ပြီ
ဖြစ်ပြီး သူ့လက်ချောင်း၏ ဖိနှိပ်ထားမှုကြောင့် သူ၏
နှလုံးသားမှ ထုံကျဥ်လာခဲ့သည်။

ထိုအနက်ရောင် အလင်းတန်း ပေါ်လာသော အခါ
ထာဝရ အချိန်သည် သူတို့နှစ်ယောက်အား ခွဲထားခဲ့၍
အလွန်အမင်း ကြောက်စရာကောင်းသော
တိုက်ခိုက်မှုသည် ဝမ်လင်း၏ မိစ္ဆာတစ်သောင်းတို့၏
အညှို့ခံခြင်းအား တားဆီးနိုင်ခဲ့သည်။

ဝမ်လင်း၏ မျက်လုံးအစုံသည် လင်းလက်လာ၍
ကောင်းကင်တော်လှန် ဘဝပြောင်းလဲ ကျိန်စာအား
ထပ်ဖန်တစ်ခါ ထုတ်ဖော်လိုက်သည်။
+

အရာအားလုံးတို့သည် လုံး၀ ငြိမ်သက်သွားကြ၍ တိတ်ဆိတ်နေသော အနက်ရောင် အလင်းတန်း အလွှာသည် ဒိုင်မန်းရှင်းများ ထံမှ ကွဲကွာသွား သကဲ့သို့ ဖြစ်သွားကာ ယခုအချိန်တွင် သေမင်းဧကရာဇ် အရှေ့တွင် အန္တရာယ်များ၊ အခက်အခဲများ မရှိနေကြတော့ပေ။

သူ၏ စိတ်ဝိညာဉ် စွမ်းအင်များအား ဖြတ်တောက်နိုင်ရုံတင် မကပဲ သူသည် သူ၏ ရုပ်ကိုယ်ခန္ဓာ၊ နက်နဲသော သဘောတရားများနှင့် ကမ္ဘာ ဆက်သွယ်မှုများကိုပင် ဖြတ်တောက်နိုင်ခဲ့သည်။

+

သေခြင်းသည် အရာအားလုံးတို့၏ အဆုံးသတ် ဖြစ်သည်။ ဤနေရာတွင် အရာအားလုံးတို့သည် ထာဝရ အိပ်စက် အနားယူရမည် ဖြစ်သည်။

ဝမ်လင်း၏ ကောင်းကင်တော်လှန် အသက်ပြောင်းလဲ ကျိန်စာသည် အလွန်အမင်းကို ကြောက်မက်ဖွယ်ကောင်း၍ အနက်ရောင် အလင်းတန်း အလွှာအား ရေပြင်ကဲ့သို့ လှုပ်ရှားသွားစေခဲ့ကာ မည်သည့် အသံကိုမှ မကြားရသော်လည်း သူ၏ ခံစစ် စွမ်းအားများသည် လျင်မြန်စွာနှင့် ကျဆင်းလာခဲ့သည်။

မိစ္ဆာတစ်သောင်းတို့၏ အညှံ့ခံခြင်းသည် သူ၏ စွမ်းအားများကို ထုတ်ဖော်နေ၍ အနက်ရောင် အလင်းတန်းအား ကြိုးစား ချိုးဖောက်နေခဲ့သည်။

+

သို့သော်လည်း ဤအခွင့်အရေးအား အသုံးချ၍ သေမင်းကေရာဇ်သည် အသက်ရှူချိန် ရသွားခဲ့ပြီး ငရဲကမ္ဘာ စိတ်ဝိညာဉ် ယဇ်ပလ္လင် နောက်ထပ် တစ်ခုကို ဖန်တီးလိုက်ကာ တာအိုသစ်သီး နောက်တစ်လုံးအား အနစ်နာခံလိုက်၍ ခြေတစ်လှမ်း ရှေ့တိုးလိုက်သည်။

သူ့အနောက်တွင် လုံးဝကို မီးခိုးရောင် သန်းနေသည့် လမ်းကြောင်းတစ်ခု ရှိနေ၍ သူလှမ်းခဲ့သော ခြေလှမ်းတိုင်းတွင် အရာအားလုံးတို့သည် အသက်စွမ်းအင် ပျောက်ကွယ်သွားကာ သေဆုံးသွားခဲ့သည်။

"ငါ့ရဲ့နောက်ကွယ်မှာ ဘယ်အရာမှ မရှင်သန်နိုင်ဘူး" သေမင်းကေရာဇ်သည် အသံနေ အသံထားဖြင့် အော်ဟစ်လိုက်၍ ဝမ်လင်းထံမှ လျင်မြန်စွာ ရွေ့လျားသွားခဲ့သည်။

+

သေမင်းကေရာဇ်၏ သေမင်းလမ်းကြောင်း အနောက်မှ လိုက်လံဖမ်းဆီးရန် ဝမ်လင်းကပင် နှစ်ခါပြန်၍ စဥ်းစားရမည် ဖြစ်သည်။ ဤနေရာတွင် သိုင်းလမ်းစဥ် တစ်ခုကို အသုံးပြုရန် ပို၍ပင် ခက်ခဲနေသေးသည်။

သို့သော်လည်း ဝမ်လင်း၏ မျက်လုံးများ အတွင်းတွင် အဖြူနှင့် အနက်ရောင် ကြက်ခြေခတ် တစ်ခုသည် ထပ်ဖန်တစ်ခါ ပေါ်လာ၍ ကောင်းကင်တော်လှန် ဘဝပြောင်းလဲ မှော်ကျိန်စာသည် ထပ်ဖန်တစ်ခါ အသက်ဝင်လာခဲ့သည်။ "ရပ်တန့်စမ်း"

ထိုစကား တစ်လုံးဖြင့် သေမင်းကေရာဇ်၏ လှုပ်ရှားမှုများက ရပ်တန့်သွားခဲ့သည်။

+

သူသည် အရှေ့သို့ ဆက်လက် ရွေ့လျားရန် ကြိုးစားနေခဲ့သော်လည်း များစွာ နေးကွေးသွားခဲ့၍ ရယ်ရွှင်ဖွယ် ကောင်းနေခဲ့သော်လည်း မည်သူကမှ မရယ်ရဲခဲ့ပေ။

လင်းဖုန်းကြောင့် ဒဏ်ရာ ရရှိထားခဲ့သော်လည်း သေမင်းကေရာဇ်၏ စွမ်းအားများကို လျှော့တွက်၍ မရပဲ ဝမ်လင်း၏ တိုက်ခိုက်မှုများကို ကြိုးစား၍ ခုခံနေခဲ့သည်။

သူ၏ခေါင်းပေါ်တွင် အဖြူနှင့် အနက်ရောင် အလင်းတန်းများက ယှက်သန်းလာ၍ ရောမ ဘီးကြီး တစ်ခုအဖြစ် ပြောင်းသွားကာ အပေါ်မှ ကောင်းကင်အား လုံးဝ ဖုံးလွှမ်းသွားခဲ့သည်။

+

အဖြူနှင့် အနက်ရောင် ဘီးသည် ကံကြမ္မာအား ပြန်လည်
ပြုပြင်နေသကဲ့သို့ လည်ပတ်လာခဲ့သည်။

ဘီးလည်ပတ်လာနေရင်း ဖြည်းဖြည်းချင်း
နှေးကွေးလာကာ ဝမ်လင်း၏ အစွမ်းထက်သော
ကောင်းကင်တော်လှန် ဘဝပြောင်းလဲ ကျိန်စာသည်
အရာ တစ်ခုချင်း၏ ကံကြမ္မာအား ပြောင်းလဲပေးခဲ့သည်။

သံသရာအား အထူး ကျွမ်းကျင်သော
သေမင်းကေရာဇ်သည် ကံကြမ္မာနှင့် ကြမ္မာပန်းတိုင်တို့၏
သဘောတရားများကို ကောင်းစွာ နားလည်ထားသည်။

ဘာဖြစ်နေသည်ကို သတိပြုမိသွားသော အခါ
ဝမ်လင်းသည် သူ၏ လက်တစ်ချောင်းကို ပြန်၍
ရုပ်သိမ်းလိုက်ရာ နေရာတကာတွင် ရှိနေသည်ဟု

+

ခံစားနေရသော ကျယ်ပြန့်လှသည့် စွမ်းအားများသည် ဝမ်လင်း၏ နှလုံးသား အတွင်းသို့ ပြန်ဝင်သွားခဲ့၍ ဘာမှ အရေးမပါသော အစက်တစ်ခုနှင့် တူသွားခဲ့သည်။

သူ၏နဖူး အပေါ်ရှိ ထိုက်ကျိရုပ်ပုံ၏ အလယ်တွင် စေတန်ပုံစံ တစ်ခု ပေါ်လာခဲ့သည်။

ထိုက်ကျိရုပ်ပုံ အပေါ်တွင် ပေါ်လာခဲ့သော စေတန်ပုံစံသည် လည်ပတ်မနေပဲ ငြိမ်သက်နေခဲ့သည်။

ထိုက်ကျိရုပ်ပုံသည် အကျိုးသက်ရောက်မှု မရှိနေပဲ ဆက်လက်၍ လည်ပတ်နေခဲ့သည်။

ဝမ်လင်း၏ ခေါင်းပေါ်တွင် ဝေဝါးသော အလင်းတန်း အရိပ်တစ်ခုကို မြင်နိုင်ခဲ့ပြီး သူသည် ဘဝသုံးမျိုး

+

ကျောက်တုံးနှင့် တူနေကာ သေမင်းကေရာဇ်၏ အာရုံများကို ဆွဲဆောင်နိုင်ခဲ့သည်။

ဤအချိန်တွင် တစ်ယောက်သည် အလင်းတန်းများ အတွင်းတွင် လူသားပုံရိပ် တစ်ခု ပေါ်လာသည်ကို တွေ့နိုင်ခဲ့သည်။

ထိုပုံရိပ်အား တွေ့ခဲ့ရသော အခါ သေမင်းကေရာဇ်က မျက်မှောင်ကြုတ်လိုက်သည်။ ထိုပုံရိပ်သည် သူနှင့် ဝေးကွာနေသလို ရင်းနှီး ကျွမ်းဝင်၍လည်း နေခဲ့သည်။

သူ၏ မှော်စွမ်းအင်များသည် ကောင်းကင်ပေါ်တွင် အဆက်မပြတ် တုန်ခါနေ၍ ပုံရိပ်သည် ဆက်လက်၍ နီးကပ်လာခဲ့ကာ နောက်ဆုံးတွင် သူသည် အလင်းတန်း

+

ဘောလုံးထံမှ ထွက်ခွာလာပြီး ဤကမ္ဘာ အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

## စာစဥ် ၇၅ : အပိုင်း ၂

## အပိုင်း ၁၄၅၂ : နိုးထလာသော ရှေးဟောင်းမိစ္ဆာ နှလုံးသား တံဆိပ်

ဝမ်လင်း၏ ခေါင်းပေါ်မှ အလင်းတန်း ဘောလုံးထံမှ လူသားပုံရိပ် တစ်ခုသည် ပို၍ပို၍ နီးကပ်လာ၍ ဖြည်းဖြည်းချင်း အကောင်အထည် ပေါ်လာခဲ့ကာ သူသည် လူသားအစစ် တစ်ယောက်နှင့် တူနေသည်။

ထိုသူသည် အလင်းတန်း ဘောလုံးထံမှ ထွက်ခွာလာ၍ သေမင်းဧကရာဇ်သည် သူ့အား တွေ့လိုက်ရသော အခါ

+

သူ၏ မျက်နှာက ချက်ချင်း မည်းမှောင်သွား၍ ပုံမှန်ဆိုလျှင် တည်ငြိမ်နေသည့် သူ၏ မျက်နှာ အပေါ်တွင် ရှားရှားပါးပါး ဒေါသ အရိပ်အယောင်များ ပေါ်လာခဲ့သည်။

သူ့အရှေ့မှ ပုဂ္ဂိုလ်သည် စုတ်ပြတ် ညှိုးခြောက်နေ၍ လျှော်ကြမ်းဖြင့် ယက်လုပ်ထားသော အညိုရောင် ဝတ်စုံများကို ဝတ်ဆင်ထားသော်လည်း သူ၏ မျက်နှာပေါ်တွင် မာနကြီး၍ ကြောက်ရွံ့မှု ကင်းမဲ့နေသော အမူအရာများကို တွေ့နိုင်သည်။ သူသည် အတိတ်မှ ခရီးထွက်လာခဲ့၍ လူသားကမ္ဘာသို့ ပြန်ရောက်လာသည်နှင့် တူနေသည်။

သေမင်းဧကရာဇ်သည် စကား တစ်လုံးချင်းစီအား ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဝမ် ချီ ယန်"

+

ထိုသူသည် ဝမ်ချီယန် အစစ်မဟုတ်ပဲ ဝမ်လင်း၏ မှော်ကျိန်စာမှ ဖန်ဆင်းထားခြင်း ဖြစ်မှန်းကို သိနေသော်လည်း သေမင်းကေရာဇ်၏ ရင်သည် တုန်ခါသွားခဲ့သေးသည်။

နှစ်ပေါင်းများစွာ အပြီးတွင် သေမင်းကေရာဇ်သည် ယနေ့တွင် ရှေးအကျဆုံး ထိပ်တန်း ကျင့်ကြံသူ ဖြစ်နေခဲ့ကာ အဖြစ်အပျက် မျိုးစုံတို့ကို ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။

သူသည် အစွမ်းထက်သော ရန်သူများစွာတို့အား ကြုံတွေ့ဖူးပြီး အချို့သည် လင်းဖုန်းကဲ့သို့ပင် သူ့အား အနိုင်ယူနိုင်စွမ်း ရှိသည်။

+

သို့သော်လည်း သူ၏ ရင်အတွင်းမှနေ၍
သေမင်းကေရာ့ဇ်သည် သူအကြောက်ဆုံးသော
ရန်သူသည် အခြား ကေရာ့ဇ် သုံးပါးတို့အား
လွှမ်းမိုးထားနိုင်သော အစွမ်းရှိသည့် ဝမ်ချီယန်သာ
ဖြစ်မှန်းကို သိနေခဲ့သည်။

အခြားသူများ မသိကြသော်လည်း သေမင်းကေရာ့ဇ်က
ဝမ်ချီယန်သည် ကေရာ့ဇ် သုံးပါးသာ မကပဲ သူကိုယ်တိုင်
အပါအဝင် ကေရာ့ဇ် လေးပါးတို့အား
လွှမ်းမိုးထားနိုင်မှန်းကို ကောင်းစွာ သိနေခဲ့သည်။

ဝမ်ချီယန်သည် နတ်ဘုရားနယ်မြေအား
လွှမ်းမိုးထားသော အချိန်တွင် ထိုစဉ်က ရွှမ်တုန်း
သူတော်စင်ဟု အမည်ရနေသော သေမင်းကေရာ့ဇ်သည်
ထိုအချိန်က အုပ်စိုးနေသည့် လူသား ကေရာ့ဇ် ဖြစ်သော
ရှကေရာ့ဇ်ထက်ပင် ပို၍ အစွမ်းထက်နေပြီ ဖြစ်သည်။
+

သို့သော်လည်း ဝမ်ချီယန် အပြင် ယန်ရှင်းဟီကဲ့သို့သော ဟင်းလင်းပြင် ဘုရားကျောင်းမှ အစွမ်းထက်သည့် အခြားကျင့်ကြံသူများ ရှိနေသည့်အတွက် သေမင်းကေရာဇ်သည် သိုသိုသိပ်သိပ်သာ နေနေရန် ဆုံးဖြတ်ခဲ့သည်။

ဝမ်ချီယန်သည် အဆုံးစွန် ကေရာဇ် ရှန်းယွမ်နှင့် တိုက်ခိုက်ခဲ့ပြီး မဟာကမ္ဘာမှ ကွယ်ပျောက်သွားသည် ဟူသောသတင်းကို ကြားခဲ့ပြီးမှသာ သေမင်းကေရာဇ်သည် နတ်ဘုရားနယ်မြေ အတွင်းတွင် ပိုမို လှုပ်ရှားလာခဲ့ပြီး ရှကေရာဇ်အား ဖြည်းဖြည်းချင်း ကျော်တက်သွားခဲ့ခြင်း ဖြစ်သည်။

+

ထိုနှစ်များ အတွင်းတွင် သေမင်းကေရာဇ်သည် စိတ်ရှည်စွာ စောင့်ဆိုင်းခဲ့သော်လည်း ဤအတွေ့အကြုံသည် သူ့အပေါ်တွင် နက်ရှိုင်းစွာ ကျန်နေရစ်ခဲ့သည်။

ဝမ်ချီယန်သည် သူအကြောက်ဆုံး လူတစ်ယောက် ဖြစ်သည်။

သူသည် အဆုံးစွန် ကေရာဇ်နှင့် တိုက်ခိုက်ခဲ့ပြီး ပျောက်ကွယ်သွားခဲ့သော်လည်း သေမင်းကေရာဇ်သည် သူ၏ သတင်းများကို ကြိုးစား၍ ဆက်လက် ရှာဖွေနေခဲ့သည်။

+

ထို့ကြောင့်ပင် သေမင်းကေရာဇ်၏ မျိုးဆက်များသည် ဝမ်ချီယန် အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့ကြခြင်း ဖြစ်သည်။

ဝမ်ချီယန်၏ အဆုံးသတ်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့သည့် သေမင်းကေရာဇ် အဖို့ သူ့အရှေ့မှ ပုံရိပ်သည် အစစ်အမှန် မဟုတ်ဟု သိနေခဲ့သည်။

သူသည် အလွန်အမင်း အစွမ်းထက်၍ ဝမ်လင်းသည် ရှေးဟောင်း စေတန်ဂိုဏ်း၏ အစွမ်းအထက်ဆုံး တိုက်ခိုက်မှု ဖြစ်သည့် လျှို့ဝှက်ဆန်းကြယ်ကာ အဆက်မပြတ် ပြောင်းလဲနေသော ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာအား တတ်မြောက်ထားသည်ကို သိနေခဲ့သဖြင့် အချိန်အနည်းငယ် စဉ်းစားပြီးသော အခါ ဘာဖြစ်သွားသည်ကို သိခဲ့သည်။ "မင်းက ငါ့ရဲ့

+

အတွေးအချို့ကို ရယူနိုင်ခဲ့ပြီး ပုံရိပ်ယောင်ကို အစစ်အမှန် အဖြစ် ပြောင်းခဲ့လိုက်တာ မလား"

သေမင်းကေရာဇ်၏ မျက်နှာသည် ရေခဲတမျှ အေးစက်သွားကာ ပြောလိုက်သည်။ "သူ့အထဲမှာ ငါက စီးခုံးယူရဲ့ အကြောက်စားသုံး တစ္ဆေကျိန်စာကို အာရုံခံနိုင်ခဲ့တယ်... မင်းက သူ့ရဲ့ သေဆုံးသွားမှုကနေ အကျိုးအမြတ် အများကြီး ရခဲ့တာပဲ"

ထိုအလင်းတန်း ဘောလုံးအား တွေ့ခဲ့သော အခါ သေမင်းကေရာဇ်သည် ချက်ချင်း ဆိုသလိုပင် သူ၏ ထူးခြားဆန်းကြယ်သော သဘာဝအား အာရုံခံနိုင်ခဲ့သော်လည်း ဤမျှအထိ နက်နဲလိမ့်မည်ဟု ထင်မထားခဲ့ပေ။

+

ဝမ်လင်း၏ စွမ်းအားများသည် မဟာကောင်းကင်
တာအိုကျမ်းစာထံမှ အခြေပြုလာခြင်း ဖြစ်ကာ
နိုးထလာသော ရှေးဟောင်းနှလုံးသား မိစ္ဆာတံဆိပ်၊
ရှေးဟောင်းစေတန် နှလုံးသား ကျိန်စာတို့နှင့်
ပေါင်းစည်းခဲ့ပြီး သေမင်းကေရာဇ်၏ ရင်အတွင်းမှ
အနက်ရှိုင်းဆုံး ကြောက်ရွံ့မှုကို ထုတ်ဖော်နိုင်ခဲ့၍
အကောင်အထည် ပေါ်လာစေခဲ့ခြင်း ဖြစ်သည်။

သေမင်းကေရာဇ်သည် သူ၏ ထူးခြားဆန်းကြယ်၍
အစွမ်းထက်သော သဘာဝကို သိနေခဲ့ကာ သူ့အရှေ့မှ
ဝမ်ချီယန်သည် အစစ်မဟုတ်ဟု သိနေခဲ့သော်လည်း
သူ့ရင်အတွင်းမှ ကြောက်စိတ် ရှိနေသေးသ၍
အစစ်အမှန်ဟု ထင်နေရမည်သာ ဖြစ်သည်။

ကွဲပြားခြားနားသော သူများတွင် ကြောက်ရွံ့သည့်
အရာများ အမျိုးမျိုး ရှိကြသည်။ သို့သော်လည်း
+

ဤတိုက်ခိုက်မှုအား သေမင်းကေရာဇ် အပေါ်တွင် အသုံးချခဲ့သော အခါ သူ၏ အစွမ်းများသည် ပို၍ အားကောင်းလာခဲ့သည်။

ဝမ်လင်း၏ မှော်ကျိန်စာဖြင့် ဖန်ဆင်းထားသော ဝမ်ချီယန်သည် အစစ်အမှန် မဟုတ်သော်လည်း သေမင်းကေရာဇ် အနေဖြင့် သူ၏ ပုံစံကိုသာ မြင်ခဲ့ရခြင်းသည် သူ၏ ကျောရိုးများကို စိမ့်သွားစေခဲ့သည်။

အကယ်၍ သူသည် သူ၏ ပြိုင်ဘက်အတုအား အနိုင်ယူနိုင်ခဲ့လျှင်ပင် သူ၏ ကြောက်စိတ်များက သက်သာသွားနိုင်မည် မဟုတ်ချေ။

+

သေမင်းကေရာဇ် အတွက် သူသည် ရွေးချယ်ခွင့် မရှိပဲ ရင်ဆိုင်ရမည် ဖြစ်သည်။

သူ၏ ရင်အတွင်းမှ အနက်ရှိုင်းဆုံး ကြောက်ရွံ့မှုအား ဖော်ထုတ်နိုင်ခဲ့၍ အရှက်ရစေခဲ့သော ဝမ်လင်းကိုမူ သေမင်းကေရာဇ်သည် စကားလုံးများဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင် အမျက်ထွက်နေခဲ့သည်။

သို့သော်လည်း သူသည် တိုက်ပွဲ များစွာတို့အား အတွေ့အကြုံ ရှိခဲ့ပြီး ဖြစ်သဖြင့် သူ့ကိုယ်သူ ပြန်လည် တည်ငြိမ်လာအောင် အားတင်းလိုက်သည်။

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ မတိုင်ခင်တွင် သူသည် ဝမ်ချီယန်က ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် သေဆုံးသွားခဲ့ပြီကို သိခဲ့သဖြင့် သူ၏

+

ကြောက်စိတ်များက များစွာ လျော့ပါးသွားခဲ့သည်။
မဟုတ်လျှင် ယနေ့ရလဒ်များသည် များစွာပို၍
ဆိုးနေခဲ့မည် ဖြစ်သည်။

သေမင်းကေရာဇ်သည် သူ့ကိုယ်သူ တည်ငြိမ်အောင်
ကြိုးစားခဲ့၍ ဤပုံရိပ်ယောင်၏ အရင်းအမြစ်အား
ပစ်မှတ်ထားကာ ဝမ်လင်း၏ နိုးထလာသော
ရှေးဟောင်းမိစ္ဆာ နှလုံးသား တံဆိပ်အား ဖယ်ရှားနိုင်ရန်
ကြိုးစားခဲ့သည်။

တစ်ချိန်တည်းတွင် သူ၏ လက်အတွင်းမှ အဖြူရောင်
အလင်းတန်းများ လင်းလက်လာကာ အခြား
လက်တစ်ဘက်မှ အနက်ရောင် ခတ်ငွေ့များ
လည်ပတ်လာ၍ သူတို့အား သူ့ရင်ဘတ်ရှေ့တွင်
အတူတကွ ထားထားခဲ့ရာ သေခြင်းနှင့် ရှင်ခြင်း စက်ဝန်း
တစ်ခုနှင့် တူနေခဲ့သည်။
+

ရောမ ဘီးကြီး လည်ပတ်လာသော အခါ ထူးခြားသော ပုံစံအဖြစ် ပြောင်းလဲသွား၍ သေခြင်းနှင့် ရှင်ခြင်းတို့သာ ပါဝင်နေခြင်း မဟုတ်သော်လည်း သူတို့အား အခြေခံထားခဲ့ကာ အခြားတာအို သဘောတရားများကို သူနှင့်အတူ တုန်ခါစေခဲ့သည်။

ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့ နှစ်မျိုးစလုံး တုန်ခါသွား၍ အကောင်အထည် ပို၍ပို၍ ပေါ်လာသော ဝမ်ချီယန်၏ ပုံစံသည် ပုံရိပ်ယောင် အဖြစ် ထပ်ဖန်တစ်ခါ ပြောင်းလဲသွားကာ ဝမ်လင်း၏ ခေါင်းပေါ်မှ အလင်းတန်း ဘောလုံး အတွင်းသို့ ပြန်လည် ဝင်ရောက်သွားခဲ့သည်။

ဝမ်လင်းသည် ဘာဖြစ်နေသည်ကို မြင်ခဲ့ရသော အခါ သူ၏ နဖူးအလယ်မှ ထိုက်ကျိရုပ်ပုံသည် စတင်၍

+

လည်ပတ်လာကာ ကောင်းကင်အတွင်းတွင် ပုံရိပ်ငါးခု ပေါ်လာခဲ့၍ ဝမ်လင်းကိုယ်တိုင်နှင့် အတူ သူတို့သည် သေမင်းကေရာဇ်အား ဝန်းရံထားခဲ့သည်။

ထိုသူများသည် ဝမ်လင်း၏ ငရဲကမ္ဘာသို့ သွားသောလမ်း၊ ငရဲကမ္ဘာမြစ်၊ ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတား၊ ယမမင်း တော်ဝင်စံအိမ်နှင့် ဘဝသုံးမျိုး ကျောက်တုံးတို့အား ကိုယ်စားပြုနေကြသော သူများ ဖြစ်ကြသည်။

ဤအချိန်တွင် ဝမ်လင်းသည် သူ၏ နိုးထလာသော ရှေးဟောင်းမိစ္ဆာ နှလုံးသား တံဆိပ်နှင့် ဆက်လက် တိုက်ခိုက်နေခဲ့ကာ သူ၏ အခြား ပုံစံများကလည်း အလားတူ လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် တွန့်လိမ်နေကာ အနည်းငယ် တည်ငြိမ်နေခဲ့သော်လည်း အလွန်အမင်း မငြိမ်မသက် ဖြစ်နေခဲ့သည်။

+

အနက်ရောင် ခ‌ေါတ်ငွေ့များနှင့် ရွှေရောင်
အလင်းတန်းများသည် စတင်၍ ပေါ်လာခဲ့ပြီး
ကောင်းကင် အတွင်းတွင် လုံးဝကို ဆန့်ကျင်ဘက်
ဖြစ်နေသော အရာများဖြင့် ဖွဲ့စည်းထားသော်လည်း
ပေါင်းစည်းနိုင်ခဲ့သေးသည့် ကမ္ဘာတစ်ခု ပေါ်လာခဲ့၍
သေမင်းကေရာဇ်အား လွှမ်းခြုံသွားနိုင်ခဲ့သည်။

ငရဲကိုးလွှာ ငရဲကမ္ဘာမြစ် ကမ္ဘာနှင့် မတူပဲ ဤကမ္ဘာ၏
တစ်ခြမ်းသည် လုံးဝ မည်းနက်နေ၍ ကျန်တစ်ခြမ်းသည်
လုံးဝ ကြည်လင် တောက်ပနေသည်။

ရာနှင့်ထောင်နှင့် ချီသော မိစ္ဆာများ အော်ဟစ်
ဟိန်းဟောက်နေကြ၍ သာမန်သေမျိုးများကို
ရူးသွပ်သွားစေနိုင်သည့် အသံများ ပေါ်လာသည်။

+

သူတို့နှင့် မျက်နှာချင်းဆိုင် နေရာတွင် ကရဏာ ကြီးမား၍ သန့်စင်သော ဗုဒ္ဓများက သူတ္တာန်များကို အဆက်မပြတ် ရွတ်ဖတ်နေကြကာ သူတို့၏ ကြည်လင်သော အသံများသည် လွန်စွာမှ နားဝင်ချိုလှသည်။

နှစ်ဦး နှစ်ဘက်တို့သည် တစ်ခုနှင့် တစ်ခု သိသိသာသာ ကွဲပြားနေကြသော်လည်း မိစ္ဆာနှင့် ဗုဒ္ဓတို့ အတူတကွ ယှဉ်တွဲ နေထိုင်နိုင်သော ကမ္ဘာအတွင်းတွင် အတူတကွ နေထိုင်ခဲ့ကြသည်။

ဤကမ္ဘာသည် မိစ္ဆာ အရှိန်အဝါနှင့် ဗုဒ္ဓ အလင်းတန်းတို့ဖြင့် ဖန်ဆင်းထားသည်နှင့် တူနေပြီး ဖြည်းဖြည်းချင်း လည်ပတ်လာသော အခါ သူတို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်နေကြသော်လည်း

+

ပြီးပြည့်စုံစွာ လိုက်လျောညီထွေ ဖြစ်နေကြသည်ကို တွေ့နိုင်ခဲ့သည်။

သေမင်းကေရာဇ် အရှေ့တွင် အရပ်ရှည်ရှည်နှင့် ပိန်ပိန်ပါးပါး ပုံရိပ်တစ်ခု ပေါ်လာခဲ့ကာ ကျက်သရေနှင့် ယိုယွင်းခြင်းတို့၏ အနှစ်သာရများကို ဖမ်းဆုပ်ထားနိုင်ခဲ့၍ သူ၏ ပုံရိပ်သည် ကြံ့လှီခြင်းနှင့် ကျေနပ်ခြင်းတို့ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။

ထိုအရာသည် လက်ပေါင်း၂၀၀၀ ရှိနေသော ဘီလူးကြီး တစ်ကောင်ဖြစ်၍ သူ၏ ခန္ဓာကိုယ် တစ်ခြမ်းသည် မည်းနက်နေ၍ အခြားတစ်ခြမ်းသည် စကျင်ကျောက်ပမာ ကြည်လင်နေသည်။ သူ့တွင် ခေါင်းနှစ်လုံးနှင့် ခမ်းနားထည်ဝါသော နန်းဆန်သည့် ပုံစံများ ရှိနေ၍ အသိဉာဏ်များဖြင့် ပြည့်နေသော်လည်း ခက်ထန်ကြမ်းတမ်း၍ ရက်စက်လှကာ သူ့နဖူး

+

အလယ်တွင် ကြောက်မက်ဖွယ်ရာ အနီရောင် အလင်းတန်း တစ်ခု ထွက်ပေါ်နေသည့် အက်ကွဲကြောင်း တစ်ခု ရှိနေသည်။

သူ၏ ဗုဒ္ဓခေါင်း အပေါ်မှ မျက်ခုံးများ အကြားတွင် မျက်လုံးတစ်လုံးတည်း ရှိကာ ထိုမျက်လုံးသည် ကရုဏာ အပြည့်နှင့် သနားကြင်နာပုံ ပေါက်နေပြီး ကမ္ဘာအတွင်းမှ အရာအားလုံးတို့၏ ကမ္မ ဆက်သွယ်မှုများကို ထွင်းဖောက် မြင်နိုင်သကဲ့သို့ ဖြစ်နေသည်။ သူ၏ လက်ဝါးများ တစ်ခုချင်းစီ၏ အလယ်တွင်လည်း မျက်လုံးတစ်လုံးစီ ရှိနေသော်လည်း ထိုမျက်လုံးသည် ခက်ထန် ရက်စက်ကာ မိစ္ဆာဆန်နေခဲ့သည်။

သူ၏ မျက်လုံးနှင့် လက်များ အားလုံးတို့သည် သေမင်းကေရာဇ် တည့်တည့်သို့ ကြည့်နေကာ သူ၏

+

ရင်အား တုန်ခါစေခဲ့၍ သူ့ကိုယ်သူ တည်ငြိမ်အောင် မနည်း ထိန်းထားရသည်။

သေမင်းကေရာဇ်သည် ညည်းတွားလိုက်၍ သူ့အား အသေအချာ ကြည့်လိုက်ရာ ကမ္ဘာအတွင်းရှိ ပုံရိပ်ယောင်နှင့် အစစ်အမှန် အတွင်းမှ နယ်နိမိတ်သည် ဖြည်းဖြည်းချင်း ဝေဝါးလာသည်ကို တွေ့လိုက်ရသည်။ ကောင်းကင်က ပြောင်းလဲလာသော အခါ ဝမ်လင်း၏ နိုးထလာသော မိစ္ဆာနှလုံးသား ကျိန်စာသည် ပို၍ပို၍ အားကောင်းလာ၍ သူ့ခေါင်းပေါ်မှ အလင်းတန်း ဘောလုံး အတွင်းရှိ ဝန်ချီယန်၏ ပုံရိပ်ကလည်း ထပ်ဖန်တစ်ခါ ပြန်လည် ကြည်လင်လာခဲ့သည်။

သေမင်းကေရာဇ်အား ပို၍ အံ့သြ တုန်လှုပ်စေခဲ့သည့် အချက်မှာ ဝမ်လင်း၏ ခေါင်းပေါ်တွင် နောက်ထပ် ပုံရိပ်တစ်ခု ထပ်ပေါ်လာခြင်းပင် ဖြစ်သည်။

+

အလင်းတန်း ဘောလုံး အတွင်းတွင်လည်း ပုံရိပ်တစ်ခု ပေါ်လာကာ ပို၍ပို၍ ကြည်လင်လာခဲ့သည်။

ထိုသူက မည်သူဆိုသည်ကို တွေ့လိုက်ရသော အခါ သေမင်းကေရာဇ်သည် တစ်စုံတစ်ခုက မှားနေသည်ဟု ခံစားခဲ့ရသည်။

ထိုလူသည် လွင့်မျောနေသော ခရမ်းရောင် ဝတ်ရုံရှည်ကို ဝတ်ဆင်ထား၍ သူ၏ ဆံပင်ရှည်များက ဝဲကျနေကာ သူ၏ မျက်နှာပေါ်တွင် ထူးခြားသော အပြုံးတစ်ခုအား မြင်နေရသည်။ သူသည် လင်းဖုန်းပင် မဟုတ်ပေလော။

သေမင်းကေရာဇ်သည် သက်ပြင်းချလိုက်ကာ သူ၏ မျက်နှာသည် ပို၍ မည်းမှောင်လာပြီး သူ၏ ရင်အတွင်းမှ

+

အမျက် ဒေါသများဖြင့် လောင်ကျွမ်းလာ၍ သူသည် ဝမ်လင်းအား သေမင်းကမ္ဘာ အတွင်းတွင် ထာဝရ ပိတ်လှောင်ထားနေလိုခဲ့သည်။

သို့သော်လည်း သူ၏ စိတ်အတွင်းတွင် ကြမ်းတမ်းသော ဤအတွေး ပေါ်လာသည်နှင့် တစ်ပြိုင်နက် သေမင်းကေရာဇ်သည် သတိ ဝင်လာခဲ့၍ သူ၏ ခံစားချက်များ အပေါ်မှ ထိန်းချုပ်မှုများသည် အားနည်းသွားပြီး သူ့အား အလွယ်တကူ အမျက်ထွက်၍ ရအောင် လုပ်နေနိုင်မှန်းကို သဘောပေါက်သွားခဲ့သည်။ သူအမြဲတမ်း တည်ငြိမ်အောင် ထိန်းထားခဲ့သော စိတ်အခြေအနေသည် ပို၍ပို၍ မငြိမ်မသက် ဖြစ်လာခဲ့သည်။

ဝန်ချီယန်၏ ပုံရိပ်သည် ပို၍ ကြည်လင်လာကာ လင်းဖုန်းကလည်း ပေါ်လာခြင်းသည်

+

သေမင်းကေရာဇ်၏ စိတ်အခြေအနေက မတည်မငြိမ် ဖြစ်လာခြင်းကို ဖော်ပြနေခြင်း ဖြစ်သည်။

သူ၏ခေါင်းကို မော့လိုက်ရာ ရုတ်တရက်ပင် ဝမ်လင်းနှင့် သူ၏ အခြားပုံစံများ၏ မျက်လုံးများသည် ထူးခြားသော အလင်းတန်း တစ်ခုဖြင့် လင်းလက်လာသည်ကို တွေ့လိုက်ရသည်။ ထိုအလင်းတန်းများ ပေါ်လာသော အခါ သူ၏ ကျောရိုး အတွင်းတွင် ကြောက်စိတ်များဖြင့် စိမ့်ကနဲ ဖြစ်သွားသည်ဟု ခံစားလိုက်ရသည်။

ဤအကြိမ်သည် သေမင်းကေရာဇ် အနေဖြင့် ဝမ်လင်း၏ ခေတ်နှစ်ပါး နှလုံးသား ကျိန်စာအား ပထမဆုံး အကြိမ် အဖြစ် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သော်လည်း သူ၏ ငြိမ်သက်သော်လည်း သေစေနိုင်၍ ထူးခြားဆန်းကြယ်သော သဘာဝသည် သူ့အား

+

ထိုအရာ၏ အလားအလာ အပြည့်အဝကို
နားလည်နိုင်စွမ်း ရှိစေခဲ့သည်။

နိုးထလာသော ရှေးဟောင်းမိစ္ဆာ နှလုံးသား တံဆိပ်၊
ခေတ်နှစ်ပါး နှလုံးသား ကျိန်စာ၊ ဗောဓိနှင့် မိစ္ဆာ
နှလုံးသား တံဆိပ်… အစရှိသော အစွမ်းထက်၍
လျှို့ဝှက်ဆန်းကြယ်သည့် မှော်ကျိန်စာ အမျိုးမျိုးတို့အား
ဝမ်လင်းသည် စတင်၍ အတူတကွ
ထုတ်ဖော်လိုက်သည်။ သေမင်းဧကရာဇ်
ရင်ဆိုင်ခဲ့ရသော ပြိုင်ဘက်များ အနက် ဝမ်လင်းနှင့်
ယှဉ်နိုင်သူမှာ အနည်းငယ်သာ ရှိသည်။

သူ၏ ခိုင်မာသော စိတ်ဓာတ်၊ မြောက်မြားလှစွာသော
အတွေ့အကြုံများ၊ အံ့သြဖွယ်ကောင်းသော
စွမ်းအားများနှင့် သတိတို့ကြောင့်သာ မဟုတ်လျှင်

+

သူသည် ယခုအချိန်တွင် ကံမကောင်းမှုများ များစွာတို့နှင့် တွေ့ကြုံခဲ့ရပြီး ဖြစ်ပေလိမ့်မည်။

"လင်းဖုန်းကြောင့် ရထားတဲ့ ငါ့ရဲ့ ဒဏ်ရာတွေဟာ ပြင်းထန်လွန်းပြီး အပြည့်အဝ မသက်သာနိုင်ပဲ သူနဲ့ တိုက်ခိုက်နေတဲ့ အချိန်မှာ စိတ်တည်ငြိမ်အောင် ထားဖို့ ခက်ခဲတယ်… မဟုတ်ရင်တော့ ငါ့ရဲ့ စွမ်းအားနဲ့ သူ့ရဲ့ ကျိန်စာတွေကို ချိုးဖျက်ဖို့ ဒီလောက် ခက်ပါ့မလား"

ဝန်ချီယန်သည် အလင်းတန်း ဘောလုံးအတွင်းမှ ထွက်လာလုနီးပါး ဖြစ်နေပြီး လင်းဖုန်း၏ ပုံရိပ်သည် ပို၍ ကြည်လင်လာသော အခါ သေမင်းကေရာဇ်သည် သူ၏ခေါင်းကို ခါလိုက်ကာ နောက်ထပ် အချိန်ဆွဲ၍ မရတော့မှန်းကို သိနေခဲ့သဖြင့် သူ၏ လက်ဝါးအစုံအား အတူတကွ ရိုက်ချလိုက်သည်။

+

သူ၏ ခန္ဓာကိုယ်မှ တဆင့် အလင်းတန်းများ ပျံ့သန်း ထွက်ပေါ်လာကာ အဖြူ မဟုတ်နေသလို အနက်လည်း မဟုတ်နေပဲ နှစ်မျိုးစလုံး ရောစပ်ထားသကဲ့သို့ ဖြစ်နေခဲ့သည်။

သေမင်းကေရာဇ်သည် သူ၏ လက်ဝါးများကို အတူတကွ စုစည်းလိုက်၍ ဖြည်းဖြည်းချင်း ပြန်ခွာလိုက်ကာ သူ၏ လက်နှစ်ဘက်အား ဆန့်တန်းလိုက်သည်။

ရောမ အနက်ရောင် ယဇ်ပလ္လင် နှစ်ခုတို့သည် သေမင်းကေရာဇ်၏ ခန္ဓာကိုယ် တစ်ဘက်တစ်ချက်တွင် ပေါ်ပေါက်လာခဲ့သည်။

+

ငရဲကမ္ဘာ စိတ်ဝိညာဉ် ယဇ်ပလ္လင် နှစ်ခုစလုံး ထံသို့ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီး တစ်ခုစီ ထည့်သွင်းလိုက်၍ အခမ်းအနားကို ဆောင်ရွက်ခဲ့ရာ ဧရာမ အနက်ရောင် ယဇ်ပလ္လင်သည် ကြေမွသွား၍ အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

"ငါ့အရှေ့မှာ အရာအားလုံးတို့က ငြိမ်သက်သွားပြီး ငါ့အနောက်မှာ အရာအားလုံးတို့က သေဆုံးသွားမယ်"

အနက်ရောင် အလင်းတန်းများသည် ချက်ချင်းပင် ကောင်းကင်ပေါ်မှ နေမင်းအား ဖုံးကွယ်သွား၍ ဝမ်လင်းအား သူ၏ မှော်ကျိန်စာများကို မထုတ်လွှတ်နိုင်ရန် တားဆီးထားခဲ့ကာ ဝန်ချီယန်နှင့် လင်းဖုန်းတို့ နှစ်ယောက်စလုံးအား နှေးကွေးသွားစေသည်။

+

အနက်ရောင် အလင်းတန်းများသည် အရပ်မျက်နှာလေးဘက်စလုံးသို့ စတင်၍ ပျံသန်းသွားကြပြီး ကမ္ဘာတစ်ခုလုံးအား သေမင်းမြင်ကွင်း တစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့သည်။

ဝမ်လင်း ဖန်ဆင်းထားသော မိစ္ဆာကမ္ဘာကပင် သေမင်းအနားသို့ ချဉ်းကပ်လာခဲ့သည်။

သူ့အတွင်းတွင် မိစ္ဆာများက အဖျက်ဆီးခံခဲ့ရ၍ ဗုဒ္ဓများက ပြိုလဲသွားခဲ့ကာ အစွမ်းထက်သော ဖြစ်တည်မှုတစ်ခုသည် အဆုံးသတ် အနားသို့ ဖြည်းဖြည်းချင်း ရောက်လာခဲ့သည်။

+

သေမင်းကေရာဇ်သည် သူ၏ လက်အား လှန်လိုက်ရာ စုတ်ပြဲနေသော ရှေးဟောင်းစာအုပ် တစ်အုပ် ပေါ်လာခဲ့သည်။ သူသည် အလယ်မှနေ၍ ကွဲပြားနေကာ တဲတဲလေးသာ ကျန်တော့ပြီး အလွန်အမင်း စုတ်ပြတ်နေသည့်ပုံ ပေါက်နေခဲ့သည်။

သို့သော်လည်း သူညွှန်ပြလိုက်သော အခါ ထိုစာအုပ်မှနေ၍ တောက်ပလှသည့် အလင်းတန်း တစ်တန်း ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။

## စာစဉ် ၇၅ : အပိုင်း ၃

## အပိုင်း ၁၄၅၃ : သူသေကိုယ်သေ တိုက်ခိုက်ခြင်း

+

ထိုရှေးဟောင်း စာအုပ်သည် သေမင်းကေရာဇ်၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သော သေခြင်းနှင့် ရှင်ခြင်းစာအုပ်ပင် ဖြစ်သည်။

အစောပိုင်းက လင်းဖုန်းနှင့် တိုက်ခိုက်ခဲ့သော အချိန်တွင် သေမင်းကေရာဇ်သည် အပြင်းအထန် ဒဏ်ရာရသွား၍ ဤမှော်ရတနာကလည်း လင်းဖုန်းကြောင့် ပျက်စီးသွားခဲ့သည်။ သူသည် ပြိုကွဲလုနီးပါး ဖြစ်နေ၍ သူ၏ စွမ်းအားများကလည်း အကြီးအကျယ် ကုန်ခန်းနေပြီ ဖြစ်သည်။ သူ့အား အသက်ဝင်လာအောင် ပြန်လည်ပြုလုပ်ရန် မလွယ်ကူတော့ပဲ ယခုအချိန်တွင် အတော်လေး အခြေအနေ ဆိုးနေခဲ့သည်။

သို့သော်လည်း သေမင်းကေရာဇ်၏ လက်အတွင်းတွင် သေခြင်းနှင့် ရှင်ခြင်းစာအုပ်သည် ပြင်းထန်သော

+

အလင်းတန်း တစ်ခုအား စတင်၍
ထုတ်လွှတ်လိုက်သည်။

သူ့ထံမှ အလင်းတန်းများ တစ်တန်းပြီး တစ်တန်း
ထွက်ပေါ်လာ၍ ဟင်းလင်းပြင် အတွင်းတွင်
ယှက်သန်းသွားကြကာ မှောင်မည်း ငြိမ်သက်နေသော
မီးခိုးရောင် ကမ္ဘာတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သေမင်းကေရာဇ်၏ အင်မော်တယ် ဝိညာဥ်သည် အဖြူ
မဟုတ်သလို အနက်လည်း မဟုတ်သည့် တောက်ပသော
အလင်းတန်း တစ်ခုဖြင့် လင်းလက်လာကာ သေခြင်းနှင့်
ရှင်ခြင်းစာအုပ် ဖန်ဆင်းထားသော ကမ္ဘာအား လွှမ်းခြုံ
ဝါးမျိုသွားခဲ့သည်။

+

သေမင်းကေရာဇ်၏ ခေါင်းပေါ်တွင် အဖြူနှင့် အနက်ရောင် ဘီးတစ်ဘီးက အဆက်မပြတ် လည်ပတ်လာ၍ သေမင်းကေရာဇ်သည် သူ၏ လက်တစ်ဘက်ဖြင့် ထိုဘီးကို လှမ်းဆုပ်ကိုင်လိုက်ရာ ချက်ချင်းပင် နေ့းကွေးသွားခဲ့သည်။

ဘီးသည် စတင်၍ လည်ပတ်လာသော အခါ ကောင်းကင်သည် ပို၍ ပြင်းထန်စွာ စတင် တုန်ခါလာခဲ့သည်။

ဝိညာဉ်ပင်လယ်မှ ကောင်းကင်အတွင်းတွင် အလင်းတန်း အမြောက်အမြား ပေါ်ထွက်လာ၍ အဆက်မပြတ် လင်းလက်ကာ လည်ပတ်နေခဲ့သည်။

+

ထိုအလင်းတန်း များစွာတို့သည် အဓိက အလင်းတန်း နှစ်ခုအဖြစ်သို့ ကွဲသွား၍ တစ်ခုချင်းစီသည် သေးငယ်သော အလင်းတန်းများ ထောင်နှင့်ချီ၍ ဖွဲ့စည်းထားခြင်း ဖြစ်သည်။ သူတို့သည် အတူတကွ ပူးပေါင်းသွား၍ ကြီးကျယ်ခမ်းနားသော မြင်ကွင်းတစ်ခုကို ဖန်ဆင်းလိုက်ကာ မျက်စိ ကျိန်းလုမတတ် တောက်ပသော အလင်းတန်း ခါးပတ်သည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားပြီး ရှီထျန်းဟောင်၏ နတ်ကောင်းကင် ဝင်္ကပါအား အလွယ်တကူ ထိုးဖောက်သွားခဲ့သည်။

အစွမ်းထက်သော အလင်းတန်း နှစ်တန်းတို့သည် သီးသန့်အရောင်များ ရှိကြပြီး တစ်ခုသည် အဖြူရောင် ဖြစ်၍ တစ်ခုသည် အနက်ရောင် ဖြစ်ကာ အစစ်အမှန်ဟု ထင်နေရသည်။

+

အနက်ရောင် အလင်းတန်းက လင်းလက်လာသော အခါ သေမင်း သဘောတရားများကို ဖော်ပြနေ၍ ကွဲပြားသော မြင်ကွင်းများ ထောင်နှင့်ချီကာ ပေါက်လာပြီး ရှောင်ရှား၍ မရနိုင်သော သေမင်းထံသို့ ချဉ်းကပ်လာကြသည်။ အခြားတစ်ဘက်တွင်မူ အဖြူရောင် အလင်းတန်းသည် အစွမ်းထက်သော အသက်စွမ်းအင်ကို ဖော်ပြနေ၍ သက်ရှိ များစွာတို့အား အားဖြည့်ပေးနေသကဲ့သို့ ဖြစ်နေသည်။

အလင်းတန်း နှစ်တန်းတို့သည် ကောင်းကင်အတွင်းတွင် မြစ်နှစ်စင်းနှင့် တူနေ၍ ဟင်းလင်းပြင်မှ ဖြတ်သန်းလာခဲ့ပြီး သေမင်းကေရာဇ်၏ ဘီးအလယ်သို့ တစ်ဘက်တစ်ချက်မှ ရောက်လာခဲ့သည်။

အနက်ရောင် အလင်းတန်းနှင့် အဖြူရောင် အလင်းတန်းတို့ ဆုံစည်းခဲ့ကြသော ဘီးအလယ်တွင်

+

အရာအားလုံးကို ဝါးမျိုနိုင်သည့် အစွမ်းထက်သော ဆွဲအားတစ်ခုကို ခံစားနိုင်ခဲ့သည်။

ဝမ်လင်း၏ စွမ်းအား အများစုသည် သူ့အတွင်းသို့ အစုပ်ယူ ခံခဲ့ရ၍ ပတ်ဝန်းကျင်မှ စိတ်ဝိညာဥ် စွမ်းအင်များကပင် စုပ်ယူခြင်း ခံခဲ့ရသည်။ နတ်ကောင်းကင် ဝင်္ကပါကလည်း သူ၏ ဆွဲအားများကို မခုခံနိုင်ခဲ့ပေ။

ဝမ်လင်းအား ဘေးပတ်ဝန်းကျင်ကို စောင့်ကြပ်ပေးနေသော ရှီထျန်းဟောင်သည် ရုတ်တရက် ပေါ်လာ၍ ကောင်းကင်အတွင်းတွင် လွင့်မျောနေခဲ့ကာ သူ၏ မျက်လုံးများမှ တောက်ပသော အလင်းတန်းများ ပေါ်လာပြီး သေမင်းကေရာဇ်အား စိုက်ကြည့်နေခဲ့သည်။

+

သေမင်းကေရာဇ်၏ ဤတစ်ခါက် တိုက်ခိုက်မှုသည် လွှော့တွက်၍ရသော အရာတစ်ခု မဟုတ်ဟု သူက ကောင်းစွာ အာရုံခံနိုင်ခဲ့ကာ သူ၏ တတိယ စီနီယာ၏ လက်အတွင်းတွင် မှော်ရတနာ တစ်ခု မရှိနေ၍ သူ၏ လက်ရှိ အခြေအနေသည် အန္တရာယ် ကြီးမားနေသည်။

ဝမ်လင်း၏ အဖြူရောင် ဆံပင်များသည် လေထုအလယ်တွင် လွင့်မျောနေကာ သူ့အရှေ့မှ မြင်ကွင်းအား အမူအရာ ကင်းမဲ့စွာ ကြည့်နေခဲ့သည်။ ဤအချိန်တွင် သူသည် မူလ နေရာမှ မလှုပ်ရှားခဲ့သော်လည်း သူ၏ အခြားပုံစံ ငါးခုတို့မှာ ထိန်းချုပ်၍ မရနိုင်ပဲ သေခြင်းနှင့် ရှင်ခြင်း စက်ဝန်း၏ အလယ်သို့ ပျံသန်းသွားခဲ့သည်။

သေမင်းကေရာဇ်သည် ဝမ်လင်းအား ကြည့်နေ၍ တိုးညင်းစွာ ပြောလိုက်သည်။ "မင်းကလည်း သေခြင်းနဲ့

+

ရှင်ခြင်းတို့ရဲ့ သဘောတရားတွေကို နားလည်တဲ့ အတွက် ဒီကနေ့မှာ ငါတို့က သံသရာ အတွင်းကို ဝင်သွားပြီး ဘယ်သူက ရှင်ပြီး ဘယ်သူက သေမလဲ ဆိုတာကို ဆုံးဖြတ်ကြမယ်"

ပြီးတာနှင့် သူသည် လေထုအတွင်းသို ခုန်ချသွား၍ ထိုဘီး၏ အလယ်သို့ စုပ်ယူခြင်းကို ခံခဲ့ရသည်။

သေမင်းကောရာဇ်သည် သူ့အတွင်းသို့ တမင်သက်သက် ခုန်ချခဲ့ခြင်း ဖြစ်သဖြင့် အစုပ်ယူခံခဲ့ရသည်ဟု ပြော၍ပင် ရမည် မဟုတ်ချေ။

သေမင်းကောရာဇ် ဝင်ရောက်သွား အပြီးတွင် ဘီးသည် ထပ်ဖန်တစ်ခါ စတင်၍ လည်ပတ်လာပြန်သည်။ ဝိညာဥ်ပင်လယ် အတွင်းမှ အရာအားလုံး၏

+

လည်ပတ်မှုကို ထိန်းချုပ်နေသော အဖြူနှင့် အနက်ရောင် အစွမ်းထက်သော အလင်းတန်း နှစ်တန်းတို့ကလည်း စတင်၍ လည်ပတ်လာခဲ့သည်။

ဘီးသည် ပို၍ပို၍ ကြီးမားလာကာ မကြာမီပင် ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့ပြီး ကမ္ဘာအတွင်းမှ အရာအားလုံးတို့၏ အိမ်အစစ်အမှန် ဖြစ်သည်ဟု ခံစားနေရသည်။

ဘီးသည် ပို၍ပို၍ လျင်မြန်စွာ လည်ပတ်လာပြီး သူ၏ဆွဲအားများသည် ပို၍ပို၍ သန်မာလာကာ မကြာမီပင် ဝမ်လင်းကလည်း သူ့အတွင်းသို့ အစုပ်ယူခံခဲ့ရသည်။

+

ဝမ်လင်း၏ အမှုအရာသည် တည်ငြိမ်နေသေး၍ သူ၏ နှုတ်ခမ်းထောင့်စွန်းမှ အပြုံး ရေးရေးလေး တစ်ခု ပေါ်လာခဲ့သည်။

ရှီထျန်းဟောင်သည် ကောင်းကင်ပေါ်မှ မြို့တော် အပေါ်တွင် ရပ်နေကာ ကောင်းကင်ပေါ်မှ ဆင်းသက်လာခဲ့သည်။ သူ၏ ခေါင်းပေါ်တွင် မဟာကောင်းကင်ဘီး လွင့်မျောနေကာ သူသည် ကောင်းကင်နှင့် မြေကြီးတို့အား ထောက်ပံ့ထားသည့် နတ်တစ်ပါး အလား ဖြစ်နေခဲ့သည်။

သူကျဆင်းလာသော အခါ သေခြင်းနှင့် ရှင်ခြင်း စက်ဝန်းက အနည်းငယ် နှေးကွေးသွားခဲ့သည်။

+

"တတိယ စီနီယာ" ရှီထျန်းဟောင်သည် ဝမ်လင်းအား ကြည့်လိုက်သော အခါ သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "သူက သေပြီးမှ ပြန်လည် ဝင်စားလိုနေတာ... သူက သံသရာ အတွင်းမှ ငါနဲ့ တိုက်ခိုက်ပြီး ဘယ်သူက သေပြီး ဘယ်သူက ရှင်မယ်ဆိုတာကို ဆုံးဖြတ်လိုနေတာ"

"မင်းက ဘေးမှာ ရှိနေတော့ သူကငါ့ကို အတွင်းမှာ သတ်နိုင်ခဲ့ရင်တောင် သူ့အနေနဲ့ လွတ်မြောက်ဖို့ ခက်ခဲတယ်"

"ငါတို့က သံသရာ အတွင်းကို ဝင်သွားခဲ့ရင်တော့ သူ့အတွက် အခွင့်အရေး ပိုကောင်းတယ်... သူက သေခြင်းနှင့် ရှင်ခြင်းစာအုပ်ကို ချန်ထားခဲ့ပြီး သံသရာရဲ့ စွမ်းအားတွေနဲ့ လွတ်မြောက်သွားနိုင်တယ်"

+

ဝမ်လင်းသည် အခြေအနေကို ရှီထျန်းဟောင်အား ရှင်းပြလိုက်သည်။ "ဒါက သေခြင်းနဲ့ ရှင်ခြင်း နောက်တစ်ခေါက် ပြုလုပ်မှာ ဖြစ်ပေမဲ့ ဒီတစ်ခေါက် သူ့ရဲ့ ပြန်လည်မွေးဖွားဖို့ အားထုတ်မှုတွေက အချည်းနှီး ဖြစ်သွားလိမ့်မယ်... သူ့ရဲ့ စွမ်းအားတွေက ကုန်ဆုံးသွားပြီး သူဘယ်အချိန်မှ ပြန်လည် နိုးထလာမလဲ ဆိုတာကို ဘယ်သူမှ မသိနိုင်ပေမဲ့ သူက ဒီလိုမျိုး ပြုလုပ်ဖို့ ရွေးချယ်ခဲ့တယ် ဆိုတော့ သူ့ဆီမှာ အစီအစဥ် တစ်ခုတော့ ရှိလိမ့်မယ်"

ဤအထိ ပြောပြီးသည်နှင့် ဝမ်လင်းသည် သေခြင်းနှင့် ရှင်ခြင်း စက်ဝန်းထံသို့ ရှေ့တစ်လှမ်း တိုးသွားခဲ့ကာ တည်ငြိမ်နေသေး၍ သာမန်သာ ပြောလိုက်သည်။ "ဆရာနဲ့ ငါတို့ ရှိနေတဲ့ အတွက် သူ့ဆီမှာ အခွင့်အရေး မရှိတော့ဘူး... ဒါပေမဲ့ ဒီအချိန်မှာ ငါကသူ့ကို

+

အလွှတ်မပေးချင်တော့ဘူး... သူ့ရဲ့ အဆက်မပြတ် ပြန်လည် မွေးဖွားမှုဟာ တဖြည်းဖြည်းနဲ့ စိတ်ပျက်ဖို့ ကောင်းလာပြီ"

"သူကငါ့ကို သေခြင်းနဲ့ ရှင်ခြင်း စက်ဝန်းအတွင်းမှ ယှဉ်ပြိုင်ဖို့ ဖြားယောင်းနေတယ် ဆိုတာကို ငါသိတယ်... ဒါပေမဲ့ သူက သူ့ကို တစ်ယောက်ကမှ သတ်နိုင်စွမ်း မရှိဘူးလို့ တကယ်ပဲ ထင်နေတာလား"

"သူက ဆရာကြောင့် ဒဏ်ရာ အပြင်းအထန် ရရှိထားပြီး ငါ့ကိုတောင် မတိုက်ခိုက်ရဲတော့ဘူး... ငါက ဘာများ ပြောနိုင်ဦးမလဲ"

ရှီထျန်းဟောင်၏ အကြည့်သည် သေခြင်းနှင့် ရှင်ခြင်း သံသရာ အပေါ်သို့ ကျရောက်သွား၍ အသံတိုးတိုးဖြင့်

+

ပြောလိုက်သည်။ "တတိယ စီနီယာ… စီနီယာနဲ့ ဟိုကောင်စုတ်က သေခြင်းနဲ့ ရှင်ခြင်း သဘောတရားတွေကို ကျွမ်းကျင်ကြတယ်… တကယ်လို့ စီနီယာက သံသရာ အတွင်းကို မဝင်သွားရင် သူ့ကို သတ်ဖြတ်ဖို့ ခက်ခဲလိမ့်မယ်… ဒါပေမဲ့ ဝင်သွားလို့ရှိရင် ပြန်လည် မွေးဖွားခြင်း မှော်ကျိန်စာတွေက အလုပ်ဖြစ်မှာ မဟုတ်ပဲ အပြီးတိုင် သေဆုံးသွားလိမ့်မယ်"

ဝမ်လင်း၏ အခြားပုံစံ ငါးခုတို့သည် သာမန်အချိန်တွင် သူ၏ အသက်ငါးချောင်းကို ကိုယ်စားပြုနေခြင်း ဖြစ်သည်။ ထူးခြားသော အခြေအနေမျိုးမှ လွဲ၍ သူ၏ ပုံစံငါးခုတို့က ကွဲပြားနေပါက သူ့အား သတ်ဖြတ်ရန် မဖြစ်နိုင်သလောက် ဖြစ်သည်။

အသက် အစားထိုးခြင်း ကောင်းကင်ဆေးလုံးသည် သူ့အပေါ်တွင် အသုံးမဝင်တော့ပေ။ သို့သော်လည်း
+

ဝမ်လင်းတွင် သူ၏ အစွန်းရောက် တာအိုနိဗ္ဗာန်နှင့် ဟေးဒီးစ်နတ်လက်ချောင်း၏ တတိယ လက်ချောင်းဖြစ်သော ပြန်လည်မွေးဖွားခြင်း လက်ချောင်း ရှိသေးသည်။ သူသည် သံသရာဂိုဏ်းနှင့် သေမင်းကေရာဇ်တို့၏ ပြန်လည်မွေးဖွားခြင်းနှင့် သံသရာ မှော်ကျိန်စာများကိုလည်း သိထားသေးသည်။

ထိုမှော်ကျိန်စာများကို အသုံးပြုနိုင်စွမ်း မရှိလျှင်ပင် ဝမ်လင်း၏ ပြန်လည် မွေးဖွားခြင်း နည်းစနစ်များသည် အမှန်ပင် ကွဲပြား ခြားနားလှသည်။

ဤကဲ့သို့သော အခြေအနေ မျိုးတွင် သေမင်းကေရာဇ်အား သေခြင်းနှင့် ရှင်ခြင်း သံသရာ အတွင်းတွင် ယှဉ်ပြိုင်ရန် မသင့်တော်ပေ။

+

လက်ရှိ အခြေအနေ အရ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အသာစီးရနေပြီး
သေမင်းကောရာဇ်ကလည်း ဒဏ်ရာ အပြင်းအထန်
ရရှိထား၍ အပြည့်အဝ ဆုတ်ခွာသွားရပြီ ဖြစ်သည်။
အနာဂတ်တွင် သူ့အနေဖြင့် ဘာမှ လုပ်နိုင်တော့မည်ပုံ
မပေါ်ချေ။

ထို့အပြင် သံသရာ အတွင်းသို့ ဝင်ရောက်သွားခြင်းဖြင့်
သူသည် သူ့တွင် ရှိသမျှ အရာအားလုံးကို စွန့်လွှတ်ခဲ့ပြီဟု
ဆိုလိုနေခြင်း ဖြစ်သည်။ သူသည် အနာဂတ်တွင်
ပြန်လာနိုင်ခဲ့လျှင်ပင် အန္တရာယ် ကြီးကြီးမားမား
ပေးနိုင်တော့မည် မဟုတ်ချေ။

ဤအရာသည် သေမင်းကောရာဇ် ချခဲ့သော
ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ သူသည် လူအများစု

+

မစဉ်းစားနိုင်သော စွန့်လွှတ်မှုမျိုးဖြင့် အသက်ရှင်နိုင်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။

ငါက ဒီလိုမျိုး စွန့်လွှတ်မှုကို ပြုလုပ်ရဲတယ်၊ မင်းက ငါ့ကို သတ်ဖြတ်ဖို့ စိတ်ပိုင်းဖြတ်မှုနဲ့ သတ္တိ ရှိသလား။

တကယ်လို့ မင်းကငါ့ကို သံသရာထဲ အထိ လိုက်လံ တိုက်ခိုက်ရဲရင် ဘယ်သူကသာ သံသရာ အတွင်းမှာ အမြဲ ကျန်နေနိုင်မလဲ ဆိုတာ သိရဖို့ မင်းကို တိုက်ခိုက်လိုက်မယ်။

ဝမ်လင်း၏ အဖြေမှာ စိန်ခေါ်မှုအား လက်ခံရန် ဖြစ်သည်။

+

သူသည် သေခြင်းနှင့် ရှင်ခြင်း သံသရာ အရှေ့သို့ ရောက်လာ၍ မှော်ကျိန်စာများကို ဖော်ထုတ်လိုက်ရာ မှော်သင်္ကေတများ ကောင်းကင်ပေါ်တွင် ပေါ်လာ၍ ရှီထျန်းဟောင် အပေါ်သို့ ဆင်းသက်လာသည်။

ရှီထျန်းဟောင်သည် သူ၏ လက်များကို ဆန့်တန်းလိုက်၍ ထိုမှော်သင်္ကေတများကို လက်ခံလိုက်၍ သူ၏ လက်ဝါးအပေါ်တွင် ခတ်နှိပ်လိုက်သည်။

သေမင်းကေရာဇ်သည် သူ၏ သေခြင်းနှင့် ရှင်ခြင်းစာအုပ်ဖြင့် ပေါင်းစည်းသွားခဲ့ပြီ ဖြစ်ကာ ဝင်သွားသည်နှင့် ပြန်လည် ထွက်လာနိုင်တော့မည် မဟုတ်ချေ။ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့က သူ့အား လိုက်လံ ဖမ်းဆီးခြင်း မပြုလျှင်ပင် သူ၏ တစ်ခုတည်းသော ထွက်လမ်းမှာ သေမင်းကမ္ဘာ

+

အတွင်းသို့ ဝင်ရောက်၍ ပြန်လည် မွေးဖွားနိုင်ရန် စောင့်နေခြင်းပင် ဖြစ်သည်။

ဝမ်လင်းသည် သေမင်းကေရာဇ်အား သတ်ဖြတ်ရန် အတွင်းသို့ ဝင်သွားလိုနေသော်လည်း သူသည် သူနှင့်အတူ သေလိုနေသည်ဟု ဆိုလိုနေခြင်း မဟုတ်ပေ။ ထို့ကြောင့် သူအနိုင်ရပြီးပါက လွတ်မြောက်နိုင်သည့် အခြေအနေများကို ကြိုတင် ဖန်တီးထားရန် လိုသည်။

သို့သော်လည်း အကယ်၍ သူသည် သေမင်းကေရာဇ်၏ လက်အောက်တွင် ကျဆုံးသွားပါက ထိုပြင်ဆင်မှုများက အလကား ဖြစ်သွားပေမည်။

ရှီထျန်းဟောင်သည် ဝမ်လင်းအား ကြည့်လိုက်သော်လည်း ဟန့်တားရန် မကြိုးစားခဲ့ပေ။

+

သူသည် ဝမ်လင်း၏ ဆုံးဖြတ်ချက် အပေါ်တွင် ယုံကြည်မှု ရှိနေသည်။

"တတိယ စီနီယာ... အောင်မြင်ဖို့ ဆုတောင်းပါတယ်" ရှီထျန်းဟောင်က ဖြည်းညင်းစွာ ပြောလိုက်သည်။ ဝမ်လင်းသည် ထိုစကားကို ကြားလိုက်သော အခါ ရပ်တန့်လိုက်၍ နောက်သို့ ပြန်လှည့်လာကာ ပြောလိုက်သည်။ "စိတ်မပူပါနဲ့... ငါက မကြာခင် ပြန်လာမှာပါ... ဒီနေရာမှာ အိပ်မပျော်နေနဲ့ဦး"

ရှီထျန်းဟောင်က ပြုံး၍ ပြောလိုက်သည်။ "ဒါက စီနီယာ ဘယ်လောက်အထိ မြန်သလဲ အပေါ်မှာ မူတည်ပါတယ်"

ဝမ်လင်းသည် ဘာမှ မပြောတော့ပဲ သူ၏ အခြားပုံစံများနှင့် အတူ သေခြင်းနှင့် ရှင်ခြင်း သံသရာ

+

ဖြစ်သော အဖြူနှင့် အနက်ရောင် ဝဲကတော့ အတွင်းသို့ ခုန်ဆင်းသွားခဲ့သည်။

သူဝင်ရောက်သွားသော အခါ ဝဲကတော့သည် ယာယီ နေးကွေးသွားခဲ့သည်။

အဘယ်ကြောင့် ဆိုသော် ဝမ်လင်း၏ ဝင်ရောက်လာမှုသည် သေခြင်းနှင့် သေခြင်း စက်ဝန်းကို တည်ငြိမ်စေခဲ့ကာ သေခြင်းနှင့် ရှင်ခြင်း သံသရာ၏ ဖိနှိပ်မှုအား လျော့ပါးစေ၍ အနည်းငယ် သက်သာရာ ရခဲ့သောကြောင့် ဖြစ်သည်။

ဤတိုက်ပွဲသည် လုံးဝ သေဆုံးသည် အထိ တိုက်ခိုက်မည် ဖြစ်ပြီး မူလကောင်းကင် ကမ္ဘာ

+

အတွင်းတွင် တစ်ခါမှ မမြင်ဖူးသော အရာတစ်ခု ဖြစ်သည်။

သေခြင်းနှင့် ရှင်ခြင်း ဤတိုက်ပွဲသည် မည်သူက သေခြင်းနှင့် ရှင်ခြင်းတို့၏ သခင်အစစ် ဖြစ်ကာ ငရဲကမ္ဘာ၏ အစစ်အမှန် အုပ်ချုပ်သူ ဖြစ်သည်ကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။

သေခြင်းနှင့် ရှင်ခြင်း တိုက်ပွဲအတွင်းတွင် သူတို့၏ ပြိုင်ဘက်များသည် သူတို့သာ မဟုတ်ပဲ သူတို့၏ အတိတ်၊ အနာဂတ်နှင့် သူတို့ကိုယ်တိုင်တို့ ပါဝင်ကြသည်။

ရှီထျန်းဟောင်သည် ကောင်းကင်ပေါ်မှ မြို့တော် အပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေကာ သူ၏

+

ခေါင်းပေါ်တွင် မဟာကောင်းကင်ဘီးက အဆက်မပြတ်
လည်ပတ်နေပြီး နတ်ကောင်းကင် ဝက်ပါအား
ရုပ်သိမ်းထားပြီး ဖြစ်ကာ နတ်ဗိုလ်ချုပ် ၁၂ပါး အသွင်ကို
ပြန်ပြောင်းထားပြီး ဖြစ်သည်။ သူတို့သည်
ရှီထျန်းဟောင်၏ အနောက်တွင် ဆင်းသက်လာကာ
ကောင်းကင်ပေါ်မှ မြို့တော်အတွင်းတွင် ရပ်နေကြသည်။

ရှီထျန်းဟောင်သည် သူ၏ခေါင်းကို လက်ပေါ်တွင်
တင်ထားကာ အဖြူနှင့် အနက်ရောင် ဝဲကတော့အား
စိုက်ကြည့်နေရင်း အချိန်ကြာမြင့်စွာ
ငြိမ်သက်နေခဲ့သည်။

ဝိညာဉ်ပင်လယ်သည် လက်ရှိအချိန်တွင် အလင်းတန်း
များစွာတို့ဖြင့် လင်းလက်နေ၍ ဝိညာဉ်ပင်လယ်
အတွင်းမှ လေဟာနယ်သည် ထကြွ လှုပ်ရှားနေကာ
တစ်ယောက်သည် ငိုသံကျယ်များကို ကြားနိုင်ခဲ့သည်။
+

အခြား နေရာများသည် အလွန်အမင်း နီးကပ်နေသည်ဟု ထင်နေရသော်လည်း တစ်ချိန်တည်းတွင် ဝေးကွာနေသည်။ ထိုနေရာတွင် မီးခိုးရောင် သီးသန့်ကမ္ဘာ တစ်ခုက ရပ်တည်နေလေသည်။

ထိုနေရာသည် သေမင်းကမ္ဘာနှင့် ဆက်သွယ်ထားသော အက်ကွဲကြောင်း ရှိသည့် နေရာပင် ဖြစ်သည်။ သူသည် သီးသန့် လေဟာနယ် တစ်ခုအဖြစ် တည်ရှိနေ၍ လင်းဖုန်း၊ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့က အတွင်းတွင် ရှိနေကြသည်။ ဤအချိန်တွင် သူသည် ငြိမ်သက်နေသော်လည်း ဝိညာဉ်ပင်လယ် တစ်ခုလုံးက သူ၏ အစွမ်းထက်သော ဖိနှိပ်မှုများကို ခံစားနေရသည်။

+

ရှီထျန်းဟောင်သည် အမှုထားမနေချေ။ သူသည် သူ့ဆရာ အပေါ်တွင်  သူ၏ တတိယ စီနီယာ သို့မဟုတ် သူကိုယ်တိုင်ထက်ပင် ပို၍ ယုံကြည်မှု ရှိသေးသည်။

အချိန်ကြာမြင့်စွာ ကုန်လွန်သွားသော်လည်း တစ်ခဏသာ ရှိသေးသည်ဟုလည်း ခံစားနေရသည်။

ရုတ်တရက်ပင် ရှီထျန်းဟောင်၏ အကြည့်သည် လင်းလက်သွားခဲ့ပြီး သူ့အရေ့မှ အဖြူနှင့် အနက်ရောင် ဝဲကတော့သည် လည်ပတ်နေရင်း ရုတ်တရက် ပြင်းထန်စွာ တုန်ခါလာခဲ့သည်ကို သတိပြုမိခဲ့သည်။

ထို့အပြင် သူ့အတွင်းမှ အနက်ရောင် အလင်းတန်းများ ထိုးထွက်လာခဲ့သည်။

+

ထိုအလင်းတန်းသည် အဆုံးမဲ့နေသည်ဟု ထင်နေရကာ ကောင်းကင်အတွင်းမှ နေရာတိုင်းအား လွှမ်းခြုံသွားသည်။

ထိုအလင်းတန်း၏ အရင်းအမြစ်မှာ စတင်၍ ပြောင်းပြန် လည်ပတ်လာသော အဖြူနှင့် အနက်ရောင် ဝဲကတော့ပင် ဖြစ်သည်။ ပြီးတာနှင့် ထိုအလင်းတန်းသည် ထိုဝဲကတော့၏ အလယ်သို့ လျှင်မြန်စွာ ပြန်လည် ဝင်ရောက်သွားခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ အဖြူနှင့် အနက်ရောင် အလင်းတန်း နှစ်တန်းတို့ကလည်း သူ၏ ဦးဆောင်မှုအောက်တွင် ထိုဝဲကတော့ အတွင်းသို့ စတင်၍ ဝင်ရောက်သွားခဲ့သည်။

+

# စာစဉ် ၇၅ : အပိုင်း ၄

## အပိုင်း ၁၄၅၄ : ဖန်းတုန်း သူသာန်၊ သေခြင်းနှင့် ရှင်ခြင်းတို့၏ သခင်

ပို၍ပို၍ များသော စိတ်ဝိညာဉ် စွမ်းအင်များနှင့် အလင်းတန်းများသည် သေခြင်းနှင့် ရှင်ခြင်း သံသရာ အတွင်းသို့ ဝင်လာကြရာ သူဖန်ဆင်းထားသော ဝဲကတော့ကလည်း အလယ်ဗဟိုထံသို့ စတင်၍ လည်ပတ်လာသည်။

ဝဲကတော့ အလယ်မှ အလင်းတန်းသည် မည်းမှောင်နေဆဲ ရှိသေးသော်လည်း စွမ်းအားများဖြင့် ပြည့်နှက်နေကာ ပိုမို လျှို့ဝှက်ဆန်းကြယ်၍ ကျယ်ပြန့်လာသည်။

+

အလင်းတန်း ထိတွေ့သော နေရာတိုင်းတွင် သက်ရှိများ အားလုံးသည် ထာဝရ သေမင်း အတွင်းသို့ ကျရောက်သွားသကဲ့သို့ ချက်ချင်း ရပ်တန့်သွားခဲ့ကြသည်။

အတွင်းတွင် တစ်ယောက်သည် သန်မာသော အသက်စွမ်းအင်ကို ခံစားနေရပြီး အတူတကွပင် သူတို့သည် အဆက်မပြတ် လည်ပတ်နေသော သေခြင်းနှင့် ရှင်ခြင်းတို့၏ ထာဝရ စက်ဝန်းကိုကို ဖန်ဆင်းနေခဲ့၍ သူ၏ စွမ်းအားများသည် ဖော်ပြ၍ မရနိုင်အောင် ထူးခြား ဆန်းကြယ်လှပေသည်။

သူ့အတွင်းမှ စွမ်းအားများသည် သေမင်းဧကရာဇ်၏ သေခြင်းနှင့် ရှင်ခြင်း ငရဲကမ္ဘာ တာအိုသစ်သီးနှင့် လုံးဝ

+

မတူနေပဲ သေခြင်းနှင့် ရှင်ခြင်း စာအုပ်နှင့်လည်း ကွဲပြားနေသည်။

သူသည် ပိုမို ကြီးမား၍ သန်မာကာ ပြီးပြည့်စုံနေသကဲ့သို့ ထင်နေရသည်။

ရှီထျန်းဟောင်သည် ထိုအရာအား တွေ့ခဲ့လိုက်သော အခါ ပြုံးလိုက်၍ သူ၏ လက်ဝါးအစုံအား ဖွင့်လိုက်ရာ သူ့လက်ဝါး အလယ်တွင် အစောပိုင်းမှ ခတ်နှိပ်ထားသော မှော်သင်္ကေတများက စတင်၍ လင်းလက်လာခဲ့သည်။

အဖြူနှင့် အနက်ရောင် ဝဲကတော့အား ဦးတည်၍ သူ၏လက်အား ဆန့်တန်းလိုက်ရာ မှော်သင်္ကေတ အပေါ်မှ အလင်းတန်း တစ်တန်း ထွက်ပေါ်လာ၍ ထိုဝဲကတော့၏ အလယ်သို့ ကျရောက်သွားသည်။

+

ဤအချိန်တွင် သေခြင်းနှင့် ရှင်ခြင်း သံသရာ တစ်ခုလုံးက တုန်ခါသွား၍ ဝဲကတော့ ထံမှ အလင်းတန်းသည် ပိုမို လေးလံလာ၍ ရှီထျန်းဟောင်၏ လက်ဝါးပေါ်မှ မှော်သင်္ကေတနှင့် ဆက်စပ်နေသကဲ့သို့ ဖြည်းဖြည်းချင်း မြင့်တက်လာခဲ့သည်။

ပြီးတာနှင့် အဖြူနှင့် အနက်ရောင် ဝဲကတော့သည် စတင်၍ ကျုံ့ဝင်လာပြီး နောက်ဆုံးတွင် အနက်ရောင် အလင်းတန်း တစ်တန်းဖြင့် ဖုံးလွှမ်းသွားကာ တိမ်တိုက်များ၏ လွှမ်းခြုံခြင်း ခံထားခဲ့ရသကဲ့သို့ ဘာကိုမှ မမြင်နိုင်ခဲ့ချေ။

အနက်ရောင် အလင်းတန်း ထံမှ ဧရာမ အရိပ်တစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။

+

ထိုအလင်းတန်း လွှင့်ပြယ်သွားသော အခါ ရောမ မြို့တော်တစ်ခုအား ဖော်ပြခဲ့သည်။ သူသည် ကောင်းကင်ပေါ်မှ မြို့တော်ကဲ့သို့ မကြီးမားသော်လည်း စွမ်းအားများစွာတို့နှင့် ပြည့်နှက်နေ၍ ကောင်းကင်ပေါ်မှ မြို့တော်နှင့် စာလျှင် ပို၍ပင် ခမ်းနားထည်ဝါ၍ အစွမ်းထက်ကာ လျှို့ဝှက် ဆန်းကြယ်နေပေသည်။

ထိုမြို့တော်အား ကောင်းမွန်စွာ ဖော်ပြရန် မဖြစ်နိုင်ပဲ သူ၏ မြို့ရိုးများသည် အဖြူရောင် မဟုတ်သလို အနက်ရောင်လည်း မဟုတ်ပဲ တောင်ထိပ်တစ်ခုထံမှ ဖန်ဆင်းထားသကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုမြို့သည် ကမ္ဘာတစ်ခုနှင့် တူနေပြီး တောင်အောက်တွင် အဝါရင့်ရောင် မြစ်တစ်စင်း

+

ရှိနေသည်။ သူသည် လှိုင်းလုံးများဖြင့် ထကြွနေ၍ မြို့အား ရစ်ပတ်ကာ စီးဆင်းနေသော်လည်း လုံးဝ ငြိမ်သက်နေခဲ့သည်။ ထိုအရာသည် ငရဲကမ္ဘာမြစ် ဖြစ်သည်။

မြစ်သည် မြို့အတွင်းသို့ ဖြတ်သန်း စီးဆင်းသွား၍ မြို့အတွင်းတွင် မြစ်အား ဖြတ်သန်းနိုင်ရန် အစိမ်းနက်ရောင် တံတားတစ်စင်း ရှိနေသည်။

မြို့နံရံ အပေါ်၌ တံခါးတစ်ခု ရှိနေပြီး သူသည် မြို့၏ အတွင်းနှင့် အပြင်ဘက်အား ဆက်စပ်ထားပေးခဲ့သော်လည်း တံခါး၏ အတွင်းနှင့် အပြင်တို့တွင် ကွဲပြားသော ကမ္ဘာနှစ်ခု ရှိနေကြသည်။

+

တံခါး၏ အပြင်တွင် ရောမ အနက်ရောင် စံအိမ်တစ်လုံး ရှိနေပြီး သူသည် ကျယ်ပြန့် ခမ်းနားကာ အစွမ်းထက်သော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေ၍ သူ့အနားသို့ ရောက်လာကြသော သူတိုင်းသည် သူ့အား အညံ့ခံလိုသော ဆန္ဒများကို ခုခံနိုင်ကြမည် မဟုတ်ချေ။

ရှီထျန်းဟောင်သည် ပြုံး၍ ကောင်းကင်ပေါ်မှ မြို့တော်အပေါ်မှ ခုန်ဆင်းသွားရာ ငြိမ်သက် တိတ်ဆိတ်နေသော ဤမြို့တော် အရှေ့သို့ ရောက်လာပြီး အနက်ရောင် စံအိမ်အရှေ့သို့ သွားလိုက်ကာ တံခါးအား တွန်းဖွင့်လိုက်လေသည်။

သူသည် စံအိမ်အတွင်းသို့ ဝင်သွားသော အခါ မျက်နှာချင်းဆိုင်နေကြသော လူနှစ်ယောက်အား တွေ့လိုက်ရသည်။ တစ်ယောက်သည် အဖြူရောင်

+

ဆံပင်ရှည်များနှင့် ရေခဲတမျှ အေးစက်နေသည့် မျက်နှာ အမူအရာများ ရှိနေသော ဝမ်လင်းဖြစ်သည်။

ဝမ်လင်းနှင့် မျက်နှာချင်းဆိုင်မှ သူသည် သေမင်းကေရာဇ် ဖြစ်သည်။

သေမင်းကေရာဇ်၏ မျက်နှာအပေါ်တွင် ရှုပ်ထွေးသော အကြည့်တစ်ခု ရှိနေ၍ ဝမ်လင်းအား ငြိမ်သက်စွာ အကဲခတ်နေခဲ့သည်။

ဝမ်လင်း၏ လက်အတွင်းတွင် ရှေးဟောင်းစာအုပ် တစ်ခုအား ကိုင်ထား၍ ထိုစာအုပ်သည် သေမင်းကေရာဇ်၏ သေခြင်းနှင့် ရှင်ခြင်း စာအုပ် ဖြစ်သည်။

+

စုတ်ပြဲနေသော သေခြင်းနှင့် ရှင်ခြင်း စာအုပ်သည် ယခုအချိန်တွင် ဘာမှ မဖြစ်ခဲ့သကဲ့သို့ ပြီးပြည့်စုံနေသည့်ပုံ ပေါက်နေခဲ့သည်။

သို့သော်လည်း ရှီထျန်းဟောင်သည် သူ့အား လှမ်းကြည့်လိုက်သော အခါ သေခြင်းနှင့် ရှင်ခြင်း စာအုပ်သည် ယခင်ကနှင့် မတူနေတော့မှန်းကို သိလိုက်သည်။ သူသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါး မဟုတ်တော့ပဲ သူ၏ စိတ်ဝိညာဥ် စွမ်းအားများသာ ကျန်နေတော့သည်။

ဝမ်လင်းသည် ရှီထျန်းဟောင်အား ပြုံး၍ လှည့်ကြည့်လိုက်သည်။ "ငါပြန်လာပြီ"

+

ရှီထျန်းဟောင်သည် သူ့ဘေးသို့ ရောက်လာပြီး ဝမ်လင်း၏ ပခုံးအား အသာ ထိုးလိုက်ကာ ပြုံး၍ ပြောလိုက်သည်။ "ဒါက ကျွန်တော် ထင်ထားတာထက် ပိုမြန်တာပဲ"

သူ၏ စကားကို ကြားခဲ့ရသော အခါ သေမင်းကေရာဇ်၏ အကြည့်သည် ပို၍ ထူးခြားလာပြီး သူ၏ခေါင်းကို ခါကာ ပြောလိုက်သည်။ "သူက သူ့ရဲ့ အရင်ဘဝနဲ့ အနာဂတ် ဘဝအားလုံးက ပုံစံတွေ အားလုံးကို သတ်ပစ်ခဲ့လို့ သူတစ်ယောက်ပဲ ကျန်တော့တယ်... သူက သံယောဇဥ်မရှိပဲ သူမြင်တဲ့ လူတိုင်းကို သတ်ဖြတ်ခဲ့လို့ အများကြီး ပိုမြန်တာပေါ့"

ရှီထျန်းဟောင်သည် ထိုစကားကို ကြားခဲ့သော အခါ မှင်သက်သွား၍ ဝမ်လင်းအား ကြည့်ကာ

+

ရယ်လိုက်သည်။ "ဒါက တတိယ စီနီယာရဲ့ တကယ့်ပုံစံပဲ"

ဝမ်လင်းကလည်း သူ၏ခေါင်းကို ခါကာ ရယ်လိုက်၍ သေမင်းကေရာဇ်ထံသို့ ပြန်ကြည့်လိုက်ကာ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ခင်ဗျားအတွက်ကတော့ ပြည်ဖုံးကား ချလိုက်ပြီ"

သူ၏လက်ဝါးကို မြှောက်လိုက်ရာ သူ၏ လက်အတွင်းမှ ရှေးဟောင်းစာအုပ်သည် အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာ၍ မျက်နှာကြက်မှ တဆင့် ကောင်းကင်ပေါ်သို့ ထိုးတက်သွားပြီး လွင့်ပြယ်သွားခဲ့သည်။ အလင်းတန်းများ ကျဆင်းလာသော အခါ သူသည် မြို့တစ်မြို့လုံးအား ထိန်ထိန်လင်းစေခဲ့သည်။

+

စွမ်းအားများ အသုံးပြုမှု လွန်ကဲလာသောကြောင့် မြို့သည် စတင်၍ တုန်ခါလာခဲ့သည်။

သူ့ထံမှ အရှိန်အဝါများသည် လေထုအလယ်တွင် ယှက်သန်းနေ၍ သေခြင်းနှင့် ရှင်ခြင်း သံသရာ ပုံစံကို ယူလိုက်သည်။

သူသည် ကမ္ဘာပေါင်း တစ်ထောင်တို့အား လှုပ်ရှားစေ၍ အတွင်းသို့ ဆွဲဆောင်လိုက်ရာ သေခြင်းနှင့် ရှင်ခြင်းတို့ အကြားတွင် တည်ရှိနေသော ဤမြို့တော်ကသာ မလှုပ်ရှားခဲ့ပေ။

မြို့တော်အပေါ်မှ ကျောက်ချပ် တစ်ခု အပေါ်တွင် ရောမ စာလုံးနှစ်လုံး ဖြည်းဖြည်းချင်း ပေါ်လာ၍ သူတို့အား

+

လေဟာနယ်၊ ကောင်းကင်နှင့် မြေကြီးတို့ အကြားနှင့် သံသရာ အတွင်းတွင် ခတ်နှိုတ်ထားသကဲ့သို့ ထင်နေရသည်။

"ဖန်းတုန်း"

ဝိညာဉ်ပင်လယ် အတွင်းတွင် မရေမတွက်နိုင်သော အလင်းတန်းများသည် စတင်၍ အတူတကွ လင်းလက်လာကာ အဖြူနှင့် အနက်ရောင် အလင်းတန်းများသည် မြို့အနားတွင် ရောယှက်နေကြသည်။

ကမ္ဘာအတွင်းမှ အစွမ်းထက်သော စွမ်းအားတစ်ခုသည် အတွင်းမှ နေ၍ အပြင်ဘက်သို့ ပျံ့နှံ့လာကာ သေခြင်းနှင့် ရှင်ခြင်း လမ်းကြောင်းတစ်ခုအား ဖော်ပြခဲ့သည်။

+

ကောင်းကင်အတွင်းတွင် မဟာကောင်းကင်ဘီး၏ လည်ပတ်နေမှုသည် တဖြည်းဖြည်း နှေးလာ၍ သူ့အနားမှ အလင်းတန်းများသည် ရဲဘော်ရဲဘက် အသစ်တစ်ပါး မွေးဖွားလာသည်ကို အာရုံခံမိသကဲ့သို့ ပို၍ပို၍ တောက်ပလာခဲ့သည်။

ဖန်းတုန်း အတွင်းမှ စံအိမ်အတွင်းတွင် ဝမ်လင်း၏ လက်အတွင်းမှ စာအုပ်ပျောက်ကွယ်သွားသည်နှင့် ဖန်းတုန်းသည် ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာ၍ သေမင်းကေရာဇ်၏ ခန္ဓာကိုယ်ကလည်း ဖြည်းဖြည်းချင်း လွင့်ပြယ်သွားခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် သူ၏ အမူအရာသည် တည်ငြိမ်လာခဲ့သည်။

+

သူသည် သံသရာ အတွင်းသို့ ဝင်ရောက်၍ လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့သော်လည်း ကျရှုံးသွားခဲ့သေးသည်။ သူ့အရှေ့မှ ဆံပင်ဖြူနှင့် လူငယ်သည် ဘေးကင်းနေသော အနာဂတ်ကို ဘေးဖယ်ထား၍ သူ့အနောက်သို့ လိုက်လံ တိုက်ခိုက်ခဲ့သဖြင့် ဤတိုက်ပွဲကို တိုက်ခိုက်ရသည်မှာ တန်ပေသည်။

သေမင်းကေရာဇ်သည် ဝမ်လင်းအား ကြည့်၍ ပြောလိုက်သည်။ "ငါက တစ်ချိန်က သံသရာကို အောင်နိုင်ခဲ့ပြီး သေခြင်းနဲ့ ရှင်ခြင်းတို့ရဲ့ ကံကြမ္မာကို အဆုံးအဖြတ် ပေးတယ်... ဒီကနေ့မှာ ငါက ထွက်ခွာသွားရတော့မယ် ဆိုတော့ နောင်တတွေ အများကြီး ရှိနေတယ်... ဒါပေမဲ့ အခုအချိန်မှာ ဒါတွေကို ပြောနေလို့လည်း ဘာမှ မထူးတော့ဘူး"

+

သူသည် လူသားကောရာဇ် တစ်ယောက်အနေဖြင့်
ထီးနန်းကို ဆက်ခံခဲ့သော်လည်း ကမ္ဘာ တစ်ခုလုံးအား
အမှန်တကယ် မအုပ်ချုပ်နိုင်ခဲ့သဖြင့် နောင်တ
ရနေခဲ့သည်။

သူသည် မူလကောင်းကင် ကမ္ဘာ အတွင်းမှ
အစွမ်းအထက်ဆုံး ရတနာဖြစ်သော အနန္တမ
ကောင်းကင်ကြေးမုံအား ရယူနိုင်ရန် လက်တစ်ကမ်းသာ
လိုခဲ့သော်လည်း မပိုင်ဆိုင်နိုင်ခဲ့သဖြင့်
နောင်တရနေခဲ့သည်။

သူသည် ရှေးဟောင်းခေတ်ကတည်းက အသေအချာ
ကြံစည်ခဲ့သော ပြန်လည် ရှင်သန်လာမှုသည်

+

ယနေ့ခေတ်တွင် အရေးပါသော နေရာမှ ဝင်ရောက် မလွှမ်းမိုးနိုင်ခဲ့သဖြင့် နောင်တ ရနေခဲ့သည်။

သူသည် ရှေးဟောင်းခေတ်တွင် အစွမ်းထက်သော ကျင့်ကြံသူများ ဖြစ်ကြသည့် ယန်ရှင်းဟိ၊ ရှဖန်းယု၊ သွေးမြစ် တာအိုဆရာ အစရှိသော ထိပ်သီး ပုဂ္ဂိုလ်များကို အနိုင်ယူနိုင်ခဲ့သော်လည်း နောက်ဆုံးတွင် သူ့ထက် များစွာ ဂျူနီယာကျသော တစ်စုံတစ်ယောက်၏ လက်အတွင်းတွင် ကျဆုံးခဲ့ရသဖြင့် နောင်တရ နေခဲ့သည်။

သူ၏ သေခြင်းနှင့် ရှင်ခြင်း သံသရာ အတွင်းတွင် သေဆုံးသွားရခြင်းသည် ဤနေရာကို သူ့အား သတ်ဖြတ်ခဲ့သော သူအား ပေးရတော့မည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

+

သေမင်းကေရာဇ်သည် ဤကဲ့သို့ သေရခြင်းသည် ထိုက်တန်သည်ဟု ဘယ်တော့မှ ယုံကြည်လိမ့်မည် မဟုတ်ချေ။

သူ့အနေဖြင့် သူ့ရန်သူများကို သတ်ဖြတ်နိုင်၍ သူကိုယ်တိုင်က အသက်ရှင်နေရခြင်းကသာ ကျေနပ်ဖွယ်ရာ ရလဒ်များ ဖြစ်သည်။ အခြားသူ တစ်ယောက်၏ ခြေနင်းကျောက်တုံး ဖြစ်သွားခဲ့သော ရှုံးနိမ့်သူ တစ်ယောက် ဖြစ်သွားခဲ့သဖြင့် သူ၏ ရင်အတွင်းတွင် နောင်တများစွာနှင့် ပြည့်နှက်နေခဲ့သည်။

သို့သော်လည်း အခြေအနေသည် ဤကဲ့သို့ ဖြစ်လာခဲ့သဖြင့် သူသည် အမျက်ထွက်နေ၍လည်း ဘာမှ မထူးတော့ပေ။ ယခုအချိန်တွင် သူသည်

+

တည်ငြိမ်စွာဖြင့်ပင် ဝမ်လင်းအား တိတ်တဆိတ်သာ ကြည့်နေခဲ့သည်။

သူသည် သူ့အနားမှ ဖန်းတုန်းအား ကြည့်၍ ပြောလိုက်သည်။ "မင်းလျှောက်နေတဲ့ လမ်းကြောင်းဟာ ငါနဲ့ တူညီနေတယ်… မင်းက ငါ့ထက် ပိုကြာကြာ လျှောက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

"ဒါပေမဲ့ မင်းက ဒီလမ်းကြောင်းကို လျှောက်နေတာကို လူဘယ်နှစ်ယောက်ကများ သည်းခံနေနိုင်မလဲ ဆိုတာကို ငါစဉ်းစားနေမိတယ်"

ဝမ်လင်းက ပွင့်လင်းစွာဖြင့် ပြောလိုက်သည်။ "ခင်ဗျားက ဒီစကားတွေကို ပြောနေတာ ဘာအဓိပ္ပာယ်လဲ"

+

သေမင်းကေရာဇ်က သက်ပြင်းချကာ ရယ်လိုက်သည်။
"နမြောစရာပဲ… နမြောစရာပဲ… ငါက အဆုံးသတ်
ရလဒ်ကို မမြင်နိုင်တော့ဘူး"

သူသည် ရယ်နေရင်းဖြင့် သူ၏ ခန္ဓာကိုယ်သည် တစ်ခါမှ
မရှိဖူးသကဲ့သို့ ဖုန်မှုန့်များ အဖြစ်သို့
ပျောက်ကွယ်သွားခဲ့သည်။

ရှေးဟောင်းခေတ်မှ သမိုင်း အတွင်းတွင်
မဖျောက်ဖျက်နိုင်သော အမှတ်အသား တစ်ခုကို
ချန်ထားနိုင်ခဲ့သော အစွမ်းထက်သည့် ကေရာဇ် တစ်ပါး
ဖြစ်သည့် သေမင်းကေရာဇ်ဟုလည်း ခေါ်သော ရွှမ်တုန်း
သူတော်စင်သည် ယနေ့အချိန်တွင် သံသရာ အတွင်း၌
ကြွေလွင့်သွားခဲ့လေပြီ။

+

သူ၏ ပြန်လည် မွေးဖွားလာမှုဖြင့် သူသည် ငရဲကမ္ဘာ ပင်လယ်နှင့် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲအား ဝင်ရောက် တိုက်ခိုက်နိုင်ခဲ့ပြီး အန္တိမ ကောင်းကင်ကြေးမုံအား ပိုင်ရှင်ပြောင်းလုနီးပါး ဖြစ်စေခဲ့သည်။

သို့ရာတွင် သူ၏ သံသရာ အပေါ်တွင် ကျွမ်းကျင်သူ ဖြစ်သော်လည်း သံသရာ အတွင်းတွင် သေဆုံးသွားနိုင်ခဲ့သည်မှာ ရယ်စရာ ကောင်းနေခဲ့သည်။ ဤသို့ဖြင့် သူသည် ဝိညာဥ်ပင်လယ် အတွင်းတွင် ကြွေလွင့်သွားသော အခါ သူ၏ ဘဝသည် နောက်ဆုံးတွင် အဆုံးသတ်သွားလေတော့သည်။

သေမင်းဧကရာဇ် သေဆုံးသွားသည်ကို ကြည့်နေရင်း ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့သည် ဘာမှ မပြောခဲ့ပေ။ ယနေ့တွင် သူတို့သည် ဒဏ္ဍာရီလာ ပုံပြင်တစ်ပုဒ်ကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်သည်။

+

ဤအချိန်တွင် သူတို့က ဝိညာဉ်ပင်လယ် တစ်ခုလုံးက တုန်ခါလာသည်ကို ခံစားမိခဲ့သည်။

သူတို့ နှစ်ယောက်စလုံးသည် အကြည့်ချင်း ဖလှယ်လိုက်ကာ ဖန်းတုန်း အတွင်းမှ ထွက်လာခဲ့၍ အဝေးသို့ ကြည့်လိုက်ရာ မီးခိုးရောင် သီးသန့်ကမ္ဘာသည် အဆက်မပြတ် တုန်ခါနေသည်ကို တွေ့ခဲ့ရလေသည်။

ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့၏ မျက်လုံးများက လင်းလက်သွား၍ တစ်ပြိုင်နက်တည်း ပြောလိုက်ကြသည်။ "ဒါက ဆရာရှိနေတဲ့ သေမင်းပင်လယ် အက်ကွဲကြောင်းပဲ"

+

ဤအချိန်တွင် ဝိညာဉ်ပင်လယ်သည် ပြင်းထန်စွာဖြင့် တုန်ခါလာခဲ့ကာ ကောင်းကင်အတွင်းမှ အလင်းတန်းများကလည်း စတင်၍ လွင့်ပြယ်သွားကြသည်။

ပြင်ပမှ ကြည့်လိုက်လျှင် သာမန်အတိုင်း တည်ငြိမ်နေပုံ ပေါက်နေသော်လည်း ဝိညာဉ်ပင်လယ်သည် စက္ကူစ တစ်ခုအား တစ်စုံတစ်ယောက်က လိမ်နေခဲ့သကဲ့သို့ စတင်၍ တွန့်လိမ်လာခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ လူများ အားလုံးတို့သည် သူ့အတွင်းမှ အထုတ်ပယ် ခံရတော့မည်ကဲ့သို့ သို့မဟုတ် ဝိညာဉ်ပင်လယ်၏ အစွမ်းထက်သော အမျက်ဒေါသအား ရင်ဆိုင်ရတော့မည်ကဲ့သို့ ခံစားခဲ့ရသည်။

+

ဝိညာဉ်ပင်လယ်နှင့် နီးကပ်စွာ ဆက်သွယ်နေသော မဟာကမ္ဘာကလည်း ထိုရောမ ပြောင်းလဲမှုကြီးအား အာရုံခံနိုင်ခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေ အပေါ်တွင် ရှမ်းလီသည် အလင်းတန်းများ စတင် ပေါ်ပေါက်လာသော ကောင်းကင်နေရာသို့ ကြည့်နေကာ လုံးဝ အကြည့်မလွှဲခဲ့ပေ။ သူမ၏ဘေးတွင် လော်ချင်းဝူ၊ ကျိုးယွင်ချုံးနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ကျန်သော တပည့်များသည် ဘာဖြစ်နေသည်ကို သိနိုင်ရန် သူတို့၏ ခေါင်းများကို မော့ကြည့်နေကြသည်။

နတ်ဘုရား နယ်မြေ အတွင်းရှိ ပိုင်ယွင်တောင်ထိပ်တွင် ကောင်းဟာန်နှင့် ကျန်သောသူများကလည်း တင်ပလ္လင်ခွေ ထိုင်နေကြကာ ကောင်းကင်ပေါ်သို့ မော့ကြည့်နေကြသည်။

+

သူတို့သည် ကောင်းကင်မွေးဖွား သူတော်စင်၏
လွတ်လမ်းကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
ပိတ်ဆို့ထားသည်ကို အာရုံခံနိုင်ခဲ့ကြသဖြင့်
ဤအချိန်တွင် သူ့အနောက်သို့ လိုက်လံ တိုက်ခိုက်ရန်
ရည်ရွယ်ချက်များ မရှိနေခဲ့ပဲ ဝိညာဥ်ပင်လယ်မှ
ပြောင်းလဲမှုများ အပေါ်သို့သာ အာရုံများကို
စူးစိုက်နေကြသည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ ထူးခြားသော
အဖြစ်အပျက်များကို လော်ချင်းဝူ၊ ချူးယန်၊ တန်ကျွင်းနှင့်
ကျန်သောသူများက အာရုံခံမိခဲ့ကြသော်လည်း
စိတ်မပျံ့လွင့်သွားခဲ့ကြပဲ ကောင်းကင်မွေးဖွား
သူတော်စင်ကိုသာ ဆက်လက်၍
တိုက်ခိုက်နေခဲ့ကြသည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည်
ကောင်းကင်ကိုးလွှာခေါ်း၊ နတ်ဘုရား နယ်မြေ ဆေးမီးဖို၊
နေမင်းကိုးစင်း ကျက်သရေ ပုလဲတို့နှင့် ဆက်လက်
တိုက်ခိုက်နေရင်း သူ၏ အမှုအရာသည်
လေးနက်လာခဲ့သည်။

သူ၏ ရင်အတွင်းမှ ရုတ်တရက် တုန်လှုပ်
ချောက်ချားသွား၍ ကောင်းကင်အပေါ်တွင်
အက်ကွဲကြောင်း တစ်ခု ပေါ်လာသည်ကို
တွေ့လိုက်ရသည်။ သို့သော်လည်း ထိုအရာသည်
ဝိညာဥ်ပင်လယ်မှ မဟုတ်ပဲ အခြား တစ်နေရာမှ
ဖြစ်သည်။

မရေမတွက်နိုင်သော ကပ်ဆိုးများက ပေါ်လာကြ၍
ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်
ထွက်လာခဲ့သည်။
+

ထိုလူငယ်အား တွေ့ခဲ့လိုက်သော အခါ ကောင်းကင်မွေးဖွား သူတော်စင်၏ ရင်အတွင်းတွင် လေးလံလာ၍ သက်ပြင်းဖွဖွလေး တစ်ချက်ကို ချလိုက်သည်။

## စာစဥ် ၇၅ : အပိုင်း ၅

## အပိုင်း ၁၄၅၅ : ဝိညာဥ်ပင်လယ် အတွင်းမှ နောက်ဆုံး တိုက်ပွဲ

ဟင်းလင်းပြင် အတွင်းရှိ အက်ကွဲကြောင်းမှ မရေမတွက်နိုင်သော ကပ်ဆိုးနှင့် ကပ်ဘေးများ ထိုးထွက်လာ၍ ကမ္ဘာပျက်တော့မည်ဟု ထင်နေရသည်။

+

သို့သော်လည်း အကယ်၍ တစ်ယောက်သည် အက်ကွဲကြောင်းမှ တဆင့် လှမ်းကြည့်လိုက်ပါက အခြားတစ်ဘက်မှ ကမ္ဘာသည် အလွန်အမင်း ရှုပ်ထွေးနေသော်လည်း အရာအားလုံးတို့က ငြိမ်သက်နေသည်ကို မြင်နေရသည်။ ထိုဖြစ်စဥ်သည် အမတန်မှ ထူးဆန်းပေသည်။

အက်ကွဲကြောင်း အတွင်းမှ ထွက်လာသော ငရဲကမ္ဘာ ပင်လယ်၏ ကပ်ဆိုးနှင့် ကပ်ဘေးများသည် အလွန်အမင်း စနစ်တကျ ရှိနေခဲ့၍ ကောင်းကင်မွေးဖွား သူတော်စင်နှင့် ကျန်သောသူများသို့ တိုင်အောင် လမ်းကြောင်းတစ်ခုကို ဖန်ဆင်းခဲ့လိုက်သည်။

ကောင်းကင်နှင့် မြေကြီးတို့အား ဖျက်ဆီးနိုင်စွမ်း ရှိနေသည့် ကမ္ဘာဖျက် ကပ်ဆိုးတို့သည် စီးဆင်းနေသော ရေများအတိုင်း ဖြစ်နေခဲ့သည်။

+

ပုံမမှန်သော ဤမြင်ကွင်းများသည် အလွန်အမင်း ရယ်စရာ ကောင်းနေ၍ ပဋိပက္ခ ဖြစ်နေခဲ့သော်လည်း တစ်ချိန်တည်းတွင် အံ့သြ တုန်လှုပ်ဖွယ် ကောင်းနေခဲ့သည်။

အားလုံးတို့၏ အရှေ့တွင် ပေါ်လာသော ရုပ်ရည်ချောမောသည့် လူငယ်သည် လင်းဖုန်း၏ တပည့်ကြီး ဖြစ်သော ငရဲမီး ကေရာဇ် ရှောင်ယန်ပင် ဖြစ်သည်။

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းမှ ထွက်လာ၍ သူ၏ အာရုံသည် ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့ ကျရောက်သွားကာ မျက်မှောင်များကို အနည်းငယ် ကြုတ်လိုက်သည်။

+

"ဒီတစ်ခေါက်ဟာ ကျုပ်တို့ရဲ့ ဒုတိယ အကြိမ် တိုက်ခိုက်မှု ဖြစ်ပေမဲ့ ပထမဆုံး အကြိမ် မြင်တွေ့ခြင်းပဲ ဖြစ်တယ်"

ကောင်းကင်မွေးဖွား သူတော်စင်သည် ရှောင်ယန်အား ကြည့်လိုက်၍ သူ၏ မျက်နှာအပေါ်တွင် ခါးသီးသော အပြုံးတစ်ခု ပေါ်လာသည်။

သူသည် ရှောင်ယန်အား လေဟာနယ်မှ တဆင့် တစ်ခေါက် တိုက်ခိုက်ခဲ့ဖူး၍ ယနေ့တွင် သူသည် ရှောင်ယန်နှင့် ထပ်ဖန်တစ်ခါ ပြန်လည် တိုက်ခိုက်ရတော့မည် ဖြစ်သည်။

+

ရှောင်ယန်ကလည်း သူ့အား နောက်ထပ်ဘာမှ ပြောနေခြင်း မရှိတော့ပဲ သူ၏ လက်ဝါးများအား ဆန့်ထုတ်လိုက်သည်။

သူသည် ဤကဲ့သို့ လုပ်ဆောင်ခဲ့သော အခါ သူ၏ ခန္ဓာကိုယ်မှ နေ၍ တောက်လောင်နေသော မီးတောက်များဖြင့် စတင်၍ လောင်ကျွမ်းလာခဲ့သည်။ သူ၏ ပုံရိပ်သည် တဖြည်းဖြည်း စတင် မြင့်တက်လာကာ ကိုးပေးခန့် ရှိသည့် မီးနတ်ဘုရား တစ်ပါးအဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့၍ ဟင်းလင်းပြင် အတွင်းတွင် လွင့်မျောလာခဲ့သည်။

ရှောင်ယန်၏ မျက်လုံးများ အပေါ်တွင် ရွှေနက်ရောင် အလင်းတန်း တစ်တန်း လင်းလက်လာ၍ ထိုအလင်းတန်းသည် ရေခဲတမျှ အေးစက်နေကာ ခက်ထန်ကြမ်းတမ်း၍ ဖိနှိပ်နိုင်စွမ်း ရှိသည်။

+

သူ့အနောက်တွင် ငရဲကမ္ဘာ ပင်လယ်မှ
မရေမတွက်နိုင်သော ကပ်ဆိုးနှင့် ကပ်ဘေးများသည်
ထကြွ လှုပ်ရှားလာ၍ ငရဲကမ္ဘာ ပင်လယ်၏
အက်ကွဲကြောင်း အတွင်းမှ ထွက်ခွာလာကြသည်။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊
ကောင်းကင်ကမ္ဘာဖျက် မီးတောက်၊ အကြွင်းမဲ့
သွေးမြစ်ရေ၊ ငရဲကိုးလွှာ လေပြင်း၊ အဝီစိ ငရဲမုန်တိုင်း၊
ငရဲကမ္ဘာ အကြွင်းမဲ့ရေ၊ မိစ္ဆာအိမ်မက် ကျက်သရေ
ကျောက်တုံး၊ နတ်ဆိုးမျက်လုံး တစ္ဆေမီးတောက်၊
လှိုင်းထနေသော မိုးကြိုးရေပြင် အစရှိသည်တို့သည်
ရှောင်ယန်၏ လက်ဝါးအတွင်းသို့ စုစည်းလာကြသည်။

+

အလင်းတန်း တစ်စက်သည် ဟင်းလင်းပြင် အတွင်းတွင် လင်းလက်နေသကဲ့သို့ ဖြစ်နေပြီး မငြိမ်းသေးသော ပြာများအတွင်းမှ တောက်လောင်နေသော ကြယ်တစ်စင်းနှင့် တူနေခဲ့ကာ တစ်ခေါက်ပြီး တစ်ခေါက် အဆက်မပြတ် လင်းလက်နေခဲ့သည်။

ကပ်ဘေးနှင့် ကပ်ဆိုးများသည် ထိုနေရာသို့ စုစည်းလာကြကာ မဟာတာအို၏ ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်းတို့ကို ပြဋ္ဌာန်းနေကြလေသည်။

ဤအရာသည် ရှောင်ယန်၏ မြင့်တက်လာသော ပျက်စီးခြင်းပင် ဖြစ်သည်။

ကြောက်မက်ဖွယ်ရာ စွမ်းအင်တစ်ခုသည် ကောင်းကင်မွေးဖွား သူတော်စင်ထံသို့ ချက်ချင်း

+

ရောက်လာခဲ့ပြီး ထိုအင်အားသည် ပန်းတိုင် တစ်ခုတည်းကိုသာ အာရုံစိုက်ထား၍ ဘေးပတ်ဝန်းကျင်အား တစ်ချက်မှ ထိခိုက်စေခြင်း မရှိခဲ့ပေ။ အင်အားများ အားလုံးတို့သည် ကောင်းကင်မွေးဖွား သူတော်စင် အပေါ်သို့သာ ကျရောက်လာခဲ့သည်။

တာအို၏ ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်းများသည် ဆက်လက်၍ ရှေ့ဆက်နေကြပြီး ကောင်းကင်မွေးဖွား သူတော်စင် အနားမှ လျှို့ဝှက်ဆန်းကြယ်ကာ ခန့်မှန်း၍ မရနိုင်သော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းကပင် အဆက်မပြတ် အတိုက်စားခံနေရသည်။

ဖော်ပြနိုင်ခြင်း မရှိပဲ ခန့်မှန်း၍လည်း မရသော အလင်းတန်းသည် သူ၏ နတ်ဆန်သော အစွမ်း

+

ပျောက်ဆုံးသွား၍ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာကာ သာမန်အတိုင်း ဖြစ်သွားခဲ့ပြီး နောက်ဆုံးတွင် လွင့်ပြယ် ပျောက်ကွယ်သွားခဲ့သည်။

ကောင်းကင်မွေးဖွား သူတော်စင်သည် ထိုမြင်ကွင်းအား မြင်ခဲ့ရသော အခါ သူ၏ အမူအရာသည် ပို၍ ခါးသီးလာခဲ့သည်။ "ငရဲကမ္ဘာ ပင်လယ်... သူက ပိုင်ရှင်တစ်ယောက် ရတော့မှာလား"

သူသည် ကောင်းကင်ပေါ်သို့ စိုက်ကြည့်လိုက်ကာ သက်ပြင်းချလိုက်သည်။ သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါသွား၍ သူ၏ စွမ်းအားများမှာ စတင်၍ အားနည်းလာသော်လည်း သူနှင့် လုံးဝနီးပါး ထပ်တူညီနေသည့် အလင်းတန်း ပုံရိပ်တစ်ခုက ပေါ်လာခဲ့သည်။

+

ထိုအလင်းတန်း ပုံရိပ်သည် စီးဆင်းနေသော အလင်းတန်း များစွာအဖြစ် ပြောင်းလဲသွား၍ ကောင်းကင်မွေးဖွား သူတော်စင်အား ဝန်းရံထားသည့် အနက်ရောင် ကျက်သရေ တိမ်တိုက်များက အပြင်သို့ စတင်၍ ကျယ်ပြန့်လာကာ ရောင်ယန်၏ တိုက်ခိုက်မှုအား ခုခံရန် ကြိုးစားလိုက်သည်။

တစ်ချိန်တည်းတွင် ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ လက်ဝါးကို ဟင်းလင်းပြင် အတွင်းတွင် ဖော့ယမ်းလိုက်ရာ အလင်းတန်း တံခါးတစ်ခု ပေါ်လာသည်။ ပြီးတာနှင့် သူသည် ဘာမှ တွေဝေမနေပဲ ကျိုးကောင်းကင် တံခါးအတွင်းသို့ ဝင်ရောက်၍ ပျောက်ကွယ်သွားခဲ့သည်။

+

သို့သော်လည်း ရှောင်ယန်၏ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုအောက်တွင် ရွှေရောင် အလင်းတန်းနှင့် အနက်ရောင် ကျက်သရေ တိမ်တိုက်များသည် စတင်၍ လွင့်ပြယ်လာကြသည်။

မည်သည့်နေရာသို့ သွားနေမှန်း မသိသည့် အလင်းတန်း တံခါးကလည်း ပိတ်သွား၍ ကျိုးပဲ့ ပျက်စီးသွားကာ ကောင်းကင်မွေးဖွား သူတော်စင်ကလည်း အပြင်သို့ ပြန်ရောက်လာသည်။

သူသည် စီးဆင်းနေသော အလင်းတန်းနှင့် လေဟာနယ်ကို အသုံးပြု၍ ထွက်ပြေးလိုနေသော်လည်း သူ့အနားမှ လေဟာနယ်သည် အဖိနှိပ်ခံနေရသည်ကို တွေ့ရှိခဲ့သည်။ ပြီးတာနှင့် သူသည် ကျိုးပျက်သွားကာ ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားသည်။

+

ကောင်းကင်မွေးဖွား သူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်၍ ဒိုင်မန်းရှင်းမဲ့ အသွင်ပြောင်းလဲမှုကို ဖော်ထုတ်လိုက်ရာ သူ၏ ပုံရိပ်သည် အစစ်အမှန်နှင့် ပုံရိပ်ယောင် အကြားသို့ ရောက်သွား၍ ဤကမ္ဘာ အတွင်းတွင် ဆက်လက်၍ တည်ရှိမနေတော့ပေ။

သူသည် ဒိုင်းမန်းရှင်းမဲ့ ကမ္ဘာအတွင်းသို့ ရောက်နေသည့် အချိန်၌ အပြင်ကမ္ဘာမှ မည်သည့် အရာကမှ သူ့အား ထိတွေ့နိုင်ခြင်း မရှိပေ။

သို့သော်လည်း ကောင်းကင်မွေးဖွား သူတော်စင်သည် ဖိနှိပ်ခြင်းကို ခံနေရ၍ ပုံရိပ်ယောင် ကမ္ဘာ အတွင်းသို့ ဝင်သွားခဲ့သော်လည်း ရှောင်ယန်၏ မြင့်တက်လာသော ပျက်စီးခြင်းအား မရှောင်ရှားနိုင်ခဲ့ပေ။

+

ရှောင်ယန်၏ တိုက်ခိုက်မှုသည် အစစ်အမှန် ဖြစ်စေ၊ ပုံရိပ်ယောင် ဖြစ်စေ၊ အရာအားလုံးတို့ကို ဖျက်ဆီးခဲ့၍ သူ၏ ကြီးမားလှသော ဖိအားများ အောက်တွင် အရာအားလုံးတို့သည် ဆက်လက် တည်ရှိနိုင်စွမ်း မရှိတော့ပေ။

ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ခေါင်းကို ခါလိုက်၍ ဒိုင်မန်းရှင်းမဲ့ ကမ္ဘာအတွင်းမှ ပြန်လည် ထွက်လာခဲ့ပြီး ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းအား ထပ်ဖန်တစ်ခါ ထုတ်လွှတ်လိုက်သည်။

သူသည် မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့ကာ သူရှိနေသည့် နေရာတွင်သာ တင်ပလ္လင်ခွေ

+

ထိုင်နေခဲ့သည်။ ထူးခြားဆန်းကြယ်သော
အလင်းတန်းများသည် သူ့ခန္ဓာကိုယ် ပတ်ပတ်လည်၌
စတင်၍ လည်ပတ်နေခဲ့ပြီး မဟာဟင်းလင်းပြင်
ကောင်းကင်ကိုးလွှာ နန်းတော် အဖြစ်သို့
ပြောင်းသွားကာ သူ့အား လွှမ်းခြုံသွားခဲ့သည်။

သို့သော်လည်း မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ
နန်းတော်၏ ပုံရိပ်သည်လည်း ရှောင်ယန်၏ တိုက်ခိုက်မှု
အောက်တွင် ဖြည်းဖြည်းချင်း ပြိုကွဲလာခဲ့သည်။

ဤအချိန်တွင် လော်ချင်းဝူ၊ ချူးယန်နှင့်
တန်ကျွင်းတို့သည် ရှောင်ယန်၏ဘေးသို့
ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ သူတို့သည်
ကောင်းကင်မွေးဖွား သူတော်စင်အား အုပ်စုဖွဲ့၍
တိုက်ခိုက်ခြင်းမျိုး မရှိခဲ့ပဲ သူတို့နှစ်ယောက်
တိုက်ခိုက်နေသည်ကိုသာ ကြည့်နေခဲ့သည်။
+

တန်ကျွင်းသည် အလွန်အမင်း တည်ငြိမ်နေသည့်ပုံ ပေါက်နေ၍ ကောင်းကင်မွေးဖွား သူတော်စင်အား စိုက်ကြည့်နေခဲ့ကာ သူ၏ မျက်နှာအပေါ်တွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း အရိပ်အယောင်များကို မတွေ့နိုင်ပေ။

တိုက်ဆိုင်မှုကြောင့်လော သို့မဟုတ် တစ်စုံတစ်ရာကို ခံစားမိ၍လော မသိပဲ ကောင်းကင်မွေးဖွား သူတော်စင်သည် ဤအချိန်၌ တန်ကျွင်းအား လှမ်းကြည့်လိုက်ရာ သူတို့၏ အကြည့်များက ဆုံသွားခဲ့သည်။

တန်ကျွင်းအား ကြည့်နေသော ကောင်းကင်မွေးဖွား သူတော်စင်၏ မျက်လုံးများတွင် ခံစားချက်များ မရှိနေပဲ

+

ယခင်အတိုင်း သာမန်သာ ဖြစ်နေခဲ့သည်။ ကသိကအောက် ဖြစ်ခြင်း၊ အသနားခံ တောင်းပန်ခြင်း၊ အမျက်ထွက်ခြင်းများ မရှိခဲ့ပဲ တန်ကျွင်းအား သူ့ကို ကူညီရန်လည်း မတောင်းဆိုခဲ့ပေ။

တန်ကျွင်းကလည်း သူ့အား တည်ငြိမ်သော အမူအရာဖြင့်ပင် ပြန်လည် စိုက်ကြည့်နေကာ လုံးဝ မလှုပ်ရှားခဲ့ပေ။

သူတို့နှစ်ယောက်သားသည် အချင်းချင်း တည်ငြိမ်စွာ စိုက်ကြည့်နေခဲ့ပြီး ခဏအကြာတွင် ကောင်းကင်မွေးဖွား သူတော်စင်သည် သူ၏ အကြည့်ကို ရုပ်သိမ်းလိုက်ကာ ရှောင်ယန်၏ တိုက်ခိုက်မှုများ အပေါ်၌သာ အပြည့်အဝ အာရုံ စိုက်ထားခဲ့သည်။

+

သို့သော်လည်း နှမြောစရာ ကောင်းသည်မှာ သူ၏
လှို့လမျှားသည် အချည်းနှီး ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

ချူးယန်ကလည်း ဤအချိန်တွင် တင်ပလ္လင်ခွေ
ထိုင်နေခဲ့ပြီး သူ၏ခေါင်းပေါ်တွင် ကိုးပေရှိသော
ဓားတစ်လက်သည် လေထုအလယ်တွင်
လွင့်မျောနေကာ ဓားအလင်းတန်းများဖြင့်
လင်းလက်နေ၍ ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးအား
လွှမ်းခြုံသွားခဲ့သည်။

ကောင်းကင်အတွင်းတွင် မရေမတွက်နိုင်သော
ပုံရိပ်ယောင်များ ပေါ်လာ၍ မရေမတွက်နိုင်သော
ကမ္ဘာများကို ဖော်ပြလိုက်ရာ မရေမတွက်နိုင်သော
မဟာတာအို သဘောတရားများ ကောင်းကင်ထံမှ
ကျဆင်းလာ၍ ဓားအလင်းတန်းအား
ထောက်ပံ့ခဲ့ကြသည်။

+

ခေါ်အလင်းတန်းကို ထုတ်လွှတ်ခဲ့သော အခါ သူတို့တစ်ခုချင်းစီသည် မဟာတာအို၏ မှော်ဆန်သော သဘောတရားများကို ဖော်ပြနေသကဲ့သို့ ဖြစ်ကာ သဘောတရားများသည် ကောင်းကင်ကိုးလွှာအား ထိုးဖောက်ကာ အပေါ်တိုင်အောင် ဆန့်တန်းသွားခဲ့သည်။

ခေါ်၏ အရှိန်အဝါကလည်း ကျယ်ပြန့် ထက်မြက်လာ၍ ချူးယန်၏ ခေါင်းအပေါ်တွင် ကိုယ်ပိုင်ကမ္ဘာ တစ်ခုကဲ့သို့ လွင့်မျောနေလေသည်။

ဤခေါ်သည် ကောင်းကင်တံခါးဂိုဏ်းမှ လာခဲ့၍ ချူးယန်လက်အတွင်းသို့ ကျရောက်လာပြီး နောက်ဆုံးတွင် ကြမ္မာပန်းတိုင် အဆင့်သို့

+

ရောက်နိုင်ခဲ့လေပြီ။ ထိုခေးသည် ကောင်းကင်ကိုးလွှာ ခေးပင် ဖြစ်သည်။

ကောင်းကင်မွေးဖွား သူတော်စင်နှင့် ပြင်းထန်စွာ တိုက်ခိုက်ခဲ့၍ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်ဖြင့် ခေးသွေးခဲ့အပြီးတွင် သူသည် နောက်ဆုံးတွင် ကြမ္မာပန်းတိုင် အဆင်သို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ထူးချွန် ထက်မြက်သော နတ်ခေးတစ်ချောင်း ထပ်မံ၍ ပေါ်လာခဲ့လေပြီ။

နတ်ဘုရားနယ်မြေ ဆေးမီးဖိုနှင့် နေမင်းကိုးစင်း ကျက်သရေ ပုလဲတို့သည် သူတို့နှင့် ဆက်စပ်နေသည့်

+

အရာအသစ် တစ်ခု မွေးဖွားလာသည်ကို
အာရုံခံမိကြသဖြင့် အနည်းငယ် တုန်ခါသွားကြသည်။

ကောင်းကင်ကိုးလွှာခေါးက လှုပ်ရှားသွားသော အခါ
ခေါး၏အသံသည် ကောင်းကင်ကိုးလွှာမှ တဆင့်
မြေပြင်သို့ တိုင်အောင် ပဲ့တင်ရိုက်နေခဲ့သည်။

နတ်ဘုရားနယ်မြေ တစ်ခုလုံးမှ ခေါးကျင့်ကြံသူများသည်
ခေါး၏ ထည်ဝါသော အသံကို ကြားနိုင်ခဲ့၍
မဟာတာအို၏ တုန်ခါသွားမှုကို ခံစားနိုင်ခဲ့ကြရာ အံ့သြ
ချီးကျူးနေကြလေသည်။

ကမ္ဘာအတွင်းမှ ခေါးများ အားလုံးတို့သည် သူတို့၏
ခေါးအိမ်များ အတွင်းမှ ထွက်လာကာ လေထု
အလယ်တွင် တုန်ခါနေကြသည်။

+

ထိုခေါးများသည် သူတော်စင် ကောင်းကင်ခေါးကို တွေ့ခဲ့ရစဥ် ကဲ့သို့ ကြောက်ရွံ့ခြင်း ရှိမနေကြပဲ ဤခေါးအသစ်၏ စွမ်းအားများကို အာရုံခံနိုင်ခဲ့ကြခြင်းသာ ဖြစ်ကာ ကောင်းကင်အား ကြည့်လိုက်သော အချိန်တွင် အံ့သြ ချီးကျူးနေကြသော လူသားများနှင့်သာ တူနေခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ရှိနေကြသော ရှင်းလုံစန်းနှင့် ထျန်းကန်း ခေါးမာစတာတို့သည် ခံစားချက် တစ်ခုကို ခံစားခဲ့ရပြီး သူတို့၏ အကြည့်သည် ဟင်းလင်းပြင်အား ဖြတ်ကျော်ကာ ချူးယန်နှင့် ကောင်းကင်ကိုးလွှာခေါး အပေါ်သို့ ကျရောက်လာခဲ့သည်။

+

ရှင်းလုံစန်း၏ ကောင်းကင် ဖွင့်လှစ်ခေးသည်လည်း တုန်ခါနေကာ ကောင်းကင်ကိုးလွှာခေးနှင့် ဆက်သွယ်နေသကဲ့သို့ ကြည်လင်သော အသံတစ်ခုကို ထုတ်လွှတ်လိုက်သည်။

စူတောင်ခေးဂိုဏ်းမှ အကြီးအကဲ နှစ်ယောက်သားသည် အချင်းချင်း ကြည့်လိုက်ကြသော်လည်း ဘာမှ မပြောခဲ့ကြပဲ သူတို့၏ အမူအရာများကလည်း မပြောင်းခဲ့ပေ။ ကောင်းကင်ဖွင့်လှစ်ခေးက အစပိုင်းတွင် တုန်ခါသွားခဲ့ပြီးနောက် အရာအားလုံးတို့သည် ထပ်ဖန်တစ်ခါ ငြိမ်သက်သွားကြသည်။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးအနေဖြင့် ကောင်းကင်ဖွင့်လှစ်ခေးသည် သူနှင့် အဆင့်တူ ခေးတစ်လက် ပေါ်လာသည်ကို မည်သို့မှ ခံစားရခြင်း မရှိသည်မှာ မဖြစ်နိုင်ပေ။

+

သို့သော်လည်း ထိုအရာသည် သေးငယ်သော ခံစားချက်သာ ဖြစ်ခဲ့၍ အခြား တုံ့ပြန်မှု ပုံစံများကို ဖြစ်ပေါ်စေရန် မတတ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် မူလကောင်းကင် ကမ္ဘာ အတွင်းမှ အစွမ်းအထက်ဆုံး ဓားအား အခြား တစ်စုံတစ်ယောက်က ပိုင်ဆိုင်ထားသောကြောင့် ဖြစ်သည်။

သို့သော်လည်း စူတောင်ဓားဂိုဏ်းမှ လူများသည် ယခုအချိန်တွင် အနည်းငယ် မသက်မသာ ခံစားနေခဲ့ရသည်။ ကောင်းကင်တံခါးဂိုဏ်း၏ ကောင်းကင်ကိုးလွှာဓားနှင့် မဟာ ကောင်းကင်ကိုးလွှာ

+

မြင့်မြတ်သော ဓားနည်းစနစ်တို့သည် စူတောင်ဓားဂိုဏ်း အမြဲတမ်း သတိထားနေရသော ပစ်မှတ်ဖြစ်သည်။

စူတောင်ဓားဂိုဏ်းသည် ကောင်းကင်ကိုးလွှာဓားနှင့် မဟာ ကောင်းကင်ကိုးလွှာ မြင့်မြတ်သော ဓားနည်းစနစ်တို့ကို ဟင်းလင်းပြင် ဘုရားကျောင်း၏ ဥပေက္ခာ ကောင်းကင်ဓားနှင့် မဟာဟင်းလင်းပြင် ဝင်ရိုးစွန်းနှစ်ဘက် လျှို့ဝှက်ဓားနည်းစနစ်တို့ထက် ပို၍ တန်ဖိုးထားနေသည်။

သို့သော်လည်း ကောင်းကင်တံခါးဂိုဏ်းသည် ရှေးဟောင်းခေတ်တွင် ပြိုကွဲသွား၍ ကောင်းကင် ကိုးလွှာဓားအား အပြည့်အဝ ကျင့်ကြံနိုင်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် စူတောင်ဓားဂိုဏ်းကလည်း အချိန်ကြာမြင့်စွာ ကြီးစိုးလွှမ်းမိုးနိုင်ခဲ့ခြင်း ဖြစ်သည်။

+

ယခုအချိန်တွင် မဟာ ကောင်းကင်ကိုးလွှာ မြင့်မြတ်သော ခေါ်နည်းစနစ်က ပြန်လည် ပေါ်ထွက်လာကာ ကောင်းကင်ကိုးလွှာ ခေါ်ကလည်း မူလကောင်းကင် ကမ္ဘာ အပေါ်သို့ ပြန်လည် ဆင်းသက်လာခဲ့လေပြီ။

စူတောင်ခေါ်ဂိုဏ်းသည် ယခင်ကနှင့် မတူတော့ပဲ သူတော်စင် ကောင်းကင်ခေါ်က ပျက်စီးသွားပြီ ဖြစ်ကာ ကောင်းကင် ဖွင့်လှစ်ခေါ်ကို ဖန်တီးနိုင်ခဲ့သည်။ နတ်ဘုရားနယ်မြေကလည်း ယခင်ကနှင့် မတူတော့ပဲ ခေါ်များ၏ မြင့်မြတ်နယ်မြေက ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

+

အရာများက ပြောင်းလဲတတ်ကြ၍ ဆယ်စုနှစ် အနည်းငယ် အတွင်းတွင် အရာများစွာတို့က ပြောင်းလဲသွားကြကာ ရှင်းလုံးစန်းနှင့် ထျန်းကန်း ခေးမာစတာ တို့ကဲ့သို့သော ပုဂ္ဂိုလ်များကပင် ထိုပြောင်းလဲမှုများ အပေါ်တွင် နောင်တရနေသကဲ့သို့ ခံစားနေရသည်။

လော်ချင်းဝူသည် တည်ငြိမ်နေဆဲ ရှိသေးကာ ရှောင်ယန်၏ဘေးတွင် ရပ်နေခဲ့၍ ကောင်းကင် ကိုးလွှာခေးအား အနည်းငယ် စပ်စုသည့်ပုံဖြင့် ကြည့်နေခဲ့သည်။

ခေးကျင့်ကြံသူ တစ်ယောက် အနေဖြင့် သူမသည် ကြမ္မာပန်းတိုင် အဆင့်မှ ခေးတစ်ချောင်း မွေးဖွားလာခြင်းကို စိတ်ဝင်စားနေပေသည်။

+

သို့သော်လည်း သူမ၏ အာရုံ အများစုမှာ ကောင်းကင်နှင့် မြေကြီးတို့ အတွင်းမှ အဖြစ်အပျက်များ အပေါ်တွင်သာ အာရုံစိုက်နေခဲ့ခြင်း ဖြစ်သည်။

ရှောင်ယန်သည် နတ်ဘုရားနယ်မြေ အတွင်းသို့ ယခုလေးတင် ပြန်လာခဲ့ကာ ကောင်းကင်မွေးဖွား သူတော်စင်ကလည်း ပြဿနာများစွာ ရှာထားခဲ့သည်။ သို့သော်လည်း လော်ချင်းဝူသည် ဝိညာဥ်ပင်လယ် အတွင်းမှ အခြေအနေ အပေါ်တွင်သာ ပို၍ အာရုံစိုက်နေခြင်း ဖြစ်သည်။

ထိုနေရာတွင် နောက်ဆုံးတိုက်ပွဲ တစ်ခုကို တိုက်ခိုက်တော့မည် ဖြစ်သည်။

+

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် လော်ချင်းဝူ၏ ဝိညာဉ်ကိုယ်ပွားသည် သူမအရှေ့မှ ဟင်းလင်းပြင်အား စောင့်ကြည့်နေခဲ့သည်။

ထိုနေရာတွင် အနက်ရောင် အလင်းတန်းသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သော်လည်း ဟင်းလင်းပြင်သည် တုန်ခါနေဆဲ ရှိသေးသည်။ သူမအရှေ့မှ အလင်းတန်းများသည် လွင့်မျောနေရင်း ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ မြင်ကွင်းများသည် အဆက်မပြတ် ပြောင်းလဲနေသကဲ့သို့ ဖြစ်နေခဲ့သည်။

ရွှမ်းလီသည် ကောင်းကင်နှင့် မြေကြီးအကြားတွင် ငြိမ်သက်စွာ ရပ်နေကာ သူမ၏ အမူအယာသည် အေးစက်၍ ထူးမခြားနား ပုံစံပေါက်နေသော်လည်း အမှန်တွင် အာရုံ အပြည့်အဝ စိုက်နေခဲ့ခြင်း ဖြစ်သည်။

+

သူမ၏ အကြည့်သည် ဓားတစ်စင်းကဲ့သို့ ထက်မြက်နေ၍ နယ်နိမိတ် အားလုံးတို့ကို ကျော်လွှားကာ ဝိညာဉ်ပင်လယ် အတွင်းသို့ ကျရောက်သွားခဲ့သည်။

ဤအချိန်တွင် ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ နယ်နိမိတ်တို့သည် ပြင်းထန်စွာ တုန်ခါနေခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် ကောင်းကင်ပေါ်တွင် မြင့်မားစွာ ချိတ်ဆွဲထားကာ ကြေးမုံ အလင်းတန်းများသည် ကောင်းကင် အတွင်းမှ နေ၍ သေမင်းပင်လယ် အက်ကွဲကြောင်း အတွင်းသို့ ဝင်ရောက်သွားသည်။

+

လင်းဖုန်း၏ မူလ ခန္ဓာကိုယ်ကလည်း ထိုနေရာတွင် ရှိနေကာ သူသည်လည်း သေမင်းပင်လယ်၏ အခြားတစ်ဘက်ကို စိုက်ကြည့်နေခဲ့သည်။

## စာစဉ် ၇၅ : အပိုင်း ၆

## အပိုင်း ၁၄၅၆ : သေမင်းပင်လယ် အတွင်းမှလူ

လင်းဖုန်းသည် သေမင်းပင်လယ် အက်ကွဲကြောင်း အတွင်းသို့ အဝေးမှ နေ၍ လှမ်းကြည့်လိုက်သော အခါ ထိန်လင်းနေသော မဟာတာအို လမ်းကြောင်းတစ်ခုသည် သေမင်းပင်လယ် အတွင်းသို့ ဆန့်တန်းသွားနေခဲ့သည်ကို တွေ့လိုက်ရသည်။

+

ထိုလမ်းကြောင်းသည် အကွာအဝေးနှင့် ဦးတည်ချက်
သဘောတရားများကို လိုက်နာနေဟန် မတူပဲ
သေမင်းပင်လယ် အတွင်းတွင် သူ၏ တည်နေရာအား
ဖော်ပြရန် ခက်ခဲလှကာ သေမင်းပင်လယ် အတွင်းသို့
ပို၍ပို၍ နက်ရှိုင်းစွာ ဝင်ရောက်သွားနေခဲ့သည်။

ငြိမ်သက်နေသော သေမင်းပင်လယ် အတွင်းတွင်
ပုံရိပ်နှစ်ခု ပေါ်လာသကဲ့သို့ ဖြစ်လာသည်။

ထိုပုံရိပ် နှစ်ခုတို့သည် သေမင်းပင်လယ်၏ အလယ်တွင်
ရှိနေကြကာ ကြီးမားလွန်းလှသဖြင့် သေမင်းပင်လယ်
တစ်ခုလုံးအား ပြည့်တော့မည်ဟုပင် ထင်နေရပြီး
အလွန်အမင်း ခန့်မှန်းရ ခက်နေခဲ့သည်။

+

ထိုလမ်းကြောင်း ရှေ့ဆက်လာသည်နှင့် အမျှ ထိုပုံရိပ်နှစ်ခုတို့အား ပို၍ ကြည်လင်စွာ ဖော်ပြနိုင်ခဲ့သည်။ သူတို့သည် ငြိမ်သက် တိတ်ဆိတ်နေသော နေရာတစ်ကွက်တွင် ရှိနေခဲ့၍ လမ်းကြောင်းသည် သူတို့ ရှိနေသည့် နေရာနှင့် ဆက်သွယ်နေသကဲ့သို့ ထိုနေရာတိုင်အောင် ဆန့်တန်းလာခဲ့ကာ သေမင်းပင်လယ်၏ အတွင်းနှင့် အပြင်တို့အား တံတားပမာ ဆက်သွယ်ထားပေးခဲ့သည်။

မဟာကမ္ဘာ၊ သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့သည် ဤအချိန်တွင် နီးကပ်စွာ ဆက်သွယ်သွားကြပြီး အတူတကွ စတင်၍ တုန်ခါလာကြသည်။

+

ထိုပြောင်းလဲမှုများ အပြီးတွင် သေမင်းပင်လယ် အတွင်းမှ ပုံရိပ် နှစ်ခုတို့သည် အားလုံးတို့၏ မျက်လုံးများ အတွင်းတွင် ပို၍ ကြည်လင်လာခဲ့သည်။

လင်းဖုန်းက လှမ်းကြည့်လိုက်ရာ ပုံရိပ်တစ်ခု၏ အရွယ်အစားသည် ကြီးမားသည် သို့မဟုတ် သေးငယ်သည်ဟု ဖော်ပြ၍ မရပဲ တစ်ချိန်တည်းတွင် နှစ်မျိုးစလုံး ဖြစ်နေသည်ဟု ထင်နေရ၍ သူ၏ အရွယ်အစားကို ခန့်မှန်းရန် မလွယ်လှချေ။

သူသည် မြူမှုန်ကဲ့သို့လည်း သေးငယ်နေ၍ မီးခိုးရောင် ဝတ်ရုံကို ဝတ်ဆင်ထားသော သာမန် သက်လတ်ပိုင်း ဘုန်းကြီးတစ်ပါးနှင့်လည်း တူနေခဲ့သော်လည်း စကြာဝဠာနှင့် ကမ္ဘာ တစ်ခုလုံးအား ပြည့်နှက်နေသော ဗုဒ္ဓ တစ်ပါးနှင့်လည်း တူနေခဲ့သည်။ သူသည်

+

ကြီးမားလွန်းလှသဖြင့် စကားလုံးများကို အသုံးပြု၍ပင် သင့်လျော်စွာ ဖော်ပြ၍ မရချေ။

ထိုဗုဒ္ဓ ပုံရိပ်သည် လွန်စွာမှ ကြည်ညို လေးစားဖွယ် ကောင်းကာ ခမ်းနားထည်ဝါလှကာ သူ့ခေါင်းပေါ်တွင် နိဗ္ဗာန်ငါးမျိုးကို ကိုယ်စားပြုနေသော အလင်းတန်းပုံရိပ် ငါးခုကို တွေ့နိုင်သည်။ သူတို့သည် လုံ့လ ဝီရိယ နိဗ္ဗာန်၊ ပျော်ရွှင် ချမ်းမြေ့ခြင်း နိဗ္ဗာန်၊ ပီတိနိဗ္ဗာန်၊ သူတော်ကောင်း နိဗ္ဗာန်နှင့် ဉာဏ်အလင်း နိဗ္ဗာန်တို့ ဖြစ်ကြသည်။ ပုံရိပ်တစ်ခုသည် အလယ်တွင် ရှိနေခဲ့၍ ကျန်ပုံရိပ် လေးခုတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်များတွင် ရှိနေခဲ့သည်။

ထိုဗုဒ္ဓ၏ အထက်တွင် မည်သူမှ မရှိနိုင်ပဲ အလွန်အမင်း ထိပ်တန်းကျလှသဖြင့် သူ၏ တည်ရှိနေမှုအား မှန်းဆရန် သို့မဟုတ် ဖော်ပြရန် မဖြစ်နိုင်ပေ။

+

သူအလိုရှိနေသော အရာတိုင်းကို အလွယ်တကူ လုပ်ဆောင်နိုင်သည်ဟု ထင်နေရသည်။

သူသည် ခါးသီးသော အတွေ့အကြုံများကို တစ်ခါမှ မခံစားရဖူးပဲ သူနှင့် တူညီသော လေဟာနယ်တွင် ရှိနေကြသည့် သူများသည် ဒုက္ခများမှ ကင်းဝေးကာ သုခများကို ခံစားရမည် ဖြစ်သည်။

သူတို့သည် ဂုဏ်ကျက်သရေများဖြင့် ပြည့်စုံလာ၍ သူတို့ အလိုရှိသည့် အရာများကို လုပ်ဆောင်နိုင်ရန် စွမ်းဆောင်ရည်များကို ရနိုင်ခဲ့မည် ဖြစ်သည်။

+

သူနှင့်အတူ ရှိနေကြသော သူများသည် နောက်ပြန်လှည့်ခြင်း သို့မဟုတ် စိတ်ပြောင်းလဲခြင်းများ ရှိကြတော့မည် မဟုတ်ချေ။

လျှို့ဝှက်ဆန်းကြယ်သော သဘောတရား အမျိုးမျိုးတို့က ပေါ်လာခဲ့ကာ ကောင်းကင်အား ပြည့်သွားခဲ့၍ တစ်ယောက်အား သူ့ကိုယ်သူ ထိုနိဗ္ဗာန်ကမ္ဘာ ငါးခုအတွင်းသို့ ခုန်ဆင်းခဲ့စေရန် ဆွဲဆောင်နိုင်စွမ်း ရှိသည်။ ကောင်းကင်နှင့် မြေကြီးတို့က ပျက်စီးသွားခဲ့လျှင်ပင် သူသည် ပျက်စီးလိမ့်မည် မဟုတ်ချေ။

ခန္ဓာငါးပါးတို့ ဖြစ်ကြသော ရုပ်ခန္ဓာ၊ ဝေဒနာ ခန္ဓာ၊ ခံစားမှု ခန္ဓာ၊ မှတ်သားမှု ခန္ဓာနှင့် ဝိညာဉ်ခန္ဓာတို့က သန့်စင်သွားကြပြီး ဉာဏ်ငါးပါးတို့ ပွင့်လင်းလာ၍ ကိလေသာ ငါးပါးတို့အား ဖယ်ရှားနိုင်ခဲ့သည်။

+

ထာဝရ တောက်ပနေသော ဗုဒ္ဓ အလင်းတန်းများ အကြားတွင် တစ်ယောက်သည် တည်ငြိမ် အေးချမ်းစွာ နေနိုင်မည် ဖြစ်သည်။

ဤနိဗ္ဗာန်ကမ္ဘာ ငါးမျိုးတို့ အပေါ်တွင် မီးတောက်ဘောလုံးများ အတွင်းတွင် ရှိနေကြသော အလင်းတန်း ပုံရိပ် တစ်ခုစီ ရှိနေသည်။ သူတို့သည် မဟာဉာဏ်ပညာ ဘုရင်များ ဖြစ်ကြသော အလယ် အေကာလာ၊ အနောက် ဗဂျရာ ဟာရာဗာ၊ အရှေ့ တိုင်ကျဗီရာ၊ မြောက် ဗဂျရာကျနှင့် တောင် ခွန်းဒါလီတို့ ဖြစ်ကြသည်။

လင်းဖုန်းသည် ထိုဗုဒ္ဓအား စိုက်ကြည့်နေရင်း သူသည် သူ့ကိုယ်သူ ပြန်ကြည့်နေရသကဲ့သို့ ခံစားခဲ့ရသည်။

+

သူသည် ပင်ကိုယ် သဘာဝနှင့် ကောင်းကင်နှင့် မြေကြီးတို့၏ တောက်ပမှုတို့အား ကြည့်နေရသည်နှင့် တူနေခဲ့သည်။

ထိုဗုဒ္ဓအား ကြည့်လိုက်ရုံဖြင့်ပင် တစ်ယောက်သည် ဉာဏ်အလင်း ပွင့်သွား၍ ဗုဒ္ဓဝါဒအား ပို၍ နက်ရှိုင်းစွာ နားလည်လာသည်ဟု ခံစားနေရသည်။

လင်းဖုန်းသည် သူ့အရှေ့မှသူသည် ရှုလိုင် တာအိုဆရာ ဖြစ်သော ရှုကေရာဇ် ဖြစ်၍ နောက်ပိုင်းတွင် မဟာမိုးကြိုး ကျောင်းတော်အား တည်ထောင်ခဲ့ကာ ဗုဒ္ဓဘာသာဝင်တို့၏ ခေါင်းဆောင် ဖြစ်လာသူဟု သိနေခဲ့သည်။ သူသည် ဗုဒ္ဓ၏ ဒုတိယ လူဝင်စား ဖြစ်သော သကျမုနိပင် ဖြစ်သည်။

+

တစ်ဘက်မှသူကလည်း လင်းဖုန်းအား စိုက်ကြည့်နေခဲ့ကာ သူ့အရှေ့မှလူသည် ဗုဒ္ဓဝါဒ၏ မဟာရန်သူ မဟုတ်ပဲ သာမန်လူတစ်ယောက်သာ ဖြစ်နေသကဲ့သို့ တည်ငြိမ် အေးချမ်းနေခဲ့သည်။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသော်လည်း စကားမပြောခဲ့ကြပဲ တိတ်ဆိတ်စွာဖြင့်သာ အပြန်အလှန် ဆက်သွယ်ခဲ့ကြသည်။

လင်းဖုန်းအား ပို၍ အာရုံစိုက်စေသည့် သူမှာ ဗုဒ္ဓဘေးမှ ပုံရိပ်ပင် ဖြစ်သည်။

+

ထိုပုံရိပ်များ အနားသို့ လမ်းကြောင်း ရောက်ရှိလာသဖြင့် ထိုပုံရိပ် နှစ်ခုတို့သည် ပို၍ ကြည်လင်လာကြသော်လည်း ဗုဒ္ဓဘေးမှ ပုံရိပ်သည် ဝေဝါးနေဆဲသာ ရှိသေးသည်။

လင်းဖုန်းသည် ထိုပုံရိပ်အား တွေ့ခဲ့ရသော အခါ ကမ္ဘာတစ်ခုနှင့် ရင်ဆိုင်နေရသကဲ့သို့ ယုတ္တိမတန်သလို ခံစားနေရလေသည်။

ထိုအရာသည် နတ်ဘုရား နယ်မြေ၊ မဟာလွင်တီးခေါင် ကုန်းမြေတို့နှင့် ကွဲပြားနေသလို မူလကောင်းကင် ကမ္ဘာနှင့်လည်း လုံးဝ ခြားနားနေကာ မဟာကမ္ဘာ အသစ်တစ်ခုနှင့် တူနေခဲ့သည်။

လင်းဖုန်းသည် မူလကောင်းကင် ကမ္ဘာ အတွင်းသို့ လာခဲ့သည့် အချိန်မှစ၍ ဤအချိန်သည် သူ၏ ပထမဆုံး

+

အကြိမ်အဖြစ် နောက်ထပ် ကမ္ဘာတစ်ခုအား
ရင်ဆိုင်နေရသည်ဟု ခံစားခဲ့ရခြင်း ဖြစ်သည်။

ဤခံစားချက်သည် ကြည်လင်နေခြင်း မရှိပဲ
မပြည့်စုံနေသော်လည်း လင်းဖုန်းသည် မှော်ဆန်သော
ခံစားချက်အား ခံစားနေခဲ့ရသေးသည်။

သူသည် ဤခံစားချက်နှင့် အနီးစပ်ဆုံး ခံစားခဲ့ရသည့်
အချိန်မှာ ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် ဝန်ချီယန်အား
တွေ့ခဲ့ချိန်တွင် ဖြစ်သည်။ သို့သော်လည်း ထိုအချိန်က
သူသည် ဝန်ချီယန်၏ အရှိန်အဝါ အပိုင်းအစ
တစ်ခုနှင့်သာ ကြုံတွေ့ခဲ့ရခြင်း ဖြစ်၍ သူ့အရှေ့တွင်
ရပ်နေသော သူနှင့် မယှဉ်နိုင်ပေ။

+

လင်းဖုန်းသည် သူ၏ အကြည့်ကို အာရုံစိုက်လိုက်ရာ ဝေဝါးနေသော ပုံရိပ်သည် စတင်၍ ကြည်လင်လာခဲ့သည်။

ထိုသူသည် အဖြူရောင် ဝတ်စုံတစ်ခုကို ဝတ်ဆင်ထား၍ အလွန်အမင်း သာမန် ဆန်နေခဲ့ကာ သူ၏ အသက်အား ခန့်မှန်းရန် မဖြစ်နိုင်ပေ။

ဤလူသည် ခမ်းနားထည်ဝါ၍ လျှို့ဝှက်ဆန်းကြယ်ကာ ခန့်မှန်း၍ မရနိုင်သော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေ၍ သူသည် ရင်းနှီး ကျွမ်းဝင်မှု မရှိသော ကမ္ဘာတစ်ခုတွင် ရှိနေခဲ့ပြီး အရာများကို ထပ်မံ၍ ရှာဖွေလေ့လာရမည်ဟု တစ်ယောက်အား ခံစားစေခဲ့သည်။

+

မူလကမ္ဘာ အတွင်းမှ စံနှုန်းများ၊ သဘောတရားများနှင့် အတွေ့အကြုံများကို ထိုသူအပေါ်၌ အသုံးပြု၍ ရလိမ့်မည် မဟုတ်ချေ။

လင်းဖုန်းသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့ မရောက်လာခဲ့ပါက ထိုသူအား ဤမျှအထိ ကြည်လင်စွာ မြင်ရလိမ့်မည် မဟုတ်ချေ။

ဝတ်ရုံဖြူနှင့် လူသည် လင်းဖုန်း၏ အကြည့်ကို ခံစားခဲ့ရသော အခါ လှုပ်ရှားသွားသည့်ပုံ ပေါက်သွား၍ လင်းဖုန်းအား ပြန်ကြည့်လိုက်သည်။

လင်းဖုန်းကလည်း ထိုသူအား တည်ငြိမ်စွာဖြင့် ပြန်လည် စိုက်ကြည့်နေခဲ့သည်။ သူက မည်သူဆိုသည်မှာ သိသာနေသည်။ ဤကဲ့သို့သော ကျင့်ကြံမှုနှင့်

+

စွမ်းရည်များကို ပိုင်ဆိုင်ထားသောသူသည် မဟာဟင်းလင်းပြင် သူတော်စင်မှ လွဲ၍ မည်သူမှ မဖြစ်နိုင်ချေ။

သေမင်းပင်လယ် ပြင်ပတွင် ထိုက်ရှီသူတော်စင်သည် အန္တိမ ကောင်းကင်ကြေးမုံ အောက်တွင် သူ၏ မျက်လုံးများကို မှိတ်ထားခဲ့သည်။ သူသည် အသက်များစွာ ပိုကြီးသွားသည်ဟု ထင်နေရပြီး သူ၏ အရှိန်အဝါကလည်း ပို၍ပို၍ အားနည်းလာခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံမှ အလင်းတန်းများကပင် ပို၍ပို၍ မှေးမှိန်လာခဲ့သည်။

+

ထိုက်ရီသူတော်စင်သည် ထိုဝတ်စုံဖြူနှင့် လူအား ကြည့်၍ ဦးညွှတ်လိုက်သည်။ "ဂရန်းမာစတာကို နှုတ်ဆက်ပါတယ်"

လင်းဖုန်းသည် လှမ်းကြည့်လိုက်ရာ မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့ကိုသာ တွေ့ခဲ့ရပြီး ယွဲ့ဟွာထျန်းအား မတွေ့ခဲ့ရသဖြင့် သူ့ကိုယ်သူ တွေးလိုက်သည်။ "တကယ်တမ်းက ဒီလိုပဲကိုး..."

မဟာဟင်းလင်းပြင် သူတော်စင်နှင့် ထိုက်ရီသူတော်စင်တို့သည် အချင်းချင်း စိုက်ကြည့်နေကြပြီး ထိုက်ရီသူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကာ သူ၏ အကြည့်မှ တဆင့် သတင်း အချက်အလက် အမြောက်အမြားတို့ကို မဟာဟင်းလင်းပြင် သူတော်စင်ထံသို့ ပေးပို့လိုက်သည်။

+

အရာများစွာ ပြောင်းလဲသွားသော်လည်း မဟာဟင်းလင်းပြင် သူတော်စင်၏ အကြည့်သည် ယခင်ကကဲ့သို့ တည်ငြိမ်နေဆဲသာ ဖြစ်သည်။

သူသည် ရံဖန် ရံခါမှသာ တီးတိုး ရေရွတ်လိုက်သည်။ "အစွန်းရောက် စိတ်ဝိညာဉ် ရှန်းယွမ်၊ ဟေးဒီးစ် ဧကရာဇ်၊ ချီယန်၊ ရှင်းဟီ၊ လင်းဖုန်း၊ ကောင်းကင်ဖျက်ဆီးခြား"

မဟာဟင်းလင်းပြင် သူတော်စင်၏ အသံသည် တိုးညင်း၍ နူးညံ့သော်လည်း ပဋိပက္ခ ဆန်သော ခံစားမှုများကို ပေးစွမ်းနိုင်သည်။ နောက်ထပ် မဟာကမ္ဘာ တစ်ခုသည် မူလကောင်းကင် ကမ္ဘာ၏ နယ်နိမိတ်များကို ဖိနှိပ်နေသကဲ့သို့ ဖြစ်သည်။

+

သူ့ကိုယ်သူ တီးတိုး ရေရွတ်ခဲ့ အပြီးတွင် မဟာဟင်းလင်းပြင် သူတော်စင်သည် လင်းဖုန်းအား ထပ်ဖန်တစ်ခါ စိုက်ကြည့်လိုက်သည်။ သူသည် ဘာမှ မပြောပဲ ငြိမ်သက်စွာသာ စောင့်ကြည့်နေခြင်း ဖြစ်သည်။

ဗုဒ္ဓသည် ဤအချိန်၌ ဘာမှ မပြောခဲ့ပဲ ထရပ်လိုက်ကာ လမ်းကြောင်းမှ တဆင့် သေမင်းပင်လယ် အတွင်းမှ ထွက်လာခဲ့သည်။

ဗုဒ္ဓ ထရပ်လိုက်သည်ကို မြင်ခဲ့ရသော အခါ မဟာဟင်းလင်းပြင် သူတော်စင်၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားခဲ့သော်လည်း တိတ်တဆိတ်သာ နေနေခဲ့သည်။

+

ဗုဒ္ဓ ထရပ်လိုက်သော အခါ ငြိမ်သက် အေးချမ်းနေသော သေမင်းပင်လယ်သည် အနည်းငယ် တုန်ခါသွားသည်ဟု လင်းဖုန်းက သဘောပေါက်လိုက်သည်။

သို့သော်လည်း မဟာဟင်းလင်းပြင် သူတော်စင်သည် မရွေ့လျားပဲ ဆက်လက် ထိုင်နေခဲ့သဖြင့် ခက်ထန်ကြမ်းတမ်း မလာသေးပေ။

ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့ အကြားမှ မီးခိုးရောင် နယ်နိမိတ်တွင် ထိုင်နေသော စကြာဝဠာ စကျင်ဗုဒ္ဓသည် သူ၏ မျက်လုံးများကို ဖွင့်လိုက်ကာ ထိုက်ရီသူတော်စင်အား ကြည့်၍ ပြောလိုက်သည်။
"ခင်ဗျားနဲ့ ကျုပ်တို့ အကြားက ကမ္ဘတွေဟာ ဒီကနေ့မှာ နောက်ဆုံးတော့ ညီမျှသွားခဲ့ပြီ"

+

ပြီးတာနှင့် သူက လင်းဖုန်းအား ကြည့်၍ ပြောလိုက်သည်။ "လင်းဖုန်း... ခင်ဗျားက ကျော်လွန်နိုင်တဲ့ အစွမ်းရှိတယ် ဆိုတာကို ကျုပ်ကို ပြပါ"

"တကယ်လို့ ခင်ဗျားက ကျော်လွန်နိုင်မယ် ဆိုရင် ခင်ဗျားကို စောင့်ရတာ ကိစ္စမရှိဘူး... ဒါပေမဲ့ တကယ်လို့ ခင်ဗျားက မတတ်နိုင်ခဲ့ရင် ခင်ဗျားက ကျုပ်ရဲ့ လမ်းကြောင်းကို ပိတ်ဆို့နေလိမ့်မယ်... ဒီလိုဆိုရင် ကျုပ်က ခင်ဗျားနဲ့ တိုက်ပွဲဝင်ရလိမ့်မယ်"

ဤအထိ ပြောပြီးသည်နှင့် သကျမုနိသည် သေမင်းပင်လယ် အတွင်းမှ ထွက်လာကာ ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အကြားမှ မီးခိုးရောင် နယ်နိမိတ် အနားသို့ ရောက်လာခဲ့သည်။ မကြာမီပင် သူသည် ဝိညာဉ်ပင်လယ် အတွင်းသို့

+

ဝင်ရောက်လာကာ မဟာကမ္ဘာ အတွင်းသို့
ပြန်ရောက်လာခဲ့သည်။

သကျမုနိသည် သေမင်းပင်လယ် အတွင်းသို့
ရောက်လာသော အခါ သူ၏ ကြီးစိုး လွှမ်းမိုးနိုင်သည့်
အရှိန်အဝါသည် ဝိညာဉ်ပင်လယ် အတွင်းသို့
ရောက်လာ၍ မဟာကမ္ဘာ အပေါ်ပင်
အကျိုးသက်ရောက်မှု ရှိနိုင်ခဲ့သည်။

ဗုဒ္ဓ ကျင့်ကြံသူများ အားလုံးတို့သည် သူတို့၏
ကျင့်ကြံမှုနှင့် ပါရမီများ မည်သို့ပင် ကွဲပြားစေကာမူ
သူတို့၏ ခေါင်းအတွင်းတွင် ဉာဏ်အလင်း
ပွင့်သွားကြကာ အတွေးများက ပို၍ပို၍
ကြည်လင်လာခဲ့သည်။

+

ကြည့်ရသည်မှာ ဓမ္မခေတ်က နောက်ဆုံးတွင် ကျရောက်လာတော့မည်နှင့် တူသည်။

ကောင်းကင်စေတီ အပေါ်တွင် ထိုင်ခုံသုံးခု ပေါ်လာကာ စကြာဝဠာ စကျင်ဗုဒ္ဓက အလယ်တွင် ထိုင်နေကာ သကျမုနိသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ဘယ်ဘက်တွင် ထိုင်လိုက်သည်။

ထူးခြား ဆန်းကြယ်သော အဆုံးမဲ့ စွမ်းအားသည် ကောင်းကင်စေတီ အပေါ်မှ ထွက်လာသည်။ စကြာဝဠာ စကျင်ဗုဒ္ဓ၏ ညာဘက်မှ နေရာသည် လွတ်နေသေးသော်လည်း ထိုထိုင်ခုံ အပေါ်တွင် မရေမတွက်နိုင်သော အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာသည်။ ထိုနေရာတွင် ပုံရိပ်အစစ် တစ်ခုမှ မရှိနေသော်လည်း မရေမတွက်နိုင်သော ဖြစ်နိုင်ခြေများ ပေါ်လာခဲ့သည်။

+

သကျမုနိသည် ဘာမှ မပြောခဲ့သော်လည်း စကြာဝဠာ စကျင်ဗုဒ္ဓက ပြောလိုက်သည်။ "ကောင်းလေစွ... ကောင်းလေစွ"

ကောင်းကင်စေတီ အပေါ်မှ ခါတ်တော်ပေါင်း လေးသောင်း ရှစ်ထောင်တို့သည် အတူတကွ တောက်ပစွာ လင်းလက်လာ၍ ထာဝရ ဗုဒ္ဓ အလင်းတန်းများ အကြားတွင် ခါတ်တော် တစ်ခုစီ၌ ဗုဒ္ဓပုံရိပ် တစ်ခုစီ ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။

လေးသောင်း ရှစ်ထောင်သော ဗုဒ္ဓများသည် ကောင်းကင်စေတီ အပေါ်တွင် ထိုင်နေခဲ့ကာ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအား ဖော်ပြခဲ့ကြသည်။

+

ထိုအရာသည် စကြာဝဠာ စကျင်ဗုဒ္ဓက သူ၏ ကိုယ်ပိုင်
စွမ်းအားများကို ဖော်ပြခဲ့သည့် အချိန်နှင့် ကွဲပြားနေခဲ့၍
ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ၏ ဗုဒ္ဓ အလင်းတန်းများသည်
ဝိညာဥ်ပင်လယ် အတွင်းရှိ ထောင့်တိုင်းတွင်
လင်းလက်လာကြပြီး ဝိညာဥ်ပင်လယ်ကိုပင်
ကျော်လွန်ကာ မဟာကမ္ဘာ အတွင်းသို့
ရောက်ရှိသွားလေသည်။

မရေမတွက်နိုင်သော ကမ္ဘာများ အတွင်းတွင် ဗုဒ္ဓကျမ်းစာ
ရွတ်ဖတ်သံများကို ကြည်လင်စွာ ကြားနေရသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ လေးသောင်း ရှစ်ထောင်သော
လက်ဝါးများသည် အတူတကွ စုစည်းလာခဲ့ပြီး
သကျမုနိသည် သူ၏ လက်ဝါးအား လင်းဖုန်းထံသို့
ရိုက်ချလိုက်သည်။

+

ထိုလက်ဝါးကို ထုတ်လွှတ်လိုက်သည်နှင့် ဗိုင်ဒုရာ နိဗာသ ကမ္ဘာ တစ်ခုလုံးနှင့် မဟာ ကမ္ဘာတို့သည် လင်းဖုန်းထံသို့ ကျဆင်းလာခဲ့သည်။

လင်းဖုန်းက ကျယ်လောင်စွာဖြင့် ရယ်မောခဲ့သည်။
"ရဲဘော်ကြီး… ခင်ဗျားက ခဏတော့ စောင့်ရဦးမယ်နဲ့ တူတယ်"

စကားပြောနေရင်း လင်းဖုန်းသည် သူ၏ လက်သီးအား ထုတ်လွှတ်လိုက်ရာ ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအိုများသည် အဆင့်ခေါ်ခံခဲ့ရ၍ လင်းဖုန်း၏ လက်သီးအား အားဖြည့်ပေးခဲ့ကြသည်။

+

ဝိညာဥ်ပင်လယ်၏ နယ်နိမိတ်များသည် စတင်၍
တုန်ခါလာကာ အလင်းတန်း ပုံရိပ်များ ပေါ်လာကြပြီး
ကျယ်ပြန့်၍ အဆုံးမဲ့သော စကြာဝဠာအား
ဖော်ပြခဲ့ကြသည်။ ဤအချိန်တွင် ကောင်းကင်အပေါ်မှ
ကြယ်စင်များက စတင်၍ တုန်ခါ ကျဆင်းလာ၍ သူတို့၏
ပတ်လမ်းများမှ လွဲချော်သွားကြပြီး စကြာဝဠာ
အတွင်းမှမှ ကြယ်ပင်လယ် တစ်ခုလုံးသည်
ကစဥ့်ကလျား ဖြစ်သွားကြကာ ကမ္ဘာပျက်သောနေ့က
ကျရောက်လာတော့မည်နှင့် တူနေခဲ့သည်။

## စာစဥ် ၇၅ : အပိုင်း ၇

## အပိုင်း ၁၄၅၇ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နှင့် ဗုဒ္ဓဝါဒ ခေါင်းဆောင်တို့ တိုက်ခိုက်ကြခြင်း

+

တစ်ဘက်မှသူသည် နတ်ဘုရား နယ်မြေ တစ်ခုလုံးအား အုပ်စိုးခဲ့သော လူသားကောရာဇ် တစ်ပါး ဖြစ်ခဲ့၍ နောက်ဆုံးတွင် ထီးနန်းစွန့်ကာ ရဟန်းပြုသွားသော သူတစ်ယောက် ဖြစ်သည်။ သူသည် ဗုဒ္ဓဝါဒကို တည်ထောင်ခဲ့ကာ သူ၏ အမွေအနှစ်များကို နှစ်ပေါင်းများစွာ လက်ဆင့်ကမ်းခဲ့သူ ဖြစ်ပြီး ရှေးဟောင်းခေတ်မှ စ၍ ဗုဒ္ဓဝါဒအား သက်ဝင်ယုံကြည်သူပေါင်း မြောက်မြားစွာ ရှိခဲ့သည်။

သူသည် ရှေးဟောင်းခေတ်တွင် သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်သွားခဲ့ကာ နောက်ဆုံးတွင် ယနေ့၌ မဟာကမ္ဘာသို့ ပြန်ရောက်လာခဲ့လေပြီ။

+

အခြားတစ်ယောက်မှာမူ ယနေ့ခေတ်တွင် မယုံနိုင်လောက်အောင် မြင့်တက်လာခဲ့၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား တည်ထောင်ခဲ့သောသူ ဖြစ်သည်။ ဆယ်စုနှစ် အနည်းငယ် အတွင်းတွင် သူသည် အခြားသူများ နှစ်ထောင်ပေါင်းများစွာ မလုပ်နိုင်ခဲ့သော အရာကို လုပ်ဆောင်နိုင်ခဲ့ကာ နတ်ဘုရား နယ်မြေ အတွင်းတွင် အပြည့်အဝ ကြီးစိုး လွှမ်းမိုးထားနိုင်ခဲ့သည်။

ပထမ တစ်ယောက်သည် ဗုဒ္ဓဝါဒ ခေါင်းဆောင်ဖြစ်၍ နောက်တစ်ယောက်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဖြစ်သည်။ ယနေ့အချိန်တွင် ဒဏ္ဍာရီလာ ပုဂ္ဂိုလ် နှစ်ယောက်တို့သည် ဝိညာဉ်ပင်လယ် အတွင်း၌ တစ်ယောက်ကို တစ်ယောက် စိန်ခေါ်ကြတော့မည် ဖြစ်သည်။

+

သကျမုနိ၏ ကျင့်ကြံမှုသည် စကြာဝဠာ စကျင်ဗုဒ္ဓထက်
များစွာပို၍ အထက်တန်း ကျသည်။

သူသည် သူ၏ လက်ဝါးအစုံကို စုစည်းလိုက်သော အခါ
သူ၏ လက်ခလယ် နှစ်ချောင်းတို့သည် ခေါးများကဲ့သို့
ဖြောင့်မတ်နေပြီး သူ၏ လက်ညှိုး နှစ်ချောင်းတို့သည်
လက်ခလယ်များ၏ အနောက်တွင် ဆန့်တန်းနေခဲ့သည်။

ဤအရာသည် ဗီရိုကာနာ ဇန်လက်ဝါး လက်သီး၏
နောက်ဆုံး ပုံစံဖြစ်သော ဗဂျရာ လွတ်မြောက်မှု
လက်ဝါးဖြစ်သည်။

သူ၏ လက်သီးအား ထုတ်လွှတ်ခဲ့သော အခါ ဗုဒ္ဓ
အလင်းတန်းများသည် ကမ္ဘာ တစ်ခုလုံးသို့ ပြည့်သွား၍
လင်းဖုန်းအရှေ့မှ အလင်းတန်းများသည် စတင်၍

+

မေးမိုန်လာကာ သူသည် ကြီးစိုး လွှမ်းမိုးနိုင်သော ဉာဏ်ဗဂျရာ လွတ်မြောက်မှု လက်ဝါးဖြင့် ဖန်ဆင်းထားသော ကမ္ဘာအတွင်းသို့ ကျရောက်သွားသည်ဟု ခံစားခဲ့ရသည်။

သကျမုနိ၏ လက်သီးသည် ပစ္စုပ္ပန်နှင့် မဟာကမ္ဘာအား ထိန်းချုပ်ထားကာ သူ၏ ကြီးစိုးလွှမ်းမိုးနိုင်မှုအား သူ၏ လက်သီးဆန္ဒ အတွင်းတွင် ဖော်ပြထားကာ သူ့အား လုံးဝ ခုခံ၍ မရနိုင်ပေ။

သူ၏ လက်သီးဆန္ဒသည် ပြည့်စုံသော ဖြစ်တည်မှု တစ်ခုအဖြစ်သို့ ပြောင်းသွားကာ တစ်ယောက်သည် ထိုလက်သီးဆန္ဒဖြင့် ဖန်ဆင်းသွားသော ကမ္ဘာအတွင်းတွင် ပိတ်မိသွားလျှင် ကျန်သောကမ္ဘာ အတွင်းမှ ကွဲပြားသွားမည် ဖြစ်၍ ခါးသီးမှု ပင်လယ် အတွင်းမှ ထွက်၍ ရနိုင်တော့မည် မဟုတ်ချေ။

+

လင်းဖုန်းက အနည်းငယ် စိတ်လှုပ်ရှားသွားသည်။
သူသည် မိမိကိုယ်ကိုယ် ကောင်းစွာ
ဆန်းစစ်လာနိုင်သည်ဟု ခံစားလာရကာ ဤအရာသည်
သူ့အတွက် တာအိုအား လေ့လာနိုင်ရန် ကောင်းမွန်သော
အခွင့်အရေး တစ်ရပ်ဖြစ်သည်ဟု ယုံကြည်နေခဲ့သည်။

သို့သော်လည်း ဤတာအိုသည် ဗုဒ္ဓဝါဒ၏ တာအိုဖြစ်၍
သူက နားလည် နိုင်သွားခဲ့လျှင် သူသည် ဗုဒ္ဓဝါဒ၏
နောက်လိုက်တစ်ယောက် ဖြစ်သွားကာ ခါးသီးမှု
ပင်လယ်ထံမှ လွတ်မြောက်နိုင်လိမ့်မည် ဖြစ်သည်။
သို့သော်လည်း အကယ်၍ သူကသာ
နားမလည်နိုင်ခဲ့ပါက ဤနေရာတွင် ထာဝရ ပိတ်မိနေ၍
လွတ်လပ်မှု ရနိုင်တော့မည် မဟုတ်ချေ။

ဗုဒ္ဓဝါဒသည် ကောင်းကင်နှင့် မြေကြီးတို့အား လွှမ်းမိုးနိုင်ရမည် ဟူ၍ သင်ကြားခဲ့စဥ်က အထက်တွင် ဖော်ပြခဲ့သော 'ကောင်းကင်နှင့် မြေကြီး' ဆိုသည်မှာ အမှန်တွင် မိမိကိုယ်ကိုယ် ဆိုလိုနေခြင်း ဖြစ်သည်။ တစ်ယောက်သည် မိမိကိုယ်ကို စစ်မှန်စွာ နားလည်နိုင်မှသာ မကောင်းမှုများ အားလုံးကို ရှောင်ရှားနိုင်၍ နောက်ဆုံးတွင် လွတ်လပ်မှုကို ရရှိနိုင်မည် ဖြစ်သည်။

လင်းဖုန်းသည် ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ပြုံးလိုက်သည်။ "နှမြောစရာ ကောင်းတာက ခင်ဗျားမှာ ခင်ဗျားတာအို ရှိနေသလို ကျုပ်မှာလည်း ကျုပ်ကိုယ်ပိုင် တာအိုရှိတယ်"

သူသည် သကျမုနိ၏ လက်သီးကို သူ၏ ကိုယ်ပိုင်လက်သီးဖြင့် ရင်ဆိုင်လိုက်ရာ ယင်နှင့် ယန်တို့

+

ပြောင်းပြန် ဖြစ်သွားကြ၍ ကောင်းကင်နှင့် မြေကြီးတို့က
လှန်သွားကြကာ ကောင်းကင်အတွင်းမှ ကြယ်စင်တို့က
တုန်ခါကုန်ကြသည်။

ဟင်းလင်းပြင် အတွင်းတွင် စကြာဝဠာပေါင်း
မြောက်မြားစွာ ရှိနေသော်လည်း သူတို့ တစ်ခုချင်းစီသည်
ကစဥ့်ကလျား ဖြစ်သွားကြပြီး ကြယ်တာရာများက
ရွှေ့လျားကုန်ကာ အကြီးအကျယ် ရုတ်ရုတ်သဲသဲ
ဖြစ်သွားခဲ့သည်။

ခက်ထန်ကြမ်းတမ်းသော ဉာဏ်စွမ်းအားများ
စုစည်းလာသော အခါ နယ်နိမိတ်များက စတင်ကာ
ဝေဝါးလာကြ၍ အစစ်အမှန်ကို ကျော်လွန်သွားသကဲ့သို့
ဖြစ်ကာ သကျမုနိ ထုတ်လွှတ်လိုက်သည့်
လက်သီးဆန္ဒဖြင့် ဖန်ဆင်းထားသည့် ဗဂျရာ ကမ္ဘာဟု

+

ခေါ်သော ဗဂျရာ လွတ်မြောက်မှု လက်သီးဖြင့်
ဖန်တီးထားသည့် ကမ္ဘာကို ရင်ဆိုင်လိုက်သည်။

လက်သီးဆန္ဒဖြင့် ဖွဲ့စည်းထားသော ခါးသီးမှု
ပင်လယ်သည် ဤအချိန်တွင် ထကြွ လှုပ်ရှားလာကာ
ဖြည်းဖြည်းချင်း လွင့်ပြယ်သွားသည်။

ခါးသီးမှု ပင်လယ်ထံမှ အလင်းတန်း တစ်တန်း
မြင့်တက်လာကာ လင်းဖုန်းအား ဗဂျရာ ကမ္ဘာထံမှ
ချိုးဖောက်နိုင်ရန် လမ်းညွှန်ပေးလိုက်သည်။

သကျမုနိသည် လင်းဖုန်းအား ပထမဆုံး အကြိမ်အဖြစ်
ကြည့်၍ ပြောလိုက်ရာ  သူ၏ အသံသည် လွန်စွာမှ
ကြီးကျယ်ခမ်းနား၍ မဟာကမ္ဘာ တစ်ခုလုံးတွင်
ပဲ့တင်ရိုက်နေခဲ့ပြီး လူအားလုံး၏ နားအတွင်းတွင် ကပ်၍

+

ပြောနေခဲ့ကဲ့သို့ ဖြစ်နေခဲ့သည်။ "ပြင်ပက စိတ်ရှုပ်စရာတွေကို ရှောင်ရှားနိုင်တဲ့ စွမ်းရည်ဟာ တစ်ယောက်ရဲ့ ကိုယ့်ကိုယ်ကိုယ် နားလည်နိုင်မှုကို ထောက်ပံ့ပေးနိုင်တယ်"

သူက ဤသာမန် စာကြောင်းကို တီးတိုး ရေရွတ်လိုက်သော အခါ လင်းဖုန်း၏ ခန္ဓာကိုယ်မှ နေ၍ ဗုဒ္ဓ အလင်းတန်းများ စတင်၍ ထွက်ပေါ်လာသည်။ သူတို့သည် လွန်စွာမှ တောက်ပလှသဖြင့် လင်းဖုန်းသည် ထွင်းဖောက် မြင်နေရသည်ဟုပင် ထင်နေရပြီး ဗုဒ္ဓအသွင် ပြောင်းသွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် ဤအရာကို ဂရုမစိုက်ပဲ သူ၏ခေါင်းကို ခါလိုက်သည်။ "ကောင်းကင်နဲ့ မြေကြီးတို့ အကြားက မရေမတွက်နိုင်တဲ့ မဟာတာအိုဟာ နောက်ဆုံးမှာ

+

တူညီတဲ့ မူလရင်းမြစ်ထံကို ပြန်လာလိမ့်မယ်...
ရဲဘော်... ခင်ဗျားက စိတ်ရှုပ်ထွေးနေပြီ"

ချက်ချင်း ဆိုသလိုပင် သူ့အနားမှ ဗုဒ္ဓ
အလင်းတန်းများက အဖျက်ဆီးခံခဲ့ရသကဲ့သို့
မှေးမှိန်သွား၍ လင်းဖုန်းကလည်း မူလ အခြေအနေသို့
ပြန်ရောက်သွားသည်။

သကျမုနိသည် တည်ငြိမ်နေသေး၍ လင်းဖုန်း၏
စကားများကို ကြားခဲ့ရသော အချိန်မှသာ ပြုံးလိုက်သည်။
သူသည် လင်းဖုန်းအား ပြန်လည်၍ မချေပနေခဲ့ပဲ သူ၏
လက်ဝါးကိုသာ လင်းဖုန်းထံသို့ ထပ်ဖန်တစ်ခါ
ထုတ်လွှတ်လိုက်သည်။

+

ဤအချိန်တွင် သူ၏လက်ဝါးသည် လင်းဖုန်းသိနေသော ဗီရိုကာနာ ဇန်လက်ဝါး လက်သီး၏ ပုံစံဆယ်မျိုး အနက်မှ မဟုတ်ပေ။ သူသည် စက္ကဗလ လက်ဝါး၊ အဆုံးမဲ့ လက်ဝါး၊ ဉာဏ်ပညာလက်ဝါး၊ ဒယနာ မုဒြာလက်ဝါး မဟုတ်သလို နောက်ဆုံး ဗဂျရာ လွတ်မြောက်မှု လက်ဝါးလည်း မဟုတ်ပေ။

သူသည် သူ၏လက်ဝါးအား ဒေါင်လိုက် တည့်တည့် ထောင်ထားပြီးမှသာ လင်းဖုန်းဘက်သို့ မျက်နှာမူထားပြီး ဤအတိုင်း ဆန့်တန်းလိုက်ခြင်းသာ ဖြစ်သည်။

သို့သော်လည်း ဤလက်ဝါးသည် လင်းဖုန်းအား ဗဂျရာ လွတ်မြောက်မှု လက်ဝါးထက်ပင် ပို၍ ဖိအားများ ပေးနိုင်ခဲ့သည်။

+

ဤလက်ဝါးကို ထုတ်လွှတ်လိုက်သော အခါ
ကောင်းကင်နှင့် မြေကြီးတို့သည် ပျောက်ကွယ်သွားကြ၍
အရာအားလုံးတို့သည် ဆက်လက်၍
မတည်ရှိနိုင်တော့ပေ။

လင်းဖုန်းကလည်း ဆက်လက်တည်ရှိနိုင်စွမ်း
မရှိတော့ပေ။

ကမ္ဘာကြီး၊ ခါးသီးမှု ပင်လယ်နှင့် ကမ္ဘတို့က
ပျောက်ကွယ်သွားကြကာ အရာအားလုံးတို့သည်
ပျောက်ကွယ်သွားသကဲ့သို့ ဖြစ်သွားကသည်။ အတိတ်ကို
မမြင်နိုင်တော့သလို ဒုက္ခများကိုလည်း မသိနိုင်တော့ပဲ
လွတ်မြောက်မှုကို မရနိုင်တော့ချေ။ အစောပိုင်းက
အရာအားလုံးတို့သည် ထင်ယောင်ထင်မှား အလား
ဖြစ်သွား၍ ကမ္ဘာကြီးက မူလပုံစံ ပြန်ဖြစ်သွားသည်။

+

တစ်ယောက်မှ လွဲ၍ ကမ္ဘာအတွင်းမှ ကျန်သော အရာအားလုံးတို့သည် အစစ်အမှန် ပြန်ဖြစ်သွားကြသည်။

လင်းဖုန်းက သူသည် ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းသွားသည်ဟု ခံစားလိုက်ရသည်။ သူသည် ပျောက်ကွယ်သွားခြင်း၊ ဆက်လက် မတည်ရှိနိုင်တော့ခြင်း မဟုတ်ပဲ အစကတည်းက တည်ရှိခြင်း မရှိခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

"ကောင်းတယ်… ကောင်းတယ်… ကောင်းတယ်" လင်းဖုန်းက ရယ်လိုက်သည်။ "ဒါက တကယ့် ဗီရိုကာနာ ဇန်လက်ဝါးပဲ… ဒီလိုမျိုး နတ်ဆန်မှုသာ မရှိရင် သူက နတ်ဘုရားနယ်မြေရဲ့ သမိုင်းမှာ ပထမ သိုင်းပညာ လမ်းစဥ် ဖြစ်နိုင်မှာလဲ"

+

ရယ်နေရင်း လင်းဖုန်း၏ ခေါင်းပေါ်တွင် တာအိုသစ်သီး တစ်လုံး ပေါ်ပေါက်လာသည်။ သူ့တာအိုသစ်သီး၏ ထူးခြား ဆန်းကြယ်မှုကို ဖော်ပြ၍ မရပဲ ခန့်မှန်း၍လည်း မရနိုင်ပေ။ သူသည် အရာအားလုံး၏ အစမူလနှင့် အဆုံးသတ်ဟု ထင်နေရသည်။

သူ၏ တာအိုသစ်သီးအား ဖော်ပြခဲ့သော်လည်း လင်းဖုန်းသည် သူ၏ အစွမ်းများကို ထုတ်ဖော်ခဲ့ခြင်း မရှိပဲ သကျမုနိ၏ လက်သီးကိုသာ သူ၏ လက်သီးဖြင့် နောက်ထပ် တုံ့ပြန်ခဲ့သည်။

သို့သော်လည်း ဤတစ်ခေါက်တွင် သူသည် စကြာဝဠာ ပြောင်းပြန်လည်ခြင်းအား လက်သီးဆန္ဒ အတွင်းတွင် မထည့်သွင်းထားတော့ပေ။

+

ဗလာဖြစ်နေသော ကမ္ဘာတစ်ခုသည် မဟာတာအို အလင်းတန်းများနှင့် အတူ ပေါ်လာခဲ့သည်။ ပြီးတာနှင့် ထိုအလင်းတန်းများသည် လင်းဖုန်းထံသို့ စုစည်းလာ၍ မရေမတွက်နိုင်သော စီးဆင်းနေသည့် အလင်းတန်းများက ကျဆင်းလာခဲ့သည်။ ဤအရာသည် အံ့သြဖွယ် ကောင်းလှသော မြင်ကွင်းတစ်ခု ဖြစ်သည်။

အလင်းစက် အမြောက်အမြားတို့သည် လင်းဖုန်း၏ အပေါ်တွင် လွင့်မျောနေကြကာ အရေအတွက် များပြားလွန်းလှသဖြင့် မည်မျှရှိသည်ကို ရေတွက်ရန် မဖြစ်နိုင်ပေ။

ထိုအလင်းစက်များသည် အဆောင်လက်ဖွဲ့ စကားလုံးများ အဖြစ် ပြောင်းသွားကြ၍ အတူတကွ

+

စုစည်းသွားကာ လင်းဖုန်း၏ အသိစိတ် ပင်လယ်
အတွင်းသို့ ကျဆင်းလာကြသည်။

သူ၏ အသိစိတ် ပင်လယ် အတွင်းတွင် စကားလုံးများ
ပေါင်းစည်းသွားကာ ကောင်းကင်နှင့် မြေကြီးတို့၏
မှော်ဆန်သော သဘောတရားများ အဖြစ်သို့
ပြောင်းလဲသွားကြသည်။

နောက်ဆုံးတွင် ထိုစကားလုံးများသည်
ထူးခြားဆန်းကြယ်၍ ခန့်မှန်းရန် မဖြစ်နိုင်သော
စာစီစာကုံး တစ်ပုဒ်အဖြစ်သို့ ပြောင်းသွားခဲ့ကာ
နောက်ဆုံးတွင် လင်းဖုန်း၏ အသိစိတ် ပင်လယ်
အတွင်းတွင် လည်ပတ်နေသော ထိုက်ကျိရုပ်ပုံ
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍ သူ့အတွင်းတွင်
မဟာတာအို၏ သဘောတရား အားလုံး ပါဝင်နေသည်ဟု
ထင်နေရသည်။

+

မဟာကောင်းကင် တာအိုကျမ်းစာ၏ စတုတ္ထ
အခန်းဖြစ်သော ထိုက်ကျိစာအုပ်။

လင်းဖုန်း၏ လက်သီး ကျဆင်းလာသော အခါ
အလင်းစက်များ ပေါ်လာကြ၍ သူတို့ အချင်းချင်း
ယှက်သန်းသွားကာ သူ၏ ထူးခြားဆန်းကြယ်သော
လက်သီးဆန္ဒအား ဖော်ပြလိုက်သည်။

အလင်းစက်များ အမြောက်အမြား ရှိနေသည့်ပုံ
ပေါက်နေသော်လည်း ဗုဒ္ဓ၏ မျက်လုံးများ အတွင်းတွင်
အရာအားလုံးတို့က ကြည်လင်နေခဲ့သည်။ "၁၂၉ဖ၀၀..."

ကောင်းကင်နှင့် မြေကြီး အတွင်းမှ တာအိုများသည်
လင်းဖုန်း၏ လက်သီးအား ထောက်ပံ့ပေးနေသကဲ့သို့

+

ဖြစ်နေကာ သူ့လက်သီး အရှိန်အဝါ ဖြတ်သန်းသွားသည့် နေရာတိုင်းတွင် ဗလာဖြစ်နေသော ဤကမ္ဘာ အတွင်းတွင် အရာဝတ္ထု အသစ်များ ပေါ်လာခဲ့သည်။

ဤအချိန်တွင် သူတို့ နှစ်ယောက်၏ လက်သီးဆန္ဒများက ထိပ်တိုက်တွေ့ခဲ့ကြကာ တစ်ဦးကို တစ်ဦး အလျှော့မပေးနေကြပေ။ ဤအရာသည် နတ်ဘုရားနယ်မြေ၏ သမိုင်းကြောင်းတွင် အပြင်းထန်ဆုံး သိုင်းလမ်းစဥ် တိုက်ပွဲတစ်ခု ဖြစ်ပေလိမ့်မည်။

ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေး နောက်ဆုံးအဆင့်သို့ ရောက်နေသော ဖျက်ဆီး၍ မရနိုင်သော လောက အတွင်းတွင် ရှိနေသည့် ဗုဒ္ဓနှင့် တိုက်ခိုက်နေရင်း ထိုက်ကျိစာအုပ်သည် တဖြည်းဖြည်းနှင့် ပြီးပြည့်စုံလာခဲ့သည်။

+

ထို့ကြောင့် သူ့လက်သီးသည် ပို၍ပို၍ သန်မာလာကာ မဟာတာအို အလင်းတန်းများက သူ၏ စွမ်းအားများကို ထောက်ပံ့ပေးနေခဲ့ပြီး အံ့သြဖွယ်ရာ အင်အားတစ်ခုကို ထုတ်လွှတ်နိုင်ခဲ့သည်။

သူ၏ စိတ်ဆန္ဒနှင့် ခန္ဓာကိုယ်တို့က ပေါင်းစည်းသွားသော အခါ သူ့စွမ်းအားများ၏ အထွတ်အထိပ်သို့ ရောက်သွားနိုင်ခဲ့သည်။

ဗုဒ္ဓသည် လင်းဖုန်း၏ အသိစိတ် ပင်လယ် အတွင်းတွင် ဖြည်းဖြည်းချင်း ပြီးမြောက်လာနေသော ထိုက်ကျိစာအုပ်ကို မမြင်နိုင်ခဲ့သော်လည်း လင်းဖုန်း၏ အရှိန်အဝါများက ပြောင်းလဲလာသည်ကို ခံစားနိုင်ခဲ့သည်။

+

သကျမုနိသည် ဘာမှ မပြောခဲ့ပဲ လင်းဖုန်းထံသို့ နောက်ထပ် လက်သီးတစ်လုံးကို ပစ်လွှတ်လိုက်သည်။

သို့သော်လည်း ဤတစ်ခေါက်တွင် ထိုအရာသည် သိုင်းလမ်းစဉ် တိုက်ခိုက်မှု မဟုတ်တော့ပဲ သူ့လက်ဝါး အလယ်တွင် ဆွာတိကာ သင်္ကေတ တစ်ခု လည်ပတ်နေသည်။

ဤဆွာတိကာ သင်္ကေတသည် မရေမတွက်နိုင်သော ပုံရိပ်များကို သယ်ဆောင်ထားရင်း လည်ပတ်နေကာ ထိုပုံရိပ်များသည် ကြီးမားလွန်းလှသဖြင့် သူတို့အား သယ်ဆောင်ထားရန်ပင် မဖြစ်နိုင်သကဲ့သို့ ခံစားနေရသည်။ သူတို့သည် အလွန်အမင်း လေးလံသည့်ပုံ ပေါက်နေကြသည်။

+

လင်းဖုန်းသည် ဤပုံရိပ်များကို ကြည့်လိုက်သော အခါ မရေမတွက်နိုင်သော သက်ရှိများ၏ အမူအကျင့်များကို တွေ့လိုက်သည်။ သူတို့သည် မရေမတွက်နိုင်သော သက်ရှိများ၏ အတွေ့အကြုံများပင် ဖြစ်ကြသည်။

ကမ္ဘာဦးခေတ်မှ စ၍ လက်ရှိခေတ်တိုင်အောင် ရှိနေကြသော သက်ရှိများ ဖြစ်ကြ၍ အနာဂတ်တိုင်အောင် ဆန့်တန်းသွားလေသည်။

မရေမတွက်နိုင်သော လူများ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ ဖြစ်ကြသည်။ မူလကောင်းကင် ကမ္ဘာ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ ဖြစ်ကြသည်။

+

ဤကမ္ဘာ အတွင်းမှ ဖြစ်တည်မှု အားလုံးတို့၏ ဘဝ အတွေ့အကြုံများသည် မရေမတွက်နိုင်သော ကမ္မမျိုးစေ့များကို စိုက်ပျိုးထားခဲ့သကဲ့သို့ ဖြစ်သည်။

ဟင်းလင်းပြင် အတွင်းတွင် မရေမတွက်နိုင်သော ကမ္မမျဉ်းကြောင်းများဖြင့် ပြည့်သွားကာ တောက်ပစွာ လင်းလက်နေကြသည်။

အတိတ်မှ အနာဂတ်အထိ သက်ရှိအားလုံးတို့၏ ကမ္မများသည် ဤပုံရိပ်များ အတွင်းတွင် စုစည်းလာကြကာ ဗုဒ္ဓ၏ လက်ဝါးသည် လင်းဖုန်းအပေါ်သို့ ကျရောက်လာခဲ့သည်။

လေးလံလှသော ခံစားချက်သည် အားလုံးတို့အား တောင့်မခံနိုင်တော့ဟု ခံစားစေခဲ့ရသည်။

+

ဖျက်ဆီး၍ မရသော လောကအဆင့် အောက်တွင် ရှိနေကြသော ကျင့်ကြံသူများသည် သူ့အား ခံနိုင်ရည်ရှိမည် မဟုတ်ပဲ ကမ္မများ၏ ဖုံးလွှမ်းခြင်းကို ခံခဲ့ရသော အခါ စိတ်ဓာတ် ပျက်ပြားသွားကြမည် ဖြစ်သည်။ သူ့အား ခံနိုင်သည့်သူ အနည်းငယ်သာ ရှိသည်။

မဖျက်ဆီးနိုင်သော လောကအဆင့်တွင် ရှိနေကြသော ကျင့်ကြံသူများကပင် ဤလောက အတွင်းရှိ အရာများကို ကောင်းစွာ မြင်နိုင်လိမ့်မည် မဟုတ်ချေ။

ကမ္မ မျဉ်းကြောင်းများသည် လင်းဖုန်းအား ဖုံးလွှမ်းသွားသော အခါ သူသည် လွတ်မြောက်နိုင်စွမ်း

+

မရှိတော့ပဲ သူ၏ စွမ်းအားနှင့် အသိဉာဏ်များသည် ပျက်စီးလုနီးပါး ဖြစ်နေခဲ့ပြီဟု ထင်နေရသည်။

လင်းဖုန်းသည် ဤအချိန်တွင် မလှုပ်ရှားခဲ့သော်လည်း သူ့အနားတွင် ဖြစ်ပျက်နေသည့် အရာအားလုံးကို အာရုံခံနိုင်စွမ်း ရှိနေသည်။

သူ့အနေနှင့် ဤခံစားချက်သည် အလွန်အမင်းကို မရင်းနှီးနေသော ခံစားချက် ဖြစ်သည်။

ယခုအချိန်တွင် သူသည် မရေမတွက်နိုင်သော သက်ရှိများ၏ ရှုပ်ထွေးသော ဘဝဖြစ်စဥ်အား တွေ့ကြုံနေခဲ့ရသကဲ့သို ဖြစ်နေကာ အကြိမ် မရေမတွက်နိုင်အောင် ခံစားခဲ့ရသော်လည်း နောက်ဆုံးပန်းတိုင်ကို မမြင်နိုင်ခဲ့သေးပေ။

+

ကြည့်ရသည်မှာ နောက်ဆုံးပန်းတိုင်က ရှိမနေပဲ
အကယ်၍ တစ်နေ့တွင် အဆုံးသတ်သွားခဲ့ပါက
ဤအရာသည် ဘဝ၏ အဆုံးသတ်ပင် ဖြစ်နိုင်သည်။
မဟာကမ္ဘာ၏ ပျက်စီးမှုနှင့် အတူ ဘဝက
အဆုံးသတ်သွားခြင်း ဖြစ်သည်။

ယခုအချိန်တွင် လင်းဖုန်း၏ အစွမ်းများက
လျင်မြန်စွာနှင့် ကျဆင်းသွား၍ သူ၏ အသိစိတ် ပင်လယ်
အတွင်းမှ ထိုက်ကျိစာအုပ် ဖန်ဆင်းထားသော
ထိုက်ကျိရုပ်ပုံကသာ ဆက်လက်၍ လည်ပတ်နေကာ
သူ၏ တာအိုသစ်သီးသည် သူ့ခေါင်းပေါ်တွင် ငြိမ်သက်စွာ
လွင့်မျောနေသည်။

+

သူသည် ထာဝရ အချိန်ကို ဖြတ်သန်းခဲ့သည်ဟု ထင်နေရသော်လည်း အချိန် အနည်းငယ်သာ ကုန်ဆုံးသွားသေးသည်ဟုလည်း ခံစားနေရသည်။

လင်းဖုန်းသည် ရုတ်တရက် သွားများပေါ်အောင် ပြုံးလိုက်သည်။ ဗုဒ္ဓ နောက်ထပ် မလှုပ်ရှားနိုင်မီ သူ၏ အရှိန်အဝါတွင် ပြောင်းလဲမှု အသစ်များ ဖြစ်ပေါ်လာသည်။

သူ၏ စွမ်းအားများသည် ထပ်ဖန်တစ်ခါ တိုးတက်လာကာ အထွတ်အထိပ် အဆင့်သို့ ရောက်သွားခဲ့သည်။

+

သူ့ခန္ဓာကိုယ်အား လွှမ်းခြုံနေသော ကမ္ဘ
မျဥ်းကြောင်းများကလည်း စတင်၍
ပျောက်ကွယ်သွားခဲ့သည်။

သူ့ခေါင်းပေါ်တွင် ရှိနေသော တာအိုသစ်သီးသည်
ကျဆင်းလာ၍ သူ့ခန္ဓာကိုယ်နှင့် ပေါင်းစည်းသွားကာ
သူသည် ဤအချိန်၌ ကမ္ဘ၏ မူလနှင့် နောက်ဆုံးပန်းတိုင်
ဖြစ်နေသည်ဟု ထင်နေရသည်။

ဤအချိန်တွင် လင်းဖုန်း၏ ခန္ဓာကိုယ် အပေါ်၌
တောက်ပသော အလင်းတန်းနှင့် မည်းမှောင်သော
အလင်းတန်းတို့က လွှမ်းခြုံထားသကဲ့သို့ ထင်နေရပြီး
ဤအလင်းတန်းသည် အရာအားလုံးကို
သယ်ဆောင်နိုင်စွမ်း ရှိကာ အားလုံးတို့၏ အနောက်မှ
သဘောတရားများကို နားလည်နိုင်သည့်ပုံ
ပေါက်နေသည်။

+

အရာအားလုံးတို့၏ အကြောင်းရင်းကို ဤနေရာတွင် တွေ့နိုင်ကာ အရာအားလုံးတို့၏ ရလဒ်များကိုလည်း ဤနေရာတွင် ရှာဖွေနိုင်သည်။

ကမ္ဘာမျဥ်းကြောင်း များစွာတို့သည် လင်းဖုန်းထံသို့ ကျဆင်းလာကြသော်လည်း သူ့ခေါင်းပေါ်၌ ပျောက်ကွယ်သွားသည်ဟု ထင်နေရသည်။ သူတို့သည် လှိုင်းဂယက်များ မထစေပဲ ရေများအတွင်းသို့ ကျဆင်းသွားသကဲ့သို့ ဖြစ်နေကြကာ အသံ သို့မဟုတ် တုန်ခါမှုလေး တစ်ခုကိုမှ မဖြစ်စေခဲ့ပေ။

သကျမုနိသည် ဤအရာကို မြင်ရသည့်အခါ အော်ဟစ်လိုက်သည်။ "ထင်ထားတဲ့ အတိုင်းပဲ"

+

စကြာဝဠာ စကျောင်ဗုဒ္ဓသည်လည်း တူညီစွာပင် ပြောကြားလိုက်သည်။ "ထင်ထားတဲ့ အတိုင်းပဲ"

သူ၏ ခန့်မှန်းချက်များအား အတည်ပြုခဲ့အပြီးတွင် သကျမုနိသည် သူ၏ခေါင်းကို ခါလိုက်၍ သူ၏ လက်ဝါးအား ရုပ်သိမ်းလိုက်ရာ ကမ္ဘမျဥ်းကြောင်းများသည် ပျောက်ကွယ်သွား၍ သူ့ခန္ဓာကိုယ် အတွင်းသို့ ပြန်လည် ဝင်ရောက်သွားကြသည်။

ဘဝသုံးမျိုး ကမ္ဘကျိန်စာကို ရုပ်သိမ်းလိုက်သော်လည်း သကျမုနိသည် ရုပ်တန့် မသွားခဲ့ပဲ သူ၏ လက်ဝါးကို လှန်လိုက်၍ လင်းဖုန်းအား ထပ်ဖန်တစ်ခါ တိုက်ခိုက်လိုက်သည်။

+

## စာစဉ် ၇၅ : အပိုင်း ၈

## အပိုင်း ၁၄၅၈ : မဟာကောင်းကင် တာအိုကျမ်းစာ၏ စတုတ္ထအခန်း

သကျမုနိ၏ လက်ဝါးကို လှန်လိုက်၍ လင်းဖုန်းထံသို့ ရိုက်ချလိုက်ရာ သူ၏ လက်ငါးချောင်းတို့သည် မဟာကမ္ဘာ တစ်ခုလုံးအား ပင့်ထားသကဲ့သို့ ပြန့်ကားလာသည်။ သူ၏ လက်ဝါး ကျဆင်းလာသော အခါ မဟာကမ္ဘာ တစ်ခုလုံးသည် လင်းဖုန်းအပေါ်သို့ ကျရောက်လာသကဲ့သို့ ထင်နေရသည်။

ဟင်းလင်းပြင် အတွင်းတွင် မရေမတွက်နိုင်သော ဗုဒ္ဓ အလင်းတန်းများ ထိုးတက်လာ၍ နတ်ဘုရားများ၊

+

ဗုဒ္ဓများ နေထိုင်နေသည့် နိဗ္ဗာန်ကမ္ဘာ တစ်ခုလည်း ဖြစ်သော ဗုဒ္ဓနိုင်ငံ တစ်ခုကို ဖော်ပြလိုက်သည်။

ဤဗုဒ္ဓနိုင်ငံ အတွင်းသို့ ဝင်ရောက်ပြီးသွားသော အခါ သကျမုနိ၏ ပုံရိပ်သည် ပျောက်ကွယ်သွား၍ လင်းဖုန်း အရှေ့တွင် ထာဝရ တောက်ပနေသော ဗုဒ္ဓ အလင်းတန်းများသာ ကျန်ခဲ့သည်။

ဤအချိန်တွင် သူ့ပုံရိပ်သည် မူလကောင်းကင် ကမ္ဘာမှ ကွဲပြားသွား၍ အခြား မဟာကမ္ဘာ တစ်ခုထံသို့ ရောက်သွားသကဲ့သို့ ထင်နေရသည်။

သူ၏ သဘာဝလွန် အသိစိတ်၊ စိတ်ဆန္ဒ၊ စွမ်းအားနှင့် စိတ်ဝိညာဉ် စွမ်းအင်များသည် ဝိညာဉ်ပင်လယ်၊

+

မဟာကမ္ဘာနှင့် မူလကောင်းကင် ကမ္ဘာတို့ထံမှ
ကင်းကွာသွားခဲ့သည်။

သူ့အရှေ့မှ ဗုဒ္ဓနိုင်ငံသည် သာမန် လေဟာနယ်
အလွှာတစ်ခု၊ သဘာဝလွန် အသိစိတ် စွမ်းအားများဖြင့်
ဖန်ဆင်းထားသော ကမ္ဘာငယ် တစ်ခု သို့မဟုတ်
အလယ်ကမ္ဘာ တစ်ခု မဟုတ်ပဲ မူလကောင်းကင် ကမ္ဘာ
ပြင်ပတွင် သီးသန့် တည်ရှိနေသော တကယ့် မဟာကမ္ဘာ
အစစ်တစ်ခုနှင့် တူနေခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ဝိညာဉ်ပင်လယ်
အတွင်းမှ အလင်းတန်းများနှင့် ဆင်တူနေသော
စီးဆင်းနေသည့် အလင်းတန်းများကို တွေ့နိုင်ပြီး အဆုံးမဲ့
မဟာ တာအိုများက ရုပ်ကိုယ်ခန္ဓာ ဖြစ်တည်မှု
အစစ်အမှန် တစ်ခုကို ဖော်ပြနေသည်ဟု ထင်နေရသည်။

+

ဤကမ္ဘာ အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များသည် အလွန်အမင်း ပြီးပြည့်စုံ၍ စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုများကလည်း မူလကောင်းကင် ကမ္ဘာနှင့် ကွဲပြားနေသည်။

ဤနိဗ္ဗာန်ကမ္ဘာ အတွင်းတွင် ဗုဒ္ဓသည် ဖန်ဆင်းရှင်ဖြစ်ပြီး တစ်ယောက်တည်းသော အုပ်ချုပ်သူ ဖြစ်သည်။ သူသည် စည်းမျဉ်းများကို ချမှတ်သူ ဖြစ်ပြီး အရာအားလုံးတို့သည် သူ့ဆန္ဒအတိုင်း ဖြစ်ပေါ်ရမည် ဖြစ်သည်။

လင်းဖုန်းသည် ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကို ကြားနေရကာ သဘာဝအတိုင်း လွတ်လပ်နေ၍ ပီတိသုခများကို ခံစားနေရနေသကဲ့သို့ ဖြစ်နေသည်။

+

လင်းဖုန်း၏ မျက်နှာ အပေါ်တွင် အပြုံးတစ်ခု ပေါ်လာ၍ သူ့အရှေ့မှ အရာအားလုံးကို တည်ငြိမ်စွာဖြင့် ကြည့်နေခဲ့သည်။

သို့သော်လည်း ဤအပြုံးသည် သူက ဗုဒ္ဓဝါဒအား နားလည်သွားသဖြင့် ပေါ်လာခဲ့သော အပြုံးမဟုတ်ပဲ သူသည် အလွန်အမင်း လွတ်လပ်သည်ဟု ခံစားနေရသဖြင့် ပေါ်လာခဲ့သော အပြုံးဖြစ်သည်။ သူသည် ဤဗုဒ္ဓနိုင်ငံနှင့် နိဗ္ဗာန်ကမ္ဘာအား လာရောက်လည်ပတ်သည့် ခရီးသွား တစ်ယောက်နှင့်ပင် တူနေခဲ့သည်။

သူသည် သူ၏လက်ကို မြှောက်၍ ညွှန်ပြလိုက်ရာ ဟင်းလင်းပြင် အတွင်းတွင် အလင်းစက်များ ပေါ်လာ၍ တစ်'ယွမ်'နှင့် ညီမျှသော အရေအတွက် ဖြစ်သည့် ၁၂၆၀၀၀ စက်များ ပေါ်လာခဲ့သည်။ (ယွမ်သည် အချိန်

+

အတိုင်းအတာ တစ်ခုဖြစ်၍ တစ်ယွမ်သည် နှစ်ပေါင်း ၁၂၆၀၀၀နှစ်နှင့် ညီမျှသည်)

လင်းဖုန်း ညွှန်ပြလိုက်သော အခါ အလင်းစက်များသည် စတင်၍ ပျံ့နှံ့လာကာ အလင်းတန်း မြူခိုးငွေ့ ဘောလုံးများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

အလင်းတန်း မြူခိုးငွေ့ ဘောလုံး တစ်ခုစီ အတွင်းတွင် ပို၍သေးငယ်သော အလင်းစက်များ ရှိနေကြကာ သူတို့သည် ဝေ၀ါးနေ၍ တစ်ခုအပေါ်သို့ တစ်ခု ထပ်သွားကြသည်။

သကျမုနိ၏ အကြည့်သည် အနည်းငယ် လင်းလက်သွား၍ ပြောလိုက်သည်။ "တစ်ဘီလီယံနဲ့ နှစ်ရာ့ ကိုးဆယ့်ခြောက်သန်း…"

+

အလင်းတန်း တစ်ခုချင်းစီ အတိုင်းတွင် မရေမတွက်နိုင်သော အလင်းတန်းများ ထွက်လာ၍ စီးဆင်းနေသော အလင်းတန်းပေါင်း တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်း ရှိသည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းတွင် ပြည့်သွား၍ ဟင်းလင်းပြင် အတွင်းတွင် ယှက်သန်းနေကာ ဗုဒ္ဓနိုင်ငံ တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့သည်။

ထာဝရ တောက်ပနေသော အလင်းတန်းဖြင့် လင်းလက်နေသော ဗုဒ္ဓနိုင်ငံသည် စတင်၍ မည်းမှောင်လာ၍ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် စီးဆင်းနေသော အလင်းတန်းများသာ ကျန်နေတော့သည်။

+

လေးနက်နေသော ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများသည် ပို၍ပို၍ နက်ရှိုင်းနေသည်။ သူတို့သည် အလွန်ပင် ကြည်လင်နေ၍ ပို၍ပို၍ ဝေးကွာသွားကြကာ နောက်ဆုံးတွင် မကြားရတော့ပေ။

လင်းဖုန်းက ပြောလိုက်သည်။ "ဒီမှော်ကျိန်စာကို ထိုက်ကျိယွမ် ရတနာ အလင်းတန်းလို့ ခေါ်တယ်"

ထိုက်ကျိယွမ် ရတနာ အလင်းတန်းသည် ထိုက်ကျိစာအုပ်မှ ဆင်းသက်လာခြင်း ဖြစ်၍ ဤအချိန်တွင် နိဗ္ဗာန်ကမ္ဘာ တစ်ခုလုံးသည် အဖိနှိပ်ခံနေရသည်။

+

ဤကမ္ဘာ၏ လှုပ်ရှားမှုနှင့် တိုးတက်မှုများက ရပ်တန့်သွား၍ ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးမှုများ မရှိတော့ပေ။

ကောင်းကင်နှင့် မြေကြီးတို့၏ မဟာတာအို၊ ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်းတို့၏ သဘောတရားများသည် ဤအချိန်တွင် အနှောင့်ယှက် ခံခဲ့ရ၍ ပုံရိပ်ယောင် ဆန်လာကြကာ ကမ္ဘာ တစ်ခုလုံးသည် အစစ်မဟုတ်တော့ဟု ထင်နေရသည်။

လင်းဖုန်း၏ ခေါင်းပေါ်တွင် သူ၏ တာအိုသစ်သီး ပြန်ပေါ်လာ၍ ထိုသစ်သီးသည် အစက်တစ်ခုမှ နေ၍ မျဥ်းကြောင်းတစ်ခု အဖြစ် ဆန့်တန်းလာကာ နောက်ဆုံးတွင် မျဥ်းဖြောင့်တစ်ခု ဖြစ်သွား၍ ထာဝရ ကပ်ဘေး အလင်းတန်းအား ဖော်ပြလိုက်သည်။

+

လင်းဖုန်းသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့ ရောက်သွားသော အခါ ထာဝရ ကပ်ဘေး အလင်းတန်းသည် ယခင်ကနှင့် မတူတော့ချေ။ ယခုအချိန်တွင် ထိုက်ကျိစာအုပ်၏ ထောက်ပံ့မှုကြောင့် သူသည် များစွာပို၍ မှော်ဆန်လာခဲ့သည်။

သူ့တွင်ပါနေသော ထိုက်ကျိယွမ် ရတနာ အလင်းတန်းအား ထောက်ပံ့နေသည့် စွမ်းအား သဘောတရားများကလည်း ဤအချိန်တွင် အပြည့်အဝ ထွက်ပေါ်လာခဲ့သည်။

ထိုက်ကျိယွမ် ရတနာ အလင်းတန်း၏ ဖိနှိပ်မှုကို ခံနေရသော နိဗ္ဗာန်ကမ္ဘာသည် ထာဝရ ကပ်ဘေး

+

အလင်းတန်း၏ အောက်တွင် နစ်မြုပ်သွားသော အခါ ပုံမှန်အတိုင်း စတင်၍ လည်ပတ်လာခဲ့သည်။

သို့သော်လည်း ဤနိဗ္ဗာန် ကမ္ဘာသည် သူ၏ မူလ သဘောတရားများ အတိုင်း လည်ပတ်နေခြင်း မဟုတ်တော့ပဲ ဤအချိန်တွင် အပြည့်အဝ ဖျက်ဆီးခြင်း ထံသို့ လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။

ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများ ပျောက်ကွယ်သွား၍ ဗုဒ္ဓ အလင်းတန်းများ မှေးမှိန်သွားကာ မရေမတွက်နိုင်သော ဗုဒ္ဓရုပ်ထုများကလည်း စတင်၍ ပြိုလဲသွားကြသည်။ သူတို့၏ ရွှေရောင် ပုံစံများကလည်း ညှိုးခြောက်လာ၍ နောက်ဆုံးတွင် ဖုန်မှုန့်များ အဖြစ်သို့ ပြောင်းသွားကြသည်။

+

ဆာရီ သစ်ပင်က ရှုံ့တွလာ၍ အဖြူရောင်
ကြာပန်းကလည်း ပျက်စီးသွားကာ ကောင်းကင်
စေတီကလည်း အလင်းရောင်များ ပျောက်ဆုံးသွားသည်။

သကျမုနိ၏ အသံသည် ဟင်းလင်းပြင် အတွင်းတွင်
ပဲ့တင်ရိုက်လာသော အခါ ကမ္ဘာတစ်ခုလုံးက ပြန်လည်၍
တောက်ပလာကြသည်။

နိဗ္ဗာန်ကမ္ဘာသည် ပို၍ပင် ဖျက်စီး၍ မရနိုင်သည့်ပုံ
ပေါ်နေ၍ သူ့အတွင်းမှ အရာအားလုံးတို့အား ထာဝရ
ကာကွယ်ထားခဲ့သည်။

သို့သော်လည်း သကျမုနိသည် ထိုက်ကျိယွမ် ရတနာ
အလင်းတန်းနှင့် ထာဝရ ကပ်ဘေး အလင်းတန်းတို့အား
ဖယ်ရှားရန် ကြိုးစားလိုက်သော အခါ လင်းဖုန်းက

+

ရယ်လိုက်၍ စီးဆင်းနေသော အလင်းတန်း တစ်တန်းအဖြစ်သို့ ပြောင်းသွားကာ နိဗ္ဗာန်ကမ္ဘာ အတွင်းမှ ထွက်ခွာသွားခဲ့သည်။

ဝိညာဥ်ပင်လယ် အတွင်းသို့ ပြန်ရောက်ရုံတင် ရှိသေးသော လင်းဖုန်းသည် ရယ်လိုက်ကာ သကျမုနိအား ကြည့်လိုက်သည်။ "လက်ငါးချောင်းတောင်ကို အသုံးပြုပြီးမှ ကျုပ်ကို ချုပ်နှောင်ချင်နေတာလား... ခင်ဗျားရဲ့ အစွမ်းနဲ့ ဒီလိုလုပ်လို့ မရနိုင်ဘူး... ဒါပေမဲ့ ခင်ဗျားရဲ့ ဗုဒ္ဓနိုင်ငံဟာ တကယ်ကို အံ့အားသင့်စရာ ကောင်းပြီး ကျုပ်ကို မျက်စိပွင့်စေခဲ့တယ်"

သကျမုနိ၏ ခေါင်းပေါ်မှ နိဗ္ဗာန်ကမ္ဘာ ငါးခုတို့သည် ပျောက်ကွယ်သွားခဲ့သော်လည်း မကြာမီပင် ပြန်ပေါ်လာကြသည်။

+

လင်းဖုန်းသည် သူ၏လက်ဝါးအား ဆန့်တန်းလိုက်ကာ သကျမုနိအား ဆုပ်ကိုင်ရန် ကြိုးစားလိုက်သည်။

သူ၏ လက်ငါးချောင်းအား ဆုပ်လိုက် ဖြန့်လိုက် လုပ်လိုက်သော အခါ ထိုက်ကျိယွမ် ရတနာ အလင်းတန်းသည် ရုတ်တရက် ထွက်ပေါ်လာ၍ တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်းသော စီးဆင်းနေသည့် အလင်းတန်းများသည် ဟင်းလင်းပြင်အား လွှမ်းခြုံသွားကာ ကောင်းကင်စေတီ အလယ်မှ ဗိုင်ဒုရာ နိဗာသ ကမ္ဘာအား ပြည့်သွားခဲ့သည်။

ထိုက်ကျိယွမ် ရတနာ အလင်းတန်း၏ အကျိုးသက်ရောက်မှု အောက်တွင် ဗိုင်ဒုရာ နိဗာသ ကမ္ဘာ၏ လည်ပတ်မှုကလည်း စတင်၍ နှေးလာခဲ့သည်။

+

လင်းဖုန်း၏ လက်ဝါးအလယ်တွင် တာအိုသစ်သီး တစ်လုံး ပေါ်လာ၍ သူ၏ လက်ဝါးနှင့် အတူ ဗုဒ္ဓအပေါ်သို့ ကျရောက်လာသည်။

ထူးခြားဆန်းကြယ်သော အစက်တစ်စက်နှင့် တူနေသော တာအိုသစ်သီး ဖြတ်သန်းသွားသော နေရာတိုင်းရှိ အရံအတား အားလုံးတို့က ကျိုးပျက်သွားကြသည်။

ဤအစက်သည် အရာအားလုံးတို့၏ အစနှင့် အဆုံးကဲ့သို့ ဖြစ်နေခဲ့ပြီး သူ့အတွင်း၌ မရေမတွက်နိုင်သော မဟာတာအို သဘောတရားများ ပါနေခဲ့သည်။

သကျမုနိသည် သူ၏ လက်ဝါးအား ဆန့်ထုတ်လိုက်ရာ သူ၏ အရွယ်အစားသည် ကြီးမားလာ၍ မူလကောင်းကင်

+

ကမ္ဘာ တစ်ခုလုံးအား ပြည့်သွားခဲ့သည်။ သို့သော်လည်း တစ်ချိန်တည်းတွင် သူသည် ဤကမ္ဘာ အတွင်းတွင် ရှိပင် မရှိနေသည့် မြူမှုန်လေး တစ်စက်နှင့်လည်း တူနေခဲ့သည်။

သီးသန့် ဗုဒ္ဓနိုင်ငံနှင့် နိဗ္ဗာန် ကမ္ဘာတို့သည် သူ၏ လက်ဝါးအတွင်းတွင် ထပ်ဖန်တစ်ခါ ပေါ်လာ၍ လင်းဖုန်း တာအိုသစ်သီး၏ တိုက်ခိုက်မှုအား ခုခံလိုက်သည်။

ဤနိဗ္ဗာန် ကမ္ဘာသည် မူလကောင်းကင် ကမ္ဘာ အပြင်မှ သီးသန့် မဟာကမ္ဘာ တစ်ခုနှင့် တူနေခဲ့၍ မူလကောင်းကင် ကမ္ဘာမှ သဘောတရားများအား သူ့အပေါ်တွင် အသုံးပြု၍ မရသဖြင့် လင်းဖုန်း၏ တာအိုသစ်သီးသည် သူ့အား ချေဖျက်ရန် ခက်ခဲနေခဲ့သည်။

+

သို့သော်လည်း နိဗ္ဗာန်ကမ္ဘာသည် တာအိုသစ်သီး၏ တိုက်စားမှုအား ဖြည်းဖြည်းချင်း ခံနေရကာ သူ၏ ပျက်စီးသွားသော အစိတ်အပိုင်းများသည် ထိုနေရာအတွင်းသို့ အစုပ်ယူခံခဲ့ရ၍ နောက်ထပ် တည်ရှိနိုင်စွမ်း မရှိတော့ပေ။

အခြေအနေသည် ရှေ့မတိုးသာ နောက်မဆုတ်သာ အဖြစ်သို့ ရောက်နေခဲ့ကာ လင်းဖုန်း၏ ခန္ဓာကိုယ် အတွင်းမှ အဖြူနှင့် အနက်ရောင် အလင်းတန်း တစ်ခု ပေါ်လာခဲ့သည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အော်ဟစ်သံများနှင့် အတူ သူတို့အား တုန်ခါစေခဲ့သည်။

+

လင်းဖုန်း၏ တာအိုသစ်သီးသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ ထောက်ပံ့မှုကြောင့် မည်သည့် ပြောင်းလဲခြင်းမှ ဖြစ်မလာခဲ့သော်လည်း သူ့အပေါ်တွင် အဖြူနှင့် အနက်ရောင် အလွှာတစ်ခုဖြင့် လွှမ်းခြုံထား၍ ထိုက်ကျိယွမ် ရတနာ အလင်းတန်းနှင့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းတို့က ပေါင်းစည်းသွားခဲ့သည်။

တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်းသော စီးဆင်းနေသည့် အလင်းတန်းများသည် အတူတကွ တုန်ခါသွားကာ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအား ဘက်ပေါင်းစုံမှ ဖိနှိပ်ထားခဲ့သည်။

ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာကလည်း ဟင်းလင်းပြင် အတွင်းတွင် အစိတ်အပိုင်း များစွာအဖြစ် စတင်၍ အက်ကွဲလာခဲ့သည်။

+

လင်းဖုန်း၏ လက်ဝါးအနောက်တွင်
ထိုအပိုင်းအစများသည် ကောင်းကင်စေတီ အပေါ်သို့
စတင်၍ ကျဆင်းလာကြသည်။

သကျမုနိ၏ အမူအရာသည် မပြောင်းခဲ့ပဲ
ယခင်ကအတိုင်း တည်ငြိမ်နေဆဲ ဖြစ်သည်။ စကြာဝဠာ
စကျင်ဗုဒ္ဓသည် လင်းဖုန်း၏ ကျဆင်းလာသော
လက်ဝါးနှင့် အတူ သူ့လက်ဝါး အလယ်မှ
တာအိုသစ်သီးအား ကြည့်နေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် ခေတ္တမျှ
စောင့်ကြည့်နေအပြီးတွင် သူ၏
လေးသောင်းရှစ်ထောင်သော လက်များကို ဖွင့်၍
အတူတကွ စုစည်းလိုက်သည်။

+

ကောင်းကင်စေတီ အပေါ်တွင် မှော်ကျိန်စာ
သင်္ကေတများ စတင်၍ ကျဆင်းလာပြီး
ကောင်းကင်စေတီသည် အလင်းတန်းများဖြင့် စတင်၍
လင်းလက်လာကာ အလင်းတန်းများက
ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ သကျမုနိ၏
အကူအညီဖြင့် လင်းဖုန်း၏ လက်ဝါးအား
ကျဆင်းလာခြင်းမှ ကာကွယ်လိုက်သည်။

ကောင်းကင်စေတီ အပေါ်တွင်
လေးသောင်းရှစ်ထောင်သော ဓာတ်တော်များက
ကွဲပြားသော ဗုဒ္ဓပုံရိပ် တစ်ခုစီကို ဖော်ပြခဲ့၍
ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးကို ပြည့်သွားကာ
ကြီးကျယ် ခမ်းနားသော အရှိန်အဝါ တစ်ခုကို
ထုတ်လွှတ်လိုက်သည်။

+

သို့သော်လည်း ကောင်းကင်စေတီ အပေါ်ရှိ စကြာဝဠာ စကျင်ဗုဒ္ဓဘေးမှ လွတ်နေသော ထိုင်ခုံသည် အာရုံများကို ပို၍ ဆွဲဆောင်နိုင်စွမ်း ရှိနေခဲ့သည်။

ထိုနေရာသည် မူလတွင် လွတ်နေ၍ အဆုံးမဲ့ ဖြစ်နိုင်ခြေများနှင့် ပြည့်နေသော အလင်းတန်းများဖြင့်သာ လင်းလက်နေခြင်း ဖြစ်သည်။ သို့သော်လည်း ဤအလင်းတန်းသည် ပို၍ပို၍ တောက်ပလာခဲ့ကာ ကွဲပြား ခြားနားသော ဗုဒ္ဓတစ်ပါး၏ ပုံရိပ်က ပေါ်လာသကဲ့သို့ ဖြစ်လာသည်။

ဤကဲ့သို့သော ထူးခြားသည့် အခြေအနေ အောက်တွင် ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့ ဆက်စပ်နေသည့် နေရာမှ ကောင်းကင်နှင့် မြေကြီးတို့က တုန်ခါသွားကာ နီးစပ်စွာဖြင့် ဆက်သွယ်နေသော

+

ဝိညာဉ်ပင်လယ်၊ သေမင်းပင်လယ်နှင့် မဟာကမ္ဘာတို့ အပေါ်၌လည်း အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအို အလင်းတန်းများသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ညာဘက်မှ ထိုင်ခုံအပေါ်သို့ စုစည်းလာကာ ငြိမ်သက် အေးချမ်းနေသော သေမင်းပင်လယ်ကလည်း မတည်မငြိမ် ဖြစ်လာခဲ့သည်။

အရောင်ကင်းမဲ့ကာ ငြိမ်သက်နေ၍ ထူးခြားသော ပုံစံရှိနေသော ရေများသည် ထကြွ လှုပ်ရှားလာ၍ စကြာဝဠာ စကျင်ဗုဒ္ဓ ညာဘက်မှ ထိုင်ခုံအပေါ်သို့ ကျဆင်းလာကြသည်။

+

စီးဆင်းလာခဲ့သော ကြောက်မက်ဖွယ်ရာ ရေများသည် သေမင်းပင်လယ်၏ စွမ်းအားများဖြင့် ဖန်ဆင်းထားခြင်း ဖြစ်သည်။

အလင်းတန်းများ အကြားမှ ဗုဒ္ဓ ပုံရိပ်သည် ပုံရိပ်ယောင် အဖြစ်သာ ရှိနေသေး၍ ကြည်လင်စွာ မမြင်ရသေးသော်လည်း သူ၏ အရှိန်အဝါများက များစွာ သန်စွမ်းလှသည်။

သူ၏ စွမ်းအားများသည် နူးညံ့သိမ်မွေ့ကာ ခန့်မှန်း၍ မရနိုင်ပဲ အဆုံးမဲ့ ဖြစ်နိုင်ခြေများ ရှိသော အနာဂတ် တစ်ခုအား ပိုင်ဆိုင်ထားနိုင်သကဲ့သို့ ဖြစ်နေသည်။ သူ့အား နားလည်ရန် ခက်ခဲလှသော်လည်း သူ့စွမ်းအားများသည် မည်မျှ အစွမ်းထက်သည်ကို ကောင်းစွာ အာရုံခံနိုင်ပေသည်။

+

ကောင်းကင်စေတီ အပေါ်တွင်
လေးသောင်းရှစ်ထောင်သော ခတ်တော်များသည်
ဗုဒ္ဓပုံရိပ် အမျိုးမျိုးတို့ကို တစ်ချိန်တည်းတွင်
ဖော်ပြနေကြကာ တစ်ခုပြီး တစ်ခု ရွှေရောင်ပုံစံများ
အဖြစ်သို့ ပြောင်းသွားကြသည်။
လေးသောင်းရှစ်ထောင်သော ဗုဒ္ဓများသည် သေမျိုးကမ္ဘာ
အတွင်းသို့ ကျဆင်းလာခဲ့သကဲ့သို့ ဖြစ်သည်။

သူတို့၏ သန့်စွမ်းလှသော စွမ်းအားများသည် မဟာကမ္ဘာ
တစ်ခုလုံးကို တုန်ခါသွားစေ၍ သကျမုနိသည် ဗုဒ္ဓများ၏
ဝန်းရံခြင်းကို ခံခဲ့ရသော အခါ သူ့ခေါင်းပေါ်မှ
နိဗ္ဗာန်ကမ္ဘာ ငါးခုတို့က ပျောက်ကွယ်သွားသည်။
မြင့်မြတ်၍ ကြီးကျယ် ခမ်းနားသော ဗုဒ္ဓနိုင်ငံကမူ
ထပ်ဖန်တစ်ခါ ပေါ်ပေါက်လာ၍ ယခင်ကထက်ပင် ပို၍
ခမ်းနားထည်ဝါနေခဲ့သည်။

+

ဗုဒ္ဓနိုင်ငံသည် ဖျက်ဆီး၍ မရနိုင်သလို သံသရာ၏ အကျိုးသက်ရောက်မှုများ မရှိပဲ ကပ်ဆိုးများ ကျဆင်းနိုင်စွမ်း မရှိပေ။

ထာဝရ တောက်ပသော ဗုဒ္ဓ အလင်းတန်းများသည် ယခုအချိန်တွင် လင်းဖုန်း၏ တာအိုသစ်သီးအား ခုခံနိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

လင်းဖုန်း တာအိုသစ်သီး၏ အစွမ်းအောက်တွင် ဗုဒ္ဓ အလင်းတန်းများက လွင့်ပြယ်သွားခဲ့သော်လည်း ပို၍ နည်းသွားသည့်ပုံ ပေါက်မနေခဲ့ပဲ ဟင်းလင်းပြင်အား ပြည့်နှက်လျက် ရှိသေးသည်။

+

ဤနိဗ္ဗာန် ကမ္ဘာအား ထိုက်ကျိုးယွမ် ရတနာ
အလင်းတန်းက ဖိနှိပ်ထားကာ သူ၏ လည်ပတ်မှုများကို
နှေးကွေးစေခဲ့သော်လည်း သူသည် တည်ငြိမ်နေဆဲ
ဖြစ်သည်။ ယခုအချိန်တွင် ထာဝရ တောက်ပသော ဗုဒ္ဓ
အလင်းတန်းများသည် လင်းဖုန်း၏ ထိုက်ကျိုးယွမ်
ရတနာ အလင်းတန်း အပေါ်၌ အသာစီးပင်
ရလာသကဲ့သို့ ထင်နေရသည်။

ဗုဒ္ဓ အလင်းတန်းများမှ နေ၍ ကြည်လင်သော ဖျက်ဆီးမှု
ဆန္ဒတစ်ခု မွေးဖွားလာ၍ သူတို့ ဖြတ်သန်းသွားသည့်
နေရာတိုင်းတွင် ဗုဒ္ဓ အလင်းတန်းများ
ပျက်စီးသွားခဲ့သော်လည်း သူတို့ တွေ့ခဲ့သမျှ ကျန်သော
အရာများ အားလုံးတို့ကိုလည်း ဖျက်ဆီးပစ်ခဲ့ရာ ဗုဒ္ဓ
အလင်းတန်းများနှင့် အတူ အရာအားလုံးတို့ကလည်း
ပျက်စီးသွားကြသည်။

+

ဒုက္ခ အားလုံးတို့သည် ချက်ချင်းပင်
ပျောက်ကွယ်သွားခဲ့၍ ဖန်ဆင်းခြင်း၊ ဖျက်ဆီးခြင်း၊
တိုးပွားခြင်း၊ လျော့နည်းခြင်းများ အပြင်
ပိတ်ဆို့ခြင်းများလည်း မရှိတော့ပေ။

ဖျက်ဆီးနိုင်သော ဗုဒ္ဓ အလင်းတန်းများ၏ နှစ်ခြင်း
မင်္ဂလာအောက်တွင် ထိုက်ကျိုယွမ် ရတနာ
အလင်းတန်းမှ ထုတ်ဖော်ထားသည့် စီးဆင်းနေသော
အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းတွင်
ကျိုးပျက်သွားကြသည်။

သကျမုနိသည် သူ၏ လက်ဝါးအား လင်းဖုန်း၏
လက်ဝါးထံသို့ တွန်းထုတ်လိုက်သည်။

+

အစ ပထမတွင် လင်းဖုန်း၏ လက်ဝါးသည် ဗုဒ္ဓနှင့် ကောင်းကင်စေတီ အပေါ်သို့ ကျဆင်းလာခဲ့ခြင်း ဖြစ်သော်လည်း ယခုအချိန်တွင် သူသည် တိုက်ခိုက်မှုကို ခုခံနေရသည့်သူ အဖြစ်သို့ ရောက်သွားသည်ဟု ခံစားနေခဲ့ရသည်။ သူ့အား ဖိနှိပ်ရန် ကြိုးစားနေခဲ့သူမှာ ဗုဒ္ဓပင် ဖြစ်သည်။

သူတို့၏ အခြေအနေသည် ယခုအချိန်တွင် ပြောင်းပြန် ဖြစ်သွားခဲ့လေပြီ။

## စာစဥ် ၇၅ : အပိုင်း ၉

## အပိုင်း ၁၄၅၉ : ဖျက်ဆီး၍ မရနိုင်သော လောက၏ အပေါ်

+

ဗုဒ္ဓ၏ လက်ဝါးက ကျဆင်းလာသော အခါ လင်းဖုန်း၏ ကမ္ဘာသည် ပြောင်းပြန် လှန်သွားခဲ့သည်။

အစ ပထမတွင် သူ၏ လက်ဝါးသည် ဗုဒ္ဓအပေါ်သို့ ကျဆင်းလာခဲ့ခြင်း ဖြစ်သော်လည်း ဗုဒ္ဓ အလင်းတန်းများ လင်းလက်လာ၍ အရာဝတ္ထု အားလုံးတို့က အဖျက်ဆီးခံခဲ့ရသော အခါ အခြေအနေက ပြောင်းပြန် ဖြစ်သွားခဲ့သည်။

လေဟာနယ်၏ သဘောတရား၊ အထူးသဖြင့် ထိပ်ပိုင်းနှင့် အောက်ပိုင်းတို့သည် သူတို့၏ မူလ အဓိပ္ပာယ်များ ပျောက်ဆုံးသွားခဲ့ကာ သာမန် အဓိပ္ပာယ်များဖြင့် စဥ်းစား၍ မရနိုင်တော့ပေ။

+

(အတိတ်ကာလ ထိုင်ခုံတွင် ထိုင်နေသည့်) သကျမုနိသည် တိုက်ခိုက်လိုက်သော အခါ (ပစ္စုပ္ပန် ထိုင်ခုံတွင် ထိုင်နေသည့်) စကြာဝဠာ စကျင်ဗုဒ္ဓနှင့် (အနာဂတ် ထိုင်ခုံတွင် ထိုင်နေသည့်) အလင်းတန်း ပုံရိပ်ယောင် တို့သည် သူတို့၏ စွမ်းအားများဖြင့် ကောင်းကင်စေတီအား ထောက်ပံ့ခဲ့ကြကာ သကျမုနိ လက်ဝါးနှင့် အတူ လင်းဖုန်းအပေါ်သို့ ကျဆင်းလာခဲ့လေသည်။

လင်းဖုန်းသည် သူ၏ မျက်ခုံးများကို အနည်းငယ် ပင့်လိုက်ပြီး သဘောကျနေသည့်ပုံ ပေါက်သွားသည်။ သူသည် တစ်စုံတစ်ခုကို တွေးလိုက်သော အခါ လူသားပုံရိပ် တစ်ခု သူ့ဘေးတွင် ပေါ်လာသည်။ သူသည် ကြမ္မာပန်းတိုင် ကောင်လေးပင် ဖြစ်သည်။

+

ကြမ္မာပန်းတိုင် ကောင်လေးသည် ပြိုလဲခြင်း စာအုပ်ကို ကိုင်ဆောင်ထားကာ စာရွက်များကို ဖြည်းဖြည်းချင်း လှန်လိုက်သော အခါ ဖျက်ဆီးမှု ခါတ်ငွေ့များ တစ်တန်းပြီး တစ်တန်း ထွက်လာခဲ့သည်။

သူတို့သည် စီးဆင်းနေသော အနက်ရောင် ခါတ်ငွေ့များ အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားခဲ့ပြီး ဖျက်ဆီးနိုင်သော ဗုဒ္ဓ အလင်းတန်းများကို ခုခံခဲ့ကြသည်။

စီးဆင်းနေသော ခါတ်ငွေ့များသည် ကျယ်ပြန့်သော နယ်မြေအား ဖုံးလွှမ်းနေပြီး မဟာကမ္ဘာ တစ်ခုလုံးအား ယိုယွင်းနေသော အခြေအနေ တစ်ခုသို့ ဝင်ရောက်စေခဲ့သည်။

+

သို့သော်လည်း ထိုခေတ်ငွေ့များသည် နေရာ
တစ်ခုတည်းထံသို့ စတင် စုစည်းလာကာ
အချိန်ကာလနှင့် လေဟာနယ် အရံအတားများကို
ကျော်လွန်သွားခဲ့ပြီး နောက်ဆုံးတွင် ဖန်ဆင်းထားသော
နိဗ္ဗာန်ကမ္ဘာ အပေါ်သို့ ကျရောက်သွားခဲ့သည်။

ဖျက်ဆီး၍ မရနိုင်၊ ထိတွေ့၍ မရနိုင်ပဲ ထာဝရ
ငြိမ်းချမ်းနေသည်ဟု ထင်နေရသော
နိဗ္ဗာန်ကမ္ဘာကလည်း စတင်၍ ပြိုကျ ပျက်စီးလာခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်ညှိုးဖြင့် ညွှန်ပြလိုက်ရာ သူ၏
တာအိုသစ်သီးသည် ထာဝရ ကပ်ဘေး အလင်းတန်း
အဖြစ်သို့ ပြောင်းသွားခဲ့၍ စီးဆင်းနေသော အနက်ရောင်
ခေတ်ငွေ့များနှင့် အတူ နိဗ္ဗာန်ကမ္ဘာ အတွင်းသို့
ဝင်ရောက်သွားခဲ့ရာ နိဗ္ဗာန်ကမ္ဘာ တစ်ခုလုံးက
လျှင်မြန်စွာ အလွှမ်းခြုံခံခဲ့ရသည်။
+

နိဗ္ဗာန်ကမ္ဘာသည် စတင်၍ ပြင်းထန်စွာနှင့် တုန်ခါလာသော အခါ ထူးခြားသော တစ်စုံတစ်ခုက ဖြစ်ပျက်လာခဲ့သည်။

ခမ်းနားထည်ဝါသော ထိုနိဗ္ဗာန်ကမ္ဘာ အတွင်းတွင် အရာအားလုံးတို့သည် စတင်၍ ပြောင်းပြန် ဖြစ်ကုန်ကြသည်။

ကောင်းကင်နှင့် မြေကြီးတို့သည် နေရာ ပြောင်းသွားကြ၍ မရေမတွက်နိုင်သော ဆာဟာ ပန်းများက ကြွေကျလာခဲ့ကာ ပြောင်းပြန်လှန်နေသော တောင်ထိပ်တစ်ခုကို ဖော်ပြခဲ့သည်။

+

ထိုတောင်ထိပ်သည် အမတန်မှ ကြီးကျယ်ခမ်းနားကာ မြင့်မားလှ၍ သူကိုယ်တိုင် ကမ္ဘာတစ်ခုနှင့် တူနေခဲ့သည်။ မရေမတွက်နိုင်သော ဗုဒ္ဓများ၊ ဗောဓိသတ္တများ၊ ရိုဟန်များ၊ ကိုရင်များနှင့် အခြားသူများတို့သည် ဤတောင်ထိပ် အပေါ်တွင် ထိုင်နေကြသည်။

သို့သော်လည်း ဤတောင်ထိပ်သည် ယခုအချိန်တွင် ပြောင်းပြန် လှန်သွားခဲ့သဖြင့် မဟာကမ္ဘာအား ဖိနှိပ်နိုင်သော သူ့စွမ်းအားကို ဆုံးရှုံးသွားခဲ့သည်။

ဗုဒ္ဓများ၊ ရိုဟန်များ၊ ကိုရင်များနှင့် ကျန်သောသူများသည် တောင်ထိပ်က ပြောင်းပြန်လှန်သွားသော အခါ သူ့အပေါ်မှ ပြုတ်ကျသွားကြသည်။

+

ဤအရာသည် ကမ္ဘာဖျက် ကပ်ဘေး တစ်ခု၏
အစမြင်ကွင်းကို ကြိုတင် ပြသနေသကဲ့သို့
ဖြစ်နေခဲ့သည်။

နိဗ္ဗာန်ကမ္ဘာ တစ်ခုလုံးသည် ငြိမ်သက် အေးချမ်းမှုများ
ပျောက်ကွယ်သွား၍ ကစဥ့်ကလျားမှုများ ဖြစ်ပွားနေကာ
အစီအစဥ်များ ကမောက်ကမ ဖြစ်နေသော
ဗီပရာလိုပါခေတ် အတွင်းသို့ ကျရောက်သွားသကဲ့သို့
ဖြစ်နေသည်။

ဤကမ္ဘာဖျက် မြင်ကွင်းက စတင်၍ ပျံ့နှံ့လာသော အခါ
နိဗ္ဗာန်ကမ္ဘာသည် ဖြည်းဖြည်းချင်း ပြိုလဲလာခဲ့သည်။

ကောင်းကင် စေတီကပင် ဤအချိန်၌ စတင်၍
ယိမ်းယိုင်လာခဲ့ကာ စေတီ အနားမှ ဗုဒ္ဓပုံရိပ်ပေါင်း

+

လေးသောင်း ရှစ်ထောင်တို့ကလည်း စတင်၍
မေးမိုန်လာပြီး သူတို့၏ ကျမ်းစာ
ရွတ်ဖတ်သံများကလည်း ပို၍ပို၍ တိုးလာခဲ့သည်။

ရောမ ကောင်းကင်စေတီကြီးသည် ဤအချိန်တွင်
ဟင်းလင်းပြင် အတွင်း၌ တစ်ဘက်သို့
စောင်းသွားခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် အရပ်မျက်နှာကို ခွဲခြားရန်
ပို၍ပို၍ ခက်ခဲလာကာ ဗုဒ္ဓ အလင်းတန်းများ၏
ထောက်ပံ့မှုဖြင့် မယိမ်းယိုင်ဟု ထင်နေရသော
ကောင်းကင်စေတီသည် မည်သည့် လေဟာနယ်
ဒိုင်မန်းရှင်း အတွင်းတွင် ဖြစ်စေ မားမားမတ်မတ်
ရပ်တည်နိုင်စွမ်း ရှိသည်။

+

သို့သော်လည်း ယခုအချိန်တွင် တစ်ယောက်သည် စေတီက တစ်ဘက်သို့ စောင်းလာသည်ကို ကောင်းစွာ ခံစားနေရသည်။

ဤယိမ်းယိုင်လာမှုသည် စေတီထိပ်တွင် ထိုင်နေသော သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့အား တိုက်ရိုက် အကျိုးသက်ရောက်မှု ရှိစေခဲ့သည်။ သူတို့သည် ဟန်ချက်ညီအောင် ထိန်းမထားနိုင်တော့ပဲ ကောင်းကင်စေတီ အပေါ်မှ ပြုတ်ကျတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

"ရဲဘော်... ခင်ဗျားရဲ့ အယူအဆတွေဟာ ကျုပ်အယူအဆတွေနဲ့ ကွဲပြားပေမဲ့ ခင်ဗျားက ကျုပ်ကို မတိုက်ခိုက်ရင် တော်သေးတယ်... ဒါပေမဲ့ ခင်ဗျားက တိုက်ခိုက်ခဲ့တဲ့ အတွက် ကျုပ်ကလည်း တုံ့ပြန်ရလိမ့်မယ်" လင်းဖုန်းက ရယ်လိုက်သည်။

+

"တကယ်လို့ ခင်ဗျားက ကျုပ်ကို မနိုင်ခဲ့ရင် ကျုပ်တို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆက်နေနိုင်တယ်... တကယ်လို့ ခင်ဗျားက ကျုပ်ကို နိုင်ခဲ့ရင် ကျုပ်က ဒီကမ္ဘာကနေ ပျောက်ကွယ်သွားမယ်... ရဲဘော်... ခင်ဗျားရဲ့ တွက်ချက်မှုတွေက တကယ်ပဲ ကောင်းမွန်လှတယ်... ဒါပေမဲ့ ကျုပ်က လုံးဝ သဘောကောင်းတဲ့သူ တစ်ယောက် မဟုတ်ဘူး"

စကားပြောနေရင်း သူ၏ အခြားလက်အား ဆန့်တန်းလိုက်ရာ ထိုက်ကျိယွမ် ရတနာ အလင်းတန်းက ထပ်ဖန်တစ်ခါ ဖုံးလွှမ်းသွားသည်။ သို့သော်လည်း ဤအချိန်တွင် သူ့အား ဖယ်ရှား၍ မရနိုင်တော့ချေ။

+

တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်းသော စီးဆင်းနေသည့် အလင်းတန်းများသည် ကောင်းကင်စေတီ အပေါ်တွင် စတင်၍ လွှမ်းခြုံလာကာ ထူးခြားဆန်းကြယ်၍ ကြီးမားသော စွမ်းအားများကို ထုတ်လွှတ်လိုက်ပြီး ကောင်းကင်စေတီအား ကျွမ်းထိုးမှောက်ခုံ ဖြစ်စေခဲ့ရာ ရောမ ကောင်းကင်စေတီကလည်း တစ်ဘက်သို့ လုံးဝ လဲသွားခဲ့သည်။

နိဗ္ဗာန် ကမ္ဘာကလည်း လုံးဝ ပျက်စီးသွားကာ စကြာဝဠာ စကျင်ဗုဒ္ဓ ဖန်ဆင်းထားသော ဗုဒ္ဓ ပုံရိပ်များကလည်း ပျောက်ကွယ်သွားခဲ့သည်။

သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ကလည်း သက်ပြင်းတစ်ချက် ချလိုက်ကာ ကောင်းကင်စေတီ အပေါ်မှ ဆင်းလာခဲ့သည်။

+

အကယ်၍ သူတို့က အချိန်မီ မထွက်လာခဲ့ပါက ကောင်းကင်စေတီ လဲကျလာသော အချိန်တွင် ပိမိသွားနိုင်သည်။

အကယ်၍ လင်းဖုန်းသည် သူ၏ ဖိအားများကို ဆက်လက်၍ တိုးမြှင့်နေပါက သူတို့နှစ်ယောက်သည် ကောင်းကင်စေတီ၏ အောက်တွင် အဖိခံခဲ့ရမည် ဖြစ်သည်။

မဟာမိုးကြိုး ကျောင်းတော်အား တည်ထောင်သူ ဖြစ်၍ ဗုဒ္ဓဝါဒ၏ ခေါင်းဆောင်ဖြစ်သော ရှုလိုင် တာအိုဆရာသည် ကောင်းကင်စေတီ အပေါ်မှ အတွန်းချ ချခဲ့ရခြင်း ဖြစ်သည်။

+

ထိုက်ရီသူတော်စင်သည် သူ့အရှေ့မှ အံ့သြ တုန်လှုပ်ဖွယ်ရာ မြင်ကွင်းအား 'ကြည့်'နေရင်း သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။

ကျန်းရီသူတော်စင်နှင့် ရွှမ်းရီသူတော်စင် တို့ကလည်း ဤအချိန်တွင် အလွန်အမင်း လေးနက်လာကြသည်။ ဝက်ပါချိုးဖောက်ဖုံ၏ မူလ စိတ်ဝိညာဉ် ဖြစ်သော ဖုံနတ်သားနှင့် ဟင်းလင်းပြင် ယင်ယန်နာရီ၏ မူလ စိတ်ဝိညာဉ် ဖြစ်သော ယင်းယန် အကြီးအကဲသည် သူတို့၏ဘေးတွင် ရှိနေကြသည်။

သူတို့လေးယောက်သည် ယခုအချိန်တွင် သူတို့ကိုယ် သူတို့ပင် မကာကွယ်နိုင်ကြတော့ပေ။ လင်းဖုန်းသည် ဗုဒ္ဓနှင့် တိုက်ခိုက်နေသည့် အချိန်တွင် သူတို့သည် အခြားတစ်ဘက်တွင် ရှိနေခဲ့သော်လည်း လင်းဖုန်း၏ ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော

+

ကမ္ဘာမှော်ကျိန်စာ အတွင်းတွင် ပိတ်မိနေကြဆဲ ဖြစ်သည်။

လင်းဖုန်းသည် သူတို့အပေါ်၌ အာရုံစိုက်နေခြင်း မရှိသော်လည်း သူဖန်ဆင်းထားသည့် ဤမှော်ကျိန်စာသည် လှောင်အိမ်တစ်ခုနှင့် တူနေခဲ့ကာ သူ့ထံမှ ထွက်လာသည့် ထူးခြား ဆန်းကြယ်သော စွမ်းအားများသည် မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်အား ဆွဲဖြဲနိုင်တော့မည်ဟု ထင်နေရသည်။ ပြီးတာနှင့် သူတို့သည် ဝက်ပါချိုးဖောက်ဗုံနှင့် ဟင်းလင်းပြင် ယင်ယန်နာရီတို့အား တိုက်ခိုက်တော့မည် ဖြစ်သည်။

ထူးခြားဆန်းကြယ်သော ဤစွမ်းအားများသည် အဆက်မပြတ် ထွက်ပေါ်လာပြီး အပြင်းအထန်

+

ဒဏ်ရာရနေသော ကျန်းရှိသူတော်စင်နှင့် ရှမ်းရှိ သူတော်စင်တို့အား အားနည်းအောင် ပြုလုပ်နေခဲ့သည်။

သူတို့ကိုယ်တိုင်က ဒုက္ခရောက်နေခဲ့သော်လည်း သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့သည် လင်းဖုန်းကြောင့် ကောင်းကင်စေတီ အပေါ်မှ ပြုတ်ကျသွားခဲ့သည်ကို မြင်ခဲ့ရသော အခါ အားလုံးတို့က ထိတ်လန့် တုန်လှုပ်သွားကြသည်။

အန္တိမ ကောင်းကင်ကြေးမုံသည် သူ၏ အသက်စွမ်းအင်များကို ဖြည်းဖြည်းချင်း ပြန်လည် အားဖြည့်နေပြီး ထိုက်ရှိသူတော်စင်သည် အနည်းငယ် စိတ်ဓာတ်ကျနေသည့်ပုံ ပေါက်နေသော်လည်း အန္တိမ ကောင်းကင်ကြေးမုံအား သူ၏ လက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။

+

အန္တိမ ကောင်းကင်ကြေးမုံသည် သေမင်းပင်လယ်
အတွင်းသို့ လမ်းဆက်ဖောက်နေရင်း ကြေးမုံ
အလင်းတန်း တစ်ခုအား ထုတ်လွှတ်လိုက်ရာ
လင်းဖုန်း၏ ခါတ်နှစ်ပါး မူလပြန်လာခြင်း
ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာ အပေါ်သို့
ကျဆင်းလာခဲ့သည်။

ကြေးမုံ အလင်းတန်း လင်းလက်လာသော အခါ
ထူးခြားဆန်းကြယ်သော ကမ္ဘာ မှော်ကျိန်စာကလည်း
စတင်၍ ပြိုကွဲလာခဲ့သည်။

လင်းဖုန်းသည် လှည့်ကြည့်လိုက်ကာ ပြုံးလိုက်သည်။
"ဒီမှာပဲ လိမ်လိမ်မာမာနေပါ" သူ၏စကား ဆုံးသည်နှင့်

+

လေထုအလယ်သို့ ညွှန်ပြလိုက်ရာ အလင်းစက် တစ်စက် ပျံ့သန်းထွက်လာခဲ့သည်။

ထိုအလင်းစက်သည် ဟင်းလင်းပြင် အတွင်းတွင် ကျယ်ပြန့်လာ၍ မရေမတွက်နိုင်သော အဆောင်လက်ဖွဲ့ ပုံစံများ အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်အား ဖုံးလွှမ်းသွားသည်။

ရောမ ဝက်ပါ တစ်ခု ပေါ်လာကာ သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါပင် ဖြစ်သည်။ ဝက်ပါ အတွင်းတွင် ခမ်းနားထည်ဝါသော ရောမ နတ်နန်းတော် တစ်ခုက ရေးရေးလေး ပေါ်လာ၍ ကြီးစိုး လွှမ်းမိုးနိုင်သော စွမ်းအားတစ်ခုကို ဖော်ပြလိုက်သည်။ ထိုနန်းတော်သည် ကြမ္မာပန်းတိုင် အဆင့်မှ တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်ပင် ဖြစ်သည်။

+

တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ၏ ဝက်ပါမျက်လုံး နေရာတွင် နေနေခဲ့၍ မရေမတွက်နိုင်သော ပြောင်းလဲမှုများကို ဖော်ထုတ်လိုက်ရာ အလင်းတန်းများ ထွက်ပေါ်လာ၍ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများကို ဟန့်တားလိုက်သည်။

အန္တိမ ကောင်းကင်ကြေးမုံ၏ စွမ်းအား တစ်စိတ်တစ်ပိုင်းသည် သေမင်းပင်လယ် အတွင်းသို့ လမ်းဖောက်ရန် အတွက် အသုံးပြုနေရခြင်း ဖြစ်သည်။ သူသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါနှင့် တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်တို့၏ တားဆီးခြင်းကို ခံခဲ့ရသော အခါ နှေးကွေးသွား၍ ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာအား မဖျက်ဆီးနိုင်တော့ပေ။

+

ထိုက်ရှီသူတော်စင်သည် သက်ပြင်းများကို အဆက်မပြတ် ချနေရင်း သူ၏ လက်ဝါးအစုံကို စုစည်းလိုက်သည်။ သူသည် မှော်ကျိန်စာ တစ်ခုကို ထုတ်လွှတ်လိုက်ရာ အနက်ရောင် တိမ်တိုက်များနှင့် ရွှေရောင် အလင်းတန်းများသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါနှင့် ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာတို့ထံသို့ ဆင်းသက်လာခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်ညှိုးဖြင့် ဆက်လက် ညွှန်ပြနေရာ နောက်ထပ် ရှေးမ ဝက်ပါတစ်ခု ပေါ်လာခဲ့သည်။ ထိုအရာသည် သူ၏ ကိုယ်ပိုင် စွမ်းအားများဖြင့် ဖန်ဆင်းထားသော နောက်ထပ် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ တစ်ခု ဖြစ်သည်။

+

ဝက်ပါ အစစ်နှင့် ပုံရိပ်ယောင် ဝက်ပါတို့က ပေါင်းစည်းသွားသော အခါ သူတို့၏ စွမ်းအားများက ထိုးတက်လာကြကာ ရှုပ်ထွေး၍ ထူးခြားဆန်းကြယ်သော ပြောင်းလဲမှုများ ဆက်ဖြစ်နေကြပြီး အောက်ဘက်မှ ကျန်းရှိသူတော်စင်နှင့် ကျန်သောသူများကို ဆက်လက်၍ ဖိနှိပ်ထားခဲ့သည်။

အခြားတစ်ဘက်တွင် သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့သည် ကောင်းကင်စေတီ အပေါ်မှ ပြုတ်ကျလာခဲ့ကြသော်လည်း လင်းဖုန်းသည် သူတို့အား မရပ်တန့်ပဲ ဆက်လက် တိုက်ခိုက်နေခဲ့သည်။ သူ၏ လက်ချောင်းများကို ဆက်လက် ဆန့်တန်းထားရာ စီးဆင်းနေသော အလင်းတန်းများသည် ကောင်းကင်နှင့်

မြေကြီးတို့ အကြားတွင် ထောင်ချောက်တစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

ပြီးတာနှင့် သူသည် သူ၏လက်ဝါးအား ဆန့်ထုတ်လိုက်၍ ကြမ္မာပန်းတိုင် ကောင်လေး၏ လက်အတွင်းမှ ပြိုလဲခြင်း စာအုပ်အား ပိတ်လိုက်သည်။

အစွမ်းထက်၍ ဖျက်ဆီးနိုင်စွမ်း အားကောင်းသော အရှိန်အဝါ တစ်ခုသည် စာအုပ်အတွင်းမှ ထွက်လာ၍ ကောင်းကင်စေတီနှင့် ဗုဒ္ဓတို့အား လွှမ်းခြုံသွားသည်။

သကျမုနိ၊ စကြာဝဠာ စကျင်ဗုဒ္ဓနှင့် ကောင်းကင်စေတီတို့သည် ဤအချိန်တွင် ပြိုလဲတော့မည့် လက္ခဏာများကို စတင်၍ ပြသလာခဲ့သည်။

+

ကောင်းကင်စေတီ အပေါ်မှ ကြည်လင်၍ ထွင်းဖောက်မြင်နေရသော ဗုဒ္ဓ အလင်းတန်းများသည် စတင်၍ မှေးမှိန်လာကြကာ စကြာဝဠာ စကျင်ဗုဒ္ဓ၏ လက်များကို ဖုံးလွှမ်းထားသော ကြယ်အလင်းတန်းများနှင့် တူနေသည့် တောက်ပသည့် အလင်းတန်းများကလည်း ငြိမ်းသတ်သွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

စကြာဝဠာ စကျင်ဗုဒ္ဓသည် ယခုအချိန်တွင် ဖုန်မှုန့်တစ်လွှာနှင့် အဖုံးလွှမ်း ခံထားရသကဲ့သို့ ဖြစ်နေ၍ စိတ်ကြည်လင်နေခြင်း မရှိပဲ ပြဿနာ များစွာတို့နှင့် ရင်ဆိုင်နေရသကဲ့သို့ ဖြစ်နေသည်။

လင်းဖုန်းသည် သူ၏ လက်ချောင်းများဖြင့် ပြိုလဲခြင်း စာအုပ်၏ အဖုံးကို ပွတ်သပ်နေရင်း သကျမုနိအား

+

ပြုံးပြကာ ပြောလိုက်သည်။ "ရဲဘော်... ခင်ဗျားက အရှုံးအနိုင်ကို ဆုံးဖြတ်ဖို့ မဟာကပ်ဘေးကို အသုံးပြုချင်နေတာလား... ကျုပ်ကလည်း အခုပဲ ဒီလို လုပ်တော့မလို့"

သကျမုနိသည် သူ့စကားများကို ကြားခဲ့ရသော အခါ ငြိမ်သက်နေခဲ့ပြီး လင်းဖုန်းကိုသာ တည့်တည့် စိုက်ကြည့်နေခဲ့သည်။

သေမင်းပင်လယ် အတွင်းတွင် မဟာဟင်းလင်းပြင် သူတော်စင်သည် ထိုင်နေဆဲ ရှိသေးကာ ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာ အတွင်းတွင် အချုပ်နှောင်ခံနေရသော ကျန်းရီနှင့် ရှွမ်းရီ သူတော်စင်တို့အား ဝေ့ကြည့်လိုက်ပြီး နောက်ဆုံးတွင် သူ့အာရုံသည် လင်းဖုန်း၏ ဖိနှိပ်မှုကို ခံနေရသည့် ဗုဒ္ဓအပေါ်သို့ ကျရောက်သွားခဲ့သည်။
+

"ရဲဘော်... ခင်ဗျားရဲ့ အချိန်က ပြည့်တော့မယ်"
မဟာဟင်းလင်းပြင် သူတော်စင်သည် သူ့ပါးစပ်အား
ဟကာ ပြောလိုက်သည်။

သကျမုနိသည် သူ့စကားများကို ကြားခဲ့ရသော အခါ
သေမင်းပင်လယ်ဘက်သို့ လှည့်ကြည့်လိုက်၍
လင်းဖုန်းထံသို့ ပြန်ကြည့်လိုက်ကာ အချိန်အတန်ကြာ
စကား မပြောခဲ့ပေ။

လင်းဖုန်း၏ အာရုံကလည်း သေမင်းပင်လယ် အပေါ်သို့
ကျရောက်သွားခဲ့၍ မဟာဟင်းလင်းပြင်
သူတော်စင်သည် ထိုနေရာတွင် တည်ငြိမ်စွာ
ထိုင်နေခဲ့သည်ကို တွေ့ခဲ့ရသော်လည်း သေမင်းပင်လယ်

+

အတွင်းမှ ထကြွ လှုပ်ရှားမှုများသည် ပို၍ပို၍ ပြင်းထန်လာသည်ကို သတိပြုမိခဲ့သည်။

အသံမဲ့ လှိုင်းတစ်လှိုင်းက မြင့်တက်လာ၍ အရွယ်အစား ကြီးမားလာခဲ့သည်။ မဟာဟင်းလင်းပြင် သူတော်စင်သည် ထိုလှိုင်းလုံး အပေါ်တွင် ထိုင်နေခဲ့သော်လည်း သူ၏ ခန္ဓာကိုယ်သည် လှိုင်းလုံး၏ စည်းချက်နှင့် အညီ စတင်၍ လှုပ်ရှားလာခဲ့သည်။

လင်းဖုန်းသည် သူ၏ အကြည့်ကို စူးစိုက်လိုက်၍ သူ၏ အသိစိတ် ပင်လယ်ဖြင့် အသေးဆုံးမှ အကြီးဆုံး အထိ ဖြစ်တည်မှုများ အားလုံးကို အသေအချာ အကဲခတ်နေခဲ့သည်။

+

သူသည် သေမင်းပင်လယ် အတွင်းမှ ရေများဖြင့် ကောင်းကင်ဖျက်ဆီး ခေါ်အား တစ်ခါ ကျင့်ကြံခဲ့ဖူးသည်။ ယခုအချိန်တွင် သူသည် သေမင်းပင်လယ် အတွင်းမှ ရေများနှင့် ထပ်ဖန်တစ်ခါ ကြုံတွေ့ခဲ့သော အခါ သေမင်းပင်လယ် အတွင်းတွင် တစ်စုံတစ်ရာက နိုးထလာသကဲ့သို့ ဖြစ်နေသည်ကို ရေးရေးလေး အာရုံခံနိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏ မျက်လုံးများကို ပင့်၍ မဟာဟင်းလင်းပြင် သူတော်စင်အား ကြည့်လိုက်ကာ လေးနက်စွာဖြင့် မေးလိုက်သည်။ "မဖျက်ဆီးနိုင်သော လောက အပေါ်နဲ့ လျှို့ကြီး လောကတို့ရဲ့ အောက်မှာ နောက်ထပ် အဆင့်တစ်ဆင့် ရှိသေးတာလား"

ကြမ္မာပန်းတိုင် ကပ်ဘေး စုစုပေါင်း သုံးဆင့် ရှိသည်။ ကြမ္မာပန်းတိုင် ပထမ ကပ်ဘေးအား

+

ပြီးမြောက်သွားသော သူများသည် ဗီပရာလိုပါ အဆင့်ကို ရောက်သွားကြမည် ဖြစ်၍ ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးအား ပြီးမြောက်သွားကြသူများသည် မဖျက်ဆီးနိုင်သော လောကသို့ ရောက်သွားကြမည် ဖြစ်သည်။ မဟာကပ်ဘေး ကျဆင်းလာလျှင်ပင် တစ်ယောက်သည် ထိုလောက အတွင်း၌ အဖျက်ဆီး မခံရနိုင်ပေ။

ကြမ္မာပန်းတိုင် နောက်ဆုံးကပ်ဘေးအား စဦးပိုင်း သို့မဟုတ် နောက်ဆုံးအဆင့် ဟူ၍ ခွဲခြားထားခြင်း မရှိပဲ စဦးပိုင်း အဆင့်တစ်ခုသာ ရှိသည်။

ထိုကပ်ဘေးအား ကျော်ဖြတ်ရမည့် ဖြစ်စဥ်ကို မူလကောင်းကင် ကမ္ဘာ အတွင်းတွင် မည်သူမှ မသိခဲ့ကြပေ။ သို့သော်လည်း ထိုအရာသည် အစွမ်းထက်သော ကျင့်ကြံသူတိုင်း၏ ပန်းတိုင်ဖြစ်သည်။

+

ဤအဆင့်သို့ နီးကပ်လာကြသော သူများအနေဖြင့် ခံစားချက် ပုံစံအချို့ကို စတင်၍ ခံစားခဲ့ရကာ ကိုယ်ပိုင် အယူအဆများကို ဖန်တီးနိုင်ခဲ့ကြသည်။

အများစုသည် ထိုလောကသို့ ရောက်သွားလျှင် ထာဝရ ဖြစ်သွားမည်ဟူ တွက်ချက်နေကြသည်။ ကြမ္ဘာပန်းတိုင်က ပျက်စီးသွားခဲ့လျှင်ပင် ထိုလောက အတွင်းမှ သူသည် အဖျက်ဆီးခံရမည် မဟုတ်ပဲ ကြမ္ဘာပန်းတိုင်၏ အကျိုးသက်ရောက်မှုကို လုံး၀ ခံရတော့မည် မဟုတ်ချေ။

ထိုလောကအား လျှို့ကြီး လောကဟု ခေါ်ကာ ထာ၀ရ လောက ဟူ၍လည်း သိထားကြသည်။

+

လင်းဖုန်းသည် အင်မော်တယ် ဝိညာဥ် တတိယ အဆင့်သို့ ရောက်သွားပြီး၍ ကောင်းကင်နှင့် မြေကြီးတို့၏ တာအိုများ အပေါ်တွင် နားလည်မှု အဆင့်တစ်ဆင့် ပိုမြင့်သွားသော အခါ မဖျက်ဆီးနိုင်သော လောကနှင့် လျှို့ကြီး လောကတို့ အကြားတွင် အလယ်အဆင့် တစ်ခု ရှိနေသေးသည်ဟု ဖြည်းဖြည်းချင်း အာရုံခံနိုင်ခဲ့သည်။

## စာစဥ် ၇၅ : အပိုင်း ၁၀

## အပိုင်း ၁၄၆၀ : သေခြင်းနှင့် ပျက်စီးခြင်းများ မရှိသော ထာဝရ လောက

+

လျှိုကြီးသည် အချိန်ကာလနှင့် လေဟာနယ် ဒိုင်မန်းရှင်းများ အားလုံးတို့တွင် တည်ရှိနေကာ ထာဝရ ဖြစ်နေခဲ့သည်။

ဤအရာသည် ဟေးဒီးစ်ကေရာဇ်က သူ့သားအား လျှိုကြီးဟု နာမည်ပေးခဲ့သော အကြောင်းရင်းပင် ဖြစ်ပေလိမ့်မည်။ သူ့နာမည်သည် ဟေးဒီးစ် ကေရာဇ်က သူ့သားအပေါ်တွင် ထားခဲ့သော မျှော်လင့်ချက်များကို ကိုယ်စား ပြုနေခဲ့သည်။ လူသားများ ဖြစ်စေ၊ မိစ္ဆာများ ဖြစ်စေ၊ လျှိုကြီးလောကသည် ကျင့်ကြံသူများ အားလုံးတို့၏ နောက်ဆုံးပန်းတိုင် ဖြစ်သည်။

သို့သော်လည်း ယခင်ကတည်းက တစ်ယောက်ကမှ ဤလောကသို့ မရောက်နိုင်ခဲ့ကြပေ။

+

လင်းဖုန်းသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့
ရောက်သွားသော အခါ သူ၏ မဟာတာအိုအား
နားလည်မှုသည် အမြင့်ဆုံး အဆင့်သို့
ရောက်သွားခဲ့သည်။

သူသည် မဖျက်ဆီးနိုင်သော လောကနှင့်
လျှို့ကြီးလောကတို့ အကြားတွင် နောက်ထပ်
အဆင့်တစ်ခု ရှိနေမှန်းကို အာရုံခံနိုင်ခဲ့သည်။

ဤအဆင့်သည် အမတန်မှ ထူးခြား ဆန်းကြယ်လှပြီး
ဤအဆင့်တွင် တစ်ယောက်၏ စွမ်းအားများသည်
မတိုးတက်လာနိုင်သော်လည်း တာအို
သဘောတရားများက ပြောင်းလဲသွားသည်။

+

ဤလောက အတွင်းသို့ ဝင်ရောက်သွား အပြီးတွင် တစ်ယောက်၏ စွမ်းအားများသည် မတိုးတက်ခဲ့သော်လည်း ကြမ္မာပန်းတိုင် တာအိုအား နားလည်မှုသည် တိုးတက်လာ၍ လျှိုကြီးလောကနှင့် ပို၍ နီးကပ်လာကာ သာလွန်နိုင်ခြေ ရှိလာနိုင်သည်။ ဤအရာသည် မသာလွန်မီ နောက်ဆုံး ပြင်ဆင်မှုပင် ဖြစ်သည်။

လင်းဖုန်းသည် ထိုက်ကျိစာအုပ်အား ဖန်တီးနိုင်၍ သူ၏ တာအိုသစ်သီးအား ကျင့်ကြံနိုင်ခဲ့သော အခါ သူ၏ ကောင်းကင်နှင့် မြေကြီးတို့၏ ကြမ္မာပန်းတိုင်အား နားလည် သဘောပေါက်မှုသည် ဤလောက၏ စံနှုန်းနှင့် တူညီသွားခဲ့သည်ဟု အာရုံခံနိုင်ခဲ့သည်။

+

ယခုအချိန်တွင် သေမင်းပင်လယ်၏ ထကြွ
လှုပ်ရှားမှုများကို မြင်ခဲ့ရသော အခါ ဤခံစားချက်သည်
ပို၍ ကြည်လင် ပြတ်သားလာခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် လင်းဖုန်းအား
ကြည့်၍ ပြောလိုက်သည်။ "ကျုပ်က ဒါကို ထာဝရ
တံတားလို့ နာမည်ပေးထားတယ်... တစ်ယောက်ဟာ
ဒီတံတား အပေါ်ကို တက်နိုင်ခဲ့ရင် ထာဝရ ဆီကို
လျှောက်လှမ်းနိုင်တော့မယ်... ဒါပေမဲ့ ဒါက
ခြေတစ်လှမ်းသာ ဖြစ်နေနိုင်သလို ဘယ်တော့မှ မဆုံးတဲ့
လမ်းကြောင်း တစ်ခုလည်း ဖြစ်နေနိုင်တယ်"

"ကျုပ်ဟာ ဘယ်သူက လျှို့ကြီးလောကကို
ရောက်နိုင်လိမ့်မလဲ ဆိုတာကို အမြဲတမ်း
စဉ်းစားနေခဲ့တယ်... ကျုပ်က သေမင်းပင်လယ်
အတွင်းကို ရောက်နေတာ နှစ်ပေါင်းများစွာ ရှိပြီး

+

ဒီတံတား အပေါ်မှာ ထိုင်နေတဲ့ နှစ်တွေက
မရေတွက်နိုင်တော့ဘူး... ဒါပေမဲ့ ကျုပ်ဟာ အရေးပါတဲ့
အခိုက်အတန့် ရောက်လာမှသာ နောက်ဆုံးခြေလှမ်းကို
လှမ်းနိုင်လိမ့်မယ်လို့သာ သိနိုင်ခဲ့တယ်"

မဟာဟင်းလင်းပြင် သူတော်စင်သည် လင်းဖုန်းအား
ဖြေကြားပေးနေသည့် အချိန်တွင် သကျမုနိသည်
တိတ်တဆိတ်ဖြင့်သာ တည်ငြိမ်စွာနှင့် ကြည့်နေခဲ့သည်။

အခြားတစ်ဘက်တွင် ထိုက်ရီသူတော်စင်သည် အံ့အား
မသင့်နေခဲ့ပေ။ သူသည် ယခင်က ဖျက်ဆီး၍
မရနိုင်သော လောကသို့ ရောက်ခဲ့ဖူးပြီး ထာဝရ
တံတားအပေါ်သို့ ခြေမချနိုင်ခဲ့သော်လည်း သူ၏
တည်ရှိနေမှုအား အာရုံခံနိုင်ခဲ့သည်။

+

သို့သော်လည်း တစ်ယောက်သည် ထိုတံတား အပေါ်သို့ တက်နိုင်မည့် နည်းလမ်းကို ကိုယ့်ဘာသာကိုယ် ရှာရမည် ဖြစ်၍ တစ်ယောက်၏ အတွေ့အကြုံကို ဖော်ပြရန် သို့မဟုတ် ဤကိစ္စနှင့် ပတ်သတ်၍ သင်ခန်းစာများကို လက်ဆင့်ကမ်းရန် မဖြစ်နိုင်ပေ။

အကယ်၍ တစ်ယောက်သည် တံတားအပေါ်သို့ တက်နိုင်ခဲ့လျှင် သူသည် အရာအားလုံးကို နားလည်နိုင်မည် ဖြစ်သည်။

လင်းဖုန်းသည် မဟာဟင်းလင်းပြင် သူတော်စင်၏ အောက်ဘက်မှ လှိုင်းထနေသော သေမင်းပင်လယ်မှ ရေများကို ကြည့်လိုက်ကာ သူ၏ခေါင်းကို အသာ ညိတ်လိုက်သည်။ "ကွယ်ကေရာဇ်၊ ကျိကေရာဇ်နဲ့ ပေးဒီးစ် ကေရာဇ်တို့ အားလုံးဟာ ဒီခြေလှမ်းကို လှမ်းနိုင်ခဲ့ကြတယ်"

+

သူ၏ မျက်လုံးများ အတွင်းတွင် အလင်းတန်း တစ်တန်း လင်းလက်လာ၍ ပြောလိုက်သည်။ "ဒီခြေလှမ်းကို လျှောက်လှမ်းပြီးသွားရင် တစ်ယောက်ရဲ့ စွမ်းအားတွေဟာ မတိုးတက်လာနိုင်ပေမဲ့ သူက အများကြီး ပိုပြီးမှ နားလည်လာနိုင်တယ်... ဥပမာ ပြောရရင် ဒီလောက အတွင်းမှာ ထာဝရ သဘောတရားတွေ ရှိနေတယ်"

လင်းဖုန်း၏ အသံသည် ဟင်းလင်းပြင် အတွင်းတွင် ပဲ့တင်ရိုက်နေ၍ သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ် အကြားမှ မီးခိုးရောင် နယ်နိမိတ် အပြင်ရှိ ဗူရှီ၊ ဝမ်လင်း၊ ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်၊ ယန်ချင်နှင့် ကျန်သောသူများ အားလုံးတို့သည် သူ့အသံကို ကောင်းစွာ ကြားနိုင်ခဲ့သည်။

+

အားလုံးတို့သည် အံ့သြ တုန်လှုပ်သွားကြကာ ဤစကား၏ နောက်ကွယ်မှ အဓိပ္ပာယ်အား ပုံဖော်နေခဲ့ကြသည်။

ဤလောက အတွင်းမှ သူများသည် မဟာကမ္ဘာက မပြိုလဲသရွေ့ သေဆုံးကြမည် မဟုတ်ပဲ မူလကောင်းကင် ကမ္ဘာ တည်ရှိနေသရွေ့ သူတို့သည် မူလကောင်းကင် ကမ္ဘာ အနားတွင် ရှိနေကြမည် ဖြစ်သည်။

လူသားတို့သည် အင်မော်တယ်ဝိညာဉ် အဆင့်သို့ တက်လှမ်းနိုင်ကြ၍ မိစ္ဆာတို့သည် မသေမိစ္ဆာ ဝိညာဉ်အား ဖန်ဆင်းခဲ့ကြကာ သူတို့၏ သက်တမ်းသည် ကောင်းကင်နှင့် မြေကြီးတို့နှင့် နီးကပ်စွာ ဆက်သွယ်ထားသည်။ သူတို့သည် ပြင်ပ အင်အားတစ်ခု၏ သတ်ဖြတ်ခြင်းကို မခံခဲ့ရပါက သူတို့၏ သက်တမ်းသည် ကုန်ဆုံးမည် မဟုတ်ချေ။

+

သို့သော်လည်း ထိုကဲ့သို့သော တည်ရှိနေမှုသည် အမတန်မှ တိမ်ကာ ကြမ္မာပန်းတိုင် ကပ်ဘေးသုံးခုအား ထည့်မတွက်လျှင်ပင် အစွမ်းထက်သော အခြား အင်အားစုများ အရှေ့တွင် အားနည်းနေသည့်ပုံ ပေါက်နေသည်။

သေမင်းကေရာဇ်၏ သံသရာအား နားလည် သဘောပေါက်မှုနှင့် သူ၏ ပြန်လည် မွေးဖွားနိုင်သော စွမ်းရည်သည် မယုံနိုင်စရာ ကောင်းလှသည်။

သို့သော်လည်း သူသည် ထိုသို့ ပြုလုပ်နိုင်ရန် အခက်အခဲ များစွာကို ကျော်လွှားရပြီး တစ်ချိန်တည်းတွင် သူသည် ပြင်ပ အင်အားစုများ၏ နှောင့်ယှက်မှုကို ခံရနိုင်သည်။

+

သူသည် ရှေးဟောင်းခေတ်က ယန်ရှင်းဟီနှင့် ပြီးပြည့်စုံခြင်း မရှိသေးသော အန္တိမ ကောင်းကင်ကြေးမုံတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၍ လက်ရှိခေတ်တွင် ပြန်လည် မွေးဖွားလာခဲ့သည်။ သို့သော်လည်း သူသည် ဤတစ်ခေါက်တွင် ဝမ်လင်း၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရကာ နောက်ထပ် ပြန်လည် ရှင်သန်နိုင်မည် မဟုတ်တော့ပေ။

သို့သော်လည်း မဟာဟင်းလင်းပြင် သူတော်စင်ကဲ့သို့သော ထာဝရ တံတားအပေါ်သို့ တက်လှမ်းနိုင်ပြီးသော သူများသည် အစစ်အမှန် အသက်ရှည်ခြင်းကို ခံစားနိုင်ခဲ့သည်။ အကယ်၍ ကောင်းကင်နှင့် မြေကြီးတို့က ပျက်စီးခြင်း မရှိပါက သူတို့သည် သေနိုင်လိမ့်မည် မဟုတ်ချေ။

+

အကယ်၍ သူတို့သည် ပြင်ပ အင်အားစုများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရလျှင်ပင် မူလကောင်းကင် ကမ္ဘာ တည်ရှိနေသေးသရွေ့ ပြန်လာနိုင်မည် ဖြစ်သည်။

အတိုင်းအတာ တစ်ခု အနေဖြင့် ထာဝရ တံတား အပေါ်သို့ ခြေချနိုင်ခဲ့သော သူများကို ဖိနှိပ်ထား၍သာ ရမည်ဖြစ်ပြီး သတ်ဖြတ်၍ ရမည် မဟုတ်ချေ။

ခြွင်းချက်တစ်ခုမှာ အကယ်၍ သူတို့က ကြမ္မာပန်းတိုင် နောက်ဆုံးကပ်ဘေးအောက်တွင် ကြွေလွင့်သွားခဲ့လျှင် ဖြစ်သည်။

လင်းဖုန်းသည် သေမင်းပင်လယ် အပေါ်တွင် သူ့အကြည့်ကို အာရုံစိုက်ထား၍ မဟာဟင်းလင်းပြင်

+

သူတော်စင်အား စိုက်ကြည့်လိုက်သည်။ "ဒီလိုဆိုရင် သေမင်းပင်လယ်က ပြန်လာနိုင်တဲ့ လမ်းကြောင်းပေါ့"

မဟာဟင်းလင်းပြင် သူတော်စင်၏ အသံသည် နက်ရှိုင်းနေသော်လည်း အစစ်အမှန် မဟုတ်ဟု ထင်နေရသည်။ "ကျုပ်က သေမင်းပင်လယ် အတွင်းကို မဝင်ခင်မှာ ခံစားချက် ရေးရေးလေး ရှိပေမဲ့ သိပ်မသေချာနေခဲ့ဘူး... ကျုပ်က သေမင်းပင်လယ် အတွင်းကို ဝင်လာပြီး ဒီတံတား အပေါ်ကို တက်လှမ်းနိုင်ခဲ့မှသာ အရာအားလုံးကို နားလည်နိုင်ခဲ့တယ်"

"ကျုပ်က ပြန်လာနိုင်ပေမဲ့ သေမင်းပင်လယ် အတွင်းမှာ အချိန်အကြာကြီး အသုံးပြုရဦးမယ်"

+

မဟာဟင်းလင်းပြင် သူတော်စင်က ပြောလိုက်သည်။
"ကြွယ်ကေရာဇ် အပြင် နောက်ထပ် မိတ္တာနှစ်ကောင် ရှိသေးတယ်... ကျုပ်က သူတို့ရဲ့ နာမည်တွေကို မသိဘူး... တစ်ယောက်က ပြန်လာနိုင်ဖို့ အချိန် အနည်းငယ် လိုနေသေးတယ်... နောက်တစ်ယောက်က ကြွယ်ကေရာဇ်နဲ့ အခြေအနေ တူပြီး ပြန်လာနိုင်ပေမဲ့ သူ့ရဲ့လမ်းကြောင်းကို ကျုပ်နဲ့ ရူလိုင် တာအိုဆရာတို့က ပိတ်ထားခဲ့တယ်"

"ပြန်ပြီးမှ စဉ်းစားကြည့်လိုက်ရင် သူက အစွန်းရောက် စိတ်ဝိညာဉ် ရှန်းယွမ် ဖြစ်လိမ့်မယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။
"တကယ်လို့ သူတို့ သုံးယောက်ထဲသာ ဆိုရင် ဘိုလင် ဝမ်ထျန်းဟာ ထာဝရ တံတားအပေါ်ကို မတက်လှမ်းနိုင်ခဲ့ဘူး"

+

ခေတ္တမျှ ရပ်နားပြီးနောက် လင်းဖုန်းက
မဟာဟင်းလင်းပြင် သူတော်စင်အား ကြည့်ကာ
မေးလိုက်သည်။ "မိစ္ဆာတွေ အပြင် ပြန်လာနိုင်တဲ့
လူသားတွေရော ရှိသေးလား"

မဟာဟင်းလင်းပြင် သူတော်စင်က သူ၏ခေါင်းကို
ခါလိုက်သည်။ "တိုင်ရှီထျန်းက ဒီခြေလှမ်းကို
မလှမ်းနိုင်ခဲ့ဘူး... ချီယန် အနေနဲ့ကတော့..."

လင်းဖုန်းက ပြောလိုက်သည်။ "သူက အဲ့ဒီအချိန်က
ဒီတံတား အပေါ်ကို ခြေတစ်လှမ်း ချနေနိုင်ခဲ့ပြီ...
တကယ်လို့ သူက ငရဲကမ္ဘာ ပင်လယ်ကနေ
ပြန်လာနိုင်ပြီး နောက်ထပ် စုဆောင်းနိုင်ခဲ့ရင်

+

တံတားအပေါ်ကို ခြေကောင်းကောင်း ချလိုက်လိမ့်မယ်ထင်တယ်"

မဟာဟင်းလင်းပြင် သူတော်စင်သည် စကားဆက်မပြောတော့သော်လည်း သေမင်းပင်လယ်အတွင်းမှ လှိုင်းလုံးများသည် ယခုအချိန်တွင် ပို၍ ခက်ထန်လာကြသည်။

လင်းဖုန်းသည် သကျမုနိအား လှည့်ကြည့်ကာ ပြောလိုက်သည်။ "ရဲဘော်… ခင်ဗျားကလည်း ထာဝရ တံတားအပေါ်ကို ရောက်နေခဲ့ပြီ မလား"

မဟာဟင်းလင်းပြင် သူတော်စင်သည် ဤလောကအတွင်းတွင် ပထမဆုံး ဝင်နိုင်ခဲ့သူ ဖြစ်ပေလိမ့်မည်။

+

သကျမုနိသည် ပြုံးလိုက်သော်လည်း ဘာမှ ပြန်မဖြေခဲ့ပေ။ သို့သော်လည်း သူ၏ တိတ်ဆိတ်နေမှုသည် မေးခွန်း၏ အဖြေကို ဖော်ပြနေခဲ့ပြီး ဖြစ်သည်။

သူနှင့် မဟာဟင်းလင်းပြင် သူတော်စင်တို့သည် သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်းများစွာ ကြာသောအခါ ဤခြေလှမ်းကို လှမ်းနိုင်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် ကြွယ်ကေရာဇ် အပြင် ရှန်းယွမ်၏ တည်ရှိနေမှုကို အာရုံခံနိုင်ခဲ့သော်လည်း သူက မည်သူဆိုသည်ကို မသိခဲ့ပေ။

+

သကျမုနိ၏ အကြည့်သည် သေမင်းပင်လယ်နှင့် လင်းဖုန်းတို့ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့သည်။

လင်းဖုန်းသည် သေမင်းပင်လယ် အတွင်းမှ လှိုင်းလုံးများကို စိုက်ကြည့်နေရင်း ခေတ္တ ကြာသောအခါ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။
"လွှတ်လိုက်ပါတော့... သူတို့ကို ဖိနှိပ်နေဖို့ မလိုတော့ဘူး"

မဟာဟင်းလင်းပြင် သူတော်စင်သည် လင်းဖုန်းအား ကြည့်နေခဲ့ကာ သူ့မျက်လုံးများ အကြားတွင် အလွန်အမင်း ခန့်မှန်းရ ခက်ခဲသေည့် နက်ရှိုင်းသော အလင်းတန်း တစ်ခု ပေါ်လာခဲ့သည်။

+

သူသည် ပြိုလဲခြင်း စာအုပ်အား ကြည့်၍
ပြောလိုက်သည်။ "ဒီရတနာနဲ့ ခင်ဗျားဟာ ကြမ္မာပန်းတိုင်
ဒုတိယ ကပ်ဘေး နောက်ဆုံးအဆင့်က
မိစ္ဆာတစ်ကောင်ကို စိန်ခေါ်နိုင်တယ်... ကျုပ်ကတော့
ဒီလောက် မကောင်းဘူး... ကျုပ်က အန္တိမ
ကောင်းကင်ကြေးမုံရှိမှသာ ဒီလိုမျိုး
စိန်ခေါ်နိုင်လိမ့်မယ်... ရှုလိုင် တာအိုဆရာလည်း
ရှိသေးတော့ ကျုပ်တို့ဟာ ကြွယ်ကေရာဇ်နဲ့
ရှန်းယွမ်တို့ကို ရင်ဆိုင်နိုင်လိမ့်မယ်"

"ကျုပ်တို့က သူတို့ကို အနိုင်ယူနိုင်ပေမဲ့ သူတို့
ထွက်ပြေးလိုနေရင်တော့ ဟန့်တားဖို့
မစွမ်းဆောင်နိုင်လောက်ဘူး"

"ကျုပ်ရဲ့ ဆက်ခံသူတွေထံကနေ သိခဲ့ရတာ ခင်ဗျားမှာ
ကောင်းကင်နဲ့ တာအိုတို့ကို သုတ်သင်နိုင်တဲ့ ခက်ထန်တဲ့
+

ခေါးတစ်လက် ရှိနေတယ်... တိုက်စစ်အရ သူဟာ အန္တိမ ကောင်းကင်ကြေးမုံထက်တောင် ပိုကောင်းနိုင်ပေမဲ့..."

မဟာဟင်းလင်းပြင် သူတော်စင်က ဖြည်းဖြည်းချင်း ဆက်ပြောလိုက်သည်။ "တဲ့တိုးပြောရတာကို ခွင့်လွှတ်ပါ... တကယ်လို့ ခင်ဗျားရဲ့ ခေါးကြီးဟာ ထိန်းချုပ်မှုအောက်ကနေ လွတ်သွားရင် သူဟာ ဖျက်စီး၍ မရနိုင်သော လောကက မိစ္ဆာတစ်ကောင်ထက်ကို အားမနည်းနိုင်ဘူး"

"ခင်ဗျားက ခင်ဗျားရဲ့ ခေါးအပေါ်မှ ယုံကြည်ချက် ရှိသလား"

လင်းဖုန်းက သွားများပေါ်အောင် ပြုံးလိုက်သည်။ "ရဲဘော်... ခင်ဗျားက ကျုပ်ရဲ့ လူသားနဲ့ မိစ္ဆာတွေ

+

အကြားမှာ ဘယ်ဘက်ကို ပိုတိမ်းနေတယ် ဆိုတာကို မေးချင်နေတာလား"

"ခင်ဗျားရဲ့ အမြင်အရ ကျုပ်ဟာ နှစ်ဘက်စလုံးကို မကူညီပဲလဲ ဖြစ်နိုင်တယ်… ဒါမှမဟုတ် တကယ်လို့ ကျုပ်ဟာ သကျမုနိကို သေမင်းပင်လယ် အတွင်းကို ပြန်ပို့ပြီး ခင်ဗျားတို့ နှစ်ယောက်ကို မိစ္ဆာတွေကို ဆက်ပြီးမှ ဖိနှိပ်ထားစေလို့ ရှိရင် ကျုပ်အတွက် အကျိုး ပိုရှိနိုင်တယ်လို့ တွေးနေတာလား"

မဟာဟင်းလင်းပြင် သူတော်စင်က ပြန်ပြောလိုက်သည်။ "ဟေးဒီးစ် ဧကရာဇ် ပြန်လာနိုင်ခဲ့ရင် ရှုလိုင် တာအိုဆရာနဲ့ ကျုပ်တို့ဟာ အင်အားမမျှတော့တာကြောင့် နောက်ထပ် တောင့်ခံနိုင်တော့မှာ မဟုတ်ဘူး"

+

လင်းဖုန်းက ရယ်လိုက်သည်။ "တကယ်လို့ သူတို့ သုံးယောက်စလုံး အတူတကွ ပြန်လာနိုင်ခဲ့ရင် သူတို့ဟာ မဟာမိတ် ဖွဲ့ကြမှာထက် စာရင် အချင်းချင်း ပြန်လည် တိုက်ခိုက်ကြဖို့ များတယ်"

မဟာဟင်းလင်းပြင် သူတော်စင်က ပြန်ပြောလိုက်သည်။ "လုံလောက်တဲ့ ပြင်ပဖိအား မရှိရင်တော့ ဒီလိုပဲ ဖြစ်လိမ့်မယ်"

လင်းဖုန်းသည် သူ၏ခေါင်းကို အနည်းငယ် လှည့်၍ မဟာဟင်းလင်းပြင် သူတော်စင်အား ကြည့်လိုက်သည်။ "ခင်ဗျားရဲ့ အဆင့်နဲ့ဆိုရင် ဒါတွေကို လုံးဝ ဂရုမစိုက်တော့ဘူးလို့ ကျုပ်က ထင်ထားခဲ့တာ... သာလွန်နိုင်ဖို့ နောက်ဆုံးခြေလှမ်းကို ကြိုးစားနေခြင်း

+

အပြင် ခင်ဗျားက ကျန်တဲ့ အရာတွေကို ဂရုမစိုက်သင့်တော့ဘူး"

"ဒါမှမဟုတ် ကျန်တဲ့ အရာတွေ အားလုံးဟာ ခင်ဗျားရဲ့ မျက်လုံးထဲမှာ ဘာမှ ကိစ္စရှိနေပုံ မရဘူး"

"ဒါပေမဲ့ ခင်ဗျားဟာ နတ်ဘုရား နယ်မြေ၊ ခင်ဗျားတို့ဂိုဏ်းနဲ့ လူသားနဲ့ မိစ္ဆာတွေ အကြားက ကွဲပြားမှုတွေကို စိုးရိမ်နေသေးတဲ့ပုံ ပေါက်နေတယ်"

မဟာဟင်းလင်းပြင် သူတော်စင်၏ မျက်နှာပေါ်တွင် အပြုံးတစ်ပွင့် ပေါ်လာခဲ့သည်။ "ဒါက အတွေးတစ်ခု သက်သက်ပါပဲ… ကျုပ်က တာအိုနဲ့ တူနေချင်ရင် တာအိုနဲ့ တူနေပြီး ကျုပ်က သာမန်လူ တစ်ယောက်နဲ့ တူနေချင်ရင် သာမန်လူနဲ့ တူနေမှာပဲ"

+

သူက ဤစကားအား ပြောလိုက်သော အခါ လင်းဖုန်းက သူ့အား အသေအချာ ကြည့်ခဲ့လိုက်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် ပြုံး၍ ဆက်ပြောလိုက်သည်။ "ဒါ့အပြင် ခင်ဗျားပြောတာ မမှားဘူး... တကယ်လို့ ကျုပ်က နောက်ဆုံးခြေလှမ်းကို လှမ်းနိုင်ခဲ့ရင် ကြွယ်ဂေဟာဇ်၊ ရှန်းယွမ်နဲ့ ဟောဒီးစ် ဂေဟာဇ်တို့ဟာ ကျုပ်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေနေမှာကို ကြည့်နိုင်ကြမှာ မဟုတ်ဘူး... ရှန်းယွမ်နဲ့ ဟောဒီးစ် ဂေဟာဇ်တို့ကို ထည့်မတွက်ရင်တောင် ကြွယ်ဂေဟာဇ်ဟာ သူပြန်လာတဲ့ အချိန်မှာ ကျုပ်နဲ့ သေချာပေါက် တိုက်ခိုက်လိမ့်မယ်"

+

"တစ်ယောက်ဟာ ထာဝရ တံတားအပေါ်ကို ခြေလှမ်းနိုင်ခဲ့ပြီး သေမင်းပင်လယ် ကနေ ပြန်လာနိုင်ခဲ့ရင် အားနည်းနေတဲ့ အခြေအနေ မရှိဘူး... သူ့စွမ်းအားတွေဟာ တစ်ခါတည်း အထွတ်အထိပ်ကို ရောက်သွားနိုင်တယ်... ပြန်လာဖို့ ယူရတဲ့ အချိန်ဟာ ဒဏ်ရာ ကုစားနေတဲ့ အချိန်လို့လည်း သတ်မှတ်လို့ ရတယ်"

"ကျုပ်က သူတို့ကို အပြည့်အဝ သတ်ဖြတ်နိုင်မှာ မဟုတ်ဘူး... တကယ်လို့ ကျုပ်တို့က တကယ်တမ်း တိုက်ခိုက်ခဲ့ကြရင် ဘယ်သူ သေမလဲ ဆိုတာက မသေချာဘူး... သူတို့က ကျုပ်ကို တကယ်တမ်း မသတ်နိုင်ပေမဲ့ ပြန်လာဖို့ အတွက် အချိန်အများကြီး ယူရမယ်... တကယ်လို့ ဒီအချိန် အတောအတွင်းမှာ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ ကြမ္မာပန်းတိုင်က

+

အဆုံးသတ်ကို ရောက်သွားခဲ့ရင် ဘာဖြစ်မလဲ ဆိုတာကို ခန့်မှန်းဖို့ ခက်ခဲလိမ့်မယ်"

"ဒီလိုဆိုတော့ ကျုပ်ဟာ သူတို့ကို ဖိနှိပ်ရုံသာ ဖိနှိပ်နိုင်ခဲ့တယ်... တကယ်လို့ ကျုပ်တို့က သူတို့ကို နောက်ထပ် ဖျက်ဆီးနိုင်ခဲ့ရင်တော့ အကောင်းဆုံးပေါ့... အနည်းဆုံးတော့ ကျုပ်တို့ဟာ နှစ်ထောင်ပေါင်း အနည်းငယ် ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်လိမ့်မယ်"

မဟာဟင်းလင်းပြင် သူတော်စင်သည် လွန်စွာ တည်ငြိမ်နေသည့် ပုံစံဖြင့် လင်းဖုန်းနှင့် အေးအေးဆေးဆေး စကားပြောနေခဲ့သည်။

+

လင်းဖုန်းကလည်း တူညီစွာ တည်ငြိမ်နေသေး၍ ရယ်လိုက်သည်။ "ခင်ဗျားမှာ ဒီလိုအကြံ ရှိမယ်ဆိုရင်တော့ သူတို့ကို ဆက်လက်ပြီးမှ ဖိနှိပ်နေလိုက်ပါ"

ဤစကား ပြောပြီးသည်နှင့် သူ၏ လက်ဝါးအား ဆန့်ထုတ်လိုက်ရာ ဟင်းလင်းပြင် အတွင်းမှ နယ်နိမိတ်သည် စတင်၍ တုန်ခါလာခဲ့သည်။

မီးခိုးရောင် သီးသန့် လေဟာနယ် အလွှာသည် ပုံရိပ်ယောင် ဆန်သွားခဲ့၍ မဟာတာအို အလင်းတန်းများသည် ပို၍ ပြင်းထန်စွာ လှုပ်ရှားလာကာ သေမင်းပင်လယ် အတွင်းမှ လှိုင်းလုံးများကလည်း ပို၍ ခက်ထန်လာကြသည်။

+

ကမ္ဘာနှစ်ခု အကြားမှ မီးခိုးရောင် နယ်နိမိတ်သည် စတင်၍ အက်ကွဲလာပြီး မရေမတွက်နိုင်သော ပုံရိပ်များ ထွက်ပေါ်လာခဲ့သည်။

## စာစဥ် ၇၅ : အပိုင်း ၁၁

## အပိုင်း ၁၄၆၁ : ကောင်းကင်ဖျက်ဆီး ဓားအား တတိယ အကြိမ် ချိပ်ပိတ်ခြင်း

ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေသော အလင်းတန်း တစ်တန်းသည် ထပ်ဖန်တစ်ခါ လင်းလက်လာ၍ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများနှင့် ပေါင်းစည်းသွားကာ သေမင်းပင်လယ် အတွင်းသို့ တိုင်အောင် ရောက်ရှိသွားသည်။

+

အလင်းတန်းများသည် လင်းလက် ပျံ့နှံ့လာခဲ့သော အခါ ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ နယ်နိမိတ်များ အဖြစ် ပြောင်းသွားသည့်ပုံ ပေါက်လာသည်။ လင်းဖုန်း စွမ်းအားများ၏ အကျိုးသက်ရောက်မှု အောက်တွင် ပုံရိပ်ယောင် နယ်နိမိတ်သည် ထိုနယ်နိမိတ်များနှင့် အတူ စတင် အက်ကွဲလာကြသည်။

ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အကြားမှ အရိုန်အဝါများသည် စတင်၍ တုန်ခါလာကြသော်လည်း သူတို့ အကြားမှ နူးညံ့သိမ်မွေ့သော မျှခြေများကို ထိန်းသိမ်းနိုင်ခဲ့ကြသည်။

+

အက်ကွဲကြောင်း အကြားမှ တဆင့် မဟာကမ္ဘာ အတွင်းမှ မြင်ကွင်းများသည် အားလုံးတို့၏ အရှေ့သို့ ရောက်လာခဲ့ကြသည်။

ဤအချိန်တွင် မဟာကမ္ဘာ၊ ဝိညာဥ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ ကမ္ဘာများသည် အတူတကွ နီးစပ်စွာ ဆက်သွယ်နေကြ၍ ကမ္ဘာသုံးခု ထပ်နေသော နေရာတွင် အပေါက်တစ်ပေါက် ပေါက်သွားခဲ့သည်။

ဝိညာဥ်ပင်လယ်သည် ဤအချိန်တွင် မဟာကမ္ဘာနှင့် ဆက်စပ်သွား၍ စိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံးများသည် ကောင်းကင်နှင့် မြေကြီးတို့အား ပြည့်နေခဲ့သော်လည်း သေမင်းပင်လယ်မှ အရှိန်အဝါများ၏ ဖျက်ဆီးခြင်းကို ခံခဲ့ကြရသည်။

+

မဟာကမ္ဘာ အတွင်းတွင် နတ်ဘုရား နယ်မြေမှ ဖြစ်စေ၊ မဟာလွင်တီးခေါင် ကုန်းမြေမှ ဖြစ်စေ၊ အားလုံးတို့၏ အရှေ့တွင် တောက်ပသော အလင်းတန်း တစ်ကွက် ပေါ်လာခဲ့၍ မျက်စိ ကျိန်းလုမတတ် လင်းလက်နေကာ ကောင်းစွာ မမြင်နိုင်ခဲ့ပေ။သူတို့၏ စိတ်ဝိညာဉ် တာဝါများနှင့် အသိစိတ် ပင်လယ်တို့သည် ဗလာဖြစ်သွား၍ အဆုံးမဲ့ အလင်းတန်း အပြင် အခြားဘာမှ မရှိခဲ့ပေ။

"ဤအချိန်တွင် မဟာတာအို၏ ဟစ်ကြွေးသံများကို ကြားနိုင်ခဲ့ပြီး အလွန်အမင်း ရှုပ်ထွေးနေကာ နားကွဲလုမတတ် ကျယ်လောင်လှ၍ အားလုံးတို့သည် ထိုအသံများကို ကြားခဲ့ရသော အခါ မူးဝေသွားကြသည်။

+

မဟူရာ ပင်လယ် အတွင်းမှ ရှန်နဂါးဘုရင်သည် ထကြွလှုပ်ရှားနေသော ပင်လယ်အား ကြည့်လိုက်ာ သူ၏ အမူအရာက ပျက်သွားခဲ့သည်။

နတ်ဘုရား နယ်မြေ အတွင်းသို့ ရောက်နေသော ရှောင်ယန်ကလည်း ငရဲကမ္ဘာ ပင်လယ်က ပြောင်းပြန် လှန်သွားခဲ့သည်ဟု အာရုံခံနိုင်ခဲ့သည်။ ဒေါသူပုန် ထနေသော ကပ်ဘေးနှင့် ကပ်ဆိုးများသည် ဤအချိန်တွင် ပို၍ ခက်ထန် ကြမ်းတမ်းလာကြသည်။

ကြယ်စင်ပင်လယ် အတွင်းတွင် မရေမတွက်နိုင်သော ကြယ်တာရာများက ပျက်စီးကုန်ကြ၍ ကြယ်အလင်းတန်းများသည် မည်းမှောင်နေသော စကြာဝဠာ အတွင်းတွင် အဆက်မပြတ် လင်းလက်နေကြသည်။

+

ယင်ပင်လယ် အတွင်းတွင် လီယွမ်ဖန်းသည် ယင်ကျိုးနတ်တောင် အပေါ်တွင် ခံတပ်များကို စောင့်ကြပ်နေပြီး ယင်ပင်လယ် အတွင်းမှ အဖြူရောင် တိမ်တိုက် ဘောလုံးများကို အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်နေခဲ့သည်။ သူတို့ကလည်း ထိန်းချုပ်၍ မရနိုင်တော့ပဲ လွင့်ပြယ်သွားပြီးနောက် ပြန်လည်၍ အတူတကွ စုစည်းလာကြကာ နောက်ဆုံးတွင် စတင်၍ ပျက်စီးသွားကြသည်။

ဤအရာသည် ယင်ကျိုးနတ်တောင် အနားတွင်သာ ဖြစ်ပျက်နေခြင်း မဟုတ်ပဲ လင်းဖုန်းချန်ထားခဲ့သော ဝက်ပါများမှ တဆင့် ပန်းလိုင်နတ်တောင်နှင့် ဖန်ကျန်းနတ်တောင်တို့ အနားတွင်လည်း ယခုအချိန်တွင် ကစဥ့်ကလျား ဖြစ်နေခဲ့သည်ကို အာရုံခံနိုင်ခဲ့သည်။

+

ဟင်းလင်းပြင် စစ်တလင်းဟူ၍လည်း ခေါ်သော ဟင်းလင်းပြင် ပင်လယ်သည် လေမုန်တိုင်းများဖြင့် စတင်၍ တိုက်ခတ်လာခဲ့ကာ သူ့အတွင်းမှ အရာအားလုံးတို့က အဖျက်ဆီးခံနေရသည်။

ဤမြင်ကွင်းအား မြင်ခဲ့ရသော အခါ ထိုက်ရီသူတော်စင်၏ အမူအရာသည် အလွန်အမင်း လေးနက်သွားခဲ့သည်။ "သူက ကြိုတင် ပြင်ဆင်ထားခဲ့တာလား"

သူတို့ ရှိနေသော လေဟာနယ် အလွှာမှ တာအို ပြောင်းလဲမှုများကို အာရုံခံမိခဲ့သော အချိန်တွင် ဘာဖြစ်နေသည်ကို ချက်ချင်း သဘောပေါက်သွားကြသဖြင့် သူတို့၏ ရင်များက လေးလံသွားကြသည်။

+

သူတို့ ထင်ထားသည့် အတိုင်းပင် လင်းဖုန်းက
အော်ဟစ်လိုက်သည်။ "ရှမ်းလီ... လာစမ်း"

မဟာကမ္ဘာ အတွင်းမှ မဟာလွင်တီးခေါင် ကုန်းမြေ
အပေါ်တွင် ရှမ်းလီ၏ အကြည့်သည် ဤအချိန်တွင်
တောက်ပလာခဲ့၍ သူမ၏ အေးစက်၍ ခံစားချက်
ကင်းမဲ့နေသော မျက်နှာသည် အပြုံးတစ်ခု
ပေါ်လာခဲ့သည်။

သူမသည် ဓားအလင်းတန်း တစ်တန်းအဖြစ်သို့
ပြောင်းသွားကာ ကြည်လင်သော ဓားဟစ်ကြွေးသံ
တစ်ခုကို ထုတ်ဖော်လိုက်၍ ပြီးတာနှင့်
ကောင်းကင်ကိုးလွှာသို့ တည့်တည့် ပျံသန်းသွားခဲ့သည်။

+

ထိုဓားအလင်းတန်း ဖြတ်သန်းသွားသည့် နေရာတိုင်းတွင် ကောင်းကင်နှင့် မြေကြီးတို့က အလင်းရောင်များ ပျောက်ဆုံးသွားခဲ့သည်။

ဓားဟာစ်ကြွေးသံ အော်မြည်လာသော အခါ မဟာကမ္ဘာ အတွင်းမှ သက်ရှိအားလုံးတို့က ကြောက်ရွံ့လာကြသည်။

မျက်စိကျိန်းလုမတတ် အလင်းတန်း တစ်တန်းသည် ဤအချိန်၌ ကောင်းကင်ကိုးလွှာအား ကျော်လွန်လာခဲ့ကာ မဟာဟင်းလင်းပြင် သူတော်စင်၊ သကျမုနိ၊ ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများ အရှေ့သို့ ကျဆင်းလာခဲ့သည်။

လင်းဖုန်းသည် လက်တစ်ဘက်အား ဆန့်တန်းလိုက်၍ သူ၏ လက်ဝါးကို ဖွင့်လိုက်ရာ ဓားအလင်းတန်းသည်

+

သူ၏ လက်အတွင်း၌ စုစည်းသွား၍ ဓားရှည်တစ်ချောင်း အဖြစ်သို့ ပြောင်းသွားသည်။ ထိုဓားအလင်းတန်း လည်ပတ်လာသော အခါ သူသည် အလွန်အမင်း ဝေဝါးနေသည်ဟု ထင်နေရသော်လည်း ခက်ထန် ကြမ်းကြုတ်လှသည်။

ဤအချိန်တွင် ဝိညာဥ်ပင်လယ် အတွင်းမှ မ ရေမတွက်နိုင်သော မဟာတာအို အလင်းတန်းများ ပေါ်လာကာ အလွန်အမင်း တောက်ပလာခဲ့သည်။

စိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံး တစ်လုံးသည် မယုံနိုင်လောက်အောင် မြင့်မားစွာ မြင့်တက်လာ၍ လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားထံသို့ ပြေးဝင်လာခဲ့ကာ သူ့အား တိုက်ခိုက်တော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

+

ဤအချိန်တွင် ဝိညာဥ်ပင်လယ်သည် လုံးဝကို ခက်ထန်နေကာ အပြင်းအထန် တွန့်လိမ်လာခဲ့၍ အလင်းတန်းများ အနေဖြင့် ဖော်ပြထားသော မဟာတာအို သဘောတရားများသည် စတင်၍ ကျိုးပျက်သွားကြသည်။ ကောင်းကင်နှင့် မြေကြီး အပေါ်သို့ ကြောက်မက်ဖွယ်ရာ တစ်စုံတစ်ရာက ဆင်းသက်လာသကဲ့သို့ ဖြစ်သည်။

ပြင်ပမှ ကြည့်လိုက်လျှင် ဝိညာဥ်ပင်လယ်သည် ခက်ထန်စွာ တွန့်လိမ်နေ၍ ကြောက်မက်ဖွယ်ရာ မြင်ကွင်း တစ်ခုနှင့် တူနေခဲ့သည်။

သို့သော်လည်း ဝိညာဥ်ပင်လယ် အတွင်းမှ စိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံးကြီးသည် လင်းဖုန်းနှင့်

+

ကောင်းကင်ဖျက်ဆီးခြား အနားသို့ မရောက်ခင်တွင်ပင် သေမင်းပင်လယ်သည် ပို၍ပင် ခက်ထန် ကြမ်းတမ်းလာခဲ့သည်။

သေမင်းပင်လယ် အတွင်းမှ ရေအမြောက်အမြားတို့သည် အက်ကွဲကြောင်း အတွင်းမှ ထွက်လာခဲ့ကာ သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်လာသော အလင်းတန်း လမ်းကြောင်းအား ရေလွှမ်းစေခဲ့သည်။

အရာအားလုံးတို့ကို ဖျက်ဆီးနိုင်၍ ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းလဲနိုင်သည့် အင်အားတစ်ခုသည် ထိုစိတ်ဝိညာဥ် စွမ်းအင် လှိုင်းလုံးနှင့် ရင်ဆိုင်လိုက်ကာ တစ်ဘက်နှင့် တစ်ဘက် တိုက်ခိုက်နေကြရင်း အလျှော့မပေးနေကြပေ။

+

ထိုက်ရှိသူတော်စင်၊ သကျမုနိနှင့် ကျန်သောသူများကပင် ထိုတိုက်ခိုက်မှုအား တွေ့လိုက်သော အချိန်တွင် သူတို့၏ မျက်မှောင်များကို ကြုတ်လိုက်ကြကာ အနည်းငယ် နောက်ဆုတ်သွားကြသည်။

ထိုတိုက်ပွဲ အလယ်တွင် ကောင်းကင်ဖျက်ဆီး ဓား၏ ဓားအလင်းတန်းသည် စတင်၍ လျှင်မြန်စွာ လင်းလက်လာခဲ့သည်။

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်ကာ ကောင်းကင်ဖျက်ဆီး ဓားအပေါ်တွင် ဆုပ်ကိုင်ထားသော လက်အား ဖြေလျှော့လိုက်သည်။ ပြီးတာနှင့် သူ၏ လက်အတွင်းမှ မှော်ကျိန်စာများသည် အဆက်မပြတ် ပြောင်းလဲလာခဲ့ရာ သူ၏ စွမ်းအား တစ်တန်းပြီးမှ တစ်တန်းတို့သည် ကောင်းကင်ဖျက်ဆီးဓား အတွင်းသို့ ဝင်သွားခဲ့သည်။

+

ကောင်းကင်ဖျက်ဆီး ခေးသည် တုန်ခါနေပြီး
သူ့အနားတွင် အနက်ရောင် သင်္ကေတများ စတင်၍
ပေါ်လာခဲ့ကာ အဆက်မပြတ် လည်ပတ်နေကြသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်
လှိုင်းလုံးနှင့် သေမင်းပင်လယ် အတွင်းမှ ရေတို့
တိုက်ခိုက်ခဲ့ကြသော အခါ သူတို့သည် စီးဆင်းနေသော
ခေတ်ငွေ့တန်းများ အဖြစ်သို့ ပြောင်းသွားကြ၍
ကောင်းကင်ဖျက်ဆီးခေး အနားတွင်
လည်ပတ်နေကြကာ သူ့အား လျင်မြန်စွာ
လွှမ်းခြုံသွားခဲ့သည်။

+

ကောင်းကင်ဖျက်ဆီး ဓားသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွား၍ ခက်ထန်သော ဓားအလင်းတန်း တစ်ကွက်သာ ရေးရေးလေး လင်းလက်နေခဲ့သည်။

အချိန် ကြာလာသည်နှင့် အမျှ ဓားအလင်းတန်းသည် ပို၍ပို၍ တောက်ပလာကာ သူ့တွင် ပါဝင်နေသော အရှိန်အဝါကလည်း ပို၍ ခက်ထန်လာပြီး ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့သည်။

ထိုက်ရှီသူတော်စင်သည် အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။

"... သူက ဆက်ပြီးမှ တိုးတက်နိုင်သေးတာလား... သူက အတော်လေး..."

+

ကောင်းကင်ဖျက်ဆီး ခံရသည့် သေမင်းပင်လယ်
အက်ကွဲသွားသော အခါ သူ့အတွင်းသို့ ဝင်နိုင်ခဲ့သည်။
ဤအရာသည် ထိုက်ရှိသူတော်စင်နှင့်
ကျန်သောသူများက သူတို့၏ အစီအစဥ်ကို
အကောင်အထည် ဖော်ခဲ့သည့် အချိန်တွင်
မျှော်လင့်ထားသော အဆိုးဆုံး အခြေအနေ ဖြစ်သည်။

သို့သော်လည်း အကယ်၍ မဟာဟင်းလင်းပြင်
သူတော်စင်နှင့် ဗုဒ္ဓတို့က ပြန်လာနိုင်ခဲ့ပါက
အရာအားလုံးက ဖြစ်နိုင်ခြေရှိသည်။

နှမြောစရာ ကောင်းသည်မှာ သူတို့ မထင်မှတ်ထားသော
အရာများစွာ ပေါ်လာခဲ့ခြင်း ဖြစ်သည်။
မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့သည်
သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့ အပြီးတွင်

+

ထာဝရ တံတား၏ အဓိပ္ပာယ်နှင့် ကြွယ်ကေရာဇ်၏ အခြေအနေကိုသာ သိရှိခဲ့ကြသည်။

ထိုက်ရီသူတော်စင်သည် သေမင်းပင်လယ် အတွင်းသို့ မဝင်ခင် ခန့်မှန်းချက် တစ်ခု ရှိခဲ့ပြီး ထာဝရ တံတား၏ တည်ရှိနေမှုကိုပင် အာရုံခံနိုင်ခဲ့သော်လည်း အရာအားလုံးတို့သည် သူ့အရှေ့တွင် ဝေဝါးနေခဲ့သေးသည်။

သူတို့သည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့အား ပြန်လည် ခေါ်ဆောင်နိုင်ခဲ့သော်လည်း သူတို့က သေမင်းပင်လယ် အတွင်းမှ ထွက်လာသည်နှင့် တစ်ပြိုင်နက် ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့ကလည်း ပြန်လာနိုင်ကြမည် ဖြစ်သည်။

+

အခြားတစ်ဘက်တွင် လင်းဖုန်းတွင်
ကောင်းကင်ဖျက်ဆီး ခေါးမရှိနေသော်လည်း ပြိုလဲခြင်း
စာအုပ် ရှိနေသေးကာ သူ့အား လျှော့တွက်၍
မရသေးချေ။

ယခုအချိန်တွင် ကောင်းကင်ဖျက်ဆီး ခေါးသည်
ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်ရောက်လာခဲ့သဖြင့်
အခြေအနေသည် ပို၍ ထိန်းချုပ်ရန် ခက်ခဲသွားခဲ့သည်။

ထိုက်ရှီသူတော်စင်နှင့် ကျန်သောသူများအား ပို၍
စိုးရိမ်ပူပန်စေသည်မှာ လင်းဖုန်းသည် သူတို့
ထင်ထားသည်ထက်ပင် ပို၍ ကြမ်းနေခြင်း ဖြစ်သည်။

+

သူသည် ကောင်းကင်ဖျက်ဆီး ခေးအား ဝိညာဥ်ပင်လယ် အတွင်းသို့ ခေါ်ခဲ့ရုံသာ မက သူ့အား ထပ်မံ၍ပင် တိုးတက်အောင် ကျင့်ကြံနေခဲ့သေးသည်။

ဤခေးအား ဒုတိယ အကြိမ် ချိပ်ပိတ်ပြီးသော အခါ ပို၍ အစွမ်းထက်ကာ ကြီးစိုး လွှမ်းမိုးလာနိုင်ခဲ့ပြီး ကောင်းကင်နှင့် မြေကြီးတို့ အပေါ်တွင် ဖျက်ဆီးမှုများကို ယူဆောင်လာနိုင်သည်။

အကယ်၍ သူ့အား တတိယ အကြိမ် ချိပ်ပိတ်နိုင်၍ အောင်မြင်သွားခဲ့လျှင် သူသည် မည်သည့် အဆင့်အထိ ရောက်သွားမည်နည်း။

+

အရေးအကြီးဆုံး မေးခွန်းမှာ အကယ်၍ သူသည် ထိန်းချုပ်မှု ကင်းလွတ်သွားပါက မည်သူက ဟန့်တားနိုင်မည်နည်း။

မဟာဟင်းလင်းပြင် သူတော်စင်သည် ဤမြင်ကွင်းကို မြင်ခဲ့သော အခါ သူ၏ အမူအရာကလည်း အနည်းငယ် ပြောင်းသွားခဲ့သည်။

သို့သော်လည်း သူဘာမှ မပြောနိုင်မီ လင်းဖုန်းသည် သူ၏ လက်ဝါးဖြင့် ရိုက်ချလိုက်ရာ မဟာကမ္ဘာ အတွင်းသို့ ဝင်သွားသော အက်ကွဲကြောင်းသည် သက်တန့် အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာသည်။

+

ခရမ်းရောင် တိမ်တိုက်များဖြင့် ဖုံးလွှမ်းနေသည့် အဖြူရောင် ကျောက်စိမ်း နတ်တောင် တစ်တောင်သည် ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာ၍ သူ့အပေါ်တွင် မရေမတွက်နိုင်သော အလင်းတန်းများဖြင့် ဝန်းရံထားသည့် ရောမ ရတနာ သစ်ပင် တစ်ပင်အား တွေ့နိုင်ခဲ့သည်။ သက်တန့် အလင်းတန်းများသည် ထိုနတ်တောင်အား လင်းဖုန်း၏ ခေါင်းအပေါ်တွင် ချိတ်ဆွဲထားခဲ့သည်။

ထိုအရာသည် ယုကျင်းတောင်နှင့် မဟူရာကောင်းကင် ရတနာသစ်ပင်တို့ ဖြစ်ကြသည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့၏ အကြည့်များသည် တစ်ချိန်တည်းတွင် လင်းလက်သွားကြ၍ ဟင်းလင်းပြင်အား ကျော်လွန်သွားကာ မဟူရာကောင်းကင် ရတနာသစ်ပင်

+

အပေါ်မှ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာအား ကြည့်လိုက်ကြသည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် အဝတ်အစား ကပိုကရို ဖြစ်နေသော အဘိုးအိုသည် မဟာရာကောင်းကင် ရတနာသစ်ပင် အသေးစား အောက်တွင် တစ်ယောက်တည်း စစ်တုရင် ကစားနေဆဲ ရှိသေးသည်။ ဤအချိန်တွင် သူသည် သူတို့နှစ်ယောက်က သူ့အား ကြည့်နေကြသည်ကို အာရုံခံမိဟန်ဖြင့် စစ်တုရင် ကစားနေခြင်းကို ရပ်လိုက်ကာ မော့ကြည့်လိုက်သည်။

သူ၏ အသက်မပါသော မျက်လုံးများသည် အင်အား ကင်းမဲ့နေခဲ့သော်လည်း မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့အား မြင်နိုင်ခဲ့သည်။

+

သူသည် သူတို့ နှစ်ယောက်အား ကြည့်နေစဉ်တွင် အချိန်ကြာမြင့်စွာ ကုန်လွန်သွားပြီးသကဲ့သို့ ဖြစ်နေသည်။

လင်းဖုန်းကလည်း ဤအချိန်တွင် သူ၏ခေါင်းကို မော့လိုက်ကာ ယုကျင်းတောင် အနားမှ ခရမ်းရောင် တိမ်တိုက်များကို အရင်ကြည့်လိုက်ပြီးမှ ယုကျင်းတောင်နှင့် မဟူရာကောင်းကင် ရတနာသစ်ပင်အား ကြည့်လိုက်သည်။

သူ၏ စိတ်ဝိညာဉ် တာဝါနှင့် အသိစိတ် ပင်လယ် အတွင်းမှ ထိုက်ကျိစာအုပ် ဖော်ပြထားသော ထိုက်ကျိရုပ်ပုံသည် စတင်၍ လည်ပတ်လာခဲ့သည်။

+

နောက်ဆုံးတွင် လင်းဖုန်း၏ အကြည့်သည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ ကျရောက်သွားကာ အဝတ် ကပိုကရိုနှင့် အဘိုးအိုအား ကြည့်လိုက်သည်။ ပြီးတာနှင့် သူသည် သစ်ပင်အောက်တွင် ပုန်းကွယ်နေသော လပ်ကီးကို ကြည့်လိုက်၍ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ တစ်ခုလုံးအား အကဲခတ်လိုက်သည်။

ပြီးတာနှင့် သူသည် တတိယ အကြိမ် ချိပ်ပိတ်ခဲ့သော ကောင်းကင်ဖျက်ဆီး ဓားအား နောက်ဆုံးတွင် ပြန်၍ ဆွဲထုတ်လိုက်သည်။

မရေမတွက်နိုင်သော အတွေးများသည် လင်းဖုန်း၏ စိတ်အတွင်းတွင် ပေါ်လာ၍ သူယခင်က ပဟေဠိ ဖြစ်ခဲ့သော အရာ များစွာတို့သည် ယခုအချိန်တွင် စတင်၍ ရှင်းလင်းသွားကြသည်။

+

သူသည် လေချွန်လိုက်၍ သူ၏ခေါင်းအား ပုတ်လိုက်ရာ ယုကျင်းတောင်ပေါ်တွင် စီးဆင်းနေသော အလင်းတန်းများ ပေါ်လာခဲ့ပြီး ပိုးမျှင်စများကဲ့သို့ လင်းဖုန်းကိုယ်ပေါ်သို့ ကျဆင်းလာကြသည်။

လင်းဖုန်း၏ အကြည့်သည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ ပြန်ရောက်သွားရာ အလင်းတန်း ပုံရိပ်များ ရေးရေးလေး ပေါ်လာသည်ကို တွေ့နိုင်ခဲ့သည်။

သူသည် ထိုအလင်းတန်း ပုံရိပ်များကို ခဏကြာ စိုက်ကြည့်နေခဲ့ပြီး သူ၏ မျက်နှာ အပေါ်တွင် အပြုံးဖွဖွလေး တစ်ခု ပေါ်လာကာ သူ့အကြည့်သည် နက်ရှိုင်း တည်ငြိမ်သွားခဲ့သည်။

+

သူ၏ခေါင်းကို ခါလိုက်ရာ မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်မှ သစ်ရွက်များက စတင်၍ တုန်ခါလာ၍ အလင်းတန်းများ လင်းလက်လာကာ ယုကျင်းတောင်၊ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်များနှင့် အတူ ကွယ်ပျောက်သွားခဲ့သည်။

သို့သော်လည်း တစ်ယောက်သည် ဟင်းလင်းပြင်အား တုန်ခါသွားစေခဲ့သော ကြီးမားသည့် အင်အားတစ်ခုကို အာရုံခံနေနိုင်ခဲ့သေးသည်။ ထိုနေရာတွင် အစွမ်းထက်သော တစ်စုံတစ်ရာက ရှိနေသကဲ့သို့ ဖြစ်သည်။

+

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည်
ထိုမြင်ကွင်းအား မြင်ခဲ့သော အခါ
ငြိမ်သက်နေကြသေးသော်လည်း သူတို့
နှစ်ယောက်ကပင် ယခုအချိန်၌ သူတို့ကိုယ် သူတို့
တည်ငြိမ်အောင် ထိန်းထားနိုင်ရန် ခက်ခဲလာခဲ့သည်။

ဤအချိန်တွင် သေမင်းပင်လယ်က ဒေါသူပုန်ထနေ၍
ဖျက်ဆီးနိုင်သော ဒီရေ လှိုင်းလုံးများဖြင့် ထကြွလာခဲ့ကာ
နောက်ကျနေသော ရေများအတွင်းမှ အလင်းတန်း
ဘောလုံးနှစ်လုံး ပေါ်လာကာ ပို၍ပို၍
တောက်ပလာကြသည်။

သေမင်းပင်လယ်၏ ရေမျက်နှာပြင် အပေါ်တွင်
ထိုင်နေသော မဟာဟင်းလင်းပြင် သူတော်စင်သည်
သက်ပြင်းတစ်ချက် ချလိုက်ကာ နောက်ဆုံးတွင်
ထရပ်လာခဲ့သည်။
+

သူသည် ရှေ့သို့ ခြေတစ်လှမ်း တိုးလာကာ
သေမင်းပင်လယ် အတွင်းမှ ထွက်ခွာလာ၍ အန္တိမ
ကောင်းကင်ကြေးမုံ အနားသို့ ရောက်လာခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံမှ အလင်းတန်းများသည်
ပို၍ပို၍ ထူးခြား ဆန်းကြယ်လာကြကာ ကြေးမုံသည်
အလင်းတန်းများ၏ ဖုံးကွယ်မှုအောက်တွင်
ပျောက်ကွယ်သွားခဲ့သော်လည်း နေရာတိုင်းတွင်
ရှိနေသည်ဟု ထင်နေရသည်။

လင်းဖုန်း၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့်
ဗုဒ္ဓတို့သည် ယခုအချိန်၌ သေမင်းပင်လယ် ထံသို့
ကြည့်နေခဲ့ကြသည်။

+

သေမင်းပင်လယ် အတွင်းမှ အလင်းတန်း ဘောလုံး နှစ်လုံးတို့သည် သေမင်းပင်လယ်၏ ရေများအတွင်းမှ မြင့်တက်လာကြသည်။

ဤအချိန်တွင် မဟာကမ္ဘာ တစ်ခုလုံးက စတင်၍ တုန်ခါလာကြပြန်သည်။

ထိုအလင်းတန်း ဘောလုံးနှစ်လုံး အတွင်းမှ ပုံရိပ် ရေးရေးလေး နှစ်ခုတို့ ထွက်ပေါ်လာကြသည်။

ထိုအလင်းတန်း ဘောလုံး နှစ်လုံးတို့သည် တံခါးနှစ်ပေါက်နှင့် တူနေကာ လမ်းကြောင်းများမှ တဆင့် မသိနိုင်သော ပန်းတိုင်များထံသို့ ရောက်သွားနိုင်ကြသည်။ မတူညီသော လမ်းကြောင်းနှစ်ခုတွင် မတူညီသော ပုံရိပ် နှစ်ခုတို့က

+

ပေါ်လာကြကာ အဝေးမှ လျှောက်လှမ်းလာကြ၍ တံခါးကို ဖြတ်သန်းပြီး မဟာကမ္ဘာ အတွင်းသို့ ဆင်းသက်လာတော့မည်ဟု ထင်နေရသည်။

## စာစဉ် ၇၅ : အပိုင်း ၁၂

## အပိုင်း ၁၄၆၂ : တော်ဝင်မိစ္ဆာ ကောရာဇ် နှစ်ပါး

မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့သည် သေမင်းပင်လယ်အား မဖိနှိပ်ခဲ့တော့သော အခါ သေမင်းပင်လယ်၏ စွမ်းအားများသည် လင်းဖုန်း၏ လမ်းညွှန်မှုအောက်တွင် ဒီရေ လှိုင်းလုံးများဖြင့် ထကြွ လှုပ်ရှားလာ၍ ဝိညာဥ်ပင်လယ်၏ စွမ်းအားများနှင့် တိုက်ခိုက်ခဲ့ကြသော်လည်း လုံးဝကို အသံမထွက်ပဲ တိတ်ဆိတ်နေခဲ့သည်။

+

သေမင်းပင်လယ် အတွင်းမှ အလင်းတန်း ဘောလုံးနှစ်ခု မြင့်တက်လာ၍ တံခါးနှစ်ခုနှင့် တူနေကာ တံခါး တစ်ခုချင်းသည် အဆုံးမဲ့၍ မသိနိုင်သော အနာဂတ်ထံသို့ ဦးတည်နေခဲ့သည်။

ပုံရိပ် နှစ်ခုတို့သည် ထိုတံခါးနှစ်ခု အတွင်းမှ ထွက်လာ၍ သေမင်းပင်လယ် အတွင်းတွင် ပေါ်လာကြသည်။

သူတို့သည် အလင်းတန်း ဘောလုံးအတွင်းတွင် ရှိနေကြသော အခါ ခံစားချက်သည် သိပ်မသိသာသေးသော်လည်း သူတို့သည် တံခါးများမှ ထွက်လာကြသည်နှင့် အရွယ်အစား အလွန်အမင်း ကြီးထွားလာကြကာ ကြီးမားလွန်းသဖြင့် ဖော်ပြ၍ပင် မရနိုင်တော့ချေ။

+

သူတို့သည် သေးငယ်သည့်ပုံ ပေါက်နေသလို
အလွန်အမင်း ကြီးမားသည်ဟုလည်း ထင်နေရကာ
ကွဲပြားသော ကမ္ဘာနှစ်ခု ဖြစ်နေသကဲ့သို့ ခံစားနေရသည်။

ဤအရာသည် ဝိညာဥ်ပင်လယ်၊ သေမင်းပင်လယ်နှင့်
မဟာကမ္ဘာတို့ ထပ်သွားသောကြောင့် ဖြစ်ပေါ်လာသည့်
လေဟာနယ် နယ်နိမိတ် တစ်ခုပင် ဖြစ်သည်။
သို့သော်လည်း ယခုအချိန်တွင် ထပ်နေကြသည်မှာ
ကမ္ဘာငါးခု ဖြစ်နေသည်ဟု ထင်နေရသည်။

မဟာကမ္ဘာကလည်း ဤအချိန်တွင် ပြင်းထန်စွာ
တုန်ခါနေခဲ့သည်။

+

မဟူရာ ပင်လယ် အတွင်းတွင် နဂါးများ အားလုံးတို့သည် မည်သည့် ကျင့်ကြံမှု အဆင်တွင် ဖြစ်စေ ပြင်းထန်စွာဖြင့် စတင်၍ တုန်ခါလာကြသည်။

မဟူရာ ပင်လယ် အတွင်းမှ နဂါးများ၏ ဟိန်းဟောက်သံများသည် ကောင်းကင်ကိုးလွှာအား တုန်ခါသွားစေ၍ သူတို့၏ ပွဲတင်ရိုက်နေသော အသံများကို မဟူရာ ပင်လယ် အတွင်း၌သာ ကြားနိုင်ခဲ့ခြင်း မဟုတ်ပဲ ပြင်ပမှလည်း ကြားနိုင်ခဲ့သည်။

ရှန်နဂါးဘုရင်သည် ရွှေရောင် အလင်းတန်းများဖြင့် အဆက်မပြတ် လင်းလက်နေ၍ မဟူရာ ပင်လယ် အတွင်းမှ ရေများနှင့် အတူ လှိုင်းလုံးများသည် ကောင်းကင်နှင့် မြေကြီးအတွင်းတွင် ဒေါသူပုန်ထနေကြသည်။

+

မူလ အစစ်အမှန် စိတ်ဝိညာဉ်ကို
ကျင့်ကြံထားပြီးကြသော အစွမ်းထက်သည့်
နဂါးများသည် နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ်
ပုံစံဖြင့် လင်းလက်လာကြ၍ သူတို့၏ မိစ္ဆာ
စွမ်းအားများက ပိုမို အားကောင်းလာကြသည်။

ခရမ်းရောင် ပင်လယ် နဂါးဘုရင်နှင့် ကျန်သော
အစွမ်းထက် နဂါးများသည် ရှန်နဂါးဘုရင် ထံသို့
လှည့်ကြည့်လိုက်ကြရာ ရှန်နဂါးဘုရင်သည်
တစ်စုံတစ်ခုကို သဘောပေါက်သွားသကဲ့သို့
အသက်ပြင်းပြင်း ရှူကာ ပြောလိုက်သည်။ "ဒါက
ဂရန်းမာစတာပဲ... ဒါက အရှင်မင်းမြတ် ကြွယ်ကေရာဇ်
ဖြစ်တယ်"

+

သူသည် ပင်လယ် မျက်နှာပြင်မှ ပျံသန်း ထွက်ခွာလာ၍ ဟင်းလင်းပြင် အနားတွင် လည်ပတ်နေခဲ့ကာ ကောင်းကင်အား မော့ကြည့်နေ၍ ပြောလိုက်သည်။ "ဂရန်းမာစတာကို ကြိုဆိုပါတယ်… အရှင်မင်းမြတ်ကို ကြိုဆိုပါတယ်"

နဂါးများ၏ နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဥ် ပုံစံတို့က လင်းလက်လာကြကာ သူတို့ကလည်း သဘောပေါက်သွားကြပြီး အပေါ်သို့ ပျံတက်သွားကြ၍ ရှန်နဂါးဘုရင် အနောက်တွင် စုစည်းခဲ့ကြကာ အစွမ်းထက်သော နဂါး ဟိန်းဟောက်သံများကို ထုတ်လွှတ်ခဲ့ကြသည်။ "ဂရန်းမာစတာကို ကြိုဆိုပါတယ်… အရှင်မင်းမြတ်ကို ကြိုဆိုပါတယ်"

တစ်ချိန်တည်းတွင် အစွန်းရောက် စိတ်ဝိညာဥ် နတ်မျောက်တို့၏ ခေါင်းဆောင်ဖြစ်သော အစွန်းရောက်

+

စိတ်ဝိညာဉ် မဟာပဏ္ဍိတ၏ နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံသည် သူ၏ နဖူးပေါ်တွင် လင်းလက်လာခဲ့ကာ သူသည် ကျောက်တုံးကဲ့သို့ မလှုပ်မယှက် ရပ်နေကာ ကြက်သေသေနေခဲ့သည်။

အချိန်အနည်းငယ် ကြာမှသာ သူသည် သတိပြန်ဝင်လာ၍ အလွန်အမင်း စိတ်လှုပ်ရှားနေကာ ဒူးထောက်လိုက်သည်။

အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက် အချို့သည် ဘာဖြစ်နေခဲ့မှန်း မသိခဲ့ပဲ သူ့အနောက်တွင် စုဝေးလာကြသည်။ အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် လင်းယွမ် တောင်ထိပ် အပေါ်တွင် ဒူးထောက်နေခဲ့ရင်း ဟိန်းဟောက်လိုက်သည်။ "အရှင်မင်းမြတ်က အသက်ရှင်နေသေးပြီး ပြန်လာနိုင်ခဲ့ပြီ"

+

အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်များ
အားလုံးတို့၏ ခန္ဓာကိုယ်များက ပြင်းထန်စွာ
တုန်ခါလာ၍ မှင်သက်နေကြပြီး သတိ
ပြန်မဝင်လာနိုင်ခဲ့ကြပေ။

အချိန်အတန်ကြာပြီးမှသာ သူတို့က ပျော်ရွှင်စွာနှင့်
စတင်၍ ဟစ်ကြွေးခဲ့ကြသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည်
သူတို့အားလုံး သတိပြန်မဝင်လာခင်ကတည်းက
ဟိန်းဟောက်လိုက်ကာ သူတို့အားလုံးတို့သည်
သူ့အနောက်တွင် ဒူးထောက်ခဲ့ကြသည်။

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတတို့ကလည်း ဤအချိန်တွင်
လင်းယွမ်တောင်တန်းများ အပေါ်၌ ပေါ်လာခဲ့သည်။
သူတို့ နှစ်ယောက်စလုံးသည် ဒဏ်ရာများ အပြင်းအထန်
ရထားကြပြီး သူတို့၏ မိစ္ဆာစွမ်းအားများက
အားနည်းနေကြသည်။ အထူးသဖြင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတ ဖြစ်၍ သူ၏
လက်တစ်ဘက်ကပင် ပျောက်ဆုံးနေခဲ့သည်။

သို့သော်လည်း သူတို့ နှစ်ယောက်စလုံးသည် ဤအချိန်၌
သိသိသာသာ စိတ်လှုပ်ရှားနေကြသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည်
သက်ပြင်းတစ်ချက် ချလိုက်ပြီး ယခုအချိန်တွင်
အလွန်အမင်း ယဉ်ပါးနေသည့်ပုံ ပေါက်နေခဲ့ကာ
ဖြည်းဖြည်းချင်း ဒူးထောက်ချလိုက်၍ ဟင်းလင်းပြင်
+

အပေါ်သို့ မော့ကြည့်လိုက်သည်။ "အရှင်မင်းမြတ်ကို ကြိုဆိုပါတယ်"

အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတကလည်း အလားတူပင် ပြုလုပ်လိုက်သည်။ "အရှင်မင်းမြတ်ကို ကြိုဆိုပါတယ်"

သူတို့ အနောက်တွင် ယွဲ့ချန်း မဟာပဏ္ဍိတနှင့် ကျန်သော ရှေးဟောင်းလူဝံ မိစ္ဆာတို့သည် အချင်းချင်း စိုက်ကြည့်နေကြပြီးမှ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ကြသည်။

မဟာကမ္ဘာ အပေါ်မှ ကောင်းကင်ယံတွင် အပြာရောင် မျက်လုံးနှင့် ရောမ အဖြူရောင် လူဝံတစ်ကောင် ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။ သူသည်

+

ကောင်းကင်ကိုးလွှာ အထက်တွင် ရှိနေသည်ဟု ထင်နေရကာ ဤကမ္ဘာအား ကျော်လွန်သွားသည်ဟု ခံစားသည်။ သူသည် ဤနေရာတွင် မရှိနေပဲ သူ၏ တည်နေရာကို ခန့်မှန်းရန်လည်း ခက်ခဲလှသည်။

ထိုလူဝံသည် အမတန်မှ သာမန်ဆန်သည်ဟု ထင်နေရသော်လည်း သူ့တွင် ကြောက်မက်ဖွယ်ရာ ကောင်းလှသော အရှိန်အဝါ တစ်ခု ရှိနေသည်။ သူသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေရင်း အလွန်အမင်း နက်နဲကာ ခန့်မှန်းရ ခက်သည့်ပုံ ပေါက်နေခဲ့သည်။

သူ၏ ခက်ထန် ကြမ်းတမ်းသော အင်အားသည် နူးညံ့သိမ်မွေ့သော အရှိန်အဝါနှင့် ပေါင်းစည်းနေ၍ ပဋိပက္ခ ဖြစ်နေသော်လည်း ခမ်းနား ထည်ဝါလှကာ ဤမြင်ကွင်းအား မြင်ခဲ့ရသော လူတစ်ယောက် အဖို့ ထိတ်လန့် တုန်လှုပ်သွားမည် ဖြစ်သည်။

+

ထိုမျက်နှာသည် ကောင်းကင် တစ်ခုလုံးအား ဖုံးလွှမ်းနေ၍ သက်ရှိအားလုံးနှင့် မဟာကမ္ဘာတို့အား အေးစက်စွာ စိုက်ကြည့်နေသည်ဟု ထင်နေရသည်။

ရှေးဟောင်းလူဝံ မိစ္ဆာများ အားလုံးတို့သည် သံသယများ ကင်းစင်သွားကာ ဒူးထောက်လိုက်၍ ဟင်းလင်းပြင်အား မော့ကြည့်နေကြရာ ဝေဝါးနေသော ပုံရိပ်သည် ဖြည်းဖြည်းချင်း ကြည်လင်လာခဲ့သည်။

"အရှင်မင်းမြတ်ကို ကြိုဆိုပါတယ်"

လူဝံ မိစ္ဆာများ၏ ခက်ထန် ကြမ်းတမ်းသော ဟိန်းဟောက်သံများသည် လင်းယွမ်တောင်တန်း အပေါ်၌ အော်မြည်နေကာ အဝေးသို့တိုင်အောင်

+

ပွဲတင်ရိုက်သွားကြပြီး ဤနေရာ တစ်ခုလုံးကို တုန်ခါသွားစေသည်။

ဤအချိန်တွင် ရှေးဟောင်းလူဝံ မိစ္ဆာများနှင့် အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်တို့သည် သူတို့၏ စိတ်လှုပ်ရှားမှုများကို ဖိနှိပ်ထား၍ မရတော့ချေ။

သို့ရာတွင်…

လင်းယွင်တောင်တန်း အပေါ်မှ လူဝံများ အပြင် လက်ရှိ ဂူကေရာဇ် ဂူကျွန်း၊ ရှင်းလုံစန်းနှင့် ထျန်းကန်း ဓားမာစတာတို့သည် ဤအချိန်တွင်  ဟင်းလင်းပြင် အတွင်းသို့ စိုက်ကြည့်နေကြပြီး ရုတ်တရက် ပေါ်လာခဲ့သော ထိတ်လန့် တုန်လှုပ်ဖွယ်ရာ ပုံရိပ်အား စိုက်ကြည့်နေကြသည်။

+

ဂူကျွန်း၏ မျက်နှာအပေါ်တွင် လေးနက်သော အမူအရာ တစ်ခု ပေါ်လာခဲ့သော်လည်း ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့ နှစ်ယောက်စလုံးတို့သည် မျက်စိပျက်၊ မျက်နှာပျက် ဖြစ်နေကြလေသည်။

စူတောင်ခေးဂိုဏ်း၏ တည်ထောင်သူ ဖြစ်သော ရန်ချန်းမေ့သည် ရှန်းယွမ်၏ လက်အောက်တွင် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။

ထိုအချိန်သည် စူတောင်ခေးဂိုဏ်း၏ အမှောင်မည်းဆုံး အချိန်ကာလ ဖြစ်၍ ဂိုဏ်း၏ သမိုင်းတစ်လျှောက်တွင် ဖျောက်ဖျက်၍ မရသော အရှက်ရစရာ ကိစ္စအဖြစ် အမြဲတမ်း ကျန်နေတော့မည် ဖြစ်သည်။

+

ရှန်းယွမ် ပြန်လည် ရှင်သန်လာသည်ကို ကြည့်နေကြရင်း ရှင်းလုံစန်းနှင့် ထျန်းကန်း ခေါးမာစတာတို့သည် မှုးဝေလာသည်ဟု ခံစားခဲ့ရသည်။

သူတို့၏ဘေးတွင် ရှီရှင်းယွမ်သည် ပို၍ပင် မျက်စိမျက်နှာ ပျက်နေခဲ့၍ သူမ၏ မျက်နှာသည် ဖြူဖျော့နေပြီး သူမ၏ မျက်လုံးများသည် မည်းမှောင်နေခဲ့သည်။

သူမအောက်မှ ရောမ နဂါး ခန္ဓာကိုယ်ကလည်း ထိန်းချုပ်၍ မရပဲ စတင်၍ တုန်ခါလာခဲ့သည်။

ရှီရှင်းယွမ်သည် ဟင်းလင်းပြင် အတွင်းသို့ ကြည့်နေရင်း ရှန်းယွမ်အပြင် နောက်ထပ် ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်ကို သဘောပေါက်လိုက်သည်။

+

သူ၏ တည်ရှိနေမှုနှင့် စွမ်းအားများ အရ ထိုပုံရိပ်သည် မျက်လုံးပြာ လူဝံနှင့် အဆင့်တူ ရှိနေသည်ဟု ထင်နေရသည်။ သို့သော်လည်း အရွယ်အစား အရ သူသည် မျက်လုံးပြာ မိစ္ဆာလူဝံထက် များစွာပို၍ ကြီးမားပေသည်။

ထိုအရာသည် ထူထဲလှသော ရွှေရောင် နဂါးကျက်သရေ တိမ်တိုက်များ အတွင်းတွင် ပုန်းကွယ်နေသော ရောမ ရွှေရောင်နဂါး တစ်ကောင်ပင် ဖြစ်သည်။

သူ၏ ခေါင်းသည် တိမ်တိုက်များ အတွင်းမှ ထွက်လာခဲ့သော အခါ ကမ္ဘာတစ်ခုနှင့် တူနေခဲ့သည်။ သူသည် မဟာကမ္ဘာအား စိုက်ကြည့်နေခဲ့ရာ မဟာကမ္ဘာ အတွင်းမှ သက်ရှိ အားလုံးတို့သည် သူ့အား ဦးညွှတ်လိုနေသကဲ့သို့ ထင်နေရသည်။

+

လင်းယွမ် တောင်တန်း အပေါ်မှ ရှေးဟောင်းလူဝံ မိစ္ဆာများမှ အပ ကျန်သော လူသားနှင့် မိစ္ဆာများသည် ဤရောမ နဂါးအား တွေ့ခဲ့ရသော အခါ အလွန် အစွမ်းထက်သော အုပ်ချုပ်သူနှင့် ရင်ဆိုင်နေခဲ့ရသကဲ့သို့ အညှံ့ခံလိုသော ဆန္ဒများ ပေါ်လာကြသည်။

မွေးရာပါ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်နိုင်မှု တစ်ခုသည် လူအားလုံးကို ရိုက်ခတ်ခဲ့သကဲ့သို့ ထင်နေရကာ ထိုအစွမ်းထက် နဂါးက တစ်ယောက်အား သေစေလိုလျှင် သူသည် သေကို သေရမည်နှင့် တူနေသည်။

+

ရွှေရောင် ကျက်သရေ နဂါးများက လွင့်ပြယ်သွားသော အခါ မဟာကမ္ဘာသည် အထီးကျန်သော မူလရင်းမြစ်သို့ ပြန်ရောက်သွားသည်ဟု ထင်နေရသည်။

သူသည် နဂါးများက ကောင်းကင်နှင့် မြေကြီးတို့အား အုပ်စိုးခဲ့သည့် အချိန်သို့ ပြန်ရောက်သွားခြင်း ဖြစ်သည်။

ဤရောမ နဂါးပုံရိပ်သည် မျက်လုံးပြာ လူဝံနှင့် အတူတူ ပေါ်လာခဲ့၍ သူတို့၏ အရှိန်အဝါများသည် ဤအချိန်တွင် အချင်းချင်း ပဋိပက္ခ ဖြစ်နေသည်နှင့် တူနေကာ တစ်ယောက်ကို တစ်ယောက် အလျှော့မပေးခဲ့ကြပေ။

ဗီပရာလိုပါ အဆင့်မှ မိစ္ဆာများနှင့် မဟာကမ္ဘာ တို့အကြားမှ ဆက်သွယ်မှုသည် ပုံမမှန်ပဲ အလွန်အမင်း နီးစပ်နေကြပြီ ဖြစ်သည်။ ကြမ္မာပန်းတိုင် ဒုတိယ

+

ကပ်ဘေး စဦးပိုင်း အဆင့်မှ မိစ္ဆာများ အတွက်မူ ပို၍ပင် နီးစပ်နေကြသည်။

ဖျက်ဆီး၍ မရနိုင်သော လောကမှ မိစ္ဆာများ အတွက် သူတို့သည် မဟာကမ္ဘာအား သူတို့၏ အစိတ်အပိုင်း တစ်ခုအဖြစ်သို့ ပြုလုပ်နိုင်လုနီးပါး ဖြစ်နေကြပြီ ဖြစ်သည်။ သူတို့၏ လုပ်ဆောင်ချက်တိုင်းသည် မဟာကမ္ဘာ တစ်ခုလုံး၏ တုံ့ပြန်မှုကို ဆွဲဆောင်နိုင်မည် ဖြစ်သည်။

အစွမ်းထက်သော မိစ္ဆာများ အကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်လာမည်မှာ ရှောင်လွှဲ၍ မရပဲ အန္တိမ အုပ်ချုပ်သူ နေရာအတွက် ယှဉ်ပြိုင်ရမည် ဖြစ်သဖြင့် သူတို့အကြားတွင် တိုက်ပွဲ ဖြစ်ကို ဖြစ်ရမည် ဖြစ်သည်။

+

သူတို့ အနက်မှ တစ်ယောက်ကပင် မဟာကမ္ဘာ တစ်ခုလုံးကို တုန်ခါနိုင်စေခဲ့ပြီ ဖြစ်သည်။ ယခုအချိန်တွင် သူတို့ နှစ်ယောက်စလုံးက အတူတကွ ပေါ်လာခဲ့ကြသဖြင့် မူလကောင်းကင် ကမ္ဘာ အတွင်းမှ အားလုံးတို့သည် ထိတ်လန့် တုန်လှုပ်နေခဲ့ကြသည်။

ဂူကျွန်း၊ ရှင်းလုံစန်း၊ ထျန်းကန်း ခေါ်မာစတာနှင့် ကျန်သောသူများ အားလုံးတို့၏ မျက်နှာများက မည်းမှောင်သွားကြသည်။ "အစွန်းရောက် စိတ်ဝိညာဉ် ရှန်းယွမ်၊ ကွယ်ကေရာဇ်"

နတ်ဘုရား နယ်မြေ အတွင်းမှ လူသား ကျင့်ကြံသူများ အားလုံးတို့၏ ရင်အတွင်းတွင် လေးလံသွားကြသည်။

ကြွယ်ကေရာဇ်၊ ရှန်းယွမ်နှင့် ဟေးဒီးစ် ကေရာဇ်တို့သည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတွင် အသန်မာဆုံး မိစ္ဆာသုံးကောင်တို့ ဖြစ်ကြသည်။ သူတို့ တစ်ယောက်ချင်းစီသည် မိစ္ဆာများ အတွက် တိုးတက်စည်ပင်သော ခေတ်တစ်ခုကို ကိုယ်စားပြုနေကြ၍ လူသားများအား အုပ်စိုးနိုင်ခဲ့ကြသည်။

ကံကောင်းစွာဖြင့် သူတို့သည် လူသား ကျင့်ကြံသူများ၏ အနိုင်ယူခြင်းကို ခံခဲ့ရ၍ နောက်ဆုံးတွင် အမြှုပ်နှံခံခဲ့ရသည်။

သို့သော်လည်း ယခုအချိန်တွင် ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့က ပြန်လည် ပေါ်ပေါက်လာခဲ့ကြသဖြင့် လူသားကျင့်ကြံသူများသည် များစွာ တုန်လှုပ်နေကြပြီး ကြံရာမရ ဖြစ်နေခဲ့သည်။

+

အားလုံးတို့သည် တင်းကျပ်စွာဖြင့် ဟင်းလင်းပြင် အတွင်းသို့ ကြည့်နေကြပြီး ဝိညာဥ်ပင်လယ်သည် ယခုအချိန်တွင် ကမ္ဘာကြီး၏ အာရုံစိုက်ရာ ဖြစ်လာခဲ့သည်။

မဟာကမ္ဘာ အတွင်းမှ မြင်နေရသော ပုံရိပ်များသည် မိစ္ဆာများ၏ မူလ အစစ်အမှတ် စိတ်ဝိညာဥ်နှင့် မဟာ ကမ္ဘာတို့က တင်းကျပ်စွာ နီးကပ်နေသောကြောင့် ဖြစ်၍ သူတို့က မဟာကမ္ဘာ အတွင်းသို့ ပြန်လာခဲ့ကြသော အခါ ကမ္ဘာအားလုံးတို့ကို တုန်လှုပ်စေခဲ့သည်။

ယခုအချိန်တွင် လင်းဖုန်းနှင့် ကျန်သောသူများသည် ပြန်လာခဲ့ကြသော တော်ဝင်မိစ္ဆာ ဧကရာဇ် နှစ်ပါးတို့နှင့် အမှန်တကယ် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

+

လင်းဖုန်းသည် သူ၏ ဘယ်ဘက်သို့ လှည့်လိုက်ရာ ရွှေရောင် ကျက်သရေ တိမ်တိုက်ဘောလုံး တစ်ခုကို တွေ့လိုက်ရသည်။ သူ့အား ကြည့်ရသည်မှာ အလွန်အမင်း မကြီးမားနေသော်လည်း အံ့ဩ တုန်လှုပ်ဖွယ်ရာ ကောင်းလှသည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်များ အတွင်းတွင် နဂါး၏ အကြေးခွံနှင့် လက်သည်းများကိုပင် မတွေ့နိုင်ပဲ တိမ်တိုက်များ အကြားတွင် ရွှေရောင် အလင်းတန်းများ ရွေ့လျားနေသည်ကိုသာ တွေ့နိုင်ခဲ့သည်။

မရေ မတွက်နိုင်သော အလင်းတန်းများသည် နေရာအနှံ့ ထိုးတက်လာ၍ ဤကျက်သရေ တိမ်တိုက် ဘောလုံးအား ထောက်ပံ့နေကြပြီး သူပိုင်ဆိုင်ထားသော

+

စွမ်းအားများသည့် မဟာကမ္ဘာ တစ်ခုလုံးအား ဖိနှိပ်ထားသည်နှင့် တူနေသည်။

လင်းဖုန်းသည် ထိုကျက်သရေ တိမ်တိုက် ဘောလုံးအား ကြည့်နေရင်း ထူးခြားသည့် မြင်ကွင်း တစ်ခုအား ကြည့်နေရသည်နှင့် တူနေခဲ့သည်။

ဤအရာသည် မဟာကမ္ဘာ ပထမဆုံး စတင် ဖွင့်လှစ်၍ သက်ရှိအားလုံး ပထမဆုံး မွေးဖွားလာခဲ့သော ကမ္ဘာဦးခေတ် ဖြစ်သည်။

သက်ရှိများ အားလုံးကြားတွင် အစွမ်းထက်သော ဖြစ်တည်မှု တစ်ခု ရှိနေပြီး ထိုသက်ရှိသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ထိုးတက်လာသော ရွှေရောင် အလင်းတန်း တစ်တန်းနှင့်

+

တူနေ၍ မဟာတာအိုဓ၏ မူလနှင့်လည်း ဆင်တူနေပြီး မဟာကမ္ဘာ၏ ကိုယ်ပွားအလား ဖြစ်နေခဲ့သည်။

နဂါးများ၏ ဂရန်းမာစတာ ဖြစ်ပြီး ကောင်းကင်နှင့် မြေကြီးတို့ ပထမဆုံး အဖန်ဆင်းခံခဲ့ရ အပြီးတွင် အသန်မာဆုံး အသက်ဝိညာဉ် ဖြစ်၍ ပထမဆုံး ရှေးပဝေသဏီ နတ်နဂါး ဖြစ်သည့် ပထမနဂါး ရွှမ်ဆန်းပင် ဖြစ်သည်။

သူသည် မဟာကမ္ဘာအား အချိန်ကြာမြင့်စွာ အုပ်စိုးခဲ့ကာ သက်ရှိအားလုံးအား အုပ်ချုပ်ခဲ့သည့် ပထမ တော်ဝင်မိစ္ဆာ ဧကရာဇ်ဖြစ်သော ကွှယ်ဧကရာဇ်ပင် ဖြစ်သည်။

+

သူ၏ ညာဘက်တွင် ဤကမ္ဘာနှင့် မသက်ဆိုင်ပဲ ဤကမ္ဘာ အလွန်တွင် အချိန်ကာလနှင့် လေဟာနယ် ဒိုင်မန်းရှင်းတို့ အားလုံး၌ ရှိနေသကဲသို့ ဖြစ်နေသည့် မျက်လုံးပြာ အဖြူရောင် လူဝံတစ်ကောင် ရှိနေခဲ့သည်။

သူ၏ စွမ်းအားနှင့် အရှိန်အဝါတို့သည် ကြွယ်ကေရာဇ်လောက် မသန်စွမ်းနေသော်လည်း အလွန်အမင်း နူးညံ့သိမ်မွေ့၍ ခန့်မှန်းရန် ခက်ခဲလှသည်။

သူသည် အန္တိမ နေရာသို့ တက်လှမ်းနိုင်ခဲ့၍ မူလကောင်းကင် ကမ္ဘာအား ကြီးစိုး လွှမ်းမိုးခဲ့သူ ဖြစ်၍ မူလကောင်းကင် ကမ္ဘာ အတွင်းမှ လူတိုင်းက သူ့အား ကြောက်နေရသည်။ သူသည် ကြွယ်ကေရာဇ်နှင့် အတူ မူလကောင်းကင် ကမ္ဘာ သမိုင်းအတွင်းမှ အသန်မာဆုံး မိစ္ဆာသုံးကောင် အနက် တစ်ကောင် အပါအဝင် ဖြစ်သော အစွန်းရောက် စိတ်ဝိညာဥ် ရှန်းယွမ် ဖြစ်သည်။

+

လင်းဖုန်းသည် ဤတော်ဝင်မိစ္ဆာ ကေရာဇ်
နှစ်ပါးစလုံးအား ကြည့်နေ၍ သူ၏ အကြည့်သည်
အနည်းငယ် လင်းလက်လာခဲ့သည်။

သူတို့ နှစ်ကောင်စလုံးသည် အသန်မာဆုံး
မိစ္ဆာသုံးကောင် အနက်တွင် ပါ၍ မူလကောင်းကင် ကမ္ဘာ
သမိုင်း တစ်လျှောက်လုံးမှ အသန်မာဆုံး သက်ရှိများ
အတွင်းတွင်လည်း အပါအဝင် ဖြစ်သည်။

သူတို့သည် သမိုင်းအတွင်းတွင် ဒဏ္ဍာရီများစွာ
ချန်ထားခဲ့ကာ ယနေ့အချိန်တွင် ပြန်လာနိုင်ခဲ့ကြလေပြီ။

## စာစဥ် ၇၅ : အပိုင်း ၁၃

+

## အပိုင်း ၁၄၆၃ : နဂါး၊ နဂါး၊ နဂါး

ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့ ပြန်လာခဲ့ကြသော အခါ ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးက ပြောင်းလဲသွားသည်။

ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့သည် ပို၍ ပြင်းထန်စွာပင် ထကြွလာကြ၍ အချင်းချင်း တိုက်ခိုက်နေကြပြီး မီးခိုးရောင် နယ်နိမိတ်သည် အက်ကွဲသွား၍ ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းလဲသွားသည်။

မဟာကမ္ဘာ ထံသို့ ဦးတည်နေသော အက်ကွဲကြောင်း တစ်ခု အပြည့်အဝ ပေါ်လာခဲ့ကာ ထူးခြားသော အခြေအနေ တစ်ခုကို ဖော်ပြလိုက်သည်။

+

မဟာကမ္ဘာ၊ ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ်တို့ အကြားတွင် ဗလာဖြစ်နေသော နယ်မြေတစ်ခု ပေါ်လာခဲ့သည်။

ရှုခင်းများ၊ အရာဝတ္ထုများ၊ သက်ရှိများ၊ စိတ်ဝိညာဉ် စွမ်းအင်များ တစ်ခုမှ မရှိနေပဲ အချိန်ကာလနှင့် လေဟာနယ်တို့ကပင် ဝေဝါးနေခဲ့ကာ ဤဒေသ တစ်ခုလုံးသည် ကမ္ဘာဦး ကစဉ့်ကလျား အခြေအနေနှင့် တူနေခဲ့သည်။

အရပ်မျက်နှာ သို့မဟုတ် အကွာအဝေးတို့ကိုလည်း အာရုံခံ၍ မရနေပဲ အချိန်ကာလကလည်း ကုန်ဆုံးသွားပုံ မပေါ်နေပေ။

+

ဤကမ္ဘာဦး ကစဥ့်ကလျား အခြေအနေသည်
အေးခဲနေသည့်ပုံ ပေါက်နေကာ ပြောင်းလဲမှုများ
မဖြစ်လာပဲ သက်ရှိများက မွေးဖွားမလာခဲ့ပေ။

ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့သည်
ပေါ်ပေါက်လာခဲ့အပြီးတွင် အချင်းချင်း
ကြည့်ခဲ့လိုက်ကြသည်။

သူတို့ နှစ်ယောက်စလုံးသည် ဖျက်ဆီး၍ မရနိုင်သော
လောကတွင် ရှိနေကြ၍ သူတို့၏ မူလ အစစ်အမှန်
စိတ်ဝိညာဥ်များသည် မဟာကမ္ဘာနှင့် တင်းကျပ်စွာ
ဆက်သွယ်နေကာ တစ်ယောက်၏ တည်ရှိနေမှုကို
တစ်ယောက်က ကောင်းစွာ အာရုံခံနိုင်ခဲ့သည်။

+

ရွှေရောင် ကျက်သရေ တိမ်တိုက်များ အတွင်းမှ အကြည့်တစ်ခုသည် ရှန်းယွမ်အပေါ်သို့ ကျရောက်လာခဲ့ကာ သူ့အား အကဲခတ်လိုက်ပြီး နက်ရှိုင်း၍ အားကောင်းသော အသံတစ်ခုကို ထုတ်ဖော်လိုက်သည်။ "အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်လား"

ရှန်းယွမ်၏ နှုတ်ခမ်းများက အနည်းငယ် တွန့်သွားကာ သူ၏ မျက်နှာ အပေါ်တွင် အပြုံးတစ်ခုအား ဖော်ပြလိုက်သည်။ "ပထမ နဂါး ရွှမ်ဆန်း… ကျုပ်က ခင်ဗျားနာမည်ကို ကြားဖူးနေခဲ့ပေမဲ့ နှမြောစရာ ကောင်းတာက ဒီကနေ့မှပဲ တွေ့ရတော့တယ်"

မိစ္ဆာနှစ်ကောင်တို့သည် ခေတ္တမျှ စကားပြောခဲ့ အပြီးတွင် ပြန်လည် ငြိမ်သက်သွားကြကာ သူတို့၏ အာရုံများက အခြားတစ်ဘက်သို့ ကျရောက်သွားကြသည်။

+

ထိုနေရာတွင် မဟာဟင်းလင်းပြင် သူတော်စင်က အန္တိမ ကောင်းကင်ကြေးမုံနှင့်၊ လင်းဖုန်းက ကြမ္မာပန်းတိုင် ခေါင်းလောင်းနှင့် ရှိနေပြီး ဗုဒ္ဓက အခြားတစ်ဘက်တွင် ရပ်နေခဲ့သည်။

လင်းဖုန်း၏ ဘေးတွင် သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ တိုက်ခိုက်မှုမှ ဖြစ်ပေါ်လာသော ဝဲကတော့ထံမှ ခက်ထန်ကြမ်းတမ်းသော အလင်းတန်း တစ်တန်းကို တွေ့နေနိုင်သည်။ ထိုအလင်းတန်းသည် ပို၍ပို၍ တောက်ပလာပြီး နိမိတ် မကောင်းသော အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေခဲ့သည်။

လင်းဖုန်း၏ ခေါင်းပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် မမြင်နိုင်သော တည်ရှိနေမှု တစ်ခုကို အာရုံခံနိုင်ခဲ့၍

+

ထိုအရာ ပိုင်ဆိုင်ထားသော ဝေဝါးနေသည့်
အရိုန်အဝါသည် ထိုတော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့၏
အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

ရွှေရောင်နဂါး၏ အကြည့်သည် ယခုအချိန်တွင်
မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ
ကောင်းကင်ကြေးမုံ အပေါ်သို့ ကျရောက်လာခဲ့သည်။

သူသည် စကား မပြောသော်လည်း သူဖော်ပြနေခဲ့သော
အရှိန်အဝါသည် အလွန်အမင်း အေးစက်နေခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် အလွန်အမင်း
တည်ငြိမ်နေ၍ ကြွယ်ကေရာဇ်အား
စိုက်ကြည့်နေခဲ့သည်။

+

ကြွယ်ကေရာဇ်သည် မဟာဟင်းလင်းပြင် သူတော်စင်အား ခေတ္တမျှ စိုက်ကြည့်ခဲ့အပြီးတွင် သူ၏ အာရုံများကို ဗုဒ္ဓနှင့် လင်းဖုန်းထံသို့ ပြောင်းလိုက်သည်။ သူ၏ အကြည့်သည် ဗုဒ္ဓအား ဖြတ်ကျော်သွားခဲ့ အပြီး၌ နောက်ဆုံးတွင် လင်းဖုန်းအပေါ်သို့ ကျရောက်သွားခဲ့သည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်များသည် အနည်းငယ် လှုပ်ရှားသွား၍ ရွှေရောင်အလင်းတန်းများသည် ဟင်းလင်းပြင်နှင့် ကမ္ဘာသုံးခုတို့အား ပြည့်သွားခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် အလင်းတန်း ပုံရိပ်တစ်ခုသည် တွန့်လိမ်လာ၍ စီးဆင်းနေသော အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားပြီးမှ ပျောက်ကွယ်သွားခဲ့သည်။

+

ကြွယ်ကေရာဇ်၏ အရှေ့တွင် အလင်းတန်း တစ်တန်း လင်းလက်လာ၍ မပြည့်စုံသေးသော နဂါးပုံရိပ် တစ်ခုအဖြစ် ပုံပေါ်လာခဲ့သည်။ ထိုပုံရိပ်သည် ခန္ဓာကိုယ် အောက်ပိုင်း မရှိပဲ သူ၏ နဖူးပေါ်တွင် တွင်းနက်တစ်ခု ရှိနေသည်။ ထိုတွင်းနက် အတွင်းတွင် အသွေး၊အသားနှင့် အရိုးများ မရှိပဲ လုံး၀ မည်းနက်ကာ ဗလာဖြစ်နေခဲ့သည်။

ထိုအရာသည် မူလနဂါး ဘုရင်၏ ခန္ဓာကိုယ် တစ်၀က်ဖြစ်ကာ ကြွယ်ကေရာဇ်၏ ကျက်သရေ တိမ်တိုက်များ၏ ဖုံးလွှမ်းခြင်းအား ခံခဲ့ရသော အခါ သူ၏ မပြည့်စုံသော ခန္ဓာကိုယ် အပေါ်တွင် အလင်းစက်များ စတင်၍ ပေါ်လာခဲ့သည်။ ထိုအလင်းစက်များ စုစည်းလာသော အခါ သူတို့သည် မပြည့်စုံသော ပုံရိပ်တစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

+

ထိုပြီးပြည့်စုံခြင်း မရှိသည့် ပုံရိပ်သည် လေထုအလယ်တွင် မျောလွင့်နေသော မြူခိုးငွေ့များကဲ့သို့ အချိန်မရွေး လွင့်ပြယ်သွားတော့မည်ကဲ့သို့ ထင်နေရကာ စတင်၍ ထစ်ငေါ့ ထစ်ငေါ့ဖြင့် ပြောလိုက်သည်။ "... အရှင်... မင်းမြတ်..."

သူ၏စကား မဆုံးမီပင် ကြွယ်ကေရာဇ်က သဘောပေါက်သွားသည်။ မူလနဂါး ဘုရင်၏ လက်ကျန် စိတ်ဝိညာဥ်သည် လွင့်ပြယ်နေ၍ နောက်ဆုံး ပျက်စီးမှုထံသို့ ဖြည်းဖြည်းချင်း သွားနေခဲ့ပြီ ဖြစ်သည်။

ကြွယ်ကေရာဇ်သည် အမူအရာ ကင်းမဲ့စွာဖြင့် သူ၏ အကြည့်သည် ဝိညာဥ်ပင်လယ် အတွင်းသို့ ကျရောက်သွားခဲ့ရာ ဝိညာဥ်ပင်လယ် အတွင်းမှ လင်းလက်နေသော အလင်းတန်းများသည် ကျက်သရေ

+

တိမ်တိုက်များထံသို့ ရောက်ရှိလာကြပြီး ပျက်စီးလုနီးပါး ဖြစ်နေသည့် မူလနဂါး ဘုရင်၏ မိစ္ဆာဝိညာဥ်အား တည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်များကို ကျောနောက်တွင် ပစ်ထားပြီး ကြွယ်ကေရာဇ်အား တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းအား အေးစက်စွာဖြင့် တစ်ချက် ကြည့်လိုက်အပြီးတွင် သူ၏ အကြည့်သည် မဟာဟင်းလင်းပြင် သူတော်စင် အပေါ်သို့ ပြန်လည် ကျရောက်သွားကာ ခမ်းနား ထည်ဝါလှသည် ရွှေရောင် ကျက်သရေ တိမ်တိုက် ပင်လယ်သည် မဟာဟင်းလင်းပြင် သူတော်စင် အပေါ်သို့ လွှမ်းခြုံလာခဲ့သည်။

+

ရှေးဟောင်းခေတ်တွင် မဟာဟင်းလင်းပြင် သူတော်စင်သည် တိုင်ဧကရာဇ်နှင့် ပူးပေါင်းကာ ကြွယ်ဧကရာဇ်အား သတ်ဖြတ်ခဲ့သည်။ ပြီးတာနှင့် သူသည် သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်သွားကာ ကြွယ်ဧကရာဇ်အား ပြန်လာနိုင်ခြင်း မရှိစေရန် ဖိနှိပ်ထားခဲ့သည်။ သူတို့သည် ခေတ်ပေါင်းများစွာ မဟာရန်သူ ဖြစ်ခဲ့ကြသူများ ဖြစ်သည်။

ကြွယ်ဧကရာဇ် တိုက်ခိုက်ခဲ့သော အခါ အားလုံးတို့သည် ကောင်းကင်နှင့် မြေကြီးတို့က ပြိုကျသွားတော့မည်ဟု ခံစားခဲ့ရသည်။ မဟာကမ္ဘာ တစ်ခုလုံးကပင် ပြောင်းပြန်လှန်သွားတော့မည်ဟု ထင်နေရသည်။

+

မဟာဟင်းလင်းပြင် သူတော်စင်သည် ဤပထမ နဂါး၏ နောက်ခံကို ကောင်းစွာ သိနေခဲ့သည်။ သူတို့၏ ပထမ တွေ့ဆုံမှုသည် ကမ္ဘာဦးခေတ်၏ အဆုံးသတ်မှ စတင်ခဲ့ခြင်း ဖြစ်သည်။

သူသည် ဟင်းလင်းပြင် အတွင်းတွင် ရပ်နေခဲ့၍ ကောင်းကင်ပေါ်သို့ ညွှန်ပြလိုက်ရာ မရေမတွက်နိုင်သော အနန္တမ ကောင်းကင်ကြေးမုံများ ပေါ်လာခဲ့၍ ကြေးမုံ အလင်းတန်းများကို ထုတ်လွှတ်လိုက်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် အလင်းတန်းများဖြင့် လင်းလက်လာ၍ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်သည် သူ့ခေါင်းအပေါ်တွင် ပေါ်လာခဲ့သည်။

+

သူ့အား အလှူများဖြင့် ပိုင်းခြားထား၍ မတူညီသော အလင်းတန်း ဘောလုံး ကိုးလုံးတို့ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုအလင်းတန်း ဘောလုံးများသည် ဟင်းလင်းပြင်တွင် လင်းလက်နေကြ၍ ထူးခြား ဆန်းကြယ်ကာ ခန့်မှန်း၍ မရပေ။ သူတို့၏ တည်ဆောက်ပုံများအား ဖော်ပြရန် ခက်ခဲသော်လည်း သူတို့သည် ကောင်းကင်ကိုးလွှာ ထံသို့ ဖြည်းဖြည်းချင်း တက်လှမ်းလာခဲ့ကြသည်။

အန္တိမ ကောင်းကင်ကြေးမုံများက လင်းလက်လာသော အခါ ကောင်းကင်နှင့် မြေကြီးတို့ အတွင်းတွင် ဧရာမ ပုံရိပ်ယောင် အလင်းတန်း ဘောလုံးများ ထိုးတက်လာကြကာ ကောင်းကင်နှင့် မြေကြီးတို့ အတွင်းမှ လေဟာနယ် ဒိုင်မန်းရှင်း အသီးသီးတို့တွင် နေရာယူသွားကြ၍ ယခုအချိန်တွင် မရေမတွက်နိုင်သော

+

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်များ ပေါ်လာကြပြီ ဖြစ်သည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်အား လွှမ်းခြုံထားသော ချန်ကောင်းကင် မဟာဟင်းလင်းပြင် နတ်ဘုရား အလင်းတန်းသည် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများဖြင့် ပေါင်းစည်းသွားရာ သူတို့ရှိနေသော ကမ္ဘာဦး ကစဥ့်ကလျား ပတ်ဝန်းကျင်သည် စတင်၍ အလွန်အမင်း အသက်ဝင်လာခဲ့သည်။

ကောင်းကင်ထံသို့ သွားသော လမ်းကြောင်းသည် တစ်ချိန်တည်းတွင် ပေါ်လာသကဲ့သို့ ဖြစ်နေကာ တည်ရှိခြင်း တစ်ခုထံသို့ ညွှန်ပြနေခဲ့သည်။

+

သူတို့သည် တစ်ခုတည်းသော စစ်မှန်သည့်
အကြောင်းရင်း၊ တစ်ခုတည်းသော ထာဝရနှင့်
အရာအားလုံး မှန်ကန်နေသည့် တစ်ခုတည်းသော
နေရာဖြစ်သော မဟာတာအို၏ အရင်းအမြစ်နှင့်
မဟာကမ္ဘာ ကြမ္မာပန်းတိုင်၏ ဗဟိုချက်တို့အား
ညွှန်ပြနေခြင်း ဖြစ်သည်။

ဤကဲ့သို့သော ထူးခြားဆန်းကြယ်၍ အစွမ်းထက်သော
စွမ်းအားများ ထိုးတက်လာသော အခါ အန္တိမ
ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည်
ကောင်းကင်တွင် ပြည့်နှက်သွားကာ အချိန်
လည်ပတ်မှုသည် ဤအချိန်၌ နှေးကွေးသွားသည်ဟု
ထင်နေရသည်။ အချိန်ကာလသည်
ရပ်တန့်သွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

+

သို့သော်လည်း ကြွယ်ကေရာဇ် အပေါ်၌
အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

သူသည် ကောင်းကင်နှင့် မြေကြီးတို့ ပထမဆုံး
ဖန်တီးအပြီးတွင် တည်ရှိနေသော အစောဆုံး သက်ရှိများ
အနက်မှ တစ်ယောက်ဖြစ်သည်။ မဟာကမ္ဘာ၏
ကြမ္မာပန်းတိုင် ပြောင်းလဲသွား အပြီးတွင် သူသည်
သူနှင့်အတူ ကြီးထွားလာ၍ နောက်ဆုံးတွင် သူရှိနေသော
ခေတ်ကာလ၏ အသန်မာဆုံး ဖြစ်တည်မှု တစ်ခု
ဖြစ်လာခဲ့သည်။

ရွှေရောင် ကျက်သရေ တိမ်တိုက်များ လွင့်ပြယ်သွား၍
ရွှေရောင် အလင်းတန်း မိုးများအဖြစ်သို့
ပြောင်းလဲသွားသည်။ မိုးများသည် လေဟာနယ်
ဒိုင်မန်းရှင်း အသီးသီးများ အတွင်းသို့ ရွာကျလာ၍ အန္တိမ

+

ကောင်းကင်ကြေးမုံ၏ အလင်းတန်းများကို ခုခံခဲ့ကြသည်။

ရောမ ရွှေရောင်နဂါး တစ်ကောင်သည် ရွှေရောင် တိမ်တိုက် ပင်လယ် အတွင်းမှ သူ့ကိုယ်သူ ဖော်ပြလိုက်၍ နဂါး လှုပ်ရှားနေသော အခါ သူသည် မဟာကမ္ဘာ တစ်ခုလုံးအား ပြည့်တော့မည်ကဲ့သို့ ထင်နေရသည်။ သူ၏ ခေါင်းတစ်ခုတည်းကပင် စကြာဝဠာ တစ်ခုလုံးအား ဖုံးလွှမ်းနိုင်သည်ဟု ထင်နေရသည်။

သူ၏ အကြေးခွံများ ဖွင့်လိုက် ပိတ်လိုက် ဖြစ်လာသော အခါ သူ၏ စွမ်းအင်များသည် လောင်ကျွမ်းနေရုံ သက်သက် မဟုတ်တော့ပဲ ကောင်းကင်နှင့် မြေကြီးတို့ ပထမဆုံး ဖန်တီးခဲ့သည့် အချိန်ကို ကိုယ်စားပြုနေသည့် လွင်တီးခေါင်ကျကာ ကစဥ့်ကလျား ဖြစ်နေသည့် အရှိန်အဝါများကို သယ်ဆောင်ထားခဲ့သည်။

+

သူ၏ စွမ်းအားများသည် အရာ များစွာတို့အား
ဖျက်စီးနိုင်စွမ်း ရှိနေပေသည်။

နဂါးသည် နားကွဲလုမတတ် ဟိန်းဟောက်သံ တစ်ခုအား
ထုတ်လွှတ်လိုက်ရာ မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး
တုန်ခါသွား၍ ကြွယ်ကေရာဇ်သည် မဟာဟင်းလင်းပြင်
သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့ထံသို့ သူ၏
လက်သည်းဖြင့် ကုတ်ချလိုက်သည်။

ရွှေရောင် အလင်းတန်းများ လင်းလက်လာကြသော အခါ
မရေ မတွက်နိုင်သော အန္တိမ ကောင်းကင်ကြေးမုံများနှင့်
မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်တို့က
ပျောက်ကွယ်သွားကြသည်။

+

ဤလက်သည်းသည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား တိကျစွာ ရိုက်ချနိုင်ခဲ့သည်။

လိုသည်ထက် ပိုများသော ပြောင်းလဲမှုများနှင့် ထူးခြားဆန်းကြယ်သော သဘောတရားများ မရှိနေခဲ့သော်လည်း သူ၏ လက်သည်းများ ကျဆင်းလာခဲ့သော အချိန်တွင် ပုံရိပ်များစွာတို့အား ဖျက်ဆီးနိုင်ခဲ့သည်။

သူ၏ လက်သည်းများကို ဖော်ပြရန် စကားတစ်ခွန်းသာ ရှိသည် - သန်မာသည်။

သူသည် အလွန်ကို သန်မာလွန်း၍ မရေမတွက်နိုင်သော သဘောတရားများကို ဖျက်ဆီးနိုင်ခဲ့သည်။ သူသည်

+

မဟာတာအို၏ မူလရင်းမြစ် ဖြစ်နေသည့်အလား ရှုပ်ထွေးနေသော သဘောတရားများကို ရိုးရှင်းအောင် ပြောင်းနိုင်ခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် ဤမြင်ကွင်းကို မြင်ခဲ့ရသော်လည်း တည်ငြိမ်နေကာ သူ့အပေါ်မှ မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော်တို့အား ညွှန်ပြလိုက်သည်။

ကောင်းကင်ကိုးလွှာသို့ ထိုးတက်နေသည့် နန်းတော်များသည် အတူတကွ စုစည်းသွားကြကာ သူတို့အပေါ်၌ တစ်စုံတစ်ခု မွေးဖွားလာသကဲ့သို့ ဖြစ်နေခဲ့သည်။

+

ကိုးလွှာမြောက်သည် အမြင့်ဆုံး ဖြစ်သော်လည်း
သူ့အပေါ်၌ တစ်စုံတစ်ခု ရှိနေသေးသည်ဟု
ထင်နေရသည်။ ထိုအရာသည် ကောင်းကင်ကိုးလွှာတို့၏
အပေါ်တွင် ရှိနေသော မဟာတာအိုပင် ဖြစ်သည်။
မဟာတာအိုသည် အဆုံးမဲ့ကာ မှော်ဆန်လှသည်။

နဝမ ကောင်းကင်နန်းတော်၏ အပေါ်တွင် မဟာတာအို
တည်ရှိရာ ဒသမ ကောင်းကင်နန်းတော်
တည်ရှိနေခဲ့သည်။

ဒသမ ကောင်းကင်နန်းတော် သို့မဟုတ်
ကောင်းကင်အလွန်မှ လောက ဖြစ်သည်။

မမြင်နိုင်သော ခေတ်ငွေ့တန်းများ ကျဆင်းလာ၍
ဤခေတ်ငွေ့တန်းသည် အလွန်အမင်း လျှို့ဝှက်

+

ဆန်းကြယ်လှသည်။ သူ့တွင် မရေမတွက်နိုင်သော မဟာတာအို သဘောတရားများ ပါဝင်နေသကဲ့သို့ ဖြစ်နေပြီး အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများအား ထောက်ပံ့ထားခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံကလည်း ဤအချိန်တွင် အလွန်အမင်း တောက်ပလာကာ နေရာတိုင်းတွင် ရှိနေသော အလင်းတန်းများက မျဥ်းကြောင်းတစ်ခု အဖြစ် စုစည်းလာကြသည်။

ဤအလင်းတန်းသည် မျက်စိ ကျိန်းလုမတတ် တောက်ပလှပြီး ကောင်းကင်နှင့် မြေကြီး အကြားမှ အရာ အားလုံးတို့သည် ပျောက်ကွယ်သွားသည်ဟု ထင်နေရကာ ဤအလင်းတန်း တစ်ခုသာ ကျန်နေရစ်တော့သည်။

+

မမြင်နိုင်သော ဓာတ်ငွေ့များသည် အန္တိမ
ကောင်းကင်ကြေးမုံ၏ အလင်းတန်းများနှင့်
ပူးပေါင်းသွားကာ ကြွယ်ကေရာဇ် ထံသို့
တိုက်ခိုက်ခဲ့ကြပြီး နှစ်ဦး နှစ်ဘက်တို့သည် သူတို့
ရှိနေကြသော ကမ္ဘာဦးကျကာ ကစဥ့်ကလျား
ဖြစ်နေသည့် နေရာတွင် ရင်ဆိုင်နေခဲ့ကြသည်။

ဤတိုက်ခိုက်မှုသည် မဟာကမ္ဘာအား တုန်ခါသွားစေခဲ့၍
သေမင်းပင်လယ်နှင့် ဝိညာဥ်ပင်လယ်တို့၏ ဆုံတွေ့ရာ
နေရာတွင် ရှိနေသည့် ဝဲကတော့ကပင် စတင်၍
တုန်ခါလာခဲ့သည်။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် မဟာကမ္ဘာသည်
မတည်မငြိမ် ဖြစ်လာ၍ အခြား ကမ္ဘာများ ဖြစ်ကြသော

+

အလယ်ကမ္ဘာများနှင့် သီးသန့် လေဟာနယ်များကလည်း အကြီးအကျယ် လှုပ်ရှားလာကြသည်။

အလွန် အားနည်းနေကြသော အလယ်ကမ္ဘာ အချို့နှင့် သီးသန့် လေဟာနယ်များသည် စတင်၍ ပြိုလဲလာကြကာ ပျက်စီးခြင်းထံသို့ ရောက်လာကြသည်။ ပြီးတာနှင့် သူတို့သည် ဟင်းလင်းပြင် အတွင်း၌ လုံးဝကို ပျက်စီးသွားခဲ့ကြသည်။

ရှန်းယွမ်၏ အကြည့်သည်လည်း ဤအချိန်တွင် အန္တိမ ကောင်းကင်ကြေးမုံ အပေါ်သို့ ကျရောက်သွားကာ မဟာဟင်းလင်းပြင် သူတော်စင် ထုတ်လွှတ်ခဲ့သော ကောင်းကင်အလွန်မှ လောက အပေါ်ကိုလည်း ကြည့်နေခဲ့သည်။

+

သူ၏ မျက်လုံးပြာများမှ နေ၍ နားလည်ရန် ခက်ခဲသော အလင်းတန်း တစ်ခုဖြင့် တောက်ပလာသည်။

အလယ်ခေတ် အတွင်းတွင် ဝမ်ချီယန်သည် ငရဲကမ္ဘာ ပင်လယ်၏ စွမ်းအားများကို အသုံးပြု၍ အန္တိမ ကောင်းကင်ကြေးမုံနှင့် အတူ သူ့အား သတ်ဖြတ်ခဲ့သည်။ အန္တိမ ကောင်းကင်ကြေးမုံ ဖြစ်စေ၊ ကောင်းကင်အလွန်မှ လောကဖြစ်စေ၊ ရှန်းယွမ်သည် သူတို့နှင့် ရင်းနှီး ကျွမ်းဝင်နေခဲ့သည်။

သူသည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် တစ်ခါမှ မတိုက်ခိုက်ဖူးခဲ့သော်လည်း သူသည် ဟင်းလင်းပြင် ဘုရားကျောင်းအား တည်ထောင်ခဲ့သူနှင့် အစွမ်းအထက်ဆုံးသော လူသား ကျင့်ကြံသူ၏ အကြောင်းကို အနည်းငယ် သိထားခဲ့သည်။

+

မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား ခေတ္တမျှ ကြည့်ပြီးနောက် ရှန်းယွမ်သည် သူ၏ အာရုံအား လင်းဖုန်းထံသို့ ပြောင်းလိုက်၍ ပြုံးလိုက်သည်။ "ကျုပ်က သူ့ကို သတ်မယ်ဆိုရင် ခင်ဗျားက ဝင်တားမှာလား"

သူသည် သူ၏ လက်ချောင်းအား ဆန့်တန်းလိုက်သည်။ သို့သော်လည်း သူသည် မဟာဟင်းလင်းပြင် သူတော်စင်အား ညွှန်ပြနေခြင်း မဟုတ်ပဲ ဗုဒ္ဓထံသို့ ညွှန်ပြခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် သူ့စကားများကို ကြားခဲ့ရသော အခါ လက်ခုပ်များကို တီးလိုက်ပြီး ရယ်လိုက်သည်။

+

"ကောင်းကင် မျက်လုံးနဲ့ ကောင်းကင်နားတို့ဟာ
နာမည်ကျော်တာနဲ့ လိုက်ဖက်လှပါတယ်"

သူသည် အသေးစိတ် အကြောင်းရင်းများကို
မသိသော်လည်း လင်းဖုန်းနှင့် ဗုဒ္ဓတို့သည်
ကောင်းမွန်သော ဆက်ဆံရေးများ မရှိဟု ကောင်းစွာ
အာရုံခံနိုင်ခဲ့ကာ သူတို့နှစ်ယောက်သည် ယခုလေးတင်
အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်ဟူ၍ပင်
ပြောနိုင်ခဲ့သည်။

လင်းဖုန်းနှင့် သကျမုနိတို့၏ အဆင့်တွင် အခြားသူများက
သူတို့အပေါ်၌ တစ်စုံတစ်ခု ပြောနိုင်ရန် မလွယ်လှပေ။

သို့သော်လည်း ရှန်းယွမ်သည် ဖျက်ဆီး၍ မရနိုင်သော
လောကတွင် ရောက်နေခဲ့ပြီ ဖြစ်၍ အသန်မာဆုံးသော

+

မိစ္ဆာသုံးကောင် အနက် တစ်ကောင် အပါအဝင် ဖြစ်သဖြင့် မည်သည့် အရာမှ သူ၏ အာရုံအတွင်းမှ မလွတ်မြောက်နိုင်ခဲ့ပေ။

ဗုဒ္ဓသည် အလွန်အမင်း တည်ငြိမ်နေကာ အမူထားနေပုံ မရပဲ ရှန်းယွမ်အား ငြိမ်သက်စွာ ကြည့်နေခဲ့သည်။

ရှန်းယွမ်သည် ကျယ်လောင်စွာ အော်ဟစ်လိုက်ကာ သူ၏ ခန္ဓာကိုယ်သည် လှုပ်ရှားသွား၍ ချက်ချင်းပင် သကျမုနိ အရှေ့သို့ ရောက်လာခဲ့သည်။

သကျမုနိ၏ အောက်တွင် အစိမ်းရောင် ကြာပန်းများက စတင်၍ ဖူးပွင့်လာကာ သူတို့နှစ်ယောက် အကြားမှ အက္ခာအဝေးသည် ထပ်ဖန်တစ်ခါ ကွာခြားသွားသည်။ မရေမတွက်နိုင်သော ဆာဟာပန်းများ ဖူးပွင့်လာ၍

+

သကျမုနိ၏ ပုံရိပ်သည် သူ့အတွင်းတွင်
ပျောက်ကွယ်သွားပြီး ရှန်းယွမ်သည် ဤအချိန်၌
ရွှေရောင် ပန်းပင်လယ် တစ်ခုကိုသာ တွေ့နိုင်ခဲ့သည်။

သို့သော်လည်း ရှန်းယွမ်သည် သူ၏ သွားများကို
ဖော်ပြလိုက်၍ သူ၏ ခန္ဓာကိုယ်အား ထပ်ဖန်တစ်ခါ
လှုပ်ရှားလိုက်ရာ ရွှေရောင် ဆာဟာ ပန်းပင်လယ်
အတွင်းမှ ချက်ချင်း ခုန်ထွက်လာနိုင်၍ သကျမုနိ
အရှေ့သို့ ရောက်လာခဲ့သည်။

## စာစဥ် ၇၅ : အပိုင်း ၁၄

## အပိုင်း ၁၄၆၄ : မျောက်၊ မျောက်၊ မျောက်

+

ရှန်းယွမ်သည် ဆာဟာပန်းများ အကြားမှ ခုန်ထွက်လာ၍ သူ့အရှေ့သို့ ရောက်လာသည်ကို တွေ့ခဲ့ရသော အခါ သကျမုနိသည် သူ၏ခေါင်းကို အနည်းငယ် ခါလိုက်သည်။

ကမ္ဘသုံးမျိုး ကျိန်စာ၏ အစွမ်းသည် သိပ်မထိရောက်သဖြင့် သူက အသုံး မပြုခဲ့ပေ။

ရှန်းယွမ်၏ အဆင့်တွင် အစွန်းရောက် စိတ်ဝိညာဥ် နတ်မျောက်တို့၏ ကောင်းကင် မျက်လုံးနှင့် နားတို့သည် အလွန်အမင်းကို အစွမ်းထက်နေကြပြီ ဖြစ်သည်။ သူ၏ ကောင်းကင်နားများသည် အတိတ်အား နားထောင်နိုင်စွမ်း ရှိ၍ သူ၏ ကောင်းကင် မျက်လုံးများသည် သူ့အား အနာဂတ်၏ ပြောင်းလဲမှုများကို မြင်နိုင်သည့် အမြင်ကို ပေးစွမ်းနိုင်စွမ်း ရှိသည်။

+

သူ၏ အရာအားလုံးတို့အား နားလည်မှုသည် အလွန် မြင့်မားသော အဆင့်တစ်ခုကို ရောက်ရှိသွားပြီ ဖြစ်၍ ဗုဒ္ဓ၏ ဘဝသုံးမျိုး ကျိန်စာ သို့မဟုတ် လင်းဖုန်း၏ တာအိုသစ်သီးတို့အား မယှဉ်နိုင်လျှင်ပင် အလွန် နက်ရှိုင်းနေပြီ ဖြစ်သည်။

ရှန်းယွမ်အား ဒုက္ခပေးနိုင်သည့် ကမ္မ၏ အကျိုးသက်ရောက်မှုများသည် လွန်စွာ အကန့်အသတ် ရှိ၍ သူ့အား လုံလောက်အောင် နှောင့်ယှက်နိုင်မည် မဟုတ်ပဲ ရွှမ်ဆန်း အပေါ်၌သာ ပို၍ အကျိုးသက်ရောက်နိုင်မည် ဖြစ်သည်။

ထို့ကြောင့်ပင် သကျမုနိသည် လုံး၀ တွေဝေနေခြင်း မရှိပဲ ရှန်းယွမ်ထံသို့ သူ၏ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

+

သူ၏ လက်ဝါးအား ထုတ်လွှတ်လိုက်သော အခါ မှော်ကျိန်စာများ အားလုံးတို့သည် ဆက်လက်၍ တည်ရှိနိုင်စွမ်း မရှိတော့ပဲ ကောင်းကင်နှင့် မြေကြီးတို့က ဗလာဖြစ်သွားခဲ့သည်။

ဗီရိုကာနာ ဇန်လက်ဝါး။

ရှန်းယွမ်သည် ကျယ်လောင်စွာ ရယ်မောလိုက်၍ သူ၏ အစစ်အမှန် ပုံစံကို ဖော်ပြလိုက်ကာ ဗုဒ္ဓ၏ လက်ဝါးအား သူ၏ လက်သည်းဖြင့် ကုတ်ဆွဲလိုက်သည်။

ရှန်းယွမ်၏ ခန္ဓာကိုယ်ပေါ်မှ အမွေးများ အားလုံးတို့သည် ထောင်လာခဲ့၍ အမွေး တစ်မျှင်တိုင်းသည် ကောင်းကင်တိုင်လုံး တစ်ခုနှင့် တူနေခဲ့သည်။

+

သူ၏ အမွေးများ အားလုံး ထောင်လာသော အခါ ဗဂျရာကဲ့သို့ မာကျောနေ၍ မိစ္ဆာစွမ်းအားများသည် သူ၏ မွေးညင်းပေါက်များထံမှ ထွက်လာကြသည်။ သူတို့သည် မည်းနက်နေကြ၍ သူ၏ အမွေးများနှင့် ရောယှက်သွားသောအခါ မည်းမှောင် ဝေဝါးသွားကြသည်။

သူ၏ လက်သည်းများသည် လှုပ်ရှားနေကြရင်း လျင်မြန်စွာဖြင့် ပိုမို ကြီးမားလာကြကာ ချက်ချင်းဆိုသလိုပင် စကြာဝဠာ တစ်ခုလုံးအား လွှမ်းခြုံသွားလေသည်။

+

သကျမုနိသည် ဟင်းလင်းပြင် အတွင်းတွင် ထိုင်နေရင်း
အလွန်အမင်း သေးငယ်နေသကဲ့သို့ တစ်ချိန်တည်းတွင်
များစွာ ကြီးမားနေသည်ဟု ထင်နေရသည်။

သို့သော်လည်း ဤအချိန်တွင် ရှန်းယွမ်၏ လက်ဝါးသည်
သူ့အား အပြည့်အဝ ဆုပ်ကိုင်မိတော့မည်ဟု
ထင်နေရသည်။

ရှန်းယွမ်၏ ကြီးမားလှသော ခွန်အားများသည်
ဤအချိန်၌ ပေါက်ကွဲ ထွက်လာခဲ့ကာ
ကြွယ်ကေရာဇ်နှင့်ပင် ယှဉ်ပြိုင်နိုင်ခဲ့သည်။

သာမန် အခြေအနေ အောက်တွင် မဟာ စိတ်ဝိညာဉ်
ဘုရင် လက်ဝါးအား ထုတ်လွှတ်ခဲ့သော အစွန်းရောက်

+

စိတ်ဝိညာဥ် နတ်မျောက်များသည် ရှေးပဝေသဏီ နတ်နဂါးတို့အား အဆင့်တူ တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ဗုဒ္ဓ၏ ဗီရိုကာနာ ဓန်လက်ဝါးသည် ရှန်းယွမ်၏ လက်သည်းများကို ဖိနှိပ်နိုင်စွမ်း မရှိပဲ ရောမ မီးခိုးရောင် လက်သည်းများက သူ့အပေါ်သို့ ကျဆင်းလာသည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။

ဗုဒ္ဓသည် ထရပ်လိုက်၍ သူ၏ ဗီရိုကာနာ ဓန်လက်ဝါးအား အပြည့်အဝ ထုတ်လွှတ်လိုက်၍ ရှန်းယွမ်၏ မဟာ စိတ်ဝိညာဥ် ဘုရင် လက်ဝါးအား ရင်ဆိုင်လိုက်သည်။

ရှန်းယွမ်၏ မျက်လုံးများက တောက်ပသွားကာ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။

+

မိစ္ဆာစွမ်းအားများသည် သူ၏ ခန္ဓာကိုယ် အတွင်းမှ ထွက်လာခဲ့ကာ အပြာရောင် တိမ်တိုက်တစ်ကွက် အဖြစ်သို့ ပြောင်းသွားပြီး သူ၏ ဆီးနှင်းဖြူရောင် ခန္ဓာကိုယ်အား လွှမ်းခြုံသွားသည်။

ထိုတိမ်တိုက် အတွင်းတွင် မတူညီသော ကမ္ဘာနှစ်ခု ပေါ်လာခဲ့သည်။

တစ်ခုမှာ နတ်ဘုရား နယ်မြေ ဖြစ်၍ ကျန်တစ်ခုမှ မဟာလွင်တီးခေါင် ကုန်းမြေ ဖြစ်ကာ မဟာကမ္ဘာ၏ ပုံရိပ်အား ဤနေရာတွင် ဖော်ပြနေခဲ့သည်။

မဟာကမ္ဘာ အပေါ်တွင် အလင်းတန်း ပုံရိပ် တစ်ခုသည် ရေးရေးလေး ပေါ်လာခဲ့ပြီး သူ၏ ခြေထောက်များကို ချဲ၍

+

ရပ်နေခဲ့သည်။ သူ၏ ခြေတစ်ချောင်းသည် နတ်ဘုရား နယ်မြေ အပေါ်တွင် ရှိနေ၍ ကျန်တစ်ချောင်းသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ရှိနေခဲ့သည်။

ပြီးတာနှင့် ကမ္ဘာကို တုန်ခါသွားစေသည့် လူဝံတစ်ကောင်၏ ဟိန်းဟောက်သံ တစ်ခု ပေါ်ထွက်လာခဲ့သည်။

ကစဉ့်ကလျားမှုများ အကြားတွင် ဗုဒ္ဓ အလင်းတန်းများသည် ကြွေထည်နှင့် ပြုလုပ်ထားခဲ့သကဲ့သို့ အက်ကွဲလာကြသည်။ ရွှေရောင် အလင်းစက် တစ်စက်သည် အဝေးသို့ လွင့်သွား၍ ကောင်းကင် တစ်ခုလုံးကို ဖြတ်ကျော်သွားကာ ဟင်းလင်းပြင်မှ ပြုတ်ကျသွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

+

ခမ်းနား ထည်ဝါသော ဗုဒ္ဓ အလင်းတန်းများသည် ထပ်ဖန်တစ်ခါ လင်းလက်လာ၍ ကောင်းကင်စေတီက ပြန်ပေါ်လာပြီး စကြာဝဠာ စကျင်ဗုဒ္ဓသည် ကောင်းကင်စေတီ အပေါ်တွင် ထိုင်နေခဲ့သည်။

ကောင်းကင်စေတီသည် အစောပိုင်းက လင်းဖုန်းနှင့် ပြိုလဲခြင်း စာအုပ်တို့၏ တိုက်ခိုက်မှုကို ခံခဲ့ရသဖြင့် ယခုအချိန်တွင် ဗုဒ္ဓ အလင်းတန်းများဖြင့် လင်းလက်နေခဲ့သေးသော်လည်း ဖုန်မှုန့်များဖြင့် လွှမ်းနေခဲ့သည်။

သို့သော်လည်း ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့သည် သေမင်းပင်လယ်မှ ထွက်ပေါ်လာခဲ့သော အချိန်တွင် လင်းဖုန်းသည် သူတို့အား အလွတ်ပေးခဲ့လိုက်သည်။

+

ကောင်းကင်စေတီ၏ အရှိန်အဝါသည် သိသိသာသာ ထိုးကျသွားခဲ့သော်လည်း အပေါ်သို့ ပျံတက်လာခဲ့၍ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာကို ဖော်ပြလိုက်ပြီး နောက်ဆုတ်လာရသော သကျမုနိကို ထောက်ကန်ထားပေးခဲ့သည်။

ဤကမ္ဘာ အတွင်းမှ အလင်းတန်းများသည် အဆက်မပြတ် ပျက်စီးသွားကြ၍ ကောင်းကင်စေတီနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့ထံမှ အလင်းတန်းများကလည်း ပို၍ပို၍ မှေးမှိန်လာသည်။ သကျမုနိသည် စကြာဝဠာ စကျင်ဗုဒ္ဓ၏ ဘယ်ဘက်သို့ ကျဆင်းလာခဲ့ပြီး ကောင်းကင်အပေါ်သို့ လက်တစ်ဘက်အား ညွှန်ပြလိုက်၍ ကျန်တစ်ဘက်အား ကောင်းကင်စေတီ အပေါ်သို့ တင်လိုက်သည်။

+

စကြာဝဠာ စကျင်ဗုဒ္ဓ၏ လက်ဝါးများသည် အတူတကွ စုစည်းလာ၍ သူ၏ ညာဘက်မှ လွတ်နေသော ထိုင်ခုံ အပေါ်တွင် မရေမတွက်နိုင်သော အလင်းတန်းများ လင်းလက်လာ၍ အဆုံးမဲ့ ဖြစ်နိုင်ခြေများကို ဖော်ပြခဲ့သည်။

ဘဝသုံးမျိုးတို့က ပေါင်းစည်းသွားသော အခါ ခမ်းနား ထည်ဝါသော ဆန္ဒတစ်ခု ပေါ်ပေါက်လာ၍ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာသည် ပို၍ပို၍ တောက်ပလာကာ အဆုံးမဲ့ နိဗ္ဗာန်ကမ္ဘာနှင့် ဗုဒ္ဓနိုင်ငံတို့ ပေါ်ထွက်လာခဲ့ပြီး သူတို့သည် မဟာကမ္ဘာနှင့် တူနေခဲ့သည်။

သို့သော်လည်း ရှန်းယွမ်၏ မဟာ စိတ်ဝိညာဉ် ဘုရင် လက်ဝါးသည် ဆက်လက်၍ ကျဆင်းလာ၍ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအား ကုတ်ဆွဲလိုက်ပြီး မဟာကမ္ဘာ တစ်ခုလုံးအား ဆုပ်ကိုင်နိုင်သကဲ့သို့ ထင်နေရသည်။

+

ဤလက်သည်းသည် ပို၍ပို၍ ကြီးမားသော
အင်အားများကို အသုံးပြုခဲ့ရာ ဗိုင်ဒုရာ နိဗာသ ကမ္ဘာထံမှ
အလင်းတန်းများက ဖြည်းဖြည်းချင်း ပျက်စီးသွားသည်။

ဗိုင်ဒုရာ နိဗာသ ကမ္ဘာ အပေါ်တွင် အက်ကွဲကြောင်း
တစ်ခု ရုတ်တရက် ပေါ်လာ၍ နိဗ္ဗာန်ကမ္ဘာနှင့် ဗုဒ္ဓနိုင်ငံ
အတွင်းတွင် ဆာရို ရတနာ သစ်ပင်၏ သစ်ရွက်များသည်
စတင်၍ ညှိုးခြောက်လာကာ ဗုဒ္ဓ ပုံရိပ်များ
ပျောက်ဆုံးသွား၍ ရွှေရောင် ပုံစံများက
ပျက်စီးသွားကြသည်။

ကောင်းကင်စေတီ၏ အလယ်တွင်လည်း
အက်ကွဲကြောင်း တစ်ခု ပေါ်လာခဲ့သည်။

+

ကောင်းကင်စေတီ၏ ထိပ်ဖျားမှ အလယ်ထိုင်ခုံတွင်
ထိုင်နေသော စကြာဝဠာ စကျင်ဗုဒ္ဓ၏ ခန္ဓာကိုယ်
အပေါ်တွင်လည်း အက်ကွဲကြောင်း တစ်ခု
ပေါ်လာခဲ့သည်။

သူ၏ ညာဘက်မှ ခမ်းနားထည်ဝါသော ဗုဒ္ဓ
အလင်းတန်းများကလည်း အရောင် မှေးမှိန်လာကာ
ယိုယွင်း ပျက်စီးလာခဲ့သည်။

သကျမုနိ၏ ခန္ဓာကိုယ် အပေါ်မှ
အလင်းတန်းများကလည်း ပို၍ပို၍
အရောင်မှိန်လာခဲ့သည်။

သကျမုနိသည် ရှုန်းယွမ်အား တည်ငြိမ်သော
အမူအရာဖြင့် လှမ်းကြည့်လိုက်သည်။

+

သူ့ခေါင်းပေါ်မှ နိဗ္ဗာန်ကမ္ဘာ ငါးခုတို့သည် ဗုဒ္ဓနိုင်ငံ အဖြစ်သို့ ပေါင်းစည်းသွားကြကာ ပျောက်ကွယ်သွားခဲ့သော်လည်း မဟာ ဉာဏ်ပညာ ဘုရင် ငါးပါးတို့၏ ပုံရိပ်များက ဤအချိန်တွင် စတင်၍ ပေါက်ကွဲလာခဲ့သည်။

မဟာ ဉာဏ်ပညာ ဘုရင် ငါးပါးတို့သည် ဗုဒ္ဓ၏ ဉာဏ်ပညာ အလင်းရောင်ကို ကိုယ်စားပြုနေခဲ့ကာ ပြဋ္ဌာန်းခြင်း တာဝန်များကို ထမ်းဆောင်သည့် တထာဂတ ဗုဒ္ဓငါးပါးတို့ကို ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

အချို့သူများသည် နိဗ္ဗာန်ကို ရအောင် ကြိုးစားနေကြရင်း သူတို့ စိတ်များအတွင်းတွင် မကောင်းသော အတွေးများ ရှိနေကြသေးသည်။ အချို့သူများသည် ဒုစရိုက်

+

များကိုပင် ပြုလုပ်ခဲ့ကြပြီး လွတ်မြောက်မှု ရနိုင်ရန် ခက်ခဲနေခဲ့သည်။ ဤဉာဏ်ပညာ ဘုရင် ငါးပါးတို့သည် ဤလူများ၏ အပြုအမူများကို ဟန့်တားကာ သူတို့၏ မကောင်းသော အတွေးအခေါ်များကို ဖိနှိပ်ပေးရန် တာဝန်ရှိသည်။

ဉာဏ်ပညာ ဘုရင်တို့သည် ဗုဒ္ဓ၏ အမိန့်တော်အတိုင်း အကုသိုလ် အတွေးရှိသူများကို သင်ကြား ပြောင်းလဲပေး၍ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်ရန် တာဝန်ရှိသည်။

ထို့ကြောင့် ဉာဏ်ပညာ ဘုရင်များ ပိုင်ဆိုင်သည့် ငရဲမီးများသည် ဖျက်ဆီးခြင်း ဆန္ဒတစ်ခု ပါနေခဲ့ခြင်း ဖြစ်သည်။

+

ဗုဒ္ဓဝါဒ အတွင်းတွင် အေကာလာ ငရဲမီးတောက်ဟူသော အကွက်တစ်ကွက် ရှိကာ သူသည် တကယ့် မီးတောက်များမှ မွေးဖွားလာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ထိုအရာသည် ဗုဒ္ဓဝါဒ အတွင်းတွင် ဘာမှ မထင်ရှားပဲ သကျမုနိ ထုတ်ဖော် ပြသခဲ့သော ဉာဏ်ပညာ ဘုရင်ငါးပါးတို့သည် တကယ့်မီးတောက်များမှ မွေးဖွားခဲ့ခြင်း မဟုတ်သော်လည်း သူ့ထက်ပင် ပို၍ ကြောက်မက်ဖွယ် ကောင်းသော ငရဲမီးအား ထုတ်လွှတ်ခဲ့သည်။

ဤအချိန်တွင် အလယ် အေကာလာ၊ အနောက် ဗဂျရာ ဟာရာဗာ၊ အရှေ့ တိုင်ကျဗီရာ၊ မြောက် ဗဂျရာကျနှင့် တောင် ခွန်းဒါလီတို့သည် စတင်၍ ပေါက်ကွဲလာကြပြီး အရောင် ကင်းမဲ့နေသော ပုံရိပ်ယောင် ငရဲမီး အဖြစ်သို့

+

ပြောင်းသွားကြကာ ရှန်းယွမ်ထံသို့
ထိုးတက်သွားကြသည်။

ရှန်းယွမ်၏ မျက်လုံးများ အတွင်းတွင် အလင်းတန်း
တစ်တန်း လက်ကနဲ ဖြစ်သွား၍ သူအသုံးပြုခဲ့သော
စွမ်းအားများကို လျှော့ချခဲ့သော်လည်း သူ၏
ခန္ဓာကိုယ်သည် ပုံရိပ်ယောင်ကဲ့သို့ ဖြစ်သွားခဲ့သည်။

သူသည် အပေါ်သို့ ခုန်တက်ခဲ့သည်နှင့် တူနေခဲ့သည်။

သို့သော်လည်း သူ၏ ခန္ဓာကိုယ်သည် မူလ နေရာမှ
ထွက်ခွာသွားသည့်ပုံ ပေါက်မနေခဲ့ပဲ
သူ့ခြေအောက်များတွင် ကမ္ဘာဦး ကစဥ့်ကလျားမှုများ
အတွင်း၌ မြှုပ်နှံထားသည့် အမြစ်များ ရှိနေသကဲ့သို့

+

ဖြစ်နေပြီး ဗုဒ္ဓနိုင်ငံအား ဆက်လက်၍
ကုတ်ဆွဲလိုက်သည်။

သကျမုနိသည် မဟာဉာဏ်ပညာ ဘုရင်ငါးပါး
ဖန်ဆင်းထားသော ငရဲမီးများသည် ဘာကိုမှ
တိုက်ခိုက်မိခဲ့ခြင်း မရှိပဲ ရှန်းယွမ်အား ဒဏ်ရာရအောင်
မလုပ်နိုင်ခဲ့မှန်း သိခဲ့လိုက်သည်။

အမှန်အတိုင်းပြောရလျှင် အကယ်၍ သူ့တွင်
မကောင်းသော အကြံအစည်များ သို့မဟုတ် လောဘများ
ရှိနေခဲ့ပါက ဗုဒ္ဓက ငရဲမီးများကို ထုတ်လွှတ်လိုက်ပါက
ချက်ချင်း ပေါက်ကွဲသွားမည် ဖြစ်သည်။
တစ်ယောက်အနေဖြင့် ငရဲမီးများကို ရှောင်တိမ်းရန်
သို့မဟုတ် ငြိမ်းသတ်ရန် ဖြစ်နိုင်မည် မဟုတ်ချေ။

+

ဤအရာသည် ဗုဒ္ဓ၏ ငရဲမီးများ ဖြစ်သလို ရန်သူ၏ မိစ္ဆာစိတ်ရိုင်းများလည်း ဖြစ်သည်။

တစ်ယောက်၏ စိတ်အတွင်းမှ မကောင်းသော အတွေးများကို မဖယ်ရှားနိုင်သေးသရွေ့ ငရဲမီးများကို ဖယ်ရှားနိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ဉာဏ်ပညာ ဘုရင်များ၏ ငရဲမီးများသည် ရှန်းယွမ်အား ထိပင် ထိနိုင်ခြင်း မရှိခဲ့ပေ။

ဖြစ်စဉ် တစ်ခုလုံးတွင် ရှန်းယွမ်သည် ခက်ထန်စွာဖြင့် ဆက်လက် တိုက်ခိုက်နေခဲ့ပြီး သူသည် သူ၏ စွမ်းအားများကို ခေတ္တမျှ အနည်းငယ် လျှော့ချလိုက်သော်လည်း သူ၏ နေရာမှ မရွေ့လျားခဲ့ပဲ

+

သူ၏ မဟာ စိတ်ဝိညာဉ် ဘုရင် လက်ဝါးသည် ဆက်လက်၍ ကျဆင်းလာခဲ့သည်။

ဤအချိန်တွင် ရှန်းယွမ်သည် နှစ်ကိုယ်ကွဲသွားသကဲသို့ ဖြစ်သွားပြီး တစ်ယောက်သည် ငရဲမီးများကို ရှောင်ရှားခဲ့၍ ကျန်တစ်ယောက်သည် ဆက်လက်၍ တိုက်ခိုက်နေခဲ့သည်။

ငရဲမီးများသည် ဤကဲ့သို့ပင် အရှောင်ရှားခံခဲ့ရ၍ ဆက်လက် တိုက်ခိုက်လာသော ရှန်းယွမ်အား မည်သည့် အန္တရာယ်မှ မပေးနိုင်ခဲ့ပေ။

သကျမုနိသည် သက်ပြင်းချလိုက်၍ ရှန်းယွမ်အား ကြည့်လိုက်ကာ ကောင်းကင်စေတီပေါ်မှ ထရပ်လိုက်ပြီး သူ၏လက်အား ဆန့်တန်းလိုက်သည်။

+

ကောင်းကင်စေတီနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့သည် လျင်မြန်စွာဖြင့် စီးဆင်းနေသော အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားကြ၍ သူ၏ လက်ဝါးအတွင်းသို့ ဝင်ရောက်သွားကြသည်။

ဗုဒ္ဓနိုင်ငံ အတွင်းတွင် အလင်းတန်းများက စတင်၍ ငြိမ်းသက်သွားကြကာ ရုတ်တရက် ပေါက်ကွဲထွက်လာသော စွမ်းအားများသည် ရှန်းယွမ်၏ ဆုပ်ကိုင်မှုအား အားလျော့သွားစေခဲ့သည်။

ပြီးတာနှင့် ဗုဒ္ဓက လမ်းလျှောက် ထွက်လာခဲ့၍ ကစဉ့်ကလျားမှုများ အတွင်းသို့ ဝင်ရောက်သွားရာ သူ၏ ခြေအောက်တွင် ရွှေရောင်ကြာပန်းများ ပေါ်လာကြ၍ သူသည် ချက်ချင်းပင် အဝေးသို့ ရောက်သွားခဲ့သည်။

+

ငရဲမီးများကို ရှောင်ခဲ့ရသဖြင့် ရှန်းယွမ်၏ တိုက်ခိုက်မှုသည် အနည်းငယ် နှေးသွားကာ ဗုဒ္ဓက သူ၏ လက်ဝါးထံမှ လွတ်မြောက်သွားနိုင်ခဲ့သည်။ သို့သော်လည်း သူသည် အမှုမထားဟန်ဖြင့် ပြုံးလိုက်သည်။

သူ့အရှေ့တွင် တစ်ယောက်သည် နည်းစနစ် အမျိုးမျိုးကို အသုံးပြုနိုင်သော်လည်း သယ်ယူပို့ဆောင်ခြင်း နည်းစနစ်များကို ပြုလုပ်နိုင်မည် မဟုတ်ချေ။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ရှန်းယွမ်သည် သယ်ယူပို့ဆောင်ခြင်း နည်းစနစ်များ အနက် အကောင်းဆုံး ဖြစ်သည်။ ကြွယ်ကေရာဇ်နှင့် ဟေးဒီးစ် ကေရာဇ်တို့ပင် ဤအပိုင်း၌ သူ့ကို မယှဉ်နိုင်ပေ။

+

သူသည် ကစဥ့်ကလျားမှုများ အတွင်းမှ အနည်းငယ် လှုပ်ရှားသွား၍ ဗုဒ္ဓနောက်သို့ လျင်မြန်စွာ လိုက်လာခဲ့ကာ သူ၏ ရောမ လက်ဝါးအား ဗုဒ္ဓအပေါ်သို့ ထပ်ဖန်တစ်ခါ ရိုက်ချလိုက်သည်။

သို့သော်လည်း ဤအချိန်တွင် ရှန်းယွမ်၏ အကြည့်သည် အနည်းငယ် လင်းလက်သွားခဲ့သည်။

ကျယ်ပြန့်လှသော စွမ်းအား လှုပ်ရှားမှုများသည် ဟင်းလင်းပြင် အတွင်းတွင် ထိုးတက်လာ၍ ဖျက်ဆီးနိုင်သော စွမ်းအား တစ်တန်းပြီးမှ တစ်တန်းတို့သည် ရှန်းယွမ်ထံသို့ ရောက်လာခဲ့သည်။

ရှန်းယွမ်သည် ခေတ္တမျှ ရပ်လိုက်ရာ အပြာရောင် မိစ္ဆာ မြူခိုးငွေ့များက သူ၏ ခန္ဓာကိုယ်အား ဝန်းရံသွား၍

+

သူ့ထံသို့ ရောက်လာသော ဖျက်ဆီးနိုင်သည့် ဓာတ်ငွေ့များကို ခုခံလိုက်သည်။

ဤအချိန်တွင် ပုံရိပ်တစ်ခုသည် သူ့ထံသို့ ရောက်လာခဲ့သည်။

စီးဆင်းနေသော အလင်းတန်းများသည် စုစည်းသွားကြ၍ ရောမ လက်ဝါး တစ်ခုအဖြစ်သို့ ပြောင်းသွားကာ ရှန်းယွမ်၏ မဟာ စိတ်ဝိညာဉ် ဘုရင်လက်ဝါးအား ရင်ဆိုင်လိုက်သည်။

ပြင်းထန်လှသော လှိုင်းလုံးများသည် ဘေးဘက်သို့ စတင်၍ ပျံ့နှံ့သွားကြကာ မဟာကမ္ဘာ တစ်ခုလုံးအား အံ့သြ တုန်လှုပ်စေခဲ့သည်။

+

သူသည် လင်းဖုန်း ဖြစ်သည်။

ရှန်းယွမ်၏ အကြည့်သည် အနည်းငယ် လှုပ်ရှားသွားသော်လည်း သူ၏ အမူအရာက မပြောင်းခဲ့ပေ။ "ခင်ဗျားက လှုပ်ရှားဖို့ကို မစောင့်နိုင်တော့ဘူးလား"

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်သည်။ "ကျုပ်က စောင့်နိုင်တယ်… ကျုပ်ဟာ ခင်ဗျားနဲ့ ရှုလိုင်တာအိုဆရာတို့ရဲ့ တိုက်ပွဲကို စိတ်မဝင်စားပဲ ခင်ဗျားနဲ့ တိုက်ခိုက်ဖို့ကိုသာ စိတ်ဝင်စားတယ်"

သူသည် ရယ်ရမ်းသွေးလိုက်ရာ သူ၏ အပြုံးက ပို၍ ထင်ရှားလာသည်။ "ခင်ဗျားက သိချင်မှ သိလိမ့်မယ်… ဒါပေမဲ့ ကျုပ်က ခင်ဗျားတို့ မဟာကမ္ဘာကို ပြန်လာနိုင်ဖို့

+

မဟာဟင်းလင်းပြင် သူတော်စင်နဲ့ ရှုလိုင်
တာအိုဆရာတို့ကို ခင်ဗျားတို့ အပေါ်က ဖိနှိပ်မှုတွေကို
စွန့်လွှတ်ဖို့ အကြံပေးခဲ့တဲ့သူပဲ"

## စာစဥ် ၇၅ : အပိုင်း ၁၅

## အပိုင်း ၁၄၆၅ : ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ တော်ဝင်ကောင်းကင် ဝက်ပါ

လင်းဖုန်းသည် အလွန် တည်ငြိမ်စွာ
ပြောလိုက်သော်လည်း သူ၏ စကားများသည်
ရှန်းယွမ်အား မျက်ခုံးများ ပင့်သွားစေခဲ့သည်။

+

သူ့တွင် ကောင်းကင်မျက်စိနှင့် နားများ ရှိသော်လည်း ဤကဲ့သို့သော ရလဒ်မျိုးကို မမျှော်မှန်းထားခဲ့ပေ။

လင်းဖုန်းသည် ယခင်က ဗုဒ္ဓနှင့် တိုက်ခိုက်ခဲ့သည်။ ထိုအချက်ကြောင့်ပင် မဟာဟင်းလင်းပြင် သူတော်စင်သည် သူတို့အား ဖိနှိပ်ထားနိုင်ခြင်း မရှိတော့ပဲ ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့အား ပြန်လာရန် ခွင့်ပြုခဲ့ရခြင်း ဖြစ်သည်။

ရှန်းယွမ်သည် လင်းဖုန်း၏ စဉ်းစားပုံများကို နားမလည်နိုင်သော်လည်း လင်းဖုန်းသည် မိတ်ဆွေ သို့မဟုတ် ရန်သူ ဆိုသည်ကို ပြောရန် အလွန်အမင်း ခက်ခဲကြောင်းကို လက်ခံထားခဲ့သည်။

+

အကယ်၍ လင်းဖုန်းသည် မကောင်းသော
ရည်ရွယ်ချက်များ ရှိပါက သူသည် သကျမုနိနှင့်
တိုက်ခိုက်မှုကို ရပ်တန့်လိုက်ကာ သူ့အား
သေမင်းပင်လယ် အတွင်းသို့ ပြန်သွားစေပြီး
မိစ္ဆာနှစ်ကောင်ကို ဆက်လက်၍ ဖိနှိပ်ထားစေနိုင်သည်။
ထို့အပြင် သူသည် သူတို့အား ကူညီ၍ မိစ္ဆာနှစ်ကောင်ကို
ဖိနှိပ်ထားနိုင်သေးသည်။

သို့သော်လည်း လင်းဖုန်းသည် ဤကဲ့သို့ မပြုလုပ်ခဲ့ပေ။

ဤကဲ့သို့သော အခြေအနေမျိုးတွင် မဟာဟင်းလင်းပြင်
သူတော်စင်နှင့် သကျမုနိတို့အား ရင်ဆိုင်ခြင်းသည်
သံသယ ဖြစ်ဖွယ်ရာ မရှိပဲ အကောင်းဆုံးသော
ရွေးချယ်မှု ဖြစ်သည်။

+

သို့သော်လည်း လင်းဖုန်းသည် တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့အား မဟာကမ္ဘာသို့ ပြန်လာရန် ခွင့်ပြုခဲ့ခြင်းမှာ သူသည် သူတို့နှင့် တိုက်ခိုက်လို၍ ဖြစ်သည်။ ဤအရာသည် ရှန်းယွမ်အနေဖြင့် လုံးဝ မျှော်လင့်မထားသော အရာတစ်ခု ဖြစ်သည်။

သို့သော်လည်း ရှန်းယွမ်အနေဖြင့် သူ့အား မကြောက်နေခဲ့ပေ။ သူသည် လင်းဖုန်းအား ကြည့်၍ သူ၏ သွားများကို ဖော်ပြလိုက်သည်။ "အိုး... ခင်ဗျားက အတော် ရည်မှန်းချက် ကြီးတာပဲ... ခင်ဗျားက ဒီလောက်အထိ စိတ်ဝင်စားနေမှတော့ တိုက်ခိုက်ကြရအောင်"

သူ၏စကား ဆုံးသည်နှင့် ရှန်းယွမ်၏ ပုံရိပ်သည် စတင်၍ ဘယ်ညာ ယိမ်းလာခဲ့ကာ ချက်ချင်းပင် မတူညီသော အလင်းတန်း ပုံရိပ် နှစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

+

အလင်းတန်း ပုံရိပ် တစ်ခုသည် လင်းဖုန်းအား ဆက်လက် တိုက်ခိုက်နေခဲ့ကာ အခြား အလင်းတန်း ပုံရိပ် တစ်ခုသည် အခြား တစ်နေရာကို စတင်၍ တိုက်ခိုက်လိုက်သည်။

သူ၏ ပစ်မှတ်မှာ ဗုဒ္ဓနှင့် လင်းဖုန်း မဟုတ်ပဲ သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ တိုက်ခိုက်မှု အလယ်တွင် ရှိနေသော ဝဲကတော့ပင် ဖြစ်သည်။ ထိုနေရာသည် ကောင်းကင်ဖျက်ဆီး ဓားရှိနေသော နေရာလည်း ဖြစ်သည်။

ရှန်းယွမ်၏ ပုံရိပ် နှစ်ခုတို့သည် တူညီသော အရှိန်အဝါနှင့် စွမ်းအားများ ရှိကာ ဤအချိန်တွင် သူတို့

+

နှစ်ယောက်စလုံးသည် စစ်မှန်သည်ဟု ထင်နေရ၍ အမှန်ကို မျှော်ဆန်လှပေသည်။

လင်းဖုန်းသည် သူ၏ စွမ်းအားများအား ထုတ်ဖော်လိုက်ရာ ရှန်းယွမ်အနေဖြင့် လင်းဖုန်းသည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့နှင့် အဆင့်တူနေသည်ကို အာရုံခံနိုင်ခဲ့သည်။

ပြိုလဲခြင်း စာအုပ်သည် မဟာယာန အဆင့်မှ မျှော်ရတနာ တစ်ခုနှင့် တူနေသော်လည်း အမှန်တွင် သူသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် ကောင်းစွာ ယှဥ်နိုင်သည်။

ရှန်းယွမ်သည် အလွန်အမင်း မောက်မာတတ်သူ ဖြစ်သော်လည်း လင်းဖုန်း၏ စွမ်းအားများသည်

+

ယခုလက်ရှိ အသန်မာဆုံး လူသားကျင့်ကြံသူ
သုံးယောက်အနက် အသန်မာဆုံး ဖြစ်နိုင်သည်ဟု
ပြောနိုင်ခဲ့သည်။

ရှန်းယွမ်သည် ကောင်းကင်နှင့် မြေကြီးတို့အား
ကြည့်နေ၍ ကောင်းကင်ဖျက်ဆီး ဓားအား မြင်ခဲ့ရသော
အခါ ထိုဓားသည် လင်းဖုန်း၏ဓား ဖြစ်သည်ဟု
ပြောနိုင်ခဲ့သည်။

ထိုဓားနှင့် ဆိုလျှင် လင်းဖုန်း၏ စွမ်းရည်များသည်
ကြောက်မက်ဖွယ်ရာ အဆင့်တစ်ခုသို့
ရောက်သွားနိုင်သည်။

အကယ်၍ လင်းဖုန်းက တိုက်ပွဲကို ဝင်မပါခဲ့လျှင်
တော်သေးသည်။ သို့သော်လည်း သူက

+

တိုက်ပွဲအတွင်းသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် သူ၏ ကောင်းကင်ဖျက်ဆီး ဓားသည် အကြီးမားဆုံးသော ခြိမ်းခြောက်မှု ဖြစ်လာနိုင်သည်။

လင်းဖုန်းနှင့် ပြိုလဲခြင်း စာအုပ်တို့ ဖြစ်စေ၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့ ဖြစ်စေ၊ သကျမုနိပင် ဖြစ်စေ၊ သူတို့၏ လက်ရှိ စွမ်းအားများသည် တည်တံ့နေကြ၍ နောက်ထပ် ပြောင်းလဲနိုင်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ဓား၏ ဓားအလင်းတန်းသည် ပို၍ပို၍ တောက်ပလာ၍ သူ၏ ဓားဆန္ဒကလည်း ပို၍ပို၍ ခက်ထန်လာနေခဲ့ရာ သူသည် ပို၍ သန်မာလာနေသည်မှာ သိသာနေသည်။

+

သူ့အတွင်းတွင် ပါနေသော ခက်ထန် ကြမ်းတမ်းသည့် စွမ်းအား သဘောတရားများသည် ရှန်းယွမ်နှင့် ကြွယ်ကေရာဇ်တို့၏ အာရုံကိုပင် ဆွဲဆောင်နိုင်ခဲ့သည့် အပြင် သူတို့သည် ပို၍ပို၍ပင် သန်မာလာနေခဲ့သေးသည်။

လင်းဖုန်းက တိုက်ပွဲအတွင်းသို့ ဝင်လာသည့် အတွက် ရှန်းယွမ်သည် လင်းဖုန်း၏ ဓားအား တတိယ အကြိမ် ချိပ်ပိတ်နေခြင်းအား ဟန့်တားမှ ရပေလိမ့်မည်။

လင်းဖုန်းသည် ထိုအရာကို တွေ့ခဲ့ရသော အခါ သူ၏ အပြုံးသည် ပို၍ပင် တောက်ပလာခဲ့သည်။

+

သူသည် လက်ဝါးတစ်ဘက်ကို ဆန့်ထုတ်လိုက်ရာ တာအိုသစ်သီး တစ်လုံး ပေါ်လာခဲ့၍ သူ့လက်ဝါး အတွင်းတွင် ထူးခြားဆန်းကြယ်သော အစက်တစ်စက် အနေဖြင့် ရှိနေခဲ့ကာ အသက်ကို ဖန်ဆင်းနိုင်၍ အဆုံးသတ်နိုင်သော တာအိုကို ဖော်ပြနေခဲ့သည်။

ဤအစက်သည် ဖော်ပြ၍ မရသော်လည်း အရာအားလုံးတို့၏ အထက်တွင် တည်ရှိနေသည်ဟု ထင်နေရသည်။ သူသည် အားလုံးတို့၏ အထက်တွင် အမှန်တကယ် မရှိနေသော်လည်း သူ့တွင် ပါဝင်သော သဘောတရားများက အားလုံးတို့ အထက်တွင် ရှိနေခဲ့သည်။

လင်းဖုန်း၏ တာအိုသစ်သီးသည် သူ၏ အစွမ်းများကို ဖော်ပြခဲ့သော အခါ ရှန်းယွမ်သည် သူ၏ လှုပ်ရှားမှုများက နှေးလာသည်ဟု ခံစားခဲ့ရသည်။
+

သူနှစ်ခြမ်းခွဲထားသော ပုံရိပ် နှစ်ခုကလည်း တစ်ခုတည်း အဖြစ်သို့ ပြန်လည် ပေါင်းစည်းသွားခဲ့သည်။

ကောင်းကင်ဖျက်ဆီး ခေးထံသို့ အပြေးသွားခဲ့သော ပုံရိပ်သည် ဤအချိန်တွင် တစ်ခါမှ မပေါ်လာဖူးသကဲ့သို့ ပျောက်ကွယ်သွားခဲ့သည်။

ရှန်းယွမ်သည် အနည်းငယ် ထိတ်လန့်သွားသည်။ ပြီးတာနှင့် သူသည် ပြိုလဲခြင်း စာအုပ်က ပိတ်သွားသည်ကို မြင်လိုက်ရ၍ ဖျက်ဆီးနိုင်သော ခေတ်ငွေ့များသည် မြူခိုးငွေ့များ အလား စတင်၍ ဆင်းသက်လာခဲ့သည်။

+

တစ်ချိန်တည်းတွင် လင်းဖုန်း၏ လက်ချောင်းများသည် စတင်၍ ပြန့်ကားလာခဲ့ကာ ထိုက်ကျိယွမ် ရတနာ အလင်းတန်းကို ထုတ်လွှတ်လိုက်သည်။ တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်းသော စီးဆင်းနေသည့် အလင်းတန်းများသည် ဟင်းလင်းပြင်အား ဖုံးလွှမ်းသွား၍ ရှန်းယွမ်ထံသို့လည်း လွှမ်းခြုံလာခဲ့သည်။

ရှန်းယွမ်ကပင်လျှင် သူသည် ဤအချိန်၌ အချုပ်နှောင်ခံခဲ့ရသည်ဟု ခံစားလာရသည်။

သူ၏ အပြာရောင် မျက်လုံးများသည် ခက်ထန်သော အလင်းတန်း တစ်ခုဖြင့် လင်းလက်လာ၍ ထိုက်ကျိယွမ် ရတနာ အလင်းတန်းနှင့် ပြိုလဲခြင်း စာအုပ်တို့၏ ဖျက်ဆီးနိုင်သော အရှိန်အဝါများကို ရှောင်ရှားနိုင်ခဲ့သည်။

+

လင်းဖုန်းသည် ညှာတာတတ်သောသူ တစ်ယောက် မဟုတ်ချေ။ သူသည် သူ၏ လက်ချောင်းများဖြင့် ညွှန်ပြလိုက်သော အခါ ထာဝရ ကပ်ဘေး အလင်းတန်းသည် ရှန်းယွမ်ထံသို့ တည့်တည့် ဝင်ရောက်သွားခဲ့သည်။

ရှန်းယွမ်က ရယ်လိုက်ရာ အပြာရောင် မိစ္ဆာ မြူခိုးငွေ့များက သူ၏ ခန္ဓာကိုယ်အား ဝန်းရံသွားခဲ့သည်။ သူ၏ အရွယ်အစားသည် ဤကမ္ဘာအား သာလွှန်သွားသကဲ့သို့ ထင်နေရကာ ရှုထောင့် တစ်ခုမှ ကြည့်လိုက်လျှင် သူသည် လင်းဖုန်း၏ တာအို သစ်သီးနှင့် အနည်းငယ် ဆင်တူနေခဲ့သည်။

ရှန်းယွမ်သည် ဤအချိန်၌ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းအား ရှောင်ရှားနိုင်ခဲ့သည်။

+

အပြာရောင် မိစ္ဆာ မြူခိုးငွေ့များက သူ့အား ဝန်းရံထားသော အခါ ရှန်းယွမ်သည် ဤဒိုင်မန်းရှင်း အတွင်းမှ မဟာတာအို သဘောတရားများ၏ တည်ရှိနေမှုအား တွန့်လိမ်ပစ်လိုက်ဟန်နှင့် တူသည်။

ခဏအကြာတွင် ရှန်းယွမ်သည် အစွန်းရောက် စိတ်ဝိညာဥ် နတ်ကောင်းချီး မင်္ဂလာအား ထုတ်ဖော်လိုက်ကာ လင်းဖုန်းအပေါ်သို့ ခုန်အုပ်လိုက်သည်။

လင်းဖုန်းသည် သူ၏ စွမ်းအားများကို ထုတ်လွှတ်လိုက်သော အခါ ထိုက်ကျိယွမ် ရတနာ အလင်းတန်းများသည် ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးတို့အား လွှမ်းခြုံသွားခဲ့သည်။

+

ရှန်းယွမ်၏ မျက်လုံးများကလည်း ဤအချိန်တွင် လုံးဝကို နီရဲသွားခဲ့သည်။

သွေးနီရောင် အလင်းတန်းများသည် သူ၏ မျက်လုံးများ အတွင်းမှ ထွက်လာ၍ သူ့အား ဝန်းရံနေသော အပြာရောင် မိစ္ဆာ မြူခိုးငွေ့များကလည်း အနီရောင် မြူခိုးငွေ့များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရှန်းယွမ်၏ လက်သည်းများသည် ထွက်လာခဲ့ကာ အနီရောင် မြူခိုးငွေ့များကို ဆင့်ခေါ်၍ လင်းဖုန်းအား တိုက်ခိုက်လိုက်သည်။ ဤအချိန်၌ မဟာကမ္ဘာ တစ်ခုလုံးသည် လင်းဖုန်းအပေါ်သို့ ကျဆင်းလာသကဲ့သို့ ဖြစ်နေကာ သူသည် လေးလံနေရုံသာ မက ရှောင်ရှား၍လည်း မရနိုင်ချေ။

+

လင်းဖုန်း၏ အမူအရာသည် ပြောင်းလဲမှု မရှိပဲ ထိုက်ကျိုယွမ် ရတနာ အလင်းတန်းသည် ပို၍ပင် ကျယ်ပြန့်လာခဲ့သေးသည်။ တစ်ဘီလီယံနှင့် နှစ်ရာ ကိုးဆယ့်ခြောက်သန်းသော စီးဆင်းနေသည့် အလင်းတန်းများသည် ဟင်းလင်းပြင် အတွင်းတွင် ပင့်ကူအိမ်ကဲ့သို့ ယှက်သန်းနေကြပြီး တစ်နေရာတည်းသို့ စုစည်းလာသည့်ပုံ ပေါက်နေကြသည်။ သူတို့သည် ရှန်းယွမ်အား မလွတ်မြောက်နိုင်အောင် တားဆီးရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

အနီရောင် အလင်းတန်း မြူခိုးငွေ့များ၏ အကျိုးသက်ရောက်မှု အောက်တွင် လင်းဖုန်း၏ ထိုက်ကျိုယွမ် ရတနာ အလင်းတန်းသည် နှတ်ဆန်မှုများ ပျောက်ဆုံးသွားကာ ကျိုးပျက်တော့မည်ကဲ့သို့ ဖြစ်သွားသည်။

+

သို့သော်လည်း တစ်ချိန်တည်းတွင် ပြိုလဲခြင်း စာအုပ်ထံမှ ဖျက်ဆီးနိုင်သော ခေတ်ငွေ့များသည် ရှန်းယွမ်ထံသို့ မိုးများအလား တရဟော ကျဆင်းလာခဲ့သည်။

ဖျက်ဆီးခြင်း ခေတ်ငွေ့များ၏ လွှမ်းခြုံမှုအား ခံခဲ့ရသော အခါ အနီရောင် အလင်းတန်း မြူခိုးငွေ့များသည် သူ၏ အလင်းရောင် အချို့ကို ဆုံးရှုံးသွားခဲ့သည်။ ထိုက်ကျိယွမ် ရတနာ အလင်းတန်းသည် ခံစစ်မှနေ၍ တိုက်စစ်အား ပြောင်းလိုက်ကာ အနီရောင် မြူခိုးငွေ့များကို တိုက်ခိုက်လိုက်သည်။

ရှန်းယွမ်က သူ၏ နှုတ်ခမ်းအား တွန့်လိုက်ကာ သူ၏ သွားချွန်များကို ဖော်ပြလိုက်ပြီး မူလကောင်းကင် ကမ္ဘာ

+

တစ်ခုလုံးအား တုန်ခါစေသော ဟိန်းဟောက်သံ
တစ်ခုအား ထုတ်လွှတ်လိုက်သည်။

သူသည် သူ၏ လက်သည်းများဖြင့် အနီရောင်
မြူခိုးငွေ့များကို ဆင့်ခေါ်လိုက်ကာ လင်းဖုန်းအား
အလယ်တွင်ထား၍ ဖျစ်ညှစ်ချင်နေခဲ့သည်။ သူ၏
လက်များ လှုပ်ရှားသွားသော အခါ ကောင်းကင်ကလည်း
တုန်ခါနေသည့်ပုံ ပေါက်လာခဲ့သည်။

သူ၏ ဤလှုပ်ရှားမှုကြောင့် မူလကောင်းကင် ကမ္ဘာသည်
အမှန်တကယ်ပင် တုန်ခါလာခဲ့သည်။

နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ မရေမတွက်နိုင်သော လူသား

+

ကျင့်ကြံသူများနှင့် မိစ္ဆာများသည် ကမ္ဘာကြီးက
ချာချာလည်နေသည်ဟု ခံစားခဲ့ရ၍ မူးဝေလာကြသည်။

ကောင်းကင်နှင့် မြေကြီးတို့သည် ယခင်မှ
ကောင်းကင်နှင့် မြေကြီးတို့သာ
ဖြစ်နေခဲ့ကြသေးသော်လည်း အားလုံးတို့၏ စိတ်ဝိညာဉ်
တာဝါနှင့် အသိစိတ် ပင်လယ်တို့သည် ယခုအချိန်တွင်
ရှုပ်ထွေးသော အခြေအနေများတွင် ရှိနေကြသည်။

ကောင်းကင်နှင့် မြေကြီးတို့ အပေါ်မှ အမြင်သည်
ပြောင်းလဲခြင်း မရှိသော်လည်း အားလုံးတို့သည်
ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ကြကာ စကြာဝဠာ
တစ်ခုလုံးက ပြိုလဲလုနီးပါး ဖြစ်နေသည်နှင့်
တူနေခဲ့သည်။

+

အဆင့်နိမ့်သော လူသား ကျင့်ကြံသူနှင့် မိစ္ဆာများသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားမှ စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုများ ရုတ်တရက် ပြောင်းလဲသွားသည်ကို လိုက်လျောညီထွေ မလုပ်နိုင်ခဲ့ကြပဲ သူတို့ ခန္ဓာကိုယ် အတွင်းသို့ စိတ်ဝိညာဉ် စွမ်းအင်များ အသွင်းအထုတ် ပြုလုပ်ရာတွင် ပြဿနာများ ပေါ်လာကြ၍ ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။

ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ တုန်ခါမှုများ အပြင် ကြယ်စင်ပင်လယ်၊ ဟင်းလင်းပြင် ပင်လယ်၊ ယင်ပင်လယ်၊ ငရဲကမ္ဘာ ပင်လယ်နှင့် မဟူရာ ပင်လယ်တို့ကပင် မုန်တိုင်းများ၊ လှိုင်းလုံးများဖြင့် ထကြွ လှုပ်ရှားလာကြသည်။

+

လင်းဖုန်းသည် သူ၏ လက်များဖြင့် မှော်ကျိန်စာများကို ထုတ်လွှတ်၍ ထိုက်ကျိယွမ် ရတနာ အလင်းတန်းအား ဖော်ထုတ်လိုက်သော အခါ ခရမ်းရောင် တိမ်တိုက်များက ထိုးတက်လာခဲ့သည်။

ထိုခရမ်းရောင် တိမ်တိုက်များသည် ကောင်းကင်ကို လွှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်များ ဖြစ်ကြသည်။

ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်များသည် လင်းဖုန်း၏ ထိုက်ကျိယွမ် ရတနာ အလင်းတန်းနှင့် ပူးပေါင်းသွားကြသော အခါ မေးမှိန်နေသော အဖြူရောင် တိမ်တိုက်များ အဖြစ်သို့ ပြောင်းသွားကြသည်။

+

ထိုက်ကျိမ္မူလ ခေတ်ငွေ့။

တစ်ဘီလီယံနှင့် နှစ်ရာ့ ကိုးဆယ့်ခြောက်သန်းသော ထိုက်ကျိမ္မူလ ခေတ်ငွေ့တန်းများသည် လင်းဖုန်းအနားတွင် လည်ပတ်နေ၍ ပြိုလဲခြင်း စာအုပ်မှ ဖျက်ဆီးခြင်း ခေတ်ငွေ့များ ကျဆင်းလာသော အချိန်တွင် ထိုထိုက်ကျိမ္မူလ ခေတ်ငွေ့များနှင့် ပူးပေါင်းသွားခဲ့ကာ သူတို့ရှိနေသည့် ကစဋ္ဌကလျား ပတ်ဝန်းကျင်အား တည်ငြိမ်အောင် ထိန်းနိုင်ခဲ့၍ ရှန်းယွမ်အား ဖရိုဖရဲ ပြုလုပ်နေခြင်းမှ ဟန့်တားလိုက်သည်။

ပြိုလဲခြင်း စာအုပ်အတွင်းမှ ဖျက်ဆီးနိုင်သော ခေတ်ငွေ့များသည် အရာအားလုံးတို့ကို ဖျက်ဆီးနိုင်သော်လည်း ဤအချိန်တွင် ထိုက်ကျိမ္မူလ ခေတ်ငွေ့များနှင့် ကောင်းစွာ လိုက်လျောညီထွေ
+

ဖြစ်နေခဲ့ပြီး သန်မာသော ခံစစ်တစ်ခုကို ဖန်ဆင်းထား၍ လင်းဖုန်းအား ကောင်းစွာ ကာကွယ်ပေးထားခဲ့သည်။

တစ်ချိန်တည်းတွင် မဟာတာအို ရွတ်ဖတ်သံများ ပဲ့တင်ရိုက်လာခဲ့၍ အဖြူနှင့် အနက်ရောင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းများသည် လင်းဖုန်း၏ ခန္ဓာကိုယ်ထံမှ ထွက်ပေါ်လာခဲ့သည်။ သူတို့သည် ကစဉ့်ကလျားမှုများကို လွှမ်းခြုံသွား၍ မရေမတွက်နိုင်သော နတ်ဘုရား ပုံစံများသည် ဟင်းလင်းပြင် အတွင်း၌ ခတ်နှိပ်နေခဲ့ကြသည်။

ရှန်းယွမ်၏ မျက်လုံးများသည် ပို၍ သွေးနီရောင် သန်းလာခဲ့ကာ သူ၏ အကြည့်သည် ပို၍ အေးစက်လာခဲ့ပြီး သူ့ခန္ဓာကိုယ်အား ဖုံးလွှမ်းထားသည့် သွေးနီရောင် မြူခိုးငွေ့ အကြားတွင် ကြယ်အလင်းတန်း အမြောက်အမြား စတင်၍ ပေါ်ပေါက်လာခဲ့သည်။

+

မရေမတွက်နိုင်သော ကြယ်တာရာများသည် ဤအချိန်တွင် ရှန်းယွမ်၏ အနားတွင် လည်ပတ်နေကြ၍ သူသည် ဤအချိန်၌ သွေးနီရောင် စကြာဝဠာ တစ်ခုနှင့် တူနေခဲ့သည်။ မရေမတွက်နိုင်သော ကြယ်တာရာများသည် ဖန်ဆင်းလိုက်၊ ပျက်စီးသွားလိုက်နှင့် အဆက်မပြတ် လင်းလက်နေခဲ့ကြသည်။

လင်းဖုန်းသည် ယခုအချိန်တွင် ရှန်းယွမ်အား ကြည့်နေရင် ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်း အတွင်းသို့ ရောက်နေခဲ့သကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်နေခဲ့သည်။ ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်း တစ်ခုလုံးသည် ယခုအချိန်၌ လုံးဝ သွေးနီရောင် သန်းနေခဲ့သည်ဟု ထင်နေရသည်။

+

"ကျွတ်" လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ အော်ဟစ်လိုက်သော အခါ သူ၏ တာအိုသစ်သီးသည် ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာခဲ့သည်။

သူ၏ တာအိုသစ်သီး ပေါ်လာသည်နှင့် အရာအားလုံးတို့သည် ဘာမှ မရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့ကာ ထူးခြားဆန်းကြယ်သော အစက်တစ်ခုကသာ ကျန်နေရစ်ခဲ့သည်။

လင်းဖုန်း၏ ထိုက်ကျိုမူလ ဓာတ်ငွေ့၊ ပြိုလဲခြင်း စာအုပ်မှ ဖျက်ဆီးခြင်း ဓာတ်ငွေ့၊ တာအိုသစ်သီးနှင့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း အားလုံးတို့ကို ထုတ်လွှတ်လိုက်သော အခါ ရှန်းယွမ်၏ မိစ္ဆာစွမ်းအားများ ပြောင်းလဲနေမှုအား ဟန့်တားနိုင်ခဲ့သည်။

+

ရှန်းယွမ်သည် လင်းဖုန်းအား သူ၏ သွေးနီရောင် မျက်လုံးများဖြင့် စိုက်ကြည့်နေခဲ့သည်။

တိုက်ပွဲသည် ဤအချိန်၌ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်သွားခဲ့၍ ကြည့်ရသည်မှာ အချိန်များစွာ ကြာဦးမည်နှင့် တူနေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် ဤအချိန်၌ ရုတ်တရက် ပြုံးလိုက်ကာ လက်တစ်ဘက်ဖြင့် မှော်ကျိန်စာများကို ထုတ်ဖော်လိုက်ပြီး အခြား လက်တစ်ဘက်ဖြင့် သူ၏ အပေါ်မှ ဟင်းလင်းပြင်အား ညွှန်ပြလိုက်သည်။

+

ထိုနေရာတွင် သီးသန့် လေဟာနယ် အလွှာတစ်ခုကို
ဖန်ဆင်းခဲ့သည်နှင့် တူနေခဲ့သည်။

ထိုလေဟာနယ် အတွင်းတွင် ကျောက်စိမ်းဖြူရောင်
နတ်တောင်တစ်တောင် ကျဆင်းလာ၍
ထိုတောင်ထိပ်တွင် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ရွက်များက လေယူရာ
ယိမ်းနွဲ့နေ၍ အလင်းတန်း တစ်တန်းက
လင်းလက်နေခဲ့သည်။

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်
အသေးစား အရှေ့သို့ ရောက်လာ၍ စစ်တုရင်
ကစားနေသော အဝတ်အစား ကပိုကယိုနှင့်
အဘိုးအိုအရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

+

ထိုအဘိုးအို၏ အကြည့်သည် ဗလာ ဖြစ်နေခဲ့သေးပြီး သူ၏ အမူအရာသည် အလွန်အမင်း ထုံထိုင်းနေပုံ ပေါက်နေသည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် တစ်ယောက်တည်း ကစားနေခြင်းမှ ရပ်တန့်လိုက်၍ သူ၏ အာရုံကလည်း စစ်တုရင်ခုံ အပေါ်၌သာ မကျရောက်နေတော့ပေ။ သူ၏ အမူအရာ ကင်းမဲ့သော မျက်လုံးများသည် ယခုအချိန်၌ လင်းဖုန်းအား စိုက်ကြည့်လျက် ရှိနေသည်။

လင်းဖုန်းသည် ပြုံးလိုက်သော်လည်း ထိုအဘိုးအိုအား ပြန်မကြည့်ခဲ့ပဲ ကောင်းကင်ပေါ်သို့သာ စိုက်ကြည့်နေခဲ့သည်။

+

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် မမြင်နိုင်သော အလင်းတန်း ပုံရိပ်များ ရှိနေသကဲ့သို့ ဖြစ်နေပြီး လင်းဖုန်းသည် ယခင်က အရာအားလုံးကို ကောင်းစွာ မမြင်နိုင်ခဲ့သော်လည်း ဤအချိန်တွင် ပို၍ ကောင်းမွန်စွာ မြင်လာခဲ့ရသည်။

သူသည် ရယ်လိုက်ကာ သူ၏ လက်အား ဆန့်တန်း၍ စစ်တုရင်ခုံ အပေါ်သို့ ဖွဖွလေး ပုတ်လိုက်သည်။ "ဒီစစ်တုရင် ကစားပွဲကို တော်ဝင်ကောင်းကင် ဝင်္ကပါလို့ ခေါ်ရမယ်"

သူပုတ်လိုက်သော အခါ သာမန်ဟုသာ ထင်နေရသည့် စစ်တုရင်ခုံသည် အလင်းတန်းများဖြင့် စတင်၍ ထိုးတက်လာကာ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အပြင်သို့ စတင်၍ ပျံသန်းထွက်ခွာလာကြသည်။

+

# စာစဥ် ၇၅ : အပိုင်း ၁၆

## အပိုင်း ၁၄၆၆ : အဆုံးစွန် ဧကရာဇ် ရှန်းယွမ်အား ဖိနှိပ်ခြင်း

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် စီးဆင်းနေသော အလင်းတန်းများသည် စစ်တုရင်ခုံ အပေါ်၌ ပေါ်လာခဲ့သည်။

အဖြူနှင့် အနက်ရောင် စစ်တုရင်ရုပ်များသည် စစ်တုရင်ခုံ အပေါ်တွင် မလှုပ်မရှား ရှိနေကြသေး၍ စစ်တုရင်ခုံပေါ်မှ ကန့်လန့်ဖြတ်မျဥ်းများသည် စတင်၍ လင်းလက်လာခဲ့ကာ အလင်းတန်းများက ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

+

အလင်းတန်းများသည် ကောင်းကင်စကြာဝဠာ
အလင်းတန်း ကမ္ဘာ အတွင်းမှ စီးဆင်းထွက်လာ၍
ကစဥ့်ကလျားမှုများ အတွင်းသို့ ကျရောက်သွားကြသည်။
သူတို့သည် အလွန်အမင်းကို သိပ်သည်းနေ၍
ကောင်းကင်နှင့် မြေကြီး တစ်ခုလုံးအား စစ်တုရင်
ကစားပွဲ တစ်ခုလုံး အဖြစ်သို့ ပြောင်းသွားမည့်ပုံ
ပေါက်နေကြသည်။

ဤစစ်တုရင် ကစားပွဲ၏ လွှမ်းခြုံမှုကို ခံခဲ့ရသော အခါ
ရှန်းယွမ်သည် သူက မူလကောင်းကင် ကမ္ဘာမှ
ကင်းကွာသွား၍ နောက်ထပ် မဟာကမ္ဘာ
တစ်ခုအတွင်းသို့ ရောက်သွားသည်ဟု ခံစားခဲ့ရသည်။

သူသည် မျက်မှောင်များကို ကြုတ်လိုက်၍ သူ၏ သွေးနီရောင် မျက်လုံး သူငယ်အိမ်များက လင်းလက်လာပြီး အပေါ်သို့ ခုန်တက်တော့မည် ဟန်ပြင်လိုက်သည်။

သူသည် ဉာဏ်ပညာ ဘုရင်၏ ငရဲမီးများကို ရှောင်ရှားခဲ့သကဲ့သို့ မဟာတာအို၏ သဘောတရားများကို တွန့်လိမ်ကာ လင်းဖုန်းအား ဆက်လက် တိုက်ခိုက်နေခဲ့ပြီး သူအပိတ်ခံနေရသည့် ကမ္ဘာထံမှ လွတ်မြောက်ရန် ကြိုးစားလိုက်သည်။

သို့သော်လည်း တော်ဝင်ကောင်းကင် ဝက်ပါသည် သူခုန်လိုက်မည် ကြိုးစားခဲ့တိုင်း မရေမတွက်နိုင်သော အလင်းတန်း ပုံရိပ်များဖြင့် လင်းလက်လာကာ စစ်တုရင်ခုံ အပေါ်သို့ ကျရောက်သွားပြီး စစ်တုရင်ရုပ်များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

+

ဤလှုပ်ရှားမှုသည် ရှန်းယွမ်၏ အစွန်းရောင် စိတ်ဝိညာဥ်
နတ်ကောင်းချီး မင်္ဂလာအား
ပျောက်ကွယ်သွားစေခဲ့သည်။

ရှန်းယွမ်၏ မျက်လုံးများ အတွင်းတွင် အံ့သြ
တုန်လှုပ်ဖွယ်ရာ အလင်းတန်း တစ်တန်း ပေါ်လာ၍
ကောင်းကင်အတွင်းသို့ ကြည့်ကာ
ဟိန်းဟောက်လိုက်သည်။ သူ၏ ကိုယ်အတွင်းမှ
သွေးနီရောင် မြူခိုးငွေ့များ စတင်၍ ပျံ့နှံ့လာကာ
တော်ဝင်ကောင်းကင် ဝက်ပါအား တိုက်ခိုက်လိုက်သည်။

စစ်တုရင် အရုပ်များသည် အဆက်မပြတ်
လှုပ်ရှားနေကြကာ သူတို့သည် စစ်တုရင်ခုံ အပေါ်တွင်
ကျရောက်သွားသည်နှင့် အနီရောင် မြူခိုးငွေ့များကို

+

ဖိနှိပ်ထားခဲ့ကြ၍ သူတို့အား မလိုက်သော အချိန်တွင် မြူခိုးငွေ့ တစ်တန်းပြီးမှ တစ်တန်းတို့က လွင့်ပြယ်သွားသည်။

သွေးနီရောင် မြူခိုးငွေ့များသည် ဆက်လက်၍ မြင့်တက်လာသည်နှင့် တော်ဝင်ကောင်းကင် ဝင်္ကပါသည် အဆက်မပြတ် ပြောင်းလဲနေရင်း သူ့အား ဆက်လက် ချေဖျက်နေခဲ့သည်။

တစ်ချိန်တည်းတွင် လင်းဖုန်းသည် ခံစစ်မှ တိုက်စစ်အဖြစ်သို့ ပြောင်းလိုက်၍ သူ၏ ပြိုလဲခြင်း စာအုပ်အား ပိတ်လိုက်ရာ အစွမ်းထက်သော ဖျက်ဆီးခြင်း ဓာတ်ငွေ့များသည် ထိုက်ကျိမ့ူလ ဓာတ်ငွေ့များနှင့် ပေါင်းစည်းသွားခဲ့သည်။ သူ၏ တာအို သစ်သီးမှနေ၍ ထာဝရ ကပ်ဘေး အလင်းတန်း

+

တစ်တန်း ထွက်လာခဲ့ကာ ရှန်းယွမ်ထံသို့
ပစ်လွှတ်လိုက်သည်။

ဖျက်ဆီးခြင်း ခေတ်ငွေ့များနှင့် ထိုက်ကျိမှုလ
ခေတ်ငွေ့တို့သည် ထာဝရ ကပ်ဘေး အလင်းတန်းအား
ထောက်ပံ့ပေးနေကြရင်း အတူတကွ
ပေါင်းစည်းသွားခဲ့သည်။

ရှန်းယွမ်၏ အမူအရာသည် အလွန်အမင်း
လေးနက်လာ၍ သူ့အနားမှ မြူခိုးငွေ့များ
ထိုးတက်လာသော အခါ သူ၏ အစွန်းရောက်
စိတ်ဝိညာဉ် နတ်ကောင်းချီး မင်္ဂလာအား ထုတ်လွှတ်ရန်
ပြင်ဆင်လိုက်သည်။

+

သို့သော်လည်း တော်ဝင်ကောင်းကင် ဝင်္ကပါက
ပြောင်းလဲသွားသော အခါ သူသည် ထပ်ဖန်တစ်ခါ
အဖိနှိပ်ခံခဲ့ရပြန်သည်။ သူသည် လွတ်မြောက်ရန်
မစွမ်းဆောင်နိုင်ခဲ့ပဲ ထာဝရ ကပ်ဘေး အလင်းတန်း၏
တိုက်ခိုက်မှုများကိုသာ ရင်ဆိုင်ခဲ့ရသည်။

ရှန်းယွမ်၏ မျက်လုံးများ အတွင်းမှ လက်ကနဲ
ဖြစ်သွားကာ သူ၏ခေါင်းကို မော့၍ တော်ဝင်ကောင်းကင်
ဝင်္ကပါထံသို့ ကြည့်လိုက်သည်။ "သူက
သိပ်မသန်မာပေမဲ့ သူ့အနောက်မှာ ရှိနေတဲ့
သဘောတရားက အရမ်းကို ထူးခြား
ဆန်းကြယ်လွန်းတယ်"

မရှောင်တိမ်းနိုင်တော့သဖြင့် ရှန်းယွမ်သည် ဘာမှ
မတတ်နိုင်ပဲ သူ၏ မိစ္ဆာစွမ်းအားများ အားလုံးတို့ကို
ဆင့်ခေါ်ရန် ဆုံးဖြတ်ခဲ့ရသည်။ မြူခိုးငွေ့များသည်
+

သွေးအရုံအတား တစ်ခုအဖြစ်သို့ သိပ်သည်းသွားခဲ့ကာ လင်းဖုန်း၏ တိုက်ခိုက်မှုအား ခုခံခဲ့သည်။

ထာဝရ ကပ်ဘေး အလင်းတန်းသည် သွေးအရုံအတားအား ဆက်လက်၍ ချိုးဖျက်နေခဲ့ကာ ရှန်းယွမ်အား နောက်ဆုတ်စေခဲ့ပြီး တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းတွင် ချုပ်နှောင်ထားခဲ့သည်။

ရှန်းယွမ်ကလည်း စိတ်အတွင်းမှ နေ၍ ပြင်ဆင်ထားပြီး ဖြစ်သည်။ သူသည် ဤဝင်္ကပါအတွင်းသို့ ရောက်လာသော အခါ အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်၍ မူလကောင်းကင် ပင်လယ်ခုနစ်သွယ်နှင့် မဟာကမ္ဘာတို့အား တုန်ခါစေခဲ့သည်။ သူ့အနားမှ သွေးအရုံအတားကလည်း သွေးအလင်းတန်းများအဖြစ် ပြောင်းသွားကာ အပြင်သို့ ဆန့်တန်း ထွက်ခွာလာခဲ့သည်။

+

ခက်ထန်လှသော စွမ်းအားသည်
လေဟာနယ်တစ်လျှောက် ပျံ့နှံ့သွား၍
အရာအားလုံးတို့အား ဖျက်ဆီးခဲ့၍ တော်ဝင်ကောင်းကင်
ဝက်ပါ အပေါ်မှ ရှန်းယွမ်နှင့် နီးကပ်နေသော စစ်တုရင်
အရုပ်များကပင် စစ်တုရင်ခုံပေါ်မှ လွင့်စဥ်ကုန်ကြသည်။

ရှန်းယွမ်အနားမှ စစ်တုရင်ခုံ၏ မျက်နှာပြင်ကလည်း
စတင်၍ အက်ကွဲလာခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှ
အဝတ်အစား ကပိုကရိုနှင့် အဘိုးအိုသည်
စစ်တုရင်ခုံအား တွေတွေကြီး စိုက်ကြည့်နေကာ
စစ်တုရင်ခုံသည် စတင်၍ ပြင်းထန်စွာ
လှုပ်ခါလာခဲ့သည်။

+

သို့သော်လည်း ရှန်းယွမ်က နောက်ထပ် ဘာမှ မသောင်းကျန်းနိုင်မီ လင်းဖုန်းသည် ပြိုလဲခြင်း စာအုပ်အား ကိုင်ထားကာ တော်ဝင်ကောင်းကင် ဝင်္ကပါ အပေါ်တွင် ပေါ်လာခဲ့၍ ဝင်္ကပါအတွင်းသို့ ဝင်သွားခဲ့သော ရှန်းယွမ်အား ကြည့်နေခဲ့သည်။

လင်းဖုန်းသည် ရှန်းယွမ်က ဝင်္ကပါအတွင်းမှ လွတ်မြောက်ရန် ကြိုးစားနေသည်ကို ထိုင်မကြည့်နေပဲ ပြိုလဲခြင်း စာအုပ်၏ စာရွက်များကို လှန်လိုက်ရာ ဖျက်ဆီးနိုင်သော ခေတ်ငွေ့များက ကျဆင်းလာခဲ့သည်။

ရှန်းယွမ်သည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်၍ သူ့အနားမှ သွေးနီရောင် အလင်းတန်းများကို တိုက်ခိုက်နေသော ဖျက်ဆီးခြင်း ခေတ်ငွေ့များကို

+

ကြည့်လိုက်သည်။ သူ၏ သွေးနီရောင်
အလင်းတန်းများသည် တစ်လွှာပြီး တစ်လွှာ
ကွာကျလာခဲ့သည်။

တစ်ချိန်တည်းတွင် တော်ဝင်ကောင်းကင် ဝင်္ကပါသည်
စစ်တုရင် အရုပ်များကို ထပ်ဖန်တစ်ခါ ပြန်စီလိုက်ကာ
ပြိုလဲခြင်း စာအုပ်သည် ရှန်းယွမ်အား နောက်ထပ်
တိုက်ခိုက်မှု တစ်ခုအား ထုတ်လွှတ်လိုက်သည်။

လင်းဖုန်း၏ တာအိုသစ်သီးသည် သူ့အရှေ့တွင်
ထပ်ဖန်တစ်ခါ ပေါ်လာခဲ့၍ တစ်စုံတစ်ခုအား
စဥ်းစားလိုက်ရာ ထူးခြားဆန်းကြယ်သော အစက်သည်
မရေမတွက်နိုင်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာ၍
တော်ဝင်ကောင်းကင် ဝင်္ကပါအား ထောက်ပံ့နေခဲ့သည်။

+

တော်ဝင်ကောင်းကင် ဝက်ပါသည် ပို၍ပို၍ ထူးခြား
ဆန်းကြယ်လာကာ စစ်တုရင် ကစားပွဲတွင်
ပြောင်းလဲမှုများ ပိုမို ဖြစ်ပေါ်လာခဲ့သည်။

လွန်စွာ ရှုပ်ထွေး၍ လျင်မြန်စွာ ပြောင်းလဲနေမှုများမှ
အဆုံးမဲ့သော ခံစားချက် တစ်မျိုးကို
မွေးဖွားလာခဲ့သကဲ့သို့ ဖြစ်နေသည်။

တစ်ခဏအတွင်း ပြောင်းလဲမှုများသည် ဖြစ်ပေါ်လာရန်
အလွန်ကြာမြင့်စွာ အချိန်ယူရသည်ဟု ထင်နေရသည်။

ချက်ချင်းဆိုသလိုပင် တော်ဝင်ကောင်းကင် ဝက်ပါသည်
ကစဉ့်ကလျားမှုများ အကြားတွင် ပို၍ပို၍ ကြီးမားလာ၍
ရှုပ်ထွေးနေသော လေဟာနယ် အတွင်းတွင် လျင်မြန်စွာ
ပြည့်သွားခဲ့သည်။ သူ၏ နယ်နိမိတ်များသည်

+

ဝိညာဉ်ပင်လယ်၊ သေမင်းပင်လယ်နှင့် မဟာကမ္ဘာတို့နှင့် ဖြည်းဖြည်းချင်း ဆက်သွယ်နေ၍ တစ်ချိန်တည်းတွင် ကမ္ဘာသုံးခုစလုံးအား အတူတကွ ပေါင်းစည်းသွားစေခဲ့သည်။

သို့သော်လည်း ရှန်းယွမ်သည် သူသည် မူလကောင်းကင်ကမ္ဘာထံမှ ဖြည်းဖြည်းချင်း ကင်းကွာလာခဲ့သည်ဟု ပို၍ပို၍ ခံစားလာရသည်။

လင်းဖုန်းအား ဝန်းရံနေကြသော ထိုက်ကျိမူလ ခေတ်ငွေ့များသည် သူက ပြိုလဲခြင်း စာအုပ်အား ဆင့်ခေါ်လိုက်သော အခါ ထကြွ လှုပ်ရှားလာကြသည်။ ထိုက်ကျိမူလ ခေတ်ငွေ့များသည် ဖျက်ဆီးခြင်း ခေတ်ငွေ့များနှင့် ပေါင်းသွားကြကာ ထူးခြားဆန်းကြယ်သော ခေတ်ငွေ့စီးကြောင်းများ အဖြစ် ပြောင်းသွားကြပြီး ရှန်းယွမ်အပေါ်သို့ ကျရောက်လာခဲ့ရာ

+

ရှန်းယွမ်သည် တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းတွင် လုံးဝ အဖိနှိပ်ခံခဲ့ရသည်။

ရှန်းယွမ်၏ အရှေ့မှ မြင်ကွင်းများသည် ရုတ်တရက် ပြောင်းလဲသွားခဲ့ကာ သူသည် အလွန်အမင်း သေးငယ်သွား၍ စစ်တုရင်ရုပ် တစ်ခုအဖြစ်သို့ ပြောင်းသွားပြီး စစ်တုရင်ခုံ အပေါ်သို့ ကျရောက်သွားသည်ဟု ရုတ်တရက် ခံစားခဲ့ရသည်။

ဗုဒ္ဓ၊ မဟာဟင်းလင်းပြင် သူတော်စင်၊ ကြွယ်ကေရာဇ်၊ ထိုက်ရှီသူတော်စင်နှင့် ကျန်သောသူများသည် ရှန်းယွမ်က ပို၍ပို၍ သေးငယ်လာကာ တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းသို့ ဆွဲခေါ်သွားခြင်း ခံခဲ့ရသည်ကို မြင်ခဲ့ရသည်။ ဝက်ပါသည် ပြီးသည်နှင့် စီးဆင်းနေသော အလင်းတန်း အဖြစ်သို့ ပြောင်းသွားကာ ယုကျင်းတောင်ပေါ်မှ ကောင်းကင်စကြာဝဠာ

+

အလင်းတန်းကမ္ဘာ အတွင်းသို့ ပြန်လည်
ဝင်ရောက်သွားခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင်
စီးဆင်းနေသော အလင်းတန်း တစ်တန်းသည်
မဟူရာကောင်းကင် ရတနာသစ်ပင် အသေးစားထံမှ
ပျံသန်း ထွက်ပေါ်လာ၍ စစ်တုရင်ခုံ အပေါ်သို့
ကျသွားခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် ပြိုလဲခြင်း စာအုပ်ကို
ကိုင်ထား၍ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ
အတွင်းသို့ ဝင်သွားခဲ့ကာ စစ်တုရင်ခုံ အပေါ်တွင်
တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။

+

ပြိုလဲခြင်း စာအုပ်သည် လင်းဖုန်း၏ အရှေ့တွင် အဆက်မပြတ် လှန်နေခဲ့၍ လင်းဖုန်းသည် မှော်ကျိန်စာများကို ထုတ်ဖော်နေခဲ့ရာ ထိုက်ကျိမူလ ခေတ်ငွေ့များနှင့် ဖျက်ဆီးခြင်း ခေတ်ငွေ့များသည် ပူးပေါင်းသွားကြပြီး တော်ဝင်ကောင်းကင် ဝင်္ကပါအား အားဖြည့်ပေးနေကြသည်။

တော်ဝင်ကောင်းကင် ဝင်္ကပါ အတွင်းတွင် ယခုအချိန်၌ ရှန်းယွမ်၏ အကြည့်သည် အလွန်အမင်း အေးစက်နေခဲ့သော်လည်း သူသည် စစ်တုရင်ခုံ အပေါ်တွင် လင်းဖုန်း၊ ပြိုလဲခြင်း စာအုပ်နှင့် တော်ဝင်ကောင်းကင် ဝင်္ကပါတို့၏ ဖိနှိပ်ထားခြင်းကို ခံနေရသည်။

+

ထူးခြားဆန်းကြယ်စွာ စီးဆင်းနေသော
ခေတ်ငွေ့တန်းများသည် သူ့ခန္ဓာကိုယ် အနားမှ
မြူခိုးငွေ့များအား တိုက်စားနေကြသည်။

သူ၏ မြူခိုးငွေ့ အကြားမှ ကြယ်တာရာများကလည်း
ပို၍ပို၍ မှေးမှိန်လာကြသည်။

ဤမြင်ကွင်းအား တွေ့ခဲ့ရသော အခါ အားလုံးတို့သည်
ထိတ်လန့် တုန်လှုပ်သွားကြလေသည်။

လင်းဖုန်း ဖိနှိပ်ထားနေခဲ့သည်မှာ သာမန်
မိစ္ဆာတစ်ကောင် မဟုတ်ချေ။ သူသည် မူလကောင်းကင်
ကမ္ဘာ၏ သမိုင်းအတွင်းမှ တော်ဝင်မိစ္ဆာ ဧကရာဇ်
သုံးပါးအနက်မှ တစ်ပါးဖြစ်သော အဆုံးစွန် ဧကရာဇ်၊
အစွန်းရောက် စိတ်ဝိညာဉ် ရှန်းယွမ်ပင် ဖြစ်သည်။

+

သူသည် ရှေးဟောင်းခေတ်ကတည်းက နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့ကာ နတ်ဘုရားနယ်မြေ အတွင်းတွင် မရေမတွက်နိုင်သော ကပ်ဆိုးများကို ဖြစ်ပေါ်စေခဲ့ပြီး အလယ်ခေတ်သို့ ရောက်မှသာ အနိုမ်နင်းခံခဲ့ရခြင်း ဖြစ်သည်။

တော်ဝင်မိစ္ဆာ ကေရာဇ် သုံးပါးအနက်တွင် သူသည် သယ်ယူပို့ဆောင်ခြင်း နည်းစနစ်များတွင် အကောင်းဆုံး ဖြစ်သည်ဟု အသတ်မှတ်ခံခဲ့ရသည်။ မူလကောင်းကင် ကမ္ဘာ အတွင်း၌လည်း သူသည် သယ်ယူပို့ဆောင်ခြင်း နည်းစနစ်များအနက် အကောင်းဆုံး ဖြစ်သည်ဟု ပြော၍ရသည်။ သူ၏ အထွတ်အထိပ် အခြေအနေတွင် သူ့အား ချုပ်နှောင်ထားရန် အမတန်မှ ခက်ခဲပြီး ကောင်းကင်ပေါ်သို့ တက်လှမ်းခြင်းထက်ပင် ပိုမို ခက်ခဲသည်ဟု ပြော၍ရသည်။

+

သို့သော်လည်း လင်းဖုန်းသည် ရှန်းယွမ်အား တော်ဝင်ကောင်းကင် ဝက်ပါအတွင်း၌ ဖိနှိပ်ထားကာ ရှန်းယွမ်က လွတ်မြောက်နိုင်ခြင်း မရှိသည်မှာ သိသာနေသည်။

ဤပြိုင်ပွဲမှပင် လင်းဖုန်းသည် မူလကောင်းကင် ကမ္ဘာ သမိုင်းမှ ထိပ်ဆုံးပုဂ္ဂိုလ်များ အတွင်းတွင် တစ်ယောက် အပါအဝင် ဖြစ်သည်ဟု အခိုင်အမာ စိုက်ထူနိုင်ခဲ့ပြီ ဖြစ်သည်။

ဤအချိန်၌ ရှန်းယွမ်၏ အမူအရာသည် အလွန်အမင်း မည်းမှောင်နေ၍ သူကြွေလွင့်ခဲ့ရသော အလယ်ခေတ်ကို ပြန်လည်၍ အမှတ်ရလာခဲ့သည်။

+

ငရဲကမ္ဘာ ပင်လယ်မှ မရေမတွက်နိုင်သော ကပ်ဆိုးနှင့် ကပ်ဘေးများသည် ဟင်းလင်းပြင်တွင် ပြည့်နှက်လျက်ရှိကာ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည် သူ့ပုံရိပ် အနောက်သို့ လိုက်နေကြသည်။ ထို့အပြင် ငရဲကမ္ဘာ ပင်လယ် အတွင်းတွင် သူ၏ ဘဝ တစ်သက်တာလုံး သူ့အား တိုက်ခိုက်နေခဲ့သည့် ဝေဝါးဝါး ပုံရိပ်တစ်ခုကလည်း ရှိနေသေးသည်။

ရှန်းယွမ်၏ အကြည့်သည် အလွန်အမင်း အေးစက်လာ၍ သူ၏ နှုတ်ခမ်းထောင့်များမှာ ချွန်ထက်နေသော သွားများကို ဖော်ပြလိုက်ပြီး အမျက်တကြီးဖြင့် ဟိန်းဟောက်လိုက်သည်။

သူ့အနားမှ မြူခိုးငွေ့များသည် ထိုးတက်လာကာ နေရာအနှံ့ ပျံ့နှံ့သွားကြသည်။ မြူခိုးငွေ့များသည် သူ၏

+

မိစ္ဆာစွမ်းအားများကို တိုက်စားနေသော စွမ်းအားများကို ခုခံနေ၍ သူသည် ကောင်းကင်တော်ဝင် ဝက်ပါထံမှ လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့သည်။

သွေးနီရောင် မြူခိုးငွေ့များ ဝင်ရောက်လာသော အခါ တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းမှ လေဟာနယ်သည် စတင်၍ ပြိုကျလာခဲ့သည်။

ရှန်းယွမ်သည် ယခုအချိန်တွင် အသက်စွန့်ကာ တိုက်ခိုက်နေခဲ့ပြီ ဖြစ်ပြီး သူ၏ ရှန်းကန် လှုပ်ရှားမှုကြောင့် နှစ်ဦး နှစ်ဘက်စလုံးတို့က ခံစားရတော့မည် ဖြစ်သည်။

ခက်ထန်လှသော မြူခိုးငွေ့များသည် တော်ဝင်ကောင်းကင် ဝက်ပါအတွင်းမှ ထွက်လာခဲ့ကာ

+

လင်းဖုန်းနှင့် ပြိုလဲခြင်း စာအုပ်တို့အား
တိုက်ခိုက်လိုက်သည်။

လင်းဖုန်း၏ ခန္ဓာကိုယ်နှင့် ပြိုလဲခြင်း စာအုပ်တို့
အပေါ်တွင် သွေးအလင်းတန်း တစ်လွှာ ပေါ်လာခဲ့၍
ထိုသွေးနီရောင် မိစ္ဆာ အလင်းတန်း၏ တိုက်ခိုက်မှုအား
ခံခဲ့ရသည့် အချိန်တွင် သူ၏ စွမ်းအားနှင့်
အရှိန်အဝါများက အားနည်းလာခဲ့သည်။

ရှန်းယွမ် ရှိနေသော စစ်တုရင်ခုံကလည်း သွေးနီရောင်
အလင်းတန်းများနှင့် လွှမ်းခြုံနေကာ အစ ပထမတွင်
အစက်ကလေး တစ်စက်သာ ရှိနေသော်လည်း
ဖြည်းဖြည်းချင်း ကြီးထွားလာခဲ့သည်။ စစ်တုရင်ခုံသည်
အစွန်းထင်းခံခဲ့ရသကဲ့သို့ ဖြစ်နေပြီး
ထိုအစွန်းအထင်းသည် ပို၍ပို၍ ကြီးမားလာခဲ့သည်။

+

တစ်ချိန်တည်းတွင် လင်းဖုန်း၏ ဖိနှိပ်မှုသည်
ရှန်းယွမ်အပေါ်သို့ ပို၍ပို၍ ထိခိုက်မှုများ
ဖြစ်ပေါ်စေခဲ့သည်။

လင်းဖုန်း၊ ပြိုလဲခြင်း စာအုပ်နှင့် တော်ဝင်ကောင်းကင်
ဝက်ပါတို့၏ အဖိနှိပ်ခံခဲ့ရ အပြီးတွင် ရှန်းယွမ်၏
အစွန်းရောက် စိတ်ဝိညာဉ် နတ်ကောင်းချီး မင်္ဂလာသည်
သူ၏ အစွမ်းများကို ထုတ်လွှတ်နိုင်စွမ်း မရှိတော့ပဲ
ရှန်းယွမ်သည် ဤအချိန်၌ လင်းဖုန်းထက် ပို၍
ဖိအားများအောက်တွင် ကျရောက်နေခဲ့သည်။

သူ၏ ဆီးနှင်းဖြူ အမွေးများကလည်း စတင်၍
သွေးနီရောင် သန်းလာခဲ့သည်။

+

ထိုအရာသည် သူ့ခန္ဓာကိုယ် အနားမှ သွေးနီရောင် မြူခိုးငွေ့ကြောင့် ဖြစ်လာခြင်း မဟုတ်ပဲ သူ၏ စွမ်းအားများကို အများအပြား အသုံးပြုခဲ့ခြင်းကြောင့် သူ၏ မွေးညင်းပေါက်များ ထံမှ သွေးများ စိမ့်ထွက်လာခြင်း ဖြစ်သည်။ သူတို့သည် အနီရင့်ရောင် ဖြစ်နေသော်လည်း သန့်စင် ကြည်လင်လှကာ သူသည် ယခုအချိန်တွင် ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့သည်။

ရှန်းယွမ်သည် ဤအရာကြောင့် ဘာမှ ခံစားနေရပုံ ပေါက်မနေပဲ သူ့အနားမှ တော်ဝင်ကောင်းကင် ဝက်ပါကိုသာ အေးစက်စွာ စောင့်ကြည့်နေခဲ့သည်။ သူ၏ မြူခိုးငွေ့များသည် ပြိုလဲခြင်း စာအုပ်နှင့် တော်ဝင်ကောင်းကင် ဝက်ပါတို့၏ အစိတ်အပိုင်း တစ်ခုကို တိုက်စားနိုင်ခဲ့ အပြီးတွင် သူသည် လင်းဖုန်းထံသို့ ဦးတည်၍ စတင် တိုက်ခိုက်လိုက်သည်။

+

တော်ဝင်ကောင်းကင် ဝက်ပါနှင့် ပြိုလဲခြင်း စာအုပ်တို့သည် အမတန်မှ အစွမ်းထက်လှသော်လည်း သူတို့အားလုံးအား ထိန်းချုပ်နေသူမှာ လင်းဖုန်းသာ ဖြစ်သည်။

ရှန်းယွမ်သည် ဤအချက်အား သဘောပေါက်သွားခဲ့ အပြီးတွင် သူ၏ တိုက်ခိုက်မှုများသည် လင်းဖုန်းထံသို့သာ ဦးတည်လိုက်သည်။

"ငါက ထာဝရ တံတားအပေါ်မှ ခြေချပြီးသွားပြီ... ငါက ဒီတိုက်ပွဲမှာ သေသွားရင်လည်း သေမင်းပင်လယ်ကနေ တဆင့် ပြန်လာနိုင်သေးတယ်... ငါ့ရဲ့ ပြန်လာတဲ့ လမ်းကြောင်းကို ပိတ်ဆို့ခြင်း ထပ်ခံရနိုင်ပေမဲ့ ငါ့ကို ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး"

+

"ဒါပေမဲ့ မင်း… မင်းက မင်းရဲ့ အသက်ကို စွန့်လွှတ်ပြီး ငါနဲ့အတူ ကြွေလွင့်ချင်နေတာလား"

"မင်းက ငါ့လိုမျိုး ထာဝရ တံတားအပေါ်မှ ခြေချပြီးပြီလား… တကယ်လို့ ဒီကမ္ဘာကြီးက အဆုံးသတ် မသွားရင် ငါက အဆုံးသတ်မှာ မဟုတ်ဘူး"

သူသည် မည်သည့်အသံမှ မထွက်ခဲ့သော်လည်း ရှန်းယွမ်၏ ဆန္ဒသည် စစ်မှန်သော တစ်စုံတစ်ခု အဖြစ်သို့ ပြောင်းသွားသကဲ့သို့ ဖြစ်နေကာ ဟင်းလင်းပြင်အား ပြည့်နှက်သွားခဲ့သည်။

+

သူသည် အရေးမလှ ဖြစ်နေသော်လည်း နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိခဲ့ပဲ သူ၏ စိတ်ဓာတ်သည် အလွန် ခိုင်မာပေသည်။

လင်းဖုန်း၏ ဝတ်ရုံပေါ်မှ သွေးစများသည် ပို၍ပို၍ သိပ်သည်းလာခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ၏ ပိတ်ဆို့ထားခြင်းကို ခံနေရသော်လည်း မဟာဟင်းလင်းပြင် သူတော်စင်၊ ကြွယ်ကေရာဇ်နှင့် သကျမုနိတို့သည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် ဘာဖြစ်နေသည်ကို ကောင်းစွာ မြင်နိုင်ခဲ့သည်။

+

လင်းဖုန်းနှင့် ရှန်းယွမ်တို့၏ တိုက်ပွဲသည့် သူတို့၏ အာရုံကို ကောင်းစွာ ဆွဲဆောင်နိုင်ခဲ့သည်။

ကြွယ်ကေရာဇ်သည် လင်းဖုန်းအား ရှန်းယွမ်ကဲ့သို့ အေးစက်၍ ညှာတာမှု ကင်းမဲ့သော အကြည့်တစ်ခုဖြင့် ကြည့်နေခဲ့သည်။

သူသည် ဤအချိန်၌ အံ့အားသင့်ဖွယ်ရာ နဂါးဟောက်သံ တစ်ခုအား ထုတ်လွှတ်လိုက်ရာ သူ၏ ခန္ဓာကိုယ်သည် ကစဥ့်ကလျားမှုများ အကြားတွင် လည်ပတ်သွားခဲ့ပြီး သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ တိုက်ခိုက်နေသည့် ဝဲကတော့ထံမှ ကောင်းကင်ဖျက်ဆီး ခေးထံသို့ ရောက်သွားခဲ့သည်။

+

ဤအချိန်တွင် ဝဲကတော့သည် ပြင်းထန်စွာ
တုန်ခါနေခဲ့၍ အလင်းစက် တစ်စက်သည် ပို၍ပို၍
မျက်စိကျိန်းလာကာ သူ၏ အရိုန်အဝါကလည်း
အလွန်အမင်း ခက်ထန်လာခဲ့သည်။

သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ် အတွင်းမှ
ဒေါသူပုန်ထနေသော ဒီရေ လှိုင်းလုံးများသည် ပို၍ပို၍
ထကြွ လှုပ်ရှားလာကာ ဝဲကတော့အား
တွန့်လိမ်သွားစေခဲ့သည်။

## စာစဉ် ၇၅ : အပိုင်း ၁၇

## အပိုင်း ၁၄၆၇ : ကျုပ်ရဲ့ တော်ဝင်ကောင်းကင်
## ဝင်္ကပါအထဲကို လာလည်ချင်နေတာလား

+

ကြွယ်ကေရာဇ်သည် ဟင်းလင်းပြင် အတွင်းတွင်
တစ်ပတ်လည်လိုက်ပြီး ကောင်းကင်ဖျက်ဆီးခံရား
ရှိရာထံသို့ ရောက်လာခဲ့သည်။

သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်မှ ခက်ထန်လှသော
လှိုင်းလုံးများသည် ကြွယ်ကေရာဇ်၏
မိစ္ဆာစွမ်းအားများ၏ လွှမ်းမိုးမှုအား ခံခဲ့ရသော အခါ ပို၍
ထကြွ လှုပ်ရှားလာကြသည်။

ဤမြင်ကွင်းအား မြင်လိုက်ရသော အခါ
မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့၏
မျက်မှောင်များက ကြုတ်သွားခဲ့သည်။

သူတို့သည် ကောင်းကင်ဖျက်ဆီး ခံရားအား
မနှစ်သက်ကြပဲ လင်းဖုန်းနှင့်လည်း ကောင်းမွန်သော

+

ဆက်ဆံရေးများ မရှိကြပေ။ သကျမုနိသည် လင်းဖုန်းနှင့် ရန်ငြိုးရန်စပင် ရှိသေးသည်။

သို့သော်လည်း နှစ်ဦး နှစ်ဘက်သား တိုက်ခိုက်နေကြသော ယခုတိုက်ပွဲတွင် လင်းဖုန်းက မည်ကဲ့သို့ တွေးနေသည် ဖြစ်စေ သူတို့သည် တစ်ဘက်တည်းတွင် ရှိနေကြသည်။

ကောင်းကင်ဖျက်ဆီး ခေး၏ ချိပ်ပိတ်ထားမှု ပျက်စီးသွားမည်ကို မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့က မြင်လိုနေကြသော်လည်း အကယ်၍ သူ့အား ကြွယ်ကောရာဇ်က တိုက်ရိုက် ဖျက်ဆီးပစ်နိုင်ခဲ့ပါက တိုက်ပွဲအပေါ်မှ လွှမ်းမိုးမှုသည် အကြီးအကျယ် ကြီးမားသွားလိမ့်မည် ဖြစ်သည်။

+

မဟာဟင်းလင်းပြင် သူတော်စင် ဖြစ်စေ၊ သကျမုနိ ဖြစ်စေ၊ ဤတော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့အား ထပ်ဖန်တစ်ခါ သတ်ဖြတ်နိုင်ခြင်းသည် အကောင်းဆုံးသော အဆုံးသတ် ဖြစ်သည်။

အကယ်၍ သူတို့နှစ်ယောက်က လွတ်မြောက်သွားနိုင်ခဲ့ပါက အနာဂတ်တွင် ဘာဖြစ်လာမည်ကို ခန့်မှန်းရန် ခက်ခဲပြီး သူတို့အနေဖြင့် အခြေအနေကို ထိန်းချုပ်နိုင်စွမ်း ရှိတော့မည် မဟုတ်ချေ။

လင်းဖုန်း၊ ကောင်းကင်ဖျက်ဆီးခေး၊ တော်ဝင်ကောင်းကင် ဝက်ံပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ မဟာဟင်းလင်းပြင် သူတော်စင်၊ အန္တိမ ကောင်းကင်ကြေးမုံနှင့် သကျမုနိတို့သည် လူသားကျင့်ကြံမှု ကမ္ဘာသမိုင်းတွင် အသန်မာဆုံး

+

လူထုတ်ပုံ ဖြစ်ပေလိမ့်မည်။ တော်ဝင်မိစ္ဆာ ကေရာဇ်
နှစ်ပါးတို့နှင့် ရင်ဆိုင်ရာတွင်ပင် အကယ်၍ သူတို့က
တန်ဖိုး တစ်စုံတစ်ရာ ပေးဆပ်လိုခဲ့လျှင်  သူတို့အား
ဟန့်တားနိုင်မည် ဖြစ်သည်။

လင်းဖုန်း၏ ရှုန်းယွမ်အား ဖိနှိပ်ထားနိုင်သည့်
စွမ်းရည်ကပင် မဟာဟင်းလင်းပြင် သူတော်စင်နှင့်
သကျမုနိတို့၏ မျှော်မှန်းချက်ကို ကျော်လွန်နေခဲ့ပြီ
ဖြစ်သည်။

ကြွယ်ကေရာဇ်နှင့် စာလျှင် ရှုန်းယွမ်သည်
လွတ်မြောက်နိုင်စွမ်း ပိုများသည်။

သူ့အား ချုပ်နှောင်ထား၍ အသက်စွန့်ကာ
တိုက်ခိုက်စေရန် ဖိအားပေးနိုင်မှုသည် သံသယ

+

ဖြစ်ဖွယ်မရှိပဲ အလွန်အမင်း ခက်ခဲသော အရာတစ်ခု ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းသည် ရှန်းယွမ်အား သတ်ဖြတ်နိုင်ခဲ့လျှင်ပင် သူသည် ဒဏ်ရာ အပြင်းအထန် ရနိုင်ခြေ ရှိနေသည်။

ရှန်းယွမ် ယခု ပြုလုပ်နေသော အရာအရ သူသည် နှစ်ယောက်အတူ ကြွေလွင့်လိုနေခြင်း ဖြစ်သည်။

ပျက်စီးနေသော တော်ဝင်ကောင်းကင် ဝက်ပါနှင့် ပြိုလဲခြင်း စာအုပ်တို့သည် ဤအချိန်၌ သူတို့၏ အစွမ်းများကို ထုတ်လွှတ်နိုင်စွမ်း ရှိနေသေးသည်။ မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည် သူတို့အား အချိန်တိုလေး အတွင်းတွင် ကောင်းစွာ

+

ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်သော်လည်း သူတို့၏ ကျင့်ကြံမှု အဆင့်များ အရ ကျိန်းသေပြော၍ ရမည် မဟုတ်ချေ။

ဤကဲ့သို့သော အခြေအနေအောက်တွင် ကြွယ်ကေရာဇ်အား ဤနေရာတွင် ထိန်းထားနိုင်ရန် မျှော်လင့်ချက် ရှိနေသေးသည်။

ဤကဲ့သို့သော ရှုထောင်မှ ကြည့်လျှင် ကြွယ်ကေရာဇ်အား ကောင်းကင်ဖျက်ဆီး ဓားအား ပေး၍ ဖျက်ဆီးခြင်းသည် လက်ခံနိုင်သော အခြေအနေ အတွင်းတွင်သာ ရှိနေသေးသည်။

+

အထူးသဖြင့် ကောင်းကင်ဖျက်ဆီး ခေးအား ဖျက်ဆီးလိုလျှင် ကြွယ်ဝေရာ၌ အနေဖြင့် တန်ဖိုးကြီးကြီးမားမား ပေးဆပ်ရကိန်း ရှိနေချိန်တွင် ဖြစ်သည်။

ဤအရာသည် နောက်ပိုင်းမှ အခြေအနေများ အတွက် အလွန်အမင်း အကျိုးရှိစေမည်မှာ သံသယ ဖြစ်ဖွယ်မရှိချေ။

သို့သော်လည်း အခြေအနေက ပြောင်းလဲသွားသည်။ တိုက်ပွဲတစ်ခု၏ ရလဒ်သည် တစ်စုံတစ်ခု ပြောင်းလဲသွားခဲ့ပါက အနည်းငယ်သာ ဖြစ်သော်လည်း ပြောင်းလဲသွားနိုင်ပေသည်။

လင်းဖုန်းသည် ယခုအချိန်တွင် ရှန်းယွမ်နှင့် သူသေကိုယ်သေ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေရခြင်း

+

ဖြစ်သည်။ သူသည် လက်ဦးမှု ရယူကာ ရှန်းယွမ်အား ဖိနှိပ်ထားနိုင်ခဲ့သော်လည်း အကယ်၍ ရှန်းယွမ်က တန်ပြန် တိုက်ခိုက်လာပါက အခြေအနေသည် ပြောင်းပြန်လှန်သွားတော့မည် ဖြစ်သည်။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ခါးက အဖျက်ဆီးခံခဲ့ရပြီး မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့ နှစ်ယောက်စလုံးက ဘာမှ မလုပ်ခဲ့လျှင် လင်းဖုန်းက မည်သို့ တုံ့ပြန်မည်ကို တစ်ယောက်ကမှ ခန့်မှန်းနိုင်လိမ့်မည် မဟုတ်ချေ။

အကယ်၍ သူသည် ရှန်းယွမ်အား လွှတ်ပေးခဲ့ပြီး တော်ဝင်ကောင်းကင် ဝက်ပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်းတို့နှင့် အတူ လွတ်မြောက်သွားပါက မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့သည် ဒုက္ခ အကြီးအကျယ် ရောက်တော့မည် ဖြစ်သည်။

+

အနည်းဆုံးတော့ တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့သည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့အား အနိုင်မတိုက်နိုင်လျှင်ပင် လွတ်မြောက်နိုင်စွမ်း ရှိသည်။

ကြွယ်ကေရာဇ်သည် မဟူရာ ပင်လယ်သို့ ပြန်သွားပြီး ရှန်းယွမ်သည် လင်းယွမ် တောင်တန်းများထံသို့ ပြန်သွားနိုင်သည်။ ထိုအချိန်တွင် အခြေအနေသည် ပြောင်းလဲသွားတော့မည် ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်၏ မျက်လုံးများ အတွင်းတွင် နက်ရှိုင်း အေးချမ်းသော အကြည့်တစ်ခု ပေါ်လာကာ ဆုံးဖြတ်ချက် ချက်ချင်းချလိုက်သည်။ သူသည် ဟင်းလင်းပြင် အတွင်း၌ လက်ခုပ်တီးလိုက်ရာ

+

အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများက တောက်ပစွာ လင်းလက်လာသည်။

မရေမတွက်နိုင်သော ကြေးမုံ ပုံရိပ်များသည် ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာကြကာ အလင်းတန်း တစ်တန်းအဖြစ် စုစည်းသွား၍ ကြွယ်ကေရာဇ်အား လွှမ်းခြုံသွားခဲ့သည်။

မဟာဟင်းလင်းပြင် ကောင်းကင်ကိုးလွှာ နန်းတော် အပေါ်ရှိ ဒသမ ကောင်းကင်နန်းတော်မှ နေ၍ ထူးခြားဆန်းကြယ်သော အသွင်မဲ့ ဓါတ်ငွေ့တစ်တန်း ဆင်းသက်လာ၍ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းနှင့် ပူးပေါင်းသွားခဲ့သည်။

+

ကြေးမုံအလင်းတန်းသည် မှေးမှိန် မှောင်မည်းသွား၍
ကြွယ်ကေရာဇ်၏ ခန္ဓာကိုယ် အပေါ်သို့
ကျဆင်းလာခဲ့သည်။

ကြွယ်ကေရာဇ်သည် အလွန်အမင်း
အစွမ်းထက်သော်လည်း သူ၏ ပုံရိပ်သည် ဟင်းလင်းပြင်
အတွင်းတွင် နှေးကွေးသွားခဲ့သေးသည်။

သကျမုနိသည် ဤမြင်ကွင်းအား ငြိမ်သက်စွာ
ကြည့်နေရင်း သူ၏ လက်ဝါးအစုံကို စုစည်းလိုက်သည်။
သူသည် ဘဝသုံးမျိုး ကမ္ဘာကျိန်စာအား ဆင့်ခေါ်လိုက်ရာ
မရေမတွက်နိုင်သော ပါးလွှာသည့် မျဉ်းကြောင်းများ
ပေါ်လာကြ၍ ယှက်သန်းသွားကြကာ အတူတကွ
စုစည်းသွားပြီး အလွန်အမင်း ခန့်မှန်းရ
ခက်ခဲလာခဲ့သည်။

+

ဤမျဉ်းကြောင်းများသည် အစက်ပေါင်း များစွာဖြင့် ဆက်သွယ်ထားကာ ဟင်းလင်းပြင် အထိ ဆန့်တန်းသွားကြသည်။ သူတို့သည် အတိတ်နှင့် အနာဂတ်အား ဆက်သွယ်ထားနေသည့် အလား သူ၏ အဆုံးသတ်များကို မမြင်နိုင်ခဲ့ပေ။

ဤကမ္ဘ မျဉ်းကြောင်းများသည် ကြွယ်ကေရာဇ်အား စတင်၍ အနှောင့်အယှက် ပေးခဲ့ကာ သူတို့သည် သူ၏ ခန္ဓာကိုယ်နှင့် ထိတွေ့ခဲ့သော အခါ ပြောင်းလဲမှုများ စတင်၍ ဖြစ်ပေါ်လာကြသည်။

ပုံရိပ်ယောင် ကမ္ဘ မျဉ်းကြောင်းများသည် စတင်၍ စုစည်းလာကာ ကွဲပြားသော ပုံရိပ်များကို ဖော်ပြခဲ့ကြသည်။

+

အချို့မှာ မည်းနက်နေ၍ အချို့မှာ နီရဲ တောက်ပနေပြီး အရောင်အသွေး စုံလင်လှသည်။

ကမ္ဘ မျဉ်းကြောင်းများ သူ၏ ခန္ဓာကိုယ် အနားတွင် ရစ်ပတ်လာသော အခါ ကွယ်ကေရာဇ်၏ လှုပ်ရှားမှုများကို ထပ်ဖန်တစ်ခါ နှေးသွားခဲ့သည်။

ကွယ်ကေရာဇ်သည် ရှည်လျားသော ဟိန်းဟောက်သံ တစ်ခုအား ထုတ်လွှတ်လိုက်ရာ သူ၏ ခန္ဓာကိုယ် အပေါ်တွင် ရွှေရောင် အလင်းတန်းများ လင်းလက်လာကြ၍ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများက သူ့အပေါ်မှ ကွာကျသွားခဲ့သည်။

+

သို့သော်လည်း ရွှေရောင်အလင်းတန်းများသည်
ကမ္ဘမျဉ်းကြောင်းများ အပေါ်သို့ ကျရောက်သွားချိန်တွင်
သူ၏ အစွမ်းများမှာ သိပ်မသိသာတော့ပဲ
မျဉ်းကြောင်းများသည် ကြွယ်ကေရာဇ်အား ဆက်လက်၍
ရစ်နှောင်ထားဆဲ ရှိကြသေးသည်။

ကြွယ်ကေရာဇ် အနားမှ ကျက်သရေ တိမ်တိုက်များနှင့်
ရွှေရောင် အလင်းတန်းများသည် စတင်၍
မှေးမှိန်လာကြသည်။

ကြွယ်ကေရာဇ်၏ မျက်လုံးများ အတွင်းတွင်
မရေမတွက်နိုင်သော ပုံရိပ်များဖြင့် လင်းလက်လာ၍
အသွင်သဏ္ဌာန် အမျိုးမျိုး ပြောင်းသွားကြသည်။
ထိုအရာများသည် မရေမတွက်နိုင်သော ဘဝ
အတွေ့အကြုံ ပုံရိပ်များပင် ဖြစ်သည်။

+

ရှည်လျားသော အချိန်မြစ်ရေ ပေါ်လာခဲ့ပြီး သူ၏ အဆုံးကို မမြင်နိုင်ချေ။ အတိတ်မှ ရှုပ်ထွေးသော အရာအားလုံးပေါ်လာကြ၍ အနာဂတ်ကို ကောင်းမွန်စွာ မမြင်နိုင်ချေ။

ကြွယ်ကေရာဇ်သည် အံ့အားသင့်နေသော ဟိန်းဟောက်သံ တစ်ခုကို ထုတ်လွှတ်လိုက်၍ သူ၏ အသိစိတ် ပင်လယ် အတွင်းတွင် နတ်နဂါး၏ ခန္ဓာကိုယ် တစ်ခုလုံးသည် ရှည်လျားသော အချိန်မြစ်ရေ အတွင်းသို့ ကျဆင်းသွားခဲ့သည်။

သူသည် ပါးစပ်ကို ဟလိုက်၍ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ကာ ရှည်လျားသော အချိန်မြစ်ရေအား စုပ်ယူလိုက်သည်။

+

နတ်နဂါးသည် မြစ်ရေအား စုပ်ယူလိုက်သော အခါ
မြစ်သည် ပုံရိပ်ယောင် ပုံစံ ပြောင်းသွား၍
ကွယ်ကေရာဇ်၏ အကြည့်ကလည်း ပြန်လည်
ကြည်လင်လာခဲ့ကာ လင်းလက်နေသော ပုံရိပ်များက
စတင်၍ ပျောက်ကွယ်သွားကြသည်။

ဤအချိန်တွင် မဟာကမ္ဘာ အတွင်းမှ
နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင်
ကုန်းမြေတို့သည် ပြင်းထန်စွာဖြင့် တုန်ခါလာကြသည်။

သက်ရှိဝိညာဉ် အားလုံးတို့၏ အပေါ်တွင်
ကမ္ဘမျဉ်းကြောင်းများ စတင်၍ ပေါ်လာကြပြီး
ထိုမျဉ်းကြောင်းများသည် ကောင်းကင်နှင့် မြေကြီးတို့
အတွင်းတွင် ယှက်သန်းသွားနေကြသည်။

+

ကြွယ်ကေရာဇ်သည် ဤအချိန်၌ မဟာကမ္ဘာ ဖြစ်သွားသည်ဟု ထင်နေရပြီး ကမ္ဘတရား အားလုံးတို့၏ သယ်ဆောင်သူ ဖြစ်သွားသည်။

သူသည် ကမ္ဘများကို မဖယ်ရှားပဲ နားလည်အောင် ကြိုးစားခြင်းလည်း မလုပ်ခဲ့ကာ သယ်ဆောင်သူ သက်သက်သာ ဖြစ်နေခဲ့သည်။

ဤကမ္ဘာ အတွင်းတွင် စုဆောင်းထားသော ကမ္ဘများသည် အများအပြား ရှိနေသော်လည်း သူတို့သည် မူလကောင်းကင် ကမ္ဘာ သို့မဟုတ် မဟာကမ္ဘာ အတွင်းမှ တစ်ခါမှ မထွက်ခွာသွားဖူးပေ။

+

ကြွယ်ကေရာဇ်၏ ခန္ဓာကိုယ်မှ ရွှေရောင် အလင်းတန်းများ လင်းလက်လာ၍ ကမ္ဘမျဉ်းကြောင်းများကို သူ၏ ခန္ဓာကိုယ် အတွင်းသို့ စတင်၍ စုပ်ယူလိုက်သည်။ ကမ္ဘ မျဉ်ကြောင်းများသည် ကြီးကျယ် ခမ်းနား၍ သန့်စွမ်းလှသော ရွှေရောင် အလင်းတန်းများနှင့် ထိတွေ့ခဲ့သော အချိန်တွင် စတင်၍ ပျောက်ကွယ်လာခဲ့သည်။

သကျမုနိသည် ဤမြင်ကွင်းအား တွေ့ခဲ့ရသော အခါ အံ့သြ တုန်လှုပ်သွားခဲ့သည်။

ကြွယ်ကေရာဇ်၏ တုံ့ပြန်မှုသည် မျှော်မှန်းချက်များ အတွင်း၌ပင် ရှိနေသေးသည်။ သူသည် ဘဝသုံးမျိုး ကမ္ဘကျိန်စာအား ချေဖျက်ရန် အားပိုစိုက်ခဲ့ရသော်လည်း သူသည် မဖျက်ဆီးနိုင်သော လောကမှ မိစ္ဆာတစ်ကောင် ဖြစ်နေ၍ သူ၏ မူလ အစစ်အမှန် စိတ်ဝိညာဉ်သည်

+

မဟာကမ္ဘာနှင့် တင်းကျပ်စွာ ဆက်သွယ်ထားခဲ့သဖြင့် ဤကဲ့သို့ စွမ်းဆောင်နိုင်သည်မှာ အံ့အားသင့်စရာ မကောင်းလှပေ။

သို့သော်လည်း သူသည် မည်မျှပင် သန်မာစေကာမူ သူသည် မဟာကမ္ဘာ မဖြစ်နိုင်ချေ။ သူ၏ ခန္ဓာကိုယ် အတွင်းသို့ ကမ္ဘမျဉ်းကြောင်း အမြောက်အမြားကို စုပ်ယူခဲ့ရခြင်းသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်နေသေးကာ ရှန်းယွမ်က ဤကျိန်စာအား ရင်ဆိုင်ခဲ့ရစဥ်ကကဲ့သို့ သက်တောင့်သက်သာ ဖြစ်မနေခဲ့ပေ။

သူ၏ နဂါးဟောက်သံများသည် ကမ္ဘာသုံးခု အကြားတွင် ပဲ့တင် ရိုက်နေခဲ့ပြီး ကြွယ်ကေရာဇ်သည် ဘဝသုံးမျိုး ကမ္ဘကျိန်စာကို ခုခံနိုင်ခဲ့ကာ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများကို အားသုံး၍

+

ချိုးဖောက်နိုင်ခဲ့သည်။ ပြီးတာနှင့် သူသည် ကောင်းကင်ဖျက်ဆီးခြား ရှိရာထံသို့ ဆက်လက်၍ ပျံသန်းလာခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် အနည်းငယ် ငြိမ်သက်သွားပြီး သူ့ကိုယ်သူ အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများ အတွင်းသို့ ခုန်ဆင်းလိုက်ရာ ချက်ချင်း ဆိုသလိုပင် ကြွယ်ကေရာဇ်၏ အရှေ့၌ ပေါ်လာခဲ့သည်။

သူတို့ တစ်ယောက်ချင်းစီ၏ နတ်ဘုရား အရှိန်အဝါသည် ကွဲပြားနေကြကာ သူတို့က နေရာတိုင်းတွင် ရှိနေသည်ဟု ထင်နေရသည်။

+

လင်းဖုန်း၊ မဟာဟင်းလင်းပြင် သူတော်စင်၊ အန္တိမ ကောင်းကင်ကြေးမုံ၊ ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့ အားလုံးတွင် သူတို့၏ ကိုယ်ပိုင် နတ်ဘုရား အရှိန်အဝါများ ရှိနေကြသည်။

သို့သော်လည်း ကမ္ဘာသုံးခု အကြားမှ ဆုံမှတ်သည် ကစဉ့်ကလျားမှုများ အဖြစ်သို့ ပြောင်းသွားခဲ့သဖြင့် အန္တိမ ကောင်းကင်ကြေးမုံနှင့် ကျန်သောသူများ၏ နတ်ဘုရား အရှိန်အဝါတို့က ပျောက်ဆုံးနေခဲ့ခြင်း ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းနှင့် ပူးပေါင်းသွားခဲ့သော အခါ သူသည် အန္တိမ ကောင်းကင်ကြေးမုံကဲ့သို့ လေဟာနယ် တစ်ခုလုံးကို ပြည့်သွားခဲ့သည်။

+

ကြွယ်ကေရာဇ်သည် ထိုမြင်ကွင်းအား မြင်ခဲ့ရသော အခါ နှာမှုတ်လိုက်၍ သူ၏ ခန္ဓာကိုယ် အတွင်းမှ ရွှေရောင် အလင်းတန်းများ စတင်၍ လင်းလက်လာခဲ့သည်။သူသည် နောက်ထပ် နယ်နိမိတ် တစ်ခုအား ဖန်ဆင်းထားနိုင်သည့်ပုံ ပေါက်နေ၍ ထိုနယ်နိမိတ်သည် ရွှေရောင် အလင်းတန်းများဖြင့် ဖုံးလွှမ်းနေကာ ကစဉ့်ကလျားမှုများသည် ဤနယ်နိမိတ် အတွင်းတွင် သာမန်ကဲ့သို့ ပြောင်းသွားသည့်ပုံ ပေါက်နေခဲ့သည်။

သို့သော်လည်း မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့သည် ထပ်ဖန်တစ်ခါ ပျောက်ကွယ်သွားခဲ့ပြန်သည်။

+

သကျမုနိကဲ့သို့ပင် ဤအဆင့်၌ တစ်ယောက်သည်
နေရာတိုင်းတွင် မရှိနိုင်လျှင်ပင် ရန်သူတို့က
အချိန်ကာလနှင့် လေဟာနယ် အတွင်းတွင်
ပြုလုပ်ခဲ့သည့် ပြောင်းလဲမှုများကို နှောင့်ယှက်
ဟန့်တား၍ ဖယ်ရှားနိုင်စွမ်း ရှိသည်။

အနည်းငယ်သော ဤတုံ့ဆိုင်းသွားမှုကြောင့်
မဟာဟင်းလင်းပြင် သူတော်စင်သည်
မှော်ကျိန်စာများကို ထုတ်ဖော်နိုင်ခဲ့၍ အန္တိမ
ကောင်းကင်ကြေးမုံသည် ကောင်းကင် တစ်ခုလုံးအား
ဖုံးလွှမ်းသွားခဲ့ကာ ကြေးမုံ အလင်းတန်းများသည်
ဘက်ပေါင်းစုံမှ ကျဆင်းလာခဲ့ပြီး ကွယ်ကေရာ၏
ဖန်ဆင်းထားသည့် နယ်နိမိတ်အား အလယ်တွင်ထားကာ
ဖိညှစ်ခဲ့ကြသည်။

+

ကြွယ်ကေရာဇ်သည် ရှေ့သို့ ဆက်တိုးလာခဲ့ရာ ကြေးမုံ အလင်းတန်းများက ကြေမွသွားကြသည်။ သို့သော်လည်း ကြေးမုံ အလင်းတန်းများသည် ဆက်လက် တိုက်ခိုက်နေကြဆဲ ဖြစ်ကာ ကြွယ်ကေရာဇ်အား ရှေ့ဆက်မလာနိုင်ရန် ဟန့်တားခဲ့ကြသည်။

တစ်ချိန်တည်းတွင် သကျမုနိ၏ ခြေအောက်တွင် ရောမ ကြာပန်းထိုင်ခုံ တစ်ခု ပေါ်လာ၍ ထိုကြာပန်း ထိုင်ခုံ အနားတွင် အစိမ်းရောင် ကြာပန်းများ ပေါ်လာကာ ဆာဟာပန်းများက စတင်၍ ဖူးပွင့်လာကြသည်။

ဆာဟာပန်း တစ်ပွင့်စီတိုင်းတွင် ဇန်မာစတာ တစ်ယောက် ရှိနေသည်။ သူတို့သည် ရဟန်း၊ ဥပါသကာ၊ ဥပါသိကာမ၊ ရဟန္တာနှင့် ဗောဓိသဗ္ဗများ ဖြစ်ကြကာ ဗုဒ္ဓကျမ်းစာများကို အတူတကွ ရွတ်ဆိုနေကြ၍ ဆုတောင်းနေကြသည်။

+

ထာဝရ တောက်ပသော အလင်းတန်းများက ဟင်းလင်းပြင်အား ပြည့်သွားကာ သကျမုနိသည် သူ၏ စွမ်းအားများကို အသုံးပြု၍ အလယ် ဆာဟာကမ္ဘာအား ဖော်ပြခဲ့ခြင်း ဖြစ်သည်။

အလယ် ဆာဟာကမ္ဘာ ပေါ်လာသည်နှင့် သူသည် ကြွယ်ကေရာဇ် အပေါ်၌ အလွန်အမင်း ကြီးမားလေးလံသည့် ဖိအားများကို ပေးစွမ်းနိုင်ခဲ့သည်။

ကြွယ်ကေရာဇ်၏ မျက်လုံးများသည် အေးစက်နေသော်လည်း အစွမ်းထက်သော မီးတောက်တစ်ခုဖြင့် လောင်ကျွမ်းနေသည်ဟု ထင်နေရသည်။

+

ကြွယ်ကေရာဇ်သည် ဤတိုက်ခိုက်မှုအား ခုခံ၍ လွတ်မြောက်အောင် ကြိုးစားပြီး ကောင်းကင်ဖျက်ဆီး ခေါ်အား အရင် ဖြေရှင်းလိုက်မည်ဟု စဉ်းစားနေခဲ့ပြီး ဖြစ်သည်။

သူသည် သူ၏ ရောမ နဂါးအမြီးအား ဟင်းလင်းပြင် အတွင်း၌ ရုတ်တရက် ခါယမ်းလိုက်သည်။

မဟာကမ္ဘာ တစ်ခုလုံးသည် တုန်ခါသွား၍ အက်ကွဲလာတော့မည့်ပုံ ပေါက်နေသည်။

သူ၏ နဂါးအမြီးသည် အလယ် ဆာဟာကမ္ဘာအား ရိုက်ခတ်သွား၍ အနောက်သို့ ပြန်ဆုတ်စေခဲ့သည်။

+

တစ်ချိန်တည်းတွင် အန္တိမ ကောင်းကင်ကြေးမုံ၏ အလင်းတန်းများသည် ကြွယ်ဧကရာဇ် ဖန်တီးခဲ့သည့် နယ်နိမိတ်အား ဖိအားများ ပေးနေခဲ့၍ သူ့အား မလှုပ်ရှားနိုင်ရန် တားဆီးထားခဲ့သည်။

ဤအချိန်တွင် လင်းဖုန်း၏ အသံသည် ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ ပေါ်ထွက်လာခဲ့သည်။ သူသည် ဖွဖွလေး ရယ်လိုက်၍ ပြောလိုက်သည်။ "ရဲဘော်တို့... ခင်ဗျားတို့ကလည်း ကျုပ်ရဲ့ တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းကို လာလည်ဖို့ စိတ်ဝင်စားကြလား"

လင်းဖုန်းသည် စစ်တုရင်ခုံ အပေါ်တွင် ထိုင်နေကာ သွေးစများဖြင့် လွှမ်းခြုံလျက် ရှိကာ သူ၏ အဝတ်အစား အစိတ်အပိုင်း အချို့ပင် ပြဲသွားခဲ့ပြီ ဖြစ်သည်။

+

သို့သော်လည်း သူသည် ယခင်အတိုင်း သက်တောင့်သက်သာ ဖြစ်နေကာ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခုပင် ရှိနေသေးသည်။

## စာစဥ် ၇၅ : အပိုင်း ၁၈

## အပိုင်း ၁၄၆၈ : တစ်ယောက်ဟာ ဒီလို အရေးနိမ့်မှုကနေ ဘယ်လိုလုပ် အသက်ရှင်နိုင်မလဲ

လင်းဖုန်းသည် စစ်တုရင်ခုံ အပေါ်တွင် ထိုင်နေ၍ အလွန်အမင်း တည်ငြိမ်သည့်ပုံ ပေါက်နေကာ သူ၏ အကြည့်သည် ဟင်းလင်းပြင်အား ကျော်ဖြတ်သွား၍ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ ပြင်ပတွင်

+

ရှိနေသော ကြွယ်ကေရာဇ်၊ မဟာဟင်းလင်းပြင်
သူတော်စင်နှင့် ဗုဒ္ဓတို့ အပေါ်သို့ ကျရောက်သွားသည်။

သူ၏ တစ်ကိုယ်လုံးတွင် အနီရောင်များ
စွန်းထင်းနေခဲ့ကာ ရှန်းယွမ်၏ မိစ္ဆာ စွမ်းအားများကြောင့်
ဒဏ်ရာ ရခဲ့သော်လည်း သူ၏ကိုယ်ပိုင် စွမ်းအားနှင့်
အရှိန်အဝါတို့က အားနည်းသွားခဲ့သည်။

ကြွယ်ကေရာဇ်က လင်းဖုန်းအား အေးစက်စွာဖြင့်
စိုက်ကြည့်နေကာ မဟာဟင်းလင်းပြင် သူတော်စင်နှင့်
ဗုဒ္ဓတို့၏ အာရုံတို့က လင်းဖုန်းအပေါ်သို့
ကျရောက်လာခဲ့သည်။

+

လင်းဖုန်းသည် ရှန်းယွမ်နှင် တိုက်ခိုက်ရာတွင် အသာစီး ရနေခဲ့သော်လည်း အန္တရာယ် ကြီးမားစွာ ရှိနေခဲ့ဆဲ ဖြစ်သည်။

သူသည် ရှန်းယွမ်နှင့် အတူ သေရွာသို့ လိုက်သွားရကိန်းလည်း ရှိနေနိုင်သည်။

သို့သော်လည်း လင်းဖုန်းသည် အမှုထားနေသည့်ပုံ မရှိနေပဲ ကြွယ်ကေရာဇ်က မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့ နှစ်ယောက်စလုံးနှင့် တိုက်ခိုက်နေသည့် တိုက်ပွဲကို ကြည့်နေခဲ့သည်။

သူသည် ပြုံးလိုက်ပြီးမှ ပြိုလဲခြင်း စာအုပ်အား ညွှန်ပြလိုက်သည်။

+

ပြိုလဲခြင်း စာအုပ်သည် ဟင်းလင်းပြင် အတွင်းတွင် အနည်းငယ် တုန်ခါသွားပြီးမှ ကြမ္မာပန်းတိုင် ခေါင်းလောင်း အသွင်သို့ ပြန်ပြောင်းသွားကာ ခေါင်းလောင်းသံများသည် စကြာဝဠာ တစ်ခုလုံး အတွင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ အလင်းတန်း ပုံရိပ်က လင်းလက်လာ အပြီးတွင် မည်းနက်နေသော ကျောက်တုံးတစ်ခု တစ်ခုအား ဖော်ပြလိုက်သည်။ ထိုတံခါး၏ မျက်နှာပြင် အပေါ်တွင် မရေမတွက်နိုင်သော ပုံစံများဖြင့် ခတ်နှိပ်ထား၍ အထီးကျန်ခြင်းနှင့် လွင်တီးခေါင် ကျခြင်းများ အတွင်းတွင် သန်မာလှသော အသက်စွမ်းအားများဖြင့် ပြည့်နေခဲ့သည်။

+

ထိုတံခါးသည် နှစ်ဘက်စလုံးသို့ ပွင့်သွား၍
အသက်စွမ်းအင်များ စတင်၍ စီးထွက်လာကာ
လင်းဖုန်းအား လွှမ်းခြုံသွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် သူ၏ ခန္ဓာကိုယ် အပေါ်တွင်
စွန်းထင်းနေသော သွေးစများက လျင်မြန်စွာ မှေးမှိန်
ပျောက်ကွယ်သွားလေသည်။

လင်းဖုန်း၏ အဝတ်များသည် စုတ်ပြဲကုန်၍ သူ၏
အင်မော်တယ် ဝိညာဉ်သည် ရှုန်းယွမ်၏
မိစ္ဆာစွမ်းအားများ၏ တိုက်ခိုက်ခြင်းကို ခံနေရသည်။

သို့သော်လည်း စွန်းထင်းနေသော သွေးစများ
မှေးမှိန်သွားသည်နှင့် သူ၏ ခန္ဓာကိုယ် အပေါ်မှ

+

ဒဏ်ရာများသည် စတင်၍ ပြန်လည်
ကောင်းမွန်လာခဲ့သည်။

သူ၏ စွမ်းအားနှင့် အရှိန်အဝါများသည် လျင်မြန်စွာ
တိုးတက်လာ၍ အသက် ဖန်ဆင်းခြင်း တံခါး၏
ထောက်ပံ့မှုအောက်တွင် ရှန်းယွမ်ကြောင့် ရထားသော
ပျက်စီးမှုများသည် လျင်မြန်စွာ
ကွယ်ပျောက်သွားကြသည်။

ဤအရာကို မြင်ခဲ့ရသော အခါ ရှန်းယွမ်သည်
နှမြောသကဲ့သို့ ခံစားခဲ့ရသော်လည်း စိတ်သက်သာရာ
ရစွာဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

လင်းဖုန်းသည် သူနှင့်အတူ ကြွေလွင့်ရန် ဆန္ဒမရှိပဲ
ခြေနောက်တစ်လှမ်း ဆုတ်လိုက်ပြီ ဖြစ်သည်။

+

ဤကဲ့သို့သော အခြေအနေမျိုးတွင် ရှန်းယွမ်သည် နောက်ဆုံးတွင် အခြေအနေများကို ပြောင်းပြန်လှန်နိုင်တော့မည် ဖြစ်သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် အသက်ဖန်ဆင်းခြင်း တံခါး အဖြစ်သို့ ပြောင်းသွားကာ ကြီးမားလှသော ပြန်လည် ကုစားနိုင်သည့် စွမ်းအားများသည် လင်းဖုန်းအား ရှန်းယွမ်၏ မိစ္ဆာ စွမ်းအားများကြောင့် ရခဲ့သော ပျက်စီးမှုများကို ပြောင်းပြန်လှန်စေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် ပြိုလဲခြင်း စာအုပ်မှ ဖျက်ဆီးခြင်း ခါတ်ငွေ့များကို ဆုံးရှုံးသွားခဲ့သဖြင့် ရှန်းယွမ်အား ဖိနှိပ်နိုင်ခြင်း မရှိတော့ပေ။ သူ့တွင် သူ၏ ကိုယ်ပိုင် စွမ်းအင်များနှင့် တော်ဝင်ကောင်းကင်

+

ဝက်ပါတို့ ရှိနေကြသေးသော်လည်း ရှန်းယွမ်အား ဖိနှိပ်ထားနိုင်ရန် မလုံလောက်ပေ။

ရှန်းယွမ်သည် ကောင်းကင်အတွင်းသို့ ဟိန်းဟောက်လိုက်ကာ တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းမှ ချိုးဖောက်တော့မည့်ဟန် ပြင်လိုက်သည်။

သို့သော်လည်း လင်းဖုန်းသည် ဤအချိန်၌ ထိုက်ကျိမူလ ခေတ်ငွေ့များကို ဆင့်ခေါ်လိုက်ကာ မှော်ကျိန်စာများကို ထုတ်ဖော်လိုက်၍ ဟင်းလင်းပြင် အတွင်းတွင် ထူးခြားဆန်းကြယ်သော မှော်သင်္ကေတ တစ်ခုအား ရုတ်တရက် ရေးဆွဲလိုက်သည်။

ထိုမှော်သင်္ကေတသည် ထွက်ပေါ်လာ အပြီးတွင် ဝက်ပါပုံစံ ထောင်ပေါင်းများစွာ အဖြစ်သို့

+

ပြောင်းလဲသွားကာ ဟင်းလင်းပြင် အတွင်းတွင် ယုက်သန်းသွားခဲ့၍ ရှုပ်ထွေးလှသော ရောမ ဝက်ပါတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုအရာသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ ဖြစ်သည်။

လင်းဖုန်း၏ စွမ်းအားများဖြင့် ဖန်ဆင်းထားသော ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါသည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းတွင် လည်ပတ်နေခဲ့ရင်း ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အပြင်တွင် ထိုက်ရီသူတော်စင်နှင့် အခြားသူများအား တိုက်ခိုက်နေခဲ့သော ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါ အစစ်သည် တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်နှင့် အတူ လင်းဖုန်း၏ဘေးသို့ ပြန်ရောက်လာခဲ့သည်။

+

အစစ်အမှန်နှင့် ပုံရိပ်ယောင် ဝက်ပါတို့က
ပေါင်းစည်းသွား၍ ကောင်းကင်အား လွှမ်းခြုံသွားခဲ့ကာ
စစ်တုရင်ခုံ အပေါ်သို့ ကျဆင်းလာခဲ့သည်။
တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်ကလည်း
အလင်းတန်း တစ်ခုဖြင့် လင်းလက်လာကာ သူ၏
စွမ်းအားများကို ဖော်ပြနေခဲ့သည်။

ရှန်းယွမ်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။
လင်းဖုန်းသည် ဤကဲ့သို့သော အကွက်မျိုးကို
ထုတ်လွှတ်ခဲ့သော်လည်း သူ့အား ဖိနှိပ်ထားရန်
မလုံလောက်သေးပေ။

မှန်၏၊ လင်းဖုန်း၏ အကျိုးလက်စ အတွင်းမှ အလင်းတန်း
ဘောလုံး တစ်လုံးပြီး တစ်လုံး စတင်
ထွက်ပေါ်လာကြကာ ရောမ တံခါး ခြောက်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။
+

သူတို့သည် ကြယ်စင်ပင်လယ် ဝင်ပေါက်ခြောက်ခုတို့ ဖြစ်ကြ၍ ဤအချိန်တွင် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းတွင် စုစည်းလာခဲ့ခြင်း ဖြစ်သည်။

ဤမြင်ကွင်းအား မြင်ခဲ့သော အခါ ရှန်းယွမ်နှင့် ကြွယ်ကေရာဇ်တို့သည် ပို၍ လေးနက်လာကြသည်။

ရှေးဟောင်းခေတ်မှ လွဲ၍ ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်းသည် မိစ္ဆာတို့၏ ကျင့်ကြံရာ မြင့်မြတ်သော နယ်မြေ ဖြစ်ခဲ့ကာ တော်ဝင်မိစ္ဆာ ကေရာဇ်တို့ နေထိုင်ရာ နေရာလည်း ဖြစ်ခဲ့သည်။ ရှန်းယွမ်နှင့် ကြွယ်ကေရာဇ်တို့ နှစ်ယောက်စလုံးသည် ယခင်က ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်း အတွင်းတွင် နေထိုင်ခဲ့ဖူးသည်။

+

သို့သော်လည်း ယခုအချိန်တွင် ကြယ်စင်ပင်လယ် ဝင်ပေါက် အားလုံးတို့သည် လူသား ကျင့်ကြံသူ တစ်ယောက်တည်း၏ ထိန်းချုပ်မှု အောက်တွင် ကျရောက်သွားခဲ့ပြီ ဖြစ်သည်။

ရှန်းယွမ်၏ မျက်လုံးများသည် သွေးနီရောင် အလင်းတန်းများဖြင့် လင်းလက်လာ၍ ရုတ်တရက် ဟိန်းဟောက်လိုက်ကာ ဘေးပတ်ဝန်းကျင်သို့ ပျံ့လွင့်သွားသော အနီရောင် လှိုင်းတွန့်များ အဖြစ် ပြောင်းလုနီးပါး ဖြစ်သွားခဲ့သည်။ သူသည် တော်ဝင်ကောင်းကင် ဝက်ပါအတွင်းမှ ချိုးဖောက်သွားနိုင်၍ ကြယ်စင်ပင်လယ် ဝင်ပေါက်ခြောက်ခုတို့၏ အပေါ်သို့ ကျရောက်သွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

+

ရှေးဟောင်း အထီးကျန် နဂါးငွေ့တန်း အတွင်းတွင်
ကြယ်များက လင်းလက်နေဆဲ ဖြစ်ကာ
မရေမတွက်နိုင်သော ကြယ်တာရာများသည် စကြာဝဠာ
အတွင်းတွင် တုန်ခါနေကြသည်။

ကြယ်တာရာများသည် ရှန်းယွမ်၏ ခန္ဓာကိုယ် အပေါ်တွင်
လင်းလက်လာကြ၍ သွေးနီရောင် မြူခိုးငွေ့များ
လွင့်မျောသွားကြသော အချိန်တွင် နီရဲနေသော
ကြယ်စင်ပင်လယ် တစ်ကွက်သည် ရှေးဟောင်း
အထီးကျန် နဂါးငွေ့တန်း အစစ်နှင့်
ဆက်သွယ်နေသကဲ့သို့ ဖြစ်နေသည်။

ကြယ်စင်ပင်လယ်၏ ဝင်ပေါက် ခြောက်ခုတို့ကလည်း
အနီရောင် အလင်းတန်းများနှင့် စတင်၍
လင်းလက်လာခဲ့သည်။

+

ရှန်းယွမ်သည် ဤကဲ့သို့ပင် ကြယ်စင်ပင်လယ်
ဝင်ပေါက်များကို လုယူနိုင်တော့မည်ကဲ့သို့
ဖြစ်နေခဲ့သည်။

မဖျက်ဆီးနိုင်သော လောက အတွင်းတွင် ရှိနေ၍
မူလကောင်းကင် ကမ္ဘာ၏ သမိုင်းအတွင်းတွင်
အသန်မာဆုံး တော်ဝင်မိစ္ဆာ ဧကရာဇ် သုံးပါး အနက်တွင်
တစ်ပါးဖြစ်သော မိစ္ဆာတစ်ကောင်၏ စွမ်းအားများသည်
တစ်ယောက်၏ မှန်းဆနိုင်မှုများထက်ကိုပင်
ကျော်လွန်ကာ ကြောက်မက်ဖွယ်ရာ
ကောင်းလှပေသည်။

ဤမြင်ကွင်းအား မြင်လိုက်ရသော အခါ
ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ ပြင်ပမှ

+

လူသား ကျင့်ကြံသူများ၏ ရင်များသည် စတင်၍
တင်းကျပ်လာကြသည်။

သူတို့သည် ကြယ်စင်ပင်လယ်၏ ဝင်ပေါက်များသည်
လင်းဖုန်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သည်ကို
မမြင်လိုနေကြသော်လည်း အကယ်၍ ရှန်းယွမ်က
ထိုဝင်ပေါက်များကို ပြန်လည်၍ လုယူသွားနိုင်ခဲ့လျှင်
ကပ်ဆိုးဆိုက်သွားနိုင်သည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ကွယ်ကေရာဇ်၏
အကြည့်များကပင် အနည်းငယ် လှုပ်ရှားသွားခဲ့သည်။

ရှန်းယွမ်သည် သူအလိုရှိနေသော အရာများကို
ရယူသွားနိုင်တော့မည်ကို သိခဲ့ရသော အခါ သူ၏
မျက်မှောင်များသည် ကြုတ်သွားခဲ့သည်။

+

ရှန်းယွမ်၏ အကြည့်သည် ပို၍ နက်ရှိုင်းလာ၍ သူ၏ နားများကပင် စတင်၍ အနည်းငယ် တုန်ခါလာခဲ့သည်။

ရှန်းယွမ်သည် သူသေကိုယ်သေ တိုက်ခိုက်ခဲ့ရသော ဤတိုက်ပွဲ အတွင်း၌ပင် တည်ငြိမ်မှုများ မပျက်ပြားသွားခဲ့ပေ။ သူသည် သူ၏ ကောင်းကင်မျက်စိနှင့် နားများကိုပင် လျှော်ကန်စွာ အသုံးချခဲ့၍ အနိုင်ရယူနိုင်သည့် အခွင့်အရေးများကို တိုးမြှင့်နိုင်ရန် အတွက် သေးငယ်သော အချက်အလက်များကိုပင် အလွတ်မပေးပဲ အာရုံစိုက်နေခဲ့သည်။

"ထောင်ချောက်"

+

ရှန်းယွမ်သည် သူ၏ မိစ္ဆာစွမ်းအားများကို ချက်ချင်း ဆိုသလိုပင် ရုပ်သိမ်းလိုက်၍ သူ၏ လက်အတွင်းသို့ ကျရောက်လု ဖြစ်နေသော ဝင်ပေါက် ခြောက်ခုတို့အား စွန့်လွှတ်လိုက်သည်။

သူခံစားနေရသော နာကျင်မှု၊ ပဋိပက္ခ ဖြစ်မှု၊ နှမြောမှု၊ တွန့်ဆုတ်မှု၊ အမျက်ထွက်မှုနှင့် စိတ်ဓာတ်ကျနေမှုများမှာ သိသာနေသည်။ သို့သော်လည်း ရှန်းယွမ်သည် ချောက်ကမ်းပါး အောက်သို့ ပြုတ်ကျတော့မည့် အဖြစ်မှ သူ့ကိုယ်သူ ဟန့်တားနိုင်ခဲ့သည်။

လင်းဖုန်းက ရယ်လိုက်သည်။ "ခင်ဗျားက သတိ အတော်ကြီးတာပဲ"

+

သူသည် ဘာမှ ဆက်မပြောတော့ပဲ သူ၏ လက်ချောင်းများဖြင့် ညွှန်ပြလိုက်ရာ ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ အတွင်းသို့ ကျဆင်းသွားကြသည်။

ဤအချိန်တွင် သေခြင်းနှင့် ရှင်ခြင်းတို့၏ ပြောင်းလဲမှု၊ ကောင်းကင်နှင့် မြေကြီးတို့၏ ပြောင်းလဲမှု၊ ထာဝရနှင့် တစ်ခဏတို့၏ ပြောင်းလဲမှု၊ ယန်နှင့်ယန်တို့၏ ပြောင်းလဲမှု၊ အလင်းနှင့် အမှောင်တို့၏ ပြောင်းလဲမှု၊ အစစ်အမှန်နှင့် ပုံရိပ်ယောင်တို့၏ ပြောင်းလဲမှု အစရှိသော ပြောင်းလဲမှု ခြောက်ခုတို့အား အဆုံးစွန်အထိ ဆင့်ခေါ်ခဲ့သည်။

ကြယ်စင်ပင်လယ် ဝင်ပေါက်ခြောက်ခုတို့သည် ပြောင်းလဲနေသော ကမ္ဘာတစ်ခု အတွင်းသို့ ဝင်သွား၍ ဝင်ပေါက်များ ပွင့်လာသော အခါ ကြယ်စင်ပင်လယ်မှ

+

ကြယ်အလင်းတန်းများသည် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါ အတွင်းသို့ ဝင်ရောက်လာကြသည်။

စီးဆင်းနေသော ကျယ်ပြန့်လှသည့် အလင်းတန်း ခြောက်တန်းတို့သည် တိုင်ကေရာဇ်၏ တော်ဝင်နန်းတော် အတွင်းမှ ထွက်ပေါ်လာ၍ ခမ်းနား ထည်ဝါလှသည့် နန်းတော်ကြီးသည် ဝင်ပေါက် ခြောက်ခုတို့နှင့် ပူးပေါင်းသွားကာ သူတို့အား ဝင်္ကပါနှင့် နီးကပ်စွာ ဆက်သွယ်စေခဲ့သည်။

ခဏအကြာတွင် ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝင်္ကပါသည် လည်ပတ်လာ၍ ကြယ်စင်ပင်လယ် အတွင်းမှ ကြယ်စင် စွမ်းအားများကို ယူသုံးနိုင်ခဲ့သည်။

+

လင်းဖုန်းက ရယ်လိုက်သည်။ "ခင်ဗျားက သတိကြီးပေမဲ့ ကျုပ်အတွက်တော့ ဘာမှ မထူးဘူး... ခင်ဗျားက ကျုပ်ရဲ့ တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းမှာပဲ နေနေရမယ်"

ရှန်းယွမ်၏ အကြည့်သည် ပြောင်းလဲသွား၍ ရောမ ဝက်ပါကြီး၏ စွမ်းအားများသည် လည်ပတ်နေရင်း ပို၍ပို၍ အားကောင်းလာသည်ကို သဘောပေါက်သွားခဲ့သည်။ အဆုံးမဲ့ အလင်းတန်းများသည် ကြယ်အလင်းတန်းများ အဖြစ်သို့ ပြောင်းသွား၍ စကြာဝဠာ တစ်ခုလုံးက သူ့အား ဖိနှိပ်ထားနေသကဲ့သို့ ဖြစ်နေသည်။

ဝက်ပါအတွင်းတွင် မရေမတွက်နိုင်သော ဝက်ပါ ပုံစံများက အဆက်မပြတ် ပြောင်းလဲနေကြကာ ဝက်ပါသည် ဤအချိန်၌ ကြီးမားသော ပြောင်းလဲမှု တစ်ခုကို ဖော်ပြနေခဲ့သည်။

+

စွမ်းအား တစ်တန်းပြီးမှ တစ်တန်းတို့သည် လင်းဖုန်း၏ လက်ချောင်းများ အတွင်းမှ ထွက်လာ၍ ဝက်ပါမျက်စိ အလယ်မှ တိုင်ကေရာဇ်၏ တော်ဝင်နန်းတော် အပေါ်တွင် ထိုက်ကျိရုပ်ပုံ တစ်ခု ဖြည်းဖြည်းချင်း ပေါ်လာခဲ့ပြီး ဝက်ပါ၏ လည်ပတ်မှုကို အားပေးနေခဲ့သည်။

ဤအရာအား ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါဟူ၍သာ ခေါ်ရတော့မည် မဟုတ်ပဲ ယခုအချိန်တွင် ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဤထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါအား မြင်ခဲ့ရသော အခါ ကြွယ်ကေရာဇ်၊ မဟာဟင်းလင်းပြင်

+

သူတော်စင်နှင့် ဗုဒ္ဓတို့၏ မျက်လုံးများက
လင်းလက်သွားခဲ့သည်။

ဤဝက်ပါသည် အလွန်အမင်းကို ထူးခြားဆန်းကြယ်၍
ခန့်မှန်းရန် ခက်ခဲကာ ကြယ်စင်ပင်လယ်၏
စွမ်းအားများကို အကြီးအကျယ် ယူသုံးထား၍
ကြယ်စင်ပင်လယ်သည် ဝက်ပါတစ်ခု အဖြစ်သို့
ပြောင်းသွားကာ ဤကမ္ဘာ အတွင်းသို့
ကျဆင်းလာခဲ့သကဲ့သို့ ဖြစ်နေပြီး အားလုံးတို့၏
အာရုံသည် ဤဝက်ပါ အတွင်းသို့
ကျရောက်သွားခဲ့သကဲ့သို့ ဖြစ်နေသည်။

တစ်စုံတစ်ယောက် အနေဖြင့် သူ၏ ကိုယ်ပိုင်
စွမ်းအားများကို အသုံးပြုကာ ရည်ရွယ်ချက်
တစ်ခုအတွက် ကြယ်စင်ပင်လယ်၏ စွမ်းအားများကို
ဆင့်ခေါ်ရန် အလွန်အမင်း ခက်ခဲလှသည်။

+

ဝင်ပေါက်များကိုသာ အသုံးပြု၍ ကြယ်စင်
စွမ်းအားများကို ဆင့်ခေါ်ခဲ့လျှင် ဝင်ပေါက်အတွင်းမှ
ထွက်လာနိုင်သော ကြယ်များ၏ စွမ်းအားများသည်
အကန့်အသတ် ရှိနိုင်ကာ လင်းဖုန်းက သူ၏
ဝက်ပါအတွင်းတွင် ပေါင်းစည်းခဲ့သကဲ့သို့
ကြီးမားနိုင်လိမ့်မည် မဟုတ်ချေ။

သူတို့အား ရန်သူများ အပေါ်တွင် တိုက်ရိုက် အသုံးပြု၍
ရမည် မဟုတ်နိုင်သော်လည်း ထိုက်ကျိကောင်းကင်
ကြယ်စင်ဝက်ပါအား ထောက်ပံ့ရန် အတွက်မူ
ကူညီပေးနိုင်ခဲ့သည်။

ဤအရာသည် လင်းဖုန်းက ကြယ်စင်ပင်လယ်အား
ပိုင်ဆိုင်သွားအပြီးတွင် ဖော်ထုတ်နိုင်ခဲ့သော

+

စွမ်းအားတစ်မျိုး ဖြစ်၍ ကြယ်စင်ပင်လယ် ဝင်ပေါက်ခြောက်ခုနှင့် စကြာဝဠာ ပြောင်းပြန်လှန်ခြင်းတို့အား ပေါင်းစည်းနိုင်ခဲ့ခြင်း၏ ရလဒ်ဖြစ်သည်။ သူသည် နောက်ဆုံး၌ ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါအား ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါ အဖြစ်သို့ အဆင့်မြှင့်တင်နိုင်ခဲ့ပေသည်။

ကြယ်စင်များသည် စစ်တုရင်ခုံ အပေါ်သို့ ကျဆင်းလာကာ တော်ဝင်ကောင်းကင် ဝက်ပါနှင့် ပေါင်းစည်းသွားသည်။ လင်းဖုန်း၏ ထိုက်ကျိုမူလ ဓာတ်ငွေ့ကလည်း အားဖြည့်ထားပေးသဖြင့် ရှန်းယွမ်သည် ဆက်လက်၍ အဖိနှိပ်ခံနေရသည်။

ရှန်းယွမ်သည် သတိထားနေ၍ တော်ဝင်ကောင်းကင် ဝက်ပါထံမှ လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့သော်လည်း

+

အပဟန့်တားခံခဲ့ရ၍ လင်းဖုန်းသည် သူ့အား စစ်တုရင်ခုံ အပေါ်၌သာ ဖိနှိပ်ထားခဲ့သည်။

ဤအချိန်တွင် ရှန်းယွမ်၏ အကြည့်သည် တစ်ခါမှ မကြုံဖူးလောက်အောင် လေးနက်လာလေသည်။

သူသည် သူ၏ မိစ္ဆာစွမ်းအားများဖြင့် လင်းဖုန်းအား ခုခံရန် ကြိုးစားနေခဲ့သော်လည်း သူ့စွမ်းအားများကို အသက်ဖန်ဆင်းခြင်း တံခါးက ချေဖျက်ပစ်ခဲ့သည်။

ဤအချိန်တွင် ရှန်းယွမ်သည် မလိုမလား ဖြစ်နေသော်လည်း အကြောင်းအရာ တစ်ခုကို ဝန်ခံရပေလိမ့်မည်။

+

သူနှင့် တိုက်ခိုက်နေသော ပြိုင်ဘက်သည် သူထက်ပို၍ အထက်တန်းကျသည်။

လင်းဖုန်းသည် သူ့အား သတ်ဖြတ်နိုင်သည့် စွမ်းရည်ကို ပိုင်ဆိုင်ထားသည်။ အကယ်၍ သူသည် ယခုအချိန်၌ လင်းဖုန်းနှင့် အတူ သေလိုနေသည့် ဆန္ဒရှိလျှင်ပင် ဖြစ်နိုင်ခြေမှာ အလွန် နည်းပါးသွားပြီ ဖြစ်သည်။

လင်းဖုန်းသည် တော်ဝင်ကောင်းကင် ဝက်ပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါတို့အား ပူးပေါင်းလိုက်သော အခါ မူလကောင်းကင် ကမ္ဘာ အတွင်းတွင် တည်ရှိနေသော သူများအားလုံး အနက် အသန်မာဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ တစ်ယောက်ချင်း ယှဥ်ပြိုင်တိုက်ခိုက်လျှင် သူ့အား မည်သူကမှ ယှဥ်နိုင်တော့မည် မဟုတ်ချေ။

+

ရှုန်းယွမ်ကဲ့သို့သော အမတန်မှ ကြီးမြတ်သော သူတစ်ယောက် အတွက်ပင်လျှင် သူသည် သူ၏ အထွတ်အထိပ်သို့ ရောက်နေသည့် အချိန်မှပင် လင်းဖုန်းအား ယှဉ်နိုင်လိမ့်မည် ဖြစ်သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အပြင်ဘက်တွင် ကျန်းရီသူတော်စင်နှင့် ရှမ်းရီ သူတော်စင်တို့သည် ထိုက်ရီသူတော်စင်၏ ကူညီမှုအောက်တွင် ခေတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာအောက်မှ နောက်ဆုံးတွင် ရုန်းထွက်လာနိုင်ခဲ့ကြသည်။

+

သူတို့ကလည်း ဤမြင်ကွင်းအား တွေ့ခဲ့သော အခါတွင်
ထိတ်လန့် တုန်လှုပ်သွားကြ၍ အချင်းချင်း
ကြည့်လိုက်ကြကာ ဆွံ့အနေကြလေသည်။

သူတို့သည် ဝိညာဉ်ပင်လယ် တိုက်ပွဲတွင်
အရေးနိမ့်နေခဲ့သော်လည်း အန္တိမ
ကောင်းကင်ကြေးမုံသည် ပြန်လည်
ကောင်းမွန်လာနိုင်ခဲ့၍ သူတို့ ပြင်ဆင်ထားသော
အစီအစဉ်ကို အကောင်အထည် ဖော်နိုင်ခဲ့ပြီး
သေမင်းပင်လယ် ထံသို့ လမ်းကြောင်းတစ်ကြောင်း
ဖောက်နိုင်ခဲ့သည်။

ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့၏ ပြန်လာခဲ့ခြင်းသည်
အခြေအနေများကို ပိုဆိုးစေခဲ့သော်လည်း
ဤတော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့
မပြန်လာနိုင်ခဲ့လျှင်ပင် သူတို့သည်
+

ကြောက်မက်ဖွယ်ကောင်းသော အမုန်တရား တစ်ခုကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်က သေမင်းပင်လယ်မှ ပြန်လာခဲ့လျှင်ပင် လင်းဖုန်းအား တားဆီးနိုင်စွမ်း မရှိတော့ပေ။

ပြိုလဲခြင်းစာအုပ် ပေါ်ပေါက်လာခြင်းသည် သူတို့အားလုံး၏ ရင်များကို လေးလံစေခဲ့ပြီ ဖြစ်သည်။ ယခုအချိန်တွင် တော်ဝင်ကောင်းကင် ဝက်ပါနှင့် ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါတို့ ပေါ်ပေါက်လာခြင်းသည် သူတို့အား ပို၍ ကူရာမဲ့စေခဲ့သည်။

ထို့အပြင်…

+

အားလုံးတို့၏ အာရုံများသည် ယခုအချိန်၌
ကောင်းကင်ဖျက်ဆီး ဓား၏ ခက်ထန်လှသော
ဓားဆန္ဒက ပို၍ပို၍ သန်မာလာနေသည့် နေရာဖြစ်သော
ဝဲကတော့ အပေါ်သို့ ကျရောက်သွားကြသည်။

ယခုအချိန်၌ ရှန်းယွမ်နှင့် တိုက်ခိုက်နေသော
လင်းဖုန်းသည် သူ၏ အထွတ်အထိပ် အဆင့်သို့
မရောက်သေးပေ။

## စာစဥ် ၇၅ : အပိုင်း ၁၉

## အပိုင်း ၁၄၆၉ : ရဲဘော်၊ တစ်မိနစ်လောက် စောင့်ပါဦး

+

လင်းဖုန်းအား ကြည့်နေရင်း ကွယ်ကေရာဇ်၏
အကြည့်သည် ပို၍ပင် အေးစက်လာခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် အလွန်အမင်း
တည်ငြိမ်နေသည့်ပုံ ပေါက်နေ၍ သူ၏ အကြည့်သည်
အနည်းငယ် နူးညံ့ သိမ်မွေ့နေခဲ့ပြီး တစ်ယောက်သည်
သူက ဘာစဥ်းစားနေသည်ကို နားလည်ရန်
မလွယ်ကူပေ။

သကျမုနိသည် လင်းဖုန်းအား ကြည့်နေရင်း ပို၍
ရှုပ်ထွေးလာသည့်ပုံ ပေါက်နေကာ အချိန်အတန်ကြာ
ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်းသည် ယခုအချိန်တွင် ပြုံလဲခြင်း စာအုပ်ကိုသာ
အသုံးပြုနေခြင်း ဖြစ်သည်။ သူသည် သကျမုနိနှင့်

+

စကြာဝဠာ စကျင်ဗုဒ္ဓတို့အား ကောင်းကင်စေတီ အပေါ်မှ ပြုတ်ကျစေခဲ့အပြီးတွင် သကျမုနိသည် လင်းဖုန်း၏ စွမ်းအားကို ခံစားမိခဲ့သည်။ သို့သော်လည်း သူသည် ယခုအချိန်လောက် သန်မာနေသည်ဟု မခံစားခဲ့ရပေ။

သူသည် ဘဝသုံးမျိုး ကမ္ဘကျိန်စာအား ကောင်းစွာ ကျွမ်းကျင်ကာ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အား ကြည့်နိုင်သည့် စွမ်းရည်ကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ ဆင်ခြင်သုံးသပ်သည့် အပိုင်းတွင် သူသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးတွင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

သို့သော်လည်း သကျမုနိသည် လင်းဖုန်းအား ကောင်းစွာ ထွင်းဖောက်၍ မမြင်နိုင်ခဲ့ပေ။

+

သူသည် ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ံပါအား အကြမ်းဖျင်း ပုံဖော်နိုင်ခဲ့သော်လည်း တော်ဝင်ကောင်းကင် ဝက်ံပါ၏ ပေါ်ပေါက်လာမှုသည် သူ၏ မျှော်မှန်းချက်များ၏ အပြင်သို့ လုံးဝ ရောက်နေခဲ့သည်။

မဖျက်ဆီးနိုင်သော လောကသို့ ရောက်နေသော ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီး ရှန်းယွမ်နှင့် ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်ခဲ့ဖူးသူ တစ်ယောက် အနေဖြင့် သကျမုနိသည် ရှန်းယွမ်၏ စွမ်းရည်များ အကြောင်းကို ကောင်းစွာ နားလည်ထားသည်။

သို့သော်လည်း ရှန်းယွမ်သည် ယခုအချိန်တွင် လင်းဖုန်း၏ လုံးဝ ဖိနှိပ်ထားမှုကို ခံနေရကာ လွတ်မြောက်နိုင်စွမ်း မရှိတော့ပဲ နောက်တစ်ကြိမ် ထပ်မံကြွေလွင့်နိုင်ကိန်း များနေသည်။

+

လင်းဖုန်းသည် အစောပိုင်းက သကျမုနိနှင့် တိုက်ခိုက်ခဲ့သည့် အချိန်တွင် များစွာ လျှို့ထားခဲ့သဖြင့် ယခုအချိန်တွင် သူ၏ စွမ်းအားများသည် များစွာပို၍ အံ့အားသင့်ဖွယ် ကောင်းနေခဲ့သည်။

သကျမုနိသည် လင်းဖုန်းအား တည်ငြိမ်စွာ စိုက်ကြည့်နေရင်း သူ၏ မျက်လုံးများ အတွင်းတွင် အလင်းတန်းများ စတင်၍ ထိုးတက်လာခဲ့သည်။

လင်းဖုန်းကလည်း မဟာဟင်းလင်းပြင် သူတော်စင်၊ သကျမုနိနှင့် ကြွယ်ကေရာဇ်တို့ ဘက်သို့ လှည့်လိုက်ကာ ပြုံးပြပြီး နောက်တစ်ခေါက် ထပ်မေးလိုက်သည်။
"ရဲဘော်တို့… ခင်ဗျားတို့က ကျုပ်ရဲ့

+

တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းကို လာလည်ဖို့ စိတ်ဝင်စားကြလား"

ယခင်ကထက် စာလျှင် လင်းဖုန်းသည် များစွာပို၍ သက်တောင့်သက်သာ ဖြစ်နေကာ အေးအေးဆေးဆေး ဖြစ်နေခဲ့၍ သူမေးလိုက်သော မေးခွန်းသည် ကျန်သောသူများအား ပို၍ပြင်းထန်စွာ ထိခိုက်စေခဲ့သည်။

သူသည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့အား တစ်ချက် ဝေ့ကြည့်လိုက်၍ သူ၏ ကောင်းကင်ဖျက်ဆီးခား ရှိနေသော သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်တို့ အကြားမှ ဆုံမှတ်အား လှမ်းကြည့်လိုက်သည်။

+

လင်းဖုန်းသည် ပြုံးလိုက်သော်လည်း ဘာမှ မပြောခဲ့ပဲ မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့အား ကြည့်လိုက်သည်။

မဟာဟင်းလင်းပြင် သူတော်စင်၏ အကြည့်ကလည်း လင်းဖုန်း၊ ကွယ်ကေရာဇ်နှင့် ကောင်းကင် ဖျက်ဆီးခါးတို့၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။

ခေတ္တမျှ ငြိမ်သက်သွား အပြီးတွင် မဟာဟင်းလင်းပြင် သူတော်စင်က ပြောလိုက်သည်။ "ရဲဘော်... ခင်ဗျားရဲ့ တော်ဝင်ကောင်းကင် ဝက်ပါက အရမ်းပဲ မှော်ဆန်လှပြီး ကျုပ်က တစ်ချက် ကြည့်လိုပါတယ်"

သူ၏စကား ဆုံးသည်နှင့် မဟာဟင်းလင်းပြင် သူတော်စင်သည် သူ၏ လက်ဖြင့် မှော်ကျိန်စာများကို

+

ထုတ်ဖော်လိုက်ရာ တာအိုသစ်သီး တစ်လုံးသည် သူ၏အရှေ့တွင် ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။

အဖြူနှင့် အနက်ရောင် ခတ်ငွေ့များသည် ယှက်သန်းလည်ပတ်နေကြ၍ ရွှေရောင် အလင်းတန်းများသည် လင်းလက်ကာ အတူတကွ စုစည်းနေကြသည်။ နည်းစနစ် နှစ်မျိုးဖြစ်ကြသော မဟာနှင့် ဟင်းလင်းပြင်တို့သည် ဤအချိန်တွင် တစ်ခုတည်း အဖြစ်သို့ ပြီးပြည့်စုံစွာ ပေါင်းစည်းသွားကြပြီး ထူးခြားဆန်းကြယ်သော တာအိုသစ်သီး တစ်လုံးအား ထုတ်လုပ်နိုင်ခဲ့သည်.

ထိုတာအိုသစ်သီး ပေါ်လာသော အခါ ဝိညာဥ်ပင်လယ် အတွင်းတွင် စီးဆင်းနေသော အလင်းတန်းများက ရွှေ့လျားလာကြပြီး မဟာတာအို ရွတ်ဖတ်သံများကို ကြားနိုင်ခဲ့သည်။

+

ထိုက်ရီသူတော်စင်၊ ကျန်းရီသူတော်စင်၊ ရွှမ်းရီသူတော်စင်နှင့် ကျန်သောသူများသည် စတင်၍ တုန်ခါလာကြကာ ကျန်နှစ်ယောက်က တော်သေးသော်လည်း ထိုက်ရီသူတော်စင်သည် အပြင်းအထန် တုန်ခါနေ၍ သူ၏ အင်မော်တယ် ဝိညာဉ်သည် လူသားပုံစံကို မထိန်းထားနိုင်တော့ပေ။

သူသည် သူ၏ မျက်လုံးများကို ဖွင့်လိုက်ရာ အလင်းတန်းများက သူ၏ မျက်လုံးများထံမှ ထိုးထွက်လာခဲ့သည်။

လင်းတောက်ဟန်၊ ကောင်းဟန်နှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျန်သော ကျင့်ကြံသူများကလည်း စတင်၍ ပြင်းထန်စွာဖြင့် တုန်ခါလာခဲ့သည်။

+

မဟာကမ္ဘာ၏ ဟင်းလင်းပြင် အတွင်းတွင်
စီးဆင်းနေသော အလင်းတန်းများသည် ဝိညာဥ်ပင်လယ်
အတွင်းကကဲ့သို့ လှုပ်ရှားနေကြသည်ကို မြင်နိုင်ပေသည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ လင်းဖုန်းနှင့်
သကျမုနိတို့၏ မျက်လုံးများသည် တောက်ပလာ၍
မဟာဟင်းလင်းပြင် သူတော်စင်နှင့် တိုက်ခိုက်နေသော
ကြွယ်ကေရာဇ်၏ မျက်လုံးများကပင်
ကျဥ်းမြောင်းလာခဲ့သည်။

ပြီးတာနှင့် မဟာဟင်းလင်းပြင် သူတော်စင်သည်
ညွှန်ပြလိုက်ရာ ထိုတာအိုသစ်သီး အတွင်းသို့
ကောင်းကင်အား ကျော်လွန်သည့် လောက၏
စွမ်းအားများဖြင့် ဖြည့်တင်းနိုင်ခဲ့သည်။ ထူးခြား

+

ဆန်းကြယ်ကာ မြင်နိုင်စွမ်း မရှိသည့် ကောင်းကင်အား ကျော်လွန်သည့် လောကမှ စီးဆင်းနေသော ဓာတ်ငွေ့များသည် ပို၍ပင် ပုံရိပ်ယောင်ဆန်လာခဲ့သည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင်ပျံ့နှံ့သွားပြီး နောက်ဆုံးတွင် မဟာတာအို အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဝိညာဉ်ပင်လယ် အတွင်းမှ မဟာတာအိုများသည် စီးဆင်းနေသော အလင်းတန်းများ အဖြစ်သို့ မပြောင်းလဲသွားခဲ့သော်လည်း ကွဲပြားခြားနားသည့် မဟာတာအို တစ်မျိုးက ပါးလျသော လေထုအတွင်းမှ မွေးဖွားလာသကဲ့သို့ ဖြစ်နေခဲ့ကာ မဟာတာအို အသစ်တစ်မျိုးသည် အားလုံးတို့၏ အရှေ့တွင် ပေါ်လာခဲ့သည်။

+

စီးဆင်းနေသော ထိုအလင်းတန်းများ ပေါ်လာကြသော အခါ သူတို့သည် သေမင်းပင်လယ်ကဲ့သို့ တုံ့ပြန်ခဲ့ကြပြီး ဝိညာဥ်ပင်လယ်နှင့် ပဋိပက္ခ အကြီးအကျယ် ဖြစ်လာခဲ့သည်။

မဟာတာအို အလင်းတန်း များစွာတို့သည် ဟင်းလင်းပြင် အတွင်းတွင် သိပ်သည်းလာကြ၍ အန္တိမ ကောင်းကင်ကြေးမုံ၏ မရေမတွက်နိုင်သော မျက်နှာပြင်များအား ထိုးဖောက်သွားခဲ့သည်။

နေရာတကာတွင် ရှိနေသော အန္တိမ ကောင်းကင်ကြေးမုံသည် မဟာဟင်းလင်းပြင် သူတော်စင် ဖန်ဆင်းခဲ့သော စီးဆင်းနေသည့် မဟာတာအို အလင်းတန်းများ ဖြစ်လာခဲ့ကာ ဝိညာဥ်ပင်လယ်နှင့် မူလကောင်းကင် ကမ္ဘာတို့အား ဆက်သွယ်ထားသော တံတားတစ်ခု ဖြစ်လာခဲ့သည်။

+

စတင် ထိတွေ့မိကြသည်နှင့် နှစ်ဖက်သားတို့သည်
စတင်၍ အတူတကွ ပေါင်းစည်းလာခဲ့ကာ ထိုမှ
ထွက်ပေါ်လာသည့် စွမ်းအားသည် အလွန်တရာမှ
ကြီးကျယ် ခမ်းနားလှ၍ ကွယ်ကေရာဇ်ထံသို့
ရောက်လာကာ သူ့အား ဖိနှိပ်ရန် ကြိုးစားလိုက်သည်။

ကွယ်ကေရာဇ်သည် အလွန်တရာမှ
အစွမ်းထက်လှသော်လည်း ဤကဲ့သို့သော ကြီးမား
ကျယ်ပြန့်သည့် စွမ်းအားနှင့် ရင်ဆိုင်ခဲ့ရသော အခါ
နောက်သို့ ဆုတ်ခဲ့ရသေးသည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ
ကောင်းကင်ကြေးမုံတို့သည် အတူတကွ ပူးပေါင်းခဲ့၍
ကွယ်ကေရာဇ်အား လင်းဖုန်း၏ တော်ဝင်ကောင်းကင်

+

ဝက်ပါ ရှိနေသည့် ယုကျင်းတောင်နှင့်
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ ရှိရာထံသို့
ဆုတ်ခွာရန် ဖိအားပေးခဲ့သည်။

ကြွယ်ကေရာဇ်သည် ဟိန်းဟောက်လိုက်ရာ သူ၏
အကြေးခွံများသည် ပွင့်သွားသကဲ့သို့ ဖြစ်သွားပြီး
ရွှေရောင် အလင်းတန်းများက စတင်၍
စီးထွက်လာခဲ့သည်။

ရွှေရောင် အလင်းတန်း ပင်လယ် အတွင်းတွင်
မရေမတွက်နိုင်သော ကြယ်တာရာများ
မြင့်တက်လာကြ၍ အလွန်အမင်း တောက်ပစွာ
လင်းလက်နေကြပြီး အလွန်သန်စွမ်းသော
စွမ်းအားများကို ထုတ်လွှတ်နေကြသည်။

ရွှေရောင်ကြွယ်စင် စကြာဝဠာ တစ်ခုသည် အားလုံးတို့၏ အရှေ့တွင် ပေါ်ပေါက်လာခဲ့သည်။

ကြွယ်ကေရာဇ်၏ ခန္ဓာကိုယ်မှ အလွန်အမင်း ကြီးမား သန်စွမ်းသည့် အင်အားတစ်ခု ထွက်ပေါ်လာ၍ သူ၏ ရောမ ခန္ဓာကိုယ်သည် ရှေ့တိုးနောက်ငင် လှုပ်ရှားနေပြီး ပို၍ပင် အဆုံးမဲ့သည့် စွမ်းအားတစ်မျိုးကို ဆင့်ခေါ်လိုက်သည်။

ဤအချိန်တွင် ကြွယ်ကေရာဇ်သည် ကြီးမြတ်သော အစစ်အမှန် စွမ်းအားများသည် မည်သို့ဖြစ်သည် ဆိုသည်ကို ဖော်ပြနိုင်ခဲ့သည်။

သူသည် ရှန်းယွမ်က အစွန်းရောက် စိတ်ဝိညာဉ် နတ်ကောင်းချီး မင်္ဂလာကို အသုံးပြုခဲ့သည့် အချိန်ကဲ့သို့

+

လျင်မြန် ဖျတ်လတ်စွာ မလှုပ်ရှားနိုင်သော်လည်း
ရုပ်ကိုယ်ခန္ဓာ စွမ်းအား သက်သက်အရမူ များစွာပို၍
အထက်တန်းကျသည်။

မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးတွင် သူ့အား
ဤအပိုင်း၌ ယှဉ်နိုင်သည့်သူ တစ်ယောက်မှ မရှိနိုင်ပေ။

ဤအချိန်တွင် အဆုံးမဲ့ မိစ္ဆာ စွမ်းအားများနှင့်
ရွှေရောင်ကြယ်စင် စကြာဝဠာ၏ စွမ်းအားများသည်
ကြွယ်ကေရာဇ်အား အားဖြည့်ပေးနေခဲ့၍
မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ
ကောင်းကင်ကြေးမုံတို့၏ ဖိအားကြောင့်
နောက်ဆုတ်နေခဲ့ရသော်လည်း စကြာနံ့ပိုင်း အတွင်းတွင်
သူ့ကိုယ်သူ တည်ငြိမ်အောင် ပြန်လည်
ရပ်တည်နိုင်ခဲ့သည်။

+

မင်းရဲ့ မဟာတာအို သဘောတရားတွေက
ဘယ်လောက်ပဲ ဆန်းကြယ် ဆန်းကြယ်၊ မင်းကို ကူညီဖို့
မဟာကမ္ဘာကို ဘယ်လိုပဲ ဆင့်ခေါ် ဆင့်ခေါ်၊ ငါက
ငါ့ရဲ့ရုပ်ကိုယ်ခန္ဓာ စွမ်းအားသက်သက်နဲ့
ဒါတွေအားလုံးကို ဖျက်ဆီးပစ်မယ်။

သူ၏ ကြီးမားလှသော စွမ်းအားများကို ပုံမှန်
အတွေးအခေါ်များဖြင့် စဉ်းစား၍ရမည် မဟုတ်ပေ
သဘာဝ နိယာမများကို တွန့်လိမ်စေခဲ့သည်။

မူလကောင်းကင် ကမ္ဘာ ဖန်တီးအပြီးတွင် တည်ရှိခဲ့သည့်
ပထမဆုံး အသက်ပုံစံ ဖြစ်သည့်အတွက်
ကြွယ်ကေရာဇ်၏ ခန္ဓာကိုယ် အတွင်းတွင်
မရေမတွက်နိုင်သော သဘောတရား များစွာတို့

+

ပါဝင်လျက် ရှိကာ သူကိုယ်တိုင်က မဟာတာအို၏
ရုပ်ကိုယ်ခန္ဓာ ဖွဲ့စည်းမှုအလား ဖြစ်နေခဲ့သည်။

ကြွယ်ကေရာဇ်သည် ယုကျင်းတောင် အပေါ်တွင်
ရုပ်တန့်သွားကာ မဟာဟင်းလင်းပြင် သူတော်စင်နှင့်
အန္တိမ ကောင်းကင်ကြေးမုံတို့က သူ့အပေါ်၌
ပေးနေသော ဖိအားများကို ခုခံနေခဲ့သည်။

သူသည် သူ၏ ခန္ဓာကိုယ်အား အနည်းငယ် ပင့်လိုက်၍
အမြီးကို တစ်ဘက်သို့ ဝှေ့ယမ်းလိုက်ပြီး သူ၏ ခေါင်းအား
မဟာဟင်းလင်းပြင် သူတော်စင်ဘက်သို့ လှည့်ထားရာ
သူသည် 'တာအို' (တရုတ်စာလုံး) ဟူသော စကားလုံးနှင့်
တူနေပေသည်။ သူသည် သန့်စင်သော စွမ်းအားများကို
ပိုင်ဆိုင်ထားရုံ မကပဲ အလွန်တရာမှ ထူးခြား
ဆန်းကြယ်နေသည့်ပုံ ပေါက်နေသည်။

+

ကြွယ်ကေရာဇ်အား တစ်ခါက တိုက်ခိုက်ခဲ့ဖူးကာ သတ်ဖြတ်နိုင်ခဲ့သော မဟာဟင်းလင်းပြင် သူတော်စင်သည် ဤအရာနှင့် ရင်းနှီး ကျွမ်းဝင်နေပေသည်။

ကြွယ်ကေရာဇ်၏ အေးစက်သော အကြည့်အောက်တွင် မဟာဟင်းလင်းပြင် သူတော်စင်သည် သူ၏ တည်ငြိမ်သော အမူအရာကို ထိန်းသိမ်းထား၍ သူ၏ လက်များအတွင်းမှ မှော်ကျိန်စာများသည် အဆက်မပြတ် ပြောင်းလဲနေခဲ့ကာ အန္တိမ ကောင်းကင်ကြေးမုံအား အားဖြည့်ရန် တာအိုသစ်သီးများ တစ်လုံးပြီးမှ တစ်လုံးတို့ကို ထုတ်ဖော်ခဲ့သည်။

+

ကောင်းကင်အား ကျော်လွှန်နေသည့် လောကမှ
စွမ်းအားများသည် အန္တိမ ကောင်းကင်ကြေးမုံနှင့်
ပေါင်းစည်းသွားကာ ကြွယ်ဧကရာဇ်အား
တိုက်ခိုက်လိုက်လေသည်။

သူသည် သကျမုနိဘက်သို့ လှည့်၍ ပြောလိုက်သည်။
"ရဲဘော်... ခင်ဗျားဟာ ကျုပ်ကို သူတို့နှစ်ယောက်ကို
ပြန်မလာနိုင်အောင် ကူညီပြီးမှ တားဆီးပေးခဲ့တယ်...
ဒါပေမဲ့ ခင်ဗျားဟာ ရှန်းယွမ်ရဲ့ လက်ချက်ကြောင့်
ဒုက္ခရောက်ခဲ့တော့ အခုအချိန်မှာ ဘာလုပ်ဖို့
ရည်ရွယ်ထားသလဲ"

လင်းဖုန်း၏ စွမ်းရည်များသည် အားလုံးတို့၏
မျှော်မှန်းချက်များကို ကျော်လွှန်သွားခဲ့သည်။ အကယ်၍
သူသည် ဤတိုက်ပွဲ အတွင်းတွင် ဝင်မပါတော့ပါက

+

တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့ကလည်း သူ့ထံသို့သွား၍ ပြဿနာရှာလိမ့်မည် မဟုတ်ချေ။

သကျမုနိသည် အလွန်အမင်း တည်ငြိမ်နေပုံ ပေါက်နေ၍ ကောင်းကင်ဖျက်ဆီး ခါးဘက်သို့ လှည့်ကြည့်လိုက်ကာ မေးလိုက်သည်။ "ရဲဘော်… ခင်ဗျားက ဆုံးဖြတ်ပြီးသွားပြီလား"

မဟာဟင်းလင်းပြင် သူတော်စင်သည် ဘာမှ ပြန်မပြောပဲ ပြုံးသာ ပြုံးလိုက်သည်။

သကျမုနိသည် ခေတ္တမျှ ငြိမ်သက်သွား၍ လင်းဖုန်းအား ကြည့်ကာ ပြောလိုက်သည်။ "ကျုပ်ရှုံးသွားပြီ"

+

သူ၏စကား ဆုံးသည်နှင့် သူသည် ကြွယ်ကေရာဇ်
အရှေ့သို့ ရောက်လာခဲ့ကာ ထိုင်ချလိုက်သည်။

သူ၏ ရောမ ပုံရိပ်သည် ကြွယ်ကေရာဇ် အပေါ်သို့
ကျဆင်းလာလေသည်။

သကျမုနိ၏ ခေါင်းပေါ်မှ မဟာ ဉာဏ်ပညာ
ဘုရင်ငါးပါးတို့သည် ပျောက်ကွယ်သွား၍ နိဗ္ဗာန်ကမ္ဘာ
ငါးခုတို့သည် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားကာ
အလယ်ဆာဟာ ကမ္ဘာကို ဖော်ပြလိုက်ပြီး သကျမုနိနှင့်
အတူ ကြွယ်ကေရာဇ် အပေါ်သို့ ကျဆင်းလာခဲ့သည်။

ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ ကြွယ်ကေရာဇ်က
သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။

+

အခြား အချိန်များတွင် သူသည် ဂရုစိုက်လိမ့်မည် မဟုတ်သော်လည်း ယခုအချိန်တွင် သူသည် တော်ဝင်ကောင်းကင် ဝက်ပါအတွင်းသို့ အတွန်းခံနေရပြီး သကျမုနိ၏ အလယ်ဆာဟာ ကမ္ဘာကလည်း သူ့အပေါ်သို့ ကျဆင်းလာခဲ့သည်။

လင်းဖုန်းသည် ရှန်းယွမ်အား ဖိနှိပ်နေရဆဲ ဖြစ်သော်လည်း ရန်သူ၏ နယ်မြေအတွင်းသို့ ဆင်းသက်သွားရခြင်းသည် ကောင်းမွန်သော အရာတစ်ခု မဟုတ်ချေ။

ကြွယ်ကေရာဇ်က ဟိန်းဟောက်လိုက်ရာ သူ၏ ဟိန်းဟောက်သံများက ကောင်းကင်ကိုးလွှာကို တုန်ခါစေခဲ့သည်။

+

နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ။

ဤအရာသည် ပထမ နဂါးထံမှ လာခဲ့သည့် အစစ်အမှန် နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ ဖြစ်သည်။

သူ့အား ဖန်တီးခဲ့သည့်သူထံမှ လာခဲ့သည့် နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ ဖြစ်သည်။

နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ ပေါ်လာသည်နှင့် ကြွယ်ကေရာဇ်၏ စွမ်းအားများသည် ပေါက်ကွဲထွက်လာသည်။ သူသည် အနည်းငယ် အရေးအနိမ့်ခံကာ မဟာဟင်းလင်းပြင် သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား နောက်သို့ ပြန်ဆုတ်အောင် ဖိအားပေးလိုနေခြင်း ဖြစ်သည်။ သူသည် သူတို့အား ဗုဒ္ဓနှင့် ပူးပေါင်းကာ သူ့အား

+

တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းသို့
ကျုံးအသွင်းမခံလိုနေခဲ့ပေ။

သို့သော်လည်း သူ၏ နတ်ဟိန်းဟောက်သံသည်
မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား တုန်ခါစေခဲ့သည့်
အချိန်၌ပင် ရယ်သံတစ်ခုက ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းမှ ထွက်လာခဲ့သည်။
"ရဲဘော်... တစ်မိနစ်လောက် စောင့်ပါဦး"

လင်းဖုန်း၏ အသက်ဖန်ဆင်းခြင်း တံခါးထံမှ
မြစ်ရှည်တစ်စင်း စီးထွက်လာခဲ့၍ အဆုံးမဲ့ အချိန်များက
ဖြတ်သန်းပြီးသွားသော်လည်း အချိန်ကာလသည်
ရပ်တန့်နေသကဲ့သို့လည်း ဖြစ်နေခဲ့သည်။

+

အသက်ဖန်ဆင်းခြင်း တံခါးသည် ပျောက်ကွယ်သွား၍
ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် အချိန်မြစ်ရေ
အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းမှ ထွက်လာခဲ့ပြီး
ကွယ်ကေရာဇ်အား လွှမ်းခြုံသွားခဲ့သည်။

ကွယ်ကေရာဇ်သည် အမျက်တကြီးဖြင့်
ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်လိုက်သည်။ သူသည်
အဟန့်တားခံလိုက်ရသဖြင့် မဟာဟင်းလင်းပြင်
သူတော်စင်နှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား
မခါချနိုင်ခဲ့ပဲ အလယ်ဆာဟာ ကမ္ဘာကလည်း
သူ့အပေါ်သို့ ကျဆင်းလာခဲ့သည်။

ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းမှ
အချိန်မြစ်ရေသည် ကြိုးတစ်ချောင်းကဲ့သို့ ပြန်လည်
ရုပ်သိမ်းသွားပြီး ကွယ်ကေရာဇ်ကလည်း
+

ကောင်းကင်စကြဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့ အဆွဲယူခံခဲ့ရသည်။

လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "အားလုံးကို ကြိုဆိုပါတယ်"

သူသည် သူ၏ လက်ဝါးအစုံကို စုစည်းလိုက်ရာ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါက ထွက်ပေါ်လာခဲ့ပြီး အချိန်မြစ်ရေ၏ သယ်ဆောင်မှုအောက်တွင် သူတို့ သုံးယောက်သားသည် ဝက်ပါအတွင်းသို့ ခေါ်ယူလာခြင်း ခံခဲ့ရသည်။

တော်ဝင်ကောင်းကင် ဝက်ပါမှ စစ်တုရင်ခုံသည် အနည်းငယ် တုန်ခါသွား၍ အလင်းတန်း တစ်တန်း

+

လင်းလက်လာ အပြီးတွင် ကြွယ်ကေရာဇ်သည်
စစ်တုရင်ခုံပေါ်သို့ ကျရောက်သွားခဲ့သည်။

တော်ဝင်ကောင်းကင် ဝက်ံပါနှင့် ကြုံတွေ့ခဲ့ရပြီး
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းသို့
ရောက်လာသော အခါ မဟာဟင်းလင်းပြင်
သူတော်စင်နှင့် ဗုဒ္ဓတို့၏ အကြည့်များက
လင်းလက်သွားခဲ့သည်။

သူတို့ နှစ်ယောက်စလုံးတို့သည် ဤအချိန်၌
အံ့အားသင့်သွားကြပြီး သူတို့၏ အကြည့်သည်
ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာအား
အကဲခတ်နေကြ၍ တော်ဝင်ကောင်းကင် ဝက်ံပါအား
စောင့်ကြည့်နေခဲ့သည်။

+

မဟာဟင်းလင်းပြင် သူတော်စင်က တီးတိုး ရေရွတ်လိုက်သည်။ "မဟုတ်မှလွဲရော..."

ဤအချိန်တွင် ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့ကပင် မဟာဟင်းလင်းပြင် သူတော်စင်၏ မျက်လုံးများ အတွင်းတွင် အရေးမပါတော့ပေ။

သူသည် သဘောပေါက်သွားသကဲ့သို့ ဖြစ်သွား၍ တော်ဝင်ကောင်းကင် ဝင်္ကပါ၏ အပြင်တွင် ရပ်နေခဲ့ကာ ဗုဒ္ဓကလည်း သူနှင့် အလားတူပင် ဖြစ်နေသည်။

တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းမှ တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့သည် ဤအချိန်၌ ဟိန်းဟောက်လိုက်ကြကာ လင်းဖုန်းနှင့်

+

တော်ဝင်ကောင်းကင် ဝက်ံပါတို့အား အမျက်တကြီးဖြင့် တိုက်ခိုက်နေခဲ့ကြသည်။

လင်းဖုန်းသည် ဗုဒ္ဓနှင့် မဟာဟင်းလင်းပြင် သူတော်စင်တို့၏ ပြောင်းလဲမှုများကို အံ့အားသင့်နေပုံ မရပဲ ရယ်လိုက်ကာ တော်ဝင်မိစ္ဆာ ကေရာဇ်တို့၏ တိုက်ခိုက်မှုများကို တစ်ယောက်တည်း ရင်ဆိုင်လိုက်သည်။

## စာစဥ် ၇၅ : အပိုင်း ၂၀

## အပိုင်း ၁၄၇၀ : လင်းဖုန်းနှင့် တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့၏ တိုက်ပွဲ

+

မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့သည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာနှင့် တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းမှ အရာ အားလုံးတို့အား ကြည့်နေရင်း စိတ်ပျံ့လွင့်နေခဲ့သည်။

ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့ကလည်း သူတို့အနားမှ အရာများကို စိတ်ဝင်တစား ဖြစ်နေခဲ့သည်။

သို့သော်လည်း သူတို့သည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းသို့ ရောက်နေသော အချိန်တွင် အသက်အန္တရာယ် ရှိနေသဖြင့် အရင်ဆုံး လွတ်မြောက်ရန် အာရုံစိုက်နေရသည်။

ကြွယ်ကေရာဇ်သည်လည်း တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းတွင် အဖိနှိပ်ခံနေရသော်လည်း

+

လင်းဖုန်းသည် မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့၏ ထောက်ပံ့မှုများကို ဆုံးရှုံးသွားသဖြင့် ကြီးမားသော ဖိအားများ အောက်တွင် ကျရောက်နေခဲ့သည်။

တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့သည် ရန်သူများ ဖြစ်နေကြသော်လည်း ဤအချိန်တွင် တော်ဝင်ကောင်းကင် ဝင်္ကပါအား ချိုးဖောက်နိုင်ရန် အတွက် လက်တွဲရန် လိုလားနေကြသည်။

ကြောက်မက်ဖွယ်ရာ နဂါးဟောက်သံနှင့် အံ့အားသင့်ဖွယ် မျောက်အော်သံတို့သည် ဤအချိန်တွင် ပဲ့တင်ရိုက်လာခဲ့၍ ကြွယ်ကေရာဇ်နှင့် ရှန်းယွမ်တို့သည် တော်ဝင်ကောင်းကင် ဝင်္ကပါအား အမျက်တကြီးဖြင့် စတင်၍ တိုက်ခိုက်ခဲ့ကြသည်။

+

မူလကောင်းကင် ကမ္ဘာ၏ သမိုင်းအတွင်းတွင် တော်ဝင်မိစ္ဆာ ကေရာဇ် သုံးပါးတို့သည် မတူညီသော ခေတ်သုံးခေတ်တွင် အုပ်စိုးခဲ့ကြ၍ သူတို့သည် သူတို့ အချိန်များ အတွင်း၌ ထိပ်ဆုံးနေရာ၌ ရှိနေကြသူများ ဖြစ်ကြသည်။

ကြွယ်ကေရာဇ် ရွှမ်ဆန်း ဖြစ်စေ၊ အဆုံးစွန် ကေရာဇ် ရှန်းယွမ် ဖြစ်စေ၊ သူတို့ အနက်မှ တစ်ယောက်ကပင် မူလကောင်းကင် ကမ္ဘာအား ပြောင်းဆန်စေရန် လုံလောက်အောင် သန်မာနေကြပြီ ဖြစ်သည်။

သူတို့သည် ကြွေလွင့်သွားခဲ့သော အချိန်၌ပင် သူတို့နှင့် အတူ ထူးချွန်ပြောင်မြောက်သော ကျင့်ကြံသူ အမြောက်အမြားတို့အား သေရွာသို့

+

အတူခေါ်သွားနိုင်ခဲ့သည်။ သူတို့၏ သက်တမ်း
တစ်လျှောက်၌လည်း သူတို့သည် အစွမ်းထက်သော
ကျင့်ကြံသူ များစွာတို့အား သတ်ဖြတ်ခဲ့ကြသည်။

ယနေ့တွင် မူလကောင်းကင် ကမ္ဘာ သမိုင်းတွင် တစ်ခါမှ
မပေါ်ဖူးခဲ့သော ကြောက်မက်ဖွယ်ရာ
မြင်ကွင်းတစ်ခုသည် လင်းဖုန်း၏ မျက်လုံးများ
အတွင်းတွင် ပေါ်လာခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ဖြစ်စေ၊
နတ်ဘုရား နယ်မြေ အတွင်းတွင် ဖြစ်စေ၊
တစ်စုံတစ်ယောက်ကမှ တော်ဝင်မိစ္ဆာ ဧကရာဇ်
နှစ်ပါးနှင့် တစ်ပြိုင်နက်တည်း မတိုက်ခိုက်ခဲ့ကြဖူးပေ။

+

တော်ဝင်ကောင်းကင် ဝက်ံပါသည် မည်မျှပင် သန့်မာသည် ဆိုခဲ့သော်လည်း ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့၏ ပူးပေါင်း တိုက်ခိုက်မှုအောက်တွင် ပြိုလဲလုနီးပါး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ံပါသည် အလင်းတန်းများဖြင့် စတင်၍ လင်းလက်လာကာ မရေမတွက်နိုင်သော ကြယ်တာရာများသည် စကြာဝဠာ အတွင်းတွင် စတင်၍ ပျက်စီးလာကြသည်။

လင်းဖုန်းသည် ဤမြင်ကွင်းအား တည်ငြိမ်စွာဖြင့် စောင့်ကြည့်နေခဲ့၍ သူ၏ လက်နှစ်ဘက်စလုံးတို့အား အရှေ့သို့ တွန်းထုတ်လိုက်ရာ လက်ဝါး တစ်ဘက်စီတွင် ထိုက်ကျိရုပ်ပုံ တစ်ခုစီက ဖြည်းဖြည်းချင်း လည်ပတ်လာခဲ့သည်။

+

အချိန်မြစ်ရေသည် ကြမ္မာပန်းတိုင် ခေါင်းလောင်းထံသို့ ပြန်လည် ပြောင်းလဲသွား၍ သူ၏ ဟစ်ကြွေးသံများသည် လင်းဖုန်း၏ ခေါင်းအတွင်းတွင် ပေါ်လာကြပြီး ကောင်းကင် တစ်ခုလုံးအား တုန်ခါသွားစေခဲ့သည်။

ချက်ချင်း ဆိုသလိုပင် ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ပြိုလဲခြင်း စာအုပ်အသွင်ကို ဖော်ပြခဲ့ပြီး သူ၏ စာရွက်များက ပြင်းထန်စွာ လှန်နေခဲ့၍ ဖျက်ဆီးခြင်း ဓာတ်ငွေ့များ တစ်တန်းပြီးမှ တစ်တန်းတို့သည် စာအုပ်အတွင်းမှ ထွက်လာကာ လင်းဖုန်း၏ လက်ဝါးများ အပေါ်သို့ ကျရောက်သွားခဲ့သည်။

ထိုက်ကျိုယွမ် ရတနာ အလင်းတန်းများသည် နေမင်းလည်ပတ် မူလဓာတ်ငွေ့များဖြင့် ပူးပေါင်းသွား၍

+

ထိုက်ကျိုမူလ ခါတ်ငွေ့ အမြောက်အမြားတို့ အဖြစ်သို့ ပြောင်းသွားကြကာ ဖျက်ဆီးခြင်း ခါတ်ငွေ့များနှင့် ပူးပေါင်းသွားခဲ့သည်။

လင်းဖုန်း၏ လက်ဝါးအတွင်းတွင် ခါတ်ငွေ့ဘောလုံး နှစ်လုံးတို့ ပေါ်လာကြ၍ တော်ဝင်ကောင်းကင် ဝက်ံပါနှင့် မျက်နှာချင်းဆိုင်နေခဲ့သည်။

ဝေဝါးသော ခါတ်ငွေ့ဘောလုံးများ ရွေ့လျားလာသော အခါ သူတို့သည် မကြည်လင်သော အလင်းတန်း ဘောလုံး နှစ်လုံးအဖြစ်သို့ ပြောင်းသွားပြီး နောက်ဆုံးတွင် အလင်းတန်း စက်ဝိုင်း နှစ်ခုကို ဖန်ဆင်းခဲ့ကြသည်။

+

ထိုအလင်းတန်း စက်ဝိုင်း နှစ်ခုတို့သည် အစမူလကဲ့သို့ အလင်းတန်း စက်ကွင်းများ ဆန့်တန်းထွက်လာ၍ တော်ဝင်မိစ္ဆာ ဧကရာဇ် နှစ်ပါးတို့ထံတိုင်အောင် ရောက်သွားခဲ့သည်။

ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ အတွင်းတွင် ထိုက်ကျိရုပ်ပုံ တစ်ခုသည် အဆက်မပြတ် လည်ပတ်နေရင်း ကြယ်တာရာများ၏ စွမ်းအားများကို ဆင့်ခေါ်၍ တော်ဝင်ကောင်းကင် ဝက်ပါအား ထောက်ပံ့ပေးနေခဲ့သည်။

စစ်တုရင်ခုံသည် အနည်းငယ် တုန်ခါလာ၍ အဝတ်အစား ကပိုကရိုနှင့် အဘိုးအိုသည် ငြိမ်သက်နေခဲ့သေးသော်လည်း သူ၏ လက်နှစ်ဘက်အား စစ်တုရင်ခုံ၏ ဘေးတစ်ဘက်တစ်ချက်ဆီသို့

+

ဆန့်တန်းလိုက်ကာ စစ်တုရင်ခုံအား တည်ငြိမ်အောင်
ကြိုးစားခဲ့သည်။

သူတို့ထံသို့ ကျဆင်းလာသော အလင်းတန်း
စက်ကွင်းများကို ကြည့်နေရင်း ရှန်းယွမ်နှင့်
ရွှမ်ဆန်းတို့က သူတို့၏ မျက်မှောင်များကို
ကြုတ်ခဲ့ကြသည်။

ရွှမ်ဆန်းသည် ဟိန်းဟောက်နေရင်း သူ၏ ခန္ဓာကိုယ်အား
လှည့်လိုက်ကာ တော်ဝင်ကောင်းကင် ဝင်္ကပါ
အတွင်းတွင် လည်ပတ်နေခဲ့၍ လင်းဖုန်းထံသို့
မျက်နှာမူနေရင်း အလင်းတန်း စက်ကွင်းများက
သူ့ခေါင်းပေါ်သို့ ကျဆင်းလာခဲ့သည်။

+

သူ၏ခေါင်းပေါ်တွင် ထူးခြားဆန်းကြယ်သော မှော်သင်္ကေတ တစ်ခု ပေါ်လာ၍ 'တာအို'ဟူသော စကားလုံးကို ဖော်ပြခဲ့သည်။

ရွှေရောင် အလင်းတန်းများနှင့် ကျက်သရေ တိမ်တိုက်တို့သည် ဤအချိန်၌ စုစည်းလာကြကာ 'တာအို'ဟူသော စကားလုံးကို ဖော်ပြခဲ့သည်။

ထိုမှော်သင်္ကေတ ပေါ်လာသည်နှင့် တစ်ပြိုင်နက် လင်းဖုန်း၏ လက်ဝါးထဲမှ ကျဆင်းလာသော အလင်းတန်း စက်ကွင်းများသည် ရပ်တန့်သွားခဲ့ကာ 'တာအို'ဟူသော စကားလုံးနှင့် ထိတွေ့မိခဲ့သော အခါ ကြေမွသွားခဲ့သည်။

+

ရွှမ်ဆန်းသည့် ဒဏ်ရာ မရခဲ့သော်လည်း
တော်ဝင်ကောင်းကင် ဝက်ပါနှင့် ထိုက်ကျိကောင်းကင်
ကြယ်စင်ဝက်ပါတို့က ဆက်လည် လည်ပတ်နေပြီး
သူ့အား ချုပ်နှောင်ထားခဲ့သေးသည်။

အခြားတစ်ဘက်တွင် ရှန်းယွမ်သည် အသက်ပြင်းပြင်း
တစ်ချက် ရှူလိုက်ရာ သူ၏ ခန္ဓာကိုယ်သည် အနည်းငယ်
ပုံရိပ်ယောင် ဆန်လာခဲ့၍ သူ၏ ခန္ဓာကိုယ် အနားမှ
အနီရောင် မြူခိုးငွေ့များသည် ပို၍ ကျဲပါးလာခဲ့သည်။

သို့သော်လည်း သူ၏ အရွယ်အစားသည် အလွန်အမင်း
ကျုံ့ဝင်သွား၍ လင်းဖုန်း ထုတ်လွှတ်ထားသည့်
အလင်းတန်း စက်ကွင်းအား ထိုးဖောက်သွားနိုင်ခဲ့သည်။

+

အလင်းတန်း စက်ကွင်းများသည် လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ထား၍ ရှန်းယွမ်သည် ဤအခွင့်အရေးကို အသုံးချကာ အလင်းတန်း စက်ကွင်းများ အတိုင်း တက်သွားကာ လွတ်မြောက်နိုင်ရန် ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။

ရွှမ်းဆန်းက သူ့အား ကူညီ၍ လင်းဖုန်းနှင့် တော်ဝင်ကောင်းကင် ဝင်္က်ပါ၏ စွမ်းအားများအား ချုပ်နှောင်ထားခဲ့သော အခါ ရှန်းယွမ်သည် သူ၏ ကောင်းကင်မျက်လုံးနှင့် နားများ အပါအဝင် အစွန်းရောက် စိတ်ဝိညာဉ် နတ်ကောင်းချီး မင်္ဂလာတို့အား အသုံးချ၍ တော်ဝင်ကောင်းကင် ဝင်္က်ပါအတွင်းမှ ထွက်ခွာနိုင်ရန် ကြိုးစားခဲ့သည်။

သူသည် အစောပိုင်းက လင်းဖုန်းနှင့် တိုက်ခိုက်နေရင်း ဒဏ်ရာများ ရထားခဲ့သော်လည်း သူ၏ မိစ္ဆာ

+

စွမ်းအားများသည် သန်စွမ်းနေဆဲ ရှိကာ အခွင့်အရေးကို ကောင်းစွာ အသုံးချနိုင်ခဲ့သည်။

အလင်းတန်း စက်ကွင်းများသည် ကျုံ့ဝင်လာကြသော်လည်း ရှန်းယွမ်၏ အရွယ်အစားသည် အလွန်အမင်း သေးငယ်သွားကာ မရှိနေသည့် အတိုင်းပင် ဖြစ်နေသည်။ အလင်းတန်း စက်ကွင်းများသည် မည်သို့ပင် ကျုံ့ဝင်လာခဲ့သော်လည်း သူ့အား လုံးဝ မတားဆီးနိုင်ခဲ့ပေ။

လင်းဖုန်းသည် ထိုအရာကို မြင်လိုက်သော အခါ သူ၏ ဘယ်လက်ဝါး အပေါ်တွင် တာအိုသစ်သီး တစ်လုံး ပေါ်လာခဲ့သည်။

+

ရှန်းယွမ်၏ မျက်လုံးများ အတွင်းတွင် သွေးနီရောင် အလင်းတန်း တစ်တန်း ပေါ်လာ၍ သူ၏ နားများသည် အနည်းငယ် လှုပ်သွားခဲ့သည်။

ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၏ စွမ်းအားများသည် ဤအလင်းတန်း စက်ကွင်း လမ်းကြောင်းကို ထောက်ပံ့ထားနေမှန်း သူက ကောင်းစွာ အာရုံခံနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် လင်းဖုန်း၏ စွမ်းအားများကလည်း ပြိုလဲခြင်း စာအုပ်နှင့် ပူးပေါင်းနေခဲ့သည်။

အလင်းတန်း စက်ကွင်းများသည် ပို၍သိသာစွာ ကျုံ့ဝင်လာကြပြီး စီးဆင်းနေသော မဟာတာအို အလင်းတန်းများသည် သူတို့အတွင်းမှ ထကြွ လှုပ်ရှားလာကြသည်။ သူတို့သည် ဖြည်းဖြည်းချင်း

+

ပျက်စီးသွားကြသော်လည်း နောက်ထပ်ပို၍ ထပ်ထွက်လာခဲ့သည်။

ဤအလင်းတန်း စက်ကွင်းများ၏ စွမ်းအား သဘောတရားသည် ပို၍ပို၍ ထူးခြား ဆန်းကြယ်လာပြီး ရှန်းယွမ်၏ မိစ္ဆာစွမ်းအားများကို နှောင့်ယှက်နေကြကာ သူ၏ အစစ်အမှန် ပုံစံကို ပြန်လည် ဖော်ပြစေရန် လုပ်နိုင်တော့မည်ကဲ့သို့ ဖြစ်လာခဲ့သည်။

တော်ဝင်ကောင်းကင် ဝင်္ကပါ၏ အခြား တစ်ဘက်ထံသို့ ဆန့်တန်းသွားသော လမ်းကြောင်းသည် ဝင်္ကပါ၏ စွမ်းအားများကို ဆင့်ခေါ်လိုက်ကာ ရှန်းယွမ်၏ နောက်ကျောမှနေ၍ တိုက်ခိုက်လိုက်သည်။

+

တစ်ချိန်တည်းတွင် လင်းဖုန်း၏ လက်ဝါးအတွင်းမှ ထူးခြားဆန်းကြယ်သော အစက်(တာအိုသစ်သီး)သည် ထာဝရ ကပ်ဘေး အလင်းတန်း အဖြစ်သို့ ပြောင်းသွားပြီး ရှန်းယွမ်ထံသို့ တည့်တည့် ဝင်ရောက်လာသည်။

မှော်ဆန်၍ ကြီးစိုး လွှမ်းမိုးနိုင်သော ကပ်ဘေး အလင်းတန်းသည် လမ်းကြောင်းတစ်လျှောက် ရွေ့လျားလာ၍ ရှန်းယွမ်တည့်တည့် ဝင်ရောက်လာကာ တိုက်မိတော့မည်ကဲ့သို့ ဖြစ်သွားခဲ့သည်။

ရှန်းယွမ်သည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်၍ သူ၏ ပုံရိပ်က လင်းလက်သွားကာ သူ့ခန္ဓာကိုယ် အနားမှ အနီရောင် မြူခိုးငွေ့များသည် ပို၍ပို၍ သိပ်သည်းလာခဲ့ပြီး ကြီးမားလှသော မိစ္ဆာ စွမ်းအားများကို ထုတ်လွှတ်ခဲ့သည်။

+

အနီရောင် အလင်းတန်း ပုံရိပ်သည် လေဟာနယ်အား ဖြတ်ကျော်သွား၍ တော်ဝင်ကောင်းကင် ဝင်္ကပါ အတွင်းသို့ ကျဆင်းလာသော အခါ လင်းဖုန်း၏ ထာဝရ ကပ်ဘေး အလင်းတန်းအား ရှောင်ရှားနိုင်ခဲ့သည်။

ရှန်းယွမ်၏ အကြည့်သည် အေးစက်နေ၍ စိတ်ပျက်နေသည့်ပုံ ပေါက်မနေခဲ့ပေ။ သူ့အနားမှ အနီရောင် မြူခိုးငွေ့များသည် နေရာအနှံ့ စတင်၍ ပျံ့နှံ့လာကာ စစ်တုရင်ခုံ တစ်ခုလုံးကို တိုက်စားနေခဲ့သည်။

ရွှမ်ဆန်းကလည်း ကျယ်လောင်စွာ ဟိန်းဟောက်လိုက်၍ နဂါးကေရာဇ်တို့၏ နတ်ဟိန်းဟောက်သံအား

+

ထုတ်လွှတ်လိုက်ရာ တော်ဝင်ကောင်းကင် ဝင်္ကပါ
တစ်ခုလုံးက တုန်ခါသွားခဲ့သည်။

တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့သည် သူတို့၏
စွမ်းအားများကို ထုတ်လွှတ်ခဲ့ကြသော အခါ
ခက်ထန်လှသော စွမ်းအားများသည်
တော်ဝင်ကောင်းကင် ဝင်္ကပါအား ကပြောင်းကပြန်
ဖြစ်စေခဲ့သည်။

လင်းဖုန်း၏ အမူအရာသည် ယခင်ကဲ့သို့ တည်ငြိမ်နေဆဲ
ဖြစ်ကာ ထိုက်ကျိကောင်းကင် ကြယ်စင်ဝင်္ကပါ
အတွင်းတွင် ရပ်နေရင်း သူ၏ အင်္ကျီ လက်စများကို
ခါယမ်းလိုက်၍ ပြိုလဲခြင်း စာအုပ်ကို
ကောက်ကိုင်လိုက်ကာ တော်ဝင်ကောင်းကင် ဝင်္ကပါ
အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

+

ဝက်ပါ အတွင်းသို့ ရောက်သော အခါ လင်းဖုန်းသည် ပြုလဲခြင်း စာအုပ်အား ညွှန်ပြလိုက်ရာ အချိန်မြစ်ရေ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

တစ်ချိန်တည်းတွင် လင်းဖုန်းသည် သူ၏ လက်ချောင်းများဖြင့် ညွှန်ပြလိုက်ရာ နောက်ထပ် ထာဝရ ကပ်ဘေး အလင်းတန်း တစ်တန်း ထွက်ပေါ်လာသည်။

ဤအလင်းတန်းသည် အချိန်မြစ်ရေနှင့် ဆက်သွယ်နေသဖြင့် ပို၍ပို၍ ခမ်းနားထည်ဝါ လာခဲ့သည်။ တစ်ချိန်တည်းတွင် သူသည် ကြီးစိုးလွှမ်းမိုး နိုင်လွန်းသဖြင့် သူ့အား ခုခံရန် မလွယ်ကူပေ။

+

ထိုအလင်းတန်း ရွေ့လျားလာသော အခါ
တော်ဝင်ကောင်းကင် ဝက်ံပါ အတွင်းမှ
စစ်တုရင်ရုပ်များသည် လျင်မြန်စွာ စတင်၍
လှုပ်ရှားလာခဲ့သည်။

ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ံပါသည်
တော်ဝင်ကောင်းကင် ဝက်ံပါနှင့် ပူးပေါင်းသွားကာ
အချင်းချင်း တန်းစီ၍ လှုပ်ရှားနေခဲ့သည်။
ကြယ်တာရာများက မှေးမှိန်မသွားမီ အဆက်မပြတ်
လင်းလက်လာကြကာ မရေမတွက်နိုင်သော
ကြယ်စင်များက ဖန်ဆင်းခြင်း ခံခဲ့ရပြီး
တစ်ချိန်တည်းတွင် ပျက်စီးသွားကြသည်။

မရေမတွက်နိုင်သော တာအို သဘောတရားများသည်
ဤအချိန်၌ အတူတကွ စုစည်းလာကြပြီး ရှန်းယွမ်ထံသို့
ထုတ်လွှတ်လိုက်သည်။
+

ရှန်းယွမ်သည် ဤအချိန်၌ သူနှင့် မူလကောင်းကင် ကမ္ဘာ အကြားမှ ဆက်သွယ်မှုက ပြတ်တောက်သွားသည်ဟုသာ ခံစားခဲ့ရကာ သူနှင့် လုံးဝ ကျွမ်းဝင်မှု မရှိနေသည့် မဟာကမ္ဘာ တစ်ခု အတွင်းသို့ ဝင်ရောက်သွားရသကဲ့သို့ ဖြစ်သွားသည်။

ပို၍ဆိုးသည်မှာ ဤမဟာကမ္ဘာသည် သူ့အား ဖိနှိပ်နေခဲ့ပြီး ကမ္ဘာ တစ်ခုလုံးက သူနှင့် ရန်သူ ဖြစ်နေသကဲ့သို့ ထင်နေရခြင်း ဖြစ်သည်။

ရှန်းယွမ်သည် မျက်မှောင်ကြုတ်လိုက်ကာ သူ၏ လှုပ်ရှားမှုများက ထပ်ဖန်တစ်ခါ အဟန့်တားခံခဲ့ရသည်ဟု ခံစားခဲ့ရသည်။ သူ၏ ခန္ဓာကိုယ် အနားမှ မြူခိုးငွေ့များက ပျံ့နှံ့လာ၍

+

မြူခိုးငွေ့များ အတွင်းတွင် ကြယ်အလင်းတန်းများ လင်းလက်နေကြသည်။ မြူခိုးငွေ့များသည် နီရဲနေသော ကြယ်စင်ပင်လယ် တစ်ခုအဖြစ်သို့ ပြောင်းသွားကာ ရှန်းယွမ်အနားမှ ကမ္ဘာ၏ ဖိနှိပ်နေမှုကို ခုခံနေခဲ့သည်။

အခြားတစ်ဘက်တွင် ရှမ်ဆန်းသည်လည်း ထာဝရ ကပ်ဘေး အလင်းတန်း၏ တိုက်ခိုက်မှုအောက်သို့ ရောက်နေ၍ ကောင်းကင်နှင့် မြေကြီးတို့၏ ဖိနှိပ်မှုကို ခံနေရသည်။

သူ၏ခေါင်းပေါ်မှ 'တာအို'ဟူသော စကားလုံးသည် လင်းလက်လာ၍ မရေမတွက်နိုင်သော ရွှေရောင် အလင်းတန်းများသည် ကောင်းကင်နှင့် မြေကြီးတို့၏ အပေါ်တွင် လင်းလက်လာကြကာ ရွှေရောင် အလင်းတန်း တစ်တန်းတိုင်းတွင် မရေမတွက်နိုင်သော

+

မဟာတာအို သဘောတရားများ ပါနေသည်ဟု ထင်နေရသည်။

လင်းဖုန်းသည် ဤအချိန်၌ အရှေ့သို့ တက်လာပြီး သူ၏ လက်ညှိုးအား တဖြောင့်တည်း ဆန့်တန်းလိုက်ရာ သူ့လက်ဖျားထိပ်မှ ထူးခြားဆန်းကြယ်သော ဓားအလင်းတန်း တစ်ခု ထွက်လာ၍ ရွှမ်ဆန်း၏ နဖူးထံသို့ ဦးတည်လိုက်သည်။

ထိုဓားအလင်းတန်းသည် စတင်၍ ကျယ်ပြန့်လာကာ သူကလည်း မဟာတာအိုတို့၏ မရေမတွက်နိုင်သော သဘောတရားများကို ဖော်ပြခဲ့ကာ ရွှမ်ဆန်းအား ခုခံလိုက်သည်။

+

အအရာသည် မဟာ ကောင်းကင်ကိုးလွှာ
မြင့်မြတ်သောဓားနှင့် သူတော်စင်
ကောင်းကင်ဓားချီတို့ထက် ပို၍ အထက်တန်းကျသော
လင်းဖုန်း၏ ယွမ်တာအိုဓား ဖြစ်သည်။ ဤဓားသည်
မရေမတွက်နိုင်သော မှော်ကျိန်စာများကို
ဖန်ဆင်းနိုင်သော်လည်း မရေမတွက်နိုင်သော
မှော်ကျိန်စာများကို ဖျက်လည်း ဖျက်ဆီးနိုင်သည်။

လင်းဖုန်း၏ ဓားအလင်းတန်းဖြင့် အချိန်ရှုယ်ခံခဲ့ရသော
အခါ ရှမ်ဆန်း၏ နဖူးပေါ်မှ ရောမ 'တာအို'ဟူသော
စကားလုံးသည် စတင်၍ မှေးမှိန်လာခဲ့သည်။

ထိုအလင်းတန်းသည် လုံးဝ မှေးမှိန်မသွားခဲ့သော်လည်း
ရှမ်ဆန်းသည် တော်ဝင်ကောင်းကင် ဝက်ပါ၊
ထိုက်ကျိကောင်းကင် ကြွယ်စင်ဝက်ပါ၊

+

အချိန်မြစ်ရေတို့နှင့် ယှဉ်ပြိုင်ရာတွင် များစွာ အရေးမလှ ဖြစ်လာခဲ့သည်။

ကြွယ်ကေရာဇ်၏ မျက်လုံးများ အတွင်းတွင် အေးစက်သော အကြည့်တစ်ခု ပေါ်လာ၍ ဘာမှ မပြောခဲ့ပဲ သူ့အနားသို့ နီးကပ်လာသော လင်းဖုန်းထံသို့ လက်သည်းဖြင့် ကုတ်ဆွဲလိုက်သည်။

ဤလက်သည်း ကျဆင်းလာသော အခါ ကြောက်မက်ဖွယ်ရာ လက်သည်းအမှတ်များသည် တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းမှ လေဟာနယ် အတွင်းတွင် ပေါ်လာခဲ့သည်။

+

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ရုပ်ကိုယ်ခန္ဓာ အသန့်မာဆုံး ဖြစ်သော ပထမ နဂါး၏ စွမ်းအားသည် မဟာကမ္ဘာကိုပင် ဆွဲဖြဲနိုင်စွမ်း ရှိနေသည်။

လင်းဖုန်း၏ အရှေ့တွင် တာအိုသစ်သီး တစ်လုံး ပေါ်လာခဲ့သည်။ ထူးခြားဆန်းကြယ်သော ထိုအစက်သည် ခန့်မှန်း၍ မရနိုင်ပဲ အရာအားလုံးတို့၏ အစမူလနှင့် နောက်ဆုံးပန်းတိုင်တို့လည်း ဖြစ်နေခဲ့သည်။ ရွှမ်ဆန်း၏ ကြီးမားလှသည့် စွမ်းအားကပင် အတားဆီးခံခဲ့ရကာ သူ၏ လက်သည်းသည် ကျဆင်းလာနိုင်စွမ်း မရှိတော့ပေ။

သို့သော်လည်း ဤအချိန်တွင် ရှန်းယွမ်သည် ရုတ်တရက်ပင် ခက်ထန်စွာဖြင့် ဟိန်းဟောက်လိုက်သည်။

+

သူ့အနားမှ နီရဲနေသော ကြယ်ပင်လယ်သည် စတင်၍ ထကြွလှုပ်ရှားလာခဲ့၍ ရှန်းယွမ်သည် တစ်ခါမှ မကြုံဖူးသော ပေါက်ကွဲနိုင်သည့် စွမ်းအားများကို ထုတ်လွှတ်လိုက်သည်။ သူခုန်လိုက်သော အခါ ခက်ထန်ကြမ်းတမ်းမှုများကို မဖော်ပြခဲ့သော်လည်း အလွန်လျင်မြန်ကာ အစစ်အမှန် မဟုတ်ဟု ထင်နေရပြီး တော်ဝင်ကောင်းကင် ဝင်္ကပါ အတွင်းမှ ခုန်ထွက်သွားခဲ့သည်။

တော်ဝင်ကောင်းကင် ဝင်္ကပါသည် ရွှမ်ဆန်းကိုလည်း ဟန့်တားနေရသဖြင့် ရှန်းယွမ်အပေါ်တွင် အာရုံစိုက်မှု လျော့နည်းသွားကာ ရှန်းယွမ်က လွတ်မြောက်သွားနိုင်ခဲ့ခြင်း ဖြစ်သည်။

+

မဟာဟင်းလင်းပြင် သူတော်စင်နှင့် ဗုဒ္ဓတို့သည် ရှန်းယွမ်က ထောင်ချောက်အတွင်းမှ ချိုးဖောက် လွတ်မြောက်သွားခဲ့သည်ကို တွေ့ခဲ့ရသော အခါ သတိကြီးစွာ ထားခဲ့ကြ၍ ထိတ်လန့် တုန်လှုပ်သွားကြသည်။

လင်းဖုန်းသည် တော်ဝင်မိစ္ဆာ ဧကရာဇ် နှစ်ပါးတို့အား တစ်ပြိုင်နက်တည်း ဖိနှိပ်မထားနိုင်ခဲ့သော်လည်း သူတို့အား အရေးမလှ ဖြစ်အောင် လုပ်နိုင်ခဲ့သည်။ ဤအရာသည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် တစ်ခါမှ မကြုံဖူးသေးသည့် အဖြစ်တစ်ခု ဖြစ်သည်။

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့၏ စိတ်အတွင်း၌လည်း တူညီသော အတွေးများ ပေါ်လာကြသည်။ သို့သော်လည်း သူတို့က ဘာဆက်လုပ်ရမည်ကို မစဥ်းစားရသေးခင်တွင် လင်းဖုန်းသည်

+

တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းမှ စတင်၍
ရယ်မောလိုက်သည်။

သူသည် သူ့ထောင်ချောက် အတွင်းမှ ရှန်းယွမ်က
လွတ်မြောက်သွားခဲ့သည်ကို နှမြောနေပုံ မရပဲ တစ်ပါးက
အပြင်၊ တစ်ပါးက အတွင်းတွင် ရှိနေသော တော်ဝင်မိစ္ဆာ
ကေရာဇ် နှစ်ပါးတို့နှင့် တစ်ပြိုင်နက်တည်း တိုက်ခိုက်၍
ဖြစ်လာနိုင်သော အကျိုးဆက်များကိုလည်း စဥ်းစားနေပုံ
မရပေ။

သူသည် ရယ်မောနေရင်း သူ၏ ညာလက်ဖြင့်
နောက်ထပ် ခေးမှော်ကျိန်စာ တစ်ခုကို ထပ်မံ
ထုတ်ဖော်လိုက်သည်။

သို့သော်လည်း ဤအချိန်တွင် ထိုခေးမှော်ကျိန်စာသည်
ယွမ်တာအိုခေး မဟုတ်တော့ပေ။

+

## စာစဥ် ၇၆ : အပိုင်း ၁

## အပိုင်း ၁၄၇၁ : ဘယ်သူက မင်းကို ဒီကမ္ဘာမှာ စိန်ခေါ်နိုင်ဦးမလဲ

လင်းဖုန်းသည် တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးအား တစ်ယောက်တည်း တိုက်ခိုက်နေခဲ့ခြင်း ဖြစ်သည်။ သူသည် အောက်စည်းသို့ ရောက်မနေခဲ့သော်လည်း သူတို့ နှစ်ယောက်စလုံးအား တစ်ပြိုင်နက် ဖိနှိပ်ကာ ချုပ်နှောင်ထားရန် မလွယ်လှပေ။

ရှန်းယွမ်သည် လင်းဖုန်းက ရွှမ်ဆန်းနှင့် တိုက်ခိုက်နေသည့် အခွင့်အရေးကို အသုံးချကာ သူ၏

+

စွမ်းအားများကို ထုတ်ဖော်၍ တော်ဝင်ကောင်းကင် ဝက်ပါ အတွင်းမှ ခုန်ထွက်သွားခဲ့သည်။

ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါသည် တော်ဝင်ကောင်းကင် ဝက်ပါ၏ အပြင်ဘက်တွင် တည်ရှိနေ၍ ကြယ်စင်များသည် ကောင်းကင်ယံတွင် လည်ပတ်နေကြသည်။ ရှန်းယွမ်သည် သွားများပေါ်အောင် ပြုံးလိုက်ရာ သူ၏ ခန္ဓာကိုယ် အနားတွင် လည်ပတ်နေသော သွေးနီရောင် ကြယ်များသည် ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါနှင့် ထိပ်တိုက်တွေ့ခဲ့သည်။

ရောမ ဝက်ပါကြီးသည် ချက်ချင်းပင် အရှိန်လျော့သွားကာ စကြာဝဠာ တစ်ခုလုံးနှင့် တူနေသော ကြယ်စင်ကောင်းကင်သည် ရုတ်တရက် အနီရောင် စွန်းထင်းသွားသည်။

+

ဤအချိန်တွင် ကောင်းကင်တော်ဝင် ဝက်ပါ၏
ပိတ်ဆို့မှုကလည်း အားနည်းသွားခဲ့ကာ
ရွှမ်ဆန်းကလည်း ဤအခွင့်အရေးကို အသုံးချ၍
စစ်တုရင်ခုံ အတွင်းမှ ထွက်ခွာလာခဲ့သည်။

ချိုးဖောက်လာနိုင်ခဲ့ကြသော်လည်း တော်ဝင်မိစ္ဆာ
ကေရာဇ် နှစ်ပါးတို့သည် စိတ်သက်သာရာ
မရနေသေးချေ။ မဟာဟင်းလင်းပြင် သူတော်စင်၊ အန္တိမ
ကောင်းကင်ကြေးမုံနှင့် သကျမုနိတို့ အားလုံးသည်
ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၏ အပြင်သို့
ရောက်နေကြပြီ ဖြစ်ပြီး လင်းဖုန်းကိုယ်တိုင်ကလည်း
ရှိနေသေးသည်။

+

လင်းဖုန်းသည် သူ၏ လက်ညှိုးနှင့် လက်ခလယ်တို့အား ဓားတစ်ချောင်းကဲ့သို့ ဆန့်တန်းလိုက်ကာ လေထုအလယ်သို့ ဖော့ယမ်းလိုက်ရာ ကစဉ့်ကလျား ဘောလုံးတစ်လုံးနှင့် မယုံနိုင်အောင် ခက်ထန်သော ဓားအလင်းတန်း တစ်တန်းတို့က သူ၏ လက်ဖျားထိပ်များတွင် ပေါ်လာခဲ့သည်။

အရာအားလုံးကို ဖျက်ဆီးနိုင်သည့် ကြောက်မက်ဖွယ်ရာ ကမ္ဘာဖျက် စွမ်းအားများသည် တော်ဝင်မိစ္ဆာ ကေရာဇ်တို့၏ မိစ္ဆာ စွမ်းအားများထက်ပင် ပို၍ ကြောက်စရာ ကောင်းကာ နတ်ဆိုးဆန်နေသည်။

ဤဓားအလင်းတန်း ပေါ်လာသည့် အချိန်မှ စကာ နဂိုကလည်းက ခက်ထန်နေသော ဝိညာဉ်ပင်လယ်သည် ပို၍ ပြင်းထန်ကာ ထကြွလာခဲ့သည်။

+

လင်းဖုန်းနှင့် ယုကျင်းတောင်တို့သည်
ဝိညာဥ်ပင်လယ်နှင့် သူ၏ ကိုယ်ပိုင်ကမ္ဘာတို့ အကြားမှ
မဟာ ကစဥ့်ကလျားများ အကြားတွင်
ရှိနေကြသော်လည်း လင်းဖုန်း၏
ကောင်းကင်ဖျက်ဆီးခြား ပေါ်လာခြင်းသည်
ဝိညာဥ်ပင်လယ်အား ထကြွလှုပ်ရှားလာစေရန်
လှုံ့လောက်နေပေပြီ။

ဝိညာဥ်ပင်လယ် အတွင်းမှ စိတ်ဝိညာဥ် စွမ်းအင်နှင့်
အလင်းတန်းများသည် လင်းဖုန်းထံသို့ တရဟော
စီးဝင်လာကာ သူ့အား လုံးဝ နစ်မြှုပ်ပစ်လိုနေသည်ဟု
ထင်နေရသည်။

သို့သော်လည်း ဝိညာဥ်ပင်လယ်မှ လှိုင်းလုံးများက ပို၍ သန်မာလာသည်နှင့် သေမင်းပင်လယ်၏ ပင်လယ်ရေများသည်လည်း အလားတူ သန်မာလာကာ အက်ကွဲကြောင်းမှ စီးထွက်လာခဲ့ပြီး အက်ကွဲကြောင်းအား ပို၍ပို၍ ကြီးလာစေခဲ့သည်။

လင်းဖုန်းသည် ကမ္ဘာကြီး တစ်ခုလုံး၏ ကြမ်းကြုတ်သော စွမ်းအားများကို ဆွဲယူလိုက်ကာ သူတို့အား ဤကစဥ္စကလျား နေရာ အတွင်းတွင် စတင်၍ စုစည်းလိုက်သည်။

သိပ်သည်းလှသည့် ကြမ်းကြုတ်သော စွမ်းအားများသည် စုစည်းလာ၍ အသွင်မဲ့ လေစီးကြောင်းများ ဖြစ်လာကာ သူတို့နှင့် ထိတွေ့မိသည့် သက်ရှိအားလုံးတို့က ကြွေလွင့်သွားကာ အချိန်ကာလနှင့် လေဟာနယ်တို့က ပြိုကျ ပျက်စီးသွားကြသည်။

+

ယုကျင်းတောင်၊ မဟာ့ရာကောင်းကင် ရတနာသစ်ပင်နှင့် ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင် တိမ်တိုက်တို့ကလည်း အဆက်မပြတ် တုန်ခါလာကြသည်။

ဤအချိန်တွင် လင်းဖုန်း၏ လက်ဖျားထိပ်များမှ ကောင်းကင်ဖျက်ဆီး ဓားချီသည် ကစဥ့်ကလျား အမှောင်ထု အရောင်အဆင်းမှ အသွင်သဏ္ဍာန်နှင့် အရောင်အဆင်း ကင်းမဲ့သော အရာတစ်ခု အဖြစ်သို့ ပြောင်းသွားသော်လည်း သူအတွင်းတွင် ပါဝင်နေသော ခက်ထန်လှသည့် ကြောက်မက်ဖွယ်ရာ စွမ်းအားသည် ပို၍ ထက်မြက်လာပြီး အသက်ရှူမရအောင် မွန်းကြပ်စေခဲ့သည်။

+

ထိုခေးဖျား ရောက်သွားသော နေရာတိုင်းတွင်
သေမင်းနှင့် ကမ္ဘာပျက်ခြင်းတို့က လိုက်လာခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည်
လင်းဖုန်းအား လေးနက်သော အမူအရာများဖြင့်
ကြည့်လိုက်ကြသည်။

သူတို့အနေဖြင့် လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး
ခေးချီသည် သေမင်းပင်လယ်၏ စွမ်းအားများနှင့်
ဆင်တူနေကြောင်းကို အာရုံခံနိုင်ခဲ့ကြသည်။ သူတို့သည်
ဆင်တူနေကြသော်လည်း အကြောင်းအရာ များစွာ
မသိမသာ ကွဲပြားနေကြသည်။

သို့သော်လည်း သူတို့ နှစ်ခုစလုံးသည်
ကမ္ဘာတစ်ခုလုံးအား ဖျက်စီးမှုများ၊ ကစဥ့်ကလျားမှုများ၊

+

ကပ်ဆိုးများကို ယူဆောင်လာပေးနိုင်သော ကမ္ဘာဖျက်စွမ်းအားများ ဖြစ်ကြသည်မှာ သံသယဖြစ်ဖွယ် မရှိပေ။ အမြင့်ဆုံး ဖြစ်နိုင်ခြေသည် မဟာကမ္ဘာ ကိုယ်တိုင်က ပျက်စီးမှု လမ်းကြောင်းအပေါ်သို့ ရောက်သွားနိုင်ခြင်း ဖြစ်သည်။

ဤစွမ်းအားသည် စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် မဟာကပ်ဘေးတို့ထက် သာလွန်နေသော စွမ်းအားတစ်ခု ဖြစ်သည်။ ဤစွမ်းအားသည် ကမ္ဘာအတွင်းရှိ ကြမ္မာပန်းတိုင် အားလုံးနှင့် တာအို အားလုံးတို့ကို အဆုံးသတ်နိုင်သော စွမ်းအားတစ်ခု ဖြစ်သည်။

ထိုက်ရီသူတော်စင်၊ ကျန်းရီသူတော်စင်နှင့် ရှမ်းရီသူတော်စင်တို့သည် စိုက်ကြည့်နေကြရင်း သူတို့၏ ဦးရေပြားများ ကျိန်းလာသကဲ့သို့ ခံစားလာရသည်။ "ဒီခက်ထန်မှုဟာ အရင်ကထက် ပိုပြီးမှ

+

ပြင်းထန်လာတယ်… ဒီတိုးတက်မှုနှုန်း အရ သူဟာ ကောင်းကင်ဖျက်ဆီး ခေးကိုတောင် မလိုတော့ပဲ သူကိုယ်တိုင်ကိုက မဟာကမ္ဘာ တစ်ခုလုံးကို အဆုံးသတ် ပျက်သုဥ်းအောင် လုပ်နိုင်တော့မယ်"

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့သည် ဤအရာကို တိုက်ရိုက် ရင်ဆိုင်နေရသူများ ဖြစ်သဖြင့် သူတို့၏ အတွေ့အကြုံများသည် ပို၍ ထက်မြက်နေကြသည်။

ရှန်းယွမ်သည် သူ၏ သွေးနီရောင် မျက်လုံးများဖြင့် စိုက်ကြည့်နေရင်း သူ့တစ်ကိုယ်လုံးမှ ဆီးနှင်းဖြူရောင် အမွေးများ အားလုံးတို့က ထောင်လာခဲ့သည်။ သူသည် ကောင်းကင်ပေါ်သို့ ခက်ထန်စွာ ခုန်တက်လိုက်ရာ သူ၏ လှုပ်ရှားမှုများသည် အလွန်အမင်း လျင်မြန်လာ၍ ထပ်ဖန်တစ်ခါ ခန့်မှန်း၍ မရနိုင်တော့ချေ။

+

ရွှမ်ဆန်းကလည်း အလားတူ လေးနက်နေခဲ့သည်။ သူ၏
တစ်ကိုယ်လုံးမှ အကြေးခွံများ ဖွင့်လိုက် ပိတ်လိုက်
ဖြစ်သွားသော အခါ ကျယ်ပြန့်လှသော မိစ္ဆာစွမ်းအားများ
ထွက်ပေါ်လာ၍ ရွှေရောင် အလင်းတန်းများ
ကောင်းကင်ပေါ်သို့ ထိုးတက်သွားကာ
သူ့တစ်ကိုယ်လုံးအား လွှမ်းခြုံသွားခဲ့သည်။

အစွမ်းထက်သော ပုဂ္ဂိုလ် လေးယောက်စလုံးတို့သည်
ဤအချိန်၌ လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီးခြား
တစ်ခုတည်းကိုသာ ထုတ်ဖော်နေခြင်း မဟုတ်မှန်း
ခံစားမိနေခဲ့ကြသည်။

သူ၏ လက်ဖျားထိပ်မှ အနက်ရောင် အလင်းတန်းများ
လင်းလက်လာ၍ ကောင်းကင်အတွင်းတွင်

+

မရေမတွက်နိုင်သော အနက်ရောင် အလင်းတန်း
ခေးများအဖြစ်သို့ ပြောင်းသွားကြကာ တိမ်တိုက်များ
အကြားမှ ထိုးဖောက်သွားနေကြသော သွေးနီရောင်
တိုင်လုံးများ အနားတွင် လည်ပတ်နေကြသည်။

မရေမတွက်နိုင်သော အနက်ရောင် အလင်းတန်း
ခေးများသည် လျှင်မြန်စွာ စုစည်းလာကာ ဝက်ပါပုံစံ
တစ်ခုအဖြစ်သို့ ပြောင်းသွား၍ ရောမ ခေးဝက်ပါ
တစ်ခုအား ဖန်ဆင်းလိုက်သည်။

ရန်လိုနေသော ကြောက်မက်ဖွယ်ရာ အင်အားများသည်
ကောင်းကင်အတွင်း၌ ပျံ့နှံ့နေကာ လူအများ၏
နှလုံးသားများ အတွင်းတွင် ကြောက်စိတ်များကို
ဖြစ်ပေါ်စေခဲ့သည်။

+

ကောင်းကင်ဖျက်ဆီး ဓားၡ၏ အဆက်မပြတ်
တိုးတက်လာမှုနှင့် လင်းဖုန်း၏ ကျင့်ကြံမှု အဆင့်အတန်း
ဆက်တိုက် မြင့်မားလာမှုကြောင့် ကောင်းကင်ဖျက်ဆီး
ဓားဝက်ံပါကလည်း ပို၍ပို၍ အစွမ်းထက်လာခဲ့သည်။

လင်းဖုန်းသည် ဤဓားဝက်ံပါအား အသုံးမပြုသည်မှာ
အချိန်အတန်ကြာ ရှိပြီ ဖြစ်ပြီး ဤဓားဝက်ံပါ၏
ထပ်ဖန်တစ်ခါ ပေါ်ပေါက်လာမှုသည် မဟာကမ္ဘာ
တစ်ခုလုံးကို တုန်လှုပ်သွားစေသည်။

ဤရောမ ဓားဝက်ံပါကြီးသည် လင်းဖုန်း၏
လက်ဖျားထိပ်များမှ အသွင်သဏ္ဍာန်နှင့် အရောင်အဆင်း
ကင်းမဲ့နေသော ဓားအလင်းတန်းနှင့် ပေါင်းစည်းသွားကာ
ထပ်ဖန်တစ်ခါ ပြောင်းလဲသွား၍ နောက်တစ်ဆင့်သို့
တက်လှမ်းနိုင်ခဲ့သည်။

+

သွေးနီရောင် တိုင်လုံးများနှင့် မရေမတွက်နိုင်သော အနက်ရောင် အလင်းတန်း ခါးများသည် ဖြည်းဖြည်းချင်း အသွင်သဏ္ဍာန်နှင့် အရောင်အဆင်း ကင်းမဲ့သွားကြသော်လည်း သူတို့အတွင်းတွင် ရှိနေသော ခက်ထန်မှုနှင့် ကြမ်းကြုတ်မှုများသည် ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းလာကြသည်။

ရှန်းယွမ်နှင့် ရွှမ်ဆန်းတို့ နှစ်ယောက်စလုံးသည် ကောင်းကင်ဖျက်ဆီး ခါးဝက်ပါအား ကြည့်နေရင်း ပို၍ လေးနက်လာကြသည်။

ကောင်းကင်ဖျက်ဆီး ခါးဝက်ပါ ပေါ်လာသော အခါ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၏

+

ကြယ်အလင်းတန်းများသည် ပို၍ မှေးမှိန်လာကာ သူ၏ လည်ပတ်မှုများကပင် အဟန့်တားခံခဲ့ရသည်။

ဤရောမ ဝက်ပါ အတွင်းမှ တော်ဝင်နန်းတော်နှင့် ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် အဆက်မပြတ် တုန်ခါနေခဲ့ကြသည်။

သူတို့၏ ကိုယ်ပိုင် စွမ်းအားများသည် ဤမျှသာ ရှိသော်လည်း တော်ဝင်မိစ္ဆာ ဧကရာဇ်တို့အား ပစ်မှတ်ထားနေခဲ့ရသဖြင့် သူတို့၏ ခံစားချက်များကို အထူး ပြောနေစရာ မလိုတော့ပေ။

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ခေါဝက်ပါအား အသက်မသွင်းသေးပဲ အားရပါးရ ရယ်လိုက်ကာ ပြောလိုက်သည်။ "ရှမ်းလီ... လာစမ်း"

+

ဤနေရာမှ လူများအားလုံးတို့သည် ထိတ်လန့် တုန်လှုပ်သွားကြသည်။

ယုကျင်းတောင် အပြင်မှ ဝိညာဥ်ပင်လယ်နှင့် သေမင်းပင်လယ် အကြားရှိ ဝဲကတော့သည် ပို၍ပို၍ ကြီးမားလာပြီး အစွန်းရောက်နေသော်လည်း လက်တွေ့ကျနေသည့် ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏ စွမ်းအားများသည် ယှက်သန်းနေကြကာ ပို၍ပို၍ ကြီးထွားလာနေကြ၍ သူ့အနားသို့ ကပ်လာသော အရာ အားလုံးတို့နှင့် စိတ်ဝိညာဥ် စွမ်းအင် အားလုံးတို့အား ဖျက်ဆီး ခြေမွပစ်နေကြသည်။

+

သို့သော်လည်း သူ့အတွင်းတွင် ပါဝင်နေသော
ခေးအလင်းတန်းသည် ပို၍ပို၍ တောက်ပလာပြီး
အထွတ်အထိပ်သို့ ရောက်သွားသော အခါ ပါးလျသော
လေထုအတွင်းသို့ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

ခက်ထန်၍ ထူးဆန်း အံ့ဩဖွယ်ကောင်းသော
ခေးအရှိန်အဝါသည် ဤအချိန်တွင် ပျောက်ကွယ်သွားခဲ့၍
တတိယ အကြိမ် အဆင့်မြင့်နေသော
ကောင်းကင်ဖျက်ဆီး ခေးသည် မရှိတော့သကဲ့သို့
ထင်နေရသည်။

သူက ကျရှုံးသွားလေသလော။

မဟုတ်ပေ။

+

အေးစက်နေသလို လှပနေ၍ မယုံနိုင်လောက်အောင် ဆွဲဆောင်နိုင်စွမ်း ရှိပြီး ချောမောလှသည့် မိန်းကလေး တစ်ယောက်သည် လင်းဖုန်းအပေါ်မှ ကောင်းကင်ဖျက်ဆီး ခါးဝက်ပါ အတွင်းတွင် တင်ပလ္လင်ခွေ ထိုင်နေကာ ပေါ်လာခဲ့သည်။ သူမသည် ရွှမ်းလီဖြစ်သည်။

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ပြီး သတ္တု ရိုက်ခတ်သံနှင့် တူနေသော ရွှမ်းလီ၏ အသံနှင့် အတူ ပြိုင်တူ အော်ဟစ်လိုက်သည်။ "ကောင်းကင်ကို ဖျက်ဆီးခြင်း"

ခဏအကြာတွင် ရွှမ်းလီ၏ ပုံရိပ်သည် ခါးဝက်ပါ အတွင်းသို့ ပျောက်ကွယ်သွား၍ လင်းဖုန်းသည် သူ၏ညာလက်ကို မြှောက်လိုက်ရာ အသွင်သဏ္ဍာန်နှင့် အရောင်အဆင်း ကင်းမဲ့နေသော ခါးရှည်တစ်လက် သူ့လက်အတွင်းတွင် ပေါ်လာခဲ့သည်။

+

ထိုခေါ်းရှည် အတွင်းတွင် ခက်ထန်မှု သို့မဟုတ် ကြောက်မက်ဖွယ် ကောင်းမှုများ တစ်စက်မှ မပါနေသော်လည်း ယခင်ကနှင့် လုံးဝ ကွဲပြားနေသကဲ့သို့ ခံစားနေရသည်။

သို့သော်လည်း ထိုက်ရီသူတော်စင်သည် ရှုံးနိမ့်သွားသကဲ့သို့ ခံစားခဲ့ရကာ သက်ပြင်းတစ်ချက် ချလိုက်၍ ငြိမ်သက်သွားခဲ့သည်။

ကောင်းကင်ဖျက်ဆီး ခေါ်းသည် ယခင်ကထက် ပို၍ သန်မာလာကာ သူ၏ အရှိန်အဝါကို မခံစားခဲ့ရသော်လည်း သူ၏ စွမ်းအားများက ဆုံးရှုံးသွားသည်ဟု မဆိုလိုနေပေ။ ထို့အစား သူသည် အပြင်သို့ မစီးဆင်းတော့ခြင်းသာ ဖြစ်နေ၍

+

တစ်ချိန်တည်းတွင် ပို၍ ထူးခြား ဆန်းကြယ်ကာ
အစွမ်းထက်လာခဲ့သည်။

ဤအရာသည် သူတို့ အရှေ့မှ ကြောက်မက်ဖွယ်ရာ
သေမင်းပင်လယ်နှင့် တူနေ၍ သက်ရှိအားလုံးတို့အား
အလဟဿ ဖြစ်စေကာ ကောင်းကင်၊ မြေကြီးနှင့်
တာအိုအားလုံးတို့အား ပြိုလဲစေခဲ့သည်။

သာမန် အချိန်၌ သေမျိုးများနှင့် ကျင့်ကြံသူများ
မည်မျှတို့က သူ၏ တည်ရှိနေမှုကို အာရုံခံနိုင်ကြမည်
ဖြစ်သနည်း၊ မည်မျှတို့က သူ၏ ကြောက်မက်ဖွယ်
ကောင်းပုံကို ကိုယ်တိုင်ကိုယ်ကျ ခံစားနိုင်မည်နည်း၊
မည်မျှတို့က သေမင်းပင်လယ် အတွင်းသို့ ဝင်နိုင်၍
အရာအားလုံးကို ဖျက်ဆီးနိုင်သော ဤစွမ်းအားကို
ကမ္ဘာပေါ်သို့ ထပ်ဖန်တစ်ခါ ဆင်းသက်လာနိုင်ရန်
ခွင့်ပြုနိုင်မည်နည်း။

+

ကောင်းကင်ဖျက်ဆီး ခေး၏ ပြန်လည်
ပေါ်ပေါက်လာမှုသည် ထိုက်ကျိုကောင်းကင်
ကြယ်စင်ဝက်ပါနှင့် သူ့အတွင်းမှ ကြယ်စင်ပင်လယ်
ဝင်ပေါက်များနှင့် တော်ဝင်နန်းတော်တို့ အပေါ်၌
တုံ့ပြန်မှုများစွာ မဖြစ်ပေါ်လာစေခဲ့ပေ။

ဝိညာဥ်ပင်လယ် အတွင်းမှ ဖန်းတုန်း သုသာန်နှင့် ဟီဂန်
ရွှေရောင်တံတား၊ မဟာကမ္ဘာ အတွင်းမှ
ကောင်းကင်ဖွင့်လှစ်ခေးနှင့် သက်ရှည်ကြာပန်း
ထိုင်ခုံတို့ကလည်း လှုပ်လှုပ်ရှားရှား ဖြစ်မလာခဲ့ပေ။

အပြင်းအထန် တုံ့ပြန်ခဲ့ကြသော မှော်ရတနာ နှစ်ပါးသာ
ရှိခဲ့သည်။

+

လင်းဖုန်းဘေးမှ ကြမ္မာပန်းတိုင် ခေါင်းလောင်းနှင့်
မဟာဟင်းလင်းပြင် သူတော်စင် ဘေးမှ အန္တိမ
ကောင်းကင်ကြေးမုံတို့ ဖြစ်ကြသည်။

လင်းဖုန်းဘေးမှ ကြမ္မာပန်းတိုင် ခေါင်းလောင်းသည်
အဆက်မပြတ် တီးခတ်နေခဲ့ကာ
ခေါင်းလောင်းသံများသည် ယခင်ကထက် ပို၍
မြန်ဆန်လာ၍ ထက်မြက်သော ခံစားချက်များကို
ပေးစွမ်းနိုင်ခဲ့သည်။

ရောမ ခေါင်းလောင်းကြီးသည် ဆက်လက် မြည်နေကာ
အလင်းတန်း ပုံရိပ်များက သူ့အနားတွင်
ကခုန်နေကြသည်။ ခေါင်းလောင်းတစ်ချက် မြည်တိုင်း
အတွင်းမှ ကြမ္မာပန်းတိုင် ကမ္ဘာ တစ်ခုလုံးက
ပျက်စီးသွားသကဲ့သို့ ထင်နေရပြီး နောက်တစ်ချက်

+

မြည်သောအခါ နောက်ထပ် စကြာဝဠာ တစ်ခုနှင့် မဟာကမ္ဘာ တစ်ခုတို့ ပွင့်လာသကဲ့သို့ ထင်နေရသည်။

ခေါင်းဆောင်းသံ ဆုံးသွားသော အခါ ဤကမ္ဘာသည် ထပ်ဖန်တစ်ခါ ပျက်သုဥ်းသွား၍ ဤသံသရာသည် အဆက်မပြတ် ဆက်လက် လည်ပတ်နေခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် အဆုံးမဲ့ လေဟာနယ် အတွင်းတွင် သူ့ကိုယ်သူ ဖော်ပြခဲ့၍ ကြေးမုံ၏ မျက်နှာပြင်သည် ပိုမို တောက်ပလာကာ မှေးမှိန်သွားပြီး ထပ်မံ တောက်ပလာကာ ဤကဲ့သို့ အဆက်မပြတ် သံသရာလည်နေခဲ့သည်။

+

အန္တိမ ကောင်းကင်ကြေးမုံနှင့် ဆက်သွယ်နေခဲ့သော မရေမတွက်နိုင်သည့် အလင်းတန်းများသည် စတင်၍ ကျိုးပျက်လာခဲ့သည်။

မျက်နှာပေါင်း တစ်သန်းနှင့် ထူးခြား ဆန်းကြယ်လှသည့် ကြေးမုံသည် လေဟာနယ် အတွင်းတွင် တုန်ခါလာ၍ ကျွတ်ကျွတ် ဆူညံနေသော အသံများကို ကြားလာရသည်။

ဤအချိန်တွင် အားလုံးတို့သည် လင်းဖုန်း လက်အတွင်းမှ အသွင်မဲ့ဓားကို စိုက်ကြည့်နေကြကာ အသွင်မဲ့နေသော်လည်း ကြောက်မက်ဖွယ် ကောင်းလှသည့် စွမ်းအားသည် အားလုံးတို့၏ ရင်အတွင်းတွင် ကြောက်စိတ်များကို ထည့်သွင်းနိုင်ခဲ့သည်။

+

ခေါးကို ထုတ်ပင် မထုတ်ရသေးသော်လည်း
အားလုံးတို့သည် သူ့အား ခံစားနေခဲ့ရသည်။

သူတို့အရှေ့မှ ကောင်းကင်ဖျက်ဆီး ခေါးသည်
အမှန်တကယ်ပင် မူလကောင်းကင် ကမ္ဘာ အတွင်းမှ
နံပါတ်တစ် မှော်ရတနာ ဖြစ်လာခဲ့၍ ကြမ္မာပန်းတိုင်
ခေါင်းလောင်းနှင့် အန္တိမ ကောင်းကင်ကြေးမုံတို့အား
လုံး၀ နောက်ကောက်ချနိုင်ခဲ့ပြီ ဖြစ်သည်။

သူ၏ ကြောက်မက်ဖွယ် ကောင်းလှသည့်
စွမ်းအားများသည် လူအများအား သူသည်
မူလကောင်းကင် ကမ္ဘာ အတွင်းတွင် မရှိသင့်နေ၍
ဤမဟာကမ္ဘာသည် ထိုစွမ်းအားကို ခံဆောင်နိုင်စွမ်း
မရှိဟု ခံစားနေရသည်။

+

လင်းဖုန်း၏ အမူအရာသည် တည်ငြိမ်နေ၍ ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့အား စိုက်ကြည့်နေခဲ့သည်။

ပြီးတာနှင့် သူသည် သူ၏ခေါးဖြင့် ခုတ်ချလိုက်လေသည်။

ခေါးသည် ကောင်းကင်တစ်လျှောက် ဟိန်းဟောက်လာ၍ နတ်ဘုရားနယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့ အပါအဝင် မဟာကမ္ဘာ တစ်ခုလုံးက မှေးမှိန်သွားသည်။ ကောင်းကင်သည် မည်းမှောင်သွား၍ စိတ်ဝိညာဥ် စွမ်းအင် အမြောက်အမြားတို့က ခြောက်ကပ်သွားခဲ့သည်။

လေဟာနယ် တစ်လွှာပြီး တစ်လွှာနှင့် အလယ်ကမ္ဘာများကပင် ဤကဲ့သို့ ပျက်သုဥ်းသွားခဲ့သည်။

+

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့သည် မူလကောင်းကင် ကမ္ဘာ၏
အထွတ်အထိပ် နေရာတွင် ရှိနေကြသော အစွမ်းထက်
ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သို့သော်လည်း
သူတို့နှစ်ယောက်သည် ယခုအချိန်တွင် သက်ပြင်းသာ
ချနိုင်ခဲ့ကြသည်။

ဤအချိန်တွင် သူတို့ နှစ်ယောက်စလုံးတို့က ကမ္ဘာကြီး၏
နောက်ဆုံး အဆုံးသတ်နှင့် ရင်ဆိုင်နေရသကဲ့သို့
ခံစားနေရသည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့်
သကျမုနိတို့ကလည်း သက်ပြင်းကိုယ်စီ ချခဲ့ကြသည်။

+

မဟာကမ္ဘာ အတွင်းမှ အက်ကွဲကြောင်းအား ကြည့်နေရင်း ထိုက်ရီသူတော်စင်၏ မျက်နှာသည် ဖြူဖျော့နေခဲ့သည်။ သူသည် မဟာကမ္ဘာ တစ်ခုလုံးက လုံး၀ ပျက်သုဉ်းခြင်း လမ်းကြောင်းပေါ်သို့ ရောက်နေခဲ့သည်ဟု ခံစားနေရသည်။

ကံကောင်းစွာနှင့် လင်းဖုန်း၏ ဓားသည် တော်၀င်မိစ္ဆာဧကရာဇ် နှစ်ပါးတို့ အပေါ်သို့ ခုတ်ချနေခဲ့ခြင်း ဖြစ်ပြီး မဟာကမ္ဘာ အပေါ်သို့ မဟုတ်ခဲ့ပေ။ မဟုတ်လျှင် ထိုက်ရီသူတော်စင် အနေဖြင့် ရလဒ်များကို စဉ်းပင် စဉ်းစားရဲတော့မည် မဟုတ်ချေ။

မူလကောင်းကင် ပင်လယ် ခုနစ်သွယ်တို့ကလည်း အားလုံး တုန်ခါလာကြသည်။

+

မဟူရာပင်လယ်၊ ယင်ပင်လယ်၊ ဟင်းလင်းပြင်ပင်လယ်၊
ငရဲကမ္ဘာပင်လယ်၊ ကြယ်စင်ပင်လယ်တို့သည်
ထကြွလှုပ်ရှားမလာခဲ့ပဲ သူ့နေရာ၌သူသာ ရှိနေခဲ့သည်။

မဟူရာပင်လယ် အတွင်းမှ လှိုင်းလုံးများသည်
ရုပ်ထုများကဲ့သို့ အေးခဲသွားခဲ့သည်။

ယင်ပင်လယ် အတွင်းမှ မြူခိုးငွေ့နှင့်
တိမ်တိုက်များတို့သည် နွံ့နှောင်းလေးကန်သွားခဲ့သည်။

ဟင်းလင်းပြင် ပင်လယ်အတွင်းမှ လေပြင်းမုန်တိုင်းများ
အားလုံးတို့သည် တည်ငြိမ်သွားကြ၍
ပင်လယ်တစ်ခုလုံးသည် ယခင်က တစ်ခါမှ မကြုံဖူးသည့်
အေးချမ်းခြင်း အခြေအနေသို့ ရောက်သွားခဲ့သည်။

+

ငရဲကမ္ဘာ အတွင်းမှ ကပ်ဆိုးနှင့်
ကပ်ဘေးများသည်လည်း ငြိမ်သက်သွားကြကာ
တိတ်ဆိတ် အေးချမ်းမှုများ အတွင်းတွင် လျှို့ဝှက်
ဆန်းကြယ်သော ခံစားချက်မျိုးကို ရနိုင်ခဲ့သည်။

ကြယ်စင်ပင်လယ် အတွင်းမှ တောက်ပသော
ကြယ်များသည် မှိတ်တုတ် မှိတ်တုတ်
မဖြစ်နေကြတော့ပဲ အရာအားလုံးတို့သည်
ရုတ်တရက်ပင် ပန်းချီကား တစ်ချပ်ကဲ့သို့
ဖြစ်သွားခဲ့သည်။

ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ
လှိုင်းလုံးများသည် ယခင်ကနှင့် မတူပဲ ထကြွ
လှုပ်ရှားလာ၍ လေဟာနယ်များက တွန့်လိမ်၍
အက်ကွဲသွားကြသည်။ ဝိညာဉ်ပင်လယ်နှင့်
သေမင်းပင်လယ်တို့ အတွင်းမှ မဟာ လှိုင်းလုံးများသည်
+

ဤအချိန်၌ ဟင်းလင်းပြင်နှင့် ကစဥ့်ကလျားမှုများအား ဖုံးလွှမ်းသွားခဲ့လေသည်။

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့သည် ကောင်းကင်အပေါ်သို့ တစ်ပြိုင်နက်တည်း ဟိန်းဟောက်လိုက်ကြကာ ကစဥ့်ကလျားမှုများနှင့် ဟင်းလင်းပြင်တို့အား ချိုးဖောက်ကာ အသက်ရှင်လျက် လွတ်မြောက်နိုင်ရန် ကြိုးစားခဲ့ကြသည်။

ဤကဲ့သို့သော ဓားမျိုးကို သူတို့ကပင် စမ်းသပ်နေလိုခြင်း မရှိနေကြပေ။

ဓားအလင်းတန်း ကျဆင်းလာသည်နှင့် ကစဥ့်ကလျားမှုများ အကြားတွင် နားကွဲလုမတတ် ဟိန်းဟောက်သံ တစ်ခုအား ကြားလိုက်ရသည်။

+

မဟာကမ္ဘာက တုန်ခါသွားကာ မဟာကောင်းကင်နှင့် ကျယ်ပြန့်လှသော မြေကြီးကပင် တုန်လှုပ်သွားသည်။ ကမ္ဘာများ အကြားမှ နယ်နိမိတ်များသည် တွန့်လိမ် အက်ကွဲကုန်၍ ကမ္ဘာကြီး တစ်ခုလုံးက ပြန်လည် ဖွဲ့စည်းလာခဲ့သကဲ့သို့ ထင်နေရသည်။

ဤအချိန်တွင် မူလကောင်းကင် ကမ္ဘာသည် အချိန်နောက်ပြန် ခရီးသွားခဲ့၍ ကမ္ဘာဦးခေတ် အဆုံးသတ်နှင့် ရှေးဟောင်းခေတ် အစပိုင်းက ကမ္ဘာကြီးသည် ပထမဆုံး အကြိမ်အဖြစ် နှစ်ပိုင်း ကွဲသွားခဲ့သည့် အချိန်သို့ ပြန်ရောက်သွားသကဲ့သို့ ခံစားနေရသည်။

## စာစဉ် ၇၆ : အပိုင်း ၂

+

## အပိုင်း ၁၄၇၂ : ပြိုင်ဘက်ကင်း

လင်းဖုန်းသည် သူ၏ ကောင်းကင်ဖျက်ဆီး ဓားအား ကောင်းကင်ပေါ်သို့ မြှောက်လိုက်သော အချိန်တွင် သူ၏ကိုယ်ပိုင် ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်းနှင့် တော်ဝင်ကောင်းကင် ဝက်ပါတို့ကပင် နောက်ဆုတ်သွားခဲ့သည်။

တော်ဝင်မိစ္ဆာ ဧကရာဇ်တို့သည် သူတို့ ခန္ဓာကိုယ် အပေါ်မှ နှောင်ကြိုးများက ကင်းလွတ်သွား၍ အနှောင်အဖွဲ့များမှ လွတ်မြောက်သွားသည်ဟု ခံစားခဲ့ရသော်လည်း သူတို့ ခံစားနေရသည့် ဖိအားများက ပို၍သာ ကြီးမားလာခဲ့သည်။

+

အဘယ်ကြောင့်ဆိုသော ဤအချိန်၌ သူတို့သည် အသက်အန္တရာယ် ခြိမ်းခြောက်မှုအား အမှန်တကယ်ပင် ခံစားခဲ့ရသောကြောင့် ဖြစ်သည်။

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့သည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံး၏ အထွတ်အထိပ် နေရာတွင် ရှိနေကြသည့် အစွမ်းထက် ပုဂ္ဂိုလ်များ ဖြစ်နေကြသော်လည်း ဤအချိန်၌ လင်းဖုန်း၏ ဓားနှင့် ရင်ဆိုင်ခဲ့ရသော အခါ ကူရာမဲ့နေခဲ့သည်။

ဤအချိန်တွင် သူတို့အနေဖြင့် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာအား ချိုးဖောက်သွား၍ ဝေးကွာသော နေရာများသို့ လွတ်မြောက်သွားရန်သာ တတ်နိုင်ခဲ့ကြသည်။ အကယ်၍ သူတို့သည် ယခု အခွင့်အရေးကို အသုံးချကာ ဤနေရာမှ အဝေးသို့ သွားနိုင်ခဲ့ပါက အသက်ရှင်နိုင်ရန် အခွင့်အရေး နိုင်သည်။

+

သို့သော်လည်း လင်းဖုန်း၏ ခေါးသည် သူတို့အပေါ်သို့ ခုတ်ချလာခဲ့ပြီ ဖြစ်ပြီး သူက ပြုံးဘက်ကင်းနေသည်။

ဤအရာသည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတစ်လျှောက်တွင် တစ်ခါမှ မမြင်ဖူးသေးသော စွမ်းအားတစ်ခု ဖြစ်၍ မဟာကမ္ဘာ ကပင် ခုခံနိုင်စွမ်း မရှိတော့ပဲ တုန်ခါသွားခဲ့လေသည်။

ဤခေါးသည် အဆုံးစွန် ကေရာဇ် ရှန်းယွမ်အား ဦးတည်နေခဲ့ခြင်း ဖြစ်သည်။

ထိုခေါး ချိန်ရွယ်ထားသည့် နေရာတိုင်းတွင် ရှန်းယွမ်အနားမှ သွေးနီရောင် အလင်းတန်း မြူခိုးငွေ့များသည် ပျောက်ပျက် လွင့်ပြယ်သွားခဲ့သည်။

+

သွေးနီရောင် အလင်းတန်း မြူခိုးငွေ့များသည်
ကြယ်စင်များနှင့် ပြည့်နေခဲ့သော်လည်း
ထိုကြယ်များကပင် ပျက်သုဉ်းသွား၍
အရာအားလုံးတို့သည် ပျက်စီး မှေးမှိန်သွားခဲ့သည်။

ကြယ်ပင်လယ် တစ်ခုလုံးသည် နောက်ဆုံးပန်းတိုင်နှင့်
ပျက်စီးမှု လမ်းကြောင်းပေါ်သို့ ရောက်နေခဲ့ကာ
လေဟာနယ် အချိန်ကာလတို့သည် လုံးဝ ပြိုလဲသွား၍
အရာအားလုံးတို့သည် ကစဉ့်ကလျားမှုများနှင့်
ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရှန်းယွမ်သည် အစွန်းရောက် စိတ်ဝိညာဉ် နတ်ကောင်းချီး
မင်္ဂလာကို အသုံးပြု၍ ကောင်းကင်အပေါ်သို့
ခုန်လိုက်သည်။ ဤနည်းစနစ်သည် လေဟာနယ်နှင့်

+

အချိန်ကာလတို့၏ တွန့်လိမ်မှု အပေါ်တွင်
အာရုံစိုက်ထားခဲ့သော်လည်း တစ်ချက်ကာ ဌေ့၍
ခုတ်ချလိုက်ရာ အရာအားလုံးတို့သည် ပုံမှန်အတိုင်း
ပြန်ဖြစ်သွားသည်။

ဤမှော်ကျိန်စာသည် လုံးဝ အကျိုးသက်ရောက်မှု
မရှိတော့ပဲ ရှန်းယွမ်၏ ယခင် လုပ်ဆောင်ချက်များကို
တစ်ခါမှ မပေါ်လာဖူးခဲ့သကဲ့သို့ ဘာမှ အသုံးမဝင်ပဲ
ဖြစ်သွားစေခဲ့သည်။

မိစ္ဆာစွမ်းအားများသည် ဆူနာမီ လှိုင်းလုံးများကဲ့သို့ ထကြွ
လှုပ်ရှားလာ၍ ကစဥ့်ကလျားမှုများ အကြားတွင်
ပေါက်ကွဲသွားခဲ့သည်။

+

ရှန်းယွမ်၏ မျက်လုံးများသည် သွေးနီရောင် သန်းလာခဲ့၍ နတ်ဘုရား မူလ အစစ်အမှတ် စိတ်ဝိညာဉ် ပုံစံသည် သူ၏ နဖူးပေါ်၌ ပေါ်လာခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ ဘာမှလုပ်စရာ မလိုခဲ့ပဲ မိစ္ဆာစွမ်းအား အမြောက်အမြားတို့သည် မဟာကမ္ဘာ အတွင်းရှိ လင်းယွမ်တောင်တန်း ထံမှ ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

မရေမတွက်နိုင်သော ရောမ မိစ္ဆာမျောက် များစွာတို့သည် ကောင်းကင်ပေါ်တွင် ပေါ်လာကြပြီး သူတို့ တစ်ကောင်ချင်းသည် ကောင်းကင်ပေါ်သို့ ဟိန်းဟောက်နေကြကာ မဟာကမ္ဘာ ပြင်ပမှ ရှန်းယွမ်နှင့် လိုက်လျောညီထွေ ဖြစ်နေကြသည်။

+

သို့သော်လည်း လင်းဖုန်း၏ခေါး ကျဆင်းလာသော အခါ ရှန်းယွမ်၏ ခန္ဓာကိုယ် အနားမှ မိစ္ဆာစွမ်းအားများသည် အလယ်မှ အခုတ်ဖြတ်ခံခဲ့ရ၍ စတင်ပြီး လွင့်ပြယ်ကုန်ကြသည်။

သူ၏ ခန္ဓာကိုယ်သည် ရွှမ်ဆန်းလောက် အစွမ်းမထက်သော်လည်း ရှန်းယွမ်သည် ကမ္ဘာအတွင်းမှ အသန်မာဆုံး ခန္ဓာကိုယ် တစ်ခုအား ပိုင်ဆိုင်ထား၍ သူ၏ ခန္ဓာကိုယ် ကိုယ်တိုင်က ကမ္ဘာတစ်ခုလုံးနှင့် တူနေခဲ့သော်လည်း လင်းဖုန်းက ခုတ်ဖြတ်နိုင်ခဲ့သေးသည်။

နားကွဲလုမတတ် ဟိန်းဟောက်သံ တစ်ခုကို ကြားနိုင်ခဲ့၍ ရှန်းယွမ်၏ ဘယ်ဘက်ပခုံးမှ ညာဘက်ခါး အထိ

+

ကြောက်မက်ဖွယ်ရာ ဒဏ်ရာတစ်ခု ပေါ်လာခဲ့ကာ သူ၏ ခန္ဓာကိုယ် အောက်ပိုင်းနှင့် ဘယ်ဘက်လက်တို့သည် လုံးဝ ပျောက်ကွယ်သွားခဲ့သည်။

ရှန်းယွမ်သည် မဖျက်ဆီးနိုင်သော လောကတွင် ရှိနေခဲ့ပြီ ဖြစ်၍ ထာဝရ တံတားအပေါ်တွင် ခြေချနိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် မူလကောင်းကင် ကမ္ဘာ အတွင်းမှ တော်ဝင်မိစ္ဆာ ဧကရာဇ် ဖြစ်၍ သူ၏ အစစ်အမှန် ပုံစံသည် မဟာကမ္ဘာနှင့် နီးကပ်လွန်းစွာ ဆက်စပ်နေသဖြင့် တစ်ခုနှင့် တစ်ခု ခွဲခြား၍ရနိုင်မည် မဟုတ်ချေ။

ကြောက်မက်ဖွယ်ရာ ဤဓားကြီးသည် ကောင်းကင်အား ဖျက်သုဥ်းနိုင်၍ တာအိုအားလုံးတို့အား ဖျက်ဆီးနိုင်ကာ စကြာဝဠာ တစ်ခုလုံးက အဆုံးသတ်သွားတော့မည်ဟု ထင်နေရသည်။

+

ရှန်းယွမ်၏ ခန္ဓာကိုယ် အောက်ပိုင်းသည် လုံးဝ
ပျက်စီးသွားခဲ့ကာ ဘာမှ မရှိခြင်း အဖြစ်သို့
ပြောင်းသွားသည်။

မဟာကမ္ဘာ တစ်ခုလုံးသည် ပြင်းထန်စွာ တုန်ခါနေ၍
ကောင်းကင်နှင့် မြေကြီးတို့က အက်ကွဲသွားပြီး ကမ္ဘာများ
အကြားမှ နယ်နိမိတ်များသည် စတင်၍
တွန့်လိမ်လာခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား နယ်မြေတို့
နှစ်ခုစလုံးတို့သည် ကွဲပြားသွားကာ မတူညီသော
ကမ္ဘာလေးခု အဖြစ်သို့ ပြောင်းသွားသကဲ့သို့
ဖြစ်သွားသည်။

+

ကြောက်မက်ဖွယ် ခေါးကြီးသည် ရှန်းယွမ်အား
လွှမ်းခြုံထားကာ သူ့အနားမှ ကစဉ့်ကလျားမှုများနှင့်
အချိန်ကာလ လေဟာနယ်သည် သေမင်းဒေသ
တစ်ခုကဲ့သို့ လုံး၀ အေးခဲသွားကာ တည်ငြိမ်
အေးဆေးနေသေးသော အချိန်က သေမင်းပင်လယ်နှင့်
တူနေခဲ့သည်။

လင်းဖုန်း၏ ကိုယ်ပိုင် ကောင်းကင်စကြာ၀ဠာ
အလင်းတန်း ကမ္ဘာကလည်း အခုတ်ခံခဲ့ရ၍ ပြန်လည်
ပြုပြင်ရန် လွယ်ပုံ ပေါက်မနေသည့်
အက်ကွဲကြောင်းတစ်ခု ပေါ်လာသည်။ လင်းဖုန်းနှင့်
ရှန်းယွမ်တို့ အကြားမှ လေဟာနယ်တွင် ကစဉ့်ကလျားမှု
တစ်ကွက်နှင့် ဘာမှ မရှိမှုများ ပေါ်လာပြီး
ဗလာဖြစ်နေသော ခံစားမှု တစ်ခုကို ဖော်ပြနေခဲ့သည်။

+

ဤအရာသည် ယုကျင်းတောင်၊ မဟူရာကောင်းကင်ရတနာသစ်ပင်၊ ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်တိမ်တိုက်များတို့က လင်းဖုန်းနှင့် ပေါင်းစည်းထားသော အကျိုးသက်ရောက်မှုပင် ဖြစ်သည်။ မဟုတ်လျှင် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာသည် လင်းဖုန်းက သူ၏ခေါင်းကို လေပေါ်သို့ မြှောက်လိုက်သည့် အချိန်ကပင် ပြိုလဲသွားတော့မည် ဖြစ်သည်။

လင်းဖုန်းသည် ရှေ့သို့ ခြေတစ်လှမ်း တက်လိုက်ကာ ရှန်းယွမ်အရှေ့သို့ ရောက်လာခဲ့သည်။

မဟာမိစ္ဆာသည် ခန္ဓာကိုယ် တစ်ဝက်သာ ကျန်တော့သော်လည်း သန်စွမ်း၍ ခေါင်းမာသော အသက်စွမ်းအင်များ ရှိနေသေးပြီး ဒဏ်ရာ အပြင်းအထန် ရထားသော်လည်း အသက်ရှူနေနိုင်သေးသည်။

+

ဤကဲ့သို့ ဒဏ်ရာ အပြင်းအထန် ရထားသော ရှန်းယွမ်သည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် အမတန် အစွမ်းထက်သော ပုဂ္ဂိုလ်တစ်ယောက်ဟု ယူဆ၍ပင် ရသေးသည်။

သို့သော်လည်း သူသည် လင်းဖုန်းအရှေ့တွင် ဘာမှ မလုပ်နိုင်ခဲ့ပဲ သူ၏ကိုယ်ပိုင် ပျက်သုဥ်းခြင်းကိုသာ စောင့်မျှော်နေခဲ့ရသည်။

လင်းဖုန်းသည် ပြုံးနေရင်း သူ့ညာလက် အတွင်းမှ ဓားအား ဆုပ်ကိုင်လိုက်ကာ သူ၏ ဘယ်လက်ဝါးအား တည်ငြိမ်စွာဖြင့် မြှောက်လိုက်သည်။ ရှန်းယွမ်သည် သူ့အား မီးပွင့်လုမတတ် မျက်လုံးများဖြင့် ကြည့်နေခဲ့ပြီး လင်းဖုန်းသည် သူ့အား လက်ဝါးဖြင့် ရိုက်ချခဲ့သော အခါ

+

သူ့လက်ဝါး အလယ်တွင် ထူးခြားဆန်းကြယ်၍
လှျို့ဝှက်နက်နဲသော တာအိုသစ်သီး တစ်လုံး
ပေါ်လာခဲ့သည်။

သူ့ခေါင်းပေါ်တွင် ကြမ္မာပန်းတိုင် ခေါင်းလောင်း
ပြန်ပေါ်လာ၍ အဆက်မပြတ် အော်မြည်နေပြီး
သူ့လက်ဝါး အတွင်းသို့ စွမ်းအား တစ်တန်းပြီးမှ
တစ်တန်း ထည့်သွင်းပေးနေခဲ့သည်။

ရှန်းယွမ်၏ ကြောက်မက်ဖွယ်ရာ ဟိန်းဟောက်သံအား
ထပ်ဖန်တစ်ခါ ကြားနိုင်ခဲ့သော်လည်း ချက်ချင်း
ပြန်ပျောက်သွားခဲ့သည်။

ရှန်းယွမ်သည် တစ်ချိန်က မူလကောင်းကင် ကမ္ဘာ
အတွင်းတွင် ခမ်းနားစွာ အုပ်စိုးနိုင်ခဲ့သည်။ သူသည်

+

တစ်ကမ္ဘာလုံးအား ခလောက်ဆန် ရှုပ်ထွေးစေခဲ့၍
နတ်ဘုရား နယ်မြေ အပေါ်တွင် အဆုံးမဲ့ ကပ်ဆိုးများ
ယူဆောင်လာပေးခဲ့သူ မိစ္ဆာတို့၏ တော်ဝင်မိစ္ဆာ ကေရာဇ်
ဖြစ်သော အစွန်းရောက် စိတ်ဝိညာဉ် ရှန်းယွမ် ဖြစ်သည်။
ယခုအချိန်တွင် လင်းဖုန်းသည် သူ၏ခေါင်းကို
လက်ဝါးတစ်ဘက်ဖြင့် ရိုက်ခွဲခဲ့လေသည်။

အဆုံးစွန် ကေရာဇ် ရှန်းယွမ်သည် နှစ်ပေါင်းများစွာ
အကြာတွင်  အဆုံးမဲ့ လျှို့ဝှက်ဆန်းကြယ်သော
သေမင်းပင်လယ်မှ တဆင့် မဟာကမ္ဘာသို့
ပြန်လာနိုင်ခဲ့သော်လည်း ရောက်လာပြီး
သိပ်မကြာခင်ပင် ထပ်ဖန်တစ်ခါ
အသုတ်သင်ခံလိုက်ရသည်။

သူသည် အစွမ်းထက်သော ကျင့်ကြံသူ တစ်အုပ်စု၏
ဝိုင်းဝန်း တိုက်ခိုက်ခြင်းကို ခံခဲ့ရခြင်း မဟုတ်ပဲ သူနှင့်
+

အတူ မည်သူကမှ အုတ်ဂူကို မလိုက်သွားခဲ့ရပေ။
ရှန်းယွမ်သည် လူတစ်ယောက်တည်း၏
လက်များအတွင်းတွင် ကြွေလွင့်ခဲ့ခြင်း ဖြစ်သည်။

ရလဒ်သည် အလွန် ပြတ်သား၍ မည်သည့် အခွင့်အရေးမှ
မရနိုင်ခဲ့ပေ။

သူ့အား သူ၏အုတ်ဂူသို့ ပို့ဆောင်ပေးခဲ့သူမှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော
လင်းဖုန်းပင် ဖြစ်သည်။

ကျန်းရီသူတော်စင်၊ ရွှမ်းရီ သူတော်စင်နှင့်
ကျန်သောသူများသည် အိမ်မက်မက်နေသကဲ့သို့
ခံစားနေရ၍ ထိုက်ရီသူတော်စင်၏ စိတ်သည်
ပြင်းထန်စွာ တုန်ခါနေပြီး မဟာဟင်းလင်းပြင်

+

သူတော်စင်နှင့် သကျမုနိတို့ကပင် အနည်းငယ် မှင်သက်နေကြသည်။

ဤအရာသည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် တစ်ခါမှ မဖြစ်ပျက်ဖူးသော တစ်စုံတစ်ခု ဖြစ်သည်။

လင်းဖုန်းသည် ရှန်းယွမ်အား အနိုင်ယူ သတ်ဖြတ်ခဲ့ချိန်တွင် နှစ်ယောက် တစ်ယောက် တိုက်ခိုက်နေခဲ့ခြင်း ဖြစ်ပြီး ပထမ နဂါး ရွှမ်ဆန်းသည် ထွက်ပြေးရုံသာ တတ်နိုင်ခဲ့သည်။

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့သည် မူလကောင်းကင် ကမ္ဘာ သမိုင်းတွင် အစွမ်းအထက်ဆုံး တော်ဝင်မိစ္ဆာ ဧကရာဇ် သုံးပါး အနက်မှ နှစ်ပါးဖြစ်၍ ဟေးဒီးစ်ဧကရာဇ် အပြင် သူတို့သည် လင်းဖုန်း၏ ပြိုင်ဘက် မဟုတ်ခဲ့ကြပေ။

+

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့ကပင် ဤကဲ့သို့သော စွမ်းဆောင်မှုအား လျစ်လျူရှု၍ မနေနိုင်ခဲ့ပေ။

လင်းဖုန်းခေး၏ စွမ်းအားကို မြင်တွေ့ခဲ့ရပြီးသော အခါ အားလုံးတို့သည် ကောင်းကင်ဖျက်ဆီး ခေးချီ၊ ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါ၊ ကောင်းကင်ဖျက်ဆီး ခေးဝက်ပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ တော်ဝင်ကောင်းကင် ဝက်ပါနှင့် လင်းဖုန်း၏ ပိုင်ဆိုင်မှု အတွင်းမှ ကျန်သော အစွမ်းထက်သည့် ရတနာများသည် အလွန် အားကောင်းလွန်းလှသဖြင့် အစွမ်းအထက်ဆုံး ပုဂ္ဂိုလ်လေးယောက်တို့ ဖြစ်ကြသည့် ရွှမ်ဆန်း၊ ရှန်းယွမ်၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိ

+

အားလုံးတို့က ပူးပေါင်းခဲ့ကြလျှင်ပင် သူ၏ပြိုင်ဘက်
ဟုတ်ချင်မှ ဟုတ်ကြလိမ့်မည်ဟု ခံစားခဲ့ကြရသည်။

ဤကဲ့သို့သော စွမ်းအားနှင့် ခွန်အားများကို ယခင်က
တစ်ခါမှ မကြုံဖူးခဲ့ပဲ သူသည် အမှန်ပင် ပြိုင်ဘက်ကင်း
ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ဤအရာသည် တစ်ဦးချင်း တိုက်ခိုက်ရာတွင်သာ
ပြိုင်ဘက်ကင်းသည် မဟုတ်ပဲ တစ်ကမ္ဘာလုံးအား
အနိုင်ယူနိုင်ကာ လူတိုင်းကို ငုံ့ကြည့်နိုင်သည့် အစွမ်း
ရှိနေခြင်း ဖြစ်သည်။

အဆုံးစွန် ကေရာဇ် ရှန်းယွမ်သည် လင်းဖုန်း၏
တောက်ပမှု အောက်တွင် ကျဆုံးသွားခဲ့သည့် ပထမဆုံး
အစွမ်းထက် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကာ အားလုံးတို့အား

+

လင်းဖုန်း၏ ပြိုင်ဘက်ကင်း စွမ်းရည်များကို
သက်သေပြခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် ရှန်းယွမ်အား သုတ်သင်ပြီးသွားသော
အခါ ဟင်းလင်းပြင် အတွင်းတွင် ကွယ်ပျောက်သွားသော
ရှန်းယွမ်အား ကြည့်နေခဲ့ကာ ဖွဖွလေး ပြုံးလိုက်ပြီး
အသွင်မဲ့ ဓားကြီးအား ကောင်းကင်ပေါ်သို့
ပစ်တင်လိုက်ရာ ဓားသည် အဆုံးမဲ့ ကစဥ့်ကလျားမှုများ
အတွင်းတွင် လွင့်မျောနေခဲ့လေသည်။

ရွှမ်းလီ၏ ပုံရိပ်သည် ပြန်ပေါ်လာ၍ သူမသည်
ကစဥ့်ကလျားမှုများ အကြားတွင် တင်ပလ္လင်ခွေ
ထိုင်နေခဲ့ပြီး ကောင်းကင်ဖျက်ဆီး ဓားအား သူမ၏
ဒူးနှစ်ဘက်တွင် ကန့်လန့် တင်ထားခဲ့သည်။

+

သူမသည် အားလုံးတို့၏ အပေါ်၌ လွင့်မျောနေသကဲ့သို့ ဖြစ်နေ၍ သူမ၏ မျက်လုံးများသည် အေးစက်စွာဖြင့် လေဟာနယ် အလွှာများကို ထွင်းဖောက်သွားကာ မဟူရာ ပင်လယ် အတွင်းသို့ ပျောက်ကွယ်သွားသော ရွှမ်ဆန်းအား စိုက်ကြည့်နေခဲ့သည်။

သူမ၏ အကြည့်သက်သက်ကပင် မဟူရာ ပင်လယ် အတွင်းတွင် လှိုင်းလုံးများ ထကြွလာစေခဲ့ကာ ရွှမ်ဆန်းကပင် ငြိမ်သက်အောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

လင်းဖုန်းသည် သူ၏ခေါ်းကို နောက်ထပ် မထုတ်လွှတ်ခဲ့တော့မှသာ ကျန်သော လူသား ကျင့်ကြံသူများသည် စိတ်သက်သာရာရစွာ သက်ပြင်းများ ချနိုင်ခဲ့ကြသည်။

+

သူတို့အနေဖြင့် အကယ်၍ လင်းဖုန်းသည်
ကြောက်မက်ဖွယ်ရာ ဤကောင်းကင်ဖျက်ဆီး ဓားအား
ဆက်လက်၍ အသုံးပြုနေခဲ့ပါက မဟာကမ္ဘာ
တစ်ခုလုံးသည် ဤကဲ့သို့ပင် ပြိုကျ
ပျက်စီးသွားနိုင်သည်ဟု ခံစားနေရသည်။

မဟူရာ ပင်လယ် အတွင်းတွင် နားကွဲလုမတတ်
ဟိန်းဟောက်သံများကို ကြားနိုင်ခဲ့၍ ရွှမ်ဆန်း၏
အကြည့်သည် ဟင်းလင်းပြင် အလွှာများကို
ဖြတ်သန်းလာပြီး လင်းဖုန်း၏ မျက်လုံးများ အတွင်းသို့
စိုက်ကြည့်နေခဲ့သည်။

သူ၏ မျက်လုံးများ အတွင်းတွင် အမျက်ဒေါသနှင့်
အရှက်ရမှုများဖြင့် ပြည့်နေခဲ့သည်။

+

သူသည် နဂါးတို့၏ ပထမ ဘိုးဘေးဘီဘင် ဖြစ်ပြီး မူလကောင်းကင် ကမ္ဘာ အတွင်းမှ ပထမဆုံးသော သက်ရှိတစ်ယောက် ဖြစ်သည်။ သူသည် ကမ္ဘာတစ်ခုလုံး အတွင်းမှ အစွမ်းအထက်ဆုံး ပုဂ္ဂိုလ်များ အတွင်းတွင် တစ်ယောက် အပါအဝင် ဖြစ်သော်လည်း သူသည် မူလနဂါး ဘုရင်၏ ခြေလှမ်းများ အနောက်သို့သာ လိုက်ခဲ့ရသဖြင့် အဘယ်မှာ အမျက်မထွက်ပဲ နေနိုင်အံ့နည်း။

သူသည် လင်းဖုန်းက ရှန်းယွမ်ကိုသာ ပစ်မှတ်ထား၍ သူ့အား အလွတ်ပေးခဲ့သည့် အကြောင်းရင်းကို နောက်ဆုံးတွင် နားလည်သွားခဲ့သည်။ ဤအရာသည် သူကပိုပြီး အစွမ်းထက်၍ မဟုတ်ပဲ ရှန်းယွမ်၏ လွတ်မြောက်မှု နည်းစနစ်များသည် အမတန်မှ အစွမ်းထက်လွန်း၍ ဖြစ်သည်။

+

အကယ်၍ ရှန်းယွမ်သည် လွတ်မြောက်သွားနိုင်ခဲ့ပါက ကောင်းကင်ဖျက်ဆီး ခေါ်အား ကမ္ဘာအပေါ်သို့ ထုတ်လွှတ်ခဲ့လျှင်ပင် ရှန်းယွမ်အား ထပ်မံ ရှာဖွေရန် မလွယ်ကူတော့ချေ။

သူ့ကိုမူ ရှာဖွေရန် များစွာ ပိုလွယ်သည်။ ရွှမ်ဆန်းသည် မဟူရာ ပင်လယ် အတွင်းမှ ထွက်၍ စကြာဝဠာ အတွင်းမှ ဟင်းလင်းပြင်များ အတွင်းတွင် ကျက်စားနေခဲ့လျှင်ပင် ရှန်းယွမ်ထက်စာလျှင် သူ့အား ရှာဖွေ၍ ပိုမိုလွယ်ကူသည်။

သို့သော်လည်း ထိုအကြောင်းကြောင့်ပင် ရွှမ်ဆန်း၏ ရင်အတွင်းတွင် ပို၍ တင်းကျပ်နေရခြင်း ဖြစ်သည်။

+

အမှန်အတိုင်း ပြောရလျှင် တကယ့် စွမ်းအားများကို ထည့်မပြောလျှင်ပင် ရွှမ်ဆန်းသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးကို တစ်ခါက အုပ်စိုးခဲ့သူ ဖြစ်၍ ကမ္ဘာဦးခေတ်တွင် တစ်ဦးတည်းသော အာဏာရှင် ဖြစ်ခဲ့သည်။ သူသည် မိစ္ဆာများ၏ တော်ဝင်မိစ္ဆာ ဧကရာဇ်သာ မဟုတ်ပဲ ကောင်းကင်အောက်မှ အရာအားလုံး နီးပါးတို့၏ အုပ်ချုပ်သူ ဖြစ်ကာ မျိုးနွယ်စု အားလုံးတို့၏ ဧကရာဇ် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ရွှမ်းလီ၏ စောင့်ကြည့်ခြင်းကို ခံနေရ၍ မဟူရာ ပင်လယ် အတွင်းမှ ထွက်လာနိုင်တော့မည် မဟုတ်ချေ။ ဤအရာသည် သူက ရှေးဟောင်းခေတ်တွင် ကြွေလွင့်ခဲ့ရခြင်းထက် များစွာပို၍ အမျက်ထွက် ခံပြင်းစရာ ကောင်းနေသည်။

+

နဂါးကေရာဇ်သည် မဟူရာ ပင်လယ် အတွင်းတွင် အဆက်မပြတ် ဟိန်းဟောက်နေ၍ မဟူရာ ပင်လယ်၏ စွမ်းအားများကို ထုတ်ဖော်နေခဲ့ပြီး မဟူရာ ပင်လယ် အတွင်းမှ ခုန်ထွက်သွားကာ လင်းဖုန်းနှင့် ထပ်ဖန်တစ်ခါ တိုက်ခိုက်လိုနေခဲ့သည်။

လင်းဖုန်းသည် လက်ညှိုးတစ်ချောင်းဖြင့် အသာ ညွှန်ပြလိုက်ရာ ထိုက်ကျိကောင်းကင် ကြယ်စင်ဝင်္ကပါသည် တော်ဝင်ကောင်းကင် ဝင်္ကပါနှင့် ပေါင်းစည်းသွား၍ မရေမတွက်နိုင်သော ကြယ်အလင်းတန်းများကို လွှမ်းခြုံလိုက်ပြီး တစ်လွှာပြီး တစ်လွှာ စုစည်းလိုက်ကာ နောက်ဆုံးတွင် အလင်းတန်း တစ်ခုအဖြစ်သို့သာ ပြောင်းသွား၍ မဟူရာ ပင်လယ်ထံသို့ ပစ်လွှတ်လိုက်သည်။

+

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည်
ကောင်းကင်အတွင်းတွင် သာမန်သာ မြည်နေပြီး
အချိန်မြစ်ရေ အဖြစ်သို့ ပြောင်းသွား၍ ထိုအလင်းတန်း
အတွင်းသို့ ပေါင်းစည်းသွားကာ မဟူရာ ပင်လယ်
အပေါ်တွင် လှည့်လည်နေခဲ့သည်။

ကျယ်ပြန့်လှသော ထိုစွမ်းအားသည် ရွှမ်ဆန်းနှင့် မဟူရာ
ပင်လယ်တို့၏ စွမ်းအားများကို တားဆီးခဲ့ကာ
နဂါးဟိန်းသံများကိုသာ အဆက်မပြတ် ကြားနိုင်ခဲ့သည်။

လင်းဖုန်းသည် သူ၏ လက်ညှိုးဖြင့် ထပ်မံ ညွှန်ပြခဲ့ရာ
ကောင်းကင်ဖျက်ဆီး ဓားချီသည် မဟူရာ ပင်လယ်၏
ဝင်ပေါက်သို့ ဆင်းသက်လာခဲ့သည်။

+

ကြောက်မက်ဖွယ် ဓားချီများ တစ်တန်းပြီးမှ တစ်တန်းတို့သည် မဟူရာ ပင်လယ်ထံသို့ ရောက်လာကြပြီး သူတို့၏ စွမ်းအားများသည် ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါ၊ တော်ဝင်ကောင်းကင် ဝက်ပါ၊ ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ ကျန်သောအရာများနှင့် အတူတကွ ပူးပေါင်းကာ ရွှမ်ဆန်းအား မဟူရာ ပင်လယ် အတွင်းမှ ထွက်မလာနိုင်ရန် တားဆီးထားခဲ့သည်။

ရွှမ်းလီသည် အရာအားလုံးတို့အား အေးစက်နေသော အကြည့်ဖြင့် စိုက်ကြည့်နေခဲ့သည်။ လင်းဖုန်းသည် သူ၏လက်အား သူမထံသို့ ဝှေ့ယမ်းလိုက်၍ မဟူရာ ပင်လယ်ဘက်သို့ လှည့်လိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။ "သိပ်ပြီးမှ လောမနေပါနဲ့... ရွှမ်ဆန်း... ခင်ဗျား ပြန်လာရတာက မလွယ်ကူဘူး... ခင်ဗျားက မဟူရာ ပင်လယ် အတွင်းမှာ

+

အေးအေးဆေးဆေး အနားယူနေပါ...
တစ်စုံတစ်ယောက်က နောက်ပိုင်းမှာ ခင်ဗျားကို
လာရှာလိမ့်မယ်"

ပြီးတာနှင့် လင်းဖုန်းသည် မဟာဟင်းလင်းပြင်
သူတော်စင်နှင့် သကျမုနိတို့ဘက်သို့ လှည့်ကာ ရယ်၍
ပြောလိုက်သည်။ "တကယ်လို့ ခင်ဗျားတို့ နှစ်ယောက်က
မဟူရာ ပင်လယ် အတွင်းကို ဝင်ချင်တယ်ဆိုရင် ကျုပ်က
ဟန့်တားမှာ မဟုတ်သလို ခင်ဗျားတို့ တိုက်ပွဲကို
ဝင်ပါမှာလည်း မဟုတ်ဘူး"

မဟာဟင်းလင်းပြင် သူတော်စင်သည် ပြုံးလိုက်ကာ
ဘာမှ မပြောခဲ့ပေ။ အကယ်၍ ရွှမ်ဆန်းသည် မဟူရာ
ပင်လယ်အတွင်း၌သာ နေခဲ့လျှင် သူ၊ အန္တိမ
ကောင်းကင်ကြေးမုံနှင့် သကျမုနိတို့က
ပူးပေါင်းခဲ့လျှင်ပင် ခုခံနိုင်သည့် စွမ်းရည်ရှိသည်။
+

လင်းဖုန်းသည် ရွှမ်ဆန်းအား မဟူရာ ပင်လယ် အတွင်းတွင် ချုပ်နှောင်ထားပြီး ဖြစ်သည်။ ထို့ကြောင့် အကယ်၍ သူတို့သည် သူ့အား လုံးဝ အပြတ်ရှင်းနိုင်ခြင်း မရှိသေးလျှင်ပင် လက်ရှိ အခြေအနေ အရ ဘာမှ မထူးပေ။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည် ကစဥ့်ကလျားမှုများ အကြားတွင် ထိုင်နေသော ရွှမ်းလီထံသို့ လှည့်ကြည့်လိုက်ကြသည်။

ကံကောင်းစွာနှင့် သူမ၏ ပစ်မှတ်သည် ရှန်းယွမ် ဖြစ်ခဲ့သည်။ ကံကောင်းစွာနှင့် သူတို့သည် ကစဥ့်ကလျားမှုများ အကြားတွင် ရှိနေပြီး

+

ဝိညာဥ်ပင်လယ်နှင့် သေမင်းပင်လယ်တို့ကလည်း ရှိနေခဲ့သည်။

လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "ကျုပ်အရင်က လုပ်ခဲ့တာက အရမ်းကို အကြမ်းဆန်သွားခဲ့လို့ နောက်ဆက်တွဲ ပြဿနာတွေကို ဖြေရှင်းပေးရဦးမယ်… ခင်ဗျားတို့ အရှေ့မှာတော့ ရယ်စရာကြီး ဖြစ်သွားမှာပဲ"

ပြီးတာနှင့် သူ၏ လက်ဝါးအစုံကို စုစည်းလိုက်ရာ တာအိုသစ်သီး တစ်လုံး ပေါ်လာ၍ ခုတ်နှစ်ပါး မူလပြန်လာခြင်း ထူးခြားဆန်းကြယ်သော ကမ္ဘာမှော်ကျိန်စာအား ထုတ်ဖော်လိုက်ကာ မဟာကမ္ဘာ၏ နယ်နိမိတ်များ အပေါ်တွင် အသုံးပြုခဲ့လိုက်သည်။

+

မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား
နယ်မြေတို့သည် တဆက်တည်း တုန်ခါသွားကြပြီး
ရှုန်းယွမ်အား သတ်ဖြတ်ခဲ့သော အချိန်တွင်
ပေါ်လာသည့် ကြီးမားလှသည့် ပျက်စီးမှုနှင့်
မဟာကမ္ဘာအား လေးပိုင်း ပိုင်းထားသကဲ့သို့
ကွဲပြနေသော အက်ကွဲကြောင်းတို့သည် ဖြည်းဖြည်းချင်း
အေးခဲလာကာ ပြန်လည် ပိတ်ဆို့သွားတော့မည်ကဲ့သို့
ဖြစ်သွားကြသည်။

## စာစဉ် ၇၆ : အပိုင်း ၃

## အပိုင်း ၁၄၇၃ : ရလဒ်သည် လုံး၀ မပြောင်းပဲ တိုးတက်မှုသည် တားဆီး၍ မရနိုင်ပေ

+

လင်းဖုန်းက ခေတ်နှစ်ပါး မူလပြန်လာခြင်း
ထူးခြားဆန်းကြယ်သော ကမ္ဘာမော်ကျိန်စာအား
အသုံးပြုခဲ့သော အခါ ထိုက်ရီသူတော်စင်နှင့်
ကျန်သောသူများသည် သက်ပြင်းသာ ချနိုင်ခဲ့ကြသည်။

လင်းဖုန်းသည် မဟာကမ္ဘာအား သူ၏ ဓားဖြင့်
ခုတ်ဖြတ်ခဲ့၍ ယခုအချိန်တွင် ပြန်လည်
ပြုပြင်ပေးနေခဲ့သည်။ ဤကဲ့သို့သော စွမ်းအားသည်
အံ့ဩ မှင်သက်ဖွယ်ရာ ကောင်းလှပေသည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် ဤမြင်ကွင်းအား
တည်ငြိမ်စွာဖြင့် ကြည့်နေရင်း အန္တိမ
ကောင်းကင်ကြေးမုံအား ညွှန်ပြလိုက်ရာ
ထူးခြားဆန်းကြယ်သော ကြေးမုံ အလင်းတန်းများ
နေရာအနှံ့သို့ ဆန့်တန်းသွားပြီး မဟာကမ္ဘာ အပေါ်သို့
ကျဆင်းလာကြသည်။ ကြေးမုံ အလင်းတန်းများသည်
+

ကမ္ဘာအပေါ်သို့ ကျဆင်းလာသော အခါ ကြီးမားလှသည့် ကမ္ဘာကြီး အပေါ်မှ အက်ကွဲကြောင်းများသည် ပို၍ လျှင်မြန်စွာ ပြန်လည် ကောင်းမွန်လာကြသည်။

သကျမုနိကလည်း သူ၏ လက်ဝါးအစုံအား အတူတကွ စုစည်းလိုက်ရာ အဆုံးမဲ့ အလင်းတန်းများသည် ကောင်းကင်နှင့် မြေကြီးတို့ အတွင်းသို့ စိမ့်ဝင်သွား၍ မိုးများအဖြစ်သို့ ပြောင်းသွားကြကာ လူသားကမ္ဘာ အပေါ်သို့ ရွာကျလာကြသည်။

အကယ်၍ ဤအက်ကွဲကြောင်းများသည် ကမ္ဘာဦးခေတ် အဆုံးသတ်ကကဲ့သို့ အပြီးသတ်သွားပါက ပို၍ လုံ့လစိုက်ရမည် ဖြစ်သော်လည်း ဤအချိန်တွင် အက်ကွဲကြောင်းများက မတည်မငြိမ် ဖြစ်နေကြသေးသဖြင့် လင်းဖုန်း၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည် သူတို့၏

+

စွမ်းအားများကို အသုံးပြု၍ တည်ငြိမ်အောင် လုပ်ခဲ့ရာ အချိန်သည် အနောက်သို့ ပြန်လှည့်သွားသည့် အတိုင်း အက်ကွဲကြောင်းများက ပြန်၍ ပိတ်လာကြသည်။

သို့သော်လည်း ကောင်းကင်နှင့် မြေကြီးတို့၏ နယ်နိမိတ်များ အကြားတွင် ထူးခြား ဆန်းကြယ်သော ဖြစ်စဥ်များ ဖြစ်ပေါ်လာကြသည်။ ပုံရိပ်ယောင် တံခါးများသည် ကောင်းကင်အပေါ်တွင် ပေါ်လာခဲ့ပြီး တစ်ယောက်သည် ဤတံခါးများမှ တဆင့် ဝိညာဥ်ပင်လယ်နှင့် သေမင်းပင်လယ်တို့မှ ထကြွ လှုပ်ရှားနေကြသော လှိုင်းများကို တွေ့နိုင်ခဲ့သည်။ ဤမြင်ကွင်းသည် အလွန်တရာမှ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

လင်းဖုန်းက ပြုံးလိုက်သည်။ သူ၏ မူလ ခန္ဓာကိုယ်သည် ယုကျင်းတောင်ပေါ်တွင် မလှုပ်မယှက် ထိုင်နေ၍

+

မိုးကြိုးနဂါး ကိုယ်ပွား၊ အေးရီးစ်ကိုယ်ပွားနှင့် ကိုးနဝင်းချီ ကိုယ်ပွားတို့သည် ဝိညာဉ်ပင်လယ် အတွင်းရှိ ကောင်းကင် အကာအကွယ်ထီးအောက်မှ မူလရွှေခွက် အပေါ်တွင် ထိုင်နေကြသည်။

ဤမှော်ကွန်းဝင် တိုက်ပွဲသည် ကန့်လန့်ကာ ချတော့မည် ဖြစ်သည်။ ကောင်းကင်ဖျက်ဆီး ဓားသည် ကောင်းကင်အပေါ်၌ မြင့်မားစွာ လွင့်မျောနေ၍ ဝိညာဉ်ပင်လယ်နှင့် သေမင်းပင်လယ် အတွင်းမှ ထကြွ လှုပ်ရှားနေသော လှိုင်းလုံးများကလည်း စတင်၍ ငြိမ်သက်လာကြသည်။

လင်းဖုန်းကိုယ်တိုင်၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့် ကျန်သောသူများသည် သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ်မှ အသိစိတ် အမျိုးမျိုးတို့

+

ထွက်ပေါ်လာကြောင်းကို ရေးရေးလေး
အာရုံခံနိုင်ခဲ့ကြသည်။

ဝိညာဉ်ပင်လယ်သည် ကြောက်ရွံ့နေ၍
သေမင်းပင်လယ်သည် ပို၍ ဆန်းပြားကာ တွေးစရာ
ပိုများလာခဲ့သည်။

သူတို့၏ ဆန္ဒများသည် ကွဲပြားနေကြသော်လည်း သူတို့
အာရုံစိုက်နေသော အရာမှာ တစ်ခုတည်းသာ ဖြစ်သည်။
ထိုအရာသည် ကစဉ့်ကလျားမှုများ အကြားတွင်
မြင့်မားစွာ လွင့်မျောနေသော ကောင်းကင်ဖျက်ဆီး
ဓားပင် ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် သကျမုနိတို့သည်
သေမင်းပင်လယ်သို့ စိုက်ကြည့်လိုက်သော အခါ

+

သေမင်းပင်လယ်၏ အက်ကွဲကြောင်းများက စတင်၍ ပိတ်လာသည်ကို တွေ့လိုက်ရသည်။

ရှန်းယွမ်သည် ယခုလေးတင် သေပွဲဝင်ခဲ့ရခြင်း ဖြစ်သော်လည်း သူသည် မရေမတွက်နိုင်သော နှစ်များ အပြီးတွင် ပြန်လာကောင်း ပြန်လာနိုင်လိမ့်မည်။

ဟေးဒီးစ် ကေရာဇ်သည် လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော်က ကျဆုံးခဲ့ခြင်း ဖြစ်ပြီး သူသည် ကြွယ်ကေရာဇ်နှင့် အဆုံးစွန် ကေရာဇ်တို့နှင့် အတူ မူလကောင်းကင် ကမ္ဘာသမိုင်းတွင် အစွမ်းအထက်ဆုံး မိစ္ဆာသုံးကောင် အဖြစ် အသတ်မှတ်ခံထားရသူ ဖြစ်သည်။ အကယ်၍ သေမင်းပင်လယ် အတွင်းတွင် မည်သူကမှ သူ့အား ဖိနှိပ်ထားခြင်း မရှိပါက သူသည် ရှန်းယွမ်ထက်စော၍ ပြန်လာနိုင်လိမ့်မည် ဖြစ်သည်။

+

သို့သော်လည်း သူတို့သည် လင်းဖုန်း၏ခေါ်ကို
မြင်ခဲ့ရအပြီးတွင် ဟေးဒီးစ်ကေရာဇ်က တစ်ချိန်ချိန်တွင်
ပြန်လာနိုင်ခဲ့လျှင်ပင် မဟာကမ္ဘာသည် သူအုပ်စိုးခဲ့သည့်
အချိန်ကနှင့် တူတော့မည် မဟုတ်ချေ။

ဝိညာဉ်ပင်လယ်သည် ဖြည်းဖြည်းချင်း တည်ငြိမ်
အေးချမ်းသွားခဲ့ပြီ ဖြစ်ကာ ရောမ ရွှေရောင်ရေအိုင်
အတွင်းမှ ရေများကလည်း လျော့နည်းသွားခဲ့ပြီ ဖြစ်၍
အလင်းတန်းများ ဆန့်တန်းထွက်လာကာ
မူလရွှေခွက်နှင့် ထပ်ဖန်တစ်ခါ ဆက်သွယ်သွားသည်။

ဝိညာဉ်ပင်လယ် အပေါ်မှ အလင်းတန်းများသည်
ဟင်းလင်းပြင် အတွင်းတွင် လှည့်လည် ကခုန်နေကြကာ

+

စိတ်ဝိညာဉ် စွမ်းအင်များသည် နေရာအနှံ့
ပျံ့နှံ့နေကြသည်။

အားလုံးတို့ကလည်း ငြိမ်သက်စွာဖြင့်သာ
စောင့်ကြည့်နေကြသည်။ အရာအားလုံး
ဖြစ်ပျက်ခဲ့အပြီးတွင် လင်းဖုန်းသည် ဝိညာဉ်ပင်လယ်အား
ကျင့်ကြံသည့် ဖြစ်စဉ်ကို ပြန်လည်၍ စတင်ခဲ့သေးသည်။

ထိုက်ရှိသူတော်စင်၊ ကျန်းရှိသူတော်စင်နှင့် ရွှမ်းရှိ
သူတော်စင်တို့သည် အချင်းချင်း အကြည့်ချင်း
ဖလှယ်လိုက်ကြကာ ခေါင်းများကို ခါလိုက်ကြ၍
စကားတစ်ခွန်းမှ မပြောကြတော့ပေ။

လင်းဖုန်းသည် မူလကောင်းကင် ပင်လယ်ခုနစ်သွယ်
အနက်မှ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်သော

+

သေမင်းပင်လယ်ကို အသုံးပြု၍ ဝိညာဥ်ပင်လယ်အား
မလှုပ်နိုင်အောင် ထိန်းထားခဲ့သည်။ စွမ်းအား
နှစ်ခုတို့သည် ဆန့်ကျင်ဘက်များ ဖြစ်ကြသော်လည်း
မျှခြေတစ်ခုကို တည်ဆောက်နိုင်ခဲ့၍ အစောပိုင်းမှ
ဖြစ်ပျက်ခဲ့သော မော်ကွန်းဝင် တိုက်ပွဲကြောင့်
ပိတ်သွားလိမ့်မည် မဟုတ်ချေ။ လင်းဖုန်းကလည်း
သူကိုယ်တိုင် ဝိညာဥ်ပင်လယ်အား ဆက်လက်၍
ကျင့်ကြံနေလေသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ဤအချက်အား
သူတို့၏ အစီအစဥ် အတွင်းတွင် ကြိုတင်
ခန့်မှန်းထားခဲ့သော်လည်း သူတို့အနေဖြင့် အကောင်းဆုံး
ရလဒ်ကို မျှော်မှန်းထားကြသည်။ ထိုအချက်မှာ သူတို့၏
ဘိုးဘေးဘီဘင်က ပြန်လာနိုင်ကာ ဝိညာဥ်ပင်လယ်အား
ကျင့်ကြံရန် ဖြစ်သည်။

+

လင်းဖုန်း၏ လက်ရှိ အမှုအရာ အရ သူကလည်း တူညီသော အကြံများ ရှိခဲ့ပြီး ယခုအချိန်တွင် သူသည် သူ၏ အစီအစဥ်ကို ချောမွေ့စွာ အကောင်အထည် ဖော်နေပြီ ဖြစ်သည်။

ဤအရာသည် ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများအား ဆွံ့အစေခဲ့သည်။

အကယ်၍ သူတို့က သေမင်းပင်လယ်သို့ လမ်းကြောင်းအား မဖွင့်လှစ်ခဲ့လျှင်လည်း လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည် ဝိညာဥ်ပင်လယ်အား ကျင့်ကြံ၍ ထိန်းချုပ်နိုင်ရန် အလားအလာ အရှိဆုံး သူများ ဖြစ်ကြသည်။

+

သို့သော်လည်း သေမင်းပင်လယ်သို့ လမ်းကြောင်းသည် နောက်ဆုံးတွင် ပွင့်သွားခဲ့၍ မဟာဟင်းလင်းပြင် သူတော်စင်၊ သကျမုနိ၊ ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့က ပြန်လာနိုင်ခဲ့ကြပြီး နောက်ဆုံးရလဒ်သည် အစပိုင်းမှ ရလဒ်နှင့် ဘာမှ မကွာခြားနေခဲ့ပေ။

ဝိညာဉ်ပင်လယ်သည် နောက်ဆုံးတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပိုင်ဆိုင်မှု ဖြစ်သွားခဲ့သည်။

လင်းဖုန်း၏ ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ ကောင်းကင်ဖျက်ဆီး ဓားဝက်ပါ၊ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါနှင့် တော်ဝင်ကောင်းကင် ဝက်ပါတို့သည် ရွှမ်ဆန်းအား မဟူရာ ပင်လယ် အတွင်းမှ ထွက်မလာနိုင်အောင် တားဆီးရန် မဟာကမ္ဘာ အတွင်းသို့ ရောက်နေခဲ့သော်လည်း လင်းဖုန်းကိုယ်တိုင်နှင့် ရွှမ်းလီတို့က ဤနေရာတွင်

+

ရှိနေခဲ့လျှင် သူ၏ ဝိညာဉ်ပင်လယ်အား ကျင့်ကြံနေမှုကို မည်သူကမှ တားဆီးနိုင်မည် မဟုတ်ချေ။

မဟာဟင်းလင်းပြင် သူတော်စင်သည် အန္တိမ ကောင်းကင်ကြေးမုံနှင့် အတူ သကျမုနိနှင့် ပူးပေါင်းခဲ့လျှင်လည်း ဘာမှ ထူးခြားလာမည် မဟုတ်ချေ။

ရှန်းယွမ်သည် သူ၏ အသက်နှင့် သက်သေပြသွားကာ ရွှမ်ဆန်းကလည်း အဝေးသို့ ထွက်ပြေးသွားရသည်။ ဤရလဒ်သည် ဤအချက်ကို သက်သေပြရန် လုံလောက်နေပေပြီ။

ထိုက်ရီသူတော်စင်၊ ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ သူတော်စင်တို့သည် ရင်အတွင်းမှသာ ခါးသီးစွာ ရယ်နေနိုင်ခဲ့သည်။

+

သေမင်းပင်လယ်သို့ လမ်းဖွင့်ခဲ့ခြင်းသည် လင်းဖုန်း၏ ဝိညာဉ်ပင်လယ်အား ကျင့်ကြံနိုင်သည့် ရလဒ်ကို မပြောင်းလဲစေခဲ့သည့် အပြင် လင်းဖုန်းအား ကောင်းကင်ဖျက်ဆီး ဓားကို တတိယ အကြိမ် အဆင့်မြှင့်စေနိုင်ခဲ့ပြီး ကြောက်မက်ဖွယ်ရာ ဤဓားကြီးသည် ယခုအချိန်တွင် နောက်တစ်ဆင့် တက်သွားနိုင်ခဲ့ပေပြီ။

သူသည် မူလကောင်းကင် ကမ္ဘာ အတွင်းမှ ထိပ်သီးပုဂ္ဂိုလ်များအား လွှမ်းမိုးထား၍ သူ၏ ခက်ထန်မှုအား ယှဉ်နိုင်သူ မရှိပဲ သူသည် တကယ့်ကို ပြိုင်ဘက်ကင်း နေသည်။

+

လင်းဖုန်းသည် ကမ္ဘာအတွင်းမှ အက်ကွဲကြောင်းများကို ပြုပြင်အပြီးတွင် ဝိညာဉ်ပင်လယ်သို့ ပြန်လာခဲ့ခြင်း မရှိပဲ ယုကျင်းတောင်ပေါ်တွင်သာ ထိုင်နေခဲ့သေးပြီး အပြုံးဖွဖွလေးဖြင့် ကောင်းကင်ပေါ်မှ ကစဉ့်ကလျားမှုများ အပေါ်တွင်သာ တည်ငြိမ်စွာ လွင့်မျောနေခဲ့သည်။

သူ၏အကြည့်သည် ဝိညာဉ်ပင်လယ် အတွင်းသို့ ကျရောက်သွား၍ ပုံရိပ်နှစ်ခုအား ရှာဖွေလိုက်သည်။

ထိုပုံရိပ်နှစ်ခုသည် အပြင်းအထန် တိုက်ခိုက်နေကြကာ ဝိညာဉ်ပင်လယ် အတွင်းတွင် လှိုင်းလုံးများကို ထကြွ လှုပ်ရှားစေခဲ့သည်။ သူတို့သည် ယွဲ့ဟုန်ယန်နှင့် စီးရီးယပ် မဟာပဏ္ဍိတတို့ ဖြစ်ကြသည်။

+

ဤသွေးလွှမ်းသော တိုက်ပွဲသည် ယွဲ့ဟုန်ယန်က စီးရီးယပ် မဟာပဏ္ဍိတအား မြေပေါ်သို့ အောင်မြင်စွာ လှဲသိပ်နိုင်ခြင်းနှင့် အဆုံးသတ်သွားခဲ့သည်။ သူမသည် ဆာရို မှော်သစ်ပင်အား အသုံးပြု၍ စီးရီးယပ် မဟာပဏ္ဍိတ၏ နောက်ဆုံး ခုန်အုပ်လာမှုမှ သူမကိုယ်သူမ ကာကွယ်နိုင်ခဲ့သည်။

သူမ၏ လွင့်မျောနေသော ဆံပင်နီများသည် ဝိညာဉ်ပင်လယ် အတွင်းတွင် လွင့်မျောနေခဲ့ကာ မီးတောက်များအလား တောက်ပနေခဲ့သည်။

အခြားတစ်ဘက်တွင် ဇူရီသည် ငရဲ ကပ်ရောဂါ နတ်ဘုရား အလင်းတန်း၏ ခြိမ်းခြောက်မှုကို ကျော်လွှားနိုင်ခဲ့ကာ ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိ ဂိုဏ်းခေါင်းဆောင်ဖြစ်သော လင်းတောက်ဟန်ကို အနိုင်ယူနိုင်ခဲ့သည်။ သူတို့သည်

+

သူသေကိုယ်သေ တိုက်ခိုက်နေကြခြင်း မရှိသော်လည်း
သူတို့၏ တိုက်ပွဲမှာ မော်ကွန်းတင်လောက်ပေသည်။

သို့သော်လည်း ဝိညာဥ်ပင်လယ်အား
အကြိမ်ပေါင်းများစွာ ပြောင်းဆန်စေခဲ့သည့် တိုက်ပွဲမှာ
အခြားတိုက်ပွဲ တစ်ခု ဖြစ်သည်။

မဟာကမ္ဘာသည် တုန်ခါသွား၍ ဝိညာဥ်ပင်လယ်သည်
မငြိမ်မသက် ဖြစ်သွားပြီး သူ၏ နယ်နိမိတ်များသည်
ကျိုးပျက်လုမတတ် ဖြစ်သွားခဲ့သော်လည်း ဤအချိန်တွင်
လှိုင်းလုံးများသည် နောက်ဆုံးတွင် ပြန်လည်
ငြိမ်သက်လာခဲ့ပြီ ဖြစ်သည်။

ဝိညာဥ်ပင်လယ်၏ အပြင်မှ ကစဉ့်ကလျားမှုများ
အကြားတွင် သကျမုနိသည် သူ၏လက်အား

+

ဆန့်တန်းလိုက်ရာ သေးငယ်ပေါ့ပါးသော ပန်းတစ်ပွင့်
သူ၏ လက်ဝါးအလယ်တွင် ပွင့်လာပြီး မကြာမီ
ညှိုးခြောက်သွားသည်။

သကျမုနိသည် လင်းဖုန်းအား လှမ်းကြည့်လိုက်ရာ
လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲပဲ
ယုကျင်းတောင်ပေါ်၌သာ ဆက်ထိုင်နေခဲ့သည်။ သူသည်
ဗုဒ္ဓနှင့် ဝိညာဥ်ပင်လယ်တို့ အကြားသို့
ရောက်လာသကဲ့သို့ ထင်နေရသည်။

ညှိုးခြောက်သွားသော ပန်းသည် ဖုန်မှုန့်များ ဖြစ်သွား၍
လေနှင့်အတူ လွင့်မျောသွားသော အခါ သကျမုနိသည်
သူ၏ခေါင်းကို ခါ၍ မျက်လုံးများကို ပိတ်လိုက်သည်။

+

ဤအချိန်တွင် အလင်းတန်း တစ်တန်းသည်
ဝိညာဥ်ပင်လယ် အတွင်းမှ ထွက်လာကာ
ကစဥ့်ကလျားမှုများ အတွင်းသို့ ကျရောက်လာခဲ့သည်။

ထိုအလင်းတန်းသည် ရုတ်တရက် ရပ်တန့်သွားသော
အခါ မျောက်ကို ဖော်ပြလိုက်သည်။ သူ၏ မိစ္ဆာ
စွမ်းအားများသည် အနည်းငယ်
အားနည်းနေခဲ့သော်လည်း သူ၏ မျက်လုံးများသည်
တောက်ပနေကာ အသက်များဖြင့် ပြည့်နေပြီး
သူ့ပတ်ပတ်လည်မှ ဟင်းလင်းပြင်အား
အကဲခတ်နေခဲ့သည်။

လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "အဆုံးစွန်
ကေရာဇ်က ပြန်ရောက်လာခဲ့ပေမဲ့ ကျုပ်ကသူ့ကို
ပြန်ပို့လိုက်ပြီ"

+

မျောက်သည် သွားများပေါ်အောင် ပြုံး၍ ပြောလိုက်သည်။ "ထားလိုက်ပါတော့... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်... ကျုပ်က ခင်ဗျားရဲ့ ဝိညာဥ်ပင်လယ် ကျင့်ကြံနေမှုကို မတားဆီးနိုင်ဘူး... တကယ်လို့ ခင်ဗျားမတားရင် ကျုပ်က ဒီနေရာကနေ ထွက်သွားတော့မယ်"

"ဝိညာဥ်ပင်လယ် အတွင်းကို လာခဲ့ရတဲ့ ခရီးဟာ ဘာပဲပြောပြော အချည်းနှီး မဖြစ်ခဲ့ဘူး"

သူသည် အားရပါးရ ရယ်မောလိုက်၍ သူ၏လက်အတွင်းမှ တုတ်ချောင်းကို ဝှေ့ယမ်းလိုက်ရာ သူ၏ ထိပ်ဖျားမှ ကြောက်မက်ဖွယ်ရာ စွမ်းအားများ ထွက်လာခဲ့သည်။

+

ဤသံတုတ်ချောင်းသည် ယခုလေးတင် ဗီပရာလိုပါ အဆင့်မှ အစွမ်းထက် မိစ္ဆာတစ်ကောင်ကို သုတ်သင်ခဲ့ပြီ ဖြစ်သည်။

ဝိညာဉ်ပင်လယ် အတွင်းတွင် စွမ်းအားဖျက်ဆီး ကပ်ဘေးများကို ထုတ်ဖော်ရန် မဖြစ်နိုင်ပေ။

ရွှေပုစဉ်း ဆရာတော်သည် သူ့အစောပိုင်းမှ ပြင်ဆင်ထားခဲ့သော လွတ်မြောက်မှု အစီအစဉ်များကို အသုံးမပြုနိုင်ခဲ့ပဲ ကမ္ဘာအတွင်းမှ အက်ကွဲကြောင်းများမှ တဆင့် ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း မျောက်သည် သတိကြီးစွာဖြင့် ရွှေပုစဉ်း ဆရာတော်အား ပိတ်ဆို့နိုင်ခဲ့သည်။ ရွှေပုစဉ်း ဆရာတော်၏ လွတ်မြောက်မှု နည်းစနစ်နှင့် သယ်ယူပို့ဆောင်ခြင်း

+

မှော်ကျိန်စာတို့သည် မျောက်ထက် အဆင့်နိမ့်သဖြင့် မလွတ်မြောက်နိုင်ခဲ့ပေ။

ရွှေပုစဥ်း ဆရာတော်သည် ဗုဒ္ဓဝါဒကို နက်ရှိုင်းစွာ လေ့လာထားပြီး ကမ္မနိယာမကို နားလည်ထားသည်။ သူသည် ဝိညာဥ်ပင်လယ် အတွင်းသို့ ဝင်ရခြင်းသည် အသက်အန္တရာယ် ရှိနိုင်သည်ဟု တွက်ထားခဲ့သော်လည်း အန္တရာယ် အကြားမှ မဟာ အခွင့်အရေးများကိုလည်း တွေ့နိုင်မည် ဖြစ်သည်။

သို့သော်လည်း သူသည် လင်းဖုန်းက ဝိညာဥ်ပင်လယ် အတွင်းတွင် အခြား ထိပ်သီးပုဂ္ဂိုလ်များအား လွှမ်းမိုးထားသည်ကို ကြည့်ခဲ့ရကတည်းက သူ၏ မဟာ အခွင့်အရေးများက ဘာမှ မရှိခြင်း အဖြစ်သို့ ပျောက်ကွယ်သွားပြီဟု သိခဲ့လိုက်သည်။

+

သို့သော်လည်း ရွှေပုစဉ်း ဆရာတော်သည် ဘာမှ မတတ်နိုင်ခဲ့ပေ။ ဗုဒ္ဓကိုယ်တိုင်ကပင် လင်းဖုန်းနှင့် ပတ်သတ်၍ တစ်စုံတစ်ခုမှ ခန့်မှန်း တွက်ချက်ခြင်းများကို မပြုလုပ်နိုင်ခဲ့ပေ။

ဤအချိန်တွင် သူ၏ အဆုံးသတ်မှာ သေချာသွားခဲ့ပြီ ဖြစ်သည်။

ဤအစွမ်းထက်သော မိစ္ဆာသည် ရှေးဟောင်းခေတ်ကတည်းက ကမ္ဘာအတွင်းတွင် နှစ်ပေါင်းများစွာ ကျင်လည် ကျက်စားနေခဲ့သော်လည်း ယခုအချိန်တွင် ဤမဟာပင်လယ် အတွင်း၌ ကြွေလွင့်ခဲ့ရပြီ ဖြစ်သည်။ ဤအချက်သည် ကမ္ဘာအတွင်းတွင် မပြောင်းလဲနိုင်သော အရာမရှိ

ဟူသည့် အချက်နှင့် ကံကြမ္မာနှင့် ဘဝ၏ အတက်အကျများကို အမြဲတမ်း မခန့်မှန်းနိုင် ဟူသည့် အချက်ကို သက်သေပြနေခဲ့သည်။

ဘဝ၏ အတက်အကျများကို ခံစားနေခဲ့ရသော နောက်ထပ်သူများသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ လင်းယွမ်တောင်တန်း အတွင်းမှ ရှေးဟောင်းလူဝံ မိစ္ဆာများပင် ဖြစ်ကြသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည် မြေပေါ်တွင် ဒူးထောက်နေရင်း သူ၏ မျက်လုံးများသည် အသက်မရှိတော့ပဲ ပါးစပ်အဟောင်းသား ဖြစ်နေခဲ့သည်။ သူ၏ မျက်လုံးပြာများသည် အရောင်အဆင်း ကင်းမဲ့နေ၍ အသက်စွမ်းအင်များ အားလုံး ကုန်ဆုံးသွားသည့် အတိုင်း သူ၏ တစ်ကိုယ်လုံးသည် ရုပ်ထုအလား တောင့်တင်းနေခဲ့သည်။

+

သူ၏ မျက်လုံးပြာများသည် အမြဲတမ်း အသက်ဝင်
တောက်ပလော့ ရှိခဲ့သော်လည်း ဤအချိန်တွင် အသက်
ကင်းမဲ့နေခဲ့ပြီ ဖြစ်သည်။

သူသည် မသေဝိညာဉ် တတိယ အဆင့်မှ
မိစ္ဆာတစ်ကောင် ဖြစ်၍ ဤကမ္ဘာပေါ်တွင် နေထိုင်ခဲ့သည့်
အချိန်က မရေမတွက်နိုင်တော့ပေ။

ရှန်းယွမ် ကြွေလွင့်သွားသည့် အချိန်မှ စ၍
ဟေးဒီးစ်ဧကရာဇ် နန်းတက်လာသည့် အချိန်အထိ
အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်များသည်
အကြီးအကျယ် ထိခိုက် ဆုံးရှုံးသွားခဲ့သည်။
ကောင်းကင်မိစ္ဆာ လူဝံများက နောက်ဆုံးတွင်
ရှေးဟောင်းလူဝံ မိစ္ဆာများကို ထိန်းချုပ်နိုင်ခဲ့ကာ

+

ခေါင်းဆောင်နေရာကို ရယူခဲ့၍ အစွန်းရောက်
စိတ်ဝိညာဉ် နတ်မျောက်များသည် ထူးခြား၍
ကသိကအောက် ဖြစ်ဖွယ် နေရာသို့ ရောက်သွားခဲ့သည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတသည်
ဤကဲ့သို့သော အခြေအနေမျိုးတွင် ကြီးပြင်းလာခဲ့သူ
တစ်ယောက် ဖြစ်သည်။

သူသည် ဒုက္ခများစွာကို ကျော်ဖြတ်ခဲ့ရပြီး သာမန်
အချိန်တွင် အရာအားလုံးကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့၍
သူ့အား ရင်တွင်းမှနေ၍ အမှန်တကယ်
လှုပ်ခါစေနိုင်သော အရာ အနည်းငယ်သာ ရှိသည်။

ဤအချိန်သည် သူ့ဘဝ တစ်လျှောက်လုံးတွင် ပထမဆုံး
အကြိမ်အဖြစ် စိတ်ခံစားချက်ကျကာ ဘာလုပ်ရမှန်း မသိ

+

ဖြစ်သွားခြင်း ဖြစ်၍ ဤအဖြစ်သည် အချိန်အတော်ကြာအောင် ဆက်လက် တည်ရှိနေမည် ဖြစ်သည်။

သူ၏ကိုယ်ပိုင် ဘိုးဘေးဘီဘင် ဖြစ်၍ သူ့မျိုးနွယ်စု အတွင်းမှ အစွမ်းအထက်ဆုံးသူသည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာနိုင်ခဲ့၍ အစွန်းရောက် စိတ်ဝိညာဉ် နတ်မျောက်များနှင့် ရှေးဟောင်းလူဝံ မိစ္ဆာ မျိုးနွယ်စု တစ်ခုလုံးသည် နောက်ဆုံးတွင် ယခင် ဂုဏ်ကျက်သရေနှင့် ကြီးမြင့်မှုများကို ပြန်လည် ရယူနိုင်ရန် မျှော်လင့်ချက် ရှိလာခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဤမျှော်လင့်ချက်သည် ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပြန်လည် ယူဆောင်သွားခြင်းကို ခံခဲ့ရသည်။ ဤအရာသည် အစစ်အမှန် မဟုတ်ဟု ထင်နေရ၍ အစွန်းရောက် စိတ်ဝိညာဉ်

+

မဟာပဏ္ဍိတသည် ကမ္ဘာတစ်ခုလုံးက
မှားယွင်းနေသည်ဟု ခံစားနေရသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတကပင် ဤကဲ့သို့
ဖြစ်နေသဖြင့် သူ့လက်အောက်မှ ငယ်သားများသည်
ပို၍ပင် စိတ်ဓာတ်ကျကာ ဘာလုပ်ရမှန်း မသိ
ဖြစ်နေကြသည်။ အားလုံးတို့က သူတို့၏ အဆုံးစွန်
ကေရာဇ် ရှန်းယွမ်သည် အမှောင်ထု အတွင်းသို့
တစ်စုံတစ်ယောက်၏ ပြန်လည် ပစ်သွင်းခြင်း
ခံခဲ့ရသည်ကို အံ့သြ မှင်သက်စွာ ပါးစပ်
အဟောင်းသားဖြင့် ကြည့်နေခဲ့ရသည်။

အစွန်းရောက် စိတ်ဝိညာဉ် မဟာပဏ္ဍိတနှင့် ယွဲ့ချန်း
မဟာပဏ္ဍိတတို့ အပြင် ဗီပရာလိုပါ အဆင့်မှာ
မိစ္ဆာနှစ်ကောင် ဖြစ်ကြသည့် ကောင်းကင် ဂရန်းမာစတာ

+

မဟာပဏ္ဍိတနှင့် နီးရဲသော ဂေါရီလာ မဟာပဏ္ဍိတတို့ကလည်း ကြွက်သေသေနေကြသည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတသည် သူသည် မျိုးနွယ်စု ခေါင်းဆောင်အဖြစ် ဆက်လက် ရှိနေနိုင်သည့် အချက်ကြောင့် ဝမ်းမသာနိုင်ပဲ သူ၏ ရင်အတွင်းတွင် အံ့အားသင့်မှု သို့မဟုတ် ကြောက်ရွံ့မှုသာ ရှိနေခဲ့သည်။

ဤအရာသည် ကမ္ဘာအတွင်းမှ အစွမ်းအထက်ဆုံး မိစ္ဆာသုံးကောင်တွင် အပါအဝင် ဖြစ်သော အဆုံးစွန် ကေရာဇ် ဖြစ်သည်။ ရှန်းယွမ်အနေဖြင့် မဟာကမ္ဘာ တစ်ခုလုံးအား အုပ်စိုးထားနိုင်သည့် အချိန်တစ်ခုပင် ရှိခဲ့ဖူးသည်။

+

တစ်ယောက်သည် ရှန်းယွမ်အား သူသေကိုယ်သေ တိုက်ခိုက်ရခြင်း မရှိပဲ သေရွာသို့ သက်တောင့်သက်သာ ပြန်ပို့နိုင်ခဲ့ခြင်းသည် မည်ကဲသို့သော စွမ်းအားမျိုးနည်း။

ဤအချက်သည် ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ နီရဲသော ဂေါ်ရီလာ မဟာပဏ္ဍိတနှင့် ကျန်သောသူများ၏ မျှော်မှန်းချက်များ အတွင်းမှ လုံးဝကို ကျော်လွန်သွားသော အရာတစ်ခု ဖြစ်သည်။

ဗီပရာလိုပါ အဆင့်မှ မဟာမိစ္ဆာများသည် ကောင်းကင်နှင့် မြေကြီးတို့၏ ကြမ်းကြုတ်သော စွမ်းအားက ထိုးတက်လာသည့် အချိန်၊ မဟာကမ္ဘာသည် ရှန်းယွမ်နှင့် အတူ ပျက်စီးသွားတော့မည့်ပုံ ပေါက်နေသည့် အချိန်နှင့် ကျန်သော ကြောက်မက်ဖွယ်ရာ ဖြစ်စဥ်များကို ပြန်လည် စဥ်းစားမိလိုက်သည့် အချိန်တွင် ကိုယ်တိုင်ကိုယ်ကျ

+

မတွေ့ခဲ့ရသော်လည်း သူတို့၏ စိတ်အတွင်းတွင်
ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

ခရမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်က
သူ၏ဓားဖြင့် ခုတ်ချလိုက်သည့် ပုံရိပ်ပင် ဖြစ်သည်။

ဤပုံရိပ်သည် သူတို့၏ စိတ်ဝိညာဉ်များ အတွင်းတွင်
ခတ်နှိပ်ထား၍ စဉ်းစားလိုက်ရုံဖြင့်ပင် ချွေးအေးများ
ထွက်လာခဲ့ပေသည်။

## စာစဉ် ၇၆ : အပိုင်း ၄

## အပိုင်း ၁၄၇၄ : ကောင်းကင်တစ်လျှောက် အကြီးမြတ်ဆုံး

+

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည် ကောင်းကင်နှင့်
မြေကြီးတို့၏ ကြမ်းကြုတ်သော စွမ်းအားကို အသုံးပြု၍
ကမ္ဘာကြီး၏ တာအိုကို ဖျက်ဆီးသော
ကြောက်မက်ဖွယ်ရာ ဤခေါ်းဆန္ဒအား
ကိုယ်တိုင်ကိုယ်ကျ မတွေ့ကြုံခဲ့ရဖူးသော်လည်း
လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားထံမှ
ထွက်လာသော ထိုစွမ်းအားကို ခံစားနိုင်ခဲ့ကြသည်။

သို့သော်လည်း သူတို့၏ ယခင် ဗဟုသုတများ အရ
ကောင်းကင်ဖျက်ဆီး ဓားသည် ကြောက်မက်ဖွယ်ရာ
ကောင်းလှသော်လည်း ဤမျှအထိ မမှန်းဆနိုင်ပဲ
ဖော်ပြ၍ မရနိုင်သည့် အဆင့်အထိ မရှိခဲ့ပေ။

သူသည် အဆုံးစွန် ကေရာဇ် ရှန်းယွမ်အား
သာလွန်နိုင်သည့် အခြေအနေတွင် လုံးဝ မရှိနေပေ။
+

သို့သော်လည်း အားလုံးတို့၏ ဗဟုသုတနှင့် မျှော်မှန်းချက်များကို ကျော်လွန်သွားခဲ့သော ဤခေးသည် ဤအချက်ကို သက်သေပြနိုင်ခဲ့ပြီ ဖြစ်သည်။

သူတို့သည် လင်းဖုန်းက စူတောင်အပေါ်သို့ ဆင်းသက်လာ၍ ကောင်းကင်ဖျက်ဆီး ခေးအား ဒုတိယ အကြိမ်  ကျင့်ကြံခဲ့သည့် အချိန်ကို ပြန်၍ တွေးမိကြသောအခါ သူတို့၏ ရင်အတွင်းမှ နေ၍ ခါးသီးမှုများကို ခံစားခဲ့ရသော်လည်း ဘာမှ မတတ်နိုင်ခဲ့ကြပေ။

လင်းယွမ် တောင်တန်းများမှ ရှေးဟောင်းလူဝံ မိစ္ဆာများသည် အနာဂတ်တွင် မည်သည့်လမ်းကို

+

သွားရမည် ဟူသည့်မေးခွန်းသည် သူတို့ အရေးတကြီး စဉ်းစားသုံးသပ်ရမည့် မေးခွန်းတစ်ခု ဖြစ်လာခဲ့သည်။

ရှန်းယွမ်က အမှောင်ထု အတွင်းသို့ ပြန်ရောက်သွားပြီ ဖြစ်ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဝိညာဉ်ပင်လယ် ပြိုင်ပွဲတွင် အကြွင်းမဲ့ အနိုင်ရသူ ဖြစ်ခဲ့သည်။ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ကလည်း နတ်ဘုရား နယ်မြေအား ကျူးကျော်ခဲ့စဉ်က ဒဏ်ရာများ ရခဲ့ပြီး ရှေးဟောင်းလူဝံ မိစ္ဆာများသည် စတင်၍ အားနည်းလာခဲ့ပြီ ဖြစ်သည်။

ရှေးဟောင်းလူဝံ မိစ္ဆာနှင့် အလားတူပင် မီးတောင်ဖန်ကျောက် လောကသို့ ပြန်ရောက်လာကြသည့် ဟေးဒီးစ် မျိုးနွယ်စုများမှ

+

အစွမ်းထက် မိစ္ဆာများသည် လေးနက်ကာ
ရင်လေးနေကြသည်။

သူတို့သည် ဝိညာဥ်ပင်လယ် အတွင်းမှ
အကန်ထုတ်ခံခဲ့ရသော်လည်း ဝိညာဥ်ပင်လယ်
အတွင်းနှင့် မဟာကမ္ဘာ အတွင်းမှ ပြောင်းလဲမှုများကို
ဆက်လက် စောင့်ကြည့်နေကြသည်။

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့က မဟာကမ္ဘာ အတွင်းသို့
ပြန်လာနိုင်ခဲ့ကြသော်လည်း ဟေးဒီးစ် ကေရာဇ်ကို
အရိပ်အယောင်မျှပင် မတွေ့ခဲ့ရချေ။ ဤအရာသည်
ဟေးဒီးစ် မျိုးနွယ်စုတို့၏ စိတ်ဓာတ်များကို
ကျဆင်းစေသော ပထမ အချက်ဖြစ်သည်။

+

အမှန်အတိုင်း ပြောရလျှင် ဟေးဒီးစ် မျိုးနွယ်စုများသည် နဂါးများ၊ ရှေးဟောင်းလူဝံ မိစ္ဆာများနှင့် ကောင်းမွန်သော ဆက်ဆံရေးများ မရှိကြပေ။

အထူးသဖြင့် ယခင်ကေရာဇ် ကျဆုံးပြီးမှသာ ကေရာဇ် အသစ်တစ်ပါး တက်လာနိုင်ခြင်း ဖြစ်သဖြင့် သူတို့နှင့် ရှေးဟောင်းလူဝံ မိစ္ဆာတို့၏ ဆက်ဆံရေးသည် အထူး ဆိုးဝါးလှသည်။

အလယ်ခေတ်တွင် ရှန်းယွမ်က သူ၏ အဆုံးသတ်နှင့် ကြုံတွေ့အပြီးမှသာ ဟေးဒီးစ် ကေရာဇ်နှင့် ဟေးဒီးစ် မျိုးနွယ်စုတို့သည် သူ၏ နေရာတွင် ဝင်ကာ မဟာလွင်တီးခေါင် ကုန်းမြေ၏ အထွတ်အထိပ် နေရာသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူတို့၏ ထိပ်ဆုံးသို့ လာရာ ခရီးလမ်း တစ်လျှောက်တွင် သူတို့သည် အစွမ်းထက်သော မိစ္ဆာ များစွာတို့အား သုတ်သင်ခဲ့ပြီး

+

သူတို့အနက် အများစုသည် ရှေးဟောင်းလူဝံ မိစ္ဆာများ ဖြစ်ကြသည်။

ဝိညာဉ်ပင်လယ် အတွင်းမှ ပဋ္ဌိပက္ခ မတိုင်မီတွင် နဂါးများသည် မဟူရာ ပင်လယ် အတွင်းတွင် ကြီးစိုး လွှမ်းမိုးနိုင်ခဲ့ကြသော်လည်း မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ဟေးဒီးစ် မျိုးနွယ်စုများသည် အသန်မာဆုံး မျိုးနွယ်စုများသာ ဖြစ်ခဲ့ကြသည်။

သို့သော်လည်း ရွှမ်ဆန်းနှင့် ရှုန်းယွမ်တို့က ပြန်လာနိုင်ခဲ့အပြီးတွင် အခြေအနေသည် လုံးဝ ပြောင်းလဲသွားခဲ့သည်။

လင်းဖုန်းနှင့် အခြား လူသား ကျင့်ကြံသူများကလည်း သူတို့အား ဖိအားများစွာပေးနေခဲ့၍ ဟေးဒီးစ်

+

မျိုးနွယ်စုများ၏ အခြေအနေသည် ယခင်ကနှင့် စာလျှင် များစွာပို၍ အန္တရာယ် ကြီးမားလာခဲ့သည်။

သူတို့သည် တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးနှင့် အတူ နဂါးများနှင့် ရှေးဟောင်းလူဝံ မိစ္ဆာတို့၏ ကျူးကျော်မှုအား သံသယဖြစ်ဖွယ်ရာ မရှိပဲ ခံရမည် ဖြစ်ကာ အညံ့ခံလျှင်ခံ မဟုတ်ပဲ ခုခံလျှင် မျိုးသုဥ်းနိုင်သည်အထိ အသတ်ခံရမည် ဖြစ်သည်။

အကယ်၍ ဝိညာဉ်ပင်လယ်သည် ကြွယ်ကေရာဇ် သို့မဟုတ် အဆုံးစွန် ကေရာဇ်၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ပါက သူတို့၏ အခြေအနေသည် မယုံနိုင်အောင် ဆိုးဝါးသွားနိုင်သည်။

+

သို့သော်လည်း သူတို့သည် ဤအခြေအနေများကို သုံးသပ်နေဆဲရှိသေးသည်၊ လျင်မြန်စွာ ပြောင်းလဲသွားသော အဖြစ်အပျက်များသည် ပုံရိပ်ယောင်နေမင်းနှင့် ဟောဒီးစ် မျိုးနွယ်စုတို့အား အံ့သြမှင်သက်စေခဲ့သည်။

အဆုံးစွန် ကေရာဇ်သည် သူတို့ မျိုးနွယ်စု အတွင်းမှ အစွမ်းအထက်ဆုံးသူ ဖြစ်သည့် ဟောဒီးစ် ကေရာဇ်နှင့် တစ်ဆင့်တည်း သတ်မှတ်ခြင်း ခံရသူ ဖြစ်သော်လည်း ထပ်ဖန်တစ်ခါ သေဆုံးသွားခဲ့ပြန်သည်။

ရှန်းယွမ်သည် မဟာကမ္ဘာ အတွင်းသို့ ပြန်လာရုံလေးတင်သာ ရှိသေးသော်လည်း သူသည် ထပ်ဖန်တစ်ခါ လူသားများ၏ မြေမြှုပ်ခြင်းကို ခံလိုက်ရပြန်သည်။ ဤကဲ့သို့သော ရုတ်တရက် ပြောင်းလဲသွားသည့် အဖြစ်အပျက်များသည်
+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ကျန်သောသူများကို လုံး၀ အံ့အားသင့် မှင်သက်သွားစေသည်။

အခွင့်အရေးက နည်းပါးသော်လည်း အကယ်၍ ရှန်းယွမ်သည် ရွှမ်ဆန်း အပါအ၀င် အခြား အစွမ်းထက်သော ပုဂ္ဂိုလ် တစ်အုပ်စုတို့၏ ၀ိုင်း၀န်း တိုက်ခိုက်ခြင်းကို ခံခဲ့ရ၍ ကြွေလွင့်ခဲ့ရသည် ဆိုလျှင် လက်ခံနိုင်သေးသည်။

သို့သော်လည်း ကြောက်မက်ဖွယ်ရာ ဓားဆန္ဒသည် ကမ္ဘာကြီးအား ရှန်းယွမ်အား သတ်ဖြတ်ခဲ့သူမှာ သူသာဖြစ်ကြောင်းကို ကြေညာခဲ့သည်။

+

ပုံရိပ်ယောင်နေမင်း ဟောဒီးစ်နှင့် အခြား အစွမ်းထက်
ဟောဒီးစ် မိစ္ဆာများသည် ကြောက်မက်ဖွယ်ရာ
ဤခေးဆန္ဒနှင့် အလွန်အမင်း ရင်းနှီး ကျွမ်းဝင်နေသည်။

ကမ္ဘာနှစ်ခု အကြားမှ နောက်ဆုံးတိုက်ပွဲတွင် သူတို့သည်
မဟာကမ္ဘာ အတွင်းသို့ ဆင်းသက်လာ၍ ကမ္ဘာကြီးအား
ထပ်ဖန်တစ်ခါ လွှမ်းမိုးတော့မည်ဟု ကြံနေဆဲတွင်ပင်
ထိုပုဂ္ဂိုလ်နှင့် သူ၏ခေး၏ ဟန့်တားခြင်းကို ခံခဲ့ရသည်။

ခုန်းယွမ်သည် ဗီပရာလိုပါ အဆင့်မှ မိစ္ဆာတစ်ကောင်
ဖြစ်သော်လည်း သူသည် ပွဲချင်းပြီး အသတ်ခံခဲ့ရသည်။
ဟောဒီးစ် ဧကရာဇ် ချန်ရစ်ခဲ့သော ဦးချိုနှင့်
မီးတောင်ဖန်ကျောက် လောကမှ ဟောဒီးစ်မြို့တော်၏
ကူညီမှုကြောင့်သာ မဟုတ်လျှင် ပုံရိပ်ယောင်နေမင်း
ကိုယ်တိုင်ကလည်း အသက်နှင့်တကွ
လွတ်မြောက်လာနိုင်မည်မှာ မသေချာနေပေ။
+

လင်းဖုန်းနှင့် ကောင်းကင်ဖျက်ဆီး ခေးတို့သည် ဟေးဒီးစ် မိစ္ဆာများ၏ စိတ်အတွင်းတွင် နက်ရှိုင်းစွာ ထင်ကျန်နေခဲ့ကြ၍ ဤဖိနှိပ်မှုသည် ထိုစဉ်က ဟင်းလင်းပြင် ဘုရားကျောင်းနှင့် အန္တိမ ကောင်းကင်ကြေးမုံတို့နှင့်ပင် ယှဉ်နေနိုင်သည်။

သို့သော်လည်း ယခုအချိန်တွင် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ကျန်သောသူများက ကြောက်မက်ဖွယ်ရာ ဤခေးကြီးသည် ယခင်ကထက်ပင် ပို၍ အစွမ်းထက်လာကာ သူ၏ ခက်ထန်မှုသည် ကမ္ဘာ တစ်ခုလုံး၏ အစစ်အမှန် အဆုံးသတ်အား ကိုယ်စားပြုနေသည် ဟူ၍ပင် ထင်နေရသည်။

+

ဤမျှအထိ အစွမ်းထက်သော အင်အားစု တစ်ခု၏
လက်အတွင်းတွင် ကျဆုံးခဲ့ရသဖြင့် တစ်ယောက်သည်
ရှန်းယွမ်အား အပြစ်တင်နိုင်မည် မဟုတ်ချေ။

သို့သော်လည်း လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး
ခေးထံမှ ထွက်လာသော ဤအင်အားသည် ဟေးဒီးစ်
မျိုးနွယ်စုမှ မိစ္ဆာများ၏ ရင်အတွင်းတွင် ခါးသီးသော
ခံစားချက်များကို ပေးစွမ်းနိုင်ခဲ့သည်။

ဤအရာသည် အလွန်ခါးသီးသော ခံစားချက် ဖြစ်ကာ
လုံးဝကို မျှော်လင့်ချက် ကင်းမဲ့နေသည်နှင့်ပင်
တူနေခဲ့သည်။

အကယ်၍ ဟေးဒီးစ် ကေရာဇ်သည် ရွှမ်ဆန်း၊
ရှန်းယွမ်တို့နှင့် အတူ မဟာကမ္ဘာ အတွင်းသို့

+

ပြန်လာနိုင်ခဲ့လျှင် သို့မဟုတ် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ကျဆုံးသွားသော သူ၏ အစ်ကို၏ စွမ်းအားအဆင့်အထိသို့ ရောက်သွားနိုင်ခဲ့လျှင်ပင် သူတို့သည် လင်းဖုန်းနှင့် သူ၏ ကောင်းကင်ဖျက်ဆီးခေါးတို့၏ လက်အတွင်းတွင် ပျက်စီးရမည်မှာ သေချာနေသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ခိုင်မာသော စိတ်ဆန္ဒရှိကာ ဆုံးဖြတ်ချက် ပြတ်သားသူ ဖြစ်၍ ရည်မှန်းချက် ကြီးမားပြီး အနာဂတ်မှ ဂုဏ်ကျက်သရေများအတွက် အစီအစဥ်များ ရေးဆွဲထားသည်။ သို့သော်လည်း သူသည် မည်မျှပင် ကိုယ့်ကိုယ်ယုံကြည်ချက် ရှိနေသော်လည်း ဤအချိန်တွင် သူ၏စိတ်သည် တုန်လှုပ်ကာ ယိမ်းယိုင်နေခဲ့သည်။

+

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်သည် ကြမ္မာပန်းတိုင် ဒုတိယ ကပ်ဘေးများကို ကျော်လွှားနေပြီ ဖြစ်၍ သူကပင် ဤမျှအထိ တုန်လှုပ်နေလျှင် သူ့ထက် ကျင့်ကြံမှု အဆင့်နိမ့်သော ပုဂ္ဂိုလ်များကမူ ပြောဖွယ်ရာ မလိုတော့ပေ။

ကမ္ဘာ အတွင်းမှ အစွမ်းထက်သော အခြားမိစ္ဆာများ အပေါ်၌လည်း မီးခိုးရောင် အလွှာတစ်ခု လွှမ်းခြုံထားသကဲ့သို့ ဖြစ်နေကာ သူတို့က မည်သို့လုပ်လုပ် မလွတ်မြောက်နိုင်ခဲ့ပေ။

မဟာလွင်တီးခေါင် ကုန်းမြေသည် စိတ်ပျက်လက်ပျက် ဖြစ်ကာ ခါးသီးမှုများနှင့် ပြည့်နေချိန်တွင် နတ်ဘုရား နယ်မြေ အတွင်းမှ ပတ်ဝန်းကျင်ကလည်း အနည်းငယ် ထူးခြား ရှုပ်ထွေးနေခဲ့သည်။

+

ရွှမ်ဆန်းနှင့် ရှန်းယွမ်တို့ မဟာကမ္ဘာ အတွင်းသို့ အတူတကွ ပြန်လာခဲ့ချိန်တွင် နတ်ဘုရား နယ်မြေ၏ ပထမ တုံ့ပြန်မှုသည် ပြင်းထန်စွာ ကြောက်ရွံ့ခြင်းပင် ဖြစ်သည်။ သူတို့၏ ပူးပေါင်း ဂုဏ်သတင်းများသည် လူများစွာတို့အား မျှော်လင့်ချက် ကင်းမဲ့စေခဲ့သည်။

သို့သော်လည်း နောက်ပိုင်းတွင် အခြေအနေများက ဤမျှအထိ ဖြစ်သွားခဲ့မည်ဟု တစ်ယောက်ကမှ မမျှော်လင့်ထားခဲ့ပေ။

လူသားများသည် လင်းဖုန်းနှင့် ကျန်သော ထိပ်သီး ကျင့်ကြံသူများက မိစ္ဆာကေရာဇ် နှစ်ပါးတို့အား အနိုင်ယူနိုင်မည်ဟု မျှော်လင့်နေကြသော်လည်း လင်းဖုန်းက ရှန်းယွမ်အား သူ၏ ဓားကြီးဖြင့် နှစ်ပိုင်း

+

ခုတ်ဖြတ်ခဲ့သည့် အချိန်တွင် အားလုံးတို့သည် ဘာမှ မလုပ်နိုင်လောက်အောင် ထိတ်လန့် တုန်လှုပ်သွားကြသည်။

သူတို့သည် သတိပြန်ဝင်လာ၍ ကမ္ဘာတစ်ခုလုံးအား မိုးထိုးထားသည့် မျက်လုံးပြာနှင့် အဖြူရောင် လူဝံ၏ ပုံရိပ်သည် ဘာမှမရှိခြင်း အဖြစ်သို့ ပျောက်သွားသည်ကို တွေ့ခဲ့ရသော အခါ အားလုံးတို့သည် ပျော်ရွှင် မြူးတူးသွားခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏ ဂုဏ်သတင်းသည် သူ့အရှေ့မှ မည်သည့် ပုဂ္ဂိုလ်ထက် မဆို သာလွန်သွားခဲ့ပြီ ဖြစ်သည်။

+

သို့သော်လည်း အစွမ်းထက်သော ကျင့်ကြံသူများသည် အစပိုင်း စိတ်လှုပ်ရှားမှုများမှ ပြန်၍ တည်ငြိမ်လာခဲ့သော အခါ အခြား စိတ်ခံစားချက်များ ပေါ်လာကြသည်။ သူတို့သည် စဥ်းစားနေကြရင်း ငြိမ်သက်သွားကြကာ ခံစားချက်များက ထိန်းချုပ်၍ မရနိုင်တော့ချေ။

မဟာကမ္ဘာ တစ်ခုလုံးအား ဖျက်ဆီးတော့မည်နှင့် တူနေသော လင်းဖုန်း၏ ဓားကြီးသည် အမတန်မှ အားကောင်းကာ ခြိမ်းခြောက်နိုင်စွမ်း ကြီးမားလွန်းပြီး အားလုံးတို့၏ ရင်အတွင်းတွင် ခုခံလိုသော ခံစားချက်မျိုးကို ဖြစ်ပေါ်စေခဲ့သည်။

လင်းဖုန်းသည် အဆုံးစွန် ဧကရာဇ်အား သုတ်သင်ပြီးသွားသော အခါ ကောင်းကင်အား ပြန်လည် ပြုပြင်နိုင်သည့် စွမ်းအားများ ကျန်နေသေးသည်။ သူသည် အရာအားလုံးကို ယုံကြည်ချက် အပြည့်ဖြင့်
+

သက်တောင့်သက်သာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကာ ဤအရာသည် တစ်ခါသာ အသုံးပြု၍ရသော စွမ်းအားမျိုး မဟုတ်ပဲ အားလုံးတို့၏ ရင်အတွင်းမှ မနှစ်မြို့မှုများနှင့် ခုခံလိုစိတ်များကို ဖယ်ရှားပစ်ခဲ့သည်။

ကမ္ဘာဦးခေတ်နှင့် ရှေးဟောင်းခေတ်တို့တွင် လူသားများ အားလုံးကို စုစည်းကာ အုပ်စိုးနိုင်ခဲ့သော လူသားဧကရာဇ်များ ရှိခဲ့ဖူးသော်လည်း ယနေ့ လင်းဖုန်းကဲ့သို့ တစ်ကမ္ဘာလုံးအား အမှန်တကယ် ကြီးစိုးလွှမ်းမိုးနိုင်သောသူ တစ်ယောက်မှ မပေါ်ခဲ့ဖူးပေ။

ဤအချိန်တွင် သူတို့က လင်းဖုန်းနှင့် အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းတို့ အပေါ်တွင် မည်သို့ပင် ခံစားနေရသည် ဖြစ်စေ လင်းဖုန်းသည် ယခုအချိန်၌ ကောင်းကင်တစ်လျှောက်တွင် အကြီးမြတ်ဆုံး ဖြစ်သည်ဟု ဝန်ခံရမည် ဖြစ်သည်။

+

အချို့သူများသည် သူ့အား ခုခံရန် သတ္တိရှိကောင်း ရှိမည် ဖြစ်သော်လည်း ဤလူများသည် အောင်မြင်ရန် ယုံကြည်ချက် ရှိမည် မဟုတ်ချေ။

ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် ငြိမ်သက်စွာဖြင့် အချင်းချင်း စိုက်ကြည့်နေကြကာ အချိန် အတန်ကြာမှ ရှင်းလုံစန်းက ဖြည်းညင်းစွာ ပြောလိုက်သည်။ "ကျွန်တော်က ကျွန်တော့်ရဲ့ တာအို နှလုံးသားကို ဖြည့်ဆည်းဖို့ ခွန်းလွန်တောင်ကို ခရီးတစ်ခေါက် သွားမှ ရမယ်"

ထျန်းကန်း ခေးမာစတာသည် သူ၏ခေါင်းကို တိတ်ဆိတ်စွာဖြင့် ညိတ်ပြလိုက်ကာ ဘာမှ မပြောခဲ့သော်လည်း သူ၏ အသိစိတ်သည်

+

တည်ငြိမ်စွာဖြင့် ဟင်းလင်းပြင် အတွင်းမှ သတင်းပို့လိုက်သည်။ "ငါကလည်း မင်းနဲ့အတူ လိုက်မယ်"

ဂူကျွန်းသည် သူတို့နှင့် သိပ်မကွာပဲ ရပ်နေခဲ့၍ သူ၏ အမူအရာသည် ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းများ မရှိပဲ တည်ငြိမ်နေကာ ထကြွ လှုပ်ရှားနေသော ဟင်းလင်းပြင် အတွင်းမှ အလင်းတန်းများကိုသာ တိတ်တဆိတ် စိုက်ကြည့်နေခဲ့သည်။

မဟာချင် အင်ပါယာ၏ မြို့တော်ဖြစ်သော ရှီးလင်မြို့ရှိ တော်ဝင်နန်းတော် အတွင်းမှ လက်ရှိ ချင်ဧကရာဇ် ဖြစ်သော ရှီကျုံးထန်းသည် သူ၏ နဂါးပလ္လင် အပေါ်တွင် ထိုင်နေပြီး ရှီကျုံးမောင်နှင့် ကျန်သောသူများသည် သူ၏ဘေးတွင် ထိုင်နေကြသည်။

+

မဟာချင် အင်ပါယာမှ ကျင့်ကြံသူများ အားလုံးတို့ကလည်း တိတ်ဆိတ်နေကြသည်။

အချိန်အတန်ကြာမှ ရှီကျုံးမောင်သည် သက်ပြင်းဖွဖွလေး ချကာ ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းဟာ မိရိုးဖလာ ကမ္ဘာကို တကယ်ပဲ ကျော်လွန်သွားမလား ဒါမှမဟုတ် သူတို့က မဟာကမ္ဘာကို ဆက်လက် ထိန်းချုပ်နိုင်မယ့် လမ်းကြောင်းတစ်ခုကိုပဲ ဆက်လျှောက်မှာလား"

ဤအချိန်တွင် မမျှော်လင့်ထားသော တစ်စုံတစ်ခု ရုတ်တရက် မဖြစ်လာပဲနှင့် လင်းဖုန်း လုပ်လိုသည့် အရာများကို ဟန့်တားနိုင်မည့်သူ တစ်ယောက်မှ မရှိနိုင်တော့ပေ။

+

ရှီကျုံးထန်းက ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ဘာပဲဖြစ်ဖြစ် ဒါက ငါတို့ သွားလိုနေတဲ့ လမ်းကြောင်းကို အကျိုးအများကြီး မသက်ရောက်နိုင်ဘူး"

ဤစကားကို ကြားခဲ့ရသော အခါ မဟာချင် အင်ပါယာမှ ကျင့်ကြံသူများသည် ခေါင်းညိတ်လိုက်ကြပြီး သက်ပြင်းများ ချလိုက်ကြကာ သူတို့၏ အမူအရာများသည် အနည်းငယ် သက်တောင့်သက်သာ ဖြစ်သွားကြသည်။

ရှီကျုံးထန်းက ပြောလိုက်သည်။ "ဝိညာဉ်ပင်လယ် ပြိုင်ပွဲ ပြီးသွားတဲ့ အချိန်မှာ ငါတို့က ဟွမ်ထျန်း ဧကရာဇ်ရဲ့ အမြင်ကို မေးရမယ်... သူက လက်ခံသည် ဖြစ်စေ၊

+

လက်မခံသည် ဖြစ်စေ၊ ငါတို့က ငါတို့ရဲ့ သဘောထားနဲ့ အခြေအနေကို တင်ပြရမယ်"

ရှီကျုံးမောင်က ရှီကျုံးထန်းအား လှမ်းကြည့်လိုက်သည်။ သူသည် ဤဆုံးဖြတ်ချက်ကို တည်ငြိမ်စွာနှင့် ချနိုင်ခဲ့သဖြင့် ရှီကျုံးထန်း၏ စိတ်သည် ဆုံးဖြတ်ပြီးသား ဖြစ်နေသည်မှာ သိသာနေပြီး သူ၏ကိုယ်ပိုင် အကျိုးထက် မဟာချင် အင်ပါယာ၏ အကျိုးကို ရှေ့တန်းတင်ထားသည်ကို သိနိုင်သည်။

ရှီကျုံးထန်း၏ ခံစားချက်များသည် အမှန်တွင် ထင်နေရသကဲ့သို့ တည်ငြိမ်မနေပဲ ဤအချိန်တွင် အမတန်မှ ရှုပ်ထွေးနေသည်။

+

သူ၏ စိတ်အတွင်းမှ ပဋိပက္ခကို အဆက်မပြတ် ရင်ဆိုင်ခဲ့ရ အပြီးတွင် နောက်ဆုံးတွင် ရိုးသားစွာ ရင်ဆိုင်ရန်သာ ရွေးချယ်ခဲ့၍ ဤဆုံးဖြတ်ချက်ကို ချခဲ့ခြင်း ဖြစ်သည်။

ရှိကျုံးမောင်နှင့် ကျန်သော ကျင့်ကြံသူများသည် ပြိုင်တူ သက်ပြင်းချလိုက်ကြသည်။ အားလုံးတို့သည် မဟာခန်းမဆောင်၏ မျက်နှာကြက်ကို မော့ကြည့်လိုက်ကြပြီး သူတို့၏ အကြည့်များသည် ခေါင်မိုးကို ထွင်းဖောက်ကာ ကျယ်ပြန့်သော ကောင်းကင်ထံသို့ ရောက်သွားခဲ့သည်။

မဟာကျိုး အင်ပါယာ၏ မြို့တော်ဖြစ်သော ထျန်းကျင်းမြို့ အတွင်းတွင် လျှမ်ကန်း၊ လျှမ်ဖူ၊ လျှန်ကျင်းလေနှင့် ကျန်သောသူများသည်

+

တော်ဝင်နန်းတော် အတွင်းတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

မဟာကျိုး အင်ပါယာမှ မှူးမတ်များကလည်း ထိုနေရာတွင် အချင်းချင်း ငြိမ်သက်စွာဖြင့် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

လျှမ်ဖူ၊ လျှမ်ကျင်းလေ၊ လျှမ်ကျင်းချန်းနှင့် ကျန်သောသူများသည် လျှမ်ကန်းထံသို့ လှမ်းကြည့်လိုက်ကြသည်။

လျှမ်ကန်း၏ မျက်လုံးများသည် တည်ငြိမ်နေ၍ ခေတ္တ အကြာတွင် ပြောလိုက်သည်။ "ဝိညာဉ်ပင်လယ် အတွင်းက ကိစ္စတွေ အဆုံးသတ်သွားရင် ငါက ခွန်းလွန်တောင်ကို အလည်သွားလိုက်မယ်...

+

ယန်လျှမ်မင်းသားက ထျန်းကျင်းမြို့မှာ နေနေပြီး
အရှေ့ပင်လယ် မင်းသားနဲ့ ယူယွမ်မင်းသားတို့က
ငါ့အနောက်ကို လိုက်လာကြပါ"

လျှမ်ဖူနှင့် ကျန်သောသူများသည် ဘာမှ မပြောကြပဲ
အားလုံးတို့က တစ်ချိန်တည်းတွင် ထရပ်လိုက်ကြကာ
လျှမ်ကန်းအား ရိုသေစွာဖြင့် ဦးညွှတ်လိုက်ကြသည်။
"ဟုတ်ကဲ့ပါ... အရှင်မင်းမြတ်"

ဂူမင်းဆက်၊ စူတောင်ခေးဂိုဏ်း၊ မဟာချင် အင်ပါယာ၊
မဟာကျိုး အင်ပါယာနှင့် နတ်ဘုရား နယ်မြေ အတွင်းမှ
ကျန်သော အင်အားစုများသည် ဤအချိန်တွင်
မတည်မငြိမ် ဖြစ်နေကြသည်။ အားလုံးတို့တွင် ကိုယ်ပိုင်
အမြင်များ ရှိကြပြီး သူတို့၏ အတွေးများသည်
တစ်ယောက်နှင့် တစ်ယောက် ကွဲပြားနေကြသည်။

+

အရှုပ်ထွေးဆုံး ခံစားချက်များကို ခံစားနေရသူများမှာ ပိုင်ယွင်တောင်ပေါ်ရှိ ဟင်းလင်းပြင် ဘုရားကျောင်းမှ လူများသာ ဖြစ်ပေလိမ့်မည်။

ကောင်းဟန်နှင့် ကျန်သောသူများသည် ပိုင်ယွင်တောင်ထိပ်တွင် အတူတကွ ထိုင်နေကြကာ အားလုံးတို့က ငြိမ်သက်နေကြသည်။

လင်းဖုန်းသည် အရာအားလုံးကို ဖျက်ဆီးနိုင်သော ကြောက်မက်ဖွယ်ရာ ဓားကြီးဖြင့် ခုတ်ချလိုက်ကာ ရှန်းယွမ်အား ဟင်းလင်းပြင် အတွင်းသို့ ပြန်ပို့လိုက်ကတည်းက အားလုံးတို့က ငြိမ်သက်သွားကြခြင်း ဖြစ်သည်။

+

အန္တိမ ကောင်းကင်ကြေးမုံသည် သူ၏ အထွတ်အထိပ်သို့ ရောက်နေသည့် အချိန်၌ပင် သူ့ထက် အားနည်းနေသည့်ပုံ ပေါက်နေခဲ့သည်။

သူတို့သည် သူတို့၏ မူလ အကြံအစည် အတိုင်း သေမင်းပင်လယ် လမ်းကြောင်းကို ဖွင့်လှစ်ကာ သူတို့၏ ဘိုးဘေးဖြစ်သော မဟာဟင်းလင်းပြင် သူတော်စင်ကို မဟာကမ္ဘာ အတွင်းသို့ ပြန်ခေါ်နိုင်ရန် အစီအစဥ်သည် အချည်းနှီး ဖြစ်သွားခဲ့သည်။

ယုယွမ် သူတော်စင်မယ်က မည်းမှောင်စွာနှင့် တီးတိုးပြောလိုက်သည်။ "ဟိုကြောက်စရာ ခေးကြီးက အဲ့ဒီအဆင့် အထိကို ရောက်သွားခဲ့ပြီ"

+

ကောင်းဟန်၊ ချင်းနင်သူတော်စင်နှင့် ကျန်သောသူများက ငြိမ်သက်သွားကြသည်။

ကြီးမားလှသော ပိုင်ယွင်တောင်အား တိမ်တိုက်များဖြင့် ထပ်ဖန်တစ်ခါ ဖုံးလွှမ်းသွားကာ ဝေဝါးသွားခဲ့ပြီး ကျန်နေခဲ့သည်မှာ တောင်တန်းများတစ်လျှောက် ပွဲတင်ရိုက်နေခဲ့သော သက်ပြင်းသံ တိုးတိုးလေးများသာ ဖြစ်ကြသည်။

## စာစဥ် ၇၆ : အပိုင်း ၅

## အပိုင်း ၁၄၇၅ : အခွင့်အရေး ရောက်လာပြီ

မဟာကမ္ဘာ အတွင်းတွင် နောက်ထပ် သတင်းတစ်ပုဒ်က လျင်မြန်စွာ ပျံ့နှံ့လာခဲ့သည်။

+

ကြွယ်ကေရာဇ် ရွှမ်ဆန်းသည် မဟူရာ ပင်လယ်
အတွင်းသို့ ဆုတ်ခွာသွားရကာ အပိတ်ဆို့ ခံနေရပြီး
အပြင် ထွက်မလာနိုင်တော့ချေ။

ထို့ကြောင့် မူလကောင်းကင် ကမ္ဘာ အတွင်းတွင်
နောက်ထပ် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ အဆုံးစွန်
ကေရာဇ် ရှန်းယွမ်သည် အသုတ်သင်ခံလိုက်ရပြီး
ရွှမ်ဆန်းကလည်း လုံးဝ ရှုံးနိမ့်သွားခဲ့ကာ နောက်ဆုံးတွင်
မဟူရာ ပင်လယ် အတွင်းတွင် အပိတ်ဆို့ခံခဲ့ရသည်။

လင်းဖုန်းသည် ရှန်းယွမ်အား ဓားတစ်ချက်တည်းဖြင့်
နှိမ်နင်းခဲ့ကာ ရွှမ်ဆန်း၏ လက်ရှိ အခြေအနေသည်
လင်းဖုန်း၏ စွမ်းအားများကို နောက်ထပ်
သက်သေပြနေခဲ့သည်။ သူသည် ရှန်းယွမ်အား

+

ကံကောင်း၍ သတ်ဖြတ်နိုင်ခဲ့ခြင်း မဟုတ်ပဲ သူ၏
စွမ်းအားများသည် သူ့ပြိုင်ဘက်ထက် အထက်တန်း
ကျနေသည်မှာ မေးခွန်းထုတ်ရန် မလိုပေ။

မဟာကမ္ဘာ အတွင်းမှ အားလုံးတို့သည် ယခုအချိန်တွင်
ဟင်းလင်းပြင်၏ နက်ရှိုင်းသော နေရာမှ ဝိညာဥ်ပင်လယ်
အပေါ်သို့ အာရုံစိုက်နေကြကာ ဝိညာဥ်ပင်လယ်
အတွင်းမှ အခြေအနေသည် မည်သို့ ဖြစ်လာမည်ကို
သိချင်နေကြသည်။

လင်းဖုန်း၏ ပြသခဲ့သော စွမ်းအားများသည်
ဝိညာဥ်ပင်လယ်က သူ့အတွက် ဖြစ်နေပြီဟု
ဆိုလိုနေသလော။

+

လင်းဖုန်း၏ ကိုယ်ပွား သုံးခုတို့သည် ဤအချိန်၌
ဝိညာဉ်ပင်လယ် အတွင်းရှိ မူလရွှေခွက် အပေါ်တွင်
ထိုင်နေကြကာ သူတို့၏ ခန္ဓာကိုယ် အပေါ်သို့
အလင်းတန်းများက လွှမ်းခြုံနေခဲ့သည်။

သူတို့အောက်မှ ရွှေရောင် ရေအိုင်ကလည်း စတင်၍
ခြောက်ခန်းလာခဲ့ပြီ ဖြစ်သည်။

ထကြွ လှုပ်ရှားနေသော ဝိညာဉ်ပင်လယ်သည်
ယခုအချိန်တွင် ပြန်လည် ငြိမ်သက်လာခဲ့ပြီ ဖြစ်၍
ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသော စိတ်ဝိညာဉ်
စွမ်းအင်များနှင့် ကောင်းကင်နှင့် မြေကြီး အတွင်းသို့
စိမ့်ဝင်သွားကြသော မဟာ တာအိုများကလည်း
ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။

+

အလင်းတန်းများကို လင်းဖုန်း၏ ကိုယ်ပွားသုံးခု ရှိနေသော နေရာတွင်သာ တွေ့နိုင်တော့ပြီး လင်းဖုန်းနှင့် ဆက်သွယ်နေကြလေသည်။

ယန်ချင်နှင့် ကျားဖြူ မဟာပဏ္ဍိတတို့သည် လင်းဖုန်းဘေးတွင် ငြိမ်သက်စွာ ထိုင်နေကြသည်။ အဝေးမှ ကောင်းကင်ယံတွင် ရောင်မ သက်တန့်တစ်စင်း ဖြတ်သန်းလာ၍ ဟီဂန် ရွှေရောင်တံတား အဖြစ်သို့ အသွင်ပြောင်းသွားကာ သူတို့အရှေ့တွင် ပေါ်လာခဲ့သည်။

ဇူရီသည် တံတားအပေါ်တွင် ယွဲ့ဟုန်ယန်နှင့် ဘေးချင်းယှဉ်၍ ထိုင်နေကာ ယန်ချင်က သူတို့ကို မြင်ခဲ့သည်နှင့် အပြုံးတစ်ခု ပေါ်လာ၍ ပြောလိုက်သည်။ "ဒုတိယ စီနီယာနဲ့ စတုတ္ထ စီနီယာ... စီနီယာတို့ရဲ့ အောင်ပွဲအတွက် ဂုဏ်ယူပါတယ်"

+

ဇူရီနဲ့ ယွဲ့ဟုန်ယန်တို့က ပြန်ပြုံးပြ၍ ပြောလိုက်သည်။
"မင်းတို့ကို အကြာကြီး စောင့်စေခဲ့ရတဲ့ အတွက်
စိတ်မကောင်းပါဘူး"

"ယန်ချင်က သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။
"မဟုတ်တာ... စီနီယာတို့ရဲ့ တိုက်ပွဲတွေကို ကြည့်ရတာ
ကျွန်တော့်အတွက်လည်း အကျိုးရှိပါတယ်"

စကားပြောနေရင်း သူ၏အကြည့်သည်
အခြားတစ်ဘက်သို့ ရောက်သွားသည်။ အဖြူရောင်
တိမ်တိုက် စွမ်းအင်တစ်ခုသည် ကောင်းကင်ကို
ဖြတ်သန်း၍ ဝိညာဉ်ပင်လယ်မှ ထွက်ခွာသွားခဲ့သည်။
ထိုသူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိ
ခေါင်းဆောင်ဖြစ်သော လင်းတောက်ဟန်ပင် ဖြစ်သည်။

+

ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိမျိုးဆက်
တပည့်များ အတွင်းနှင့် ဂိုဏ်း၏ သမိုင်းနှင့်
ယှဉ်လိုက်လျှင်ပင် ပါရမီ အရှိဆုံးနှင့် အထူးချွန်ဆုံး
ဖြစ်သော သူသည် နောက်ဆုံးတွင် ဇူရီ၏
အနိုင်ယူခြင်းကို ခံခဲ့ရပေသည်။

သို့သော်လည်း သူသည် တည်ငြိမ်နေဆဲ ရှိသေးကာ
ဝိညာဥ်ပင်လယ်နှင့် ဆက်သွယ်ထားသော ကမ္ဘာနှစ်ခု
အကြားမှ အက်ကွဲကြောင်းကို ဖြတ်သန်း၍ အပြင်မှ
ဟင်းလင်းပြင်ထံသို့ ရောက်လာခဲ့သည်။

သေမင်းပင်လယ် အက်ကွဲကြောင်းသည် ဖြည်းဖြည်းချင်း
ပြန်ပိတ်လာကာ လင်းဖုန်း၊ မဟာဟင်းလင်းပြင်

+

သူတော်စင်နှင့် သကျမုနိတို့သည် ဝိညာဥ်ပင်လယ် လမ်းကြောင်းအား တည်ငြိမ်အောင် ထိန်းထားခဲ့သည်။

လင်းတောက်ဟန်သည် ဝိညာဥ်ပင်လယ် အတွင်းမှ ထွက်လာ၍ ထိုက်ရီသူတော်စင် အရှေ့သို့ ရောက်လာခဲ့သည်။ သူပထမဆုံး နှုတ်ဆက်ခဲ့သူမှာ မဟာဟင်းလင်းပြင် သူတော်စင်ပင် ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်၏ မျက်လုံးများသည် ရေပြင်နှင့် တူနေခဲ့ကာ အမြဲတစေ တည်ငြိမ်နေခဲ့၍ သူ၏ သဘောထားမှာလည်း သာမန်သာ ဖြစ်သည်။ သူသည် ပြုံးနေရင်း ခေါင်းကို ညိတ်ပြလိုက်သော်လည်း ဘာမှ ပြောခဲ့ခြင်း မရှိပေ။

+

လင်းတောက်ဟန်သည် မဟာဟင်းလင်းပြင် သူတော်စင်အား နှုတ်ဆက်အပြီးတွင် ထရပ်လိုက်ကာ ထိုက်ရှီသူတော်စင်နှင့် အခြားသူများအား နှုတ်ဆက်လိုက်ပြီး သူ၏ခေါင်းကို အနည်းငယ်ခါ၍ ပြောလိုက်သည်။ "ကျွန်တော်က သူ့လောက် မကောင်းခဲ့ဘူး"

ထိုက်ရှီသူတော်စင်က ဖြည်းညင်းစွာ ပြောလိုက်သည်။ "မင်းအတတ်နိုင်ဆုံး ကြိုးစားခဲ့ပြီးပြီပဲ… အတိတ်က ရန်ငြိုးတွေ ပြေငြိမ်းနိုင်ခဲ့တာက လုံလောက်နေပါပြီ"

ရွှမ်းရှီ သူတော်စင်က ခေါင်းညိတ်လိုက်သည့် အချိန်တွင် ကျန်းရှီသူတော်စင်သည် နောက်ထပ် သက်ပြင်း ဖွဖွလေး တစ်ချက် ထပ်ချလိုက်သည်။

+

လင်းတောက်ဟန်၏ ပုံရိပ်က ဝိညာဉ်ပင်လယ်မှ ထွက်ခွာသွားသည်ကို ကြည့်နေရင်း ဇူရိက ဘာမှ မပြောခဲ့ပဲ ယန်ချင်က တီးတိုး ရေရွတ်လိုက်သည်။ "သူက ဒီမျိုးဆက်ထဲမှာတော့ အတော် တော်တဲ့သူပဲ"

ဤအချိန်တွင် လင်းဖုန်း၏ အသံသည် သူ၏ နားအတွင်းတွင် ပေါ်လာခဲ့သည်။ "ယန်ချင်... မင်းရဲ့ အခွင့်အရေး ရောက်လာပြီ"

ယန်ချင်၏ ခန္ဓာကိုယ်သည် တုန်ခါသွား၍ ဇူရိ၊ ယွဲ့ဟုန်ယန်တို့က အခြားတစ်ဘက်သို့ ကြည့်လိုက်ကြရာ ဟင်းလင်းပြင်က ကွဲဟသွားပြီး ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့ ထွက်လာကြသည်။

+

ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့သည် ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့အား တွေ့လိုက်ကြသော အခါ ပြုံးလိုက်ကြသည်။ ဇူရီက ဝမ်လင်းကို ကြည့်၍ ပြုံးကာ ပြောလိုက်သည်။ "ဂုဏ်ပြုပါတယ်... တတိယ ဂျူနီယာ"

သူ၏ခြေအောက်မှ ဟီဂန် ရွှေရောင်တံတားသည် အနည်းငယ် တုန်ခါသွားကာ ဝမ်လင်း၏ မျက်နှာ အပေါ်တွင်လည်း နွေးထွေးသော အပြုံးတစ်ခု ပေါ်လာခဲ့သည်။ သူ၏ ခေါင်းပေါ်မှ အလင်းတန်း ပုံရိပ်သည် ပျောက်ကွယ်သွား၍ သံသရာနှင့် အချိန်ကာလ လေဟာနယ် အတွင်းတွင် ထာဝရ တည်ရှိနေပုံ ပေါက်နေသည့် ဖန်းတုန်း သုသာန်က လင်းလက်လာခဲ့သည်။

+

ယွဲ့ဟုန်ယန်နှင့် ယန်ချင်တို့၏ မျက်လုံးအစုံသည် တောက်ပသွား၍ အတူတကွ ပြောလိုက်ကြသည်။ "ဂုဏ်ပြုပါတယ်… တတိယ စီနီယာ"

ဝမ်လင်းသည် သူတို့ဘက်သို့ ခေါင်းညိတ်ပြလိုက်ကာ ယန်ချင်အား ကြည့်၍ တိုးညင်းစွာ ပြောလိုက်သည်။ "နံပါတ်ငါး ဂျူနီယာ… ငါက ဝိညာဉ်ပင်လယ် အတွင်းမှာ ကြိုးစားပေးနိုင်တယ်"

ယန်ချင်သည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူ၏ ခံစားချက်များကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ "ဆရာက ဝိညာဉ်ပင်လယ်ကို ကျင့်ကြံပြီးအောင် အရင် စောင့်ကြရအောင်"

+

လင်းဖုန်းက ဝိညာဉ်ပင်လယ် အပြင်မှနေ၍ ပြုံးလိုက်ကာ ပြောလိုက်သည်။ "မလိုပါဘူး"

ယန်ချင်သည် သူ၏ခေါင်းကို ဖြည်းညင်း ပြင်းထန်စွာ ညိတ်လိုက်၍ သူ၏ လက်ဝါးကို ဖွင့်လိုက်ရာ သဲမှုန်တစ်ပွင့် ပေါ်လာခဲ့သည်။ သူသည် ထိုသဲမှုန်အား ကောင်းကင်ပေါ်သို့ တွန်းပို့လိုက်ရာ ဝမ်လင်း အရှေ့သို့ ကျလာခဲ့သည်။

ဝမ်လင်းသည် သူ၏ လက်ချောင်းကို လေးနက်စွာဖြင့် ဆန့်တန်းလိုက်ကာ ထိုသဲမှုန် အပေါ်သို့ ဖွဖွလေး တို့လိုက်သည်။ ထိုသဲမှုန်သည် ဟင်းလင်းပြင် အတွင်း၌ လင်းလက်သွားကာ ချက်ချင်း ပျောက်ကွယ်သွားလေသည်။

+

အလင်းတန်း အလွှာများသည် ဝမ်လင်း၏ ခေါင်းပေါ်တွင်
အဆက်မပြတ် လည်ပတ်နေ၍ ဖန်းတုန်းသုသာန်သည်
သူ့ကိုယ်သူ လုံးဝ ဖော်ပြလိုက်သည်။

သဲမှုန်သည် ထပ်ဖန်တစ်ခါ ပေါ်ပေါက်လာ၍
ဖန်းတုန်းသုသာန် အတွင်းရှိ ငရဲတံခါးသို့
ဦးတည်နေသည့် ငရဲကမ္ဘာသို့ သွားသောလမ်း အပေါ်မှ
ပိလျှမ် ဆင်ခြေလျှော အပေါ်သို့ ဆင်းသက်သွားသည်။

အသွင်မဲ့ လေတစ်သုတ်က တိုက်ခတ်လာကာ
ထိုသဲမှုန်အား ဖန်းတုန်း သုသာန်ထံသို့
လွင့်မျောသွားစေသည်။ သူသည် ငရဲကမ္ဘာသို့
သွားသောလမ်း တစ်လျှောက် ပျံသန်းလာကာ
ဖန်းတုန်းသုသာန် အတွင်းသို့ ဝင်ရောက်သွား၍
ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတားမှ တဆင့်

+

ငရဲကမ္ဘာမြစ်ကို ဖြတ်သန်းသွားပြီး နောက်ဆုံးတွင် ယမမင်း တော်ဝင်စံအိမ်ထံသို့ ရောက်လာခဲ့သည်။

ယမမင်း တော်ဝင်စံအိမ်၏ တံခါးများသည် ပွင့်သွား၍ အဖြူနှင့် အနက်ရောင် အလင်းတန်းဘီးများက လျှင်မြန်စွာ လည်ပတ်နေကာ ဘဝသုံးမျိုး ကျောက်တုံးကို ဖော်ပြလိုက်သည်။

ဤအချိန်တွင် ဘဝသုံးမျိုး ကျောက်တုံး အတွင်း၌ ပုံရိပ်တစ်ခု ရောင်ပြန် ဟပ်နေခဲ့သည်။ သူသည် ဖန်းတုန်း သုသာန် အသေးစား တစ်ခုနှင့် တူနေသော်လည်း အဆက်မပြတ် လည်ပတ်နေသော ရောမ ဘီးကြီးနှင့်လည်း တူနေသည်။

+

ထိုဘီးသည် အလွန်အမင်း နှေးကွေးစွာ လည်ပတ်နေ၍ လေးလံ သိပ်သည်းလှသည်ဟု ထင်နေရသည်။

ဝိညာဥ်ပင်လယ် ပြင်ပတွင် သကျမုနိ၏ အစက ပိတ်နေသော မျက်လုံးများသည် ရုတ်တရက် ပွင့်လာကာ ဝိညာဥ်ပင်လယ် အတွင်းသို့ စိုက်ကြည့်နေခဲ့သည်။ သူသည် ဝမ်လင်း၏ ခေါင်းပေါ်မှ ဖန်းတုန်းသုသာန်ကို ကြည့်နေရင်း ဘဝသုံးမျိုး ကျောက်တုံးနှင့် အခြား အရာများကို အမှုမထားနေပဲ သူ၏ အကြည့်သည် ဘဝသုံးမျိုး ကျောက်တုံးအတွင်းမှ ဖြည်းညင်းစွာ လည်ပတ်နေသော ဘီးအပေါ်သို့ ကျရောက်သွားသည်။

သကျမုနိသည် တစ်ချက်ကြည့်လိုက်ပြီး ပြန်လှည့်လိုက်ကာ တီးတိုး ရေရွတ်လိုက်သည်။
"ကြိုတင်ပြဋ္ဌာန်းခြင်း ကျောက်တုံးလား"

+

ပြီးတာနှင့် သူ၏ မျက်လုံးများကို ထပ်ဖန်တစ်ခါ ပြန်မှိတ်လိုက်ကာ ကစဉ့်ကလျားမှုများ အကြားတွင် ပျောက်ကွယ်သွားခဲ့သည်။

ဝမ်လင်းသည် သကျမုနိ၏ မျက်လုံးများကို အာရုံခံမိခဲ့သကဲ့သို့ ပြန်ကြည့်လိုက်သော်လည်း ဘာမှ မပြောခဲ့ပေ။

သူ၏ ပုံရိပ်သည် ဇူရီနှင့် ကျန်သောသူများ အရှေ့မှ ပျောက်ကွယ်သွား၍ ယမမင်း တော်ဝင်စံအိမ် အတွင်းမှ ပလ္လင်အပေါ်တွင် ပြန်ပေါ်လာခဲ့သည်။

ဝမ်လင်းသည် လက်တစ်ဘက်ဖြင့် မှော်ကျိန်စာ တစ်ခုကို ထုတ်ဖော်နေရင်း အခြား လက်တစ်ဘက်မှ လက်ညှိုးကို

+

ဆန့်တန်းလိုက်ကာ ဘဝသုံးမျိုး ကျောက်တုံးကို ထွင်းဖောက်သွား၍ မြို့တစ်မြို့လုံးနှင့် တူနေသော ဘီးအား ဖွဖွလေး တို့လိုက်သည်။

ထိုဘီးသည် ရုတ်တရက် ဦးတည်ချက် ပြောင်းသွားကာ စတင်၍ ပြောင်းပြန် လည်ပတ်လာခဲ့သည်။

ဤအရာသည် ငရဲကမ္ဘာသို့ သွားသောလမ်း၊ ငရဲကမ္ဘာမြစ်၊ ဒုက္ခရောက်နေသော ရေများအပေါ်မှ တံတား၊ ယမမင်း တော်ဝင်စံအိမ်နှင့် ဘဝသုံးမျိုး ကျောက်တုံးတို့ အပြီးတွင် သူတီထွင်နိုင်ခဲ့သည့် ငရဲကမ္ဘာ နည်းစနစ် ခြောက်မျိုး၏ နောက်ဆုံး မှော်ကျိန်စာ ဖြစ်သည်။

အသက် ပြောင်းပြန်လှန်သောဘီး။

+

ဤမှော်ကျိန်စာအား ငရဲကမ္ဘာသို့ သွားသောလမ်း
အစရှိသော အခြား မှော်ကျိန်စာများ နည်းတူ
ဖန်းတုန်းသုသာန် အတွင်းတွင် ပေါင်းစည်းထားခဲ့ပြီး
ဖြစ်သည်။

သုသာန် တစ်ခုလုံးသည် စတင်၍ ပြင်းထန်စွာ
တုန်ခါလာခဲ့ပြီး မူလက ငြိမ်သက်သွားခဲ့သော
ဝိညာဉ်ပင်လယ်သည် အလင်းတန်းများဖြင့်
ထပ်ဖန်တစ်ခါ ပေါက်ကွဲလာခဲ့သည်။

မရေမတွက်နိုင်သော အလင်းတန်းများသည် အတူတကွ
စုစည်းလာကြကာ ကောင်းကင်နှင့် မြေကြီးတစ်လျှောက်
ဆန့်တန်းလာ၍ မျက်စိကျိန်းလုမတတ် တောက်ပသော
အလင်းတန်း တိုင်လုံးတစ်ခုကို ဖန်ဆင်းလိုက်သည်။

+

ထိုအလင်းတန်း တိုင်လုံးသည် သာမန် အလင်းရောင်နှင့် မတူပဲ အနက်ရောင် တောက်နေခဲ့သည်။

ဤအနက်ရောင် အလင်းတန်း တိုင်လုံး အတွင်းတွင် အလင်းတန်း ပုံရိပ်များ လွင့်မျောနေသည်ကို တွေ့နိုင်၍ ထိုအလင်းတန်း ပုံရိပ်များသည် အသက်ပုံစံ အမျိုးမျိုးကို ကိုယ်စားပြုနေခြင်း ဖြစ်သည်။ သို့သော်လည်း ထိုအသက်ပုံစံ များသည် ချက်ချင်း ညှိုးခြောက်သွားကာ ခဏအကြာတွင် သေဆုံးသွားကြပြီး အဖြူရောင် နယ်မြေနှင့် အထီးကျန်မှုများသာ ကျန်နေခဲ့သည်။

သို့သော်လည်း ဤမြင်ကွင်းသည် နိမိတ်မကောင်းသော ကြောက်မက်ဖွယ်ရာ ခံစားချက်ကို မပေးနေပဲ မည်ကဲ့သို့ ဖြစ်သင့်သည်ကို ပြသနေခြင်း ဖြစ်သည်ဟု ခံစားစေခဲ့သည်။ အသက်အားလုံးတို့သည် နောက်ဆုံးပန်းတိုင်သို့ ပြန်လာ၍ ထာဝရ
+

ငြိမ်းချမ်းခြင်းကို ရရှိသွားသည်ကို တစ်ယောက်က စောင့်ကြည့်နေရသကဲ့သို့ ဖြစ်သည်။

အခြားတစ်ဘက်တွင် မရေမတွက်နိုင်သော အလင်းတန်းများသည် အတူတကွ စုစည်းသွားကြ၍ ကျယ်ပြန့်လှသော နောက်ထပ် အလင်းတန်း တိုင်လုံး တစ်ခုအဖြစ် ပြောင်းသွားကြသည်။ သူသည် အနက်ရောင် အလင်းတန်း တိုင်လုံးနှင့် မျက်နှာချင်းဆိုင်တွင် ရှိနေ၍ မင်္ဂလာရှိသော အဖြူရောင်များကို ပြသနေခဲ့သည်။

ထိုအလင်းတန်း တိုင်လုံး အတွင်း၌လည်း အလင်းတန်း ပုံရိပ်များ လင်းလက်နေကြသည်။ သို့သော်လည်း သူတို့သည် အသက်စွမ်းအင်များဖြင့် ပြည့်နေ၍ တိုးတက်စည်ပင်နေကြပြီး အသက်ပုံစံ

+

အသစ်များကလည်း ဤကမ္ဘာ အတွင်းတွင်
အဆက်မပြတ် မွေးဖွားနေကြလေသည်။

ထူထဲလှသော အနက်ရောင် တိုင်လုံးနှင့်
သိပ်သည်းလှသော အဖြူရောင် တိုင်လုံးတို့သည်
ကောင်းကင်အတွင်းတွင် ဝဲပျံနေကြသော
နဂါးနှစ်ကောင်တို့ကဲ့သို့ ကောင်းကင်နှင့် မြေကြီးတို့
အကြားတွင် အဆက်မပြတ် ကခုန်နေကြသည်။
သူတို့သည် အစွန်းတစ်ဘက်စီသို့ ရောက်သွားကြပြီး
ဝမ်လင်း၏ ဖန်းတုန်း သုသာန် အပေါ်သို့
ကျဆင်းလာခဲ့ကြသည်။

ဖန်းတုန်း သုသာန်ကို အလယ်တွင် ထားကာ အဖြူနှင့်
အနက်ရောင် အလင်းတန်း တိုင်လုံးများသည်
ဝိညာဉ်ပင်လယ် အတွင်းတွင်လည်ပတ်နေကြလေသည်။

+

ထိုအလင်းတန်း တိုင်လုံးများသည် ဖန်းတုန်း သုသာန်အတွင်းသို့ ဝင်ရောက်သွားကြကာ ယမမင်း တော်ဝင်စံအိမ် အတွင်းသို့ ရောက်သွားပြီး အရာ အားလုံးတို့သည် ဘဝသုံးမျိုး ကျောက်တုံး အတွင်းမှ အလင်းတန်း ပုံရိပ် အတွင်းသို့ စုစည်းသွားကြသည်။

ဘီးသည် ပြောင်းပြန် လည်ပတ်နေခဲ့ရင်း လည်ပတ်မှု အမြန်နှုန်းသည် ပို၍ပို၍ မြန်လာခဲ့သည်။

ဟင်းလင်းပြင်တွင် လွင့်မျောနေသော သဲမှုန်လေးသည် ထိုအလင်းတန်း ပုံရိပ်ထံသို့ ပျံသန်းလာခဲ့သည်။

+

သဲမှုန်လေးသည် ဘီး၏ အလင်းတန်း ပုံရိပ်အတွင်းသို့ ဝင်သွားသော အခါ ဘီး၏ လည်ပတ်နေမှုသည် ထပ်ဖန်တစ်ခါ နှေးသွားခဲ့သည်။

ယန်ချင်၏ နှလုံးခုန်နှုန်းသည် မှားသွားခဲ့၍ ဝမ်လင်းထံသို့ လှမ်းကြည့်လိုက်သည်။

ဝမ်လင်းကလည်း ယန်ချင်ကို ပြန်ကြည့်လိုက်သည်။ ယန်ချင်၏ ဤကဲ့သို့ အမူအရာကို မမြင်ရသည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်သည်။

ဝမ်လင်းသည် လွန်ခဲ့သော အတိတ်ကို ပြန်ရောက်သွားသကဲ့သို့ပင် အနည်းငယ် တွေဝေသွားခဲ့သည်။ ထိုအချိန်က ယန်ချင်သည် ဂိုဏ်းအတွင်းသို့ စတင် ဝင်ရောက်လာ၍ သူ၏ ဂျူနီယာ

+

ဖြစ်လာခဲ့သည်။ ထိုစဉ်က သူသည် တိမ်တိုက်ရေပြင်ဂူအား ဆုံးရှုံးခဲ့ရသည့် နာကျင်မှုကို ခံစားနေရသော်လည်း ရှက်ကိုးရှက်ကန်းနှင့် နွေးထွေးသူ တစ်ယောက် ဖြစ်နေခဲ့သေးသည်။

မူလရွှေခွက် ပေါ်မှ လင်းဖုန်း၏ ကိုယ်ပွား သုံးခုတို့သည် ဘာမှ မလုပ်ကြပဲ ထိုနေရာတွင်သာ ဆက်ထိုင်နေကြသော်လည်း ဝိညာဉ်ပင်လယ် ပြင်ပမှ လင်းဖုန်း၏ မူလ ခန္ဓာကိုယ်သည် ပြုံးလိုက်ကာ သူ၏ လက်ချောင်းများကို ဆန့်တန်းလိုက်သည်။

အလင်းတန်းများ ပေါက်ကွဲထွက်လာ၍ ထိုက်ကျိယွမ် ရတနာ အလင်းတန်းသည် ကမ္ဘာအကြားမှ အက်ကွဲကြောင်းကို ကျော်ဖြတ်ကာ ဝိညာဉ်ပင်လယ် အတွင်းသို့ ကျရောက်လာခဲ့သည်။

+

လင်းဖုန်း၏ ထိုက်ကျိုယွမ် ရတနာ အလင်းတန်းသည် ဖန်းတုန်းသုသာန် အပေါ်တွင် ကျယ်ပြန့်လာ၍ ယှက်သန်းနေကာ ကောင်းကင်များ အတွင်းသို့ ဝင်ရောက်သွားပြီး သေခြင်းနှင့် ရှင်ခြင်း၊ အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးများဖြင့် တောက်ပနေသည့် ဖန်းတုန်းသုသာန် အပေါ်တွင် လွှမ်းခြုံထားသည့် အလင်းတန်း မြူခိုးငွေ့ တစ်ကွက်အဖြစ်သို့ ပြောင်းသွားသည်။

အလင်းတန်း မြူခိုးငွေ့များသည် ဝေဝါးနေခဲ့ကာ ကောင်းစွာ မမြင်ရပဲ အလွန်အမင်း ပုံရိပ်ယောင် ဆန်ကာ အစစ်အမှန် မဟုတ်ဟု ထင်နေရသည်။

+

သို့သော်လည်း အလင်းတန်း မြူခိုးငွေ့များသည် အရာအားလုံးတို့အား လွှမ်းခြုံသွားသော အခါ ယမမင်း တော်ဝင်စံအိမ် အတွင်းမှ လည်ပတ်နေသော ပုံရိပ်ယောင်ဘီးသည် စတင်၍ လျင်မြန်စွာ လည်ပတ်လာခဲ့သည်။

ယန်ချင်သည် ဤအချိန်တွင် ပျို့အန်ချင်နေခဲ့ကာ နုန်းခွေနေသည်ဟု ခံစားနေခဲ့ရသော်လည်း ချက်ချင်း ထရပ်ခဲ့ကာ ဝိညာဉ်ပင်လယ် ပြင်ပမှ လင်းဖုန်းအား ရိုသေစွာနှင့် ဦးညွှတ်လိုက်ပြီး ဝမ်လင်းထံသို့ တောင်းပန်လိုသည့် မျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

ဝမ်လင်းသည် ယမမင်း တော်ဝင်စံအိမ် အတွင်းမှ ပလ္လင် အပေါ်တွင် ထိုင်နေသေးပြီး ယန်ချင်၏ အကြည့်အား တွေ့ခဲ့ရသော အခါ ပြုံး၍ သူ၏ခေါင်းကို ခါလိုက်သည်။

+

သူသည် ယန်ချင်၏ ရင်အတွင်းတွင် ဘာတွေးနေသည်ကို နားလည်နေသည်။ ယောကျ်ားများကလည်း ငိုတတ်သည်ကို သူက သိနေသော်လည်း သူတို့၏ မျက်ရည်များသည် အလွယ်တကူ ထွက်မလာတတ်ပဲ အမှန်တကယ် နာကျင် ခံစားရသော အခါမှသာ ထွက်လာနိုင်သည်။ ယန်ချင်သည် ဤနှစ်များ အတွင်းတွင် ပို၍ ရင့်ကျက်လာ၍ စွမ်းဆောင်လာနိုင်ကာ အတွေ့အကြုံ ပိုရှိလာသော်လည်း သူသည် သူ၏ ဂိုဏ်းတူညီလေး တစ်ယောက်ပင် ဖြစ်နေသေးသည်။

ဝမ်လင်းကိုယ်တိုင်၏ ရင်အတွင်း၌လည်း ပျော့ကွက်များ ရှိနေသေးသည်။

+

ယန်ချင် သို့မဟုတ် သူ၏ ထိုအပိုင်းကို မြင်နိုင်ကြသော သူများသည် အနည်းငယ်သာ ရှိကြပြီး သူတို့သည် သူတို့၏ ကိုယ်ပိုင် မောင်နှမများ အရှေ့တွင် မည်သည့်အရာကိုမှ ဖုံးကွယ်ထားလိုခြင်း မရှိနေကြပေ။

ဇူရီနှင့် ယွဲ့ဟုန်ယန်တို့သည် ယန်ချင်၏ဘေးတွင် ထိုင်နေကြပြီး သူတို့အား အပြုံးများ ကိုယ်စီဖြင့် ကြည့်နေကြသည်။ ယန်ချင်၏ မျက်နှာသည် နီပင် နီရဲလာ၍ ဤနှစ်များ အတွင်းတွင် မြင်ရခဲသော မြင်ကွင်းဖြစ်သည်။

သို့သော်လည်း ပို၍ပင် မြင်ရခဲသော မြင်ကွင်းတစ်ခုက နောက်ပိုင်းတွင် ပေါ်လာခဲ့သည်။

+

ယန်ချင်သည် သဲမှုန်လေးနှင့် လည်ပတ်နေသော ဘီးအား ကြည့်နေခဲ့သည်။ အဖြူနှင့် အနက်ရောင် အလင်းတန်း တိုင်လုံးတို့သည် အတွင်းသို့ စုပ်ယူခြင်းကို ခံခဲ့ရကာ ဖြည်းဖြည်းချင်း အသွင်ပြောင်းသွားခဲ့သည်။ အတွင်းမှနေ၍ ဝေ၀ါးနေသော လူသားပုံရိပ် တစ်ခု ပေါ်ပေါက်လာသော အခါ ယန်ချင်သည် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ငုံ့လိုက်သည်။

ယန်ချင်၏ အင်မော်တယ် ဝိညာဉ် လူသားပုံစံသည် ငိုရှိုက်နေကာ သူ၏ မျက်ရည်များသည် ဝိညာဉ်ပင်လယ် အတွင်းသို့ ကျဆင်းသွားခဲ့လေသည်။

## စာစဉ် ၇၆ : အပိုင်း ၆

+

# အပိုင်း ၁၄၇၆ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက နောက်တစ်ဆင့် ဘာလုပ်မှာလဲ

ဇူရီ၊ ရှီထျန်းဟောင်နှင့် ယွဲ့ဟုန်ယန်တို့သည် ယန်ချင်၏ လက်ရှိ အခြေအနေကို တွေ့ခဲ့ရသော အခါ ငြိမ်သက်နေကြ၍ သူ့အနားသို့ စုဝေးလာကြသည်

ယန်ချင်၏ နှုတ်ခမ်းများသည် တုန်သွား၍ ဘာမှ မပြောခဲ့သော်လည်း သူ၏ခေါင်းကို မော့လိုက်၍ ဇူရီနှင့် ကျန်သောသူများကို ခေါင်းညိတ်ပြလိုက်ကာ သူ၏ ခံစားချက်များသည် ဖြည်းဖြည်းချင်း ပြန်လည်၍ တည်ငြိမ်လာခဲ့သည်။

+

သူ၏ အကြည့်သည် ယမမင်း တော်ဝင်စံအိမ် အတွင်းရှိ ဘဝသုံးမျိုး ကျောက်တုံး၌ ရောင်ပြန်ဟပ်နေသော အလင်းတန်းဘီး အပေါ်သို့ ကျရောက်သွားသည်။

ထိုဘီးသည် ဆန့်ကျင်ဘက် လည်ပတ်နေဆဲ ဖြစ်နေပြီး ဝေဝါးသော လူသားပုံရိပ် တစ်ခုသည် သူ့အတွင်း၌ အဆက်မပြတ် တုန်ခါနေခဲ့သည်။

ယန်ချင်သည် ထိုလူသားပုံရိပ်အား တယုတယ ကြည့်နေရင်း ဘာမှ မပြောခဲ့ပဲ သူ၏ မျက်လုံးများသည် ထိုအလင်းတန်း ပုံရိပ်ထံမှ လုံးဝ မခွာခဲ့ပေ။

လင်းဖုန်း၏ အသံသည် မိုးကုပ်စက်ဝိုင်းထံမှ ပျံ့လွင့်လာခဲ့သည်။ "မင်းက ရလဒ်ကို ရက်အနည်းငယ် စောင့်ကြည့်ရမှာ ဖြစ်တယ်… စိတ်မပူပါနဲ့… ယန်ချင်…

+

မင်းက ဝိညာဥ်ပင်လယ် အတွင်းမှာ ဝမ်လင်းနဲ့ အတူ နောက်ရက်အနည်းငယ် ဆက်နေနိုင်တယ်"

ဝမ်လင်းနှင့် ယန်ချင်တို့ နှစ်ယောက်စလုံးက ခေါင်းညိတ်လိုက်ကြပြီး ယန်ချင်သည် ကောင်းကင်ပေါ်သို့ ခုန်တက်သွား၍ ဖန်းတုန်း သုသာန်ထံသို့ ရောက်သွားခဲ့သည်။ ဝမ်လင်းသည် သူ၏ လက်ချောင်းဖြင့် ညွှန်ပြလိုက်ကာ သူ၏ မှော်စွမ်းအင်များကို အသုံးပြု၍ သူ၏ ဂျူနီယာအား ယမမင်း တော်ဝင်စံအိမ် အတွင်းသို့ ခေါ်လိုက်သည်။

ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည် ဝိညာဥ်ပင်လယ် အပြင်ရှိ ဟင်းလင်းပြင်မှ ကြည့်နေကြ၍ အချင်းချင်း အကြည့်ချင်း ဖလှယ်လိုက်ကာ ပြောလိုက်သည်။ "သူက ဟေးဒီးစ်ကေရာဇ် အထွတ်အထိပ် အချိန်ကလောက် အစွမ်းမထက်ပေမဲ့

+

သေခြင်းနဲ့ ရှင်ခြင်း ပညာရပ်ကို နားလည်
ထိန်းချုပ်နိုင်မှုမှာ ဟေးဒီးစ် ကေရာဇ်ထက်တောင်
ပိုပြီးမှတောင် ခရီးရောက်နိုင်ခဲ့တယ်နဲ့ တူတယ်"

ရွှမ်းရီ သူတော်စင်သည် ကစဥ့်ကလျားမှုများ အတွင်းမှ
လင်းဖုန်းအား ကြည့်၍ ခါးသီးစွာဖြင့် ရယ်လိုက်သည်။
"သူ့ရဲ့ တပည့်တွေကတောင် ဒီလောက်
အစွမ်းထက်နေပြီး သူ့ဆရာကတော့ ဟေးဒီးစ်
ကေရာဇ်ထက် အထက်တန်း ကျသွားခဲ့ပြီ"

ကျန်းရီ သူတော်စင်သည် ထိုက်ရီသူတော်စင်အား
ကြည့်၍ ပြောလိုက်သည်။ "ထိုက်ရီ... မင်းက အရင်က
ဟေးဒီးစ် ကေရာဇ်ရဲ့ လက်ချက်နဲ့ ဒဏ်ရာ
ရသွားခဲ့တယ်... အဲ့ဒီတာအိုက ကြည့်ရတာ..."

+

ထိုက်ရီသူတော်စင်သည် သူ၏ မျက်လုံးများကို ပိတ်ထားပြီး တိုးညင်းစွာ ပြောလိုက်သည်။ "ငါတို့ရဲ့ ဘိုးဘေးက မဟာကမ္ဘာကို ပြန်လာခဲ့ပြီ... မဟာဟင်းလင်းပြင်က အခုအချိန်မှာ အရင်ကနဲ့ အဓိပ္ပာယ် ကွဲပြားသွားခဲ့ပြီး ငါကလည်း အဲ့ဒီကနေ အကျိုးအမြတ်တွေ ရရှိခဲ့တယ်... ဒါပေမဲ့ ဟိုနှစ်တွေတုံးက မဟာဒဏ်ရာကို ပြန်လည်ကုစားဖို့ ဒီလောက်အထိ မလွယ်ဘူး"

သူသည် သူ၏ခေါင်းကို ခါ၍ ပြောလိုက်သည်။ "နှစ်ပေါင်းဒီလောက် ကြာသွားပြီ ဆိုတော့ ကိစ္စ သိပ်မရှိတော့ပါဘူး... တောက်ဟန်ကသာ ဒီကိစ္စကို အသေအချာ ကိုင်တွယ်ရမယ့်သူ ဖြစ်တယ်"

+

လင်းတောက်ဟန်သည် သူ၏ ဘယ်လက်ကို မြှောက်လိုက်သည်။ သူ၏ ဘယ်လက်ကောက်ဝတ်သည် ကျိုးပျက်သွားခဲ့ကာ ထိုနေရာတွင် မရှိနေတော့ပေ။

သူ၏ ခန္ဓာကိုယ်သည် တကယ့် အသွေးအသား ခန္ဓာကိုယ် မဟုတ်ပဲ သူ၏ အင်မော်တယ်ဝိညာဥ်မှ အသွင်ပြောင်းလဲထားခြင်း ဖြစ်သဖြင့် ပုံမှန် အခြေအနေ အောက်တွင် သူသည် သူ၏ ဘယ်လက်အား ပြန်လည် ဖန်ဆင်းနိုင်လိမ့်မည် ဖြစ်သည်။

သို့သော်လည်း သူသည် ပြန်မလုပ်ချင်၍ မဟုတ်ပဲ ဘာမှ မတတ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

ဇူရီသည် လင်းတောက်ဟန်အား အနိုင်ယူခဲ့ကာ သူ၏ နည်းစနစ်များစွာတို့ အနက်မှ ဥပေက္ခာ မဟာလမ်းစဉ်နှင့်

+

ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာတို့အား သူ၏ တာအိုလမ်းစဉ်ဖြင့် ဖောက်ခွဲပစ်ခဲ့သည်။ ဇူရီသည် သူ့အပေါ်၌ ယခင်နှစ်များ အတွင်းက ဟေးဒီးစ်ကေရာဇ်က ထိုက်ရီသူတော်စင် အပေါ်တွင် ပြုလုပ်ခဲ့သော ဒဏ်ရာနှင့် အလားတူသည့် ကုစားရန် ခက်ခဲသည့် ဒဏ်ရာတစ်ခုကို ပေးခဲ့ခြင်း ဖြစ်သည်။

သူ၏ ဒဏ်ရာသည် ထိုက်ရီသူတော်စင် ရခဲ့သော ဒဏ်ရာများကဲ့သို့ မပြင်းထန်သော်လည်း လင်းတောက်ဟန်သည် သူ၏ လက်ရှိ ကျင့်ကြံမှု အဆင့်ဖြင့် ကုသရန် မစွမ်းဆောင်နိုင်ပေ။

ဤဒဏ်ရာသည် သူ့အား ကျင့်ကြံမှု အဆင့် ကျဆင်းသွားစေသည့် အထိ မပြင်းထန်သော်လည်း သူ့အနေဖြင့် ဤဒဏ်ရာမှ ပြန်လည် မသက်သာလာခဲ့လျှင် ရှေ့ဆက်ရန် မျှော်လင့်နိုင်မည်

+

မဟုတ်ပဲ ကပ်ဘေးများအား ရင်ဆိုင်နိုင်တော့မည် မဟုတ်ချေ။

လင်းတောက်ဟန်က သက်ပြင်းတစ်ချက် ချ၍ ပြောလိုက်သည်။ "ဟိုးအရင် ဇူရီက စာမေးပွဲဖြေဖို့ ကြိုးစားနေခဲ့တဲ့ အချိန်မှာ ကျွန်တော်က သူနဲ့ သူ့ဆရာတို့က ဂုဏ်သတင်း ကျော်ကြားမှုနဲ့ လွှမ်းမိုးမှုတွေကို ရချင်နေတာလားလို့ စမ်းသပ်တဲ့ အနေနဲ့ သူ့ကို ဟန့်တားဖို့ စာမေးပွဲ ဝင်ဖြေခဲ့တယ်"

"ဒါကြောင့်မို့ ဇူရီက ဒီကနေ့မှာ ကျွန်တော့်ကို ပြန်လည် ဟန့်တားခဲ့တယ်... ဒါက တကယ်ကို သူအမြဲတမ်း လုပ်လေ့ရှိတဲ့ အတိုင်းပဲ"

+

ကျန်းရှိသူတော်စင်က လင်းတောက်ဟန်အား ကြည့်၍ ပြောလိုက်သည်။ "မင်းက ငရဲ ကပ်ရောဂါ နတ်ဘုရား အလင်းတန်းကို အသုံးပြုပြီး သူ့ရဲ့ ရှိတာအို အဆောင်လက်ဖွဲ့ကို ခိုးယူဖို့ ကြိုးစားခဲ့တယ်... မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ လျှို့ဝှက် သီးသန့် နည်းစနစ်တွေကို အနည်းငယ် မြင်တွေ့နိုင်ခဲ့လို့ သူကမင်းကို ဒီလိုမျိုး လုပ်ခဲ့တာနဲ့ တူတယ်"

လင်းတောက်ဟန်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ သူ၏ခေါင်းကို ခါလိုက်သည်။ "ဒီလိုမျိုး မဖြစ်နိုင်ဘူး... တကယ်လို့ သူက ဒီလောက်အထိ ပိတ်ပင်လိုနေရင် ကျွန်တော့်ကို ဒီလောက်အထိပဲ လုပ်ခဲ့မှာ မဟုတ်ဘူး"

ဤစကားကို ကြားခဲ့ရသော အခါ ထိုက်ရှိသူတော်စင်၏ အဖြူရောင် မျက်ခုံးများသည် ကြုတ်သွားခဲ့၍

+

ကျန်းရှိသူတော်စင်နှင့် ရွှမ်းရှိ သူတော်စင်တို့ကလည်း အတွေးနက်သွားခဲ့သည်။

ထိုက်ရှိသူတော်စင်သည် သူ၏ပါးစပ်အား အကြာကြီးနေမှ ဟ၍ ပြောလိုက်သည်။ "တောက်ဟန်… မင်းက မင်းရဲ့ တာအိုဒဏ်ရာကို ကုစားဖို့ ကိုယ့်ကိုယ်ကိုပဲ အားကိုးရမယ်"

လင်းတောက်ဟန်က ခေါင်းညိတ်လိုက်သည်။ သူသည် မဟာဟင်းလင်းပြင် သူတော်စင်အား နှုတ်ဆက်ခဲ့သည့် အချိန်ကတည်းက ထိုက်ရှိသူတော်စင်နှင့် ကျန်သောသူများသည် ဝင်ရောက် စွက်ဖက်လိမ့်မည် မဟုတ်ဟု သိနေခဲ့သည်။

+

သူတို့၏ စကားများ အရ မဟာဟင်းလင်းပြင် သူတော်စင်က မဟာကမ္ဘာသို့ ပြန်လာခြင်းသည် အခြေအနေများကို ပြောင်းလဲခဲ့ကာ 'မဟာ ဟင်းလင်းပြင်'သည် ယခုအချိန်တွင် ပြီးပြည့်စုံသွားခဲ့ပြီ ဖြစ်ပြီး မဟာတာအို၏ တုံ့ပြန်မှုများသည် သူ့အတွက် အလွန်အမင်း အကျိုးရှိစေမည် ဖြစ်သည်။

ကြည့်ရသည်မှာ အချိန်များစွာ ကြာပြီး၍ သူသည် ဤစိန်ခေါ်မှု အကျပ်အတည်းအား နောက်ဆုံးတွင် ကျော်ဖြတ်ပြီးသွားသော အချိန်တွင် သူ၏ လမ်းကြောင်းသည် အလွန်အမင်းကို ချောမွေ့သွားနိုင်သည်။

ဤအရာသည် သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရခဲ့သော အကျိုးအမြတ် အချို့လည်း ပါပေမည်။

+

"ရီကျိုက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ခွင့်ပြုချက်ကို မရခဲ့ရင် ဒီကိစ္စကို ဒီလောက်အထိ လွယ်လွယ်နဲ့ အလျှော့ပေးမှာ မဟုတ်ဘူး" လင်းတောက်ဟန်က သူ၏ခေါင်းကို ဖွဖွလေး ခါလိုက်သည်။ "ဒါပေမဲ့ ငါက ဒီနောက်က အခြေခံ အကြောင်းရင်းကို နားမလည်နိုင်ခဲ့ဘူး"

သူ၏ မျက်နှာပေါ်တွင် မြင်ရနေကျ မဟုတ်သည့် သံသယနှင့် စိတ်ရှုပ်ထွေးမှု အမူအရာများ ပေါ်လာခဲ့သည်။

ထိုက်ရီသူတော်စင်၊ ကျန်းရီသူတော်စင်နှင့် ရွှမ်းရီ သူတော်စင်တို့သည် ငြိမ်သက်သွားကြကာ အားလုံးတို့ကလည်း စတင်၍ စဉ်းစား ဆင်ခြင်နေကြပြီး

+

အချိန် အတန်ကြာသည့် အထိ မည်သူက ဘာမှ မပြောခဲ့ကြပေ။

သူတို့ကပင် ယနေ့ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ထွင်းဖောက်မြင်နိုင်ခြင်း မရှိခဲ့ပေ။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူ တစ်အုပ်စုတို့သည် ကစဉ့်ကလျားမှုများ အတွင်းတွင် တည်ငြိမ်သော အကြည့်ဖြင့် တင်ပလ္လင်ခွေကာ ထိုင်နေသည့် မဟာဟင်းလင်းပြင် သူတော်စင်အား မသိစိတ်မှ လှမ်းကြည့်ခဲ့ကြသည်။

အကယ်၍ လင်းဖုန်း၏ ရည်ရွယ်ချက်များကို ထွင်းဖောက်မြင်နိုင်သည့် တစ်စုံတစ်ယောက် ရှိပါက ထိုသူသည် သူတို့၏ ဘိုးဘေးသာ ဖြစ်လိမ့်မည်ဟု

+

ခံစားခဲ့ကြရသော်လည်း သဘောတရားနှင့်
အကြောင်းရင်းများသည် သူတို့အတွက် ဝေဝါး
မှေးမှိန်နေဆဲ ရှိသေးသည်။

ထိုက်ရီသူတော်စင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး
သူ၏ မျက်လုံးများကို ထပ်ဖန်တစ်ခါ ပိတ်လိုက်ကာ
သူ၏ အကြည့်သည် သူ၏ ဘိုးဘေးထံမှ
လင်းဖုန်းအပေါ်သို့ ပြန်လည် ကျရောက်သွားခဲ့သည့်ပုံ
ပေါက်သွားသည်။

သူသည် တစ်စုံတစ်ခုကို စဥ်းစားမိခဲ့သော်လည်း
အနည်းငယ် မကြည်မလင် ဖြစ်နေခဲ့သေးသည်။
သူ့အနေဖြင့် လင်းဖုန်း၏ စွမ်းအားသည် ကမ္ဘာကြီး၏
ထိပ်ဆုံးတွင် ရောက်နေခဲ့ရုံတင် မကပဲ သူ၏
ကမ္ဘာအပေါ်မှ သိမြင်မှုသည် သာမန် သဘောတရားနှင့်

+

ဘောင်အကန့်အသတ်များဖြင့် ခန့်မှန်း၍ မရဟု ထင်မြင်နေခဲ့သည်။

မူလရွှေခွက်သည် ဝိညာဥ်ပင်လယ် အတွင်းမှ ပျောက်ကွယ်သွား၍ လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွား၊ ကိုးနဝင်းချီ ကိုယ်ပွားနှင့် အေးရီးစ်ကိုယ်ပွားတို့သည် ဟင်းလင်းပြင် အတွင်းတွင် တြိဂံပုံစံ ဖန်ဆင်းထားကြသည်။

သူတို့၏ ခန္ဓာကိုယ်များ အနားမှ အလင်းတန်းများသည် မှေးမှိန်သွားကြကာ သူတို့၏ မျက်လုံးများအား ပိတ်ထားကြပြီး ဝိညာဥ်ပင်လယ် အတွင်းတွင် ငြိမ်သက်စွာ ထိုင်နေကြသည်။

+

အိမ်မက်ကဲ့သို့ အလင်းတန်း တိုင်လုံး တစ်ခုသည်
ကောင်းကင်ပေါ်မှ ကျဆင်းလာကာ လင်းဖုန်း၏
ကိုယ်ပွား သုံးခုအား လွှမ်းခြုံသွားခဲ့သည်။

ဝိညာဉ်ပင်လယ်သည် ပြင်းထန်စွာဖြင့် တုန်ခါလာ၍
အားလုံးတို့ အရှေ့ရှိ နယ်နိမိတ်မှ အက်ကွဲကြောင်းသည်
စတင်၍ ပိတ်လာခဲ့သည်။

မဟာကမ္ဘာ၏ ကောင်းကင်ပေါ်မှ အလင်းတန်းများ
တစ်တန်းပြီး တစ်တန်း ထိုးတက်လာ၍
နယ်မြေအားလုံးတို့ကို ပျံ့နှံ့သွားခဲ့သည်။

တစ်စုံတစ်ယောက်ကမှ ဘာဖြစ်နေသည်ကို
မသိခဲ့ကြပေ။ သို့သော်လည်း သူတို့သည်

+

ဝိညာဥ်ပင်လယ် အတွင်းမှ ပြိုင်ပွဲသည် ဤအချိန်၌
ဆုံးဖြတ်ပြီး ဖြစ်သွားသည်ကို ခန့်မှန်းနိုင်ခဲ့ကြသည်။

ရွှမ်ဆန်းသည် မဟာကမ္ဘာ အတွင်းသို့
ပြန်လာနိုင်ခဲ့သော်လည်း မဟူရာ ပင်လယ် အတွင်းတွင်
အပိတ်ဆို့ ခံခဲ့ရကာ ဝိညာဥ်ပင်လယ် ပြိုင်ပွဲသည်
ဖြည်းဖြည်းချင်း အဆုံးပိုင်းသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။
နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင်
ကုန်းမြေတို့ကလည်း နောက်ဆုံးတွင် ပြန်လည် ငြိမ်းချမ်း
တည်ငြိမ်လာခဲ့ပြီ ဖြစ်သည်။

အန္တိမ ကောင်းကင်ကြေးမုံသည် ပိုင်ယွင်တောင်ထံသို့
ပြန်လာနိုင်ခဲ့ကာ မဟာကမ္ဘာ တစ်ခုလုံးက
တုန်ခါသွားခဲ့သည်။

+

အန္တိမ ကောင်းကင်ကြေးမုံသည် ပြန်လည် ကောင်းမွန်လာကာ သူရှိသင့်သည့် နေရာသို့ ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဤအရာသည် လူသား ကျင့်ကြံသူများနှင့် မိစ္ဆာကမ္ဘာတို့ နှစ်ခုစလုံးက လျစ်လျူရှုထား၍ မရသည့် အရာတစ်ခု ဖြစ်သည်။

ကြွယ်ကေရာဇ်သည် မဟူရာ ပင်လယ် အတွင်းတွင် အပိတ်ဆို့ ခံနေရသော်လည်း သူ၏ တည်ရှိနေမှု သက်သက်က အားလုံးတို့၏ အာရုံများကို ဆွဲဆောင်ရန် လုံလောက်နေပြီ ဖြစ်သည်။

ဟေးဒီးစ် မျိုးနွယ်စုသည် သူတို့ကိုယ် သူတို့ မီးတောင်ဖန်ကျောက် လောက အတွင်းတွင် ပုန်းကွယ်နေကြသည်။ ဤအလယ်ကမ္ဘာသည် သူ့ကိုယ်သူ ချိပ်ပိတ်ထားခဲ့သော်လည်း အကယ်၍ အန္တိမ

+

ကောင်းကင်ကြေးမုံက ရှာလိုလျှင် သိပ်ခက်ခဲနိုင်မည် မဟုတ်ချေ။

သူတို့နှင့်စာလျှင် ရေးဟောင်းလူဝံ မိစ္ဆာများက ပို၍ အန္တရာယ် ကြီးမားသည့် အခြေအနေသို့ ကျရောက်နေကြသည်။ ရှုန်းယွမ်သည် လင်းဖုန်း၏ အသုတ်သင် ခံခဲ့ရ၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင် ဘုရားကျောင်းတို့ နှစ်ဂိုဏ်းစလုံးသည် ရှေးဟောင်းလူဝံ မိစ္ဆာများ အပေါ်၌ အားသာချက် ကြီးကြီးမားမား ရှိနေကြသည်။ လင်းယွမ်တောင်တန်းသည် သူတို့ အနာဂတ်နှင့် သူတို့၏ ရန်သူများ အတွက် စိုးရိမ် ပူပန်မှုများနှင့် ရင်ဆိုင်နေခဲ့ရသည်။

လူသားကျင့်ကြံမှု ကမ္ဘာအတွက် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဟင်းလင်းပြင်

+

ဘုရားကျောင်းတို့ အကြားမှ ဆက်ဆံရေးသည် တွေးစရာ ကိစ္စတစ်ခု ဖြစ်လာခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာ တစ်ခုလုံး အပေါ်၌ အကြွင်းမဲ့ အုပ်စိုးနိုင်ခဲ့ပြီ ဖြစ်ကာ သူတို့ နောက်ထပ် ပြုလုပ်မည့် အရာသည် အားလုံးတို့၏ အဓိက အာရုံစိုက်ရာ ဖြစ်လာခဲ့သည်။

သူတို့သည် သာလွန်နေသော စွမ်းအားဖြင့် အခြား စွမ်းအားစုများကို ဝင်မစွက်ဖက်ပဲ ကြားနေဝါဒကိုသာ ဆက်လက် ကျင့်သုံးမည်လော သို့မဟုတ် ကမ္ဘာ တစ်ခုလုံးကို စုစည်းနိုင်ရန် ကြိုးစားမည်လော။

အားလုံးတို့သည် ဤမေးခွန်းကို စဉ်းစားနေကြသည့် အချိန်တွင် ခွန်းလွန် တောင်တန်းများ အပေါ်မှ

+

ဟင်းလင်းပြင်သည် ကွဲဟသွား၍ ယုကျင်းတောင်သည် မဟာကမ္ဘာ အတွင်းသို့ ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။

မဟူရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းများနှင့် သစ်ရွက်များသည် ရောင်စဥ် ခုနစ်သွယ် အလင်းတန်းများဖြင့် လင်းလက်နေကာ ခမ်းနား ထည်ဝါလှသည့် အဖြူရောင် တောင်ထိပ်တွင် လေယူရာ ယိမ်းနွဲ့နေကြသည်။ ခရမ်းရောင် စွမ်းအားများက တောင်ပတ်ပတ်လည်တွင် လည်ပတ်နေကြ၍ အနက်ရောင် ယင်ယန်ပင်လယ်သည် တောင်ခြေတွင် မြင့်ချည်နိမ့်ချည် လှုပ်ရှားနေခဲ့သည်။

သက်တန့်များနှင့် တူနေသော တံတား ရှစ်စင်းတို့သည် တောင်၏ ဘေးမှနေ၍ ဆန့်တန်းနေကြကာ ဗိမာန် ရှစ်ခုတို့အား ဆက်သွယ်ပေးထားကြသည်။ ထိုဗိမာန် ရှစ်ခုတို့သည် တစ်ခုနှင့် တစ်ခု အသွင်သဏ္ဍာန်

+

ကွဲပြားကြကာ အားလုံးတို့သည် ယုကျင်းတောင်အား အလယ်တွင်ထား၍ ကာကွယ်ထားပေးခဲ့ကြသည်။

မူလကောင်းကင် ကမ္ဘာ အတွင်းမှ အားလုံးတို့သည် ဤဗိမာန် ရှစ်ခုတို့သည် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင် လင်းဖုန်း၏ မဟာတပည့် ရှစ်ယောက်တို့၏ ဗိမာန်များ ဖြစ်ကြသည်ဟု သိထားကြသည်။

ငရဲမီး ချောက်ကမ်းပါး၊ ကောင်းကင်ဘုံကျောင်း၊ သစ်တောဗိမာန်၊ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်း၊ နိဗ္ဗာန်ကမ္ဘာ၊ မြစ်ပြင်ဂေဟာ၊ မြေရိုင်းလျှိုမြောင်နှင့် ချင်းဝူစံအိမ်တို့ ဖြစ်ကြသည်။ ထိုဗိမာန်တို့၏ နာမည်များသည် ကမ္ဘာတစ်ခုလုံး၌ ကျော်ကြားနေကြပြီး ဖြစ်ကြသည်။

ဤအချိန်၌ ယုကျင်းတောင် အနားမှ စံအိမ်
ရှစ်လုံးစလုံးတို့သည် ရုတ်တရက် တုန်ခါသွားကြသည်။

သက်တန့် ခုနစ်စင်းတို့သည် ရုတ်တရက် ထွက်လာကြ၍
အရောင် မတူညီသော အလင်းတန်း ခုနစ်တန်း အဖြစ်သို့
ပြောင်းသွားကြကာ အရပ်မျက်နှာ အသီးသီးသို့
ထိုးတက်သွားကြသည်။

သူတို့ အနက်မှ တစ်ခုသည် ခွန်းလွန်တောင်၏
မြောက်ပိုင်းတောင်ခြေမှ ယွင်တောင်ထိပ်နှင့်
ကြေးမုံရေအိုင်တို့နှင့် အနည်းငယ် ဝေးကွာသော
နေရာသို့ ကျသွားခဲ့သည်။

ထိုအလင်းတန်း ကျဆင်းသွားသော နေရာသည် ယခင်က
ခွန်းလွန်တောင်တန်း အတွင်းမှ ဂိုဏ်းငယ်လေးများ

+

အနက် တစ်ခုဖြစ်သော တိမ်တိုက်ရေပြင်ဂူ တည်ရှိရာ နေရာပဟောင်း ဖြစ်သည်။

အခြားတောင်များ အကြားတွင် အဖြူရောင် ကျောက်စိမ်းတောင် တစ်ခု ကျဆင်းလာ၍ မိုးပြာစိမ်းရောင် မဟာလမင်း အကွင်းမဲ့ရေသည် တောင်ပတ်ပတ်လည်တွင် စီးဆင်းနေကာ အရာအားလုံးတို့သည် လေးနက် ငြိမ်းချမ်းနေခဲ့ကြသည်။

တောင်ခြေမှ ဂူ၏ဝင်ပေါက်တွင် 'နိဗ္ဗာန်ကမ္ဘာ' ဟူသော စကားလုံးများကို ရေးထိုးထား၍ သူသည် လင်းဖုန်း၏ ပဋ္ဌမ တပည့်ဖြစ်သော ယင်ယန် ဘုန်းတော်ကြီး ယန်ချင်၏ ဗိမာန်ဖြစ်သည်။

+

အလင်းတန်း ခုနစ်တန်းတို့သည် ဟင်းလင်းပြင်မှ ထိုးတက်သွားကာ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ငရဲမီး ဧကရာဇ် မြို့တော် အတွင်းသို့ ကျဆင်းလာကြသည်။

သန့်စင်သော ရွှေရောင်၊ အနက်ရောင်၊ ခရမ်းပြာရောင်၊ အစိမ်းရောင်၊ အနီရောင်၊ နို့နှစ်ဖြူရောင်၊ အနီနှင့် အပြာ အရောင်များဖြင့် ယှက်သန်းနေသော ရွှေရောင် အစရှိသဖြင့် မီးတောက်အရောင် ခုနစ်မျိုးတို့သည် တောင်နှင့် ကျောက်တုံးများကို လွှမ်းခြုံထားကာ ငရဲမီး ဧကရာဇ် မြို့တော် အပေါ်တွင် လွင့်မျောနေခဲ့သည်။ ထိုအရာသည် လင်းဖုန်း၏ ပထမ တပည့် ပိုင်ဆိုင်သည့် ငရဲမီး ချောက်ကမ်းပါးပင် ဖြစ်သည်။

မြေရိုင်းလျှိုမြောင်သည် သူနှင့် အတူ လိုက်ပါလာကာ မဟာလွင်တီးခေါင် ကုန်းမြေမှ မြေရိုင်းအိမ်တော်

+

အပေါ်သို့ ကျရောက်သွားခဲ့သည်။ သစ်တောဗိမာန်သည် ကောင်းကင်ဆန့်ကျင် ကမ္ဘာသို့ ရောက်လာ၍ ချင်းဝူစံအိမ်သည် သန့်စင်သောယင် ခေါ်ကမ္ဘာ အပေါ်သို့ ကျဆင်းလာပြီး မြစ်ပြင်ဂေဟာသည် မြစ်ပြင်ဂေဟာ ကမ္ဘာသို့ ရောက်သွားခဲ့သည်။

ကျန်နေသော အလင်းတန်း နှစ်တန်းတို့သည် နတ်ဘုရား နယ်မြေ အတွင်းသို့ ပျံဝဲသွားကြ၍ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းသည် နှင်းမုန်တိုင်း နိုင်ငံ၏ လန်တောင်ခြေသို့ ပြန်လာခဲ့ပြီး ကောင်းကင် ဘုံကျောင်းသည် မဟာကျိုး အင်ပါယာမှ ထျန်းကျင်းမြို့ပြင်ရှိ ဗဟုသုတ နန်းတော်တွင် အခြေချခဲ့သည်။

လင်းဖုန်း၏ မဟာတပည့် ရှစ်ယောက်တို့သည် သူတို့၏ ဆရာထံမှ တရားဝင် ထွက်ခွာကာ ကိုယ်ပိုင် ရပ်တည်ခဲ့ကြပြီ ဖြစ်သည်။

+

ဤအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အပြည့်အဝ ဖူးပွင့်လာပြီဟု ပြော၍ရကာ ကမ္ဘာတစ်ခုလုံးတွင် ပျံ့နှံ့နေကြပြီ ဖြစ်သည်။

လူသား ကျင့်ကြံမှု ကမ္ဘာသည် အလားတူ မြင်ကွင်းမျိုးကို မြင်ဖူးခဲ့ကြသည်။ ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ကျန်သော အင်အားစုများသည် ကိုယ်ပိုင် တည်ထောင်မှုများကို ပြုလုပ်ခဲ့ အပြီးတွင် ထိုနေရာများကို သူတို့၏ တပည့်များကို စေလွှတ်ကာ သူတို့၏ မျိုးဆက်များကို ပြန့်ပွားစေ၍ ကမ္ဘာအနှံ့မှ ပါရမီရှင်များကို စုဆောင်းခဲ့ကြခြင်း ဖြစ်သည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မတူညီသော မဟာတည်ထောင်မှု ရှစ်ခုတို့ကို ပြုလုပ်နိုင်ခဲ့ကာ သူတို့ တစ်ခုချင်းစီအား အလေးအနက် ထားရမည် ဖြစ်သည်။

အားလုံးတို့သည် ဤမြင်ကွင်းများအား ရင်သပ်ရှုမော ဖြစ်နေဆဲတွင် လင်းဖုန်းသည် ယုကျင်းတောင် အပေါ်တွင် သူ၏လက်များကို ကျောနောက်တွင် ပစ်၍ ရပ်နေခဲ့ကာ သူ၏ လက်ချောင်းဖြင့် ညွှန်ပြ၍ ကြမ္မာပန်းတိုင် ခေါင်းလောင်းကို သူ၏ မှော်စွမ်းအင်များဖြင့် ထုတ်ဖော်လိုက်သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ သာယာ နာပျော်ဖွယ် အသံများကို ကြားနိုင်ခဲ့သည်။

+

အားလုံးတို့သည် ထိုခေါင်းလောင်းသံများကို နားထောင်နေခဲ့ရင်း အံ့သြ မှင်သက်သွားကြသည်။

"ခြောက်ဆယ့်တစ်၊ ခြောက်ဆယ့်နှစ်၊ ခြောက်ဆယ့်သုံး၊ ခြောက်ဆယ်လေး... ခေါင်းလောင်းသံ ခြောက်ဆယ့်လေးချက်လား..."

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ မြည်သံများသည် ရပ်သွားခဲ့ကာ ခေါင်းလောင်းသံကို ရေတွက်နေသော သူများ အားလုံးတို့သည် ထိန်းချုပ်၍ မရနိုင်ပဲ တုန်ခါသွားကြသည်။ "ခေါင်းလောင်းသံ... ခြောက်ဆယ့်လေးချက်..."

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏ ခေါင်းလောင်း အခမ်းအနားကို တိကျသော ဖွဲ့စည်းပုံဖြင့်

+

ဖန်တီးထားခဲ့ကာ ကမ္ဘာကြီးအား ကြေညာထားခဲ့သဖြင့် အားလုံးတို့သည် ယခင်က တစ်ခါမှ မကြားဖူးခဲ့သော ခြောက်ဆယ့်လေးချက်သည် မည်သည့်အရာကို ကိုယ်စားပြုနေခဲ့သည်ကို သေချာစွာ သိနေကြသည်။

သို့သော်လည်း ထို့ကြောင့်ပင် အားလုံးတို့က အံ့အားသင့် မှင်သက်နေကြခြင်း ဖြစ်သည်။

## စာစဥ် ၇၆ : အပိုင်း ၇

## အပိုင်း ၁၄၇၇ : ဒဏ္ဍာရီ

အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းလောင်း အခမ်းအနား စည်းမျဥ်းများကို သိနေကြသည်။

+

ကြမ္မာပန်းတိုင်၏ ခေါင်းလောင်းသံ ခုနစ်ချက် အထိသည်
ညွှန့်သည်များကို ကြိုဆိုခြင်း ဖြစ်ကာ ခေါင်းလောင်းသံ
အရေအတွက်များကို ညွှန့်သည်များ၏
အဆင့်အတန်းဖြင့် သတ်မှတ်ထားသည်။
ခေါင်းလောင်းသံ တစ်ချက်သည် အဆင့်အနိမ့်ဆုံး ဖြစ်၍
ခုနစ်ချက်သည် အဆင့် အမြင့်ဆုံး ဖြစ်သည်။

ခေါင်းလောင်းသံ ရှစ်ချက်သည် ဂိုဏ်းတွင်းမှ
ကြီးကျယ်သော အခမ်းအနားကို ကိုယ်စားပြု၍
ဂိုဏ်းအတွင်းမှ ဂိုဏ်းသားတိုင်းသည် ဆက်ခံသူ
တပည့်များ ဖြစ်စေ၊ အခြေခံ တပည့်များ ဖြစ်စေ
တက်ရောက်ခဲ့ရသည်။

+

ခေါင်းလောင်းသံ ကိုးချက်သည် ဂိုဏ်းတည်ထောင်သူ လင်းဖုန်းကိုယ်တိုင် ကြီးမှူးကျင်းပသော ဂိုဏ်းတွင်းမှ မဟာ အခမ်းအနား ဖြစ်သည်။

ကိုးချက်ထက် နည်းသော ခေါင်းလောင်းသံများသည် ညွှန့်သံများကို ကြိုဆိုရန်နှင့် ဂိုဏ်းတွင်း ကိစ္စများကို ကိုယ်စားပြုနေ၍ ကိုးချက်အထက် ခေါင်းလောင်းသံများသည် အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ကမ္ဘာကြီး တစ်ခုလုံးအား ကြေညာစရာ ရှိသည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

နောက်ဆုံး အခမ်းအနားမှာ ရှစ်ဆယ့်တစ်ချက် ဖြစ်သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ထိုအခမ်းအနားအား တစ်ခါမှ မပြုလုပ်ရရန် မျှော်လင့်ထားသည်။

+

အဘယ်ကြောင့် ဆိုသော် ခေါင်းလောင်းသံ
ရှစ်ဆယ့်တစ်ချက်သည် ဂိုဏ်းခေါင်းဆောင်
ကျဆုံးသွားသည်ဟု ဆိုလိုနေခြင်းကြောင့် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပြင်ပမှ အချို့သူများသည်
ဤအရာကို ဖြစ်ပျက်စေရန် စိတ်ကူးယဥ်နေကြမည်
ဖြစ်သော်လည်း လက်ရှိ ဂိုဏ်းခေါင်းဆောင်က
မည်သူဖြစ်သည်ကို တွေးမိခဲ့ကြသော သူတိုင်းသည်
ထိုအတွေးကို ချက်ချင်း ဖယ်ရှားခဲ့ကြမည် ဖြစ်သည်။

ဝိညာဥ်ပင်လယ် ပြိုင်ပွဲ မတိုင်မီတွင် အခွင့်အရေး
ရှိကောင်းရှိမည် ဖြစ်သော်လည်း ရှန်းယွမ်အား
သုတ်သင်၍ ရွှမ်ဆန်းအား အနိုင်ယူခဲ့အပြီးတွင်

+

ထိုကဲ့သို့သော အတွေးများသည် လုံးဝ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ရှစ်ဆယ့်တစ်ချက် အောက်တွင် နောက်ထပ် အခမ်းအနားသည် ခြောက်ဆယ့်လေးချက် ဖြစ်သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်း၏ ခေါင်းလောင်းသံ ခြောက်ဆယ့်လေးချက်သည် ဂိုဏ်းခေါင်းဆောင်က သူ၏ ရာထူးကို လွှဲပြောင်းပေးတော့မည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်ရှိ လွှမ်းမိုးမှုနှင့် နေရာအရ ဤအရာသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးကို ရုတ်ရုတ်သဲသဲ ဖြစ်သွားစေနိုင်သည့် မဟာ အခမ်းအနား တစ်ခုဖြစ်သည်။

+

အားလုံးတို့သည် အစပိုင်းတွင်
အံ့အားသင့်သွားခဲ့ကြသော်လည်း နောက်ဆုံးတွင်
အနည်းငယ် တွေဝေသွားခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ယနေ့နေရာသို့
ရောက်အောင် ပြုစု ပျိုးထောင်ခဲ့သော ခရမ်းရောင်
ဝတ်ရုံနှင့် လူငယ်သည် ဂိုဏ်းခေါင်းဆောင် ရာထူးကို
ယနေ့တွင် လွှဲပြောင်း ပေးအပ်တော့မည် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အားလုံးတို့၏
စိတ်အတွင်းမှ အထင်အမြင်သည် လင်းဖုန်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် တူညီကာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် လင်းဖုန်းကိုယ်တိုင်နှင့်
တူညီနေခြင်း ဖြစ်သည်။

+

ဤနှစ်များ အတွင်း ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် ကျန်သောသူများ၏ စွမ်းအား မြင့်တက်လာမှုနှင့် အတူ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လူငယ်မျိုးဆက် တပည့်များ၏ ရင့်ကျက်လာမှုကြောင့် ဤအထင်အမြင်သည် ဖြည်းဖြည်းချင်း မှေးမှိန်သွားခဲ့သည်။

လင်းဖုန်းသည် ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ၏ အခြေအနေကို သူ၏ ခေးချက်လေးချက်ဖြင့် ဖြေရှင်းခဲ့ကာ ယခုလေးတင် ပြီးဆုံးသွားသော ဝိညာဥ်ပင်လယ် တိုက်ပွဲတွင်လည်း ပြိုင်ဘက်ကင်း ဖြစ်ခဲ့သည်။ သူသည် သမိုင်းတစ်လျှောက်တွင် ဒဏ္ဍာရီလာ နတ်ဆိုးများဟု ကျော်ကြားသော တော်ဝင်မိစ္ဆာ ကေရာဇ် နှစ်ပါးတို့ကိုလည်း အနိုင်ယူနိုင်ခဲ့သည်။ ဤအချက်သည် လင်းဖုန်း၏

+

ဂုဏ်သတင်းကို ထိပ်ဆုံးသို့ ထပ်ဖန်တစ်ခါ ရောက်စေခဲ့သည်။

သို့သော်လည်း လင်းဖုန်းအနေဖြင့် ကမ္ဘာ၏ ထိပ်ဆုံးသို့ ရောက်ပြီးသည်နှင့် ချက်ချင်းပင် အရိပ်တစ်ခု ချန်ထားခဲ့တော့မည်ဟု မည်သူကမှ မျှော်လင့်မထားခဲ့ပေ။

အချို့သူများက လင်းဖုန်းသည် ယခင်နေ့များက ကြွယ်ကေရာဇ်အား တိုက်ခိုက်ခဲ့သည့် မဟာဟင်းလင်းပြင် သူတော်စင် အတိုင်း ဖြစ်သွားမည် သို့မဟုတ် ဟေးဒီးစ် ကေရာဇ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့သည့် ထိုက်ရီသူတော်စင်နှင့် တူနေလိမ့်မည်ဟု ယူဆနေကြသည်။

+

လင်းဖုန်းသည် ရှန်းယွမ်အား သတ်ဖြတ်နိုင်ကာ ရွှမ်ဆန်းအား ပိတ်ဆို့ထားနိုင်ခဲ့သော်လည်း အချိန်ကာလ ကြာမြင့်စွာ ကုစားရမည့် အတွင်းဒဏ်ရာများ ရသွားနိုင်သည်ဟု ထင်နေကြသည်။

သို့မဟုတ် သူသည် အဆုံးစွန် ကေရာဇ်အား အနိုင်ယူအပြီးတွင် ကျန်နေသော အင်အားများ အားလုံးကို ကြွယ်ကေရာဇ်အား မဟူရာ ပင်လယ်အတွင်းတွင် ပိတ်ထားရန် အသုံးပြုခဲ့ရနိုင်သည်။

သို့သော်လည်း အားလုံးတို့သည် မဟာဗိမာန် ရှစ်ခုတို့က အဝေးသို့ ပျံသန်းသွားကြ၍ ကမ္ဘာ တစ်ခုလုံးကို ဖြန့်ကြက်ထားကာ လင်းဖုန်း၏ အစွမ်းထက်လှသော ကြမ္မာပန်းတိုင် ခေါင်းလောင်းမြည်သံကို ကြားခဲ့ရ အပြီးတွင် သူတို့အားလုံးတို့၏ ခေါင်းများကို ခါခဲ့ကြသည်။

+

လင်းဖုန်းသည် ကြည့်ရသည်မှာ တစ်စက်မှ
အားနည်းနေပုံ မပေါ်ခဲ့ချေ။

ဘာဖြစ်ခဲ့သည်ကို သိခဲ့ကြသော ပုဂ္ဂိုလ်များကလည်း
ကောင်းကင်ဖျက်ဆီး ခေါ်းသည် ပြင်ပ ဟင်းလင်းပြင်တွင်
လွင့်မျောနေကာ ကမ္ဘာအပေါ်သို့ အချိန်မရွေး
ကျဆင်းလာနိုင်သည်ကို ကောင်းစွာ သိထားကြသည်။

သို့သော်လည်း ကောင်းကင်ဖျက်ဆီး ခေါ်း၏ လက်ရှိ
အခြေအနေသည် ကြောက်မက်ဖွယ်ရာ
သေမင်းပင်လယ်နှင့် ဆင်တူနေခဲ့သည်။ သာမန်
အခြေအနေမျိုးတွင် တစ်ယောက်ကမှ သူ၏
တည်ရှိနေမှုကို အာရုံခံနိုင်ကြမည် မဟုတ်ချေ။

+

ထိုက်ရှိသူတော်စင်နှင့် ကျန်သောသူများသည် ပိုင်ယွင်တောင်သို့ ပြန်ရောက်လာကာ တောင်ထိပ်မှ နေ၍ ခွန်းလွန်တောင်တန်းထံသို့ ကြည့်နေကြသည်။ သူတို့၏ အမူအရာများကို ကြည့်၍ သူတို့ ဘာစဉ်းစားနေသည်ကို ဖော်ပြ၍ မရနိုင်ချေ။

နတ်ဘုရားနယ်မြေမှ အခြား ကျင့်ကြံသူများကလည်း ဤခံစားချက်များကို ခံစားနေကြရသည်။

ဤအချိန်တွင် မူလကောင်းကင် ကမ္ဘာ၏ နေရာတိုင်းနှင့် ကျင့်ကြံသူတိုင်း၏ အရှေ့တွင် အလင်းတန်း ပုံရိပ်များ ပေါ်လာခဲ့သည်။

လင်းဖုန်း၏ ပုံသည် ထိုပုံရိပ် အပေါ်တွင် ပေါ်လာခဲ့သည်။ သူ၏ အမူအရာသည် တည်ငြိမ်နေ၍ သူ၏

+

မျက်နှာပေါ်တွင် အပြုံးဖွဖွလေး တစ်ခုကို တွေ့နေနိုင်သည်။ "အားလုံးတို့ကို အနှောင့်အယှက် ပေးရတဲ့ အတွက် တောင်းပန်ပါတယ်… ကျုပ်မှာ ကြေညာစရာ တစ်စုံတစ်ခု ရှိပါတယ်"

"အခုအချိန်က စပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ဖြစ်တဲ့ ကျုပ်လင်းဖုန်းဟာ ဂိုဏ်းချုပ်ရာထူးကို ကျုပ်ရဲ့ တပည့်ကြီးဖြစ်တဲ့ ရွှမ်းယန်သူတော်စင် ရှောင်ယန်ကို လွှဲပြောင်း ပေးအပ်တော့မှာ ဖြစ်ပါတယ်"

"ရှောင်ယန်ဟာ ဂိုဏ်းရဲ့ ဒုတိယမျိုးဆက် ခေါင်းဆောင်အနေနဲ့ အုပ်ချုပ်သွားမှာ ဖြစ်ပြီး ကျုပ်က ဒီသတင်းကို အားလုံးတို့ကို သက်သေထားပြီး တစ်ကမ္ဘာလုံးကို ကြေညာလိုက်ပါတယ်"

+

"တရားဝင် အခမ်းအနားကို ရွှမ်းနီနဲ့ ရွှမ်းမင်တို့က ဝိညာဉ်ပင်လယ်ကနေ ပြန်လာတဲ့ အချိန်အထိ ရွှေ့ဆိုင်းထားမှာ ဖြစ်ပြီး လမ်းကြောင်း တစ်ခုတည်းပေါ်က အားလုံးတို့ကို ဒီအခမ်းအနားကို တက်ရောက်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်… ကျုပ်က ဒီကနေပြီး အားလုံးတို့ကို ကြိုတင် ကျေးဇူးတင်လိုက်ပါတယ်"

ရှောင်ယန်၊ ဇူရီ၊ ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့သည် လင်းဖုန်း အရှေ့တွင် ပေါ်လာကြပြီး ဝမ်လင်းနှင့် ယန်ချင်တို့သည် သူတို့၏ မှော်စွမ်းအင်များကို အသုံးပြု၍ ပုံရိပ်များကို ထုတ်လွှတ်ခဲ့ကြသည်။

+

အားလုံးတို့သည် လင်းဖုန်း၏ စကားများကို ကြားခဲ့ရပြီး ဝမ်လင်းနှင့် ယန်ချင်တို့၏ ပုံစံများကို ကြည့်လိုက်ကာ ရင်တွင်းမှ နေ၍ သက်ပြင်းများကို ချခဲ့ကြသည်။ ဝိညာဥ်ပင်လယ်သည် အမှန်ပင် လင်းဖုန်းနှင့် အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းတို့၏ လက်တွင်းသို့ ကျသွားခဲ့သည်မှာ သိသာနေသည်။

ထိုသို့မဟုတ်လျှင် အကယ်၍ ဝမ်လင်းနှင့် ယန်ချင်တို့သည် ဝိညာဥ်ပင်လယ် အတွင်းတွင် ရှိနေကြပါက သူတို့အနေဖြင့် ဝိညာဥ်ပင်လယ်၏ နယ်နိမိတ်များကို ကျော်လွန်ကာ မဟာကမ္ဘာ အတွင်းသို့ ပုံရိပ်များကို ထုတ်လွှတ်နိုင်ကြမည် မဟုတ်ချေ။

ရှောင်ယန်သည် အမြဲတမ်းပင် လင်းဖုန်း၏ တပည့်ကြီး ဖြစ်နေခဲ့ပြီး ဤနေရာသည် တစ်ခါမှ မပြောင်းလဲခဲ့ဖူးပေ။ သူ့တွင် လုံလောက်သော စွမ်းအားနှင့် လွှမ်းမိုးမှုများ ရှိပြီး

+

ရှောင်ယန်က ဒုတိယမျိုးဆက် ဂိုဏ်းခေါင်းဆောင်
နေရာအား ဆက်ခံခဲ့သည်မှာ အားလုံးတို့၏
မျှော်လင့်ချက်များ အတွင်းတွင် ရှိနေသည်။

သို့သော်လည်း တစ်ယောက်ကမှ ဤနေ့သည်
လျင်မြန်စွာနှင့် ရောက်လာလိမ့်မည်ဟု
မမျှော်လင့်ထားခဲ့ကြပေ။

လင်းဖုန်းသည် လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံးအား
အကြွင်းမဲ့ လွှမ်းမိုးထားနိုင်ခဲ့ပြီး သူ၏ အထွတ်အထိပ်
အခြေအနေတွင် ရှိနေခဲ့သည်။ သို့သော်လည်း သူသည်
ဤအရာများ အားလုံးကို စွန့်လွှတ်ခဲ့ပြီး ဤအချိန်ကို
ရွေးချယ်ကာ သူ၏ ဂိုဏ်းချုပ်ရာထူးကို
လွှဲပြောင်းပေးအပ်ခဲ့သည်။

+

ရှောင်ယန်သည် လင်းဖုန်း၏ အရှေ့တွင် တည်ငြိမ်သော အကြည့်ဖြင့် ရပ်နေခဲ့သည်။ သို့သော်လည်း လင်းဖုန်းက ဤသတင်းကို သူ့အား အစောပိုင်းက ပြောခဲ့သည့် အချိန်တွင် သူကလည်း အလားတူပင် အံ့ဩ မှင်သက်သွားခဲ့သေးသည်။

သူသည် မေးမည်ဟု ကြံရွယ်လိုက်သော်လည်း သူ့ဆရာ၏ အကြည့်ကို တွေ့လိုက်သော အခါ ချက်ချင်း သဘောပေါက်သွားခဲ့သည်။

ရှောင်ယန်သည် အမြဲတစေပင် သတ္တိအပြည့်ဖြင့် ဆုံးဖြတ်ချက် ပြတ်သားစွာ လုပ်ဆောင်တတ်သူ ဖြစ်သည်။ သူ၏ စိတ်အတွင်းမှ သံသယများ ကွယ်ပျောက်သွား၍ တွေဝေနေခြင်း မရှိသလို တိမ်းရှောင်ခဲ့ခြင်းလည်း မရှိခဲ့ပေ။ ဤအတွေးများ

+

အားလုံးကို သူသည် ပယ်ဖျောက်ကာ အတတ်နိုင်ဆုံး ကြိုးစား၍ တာဝန်ထမ်းဆောင်မည် ဖြစ်သည်။

သူသည် လင်းဖုန်းအရှေ့တွင် ဒူးထောက်ချလိုက်၍ ပြောလိုက်သည်။ "ကျွန်တော် ရှောင်ယန်က ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပါမယ်"

ဇူရီသည် ရှောင်ယန်၏ဘေးတွင် ဖွဖွလေး ပြုံးလိုက်သည်။ သူသည် တာဝန်သိတတ်ကာ သတ္တိရှိသူ ဖြစ်သည်။ သူ၏ စိတ်အတွင်းမှ လူကြီးလူကောင်း ဖြစ်ရန်အတွက် သတ္တိရှိရမည်၊ ခံနိုင်ရည် ရှိရမည်၊ ဖွဲကောင်းကာ ပို၍ တိုးတက်နိုင်ရန် အမြဲတမ်း ကြိုးစားနေရမည် ဖြစ်သည်။

+

သူငယ်စဉ်ကတည်းက ရှောင်ယန်နှင့် ကောင်းမွန်သော ဆက်ဆံရေးများ ရှိခဲ့သော်လည်း အမြဲတမ်း ပြိုင်ဆိုင်လိုသည့် နှလုံးသား ရှိနေခဲ့သည်။ သူ့တွင် လင်းဖုန်း၏ တပည့်များ အနက် နံပါတ်တစ် ဖြစ်လိုနေသော စိတ်ရှိပြီး သူ့ဂိုဏ်းအတွင်းမှ လူများအားလုံး၏ စံနမူနာ ဖြစ်လိုနေသည်။

ဤအရာသည် သူ၏ ကိုယ်ကျင့်စရိုက်နှင့် ဘာမှ ပတ်သတ်နေခြင်း မရှိပဲ အခြား တပည့်များနှင့် ဆက်ဆံရေး အပေါ်၌လည်း ဘာမှ မသက်ဆိုင်နေပေ။

ဤအတွေးသည် အချိန်နှင့် အမျှ ဖြည်းဖြည်းချင်း လွင့်ပြယ်သွားသော်လည်း ဇူရီ၏ ပင်ကိုစရိုက်နှင့် စိတ်နေစိတ်ထားတို့က ပြောင်းလဲသွား၍ မဟုတ်ပေ။ ဇူရီသည် ယခင်ကအတိုင်း ဆုံးဖြတ်ချက် ပြတ်သားကာ

+

ခေါင်းမာသည့် ဝတ်ရုံစိမ်း စာသင်သားကဲ့သို့ အမြဲတမ်း ဖြစ်နေဦးမည် ဖြစ်သည်။

သို့သော်လည်း သူသည် ကျင့်ကြံမှု လမ်းကြောင်း တစ်လျှောက်တွင် အဆက်မပြတ် တိုးတက်လာခဲ့ကာ သူ၏ လက်ရှိ လမ်းကြောင်းသည် ကျေနပ်စရာ အကောင်းဆုံး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

"ငါ့ရဲ့ဆန္ဒဟာ ကောင်းကင်နဲ့ မြေကြီးတို့ရဲ့ သဘောတရားတွေကို အားလုံးတို့က သိရှိ နားလည်နိုင်ပြီး လူသားကမ္ဘာရဲ့ လျှို့ဝှက် နက်နဲမှုတွေကို နားလည်နိုင်ဖို့ အခွင့်အရေး ရှိတယ်ဆိုတာကို တစ်ကမ္ဘာလုံးကို ကြေညာနိုင်ဖို့ပဲ ဖြစ်တယ်"

+

"ငါ့ရဲ့ ဆန္ဒဟာ ကမ္ဘာအတွင်းက သက်ရှိအားလုံးတို့ဟာ လွတ်လပ်ပြီး အသိဉာဏ် ကင်းမဲ့ခြင်း၊ ရူးမိုက်ခြင်းတို့ကနေ လွတ်မြောက်နိုင်ဖို့ ဖြစ်တယ်"

"ငါ့ရဲ့ ဆန္ဒဟာ ကောင်းကင်နဲ့ မြေကြီးတို့ကို ထာဝရ ငြိမ်းချမ်းစေပြီး မကောင်းမှုတွေ အားလုံးကို ကမ္ဘာအတွင်းကနေ ဖယ်ရှားဖို့ ဖြစ်တယ်"

"ငါ့ရဲ့ ဆန္ဒဟာ လူသားတိုင်းက အောင်မြင်နိုင်ဖို့ ဖြစ်တယ်… ငါက သူတို့ကို တတ်နိုင်သမျှ အစွမ်းထက်စေလိုပြီး သူတို့ရဲ့ ကိုယ်ပိုင် ကံကြမ္မာနဲ့ ကြမ္မာပန်းတိုင်တွေကို လွတ်လပ်စွာ ထိန်းချုပ်နိုင်စေလိုတယ်"

+

ဤအရာသည် သူ၏ မဟာ ရည်ရွယ်ချက်နှင့် အကြံအစည်ပင် ဖြစ်သည်။ သူသည် ဗဟုသုတ နန်းတော်ကို တည်ထောင်ပြီး ကမ္ဘာအနှံ့ လှည့်လည် သွားလာကာ အားလုံးတို့က သူနှင့်အတူ တိုးတက်နိုင်စေရန် ပြုပြင်ပြောင်းလဲလိုနေခြင်း ဖြစ်သည်။

သူ့ဆရာနှင့် သူ၏ ဂိုဏ်းတူအစ်ကိုတို့သည် သူ့အား ထောက်ခံနေသည်ကို သူသိနေခဲ့ပြီး ဂိုဏ်းချုပ်ရာထူးအား သူ့ကို ပေးခြင်း၊ မပေးခြင်းတို့သည် အရေးမကြီးတော့ပေ။

ဝမ်လင်း၊ ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်း၊ လော်ချင်းဝူတို့ကလည်း ရှောင်ယန်အား ကြည့်၍ ပြုံးလိုက်ကြကာ ဇူရီနှင့် အတူ အရိုအသေ ပြုလိုက်ကြသည်။ "အစ်ကိုကြီးရဲ့ အမိန့်အတိုင်းပါ"

+

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ အစွမ်းထက်သော မိစ္ဆာများ၏ အရှေ့ဦးပင် ထိုပုံရိပ်များကို တွေ့နေရ၍ အားလုံးတို့သည် ငြိမ်သက်စွာဖြင့် ဆင်ခြင်သုံးသပ်နေကြသည်။

နတ်ဘုရားနယ်မြေ အတွင်းမှ လူသားကျင့်ကြံသူများ အားလုံးတို့သည် သက်ပြင်း ဖွဖွလေး ချလိုက်ကြကာ ပြောလိုက်ကြသည်။ "ရှမ်းယန် သူတော်စင်ကို ဂုဏ်ပြုပါတယ်... ငရဲမီး ကေရာဇ်ကို ဂုဏ်ပြုပါတယ်"

"ကျုပ်တို့က ဒီပျော်ရွှင်ဖွယ်ရာ ခမ်းနားတဲ့ ပွဲကို အသေအချာ တက်ရောက်မှာ ဖြစ်ပြီး တစ်စုံတစ်ခု အနှောင့်အယှက် ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ်"

+

အခမ်းအနားအား ဝမ်လင်းနှင့် ယန်ချင်တို့ ပြန်လာမည့် အချိန်အထိ ရွှေ့ဆိုင်းထားသော်လည်း ဤသတင်းသည် တစ်ကမ္ဘာလုံးအား ကြေညာပြီးသွားခဲ့ပြီ ဖြစ်သည်။

ဤကဲ့သို့ ရုတ်တရက် ပြောင်းလဲမှုများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဝိညာဉ်ပင်လယ်အား ကျင့်ကြံနိုင်မှုနှင့် အတူ များစွာ အရေးပါသော အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ရုတ်တရက် ကြေညာချက်သည် အားလုံးတို့၏ မျှော်လင့်ချက်ကို ကျော်လွန်သွားခဲ့သဖြင့် လူများစွာတို့က တုန်လှုပ်နေကြဆဲ ရှိနေသေးသည်။

+

သူတို့သည် အနည်းငယ် လက်မခံနိုင်သေးပဲ သံသယများ ဝင်လာကြသည်။ သူတို့သည် လင်းဖုန်းက အရာအားလုံးကို စွန့်လွှတ်ခဲ့ပြီး ဘာများ လုပ်လိမ့်မည်ကို သံသယ ဝင်နေကြခြင်း ဖြစ်သည်။

သူတို့သည် တုန်လှုပ်စွာဖြင့် လက်မခံနိုင်ကြသေးသော်လည်း အုံ့အားသင့် ချီးကျူးစွာဖြင့်ပင် သက်ပြင်းများသာ ချနိုင်ခဲ့ကြသည်။

အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင် လင်းဖုန်းသည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတွင် အကြီးမြတ်ဆုံးသော ဒဏ္ဍာရီတစ်ပါး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

+

မဟာကမ္ဘာ၏ အချိန်အရ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သူတို့၏ အစွမ်းထက်သော အင်ပါယာကို ထူထောင်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာပင် မပြည့်သေးပဲ မူလကောင်းကင် ကမ္ဘာ၏ အထွတ်အထိပ် နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

သူသည် သူ၏ ဂိုဏ်းခေါင်းဆောင် နေရာကို သူ့တပည့်အား လွှဲပြောင်းပေးအပ်ခဲ့သော်လည်း သူ၏ ပုံရိပ်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင် အမြဲရှိနေကာ မဟာကမ္ဘာ အပေါ်သို့ ငုံ့ကြည့်နေခဲ့မည် ဖြစ်သည်။

ဝမ်လင်းနှင့် ယန်ချင်တို့က ဝိညာဉ်ပင်လယ်မှ ပြန်လာသော အချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကြီးကျယ် ခမ်းနားသော

+

အခမ်းအနားကို ကျင်းပခဲ့ကာ ကမ္ဘာအနှံ့မှ ကျင့်ကြံသူများ အားလုံးတို့ကို ဖိတ်ကြားခဲ့ကြသည်။

မှတ်သားဖွယ်ရာ အချက်တစ်ချက်မှာ အစွမ်းထက်သော လူသား ကျင့်ကြံသူများ အပြင် မျောက်၊ ဖီးနစ် မဟာပဏ္ဍိတ၊ တောက်တီ မဟာပဏ္ဍိတ၊ ရွှမ်းမင် မဟာပဏ္ဍိတ အစရှိသော အစွမ်းထက် မိစ္ဆာများကလည်း ဤအခမ်းအနားသို့ တက်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

အားလုံးတို့သည် မတတ်နိုင်ပဲ အနည်းငယ် စိတ်ရှုပ်ထွေးသွားကြသည်။ သို့သော်လည်း သူတို့သည် လင်းဖုန်း၏ ဧည့်သည်များ ဖြစ်နေကြ၍ အားလုံးတို့သည် ဘာမှ မတတ်နိုင်ကြပဲ လိုက်လျော ညီထွေစွာသာ ဆက်ဆံခဲ့ရသည်။

+

ဤသို့ဖြင့် လင်းဖုန်းသည် ရှောင်ယန်အား တစ်ခါမှ မကြုံဖူးသေးသည့် ထူးခြားဆန်းသစ်သည့် အခမ်းအနားဖြင့် ဂိုဏ်းချုပ်ရာထူးကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

လင်းဖုန်းသည် သူ၏ စွမ်းအင်များဖြင့် ဟင်းလင်းပြင် အတွင်းတွင် တစ်စုံတစ်ရာကို ဖန်တီးခဲ့ကာ လေထုအလယ်တွင် လွင့်မျောနေသည့် ရောမ ကျောက်တုံးကြီး တစ်တုံးအဖြစ် ပြောင်းလိုက်သည်။ သူသည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းရှိ ယွင်တောင်ထိပ် ကြေးမုံရေအိုင် အပေါ်သို့ ရွေ့လျားသွားကာ အောက်ခြေမှ ရေမျက်နှာပြင်တွင် ရောင်ပြန်ဟပ်နေခဲ့သည်။

ထိုက်ကျိစံအိမ်၊ မဟာကောင်းကင် ခန်းမဆောင်၊ စကြာဝဠာ အလင်းတန်း ခန်းမ၊ နတ်ဘုရား အလုပ်ရုံ

+

စံအိမ်၊ ဓမ္မခန်းမ… အစရှိသော အဆောက်အအုံများသည် ယုကျင်းတောင်မှ ထွက်လာကာ လွင့်မျောနေသော တောင်ပေါ်သို့ ကျသွားခဲ့သည်။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သော တော်ဝင်နန်းတော်အား ထိုက်ကျိုကြယ်စင် နန်းတော်ဟု တရားဝင် အမည်ပြောင်းလဲခဲ့ပြီ ဖြစ်ကာ အခြား ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ နှစ်ပါး ဖြစ်ကြသော နတ်ဘုရားနယ်မြေ ဆေးမီးဖိုနှင့် နေမင်းကိုးစင်း ကျက်သရေ ပုလဲတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အမွေအနှစ် ရတနာများ ဖြစ်လာကြသည်။

ထိုက်ကျိုကြယ်စင် နန်းတော်သည် မဟူရာ ပင်လယ်၌ပင် ရှိနေသေးပြီး ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါနှင့် အတူ ရွှမ်ဆန်းအား မဟူရာ ပင်လယ် အတွင်းတွင်

+

ပိတ်ဆို့ထားနေသေးသည်။ နတ်ဘုရားနယ်မြေ
ဆေးမီးဖိုနှင့် နေမင်းကိုးစင်း ကျက်သရေ ပုလဲတို့အား
ရှောင်ယန်ထံသို့ တရားဝင် လွှဲပြောင်း ပေးအပ်ခဲ့သည်။

ရှောင်ယန်သည် ငရဲကမ္ဘာ ပင်လယ်၏
အက်ကွဲကြောင်းကို ဖွင့်လှစ်လိုက်ရာ
မရေမတွက်နိုင်သော ကပ်ဆိုးများနှင့် ကပ်ဘေးများကို
မြင်နိုင်ခဲ့သည်။ သို့သော်လည်း သူတို့သည် တည်ငြိမ်
အေးချမ်းနေကာ မြင်ကွင်းတစ်ခုလုံးသည် နိမိတ်
မကောင်းသော်လည်း တစ်ချိန်တည်းတွင်
အားကောင်းနေခဲ့သည်။

ကပ်ဘေးသည် ဖြည်းဖြည်းချင်းနှင့် မြင်ကွင်းအတွင်းတွင်
ပေါ်လာခဲ့သည်။ သူသည် သူ၏ စွမ်းအားများကို ငရဲကမ္ဘာ
ပင်လယ်နှင့် ပေါင်းစည်းကာ အားလုံးတို့၏
ရင်အတွင်းတွင် ကြောက်ရွံ့မှုများကို ဖြစ်ပေါ်စေခဲ့သည်။

+

အားလုံးတို့သည် ဆက်လက် ကြည့်ရှုနေကြရင်း ဝိညာဉ်ပင်လယ်၊ ယင်ပင်လယ်နှင့် ကြယ်စင်ပင်လယ်တို့ အပြင် ငရဲကမ္ဘာ ပင်လယ်ကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ပြီဟု သိလာခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယမျိုးဆက် ဂိုဏ်းခေါင်းဆောင် ဖြစ်သော ငရဲမီး ကေရာဇ်သည် နောက်ထပ် နာမည်တစ်ခုကို ရနိုင်ခဲ့သည် - ငရဲကမ္ဘာ ပင်လယ်၏ အုပ်စိုးသူ ဖြစ်သည်။

အားလုံးတို့သည် ဤမဟာ အခမ်းအနား အပြီးတွင် အုပ်စုကွဲသွားကြ၍ အိမ်ပြန်နေကြရင်း ခွန်းလွန်တောင်ဘက်သို့ ပြန်လှည့်ကြည့်မိသော အခါ

+

သူတို့၏ မျက်လုံးများ အတွင်းသို့ ကျရောက်လာသော နောက်ဆုံးမြင်ကွင်းမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဘိုးဘေးဘီဘင် နယ်မြေဟု သတ်မှတ်ခြင်း ခံထားရသော ယုကျင်းတောင်သည် ဟင်းလင်းပြင်ကို ချိုးဖောက်ကာ ကောင်းကင်အပေါ်တွင် ကွယ်ပျောက်သွားခဲ့ခြင်း ဖြစ်သည်။

## စာစဥ် ၇၆ : အပိုင်း ၈

## အပိုင်း : ၁၄၇၈ : အချိန်က လျင်မြန်စွာ ကုန်ဆုံးသွားသည်

လင်းဖုန်းသည် ယုကျင်းတောင်ပေါ်မှ မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်တွင် ထိုင်နေကာ ဟင်းလင်းပြင်ကို ချိုးဖောက်သွား၍

+

နတ်ဘုရား နယ်မြေ အတွင်းမှ ထွက်ခွာသွားကာ မူလကောင်းကင် ကမ္ဘာ အတွင်းတွင် တစ်ခါမှ ပြန်ပေါ်မလာတော့ပေ။

ခြွင်းချက် တစ်ခုသာ ရှိခဲ့သည်။ ထိုအရာမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် ဂိုဏ်းချုပ် ရှောင်ယန်က လက်ထပ်ခဲ့သည့် အခါ လင်းဖုန်းသည် မဟာကမ္ဘာသို့ ပြန်လာခဲ့ပြီး သူ့တပည့်၏ လက်ထပ်ပွဲကို ကြီးကြပ်ပေးခဲ့သည်။

ထိုလက်ထပ်ပွဲသည် နတ်ဘုရား နယ်မြေ အတွင်းမှ လက်ရှိနှစ်များ အတွင်းတွင် အကြီးကျယ် အခမ်းနားဆုံး ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။

+

ချင်းရဲ့ သူတော်စင်မယ် ရှောင်ကျန်းအာသည် လက်ထပ်ပွဲ၏ အခြားတစ်ဘက်တွင် ရှိနေခဲ့ပြီး သူမသည် ဂူမင်းဆက်မှ ဖြစ်သည်။ ဂူမင်းဆက်သည် ဤအချိန်တွင် နတ်ဘုရား နယ်မြေ အတွင်းမှ အစွမ်းအထက်ဆုံး အင်ပါယာ ဖြစ်နေခဲ့ပြီ ဖြစ်သည်။

မဟာချင် အင်ပါယာ၊ မဟာကျိုး အင်ပါယာနှင့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်တို့သည် ဂူမင်းဆက်အား ယှဉ်နိုင်ကြခြင်း မရှိကြတော့ပေ။

ရှီရှင်းယွမ်သည် မဟာချင် အင်ပါယာတွင် အခြေချနေခဲ့ကာ သူတို့၏ ဆက်ဆံရေးသည် ယခင်ကထက် များစွာ ပိုကောင်းလာခဲ့သည်။ မဟာကျိုး အင်ပါယာ၏ ဖိအားများမှာ များစွာပို၍ ကြီးမားသည်။

+

ကံကောင်းစွာဖြင့် သူတို့တွင် လျှို့ဝှက် မဟာမိတ် အဖြစ်
စူတောင်ခေးဂိုဏ်း ရှိနေခဲ့ပြီး ဤအချက်သည်
ဂူမင်းဆက်၏ ရှေ့ဆက်လာမှုအား အတိုင်းအတာ
တစ်ခုအထိ ဟန့်တားနိုင်ခဲ့သည်။

ရှောင်ယန်၏ လက်ထပ်ပွဲ အတွင်းတွင်
စူတောင်ခေးဂိုဏ်း၏ ထိပ်သီးပုဂ္ဂိုလ် နှစ်ဦးတို့
ဖြစ်ကြသော ရှင်းလုံစန်းနှင့် ထျန်းကန်း
ခေးမာစတာတို့သည် ရောက်လာခဲ့ကာ
ယုကျင်းတောင်ပေါ်သို့ တက်ခဲ့ကြသည်။

တစ်ယောက်ကမှ တစ်စုံတစ်ရာကို
မကြေညာခဲ့သော်လည်း စူတောင်ခေးဂိုဏ်းမှ
ဤထိပ်သီးပုဂ္ဂိုလ် နှစ်ယောက်တို့သည် ဤနေရာသို့
လင်းဖုန်း၏ ခေးပညာရပ်အား ထပ်ဖန်တစ်ခါ စိန်ခေါ်ရန်
လာခဲ့ခြင်းကို တစ်ကမ္ဘာလုံးက သိခဲ့ကြသည်။

+

ယှဉ်ပြိုင်မှုက မစရသေးသော်လည်း ရလဒ်က ထင်ရှားနေခဲ့ပြီ ဖြစ်သည်။ ဤပြိုင်ပွဲတွင် မတော်တဆမှုများ၊ ထင်မှတ်မထားသော ရလဒ်များ ထွက်ပေါ်လာမည် မဟုတ်ချေ။

ရှင်းလုံစန်းနှင့် ထျန်းကန်း ခေါမာစတာတို့ကလည်း ဤအချက်ကို သိနေကြသော်လည်း သူတို့က လာခဲ့ရန် ဆုံးဖြတ်ခဲ့ကြသေးသည်။

လင်းဖုန်းကလည်း သူတို့၏ တောင်းဆိုမှုများကို မောက်မာစွာ ငြင်းဆန်ခဲ့ခြင်း မပြုပဲ ချက်ချင်းပင် သဘောတူခဲ့သည်။

+

ကျန်သောသူများသည် ဤအဖြစ်ကို
မမျှော်မှန်းထားကြပေ။ ဘာပဲပြောပြော လင်းဖုန်းသည်
ကောင်းကင်ဖျက်ဆီး ဓားကို အသုံးမပြုပဲ သူ၏ ကိုယ်ပိုင်
ဓားပညာရပ်ကိုသာ အသုံးပြုခဲ့လျှင်ပင် လူသားကျင့်ကြံမှု
ကမ္ဘာ အတွင်းတွင် သူ့အား အမှန်တကယ်
စိန်ခေါ်နိုင်သူမှာ မဟာဟင်းလင်းပြင် သူတော်စင်နှင့်
ဗုဒ္ဓတို့သာ ရှိသည်။

အကယ်၍ ဓားပညာရပ်၏ ဘိုးဘေးဖြစ်သူ ရန်ချန်းမေ့က
ပြန်လည် ဝင်စားလာခဲ့ပြီး သူတော်စင်
ကောင်းကင်ဓားကို ကိုင်ဆောင်ထားကာ
အင်မော်တယ်ကောင်းကင် စကြာဝဠာ ဓားဝင်္ကပါနှင့်
စူတော်တို့၏ အားဖြည့်မှုကို ခံယူထားရလျှင်ပင်
လင်းဖုန်းထက် များစွာ အဆင့်နိမ့်သေးသည်။

+

ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည်
မဟာလက်ထပ်ပွဲ အခမ်းအနား အပြီးတွင်
ယုကျင်းတောင် အပေါ်သို့ တက်သွားခဲ့သည်။
တစ်ယောက်ကမှ ထိုပြိုင်ပွဲ၏ ရလဒ်များကို မသိခဲ့ကြပဲ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ခေးကျင့်ကြံသူ
တစ်ဦးဖြစ်သူ ချင်းဝူစံအိမ်၏ ပိုင်ရှင်ဖြစ်သော
လင်းဖုန်း၏ လက်ရင်းတပည့် ဖြစ်သည့် ခေးကောင်းကင်
သခင်မ လော်ချင်းဝူကပင် ထိုပြိုင်ပွဲအား လာရောက်
ကြည့်ရှုခြင်း မပြုခဲ့ပေ။

အားလုံးတို့ တွေ့ခဲ့ကြသည်မှာ ပြိုင်ပွဲစပြီး မကြာမီတွင်
ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည်
တောင်ပေါ်မှ ဆင်းလာခဲ့ကာ ဘာမှ မပြောခဲ့ပဲ
စူတောင်သို့ ပြန်သွားခဲ့ကြသည်။

+

ထျန်းကန်း ခားမာစတာသည် တောင်ထိပ်တွင် ခုနစ်ရက်ဆက်တိုက် ထိုင်နေကာ သူနှင့် အတူ အလယ်ခေတ်ကတည်းက ရှိနေသည့် ထျန်းကန်းရှေးဟောင်းခားကို ချန်ထားခဲ့ကာ စူတောင်၏ တောင်ထိပ်ပေါ်မှ ထွက်ခွာသွားခဲ့သည်။ ပြီးတာနှင့် သူသည် ဟင်းလင်းပြင် အတွင်း၌ အချိန် အကန့်အသတ်မရှိ တံခါးပိတ်၍ ကျင့်ကြံခဲ့သည်။

ရှင်းလုံစန်းသည် ကောင်းကင်ဖွင့်လှစ်ခားအား စူတောင်ခားဂိုဏ်း၏ လက်ရှိ ခေါင်းဆောင်ဖြစ်သော ယခုအချိန်တွင် အင်မော်တယ်ဝိညာဥ် တတိယ အဆင့်သို့ ရောက်နေပြီ ဖြစ်သည့် ကျိဝမ်လွေအား ပေးအပ်ခဲ့ကာ ကမ္ဘာအတွင်းသို့ ထပ်ဖန်တစ်ခါ ကျင်လည်ကျက်စားရန် ထွက်သွားခဲ့ပြီး  သူဘယ်ရောက်သွားသည်ကို မည်သူကမှ မသိခဲ့ကြပေ။

+

စူတောင်ခေးဂိုဏ်း၏ အစွမ်းအထက်ဆုံး ကျင့်ကြံသူ နှစ်ယောက်တို့သည် ထပ်ဖန်တစ်ခါ ပျောက်ကွယ်သွားကြသည်။ တစ်ယောက်သည် ကမ္ဘာအတွင်း၌ ကျင်လည် ကျက်စားနေ၍ ကျန်တစ်ယောက်သည် တံခါးပိတ် ကျင့်ကြံမှုများ ပြုလုပ်နေကာ စူတောင်၏ ထိပ်သို့ ပြန်တက်နေမှုသည် ထပ်ဖန်တစ်ခါ ရပ်တန့်သွားခဲ့သည်။

သို့သော်လည်း ဂူမင်းဆက်နှင့် နတ်ဘုရား နယ်မြေ အတွင်းမှ ကျန်သော အစွမ်းထက်သည့် ဂိုဏ်းများသည် ဤအရာကြောင့် စူတောင်ခေးဂိုဏ်းအား လျှော့မတွက်ရဲခဲ့ကြပေ။

ရှင်းလုံစန်းနှင့် ထျန်းကန်း ခေးမာစတာတို့သည် လင်းဖုန်းအား မနိုင်နိုင်မှန်း သိလျက်နှင့်

+

စိန်ခေါ်ခဲ့ကြသေးပြီး ဤအရာသည် အများအား အံ့သြ ချီးကျူးစေရန် လုံလောက်နေပေပြီ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဘိုးဘေးဘီဘင် နယ်မြေဖြစ်သော ယုကျင်းတောင်သည် သူ့ကိုယ်သူ တစ်ခါမှ ဖော်ပြခြင်း မပြုတော့ပဲ ယွင်တောင်ထိပ်ရှိ ကြေးမုံရေကန် အပေါ်တွင် လွင့်မျောနေသော တောင်ထိပ်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နေရာအသစ် ဖြစ်သွားသည်။

ငရဲမီး ကေရာဇ် ရှောင်ယန်သည် လက်ရှိအချိန်တွင် ဤတောင်ထိပ်တွင် နေထိုင်လျက် ရှိပြီး သူ၏ ပထမတပည့် တန်ကျွင်းသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ ငရဲမီး ကေရာဇ် မြို့တော်နှင့် ပေါင်းစည်းသွားသော ငရဲမီး ချောက်ကမ်းပါးအား ဆက်ခံခဲ့သည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ပထမမျိုးဆက် တပည့်များသည် သူတို့၏ သက်ဆိုင်ရာ ဗိမာန်များတွင် ဆက်လက် နေထိုင်နေကြ၍ တပည့်များကို ဆက်လက် လက်ခံနေကြကာ ဂိုဏ်းသည် ဆက်လက်၍ တိုးတက် စည်ပင်နေပြီး ကမ္ဘာတစ်ခုလုံး ပျံ့နှံ့သွားကြသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တည်ငြိမ်စွာနှင့်ပင် ဆက်လက်၍ တိုးတက်နေခဲ့သည်။

ကျန်သောသူများနှင့် ကွဲပြားနေသည့် တစ်ဦးတည်းသောသူမှာ ရီကျိုဖြစ်သည်။ သူသည် ဤနှစ်များ အတွင်းတွင် ကမ္ဘာပတ်နေခဲ့၍ သူ၏ ဗဟုသုတများကို ဖြန့်ဝေပေးပြီး ဗဟုသုတ နန်းတော်ကို ကြော်ငြာနေခဲ့သည်။

+

သူသည် ဂူမင်းဆက်၊ မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာတို့အား အခြေခံအဖြစ် အသုံးချကာ ကမ္ဘာတစ်ခုလုံးကို ချဲ့ထွင်နေခဲ့သည်။

မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်၏ နယ်မြေအတွင်းမှ ကျယ်ပြန့်လှသည့် မြောက်ပိုင်းလွင်ပြင် တစ်နေရာတွင် မြောက်ပိုင်း မျိုးနွယ်စုဝင်တို့သည် သူတို့၏ ယဥ်ကျေးမှုနှင့် အကျင့်စရိုက်များကို စတင်၍ ပြုပြင်လာကြသည်။ သူတို့သည် မြို့များကို စတင် တည်ဆောက်ခဲ့ကြ၍ ထိုအဆောက်အအုံများ အနက် အထူးခြားဆုံးသော အရာများမှာ ကျောင်းတော်များ ဖြစ်ကြသည်။

မြောက်ပိုင်း မျိုးနွယ်စုတို့၏ နယ်နိမိတ် အလွန်မှ မြောက်ဖျားကျသော မြောက်ဝင်ရိုးစွန်း နေရာတွင်ပင် ကျောင်းတော်များကို တည်ထောင်နိုင်ခဲ့သည်။

+

ထိုနေရာတွင် နေထိုင်ကြသူ အနည်းငယ်သာ ရှိကြ၍ နွမ်းပါးကြသော်လည်း သူတို့သည် ဇူရီ၏ ကျောင်းတော်များကို အခြေပြု၍ စတင် တိုးတက်လာကြသည်။ ဤနေရာ အနားတွင် နေထိုင်ကြသူများသည် သူတို့၏ လူနေမှု အဆင့်အတန်းများ မြင့်မားလာစေရန် စတင်၍ ကြိုးစားလာခဲ့ကြသည်။

ဤအရာသည် အစွမ်းထက် ကျင့်ကြံသူ တစ်ယောက်က အားသုံး၍ လုပ်ဆောင်နိုင်မည် မဟုတ်ပဲ စနစ်နှင့် ပေါင်းသင်း ဆက်ဆံရေး အကြောင်းကို နားမလည်ကြသေးသည့် လူထုများကို သူတို့ကိုယ် သူတို့ အသက်မွေးဝမ်းကြောင်း ပြုနိုင်ရန် ပညာသင်ပေးရမည် ဖြစ်သည်။

+

ကျင့်ကြံသူများသည် သူတို့ မခုခံနိုင်သည့် ကပ်ဘေးများနှင့် အခြား အရာများကိုသာ ကူညီ ကာကွယ်ပေးကြမည် ဖြစ်သည်။

ဤအရာသည် အစသာ ရှိသေးသည်။ ဤကျောင်းတော်မှ ကျောင်းသားများသည် သဘာဝ ဘေးအန္တရာယ်များကို အသေးစိတ် လေ့လာသင်ကြားကာ ဤကပ်ဘေးများမှ သူတို့ကိုယ် သူတို့ ကာကွယ်နိုင်ရန် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ ဤနည်းလမ်းဖြင့် သေမျိုးကမ္ဘာသည် သူတို့ကိုယ် သူတို့ ကာကွယ်နိုင်စွမ်းများ ရှိလာကြမည် ဖြစ်သည်။

ဓူရီသည် ပထမဆုံး ကြေးမုံရေကန် ဗဟုသုတ နန်းတော်ကို စတင် ဖန်တီးကာ ရီနည်းစနစ် ကျောင်းတော်ဟု အမည်ရသော ကျောင်းတော်များကို ဆက်လက် တည်ထောင်ခဲ့သည်။

+

ထိုကျောင်းတော်များသည် စာပေ ကျမ်းစာများကို သင်ယူရန်သာ မဟုတ်ပဲ လူမှုဆက်ဆံရေးနှင့် လူသားကမ္ဘာတို့၏ အကြောင်းအရာ အမျိုးမျိုးတို့ကို ခြုံငုံမိစေရန် သင်ကြားပေးခြင်း ဖြစ်သည်။

ကျောင်းတော်များသည် အချိန်နှင့် အမျှ ခက်ခဲသော မေးခွန်းထုတ်ခြင်းများကို ခံခဲ့ရလေ့ရှိပြီး ဤကိစ္စများကို အချိန် အနည်းငယ် အတွင်း မဖြေရှင်းနိုင်ခဲ့လျှင် နောက်မျိုးဆက်များအထိ လေ့လာ၍ အရာအားလုံးတို့အား ရာစုနှစ်ပေါင်း များစွာအထိ လေ့လာ စုဆောင်းသွားရမည် ဖြစ်သည်။

သို့သော်လည်း ဓူရီ၏ ဗဟုသုတ နန်းတော်များမှ တပည့်များသည် ဤလမ်းကြောင်းကို ထာဝရ လျှောက်လှမ်းသွားကြမည့် သူများသာ ဖြစ်ကြသည်။

+

မြောက်ဝင်ရိုးစွန်း ပင်လယ်၌လည်း ကျောင်းတော်များကို တည်ထောင်ခဲ့ကြသည်။ သို့ဖြစ်၍ အနောက်ပိုင်းမှ သဲကန္တာရများ၊ အရှေ့ပိုင်းမှ ကျယ်ပြန့်သော သမုဒ္ဒရာများနှင့် တောင်ပိုင်းမှ ကျယ်ပြန့်လှသော လွင်တီးခေါင် ကုန်းမြေများကလည်း ခွင်းချက်ရှိမည် မဟုတ်ဟု ဆိုလိုနေခဲ့ခြင်း ဖြစ်သည်။

ရီနည်းစနစ် ကျောင်းတော်များကို ဝင်ရောက်မည့်သူများအား နိုင်ငံတစ်နိုင်ငံမှ နိုင်ငံသားများကိုသာ ကန့်သတ်မထားပေ။ တောရိုင်းအတွင်းမှ လူများနှင့် မည်သည့် မျိုးနွယ်စုမဆို လာရောင် သင်ယူ၍ ရသည်။

+

ဇူရီ၏ ညွှန်ကြားမှုနှင့် ကောင်းကင်ဘုံကျောင်းမှ တပည့်များ၏ အကူအညီဖြင့် ဤကျောင်းသားများသည် ကြီးမားသော သဲကန္တာရများနှင့် ကျယ်ပြန့်သော ပင်လယ်များကို လွယ်ကူစွာ ဖြတ်သန်းနိုင်ခဲ့ကြကာ လွင်တီးခေါင် ကုန်းမြေများနှင့် နက်ရှိုင်းသော တောင်တန်းများ အတွင်းသို့ ပြန်လာနိုင်ခဲ့ကြသည်။ ထိုမှတဆင့် သူတို့သည် လူအဖွဲ့အစည်းနှင့် ကင်းဝေးနေသော တောရိုင်းဒေသများတွင် နေထိုင်ကြသည့် သူများအား ဗဟုသုတ ထပ်ဆင့် ဖြန့်ဖြူးပေးနိုင်ခဲ့ကြသည်။

သူတို့သည် ချောင်ကျသော တောရိုင်းဒေသများမှ လူများအကြားတွင် နေထိုင်ကြ၍ သူတို့ တွေ့ကြုံနေသော အခက်အခဲများကို နားလည်အောင် ကြိုးစားပြီး သူတို့၏ တုံ့ပြန်ချက်များကို ရယူကာ

+

ဤကဲ့သို့သော ပြဿနာများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဇူရီကိုယ်တိုင်က နေရာတကာတွင် လေးစား အကြည်ညို ခံနေရသော်လည်း ဗဟုသုတ နန်းတော်များနှင့် ကျောင်းတော်တို့သည် မိရိုးဖလာ စာသင်သားများ အကြားတွင် ဝေဖန် ငြင်းခုန်ခြင်းများ ခံခဲ့ရသည်။

ကြေးမုံရေကန် ဗဟုသုတ နန်းတော်အား စတင် တည်ထောင်စဉ်ကတည်းက အတွင်းတွင် မည်သည့် အရာများ သင်ကြားပေးသည်ကို သိသွားကြသော အခါ အငြင်းပွားမှုများက စတင်၍ ဖြစ်ပေါ်ခဲ့ကြသည်။

+

ကမ္ဘာနှစ်ခု အကြားမှ စစ်ပွဲ အပြီးတွင် ဇူရီသည် သူ၏ ဗဟုသုတ နန်းတော်များကို ချဲ့ထွင်ခဲ့သည့် အခါ ထိုငြင်းခုန်မှုများသည် ပို၍ ကြီးမားလာပြီး မိရိုးဖလာ စာသင်သားများကို ထိတ်လန့် တုန်လှုပ်စေခဲ့သည်။

သို့သော်လည်း အချိန်နှင့် အမျှ စာပေ ဗဟုသုတများ၏ ဦးတည်ချက်သည် စတင်၍ ပြောင်းလဲလာခဲ့သည်။

နောက်ဆုံးတွင် ဇူရီသည် ကမ္ဘာကြီးအား ပြုပြင် ပြောင်းလဲနိုင်ခဲ့ကာ လူသားများအား ယဉ်ကျေးမှု လမ်းကြောင်းအပေါ်သို့ ညွှန်ပြနိုင်သည့် ခေါင်းဆောင်ဟု အသတ်မှတ် ခံခဲ့ရ၍ အများပြည်သူများ အကြားတွင် သူ၏ ဂုဏ်သတင်းသည် သူတော်စင်တစ်ယောက် အလား ဖြစ်နေသည်။

+

သူသည် အလွန်အမင်း အမြော်အမြင်ရှိသူဟု အသတ်မှတ် ခံခဲ့ရ၍ သူ၏ သူတော်စင် ပုံရိပ်သည် အလွန်ပင် ကျော်ကြားနေခဲ့သည်။

ဇူရီသည် သေမျိုးကမ္ဘာ အတွင်းတွင် ဒဏ္ဍာရီတစ်ပါး ဖြစ်နေခဲ့၍ အားလုံးတို့သည် သူ့အား သူတော်စင် တစ်ပါးကဲ့သို့ ဆက်ဆံခဲ့ကြသည်။ အသက်ကြီးရင့်သူ မျိုးဆက်များမှ စ၍ ဘာမှ နားမလည်သေးသော ကလေးငယ်များ အထိ အားလုံးတို့က သူ့အကြောင်းကို သိနေကြသည်။

သို့သော်လည်း တစ်ယောက်၏ ရတနာသည် နောက်တစ်ယောက် အတွက် အဆိပ်ဖြစ်နိုင်၍ ဤဖြစ်စဥ် အတွင်းတွင် တစ်စုံတစ်ယောက်က ဆုံးရှုံးရမည်မှာ ဓမ္မတာ ဖြစ်သည်။

+

အချို့ ခေါင်းမာသော မိရိုးဖလာ စာသင်သားများသည် သူတို့၏ အမြင်များကို မပြောင်းနိုင်ပဲ အချို့မှာ မလိုမလား ဖြစ်နေကြသည်။ သို့သော်လည်း အကြီးမားဆုံး ထိခိုက်ခဲ့သူများမှာ မကြာသေးမီကမှ ပြန်လည် ရှင်သန်လာသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့က မဟာကမ္ဘာ အတွင်းသို့ ပြန်ဝင်လာသဖြင့် ဗုဒ္ဓဝါဒကို ယုံကြည် ကိုးကွယ်သူများက ပြန်လည် ရှင်သန်လာကြကာ စိတ်လှုပ်ရှားနေကြသည်။

ဗုဒ္ဓသည် သူ့ကိုယ်သူ မဖော်ပြခဲ့သော်လည်း သူက မဟာကမ္ဘာသို့ ပြန်လာခဲ့ချိန်မှ စ၍ ဗုဒ္ဓဝါဒကို သက်ဝင်

+

ယုံကြည်ကြသူများသည် အတွေးအမြင်များ ကြည်လင်လာကြကာ အဆုံးမဲ့ အနာဂတ်ကို မြင်နိုင်စွမ်း ရှိလာကြသည်။

သူတို့သည် ထပ်ဖန်တစ်ခါ ပြန်လည် မြင့်တက်လာ၍ သကျမုနိသည် ယခင် မဟာမိုးကြိုး ကျောင်းတော်၏ နေရာဟောင်းသို့ ပြန်မလာခဲ့ပဲ ဗိုင်ဒုရာ နိဗာသ ကမ္ဘာသည် နတ်ဘုရား နယ်မြေ၏ မြောက်ဘက်မှ မဟာပင်လယ် အပေါ်သို့ ဆင်းသက်လာခဲ့သည်။

ဇူရီ၏ ကျောင်းတော်များသည် နေရာအနှံ့ ပျံ့နှံ့နေကြ၍ သူတို့သည် အသံမထွက်ပဲနှင့် ဗုဒ္ဓဝါဒ အပါအဝင် ယုံကြည် ကိုးကွယ်မှု များစွာတို့အား မေးခွန်းထုတ်ပြီး တုန်ခါစေခဲ့သည်။

+

ဤအတွင်းတွင် မြောက်ပိုင်းမျိုးနွယ်စုများ၏
မိုးနတ်မင်းအား ယုံကြည်ကိုးကွယ်မှုလည်း ပါသည်။

သို့သော်လည်း မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်နှင့် စာလျှင် ဗုဒ္ဓဘာသာဝင်များသည်
ပိုမိုကျယ်ပြန့်သော ပစ်မှတ်များ ဖြစ်ကြသည်။
သကျမုနိသည် ရှေးဟောင်းခေတ် ကတည်းက
မဖျက်ဆီးနိုင်သော လောကသို့ ရောက်နေခဲ့ပြီး ဖြစ်ကာ
မူလကောင်းကင် ကမ္ဘာ၏ အထွတ်အထိပ် နေရာတွင်
ရှိနေသော အစွမ်းထက် ကျင့်ကြံသူများ အနက်
တစ်ယောက် အပါအဝင် ဖြစ်သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းသို့
ပျောက်ကွယ်သွားကာ လူအများသည်
မဟာဟင်းလင်းပြင် သူတော်စင်က ပြန်လာသည်ကို
ကြားသာ ကြားခဲ့ရသော်လည်း ကမ္ဘာကြီး အတွင်းတွင်
+

သူ့ကိုယ်သူ မဖော်ပြခဲ့ပေ။ ထို့ကြောင့် ဗုဒ္ဓသည် နတ်ဘုရား နယ်မြေ အတွင်းတွင် ကျင့်ကြံမှု အဆင့် အမြင့်ဆုံးသူ တစ်ယောက် ဖြစ်လာခဲ့သည်။

အားလုံးတို့သည် ဇူရီ၏ ကျောင်းတော်များက သူ၏ကိုယ်ပိုင် မျိုးဆက်နှင့် ဗုဒ္ဓဝါဒ အပေါ်မှ သက်ရောက်မှုကို ဗုဒ္ဓက မည်ကဲ့သို့ တုံ့ပြန်မည်ကို စိုးရိမ်နေကြသည်။

အန္တိမ ကောင်းကင်ကြေးမုံ ရှိနေသေးသော ဟင်းလင်းပြင် ဘုရားကျောင်းကလည်း အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

ဝိညာဉ်ပင်လယ် ပြိုင်ပွဲက ပြီးဆုံးသွား၍ လင်းဖုန်းက ကမ္ဘာ အတွင်းမှ ထွက်ခွာသွားပြီး နောက်ပိုင်း

+

မူလကောင်းကင် ကမ္ဘာ အတွင်းမှ အကြီးမားဆုံး ပြောင်းလဲမှုသည် ဟင်းလင်းပြင် ဘုရားကျောင်းသည် အန္တိမ ကောင်းကင်ကြေးမုံနှင့် အတူ မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ ဝင်ရောက်သွားခြင်း ဖြစ်သည်။

ရှမ်ဆန်းသည် မဟူရာ ပင်လယ်အတွင်းတွင် ကျောက်ချနေခဲ့ရသေး၍ ဟေးဒီးစ် မျိုးနွယ်စုများကလည်း မီးတောင်ဖန်ကျောက် လောကတွင် ပုန်းကွယ်နေခဲ့သဖြင့် သူတို့အား ရှာဖွေရန် မလွယ်ပေ။ သို့သော်လည်း လင်းယွမ် တောင်တန်းများမှ ရှေးဟောင်းလူဝံ မိစ္ဆာများသည် လွယ်ကူသော ပစ်မှတ် ဖြစ်နေခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် လင်းယွမ် တောင်တန်းများထံသို့ သွားခဲ့သည်။

+

လင်းဖုန်းသည် အဆုံးစွန် ကေရာဇ်အား ချောက်နက်အတွင်းသို့ ပို့ခဲ့လိုက်ပြီး ရွှမ်ဆန်းကလည်း မဟူရာ ပင်လယ် အတွင်းတွင် ပိတ်မိနေသည်။ ဟေးဒီးစ် မျိုးနွယ်စုများကလည်း သူတို့ကိုယ် သူတို့သာ ကာကွယ်နိုင်ခဲ့သဖြင့် လက်ရှိ အခြေအနေအရ အန္တိမ ကောင်းကင်ကြေးမုံသည် သူ၏ အထွတ်အထိပ် အခြေအနေတွင် မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာကမ္ဘာ တစ်ခုလုံးကို အနိုင်ယူနိုင်စွမ်း ရှိနေသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် ဝိညာဉ်ပင်လယ် ပြိုင်ပွဲတွင် ကြီးမားစွာ ဆုံးရှုံးခဲ့၍ အစွမ်းထက် ကျင့်ကြံသူ များစွာတို့သည် ဒဏ်ရာ အကြီးအကျယ် ရနေခဲ့သော်လည်း ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့ သွားခဲ့ကြသေးသည်။

+

မူလနဂါး ဘုရင်က သေဆုံးသွားခဲ့သော်လည်း မိစ္ဆာများတွင် မျောက်နှင့် ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်တို့ ရှိနေကြသေးသည်။ သူတို့ နှစ်ယောက်စလုံးသည် အစွမ်းထက်၍ အလားအလာ ကောင်းသော ရန်သူများ ဖြစ်ကြ၍ သူတို့ လိုအပ်နေသည်မှာ အချိန်တစ်ခုသာ ဖြစ်သည်။

လင်းယွမ် တောင်တန်းများ အကြားမှ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင် ဂေါ်ရီလာ မဟာပဏ္ဍိတတို့ အတွက် အန္တိမ ကောင်းကင်ကြေးမုံ၏ ရောက်ရှိလာမှုသည် သံသယဖြစ်ဖွယ် မရှိပဲ ကပ်ဘေးဆိုက်ခြင်းဖြစ်ကာ သူတို့အနေဖြင့် ခုခံနိုင်မည် မဟုတ်ချေ။

+

လူအချို့သည် ထိုအဖြစ်ကို မျှော်လင့်ထားကြ၍ အချို့က
မျှော်လင့်မထားကြသော်လည်း သကျမုနိသည်
လင်းယွမ်တောင်တန်း ထံသို့ ရောက်လာ၍ သူ၏
မဟာကမ္ဘာသို့ ပြန်လာမှုကို ကြေညာခဲ့ကာ
တစ်ချိန်တည်းတွင် အန္တိမ ကောင်းကင်ကြေးမုံအား
ကာကွယ်ပေးခဲ့သည်။

ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတနှင့် အနီရောင်
ဂေါ်ရီလာ မဟာပဏ္ဍိတတို့သည် ဗုဒ္ဓဘာသာ အတွင်းသို့
ဝင်ခဲ့ကြပြီး ရှေးဟောင်းလူဝံ မိစ္ဆာများသည်
ဗုဒ္ဓလက်အောက်သို့ ရောက်ရှိသွားကြသည်။
မဟာဟင်းလင်းပြင် သူတော်စင်ကို
မည်သည့်နေရာတွင်မှ မတွေ့နိုင်ခဲ့၍
ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည်
အရှုံးပေးသည့် အနေဖြင့် သက်ပြင်းများသာ ချကာ
ခေါင်းခါ၍ ကြည့်သာ ကြည့်နိုင်ခဲ့ကြသည်။

+

ရိုနည်းစနစ် ကျောင်းတော်များသည် ရှေ့ဆက်
တိုးတက်လာကြ၍ ဗုဒ္ဓဝါဒက စည်ပင်နေခဲ့သော်လည်း
သူတို့အပေါ်၌ အကျိုးသက်ရောက်မှု ရှိခဲ့ကာ သူတို့၏
ယုံကြည်မှုများက ကျဆင်းသွားခဲ့သည်မှာ
သိသာနေသည်။

လူသားကျင့်ကြံမှု ကမ္ဘာသည် ဗုဒ္ဓဘာသာဝင်များနှင့်
သကျမုနိတို့က မည်ကဲ့သို့ တုံ့ပြန်ကြမည်ကို
စောင့်ကြည့်နေကြကာ မဟာလွင်တီးခေါင် ကုန်းမြေမှ
မိစ္ဆာများကပင် အာရုံစိုက်နေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူများနှင့်
ဗုဒ္ဓကျင့်ကြံသူများ အကြားတွင် ပဋိပက္ခ အချို့

+

ရှိနေကြသော်လည်း သကျမုနိသည် မည်သည့်
တုံ့ပြန်မှုမျိုးကိုမှ မပြုလုပ်ခဲ့ပေ။

"သူက ငါတို့ဆရာနဲ့ ရှမ်းလီတို့ကို ကြောက်နေခဲ့တာ
မဟုတ်ပဲ ဗုဒ္ဓရဲ့ အမြင်အရ ဒုတိယ စီနီယာရဲ့
အဆုံးအမတွေဟာ လူတွေကို လုပ်ကိုင်နိုင်စွမ်းတွေ
တိုးတက်လာစေပြီး သန်မာလာစေတယ်... သူ့ရဲ့
အဆုံးအမကို ရခဲ့တဲ့ သူတွေဟာ အမှားအမှန်ကို
ခွဲခြားနိုင်ပြီး ကိုယ့်ကိုယ်ကိုယ် သိမြင်လာစေတယ်...
ပြီးတော့ အားလုံးတို့က ဗုဒ္ဓဘာသာဝင်တွေ
ဖြစ်လာနိုင်ကြသေးတယ်... အမှန်အတိုင်း ပြောရရင်
သူတို့အကြားမှာ ဘာပဋိပက္ခမှ မရှိကြဘူး"

နှင်းမုန်တိုင်း နိုင်ငံဘေးမှ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်း
အတွင်းတွင် သိုင်းကောင်းကင် သခင်မ
ယွဲ့ဟုန်ယန်သည် သူမ၏ တပည့် ထျန်းကျင်းသူတော်စင်
+

ကျောက်ဟွမ်အား စိုက်ကြည့်နေကာ ပြုံး၍ ပြောလိုက်သည်။ "ဒုတိယ စီနီယာရဲ့ ကျောင်းသားတွေကို ပြိုင်ဆိုင်နေကြတဲ့ ဗုဒ္ဓ ကျင့်ကြံသူတွေက အရေးမလှ ဖြစ်နေကြတယ်"

"ဒါပေမဲ့ ဗုဒ္ဓရဲ့ ဘဝသုံးမျိုး ကမ္ဘာကျိန်စာက တကယ်ကို အစွမ်းထက်တယ်… ဒုတိယ စီနီယာနဲ့ တတိယ စီနီယာတို့ နှစ်ယောက်စလုံးတို့က ဗုဒ္ဓဟာ သူတို့ရဲ့ သဘောတရား အချို့ကို မြင်ကောင်း မြင်နိုင်ခဲ့တယ်လို့ မှတ်ချက်ချခဲ့ကြပြီး ဒီအချိန်မှာ ဆရာကိုယ်တိုင်ကပဲ ဗုဒ္ဓကို ဟန့်တားနိုင်မှာ ဖြစ်တယ်"

ကျောက်ဟွမ်က ခေါင်းညိတ်လိုက်ရာ ယွဲ့ဟုန်ယန်က ဆက်ပြောလိုက်သည်။ "တတိယ စီနီယာရဲ့ ကျင့်ကြံမှုက နောက်ထပ် တိုးတက်လာခဲ့ပြီး ဖန်းတုန်း သုသာန်ကို အောင်မြင်စွာ ပြီးမြောက်သွားနိုင်ခဲ့ပြီ… သူက

+

လက်စားချေလိုနေကြတဲ့ ဝိညာဥ်တွေကိုတောင်
ပြန်လည်မွေးဖွားမှု လက်ဆောင်ကို ပေးနိုင်နေပြီ…
သူတို့က ဆုံးဖြတ်ပြီးကြပြီလား"

"မင်းရဲ့ မိဘတွေက ပြန်လည် မွေးဖွားလိုနေသလား
ဒါမှမဟုတ် မင်းအနားမှာပဲ ဆက်နေပြီး
အဖော်လုပ်ပေးလိုနေသလား"

## စာစဥ် ၇၆ : အပိုင်း ၉

## အပိုင်း ၁၄၇၉ : အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအား

ယွဲ့ဟုန်ယန်၏ မေးခွန်းအား ကြားခဲ့ရသော အခါ
ကျောက်ဟွမ်သည် သူ၏ အောက်နှုတ်ခမ်းကို ကိုက်၍
ပြန်ပြောလိုက်သည်။ "ကျွန်တော်က

+

ကျွန်တော့်မိဘတွေကို သံသရာ အတွင်းမှာ ပြန်လည်မွေးဖွားပြီး နောက်ထပ်ဘဝ အသစ်ကို စတင်ဖို့ ဆန္ဒရှိနေပေမဲ့ သူတို့က ဆက်နေချင်နေကြတယ်"

ယွဲ့ဟုန်ယန်က သူ၏ခေါင်းကို ညိတ်၍ ပြောလိုက်သည်။ "သူတို့ဘာသာ သူတို့ ဆုံးဖြတ်ပါစေ… သူတို့က မင်းကို ခွဲခွာဖို့ ဝန်လေးနေကြတယ်"

ကျောက်ဟွမ်က သက်ပြင်း ဖွဖွလေးချ၍ ပြောလိုက်သည်။ "ကျွန်တော်ကလည်း ကျွန်တော့် မိဘတွေနဲ့ ဘယ်ခွဲချင်နေပါ့မလဲ… ဒါပေမဲ့ ကျွန်တော်က သူတို့ကို မှော်အိုင်တမ်တွေ အတွင်းမှ အသက်ရှင်နေရတဲ့ အထီးကျန် ဝိညာဉ်တွေ အဖြစ်နဲ့ ဆက်မနေစေလိုဘူး… သူတို့က တကယ့် လူသားတွေလို ဘယ်တော့မှ နေနိုင်မှာ မဟုတ်ပဲ ကမ္ဘာကြီးကို ကျင်လည် ကျက်စားနိုင်မှာ မဟုတ်ဘူး"

+

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "ဆက်နေဖို့ ရွေးချယ်ခဲ့ကြတဲ့ မိတ်ဆွေဟောင်းတွေ ရှိနေကြတယ်… အားလုံးတို့က အတူတကွ ရှိနေကြတဲ့ အချိန်မှာ ငါတို့က ဆွေမျိုးတွေရဲ့ နွေးထွေးမှုကို ခံစားရသေးမှာပဲ… ဒါကြောင့်မို့ သူတို့ဟာ အထီးကျန်တယ်လို့ ပြောလို့မရဘူး"

"မင်းရဲ့ မိဘတွေဟာ ပြင်ပကမ္ဘာကို ထွက်သွားလို့ မရပေမဲ့ မင်းက အပြင်ကို ထွက်တဲ့ အချိန်ကျရင် သူတို့ကို ခေါ်သွားလို့ ရသေးတာပဲ"

ကျောက်ဟွမ်က ခေါင်းညိတ်လိုက်သည်။ "ဟုတ်ကဲ့… ကျွန်တော် နားလည်ပါပြီ" သူသည် သူ့ဆရာအား စိုက်ကြည့်နေရင်း ဘာမှ ဆက်မပြောတော့ပေ။

+

မည်သို့ပင် ဖြစ်စေ သူသည် သူက သူ့မိသားစုနှင့် ပြန်လည် ဆုံစည်းနိုင်ခဲ့သည်ကို ကျေနပ်နေပြီ ဖြစ်သည်။ သူမဆရာ ယွဲ့ဟုန်ယန်သည် သူမ၏ မိသားစုများကို ဘယ်တော့မှ ပြန်တွေ့နိုင်တော့မည် မဟုတ်ချေ။

ယွဲ့ဟုန်ယန်သည် သူကြီးပြင်းလာသည်ကို ငယ်စဉ်ကတည်းက စောင့်ကြည့်လာခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် သူမသည် သူစဉ်းစားနေသည်ကို ဘယ်မှာ မသိပဲ ရှိပါအံ့နည်း။ ယွဲ့ဟုန်ယန်သည် ကျောက်ဟွမ်၏ အမူအရာကို ကြည့်၍ ရယ်လိုက်သည်။

"ငါ့မိဘတွေနဲ့ အစ်ကိုတို့ဟာ ငါတို့ရဲ့ အသက်ကို ကာကွယ်ဖို့ သူတို့ကိုယ် သူတို့ အနစ်နာခံခဲ့ကြတာ... ငါက သူတို့ကို လွမ်းဆွတ်နေပေမဲ့ လွန်ခဲ့တဲ့

+

နှစ်ပေါင်းများစွာက ရန်ကြွေးကို ပြန်ဆပ်နိုင်ခဲ့ပြီ... ငါက ဒါကို ဘယ်လိုလုပ်ပြီးမှ မလွှတ်ချပဲ နေနိုင်ပါ့မလဲ"

ကျောက်ဟွမ်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။ "ဟုတ်သားပဲ... ကျွန်တော်က စိတ်ရှုပ်ထွေးသွားခဲ့တယ်"

ယွဲ့ဟုန်ယန်သည် သူမ၏ခေါင်းကို ခါ၍ ရယ်ရမ်းသွေးလိုက်သည်။ "ဟုတ်တယ်... မင်းက အသက် ကြီးလာပေမဲ့ အတွေးတွေ များလာပြီး မင်းရဲ့ စိတ်အတွင်းမှာ စိုးရိမ် ပူပန်မှုတွေ များလာတယ်"

သူမ၏ မျက်လုံးများသည် တောက်ပလာ၍ ခန်းမအပြင်သို့ သတင်းပို့လိုက်သည်။ "ယွမ်ကျန်းနဲ့ ယွမ်စန်းတို့က ဒီကို ရောက်လာပြီ... သူတို့ကို အတွင်း ခေါ်လိုက်ပါ"

+

ယွဲ့ဟုန်ယန်နှင့် ကျောက်ဟွမ်တို့ အရှေ့တွင် ရုတ်တရက် လူနှစ်ယောက် ပေါ်လာကြသည်။ ကောင်လေးနှင့် ကောင်မလေး တစ်ယောက်တို့ ဖြစ်ကြသည်။ ကောင်လေးသည် အရပ်မြင့်ကာ တောင့်တင်း၍ လေးထောင့်ပုံ မျက်နှာ၊ ထူထဲသော မျက်ခုံးနှင့် ကြီးမားသော မျက်လုံးများ ရှိသည်။ သူသည် သတ္တိရှိသည့်ပုံ ပေါက်နေကာ သူ၏ မျက်လုံးများသည် တည်ငြိမ်၍ ပြတ်သားနေသည်။

ကောင်မလေးသည် ချောမောလှပ၍ ချစ်စရာကောင်းကာ သူမ၏ မျက်လုံးများသည် အသက်စွမ်းအင်ဖြင့် ပြည့်နေပြီး သူမ၏ ဆံပင်များသည် ဆီးနှင်းကဲ့သို့ ဖြူဖွေးနေသည်။ သူမ၏ မျက်ခုံးများကပင် ဆီးနှင်းခဲအရောင် ဖြစ်နေခဲ့သည်။

+

ဤအသွင်အပြင်များသည် သူမ၏ ကျင့်ကြံမှုကြောင့် မဟုတ်ပဲ မွေးရာပါ ဖြစ်သည်။

ယောကျ်ားလေးသည် ကျောက်ဟွမ်၏ တပည့်ဖြစ်သော ကောကျုံးဟွမ် ဖြစ်၍ သူ၏ တာအိုနာမည်မှာ ယွမ်ကျန်းဖြစ်သည်။ သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယမျိုးဆက် ဆက်ခံသူ တပည့်များ အတွင်းတွင် နံပါတ်တစ် ဖြစ်သည်။

လင်းဖုန်းသည် ယုကျင်းတောင်နှင့် အတူ ဟင်းလင်းပြင် အတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။ သို့သော်လည်း နှစ်ပေါင်းများစွာ ကြာသွားသော အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ပြိုင်ဘက်ကင်းသော အင်အားစု ဖြစ်နေဆဲ ဖြစ်သည်။ သူတို့၏ အခြေခံသည် တည်ငြိမ်ခိုင်မာကာ

+

အချိန်နှင့် အမှု ယှဉ်ပြိုင်၍ မရနိုင်သော စွမ်းအားများကို စုစည်းနိုင်ခဲ့ပြီ ဖြစ်သည်။

သူတို့၏ တပည့်များကို ရွေးချယ်သည့် စစ်ဆေးမှုများသည် အချိန်နှင့် အမှု ပိုတင်းကျပ်လာသော်လည်း ကောင်းကင်ပေါ်မှတောင်နှင့် ကမ္ဘာတစ်ခုလုံးမှ မဟာဗိမာန် ရှစ်ခုတို့သည် ကမ္ဘာအတွင်းတွင် ဂုဏ်ယူစွာ ရပ်တည်နိုင်နေကြသေးသည်။

သူတို့သည် ကြီးမားသော စွမ်းအားနှင့် လွှမ်းမိုးမှုများ ရှိနေကြပြီ ဖြစ်သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဆက်လက်၍ တိုးတက်ချဲ့ထွင် နေကြသေးကာ တစ်ကမ္ဘာလုံးမှ ပါရမီရှင်များ အားလုံးတို့သည် သူတို့လက်အောက်သို့ ရောက်လာကြသည်ဟု ထင်နေရသည်။

+

ကျင့်ကြံမှု လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရန် ရည်ရွယ်ချက် ရှိကြသော ကျင့်ကြံသူတိုင်း၏ ပထမ ရွေးချယ်မှုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ဖြစ်လာခဲ့သည်။

ရှောင်ယန်၊ ဇူရီ၊ ယွဲ့ဟုန်ယန်နှင့် ကျန်သောသူများသည် ဆက်လက်၍ သန်မာလာနေကြသည်။ ကျောက်ဟွမ်နှင့် ကျန်သော ဒုတိယမျိုးဆက် တပည့်များသည် အသိအမှတ် ပြုရမည့် စွမ်းအားစုများ ဖြစ်လာကြကာ ဂိုဏ်း၏ ထောက်တိုင်များ ဖြစ်လာကြသည်။

ကောကျုံးဟွမ်နှင့် ကျန်သော တတိယမျိုးဆက် တပည့်များကလည်း ရင့်ကျက်လာခဲ့ပြီ ဖြစ်ကာ သူတို့၏

+

ဂုဏ်သတင်းများကပင် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးကို တုန်လှုပ်စေနိုင်ခဲ့ပြီ ဖြစ်သည်။

ပို၍ ငယ်ရွယ်သော မျိုးဆက်များကပင် စတင်၍ ရင့်ကျက်လာကြပြီ ဖြစ်သည်။

ဤနှစ်များ အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တိုးတက်စည်ပင်နေသော ခေတ်ကာလ၌ပင် လျင်မြန်စွာ ကြီးထွားနေဆဲ ရှိသေးသည်။ ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့ အားလုံးသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြကာ မရေမတွက်နိုင်သော လူငယ် မျိုးဆက်များကလည်း အင်မော်တယ် ဝိညာဉ် ပထမ အဆင့်သို့ ရောက်သွားကြပြီး မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးကို ခြိမ်းခြောက်နိုင်ခဲ့ကြသည်။

+

အန္တိမ ကောင်းကင်ကြေးမုံ၊ သကျမုနိနှင့် ရွှမ်ဆန်းတို့က ရှိနေကြသေးသည်။

ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်၊ ကောင်းကင် ဂရန်းမာစတာ မဟာပဏ္ဍိတ၊ ထိုက်ရှီသူတော်စင်၊ ကျန်းရှီသူတော်စင်၊ ထျန်းကန်း ဓားမာစတာ၊ ရှန်နဂါးဘုရင်.. အစရှိသော အစွမ်းထက် ပုဂ္ဂိုလ်များ ရှိနေကြသေးသည်။

သို့သော်လည်း အချိန် ကြာလာသည်နှင့် အမျှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် နောက်ဆုံးတွင် မည်မျှအထိ ဖြစ်လာနိုင်သနည်း။

+

လင်းဖုန်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၌ ရှိနေခဲ့စဉ်ကတည်းက အားလုံးတို့သည် သူတို့က လျင်မြန်စွာ စတင် ကြီးထွားနေဆဲသာ ရှိသေးပြီး သူတို့၏ ကြောက်မက်ဖွယ်ရာ အလားအလာများကို တကယ့်စွမ်းအား အဖြစ် အပြည့်အဝ ပြောင်းလဲနိုင်ရန် အဝေးကြီး လိုသေးကြောင်းကို သိနေကြသည်။

သို့သော်လည်း သူတို့၏ လက်ရှိ စွမ်းအားသည် မျှော်မှန်း၍ မရနိုင်သည့် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

သူတို့၏ အလားအလာများသည် အမြင့်ဆုံး အဆင့်သို့ မရောက်သေးသော်လည်း အားလုံးတို့၏ ရင်အတွင်းတွင် ကြောက်ရွံ့မှုများကို ပေးစွမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

+

လင်းဖုန်းသည် မဟာကမ္ဘာ အတွင်းမှ ကိစ္စများကို ဝင်စွက်တော့မည်နှင့် မတူပေ။ သို့သော်လည်း ကောင်းကင်ဖျက်ဆီး ခေးသည် ပြင်ပလောကများတွင် လွှင့်မျောနေဆဲ ရှိသေးကာ ရှမ်ဆန်းကလည်း မဟူရာ ပင်လယ် အတွင်းတွင် လင်းဖုန်း၏ စွမ်းအားများဖြင့် အပိတ်ဆို့ ခံနေရသေးသဖြင့် အားလုံးတို့သည် တစ်ခါမှ မကြုံဖူးသော မြင့်မြတ်နယ်မြေ ဖြစ်သည့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ပို၍ မြင့်မားလာကာ ပို၍ ကြောက်မက်ဖွယ်ကောင်းအောင် အစွမ်းထက်လာသည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့ကြသည်။

ကောကျိုးဟွမ်သည် အင်မော်တယ် ဝိညာဉ်အား ဖန်ဆင်းနိုင်ခဲ့ အပြီးတွင် ဆက်လက် ကြိုးစားနေခဲ့သဖြင့် သူ၏ စွမ်းအားများသည် မယုံနိုင်အောင်

+

တိုးတက်လာခဲ့ပြီး သူ၏ဆရာဖြစ်သူ
ကျောက်ဟွမ်ထက်ပင် ပိုမို သန်မာနေခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ကျောက်ဟွမ်သည် ဤအရာကြောင့်
ဘာမှ မဖြစ်ခဲ့ပဲ ပျော်ပင် ပျော်ရွှင်နေခဲ့သေးသည်။
သူ၏ဂိုဏ်း အတွင်းတွင် ထူးချွန်လှသော ပါရမီရှင်
လူငယ်များစွာ ရှိနေခြင်းကြောင့် သူသည် အမတန်မှ
ဝမ်းသာအားရ ဖြစ်နေခဲ့သည်။

ကောကျုံးဟွမ်သည် တပည့်များကို စတင် လက်ခံနေပြီ
ဖြစ်ကာ သူ့ထက် မျိုးဆက်နှစ်ဆင့် နိမ့်သော
ကျင့်ကြံသူများပင် ရှိနေခဲ့ပြီ ဖြစ်၍ လူငယ်မျိုးဆက်
တပည့်များက သူ့အား ရိုသေစွာဖြင့် အကြီးအကဲကော
ဟူ၍ ခေါ်ဝေါ်နေကြသည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ပြင်ပတွင် အားလုံးတို့သည် ကောကျုံးဟွမ်အား သိုင်းဧကရာဇ်ဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြသည်။

ကောကျုံးဟွမ်သည် ဘုရင် သို့မဟုတ် ဧကရာဇ် တစ်ပါး မဟုတ်သော်လည်း လူများသည် သူ့အား ဤကဲ့သို့ သမုတ်ခဲ့ကြသည်။ ဤအရာသည် အချိန်အစကတည်းက မြင်ရခဲ့သော အရာတစ်ခု ဖြစ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်း၌ပင် ရှားပါးနေခဲ့သည်။

သို့သော်လည်း ဂိုဏ်းတွင်း သို့မဟုတ် ဂိုဏ်းပြင်ပရှိ မည်သူကမှ သူသည် ဧကရာဇ် တစ်ပါး မဖြစ်လာနိုင်ဟု မယုံမကြည် မဖြစ်နေကြပေ။

+

ရှောင်ယန်သည် လက်ရှိအချိန်တွင် ဂိုဏ်းခေါင်းဆောင် ဖြစ်နေသေးသော်လည်း အားလုံးတို့သည် ကောကျုံးဟွမ်က စောစီးစွာ မကျဆုံးခဲ့လျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယ မျိုးဆက် တပည့်များ အတွင်းတွင် ဂိုဏ်းခေါင်းဆောင် ရာထူးအတွက် အကောင်းဆုံး ရွေးချယ်မှု ဖြစ်သည်ဟု ယူဆထားကြသည်။

အကယ်၍ တစ်စုံတစ်ရာ မှားယွင်းမှု မရှိခဲ့လျှင် ရှောင်ယန်သည် သူ့ရာထူးအား တန်ကျွင်းသို့ လွှဲပေးမည် ဖြစ်ကာ ကောကျုံးဟွမ်ကလည်း စတုတ္ထမြောက် ဂိုဏ်းခေါင်းဆောင် အဖြစ် ဆက်ခံလိမ့်မည် ဖြစ်သည်။

ကောကျုံးဟွမ်သည် သူ၏ နေ့အများစုကို ကောင်းကင်ပေါ်မှ တောင်တွင် ကျင့်ကြံခြင်း၊ သူ့တပည့်များကို လမ်းညွှန်ပေးခြင်းနှင့် ရှောင်ယန်နှင့်

+

တန်ကျွင်းတို့အား ဂိုဏ်းအတွင်းမှ အုပ်ချုပ်ရေး ကိစ္စများကို ကူညီပေးခြင်းဖြင့် ကုန်ဆုံးစေခဲ့သည်။

သူသည် သူ့ဇနီးနှင့် အတူ တောင်အတွင်းမှ ထွက်လာ၍ နှင်းမုန်တိုင်း နိုင်ငံမှ ဖြတ်သွားသော အခါ သူ၏ ဆရာနှင့် ဆရာဘွားဘွားတို့အား လာရောက် တွေ့ဆုံခြင်း ဖြစ်သည်။

ကောကျုံးဟွမ်၏ ဘေးမှ ဆီးနှင်းဖြူရောင် ဆံပင်နှင့် မိန်းကလေးသည် သူ၏ ဇနီးဖြစ်သည်။ သူမသည်လည်း တတိယ မျိုးဆက်မှ ဆက်ခံသူ တပည့်တစ်ယောက်ဖြစ်သော မြေရိုင်းလျှိုမြောင်မှ ရဲ့ရှင်းရွှမ် ဖြစ်သည်။ သူမ၏ ဂိုဏ်းအတွင်းမှ တာအိုနာမည်သည် ယွမ်စွမ်းဖြစ်ကာ သူမသည် ထျန်းဟုန် သူတော်စင်မယ် ကျူးကော်ဝမ်ချိုး၏ လက်အောက်မှ တပည့်တစ်ယောက် ဖြစ်သည်။

+

သူတို့သည် ကျင့်ကြံမှု လက်တွဲဖော်များ ဖြစ်ခဲ့သည်မှာ နှစ်နှစ်ကျော် ရှိနေပြီ ဖြစ်သည်။ ကောကျုံးဟွမ်နှင့် ရဲ့ရှင်းရွှမ်တို့ နှစ်ယောက်စလုံးသည် ထူးချွန် ထက်မြက်သော တပည့်များ ဖြစ်ကြ၍ သူမသည် မြေရိုင်းလျှိုမြောင်၏ တတိယ မျိုးဆက် တပည့်များ အတွင်းမှ အစွမ်းအထက်ဆုံး တပည့်များ အတွင်းတွင် ပါဝင်သည်။

သူတို့၏ လက်ထပ်ပွဲသည် နတ်ဘုရားနယ်မြေ အတွင်းမှ နာမည်အကြီးဆုံး အချစ်ဇာတ်လမ်းများ အတွင်းတွင် တစ်ခု အပါအဝင် ဖြစ်လာခဲ့သည်။

ရဲ့ရှင်းရွှမ်၏ အစ်ကိုဖြစ်သော ရဲ့ရှင်းဟွေသည်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယ မျိုးဆက်

+

တပည့်တစ်ယောက် ဖြစ်ကာ သူသည် ဇူရီ၏ ပထမ တပည့်ဖြစ်သော ယန်တီ၏ လက်အောက်မှ ဖြစ်သည်။

ထိုမောင်နှမ နှစ်ယောက်တို့သည် လူငယ်မျိုးဆက် ပါရမီရှင်များ အဖြစ် အားလုံးတို့က သိထားကြကာ တစ်ကမ္ဘာလုံးတို့က သူတို့အား ချီးမွမ်းနေကြသည်။

ကောကျုံးဟွမ်နှင့် ရဲ့ရှင်းရွှမ်တို့သည် ယွဲ့ဟုန်ယန်နှင့် ကျောက်ဟွမ်တို့အား နှုတ်ဆက်ခဲ့ကာ ကောကျုံးဟွမ်က ပြောလိုက်သည်။ "ကျွန်တော်တို့က တောင်ပိုင်း တောရိုင်းဒေသကို ဖြတ်လာတုံးက နံပါတ်ငါး ဂိုဏ်းတူဘိုးလေးနဲ့ သူ့ရဲ့ ဇနီးတို့ကို တွေ့ခဲ့သေးတယ်"

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "နံပါတ်ငါး ဂျူနီယာရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်နဲ့ သူက သေမျိုးကမ္ဘာမှာ

+

ဆေးကုသပေးနေခဲ့ရင် လူနာတွေကို သေရွာကနေ
ပြန်မခေါ်နိုင်ခဲ့ရင်တောင် သိပ်မဝေးတော့ဘူး...
ရှောင်ဖန်းကလည်း သူနဲ့အတူ ဒီနှစ်တွေမှာ
လိုက်ပါနေခဲ့တော့ သူမရဲ့ ဆေးကုသမှု စွမ်းရည်တွေက
တိုးတက်လာပြီး အသက်များစွာကို
ကယ်တင်နိုင်ခဲ့တယ်"

ကောကျုံးဟွမ်က ခေါင်းညိတ်ကာ ပြောလိုက်သည်။
"ဟုတ်တယ်... နံပါတ်ငါး ဂိုဏ်းတူဘိုးလေးဟာ
ဂိုဏ်းခေါင်းဆောင်ရဲ့ အကြောင်းကြားချက်ကို
ရရှိအပြီးမှာ ပြန်လာဖို့ ပြင်ဆင်နေပေမဲ့ သူ့ရဲ့ဇနီးက
ကမ္ဘာအတွင်းမှ ဆက်ပြီးမှ လှည့်လည်နေဦးမှာ
ဖြစ်တယ်"

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "ဟုတ်တယ်... ဒုတိယ
စီနီယာက ကမ္ဘာအနှံ့မှာ ရီနည်းစနစ်
+

ကျောင်းတော်တွေကို တည်ထောင်ထားပြီး တောင်ပိုင်းတောရိုင်းဒေသမှာလည်း ရှိနေတယ်... အဲ့ဒီဒေသဟာ ဂူမင်းဆက်ရဲ့ ဒေသဖြစ်တဲ့ အတွက် သူမရဲ့ လုံခြုံမှုကို စိုးရိမ်စရာ မလိုဘူး... နံပါတ်ငါး ဂျူနီယာကလည်း သူ့အတွက် အစီအစဥ်တွေ လုပ်ထားခဲ့မယ် ထင်တယ်"

သူမက ထရပ်ကာ ပြောလိုက်သည်။ "သွားကြစို့... ငါတို့က ခွန်းလွန်တောင်ကို အတူ ပြန်သွားနိုင်တယ်"

သူမသည် ကျောက်ဟွမ်ဘက်သို့ လှည့်ကာ ညွှန်ကြားလိုက်သည်။ "ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းက မင်းတာဝန်ပဲ"

ကျောက်ဟွမ်က ရယ်၍ ပြောလိုက်သည်။ "စိတ်မပူပါနဲ့ ဆရာ... စိတ်ချလက်ချ သွားပါ"

+

ကောကျုံးဟွမ်နှင့် ရဲ့ရှင်းရှမ်တို့သည် ကျောက်ဟွမ်အား နှုတ်ဆက်လိုက်ကြကာ ယွဲ့ဟုန်ယန်နှင့် အတူ ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ ထွက်သွားခဲ့ကြသည်။ သူတို့သည် ဟင်းလင်းပြင်အား ချိုးဖောက်သွားခဲ့ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တည်ရှိရာ ခွန်းလွန်တောင်တန်းရှိ ကောင်းကင်ပေါ်မှ တောင်ထံသို့ ထွက်ခွာသွားကြလေသည်။

သူတို့ ကောင်းကင်ပေါ်မှ တောင်သို့ ရောက်သည်နှင့် ပထမဆုံး တွေ့ခဲ့ရသူမှာ ဇူရီ ဖြစ်သည်။ သူသည် ထိုနေရာတွင် ဒီအတိုင်းသာ ရပ်နေကာ သူ၏ အရှိန်အဝါများက လုံးဝ စီးမထွက်လာခဲ့ပေ။ လေထု အတွင်းတွင် စာသင်သားနှင့် စာပေ အငွေ့အသက်များသာ ရှိနေကာ သူသည် ကျင့်ကြံသူ

+

တစ်ယောက်နှင့် စာလျှင် အောင်မြင်သော စာသင်သား တစ်ယောက်နှင့် တူနေခဲ့သည်။

ဇူရီ အနောက်တွင် အသားမည်းမည်းနှင့် လူငယ်တစ်ယောက် ရှိနေသည်။ သူသည် ဇူရီ၏ လက်ရင်းတပည့် ဖြစ်သော ယင်းလော်ရှ ဖြစ်ပြီး သူ့အနောက်တွင် နောက်ထပ် နှစ်ယောက်တို့ ထပ်ရပ်နေကြသေးသည်။

ကောင်လေး တစ်ယောက်နှင့် ကောင်မလေး တစ်ယောက်တို့ ဖြစ်ကြသည်။ ကောင်လေးသည် ရဲ့ရှင်းရွှမ်ကဲ့သို့ပင် အဖြူရောင် ဆံပင်နှင့် မျက်ခုံးမွေးများ ရှိနေကာ သူမ၏ အစ်ကို ရဲ့ရှင်းဟွေ ဖြစ်သည်။ ရဲ့ရှင်းဟွေ၏ ဘေးတွင် ရပ်နေသူမှာ ယင်းလော်ရှ၏ တပည့်ဖြစ်သူ မုန့်ဟုန်လူ ဖြစ်သည်။

+

သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ နောက်ထပ် နာမည်ကျော် စုံတွဲတစ်တွဲ ဖြစ်သည်။ ကောင်လေးသည် နူးညံ့ သိမ်မွေ့သည့်ပုံ ပေါက်နေ၍ ကောင်မလေးသည် မာကျော ထက်မြက်သည့်ပုံ ပေါက်နေသော်လည်း သူတို့၏ ကွဲပြားမှုများသည် လိုက်လျောညီထွေ ဖြစ်သည့်ပုံ ပေါက်နေခဲ့သည်။

လူအများစုသည် သူတို့က အတူတကွ ယှဥ်တွဲ နေနိုင်လိမ့်မည်ဟု မထင်ထားကြသော်လည်း သူတို့သည် အချင်းချင်း လက်တွဲနေခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ရှိပြီဖြစ်၍ ကမ္ဘာအတွင်းမှ ဒဏ္ဍာရီ အချစ်ဇာတ်လမ်း တစ်ပုဒ် ဖြစ်နေခဲ့သည်။

+

ရဲ့ရှင်းရွှမ်သည် သူမ၏ အစ်ကိုကို တွေ့ခဲ့ရသော အခါ
ချက်ချင်းပင် နွေးထွေးစွာ ပြုံးပြလိုက်သည်။
ရဲ့ရှင်းဟွေကလည်း ပြန်ပြုံးပြလိုက်သော်လည်း
မောင်နှမ နှစ်ယောက်တို့သည် ဘာမှ မလုပ်ခင် သူတို့၏
အကြီးအကဲများကို အရင် နှုတ်ဆက်လိုက်ကြသည်။

မုန့်ဟုန်လူ၏ မျက်လုံးများသည် အနည်းငယ်
အေးစက်နေခဲ့သော်လည်း ရဲ့ရှင်းရွှမ်အား တွေ့ခဲ့ရသော
အခါ နွေးထွေးလာခဲ့သည်။

ဇူရီနှင့် ယွဲ့ဟုန်ယန်တို့သည် အချင်းချင်း
နှုတ်ဆက်လိုက်ကြ အပြီးတွင် လူငယ် တပည့်များကို
အပြင်တွင် ထားခဲ့ပြီး သူတို့က မဟာကောင်းကင်
ခန်းမဆောင် အတွင်းသို့ ဝင်သွားခဲ့ကြသည်။

+

သူတို့ အတွင်းသို့ ရောက်သွားသော အခါ ရှောင်ယန်က အဓိက နေရာတွင် ထိုင်နေပြီး ဝမ်လင်း၊ ရှီထျန်းဟောင်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့က ရောက်နေကြပြီ ဖြစ်သည်။ သူတို့နှစ်ယောက် ဝင်လာကြသော အခါ အားလုံးတို့က ပြုံး၍ ပြောလိုက်ကြသည်။ "လူစုံပြီဆိုတော့ စပြီးမှ ဆွေးနွေးလို့ရပြီ… အစ်ကိုကြီး"

ဇူရီနှင့် ယွဲ့ဟုန်ယန်တို့က ထိုင်ခဲ့အပြီးတွင် ရှောင်ယန်က ချက်ချင်း ပြောခဲ့သည်။ "ဆရာက သတင်းတစ်ပုဒ် ပို့လာတယ်"

ဤစကားကို ကြားခဲ့ရသော အခါ အားလုံးတို့က လေးနက်လာခဲ့၍ ရှောင်ယန်ဘက်သို့ လှည့်လိုက်ကြသည်။

+

သူက ဆက်ပြောလိုက်သည်။ "နောက်ထပ်သုံးရက်အကြာမှ ဆရာက မဟူရာ ပင်လယ်ကို ပိတ်ဆို့ထားတဲ့ တော်ဝင်ကောင်းကင် ဝင်္ကပါကို ရုပ်သိမ်းလိုက်တော့မယ်... ဒါက ရွှမ်ဆန်းဟာ မဟူရာ ပင်လယ် အတွင်းကနေ ဖောက်ထွက်လာနိုင်တယ်လို့ ဆိုလိုနေတာပဲ ဖြစ်တယ်

"ဆရာပြောတာက တကယ်လို့ ကြွယ်ကေရာဇ်ဟာ အေးအေးချမ်းချမ်းပဲ နေခဲ့မယ် ဆိုရင် ငါတို့က သူ့ကို ဒီအတိုင်းပဲ ထားထားရမယ်... တကယ်လို့ သူက တိုက်ခိုက်လိုနေခဲ့မယ် ဆိုရင် ငါတို့က ဒီတိုက်ပွဲကို တာဝန်ယူရလိမ့်မယ်"

+

အားလုံးတို့က ခေါင်းညိတ်လိုက်ကာ ပြောလိုက်ကြသည်။ "ဆရာက အလုပ်ရှုပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့က သူ့နေရာကို ဝင်ရမှာ သဘာဝပဲ"

ရှောင်ယန်က ထရပ်လိုက်ကာ ပြောလိုက်သည်။ "ဒီလိုဆိုရင်လည်း သွားကြစို့... ကွယ်ကေရာဇ်က ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲ ဆိုတာကို ကြည့်ကြတာပေါ့"

ရှီထျန်းဟောင်က အားရပါးရ ရယ်လိုက်ကာ ပြောလိုက်သည်။ "သွားကြစို့"

အားလုံးတို့က အတူတကွ ထရပ်လိုက်ကြလေသည်။

+

ဤအချိန်တွင် မဟာကောင်းကင် ခန်းမဆောင်သည် တုန်ခါလာသကဲ့သို့ ထင်နေရပြီး ခွန်းလွန်တောင်တန်း တစ်ခုလုံးသည် လှုပ်ခါလာသည်နှင့် တူနေခဲ့ကာ နတ်ဘုရားနယ်မြေ တစ်ခုလုံးကပင် ခါယမ်းနေသကဲ့သို့ ခံစားနေရသည်။

## စာစဉ် ၇၆ : အပိုင်း ၁၀

## အပိုင်း ၁၄၈၀ : သူ့အား မတွေ့စေလိုသော သူများသည် သူ့ကို ဘယ်တော့မှ တွေ့ရမည် မဟုတ်ချေ

နောက်ထပ်သုံးရက် အကြာတွင် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ မဟူရာ ပင်လယ်နှင့် မဟာကမ္ဘာ တို့အား ဆက်သွယ်ထားသည့် နယ်နိမိတ် လမ်းကြောင်း

+

အနီးတွင် ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်ဟု ခေါ်သော ကျယ်ပြန့်သည့် သမုဒ္ဒရာ တစ်ခု ရှိနေသည်။

ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်သည် တည်ငြိမ်နေကာ တိမ်တိုက်များက ငြိမ်းချမ်းနေ၍ လေပြည်များက ညင်သာနေသည်။

သို့သော်လည်း ဤနေရာတွင် ရှိနေကျဖြစ်သော မဟူရာ ပင်လယ်၏ ဝင်ပေါက်အား မည်သည့် နေရာတွင်မှ မတွေ့နိုင်ချေ။

ကျယ်ပြန့်လှသော ခရမ်းရောင် မြူခိုးငွေ့ ပင်လယ် အပေါ်တွင် မည်သည့်အရာမှ မရှိနေချေ။

+

မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား နယ်မြေ အတွင်းမှ လူတိုင်းတို့သည် ဤမြင်ကွင်းအား ဤနှစ်များ အတွင်းတွင် ကျင့်သားရနေခဲ့ပြီ ဖြစ်သည်။

ဝိညာဉ်ပင်လယ် ပြိုင်ပွဲ အတွင်း၌ ရှမ်ဆန်းသည် ပြန်လာနိုင်ခဲ့ကာ မဟာရာ ပင်လယ် အတွင်းသို့ ဆုတ်ခွာသွား၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင် လင်းဖုန်းသည် သူ့၏ မော်ကွန်းဝင် စွမ်းအားများဖြင့် ပိတ်ဆို့ထားခဲ့သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်း၊ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၊ တော်ဝင်ကောင်းကင် ဝက်ပါနှင့် ကောင်းကင်ဖျက်ဆီး ဓားတို့သည် အတူတကွ စုပေါင်းကာ အကျဉ်းထောင် အဖြစ် လုပ်ဆောင်ခဲ့ကြသည်။ မူလကောင်းကင် ကမ္ဘာ၏ အထွတ်အထိပ် နေရာတွင် ရှိနေသော အစွမ်းထက်သည့်

+

တော်ဝင်မိစ္ဆာ ကေရာဇ် ကြွယ်ကေရာဇ် ရွှမ်ဆန်းသည်
သူ၏ ကိုယ်ပိုင်အိမ် ဖြစ်သော မဟူရာ ပင်လယ်
အတွင်းတွင် အချုပ်နှောင်ခံနေရသည်။

အချိန်နှင့် အမျှ အချိန်ကာလနှင့် လေဟာနယ်သည်
တွန့်လိမ်သွားကာ မဟူရာ ပင်လယ် အတွင်းသို့
ဝင်ပေါက်ကပင် မဟာကမ္ဘာ ထံမှ
ကွယ်ပျောက်သွားခဲ့သည်။ နဂါးများသည်
နယ်အနှင်ခံထားခဲ့ရသကဲ့သို့ ဖြစ်နေ၍ မဟာကမ္ဘာမှ
ကင်းကွာနေကြပြီး ပြင်ပလူများက မဟူရာ
ပင်လယ်အတွင်းသို့ မဝင်နိုင်ကြတော့ပေ။

ဤအဖြစ်များ ဖြစ်ပျက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ
ရှိနေပြီ ဖြစ်၍ မူလကောင်းကင် ကမ္ဘာမှ
အစွမ်းထက်သော ကျင့်ကြံသူများသည် ဤကိစ္စအား
ကျင့်သားရနေခဲ့ပြီ ဖြစ်သည်။

+

ပြင်ပကမ္ဘာ အတွင် ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်သည် နဂါးများ အသုံးပြုသည့် စင်မြင့်တစ်ခု မဟုတ်တော့ပဲ ယခင် ဂုဏ်ကျက်သရေများမှ များစွာ ကျဆင်းသွားခဲ့သည်။

အားနည်းသော မိစ္ဆာမျိုးနွယ်စု အချို့ကပင် ခရမ်းရောင် မြူခိုးငွေ့ ပင်လယ် အတွင်းသို့ စတင် ဝင်ရောက်လာကြ၍ အသိုက်ဖွဲ့ကာ အတွင်းတွင် ကျင့်ကြံခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နှင့် သူ၏ ကြီးမားသော စွမ်းဆောင်ရည်များကြောင့် နဂါးတို့၏ အန္တိမ မောက်မာမှုနှင့် ခြိမ်းခြောက်နိုင်မှုတို့သည် ဒဏ္ဍာရီ တစ်စိတ်တစ်ပိုင်း ဖြစ်သွားကြသည်။

+

မိစ္ဆာ များစွာတို့သည် နဂါးများ ပြန်လာကြမည်ကို စိုးရိမ် ပူပန်နေကြသော်လည်း ကြွယ်ဝသော ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်သည် သူတို့အား ဆွဲဆောင်နိုင်ခဲ့သည်။

ဤအချိန်တွင် ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်သည် ငြိမ်းချမ်းနေခြင်း မရှိတော့ပေ။ မဟူရာပင်လယ် ဝင်ပေါက် ပျောက်ကွယ်သွားကတည်းက ဤနေရာ တဝိုက်တွင် နေထိုင်ခဲ့ကြသော မိစ္ဆာများသည် ပင်လယ် အတွင်းတွင် ကျူးကျော်ဝင်ရောက်လာခဲ့ကြသည်။

ပင်လယ်၏ နက်ရှိုင်းသော နေရာတွင် ရောမ ဝဲကတော့တစ်ခု ရုတ်တရက် ပေါ်လာ၍ အဆက်မပြတ် လည်ပတ်နေခဲ့သည်။

+

ဝဲကတော့ အပေါ်မှ ပင်လယ် မျက်နှာပြင်နှင့်
ဟင်းလင်းပြင်တို့သည် တွန့်လိမ် တုန်ခါနေကြ၍
သူ့အနားမှ အရာအားလုံးတို့သည်
လေဆင်နှာမောင်းကဲ့သို့ ဖြစ်သွားခဲ့ပြီး
နေရာတစ်ခုလုံးနှင့် အတွင်းမှ အရာအားလုံးတို့သည်
ဝေ၀ါးနေကြသည်။

ကောင်းကင်နှင့် မြေကြီးတို့အား ပြည့်သွားစေသော
ရောမ ဝဲကတော့ကြီးသည် အမြင့်ဆုံး အမြန်နှုန်းဖြင့်
လည်ပတ်နေပြီး အနက်ရောင် အက်ကွဲရာ တစ်ခု
အဖြစ်သို့ ဖြည်းဖြည်းချင်း ပြောင်းသွားပြီး အတွင်းဘက်မှ
တောက်ပသော အဖြူရောင် အလင်းတန်းများ
ထွက်လာခဲ့သည်။

ဤအလင်းတန်းသည် အလင်းတန်း သက်သက် မဟုတ်ပဲ
အစွန်းရောက်နေသော ဒိုင်မန်းရှင်း စွမ်းအားတစ်ခုသာ
+

ဖြစ်သည်။ ဒိုင်မန်းရှင်း စွမ်းအားများမှ ဖန်တီးထားသော အလင်းရောင်များသည် တစ်ခုနှင့် တစ်ခု အဆက်မပြတ် တိုက်ခိုက်နေခဲ့ကြသည်။

ဤအက်ကွဲကြောင်းသည် ကမ္ဘာအား တွန့်လိမ်နေသော အပိုင်းနှစ်ပိုင်း အဖြစ်သို့ ကွဲခြားထားသကဲ့သို့ ဖြစ်သွား၍ အစက်တစ်စက်လေးသာ ကျန်တော့သည့် အထိ ဖြည်းဖြည်းချင်း သေးငယ်သွားကာ နောက်ဆုံးတွင် တံခါးတစ်ခုကဲ့သို့သော တစ်စုံတစ်ရာ အဖြစ် ပြောင်းသွားခဲ့သည်။

ဤမိစ္ဆာများ ခေါင်းအတွင်းမှ ယခင်က သဘောမပေါက်နိုင်ခဲ့သည့် ဒဏ္ဍာရီနှင့် ပတ်သတ်သော အတွေးများသည် ထိုအရာအား ကြည့်နေရင်း ချက်ချင်းပင် ကြည်လင် ပြတ်သားလာခဲ့သည်။

+

ဤအရာသည် မဟူရာ ပင်လယ်၏ ဝင်ပေါက်ဖြစ်ပြီး ကမ္ဘာအား တစ်ချိန်က အုပ်စိုးနိုင်ခဲ့သော နဂါးများသည် ဤကမ္ဘာ အတွင်းသို့ ပြန်လာတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

ရှန်းယွမ်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သော လင်းဖုန်း၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၍ ဟေးဒီးစ် ဧကရာဇ်ကလည်း မပြန်လာနိုင်သေးပေ။ ထို့ကြောင့် ရွှမ်ဆန်းသည် အငြင်းပွားစရာ မရှိပဲ မိစ္ဆာများ အနက် အစွမ်းအထက်ဆုံးသူ ဖြစ်နေခဲ့ပြီး သူဦးဆောင်နေသော နဂါးများကလည်း မဟာလွင်တီးခေါင် ကုန်းမြေ တစ်ခုလုံးတွင် သံသယ ဖြစ်ဖွယ်မရှိပဲ အစွမ်းအထက်ဆုံး မျိုးနွယ်စု ဖြစ်နေခဲ့သည်။

+

ဤမိစ္ဆာများ၏ ခေါင်းအတွင်းသို့ ကောင်းကင်ကို ကြေမွစေသော နဂါးဟိန်းသံ တစ်ခုသည် တိမ်တိုက်များအား ဖောက်ထွင်း၍ တိုးဝင်လာခဲ့သည်။

ဤအရာသည် မဟူရာ ပင်လယ် ဝင်ပေါက်၏ ပြန်ပေါ်လာရုံ သက်သက်သာ ဖြစ်သေးသည်။ အကယ်၍ အစွမ်းထက်သော နဂါးများက သူတို့ကိုယ် သူတို့ ထပ်ဖန်တစ်ခါ ဖော်ပြခဲ့ပါက ဤနှစ်များ အတွင်းတွင် ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်အား အပိုင်စီးထားကြသော မိစ္ဆာများသည် ပြေးရန်ပင် စဉ်းစားနိုင်ကြမည် မဟုတ်ပဲ အားလုံးတို့သည် တုန်ခါစွာဖြင့် ဒူးထောက်ကြကာ လည်စင်းပေးနေကြမည် ဖြစ်သည်။

+

မဟူရာ ပင်လယ်၏ ဝင်ပေါက်က ပြန်ပေါ်လာပြီ
ဖြစ်သော်လည်း သူ့အနားတွင် လည်ပတ်နေကြသော
အလင်းတန်းများ အချို့ ရှိနေကြသေးသည်။

ထိုအလင်းတန်းများ အနက်မှ တစ်ခုသည် အနည်းငယ်
တုန်ခါသွားပြီး နောက်တွင် ကောင်းကင်ပေါ်သို့
ထိုးတက်သွားသည်။

မဟာကမ္ဘာနှင့် မဟူရာ ပင်လယ်တို့ အကြားမှ
နယ်စပ်တွင် မဟူရာ ပင်လယ်အား ဝန်းရံနေသော
အလင်းတန်းများသည် ရုတ်တရက်ပင်
ကျိုးပျက်သွားကြကာ ကမ္ဘာတစ်ခုနှင့် တူနေသည့်
မျဉ်းကြောင်းများဖြင့် ယှက်သန်းနေသော
ကျယ်ပြန့်လှသည့် အလင်းတန်း အလွှာသည် မဟူရာ
ပင်လယ်ထံမှ ထွက်ခွာသွားသည်။

+

ဤအလင်းတန်း အလွှာသည် အဆက်မပြတ်
နောက်ဆုတ်သွားရင်း နောက်ဆုံးတွင် သာမန်ဟုသာ
ထင်နေရသည့် စစ်တုရင်ခုံ တစ်ခု အဖြစ်သို့
ပြောင်းသွားခဲ့သည်။ ဤစစ်တုရင်ခုံသည် ဟင်းလင်းပြင်
အပေါ်တွင် လင်းလက်နေရင်း အလင်းစက်
တစ်စက်အဖြစ်သို့ ပြောင်းသွားကာ အဝေးသို့
ပျောက်ကွယ်သွားခဲ့သည်။

မဟူရာ ပင်လယ်အား ပိတ်ဆို့ထားသော စွမ်းအား
အသီးသီးတို့သည် နောက်ဆုံးတွင်
လွင့်ပြယ်သွားကြသည်။

တံခါးထံမှ ပွဲတင်ရိုက်နေသော မဟူရာ ပင်လယ်
အတွင်းမှ ထကြွ လှုပ်ရှားနေသည့် ဆူနာမီ

+

လှိုင်းလုံးများ၏ အသံသည် ကောင်းကင်အတွင်းသို့ ပျံ့နှံ့သွားကာ အနားမှ မဟာကမ္ဘာ တစ်ခုလုံးအား တုန်ခါသွားစေသည်။

ကျွတ်ကျွတ်ဆူနေသော အသံများ အတွင်းတွင် နဂါးဟိန်းသံ တစ်ခုသည် ယခင်ကကဲ့သို့ ခြိမ်းခြောက်နိုင်စွမ်း ရှိကာ ကြီးကျယ် ခမ်းနားနေခဲ့သေးသည်။ သူသည် ဒီရေ လှိုင်းလုံး အသံများထက်ပင် ပို၍ ချောက်ချားဖွယ် ကောင်းကာ မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးတွင် ပဲ့တင်ရိုက်နေခဲ့သည်။

ထိုဟိန်းဟောက်သံသည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းအတွင်းတွင် အစွမ်းအထက်ဆုံး မိစ္ဆာသုံးကောင် အနက်မှ တစ်ကောင်ဖြစ်သော နဂါးတို့၏

+

ဘိုးဘေးဖြစ်သည့် ကြွယ်ကေရာဇ် ရွှမ်ဆန်း၏
အသံဖြစ်မှန်းကို အားလုံးတို့က သိနေကြသည်။

သူသည် လင်းဖုန်းက မဟူရာ ပင်လယ် အတွင်းတွင်
နှစ်ပေါင်းများစွာ ပိတ်ဆို့ထားခဲ့သော တော်ဝင်မိစ္ဆာ
ကေရာဇ် ဖြစ်ကာ နောက်ဆုံးတွင် လွတ်မြောက်လာ၍
နားကွဲလုမတတ် ဟိန်းဟောက်သံ တစ်ခုဖြင့်
ကောင်းကင်အား တုန်ခါစေခဲ့သည်။

ပထမ နဂါးသည် မဟူရာ ပင်လယ် အတွင်းမှ
ထွက်လာကာ မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား
လှုပ်ခါစေခဲ့သည်။ နတ်ဘုရား နယ်မြေနှင့်
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ အားလုံးတို့သည်
ဤအချိန်၌ မဟူရာ ပင်လယ်အပေါ်တွင်
အာရုံစိုက်ခဲ့ကြသည်။

+

လင်းဖုန်းသည် သူ့အား မဟူရာ ပင်လယ် အတွင်းတွင်
ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်သည်။
သို့သော်လည်း ဘာပဲပြောပြော မဟာကမ္ဘာအား
အုပ်စိုးခဲ့သော အန္တိမ ဖြစ်တည်မှု ဖြစ်ခဲ့သည့်
ကြွယ်ကေရာဇ်သည် ကြွယ်ကေရာဇ်သာ ဖြစ်သေးသည်။

ရှန်းယွမ်အား နှိမ်နင်းခဲ့သော လင်းဖုန်းအပြင်
ကြွယ်ကေရာဇ်အား ရင်ဆိုင်ကာ အနိုင်ယူရန် ယုံကြည်မှု
ရှိသည်ဟု ပြောနိုင်သူ မည်သူများ ရှိနိုင်သနည်း။

မဟာဟင်းလင်းပြင် သူတော်စင်ကပင်
ကြွယ်ကေရာဇ်အား စိန်ခေါ်လိုလျှင် အန္တိမ
ကောင်းကင်ကြေးမုံကို ယူလာရမည် ဖြစ်ပြီး သူ့အား
အမှောင်ထု အတွင်းသို့ ပြန်ပို့လိုလျှင် သကျမုနိ၏

+

အကူအညီကို ယူရမည် ဖြစ်သည်။ ထို့အပြင် သူတို့ ပေးဆပ်ရမည့် တန်ဖိုးမှာ အသက်တစ်ချောင်း ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်၊ သကျမုနိနှင့် အန္တိမ ကောင်းကင်ကြေးမုံ အတွင်းတွင် တစ်ယောက်သည် ရွှမ်ဆန်းနှင့် အတူ သင်္ချိုင်းအတွင်းသို့ လိုက်ပါသွားရမည် ဖြစ်သည်။

အားလုံးကို ဖျက်ဆီးနိုင်သော ဤသက်ရှိအား အနိုင်ယူနိုင်သည့် တစ်ဦးတည်းသော သူမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ခေါင်းဆောင် လင်းဖုန်းသာ ဖြစ်သည်။

ကြွယ်ကေရာဇ်၏ ပင်ကိုစရိုက် အရ နှစ်ပေါင်းများစွာ အချုပ်နှောင်ခံခဲ့ရခြင်းသည် အလွန်အမင်း

+

အရှက်ရခြင်းပင် ဖြစ်သည်။ သူသည် အမတန်မှ
မာနကြီးကာ လင်းဖုန်း၏ ပြိုင်ဘက် မဟုတ်မှန်း
သိနေသော်လည်း အဘယ်မှာ သတ္တိနည်းစွာဖြင့်
နောက်ဆုတ်နိုင်မည်နည်း။

အားလုံးတို့သည် ကြွယ်ဇကေရာဇ်က မည်ကဲ့သို့ မဟူရာ
ပင်လယ်မှ လွတ်မြောက်နိုင်ခဲ့သည်ကို
မသိနေကြသော်လည်း ကမ္ဘာကြီး၏ အထွတ်အထိပ်
နေရာတွင် ရှိနေသည့် သူနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်တို့ အကြားတွင်
မော်ကွန်းဝင် တိုက်ပွဲ တစ်ခုက မလွဲမသွေ
ဖြစ်ခဲ့လိမ့်မည်ဟု သိနေကြသည်။

ဤအရာသည် ဝိညာဉ်ပင်လယ် ပြိုင်ပွဲ အပြီးတွင်
မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား

+

တုန်ခါသွားစေမည့် ကြီးကျယ်သော တိုက်ပွဲတစ်ခု ဖြစ်လာမည် ဖြစ်သည်။

မဟူရာ ပင်လယ်၏ အဝင်ဝတွင်  ရွှေရောင် အလင်းတန်းများ လင်းလက်နေ၍ ရောမ အနက်ရောင် အရိပ်တစ်ခုသည် သူ့အတွင်းမှ ထွက်လာတော့မည်ကဲ့သို့ ဖြစ်နေသည်။ နားကွဲလုမတတ် နဂါးဟိန်းဟောက်သံ တစ်ခုသည် မဟာကမ္ဘာ၏ ထောင့်တိုင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။ "လာပြီး တိုက်ခိုက်ပါ... အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်"

သို့သော်လည်း ဤအချိန်၌ ခရမ်းရောင် မြူခိုးငွေ့ ပင်လယ်၏ မျက်နှာပြင်တွင် ဟင်းလင်းပြင်က စတင်၍ ပြင်းထန်စွာ တုန်ခါလာခဲ့သည်။

+

မဟူရာ ပင်လယ်၏ ကမ္ဘာအကြားမှ လမ်းကြောင်း၏ လေးဘက်လေးတန်ရှိ လေဟာနယ်က ကွဲအက်သွား၍ တစ်ခုချင်းစီတိုင်းမှ လူသားပုံရိပ် တစ်ခုစီ ထွက်လာခဲ့သည်။

မြောက်ဘက်တွင် ရပ်နေသူသည် ကောင်မလေး တစ်ယောက် ဖြစ်၍ သူမသည် ချောမောလှပကာ ရဲစွမ်းသတ္တိ အပြည့်နှင့် အရှိန်အဝါများကို ထုတ်လွှတ်နေသည်။ သူမသည် ခရမ်းရောင် သူရဲကောင်း ဝတ်ရုံကို ဝတ်ဆင်ထား၍ လွင့်မျောနေသော ဆံပင်နီများကို ပိုင်ဆိုင်ထားပြီး သူမ၏ မျက်ခုံး နှစ်ဘက်တို့သည် သွေးများ စီးကျနေသည့် ဓားနှစ်လက်နှင့် တူနေခဲ့သည်။ သူမ၏ ခန္ဓာကိုယ် အနားမှ ရန်လိုနေသော အငွေ့အသက်များသည် ခြိမ်းခြောက်နိုင်မှု အားကောင်းလှသည်။

+

အရှေ့ဘက်မှ လူသည် တည်ငြိမ် အေးဆေးသော အမူအရာများကို ပိုင်ဆိုင်ထားသည့် ရုပ်ရည်ချောမောသော လူငယ်တစ်ယောက် ဖြစ်သည်။ သူသည် ခရမ်းရောင် ဝတ်ရုံရှည် တစ်ခုကို ဝတ်ဆင်ထား၍ သူ၏ မျက်လုံးတစ်ဘက်မှာ ဖြူနေပြီး ကျန်တစ်ဘက်မှာ မည်းနေကာ သူတို့၏ အရောင်များသည် ယင်နှင့်ယန်တို့ လည်ပတ်နေသကဲ့သို့ အပြန်အလှန် ပြောင်းလဲနေသည်။

တောင်ပိုင်းမှလူသည်လည်း လူငယ်တစ်ယောက် ဖြစ်သည်။သူသည် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး ဖြစ်၍ အသားမည်းကာ သူ၏ အမူအရာများသည် တည်ငြိမ်နေသော်လည်း လေးနက်နေခဲ့သည်။ သူ့မျက်လုံးများ အတွင်းမှ အကြည့်သည် လေးနက်နေကာ မယိမ်းယိုင်သော စိတ်ပိုင်းဖြတ်မှုများဖြင့် ပြည့်နေခဲ့သည်။

+

အနောက်အရပ်မှ သူသည် ဆွဲဆောင်နိုင်သည့် အသွင်အပြင် ရှိနေသော ကောင်မလေး တစ်ယောက်ဖြစ်သည်။ သူမ၏ မျက်ခုံးအပေါ်တွင် သန့်စင် ကြည်လင်နေသော အနက်ရောင် အလင်းတန်း တစ်ခု လင်းလက်နေ၍ သူမသည် အနက်ရောင် ရေခဲဓား တစ်ခုအား ကိုင်ဆောင်ထားခဲ့သည်။

ရောက်လာကြသော သူလေးယောက်တို့သည် လင်းဖုန်း၏ လက်ရင်းတပည့်များ ဖြစ်ကြသော ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့ ဖြစ်ကြသည်။

+

သူတို့ ရောက်လာခဲ့ကြသည်နှင့် ဘာမှ မပြောခဲ့ကြပဲ အားလုံးတို့သည် မဟူရာ ပင်လယ်၏ တံခါးသို့သာ ငြိမ်သက်စွာဖြင့် စိုက်ကြည့်နေကြသည်။

ရွှမ်ဆန်းကလည်း မဟူရာ ပင်လယ် အတွင်းမှ ဘာမှ မပြောခဲ့ပဲ သူ၏ ရေခဲတမျှ အေးစက်နေသော ခက်ထန်သည့် အကြည့်သည် ဟင်းလင်းပြင်ကို ထိုးဖောက်၍ ယွဲ့ဟုန်ယန်နှင့် ကျန်သောသူများ၏ အလယ်သို့ ကျရောက်လာခဲ့သည်။

ထိုနေရာတွင် ကျယ်ပြန့်လှသော သက်တန့်တစ်စင်းသည် ဝင်ပေါက်အနီးမှ ကောင်းကင်ကို ဖြတ်သန်းလာပြီး ဟင်းလင်းပြင် အတွင်းတွင် ဆန့်တန်းသွား၍ မဟူရာ ပင်လယ် ဝင်ပေါက်အား ပိတ်ဆို့လိုက်သည်။

+

ခရမ်းရောင် ဝတ်ရုံနှင့် အဖြူရောင် အပေါ်ရုံ ဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သည် ထိုရွှေရောင်သက်တန့် အပေါ်တွင် တည့်တည့် ရပ်နေခဲ့သည်။ သူသည် ဇူရီဖြစ်သည်။

ဇူရီက ပွင့်လင်းစွာဖြင့် ပြောလိုက်သည်။
"ကြွယ်ဧကရာဇ်... တကယ်လို့ ခင်ဗျားက ဒီနေရာမှာ ရပ်တန့်လိုတဲ့ ဆန္ဒရှိရင် ကျုပ်တို့က ငြိမ်းချမ်းစွာနဲ့ ပြန်သွားမယ်... ဒါပေမဲ့ တကယ်လို့ ခင်ဗျားက တိုက်ခိုက်လိုနေခဲ့ရင်လည်း ကျုပ်တို့က ပျော်ရွှင်စွာနဲ့ ကြိုဆိုနေတယ်"

ပြီးတာနှင့် သူ၏ လက်များကို ဝှေ့ယမ်းလိုက်ရာ အလင်းတန်း စက်လုံး လေးခုတို့သည် အပေါ်သို့ မြင့်တက်လာကာ ကောင်းကင်နှင့် မြေကြီး အကြားတွင် တောက်ပနေခဲ့သည်။

+

ယွဲ့ဟုန်ယန်နှင့် ကျန်သောသုံးယောက်တို့သည် ရှေ့သို့ တက်လာခဲ့ကြပြီး ထိုအလင်းတန်း စက်လုံး တစ်ခုစီ အတွင်းသို့ ဝင်ရောက်သွားကြရာ သူတို့၏ အလင်းတန်းများ စတင်၍ ကျယ်ပြန့်လာကြ၍ နောက်ဆုံးတွင် ကြောက်မက်ဖွယ်ရာ အလင်းတန်း အကွက်တစ်ကွက် ဖြစ်သွားခဲ့သည်။

ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါသည် ဟင်းလင်းပြင် အတွင်းမှ ကျဆင်းလာကာ ဇူရီ၏ ဟီဂန် ရွှေရောင်တံတား အပေါ်သို့ ကျဆင်းလာခဲ့သည်။

ဇူရီသည် ပြုံးလိုက်၍ သူ၏ လက်ဝါးအစုံကို အတူတကွ စုစည်းလိုက်ရာ ထူးခြားသော တာအိုသစ်သီး တစ်ခုသည် သူ့အရှေ့၌ ပေါ်လာခဲ့သည်။

+

ဤတာအိုသစ်သီးသည် အလွန်တရာမှ ထူးခြား
ဆန်းကြယ်လှ၍ အလွန်အမင်းကို ရှုပ်ထွေးလှသည့်
စာလုံးတစ်လုံးနှင့် တူနေခဲ့သော်လည်း
တစ်ချိန်တည်းတွင် အလွန်တရာမှ ရိုးရှင်းနေခဲ့သည်။
သူ့အား ခန့်မှန်း၍ မရနိုင်ပဲ ထိုစာလုံးတွင်
သက်ရှိအားလုံးတို့၏ အကြောင်းရင်းများနှင့်
သဘောတရား ပြောင်းလဲမှုများ အားလုံးတို့ကို
ထည့်သွင်းထားသကဲ့သို့ ဖြစ်နေခဲ့သည်။

သူ့အား ကြည့်ရသည်မှာ ကမ္ဘာ အတွင်းတွင် ပထမဆုံး
ပေါ်လာသော စကားလုံးနှင့် တူနေခဲ့သော်လည်း
ကမ္ဘာအတွင်းမှ အကြောင်းရင်းနှင့် ဗဟုသုတများကို ခြုံငုံ
သုံးသပ်ထားသည့် နောက်ဆုံး စကားလုံးကိုလည်း
ကိုယ်စားပြုနေသည်နှင့် တူနေသည်။

+

ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါသည်
ယွဲ့ဟုန်ယန်နှင့် ကျန်သောသူများ ဝင်ရောက်သွားသည့်
အလင်းတန်း စက်လုံးများနှင့် အတူတကွ
ခင်းကျင်းထားပြီး ဇူရီ၏ ထိန်းချုပ်မှုအောက်တွင် ပို၍
လျှို့ဝှက် နက်နဲလာကာ ဖော်မပြနိုင်သည်အထိ
ဖြစ်လာခဲ့သည်။

ဤမှော်ဝက်ပါသည် ကြယ်စင်ပင်လယ်၏
စွမ်းအားများကို ယူသုံးခဲ့ကာ မဟူရာ ပင်လယ်
တစ်ခုလုံးအား ဝန်းရံသွား၍ ပိတ်ဆို့ထားခဲ့သည်။

ကြွယ်ကေရာဇ်သည် ရေခဲတမျှ အေးစက်နေသော
မျက်လုံးများဖြင့် စိုက်ကြည့်နေ၍ သူ့အရှေ့မှ
အဖြစ်အပျက်များသည် အစပိုင်းသာ ဖြစ်နေသကဲ့သို့
ဝင်ရောက် စွက်ဖက်ခြင်း မပြုခဲ့ပေ။

+

ဤအချိန်၌ပင် မဟူရာ ပင်လယ် အတွင်းတွင် လူသားပုံရိပ် နှစ်ခုတို့ ပေါ်လာကြ၍ သူတို့၏ အရှေ့တွင် ထူးခြားသော တာအိုသစ်သီး တစ်ခုစီ ရှိနေကြသည်။

တစ်ယောက်သည် အရပ်ရှည်ရှည်နှင့် မာနကြီးသည့် လူငယ်တစ်ယောက် ဖြစ်ကာ သူ၏ သွေးအဆီအနှစ်များသည် အားကောင်းလွန်းလှသဖြင့် မဟာကမ္ဘာအား တုန်ခါနိုင်စွမ်း ရှိနေခဲ့သည်။ သူ့အရှေ့မှ တာအိုသစ်သီးသည် ပုံရိပ်ယောင် လေစက်လုံး တစ်ခု ဖြစ်နေ၍ သူ၏ အစစ်အမှန် ပုံစံအား ဖော်ပြရန် ခက်ခဲလှသည်။

ထိုတာအိုသစ်သီးအား တွေ့ခဲ့ရသော အချိန်တွင် ကြွယ်ကေရာဇ်သည် ရင်ခုန်သံ တစ်ချက်မှားသွား၍

+

သူသည် ခေတ်များတစ်လျှောက် သူ့ကိုယ်သူ ပြန်ကြည့်နေခဲ့ရသကဲ့သို့ ထင်နေရပြီး မဟာကမ္ဘာက ဤနှစ်များအတွင်း တိုးတက် ပြောင်းလဲလာမှုအား ကြည့်နေရသည်ဟု ခံစားနေရသည်။

အခြားတစ်ဘက်တွင် သာမန် အမူအရာသာ ရှိနေသော ဆံပင်ဖြူနှင့် လူငယ်တစ်ယောက်က တည်ငြိမ်စွာ ရပ်နေခဲ့သည်။ သူ၏ ပုံသဏ္ဍာန်သည် သာမန်ဆန်လွန်း၍ သေမျိုးတစ်ယောက်နှင့်သာ တူနေသော်လည်း သူရပ်နေသည်ကို ကြည့်နေရုံဖြင့်ပင် လူများသည် ထူးခြား ဆန်းကြယ်၍ ခန့်မှန်း၍ မရနိုင်သော ခံစားချက်မျိုးကို ရရှိခဲ့သည်။

ထိုဆံပင်ဖြူနှင့် လူငယ်အရှေ့မှ တာအိုသစ်သီးသည် အဆက်မပြတ် လည်ပတ်နေသော အလင်းတန်း ဘီးတစ်ဘီးနှင့် တူနေသည်။ သူသည် ဤလေဟာနယ်

+

အတွင်းတွင် မရှိဟု ထင်နေရသလို ဤအချိန်ကာလ၌လည်း မရှိနေဟု ထင်နေရပြီး သူ့အား အချိန်ကာလနှင့် လေဟာနယ်တို့ကို အသုံးပြု၍ အဓိပ္ပာယ် ဖွင့်နိုင်မည် မဟုတ်ချေ။ သို့သော်လည်း သူသည် ကြမ္မာပန်းတိုင်၏ အတက်အကျနှင့် သူ၏ နက်နဲဆန်းကြယ်မှုများ အားလုံးတို့ကို သယ်ဆောင်ထားသကဲ့သို့ ထင်နေရသည်။

ရှီထျန်းဟောင်နှင့် ဝမ်လင်းတို့သည် သူတို့၏ ဘဝတစ်သက်တာတွင် အစွမ်းအထက်ဆုံး ရန်သူဖြစ်သော ရွှမ်ဆန်းအား တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေကြသည်။

ကြမ္မာပန်းတိုင် ကောင်လေးနှင့် ကောင်းကင်ဖျက်ဆီးခားဝက်ပါတို့သည် သူတို့၏ ခေါင်းပေါ်၌ အသီးသီး ပေါ်လာကြသည်။

+

ဝမ်လင်း၏ အမူအရာသည် သာမန်အတိုင်းသာ ဖြစ်နေ၍ စကားတစ်လုံးမှ မပြောခဲ့ပေ။ ရှီထျန်းဟောင်သည် ကြမ္မာပန်းတိုင် ကောင်လေးဘက်သို့ လှည့်လိုက်ကာ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ "ဒုက္ခပေးရတာ အားနာပါတယ်"

ကြမ္မာပန်းတိုင် ကောင်လေးကလည်း ပြုံး၍ ပြန်ပြောလိုက်သည်။ "ကိစ္စ မရှိပါဘူး"

သူတို့ စကားပြောနေကြရင်း မဟူရာ ပင်လယ်နှင့် ဆက်သွယ်ထားသည့် ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ်သည် ပွင့်ထွက်လာ၍ ရွှေရောင် အလင်းတန်းများနှင့် လင်းလက်နေသော အနက်ရောင် ပင်လယ်ရေများသည် ကောင်းကင်ပေါ်သို့

+

ထိုးတက်လာကာ အခြား အက်ကွဲကြောင်း တစ်ခုမှ ထွက်လာသည့် အနီရောင် အလင်းတန်း တစ်ခုနှင့် ပြင်းထန်စွာ ရိုက်ခတ်ခဲ့ကြသည်။

ကျယ်ပြန့်လှသော အနီရောင် အလင်းတန်းအား အဆုံးမဲ့ သဘာဝ ကပ်ဘေးနှင့် ကပ်ဆိုးများက အပြည့်အဝ ဝန်းရံထားကြကာ မဟူရာ ပင်လယ်၏ အနက်ရောင် ရေများကို အဆက်မပြတ် တိုက်စား ချေမှုန်းခဲ့ကြပြီး မဟူရာ ပင်လယ် အတွင်းသို့ ဝင်သွား၍ နားကွဲလုမတတ် ထကြွလှုပ်ရှားနေသော ဒီရေ လှိုင်းလုံးများကို နောက်ဆုတ်စေခဲ့သည်။

ရွှမ်ဆန်း၏ မျက်လုံးများသည် အနည်းငယ် အေးခဲသွား၍ တီးတိုး ရေရွတ်လိုက်သည်။ "ငရဲကမ္ဘာ ပင်လယ်လား"

+

မရေမတွက်နိုင်သော သွေးနီရောင် ကပ်ဘေးများသည် ငရဲကမ္ဘာ ပင်လယ်၏ မဟာလှိုင်းလုံးများ ဖြစ်ကြသည်။ ဤအချိန်တွင် ငရဲကမ္ဘာ ပင်လယ်သည် ကွဲဟသွားကာ ငရဲကမ္ဘာ ပင်လယ်၏ ကေရာဇ်နှင့် တူနေသော သူရဲကောင်း တစ်ယောက်သည် ကမ္ဘာ တစ်ခုလုံးအား ချေမှုန်းတော့မည့် ကဲ့သို့ အတွင်းမှနေ၍ ဖြည်းဖြည်းချင်း ထွက်လာခဲ့သည်။

သူသည် လင်းဖုန်း၏ တပည့်ကြီး ဖြစ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်ရှိ ဂိုဏ်းခေါင်းဆောင် ရှောင်ယန်ပင် ဖြစ်သည်။

ရှောင်ယန်သည် ကွှယ်ကေရာဇ်အား တည်ငြိမ်စွာ စိုက်ကြည့်နေရင်း ပြောလိုက်သည်။ "ကွှယ်ကေရာဇ်… ခင်ဗျား ဆန္ဒရှိရင် တိုက်ခိုက်ကြစို့… ဒါပေမဲ့ ကျုပ်တို့ဆရာကို တွေ့ဖို့ကတော့ မေ့ထားလိုက်ပါ"

+

"ဒီကနေ့က စပြီး လူတွေက ဆရာကို သူတွေ့ချင်တဲ့ ဆန္ဒရှိမှ တွေ့နိုင်လိမ့်မယ်... သူမတွေ့ချင်တဲ့ သူတွေက သူ့မျက်စိရှေ့ကို ရောက်ဖို့ ကံမပါလာတော့ဘူး"

## စာစဉ် ၇၆ : အပိုင်း ၁၁

## အပိုင်း ၁၄၈၁ : ကျုပ်တပည့်တွေက သူ့ကို သေဒဏ် စီရင်လိုက်တယ်

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ မဟူရာပင်လယ် အပေါ်မှ မော်ကွန်းဝင် တိုက်ပွဲသည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတစ်လျှောက်တွင် မှတ်တမ်းဝင်သွားတော့မည် ဖြစ်သည်။

+

အဘယ်ကြောင့် ဆိုသော် ဤတိုက်ပွဲ အတွင်း၌ နဂါးတို့၏ အန္တိမ ခေါင်းဆောင်ဖြစ်သော ကြွယ်ကေရာဇ် ရွှမ်ဆန်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ သုတ်သင်ခြင်းကို ခံခဲ့ရသောကြောင့် ဖြစ်သည်။

သို့သော်လည်း ဤတိုက်ပွဲ အတွင်းတွင် လင်းဖုန်းနှင့် ကမ္ဘာ တစ်ခုလုံးအား ထိတ်လန့် ခြောက်ခြားစေခဲ့သော ကောင်းကင်ဖျက်ဆီး ခေးတို့သည် အစမှနေ အဆုံးအထိ လုံး၀ ပေါ်မလာခဲ့ပေ။

ဤတိုက်ပွဲ၏ ရလဒ်သည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား တုန်ခါသွားစေခဲ့သည်။
မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား နယ်မြေ တစ်ခုလုံးတို့သည် အချိန်ကြာမြင့်စွာ တိတ်ဆိတ်သွား၍ စဥ်းစား သုံးသပ်နေခဲ့သည်။

+

ဝိညာဥ်ပင်လယ် ပြိုင်ပွဲ အတွင်းတွင် ယခုလေးတင် အသက်ပြန်ရှင်လာခဲ့သော ရှန်းယွမ်သည် လင်းဖုန်း၏ ငရဲထံသို့ ထပ်ဖန်တစ်ခါ အပို့ပြန်ခံခဲ့ရသည်။ ဤသတင်းသည် ကမ္ဘာကြီးအား တုန်လှုပ်သွားစေခဲ့ကာ လင်းဖုန်းအား အချိန်အစကတည်းက နံပါတ်တစ် ပုဂ္ဂိုလ် တစ်ယောက်အဖြစ် ရေးထိုးပေးနိုင်ခဲ့သည်။

ရှန်းယွမ်သည် လင်းဖုန်း၏ လက်အောက်၌ ကျဆုံးသွားခဲ့သော်လည်း ရွှမ်ဆန်းနှင့် မပြန်လာသေးသော ဟေးဒီးစ် ကေရာဇ်တို့သည် ကမ္ဘာကြီး၏ ထိပ်ဆုံးတွင် ရှိနေကြသော အစွမ်းထက် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

+

သူတို့နှင့် အဆင့်တူ ယှဉ်နိုင်သည့် လက်ရှိ
အသက်ထင်ရှား ရှိနေကြသော
လူသားကျင့်ကြံသူများသည် မဟာဟင်းလင်းပြင်
သူတော်စင်နှင့် သကျမုနိတို့သာ ဖြစ်ကြသည်။

သူတို့ အနည်းငယ်သည် မူလကောင်းကင် ကမ္ဘာ
အတွင်းမှ အစွမ်းအထက်ဆုံး အင်အားစုများအား
ကိုယ်စားပြုနေကြခြင်း ဖြစ်သည်။

သို့သော်လည်း အရာအားလုံးတို့သည် ခြွင်းချက်များ
ရှိကြသည်။ ထိုအရာမှာ လင်းဖုန်းအား ထိုအဆင့်
သတ်မှတ်ချက် အတွင်းတွင် ထည့်သွင်း
သတ်မှတ်ထားခြင်း မရှိခြင်း ဖြစ်သည်။ မဟုတ်လျှင်
အရာအားလုံးတို့က ကွဲပြားသွားကြတော့မည် ဖြစ်သည်။

+

လင်းဖုန်းသည် သူ၏ ရာထူးအား ရှောင်ယန်အား လွှဲပြောင်း ပေးအပ်ခဲ့ကာ ယုကျင်းတောင်နှင့် အတူ ကောင်းကင်အတွင်းသို့ ပျောက်ကွယ်သွားခဲ့ပြီး မဟာကမ္ဘာ အတွင်းသို့ ခြေမချတော့ပေ။ သို့သော်လည်း သူနှင့် ပတ်သတ်သည့် ဒဏ္ဍာရီတိုင်းအား ကမ္ဘာအတွင်း၌ အမြဲတမ်း အမှတ်ရနေကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဤနှစ်များ အတွင်း၌ ဆက်လက်၍ တိုးတက် စည်ပင်နေခဲ့ကာ တစ်ကမ္ဘာလုံးမှ မူလကောင်းကင် ကမ္ဘာ၏ နံပါတ်တစ် မြင့်မြတ်နယ်မြေဟု သတ်မှတ်ခြင်းကို ခံခဲ့ရပြီ ဖြစ်သည်။ သူတို့၏ လွှမ်းမိုးမှုနှင့် စွမ်းအားများသည် ကမ္ဘာအတွင်းမှ မည်သည့် စွမ်းအားစုများနှင့် မဆို ယှဥ်လိုက်လျှင် ပြိုင်ဘက်ကင်းသည်။

+

ယခုလက်ရှိ အဆင့်အတန်းများသည်
လင်းဖုန်းကိုယ်တိုင်ထံမှ ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယနေ့တွင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာ တစ်ခုလုံးအား
အံ့အားသင့် ချီးကျူးနိုင်သော နောက်ထပ်
စွမ်းဆောင်ရည် တစ်ခုကို ထပ်ဖန်တစ်ခါ ပြသနိုင်ခဲ့ပြီ
ဖြစ်သည်။ အားလုံးတို့သည် ပါးစပ်အဟောင်းသား
ဖြစ်နေကြကာ ဘာမှ မပြောနိုင်ပဲ ဆွံ့အကုန်ကြသည်။

လင်းဖုန်းနှင့် ရွှမ်းလီတို့ နှစ်ယောက်စလုံး
မရှိနေကြသော်လည်း သူ၏ တပည့်များသည်
လင်းဖုန်းမှလွဲ၍ အစွမ်းအထက်ဆုံး ပုဂ္ဂိုလ် ဖြစ်သော
နဂါးတို့၏ ဘိုးဘေးဖြစ်သည့် ပထမနဂါး ရွှမ်ဆန်းကို
အနိုင်ယူ သတ်ဖြတ်နိုင်ခဲ့ကြသည်။

+

လင်းဖုန်းသည် ကောင်းကင်ဖျက်ဆီး ခေးဝက်ပါ၊ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါနှင့် ကြမ္မာပန်းတိုင် ခေါင်းလောင်းတို့ကို ချန်ထားပေးခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် ဂိုဏ်းခေါင်းဆောင် ရှောင်ယန်သည် မဟူရာ ပင်လယ်နှင့် အတူ မူလကောင်းကင် ပင်လယ် ခုနစ်သွယ် အတွင်းတွင် ပါဝင်သော ငရဲကမ္ဘာ ပင်လယ်အား ထိန်းချုပ်ထားသည်။

သို့သော်လည်း ဤအုပ်စု တစ်စုလုံးက မဟူရာ ပင်လယ်သို့ သွားခဲ့၍ ရှမ်ဆန်းအား သတ်ဖြတ်ခဲ့သော သတင်းသည် မဟာကမ္ဘာ တစ်ခုလုံးအား လှိုင်းထစေခဲ့သည်။

+

လူအားလုံးတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် လင်းဖုန်း မရှိလျှင်ပင် ကြီးမားသော စွမ်းအားများကို ပိုင်ဆိုင်ထား၍ ပြိုင်ဘက်ကင်းသော အင်အားစု တစ်ခု ဖြစ်နေသေးမှန်းကို သဘောပေါက်သွားကြသည်။

သူတို့၏ ခံစားချက်များအား ပို၍ ရှုပ်ထွေးစေသည့် အချက်မှာ ဤရောမ ဖြစ်တည်မှုကြီးသည် ဆက်လက်၍ ဖွံ့ဖြိုး တိုးတက်နေဆဲပင် ရှိနေသောကြောင့် ဖြစ်သည်။

နတ်ဘုရား နယ်မြေ၏ အရှေ့ပင်လယ် အပေါ်မှ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ အတွင်းရှိ ပေလေးသောင်းရှစ်ထောင် မြင့်သော ကောင်းကင်စေတီ အပေါ်တွင် အလင်းတန်းများက ကမ္ဘာ များစွာတို့အား ဖြန့်ကြက်ထားခဲ့သည်။

+

စေတီအပေါ်တွင် လူသားပုံရိပ် သုံးခုတို့က ထိုင်နေကြသည်။ နှစ်ယောက်မှာ အစစ်အမှန် ဖြစ်၍ တစ်ယောက်သည် ပုံရိပ်ယောင် ဖြစ်သည်။ ဘယ်ဘက်ဆုံးမှ ပုဂ္ဂိုလ်တွင် နိဗ္ဗာန်ကမ္ဘာ ငါးခု ရှိနေ၍ သူ၏ ခေါင်းပေါ်တွင် ဉာဏ်ပညာ ဘုရင် ငါးပါးတို့၏ ပုံရိပ်များကို တွေ့နိုင်သည်။ သူတို့သည် ကျယ်ပြန့်လွန်းလှသဖြင့် မဟာကမ္ဘာ တစ်ခုလုံးအား ပြည့်တော့မည်ဟု ထင်နေရသည်။ သူသည် သကျမုနိ ဖြစ်သည်။

အလယ်မှ ပုဂ္ဂိုလ်တွင် လက်ပေါင်း လေးသောင်းရှစ်ထောင် ရှိ၍ သူ၏ ခန္ဓာကိုယ်သည် ဖန်နှင့် တူနေသည်။ သူသည် သကျမုနိ ဖြစ်သည်။ သူ၏ ညာဘက်တွင် ပုံရိပ်ယောင် အလင်းတန်း ပုံရိပ်တစ်ခု ရှိနေ၍ အတွင်းတွင် နောက်ထပ် ဗုဒ္ဓတစ်ပါးက ထိုင်နေသကဲ့သို့ ဖြစ်နေသည်။

+

သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့သည်
ဟင်းလင်းပြင် အတွင်းသို့ နက်ရှိုင်းစွာ
စိုက်ကြည့်နေကြ၍ သူတို့၏ အကြည့်သည် အဆုံးမဲ့
အကွာအဝေးကို ထိုးဖောက်သွားကြကာ
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ မဟူရာ ပင်လယ်
အပေါ်သို့ ကျရောက်သွားကြသည်။

ဗုဒ္ဓ နှစ်ပါးတို့သည် တည်ငြိမ်နေကြကာ သူတို့၏
မျက်လုံးများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အခြေစိုက်သည့် ခွန်းလွန်တောင် တည်ရှိရာ နတ်ဘုရား
နယ်မြေ အနောက်ပိုင်းသို့ ရောက်သွားကြသည်။

+

ယုကျင်းတောင်ကို မည်သည့် နေရာတွင်မှ
မတွေ့ရတော့ပဲ လင်းဖုန်းကလည်း ခွန်းလွန်တောင်များ
အပေါ်တွင် မရှိနေတော့ပေ။

သကျမုနိနှင့် စကြာဝဠာ စကျင်ဗုဒ္ဓတို့သည်
ခွန်းလွန်တောင်အား ထပ်ဖန်တစ်ခါ ကြည့်ရှုလိုက်ကြပြီး
သူတို့၏ အကြည့်များကို ရုပ်သိမ်းလိုက်ကာ အဆုံးမဲ့
ကောင်းကင်များ အပေါ်သို့ မော့ကြည့်လိုက်ကြသည်။

ထိုနေရာတွင် ကမ္ဘာကို ဖျက်ဆီးနိုင်သော အရာတစ်ခုက
ပြင်ပလောကများ အပေါ်မှ မြင့်မားသော
နေရာတစ်ခုတွင် လွင့်မျောနေသည်။ ကျန်သောသူများက
အာရုံမခံနိုင်ကြသော်လည်း သကျမုနိက မြင်နိုင်ခဲ့သည်။

+

ကောင်းကင်စေတီ၏ ရောမ အမိုးအောက်တွင် ဗုဒ္ဓများစွာ ထိုင်နေကြသည်။

ထိုနေရာတွင် မောက်မာ၍ အမျက်ကြီးဟန် တူသော ဖြစ်တည်မှု တစ်ခု ရှိနေသည်။ သူသည် ရွှေရောင် သင်္ကန်းကို ဝတ်ဆင်ထား၍ သူ၏ အသားသည် မီးသွေးကဲ့သို့ မည်းနေသည်။ သူ့ခန္ဓာကိုယ်မှ ဖန်ကဲ့သို့ အလင်းတန်းများ လင်းလက်နေ၍ သူ့ခေါင်းပေါ်တွင် မိစ္ဆာစွမ်းအား စက်ဝန်းတစ်ခု ရှိနေဟန် တူသည်။

ထိုစက်ဝန်း အတွင်းတွင် သွေးနီရောင် မျက်လုံးများနှင့် ရောမ အနက်ရောင် လူဝံတစ်ကောင် ရှိနေသည်။ ထိုလူဝံကလည်း ကြာပန်းပုံ ထိုင်နေကာ သူ၏ လက်များက တရားထိုင်နေသည့် ပုံစံများဖြင့် ရှိနေသည်။

+

သူ၏ဘေးတွင် လေးနက်ပုံ ပေါက်နေသော ဖြစ်တည်မှု တစ်ခု ရှိနေကာ သူသည်လည်း ရွှေရောင်သင်္ကန်း တစ်စုံကို ဝတ်ဆင်ထားသည်။ သို့သော်လည်း သူ့ခေါင်းပေါ်တွင် အဖြူရောင် ဆံပင်တိုများ ရှိနေကာ သူ၏ မျက်လုံးများသည် အစိမ်းနီရောင် ဖြစ်နေခဲ့သည်။ သူ၏ တစ်ကိုယ်လုံးတွင် ဖန်ကဲ့သို့ အလင်းတန်းများ လင်းလက်နေကာ အလွန် ငြိမ်းချမ်းနေသကဲ့သို့ ထင်နေရသည်။

အခြား ဗုဒ္ဓနှင့် အတူ သူ၏ ခေါင်းပေါ်တွင်လည်း မိစ္ဆာစက်ဝန်း တစ်ခု ရှိနေသည်။ ထိုစက်ဝန်း အတွင်းတွင် ကျောက်စိမ်းကဲ့သို့ ဖြူဖွေးသော ခန္ဓာကိုယ်နှင့် မီးတောက်များနှင့် တူနေသော ခြေလက် လေးဘက်ရှိသည့် ရောမ အဖြူရောင် လူဝံ တစ်ကောင် ရှိနေ၍ သူကလည်း ကြာပန်းပုံစံ ထိုင်နေခဲ့သည်။

+

သူတို့၏ ဘေးတွင် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် ကြည့်၍ကောင်းသော အသွင်အပြင် ရှိသည့် ဗုဒ္ဓတစ်ပါး ရှိနေသေးသည်။ သူ့ထံမှလည်း ဖန်ကဲ့သို့ အလင်းတန်းများ လင်းလက်နေ၍ ရောင်စုံ အလင်းတန်းများက အပြင်သို့ ပျံ့နှံ့သွားကြသည်။

ထိုဗုဒ္ဓ၏ ခေါင်းပေါ်မှ မိစ္ဆာစွမ်းအား စက်ဝန်း အတွင်းတွင် ဥဒေါင်းတစ်ကောင် ရှိနေသည်။ သူ၏ အမြီးမှ အမွေးအတောင်များကို ဖွင့်ထားပြီး ဉာဏ်ပညာများဖြင့် ပြည့်နေကာ ဉာဏ်အလင်း ပွင့်နေသကဲ့သို့ ထင်နေရသည်။

ထိုဗုဒ္ဓသုံးပါးတို့၏ အောက်တွင် အလင်းတန်း အမြောက်အမြား ထွက်ပေါ်နေကြသည်။

+

ရှေ့ဆုံးမှ သူသည် အသက်အရွယ် ကြီးရင့်နေသည့်ပုံ ပေါက်နေသည့် ဗုဒ္ဓတစ်ပါး ဖြစ်သည်။ သူ၏ မျက်လုံးများသည် ရေကဲ့သို့ ကြည်လင်နေ၍ သူ၏ လက်ဝါးများကို တရားထိုင်နေသည့်ပုံ ပြုလုပ်ထားပြီး အနောက်ဘက်မှ ခွန်းလွန်တောင်သို့ စိုက်ကြည့်နေပြီး သူ၏ နှုတ်ခမ်းထောင့်များက အပြုံး ဖွဖွလေး အဖြစ် တွန့်သွားသည်။

တစ်ချိန်တည်းတွင် နတ်ဘုရားနယ်မြေ အတွင်းရှိ ဟင်းလင်းပြင် ဘုရားကျောင်း၏ ပိုင်ယွင်တောင် အပေါ်မှ ကောင်းကင်ထက်တွင် ကမ္ဘာကြီးအား အလင်းပေးနေသကဲ့သို့ တောက်ပနေသော ကြေးမုံတစ်ခု ပေါ်လာခဲ့သည်။

ထိုကြေးမုံ အလင်းတန်းသည် ကမ္ဘာ၏ ထောင့်တိုင်းသို့ ရောက်သွားသကဲ့သို့ ထင်နေရကာ နေရာတကာတွင်

+

ရှိနေပြီး တစ်ချိန်တည်းတွင် ဖော်ပြ၍ မရနိုင်ဟု ထင်နေရသည်။

ဤအလင်းရောင်သည် အနန္တမ ကောင်းကင်ကြေးမုံ၏ အလင်းရောင် ဖြစ်ပြီး ဤအချိန်၌ ပိုင်ယွင်တောင်သည် တိမ်တိုက် အလွှာ များစွာတို့၏ ဖုံးလွှမ်းခြင်းကို ခံနေရသဖြင့် ဤတိမ်တိုက်များကို ထွင်းဖောက်ပြီး မည်သူကမှ ဘာဖြစ်နေသည်ကို မမြင်နိုင်ခဲ့ပေ။

တောင်ထိပ်တွင် လူသားပုံရိပ် အချို့ကို တွေ့နေနိုင်သည်။

မဟာဟာင်းလင်းပြင် သူတော်စင်သည် သေမင်းပင်လယ် အတွင်းမှ ပြန်လာပြီးချိန်မှ စ၍ မဟာကမ္ဘာသို့ ခြေမချခဲ့သလို ပိုင်ယွင်တောင်သို့လည်း မပြန်လာခဲ့ပေ။

+

ဤနှစ်များ အတွင်းတွင် ဟင်းလင်းပြင်
ဘုရားကျောင်းသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲအပြီးမှကဲ့သို့ တောင်အား ချိပ်ပိတ်ထားခြင်း
မရှိခဲ့သော်လည်း များစွာ သိုသိုသိပ်သိပ် နေခဲ့ကြ၍
သူတို့၏ တပည့်များသည် ကမ္ဘာအတွင်းသို့ ကျင်လည်
ကျက်စားလေ့ မရှိကြတော့ပေ။

အရာ အားလုံးတို့သည် ရှီးလင်မြို့တိုက်ပွဲ မတိုင်ခင်
အခြေအနေကကဲ့သို့ ပြန်ပြောင်းသွားခဲ့သည်။
သို့သော်လည်း အားလုံးတို့သည် နိုင်ငံရေး အခြေအနေက
ယခင်ကနှင့် များစွာ ခြားနားသွားခဲ့ပြီဟု သိနေကြပြီး
ဟင်းလင်းပြင် ဘုရားကျောင်း ကိုယ်တိုင်ကလည်း
သိနေခဲ့သည်။

ကောင်းကင်ဖျက်ဆီး ခေးသည် တတိယ အကြိမ်
ကျင့်ကြံအပြီးတွင် ကမ္ဘာ တစ်ခုလုံးအား အမှန်တကယ်

+

ဖျက်ဆီးနိုင်စွမ်း ရှိနေပြီ ဖြစ်ကာ ထိုက်ရှိသူတော်စင်နှင့်
ကျန်သောသူများသည် သူတို့ကိုယ် သူတို့ စတေး၍
ဤအင်အားကို ရင်ဆိုင်ချင်နေလျှင်ပင် ဘာမှ
တတ်နိုင်မည် မဟုတ်ချေ။

ကောင်းကင်ဖျက်ဆီး ခေးသည် ပြင်ပလောက အပေါ်မှ
မြင့်မားသော တိမ်တိုက်များ အကြားတွင် လွင့်မျောနေ၍
တိုက်ပွဲတစ်ခု ဖြစ်ခဲ့လျှင် ကမ္ဘာတစ်ခုလုံး၏ အဆုံးသတ်
ဖြစ်မည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

လင်းဖုန်း ဖော်ပြခဲ့သော စွမ်းအားများနှင့် လွန်ခဲ့သော
နှစ်များက ရှန်းယွမ်အား သတ်ဖြတ်ခဲ့သော ခေးကြီးသည်
မဟာကမ္ဘာကို တုန်လှုပ်စေခဲ့ပြီး ဤမြင်ကွင်းသည်
လူအားလုံးတို့၏ ရင်အတွင်းတွင် ထာဝရ ရှိနေကာ
ဘယ်တော့မှ မေ့ပျောက်၍ရမည် မဟုတ်တော့ပေ။

+

ပိုင်ယွင်တောင် အပေါ်တွင် ဟင်းလင်းပြင်
ဘုရားကျောင်းမှ လူများသည် မဟူရာ ပင်လယ်ဘက်သို့
ငြိမ်သက်စွာဖြင့် ကြည့်နေကြသည်။ သူတို့သည်
ခွန်းလွန်တောင်ဘက်သို့ လှည့်လိုက်ကြပြီးမှ
သူတို့အပေါ်မှ ကောင်းကင်ထံသို့
မော့ကြည့်လိုက်ကြသည်။

ခွန်လွန်တောင်ခြေ တောင်ပိုင်းမှ စူဒေသ
အနောက်ပိုင်းတွင် စိတ်ဝိညာဉ် တောင်တစ်တောင်က
မြင့်မားစွာ ရပ်တည်လျက်ရှိသည်။

ထိုနေရာသည် ယခင်မှ ထာဝရ တောင်တန်းဂိုဏ်း၏
နေရာဖြစ်သည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လျင်မြန်လှသော တိုးတက်မှုများသည် ကမ္ဘာကြီးအား အသက်ရှူ တင်းကျပ်စေခဲ့သော်လည်း အလွန်အမင်း ပုံမှန်ဖြစ်သည်ဟု ထင်နေရသည်။ နတ်ဘုရားနယ်မြေ အတွင်းရှိ လူသားကျင့်ကြံမှု ကမ္ဘာ အတွင်းတွင် အကြီးမားဆုံး ပြောင်းလဲမှုမှာ ဖြည်းဖြည်းချင်း ပြန်လည် သက်သာလာသော မဟာကျိုး အင်ပါယာ မဟုတ်သလို တည်ငြိမ်စွာ တိုးတက်နေသည့် မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော် မဟုတ်ခဲ့ပေ။

ရှီးလင်မြို့သို့ ပြန်လာသည့် ရှီရှင်းယွမ်၏ ဦးဆောင်မှုအောက်သို့ ရောက်သွားသော မဟာချင် အင်ပါယာ မဟုတ်သလို ကွဲကြေသွားပြီးမှ ပြန်လည် တည်ဆောက်ခဲ့ကြသော စူတောင်ဓားဂိုဏ်း မဟုတ်ပဲ

+

နတ်ဘုရားနယ်မြေ အတွင်းသို့ ပြန်လာခဲ့ကြသော ဂူမင်းဆက်လည်း မဟုတ်ပေ။

အကြီးမားဆုံးသော ပြောင်းလဲမှုသည် ခွန်းလွန်တောင်ခြေ တောင်ပိုင်းတွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ဤဂိုဏ်းသည် မဟာကျိုး၊ မဟာချင်နှင့် စူတောင်တို့က အာရုံ မစိုက်ခဲ့ကြသော ဂိုဏ်းငယ်လေး ဖြစ်ခဲ့သည်။ သူသည် သေးငယ်လွန်း၍ မဟာ လွင်တီးခေါင် ဓားဂိုဏ်းနှင့် မဟာချင် အင်ပါယာမှ ဟော်မိသားစုတို့ကပင် အလေးမထားခဲ့ကြသော်လည်း ယခုအချိန်တွင် ထိုဂိုဏ်းငယ်လေးက မိုးပေါ်တွင် မြင့်မားစွာ ပျံဝဲနေခဲ့လေသည်။

ဤဂိုဏ်းငယ်လေးသည် ထာဝရ တောင်တန်းဂိုဏ်း ဖြစ်၍ သူ့အား လက်ရှိ ဦးဆောင်နေသူမှာ

+

ချူးယန်ဖြစ်သည်။ သူ့အား ကမ္ဘာကြီးက ကောင်းကင်ကိုးလွှာ ခေါးမာစတာဟူ၍ သိထားကြသည်။

သာမန်ဟုသာ ထင်နေရသော ဤဂိုဏ်းငယ်လေး၏ ခံတပ်အား ယခုအချိန်တွင် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးက စောင့်ကြပ်ပေးနေခဲ့သည်။ ထိုရတနာသည် စူတောင်ခေါးဂိုဏ်း၏ အမွေအနှစ်ဖြစ်သော ကောင်းကင် ဖွင့်လှစ်ခေါးနှင့် ဂုဏ်သတင်း အတူတူ ကျော်ကြားသည့် ကောင်းကင်ကိုးလွှာခေါးပင် ဖြစ်သည်။

ချူးယန် ကိုယ်တိုင်ကလည်း အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်ကာ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်တွင် ရှိနေသော စူတောင်ခေါးဂိုဏ်း၏ လက်ရှိခေါင်းဆောင် ကျိဝမ်လွေအား အသာအယာ အနိုင်ယူနိုင်ခဲ့သည်။

+

ဤသတင်းသည် ကမ္ဘာ တစ်ခုလုံးအား
တုန်ခါသွားစေသည်။

စူတောင်ခေးဂိုဏ်းမှ ရှင်းလုံစန်းနှင့် ထျန်းကန်း
ခေးမာစတာတို့သည် အသက်ထင်ရှား
ရှိနေကြသေးသော်လည်း သူတို့ကိုယ် သူတို့
မဖော်ပြခဲ့ပေ။ သူတို့သာ မရှိနေကြပါက
ကျန်သောသူများသည် ချူးယန်ကိုယ်တိုင်က ထာဝရ
တောင်တန်းဂိုဏ်းအား  အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
အပြီးတွင် အကြီးမားဆုံး ခေးဂိုဏ်းအဖြစ်
မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယူဆထားကြသည်။

သို့တိုင်အောင် ချူးယန်၏ နာမည်သည်
နတ်ဘုရားနယ်မြေ အနှံ့ ကျော်ကြားသွား၍ သူသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပြင်ပမှ အစွမ်းအထက်ဆုံး
ပုဂ္ဂိုလ်များ အနက် တစ်ယောက် အပါအဝင်
+

ဖြစ်လာခဲ့သည်။ သူ၏ အလားအလာမှာ အဆုံးမဲ့၍ သူ၏ စွမ်းရည်များသည် အံ့သြ မှင်သက်ဖွယ် ကောင်းလာသည်။

အခြားသူများက သူ့အား ရိုသေစွာဖြင့် ဓားကေရာဇ်ဟု ခေါ်ဝေါ်ခဲ့ကြသော်လည်း ချူးယန် ကိုယ်တိုင်က ဤဘွဲ့ထူးကို ငြင်းပယ်ခဲ့ပြီး ကျန်သောသူများက အနည်းငယ် နှမြောတသ ခံစားခဲ့ရသည်။ ဓားကေရာဇ် ဟူသော ဘွဲ့ထူးသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ဒုတိယ မျိုးဆက် အကြီးအကဲ ထျန်းရှု ဓားမာစတာ ဟန်ရန် ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။ အကယ်၍ ချူးယန်ကသာ ပြတ်သားစွာ မဆုံးဖြတ်ခဲ့လျှင် ဟန်ရန်၏ ဘွဲ့ထူးသည် အနည်းငယ် တုန်ခါလာနိုင်သည်။

ချူးယန်နှင့် ထာဝရ တောင်တန်းဂိုဏ်းတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် အမြဲတစေ နီးကပ်နေကြသူများ ဖြစ်ကြသည်။ ကောလဟာလများ အရ ချူးယန်သည်

+

အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏
ကိုယ်တိုင်ကိုယ်ကျ လမ်းညွှန်ပေးမှုများကို ခံခဲ့ရသော
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ပြင်ပမှ ရှားရှားပါးပါး
လူများအတွင်းတွင် တစ်ယောက် အပါအဝင် ဖြစ်သည်။

နောက်ထပ် ကောလဟာလ တစ်ပုဒ်မှာ ချူးယန်သည်
လင်းဖုန်း၏ လက်ရင်းတပည့် ဖြစ်သော ဓားကောင်းကင်
သခင်မ လော်ချင်းဝူအား လက်ထပ်ရန် ကြိုးစားခဲ့သည်
ဟူသည့် သတင်းဖြစ်သည်။ ဤသတင်းသည်
မှန်ကန်သော်လည်း သူသည် ယနေ့ထိတိုင်
သူ့ရင်အတွင်းမှ ဆန္ဒများကို ဖြည့်ဆည်းနိုင်ခြင်း
မရှိသေးပေ။

ချူးယန်သည် ယနေ့ထိတိုင် ထာဝရ တောင်တန်းဂိုဏ်း
ဆက်လက် တိုးတက်စေရန် သူ၏ စွမ်းရည်များဖြင့်

+

ကြိုးစားနေသေးကာ အတိတ်ကာလမှ အေးစက်ခါးသီးမှုများကို ဖယ်ရှားနိုင်ခဲ့ပြီ ဖြစ်သည်။

ချူးယန်သည် ထာဝရ တောင်တန်းဂိုဏ်း အပေါ်တွင် တည်ငြိမ်စွာ ထိုင်နေခဲ့သည်။ သူသည် လက်ရှိ အချိန်တွင် တောင်ပိုင်းမှ မဟာလွင်တီးခေါင် ကုန်းမြေနှင့် ဆက်သွယ်နေသော ကမ္ဘာအကြားမှ နယ်နိမိတ် လမ်းကြောင်းအား ကြည့်နေဆဲ ဖြစ်ကာ သူ၏ အတွေးများသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင် ရှိနေခဲ့၍ အစမှနေ အဆုံးအထိ တည်ငြိမ်သော အကြည့်ကို ထိန်းသိမ်းထားနိုင်ခဲ့သည်။

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တည်ရှိနေရာ ခွန်းလွန်တောင်ခြေ မြောက်ဘက်ပိုင်းသို့ လှည့်ကြည့်လိုက်၍ သက်ပြင်းဖွဖွလေး တစ်ချက်

+

ချလိုက်ကာ သူ၏ နှုတ်ခမ်းထောင့်များသည် အပြုံး ရေးရေးလေး အဖြစ်သို့ ကွေးသွားသည်။

"မာစတာလင်းက ဘယ်ရောက်နေလဲ မသိဘူး.. ချင်းဝူနဲ့ သူ့ရဲ့ မောင်နှမတွေဟာ ဒီလောက်အထိ ကြီးကျယ် ခမ်းနားတဲ့ အင်ပါယာ တစ်ခုကို တည်ထောင်နိုင်ခဲ့တာ သူသိနေပါ့မလား"

နတ်ဘုရားနယ်မြေ အတွင်းမှ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သော ယုကျင်းတောင်သည် ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တောင်တံခါး ဖြစ်နေသော ကောင်းကင်ပေါ်မှ တောင်၏ အပေါ်မှ ဟင်းလင်းပြင်တွင် လွင့်မျောလျက် ရှိနေသည်ကို မည်သူကမှ မသိနိုင်ခဲ့ပေ။

+

လွင့်မျောနေသော ခရမ်းရောင် စွမ်းအားများသည်
ခမ်းနား ထည်ဝါလှသော အဖြူရောင်
ကျောက်စိမ်းတောင် အနားမှ ဟင်းလင်းပြင်တွင်
ပျံ့နှံ့နေကြသည်။ အနက်ရောင် ယင်ယန်ပင်လယ်သည်
တောင်ခြေတွင် ထကြွ လှုပ်ရှားနေဆဲ ဖြစ်ကာ
တောင်ထိပ်မှ မဟူရာကောင်းကင် ရတနာသစ်ပင်၏
သစ်ရွက်များသည် လေယူရာ ယိမ်းနွဲ့နေရင်း ရောင်စဉ်
ခုနစ်သွယ် အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သည်။

အရာ အားလုံးတို့သည် ယခင်အတိုင်းပင်
ဖြစ်နေသော်လည်း တစ်စုံတစ်ခုက ကွဲပြားနေသကဲ့သို့
ထင်နေရသည်။ သို့ရာတွင် အရာအားလုံးတို့သည် ခန့်မှန်း
နားလည်နိုင်ရန် အမတန်မှ ခက်ခဲလွန်းလှသည်။

+

သစ်ပင်ထိပ်ဖျားမှ ကောင်းကင်စကြဝဠာ
အလင်းတန်းကမ္ဘာ အတွင်းတွင် မဟူရာကောင်းကင်
ရတနာသစ်ပင် အသေးစားတစ်ခု ရှိနေသည်။

ဤသစ်ပင်၏ အောက်တွင် လူနှစ်ယောက် ထိုင်နေကြပြီး
သူတို့၏ အလယ်တွင် စစ်တုရင်ခုံ တစ်ခု ရှိနေသည်။
ထိုသူနှစ်ယောက်တို့သည် အချင်းချင်း မျက်နှာချင်းဆိုင်
ထိုင်နေကြကာ စစ်တုရင် ပွဲကောင်းတစ်ပွဲကို
ကစားနေကြသည်။

တစ်ယောက်သည် အဖြူရောင် ဝတ်စုံများကို
ဝတ်ဆင်ထားသည့် လူတစ်ယောက် ဖြစ်သည်။ သူ၏
အသွင်အပြင်သည် အလွန်အမင်းကို သာမန်
ဆန်နေခဲ့သော်လည်း သူ၏ အသက် အစစ်အမှန်ကို
မည်သူကမှ မခန့်မှန်းနိုင်သကဲ့သို့ ထူးခြား
ဆန်းကြယ်သော ခံစားချက် တစ်မျိုးကို ခံစားနေရသည်။
+

သူ၏ အနားမှ အရှိန်အဝါသည် ကျယ်ပြန့် ကြီးမားလှသော်လည်း လျှို့ဝှက်နက်နဲကာ ထူးခြား ဆန်းကြယ်၍ တိုင်းတာ ဖော်ပြနိုင်စွမ်း မရှိပေ။

ထိုသူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ တည်ထောင်သူ ဖြစ်၍ သေမင်းပင်လယ် အတွင်းမှ ပြန်လာကတည်းက မဟာကမ္ဘာ အတွင်းတွင် သူ့ကိုယ်သူ တစ်ခါမှ မဖော်ပြခဲ့သည့် မဟာဟင်းလင်းပြင် သူတော်စင်ပင် ဖြစ်သည်။

သေမင်းပင်လယ်နှင့် ဝိညာဉ်ပင်လယ် ထံမှ ပြန်လာ အပြီးတွင် မဟာဟင်းလင်းပြင် သူတော်စင်သည် ဟင်းလင်းပြင် အတွင်း၌ ဖြတ်သန်း သွားလာနေခဲ့သည်။ သူသည် ကမ္ဘာအားလုံးတို့တွင် တစ်ချိန်တည်း၌

+

တည်ရှိနေသကဲ့သို့ ဖြစ်နေပြီး နေရာတကာတွင် ရှိနေသကဲ့သို့ ထင်နေရသော်လည်း မည်သည့် နေရာတွင်မှ ရှိမနေဟုလည်း ခံစားနေရသည်။

သူသည် များမကြာမီက ဖိတ်ခေါ်မှု တစ်ခုကို လက်ခံ ရရှိခဲ့ပြီး ယုကျင်းတောင်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

သူ့အား ဖိတ်ကြားခဲ့သော သူမှာ သူ့အရှေ့တွင် သူနှင့် စစ်တုရင် ကစားနေသောသူ ဖြစ်သည်။

ထိုသူသည် ခရမ်းရောင် ဝတ်ရုံကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက် ဖြစ်ပြီး ရှည်လျားသော ဆံပင်များက သူ့ကျောပေါ်တွင် ဝဲကျနေသည်။ သူသည် လင်းဖုန်းမှ လွဲ၍ မည်သူ ဖြစ်နိုင်အံ့နည်း။

+

သူတို့လက်ရှိ ကစားနေသော ကစားပွဲသည် လင်းဖုန်းက ယခုလေးတင် မဟူရာ ပင်လယ်မှ ပြန်ယူလာခဲ့သော တော်ဝင်ကောင်းကင် ဝက်ပါ ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် သူ့အရှေ့မှ စစ်တုရင်ခုံအား ငြိမ်သက်စွာဖြင့် စိုက်ကြည့်နေသည်။ သူ၏ အတွေးများသည် တော်ဝင်ကောင်းကင် ဝက်ပါ အပေါ်၌ အာရုံ စူးစိုက်ထား၍ သူ၏ အသိစိတ်သည် ဤနေရာ အတွင်းမှ စီးထွက်သွားခြင်း မရှိခဲ့ပေ။

သူသည် စစ်တုရင်ခုံအား စိုက်ကြည့်နေရင်း ပွင့်လင်းစွာ မေးလိုက်သည်။ "ခင်ဗျား တပည့်တွေရဲ့ မဟူရာ ပင်လယ် ခရီးက ဘယ်လို အဆုံးသတ်သွားလဲ"

+

လင်းဖုန်းသည် ပြုံးလိုက်ကာ စစ်တုရင်ရုပ် တစ်ခုအား တည်ငြိမ်စွာ ချရင်း အလောတကြီး မဖြစ်သလို တုံ့ဆိုင်းလည်း မနေခဲ့ပဲ ပြန်ဖြေလိုက်သည်။
"ကြွယ်ကေရာဇ်က တိုက်ခိုက်ဖို့ ဆုံးဖြတ်ခဲ့ပြီး ကျုပ်တပည့်တွေက သူ့ကို သေရွာပို့ခဲ့လိုက်တယ်... လူငယ်လေးတွေက အနည်းငယ် လောကြီးပြီး ဂရုမစိုက်တတ်ကြဘူး... ကျေးဇူးပြုပြီးမှ သူတို့ကို ခွင့်လွှတ်လိုက်ပါ"

## စာစဥ် ၇၆ : အပိုင်း ၁၂

## အပိုင်း ၁၄၈၂ : သူ၏ လက်ဖျောက်တစ်ချက် တီးရုံနှင့် ကမ္ဘာကြီးက ပြောင်းသွားသည်

+

လင်းဖုန်း၏ စကားများကို ကြားခဲ့ရသော အခါ မဟာဟင်းလင်းပြင် သူတော်စင်၏ မျက်လုံးများသည် အနည်းငယ် လင်းလက်လာ၍ ကောင်းကင်တော်ဝင် ဝက်ပါမှတဆင့် လင်းဖုန်းအား ကြည့်လိုက်သည်။

လင်းဖုန်း၏ သာမန်အတိုင်း စိတ်လက် ပေါ့ပါးနေသည့် အမူအရာမှ နေ၍ ကွယ်ကေရာဇ်သည် အဖျက်ဆီးခံခဲ့ရချိန်တွင် ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် အသက်ရှင်လျက် ထွက်လာနိုင်ကြသည်ဟု သူက ပြောနိုင်ခဲ့သည်။

သူတို့သည် ကွယ်ကေရာဇ်အား ချောက်နက်အတွင်းသို့ ပို့နိုင်ကြသည့် စွမ်းအားများ ရှိနေကြသဖြင့် မဟာဟင်းလင်းပြင် သူတော်စင် ကိုယ်တိုင်နှင့် သကျမုနိတို့ကိုလည်း ဖျက်ဆီးနိုင်သည်ဟု ဆိုလိုနေခြင်း ဖြစ်သည်။

+

"ခင်ဗျားရဲ့ တပည့်တွေက တကယ်ကိုပဲ ထူးချွန် ပြောင်မြောက်ကြတယ်" မဟာဟင်းလင်းပြင် သူတော်စင်သည် သူ၏ခေါင်းကို ဖွဖွ ခါလိုက်၍ စစ်တုရင်ရုပ် တစ်ခုအား ကောက်ကိုင်လိုက်သည်။ သူသည် အချိန်အတန်ကြာ စဉ်းစားနေပြီးမှ သူ့အား တော်ဝင်ကောင်းကင် ဝက်ပါအပေါ်၌ ချလိုက်သည်။

လင်းဖုန်းသည် သူ၏ အကွက်အား ကိုယ်ပိုင်အကွက်ဖြင့် သာမန်သာ တုံ့ပြန်၍ ပြန်ပြောလိုက်သည်။ "ခင်ဗျားက ကျုပ်တို့ကို မြှောက်နေပါပြီ... မိတ်ဆွေကြီး"

ဤအကွက် အပြီးတွင် မဟာဟင်းလင်းပြင် သူတော်စင်သည် နောက်ထပ် စဉ်းစား ဆင်ခြင်နေရင်း

+

ငြိမ်သက်သွားကာ စစ်တုရင်ခုံအား တိတ်ဆိတ်စွာနှင့် စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းသည် ထရပ်လိုက်၍ သူ၏ အကြည့်သည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာအား ထိုးဖောက်သွားကာ အဆုံးမဲ့ ဟင်းလင်းပြင်ကို ကျော်လွန်သွား၍ မဟာကမ္ဘာ အတွင်းမှ မဟူရာ ပင်လယ် အပေါ်သို့ ကျရောက်သွားသည်။

ထိုနေရာတွင် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား တုန်ခါသွားစေသော မော်ကွန်းဝင် တိုက်ပွဲတစ်ခု ဖြစ်ခဲ့၍ မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတွင် အစွမ်းအထက်ဆုံး ပုဂ္ဂိုလ်များ အနက် တစ်ယောက်ဖြစ်သည့် မိစ္ဆာတစ်ကောင်က အသတ်ဖြတ်ခံခဲ့ရသည်။

+

လင်းဖုန်းက သက်ပြင်းဖွဖွလေး ချလိုက်၍
ကျယ်ပြန့်လှသော ဟင်းလင်းပြင်မှ တဆင့် မဟူရာ
ပင်လယ်ဘက်သို့ ညွှန်ပြလိုက်သည်။

မဟူရာ ပင်လယ်အား လွှမ်းခြုံထားသည့်
ထိုက်ကျိကောင်းကင် ကြယ်စင်ဝင်္ကပါသည် မူလက
ဇူရီ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခြင်း ဖြစ်သော်လည်း
ရုတ်တရက်ပင် သူ့ကိုယ်သူ ပြောင်းပြန် လည်ပတ်လာ၍
ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့အား
ထုတ်လွှတ်လိုက်ပြီး တောက်ပလှသော
ကြယ်အလင်းတန်းများဖြင့် ဝန်းရံထားသည့်
ထိုက်ကျိရုပ်ပုံ တစ်ခု အဖြစ် ပြောင်းသွားကာ မဟူရာ
ပင်လယ် အတွင်းမှ ပျံသန်း ထွက်ခွာလာခဲ့သည်။

+

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည်
စိုက်ကြည့်နေကြရင်း ထိုထိုက်ကျိရုပ်ပုံထံသို့ ရှိသေစွာဖြင့်
တစ်ပြိုင်နက်တည်း ဦးညွှတ်လိုက်ကြသည်။

ထိုက်ကျိကောင်းကင် ကြယ်စင်ဝင်္ကပါသည်
ကောင်းကင်အပေါ်သို့ ဝဲပျံသွား၍
ကောင်းကင်အပေါ်တွင် ထပ်ဖန်တစ်ခါ
ကျယ်ပြန့်လာခဲ့ပြီး ကြယ်စင် စကြာဝဠာ အတွင်း၌
အဆက်မပြတ် လည်ပတ်နေခဲ့သည်။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ ဖြစ်သော
ထိုက်ကျိကြယ်စင် နန်းတော်သည် သူ၏ အလယ်တွင်
ရေးရေးလေး လင်းလက်နေ၍ ထိုနန်းတော်ဘေးတွင်
နောက်ထပ် ကြယ်စင် အလင်းတန်း
စက်လုံးခြောက်ခုတို့က လည်ပတ်နေကြသည်။

+

သူတို့သည် ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့ ဖြစ်ကြသည်။

လင်းဖုန်းသည် သူ၏ လက်များကို သူ၏ ရင်ဘတ်အရှေ့တွင် စုစည်းလိုက်ရာ ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၏ လည်ပတ်မှုက နှေးသွားသည်။ ကောင်းကင်၌ ပျံ့နှံ့နေသော ကြယ်အလင်းတန်းများကလည်း ဤအချိန်တွင် ရပ်တန့်သွားသကဲ့သို့ ဖြစ်ကာ မှေးမှိန်လာကြသည်။

ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် မျက်စိ ကျိန်းလုမတတ် အလင်းရောင်များကို ထုတ်လွှတ်နေကြပြီး ကျယ်ပြန့်လှသော စွမ်းအားများဖြင့် ယခင်ကအတိုင်း ထူးခြား ဆန်းကြယ်နေကြသည်။

+

သူတို့အတွင်းမှ ထွက်လာသော ကြယ်စင်များ၏ ကြီးမားလှသော စွမ်းအားအား ယခင်က တစ်ခါမှ မတွေ့ကြုံဖူးပေ။

ပုံမှန်အချိန်တွင် မည်သည့် နေရာတွင်မှ မမြင်ရသော ကြယ်စင်အုတ်ဂူသည် ကြယ်စင်ပင်လယ် အတွင်းတွင် သူ့ကိုယ်သူ ရုတ်တရက် ဖော်ပြလိုက်သည်။ ကြယ်စင်ပင်လယ် တစ်ခုလုံးသည် ကြယ်စင်အုတ်ဂူအား အလယ်တွင် ထားကာ ပြင်းထန်လှသော ကြယ်စင်ပင်လယ် ပေါက်ကွဲမှုကို ဖြစ်ပေါ်စေခဲ့သည်။

ဤပေါက်ကွဲမှုသည် လင်းဖုန်းနှင့် ကျန်သောသူများ လွန်ခဲ့သော နှစ်များက ကြယ်စင်ပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့သည့် အချိန်တွင် ကြုံတွေ့ခဲ့ရသော ပေါက်ကွဲမှုထက် များစွာပို၍ ပြင်းထန်သည်။

+

ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည်
အဆက်မပြတ် တုန်ခါနေကြ၍ လမ်းကြောင်း
ခြောက်ခုတို့သည် တွန့်လိမ်ကုန်ကာ အချိန်မရွေး
ကျိုးပျက်တော့မည့်ကဲ့သို့ ဖြစ်သွားသည်။

ဤကပ်ဘေးသည် ကြယ်စင်ပင်လယ်၏ ထောင့်တိုင်းသို့
ရောက်သွားကြပြီး ကမ္ဘာအကြားမှ နယ်နိမိတ်ကိုပါ
တုန်ခါစေခဲ့သည်။

မဟာကမ္ဘာ အတွင်းမှ လူတိုင်းသည် ကောင်းကင်ပေါ်သို့
အံ့သြ တုန်လှုပ်စွာ စိုက်ကြည့်နေကြသည်။
နေ့ခင်းကြောင်တောင် ဖြစ်နေသော်လည်း
ကောင်းကင်သည် မှောင်မည်း မှေးမှိန်လာ၍ နေမင်းက
ဖုံးကွယ်သွားကာ ညအချိန်၌သာ တွေ့ရသော

+

ကြယ်အလင်းတန်းများသည် ဤအချိန်တွင် တောက်ပလာခဲ့သည်။

အားလုံးတို့က သူတို့ တစ်သက်တာတွင် မမေ့နိုင်တော့မည့် မြင်ကွင်းတစ်ခုက သူတို့အရှေ့တွင် ပေါ်လာခဲ့သည်။ ကျယ်ပြန့်လှသည့် စကြာဝဠာ အတွင်းတွင် ကြယ်များစွာတို့ ကြွေကျလာ၍ တစ်ယောက်ကမှ ဤမျှအထိ ကြီးကျယ်သော မြင်ကွင်းကု တစ်ခါမှ မမြင်ဖူးခဲ့ကြပေ။

ဤကြယ်ကြွေမှုသည် မှောင်မည်းနေသော စကြာဝဠာ၏ ထောင့်အားလုံးတို့ကို ပျံ့နှံ့သွား၍ အားလုံးတို့၏ မျက်လုံးများ အတွင်းသို့ ကျဆင်းလာကြသည်။

+

ကြည့်နေကြသော သူများသည် သူတို့၏ ကိုယ်ပိုင် မော်ကွန်းတိုက်များမှ မှတ်တမ်းများကို ယူကြည့်ခဲ့ကြရာ မူလကောင်းကင် ကမ္ဘာ သမိုင်းတွင် ဤမျှအထိ ကြီးမားလှသော ကြယ်ကြွေမှုက တစ်ခါသာ ပေါ်ဖူးသည်ကို တွေ့ခဲ့လိုက်သည်။ ထိုအချိန်သည် ရှေးဟောင်းခေတ်၏ အဆုံးသတ်နှင့် အလယ်ခေတ်၏ အစတွင် ဖြစ်သည်။

ထိုအဖြစ်အပျက်သည် ကြယ်စင်ပင်လယ်မှ အစပြုခဲ့ခြင်း ဖြစ်သည်။ ကြယ်စင်ပင်လယ်နှင့် မဟာကမ္ဘာ၏ ဆက်သွယ်မှုသည် အစပေါင်း များစွာအဖြစ် ကွဲပျက်သွားကာ ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည့် အချိန်၌ ဖြစ်သည်။

ဤမြင်ကွင်းဟောင်းသည် ယနေ့တွင် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့၍ သမိုင်းအတွင်းတွင်

+

မှတ်တမ်းတင်ထားခဲ့သည့်ထက်ပင် ပို၍ ကြီးကျယ်ခမ်းနားနေသည်ဟု ထင်နေရသည်။

အားလုံးတို့သည် ဤသတင်း အချက်အလက်ကို ပြန်လည် စဥ်းစားခဲ့ကြသော အခါ နောက်ထပ်ဘာဖြစ်လာမည်ကို အာရုံရနိုင်သကဲ့သို့ ဖြစ်သွားကြသည်။

ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် ထိုက်ကျိုကောင်းကင် ကြယ်စင်ဝင်္ကပါ အတွင်းမှ ထိုးထွက်လာကြ၍ အတူတကွ စုစည်းသွားကာ တောက်ပသော ကြယ်အလင်းတန်း အဖြစ်သို့ ပေါက်ကွဲသွားကြသည်။

+

ရောမ ဝင်ပေါက် ခြောက်ခုတို့သည် မူလ အသွင်သဏ္ဌာန်မှ နေ၍ ရောမ အလင်းတန်း စက်လုံး ခြောက်ခုတို့ အဖြစ် အသွင် ပြောင်းသွားကြသည်။

ဤအလင်းတန်း စက်လုံးများသည် အတူတကွ စုစည်းလာ၍ သူတို့၏ အလင်းရောင်များသည် အနည်းငယ် လျှော့နည်းသွားသကဲ့သို့ ဖြစ်နေပြီး စကြာဝဠာ တစ်ခုလုံးမှ ကြယ်အလင်းတန်းများကလည်း သူတို့နှင့် အတူ မှေးမှိန်သွားခဲ့ကြသည်။

ခဏအကြာတွင် ဘက်ပေါင်းစုံမှနေ၍ လှိုင်းဂယက်များ ရိုက်ခတ်လာ၍ အနီးကပ် ကြည့်လိုက်လျှင် ထိုလှိုင်းဂယက်တိုင်းသည် ကြိုတင် သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း လည်ပတ်နေကြသည့် ကြယ်တစ်လုံးစီနှင့် တူနေကြသည်။

+

ဤလှိုင်းဂယက်များ၏ အလယ်တွင် တောက်ပလှသော အလင်းတန်းများသည် ထပ်ဖန်တစ်ခါ လင်းလက်လာ၍ ချက်ချင်း ဆိုသလိုပင် ငြိမ်းသွားခဲ့ကာ သူ့နေရာတွင် ကမ္ဘာအကြားမှ နယ်နိမိတ် တစ်ခု၏ ဝင်ပေါက်တစ်ခု ပေါ်လာခဲ့ပြီး ထိုဝင်ပေါက်သည် တံခါးတစ်ခုနှင့် တူနေခဲ့သည်။

ထိုတံခါးမှ တဆင့် နယ်နိမိတ် လမ်းကြောင်း၏ အလွန်တွင် ကြယ်စင်ပင်လယ်၏ မှင်သက် ရှုမောဖွယ်ရာ အလှတရားများကို မြင်နိုင်ခဲ့သည်။

ကြယ်စင်ပင်လယ် ပေါက်ကွဲမှုသည် မငြိမ်သက်နေသေးပဲ ခက်ထန် ကြမ်းတမ်းသော ကြယ်အလင်းတန်းများသည် တရဟော စီးဆင်းနေသော မိုးရေများကဲ့သို့

+

ထိုးတက်လာကြကာ ယခင် မြင်နေကျနှင့် လုံးဝ ကွဲပြားလွန်းသဖြင့် ဤမြင်ကွင်းသည် ငရဲကမ္ဘာ ပင်လယ်နှင့် ဟင်းလင်းပြင် ပင်လယ်တို့နှင့်ပင် ဆင်တူနေခဲ့သည်။

ဤတံခါး အနီးတွင် ဒိုင်မန်းရှင်း စွမ်းအားများကို မြင်နိုင်ခဲ့၍ သူသည် အနီးမှ ဟင်းလင်းပြင် အတွင်းတွင် အဖြူရောင် အလင်းတန်းများဖြင့် လင်းလက်နေသည့် အက်ကွဲကြောင်း တစ်ခုကို ဖွင့်လှစ်ခဲ့သည်။

အားလုံးတို့ ခန့်မှန်းခဲ့ကြသည့် အတိုင်း ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုတို့သည် ယနေ့တွင် ဖြစ်တည်မှု တစ်ခုတည်း အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။

+

အလယ်ခေတ် အတွင်းမှ ကြယ်စင်ပင်လယ် အတွင်းသို့ ဝင်နိုင်သည့် တစ်ခုတည်းသော လမ်းကြောင်းသည် ကမ္ဘာအတွင်းတွင် ပြန်ပေါ်လာကာ အချိန်ကာလသည် ရုတ်တရက် နောက်ပြန် စီးဆင်းသွားခဲ့သကဲ့သို့ ခံစားနေရသည်။

ဤအရာသည် မူလ ကြယ်စင်ပင်လယ် ဝင်ပေါက် ခြောက်ခုနှင့် မတူပေ။ လက်ရှိ ကမ္ဘာအကြားမှ နယ်နိမိတ်သည် ကောင်းကင်အတွင်းမှ နေရာတစ်ခုတွင် အတည်တကျ ဖြစ်သွားတော့မည်ဟု ထင်နေရ၍ သူ့ဘေးမှ ဟင်းလင်းပြင်ကလည်း တုန်ခါနေခဲ့သည်။

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှ စောင့်ကြည့်နေရင်း ပြုံးလိုက်သည်။ သူ၏ လက်ဝါးများအား သူ့ရင်ဘတ် အရှေ့မှ ဖယ်လိုက်၍

+

သူ၏ ညာလက်ဖြင့် အဝေးတစ်နေရာသို့ ထပ်ဖန်တစ်ခါ ညွှန်ပြလိုက်သည်။

တုန်ခါနေသော ကမ္ဘာနှစ်ခု အကြားမှ လမ်းကြောင်းသည် ထပ်ဖန်တစ်ခါ ပြောင်းလဲသွား၍ ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် အဆက်မပြတ် တွန့်လိမ်နေခဲ့သည်။

ခရမ်းရောင် စွမ်းအင်တန်းများသည် မြင်ကွင်းအတွင်းသို့ ဝင်လာကာ ကောင်းကင်ပေါ်တွင် ဝိုးတဝါး ပေါ်လာပြီးမှ စကြာဝဠာ အတွင်းသို့ ကျယ်ပြန့်သွားကာ ကြယ်စင်ပင်လယ် အတွင်းသို့ ဝင်သွားသည့် ကမ္ဘာနှစ်ခု အကြားမှ လမ်းကြောင်းနှင့် ပေါင်းစည်းသွားခဲ့သည်။

+

ကျယ်ပြန့်လှသော ကြယ်အလင်းတန်းနှင့် ခရမ်းရောင် စွမ်းအင်များသည် အတူတကွ ပူးပေါင်းသွား၍ အစိုင်အခဲ အဖြစ် ဖြည်းဖြည်းချင်း ပြောင်းသွားကာ ဝင်ပေါက်အား လွှမ်းခြုံထားပြီး တကယ့် တံခါးအစစ် တစ်ခုနှင့် တူနေသည့် တစ်စုံတစ်ခု အဖြစ်သို့ ပြောင်းသွားသည်။

ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများသည် ဤရောမ တံခါးအပေါ်တွင် လင်းလက်နေ၍ လှပသော ရုပ်ပုံများ အဖြစ် လေဟာနယ်အချိန်ကာလ အပေါ်သို့၊ မဟာကမ္ဘာ အပေါ်သို့၊ ကြယ်စင်ပင်လယ် အပေါ်သို့ ထာဝရ ခတ်နှိပ်ခြင်း ခံခဲ့ရလေသည်။

တံခါးသည် နှစ်ဘက်စလုံး ပွင့်နေ၍ နောက်ဆုံး ပုံစံကို ယူလိုက်ပြီးသော အချိန်မှ ဘန်းကနဲ ပိတ်သွားခဲ့သည်။

+

တံခါး တစ်ဘက်စီတွင် ထိုက်ကျိုယင်ယန် တစ်ဝက်စီ
ရှိနေ၍ မဟာတံခါးက ပိတ်သွားသော အခါ
ထိုနှစ်ပိုင်းတို့သည် တစ်ခုတည်း အဖြစ်
ပေါင်းစည်းသွားပြီး တံခါးအလယ်တွင် ကြီးမားလှသော
ထိုက်ကျိုရုပ်ပုံ တစ်ခု ပေါ်လာခဲ့သည်။

တံခါး ပိတ်သွားသော အခါ ထိုက်ကျိုရုပ်ပုံသည် စတင်၍
လည်ပတ်လာကာ အမတန်မှ လျှို့ဝှက်
နက်နဲနေသည်ဟု ထင်နေရသည်။

မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ထူးခြားကာ
တစ်ခါမှ မကြုံဖူးသေးသော ကြယ်စင်ပင်လယ်
ဝင်ပေါက်တစ်ခု ပေါ်လာခဲ့သည်။

+

ကြယ်အလင်းတန်းများဖြင့် လင်းလက်နေသော
ခရမ်းရောင် တံခါးသည် နောက်ဆုံးတွင်
တည်ငြိမ်လာခဲ့ပြီး သူ့အောက်မှ ထိုက်ကျိုကောင်းကင်
ကြယ်စင်ဝင်္ကပါ အတွင်းသို့ ကျဆင်းလာခဲ့သည်။

ကြယ်စင်ပင်လယ် ဝင်ပေါက်သည်
ပျောက်ကွယ်သွားကာ ထိုက်ကျိုကောင်းကင်
ကြယ်စင်ဝင်္ကပါသည် တုန်ခါလာ၍ အသက်ဝင်လာပြီး
ကြယ်အလင်းတန်းများက ကောင်းကင်ပေါ်သို့
ထပ်ဖန်တစ်ခါ ပျံ့နှံ့သွားကြသည်။ သူတို့သည်
နောက်ဆုံးတွင် ရှုပ်ထွေးသော ဝင်္ကပါပုံစံများ အဖြစ်သို့
ပြောင်းသွားကာ ကောင်းကင်ပေါ်မှ ကြယ်စင်များ၏
လျှို့ဝှက် ဆန်းကြယ်မှုများကို ဖော်ပြနေကြသည်။

+

မဟာဝက်ပါ အတွင်းတွင် ပေါ်လာခဲ့သော စကြာဝဠာသည် အားလုံးတို့အား အံ့သြ ချီးကျူးစေခဲ့သည်။

ဝက်ပါ၏ ဗဟိုချက် အဖြစ် အသုံးပြုထားသော ထိုက်ကျိုကြယ်စင် နန်းတော်သည် ဤအချိန်တွင် ဝက်ပါအတွင်းမှ ပျံသန်း ထွက်ပေါ်လာ၍ ရှောင်ယန်၏ လက်အတွင်းသို့ ကျရောက်သွားခဲ့သည်။

လင်းဖုန်းသည် ဖွဖွလေး ပုတ်လိုက်ရာ ဤရောမ ဝက်ပါသည် သေးငယ်သော အလင်းစက်လုံးလေး အဖြစ်သို့ ပြောင်းသွားပြီး ဟင်းလင်းပြင်အား ချိုးဖောက်သွားကာ ပါးလျသော လေထုအတွင်းသို့ ပျောက်ကွယ်သွားသည်။

+

ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါ ပြန်ပေါ်လာသော
အခါ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တောင်တံခါး
ရှိနေသော ခွန်းလွန်တောင်ခြေ မြောက်ပိုင်းရှိ
ယွင်တောင်ထိပ် ကြေးမုံရေအိုင် အပေါ်မှ
ကောင်းကင်ပေါ်မှ တောင်သို့ ရောက်နေခဲ့သည်။

ဤရောမ ဝက်ပါသည် ကောင်းကင်ပေါ်မှ
ကျဆင်းလာသော အခါ ယွင်တောင်ထိပ် ကြေးမုံရေကန်
တစ်ခုလုံးအား လွှမ်းခြုံသွားပြီးနောက် တစ်ခါမှ
မပေါ်လာဖူးသကဲ့သို့ ကွယ်ပျောက်သွားသည်။

သို့သော်လည်း ကောင်းကင်ပေါ်မှတောင်၏ အပေါ်မှ
မူလ အခြေအနေသို့ ပြန်ပြောင်းသွားသော အပြာရောင်
ကောင်းကင်သည် ဤအချိန်တွင် ကွဲဟသွား၍ အပေါ်မှ
မည်းနက်နေသော စကြာဝဠာကို ဖော်ပြခဲ့သည်။

+

သူ့အတွင်း၌ မရေမတွက်နိုင်သော ကြယ်များက အဆက်မပြတ် တောက်ပလျက် ရှိကြသည်။

မဟာကမ္ဘာ အတွင်းမှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တောင်တံခါးသည် ထာဝရ ထင်ကျန်နေမည့် ဒဏ္ဍာရီ မြင်ကွင်းတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

တောင်အပေါ်မှ ဟင်းလင်းပြင်သည် အပေါ်မှ စကြာဝဠာနှင့် ကြယ်စင်များကို ရောင်ပြန်ဟပ်နေသကဲ့သို့ ဖြစ်နေပြီး နွေမိုးဆောင်းဟူ၍ မရှိပဲ၊ နေ့နှင့်ည မရှိပဲ၊ အလင်းနှင့် အမှောင်တို့ မရှိပဲ အရာအားလုံးတို့သည် ဤအတိုင်းပင် မပြောင်းမလဲ တည်ရှိနေကြသည်။

+

အားလုံးတို့သည် ဤအရာက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ တောင်အကာအကွယ်
ဝက်ပါဖြစ်၍ ဤမြင်ကွင်းသည် ထိုက်ကျိကောင်းကင်
ကြယ်စင်ဝက်ပါအား ကိုယ်စားပြုနေသည်ဟု
သိနေကြသည်။ သူသည် သာမန်အချိန်တွင် ဆွဲဆောင်မှု
အားကောင်းကာ ဝင့်ဝင့်ဝါဝါ ရှိနေသော်လည်း
အပြင်လူများက ကျူးကျော် ဝင်ရောက်လာသည်နှင့်
ဝက်ပါက လည်ပတ်လာမည် ဖြစ်သည်။

သူသည် အရောင်အဆင်း ကင်းမဲ့သော ထိုက်ကျိအား
ဆင့်ခေါ်ခဲ့မည် ဖြစ်ကာ ကြယ်စင်ပင်လယ်၏
ကျယ်ပြန့်လှသော စွမ်းအားများကို ဆွဲယူလိမ့်မည်
ဖြစ်သည်။ သူသည် ကမ္ဘာတစ်ခုလုံးတွင်
အစွမ်းအထက်ဆုံး မှော်ဝက်ပါ တစ်ခုဖြစ်သည်မှာ
အငြင်းပွားဖွယ် မရှိချေ။

+

ကျန်သောသူများအား ကြောက်ရွံ့ တုန်လှုပ်စေခဲ့သည့်
အချက်မှာ ဤဝက်ပါသည့် ယခင်ကကဲ့သို့
ရွေ့လျားနိုင်ကာ အခြားနေရာများသို့
ရွှေ့ပြောင်းနိုင်ခြင်းပင် ဖြစ်သည်။

ကြယ်စင်ပင်လယ်သို့ သွားသည့် လမ်းကြောင်းကလည်း
ဤနေရာတွင် ရှိနေခြင်း ဖြစ်သည်။

နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေ
အတွင်းမှ အားလုံးတို့၏ နှလုံးသားများသည် ဤအချိန်၌
တုန်ခါနေခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရှောင်ယန်နှင့်
ကျန်သောသူများသည် ရှမ်ဆန်းအား နှိမ်နင်းခဲ့ကြပြီး၍
ဤဖြစ်စဥ်အား ကောင်းစွာ မသုံးသပ်နိုင်သေးခင်တွင်

+

နောက်ထပ် ကြီးမားသော ဖြစ်စဥ်တစ်ခုက အားလုံးတို့၏ မျက်စိရှေ့တွင် ပေါ်ပေါက်လာခဲ့သည်။

အားလုံးတို့အား ပို၍ စိတ်လှုပ်ရှားစေသည့် အချက်မှာ မယုံနိုင်စရာ ဤစွမ်းဆောင်ချက်များကို ပြုလုပ်နေခဲ့သူသည် သူကိုယ်တိုင်က ဒဏ္ဍာရီ ဖြစ်နေခြင်း ဖြစ်သည်။ ထိုသူသည် ကမ္ဘာအတွင်းမှ ပျောက်ကွယ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာနေပြီ ဖြစ်သော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် လင်းဖုန်း ဖြစ်သည်။

လင်းဖုန်းသည် ယခင်မျိုးဆက်များအတွက် ပို၍ အကျွမ်းတဝင် ရှိနေသည်။

+

ဝိညာဥ်ပင်လယ် ပြိုင်ပွဲအပြီးတွင် မွေးဖွားလာသော လူငယ်မျိုးဆက်များ အနေဖြင့် လင်းဖုန်းသည် ဒဏ္ဍာရီ တစ်ပါး ဖြစ်နေ၍ နတ်ဒေဝါအလား ဖြစ်နေခဲ့သည်။

သူတို့သည် ဤအချိန်၌ သူ၏ ယုံကြည်ရန် ခက်ခဲသော စွမ်းအားများကို မြင်တွေ့ခဲ့ရကာ ရှောင်ယန်နှင့် ကျန်သောသူများက ကြွယ်ကေရာဇ်အား အနိုင်ယူခဲ့သည်နှင့် အလားတူ အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ယနေ့သည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးက တစ်သက်လုံး အမှတ်ရနေမည့် တစ်ခါမှ မကြုံဖူးသေးသော နေ့တစ်နေ့ ဖြစ်သည်။

+

လင်းဖုန်းသည် ကြယ်စင်ပင်လယ် တံခါးအား ပြန်လည် ဖွဲ့စည်းပြီးသွား၍ ထိုက်ကျိုကောင်းကင် ကြယ်စင်ဝက်ပါအား အခြေချပြီးသွားသော အခါ ပြုံးလိုက်သည်။ သူသည် မဟာကမ္ဘာအား ငုံ့ကြည့်လိုက်ရာ သူ့အရှေ့တွင် အစက်တစ်စက် ပေါ်လာသည်။ ထိုအစက်သည် စကြာဝဠာ တစ်ခုလုံး၏ အရာအားလုံးတို့ကို လွှမ်းခြုံနေသကဲ့သို့ ခန့်မှန်း၍ မရပဲ ဖော်ပြနိုင်စွမ်း မရှိပေ။

လင်းဖုန်း၏ တာအိုသစ်သီးသည် သူ၏အရှေ့တွင် လွင့်မျောနေကာ မဟာကမ္ဘာသို့ စိုက်ကြည့်နေသော လင်းဖုန်း၏ မျက်လုံးများသည် စတင် ပြောင်းလဲလာသည်။

သူ၏ ဘယ်မျက်လုံးတွင် မဟာလွင်တီးခေါင် ကုန်းမြေ၏ မိစ္ဆာကမ္ဘာနှင့် သူ့အတွင်းမှ အဖြစ်အပျက်များ ပေါ်လာ၍

+

နတ်ဘုရား နယ်မြေနှင့် လူသားကမ္ဘာတို့၏ တိုးတက်
လာမှုနှင့် ခမ်းနား ကြီးကျယ်သော လူမှု
အဖွဲ့အစည်းများသည် သူ၏ ညာမျက်လုံးတွင်
ပေါ်လာခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် သူ၏ လက်ဝါးအစုံအား သူ၏
တာအိုသစ်သီး အနားတွင် အတူတကွ
စုစည်းလိုက်သည်။

မဟာကမ္ဘာ တစ်ခုလုံးသည် စတင်၍ တုန်ခါလာခဲ့သည်။

မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား
နယ်မြေတို့သည် ကမ္ဘာကြီး ကိုယ်တိုင်က
လှုပ်ရှားလာသကဲ့သို့ တစ်ပြိုင်နက်တည်း စတင်၍
တုန်ခါလာခဲ့သည်။

+

နတ်ဘုရား နယ်မြေ၏ တောင်ပိုင်း တောရိုင်းဒေသနှင့် အရှေ့ပင်လယ် အပေါ်ရှိ ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ်တို့သည် စတင်၍ တွန့်လိမ် ပြောင်းလဲလာသည်။

မဟာကမ္ဘာ၏ အလွှာနှစ်လွှာ အပေါ်မှ အဆုံးမဲ့ ဟင်းလင်းပြင် လေဟာနယ်သည် ကျယ်ပြန့်သော အဖြူရောင် အလင်းတန်း အကွက်များစွာတို့ဖြင့် လင်းလက်လာ၍ ကောင်းကင်နှင့် မြေကြီးတို့သည် ကွဲပျက်သွားတော့မည်ဟု ထင်နေရသည်။

ကြယ်စင်များသည် စကြာဝဠာ အပေါ်ဘက်၌ လင်းလက်နေ၍ အရာအားလုံးတို့သည် ဤအချိန်၌ ရပ်တန့်သွားသကဲ့သို့ ဖြစ်သွားသည်။

+

မဟာကမ္ဘာနှင့် ဆက်စပ်နေကာ နေရာတကာ၌
ရှိနေသလို ဖြစ်နေသော်လည်း မည်သည့်နေရာတွင်မှ
မရှာနိုင်သော ဝိညာဉ်ပင်လယ်နှင့်
သေမင်းပင်လယ်တို့သည် ပြင်းထန်သော
လှိုင်းလုံးများဖြင့် ဒေါသူပုန် ထလာခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည်
တော်ဝင်ကောင်းကင် ဝင်္ကပါ ဘေးတွင်သာ ရှိနေသေးပြီး
သူသည် ကမ္ဘာအတွင်းမှ အခြား မည်သည့်အရာများကိုမှ
ဂရုမစိုက်သည့် ပုံစံဖြင့် သူ၏ မျက်လုံးများသည်
စစ်တုရင်ခုံ အပေါ်၌သာ အာရုံစိုက်နေခဲ့သည်။

ဤအချိန်တွင် သူသည် သက်ပြင်းဖွဖွလေး တစ်ခုကို
ချလိုက်ကာ သူ၏ လက်များအတွင်းမှ စစ်တုရင်ရုပ်အား

+

စစ်တုရင်ခုံ အပေါ်သို့ မချခဲ့တော့ပေ။ သူသည် သူ၏ခေါင်းကို ခါလိုက်ကာ ထိုအရုပ်အား အဝေးသို့သာ လွင့်ပစ်ခဲ့သည်။

## စာစဥ် ၇၆ : အပိုင်း ၁၃

## အပိုင်း ၁၄၈၃ : အသစ်စက်စက် ခေတ်သစ်တစ်ခု

ကြယ်စင်ပင်လယ် ဝင်ပေါက်အား ပြန်လည် ဖွဲ့စည်းခဲ့သော အချိန်တွင် စကြာဝဠာနှင့် ကြယ်စင်များသည် ကစဥ့်ကလျား ဖြစ်သွားကြကာ ကြယ်ကြွေမှုများသည် လွင်တီးခေါင် စကြာဝဠာ တစ်ခုလုံးအား ဖျက်ဆီးခဲ့၍ ဟင်းလင်းပြင် အတွင်းရှိ ကမ္ဘာအားလုံးတို့ အပေါ်၌ အကျိုးသက်ရောက်မှု ရှိခဲ့သည်။

+

ဤအချိန်တွင် မဟာကမ္ဘာ တစ်ခုလုံးက
တုန်ခါသွားသော်လည်း စကြာဝဠာနှင့်
မရေမတွက်နိုင်သော ကြယ်စင်များက ပြန်လည်
တည်ငြိမ်လာခဲ့သည်။

ဤအရာသည် အကြွင်းမဲ့ ငြိမ်သက် အေးချမ်းမှု
ဖြစ်သည်။ ကောင်းကင်အတွင်းမှ ကြယ်များသည်
ဤအချိန်၌ ရွေ့လျားနေခြင်း မရှိတော့ပဲ
အရာအားလုံးတို့က ရပ်တန့်သွားကြပြီး
ကြယ်အလင်းတန်း များကလည်း မှေးမှိန်
လွင့်ပြယ်ကုန်ကြသည်။

ကောင်းကင်အတွင်းမှ ကြယ်များ၏ သဘာဝ
လှုပ်ရှားမှုများသည် အလွန်ကြီးမားသော စွမ်းအားများကို

+

သယ်ဆောင်ထားသဖြင့် သူ့အား ရွှေ့လျားစေရန် လုပ်ဆောင်ရခြင်းသည် မစွမ်းဆောင်နိုင်လောက်သော တာဝန်တစ်ခု ဖြစ်သည်။

သို့သော်လည်း ဤအချိန်၌ ကြယ်စင် တစ်ခုချင်းသည် အေးခဲသွားသကဲ့သို့ ဖြစ်နေပြီး ဤကဲ့သို့ ရွှေ့လျားမှု မရှိခြင်းနှင့် သူမှ ထွက်လာသော စွမ်းအားများသည် သူတို့အား ရွှေ့လျားအောင် ပြုလုပ်ရခြင်းထက်ပင် အဆပေါင်းများစွာ ပို၍ ကြောက်မက်ဖွယ် ကောင်းသည်။

လင်းဖုန်းသည် နောက်ကွယ်မှနေ၍ သူ၏ လက်ဝါးအစုံကို စုစည်းလိုက်သည်နှင့် နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့သည် အဆက်မပြတ် တုန်ခါနေရင်း စတင်၍ တွန့်လိမ် ပြောင်းလဲလာခဲ့သည်။

+

မဟာကမ္ဘာ အတွင်းမှ အားလုံးတို့သည် ပြင်းထန်သော
ကြောက်ရွံ့မှုများဖြင့် စောင့်ကြည့်နေကြပြီး
ကမ္ဘာတစ်ခုလုံးသည် သူ့ကိုယ်သူ လည်ပတ်နေခဲ့သကဲ့သို့
ပြောင်းလဲနေခဲ့သည်။

ကောင်းကင်သည် ကောင်းကင် မဟုတ်တော့ပဲ
မြေပြင်သည် မြေပြင် မဟုတ်နေတော့ပေ။
သမုဒ္ဒရာများက ကွဲဟ ကျိုးပျက်သွားကြကာ နေမင်းနှင့်
ကြယ်စင်များက ပျောက်ကွယ်သွားကြသည်။
ပြင်းထန်လှသော လေပြင်းများ စတင်၍ အစပြုလာကာ
သန်းနှင့်ချီသော လေဆင်နှာမောင်းများက
ကမ္ဘာတစ်လျှောက် တိုက်ခတ်နေကြသည်။

+

အဖြူရောင် အလင်းတန်းများသည် ကမ္ဘာ တစ်ခုလုံးကို လွှမ်းခြုံထား၍ အပေါ်မှ ဟင်းလင်းပြင်ကို ပြည့်သွားစေခဲ့သည်။ ဒိုင်မန်းရှင်း စွမ်းအားများသည် သိပ်သည်းလွန်းလှသဖြင့် တစ်ယောက်ကမှ ယခင်က တစ်ခါမှ မမြင်ဖူးခဲ့ကြပေ။

ဤမြင်ကွင်းသည် ကမ္ဘာ၏ အဆုံးသတ်နှင့် ဆင်တူနေကာ ကမ္ဘာပျက်ခြင်းသည် အရာအားလုံးတို့အား စားသုံးသွားခဲ့မည် ဖြစ်သည်။ သို့သော်လည်း ကမ္ဘာအတွင်းတွင် နေထိုင်နေကြသော သက်ရှိ အားလုံးတို့သည် ကောင်းမွန်နေကြကာ တစ်ယောက်ကမှ ဘာမှ မဖြစ်ခဲ့ကြပေ။

ယုကျင်းတောင်ထိပ်မှ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းတွင် မဟာဟင်းလင်းပြင် သူတော်စင်သည် သူ၏ စစ်တုရင်ရုပ်အား လွှင့်ပစ်လိုက်

+

အပြီးတွင် တော်ဝင်ကောင်းကင် ဝင်္ကပါအတွင်းမှ ထွက်လာ၍ လင်းဖုန်းဘေးသို့ ရောက်လာ၍ ဖြစ်ပျက်နေသမျှကို တိတ်ဆိတ်စွာဖြင့်ပင် ကြည့်နေခဲ့သည်။

နတ်ဘုရား နယ်မြေ အတွင်းရှိ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ အတွင်းတွင် သကျမုနိသည် မိုးထိုးနေသော စေတီအတွင်းမှ ထရပ်လိုက်၍ ကမ္ဘာအတွင်းတွင် ဖြစ်ပျက်နေသော ပြောင်းလဲမှုများကို စောင့်ကြည့်နေခဲ့သည်။ သူသည် သူ၏ခေါင်းကို တစ်ချက်ခါလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်ကာ စေတီအပေါ်တွင် ထပ်ဖန်တစ်ခါ ထိုင်ချလိုက်သည်။

ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအတွင်းတွင် ကျယ်လောင်သော အသံများကို ကြားနေရပြီး သကျမုနိသည် သူ၏ မျက်လုံးများကို ပိတ်လိုက်ကာ မဟာကမ္ဘာ အပေါ်တွင်

+

အာရုံစိုက်နေခြင်း မရှိတော့ပေ။ ထို့အစား သူသည် ဗုဒ္ဓကျမ်းစာများအား ပိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာအတွင်းရှိ မရေမတွက်နိုင်သော ရဟန်းများအား သင်ကြားပေးနေခဲ့သည်။

ရှောင်ယန်နှင့် ကျန်သောသူများသည် မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းရှိ မဟူရာ ပင်လယ် အပြင်၌သာ ရှိနေသေးသည်။ သူတို့သည် သူတို့အနားမှ အံ့ဖွယ် ဖြစ်ရပ်များကို မြင်ခဲ့ရသော အခါ အမူအရာ အနည်းငယ် ပြောင်းသွားခဲ့၍ လေးနက်စွာ စိုက်ကြည့်နေခဲ့ကြသည်။

အကယ်၍ ကြိုတင် မတွက်ဆနိုင်သော ကိစ္စများ မဖြစ်ခဲ့ပါက ဤအရာသည် ဘဝအတွင်း၌ ကြုံတွေ့နိုင်သည့် တစ်ခုတည်းသော အခွင့်အရေးပင် ဖြစ်ပေလိမ့်မည်။

+

မဟာကမ္ဘာ အတွင်းမှ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များသည် နီးကပ်စွာ ဆက်သွယ်ထားသည့် ဝိညာဥ်ပင်လယ် အတွင်းတွင် လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေခဲ့သည်။ အလင်းတန်း များစွာတို့သည် ဒိုင်မန်းရှင်း နယ်နိမိတ်များ အကြားမှ ဖောက်ထွက်လာကာ ပြောင်းလဲနေသော မဟာကမ္ဘာ အပေါ်သို့ ကျလာခဲ့သည်။

အလင်းတန်းများသည် ကမ္ဘာကြီးအား လွှမ်းခြုံနေသည့် အဖြူရောင် အလင်းတန်းများနှင့် ယှက်သန်းနေကြကာ အလင်းစက်များ အဖြစ်သို့ ဖြည်းဖြည်းချင်း လွင့်ပြယ်သွား၍ လျင်မြန်စွာဖြင့် အလင်းတန်းများ အဖြစ် ပြန်လည် အသွင်ပြောင်းသွားကြသည်။

+

သူတို့သည် ကျိုးပျက်သွား၍ ပြန်လည် ဖွဲ့စည်းနေခဲ့ကာ ဤသံသရာက ဆက်လည်နေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ လူတိုင်းသည် ထူးခြား ဆန်းကြယ်သော ဤအဖြစ်များကို စောင့်ကြည့်နေကြရင်း ကောင်းကင်နှင့် မြေကြီးတို့၏ မဟာတာအိုများကို လေးနက်စွာဖြင့် လေ့လာနေကြကာ သူတို့ သင်ယူထားသည်နှင့် သူတို့ မြင်နေရသည့် အရာများကို တိုက်ဆိုင်နေခဲ့ကြသည်။

ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့သည် အထူး လေးနက်နေကြကာ သူတို့၏ မျက်လုံးများသည် အမတန်မှ အာရုံစိုက်နေကြသည့် ပုံများ ပေါက်နေကြသည်။ ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့သည် ဤအရာကို မြင်လိုက်ရသော အခါ တစ်ပြိုင်နက်တည်း စတင်၍ ပြုံးလိုက်ကြသည်။

+

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ လူများအပြင် မဟာကမ္ဘာ အတွင်းမှ ကျင့်ကြံသူများ အားလုံးတို့ကလည်း ဘာဖြစ်နေခဲ့သည်ကို စတင်၍ သဘောပေါက်လာကြသည်။

အားလုံးတို့သည် သူတို့၏ စွမ်းအားများကို စတင်၍ စုစည်းကာ တစ်သက်တွင် တစ်ခါသာ ကြုံနိုင်သည့် ဤအဖြစ်အပျက်အား ကြိုဆို၍ လေ့လာ သင်ယူနေခဲ့သည်။

ကမ္ဘာဦးခေတ်အား အဆုံးသတ်စေခဲ့သည့် မော်ကွန်းဝင် တိုက်ပွဲ အတွင်းတွင် ရှမ်ဆန်း၊ မဟာဟင်းလင်းပြင် သူတော်စင်နှင့် တိုင်ကေရာဇ်တို့၏ စွမ်းအားများသည် မဟာကမ္ဘာအား ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ

+

တစ်ခုဖြစ်သော အန္တိမ ကောင်းကင်ကြေးမုံအား
မွေးဖွားစေခဲ့၍ မဟာကမ္ဘာကြီးသည် နတ်ဘုရား
နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေဟူ၍ နှစ်ပိုင်း
ပိုင်းသွားခဲ့သည်။ ဤအရာသည်
နောက်နှစ်များစွာတို့သည် မဟာကမ္ဘာ၏ ရှုခင်း
ဖြစ်လာခဲ့သည်။

မူလကောင်းကင် ကမ္ဘာနှင့် မဟာကမ္ဘာ၏
ကြမ္မာပန်းတိုင်တို့သည် နှစ်ပိုင်း ပိုင်းသွားကာ
မဟာကမ္ဘာသည် ရှေးဟောင်းခေတ်၊ အလယ်ခေတ်နှင့်
ယခု လက်ရှိခေတ်သို့ ရောက်လာခဲ့သည်။
အရာအားလုံးသည် ဤအချိန်အထိ တူညီစွာသာ
ရှိနေခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကြယ်စင်ပင်လယ်
ဝင်ပေါက်ကို ပြန်လည် ဖွဲ့စည်းခဲ့ပြီး နောက်တစ်ဆင့်

+

လုပ်ရန် ဆုံးဖြတ်ခဲ့သည့် အရာမှာ နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့အား ပြန်လည် ပေါင်းစည်းရန် ဖြစ်သည်။ သူသည် ကမ္ဘာဦးခေတ်ကကဲ့သို့ မဟာကမ္ဘာ၏ ကြမ္မာပန်းတိုင်ကို ပြန်လည် ပေါင်းစပ်နေလိုခြင်း ဖြစ်သည်။

ဤအရာနှင့် စာလျှင် ကြယ်စင်ပင်လယ် လမ်းကြောင်းအား ပြန်လည် ဖန်တီးရခြင်းသည် သာမန် စွမ်းဆောင်မှု တစ်ခုသာ ဖြစ်သွားလိမ့်မည် ဖြစ်သည်။

ဤမျှအထိ ထူးခြားဆန်းကြယ်၍ လျို့ဝှက်နက်နဲသော အသွင် ပြောင်းလဲမှုများသည် သမိုင်းအတွင်းမှ မည်သည့် အရာနှင့်မှ မယှဉ်နိုင်ခဲ့ပေ။

+

ဟင်းလင်းပြင် ဘုရားကျောင်း၏ တောင်တံခါးဖြစ်သော ပိုင်ယွမ်တောင်သည် ဤအချိန်တွင် အဖြူရောင် အလင်းတန်းများဖြင့် ဖုံးလွှမ်းနေ၍ တွန့်လိမ်နေသော ဒိုင်မန်းရှင်း စွမ်းအားအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ကျင့်ကြံသူများသည် ဒဏ်ရာ မရခဲ့ကြသော်လည်း သူတို့အရှေ့မှ ဖြစ်ပျက်နေသော အရာများကို သူတို့၏ မျက်နှာများပေါ်မှ ရှုပ်ထွေးသော အမူအရာများဖြင့် ကြည့်နေကြပြီး အားလုံးတို့က ငြိမ်သက်သွားကြသည်။

ကောင်းကင် အတွင်း၌ ပျံ့နှံ့နေသည့် အနက်ရောင် ... ကောင်းကင်ကြေးမုံ၏ အရိပ်သည် သူတို့၏ ခေါင်းပေါ်မှ ပျောက်သွား၍ ကြေးမုံတစ်ခုသာ ကျန်နေတော့ပြီး သူ၏ အလင်းတန်းသည် မည်းမှောင် မှေးမှိန်လာသည်။

+

ဤအချိန်၌ အန္တိမ ကောင်းကင်ကြေးမုံသည်
အဆက်မပြတ် တုန်ခါလာ၍ အလင်းတန်းနှင့် ဒိုင်မန်းရှင်း
စွမ်းအား အမြောက်အမြားတို့သည် ကမ္ဘာတစ်ခုလုံး၏
နံပါတ်တစ် ဖြစ်ခဲ့သည့် သဘာဝ အတိုင်း
မွေးဖွားလာသည့် ဤမှော်ရတနာ အပေါ်သို့
ကျရောက်လာခဲ့သည်။

ကျယ်ပြန့်လှသော အဆုံးမဲ့ ဆန္ဒတစ်ခုသည်
ဤမှော်ရတနာ ထံမှ ထွက်ပေါ်လာခဲ့သည်။

ဤအရာသည် အန္တိမ ကောင်းကင်ကြေးမုံ၏
အသိစိတ်နှင့် ဆန္ဒဖြစ်၍ ဟင်းလင်းပြင် ဘုရားကျောင်းမှ
သူများသည် ထိုအသိစိတ်က
ပျော်ရွှင်ဝမ်းမြောက်နေခဲ့သည်ကို အာရုံခံနိုင်ခဲ့ကြသည်။

+

အန္တိမ ကောင်းကင်ကြေးမုံအား ပျက်စီးနေရာမှ ကုစားပြီး၍ ပြန်လည် သက်သာလာသည့် အချိန်တိုင်းတွင် ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည် အန္တိမ ကောင်းကင်ကြေးမုံထံမှ ဆင်တူသည့် ခံစားချက်များကို အာရုံခံနိုင်ခဲ့ကြသည်။ ထို့အပြင် ဟင်းလင်းပြင် ဘုရားကျောင်း၏ သမိုင်းတစ်လျှောက်တွင် ထိုခံစားချက်များသည် ယနေ့ကဲ့သို့ ပြင်းထန်၍ ကြည်လင်နေခြင်း မရှိခဲ့ပေ။

အန္တိမ ကောင်းကင်ကြေးမုံသည် တုန်ခါသွား၍ တောက်ပသော အလင်းရောင် များစွာဖြင့် ပေါက်ကွဲသွားပြီး အလင်းတန်း တစ်တန်း အဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်ပေါ်သို့ ထိုးတက်သွား၍ ဟင်းလင်းပြင် ဘုရားကျောင်း၏ အရှေ့မှ ပျောက်ကွယ်သွားခဲ့သည်။

+

ဤအလင်းတန်းသည် သူ့ကိုယ်သူ တုန်ခါ
ပြောင်းလဲနေသော မဟာကမ္ဘာ အတွင်းသို့ တိုးဝင်သွား၍
အဝေးမှ ကြည့်လိုက်လျှင် ထိုအလင်းတန်းသည်
နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင်
ကုန်းမြေတို့၏ အလယ်တွင် ရှိနေသကဲ့သို့ ဖြစ်နေသည်။
ကမ္ဘာ နှစ်ခုတို့သည် သူ့အား ကြားညှပ်ထားခဲ့၍
ခန္ဓာကိုယ် သုံးခုတို့သည် အတူတကွ ထပ်သွားကာ
တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွားခဲ့သည်။

အဖြူရောင် အလင်းတန်းများသည် ပို၍ပို၍
လင်းလက်လာပြီး လူအများသည် အတွင်းတွင်
ဖြစ်နေခဲ့သည့် အရာများကို မြင်နိုင်စွမ်း မရှိကြတော့ပေ။

+

ထိုက်ရီသူတော်စင်နှင့် ကျန်သောသူများသည် ဆက်ကြည့်နေရင်း သဘောပေါက်လာကြသည်။ အန္တိမ ကောင်းကင်ကြေးမုံသည် သူရှိနေသင့်သည့် နေရာသို့ ပြန်သွားခဲ့ခြင်း ဖြစ်သည်။

ဤအရာသည် အန္တိမ ကောင်းကင်ကြေးမုံ၏ ဆန္ဒဖြစ်၍ သမိုင်းတစ်လျှောက်မှ မည်သည့် ပုဂ္ဂိုလ်ကမှ ဤဆန္ဒကို ဖြည့်ဆည်းနိုင်စွမ်း မရှိခဲ့ပေ။ အခွင့်အရေးသည် နောက်ဆုံးတွင် ရောက်ရှိလာပြီ ဖြစ်သဖြင့် တစ်ယောက်ကမှ သူ့အား မတားဆီးနိုင်ခဲ့ပေ။ မဟာဟင်းလင်းပြင် သူတော်စင်ကပင် အန္တိမ ကောင်းကင်ကြေးမုံအား ထိန်းသိမ်းလိုနေခဲ့ပါက သူနှင့် တိုက်ပွဲဝင်ရမည် ဖြစ်သည်။

ဤအချိန်အား ဝေးကွာသော အတိတ်ကာလကပင် ကြိုတင် ခန့်မှန်း နိုင်ခဲ့သော်လည်း တစ်ယောက်ကမှ

+

နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့အား တစ်ခုတည်း အဖြစ် အတူတကွ မစုစည်းနိုင်ခဲ့ကြပေ။

ဤအရာသည် အတိတ်က စိတ်ကူးယဥ့်မှုသာ ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် အစစ်အမှန် ဖြစ်လာခဲ့ပြီ ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် လင်းဖုန်းဘေးမှ နေ၍ ဤအဖြစ်များကို တည်ငြိမ်စွာ ကြည့်နေခဲ့ပြီး သူ၏ခေါင်းကို ဖွဖွလေး ခါ၍ ပြောလိုက်သည်။ "အန္တိမ ကောင်းကင်ကြေးမုံက မဟာကမ္ဘာ အတွင်းကို ပြန်သွားခဲ့ပြီး ကမ္ဘာ နှစ်ခုတို့က တစ်ခုတည်း အဖြစ် ပေါင်းသွားပြီ... ဒါက နောက်ထပ် အသစ်စက်စက် ခေတ်ကာလ တစ်ခုပဲ"

+

သူသည် လင်းဖုန်းထံမှ လှည့်ကြည့်၍ ပြောလိုက်သည်။ "ခင်ဗျားက နောက်ဆုံးခြေလှမ်းနဲ့ ဘယ်လောက် ဝေးသေးသလဲ"

လင်းဖုန်းသည် သူ၏ ရင်ဘတ်အရှေ့တွင် လက်ဝါးအစုံကို စုစည်းလိုက်ပြီး အရာအားလုံးကို တည်ငြိမ်သော အကြည့်ဖြင့် ကြည့်လိုက်သည်။ "သိပ်မဝေးတော့ဘူး"

မဟာဟင်းလင်းပြင် သူတော်စင်သည် သက်ပြင်း အရှည်ကြီး တစ်ချက်ကို ချလိုက်၍ သူ့အပေါ်မှ ဟင်းလင်းပြင်အား ရည်ရွယ်ချက် မရှိပဲ မော့ကြည့်လိုက်ကာ အချိန် အတန်ကြာမှ သူ၏ မျက်နှာပေါ်တွင် အပြုံး ဖွဖွလေး တစ်ခု ပေါ်လာခဲ့သည်။ "ခင်ဗျားနဲ့ စစ်တုရင် ကစားပွဲက ကျုပ်အတွက်

+

အကျိုးအများရှိ ရှိခဲ့တယ်... ကျေးဇူးအများကြီး တင်ပါတယ်... မိတ်ဆွေကြီး"

"ဘာမှ အားနာနေစရာ မလိုပါဘူး... ကျုပ်တို့က လမ်းကြောင်းတစ်ခုတည်း သွားနေတဲ့ ခရီးသွားတွေပဲ" လင်းဖုန်းက သူ၏ခေါင်းကို ခါ၍ ပြုံးလိုက်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှ ထွက်ခွာသွား၍ သူ၏ အသံသည် အဝေးမှနေ၍ ပဲ့တင်ရိုက်လာခဲ့သည်။ "ဒီလိုဆိုရင်လည်း ခင်ဗျား လုပ်စရာ ရှိတဲ့ အရာတွေကို ဆက်လုပ်နေပါ... ကျုပ်ကို ခွင့်ပြုပါဦး"

+

မဟာဟင်းလင်းပြင် သူတော်စင် အဝေးသို့ ထွက်သွားနေရင်း ပြင်ပမှ မဟာကမ္ဘာသည် စတင်၍ တည်ငြိမ်လာခဲ့သည်။ ဝိညာဉ်ပင်လယ်မှ ထွက်လာသော အလင်းတန်းများက ပျောက်ကွယ်သွားကာ ဝိညာဉ်ပင်လယ် အတွင်းသို့ ပြန်ဝင်သွားကြပြီး သူနှင့် မဟာကမ္ဘာ အကြားမှ ဒိုင်မန်းရှင်း နယ်နိမိတ်က ထပ်ဖန်တစ်ခါ ပြန်ပေါ်လာသည်။

မဟာကမ္ဘာ အတွင်းမှ သက်ရှိ အားလုံးတို့သည် သူတို့၏ အရှေ့မှ ကမ္ဘာအား စိုက်ကြည့်နေကြပြီး သူတို့ ကြည့်နေကြသော ရှုခင်းများသည် ကြီးမားလှသော ပြောင်းလဲမှုများ မဖြစ်ခင်ကနှင့် တူညီနေကြသည်။

သို့သော်လည်း ကမ္ဘာ အတွင်းမှ အစွမ်းထက်သော ကျင့်ကြံသူများသည် စဥ်းစား သုံးသပ်နေကြရင်း ငြိမ်သက်သွားကြသည်။ အကယ်၍ တစ်ယောက်သည်

+

မဟာကမ္ဘာအား အပေါ်စီးမှ နေ၍ ကြည့်လိုက်လျှင် တောတောင်ရေမြေ ရှုခင်းများသည် ယခင်ကနှင့် လုံးဝ ကွဲပြားနေခဲ့မည် ဖြစ်သည်ကို တွေ့ရမည် ဖြစ်သည်။

ယခင်က နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့သည် ကမ္ဘာနှစ်ခုအဖြစ် ခြားနေကြသော်လည်း ယခုအချိန်တွင် တစ်ခုတည်း အဖြစ်သို့ ပေါင်းစည်းသွား၍ သူတို့၏ နယ်နိမိတ်များက ထိစပ်နေကြသည်။

ယနေ့မှ စ၍ နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေဟူ၍ ရှိတော့မည် မဟုတ်ပဲ မူလကောင်းကင် ကမ္ဘာကသာ ကျန်နေတော့မည် ဖြစ်သည်။

+

မဟာဟင်းလင်းပြင် သူတော်စင်သည် ယုကျင်းတောင်မှ ထွက်ခွာလာ၍ ဤမြင်ကွင်းအား တည်ငြိမ်စွာ စိုက်ကြည့်နေခဲ့သည်။ သူသည် ကမ္ဘာဦးခေတ်ကတည်းက ရှိနေသော အစွမ်းအထက်ဆုံး ပုဂ္ဂိုလ်များအနက် တစ်ယောက် အပါအဝင် ဖြစ်ကာ ယခု မဟာကမ္ဘာ၏ အသွင်သဏ္ဌာန်သည် အချိန်က နောက်ပြန် စီးဆင်းသွားခဲ့သကဲ့သို့ ကမ္ဘာဦးခေတ်နှင့် တစ်ပုံစံတည်း ဖြစ်နေကြောင်းကို ပြောနိုင်ခဲ့သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည် တစ်ချက် ကြည့်လိုက်အပြီးတွင် သူ၏ အကြည့်အား ရုပ်သိမ်းလိုက်၍ ဟင်းလင်းပြင် အတွင်းသို့ ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်းသည် ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းသို့ ထပ်ဖန်တစ်ခါ ပြန်ဝင်လာကာ

+

မဟူရာကောင်းကင် ရတနာသစ်ပင် အငယ်စား၏ အရှေ့တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် တော်ဝင်ကောင်းကင် ဝင်္ကပါအား အဆက်မပြတ် ဖွဖွလေး ပုတ်နေရင်း ကောင်းကင်ပေါ်သို့ မော့ကြည့်နေခဲ့သည်။

ဂူအတွင်းတွင် အလင်းတန်း ပုံရိပ်များက အဆက်မပြတ် လင်းလက်နေသကဲ့သို့ ဖြစ်နေသည်။ လင်းဖုန်း၏ မျက်လုံးများသည် ရေပြင်ကဲ့သို့ ကြည်လင်နေပြီး သူ၏ခေါင်းကို ခါ၍ သဘောကျစွာဖြင့် ပြောလိုက်သည်။ "ဒါတွေအားလုံးက ဒီကစားပွဲကြောင့် ဖြစ်လာတာ... ဒါပေမဲ့ သူက မရည်ရွယ်ပဲနဲ့ ကောင်းမွန်တဲ့ ရလဒ်တွေကို ဖန်တီးနိုင်ခဲ့တယ်"

သူသည် ကောင်းကင်ပေါ်သို့ ကြည့်လိုက်ကာ အားရပါးရ ရယ်နေရင်း သူ၏ စိတ်အတွင်းတွင် အသံတစ်ခု
+

ပေါ်လာခဲ့သည်။ ထိုအသံသည် သူမကြားရသည့်မှာ အချိန်အတန်ကြာခဲ့ပြီ ဖြစ်သော စနစ်၏ အသံပင် ဖြစ်သည်။

စနစ်၏ အသံသည် လင်းဖုန်း၏ ရယ်သံများဖြင့် ရောထွေးနေကာ ပို၍ပို၍ တိုးညင်းလာပြီး နောက်ဆုံးတွင် ဘာမှ မကြားရတော့ချေ။

ပျောက်ကွယ်သွားသော အရာများသည် စနစ်၏ အသံသက်သက်သာ မဟုတ်ချေ။ လင်းဖုန်း ဤကမ္ဘာသို့ စရောက်ကတည်းက သူနှင့်အတူ ပါလာသော စနစ် တစ်ခုလုံးသည်လည်း ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်း၏ နှလုံးသားသည် ယခင်ကဲ့သို့ တည်ငြိမ်နေဆဲ ဖြစ်ကာ လှိုင်းတွန့် တစ်ခုလေးကိုမှပင် မမြင်နိုင်ခဲ့ပေ။

+

သူသည် ထပ်ဖန်တစ်ခါ ရယ်လိုက်ပြီး သူ၏ခေါင်းကို ခါလိုက်သည်။ "ဒါက ကွဲပြားစွာ ခံစားနေရတယ်… အားလုံးတို့က အလဟဿ မဖြစ်ခဲ့ဘူး… ကောင်းတယ်… အရမ်းကောင်းတယ်"

သူသည် သူ၏ လက်ချောင်းများကို လေထုအလယ်တွင် လှုပ်ယမ်းလိုက်ရာ ကောင်းကင်စကြာဝဠာ အလင်းတန်း ကမ္ဘာ အတွင်းမှ အလင်းတန်း ပုံရိပ် ရေးရေးလေးက ဖြည်းဖြည်းချင်း လွင့်ပြယ်သွားခဲ့သည်။ အဝေးမှနေ၍ ရယ်သံတစ်ခု ထွက်ပေါ်လာသကဲ့သို့ ဖြစ်နေသည်။ လွန်စွာဝေးကွာလှ၍ အချိန်ကာလနှင့် လေဟာနယ်တို့ကပင် မတိုင်းတာနိုင်သော နေရာတစ်ခုမှ ဖြစ်သည်။

မဟာကမ္ဘာ အတွင်းတွင် ဤအချိန်၌ ကမ္ဘာ တစ်ခုလုံးအား ပြန်လည် ဖန်ဆင်းခဲ့ခြင်းကို

+

လူအားလုံးတို့က အံ့သြ ချီးကျူးနေကြကာ
သူတို့ကိုယ်သူတို့ ပြန်လည် အသားကျစေရန်
အတော်ကြာကြာ အချိန်ယူခဲ့ရသည်။

ကမ္ဘာနှစ်ခု ပေါင်းစည်းသွား အပြီးတွင် မဟာကမ္ဘာ၏
စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းပုံက
ပြောင်းလဲသွားသည်ကို သူတို့ ခံစားနိုင်ရန် အချိန်များစွာ
မယူခဲ့ရပေ။

ကောင်းကင်ဘုံနှင့် အိမ်တော်များသည် သူတို့၏
ကြီးကျယ်ခမ်းနားမှုနှင့် ကြွယ်ဝမှုများကို ဆုံးရှုံးသွားခဲ့ကာ
ယခင်က အန္တရာယ် ကြီးမားလှသော နေရာများသည်
ကွဲပြားသော ခံစားချက်နှင့် လျှို့ဝှက် နက်နဲမှုများကို
ပိုင်ဆိုင်လာခဲ့ကြသည်။

+

ဤအရာသည် ကမ္ဘာ အတွင်းမှ အင်အားစု အသီးသီးတို့ အတွက် ပိုမို ဆီလျော်သော ပြောင်းလဲမှု ဖြစ်သည်။ အထူးသဖြင့် အားနည်းသောသူများနှင့် ကမ္ဘာအတွင်းမှ သေမျိုးများ အတွက်ပင် ဖြစ်သည်။

သူတို့သည် မဟာကမ္ဘာ အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင် ပြောင်းလဲမှုများသည် လုံးဝ ပြောင်းလဲသွားသည်ကို လျင်မြန်စွာ သဘောပေါက်သွားခဲ့သည်။ သို့သော်လည်း တစ်စုံတစ်ယောက်သည် ဤစီးဆင်းမှုကို ထိန်းချုပ်နေခဲ့ပြီး ဂိုဏ်းနှင့် စွမ်းအားစုများသည် သူတို့ တောင်တံခါးနှင့် နေအိမ်များ၏ တည်ငြိမ်မှုနှင့် ကြွယ်ဝမှုများကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့သည်။

မိစ္ဆာများ၏ နားခိုရာ နေရာများနှင့် သူတို့၏ ဘိုးဘေးနယ်မြေများကပင် အလားတူ ဖြစ်သည်။

+

ထိုအရာအား ပြုလုပ်နေသူမှာ လင်းဖုန်းမှလွဲ၍ အခြား မဟုတ်ချေ။

သူသည် ကမ္ဘာကြီး တစ်ခုလုံးအား ပြောင်းလဲနိုင်ပြီး အသေးစိတ်ကိုလည်း ကြိုးကိုင် ခြယ်လှယ်နိုင်သည်။ သူသည် အရာအားလုံးကို စိတ်တိုင်းကျ ထိန်းချုပ်နိုင်ပြီး အားလုံးတို့ကလည်း သူ၏ စွမ်းအားကို သဘောကျ လက်ခံခဲ့ကာ သူ့အား ဆန့်ကျင်ရန် စဥ်းပင် မစဥ်းစားရဲတော့ပေ။

ခဏအကြာတွင် သာမန်အသံ တစ်ခုသည် ကမ္ဘာ၏ ထောင့်တိုင်းမှနေ၍ ပေါ်လာခဲ့သည်။ "ကျုပ်က ဒီနှစ်တွေ အတွင်းမှာ အတွေးအမြင် အချို့ကို ရနိုင်ခဲ့တယ်… ကျုပ်က ကောင်းကင်နဲ့ မြေကြီးကို ရှာဖွေ တွေ့ရှိခဲ့ပြီး

+

ကမ္ဘာကြီးကို သဘာဝ အခြေအနေ အတိုင်း
ပြန်ပို့နိုင်ခဲ့တယ်... ကျုပ်ဟာ နောက်သုံးရက်ကျရင်
ခွန်းလွန်တောင်မှာ သင်ခန်းစာ ပို့ချမှာ ဖြစ်ပြီး
ကျင့်ကြံသူတိုင်း တက်ရောက်နိုင်တယ်... ခင်ဗျားတို့က
လူသားဖြစ်ဖြစ်၊ မိစ္ဆာဖြစ်ဖြစ်၊ ဘယ်ဂိုဏ်းကဖြစ်ဖြစ်
ဘာမှ မရေးမကြီးဘူး"

## စာစဥ် ၇၆ : အပိုင်း ၁၄

## အပိုင်း ၁၄၈၄ : တစ်ကမ္ဘာလုံး၏ ဆရာ

ကမ္ဘာကြီး၏ ကြမ္မာပန်းတိုင်သည် အချိန်
ကုန်ဆုံးလာသည်နှင့် အမျှ အဆက်မပြတ်
ပြောင်းလဲနေကာ ဘဝ၏ အတက်အကျ၊
အနိမ့်အမြင့်များကလည်း ပြောင်းလဲနေသည်။ အဲ့ဖွယ်

+

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏ ပထမ သင်ခန်းစာ ပို့ချချက်သည် နှစ်ပေါင်းများစွာ ရှိပြီ ဖြစ်ကာ နတ်ဘုရား နယ်မြေနှင့် မဟာလွင်တီးခေါင် ကုန်းမြေတို့ တစ်ခုတည်း အဖြစ် ပေါင်းစည်းသွားခဲ့သည်မှာလည်း အချိန် အတော် ကြာသွားခဲ့ပြီ ဖြစ်သည်။

မဟာကမ္ဘာ အတွင်းမှ မျိုးဆက်အသစ်များသည် ကမ္ဘာကြီးက နှစ်ပိုင်း ပိုင်းခဲ့ဖူးသည့် အခြေအနေကို မသိကြတော့ပဲ ဒဏ္ဍာရီများ အတွင်းသို့သာ ရောက်သွားခဲ့ပြီ ဖြစ်သည်။

အတိတ်ကာလမှ ဒဏ္ဍာရီများက ပျောက်ကွယ်သွားခဲ့ကာ ဆက်လက် လည်ပတ်နေသေးသည့် တစ်ခုတည်းသော ဒဏ္ဍာရီမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသာ ဖြစ်သည်။ သူတို့သည် ဝိညာဉ်ပင်လယ် တိုက်ပွဲမှစ၍ မူလကောင်းကင် ကမ္ဘာ၏ ထိပ်ဆုံးတွင်
+

ရပ်တည်နိုင်ခဲ့ကာ ထာဝရ ဒဏ္ဍာရီ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဒုတိယ မျိုးဆက် ဂိုဏ်းခေါင်းဆောင် ဖြစ်သော ငရဲကမ္ဘာ ပင်လယ်၏ အုပ်ချုပ်သူ ငရဲမီး ကေရာဇ် ရှောင်ယန်သည် ရွှမ်ဆန်းအား အမှောင်ထုအတွင်းသို့ ပြန်ပို့အပြီးတွင် မဟူရာ ပင်လယ်ထံမှ ပြန်လာခဲ့သည်။ ပြီးတာနှင့် သူသည် ဂိုဏ်းခေါင်းဆောင် ရာထူးအား သူ၏ တပည့်ဖြစ်သော တန်ကျွင်းအား တတိယ မျိုးဆက် ဂိုဏ်းခေါင်းဆောင် အဖြစ် လွှဲပြောင်း ပေးအပ်ခဲ့သည်။ ထိုအချိန်မှစ၍ နှစ်ပေါင်းများစွာ ကုန်လွန်သွားခဲ့ပြီ ဖြစ်သည်။

ရှောင်ယန်သည် သူ၏ ရာထူးကို လွှဲပြောင်းပေးပြီးသည်နှင့် ကောင်းကင်ပေါ်မှ တောင်မှ

+

ထွက်လာခဲ့ကာ ငရဲမီး ကေရာဇ် မြို့တော်မှ ငရဲမီး ချောက်ကမ်းပါးထံသို့ ပြန်လာခဲ့သည်။

အချိန်သည် ဆက်လက်၍ ပျံသန်းနေခဲ့ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် သို့မဟုတ် ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် ဒဏ္ဍာရီ အစိတ်အပိုင်းများ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

ဇူရီ၊ ရှီထျန်းဟောင်နှင့် ယန်ချင်တို့သည် ကမ္ဘာအတွင်းတွင် တစ်ခါတစ်ရံ ကျင်လည် ကျက်စားလေ့ ရှိသေးသော်လည်း ကျန်သောသူများသည် သူတို့ကိုယ် သူတို့ ဖော်ပြလေ့ သိပ်မရှိပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း သို့မဟုတ် ကမ္ဘာအတွင်းမှ ကိစ္စများကို ဝင်ရောက် မစွက်ဖက်ကြတော့ပေ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူငယ်မျိုးဆက်

+

တပည့်များကပင် သူတို့၏ စီနီယာများကို တွေ့ရလေ့ မရှိတော့ပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ နေရာသည် ခိုင်မာနေပြီ ဖြစ်ကာ ပါရမီရှင်များက ဆက်လက်၍ ပေါ်ထွက်လာနေပြီး ပို၍ပို၍ သန်မာလာခဲ့သည်။ တန်ကျွင်းသည် တိုးတက်ရန် စိတ်ပြင်းပြသူ ဖြစ်၍ ရည်မှန်းချက် ကြီးမားသူ ဖြစ်ကာ အစွမ်းထက်သော ကျင့်ကြံသူများကလည်း အဆက်မပြတ် ပေါ်ထွက်လာခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဆင့်အတန်းသည် တုန်ခါ၍ ရနိုင်တော့မည် မဟုတ်ချေ။

တန်ကျွင်းသည် နောက်ဆုံးတွင် အနည်းငယ် ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့ကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခင်ကထက် ပို၍

+

သာလွန်လာခဲ့ပြီး မည်သူကမှ သူတို့ကို
အထင်မသေးရဲပေ။

မဟာကမ္ဘာ အတွင်းမှ လူသားနှင့် မိစ္ဆာများသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား ရန်လိုသည့် အပြုအမူများကို
လုံးဝ မပြုလုပ်ရဲပေ။

ကမ္ဘာနှစ်ခု ပူးပေါင်းပြီးသည့် အချိန်မှစ၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်သည်
နှစ်တစ်ထောင်ကြာတိုင်း သင်ခန်းစာ တစ်ခေါက်
ပို့ချလေ့ရှိသည်။ သူဆွေးနွေးရှင်းပြသည့်
သဘောတရားနှင့် အတွေးအခေါ်များသည်
နားထောင်သော ကျင့်ကြံသူများအား ဗဟုသုတနှင့်
ဉာဏ်ပညာတို့ဖြင့် စီးဆင်းနေစေခဲ့ကာ ကမ္ဘာအနှံ့မှ
ကျင့်ကြံသူ အားလုံးတို့က တက်ရောက်
နားထောင်ခဲ့ကြသည်။
+

အချိန်အကြာကြီးကတည်းက တည်ရှိခဲ့ကြသော စွမ်းအားစုများကလည်း လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှုများကို နားထောင်ပြီးသွားသော အခါ သူတို့၏ ကိုယ်ပိုင် စွမ်းရည်များက တိုးတက်လာသည်ကို မြင်ခဲ့ရ၍ သူတို့အရှေ့တွင် ကမ္ဘာအသစ် တစ်ခု ပေါ်လာခဲ့သကဲ့သို့ ဖြစ်သည်။

လူငယ်မျိုးဆက် ကျင့်ကြံသူများကလည်း ဤမဟာ အခွင့်အရေးကို ဆုပ်ကိုင်၍ လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှုများကို နားထောင်ခဲ့ကြကာ ကောင်းကင်နှင့် မြေကြီးတို့၏ အနှစ်သာရ သဘောတရားများကို ချက်ချင်း နားလည်နိုင်ခဲ့ကြ၍ သူတို့၏ ကိုယ်ပိုင် လမ်းကြောင်းများကို ဖြည်းဖြည်းချင်း ဖောက်နိုင်ခဲ့ကြသည်။

+

ယနေ့ မဟာကမ္ဘာ အတွင်းတွင် ဂိုဏ်းနှင့် အင်အားစု အသစ်များစွာ မြင့်တက်လာကြ၍ သူတို့ တစ်ခုချင်းစီတိုင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အဆုံးအမများ အောက်တွင် အကျိုးအမြတ် ရရှိခဲ့ကြသူများ ဖြစ်သည်။

လင်းဖုန်း၏ သင်ခန်းစာများကို လာရောက် နားထောင်ကြသော မိစ္ဆာအသီးသီးကပင် အကြီးအကျယ် အကျိုးအမြတ် ရခဲ့ကာကာ မရေမတွက်နိုင်သော မိစ္ဆာများက များစွာ သင်ယူခဲ့ကြရသည်။

မဟာကမ္ဘာ၏ ရှုခင်းများသည် ဤနှစ်များအတွင်း အားသစ် ဖြည့်တင်းနိုင်ခဲ့သည်။ အစွမ်းထက်သော ကျင့်ကြံသူများသည် ကမ္ဘာအနှံ့မှ ပေါ်လာကြ၍ မဟာကမ္ဘာ၏ ဂုဏ်ကျက်သရေသည် အချိန်ကြာလာသည်နှင့် အမျှ အတိတ်မှ

+

တိုးတက်စည်ပင်ခဲ့သည့် နေ့ရက်များထက်
ဖြည်းဖြည်းချင်း သာလွန်လာခဲ့သည်။

အားလုံးတို့သည် ဤကျင့်ကြံမှု ကမ္ဘာအတွင်းတွင်
တစ်ခါမှ မကြုံဖူးသည့် ကြီးပွားတိုးတက် စည်ပင်နေသည့်
ခေတ်ကာလကို ကြိုဆိုနိုင်ခဲ့ကြသည်။

အားလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင် လင်းဖုန်းထံမှ အစပြုလာခဲ့ခြင်း ဖြစ်သည်။
ယနေ့ခေတ်မှ အားလုံးတို့သည် သူတို့က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား မည်သို့ပင် တွေးနေသည်
ဖြစ်စေ လင်းဖုန်းအား ရိုသေစွာဖြင့် တစ်ကမ္ဘာလုံး၏
ဆရာဟူ၍ ခေါ်ဆို သတ်မှတ်ခဲ့ကြသည်။
အများစုတို့သည် သူ့အား မာစတာလင်းဟူ၍သာ
ခေါ်ကြ၍ သူ့၏ နာမည်အရင်းကို ခေါ်နိုင်သူမှာ
လူအချို့သာ ရှိသည်။
+

နှစ်ပေါင်း တစ်ထောင်ကြာတိုင်း လင်းဖုန်း ကျင်းပသည့် သင်ခန်းစာ ပို့ချမှုသည်လည်း မူလကောင်းကင် ကမ္ဘာ အတွင်းတွင် နှစ်တစ်ထောင်ကြာတိုင်း ပေါ်လာသည့် အခမ်းနားဆုံး ပွဲတော်တစ်ခု ဖြစ်လာခဲ့သည်။

ဤမော်ကွန်းဝင် အချိန်မှသာ ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် ကျန်သော ဒဏ္ဍာရီလာ အစွမ်းထက် ပုဂ္ဂိုလ်များသည် ခွန်းလွန်တောင်တွင် စုဝေးနေကြသည်။ ဤအရာသည် မူလကောင်းကင် ကမ္ဘာ၏ အခမ်းနား အထည်ဝါဆုံးသော အခမ်းအနား တစ်ခု ဖြစ်ပေသည်။

ဤနေ့ရောက်လာသော အခါ မူလကောင်းကင် ကမ္ဘာ အတွင်းမှ အစွမ်းထက်သော ပုဂ္ဂိုလ် အားလုံးတို့သည် ခွန်းလွန်တောင်သို့ စုဝေး ရောက်ရှိလာကြသည်။

+

သူတို့သည် ယခင်နေ့များက မည်သို့ပင် ပဋိပက္ခ ဖြစ်ခဲ့ကြပါစေ၊ သူတို့ အချင်းချင်း မည်မျှပင် ရန်ငြိုးရန်စ ရှိနေကြပါစေ၊ လင်းဖုန်း၏ သင်ခန်းစာ ပို့ချမည့်ရက် နီးကပ်လာပါက အရာအားလုံးတို့က ငြိမ်သက်သွားကြကာ အားလုံးတို့သည် လင်းဖုန်း၏ သင်ခန်းစာ ပို့ချမည့်ရက်ကို ကြိုဆို စောင့်မျှော်နေခဲ့ကြသည်။

ဤအရာသည် လင်းဖုန်း ရည်ရွယ်ထားသည် တစ်စုံတစ်ရာ မဟုတ်ပဲ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ သတ်မှတ်ချက်လည်း မဟုတ်ပေ။ ဤအရာသည် မူလကောင်းကင် ကမ္ဘာ အတွင်းမှ ကျင့်ကြံသူများ၏ အလိုဆန္ဒ အတိုင်း သတ်မှတ်ထားသည့် ဘုံသတ်မှတ်ချက် တစ်ခုပင် ဖြစ်သည်။

+

အချို့သူများသည် အစ ပထမတွင် မကောင်းသော အကြံအစည်များကို စဉ်းစားမိ၍ ယုကျင်းတောင် ပြင်ပတွင် သူတို့၏ ရန်သူများကို ခြုံခိုတိုက်ခိုက်ရန် ကြံစည်ခဲ့ကြသည်။ သို့သော်လည်း သူတို့သည် အများ၏ အမျက်ထွက်မှုကို ခံခဲ့ရ၍ သူတို့ကိုယ်တိုင် အပေါ်သာ ပျက်စီးမှုများ ကျရောက်လာခဲ့သည်။

ထိုအချိန်မှ စ၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏ သင်ခန်းစာ ပို့ချမည့် အချိန်တွင် ပြဿနာရှာရန် ကြံစည်ခဲ့ကြသူများသည် အားလုံးတို့၏ ဘုံရန်သူ ဖြစ်သွားကြ၍ အားလုံးတို့က သူတို့အား အတူတကွ နှိမ်နင်းခဲ့ကြသည်။

ခွန်းလွန် တောင်တန်းများ၏ ပြင်ပ ဒေသနှင့် မြောက်ပိုင်းမှ မဟာ သဲကန္တာရများ အနားတွင် အုပ်စု

+

နှစ်စုတို့သည် လက်ရှိအချိန်တွင် တစ်ဘက်နှင့် တစ်ဘက် ရန်စောင်နေကြသည်။

နှစ်ဘက်စလုံးတို့သည် လူသားများ ဖြစ်ကြ၍ သူတို့အား သင်ခန်းစာ တက်ရောက်ရန် လာနေကြသော ခရီးသွားများက လျင်မြန်စွာ ဖိနှိပ်၍ ဖမ်းဆီးခဲ့ကြသည်။

သူတို့အား ဖမ်းဆီးခဲ့သော အစွမ်းထက်သည့်သူမှာ တောက်တီတစ်ကောင် ဖြစ်၍ ထိုတောက်တီ၏ ဘေးတွင် ရပ်နေကြသူများ အားလုံးတို့သည် လူသားများ ဖြစ်ကြသည်။

ကမ္ဘာနှစ်ခုတို့ ပထမဆုံး အတူတကွ စုစည်းလာခဲ့သော အခါ လူသားနှင့် မိစ္ဆာတို့သည် နယ်မြေလုကြရင်း အချိန် အနည်းငယ်မျှ ပဋိပက္ခများ ဖြစ်ပွားခဲ့ကြသည်။

+

သို့သော်လည်း အချိန် ကြာလာသည်နှင့် အမှု လင်းဖုန်း၏ သင်ခန်းစာသည် မိစ္ဆာနှင့် လူသားတို့ နှစ်ဘက်စလုံးအတွက် ဖွင့်လှစ်ပေးထားသည့် အပြင် သူသည် ခွန်းလွန်တောင်သို့ လာခဲ့သည့် မည်သူ့ကိုမှ ငြင်းဆန်ခြင်း မရှိသဖြင့် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် ရှုခင်းအသစ် တစ်မျိုး ပေါ်လာခဲ့သည်။

ဤနေရာသို့ လာသောသူများသည် ကောင်းကင်နှင့် မြေကြီးတို့၏ မဟာတာအိုတို့အား ပိုမိုကောင်းမွန်စွာ နားလည်လာကာ သူတို့၏ အရှေ့မှ တောက်ပသော အနာဂတ်များကို မြင်နိုင်ခဲ့သည်။

တန်ကျွင်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယမျိုးဆက် ဖြစ်လာခဲ့အပြီးတွင် သူသည်

+

တောင်တံခါးကို ထပ်ဖန်တစ်ခါ ဖွင့်လှစ်၍ တပည့်များကို ထပ်မံ လက်ခံခဲ့သည်။ သို့သော်လည်း သူသည် လူသား ပါရမီရှင်များသာ မက မိစ္ဆာများကိုပါ ဂိုဏ်းအတွင်း၌ လက်ခံခဲ့သည်။

ငရဲမီး ချောက်ကမ်းပါး၊ ကောင်းကင်ဘုံကျောင်း၊ သစ်တောဗိမာန်နှင့် ကျန်သော မဟာ ကျောင်းတော်များကလည်း အလားတူပင် ပြုလုပ်ခဲ့ကြရာ ကမ္ဘာတစ်ခုလုံးက အချိန်အတန်ငယ် တုန်လှုပ် ချောက်ချားသွားခဲ့ကြသည်။

လူသားနှင့် မိစ္ဆာများတို့ နှစ်ဘက်စလုံးမှ အစွမ်းထက် ကျင့်ကြံသူများ ထွက်ပေါ်လာကြပြီး နှစ်ဦးနှစ်ဘက်တို့ အကြားတွင် ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေကြသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အနေအထားသည်

+

ယခင်ကထက် ပို၍ သာလွန်လာကာ
ကြားနေပိုဆန်လာခဲ့သည်။

သူတို့သည် လူသားနှင့် မိစ္ဆာများ အကြားမှ ပြိုင်ပွဲများ၊
ယှဉ်ပြိုင်မှုများကို ဝင်ရောက် မစွက်ဖက်ခဲ့ကြသော်လည်း
နှစ်ဦးနှစ်ဘက် အကြားမှ ပဋိပက္ခ ပြင်းထန်မှုများက
စတင်၍ ကျဆင်းလာကြသည်။

လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့သည်
ကောင်းကင်နှင့် တူနေပြီး တည်ငြိမ် အေးစက်နေကြကာ
လူအများသည် သူတို့၏ တည်ရှိနေမှုများကို ခေတ္တမျှပင်
မေ့လျော့သွားခဲ့သေးသည်။ သို့သော်လည်း သူတို့သည်
မဟာကမ္ဘာ၏ ကြမ္မာပန်းတိုင်၏ အစိတ်အပိုင်း
တစ်ခုအဖြစ် အချိန် အဆုံးသတ်သည့်တိုင်အောင်
တည်ရှိနေကြမည် ဖြစ်သည်။

+

အချိန် အတော်ကြာခဲ့သည့် အချိန်တွင် နိုင်ငံရေး အခြေအနေနှင့် မျိုးနွယ်စုတို့ အကြားမှ အနေအထားတို့သည် အကြီးအကျယ် ပြောင်းလဲသွားကြသည်။

ဤအရာသည် မဟာဟင်းလင်းပြင် သူတော်စင်၏ လွန်ခဲ့သော နှစ်များမှ မူလကောင်းကင် ကမ္ဘာသည် အသစ်စက်စက် ခေတ်ကာလ တစ်ခုသို့ ဝင်ရောက်လာပြီ ဖြစ်ပြီးယခင်နှင့် လုံးဝ ကွာခြားသွားတော့မည် ဟူသော မှတ်ချက်အား အတည်ပြုပေးခဲ့သည်။

ဤတောက်တီနှင့် လူသား ကျင့်ကြံသူများသည် တစ်ယောက်နှင့် တစ်ယောက် မကြာခဏ ဆက်ဆံခဲ့ကြလေ့ ရှိကာ သိဟောင်းကျွမ်းဟောင်းများ

+

ဖြစ်ကြသည်။ သူတို့သည် လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှုအား နားထောင်ရန် အတူတကွ ခရီးထွက်လာကြခြင်း ဖြစ်သည်။

ဤတောက်တီသည့် လူများက ခွန်းလွန်တောင်၏ အပြင်ဘက်တွင် ခိုက်ရန်ဖြစ်ပွားလိုနေကြသည်ကို တွေ့ခဲ့သော အခါ အမျက်ဒေါသ ထွက်သွားပြီး ထိုသူတို့အား ဖမ်းဆီး၍ သွားများကို ကြိတ်ကာ ကြည့်နေခဲ့သည်။

ပဋိပက္ခ ဖြစ်နေကြသော အဖွဲ့များကလည်း ငြိမ်သက်သွားကာ အလျင်အမြန် ရှင်းပြရန် ကြိုးစားခဲ့ကြသည်။

+

လူသား ကျင့်ကြံသူသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ သူ့အဖော်အား တားဆီးခဲ့ပြီး သူတို့ စကားပြောနေသည့် အချိန်တွင် အဝေးမှ လေဟာနယ်က ကွဲဟသွား၍ လူသားတစ်ယောက် ထွက်လာခဲ့သည်။ ထိုသူသည် ခရမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်က ဖြစ်သည်။

ထိုလူငယ်၏ ခရမ်းရောင် ဝတ်စုံတွင် အဖြူနှင့် အနက်ရောင် ထိုက်ကျိရုပ်ပုံ တစ်ခုကို ရှိနေကာ သူ၏ အင်္ကျီလက်စတွင် လေဆင်နှာမောင်း ပုံစံ ရေးထိုးထားသည်။

ထိုလူငယ်သည် တောက်တီနှင့် လူသား ကျင့်ကြံသူတို့အား တွေ့ခဲ့ရသော အခါ ရယ်လိုက်သည်။ "မင်းတို့ နှစ်ယောက်က ဒီကို ဘာလာလုပ်ကြတာလဲ"

+

ထိုတောက်တီနှင့် လူသား ကျင့်ကြံသူတို့သည် ထိုသူအား အလောတကြီးနှင့် နှုတ်ဆက်ခဲ့ကြသည်။ "မင်္ဂလာပါ... ကျင်းယွင်"

ထိုခရမ်းရောင် ဝတ်စုံနှင့် လူငယ်သည် ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ ဆဋ္ဌမ မျိုးဆက် တပည့်ဖြစ်သည်။

ထိုလူငယ်၏ ဆရာသည် ကောကျုံးဟွမ်၏ မျိုးဆက်မှ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဂိုဏ်းတည်ထောင်သူက နောက်ထပ် သင်ခန်းစာ ပို့ချအပြီးတွင် တန်ကျွင်းက တံခါးပိတ်၍ ကျင့်ကြံမည် ဖြစ်ကာ ကောကျုံးဟွမ်သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စတုတ္ထ မျိုးဆက်

+

ဂိုဏ်းခေါင်းဆောင် အဖြစ် တာဝန်ယူလိမ့်မည်ဟု ကြေညာထားခဲ့ပြီး ဖြစ်သည်။

သို့သော်လည်း ဤလူငယ် ရရှိခဲ့သော ရိုသေလေးစားမှုသည် သူ၏ အဆင့်အတန်းကြောင့် မဟုတ်ချေ။ ထိုလူငယ်သည် အသက်ပင် ငယ်သေးသော်လည်း သူ၏ စွမ်းရည်များသည် မှင်သက်ဖွယ် ကောင်းကာ အားလုံးတို့က သူ၏ စွမ်းအားများကို အသိအမှတ် ပြုထားကြသည်။

ကျောင်းယန်က ရယ်၍ ပြောလိုက်သည်။ "အားလုံးတို့က ညှော်သည်ပါပဲ... ကျုပ်နဲ့အတူ ကောင်းကင်ပေါ်က တောင်ကို လိုက်လာခဲ့ပါ"

+

ပြီးတာနှင့် သူသည် ခွန်းလွန်တောင်တန်းထံသို့ အုပ်စု
တစ်ခုလုံးကို ဦးဆောင်သွားခဲ့သည်။

သူတို့သည် ခွန်းလွန်တောင်ခြေ မြောက်ပိုင်းသို့
ရောက်လာသည်နှင့် တောတောင် ရှုခင်းများက
ပြောင်းလဲသွားကာ သူတို့၏ ခေါင်းပေါ်တွင်
စကြာဝဠာက ရုတ်တရက် ပေါ်လာခဲ့သည်။
ကြယ်စင်များသည် အားလုံးတို့၏ အပေါ်တွင်
တောက်ပစွာ လင်းလက်နေကြ၍ ဤမြင်ကွင်းသည်
လွန်စွာမှ မှင်သက်ရှုမောဖွယ်ရာ ကောင်းလှပေသည်။

အားလုံးတို့သည် ဤနေရာက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ တောင်တံခါး တည်ရှိရာ
နေရာဟု သိနေကြပြီး ဤအရာသည် ဂိုဏ်း၏
တောင်အကာအကွယ် ဝင်္ကပါဖြစ်သော
ထိုက်ကျိကောင်းကင် ကြယ်စင်ဝင်္ကပါပင် ဖြစ်သည်။
+

ဤမှော်ဝက်ပါသည် ကြယ်စင်ပင်လယ်၏ စွမ်းအားများကို ယူသုံးထား၍ ကမ္ဘာ တစ်ခုလုံးတွင် အစွမ်းအထက်ဆုံး မှော်ဝက်ပါဟု သတ်မှတ်ခြင်း ခံထားရသည်။

သူသည် တည်ငြိမ်နေသည်ဟု ထင်နေရသော်လည်း သူ၏ အစစ်အမှန် စွမ်းအားများကို့ ဆင့်ခေါ်ခဲ့သော အခါ စကြာဝဠာ ကိုယ်တိုင်က တုန်ခါသွားမည် ဖြစ်ပြီး ကမ္ဘာကြီးက ပြောင်းပြန်လှန်သွားခဲ့မည် ဖြစ်သည်။ မဖျက်ဆီးနိုင်သော လောကအောက်တွင်သာ ရှိနေသေးသော မည်သူမဆို သူတို့ကိုယ်သူတို့ ခုခံ ကာကွယ်နိုင်မည် မဟုတ်ချေ။

အားလုံးတို့သည် သူတို့၏ ရင်အတွင်းမှ အံ့သြ ချီးကျူးစွာဖြင့် ကြည့်ရှုနေကြသည်။ ဤအချိန်၌ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏

+

ကြီးမားလှသော စွမ်းအားများကို သူတို့၏ အရိုးအတွင်းမှ နေ၍ ခံစားနေခဲ့ရသည်။

ကမ္ဘာ တစ်ခုလုံး အတွင်းတွင် ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါ၏ စွမ်းအားကို စိန်ခေါ်နိုင်သော မှော်ဝက်ပါဟူ၍ မရှိသလောက် ဖြစ်ကာ ထိုဝက်ပါများ အားလုံးနီးပါးကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အပိုင်ဖြစ်သည်။

ဤအချက်အား တွေးမိသော အခါ အားလုံးတို့သည် လေအေးများကို ရှူသွင်းခဲ့ကြသည်။

"ငါက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါဟာ နှစ်ပေါင်းများစွာ ကျင့်ကြံ သန့်စင်ခဲ့အပြီးမှာ အမတန်မှ အစွမ်းထက်လာခဲ့ပြီလို့

+

ကြားတယ်... သူ့ရဲ့ အစွမ်းကို အကုန်ထုတ်လိုက်ရင် သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ တောင်အကာအကွယ် ဝင်္ကပါကို ယှဉ်နိုင်မယ်လို့ ထင်တယ်" တစ်စုံတစ်ယောက်က သူ့အဖော်အား အသံလွှင့်၍ သတင်းပို့လိုက်သည်။

လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှုသည် ကမ္ဘာ တစ်ခုလုံးအား အကျိုးအမြတ် ရှိစေခဲ့ကာ အစွမ်းထက်သည်ဟု သတ်မှတ်ထားခြင်း ခံထားရသော သူများကပင် ပို၍ မြင့်တက်လာနိုင်ခဲ့သည်။ ကျင့်ကြံသူများသည် အဆင့်တစ်ခုသို့ ရောက်သွားသောအခါ နောက်ထပ် တိုးတက်မှုနှုန်းသည် နှေးကွေးသွားမည် ဖြစ်သော်လည်း သူတို့သည် အကျိုးအမြတ်များစွာကို ယူပြန်သွားနိုင်ခဲ့သေးသည်။

+

ပေါးဒီးစ် မျိုးနွယ်စု၊ နဂါးများ၊ ရှေးဟောင်းလူဝံ မိစ္ဆာများနှင့် ဗုဒ္ဓ ကျင့်ကြံသူများကလည်း အတူတူပင် ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းသည် သူတို့အတွင်းတွင် ပါခဲ့ပြီး ရှုထောင့်တစ်ခုမှ ကြည့်လိုက်လျှင် သူတို့သည် အကျိုးအမြတ် အများဆုံး ရနိုင်ကြသူများဟူ၍ပင် ပြော၍ရသည်။

ဤလူ၏ အဖော်က နှုတ်ခမ်း အနည်းငယ်မဲ့၍ ပြောလိုက်သည်။ "တစ်စုံတစ်ယောက်ဟာ မကောင်းတဲ့ အကြံအစည်နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကို မြှောက်ထိုးပင့်ကော် လုပ်ပြီး ချောက်ချလိုနေတဲ့ အတွက် ဒီကောလဟာလကို ဖြန့်ခဲ့တာပဲ"

"အန္တိမယင်ယန် ဟင်းလင်းပြင်ဝက်ပါဟာ ပိုပြီးမှာ သန်မာလာတာ မှန်တယ်… အထူးသဖြင့် ဟင်းလင်းပြင် ဘုရားကျောင်းကနေ အစွမ်းထက်တဲ့ ကျင့်ကြံသူတွေ

+

ထွက်လာနိုင်တဲ့ အချိန်မှာပဲ... ဝက်ပါကိုယ်တိုင်ကလည်း တိုးတက်လာပြီး ထိုက်ကျိကောင်းကင် ကြယ်စင်ဝက်ပါနဲ့ ယှဥ်လိုက်ရင် ဘယ်လိုနေမလဲ ဆိုတာကို ငါတို့ကလည်း မသိပေမဲ့ သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ ထိပ်တန်းဝက်ပါ အချို့ကို စိန်ခေါ်နိုင်ဖို့ကတော့ ဖြစ်နိုင်တယ်"

"ဒါပေမဲ့ ပြဿနာက ဒီဝက်ပါက ပိုင်ယွင်တောင်မှာ အခြေချထားပြီး ဗုဒ္ဓရဲ့ ဗိုင်ဒုရာ နိဗ္ဗာသ နိဗ္ဗာန်နဲ့ ဆင်တူပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ မှော်ဝက်ပါတွေနဲ့ မတူဘူး... ရွှေ့လျားနိုင်တဲ့ ယင်ပင်လယ် အပြင်က မဟာ ပုံရိပ်ယောင် ဝက်ပါအပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ မှော်ဝက်ပါတွေက ပထဝီဝင် အနေအထားတွေ အပေါ်မှ မမူတည်နေဘူး"

+

ပထမဆုံး ပြောခဲ့သည့်သူသည် သူ၏ခေါင်းကို ညိတ်၍
ပြောလိုက်သည်။ "အန္တိမယင်ယန်
ဟင်းလင်းပြင်ဝင်ပေါက် ဆက်လက်
တိုးတက်နိုင်ခဲ့တာက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ရဲ့ သင်ခန်းစာ ပို့ချမှုကြောင့်ပဲ…
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ထိုက်ရှီသူတော်စင်က
သူ့ရဲ့ တာအိုဒဏ်ရာကနေ
သက်သာလာနိုင်ခဲ့တာကလည်း
ဒီအကြောင်းရင်းကြောင့်ပဲ"

သူ၏အဖော်သည် သက်ပြင်းတစ်ချက် ချ၍
ပြောလိုက်သည်။ "တစ်ကမ္ဘာလုံးရဲ့ ဆရာလို့
သတ်မှတ်ခြင်း ခံနေရတဲ့ သူ့လိုမျိုး လူတစ်ယောက်
အကြောင်းကို ငါတို့က ဆွေးနွေးဖို့ မထိုက်တန်ဘူး…
တကယ်လို့ ငါတို့က ခွန်းလွန်တောင်ကို လာတဲ့ခရီး
အတွင်းမှ တစ်စုံတစ်ခုကို နားလည်နိုင်ပြီး အတွေးအမြင်

+

အချို့ကို ရရှိနိုင်ခဲ့ရင် ငါတို့ တစ်သက်တာအတွက် ဖူလုံသွားပြီ"

"ငါတို့ရဲ့ ကိုယ်ပိုင် ဂရန်းမာစတာက ဟေးဒီးစ်ကေရာဇ်ရဲ့ ရတနာ အချို့ကို ကံအားလျော်စွာ ရရှိနိုင်ခဲ့ပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ သင်ခန်းစာ ပို့ချမှုကို နားထောင်သွားပြီးမှသာ သူ့ရဲ့ ဗဟုသုတတွေကို နားလည်နိုင်ခဲ့တယ်... ဒါပေမဲ့ အနည်းငယ် ဝေဝါးနေသေးတဲ့ အရာအချို့ ရှိနေသေးတဲ့ အတွက် ဒီသင်ခန်းစာကို နားထောင်ပြီးရင် ချိုးဖောက်နိုင်လိမ့်မယ်လို့ မျှော်လင့်နေတယ်"

"ဟေးဒီးစ် ကေရာဇ်ရဲ့ နှောင့်ယှက်မှုဟာ သမိုင်းအတွင်းမှ မှေးမှိန်သွားပြီ ဖြစ်ပေမဲ့ ငါတို့ရဲ့ ဂိုဏ်းဟာ ဒီအကြောင်းကြောင့် အနည်းငယ် နေးကွေးသွားခဲ့တယ်"

+

"ဟေးဒီးစ် ကေရာဇ်ဟာ အစွန်းရောက် တာအို အန္တိမရဲ့ လက်အောက်မှ ကျဆုံးခဲ့ရပြီး ငရဲ ဘုန်းတော်ကြီးဟာ ဝိညာဥ်ပင်လယ် အတွင်းမှာ ငရဲမီး ကေရာဇ်ရဲ့ လက်ချက်နဲ့ ပျက်ဆီးသွားခဲ့တယ်... ဒီအဖြစ်တွေဟာ ကုန်လွန်သွားတာ အချိန်အတော် ကြာသွားပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဂရုမစိုက်နေဘူး... တကယ်လို့ ငါတို့ဟာ တခြားသူတွေရဲ့ အထင်သေးမှုကို မခံရလိုရင် ငါတို့ရဲ့ စွမ်းရည်တွေကို တိုးတက်လာပြီး ပိုမို သန်မာလာအောင် ကြိုးစားနေရမယ်"

အားလုံးတို့သည် တစ်ပြိုင်နက်တည်း ခေါင်းညိတ်လိုက်ကြသည်။ သူတို့သည် စကားပြောနေရင်း ဟင်းလင်းပြင်ကို ချိုးဖောက်သွားကြကာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏

+

ကောင်းကင်ပေါ်မှ တောင်သည် မြင်ကွင်းအတွင်းတွင် ပေါ်လာခဲ့သည်။

အလင်းတန်း တိုင်လုံး တစ်လုံးသည် စကြာဝဠာ အပေါ်မှ ကျဆင်းလာကာ ကောင်းကင်ပေါ်မှ တောင် တစ်ခုလုံးအား လွှမ်းခြုံသွားခဲ့လေသည်။

## စာစဥ် ၇၆ : အပိုင်း ၁၅

## အပိုင်း ၁၄၈၅ : ဂန္ဓဝင် ဂိုဏ်းချုပ်

ကောင်းကင်ပေါ်မှ တောင်သို့ အလင်းတန်းများက ဖုံးလွှမ်းသွားသည်။ အားလုံးတို့သည် တောင်ပေါ်သို့ ရောက်လာသော အခါ မမြင်နိုင်သော စွမ်းအားတစ်ခုက ဟင်းလင်းပြင်အား ကမ္ဘာငယ်လေးများစွာ အဖြစ်

+

ခွဲခြားထားသည်ဟု ခံစားနေရပြီး ကမ္ဘာအနှံ့မှ လူများစွာ စုဝေး ရောက်ရှိလာကြသည်ကို တွေ့လိုက်ရသည်။

ဤသေးငယ်သော ကမ္ဘာများ အတွင်းတွင် အလင်းတန်းများ လင်းလက်နေ၍ အတွင်းတွင် ဘာဖြစ်နေသည်ကို တစ်ယောက်ကမှ ကောင်းစွာ မမြင်နိုင်ပေ။ သို့သော်လည်း ကျင်းယန်နှင့် ကျန်သောသူများသည် ထိုသူများက ကမ္ဘာ၏ ထိပ်ဆုံးတွင် ရှိနေကြသော အစွမ်းထက် ပုဂ္ဂိုလ်များဖြစ်ကြ၍ သူတို့ အများစုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ရင်းနှီးသော ဆက်ဆံရေး ရှိကြသူများ ဖြစ်သည်ဟု ပြောနိုင်ခဲ့ကြသည်။

အခြား ကမ္ဘာငယ်များ အတွင်းတွင် ကျင့်ကြံမှု အဆင့်နိမ့်သော လူသားနှင့် မိစ္ဆာ ကျင့်ကြံသူများလည်း ရှိကြသေးသည်။

+

လေဟာနယ်အား အစိတ်အပိုင်း များစွာအဖြင့် ခွဲခြားထား၍ အားလုံးတို့သည် နေရာလုနေစရာ မလိုပဲ နားထောင်ရန် နေရာတစ်ခုစီ ရခဲ့ကြသည်။

အားလုံးတို့သည် လင်းဖုန်း၏ ပထမ သင်ခန်းစာ ပို့ချကတည်းက ဤခမ်းနား ကြီးကျယ်မှုကို တွေ့ခဲ့ပြီ ဖြစ်သည်။ လင်းဖုန်းကိုယ်တိုင်က ပြောထားသကဲ့သို့ ကမ္ဘာအတွင်းမှ ကျင့်ကြံသူတိုင်းသည် ဉာဏ်ထက်သည် ဖြစ်စေ၊ ထုံထိုင်းသည် ဖြစ်စေ၊ အစွမ်းထက်သည် ဖြစ်စေ၊ အားနည်းသည် ဖြစ်စေ၊ လာရောက် နားထောင်ရန် ခွင့်ပြုထားသည်။

ဤတစ်ခေါက်တွင် လာခဲ့ကြသူများသည် ယခင်အခေါက်ထက်စာလျှင် ပို၍ နည်းပါးသွားသည်။

+

ဤအရာသည် လူအများက လာလိုစိတ် မရှိတော့သောကြောင့် မဟုတ်ပဲ ထို့အစား လင်းဖုန်း သင်ခန်းစာ တစ်ခေါက် ပို့ချပြီးတိုင်းတွင် နောက်တစ်ခေါက် နားထောင်လိုသော သူများ ပို၍ပို၍ များလာကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ကမ္ဘာကြီးအား သူတို့၏ ဂိုဏ်းတည်ထောင်သူ၏ ဤတစ်ခေါက် သင်ခန်းစာ ပို့ချမှုသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား လွှမ်းခြုံ၍ ပြောကြားမည် ဖြစ်ပြီး သူ၏ အသံအား ကောင်းကင်နှင့် မြေကြီး တစ်လျှောက် ကြားနိုင်မည် ဖြစ်ကာ ခွန်းလွန်တောင်သို့ လာရောက်ရန် မလိုအပ်တော့ဟူ၍ ကြေညာခဲ့သည်။

သို့သော်လည်း လူအချို့သည် သူတို့၏ စိတ်အား ထန်သန်မှုအား ပြသရန်  ဤနေရာသို့ လာခဲ့ကြသေးပြီး

+

မမျှော်လင့်သော အကျိုးအမြတ် အချို့ကို ယူပြန်သွားနိုင်ရန် မျှော်လင်နေခဲ့ကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် နီးကပ်သော ဂူကျွန်းနှင့် အခြား အစွမ်းထက် ပုဂ္ဂိုလ်များကလည်း ဤနေရာသို့ လာခဲ့ကြသေးသည်။ သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ ကြေညာချက်သည် အနည်းငယ် ထူးဆန်းနေသည်ဟု သတိပြုမိခဲ့ကာ ကိုယ်ပိုင် သုံးသပ်ချက်များ ရှိနေကြပြီး နောက်ဆုံးတွင် ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ကောင်းကင်ပေါ်မှ တောင်အပေါ်မှ မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် တတိယမျိုးဆက် ဂိုဏ်းခေါင်းဆောင် တန်ကျွင်းသည် အဓိက နေရာ၌ ထိုင်နေကာ လူအုပ်ကြီးအား ပြောလိုက်သည်။

+

"ဒီနေရာကို ရောက်လာတဲ့ လူတိုင်းဟာ ညှော်သည်တွေ ဖြစ်ကြပြီး ကျုပ်က ဒီနေရာကနေ အားလုံးတို့ကို ဂိုဏ်းတည်ထောင်သူ ကိုယ်စား ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါတယ်"

"အချိန်ကျရောက်လာပြီ ဖြစ်လို့ အားလုံးပဲ ဂိုဏ်းတည်ထောင်သူကို သင်ခန်းစာ ပို့ချဖို့ ကြိုဆိုလိုက်ကြပါစို့"

သူ၏ အသံ ဆုံးသွားသော အခါ အဆုံးမဲ့ ခရမ်းရောင် စွမ်းအားများက လွင့်မျောလာကာ ကောင်းကင်ပေါ်မှ ကြယ်ပင်လယ်အား လွှမ်းခြုံသွား၍ အလင်းတန်း တိုင်လုံး တစ်လုံးသည် ကောင်းကင်ပေါ်မှ တောင်အား ဖုံးလွှမ်းသွားသည်။

+

ကျယ်ပြန့်လှသည့် အဆုံးမဲ့ စကြာဝဠာသည် ခရမ်းရောင် စွမ်းအင်များနှင့် ပြည့်သွား၍ အမှောင်ထု တစ်ခုလုံးသည် ဤအချိန်၌ ခရမ်းရောင် သန်းသွားခဲ့သည်။

ခရမ်းရောင် စွမ်းအင်များသည် နေရာအနှံ့ ပျံ့နှံ့သွား၍ နောက်ဆုံးတွင် မဟာကမ္ဘာ တစ်ခုလုံးအား လွှမ်းခြုံသွားခဲ့ကာ အကန့်အသတ် မရှိပဲ အဆုံးမဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ခွန်းလွန် တောင်ပေါ်မှ ကောင်းကင်သည် ခရမ်းရောင် သန်းသွားကာ ကမ္ဘာ၏ အခြားတစ်ဘက်မှ ကျယ်ပြန့်လှသော အရှေ့ပင်လယ်၏ ကောင်းကင်ကလည်း ခရမ်းရောင် သန်းသွားသည်။ ဟင်းလင်းပြင် ဘုရားကျောင်း၏ ပိုင်ယွင်တောင် အပေါ်မှ ကောင်းကင်သည် ခရမ်းရောင် သန်းသွား၍ မဟာကျိုး

+

အင်ပါယာမှ ထျန်းကျင်းမြို့ ကောင်းကင်ကလည်း ခရမ်းရောင် သန်းသွားခဲ့သည်။

ယခုအချိန်တွင် လူသားကမ္ဘာနှင့် တူညီသော ပထဝီဝင် အလွှာတွင် ရှိနေခဲ့ပြီ ဖြစ်သော မိစ္ဆာတို့၏ နေရာဒေသ အသီးသီးတို့ကလည်း အဆုံးမဲ့ ခရမ်းရောင် စွမ်းအင်များဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

မဟာကမ္ဘာသာ မကပဲ အလယ်ကမ္ဘာ အားလုံးတို့နှင့် မဟူရာ ပင်လယ်၊ ယင်ပင်လယ်၊ ငရဲကမ္ဘာ ပင်လယ် အစရှိသော ကမ္ဘာများ အားလုံးတို့ကလည်း ခရမ်းရောင် အလွှာများဖြင့် လွှမ်းခြုံသွားသည်။ အရာအားလုံးတို့သည် အာရုံကို ဖမ်းစားနိုင်ခဲ့ကာ တစ်ချိန်တည်းတွင် ဆန်းကြယ် နက်နဲနေခဲ့သည်။

+

ထိုခရမ်းရောင် စွမ်းအင်များ ရောက်လာခဲ့သည့်
နေရာတိုင်းတွင် တစ်ယောက်ကမှ ဖိအားများကို
အနည်းငယ်မျှ မခံစားနေရပေ။ ကမ္ဘာ၏ စိတ်ဝိညာဉ်
စွမ်းအင်များသည် မပြောင်းလဲခဲ့ပဲ တစ်ယောက်ကမှ
အခြားမည်သည့် ပြောင်းလဲမှုများကို မခံစားခဲ့ရပေ။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် လင်းဖုန်းတို့၏
ဉာဏ်နှစ်များ အတွင်းမှ တည်ရှိနေမှုသည်
ကောင်းကင်ကဲ့သို့ ကြီးမားသော်လည်း
သာမန်အတိုင်းသာ ဖြစ်နေခဲ့သကဲ့သို့ ကောင်းကင်နှင့်
မြေကြီးတို့သည် အစကတည်းက ဉာဏ်အတိုင်းသာ
ဖြစ်သင့်နေသကဲ့သို့ ဖြစ်နေသည်။

လူအများသည် သူတို့၏ တည်ရှိနေမှုကို အချိန်နှင့် အမျှ
မေ့လျော့သွားခဲ့သော်လည်း သူတို့သည် ကမ္ဘာအပေါ်တွင်

+

မြင့်မားစွာ အမြဲ တည်ရှိနေ၍ မည်သူကမှ သူ့တို့အား ထိတွေ့၍ မရနိုင်ချေ။

ခရမ်းရောင် စွမ်းအားများသည် ကောင်းကင်ပေါ်မှ တောင်အပေါ်၌ လွင့်မျောနေကြ၍ ဖြည်းဖြည်းချင်း လွင့်ပြယ်သွားကာ အဖြူရောင် မှော်တောင် တစ်တောင်သည် ကောင်းကင်ပေါ်မှ ဆင်းသက်လာပြီး ထိုတောင်ပေါ်မှ ရောင်စဥ် ခုနစ်သွယ် သစ်ပင်သည် လေထုအတွင်းတွင် လွင့်မျောကာ လင်းလက်စွာ တောက်ပနေသည်။

မဟာ့ရာကောင်းကင် ရတနာသစ်ပင်၏ အောက်ခြေတွင် လူရှစ်ယောက်တို့ ထိုင်နေကြသည်။ သူတို့၏ အမူအရာများသည် သာမန်အတိုင်းသာ ဖြစ်နေကြပြီး သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၏ လက်ရင်းတပည့် ရှစ်ယောက်တို့ ဖြစ်ကြသော

+

ရှောင်ယန်၊ ဇူရီ၊ ဝမ်လင်း၊ ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့ ဖြစ်ကြသည်။

မူလကောင်းကင် ကမ္ဘာ အတွက် သူတို့ တစ်ယောက်ချင်းစီသည် ဒဏ္ဍာရီများ ဖြစ်နေကြပြီ ဖြစ်သည်။ သူတို့သည် ကမ္ဘာအတွင်းသို့ ဝင်ရောက် စွက်ဖက်လေ့ မရှိကာ ခြေမချခဲ့ကြတော့ပဲ သူတို့အား ဤကဲ့သို့ တစ်စုတစ်ဝေးတည်း တွေ့ရသော အချိန်သည် လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှု အချိန်တွင်သာ ဖြစ်သည်။

မဟူရာကောင်းကင် ရတနာသစ်ပင်၏ ထိပ်ဖျားတွင် ခရမ်းရောင် ဝတ်စုံနှင့် လူငယ် တစ်ယောက်သည် တင်ပလ္လင်ခွေ၍ ထိုင်နေခဲ့သည်။ ထိုသူသည် မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးအား အကြွင်းမဲ့ အုပ်စိုးထား၍ ထာဝရ ဒဏ္ဍာရီ ဖြစ်နေသည့် အံ့ဖွယ်

+

ကောင်းကင်ဘုံဂိုဏ်းအား တည်ထောင်သူ လင်းဖုန်းပင် ဖြစ်သည်။

လင်းဖုန်းသည် သူ၏ မျက်နှာ အပေါ်တွင် အပြုံး ဖွဖွလေး တစ်ခုအား ပန်ဆင်ထားကာ ပေါ်လာသည်နှင့် စကားအပိုများ မပြောပဲ သင်ခန်းစာကို ချက်ချင်း စတင်၍ ပို့ချခဲ့သည်။

သူ၏ အသံသည် မူလကောင်းကင် ကမ္ဘာ အနှံ့သို့ ရောက်သွား၍ နေရာတကာ၌ အမှန်ပင် တည်ရှိနေခဲ့သည်။ သူ၏ အသံသည် မကျယ်သော်လည်း အားလုံးတို့၏ စိတ်အတွင်းတွင် တီးတိုး ပြောခဲ့သကဲ့သို့ သူတို့၏ နှလုံးသားများ အတွင်းအထိ ရောက်သွားခဲ့သည်။

+

ကမ္ဘာ အတွင်းမှ လူသားတို့၏ ဆူညံနေသော
အသံများက ချက်ချင်း ငြိမ်သက်သွားကြကာ
အားလုံးတို့သည် လင်းဖုန်း၏ သင်ခန်းစာအား
ငြိမ်သက်စွာဖြင့် အာရုံစိုက်၍ နားထောင်ခဲ့ကြသည်။

လင်းဖုန်းသည် အလွန်အမင်း ရှုပ်ထွေးကာ
နက်ရှိုင်းသော်လည်း တစ်ချိန်တည်းတွင် ရှင်းလင်း၍
အပေါ်ယံဆန်နေသော  ကောင်းကင်နှင့် မြေကြီးတို့၏
မဟာတာအို အကြောင်းကို ရှင်းပြခဲ့ခြင်း ဖြစ်သည်။
ဤသဘောတရားနှင့် အတွေးအမြင်တို့သည်
အားလုံးတို့၏ စိတ်အတွင်းတွင် ခပ်နှိတ်ထားသကဲ့သို့
ဖြစ်နေကာ အားလုံးတို့သည် စိတ်အာရုံ မပျံ့လွင့်ပဲ
အတွင်း၌ နစ်မျောနေကြသည်။

လူအများတို့ နားမလည်နိုင်ကြသည့် ပြဿနာ
အမျိုးမျိုးနှင့် ဖြေရခက်သော မေးခွန်းများ သို့မဟုတ်
+

သူတို့၏ ကျင့်ကြံမှု လမ်းကြောင်းအား ပိတ်ဆို့နေသော
အရာများသည် ချက်ချင်း ပြေလည်သွားကာ
အရာအားလုံးတို့က ကြည်လင် ပြတ်သားလာကြသည်။

အချိန်နှင့် အမျှ မူလကောင်းကင် ကမ္ဘာ၏
ထောင့်တိုင်းတွင် လူအများသည် စတင်၍
ဉာဏ်အလင်းပွင့်ကာ တိုးတက်လာနိုင်ခဲ့ကြသည်။
အချို့သူများသည် တစ်ဆို့ ကြန့်ကြာနေသည့်
အတားအဆီးများကို ချိုးဖောက်နိုင်ခဲ့ကာ ကျင့်ကြံမှု
အဆင့် တက်သွားကြပြီး အချို့သူများသည် ဤအချိန်၌
အင်မော်တယ်ဝိညာဉ် တံခါးကိုပင် ဖွင့်နိုင်ခဲ့ကာ
အင်မော်တယ် ဝိညာဉ်ကိုယ်ပွားကို
ဖန်ဆင်းနိုင်ခဲ့ကြသည်။

+

အချို့သူများသည် သူတို့၏ စင်စစ် ဖြစ်တည်မှုအား ရရှိနိုင်ခဲ့ကာ အချို့ဆိုလျှင် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့ ရောက်သွားကြသည်။

အချို့ အစွမ်းထက်သော ကျင့်ကြံသူများသည် သူတို့၏ အမြင်များကို ဖုံးကွယ်နေသော မြူခိုးငွေ့များက လွင့်ပြယ်သွားသည်ဟု ခံစားခဲ့ရပြီး သူတို့၏ လမ်းကြောင်းများက ကြည်လင် ချောမွေ့သွားသည်။ သူတို့သည် ယခုအချိန်တွင် ကပ်ဘေးများကို ရင်ဆိုင်နိုင်ရန် လုံလောက်သော ယုံကြည်ချက်များ ရနိုင်ခဲ့ကြသည်။

အားလုံးတို့က ပျော်ရွှင် ဝမ်းမြောက်နေကြသည်။ ဤကဲ့သို့သော အရာများသည် လင်းဖုန်း၏ သင်ခန်းစာ ပို့ချမှုတိုင်းတွင် ဖြစ်လေ့ရှိကြသော်လည်း

+

ဤတစ်ခေါက်တွင် ယခင်ကနှင့် မတူပဲ အနည်းငယ် ထူးခြားနေကာ လျှို့ဝှက် သီးသန့် ဖြစ်နေခဲ့သည်။

ကမ္ဘာအတွင်းမှ ကျင့်ကြံသူများ အားလုံးနှင့် သေမျိုးများတို့သည် သူတို့ ပြုလုပ်နေခဲ့သည့် အရာများကို ရပ်တန့်ခဲ့ကာ ဤနတ်ဘုရား၏ အသံကို အသေအချာ နားထောင်ခဲ့ကြသည်။ သူတို့သည် သူတို့၏ အရှေ့မှ ကမ္ဘာသည် ပြောင်းလဲသွားသည်ဟု ခံစားနေရပြီး မြေပြင်၌ လမ်းလျှောက်ကာ ကောင်းကင်၌ ပျံဝဲနေကြသော သားရဲများသည် ရပ်တန့်ခဲ့ကြသည်။ သူတို့၏ မျက်လုံးများက တောက်ပလာကြကာ သူတို့၏ အသိဉာဏ်များသည် အဖွင့်ခံခဲ့ရသကဲ့သို့ ခံစားခဲ့ရသည်။

ရှောင်ယန်နှင့် ကျန်သောသူများသည် မဟာရာကောင်းကင် ရတနာသစ်ပင်၏ အောက်တွင်

+

တည်ငြိမ်စွာ ရှိနေကြ၍ သစ်ပင်ထိပ်ဖျားသို့ ရိုသေလေးမြတ်စွာဖြင့် စိုက်ကြည့်နေကြလေသည်။

လင်းဖုန်းသည် ထိုင်နေကာ သူ၏ သင်ခန်းစာ ပို့ချခဲ့သည့် အချိန်တွင် သူ၏ခေါင်းပေါ်တွင် တာအိုသစ်သီး တစ်လုံး ရှိနေခဲ့သည်။ သူသည် ထိုက်ကျိစာအုပ်၏ သဘောတရားများကို အဆက်မပြတ် ဖော်ပြနေသော အစက်တစ်စက် ဖြစ်၍ မဟာတာအို၏ အဆုံးမဲ့ သဘောတရားနှင့် အတွေးအမြင်များကို အဆက်မပြတ် ရှင်းပြနေခဲ့သည်။

ဤသေးငယ်သော အစက်လေး အပြင် အခြားဘာမှ မရှိခဲ့ပေ။ အချိန်ကာလ၊ လေဟာနယ်၊ ယင်နှင့်ယန်တို့ မရှိပဲ နွေးထွေးမှု၊ အေးစက်မှုတို့ မရှိကြသည့် အပြင် မြန်ခြင်း၊ နှေးခြင်း၊ အလင်းနှင့် အမှောင်တို့ကလည်း မရှိကြပေ။

+

လေဟာနယ် သဘောတရားက မရှိပဲ တစ်ယောက်သည် အပေါ်နှင့် အောက်၊ ဘယ်နှင့်ညာတို့ကို ခွဲခြား၍ မပြောနိုင်ကြပေ။ အချိန်ကာလ သဘောတရား မရှိနေပဲ တစ်ယောက်သည် အတိတ်နှင့် အနာဂတ်တို့အား ခွဲခြား၍ မပြောနိုင်ကြပေ။

သူ၏ အရွယ်အစားကို ဖော်ပြရန် နည်းလမ်းမရှိပဲ သူ၏ ပုံစံအား မဖော်ပြနိုင်ပေ။ တစ်ယောက်ကမှ သူ၏ နေရာ အတိအကျကို ပြောနိုင်မည် မဟုတ်ပဲ ဤအစက်လေးက ဘာဖြင့် ပြုလုပ်ထားသည်ကို မည်သူကမှ နားမလည်နိုင်ကြပေ။

ထိုအရာသည် တာအို၏ အစမူလနှင့် တူနေသကဲ့သို့ ခံစားနေရသော်လည်း မဟာတာအို၏ အဆုံးမဲ့

+

အဆုံးသတ်နှင့်လည်း တူနေခဲ့သည်။ ခေါင်းနှင့်ပန်း မရှိသလို အစနှင့် အဆုံးလည်း မရှိပေ။ သူသည် အလွန်တရာမှပင် ထူးခြား ဆန်းကြယ်နေ၍ ကမ္ဘာအတွင်းမှ ဉာဏ်ပညာနှင့် လျှို့ဝှက် နက်နဲမှုများ အားလုံးသည် ဤအစက်လေး အတွင်းသို့ စုစည်းနေခဲ့သည်။

သို့သော်လည်း လင်းဖုန်း၏ ထိုက်ကျိစာအုပ်သည် အဆုံးသတ်ခါနီးလာသော အခါ  အရာ အားလုံးတို့က ထပ်ဖန်တစ်ခါ ပြောင်းလဲလာခဲ့သည်။

ဤအချိန်တွင် ထူးခြားဆန်းကြယ်၍ ခန့်မှန်း၍ မရနိုင်သော အစက်ကပင် ဘာမှ မရှိခြင်း အဖြစ်သို့ ပျောက်ကွယ်သွားခဲ့သည်။

+

လင်းဖုန်းကိုယ်တိုင်၏ ရုပ်ရည်သွင်ပြင်ကမူ မည်သည့်ပြောင်းလဲမှုမှ မရှိဟု ထင်နေရသည်။ ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် သူ၏ ခေါင်းပေါ်တွင် ထပ်ဖန်တစ်ခါ ပေါ်လာ၍ ခေါင်းလောင်းသံများသည် ကောင်းကင်နှင့် မြေကြီးတို့ အကြားတွင် ပဲ့တင်ရိုက်နေခဲ့ကာ မဟာကမ္ဘာ၏ ထောင့်တိုင်းသို့ ပျံ့နှံ့သွားခဲ့သည်။

ကြမ္မာပန်းတိုင် ခေါင်းလောင်းသည် ခေါင်းလောင်းသံများ အကြားတွင် စတင်၍ အသွင်ပြောင်းလာပြီး နောက်ဆုံးတွင် ရောမ ကျောက်တုံးတံခါး အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုကျောက်တုံး တံခါးသည် လုံးဝ မည်းနက်နေကာ သူ၏ မျက်နှာပြင်အား မရေမတွက်နိုင်သော စိမ့်စမ်းရှုခင်းများဖြင့် ခပ်နှိတ်ထားသည်။ သူသည် ရှေးကျ၍ အထီးကျန် ဆန်နေခဲ့သော်လည်း သိပ်သည်းသော အသက်စွမ်းအင်များကို ထုတ်လွှတ်နေခဲ့သည်။

+

တံခါးကြီးသည် ညည်းညူ၍ နှစ်ဘက်စလုံးသို့ ဖြည်းဖြည်းချင်း ပွင့်သွားကာ အသွင်မဲ့နေသော ကျယ်ပြန့်လှသည့် မြစ်တစ်စင်းက အတွင်းမှ စီးထွက်လာသည်။ မြစ်၏ ရေသည် အဆက်မပြတ် စီးဆင်းနေကာ မမြန်သလို မနှေးနေပဲ ဘယ်တော့မှ မရပ်တန့်တော့မည့် စွမ်းအား တစ်မျိုးကို ထုတ်လွှတ်နေခဲ့သည်။

ထိုမြစ်သည် သူ၏ အဆုံးသတ်အနားသို့ ရောက်လာသည်နှင့် မြစ်၏ မျက်နှာပြင်တွင် ရှေးဟောင်းကျမ်းစာ တစ်ခု လွင့်မျောလာခဲ့သည်။ ထိုစာအုပ်၏ စာရွက်များက လှန်သွားခဲ့သော အခါ ခမ်းနား ကြီးကျယ်သော ဂုဏ်ကျက်သရေများ ပြီးနောက် ပျက်စီး ယိုယွင်းမှုများ လိုက်လာခဲ့သည်။

+

ကမ္ဘာအတွင်းမှ သက်ရှိ အားလုံးတို့သည် တစ်နေ့တွင် ကွေ့လွင့်ကြရမည် ဖြစ်ပြီး သူတို့၏ အောင်မြင်မှု လမ်းကြောင်းများသည် နောက်ဆုံးတွင် ကျရှုံးသွားမည် ဖြစ်၍ တိုးတက်စည်ပင် နေရာမှ အားနည်းသွားမည် ဖြစ်သည်။

ဤရှေးဟောင်း ကျမ်းစာသည် နောက်ဆုံး စာရွက်သို့ ရောက်သော အခါ လင်းဖုန်း၏ တာအိုသစ်သီးကဲ့သို့ ပျောက်ကွယ်သွားကာ ဘာမှ မရှိခြင်းသာ ကျန်နေရစ်သည်။ သူသည် ဝေဝါး မည်းမှောင်နေ၍ ဘာမှ မမြင်နိုင်ပဲ မြင်ကွင်း တစ်ခုလုံးသည် ဖော်ပြ၍ မရနိုင်ပဲ နားလည်နိုင်လိမ့်မည် မဟုတ်ချေ။

ဤဘာမှ မရှိခြင်းသည် လင်းဖုန်း၏ ခေါင်းပေါ်တွင် လွင့်မျောနေ၍ ဘာမှ မရှိခြင်းမှ အရာဝတ္ထု တစ်ခုကို မွေးဖွားလာသည်ဟု ခံစားခဲ့ရကာ စောင့်ကြည့်နေသော

+

ရှောင်ယန်နှင့် ကျန်သောသူများသည် သူတို့၏ ရင်အတွင်းမှ ဖော်ပြ၍ မရနိုင်သော ခံစားချက်များကို ခံစားခဲ့ရသည်။

လင်းဖုန်း၏ ယခင်မှ တာအိုသစ်သီးသည် ဖော်ပြရန် ခက်ခဲသော်လည်း အစက်တစ်ခု အနေဖြင့် ဖော်ပြ၍ ရသေးပြီး တစ်ယောက်သည် သူ့အတွင်းမှ အရာအားလုံးတို့၏ အစနှင့် အဆုံးတို့ကို ကိုယ်စားပြုနေသော စွမ်းအား သဘောတရားကို ခံစား၍ ရနိုင်သေးသည်။

သို့သော်လည်း လင်းဖုန်း၏ တာအိုသစ်သီးနှင့် ကြမ္မာပန်းတိုင် ခေါင်းလောင်းတို့ အသွင်ပြောင်းပြီးသွားသော အခါ လူအများတို့သည် ဖော်ပြ၍ မရနိုင်သော အစစ်အမှန် ခံစားမှုများကို စတင်၍ ခံစားလာခဲ့ကြရသည်။

+

အဘယ်ကြောင့် ဆိုသော် သူ့အား ဖော်ပြရန် စကားလုံးများ မရှိနေ၍ မဟုတ်ပဲ ဖော်ပြရန် နည်းလမ်း လုံးဝ မရှိသောကြောင့် ဖြစ်သည်။ လူအများသည် သူတို့က မည်မျှပင် ဖော်ပြရန် ကြိုးစားပါစေ၊ သူတို့က နားလည်ရန် မည်မျှ ကြိုးစားပါစေ၊ မှားယွင်းသော အဖြေကိုသာ ရနိုင်မည်ဟု ခံစားနေကြရသည်။

လင်းဖုန်းသည် ဤဘာမှမရှိခြင်း၏ အောက်တွင် ရှိနေကာ သဘောတရားနှင့် အကြောင်းရင်းများ အားလုံးတို့၏ အပေါ်သို့ ကျော်လွန်သွားခဲ့သည်ဟု ထင်နေရသည်။

+

အဖြစ်နိုင်၊ မမှန်းဆနိုင်ဟု ထင်နေရသော အရာအားလုံးတို့သည် လင်းဖုန်းအတွက် သာမန်သာ ဖြစ်နေခဲ့သည်။

ရှောင်ယန်၏ မျက်လုံးများ အတွင်းတွင် သူ၏ ဆရာသည် စကားလုံး တစ်လုံးဖြင့်ပင် မဟာကမ္ဘာ၏ သေခြင်း ရှင်ခြင်းအား ဆုံးဖြတ်နိုင်ကာ အရာအားလုံးကို သူ၏ နှလုံးသားဖြင့် လုပ်နိုင်သည်ဟု ထင်နေခဲ့သည်။ သူသည် မြင့်မား အားကောင်း၍ သူမဖြေရှင်းနိုင်သော ဖြေရခက်သည့် မေးခွန်းဟူ၍ မရှိနိုင်ပေ။

ဇူရီ၏ မျက်လုံးများ အတွင်းတွင် သူ၏ ဆရာသည် မဟာကမ္ဘာ တစ်ခုလုံးအား စောင့်ကြည့်နိုင်၍ သူမသိ နားမလည်နိုင်သော အရာဟူ၍ မရှိနိုင်ပေ။ ကမ္ဘာကြီး၏ အဆုံးမဲ့ ကြမ္မာပန်းတိုင်သည် သူ၏ ဆုပ်ကိုင်မှု အတွင်းတွင် ရှိနေပေသည်။

+

ဝမ်လင်း၏ မျက်လုံးများ အတွင်းတွင် သူ၏ဆရာသည် ကမ္ဘကိုယ်တိုင်အား ပြောင်းလဲပေး၍ သံသရာအား ကျော်ဖြတ်နိုင်ရန် လုံလောက်အောင် အစွမ်းထက်နေသည်။ အကယ်၍ သူ၏ဆရာကသာ ဆန္ဒရှိလျှင် သူသည် မူလကောင်းကင် ကမ္ဘာ၏ အတိတ်နှင့် အနာဂတ်အား ပြောင်းလဲနိုင်ကာ ကမ္ဘာအတွင်းမှ ကမ္ဘမျိုးစုံနှင့် ကောင်းချီး မင်္ဂလာများကို နှစ်သက်သလို ဖန်ဆင်းနိုင်စွမ်း ရှိနေသည်။

ရှီထျန်းဟောင်၏ မျက်လုံးများ အတွင်းတွင် သူ့ဆရာသည် မဟာကမ္ဘာအား အတွေး တစ်ချက်တည်းနှင့်ပင် မဟာကမ္ဘာဦး လွင်တီးခေါင် အဖြစ်သို့ ပြန်ပြောင်းနိုင်စွမ်း ရှိကာ ကမ္ဘာအတွင်းမှ နယ်မြေအားလုံး၏ ကြမ္မာပန်းတိုင်များကို အတွေး တစ်ချက်တည်းနှင့် ပြောင်းလဲနိုင်စွမ်း ရှိနေသည်။

+

ဤအချိန်၌ အားလုံးတို့သည် လင်းဖုန်းအား စိုက်ကြည့်နေကြရင်း ကွဲပြားသော ခံစားချက်နှင့် နားလည်မှုများ ရှိနေကြသည်။ သူတို့သည် သူတို့ မြင်တွေ့ ခံစားနေရသည့် အရာများကို မှန်ကန်စွာ ဖော်ပြနိုင်စွမ်း မရှိပဲ ခန့်မှန်း နားလည်နိုင်ကြမည် မဟုတ်ချေ။

ရှောင်ယန်နှင့် ကျန်သောသူများသည် တစ်ပြိုင်နက်တည်း သက်ပြင်းများကို ချခဲ့ကြကာ အားလုံးတို့က တစ်ပြိုင်နက်တည်း ထရပ်လိုက်ကြ၍ လင်းဖုန်း အရှေ့တွင် ရိုသေစွာ ဒူးထောက်ခဲ့ပြီး အတူတကွ ပြောလိုက်ကြသည်။ "ဆရာရဲ့ သာလွန်မှုအတွက် ဂုဏ်ပြုပါတယ်"

+

ယုကျင်းတောင်၏အောက်၊ ကောင်းကင်ပေါ်မှ တောင်၏ အပေါ်၊ မဟာကမ္ဘာ အတွင်းရှိ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မဟာကျောင်းတောင် ရှစ်ခုတို့ အတွင်းတွင်...

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များ အားလုံးတို့သည် သူတို့ ခေါင်းပေါ်မှ ခရမ်းရောင် ကောင်းကင်အပေါ်သို့ ရှိသေစွာဖြင့် ဦးညွှတ်လိုက်ကြသည်။ "ဂိုဏ်းတည်ထောင်သူရဲ့ သာလွန်မှု အတွက် ဂုဏ်ပြုပါတယ်"

ကောင်းကင်ပေါ်မှ တောင်အတွင်းမှ သင်ခန်းစာ ပို့ချမှုကို လာနားထောင်ခဲ့ကြသော ကျင့်ကြံသူတိုင်းသည် နောက်ဆုံးတွင် ဘာဖြစ်နေခဲ့သည်ကို သဘောပေါက်သွားကြကာ အားလုံးတို့ကလည်း ခရမ်းရောင် ကောင်းကင် အပေါ်သို့ ရှိသေစွာဖြင့်

+

ဦးညွှတ်လိုက်ကြသည်။ "မာစတာလင်းရဲ့ သာလွန်မှုအတွက် ဂုဏ်ပြုပါတယ်"

ခွန်းလွန်တောင် ပြင်ပမှ ဂိုဏ်းအားလုံးနှင့် မရေမတွက်နိုင်သော အိမ်တော်များမှ ကျင့်ကြံမှု အသီးသီး ရှိနေကြသော လူသားနှင့် မိစ္ဆာတို့သည် သူတို့ ခေါင်းပေါ်မှ ခရမ်းရောင် ကောင်းကင်အား ရှိသေစွာဖြင့် ဦးညွှတ်လိုက်ကြသည်။ "မာစတာလင်းရဲ့ သာလွန်မှုအတွက် ဂုဏ်ပြုပါတယ်"

အရှေ့ပင်လယ် အပေါ်မှ ဗိုင်ဒုရာ နိဗ္ဗာသ ကမ္ဘာ အတွင်းတွင် စကြာဝဠာ စကျင်ဗုဒ္ဓနှင့် သကျမုနိတို့သည် သူတို့၏ လက်ဝါးအစုံအား စုစည်းထားကာ တီးတိုး ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ သာလွန်မှုအတွက် ဂုဏ်ပြုပါတယ်"

+

ဂုဏ်ပြုအပြီးတွင် ထာဝရ တံတားအပေါ်သို့ ရောက်နေပြီးသော ဗုဒ္ဓဖြစ်သည့် သကျမုနိသည် စတင်၍ ကွယ်ပျောက်သွားသည်။

စကြာဝဠာ စကျင်ဗုဒ္ဓ၏ ပုံရိပ်သည် ပစ္စုပ္ပန် အလယ်နေရာမှ အတိတ် ဘယ်ဘက်နေရာသို့ ပြောင်းသွား၍ အနာဂတ် ညာဘက်နေရာမှ အသွင်မဲ့ ဗုဒ္ဓအရိပ်သည် ပစ္စုပ္ပန် အလယ်နေရာသို့ ပြောင်းလာခဲ့သည်။ သူ၏ ပုံရိပ်သည် ပို၍ ကြည်လင်လာကာ အကောင်အထည် ပေါ်လာခဲ့ပြီး အတွင်းဘက်တွင် ဗုဒ္ဓ အလင်းတန်းများ စတင်၍ စီးဆင်းလာခဲ့သည်။

+

ဝိညာဥ်ပင်လယ် ပြိုင်ပွဲ ပြီးကတည်းက
ပိုင်ယွင်တောင်ပေါ်သို့ ခြေမချခဲ့သော
မဟာဟင်းလင်းပြင် သူတော်စင်သည် နောက်ဆုံးတွင်
ပိုင်ယွင်တောင်သို့ ပြန်လာခဲ့သည်။ ဟင်းလင်းပြင်
ဘုရားကျောင်းမှ ကျင့်ကြံသူ တစ်အုပ်စုသည်
သူ့အနောက်မှ လိုက်လာကြကာ တည်ငြိမ်နေကြပြီး
ခရမ်းရောင် ကောင်းကင်ထံသို့ ရိုသေစွာ
ဦးညွှတ်လိုက်ကြသည်။ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ရဲ့ သာလွန်မှုအတွက် ဂုဏ်ပြုပါတယ်"

လင်းဖုန်းသည် ယုကျင်းတောင်ထိပ်မှ
ရယ်ရမ်းသွေးလိုက်ကာ ရုတ်တရက်ပင်
ဟင်းလင်းပြင်အတွင်းသို့ ဆန့်တန်း၍ တစ်စုံတစ်ရာကို
ဆုပ်ကိုင်လိုက်သည်။ သူ၏ လက်များကို ပြန်လည်
ရုပ်သိမ်းခဲ့သော အခါ အလင်းတန်း စက်လုံး တစ်ခုသည်

+

သူ၏ လက်အတွင်းတွင် အလင်းရောင် ဖွဖွလေးဖြင့် လင်းလက်နေခဲ့သည်။

သူသည် နောက်ထပ်တစ်ခေါက် ဆန့်တန်းလိုက်သော အခါ အန္တိမ ကောင်းကင်ကြေးမုံကပင် ရှာဖွေရန် ခက်ခဲနေသည့် မီးတောင်ဖန်ကျောက် လောကသည် သူ၏ လက်ဝါးအတွင်းတွင် ပေါ်လာခဲ့သည်။ ဟေးဒီးစ်မြို့တော်သည် မီးတောင်ဖန်ကျောက် လောက အတွင်းတွင် ရပ်တည်နေရင်း ပုံရိပ်ယောင်နေမင်း ဟေးဒီးစ်နှင့် ကျန်သော အစွမ်းထက် ဟေးဒီးစ်များသည် ကြက်သေသေကာ စိုက်ကြည့်နေကြသည်။

လင်းဖုန်းသည် ကောင်းကင်ပေါ်သို့ ထပ်ဖန်တစ်ခါ ဆုပ်ကိုင်လိုက်ရာ ဟင်းလင်းပြင်အား ချိုးဖောက်သွားခဲ့သည်။ ဟင်းလင်းပြင် အတွင်းတွင် အရာအားလုံးအား ပျက်သုဥ်းစေနိုင်သည့်

+

သေမင်းပင်လယ်၏ ရေများသည် လှိုင်းထနေကြကာ
လင်းဖုန်း၏ လက်ဝါးသည် နက်ရှိုင်းသော အတွင်း
တစ်နေရာသို့ ဆန့်တန်းသွားသည်။

သေမင်းပင်လယ် အတွင်းမှ အဆုံးမဲ့ မသိသော
အနာဂတ်ထံသို့ ဦးတည်နေသည့် တံခါးတစ်ခုနှင့်
တူနေသော အလင်းတန်း စက်လုံး တစ်ခုသည်
လင်းဖုန်း၏ လက်အတွင်းတွင် ပေါ်လာခဲ့သည်။

လင်းဖုန်းသည် သူ၏ အင်္ကျီလက်စကို ခါလိုက်ကာ
သူယူထားခဲ့သည့် အရာအားလုံးကို
သိမ်းဆည်းလိုက်သည်။ သူသည် ဘာမှ မပြောခဲ့သလို
ရှင်းပြရန်လည်း မကြိုးစားခဲ့ပဲ အခြား တစ်ဘက်သို့
လှည့်လိုက်သည်။

+

အဝေးမှ ဟင်းလင်းပြင်သည် ကွဲဟသွားပြီး အေးစက်၍ ချောမောလှပသည့် မိန်းကလေး တစ်ယောက်က အတွင်းမှ ထွက်လာခဲ့သည်။သူမ၏ မျက်လုံးများသည် ရေခဲတမျှ အေးစက်နေကာ သီးခြား ဖြစ်နေသော်လည်း သူမ၏ အလှတရားမှာ ပြိုင်ဘက်ကင်းပေသည်။

လင်းဖုန်းက ဖွဖွလေး ရယ်၍ ပြောလိုက်သည်။
"သွားကြစို့"

ကောင်မလေး၏ တင်းမာနေသော အမူအရာသည် ရုတ်တရက်ပင် နူးညံ့ သိမ်မွေ့သွား၍ သူမ၏ နှုတ်ခမ်းထောင့်များက အပြုံးတစ်ခု အဖြစ်သို့ ကွေးသွားခဲ့သည်။

+

သူမသည် ခေါင်းညိတ်လိုက်ကာ ဘာမှ မပြောခဲ့ပဲ လင်းဖုန်းဘေးသို့ ရောက်လာခဲ့သည်။ လင်းဖုန်းသည် သူ၏အောက်မှ သူ့တပည့်များကို ငုံ့ကြည့်လိုက်၍ ပြောလိုက်သည်။ "ငါက မင်းတို့တတွေကို အပြင်မှာ စောင့်နေမယ်… ငါ့ကို သိပ်ကြာကြာ စောင့်နေရအောင် မလုပ်နဲ့"

ရှောင်ယန်နှင့် ကျန်သောသူများက အတူတကွ ရယ်လိုက်ကြကာ လင်းဖုန်းအရှေ့တွင် ထပ်ဖန်တစ်ခါ ဒူးထောက်လိုက်ကြသည်။ "ကျွန်တော်တို့က ဆရာ့ကို စိတ်ပျက်အောင် မလုပ်ရဲပါဘူး"

လင်းဖုန်းသည် ကောင်းကင်ပေါ်သို့ ကြည့်၍ အားရပါးရ ရယ်လိုက်ကာ သူ၏ အင်္ကျီ လက်စများကို ထပ်ဖန်တစ်ခါ ဝှေ့ယမ်းလိုက်၍ ကောင်မလေးနှင့် အတူ

+

ကောင်းကင်ပေါ်သို့ တက်လှမ်းသွား၍ ခရမ်းရောင် ကောင်းကင်အတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်း ထွက်ခွာသွားခဲ့သော်လည်း ခရမ်းရောင် စွမ်းအင်များသည် မလွင့်ပြယ်သွားခဲ့ပဲ ယနေ့အချိန်မှ စ၍ မူလကောင်းကင် ကမ္ဘာနှင့် အပေါ်မှ ကောင်းကင်တို့သည် ထာဝရ ခရမ်းရောင် သန်းနေခဲ့ပြီ ဖြစ်ကာ လှပနေသလို လျှို့ဝှက်နက်နဲနေခဲ့သည်။

ယနေ့သည် မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတစ်ခုလုံးတွင် ထာဝရ မှတ်သားထားရမည့် နေ့တစ်နေ့ ဖြစ်လာခဲ့သည်။ အားလုံးတို့က ထာဝရ အမှတ်ရနေမည့် အရေးအကြီးဆုံး နေ့တစ်နေ့ ဖြစ်သည်။

+

အဘယ်ကြောင့် ဆိုသော် ယနေ့သည် မူလကောင်းကင်
ကမ္ဘာ သမိုင်းတွင် တစ်စုံတစ်ယောက်က
လူ့ကြီးလောက ဖြစ်သည့် ထာဝရ လောကသို့
ရောက်သွားနိုင်ခဲ့သောကြောင့် ဖြစ်သည်။ သူသည်
ထာဝရ လွတ်လပ်မှုကို ရနိုင်ခဲ့သည့် ပထမဆုံးသောသူ
ဖြစ်၍ မဟာကမ္ဘာနှင့် ပစ္စုပ္ပန်တို့အား
သာလွန်သွားနိုင်သည့် ပထမဆုံးသောသူ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ မူလကောင်းကင်
ကမ္ဘာ၏ နံပါတ်တစ် မြင့်မြတ်နယ်မြေ ဖြစ်လာအောင်
စွမ်းဆောင်ခဲ့သည့် ဂိုဏ်းတည်ထောင်သူ လင်းဖုန်းသည်
ကောင်းကင်နှင့် မြေကြီးတို့၏ သဘောတရားများကို
နောက်ဆုံး အကြိမ်အဖြစ် သင်ခန်းစာ ပို့ချခဲ့အပြီးတွင်
ကောင်းကင်ကို ချိုးဖောက်သွားကာ
ပျောက်ကွယ်သွားခဲ့သည်။

+

ယနေ့မှစ၍ ကမ္ဘာအတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်အား တစ်ခါမှ တွေ့ရတော့မည် မဟုတ်ချေ။ သို့သော်လည်း သူသည် မူလကောင်းကင် ကမ္ဘာ အတွင်းတွင် သူ၏ အမှတ်အသားကို ချန်ရစ်ခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် သမိုင်းတစ်လျှောက်တွင် နံပါတ်တစ် မြင့်မြတ်နယ်မြေ ဖြစ်၍ သူ၏ ဒဏ္ဍာရီသည် ထာဝရ ရှင်သန်နေမည် ဖြစ်သည်။

လင်းဖုန်းသည် တစ်ကမ္ဘာလုံး၏ အန္တိမ အုပ်ချုပ်သူ ဖြစ်ကာ တစ်ကမ္ဘာလုံး၏ ဆရာဖြစ်၍ သမိုင်းဝင် ဂန္ထဝင်ဂိုဏ်းချုပ်ပင် ဖြစ်ပေတော့သည်။

+